မောင်လာနာမုဖ်သီမုဟမ္မဒ်ရှဖီး

၏

မအာရိဖုလ်ကုရ်အာန်

အင်္ဂလိပ်ဘာသာပြန်

ပါမောက္ခ မုဟမ္မဒ် ရှမီးမ်

တည်းဖြတ်သူ

ပါကစ္စတန်နိုင်ငံတရားသူကြီး
မုဖ်သီ မုဟမ္မဒ် သကီး အုဆ်မာနီ

အတွဲ (၉)

စူရဟ်ယူစုဖ်၊ စူရဟ်အလ်ရအ်ဒ်၊ စူရဟ် အိဗ်ရာဟီးမ်၊ စူရဟ် ဟစ်ဂျ်ရ်

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့က ဘာသာပြန်သည်။

[*s& 1439 cEp? &m t Amev - 2018 cEp? {|yv

(ကန့်သတ်)



سورة يوسف ◊	စူရဟ် ယူစုဖ်
سورة الرعد ◊	စူရဟ် ရဒ်အိဒ်
سورة إبراهيم ◊	စူရဟ် အိဗ်ရာဟီမ်
سورة الحجر ◊	စူရဟ် အလ်ဟစ်ဂျ်ရ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	အမှာစာ	
၂	ကျေးဇူးတင်လွှာ	
	စူရပ်ယူစုဖ် **(ကျိုးဇက်)**	
၁	အာယသ် (၁-၆) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃
	အိပ်မက်များ၏ သဘောသဘာဝ။ အဆင့်အတန်းနှင့် အမျိုးအစားများ	၇
	အိပ်မက်ခြင်း၏ ဆိုလိုရင်းမှာ နဗူဝသ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ရှင်းလင်းချက်တစ်ရပ်	၉
	ကာဒီယာနီဒဂျာလ် (အယောင်ဆောင်သူ)၏ လိမ်လည်ခြင်းကို ငြင်းဆိုမှု	၁၀
	အချိန်တော်တော်များများတွင် ဝုနာဟ်အပြစ်ကျူးလွန်သော မယုံကြည်သွေဖယ်ငြင်းပယ်သူတစ်ဦး၏ အိပ်မက်သည် လည်း စစ်မှန်သောအိပ်မက် ဖြစ်နိုင်သည်။	၁၁
	လူတိုင်းကို အိပ်မက်နှင့် ပတ်သက်၍ ပြန်ပြောခြင်း မမှန်ကန်ချေ။	၁၂
	ဥပဒေသများ	
	အိပ်မက်တိတ္ထံ(အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း)တွင်ကျွမ်းကျင်တတ်သိမှုပညာသည် အလွှာဟ်အရှင်မြတ် အလိုရှိတော်မူသော သူကိုသာလျှင် ချီးမြှင့်ပေးသနားတော်မူသည်။	၁၄
	ဥပဒေသ	
၂	အာယသ် (၇-၂၀) ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၅
	ဝိုင်ရှင်မသိ သူစိမ်းတစ်ဦးဝိုင်ဆိုင်သည့် ပစ္စည်းတစ်စုံတစ်ရာ၏ စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ဥပဒေအချို့	၂၂
	အပျော်ခရီးသွားမှုတစ်ရပ်၏ခွင့်ပြုချက်	၂၃
	အပြေးပြိုင်ခြင်းနှင့် ပတ်သက်သည့် ဥပဒေအချို့	၂၈
	ဥပဒေသ နှစ်ရပ်	၂၉
	အလွှာဟ်အရှင်မြတ်၏စီစဉ်မှုတွင် မတော်တဆ သို့မဟုတ် ကံအားလျော်စွာဟူ၍ မရှိချေ။	၃၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃	အာယသ် (၂၁-၂၃) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၃
	ဝုနာဟ်ပြစ်မှုကျူးလွန်ခြင်းအတွက်အခိုင်အမာဆုံးအကာအကွယ်သည်အလွှာဟ် အရှင်မြတ်ထံတော်မှ အကာအကွယ်တောင်းခံခြင်း ဖြစ်သည်။	၃၇
၄	အာယသ် (၂၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၉
၅	အာယသ် (၂၅-၂၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၄၅
	အဓိန့်ပညတ်ချက်များနှင့် ဥပဒေသများ	၄၉
	အထူးမှတ်စု	၅၁
၆	အာယသ် (၃၀-၃၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၅၃
၇	အာယသ် (၃၆-၄၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၅၈
	စဉ်စားဖွယ်မှတ်စုအချို့	၆၁
	တမန်တော်ဆိုင်ရာ စာနာသနားစိတ်၏ ဥပမာတစ်ရပ်	၆၃
	အဓိန့်ပညတ်ချက်များနှင့် ဥပဒေသများ	၆၄
၈	အာယသ် (၄၃-၅၀) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၆၆
၉	အာယသ် (၅၁-၅၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၇၃
	ဥပဒေများ	၇၅
၁၀	အာယသ် (၅၃-၅၇) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၇၈
	မိမိကိုယ်ကိုအပြစ်ကင်းစင်သည်ဟုပြောခြင်းသည်ထူးခြားသည့်အခြေအနေများမှအပ မဖြေလျော်ကန်ချေ။	၇၉
	လူအတွက်အဆင့်သုံးမျိုး	၈၀
	ဥပဒေများနှင့် လမ်းညွှန်မှုများ	၈၄
	အစိုးရရာထူးတစ်ခုကို သီးသန့်အခြေအနေများမှအပ၊ ရယူရန်ကြိုးပမ်းခြင်းကို ခွင့်မပြုပါ။	၈၄
	စိုက်ယိဒိနာယူစုဖ်ဘုရား၏ ရာထူးရယူရန် ကြိုးပမ်းမှုသည် အသိဉာဏ်ကြွယ်ပြီး အကျိုးရှိသော တွေးတောဆင်ခြင်မှု တစ်ရပ်အပေါ်၌ အခြေခံပါသည်။	၈၅
	ကာဖိရ်အစိုးရတစ်ခုနှင့် ရာထူးတစ်ခုလက်ခံခြင်းကို ခွင့်ပြုနိုင်သလား။	၈၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ကုရ်အာန်ကျမ်းတော်မြတ်က တားမြစ်ထားသည့် မိမိကိုယ်ကို မိမိအပြစ် ကင်းစင်ကြောင်း (သိဒ္ဓိတင်ခြင်း)အောက်တွင် ပုဂ္ဂိုလ်ရေး အရည်အသွေး အချို့ဖော်ပြခြင်း အကျိုးမဝင်ချေ။	၈၈
	စိုက်ယိဒိနာယူစုဖိ၏ ရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်၏ ဒီးန်သာသနာ ခိုင်မြဲတည်တံ့စေရန် ဖြစ်သည်	၈၈
	အပြစ်ဝုနာဟ် ရှောင်ကြဉ်ပါ၊ အီမာန်သက်ဝင်ယုံကြည်ပါ၊ အလွှာဟ်အရှင်မြတ်ကို အမြဲကြောက်ရွံ့ရိုသေပါ။ နောင် တမလွန်ဘဝ၏ ဆုလာဘ်မှာ အသင့်တို့အတွက် သာတည်း။	၈၉
၁၁	အာယသ် (၅၈-၆၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၉၀
	ဥပဒေ	၉၄
	အထူးမှတ်စု	၉၄
၁၂	အာယသ် (၆၃-၆၆) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၉၅
	လမ်းညွှန်မှုမှတ်စု	၉၉
၁၃	အာယသ် (၆၇-၆၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၀၂
	မကောင်းသောအကြည့်၏အကျိုးသက်ရောက်မှု	၁၀၃
	ဥပဒေများနှင့်လမ်းညွှန်မှုအချက်အလက်များ	၁၀၇
၁၄	အာယသ် (၇၀-၇၆) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၀၉
	ဥပဒေသများနှင့်လမ်းညွှန်မှုဆိုင်ရာအချက်	၁၁၄
၁၅	အာယသ် (၇၇-၈၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၁၅
	ဥပဒေများနှင့်မူများ	၁၂၀
၁၆	အာယသ် (၈၃-၈၇) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၂၁
	စိုက်ယိဒိနာယာကုဗ်သည် စိုက်ယိဒိနာယူစုဖိကို အဘယ့်ကြောင့် အလွန်ချစ်ခင်မြတ်နိုးရသနည်း။	၁၂၄
	လမ်းညွှန်မှုဆိုင်ရာအချက်	၁၂၇
	ဒုက္ခဖြစ်စဉ် သည်းခံခြင်းသည် မုစ်လင်မ်တိုင်းအပေါ်၌ မပြုမနေရ တာဝန်ဖြစ်သည်	၁၂၇
	အမျက်ဒေါသနှင့် ဒုက္ခတို့ကို မျိုသိပ်ခြင်း၏မြင့်မြတ်မှု	၁၂၇
	ဒုက္ခရောက်သည်ကို လူတိုင်းရှေ့တွင် ညည်းညူခြင်း	၁၂၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဆွဗရ်အတွက် ဆုလာဘ်	၁၂၇
	စိုက်ယိဒိနာယာကုဝ်ﷺ ပေါ်၌ စမ်းသပ်မှုကို အဘယ့်ကြောင့် ပြုလုပ်ခဲ့ရသည်ဟူသောအကြောင်းရင်း	၁၂၇
၁၇	အာယသ် (၈၈-၉၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၂၈
	လမ်းညွှန်မှုအချက်များ	၁၃၂
၁၈	အာယသ် (၉၃-၁၀၀) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၃၄
	ဥပဒေသနှင့် လမ်းညွှန်မှု၏အချက်အလက်များ	၁၄၀
	သည်းခံခြင်းနှင့် ကျေးဇူးတင်ခြင်း	၁၄၃
	စိုက်ယိဒိနာယူစုဖ်ﷺ၏ ဂုဏ်သိက္ခာရှိသော အဆင့်အတန်း	၁၄၃
၁၉	အာယသ် (၁၀၁) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၄၅
	ဥပဒေသများနှင့် လမ်းညွှန်မှုအချက်များ	၁၄၇
၂၀	အာယသ် (၁၀၂-၁၀၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၄၉
	ဥပဒေများနှင့် ညွှန်ကြားချက်	၁၅၅
	မမြင်ကွယ်ရာမှ သတင်းများနှင့် မမြင်ကွယ်ရာမှ အသိပညာတို့၏ ခြားနားချက်	၁၅၅
	တမန်တော်များသည် လူသားများထဲမှ လူသားဖြစ်သည်	၁၅၇
	တမန်တော်များသည် မြို့ပြများမှဖြစ်ကြသည်။	၁၅၇
၂၁	အာယသ် (၁၁၀-၁၁၁) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၅၈
	စူရဟ်ရအ်ဒ် (မိုးချုန်းသံကဏ္ဍ)	
၁	အာယသ် (၁-၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၆၅
	မိုးကောင်းကင်အား မြင်တွေ့ရာ၌	၁၆၈
	စင်စစ်တွင် အလ္လာဟ်အရှင်မြတ်သည်သာလျှင် လူသားများ၏ကိစ္စရပ်များ လုပ်ဆောင်စေတော် မူသော အရှင် ဖြစ်တော်မူ၍ လူသားသည် အမည်ခံသက်သက်မျှသာ ဖြစ်သည်။	၁၇၀
၂	အာယသ် (၅-၈) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၇၃
	သေပြီးသည့်နောက် ပြန်လည်ရှင်ပြန်ထခြင်း၏သက်သေပြချက်	၁၇၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	လူသားတိုင်းနှင့်တိုင်းပြည်တိုင်းတွင် တမန်တော်တစ်ပါး ပွင့်တော်မူခြင်း လိုအပ်ပါသလော	၁၇၈
၃	အာယသ် (၉-၁၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၈၀
၄	အာယသ် (၁၆-၁၇) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၈၈
၅	အာယသ် (၁၈-၂၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၉၀
၆	အာယသ် (၂၅-၃၀) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၉၇
	အဓိန့်ပညတ်ချက်များနှင့် လမ်းညွှန်မှုဆိုင်ရာဥပဒေသများ	၂၀၀
၇	အာယသ် (၃၁-၃၃) ဘာသာပြန်နှင့်ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၀၅
၈	အာယသ် (၃၄-၃၇) ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၁၂
၉	အာယသ် (၃၈-၄၃) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၁၃
	စူရဟ်အိပ်ရာဟီးမ်	
၁၀	အာယသ် (၁-၃) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၂၃
	စူရဟ်နှင့် ယင်းစူရဟ်ပါအကြောင်းအရာများ	၂၂၄
	လမ်းညွှန်မှုသည် အလ္လာဟ်အရှင်မြတ်၏လုပ်ဆောင်ချက်ဖြစ်သည်	၂၂၅
	လမ်းညွှန်မှုဆိုင်ရာဥပဒေများ	၂၂၆
	ကျမ်းတော်မြတ်ကုရ်အာန်ကို ဖတ်ရွတ်ခြင်းဆိုသည်မှာလည်း အမြဲထားရှိရမည့် ရည်ရွယ်ချက် ဖြစ်ပါသည်။	၂၂၆
	ဆိုလိုရင်းအတိုချုပ်	၂၂၈
	ကုရ်အာန်ကျမ်းတော်မြတ် သဘောပေါက်နားလည်မှုတွင် မှားယွင်းမှု အချို့အား ဖော်ထုတ်ပြသခြင်း	၂၂၉
	လမ်းညွှန်မှုဆိုင်ရာ အချက်အလက်များ	၂၃၀
၁၁	အာယသ် (၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၃၁
	ကုရ်အာန်ကျမ်းတော်မြတ်ကို အရဗီဘာသာစကားနှင့်အဘယ်ကြောင့် ချပေးရသနည်း။	၂၃၃
	အရဗီဘာသာစကား၏ ထူးခြားချက်များ	၂၃၄
၁၂	အာယသ် (၅-၈) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၃၇
	နူးညံ့သိမ်မွေ့သည့်အချက်တစ်ခု	၂၃၉

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အလ္လာဟ်အရှင်မြတ်၏နေ့များ	၂၃၉
	ကျေးဇူးသိတတ်ခြင်းနှင့် ကျေးဇူးမသိတတ်ခြင်းတို့၏ရလဒ်	၂၄၂
၁၃	အာယသ် (၉-၁၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၄
၁၄	အာယသ် (၁၆-၁၇) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၆
၁၅	အာယသ် (၁၈-၂၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၇
၁၆	အာယသ် (၂၃) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၈
၁၇	အာယသ် (၂၄-၂၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၉
၁၈	အာယသ် (၂၆-၂၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၉
	မယုံကြည်သွေဖည်သူများ (ကုဖ်ဖာရ်)တို့၏ ဥပမာ	၂၅၂
	အီမာန်၏ အထူးအကျိုးသက်ရောက်မှု	၂၅၃
	ကဗရ်၏ဆုလာဘ်နှင့်ပြစ်ဒဏ်အကြောင်းကိုကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန့်သိတော်တို့က သက်သေ ပြပြီးဖြစ်သည်	၂၅၄
	ဤအာယသ်များကပေးသောသင်ခန်းစာ	၂၅၆
၁၉	အာယသ် (၃၀-၃၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၅၆
	အာယသ်တော်များအား ရှင်းလင်းချက်	၂၅၈
	အဓိန့်ပညတ်ချက်များနှင့်ညွှန်းထားချက်များ	၂၆၀
၂၀	အာယသ် (၃၅-၄၁) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၆၄
	အဓိန့်ပညတ်ချက်များနှင့်ညွှန်ကြားချက်များ	၂၆၉
	စိုက်ယိဒိနာအိဝ်ရာဟီးမ်ဒိအာ၏ အသိဉာဏ်ပညာ	၂၇၁
၂၁	အာယသ် (၄၂-၅၂) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၇၄
	စူရတ်အလ်ဟစ်ဂျ်ရ်	
၁	အာယသ် (၁-၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၈၅
၂	အာယသ် (၆-၈) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၈၇
	ရှင်းလင်းချက် မှတ်စုများ	၂၈၈
၃	အာယသ် (၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၈၈
	မအ်မူးန်ရင်ပြင်မှအဖြစ်အပျက်တစ်ခု	၂၈၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ကုရ်အာန်ကျမ်းတော်မြတ်အား ထိန်းသိမ်းထားရန်ဆိုသည့် ကတိတွင် ဟဒီးဆ်တော်များကို ထိန်းသိမ်းခြင်း ဆိုသည် လည်း အကျုံးဝင်ပါသည်။	၂၉၀
	တစ်စုံတစ်ဦးက အလ္လာဟ်ရဏ္ဍလ်၏ အဟ်ဒီးဆ်များသည် လုံးဝထိန်းသိမ်းစောင့်ရှောက်ခံရခြင်းမရှိဟု ပြောခြင်းသည် အမှန်တကယ်အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိန်းသိမ်းစောင့်ရှောက်ခံရမှုမရှိဟု ပြောဆိုခြင်းပင်ဖြစ်သည်။	၂၉၁
၄	အာယသ် (၁၀-၁၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၉၂
	ရှင်းလင်းချက်၏ ဝေါဟာရဆိုင်ရာမှတ်စုတစ်ခု	၂၉၃
၅	အာယသ် (၁၆) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၉၃
၆	အာယသ် (၁၇-၁၈) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၉၄
	ဥက္ကာပျံ	၂၉၄
၇	အာယသ် (၁၉-၂၅) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၉၇
	အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်၊ လူသား၏လိုအပ်ချက်များအတွက် သင့်တင့်မျှတသော စားနပ်ရိက္ခာ	၂၉၈
	ရေဖြန့်ဝေခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ပြိုင်ဘက်ကင်းသည့်အစီအမံ	၂၉၉
	ဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်များတွင် ဦးဆောင်သူများနှင့်နောက်လိုက်များ အဆင့်အတန်းကွဲပြားခြားနားခြင်း	၃၀၂
၈	အာယသ် (၂၆-၄၄) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၀၃
	လူသားခန္ဓာကိုယ်ထဲသို့ ဝိညာဉ်မူတ်သွင်းခြင်းနှင့် ကောင်းကင်စေတမန်များက ငှင်းလူသားကို စိဂ်ဒါဟ်ခဝပ်ဦးချစေခြင်း။ ပြန်လည်ဆန်းစစ်မှု အကျဉ်းချုပ်	၃၀၅
	ရူဟ်(ဝိညာဉ်)နှင့် နာဖ်(စိတ်)	၃၀၆
	ကာရီသနာအွလ္လာဟ်ﷻ၏ရွေထောင့်	၃၀၆
	ခဝပ်ဦးချရန်ဟူသော အဓိန့်ကို ကောင်းကင်စေတမန်များအား ပေးခဲ့သည်။	၃၀၈
	အိဗ်လိစ်သည် ထိုသို့လုပ်ဆောင်ရမည်။	၃၀၈
	အလ္လာဟ်အရှင်မြတ်၏အထူးကျေးကျွန်များအပေါ်ဝယ်ရှိင်တွာန်အစွမ်းမရှိဆိုခြင်း၏ အဓိပ္ပာယ်	၃၀၈
	ဂျာန္နမ်ငရဲဘုံ၏ တံခါးပေါက်ခုနစ်ပေါက်	၃၀၉
၉	အာယသ် (၄၅-၅၀) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၀၉
၁၀	အာယသ် (၅၁-၇၇) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၁၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	တမန်တော်မြတ်ﷺအတွက် ကြီးမားသောဂုဏ်ဒြပ်တစ်ရပ်	၃၁၄
	အလ္လာဟ်အရှင်မှအပ အခြားနှင့်ကျိန်ဆိုခြင်း	၃၁၅
	အလ္လာဟ်အရှင့်ပြစ်ဒဏ်ခတ်မှုကြောင့် ပျက်စီးသွားသောနေရာများမှ သင်သည် အရေးကြီးသည့် သင်ခန်းစာကို သင်ယူဆည်းပူးပါလေ။	၃၁၅
၁၁	အာယသ် (၇၈-၈၆) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၁၇
	ရှင်းလင်းချက်အတိုချုပ်	၃၁၈
၁၂	အာယသ် (၈၇-၉၉) ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၁၉
	စူရဟ်အလ်ဖာသိဟဟ်သည် ကြီးကျယ်မြင့်မြတ်သော ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံး၏ စာသားနှင့် အကျဉ်းချုပ်ဖြစ်သည်။	၃၂၀
	မအ်ရှရ်တွင် မေးမြန်းခံရမည်ဆိုရာ၌ ဘာအကြောင်းမေးမည်နည်း။	၃၂၁
	ဘာသာရေးသတင်းစကားဖြန့်ချိရာတွင် အဆင့်ဆင့် သက်သောင့်သက်သာစွာ ပြုလုပ်ခြင်း	၃၂၁
	ရန်သူ၏ ရန်လိုမှုအား နာမ်ပိုင်းဆိုင်ရာ ခုခံကာကွယ်မှု	၃၂၂

بسم الله الرحمن الرحيم

الحمد لله و كفى، وسلام على عباده الذين اصطفى

မအာရိဖုလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့
၏
အမှာစာ

အနန္တကရုဏာရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အသနားတော်ကြောင့် မအာရိဖုလ်ကုရ်အာန် (ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းလွယ်ကူစွာဖွင့်ဆိုသောကျမ်း) မြန်မာဘာသာပြန် စာအုပ် (အတွဲ-၉)ကို ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်သည် အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသော မူရင်းစာအုပ် (အတွဲ-၅)၏ ပထမပိုင်းဖြစ်ပါသည်။ အတွဲ-၁ ကို ၂၀၀၅ ခုနှစ်က ထုတ်ဝေခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် အတွဲ-၈ ထုတ်ဝေခဲ့ပါသည်။ အတွဲ-၁ ကို ပထမအကြိမ် အုပ် ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ နောက်ထပ်မံ၍ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ် အဖြစ် အုပ် ၃၀၀၊ ၁၀၀နှင့် ၈၀၀ ရိုက်နှိပ်ခဲ့ပါသည်။ အတွဲ-၂၊ အတွဲ-၄ တို့ကို ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ရန် ကြိုးစားလျက်ရှိပါသည်။ အလ္လာဟ်အရှင်မြတ်၏စီမံမှုအရ စမ်းသပ်မှုအချို့ရှိခဲ့ပါသည်။ လုပ်ငန်းစတင်စဉ်ကတည်းက ပါဝင်ခဲ့ပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သော ဟာဂျီ ဦးကိုကိုကြီး(ခ) မုဟမ္မဒ်ဆာဒစ်ခန်း (ခ) Edward Khan သည် (၆-၁-၂၀၁၃)နေ့တွင် အလ္လာဟ်အရှင့် အမိန့်တော် ခံယူသွားသကဲ့သို့ အဓိက ဘာသာပြန်သူ တစ်ဦးဖြစ်သည့် ဆရာကြီး ဒေါက်တာ ဦးလှရွှေ (ဓမ္မဆေးဆရာဝန်ကြီး၊ ငြိမ်း) ဂျန်းဗလီ လူမှုရေးဆေးခန်း တာဝန်ခံသည်လည်း အတွဲ(၁၁)ပြီးခါနီး (၂၄-၃-၂၀၁၃) နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ခံယူသွားပါသည်။ အင်နာလိလ္လာဟိ ဝအင်နာအိလိုင်ဟိ ရာဇိအူန်။ ကျွန်တော်တို့ကြုံတွေ့ရသော အခက်အခဲမျိုး မူရင်းဘာသာပြန်ဆိုသူ မုဖ်သီ သကီးအုဆ်မာနီ တို့လည်းကြုံခဲ့ရပါသည်။ ကျွန်တော်တို့ကလည်း လူနည်းနည်းနှင့် ကျဲကျဲပိုင်းဝန်း လုပ်ဆောင် နေကြသူများ ဖြစ်ပါသည်။

အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် ကျေးဇူးတော်တို့ကြောင့် ဟာဂျီ ဒေါက်တာ ခင်မောင်မြင့်(ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)က အတွဲ-၁၁ နောက်ဆုံးပိုင်းမှ စ၍ ပါဝင်ကူညီဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။

ည

မအာရိဖုလ် ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အဖွဲ့တွင်-

၁။ ဟာဂျီ ဒေါက်တာ ခင်မောင်မြင့် (ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)

၂။ အလ်ဟာဂျ် မောင်လာနာ ဒေါက်တာ စိုးဝင်းမြင့်(B.D.S)

၃။ ဟာဂျီ ဦးခင်မောင်ကြီး B.Sc; H.G.P; R.L; D.A (တရားလွှတ်တော်ရှေ့နေ)

၄။ ဟာဂျီ ဦးခင်မောင်လတ် B.Sc; H.G.P; R.L (တရားလွှတ်တော်ရှေ့နေ)

၅။ ဟာဂျီ ဦးလှထွန်း B.E(Elect:) တို့ ပါဝင်ကြသည်။

ယခုအခါ မူရင်းစာအုပ် ၈-အုပ်ရှိသည့်အနက်မှ အားလုံးနီးပါး ပြန်ဆိုပြီးနေပြီဖြစ်ပါသည်။ မြန်မာ ဘာသာပြန် စာအုပ် အနေနှင့် ဆိုလျှင် (အတွဲ-၁၅) အထိ ဘာသာပြန်ပြီးဖြစ်ပါသည်။ ဤစာအုပ်များအတွက် သီးသန့် ငွေကြေးအလှူ ခံယူခြင်းမရှိသော်လည်း ဤစာအုပ် အတွဲလိုက် ဝယ်ယူလှူဒါန်းမည်ဆိုပါက အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးပါမည်။ စာအုပ်လက်ကျန်မရှိဘဲ ငွေလည်ပတ်စေရန် ဝယ်ယူ လှူဒါန်းပါက အထူးကျေးဇူးတင်ပါမည်။

အိုး-အလ္လာဟ်အရှင်၊ အီမာန်ရှင် မုအ်မင်န်အားလုံးကို အေးချမ်းသာယာမှု ပေးတော်မူပါ။ နှစ်ဘဝ နှစ်ဌာနစလုံး အောင်မြင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရယူခံစားနိုင်ပါစေသော်။ အာမီးန်။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

၂၀၁၈ ခုနှစ်၊ ဇူလိုင်။

ကျေးဇူးတင်လွှာ

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အတွဲ (၁)မှ အတွဲ(၁၀)ထိ ပုံနှိပ်ဖြန့်ချိမှုကို အဖက်ဖက်မှ အကူအညီ အကြံဉာဏ်နှင့် အချိန်၊ ငွေကြေးလှူဒါန်းခဲ့ကြသော

- ဟာဂျီဦးအောင်မြင့် (တရားလွှတ်တော် ရှေ့နေ)၊
- ဟာဂျီမဒေါမမကြီး(ကျော်မိသားစု Petrolium)၊
- ဦးစောဝင်းနှင့်ညီများ၊
- ဦးမြင့်ဝင်းနှင့် ဟာဂျီမ ဒေါ်ခင်ခင်၊ သမီး ဒေါက်တာ ဖြူဇင်ဝင်း၊
- ဟာဂျီ ဦးမျိုးဝင်း၊
- ဟာဂျီ ဦးရှဖီး၊
- ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော် ရှေ့နေ)၊
- ဦးခင်မောင်လတ်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်သင်းသင်းအုန်း(တရားလွှတ်တော်ရှေ့နေ)

တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

سُورَةُ يُوسُف

စုရာဟ်ယူစုဖ်

(*sK;Zu)



ယူသုစ်ရ

ယူသုစ်ရသည် မက္ကာမြို့၌ ကျရောက်ပြီး ယင်းတွင် အာယသ် (၁၁၁)နှင့် အပိုဒ်အားဖြင့် (၁၂)ပိုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

စဉ်ဆက်မပြတ် သနားကြင်နာ ညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၆)

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ۚ﴿۱﴾ اِنَّاۤ اَنْزَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ
تَعْقِلُوْنَ ﴿۲﴾ نَحْنُ نَقُصُّ عَلَيْكَ اَحْسَنَ الْقَصَصِ بِمَاۤ اَوْحَيْنَاۤ اِلَيْكَ هٰذَا
الْقُرْاٰنَ ۖ وَاِنْ كُنْتَ مِنْ قَبْلِهٖ لَمِنَ الْغٰفِلِيْنَ ﴿۳﴾ اِذْ قَالَ يُوْسُفُ لِاَبِيْهِ
يٰۤاَبَتِ اِنِّيْ رَاَيْتُ اَحَدَ عَشَرَ كَوْكَبًا وَّالشَّمْسَ وَالْقَمَرَ رَاَيْتُهُمْ لِيْ سٰجِدِيْنَ ﴿۴﴾
قَالَ يٰبُنَيَّ لَا تَقْصُصْ رُءْيَاكَ عَلٰۤى اِخْوَتِكَ فَيَكِيْدُوْا لَكَ كَيْدًا ؕ اِنَّ
الشَّيْطٰنَ لِلْاِنْسَانِ عَدُوٌّ مُّبِيْنٌ ﴿۵﴾ وَكَذٰلِكَ يَجْتَبِيْكَ رَبُّكَ وَيُعَلِّمُكَ مِنْ
تَاْوِيْلِ الْاَحَادِيْثِ وَيُتِمُّ نِعْمَتَهٗ عَلَيْكَ وَعَلٰۤى اٰلِ يَعْقُوْبَ كَمَاۤ اَتَمَّهَا عَلٰۤى
اَبَوَيْكَ مِنْ قَبْلُ اِبْرٰهِيْمَ وَاِسْحٰقَ ؕ اِنَّ رَبَّكَ عَلِيْمٌ حَكِيْمٌ ﴿۶﴾

"အလစ်ဖ်၊ လာမ်၊ ရာ" ဤသည်တို့ကား အလွန်ထင်ရှားသော ကျမ်းဂန်၏ စာပိုဒ်များပင် ဖြစ်ကြပေသတည်း။ [၁] ဇကန်မလွဲ ငါအရှင်မြတ်သည် ယင်းကျမ်းဂန်ကို အသင်တို့နားလည်အံ့သောငှာ (စကားအဖွဲ့.အနွဲ့.အသုံးအနှုန်း အလွန်ကောင်းသော) ကုရ်အာန်ကျမ်းတော်မြတ်အဖြစ် အရဗီဘာသာစာပေဖြင့် ချပေးသနားတော်မူခဲ့၏။ [၂]

ငါအရှင်မြတ်သည်အသင့်ထံဤကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းအားဖြင့် ငါအရှင်မြတ်သည် အသင်၏ရှေ့ဝယ် အကောင်းဆုံးသော အကြောင်းအထူးပွတို့တစ်ခုကို ပြန်၍ပြောကြားတော်မူလေသည်။ စင်စစ်သော်ကား အသင်သည် ထိုကုရ်အာန်မကျရောက်မီအလျင်က (ဤအကြောင်းအထူးပွတို့ကို) အလျှင်းမသိသူတစ်ဦးပင် ဖြစ်ခဲ့ပေသတည်း။[၃]

(ပြန်လည်သတိရပါလေ) တစ်ရံရောအခါဝယ် (နဗီတမန်တော်)ယူသုဖ်သည် မိမိဖခမည်းတော် (နဗီတမန်တော်ယအ်ကူဗ်)အား (ဤသို့) ပြောဆို လျှောက်ထား ခဲ့လေသည်။ အို-ခမည်းတော်၊ ဇကန်စင်စစ် အကျွန်ုပ်သည် (အိပ်မက်တွင်) ကြယ်တာရာ (ကြိုဟ်နက္ခတ်)ဆယ့်တစ်လုံးကိုလည်းကောင်း၊ သူရိယနေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ မိမိအား "စတ်ဂျဒဟ်" ပျိုဝပ်ဦးချလျက်ရှိကြသည်ကို တွေ့မြင်ခဲ့ရပါသတည်း။ [၄]

(ထိုအခါ ခမည်းတော်နဗီတမန်တော်ယအ်ကူဗ်က ဤသို့)ပြန်ကြားခဲ့လေ၏။ အို-ချစ်သား၊ အသင်သည် မိမိအိပ်မက်ကို မိမိညီနောင်များရှေ့တွင် ပြောချမ်းပြေနှင့်။ သို့ပြောပြခဲ့ပါလျှင် ၎င်းတို့သည် အသင်နှင့်ဆန့်ကျင်၍ အကြံအစည်တစ်ခုခုကို လှုံ့ဝှက်ကြံစည်ကြပေလိမ့်မည်။ ဇကန်မလွဲ ရှိုင်တွာန်မိစ္ဆာကောင်သည်ကား လူတို့၏ အလွန်ထင်ရှားသောရန်သူပင် ဖြစ်ချေသတည်း။[၅] ၎င်းပြင် ဤသို့အားဖြင့် (ထိုကဲ့သို့ ပင်) အသင့်အား အသင်၏အရှင်မြတ်သည် (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်) ရွေးချယ်တော်မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင့်အား အိပ်မက်ဒိဗ္ဗုမ်ကို သင်ကြားပို့ချတော်မူအံ့။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိမိကျေးဇူးတော်ကို ယခင် အသင်၏ဘိုးတော်၊ ဘေးတော်များဖြစ်သော (နဗီတမန်တော်) အိဗ်ရာဟီမ်အားလည်းကောင်း၊ (နဗီတမန်တော်)အိစ်ဟာက်အားလည်းကောင်း၊ အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူဘိသကဲ့သို့ပင် အသင့်အားလည်းကောင်း၊ ယအ်ကူဗ်၏ သားသမီးများအားလည်းကောင်း၊ ထိုကျေးဇူးတော်ကို အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူအံ့၊ ဇကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။[၆]

အကျယ်ဖွင့်ဆိုခြင်း

အာယသ်လေးခုမှအပ စူရဟ်ယူစုဖ်မှာ တစ်ခုလုံး မက္ကီစူရဟ်ဖြစ်သည်။ ဤစူရဟ်ထဲတွင် စိုက်ယိဒိနာ ယူစုဖ်ﷺ၏အထ္ထာပ္ပတ္တိက အစီအစဉ်အလိုက် အဆက်မပြတ်ဖော်ပြထားသည်။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺနှင့် ပတ်သက်သော အထ္ထာပ္ပတ္တိသည် ဤစူရဟ်တွင်သာလျှင် ပါဝင်သည်။ ကုရ်အာန်ကျမ်းတော် တစ်စောင်လုံး၏ မည်သည့်နေရာတွင်မှ စိုက်ယိဒိနာယူစုဖ် ﷺ အကြောင်း ထပ်၍ ဖော်ပြထားခြင်း မရှိပါချေ။ (စူရဟ် အလ်အန် အာမ် ၆း၈၄ နှင့် စူရဟ်အလ်မုအ်မင်န် (သို့) စူရဟ်ဂါဖိရ် ၄၀း၃၄ တို့တွင် စိုက်ယိဒိနာယူစုဖ်ﷺကို အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးအဖြစ် အမည်ကိုသာလျှင် စာသားနှင့်လျော်ညီစွာ ဖော်ပြထားခြင်းမှာကား ခြွင်းချက်ဖြစ်သည်။ ဤသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ အထ္ထာပ္ပတ္တိ၏ ထူးခြားမှုဖြစ်သည်။ အကြောင်းမှာ မြင့်မြတ်သောတမန်တော်အားလုံးနှင့် ပတ်သက်သည့် အထ္ထာပ္ပတ္တိများ၊ အဖြစ်အပျက်များကို ကြီးမားသောအသိဉာဏ်တို့နှင့်တကွ ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးတွင် အပိုင်းလိုက် အပိုင်းလိုက်နှင့် ထပ်ကာထပ်ကာ ဖော်ပြထားပါသည်။

ကိစ္စရပ်၏အမှန်တရားက ကမ္ဘာ့သမိုင်းနှင့်လွန်လေပြီးသော အတွေ့အကြုံများက လူသားများကို အနာဂတ်တွင် ၎င်းတို့ဘဝများအတွက် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို သင်ကြားပြသပေးသည်။ ဤသည်များတွင် ၎င်းတို့၏ကိုယ်ပိုင် သဘာဝအကျိုးသက်ရောက်မှုရှိကာ သာမန်ပညာရေး၏ အကျိုးသက်ရောက်မှုနှင့်ယှဉ်လျှင် ထိုအကြောင်းအရာများသည် နလုံးသားများနှင့်စိတ်ဓာတ်များပေါ် ပိုမို၍လုပ်ဆောင်နိုင်ပါသည်။ ဤအကျိုးသက်ရောက်မှုမှာ နက်ရှိုင်း၍ အားမထုတ်ရချေ။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ လူသားများအတွက် နောက်ဆုံးကျမ်းစာအဖြစ် ချပေးတော်မူသော ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ကမ္ဘာပေါ်ရှိ လူများ၏ သမိုင်းတစ်ခုလုံး၏ ထင်ရှားသော အစိတ်အပိုင်းတစ်ခု ပါဝင်သည်။ ယင်းအစိတ်အပိုင်းသည် လူသားများ၏ပစ္စုပ္ပန်အခြေအနေနှင့် အဆုံးစွန်အခြေအနေ ကောင်းစားစေရေးအတွက် ဆေးညွှန်းတစ်ရပ်ဖြစ်စေကာ ယင်းကို လက်တွေ့ကျကျနှင့် သီးသန့်ဖော်ပြထားသည်။ သို့သာမက ကုရ်အာန်ကျမ်းတော်

မြတ်ထဲ၌ ဤကမ္ဘာသမိုင်းအစိတ်အပိုင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ မတုပနိုင်သော ပြိုင်စံရှားသည့်ဟန်ဖြင့် ဖတ်ရှုသူ (သို့မဟုတ်) သူမသည် သမိုင်းစာအုပ် အချို့ဖတ်ခြင်းအနေဖြင့် မထင်မှတ်ရပါ။ စင်စစ် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် သင်ခန်းစာရစေရန် (သို့မဟုတ်) ကောင်းမြတ်သော အကြံဉာဏ်တစ်ခုပေးရန် လိုအပ်လျှင် ယင်းအခြေအနေနှင့် လိုက်လျောညီထွေသည့် အပိုင်းအစတစ်ခုကိုသာ ဖော်ပြသည်။ အကယ်၍ သီးသန့်အပိုင်းတစ်ခုကို အခြားအချိန်အခါတစ်ခုကို အခြားအချိန်အခါတစ်ခု၌ တစ်ဖန်ရည်ညွှန်းရန် လိုအပ်လာပါက ယင်းအစိတ်အပိုင်းကို ထပ်မံဖော်ပြသည်။ ထို့ကြောင့် အတ္ထုပ္ပတ္တိ၏ အဖြစ်အပျက် ပြန်လည်ပြောကြားရာတွင် အစီအစဉ်ကျမှုကို စဉ်းစားဆင်ခြင် တွေးတောခြင်းမရှိပါ။ နေရာအချို့တွင် အကြောင်းအရာ၏ အစောပိုင်းအဖြစ်အပျက်ကို နောက်မှ ဖော်ပြထားသကဲ့သို့ နောက်မှအဖြစ်အပျက်တို့ကို အစောပိုင်းတွင် ဖော်ပြထားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအထူးဟန်ပန်တွင် လမ်းညွှန်မှု၏ အမြဲလိုက်နာရမည့် ဥပဒေသမှာ ကမ္ဘာ့သမိုင်းနှင့် ယင်း၏ အတိတ်က အဖြစ်အပျက်ကို ဖတ်ရှုခြင်း (သို့မဟုတ်) အောက်မေ့သတိရခြင်းသည် ယင်းဖြစ်စဉ်၏ အဆုံးသတ်မဟုတ်ချေ။ လူသားတိုင်း၏ ရည်မှန်းချက်သည် အတ္ထုပ္ပတ္တိတိုင်းမှ သင်ခန်းစာထုတ်နုတ်သင့်ခြင်း၊ သတင်းအချက်အလက်တိုင်းမှ ကောင်းမြတ်သော သင်ခန်းစာကို ကောက်နုတ်ထုတ်ယူသင့်ခြင်းဖြစ်သည်။

လူသားများ စကားပြောဆိုပုံကို ပုံစံနှစ်မျိုးခွဲ ခြားထားသည်မှာ သိရှိပြီးဖြစ်ကြသည်။ ယင်းတို့မှာ သရုပ်ဖော်ခြင်း(ခဗာရ်)နှင့် အမိန့်ပေးခြင်း(အင်ရှာအ်) ဖြစ်သည်။ အသိဉာဏ်ကြွယ်သော ပညာရှင်များ၏ အဆိုအရ ဒုတိယပုံစံဖြစ်သည့် (အမိန့်ပေးခြင်းပုံစံ)မှာ အဓိကရည်ရွယ်ချက်ဖြစ်သည့် သရုပ်ဖော်ခြင်းကိုယ်တိုင်က အဆုံးတစ်ခုမဟုတ်ချေ။ အသိပညာကြွယ်သောသူသည် သရုပ်ဖော်ချက်တိုင်းမှ အမိန့်ပညတ်ချက်ကို လေ့လာဆည်းပူး၍ သူ့ကိုယ်သူ ပြင်ဆင်ရန်နှင့် ပြုပြင်ရန်အလို့ငှာ အသုံးချသင့်သည်။

စိုက်ယိဒိနာ ယူစုဖ်ﷺ၏ ထိုအတ္ထုပ္ပတ္တိကို အစီအစဉ်အလိုက်ဖော်ပြထားရခြင်းမှာ သမိုင်းကိုလေ့လာခြင်းတွင် စည်းကမ်း ဥပဒေတစ်ရပ်ဖြစ်သည်။ သမိုင်းရေးသားပြုစုခြင်းတွင် သီးသန့်ဥပဒေသများ ပါဝင်သည်။ ပမာဆိုသော် ဆင့်ပြန်ချက်ကို နားမလည်နိုင်လောက်သော အတိုချုပ်မဖြစ်စေရပါ။ ဖတ်ရန်နှင့် မှတ်သားသတိရရန် ခက်ခဲလောက်သည့် အလွန်ရှည်လျားခြင်းလည်း မဖြစ်စေရ။ ယင်းမူကို ကုရ်အာန်ကျမ်းတော်မြတ်က ဤအတ္ထုပ္ပတ္တိတင်ပြခြင်းတွင် ရှင်းလင်းစေပါသည်။

ဆင့်ပြန်ချက် အချို့အရ ဤကိစ္စရပ်အတွက် အခြားအကြောင်းပြချက်တစ်ခုမှာ ဂျူးများက တမန်တော်မြတ်ﷺကိုပြောကြားခဲ့သည်တို့တွင် ပါဝင်သည့် ကိုယ်တော်မြတ်ကို စမ်းသပ်ရန်အလို့ငှာ ဂျူးများက ကိုယ်တော်မြတ်ကို မေးခဲ့သည်မှာ "အကယ်၍ သင်သည် စစ်မှန်သော တမန်တော်တစ်ပါးဖြစ်လျှင် ယာကုပ်၏ မိသားစုသည် ဆီးရီးယားမှ အီဂျစ်သို့ အဘယ်ကြောင့် ပြောင်းရွှေ့၍ ယူစုဖ်ﷺ အမှန်တကယ် မည်သို့ဖြစ်သွားသည်ကို ကျွန်ုပ်တို့အား ပြောကြားပါလေ"ဟူ၍ဖြစ်သည်။ ယင်းကိုဖြေကြားရန် ဤအတ္ထုပ္ပတ္တိတစ်ခုလုံး ချပေးတော်မူခဲ့သည်။ တမန်တော်မြတ်ﷺသည် မည်သူတစ်ဦးတစ်ယောက်၏သင်ကြားပေးမှုမှ မခံယူခဲ့ရသော အွမ္မီသက်သက်ဖြစ်ကာ ကိုယ်တော်၏ဘဝတစ်လျှောက်လုံး မက္ကာဟ်တွင်နေထိုင်ပြီး မည်သည့်စာအုပ်တစ်အုပ်ကိုမျှ မဖတ်ဖူးခဲ့သော်လည်း သောင်ရာသ်ကျမ်းပါ အဖြစ်အပျက်အားလုံးကို တမန်တော်မြတ်ﷺက မှန်ကန်စွာပြန်လည်ပြောပြနိုင်ခြင်းသည် တမန်တော်မြတ်ﷺ၏မုအ်ဂျိဇာဟ် အံ့ဖွယ်တစ်ပါးဖြစ်၍ ကိုယ်တော်မြတ်၏ တမန်တော်ဖြစ်မှုအတွက် ကြီးကျယ်သော သက်သေပြမှုတစ်ခု ဇကန်စင်စစ်ဖြစ်ပေသည်။ စင်စစ် သောင်ရတ်ကျမ်းတွင် ဖော်ပြထားခြင်း မရှိသော အဖြစ်အပျက်များကိုပင် တမန်တော်မြတ်ﷺက သူတို့ကို ပြောပြတော်မူခဲ့သည်။ ဤဆင့်ပြန်ချက်များထဲမှာ များစွာသော အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားချက်များ

ပေါ်ထွက်လာကာ ယင်းတို့ကို ဤအကျယ်ဖွင့်ဆိုခြင်းတွင် နောက်ပိုင်း၌ ဖော်ပြပါသည်။

အထက်ဖော်ပြပါ အာယသ်အတွဲတွင် ပထမ စကားလုံးဖြစ်သော الر (အလစ်ဖ်၊ လာမ်၊ ရာ) တို့သည် ကုရ်အာန်ကျမ်းမြတ်၏ သီးခြား အက္ခရာများ(အလ် ဟုရုဖ် အလ် မုကတ်တအတ်)များဖြစ်ကြသည်။ ဤသည်များနှင့် ပတ်သက်၍ ဆွဟာဗဟ်ကြီးများနှင့် သာဗိအီန်အများစု၏ စကြဝဠာလုံးဆိုင်ရာ ဆုံးဖြတ်ချက်ကား ဤအက္ခရာများသည် မိန့်ကြားသော အလ္လာဟ်အရှင်မြတ်နှင့် ဦးတည်ပြောကြားခံရသော တမန်တော်မြတ်ﷺတို့ကြားရှိ လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။ ယင်းကိုမည်သည့် တတိယပုဂ္ဂိုလ်ကမျှ နားလည်နိုင်စွမ်းမရှိသကဲ့သို့ တစ်စုံတစ်ဦးသည် ယင်းကိစ္စရပ်အား ဖော်ထုတ်ရန် တစိုက်မက်မက် ကြိုးပမ်းမှုသည် မလျော်ကန်ချေ။

ယင်းနောက် تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ " ဤသည်တို့မှာ အလွန်ထင်ရှားလှသော (အာယသ်တော်)များ ဖြစ်ကြ၏" ဟု မိန့်ကြားသည်။ ဆိုလိုသည်မှာ ကျမ်းတော်၏ အာယသ်များ သည် တရားဝင် ဟလာလ် နှင့် တရားမဝင် ဟရာမ်တို့ကို သတ်မှတ်ခြင်းနှင့်ကန့်သတ်ခြင်းတို့ကို အသေးစိတ်ဖော်ပြသည်။ ယင်းတွင် လူသားဘဝ၏ ကဏ္ဍ အားလုံးနှင့် အကျုံးဝင်စေသည်။ ထို့ကြောင့် လူသားများကို ရိုးသားဖြောင့်မတ်၍ အလယ်အလတ်ကျသော နေထိုင်မှု စနစ်တစ်ခုကို ပေးပါသည်။ ယင်းတို့ကို သောင်ရတ်ကျမ်းတွင် ကတိပြုထားခဲ့သည်ကို ဂျူးများ သိရှိပြီးဖြစ်သည်။

နောက်တွင် ဆက်လက်ဖော်ပြထားသည့် အာယသ်(၂)ထဲပါရှိသော အဆိုအမိန့်မှာ اِنَّاۤ اَنْزَلْنٰهُ قُرْءٰنًا عَرَبِيًّا لَّعَلَّكُمْ تَعْقِلُوْنَ ဇကန်မလွဲ ငါ အရှင်မြတ်သည် ယင်းကျမ်းဂန်ကို အသင်တို့ နားလည်အံ့သောငှာ (စကား အဖွဲ့အနွဲ့ အသုံးအနှုန်း အလွန်ကောင်းသော)ကုရ်အာန်ကျမ်းတော်အဖြစ် အရဗီဘာသာစာပေဖြင့် ချပေးသနားတော်မူ ခဲ့၏" ဟူ၍ဖြစ်သည်။

ဤသည်က စိုက်ယိဒီနာယူစုဖ်ﷺ ဘာဖြစ်ခဲ့သလဲဟူသည်ကို အသိပေးရန်တောင်းဆိုခဲ့သောသူများသည် အာရေးဗီးယားရှိ ဂျူးများဖြစ်သည်ဆိုကြောင်း ရည်ညွှန်းသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ဤ အတ္ထုပ္ပတ္တိကို သူတို့၏ ဘာသာစကားဖြင့် ပို့ချပေးတော်မူခဲ့သည်။ သို့မှသာ ထိုသူများက ယင်းကိစ္စကိုတွေးတော ဆင်ခြင်၍ တမန်တော်မြတ်ﷺ၏ မှန်ကန်မှုကိုသက်သေခံကာ ဤအဖြစ်အပျက်မှပေါ်ထွက်လာသော အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားချက်များအရ ၎င်းတို့၏ ဘဝကိုလိုက်လျောညီထွေ နေထိုင်စေပါသည်။

ဤအတွက်ကြောင့် ဤနေရာတွင် لَعَلَّ (လအလ်လ)ဟူသော စကားလုံးကို "သို့မှသာလျှင်" ဟူသော အဓိပ္ပာယ်ဖြင့် ထည့်သွင်းထားသည်။ အဘယ်ကြောင့်ဆိုသော် ဤဦးတည်ပြောကြားခံရသူတို့၏ ပုံသေ အတွေးအခေါ်ကို သိပြီးဖြစ်သည်။ ယင်းမှာ ၎င်းတို့ရှေ့မှောက်ရှိ အလွန်ရှင်းလင်းပြတ်သားသော အာယသ်တော်များ၏ အကျိုး ကျေးဇူးများ ရရှိခဲ့ကြလင့်ကစား အမှန်တရားလက်ခံမှုတွင် နှေးကွေးမှုနှင့် သံသယများ ရှိနေကြပါသေးသည်။

တတိယအာယသ်တွင် نَحْنُ نَقُصُّ عَلَيْكَ اَحْسَنَ الْقَصَصِ بِمَاۤ اَوْحَيْنَاۤ اِلَيْكَ هٰذَا الْقُرْاٰنَ ۖ وَاِنْ كُنْتَ مِنْ قَبْلِهٖ لَمِنَ الْغٰفِلِيْنَ "ငါအရှင်မြတ်သည် အသင့်ထံ ဤကုရ်အာန်ကျမ်းတော်မြတ်ကို ထုတ်ပြန်တော်မူခြင်းအားဖြင့် ငါအရှင်မြတ်သည် အသင်၏အရှေ့ဝယ် အကောင်းဆုံးသောအကြောင်းအတ္ထုပ္ပတ္တိတစ်ခုကို ပြန်၍ ပြောကြားတော်မူ လေသည်။ စင်စစ်သော်ကား အသင်သည် ထိုကုရ်အာန်ကျမ်း မကျရောက်မီအလျင်က(ဤအကြောင်း အတ္ထုပ္ပတ္တိကို) အလျှင်းမသိသူတစ်ဦးပင် ဖြစ်ခဲ့ပေသည်" ဟု မိန့်ထားသည်။

ဤသည်မှာ တမန်တော်မြတ်ﷺကို ၎င်းတို့၏စွမ်းသပ်ခဲ့မှုသည် အချည်းအနှီးဖြစ်ခဲ့သည်ဆိုကြောင်း ဂျူးများ အား ပဲ့ပြင်ဆုံးမရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းစွမ်းသပ်မှုမှထွက်ပေါ်လာသည့် အကျိုးရလဒ်သည် ၎င်း တို့ ထင်မှတ်ထားခဲ့သည်နှင့် ပြောင်းပြန်ဖြစ်ခဲ့သည်။ ဤသည်ကသာလျှင် အလ္လာဟ်အရှင့် တမန်တော်၏ မြင့်မြတ်မှုနှင့်

စစ်မှန်မှုကို ပိုမိုထင်ရှားသည့်နည်းဖြင့် သက်သေပြပြီးဖြစ်သည်။ ဤသည်မှ ကိုယ်တော်မြတ်သည် အွမ်မီတစ်ဦးဖြစ်ခဲ့ရုံမျှ မက ကမ္ဘာသမိုင်း၏ အသိပညာဗဟုသုတလည်း မရှိခဲ့ဟူသည်မှာ ထင်ရှားသည်။ သို့ဆိုလျှင် ဤကိစ္စရပ်ကို တမန်တော်မြတ်ﷺသိသည်ဆိုခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမှုတစ်ရပ်လိုအပ်ပေသည်။ ထိုနောက် တမန်တော်မြတ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ သင်ကြားမှုကိုခံရကာ အရှင်မြတ်၏ တမန်တော်တစ်ပါးအဖြစ် ဝဟီပို့ချမှုနှင့်တကွ ကောင်းချီးမင်္ဂလာ ပေးခံရသည်မှအပ မည်သည့်ခြွင်းချက်မှ မရှိချေ။

အာယသ်(၄)ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အတ္ထုပ္ပတ္တိကို **إِذْ قَالَ يُوسُفُ لِأَبِيهِ يَا أَبَتِ إِنِّي رَأَيْتُ أَحَدَ عَشَرَ كَوْكَبًا وَالشَّمْسَ وَالْقَمَرَ رَأَيْتُهُمْ لِي سَاجِدِينَ** "(ပြန်လည်သတိရပါလေ) တစ်ရံရောအခါဝယ် (နဗီတမန်တော်) ယူစုဖ်သည် မိမိဖခမည်းတော် (နဗီတမန်တော်ယအ်ကုပ်)အား (ဤသို့) ပြောဆိုလျှောက်ထားခဲ့ပေသည်။ " အို-ခမည်းတော်၊ ဇကန်စင်စစ် ကျွန်ုပ်သည် (အိပ်မက်တွင်)ကြယ်တာရာ (ဂြိုဟ်နက္ခတ်) ၁၁-လုံးကိုလည်းကောင်း၊ သူရိယနေကို လည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ မိမိအား စိရ်ဒါဟ် ပျံဝပ်ဦးချလျက်ရှိကြသည်ကို တွေ့မြင်ခဲ့ရပါသတည်း" ဟူသော စကားလုံးများဖြင့် စာသားများက ဖော်ပြထားသည်။

စိုက်ယိဒိနာယူစုဖ်ﷺ မြင်မက်ခဲ့သည့် ဤအိပ်မက်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺက "ကြယ် ၁၁-လုံးသည် စိုက်ယိဒိနာယူစုဖ် ﷺ၏ ညီအစ်ကိုတစ်ဆယ့်တစ်ဦးဟု ဆိုလိုကာ နေနှင့် လမှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ အမိနှင့် အဘကို ရည်ညွှန်းသည်" ဟုပြောကြားခဲ့သည်။

အလ်ကုရ်သုဗီ ကျမ်းအရ စိုက်ယိဒိနာယူစုဖ် ﷺ၏ မိခင်သည် ဤအဖြစ်အပျက် မတိုင်မီက ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ၎င်း၏ ဖခင်မှာ သူ့မိခင်နေရာတွင် မိခင်၏ ညီမကိုလက်ထပ် ထိမ်းမြားခဲ့သည်။ အမေ့ဘက်မှ တော်စပ်သော အဒေါ်တစ်ဦးအနေဖြင့် သူမ၏ အစ်မရင်း၏ သားသမီးများပေါ်တွင် အမေရင်းတစ်ယောက် ထားခဲ့သော ချစ်မေတ္တာနှင့် ချစ်ခင်ခဲ့သည်မှာ သဘာဝပင် ဖြစ်သည်။ အစ်မသေဆုံးပြီးနောက် သူမသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ ဖခင် ကို ထိမ်းမြားလက်ထပ်ခဲ့၍ သူမကို ဓလေ့ထုံးစံအရ အမေအဖြစ် ရည်ညွှန်းနိုင်သည်။

အာယသ် (၅)နှင့်(၆)ထဲတွင် စိုက်ယိဒိနာယအ်ကုပ်ﷺ၏ တုံ့ပြန်ချက်ကို **قَالَ يَا بُنَيَّ لَا تَقْصُصْ رُءْيَاكَ عَلَىٰ إِخْوَتِكَ فَيَكِيدُوا لَكَ كَيْدًا ۖ إِنَّ الشَّيْطَانَ لِلْإِنسَانِ عَدُوٌّ مُّبِينٌ** "(ထိုအခါ ခမည်းတော် နဗီတမန်တော် ယအ်ကုပ်က ဤသို့) ပြောကြားခဲ့လေ၏။ "အို-ချစ်သား၊ အသင်သည် မိမိအိပ်မက်ကို မိမိညီနောင်များ ရှေ့တွင် ပြော၍ မပြလေနှင့်။ သို့ပြောပြခဲ့ပါလျှင် ၎င်းတို့သည် အသင်နှင့် ဆန့်ကျင်၍ အကြံအစည်တစ်ခုခုကို လှုံ့ဆော်ကာ ကြံစည်ကြပေလိမ့်မည်။ ဇကန်မလွဲ ရိုက်တွာန်မိစ္ဆာကောင်သည်ကား လူတို့၏ အလွန်ထင်ရှားသော ရန်သူပင်ဖြစ်ချေသတည်း" ဟူသော စကားလုံးများဖြင့် ဖော်ပြထားသည်။ (ရိုက်တွာန်သည် လောကီဆိုင်ရာ ဥစ္စာဓနနှင့် သြဇာအာဏာ ရရှိရန် ထိုကဲ့သို့ လုပ်စေရန် ဖြားယောင်း သွေးဆောင်သည်။)

ဤအာယသ်များမှ ပေါ်ထွက်လာသည့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်အချို့ကို ဤနေရာ၌ ဖော်ပြလိုက်ပါသည်။

အိပ်မက်များ၏ သဘောသဘာဝ။ အဆင့်အတန်းနှင့် အမျိုးအစားများ

ပထမဦးစွာ အိပ်မက်များ၏ သဘာဝ၊ အဖြစ်အပျက်များ၏အဆင့်နှင့် ယင်းမှပေါ်ထွက်လာသည့် သတင်းအချက်အလက်များဖြစ်သည်။ သဖ်စီရ် မဇာဟိရီကျမ်းတွင် ကာရီစနာအွလ္လာဟ်ﷺက ပြောသည် "အိပ်မက်တစ်ခု၏ အမှန်တရားမှာ လူသားကိုယ်တိုင် အိပ်စက်လျက်ဖြစ်စေ၊ အသိကင်းမဲ့နေသောအခါဖြစ်စေတို့တွင် ခန္ဓာကိုယ်၏ စီမံခန့်ခွဲမှုမှကင်းလွတ်ကာ စိတ်ကူးမှု၏အစွမ်းအရ ပုံသဏ္ဌာန်အချို့ကို မြင်လာပါသည်။ ယင်းသည် အိပ်မက်ပင် ဖြစ်

သည်။ ထို့နောက် ယင်းတွင် သုံးမျိုးရှိကာ နှစ်မျိုးမှာ လုံးဝမှားယွင်းသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းနှစ်မျိုးတွင် အနှစ်သာရနှင့်အခြေခံ မရှိချေ။ ကျန်တစ်မျိုးမှာမူ ဖြစ်ပေါ်မှုအရ မှန်ကန်သည်။ သို့သော်လည်း ဤသို့စစ်မှန်သည့် အမျိုးအစားတွင် မကြာခဏ ဟုတ်မဟုတ် မသေချာသည့်အရာများ ရောပြွမ်းနေ၍ ယင်းအိပ်မက်သည်လည်း ချို့ယွင်းမှု ရှိကာ ယုံကြည်နိုင်လောက်သည်မဟုတ်ချေ။

ဤသည်ကို အသေးစိတ် ရှင်းလင်းရလျှင် တစ်စုံတစ်ဦးက အိပ်မက်တွင်မြင်တွေ့ခဲ့ရသည့် အမျိုးမျိုးသော ပုံပန်းသဏ္ဌာန်များ၊ ပုံရိပ်များ၊ အခြေအနေများနှင့် အဖြစ်အပျက်များသည် နည်းနှစ်နည်းနှင့် မြင်မက်နိုင်သည်။ တစ်ခါတစ်ရံ တစ်စုံတစ်ဦး နိုးကြားစဉ် မြင်တွေ့ရသည်များကို အိပ်မက်တွင် ပြန်လည်တွေ့ရသည်။ ထို့ပြင် တစ်ခါတစ်ရံ၌ ရှိုက်တွာန်သည် တစ်စုံတစ်ဦး၏စိတ်ထဲသို့နှစ်သက်ဖွယ် (သို့မဟုတ်) ကြောက်ရွံ့ဖွယ်ပုံပန်းအချို့၊ အခြေအနေအချို့နှင့် အဖြစ် အပျက်များကို သူကိုယ်တွင်းသို့ထည့်သွားခဲ့သည်။ ဤနှစ်မျိုးစလုံးသည် မမှန်မကန်ချေ။ ယင်းထဲတွင် အနှစ်သာရနှင့်စစ်မှန်မှုမပါသကဲ့သို့ ယင်းတို့ကို မည်သည့်စစ်မှန်သောအဓိပ္ပာယ်မျှ ကောက်ယူ၍မရပါ။ နှစ်မျိုးအနက် ပထမအမျိုးအစားကို (ဟဒီးစ္စန်နဖ်စ်) မိမိကိုယ်ကိုစေ့ဆော်ခြင်းနှင့် အခြားတစ်ခုကို ရှိုက်တွာန်၏ ဖြားယောင်းမှုအစွမ်း (သတ်စ်ဝီလ်အရဲ့ဟ်ရှိုက်တွာန်) ဟုခေါ်ဆိုသည်။

တတိယအမျိုးအစားမှာ စစ်မှန်၍ အိလ်ဟာမ် (အသိပေးသည့်အမျိုးအစား) ဖြစ်ကာ ယင်းသည် အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်တစ်ဦးကို သတိပေးရန် သို့မဟုတ် ကောင်းသတင်းပေးရန် ဖြစ်သည်။ တစ်နည်းဆိုရသော် အရှင်မြတ်၏ အကွယ်မှ ရတနာများထဲမှ တစ်စုံတစ်ဦး၏ စိတ်နှင့်နလုံးသားတွင် အရှင်မြတ်က အရာများထည့်သွင်းခြင်းဖြစ်သည်။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺက "အီမန်သက်ဝင် ယုံကြည်သူတစ်ဦး၏ အိပ်မက်သည် သူ၏ရင္ဘ ဖန်ဆင်းရှင်နှင့် စကားပြောဆိုခွင့်ရသော ဂုဏ်ပေးမှုပင်ဖြစ်သည်"ဟု မိန့်ကြားခဲ့သည်။ ဤဟဒီးစ်ကို အလ် သဗ်ရာနီ ကျမ်းတွင် ခိုင်လုံစစ်မှန်သော ကွင်းဆက်မပြတ်သည့် ရာဝီများ၏တင်ပြမှုများနှင့် တင်ပြထားခဲ့သည်။ (မဇာဟီရ်)

ဤသည်ကို ရှင်းလင်းရာတွင် ဆူဖီသူတော်စင်များက ပြောသည်မှာ အရာရာတိုင်းသည် ဤကမ္ဘာလောကတွင် မတည်ရှိမီအလျင်က 'အာလမုလ် မိစာလ်' ဟုခေါ်ဆိုသော အခြားစကြဝဠာထဲ၌ ရုပ်ပိုင်းသာမက နာမ်ပိုင်းဆိုင်ရာလည်း ရှိနေခဲ့သည်။ ယင်းတို့သည်လည်း သီးသန့်ပုံစံဖြင့် တည်ရှိသည်။ လူသားကိုယ်တိုင်မှာ အိပ်မက်စဉ် ခန္ဓာကိုယ်စီမံခန့်ခွဲမှုမှ ကင်းလွတ်သွား၍ တစ်ခါတစ်ရံ အာလမုလ်မိစားလ် ကမ္ဘာနှင့် ချိတ်ဆက်သွားသည်။ ထိုကမ္ဘာတွင် ဤကမ္ဘာရှိ ကိုယ်စားပြုပုံစံဖြင့် တွေ့လိမ့်မည်ဖြစ်သည်။ ထို့နောက် ဤပုံစံများသည် အကွယ်မှ စကြဝဠာကလည်း ပြသပါသည်။ အချိန်အတော်များတွင် ယာယီအနှောင့်အယှက်များကြောင့် စစ်မှန်သောပုံရိပ်များသည် မှားယွင်းသောပုံရိပ်များနှင့်ရောကာ အိပ်မက်တိတ္ထိ(အဓိပ္ပာယ်ဖွင့်)ဆိုသောသူများအား ခိုင်လုံစွာအဓိပ္ပာယ်ဖွင့်မှုအတွက် အခက်အခဲဖြစ်သွားစေသည်။ သို့ရာတွင် မည်မည်ဟတ်ဖြစ်သော အကြောင်းချင်းရာများ ကင်းစင်လျှင် ယင်းပုံရိပ်များသည် အစစ်အမှန်ဖြစ်သွားသည်။ သို့သော်လည်း ဤသည်တွင်ပင်လျှင် အချို့အိပ်မက်များကို အဓိပ္ပာယ်ဖွင့်ဆို၍မရပါ။ အဘယ့်ကြောင့်ဆိုသော် အဖြစ်အပျက်၏ စစ်မှန်မှုမှာ မရှင်းလင်း မပြတ်သား၍ဖြစ်သည်။ ထိုကဲ့သို့အချိန်မျိုးတွင် အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် မှားယွင်းသွားလျှင် အဖြစ်အပျက်၏အဆုံးသတ်မှာ ကွဲပြားခြားနားသွားပါလိမ့်မည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ထံမှလာသော 'အိလ်ဟာမ်'(အသိပေးခြင်း)သည်သာလျှင် စစ်မှန်သောအိပ်မက်ဖြစ်ကြောင်း သက်သေပြပြီး ဖြစ်သည်။ ယင်းအိပ်မက်များသည် အလ္လာဟ်အရှင်မြတ်ထံတော်မှစတင်ခဲ့၍ မည်မည်ဟတ်သော အကြောင်းအရာများ ရောထွေးမှုမရှိသောကြောင့် မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

တမန်တော်များအားလုံး၏ အိပ်မက်များအားလုံးသည် ထိုကဲ့သို့ ဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့၏ အိပ်မက်များသည်လည်း ဝဟီ(ပို့ချခြင်း)အဆင့်အတန်းများ ရှိကြသည်။ သာမန်ယုံကြည်သက်ဝင်သော မုစ်လင်မ်များ၏ အိပ်မက်များသည် ဖြစ်တန်ရာများစွာနှင့် မကင်းလွတ်ကြချေ။ ထို့ကြောင့် ထိုအိပ်မက်များမှာ မည်သူတစ်စုံတစ်ဦး အတွက်မဆို သက်သေလည်းမဖြစ် သို့မဟုတ် ငြင်းမရသောအချက်လည်း မဟုတ်တော့ချေ။ တစ်ခါတစ်ရံ သူတို့ အိပ်မက်များသည် စိတ်အလိုကျ သို့မဟုတ် ကိုယ်ပိုင်အတွေးတို့ ရောထွေးနေကြသည်။ တစ်ခါတစ်ရံ စစ်မှန်သော အိပ်မက်တစ်ခုကို အပြစ်ဂုနာဟ်၏ အကျိုးဆက်ကြောင့် မှောင်ပိန်း၍ မှုန်ဝါးပြီး မပီပြင်သောပုံရိပ်များအဖြစ် လွှမ်းမိုးကာ မယုံကြည် မကိုးစားထိုက်ချေ။ ထို့နောက် အချို့အိပ်မက်များသည် မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းအတွက် သတ်မှတ်ထားသောနည်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်ခဲသွားသည်။

ဤနေရာ၌ဖော်ပြခဲ့သည့် အိပ်မက်သုံးမျိုးကို တမန်တော်မြတ်ﷺသခင် မိန့်ကြားခဲ့သည်မှ တင်ပြခဲ့ခြင်း ဖြစ်သည်။ ကိုယ်တော်မြတ်က အိပ်မက်သုံးမျိုးရှိကြောင်း မိန့်ခဲ့သည်။

(၁) ရှိုက်တွာန်ကြောင့် မက်သောအိပ်မက်။ ယင်းအိပ်မက်တွင် ရှိုက်တွာန်က ဖော်ထုတ်သည့် ပုံရိပ်နှင့်ပုံပန်းကိုသာ မြင်ရသည်။

(၂) နိုးကြားစဉ်မြင်သည်ကို အိပ်မက်တွင် မြင်နေရခြင်း။ ဤသည်တို့သည် သူ့အလိုအလျောက် တစ်စုံတစ်ဦး ရှေ့မှာ အိပ်မက်အဖြစ် ပေါ်လာသည်။

(၃) စစ်၍မှန်ကန်သော တတိယအမျိုးအစားမှာ တမန်တော်ဖြစ်ခြင်း(နဗူဝသ်)၏ ၄၆ ပုံ တစ်ပုံဖြစ်ကာ ယင်း အိပ်မက်သည် အလ္လာဟ်ရှင်မြတ်ထံမှလာသော အိလ်ဟာမ်(အသိပေးမှု) ဖြစ်သည်။

အိပ်မက်ခြင်း၏ ဆိုလိုရင်းမှာ နဗူဝသ်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ရှင်းလင်းချက်တစ်ရပ်

ဤအမျိုးအစားတွင် စစ်၍မှန်ကန်ကာ ယင်းကိုစစ်မှန်သော တမန်တော်ဩဝါဒများထဲ၌ တမန်တော်ဖြစ်ခြင်း၏ တစ်စိတ်တစ်ဒေသအကြောင်း ကြေညာထားခဲ့သည်။ ဟဒီးစ်ဆင့်ပြန်ပုံများမှာမူ ကွဲပြားခြားနားသည်။ အချို့ဟဒီးစ်အရ လေးဆယ်ပုံတစ်ပုံဖြစ်သည်ဟုဆို၍ အခြားဟဒီးစ်တွင် လေးဆယ်ခြောက်တွင် တစ်ပုံဟုတင်ပြထားခဲ့ကြသည်။ အခြားဆင့်ပြန်ချက်များတွင် ယင်းကို ၄၉ ပုံတွင် တစ်ပုံ၊ အပုံ ၅၀ တွင် တစ်ပုံ၊ အပုံခုနစ်ဆယ်တွင် တစ်ပုံဟူ၍ အသီးသီး တင်ပြထားခဲ့သည်။ ဤဆင့်ပြန်ချက်အားလုံးကို သဖီစီရ်အလ်ကုရ်သုဒီကျမ်းတွင် တပေါင်းတစည်းထဲ ပြုစုထားကာ အီဗနိအဗ္ဗဒုလ်ဗရ်၏ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်ထားချက်အရ ဆင့်ပြန်ချက်များတစ်ခုစီတွင် ဝိရောမိမရှိဘဲ သူ့နေရာနှင့်သူ မှန်ကန်ကြောင်း တင်ပြထားသည်။ အပုံပုံရာတွင် အရေအတွက် အချို့မညီ ကွဲပြားမှုမှာ အိပ်မက်မြင်မက်စဉ် ရှိနေသည့် အခြေအနေများအပေါ်မှာ မူတည်သည့် သစ္စာတရား၊ ယုံကြည်ကိုးစားမှု၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် အီမာန်ပြီးပြည့်စုံခြင်းစသော အရည်အချင်းများရှိသူ၏ အိပ်မက်ကို နဗူဝသ်၏ အပုံလေးဆယ်ပုံ တစ်ပုံဟု သတ်မှတ်လိမ့်မည်။ ဤအရည်အချင်းများထက် နိမ့်သောအဆင့်ရှိသူ၏ အိပ်မက်များကို ၄၆ ပုံတွင်တစ်ပုံ သို့မဟုတ် အပုံ ၅၀ တွင် တစ်ပုံဟု သတ်မှတ်သကဲ့သို့ အရည်အချင်းပိုနိမ့်သော အဆင့်ရှိသူ၏ အိပ်မက်များကို နဗူဝသ်၏ အပုံ ၇၀ တွင် တစ်ပုံဟု သတ်မှတ်ပါလိမ့်မည်။

ဤနေရာ၌ စစ်မှန်သော အိပ်မက်တစ်ခုသည် တမန်တော်ဖြစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်း ဟူသည်မှာ မည်သည်နည်းဆိုသည်ကို စဉ်းစားထိုက်ပေသည်။ သဖီစီရ်မဇာဟီရီကျမ်းက ဤသည်ကို ရှင်းလင်း၍ပြောသည်မှာ စိုက်ယိဒိနာမုဟမ္မဒ် အလ်မုစ်သဖာﷺအပေါ်တွင် အလ္လာဟ်အရှင်မြတ်၏တမန်တော်တစ်ပါးအဖြစ် ဝဟီကျရောက်ခြင်း

လုပ်ငန်းစဉ်သည် ၂၃-နှစ် ကြာမြင့်သည်။ ပထမ တစ်နှစ်မှာ ၆-လ တစ်ကြိမ် ကာလအတွင်း ဤအလွှာဟ်အရှင့် ဝဟီများမှာ ကိုယ်တော့်ထံ အိပ်မက်များအနေဖြင့် ကျရောက်ခဲ့သည်။ ကျန် ၂၂-နှစ် တွင် ၆-လ တစ်ဖြတ်မှ ၄၅ ကြိမ်တွင်မူ ဂျစ်ဗရာအီလ် အလ်အမီးန်မှတစ်ဆင့် ရောက်ရှိခဲ့သည်။ ဤအတိုင်း တွက်ချက်လျှင် စစ်မှန်သော အိပ်မက်များမှာ တမန်တော်ဆိုင်ရာ ဝဟီကျရောက်ခြင်း၏ အပုံလေးဆယ်တွင်တစ်ပုံဖြစ်သည်။ အပုံအရေအတွက်နည်းခြင်း သို့မဟုတ် များခြင်းပါသော ဆင့်ပြန်ချက်များတွင်မူ အနီးစပ်ဆုံး အဆိုအမိန့် ပါဝင်နိုင်သကဲ့သို့ ခိုင်လုံမှုနည်းပါး၍ ချန်လှပ်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

ဤသည်နှင့် ပတ်သက်၍ ရှင်းလင်းရာတွင် အိမာမ်အလ်ကုရ်သုဗီက ပြောသည်မှာ တစ်စုံတစ်ဦး ထိန်းချုပ်နိုင်စွမ်းမရှိသည့်အရာများကို အိပ်မက်တွင် မြင်တွေ့ရသောအခါများလည်း ရှိသည်။ ပမာဆိုသော် တစ်စုံတစ်ဦးသည် မြင့်မားသောကောင်းကင်တွင် သူပျံသန်းနေသည်ကို မြင်မက်နိုင်သည်။ သို့မဟုတ် သူမစွမ်းနိုင်သော အကွယ်မှ ကိစ္စရပ်ကို ရယူသည်ဟု အိပ်မက်ခြင်းတို့ဖြစ်သည်။ သို့ဆိုလျှင်ဤ ကိစ္စရပ်သည် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် အထောက်အပံ့ပေးသည့် နည်းမှအပ အခြားမည်သည့်နည်းမျှ မဖြစ်နိုင်၍ ၎င်းသည် အသိပေးခြင်းဖြစ်ကာ စင်စစ်တွင် ယင်းသည် နဗီတမန်တော်ဖြစ်ခြင်း၏ မွေးရာပါဂုဏ်ထူး ဖြစ်သည်။ ထို့ကြောင့် ယင်းကို တမန်တော်ဖြစ်ခြင်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟု ကြေညာခဲ့သည်။

ကာဒီယာနီဒရ်ဂျာလ် (အယောင်ဆောင်သူ)၏ လိမ်လည်ခြင်းကို ငြင်းဆိုမှု

အထက်ဖော်ပြခဲ့သည်များသည် လူအချို့အား စက်ဆုပ်ဖွယ်အမှားတစ်ရပ်ကို ကျူးလွန်စေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူများက ဤကမ္ဘာလောကတွင် နဗီတမန်တော်ဖြစ်ခြင်း၏ ဤအစိတ်အပိုင်းသည် ရှင်သန်လျက်ရှိကာ တမန်တော်ဖြစ်ခြင်းကိုပင် အဆက်မပြတ်ဘဲ ဆက်လက်ရှိနေသည်ဟု မှတ်ယူခဲ့ကြသည်။ ဤယူဆချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အတိအကျ ပြတ်သားစွာနှင့် အကြွင်းမဲ့ဖြစ်သော အဆိုအမိန့်များနှင့် မရေမတွက်နိုင်သည့် ခိုင်လုံသော အဟဒီးဆ်များနှင့် ဆန့်ကျင်သည်။ ထို့ပြင် နောက်ဆုံးတမန်တော်ဖြစ်ခြင်း(ခတမ်မေ့နဗူဝဿ်၏ အကီဒါ)၏ နောက်ဆုံးတမန်တော် ဖြစ်ခြင်းတွင် မုစ်လင်မ် အုမ္မသ်ထုတစ်ရပ်လုံး၏ စုပေါင်းယုံကြည်မှုနှင့်လည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ ဤလှည့်ဖြားမှုလုပ်ရပ်တွင် တစ်စုံတစ်ရာ၏ အစိတ်အပိုင်းတစ်ခု ရှိနေခြင်းသည် ထိုအရာတစ်ခုလုံး ပြည့်ပြည့်ဝဝ ရှိနေခြင်းကိုမဆိုလိုကြောင်း သူတို့ သတိမမူခဲ့ကြပါ။ အကယ်၍ လူတစ်ဦး၏ လက်သည်းခွံတစ်ခု သို့မဟုတ် ဆံချည်တစ်မျှင်သည် တစ်နေရာတွင် ရှိနေလျှင် ထိုသူသည် ထိုနေရာ၌ ရှိနေမည်ဟု မည်သည့် စိတ်မှန်သူ တစ်ဦးကမျှ ပြောလိမ့်မည်မဟုတ်ချေ။ စက်တစ်ခု၏ မြောက်မြားစွာသော အပိုင်းများအကြောင်း တွေးကြည့်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် ထိုစက်၏အစိတ်အပိုင်းတစ်ခု သို့မဟုတ် ဝက်အူတစ်ခုရှိကာ ၎င်းတွင် ထိုသို့သော စက်ရှိသည်ဟု ကြေညာခဲ့လျှင် တစ်ကမ္ဘာလုံးက သူ့ကို လူလိမ် သို့မဟုတ် အရူးဟု သတ်မှတ်ပါလိမ့်မည်။

ဟဒီးစ်တော်တွင် ထင်ရှားစွာရှင်းလင်းပြသထားသည့်အတိုင်း စစ်မှန်သော အိပ်မက်များသည် နဗူဝဿ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း နဗူဝဿ်ကား မဟုတ်ဆိုသည်မှာ မည်သည့်သံသယမျှ မရှိချေ။ ကျွန်ုပ်တို့သိရှိသည့် နဗူဝသ် သို့မဟုတ် တမန်တော်ဖြစ်ခြင်းဆိုသည်မှာ တမန်တော်များ၏ နောက်ဆုံးတမန်တော် စိုက်ယိဒိနာ မုဟမ္မဒ် အလ်မုစ်သွဖာ ﷺ တွင် အဆုံးသတ်သွားခဲ့သည်။

ဆွဟီးဟ်အလ်ဗုခါရီကျမ်းတွင် ဖော်ပြသည့် တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သည်။

لَمْ يَبْقَ مِنَ النُّبُوَّةِ إِلَّا الْمُبَشِّرَاتِ

"(အနာဂတ်တွင်) အလ်မုဗတ်စ်ရှ်ရှိရာဟ်မှအပ နဗူဝသ်၏ မည်သည့်အစိတ်အပိုင်းမျှ ကျန်လိမ့်မည် မဟုတ်ချေ" ဟူ၍ဖြစ်သည်။

ဆွဟာဗဟ်သာဝကကြီးများက တမန်တော်မြတ်ﷺကို အလ်မုဗတ်စ်ရှ်ရှိရာဟ်၏ အဓိပ္ပာယ်ကို မေးမြန်းလျှောက်ထားရာ ကိုယ်တော်မြတ်ﷺက " စစ်မှန်သော အိပ်မက်များ"ဟု မိန့်ကြားခဲ့သည်။ ဤသည်က မည်သူ တစ်ဦးတစ်ယောက်ပေါ်မဆို နဗူဝသ် သို့မဟုတ် တမန်တော်မြတ်ဖြစ်ခြင်း၏ မည်သည့်အမျိုးအစား သို့မဟုတ် မည်သည့် ပုံသဏ္ဌာန်မျှ ရှိနေလိမ့်မည်မဟုတ်ကြောင်း သက်သေပြပါသည်။ ကျန်ရှိနေသည်မှာ အလ်မုဗတ်စ်ရှ်ရှိရာဟ် သို့မဟုတ် စစ်မှန်သောအိပ်မက်များဟု ခေါ်ဆိုသည့် နဗူဝသ်၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာ ကျန်နေလိမ့်မည်။

အချိန်တော်တော်များများတွင် ဂုနာဟ်အပြစ်ကျူးလွန်သော မယုံကြည်သွေဖယ်ခြင်းပယ်သူတစ်ဦး၏ အိပ်မက်သည်လည်း စစ်မှန်သောအိပ်မက် ဖြစ်နိုင်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်တော်နှင့် အတွေ့အကြုံများအရ ဂုနာဟ်အပြစ်ကျူးလွန်သူများ၊ မယုံကြည်သွေဖယ်ခြင်းပယ်သူများပင်လျှင် စစ်မှန်သောအိပ်မက် မြင်မက်နိုင်ကြောင်း သက်သေပြပြီးဖြစ်သည်။ စူရဟ်ယူစုဖ်ထဲတွင်ပင်လျှင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ထောင်ကျဖော်ထောင်ကျဖက်နှစ်ဦး မြင်မက်ခဲ့သော အိပ်မက်သည်ပင်လျှင် စစ်မှန်သောအိပ်မက်များဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။ အလားတူ အီဂျစ်ဘုရင်မြင်မက်ခဲ့သော အိပ်မက်သည် စစ်မှန်သောအိပ်မက်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုသူသုံးဦးမှာ မုစ်လင်မ်များမဟုတ်ကြချေ။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါဝင်သည်။ ဟဒီးစ်တော်တွင်ဖော်ပြခဲ့သည့် ကစ်စ်ရာ(ဆိုင်ရပ်စ်)သည် မုစ်လင်မ်တစ်ဦး မဟုတ်သော်လည်း တမန်တော်မြတ်ﷺပွင့်တော်မူသည့်အကြောင်း မြင်မက်ခဲ့သောအိပ်မက်သည် စစ်မှန်ခဲ့သည်။ တမန်တော်မြတ်ﷺ၏ ဖခင်ဘက်မှတော်စပ်သည့် အဒေါ်ဖြစ်သူ 'အာတီကာ' သည် မယုံကြည်သွေဖယ်ခြင်းပယ်သူတစ်ဦးဖြစ်နေစဉ်ကပင် တမန်တော်မြတ်ﷺနှင့်ပတ်သက်သည့် စစ်မှန်သောအိပ်မက် မြင်မက်ခဲ့သည်။ တစ်ဖန်ထပ်၍ မယုံကြည်သွေဖယ်ခြင်းပယ်သူ ဘေဘီလုံဘုရင်နဗူချုနိုက်ဇာ မြင်မက်သောအိပ်မက်သည် စစ်မှန်သောအိပ်မက် ဖြစ်ကြောင်း စိုက်ယိဒိနာ ဒါနီယယ်လ်(ဒါနီယယ်လ်)က အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ တစ်စုံတစ်ဦးသည် စစ်မှန်သောအိပ်မက် မြင်မက်ခဲ့ရုံမျှဖြင့် ယင်းအတိုင်း ဖြစ်လာခဲ့လျှင်လည်း ယင်းကြောင့် ၎င်းသူသည် မုစ်လင်မ်တစ်ဦးဖြစ်သည့်တိုင် ဘာသာရေးကိုင်းရှိုင်း၍ ဖြောင့်မတ်မှန်ကန်သူတစ်ဦးအဖြစ် သက်သေမပြနိုင်ပါ။ သို့သော်လည်း ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်စွန့်ဟ်တော်အတိုင်း လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောလျှင် မှန်ကန်ပေသည်။ စစ်မှန်၍ ကောင်းမွန်သောလူများ မြင်မက်သောအိပ်မက်သည် အများအားဖြင့် မှန်ကန်ကြသည်။ အပြစ်ဂုနာဟ်ကျူးလွန်သူများ မြင်မက်သော အိပ်မက်သည် အများအားဖြင့် မိမိဆန္ဒအရသော်လည်းကောင်း၊ ရှိုက်တွာန်ထည့်သွင်းသော အမျိုးအစားအဖြစ်လည်းကောင်း ဖြစ်ကြသည်။ သို့သော်လည်း ရံဖန်ရံခါတွင်မူ ပြောင်းပြန်ဖြစ်တတ်သည်။

အချုပ်ဆိုရသော် ဟဒီးဆ်တော်တွင် ရှင်းလင်းထားသည့်အတိုင်း စစ်မှန်သော အိပ်မက်များမှာ မုစ်လင်မ်တော်တော်များများ၏ ဘဝတွင် မြင်မက်သူအတွက် ကောင်းသတင်း (သို့မဟုတ်) သတိပေးခြင်းဖြစ်နိုင်သည် ဆိုခြင်းမှအပ အခြားဘာမျှ မဟုတ်ချေ။ ထိုအိပ်မက်များမှာ မည်သည့်ကိစ္စတွင်မဆို ၎င်းတို့အတွက် ဖြစ်စေ၊ သို့မဟုတ် အခြားသူအတွက်ဖြစ်စေ၊ ခိုင်မြဲသော အခြေအတင် ပြောဆိုစရာ အထောက်အထား မဟုတ်ချေ။ လူအချို့သည် ဤအမှန်တရားကို သတိမမူ၍ ထိုသို့သော အိပ်မက်မြင်ပြီးသည့်နောက် အသေးအမွှားကိစ္စအားလုံး၏ သားကောင်တစ်ဦး ဖြစ်

သွားခဲ့သည်။ အချို့သူများမှာ ဤသည်တို့ကို သူတော်စင်တစ်ဦး သို့မဟုတ် သူတော်စင်နှင့် အလားတူသူ တစ်ဦး၏ သက်သေလက္ခဏာအဖြစ် မှတ်ယူလိုက်ကြသည်။

အချို့သူများကမူ ဤအိပ်မက်မှာသည်တို့ကို ရှရီအတ်၏အမိန့်ပညတ်ချက်များအဆင့်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ဤချဉ်းကပ်မှုအားလုံးသည် အခြေအမြစ်မရှိချေ။ အထူးသဖြင့် ကျွန်ုပ်တို့သိရှိပြီးဖြစ်သည့် မိမိဆန္ဒအလျောက် သို့မဟုတ် ရှိုက်တွာန်၏ သွေးဆောင်မှုအလျောက် ပေါ်ထွက်လာသော ဤနှစ်မျိုးစလုံး၏ ပုံရိပ်များမှာ စစ်မှန်သော အိပ်မက်များနှင့် ရောထွေးမှုများပြားသည့် ဖြစ်နိုင်ချေရှိသည်။

လူတိုင်းကို အိပ်မက်နှင့် ပတ်သက်၍ ပြန်ပြောခြင်း မမှန်ကန်ချေ။

ဥပဒေသများ

(၁) အာယသ် (၅) قَالَ يٰبُنَيَّ (အို၊ ချစ်သား ...)ထဲ၌ စိုက်ယိဒိနာယအ်ကုဗ် ﷺက စိုက်ယိဒိနာယူစုဖ် ﷺမြင်မက်ခဲ့သော အိပ်မက်ကို ၎င်း၏ညီအစ်ကိုများအား ပြောမပြရန်တားမြစ်ခဲ့သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ မနာလိုသူတစ်ဦးရှေ့တွင် ပြန်မပြောသင့်သကဲ့သို့ အိပ်မက်အလိုသဘော ကျွမ်းကျင်စွာ အဓိပ္ပာယ်မရှင်းပြတတ်သူ တစ်ဦးကိုလည်း ပြောမပြသင့်ချေ။

ဂျာမီအလ် သိရ်မိဇီကျမ်းအရ တမန်တော်မြတ် ﷺမိန့်ခဲ့သည်မှာ စစ်မှန်သော အိပ်မက်တစ်ခုသည် နဗူဝသ်၏ အပုံ ၄၀ ပုံ ၁ ပုံ ဖြစ်သည်။ ထို့ပြင် အိပ်မက်ကို အခြားသူတစ်ဦးအား ပြောမပြသမျှ ကာလပတ်လုံး အိပ်မက်အတိုင်း ရှိမည်။ ပြန်လည်ပြောကြားလိုက်သည့်နောက် နားထောင်သူကအဓိပ္ပာယ်ဖွင့်ဆိုခဲ့လျှင် ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း အကောင်အထည် ပေါ်တတ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အိပ်မက်ကို တတ်သိနားလည်၍ အသိဉာဏ်ရှိသူ တစ်ဦး သို့မဟုတ် အနည်းဆုံး မိတ်ဆွေတစ်ဦးနှင့် ကောင်းကျိုးလိုလားသူတစ်ဦးတို့မှအပ မည်သူ့ကိုမျှ ပြောမပြသင့်ချေ။

အစောပိုင်းရည်ညွှန်းထားသကဲ့သို့ သိရ်မိဇီနှင့် အိဗနိမာဂျာဟ်ကျမ်းတို့တွင် ဖော်ပြသည်။ တမန်တော်မြတ် ﷺမိန့်ကြားခဲ့သည်မှာ အိပ်မက်သည် သုံးမျိုးသုံးစားရှိသည်။ (၁) အလ္လာဟ်အရှင်မြတ်ထံတော်မှ ကောင်းသတင်း၊ (၂) မိမိမြင်မက်လိုသည့် ဆန္ဒအတိုင်းဖြစ်ပေါ်ခြင်း (၃) ရှိုင်တွာန်မိစ္ဆာကြောင့် မက်ခြင်း တို့ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် မြင်မက်သောအိပ်မက် ကောင်းသည်ဟုယူဆလျှင် ဆန္ဒရှိပါက အခြားသူကို ပြောပြနိုင်သည်။ ထို့ပြင် အိပ်မက်တွင် တစ်စုံတစ်ရာ မကောင်းသည်ကို မြင်မက်လျှင် မည်သူ့ကိုမျှ မပြောရပါ။ အိပ်ရာမှထ၍ ဆွလာသ် ဝတ်ပြုဆောက်တည်လိုက်ရမည်။ ဆွဟီးဒ် မုစ်လင်မ်ကျမ်းတွင်ရှိ ဟဒီးစ်တော်တွင်လည်း မိန့်ထားသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် မကောင်းသည့်အိပ်မက် (အိပ်မက်ဆိုး)မက်လျှင် သူသည် လက်ဝဲဘက်သို့ ၃ကြိမ် ၃ခါ ဖြေးညင်းစွာထွေးမှုတ်၍ ယင်းအိပ်မက်၏ဆိုးကျိုးမှ အကာအကွယ်ရရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ တောင်းခံရမည်။ ထို့ပြင် အိပ်မက်အကြောင်းမည်သူ့ကိုမျှမပြောရပါ။အကယ်၍ဤသို့လုပ်ဆောင်ခဲ့လျှင်အိပ်မက်ကြောင့်မည်သည့်အန္တရာယ်မျှ ကျရောက်လိမ့်မည် မဟုတ်ချေ။ အကြောင်းမှာ အိပ်မက်အချို့သည် ရှိုက်တွာန်၏ ဖြားယောင်းသွေးဆောင်မှုများဖြင့် ဖြစ်စေသည်။ ထိုအရာများသည် ဤလုပ်ရပ်ကြောင့် ပယ်ရှားပြီးဖြစ်သည်။ ထို့ပြင် အကယ်၍ အိပ်မက်သည် မှန်ကန်လျှင်ပင် ယင်း၏မကောင်းသော အစိတ်အပိုင်းသည် ဤလုပ်ရပ်ကြောင့် ပယ်ရှားပြီး ဖြစ်လိမ့်မည်ဟု မျှော်လင့်နိုင်ပါသည်။

(၂) အိပ်မက် တိတ္ထိ (အိပ်မက်၏အဓိပ္ပာယ်ဖွင့်ဆိုချက်) သည် အိပ်မက်အတိုင်း အတည်ရှိသည်ဆိုကြောင်း ရှင်းလင်းရာ၌ သဖိစီရ်မဇ်ဟရီကျမ်းတွင် ပြောထားသည်မှာ အချို့ကိစ္စရပ်များ၏ကံကြမ္မာသည် လုံးဝ ကြိုတင်ဆုံးဖြတ်

ထားသည်မဟုတ်ချေ။ ဆိုင်းငံ့နေသည့် အနေအထားတွင်ရှိသည့် ဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခဲ့လျှင် ကျရောက်မည့် ကံကြမ္မာဆိုးသည် ဖယ်ရှားပြီးဖြစ်လိမ့်မည်။ အကယ်၍ မပြုလုပ်လျှင် ကံကြမ္မာဆိုးကျ ရောက်လိမ့်မည်။ ဤသည်ကို မရေရာသော သို့မဟုတ် အခြေအနေရဖြစ်ပေါ်သော ကံကြမ္မာဟုခေါ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် မကောင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကြောင့် မကောင်းသည့်ဘက်ဖြစ်သွားကာ ကောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကြောင့် အကောင်းလည်းဖြစ်လာနိုင်သည်။ ထို့ကြောင့် အထက်ဖော်ပြခဲ့သည့် သိရိမိဇီကျမ်းမှ ဟဒီးစ်တစ်ခုတွင် တစ်စုံတစ်ဦး၏အိပ်မက်ကို အသိဉာဏ်လည်းမရှိ သို့မဟုတ် အကောင်းလိုလားသူလည်းမဟုတ်သူကို ပြောပြခြင်းအား တားမြစ်ပိတ်ပင်ထားသည်။ ထို့ပြင် ဤအတွက် နောက်ထပ် အခြားအကြောင်းလည်းရှိနိုင်သည့် တစ်စုံတစ်ဦးသည် သူမြင်မက်သောအိပ်မက်၏ မကောင်းသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုကြားသိရလျှင် သူ့အပေါ်၌ ကံကြမ္မာဆိုးအချို့ ကျရောက်လိမ့်မည်ဟူသောအတွေး လွှမ်မိုးခြင်းခံရမည်။ ထို့ပြင် ဟဒီးစ်တော်တွင် လာရှိသည်မှာ အလ္လာဟ်အရှင်မြတ်က **اَنَا عِنْدَ ظَنِّ عَبْدِيْ بِيْ** "ငါအရှင်မြတ်သည် ငါအရှင်၏ကျေးကျွန်က ငါအရှင့်အပေါ် ထားသော ထင်မြင်ယူဆချက်အတိုင်း ပြုမူတော်မူသည်" ဟူ၍ မိန့်ထားသည်။ တစ်နည်းအားဖြင့် "ငါ၏ ကျေးကျွန်တစ်ဦး က ငါအရှင်ကို ယုံကြည်သည့်အတိုင်း ငါအရှင်က သူ့အပေါ် ထိုသို့ဖြစ်စေပါသည်။ "ထို့ကြောင့် တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကံကြမ္မာဆိုး တစ်ခု ၎င်းပေါ်ကျရောက်မည်ဟု ယုံကြည်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ လုပ်လေ့လုပ်ထရှိတော်မူသော စွန့်တ်ဓလေ့တော်အတိုင်း ယင်းသို့ပင် ကျရောက်စေတော်မူမည် ဖြစ်သည်။

(၃) အိပ်မက်တစ်ခုတွင် နာကျင်မှုသို့ ကံကြမ္မာဆိုး ကျရောက်သည်ဟု မြင်မက်လျှင် မည်သူ့ကိုမျှ မပြောပြရဟူသောအာယသ်တော်တွင် ညွှန်ကြားချက်ပေးထားခဲ့သည်နှင့်ပတ်သက်၍ ဟဒီးစ်ဆင့်ပြန်ချက်များသည် ဤ တားမြစ်ချက်မှာ တရားဝင်တားမြစ်ပိတ်ပင်ခြင်းတစ်ခု မဟုတ်ဟန်ရှိကြောင်း ရည်ညွှန်းသည်။ ဤသည်မှာ ချစ်ခင်မှုနှင့် စာနာထောက်ထားမှုအပေါ် အခြေခံထားသည့် အကြံပြုချက်တစ်ရပ်သာဖြစ်သည်။ ဤတားမြစ်ချက်ကို ရှရီအတ်တရားတော်က တရားမဝင် ဟရာမ်ပြုလုပ်ထားသော တစ်စုံတစ်ရာအဖြစ် မမှတ်ယူသင့်ပါ။ ထို့ကြောင့် အကယ်၍ တစ်စုံတစ်ဦးကို ပြောပြခဲ့လျှင် ယင်းသည် အပြစ်ဂုနာဟ် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ခိုင်လုံသော ဟဒီးစ် တော်များတွင် ပါရှိသည်မှာ တမန်တော်မြတ်ﷺသည် အုဟွဒ်စစ်ပွဲအချိန်က မိန့်တော်မူခဲ့သည်။ "ငါကိုယ်တော်သည် အိပ်မက်တွင် ငါကိုယ်တော်၏ဓား "ဇုလ်ဖကာရ်"ကျိုးပဲ့ခဲ့၍ နွားမအချို့ သတ်ဖြတ်ခံရကြောင်း တွေ့မြင်ခဲ့ရသည်" ဟူ၍ ဖြစ်သည်။ ယင်းအိပ်မက်ကိုအဓိပ္ပာယ်ဖွင့်ရာတွင် စိုက်ယိဒိနာဟမ်ဇာဟ်ﷺနှင့် အခြားမုစ်လင်ဟ် မုဂျာဟီဒ်ဒီန်များစွာ၏ ရှုဟာဒတ် ပင်ဖြစ်သည်။ အလွန်ဆိုးဝါးလှသော ကံကြမ္မာပင်တည်း။ သို့သော်လည်း တမန်တော်မြတ်ﷺသည် ဤ အိပ်မက်နှင့် ပတ်သက်သည်ကို ဆွယာဗဟ်များရှေ့တွင် ပြောကြားခဲ့သည်။ (ကုရ်သုဗီ)

ဤအာယသ်က ကျွန်ုပ်တို့ကို ပြောပြသေးသည်မှာ မုစ်လင်မ်တစ်ဦးကို အန္တရာယ်ဖြစ်စေနိုင်သည့် လူတစ်ဦး၏ မကောင်းသောညာဉ် (သို့မဟုတ်) ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောခြင်း ခွင့်ပြုသည်။ မကောင်းသော အကြံအစည်တစ်ခု ပျက်ပြယ်စေရန်ကြိုးပမ်းမှု တစ်ရပ်ဖြစ်သောကြောင့် ဤလုပ်ရပ်သည် ဂီဗတ် သို့မဟုတ် အတင်းပြောခြင်းတွင် အကျုံးမဝင်ပါ။ ပမာဆိုသော် အကယ်၍ တစ်စုံတစ်ဦးသည် မောင်က က မောင်ခ၏အိမ်ထဲမှ တစ်စုံတစ်ခု ခိုးယူရန် ကြံစည်မှု သို့မဟုတ် မောင်ခကို သတ်ဖြတ်ရန် ကြံစည်နေကြောင်း သိရှိပါလျှင် သူသည် မောင်ခကို ကြိုတင် သတိပေးရပါမည်။ ဤလုပ်ရပ်သည် ဟရာမ်ဟုသတ်မှတ်ထားသည့် ဂီဗတ်တွင် အကျုံးမဝင်ချေ။ စိုက်ယိဒိနာယူစုဖ်ﷺသည် သူ့အစ်ကိုများ၏ သတ်ဖြတ်မှုခံရနိုင်သည့် အန္တရာယ်ရှိကြောင်း စိုက်ယိဒိနာ ယအ်ကုဗ်ﷺက ဖွင့်ဟပြောဆိုခဲ့သည်။

(၅) အကယ်၍ သူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာပေးခံခဲ့ရကာ ယင်းအကြောင်းပြောပြလျှင် ထိုသူက မနာလိုဝန်တို ဖြစ်လိမ့်မည်ဆိုလျှင် ဥစ္စာဓန၊ အဆင့်အတန်းနှင့် ယင်းကဲ့သို့သော အကြောင်းအရာကို ထိုသူ့အား ပြောမပြရပါ။ တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ-"အသင်၏ ရည်ရွယ်ချက်များ အောင်မြင်ရန် ထိုအရာများကို လျှို့ဝှက်ထားရန် ကြိုးစားပါ။ အဘယ့်ကြောင့် ဆိုသော် ကောင်းချီးမင်္ဂလာ ပေးခံရသောလူတိုင်းသည် ဤကမ္ဘာလောကတွင် မနာလိုဝန်တို ခံရပါသည်"ဟူ၍ ဖြစ်သည်။

(၆) ဤအာယသ်နှင့် နောင်ဖော်ပြမည့်အာယသ်ထဲမှ စိုက်ယိဒိနာယူစုဖ်ﷺကို သတ်ဖြတ်ရန် သို့မဟုတ် ရေတွင်းထဲပစ်ချရန်ဟူသော အကြံအစည်နှင့် လုပ်ဆောင်မှုများက ထင်ရှားစေသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ ညီအစ်ကိုများသည် အလ္လာဟ်အရှင်မြတ်၏ နဗီတမန်တော်များ မဟုတ်ကြပါ။ နဗီတမန်တော်ဖြစ်ခဲ့လျှင် ၎င်းတို့သည် စိုက်ယိဒိနာယူစုဖ်ﷺအား သတ်ဖြတ်ရန်ကြံသည့် လုပ်ရပ်မျိုး လုပ်ကြမည် မဟုတ်ချေ။ ထို့နောက် ၎င်းတို့ ဖီဆန်ကြလိမ့်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် မြင့်မြတ်သော တမန်တော်များသည် ထိုသို့သော ပြစ်မှုဂုနာဟ်အားလုံးမှ ကင်းစင်ကာ အကာအကွယ် ပေးခံရပါသည်။ သူတို့အား "တမန်တော်များ"အဖြစ် အလ်သဗာရီကျမ်းတွင် ကိုးကားထားသည်မှာ မမှန်ကန်ချေ။ (ကုရ်သုဗီ)

အိပ်မက်တိတ္ထုံ (အိပ်မက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း)တွင် ကျွမ်းကျင်တတ်သိမှုပညာသည် အလ္လာဟ်အရှင်မြတ် အလိုရှိတော်မူသော သူကိုသာလျှင် ချီးမြှင့်ပေးသနားတော်မူသည်။

ဆဋ္ဌမအာယသ်ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺအတွက် ကောင်းချီးမင်္ဂလာအချို့ကို အလ္လာဟ်အရှင်မြတ်က ကတိပြုထားတော်မူခဲ့သည်။ **كَذَٰلِكَ يَجْتَبِيكَ رَبُّكَ** "ဂုဏ်ပြင် ဤသို့အားဖြင့် (ထိုကဲ့သို့ပင်) အသင့်အား အသင်၏ အရှင်မြတ်သည် (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်) ရွေးချယ်တော်မူအံ့..."ဟူသည်က ဆိုလိုသည်မှာ အီဂျစ်နိုင်ငံတွင် သူရရှိခဲ့သော ဥစ္စာဓန၊ ထင်ပေါ်ကျော်ကြားမှုနှင့် တန်ခိုးအာဏာ စသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများနှင့် ကျေးဇူးပြုမှုများဖြစ်ကာ ယင်းတို့အတွက် တမန်တော်ယူစုဖ် ﷺအား ရွေးချယ်ခဲ့သည်။ **وَيُعَلِّمُكَ مِن تَأْوِيلِ الْأَحَادِيثِ** "ဂုဏ်ပြင် ထိုအရှင်မြတ်သည် အသင့်အား အိပ်မက်တိတ္ထုံကို သင်ကြားပို့ချတော်မူအံ့..." ဤနေရာပါ အလ်အဟာဒီးဆ် **الْأَحَادِيثِ**ဟူသောစကားလုံးသည် လူများ၏အိပ်မက်များဟု ဆိုလိုသည်။ အာယသ်ပါ ဝါကျက စကားလုံးသည် လူများ၏ အိပ်မက်များဟု ဆိုလိုသည်။ အထက်ပါဝါကျက အိပ်မက်တိတ္ထုံ(အိပ်မက်အဓိပ္ပာယ်)မည်သို့ဖွင့်ဆိုရမည်ကို အလ္လာဟ်အရှင်မြတ်က တမန်တော်ယူစုဖ်ﷺအား သင်ကြားပေးပါလိမ့်မည်ဟု ဆိုလိုသည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသေးသည်မှာ အိပ်မက်တိတ္ထုံ (အိပ်မက်အဓိပ္ပာယ်ဖွင့်ခြင်း)ကျွမ်းကျင်တတ်သိမှု ပညာနယ်ပယ်ကို အလ္လာဟ်အရှင်မြတ် ရွေးချယ်ထားတော်မူသည့် လူအနည်းငယ်ကိုသာလျှင် ချီးမြှင့်ပေးသနားတော်မူသည်။ ယင်းပညာမှာ လူတိုင်းရရန် မထိုက်တန်ချေ။

ဥပဒေသ

စိုက်ယိဒိနာယူစုဖ်ﷺ၏ အိပ်မက်တိတ္ထုံ(အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုမှု)သည် နှစ်ပေါင်းလေးဆယ်ကြာပြီးနောက်မှ အကောင်အထည်ပေါ်ခဲ့ကြောင်း အဗ္ဒဒွလ္လာဟ် အိဗနိရှာဒ်ဒတ်ဒ် အိဗနိအလ်ဟဒ်ကို ပြောကြားခဲ့သည်ကို သဖ်စ်ရ် အလ်ကုရ်သုဗီကျမ်းတွင် ပါရှိသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အဓိပ္ပာယ်ဖွင့်ဆိုမှုတစ်ရပ်သည် ချက်ချင်း လက်ငင်း အကောင်အထည် ဖော်ရမည်ဟု မဆိုလိုချေ။

(၃) တတိယ ကတိတော် وَيُتِمُّ نِعْمَتَهُ عَلَيْكَ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိမိကျေးဇူးတော်ကို အသင့် အပေါ်၌ အပြည့်အစုံချီးမြှင့်ပေးသနားတော်မူအံ့ကား တမန်တော်ယူစုဖ်ﷺပေါ်၌ နဗူဝသ်(တမန်တော်ဖြစ်ခြင်း)ကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ရည်ညွှန်းသည်။

နောက်ဝါကျတွင် كَمَآ اَتَمَّهَا عَلٰٓى اَبَوَيْكَ مِنْ قَبْلُ اِبْرٰهِيْمَ وَ اِسْحٰقَ "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိမိ ကျေးဇူးတော်ကို ယခင် အသင်၏ ဘိုးတော်၊ ဘေးတော်များ ဖြစ်သော(နဗီတမန်တော်) အိဗ်ရာဟိမ်အားလည်းကောင်း၊ (နဗီတမန်တော်) အိစ်ဟားက်အားလည်းကောင်း အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူဘိသကဲ့သို့" ဤသည်ကို ရည် ညွှန်းထားသည်။ ဤနေရာ၌ မိန့်ထားသည်မှာ စိုက်ယိဒနာယူစုဖ်ﷺအား ချီးမြှင့်ပေးသနားတော်မူသည့် အိပ်မက် တိတ္ထိုး (အိပ်မက်အဓိပ္ပာယ်ဖွင့်ခြင်း) ကျွမ်းကျင်မှုကို စိုက်ယိဒနာအိဗ်ရာဟိမ်ﷺနှင့် အိစ်ဟားက်ﷺတို့ နှစ်ပါးကိုလည်း သင်ကြားတော်မူခဲ့သည်ဟု ရည်ညွှန်းသည်။

အာယသ်တော်အဆုံးတွင် اِنَّ رَبَّكَ عَلِيْمٌ حَكِيْمٌ "ဇကန်အမှန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း"ဟူ၍ မိန့်ထားသည်။ အလ္လာဟ်အရှင် သည် ထိုသို့ပင်တည်း။ တစ်စုံတစ်ဦးကို အတတ်ပညာတစ်ရပ် သင်ကြားပြသပေးရန်မှာ အလ္လာဟ်အရှင်မြတ်အတွက် မခဲယဉ်းပေ။ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ အရှင်မြတ်သည် ဤပညာကို လူတိုင်းကိုလည်း မသင်ကြားပေးပါ။ အရှင်မြတ်သည် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ တစ်စုံတစ်ဦးကို ရွေးချယ်တော်မူ၍ ဤ အသိပညာရပ်ကို ရရှိစေတော်မူသည်။

အာယသ် (၇-၂၀)

لَقَدْ كَانَ فِيْ يُوْسُفَ وَاِخْوَتِهٖٓ اٰيٰتٌ لِّلسَّآئِلِيْنَ ۝٧ اِذْ قَالُوْا لَيُوْسُفُ وَاَخُوْهُ
اَحَبُّ اِلٰٓى اَبِيْنَا مِنَّا وَنَحْنُ عُصْبَةٌ ؕ اِنَّ اَبَانَا لَفِيْ ضَلٰلٍ مُّبِيْنٍ ۚ ۝٨
اقْتُلُوْا يُوْسُفَ اَوِ اطْرَحُوْهُ اَرْضًا يَّخْلُ لَكُمْ وَجْهُ اَبِيْكُمْ وَتَكُوْنُوْا
مِنْۢ بَعْدِهٖ قَوْمًا صٰلِحِيْنَ ۝٩ قَالَ قَآئِلٌ مِّنْهُمْ لَا تَقْتُلُوْا يُوْسُفَ وَاَلْقُوْهُ
فِيْ غَيٰبَتِ الْجُبِّ يَلْتَقِطْهُ بَعْضُ السَّيَّارَةِ اِنْ كُنْتُمْ فٰعِلِيْنَ ۝١٠ قَالُوْا
يٰٓاَبَانَا مَا لَكَ لَا تَاْمَنَّا عَلٰى يُوْسُفَ وَاِنَّا لَهٗ لَنٰصِحُوْنَ ۝١١ اَرْسِلْهُ مَعَنَا
غَدًا يَّرْتَعْ وَيَلْعَبْ وَاِنَّا لَهٗ لَحٰفِظُوْنَ ۝١٢ قَالَ اِنِّيْ لَيَحْزُنُنِيْٓ اَنْ تَذْهَبُوْا بِهٖ
وَاَخَافُ اَنْ يَّاْكُلَهُ الذِّئْبُ وَاَنْتُمْ عَنْهُ غٰفِلُوْنَ ۝١٣ قَالُوْا لَئِنْ اَكَلَهُ الذِّئْبُ
وَنَحْنُ عُصْبَةٌ اِنَّآ اِذًا لَّخٰسِرُوْنَ ۝١٤ فَلَمَّا ذَهَبُوْا بِهٖ وَاَجْمَعُوْٓا اَنْ يَّجْعَلُوْهُ
فِيْ غَيٰبَتِ الْجُبِّ ۚ وَاَوْحَيْنَآ اِلَيْهِ لَتُنَبِّئَنَّهُمْ بِاَمْرِهِمْ هٰذَا وَهُمْ لَا يَشْعُرُوْنَ
۝١٥ وَجَآءُوْٓ اَبَاهُمْ عِشَآءً يَّبْكُوْنَ ؕ ۝١٦ قَالُوْا يٰٓاَبَانَآ اِنَّا ذَهَبْنَا نَسْتَبِقُ وَ
تَرَكْنَا يُوْسُفَ عِنْدَ مَتَاعِنَا فَاَكَلَهُ الذِّئْبُ ۚ وَمَآ اَنْتَ بِمُؤْمِنٍ لَّنَا وَلَوْ

كُنَّا صٰدِقِيْنَ ﴿١٧﴾ وَجَآءُوْ عَلٰى قَمِيْصِهٖ بِدَمٍ كَذِبٍ ؕ قَالَ بَلْ سَوَّلَتْ لَكُمْ
اَنْفُسُكُمْ اَمْرًا ؕ فَصَبْرٌ جَمِيْلٌ ؕ وَاللّٰهُ الْمُسْتَعَانُ عَلٰى مَا تَصِفُوْنَ ﴿١٨﴾ وَ
جَآءَتْ سَيَّارَةٌ فَاَرْسَلُوْا وَارِدَهُمْ فَاَدْلٰى دَلْوَهٗ ؕ قَالَ يٰبُشْرٰى هٰذَا غُلٰمٌ ؕ وَ
اَسَرُّوْهُ بِضَاعَةً ؕ وَاللّٰهُ عَلِيْمٌۢ بِمَا يَعْمَلُوْنَ ﴿١٩﴾ وَشَرَوْهُ بِثَمَنٍۭ بَخْسٍ دَرَاهِمَ
مَعْدُوْدَةٍ ۚ وَكَانُوْا فِيْهِ مِنَ الزّٰهِدِيْنَ ﴿٢٠﴾

ဇကန်မလွဲ (နဗီတမန်တော်)ယူစုဖ်နှင့် ထို (နဗီတမန်တော်)ယူစုဖ်၏နောင်တော်တို့ (၏အကြောင်း အတ္ထုပ္ပတ္တိ)တွင် (အမှန်တရားနှင့် ဉာဏ်ပညာကို လိုလားသူ) ရှာဖွေစူးစမ်း) မေးမြန်းသူတို့အဖို့ (များစွာသော) သက်သေလက္ခဏာရပ်များရှိချေသတည်း။[၇] တစ်ရံ ရောအခါ ထိုနောင်တော်များက ငါတို့သည် (အားအင်တောင့်တင်းသော)အုပ်စုကြီးတစ်ခု ဖြစ်ပါလျက် ယူစုဖ်နှင့် ၎င်း၏ညီသည် ငါတို့၏ဖခင်ကြီးထံ၌ ငါတို့ထက်ပင် ပိုမိုချစ်ခင်ယုယခြင်းခံနေကြရသည်။ ဇကန်မှချ ငါတို့၏ခမည်းတော်သည် ထင်ရှားစွာသော အထင်အရှား လွဲမှားနေချေပြီဟု အချင်းချင်းပြောဆိုကြလေသည်။[၈] (၎င်းတို့အနက် တစ်ဦးက ဤသို့ပြောဆို အကြံပေးခဲ့လေသည်။) အသင်တို့သည် ယူစုဖ်အား သတ်ပစ်ကြလေကုန်၊ သို့တည်းမဟုတ် ၎င်းအားတိုင်းတစ်ပါးသို့ (သွားရောက်)စွန့်ပစ်ခဲ့ကြလေကုန်၊ သို့မှသာလျှင် အသင်တို့၏ခမည်းတော်သည် အသင်တို့ဘက်သို့ပြန်လှည့်၍မျက်နှာသာ ပေးရပေလိမ့်မည်၊ ထို့နောက် အသင်တို့သည်(အလွန်ဟန်အရှင်မြတ်အဆံတော်၌ မိမိတို့အပြစ်ကို ဝန်ချတောင်းပန်ကာ) ဖြောင့်မှန်သောလူစု ပြန်၍ဖြစ်ကြလေကုန်။(လိမ့်မည်။) [၉]

၎င်းတို့အနက် ပြောဆိုသူတစ်ဦးက (ဤသို့)ပြောဆိုပြန်၏။ (အချင်းတို့) အသင်တို့သည် ယူစုဖ်အား မသတ်ကြပါလေနှင့်။ သို့ရာတွင် အကယ်၍ အသင်တို့သည် (တစ်စုံတစ်ရာကို မုချ) ပြုလုပ်ကြတော့မည့်သူများဖြစ်ကြပါလျှင် အသင်တို့သည် ၎င်းအား ရေတွင်း၏ ဧစာက်နက်ထဲသို့ ပစ်ချကြလေကုန်။ ၎င်းအား ခရီးသည်စုအနက်မှ တစ်ဦးဦးသည် (ထိုရေတွင်းထဲမှ) ဆယ်ယူသွားပေလိမ့်မည် ဖြစ်သတည်း။[၁၀]

(ထို့နောက်)၎င်းတို့သည် (ဖခမည်းတော်ထံ သွားရောက်ပြီး ဤသို့)ပြောဆိုလျှောက်ထားကြကုန်၏။ အို-ကျွန်ုပ်တို့၏ဖခမည်းတော်၊ ခမည်းတော်သည် ယူစုဖ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အပေါ်၌ အဘယ်ကြောင့် စိတ်မချပါသနည်း။ စင်စစ်သော်ကား ကျွန်ုပ်တို့သည် ၎င်းနှင့်ပတ်သက် ၍ ကောင်းကျိုးကိုသာ လိုလားသူများဖြစ်ကြပါသည်။[၁၁] (သို့ပါ၍) ခမည်းတော်သည် ယင်းယူစုဖ်အား နက်ဖြန်နံနက် ကျွန်ုပ်တို့နှင့်အတူ ပျော်ပျော်ရွှင်ရွှင် စားသောက်ကစားနိုင် ရန်အလို့ငှာလွှတ်ပါ။ ကျွန်ုပ်တို့သည် ဇကန်အမှန် ၎င်းအား (ဘေးရန်ခပ်သိမ်းတို့မှ ကာကွယ်)စောင့်ရှောက်မည့်သူများပင် ဖြစ်ကြပါသည်။[၁၂]

(ထိုအခါ ၎င်းတို့၏ခမည်းတော်က ဤသို့) ဖြေဆိုပြန်ကြားခဲ့လေသည်။ (အို-ငါ၏ချစ်သားတို့) ဇကန်စင်စစ် ငါသည် အသင်တို့ ထိုယူစုဖ်အား ခေါ်ဆောင်သွားခြင်းအားဖြင့်

ပူဆွေးရမည်မှာ ဇကန်မလွဲပင်။ ထိုမှတစ်ပါး အသင်တို့သည် ထိုယူစုဖ်အား သတိမမူ မေ့လျော့နေစဉ်အခိုက် ၎င်းအား ဝံပုလွေကိုက်စားမည်ကိုလည်း ငါသည် စိုးရိမ်မိပေသတည်း။[၁၃]

(ထိုအခါ နောင်တော် များက ဤသို့)လျှောက်ထားခဲ့ကြပြန်၏။ (အို-ဖခမည်းတော်) အမှန်စင်စစ် ကျွန်ုပ်တို့သည် ရင်းနှီးပွန်းတီး အားအင်တောင့်တင်းသောအုပ်စုတစ်စုပင် ဖြစ်ကြပါလျက် အကယ်၍ ထိုယူစုဖ်အား ဝံပုလွေကိုက်စားခဲ့ပါလျှင် ကျွန်ုပ်တို့သည် အမှန်ပင် ပျက်စီးဆုံးပါးသူများသာ ဖြစ်ကြပါလိမ့်မည်။[၁၄]

ထို့နောက် ထိုနောင်တော်တို့သည် ထိုယူစုဖ်အား ခေါ်ဆောင်သွားကြပြီးလျှင် ၎င်းအား ရေတွင်း၏စောက်နက်ထဲတွင် ပစ်ချကြရန် တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့ကြသောအခါ ငါအရှင်မြတ်သည် ထိုယူစုဖ်ထံ (အို-ယူစုဖ်) အသင်သည် (တစ်ချိန်တွင်) ၎င်းတို့အား ၎င်းတို့၏ ဤအပြုအမူကို အမှန်ပင် ထုတ်ဖော်၍ ပြောကြားမည်ဖြစ်၏။ သို့ရာတွင် (ထိုအချိန်တွင်) ၎င်းတို့သည် အသင်အား သိရှိ၍ မှတ်မိကြလိမ့်မည် မဟုတ်ကြောင်း အမိန့်တော် ထုတ်ပြန်တော်မူခဲ့ပေသတည်း။[၁၅]

ထို့နောက် ယင်းနောင်တော်များသည် ၎င်းတို့ ၏ဖခမည်းတော်ထံသို့ ညဉ့်မှောင်ခါစ အချိန်တွင် ငိုကြွေးလျက် (ပြန်)လာခဲ့ကြလေသည်။[၁၆] (ခမည်းတော်ထံသို့ရောက်လတ်သော် ဤသို့)လျှောက်ထားခဲ့ကြသည်။ အို-ကျွန်ုပ်တို့၏ဖခမည်းတော်၊ ဇကန်အမှန် ကျွန်ုပ်တို့သည် ယူစုဖ်အား မိမိတို့၏ပစ္စည်း (အဝတ်အစား)များအနီးတွင် (အစောင့်) ထားခဲ့ပြီး အပြေးပြိုင်ရန်သွားခဲ့ကြပါသည်။ သို့ဖြစ်သောကြောင့် ထိုယူစုဖ်အား ဝံပုလွေသည် ကိုက်စားပစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် (မည်မျှပင်) သစ္စာဝါဒီများ ဖြစ်ကြသော်လည်း ဖခမည်းတော်မှာမူကား ကျွန်ုပ်တို့အား ယုံကြည်မည် မဟုတ်ပါပေ။[၁၇]

ထို့ပြင် ၎င်းတို့သည် ယင်းယူစုဖ်၏အင်္ကျီတွင် မဟုတ်မမှန်သောသွေးများကို(လိမ်းကျုံ၍) ယူလာခဲ့ကြလေသည်။ (ထိုအခါ ဖခမည်းတော်က ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။(အို-ချစ်သားတို့)ထိုသို့အလျှင်းမဟုတ်စင်စစ်မှာကားအသင်တို့၏စိတ်နလုံးသည် အသင်တို့အဖို့ အကြောင်းတစ်ခုကို ပရိယာယ်ဆင်ပေးခဲ့ခြင်းသာဖြစ်ပေသည်။ သို့ဖြစ်ပေရာ (ငါ၏ အဖို့မှာ) သည်းခံခြင်းသည်သာ ကောင်းမြတ်ပေတော့၏။ ထို့ပြင် အလွှာဟ် အရှင်မြတ် အထံတော်၌သာလျှင် အသင်တို့လုပ်ကြံပြောပြကြသောအကြောင်းနှင့်စပ်လျဉ်း၍ ကူညီ စောင်မတော်မူရန် တိုးလျှိုးတောင်းပန် အသနားခံပြီး ဖြစ်ချေသတည်း။ (တစ်နည်း) အလွှာဟ်အရှင်မြတ်သည်ပင် ကူညီတော်မူသည် ဖြစ်ပါစေသတည်း။[၁၈]

ထို့နောက် ခရီးသည်တစ်စုသည် (ထိုရေတွင်းရှိရာသို့) ရောက်ရှိလာခဲ့လေသည်။ တစ်ဖန် ထိုခရီးသည်တစ်စုသည် မိမိတို့၏ရေငင်သူအား (ထိုရေတွင်းမှရေငင်ရန် စေလွှတ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုရေငင်သူသည် (ရေတွင်း၌) မိမိရေပုံးကို ချခဲ့လေသည်။ (ထို့နောက် ယူစုဖ်ကိုမြင်လေသော်) ထိုရေငင်သူက (ခရီးသည်တစ်စုအား ဤသို့ ဝမ်းသာ အားရစွာ ဟစ်အော်၍) အို-(အချင်းတို့) ဤသည်တွင် (အလွန်ချောလှသော)

လုလင်ပျိုတစ်ဦး (တွေ့ရှိရပေရာ) အလွန်ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပေသည်တကားဟု ပြောဆိုခဲ့လေသည်။ ထို့နောက် ယင်းခရီးသည်တစ်စုသည် ထိုယူစုဖ်အား ရောင်းကုန်ဝယ်ကုန်အဖြစ် လျှို့ဝှက်စွာထားရှိခဲ့ကြလေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်မှာ မူကား ၎င်းတို့ ပြုမူလျက်ရှိသည်တို့ကို ကောင်းမွန်စွာ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူခဲ့ပေသတည်း။[၁၉] ထို့နောက် ထိုနောင်တော်များသည် ထိုယူစုဖ်အား အနည်းငယ်မျှသောအဖိုး ဒစ်ရ်ဟမ် ငွေဒင်္ဂါးများဖြင့် ရောင်းချခဲ့ကြလေသည်။ အမှန်မှာ မူကား ၎င်းတို့သည် ယင်းယူစုဖ်အား မလိုလားသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။[၂၀]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ ၁၄ အာယသ်အနက် ပထမအာယသ်ဖြစ်သော အာယသ်(၇)ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ အတ္ထုပ္ပတ္တိအား သာမန် အတ္ထုပ္ပတ္တိ တစ်ခုဟု မမှတ်ယူရန်သတိပေးသော ကြေညာချက်တစ်ခုပါဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအတ္ထုပ္ပတ္တိထဲ၌ အလွှာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်၏ကြီးမားသော လက္ခဏာများ၊ ထို့နောက် မေးမြန်းသူများနှင့် ယင်းအတ္ထုပ္ပတ္တိမှ လမ်းညွှန်မှုရှာကြံသောသူ နှစ်မျိုးစလုံးအတွက် အရှင်မြတ်၏ လမ်းညွှန်ချက်ပါဝင်သည်။

ဤနေရာပါအဆိုအမိန့်အား ရှင်းလင်းပြသနိုင်သည်မှာ လက္ခဏာများဟူသည်၊ တမန်တော်မြတ်ﷺအား စမ်းသပ်သည့်အနေဖြင့် ဤအတ္ထုပ္ပတ္တိကို ပြန်လည်ပြောကြားပြရန် စေခိုင်းခဲ့သော ဂျူးများကို ရည်ညွှန်းသည်ဟု ဆိုနိုင်သည်။ ဆင့်ပြန်ချက်တစ်ခုအရဆိုလျှင် တမန်တော်မြတ်ﷺသည် မက္ကာဟ် အလ်မုအာတ်ဇိဇာမာဟ်တွင် ရှိနေခဲ့ကြောင်း သတင်းသည် မဒီနာသို့ ရောက်သွားခဲ့သည်။ မဒီနာဟ်တွင်နေထိုင်သည့် ဂျူးများသည် ၎င်းတို့၏ အုပ်စုတစ်စုကို တမန်တော်မြတ်ﷺ၏ တမန်တော်ဖြစ်ခြင်း အခိုင်အမာပြောဆိုမှုကို စမ်းသပ်ရန်နှင့် စုံစမ်းစစ်ဆေးရန်အလို့ငှာ မက္ကာမြို့သို့ စေလွှတ်ခဲ့သည်။ ထို့ကြောင့် သူတို့က ကိုယ်တော်မြတ်ကို မေးမြန်းခဲ့မှုကို ဝါးတားတား အနေဖြင့်ပြုလုပ်ခဲ့သည်။ ယင်းမှာ "အကယ်၍ အသင်သည် အလွှာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်တစ်ပါးဖြစ်လျှင် ဆီးရီးယားမှ အီဂျစ်သို့ တမန်တော်တစ်ပါး၏ သားတစ်ပါးကို ၎င်း၏ သားများက ယူဆောင်သွားမှုကြောင့် ဖခင်ကြီးမှာ ယင်းအဖြစ်အပျက်ကြောင့် မျက်စိကွယ်သည် အထိဝမ်းနည်းပူဆွေးကာ ငိုကြွေးခဲ့ရသော အဖြစ်အပျက်ကို ကျွန်ုပ်တို့အား ပြောကြားပါလေ" ဟူ၍ဖြစ်သည်။

ဂျူးများသည် ဤအဖြစ်အပျက်ကို ရွေး၍မေးရခြင်းမှာ ထိုအဖြစ်အပျက်ကို ကျယ်ကျယ်ပြန့်ပြန့် မသိခဲ့ကြသကဲ့သို့ မက္ကာဟ်ရှိ မည်သူတစ်ဦးတစ်ယောက်ကမျှလည်း ထိုအကြောင်း မသိရှိခဲ့သောကြောင့် ဖြစ်သည်။ ထိုအချိန်သည် ကျမ်းရ ပုဂ္ဂိုလ်မည်သူတစ်ဦးတစ်လေမျှ မက္ကာဟ်မြို့တွင် နေထိုင်ခြင်း မရှိခဲ့ပါ။ သောင်ရတ်နှင့် အင်ဂျီလ်ကျမ်းများပါ ဤအတ္ထုပ္ပတ္တိ၏အချို့အစိတ်အပိုင်းကို အတည်ပြုပေးနိုင်မည့်သူတစ်ဦးတစ်ယောက်မျှလည်း မရှိခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤမေးခွန်းနောက်တွင် စူရပ်ယူစုဖ် တစ်ပုဒ်လုံး ကျရောက်ခဲ့ကာ ယင်းစူရပ်ထဲတွင် သောင်ရတ်နှင့် အင်ဂျီလ်ကျမ်းများထဲတွင်ပင်မပါဝင်သော စိုက်ယိဒိနာယအ်ကုဝ်ﷺနှင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ အတ္ထုပ္ပတ္တိ တစ်ခုလုံး၏ အသေးစိတ်များကို ဖော်ပြထားသည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ၏ ထင်ရှားပေါ်လွင်သော မုအ်ဂျိဇာဟ် တန်ခိုးပြာဋိဟာဖြစ်သွားပါတော့သည်။

တစ်နည်းအားဖြင့် ဂျူးများ မေးသောမေးခွန်းမှအပ ဤအဖြစ်အပျက်ထဲ၌ အလွှာဟ်အရှင်မြတ်၏ ပြီးပြည့်စုံ

သော တန်ခိုးတော်နှင့် ပတ်သက်သည့် ကြီးကျယ်သော လက္ခဏာတော်များ ပြည့်နှက် နေရုံမျှမက အလ္လာဟ်ရှင်မြတ်၏ လမ်းညွှန်မှု၊ ညွှန်ကြားမှုများနှင့် အမိန့်ပညတ်ချက်တို့နှင့် သက်ဆိုင်သောကြီးကျယ်သော အချက်အလက်များပါဝင်သည် ဟူ၍လည်း ဤအာယသ်ကဆိုလိုနိုင်ပါသည်။ တစ်စုံတစ်ဦးတွေးတောကြည့်နိုင်သည်မှာ၊ တွင်းထဲသို့ပစ်ချခြင်းခံရသော ကလေးငယ်တစ်ဦး၏ ကံကြမ္မာကို၊ အလ္လာဟ်အရှင်မြတ်၏တန်ခိုးတော်က လက်လွှဲယူကာ သူ၏ ကလေးဘဝမှစ၍၊ သူပျိုမျစ်နှယ်သည်မှလူလားမြောက်သည့်တိုင် တစ်ဆင့်ပြီးတစ်ဆင့် တစ်လျှောက်လုံး သူ့အားစောင့်ရှောက်လာခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် အလ္လာဟ်တအာလာသည် အရှင်၏အထူးကျေးကျွန်တို့အား ၎င်းတို့၏ နာခံရန်ခက်ခဲသည့် စမ်းသပ်မှုများကို ကြုံကြိုံခံခဲ့သောကျေးကျွန်တို့အား ချီးမြှင့်သကဲ့သို့ သူကိုလည်း အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ခဲ့ပါသည်။ တစ်စုံတစ်ဦးသည် ငယ်ရွယ်နုနယ်ပြီး အခွင့်အရေးများဖြင့်ရင်ဆိုင်ခဲ့ရသောအခါ၌ ယင်းစမ်းသပ်မှုများကို ကြုံကြိုံခံနိုင်ရန် ပိုမို၍ခက်ခဲ့ပါသည်။ သို့ရာတွင် ဤနေရာ၌ သူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းဆိုသည့် လက်နက်ကို စွဲကိုင်ထားပါသည်။ သူသည် ကြုံကြိုံခံကာ၊ ဆန္ဒရှိသည်များနှင့် မနှစ်မြို့ဖွယ်ရာတို့မှ သူကိုယ်သူထိန်းချုပ်ကာ မြူဆွယ်မှု အချုပ်အချယ်မှ အပြစ်အနာအဆာမရှိ ရုန်းထွက်ခဲ့ပါသည်။ ထို့နောက် အဖြစ်အပျက်က ကျွန်ုပ်တို့အား ပြောသည်မှာ သူ၏အသိစိတ်နှင့် သန္ဓိဋ္ဌာန်ချထားပြီးသော ဘဝနေနည်းကို ဖြောင့်မတ်မှန်ကန်ခြင်းနှင့် အလ္လာဟ်အရှင်အား ကြောက်ရွံ့ခြင်းတို့ဖြင့် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင်း အလ္လာဟ်အရှင်သည် ထိုကဲ့သို့သောသူအား မည်ကဲ့သို့ ဆုလာဘ်များပေးပုံ၊ အလ္လာဟ်အရှင်သည် ထိုသူအား တန်ခိုးအာဏာနှင့် ထင်ပေါ်ကျော်ကြားမှုတွင် သူ၏ ရန်သူများထက်မည်ကဲ့သို့မြင့်မားစေပုံ၊ ၎င်းနောက်အဆုံး၌ထိုရန်သူများသည် သူ၏ရှေ့မှောက်၌မည်ကဲ့သို့နှိမ်နင်းခြင်းခံရပုံတို့ကို ပြောပြပါသည်။ ဤသည်များသည် သင်ခန်းစာများနှင့် အမှန်တရားတို့ဖြစ်သည်။ အားလုံးသည် အလ္လာဟ်ရှင့် တန်ခိုးတော်၏ ကြီးကျယ်လှသောလက္ခဏာများအဖြစ် ညွှန်ပြပါသည်။ ဂရုတစိုက်လေ့လာရှာဖွေသော သူတို့သာ သိရှိနိုင်ပါသည်။ (ကုရ်တွုဗီနှင့် မဇ်ဟရီ)

ဤအာယသ်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏ ညီအစ်ကိုတော်များအကြောင်း ဖော်ပြထားပါသည်။ ရည်ညွှန်းထားသည်က စိုက်ယိဒိနာယူစုဖ်ﷺအပါအဝင် စိုက်ယိဒိနာ ယအ်ကုဗ်၏သား တစ်ဆယ့်နှစ်ဦးတို့ဖြစ်ပါသည်။ သားတိုင်းတွင် သားသမီးများရှိကြပါသည်။ သူတို့၏ မိသားစုများသည် ကြီးပွားချမ်းသာကြပါသည်။ စိုက်ယိဒိနာ ယအ်ကုဗ်သည် အစ္စရာအီလ်ဟူသော ဘွဲ့ထူးဖြင့် လူသိများသောကြောင့် ဤမိသားစု တစ်ဆယ့်နှစ်စုတို့အား ဗနီအစ္စရာအီလ် (အစ္စရာအီလ်၏ သားသမီးများ)ဟု ထုတ်ဖော်ပြသထားပါသည်။ ဤသားတစ်ဆယ့်နှစ်ဦးအနက်မှ အကြီး သားဆယ်ဦးတို့သည် လိုင်ယန်၏ သမီးဖြစ်သော ပထမဦးဆုံး ဇနီး စိုက်ယိဒဟ်လေယာမှ မွေးဖွားခဲ့ပါသည်။ သူမသေဆုံးပြီးသည့် နောက်တွင် စိုက်ယိဒိနာ ယာအ်ကုဗ်က သူမ၏ညီမ ရာဟီမ်(ရစ်ခ်ယ်)နှင့် အိမ်ထောင်ပြုခဲ့ပါသည်။ (အယ်ဒီတာမှတ်စုကို စာမျက်နှာ ၁၄၀တွင် ကြည့်ပါ) သူမသည် နောက်သားနှစ်ဦးဖြစ်သော စိုက်ယိဒိနာယူစုဖ်နှင့် ဗင်ယာမင် (ဗင်ဂျာမင်)တို့၏ မိခင်ဖြစ်ပါသည်။ ထို့ကြောင့် ဗင်ယာမင်သာ စိုက်ယိဒိနာယူစုဖ်၏ ညီအစ်ကိုအရင်းဖြစ်ပါသည်။ ကျန်အစ်ကိုဆယ်ဦးတို့သည် ဖအေတူအမေကွဲ အစ်ကိုများဖြစ်ကြသည်။ စိုက်ယိဒိနာယူစုဖ်၏မိခင် ရာဟီးလ်သည် ယူစုဖ် ကလေးဘဝတွင်ရှိနေစဉ် ဗင်ဂျာမင် မွေးဖွားစဉ်သေဆုံးခဲ့ပါသည်။(ကုရ်တွုဗီ)

စိုက်ယိဒိနာယူစုဖ်ﷺ၏ အကြောင်းအရာတို့သည် ဒုတိယအာယသ်(၈)မှ စတင်ခဲ့ကာ စိုက်ယိဒိနာယာအ်ကုဗ်သည် စိုက်ယိဒိနာယူစုဖ်ﷺအား သူ၏အစ်ကိုများထက် တစ်မူထူးခြား ချစ်ခင်မြတ်နိုးခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းတို့သည် ၎င်းတို့၏ဖခင်အား မနာလိုခဲ့ကြပါသည်။ ထို့နောက် ဖြစ်နိုင်သေးသည်မှာ ၎င်းတို့သည် စိုက်ယိဒိနာယူစုဖ် ﷺ၏ အိပ်မက်အကြောင်းကို တစ်နည်းနည်းဖြင့် သိရှိသွားခဲ့ကြကာ စိုက်ယိဒိနာယူစုဖ် ﷺ၏ အဆင့်အတန်း

မြင့်မားမည့် အလားအလာကြောင့် ယင်းတို့ နေမထိထိုင်မသာဖြစ်ကာ သူ့ကိုလည်း မနာလို ဖြစ်ခဲ့ကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သူတို့အချင်းချင်း ပြောကြားကြသည်မှာ "ကျွန်ုပ်တို့၏ ဖခင်သည် ကျွန်ုပ်တို့ဆယ်ဦးက အကြီးဖြစ်သော်လည်း စိုက်ယိဒိနာယူစုဖ်နှင့် သူ့ညီဘင်ဂျမင်တို့အား ကျွန်ုပ်တို့ထက် သာပိုချစ်ခင်ကြောင်း တွေ့ရပါသည်။ ကျွန်ုပ်တို့ ဆယ်ဦး၏ စုပေါင်းစွမ်းအားသည် အိမ်မှကိစ္စများကို စီမံခန့်ခွဲနိုင်စွမ်းရှိသော်လည်း ထိုနှစ်ဦးတို့သည် အလုပ်များများ မလုပ်နိုင်သော ကလေးသူငယ်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ ဖခင်သည် ဤသည်ကို သတိမူသင့်ကာ ကျွန်ုပ်တို့အား ပိုမို၍ ချစ်ခင်ထိုက်ပါသည်။ သို့သော် ဖခင်ကြီး၏ လုပ်ဆောင်မှုသည် ပြောင်ပြောင်တင်းတင်း မတရားမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယူစုဖ်အား သတ်လိုလျှင်သတ်ပါ။ သို့မဟုတ်မူ သူပြန်၍ မလာနိုင်သော ဝေးလံသော နယ်ခြားအရပ်သို့ စွန့်ပစ်ရပါမည်"ဟူ၍ ဖြစ်သည်။

ဤအာယသ်ထဲ၌ ဤညီအစ်ကို များသည် သူတို့ကိုယ်သူတို့ عُصْبَةٌ ဟု ရည်ညွှန်းခဲ့သည်။ အာရဗီဘာသာ စကားတွင် ဤစကားလုံးကို ၅ ဦးမှ ၁၀ ဦးအထိ ပါဝင်သော အုပ်စုတစ်စုကို သုံးနှုန်းသည်။ သူတို့ဖခင်နှင့် ပတ်သက်သော သူတို့၏ မှတ်ချက် "اِنَّ اَبَانَا لَفِیْ ضَلٰلٍ مُّبِیْنٍ ဇကန်မုချ ငါတို့၏ ခမည်းတော်သည် အထင်အရှားပင် လွဲမှားနေချေပြီ"ဟု အချင်းချင်းပြောဆိုကြလေသည်။ ပြောဆိုချက်တွင်ပါရှိသော ضَلَال (သွေလာလ်)စကားလုံးသည် မှားယွင်းခြင်း သို့မဟုတ် လမ်းလွဲခြင်းဟု စာပေဝေါဟာရအရ အဓိပ္ပာယ်သက်ရောက်သည်။ သို့သော်လည်း ဤနေရာပါ သွေလာလ် သို့မဟုတ် မှားယွင်းခြင်းဆိုသည်မှာ ဘာသာရေးဆိုင်ရာ မှားယွင်းမှုဟု မဆိုလိုချေ။ ထိုသို့ဖြစ်လျှင် အဓိပ္ပာယ်သက်ရောက်မှုမှာ ၎င်းတို့အားလုံး ကာဖိရ် မယုံကြည်သွေဖည်ငြင်းပယ်သူများ ဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စိုက်ယိဒိနာယအ်ကုပ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သော တမန်တော်တစ်ပါးဖြစ်ကာ ၎င်းနှင့်ပတ်သက်၍ ဤသို့တွေးခြင်းပင်လျှင် လုံးဝဥဿုံ ကုဖရ်ဖြစ်သည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုတို့၏အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင်ပင် ဖော်ပြထားသည်။ ထိုသူများမှာ နောက်ပိုင်း၌ သူတို့၏အမှားကို ဝန်ခံခဲ့ကြ၏။ သူတို့၏ အမှားအား ခွင့်လွှတ်မှုရစေရန်အတွက် သူတို့၏ဖခင်အား ဒုအာတောင်းဆုပန်ပေးရန် မေတ္တာရပ်ခံခဲ့ကာ သူတို့ဖခင်ကလည်း ဆောင်ရွက်ပေးရန် သဘောတူခဲ့သည်။ ဤသည်ကပင် ၎င်းတို့၏အမှားကို ခွင့်လွှတ်ကြောင်း ထင်ရှားသည်။ ယခု သူတို့အားလုံးသည် သက်ဝင်ယုံကြည်သူများဖြစ်မှသာလျှင် ဤသို့ခွင့်လွှတ်ခံရရန် ဖြစ်နိုင်ပေသည်။ သို့မဟုတ်ပါက မယုံကြည် သွေဖည်ငြင်းပယ်သူတစ်ဦး၏ ခွင့်လွှတ်ရန်တောင်းခံမှုကို ခွင့်မပြုချေ။ ဤသည်ကြောင့် ထိုသူများသည် သက်ဝင်ယုံကြည်သူများ ဖြစ်ရာတွင် သဘောကွဲပြားခြားနားမှုမရှိသော်လည်း အချို့အိုလမာများထံတွင် ထိုညီအစ်ကိုများသည် တမန်တော်များ ဖြစ်သည် မဖြစ်သည်နှင့် ပတ်သက်၍မူ ကွဲပြားခြားနားကြသည်။ ဤသည် ضلال သွေလာလ် မှားယွင်းမှုဟူသော စကားလုံးပြောကြားခြင်းသည် ဖခင်ကြီးက ညီအစ်ကိုများနှင့်ဆက်ဆံရာတွင် ၎င်းတို့၏ ရပိုင်ခွင့်ကိစ္စရပ်တွင် မကျင့်သုံးဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြောပါသည်။

တတိယ အာယသ်(၉)ထဲတွင် ညီအစ်ကိုတို့သည် ၎င်းတို့အချင်းချင်း မည်သို့အကြံဉာဏ် ဖလှယ်ကြကြောင်း ဖော်ပြထားသည်။ အချို့က ယူစုဖ်ﷺကိုသတ်ပစ်ရန် အကြံပြုခဲ့သည်။ အခြားသူများကမူ ယူစုဖ်ﷺကို ဝေးလံသည့် နေရာရှိ ရေတွင်းထဲပစ်ချရန် အကြံပြုပါသည်။ သို့မှသာ ၎င်းတို့ဖခင်၏ဂရုစိုက်မှုကို လက်ခံရပါလိမ့်မည်။ တမန်တော် ယူစုဖ်ﷺကို သတ်ဖြတ်ပစ်ခြင်း သို့မဟုတ် ရေတွင်းထဲပစ်ချခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဂုနာဟ်ကျူးလွန်မှုကို နှောင့်တွင် ၎င်းတို့က ဝန်ချတောင်းပန်ကာ ဖြောင့်မတ်မှန်ကန်သူများအဖြစ်သို့ ရောက်သွားလိမ့်မည်။ وَ تَكُوْنُوْا مِنْۢ بَعْدِهٖ قَوْمًا صٰلِحِيْنَ " ထို့နောက် အသင်တို့သည် (အလ္လာဟ်အရှင်မြတ်ထံတော်၌ မိမိတို့အဖြစ်ကို ဝန်ချတောင်းပန်ကာ)

ဖြောင့်မှန်သော လူစုပြန်၍ ဖြစ်ကြလေကုန်။(လိမ့်မည်)။" ဟူသောဝါကျ၏ ဆိုလိုရင်းမှာ ဤသည်ကိုဆိုသည်ဟု တင်ပြချက်အချို့က ပြောကြသည်။ ထို့နောက် အာယသ်တော်ကလည်း ဆိုလိုနိုင်သေးသည်မှာ ယူစုဖ်ﷺကို သတ်ဖြတ်ပြီးသည့်နောက်တွင် ကိစ္စရပ်များသည် ပုံမှန်ဖြစ်သွားလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဖခင် ကြီး၏ အာရုံ စိုက်မှုသည် ယူစုဖ်အပေါ်၌ ရှိတော့မည် မဟုတ်ချေဟူ၍ ဖြစ်သည်။ သို့မဟုတ်လျှင် သူတို့သည် ယူစုဖ်အား သတ်ဖြတ်ပြီးသည်နှင့် ဖခင်ကို ဝန်ချတောင်းပန်လိုက်သည်နှင့် တစ်ပြိုင်နက် ပုံမှန်အတိုင်း ဖြစ်သွားလိမ့်မည် ဟူ၍ ဆိုလိုသည်။

ဤသည်က စိုက်ယိဒိနာ ယူစုဖ်ﷺ၏ အစ်ကိုများသည် တမန်တော်များမဟုတ်ကြောင်း သက်သေပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စတွင် ၎င်းတို့သည် အပြစ်ကင်းမဲ့သူတစ်ဦးကို သတ်ဖြတ်ရန် ရည်စူးခြင်း၊ သူတို့ဖခင်၏ အမိန့်ဖီဆန်ခြင်း၊ ဖခင်ကို နာကျင်စေခြင်း၊ ပဋိညာဉ် ချိုးဖောက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း ကဲ့သို့သော ပြစ်မှုဂုနာဟ် ကြီးများစွာကို ကျူးလွန်ခဲ့ကြသောကြောင့်ဖြစ်သည်။ မုစ်လင်မ်အများစု တညီတညွတ်တည်း သဘောတူညီချက်အရ ထိုကဲ့သို့သော အပြစ်ဂုနာဟ်များကို မြင့်မြတ်သောတမန်တော်ﷺများ မဆိုထားဘိ ထိုတမန်တော်များ တမန်တော် မဖြစ်မီကပင် ကျူးလွန်ကြလိမ့်မည်မဟုတ်ချေ။

စတုတ္ထအာယသ်(၁၀)ထဲတွင် ညီအစ်ကိုများ ပြောဆိုကြသည့်အလုံးစုံကို ကြားသိပြီးသည့်နောက် အစ်ကို တစ်ဦးက ယူစုဖ်အား မသတ်သင့်ဟု အကြံပြုကြောင်း ဖော်ပြထားသည်။ အကယ်၍ သူ့ကို တစ်စုံတစ်ရာ လုပ်ရမည်ဆိုလျှင် ယူစုဖ်ﷺကို ရေတွင်းတစ်တွင်းတွင် ပစ်ချထားပါလေ။ သို့မှသာ သူအသက်ရှင်နေ၍ ခရီးသည်များ ဤရေတွင်းနားရပ်တန့်သောအခါ သူ့ကိုဆယ်၍ အဝေးကိုခေါ်သွားကြလိမ့်မည်။ ထို့ကြောင့် သို့လုပ်ဆောင်လျှင် ၎င်းတို့အကြံအစည်လည်း ပြီးမြောက်၍ ကိုယ်တိုင် ဝေးလံသောနေရာသို့ ခေါ်သွားရမည့်ဒုက္ခက ကင်းဝေးပေလိမ့်မည်။ ဤနေရာသို့ ဖြတ်သွားသည့် ခရီးသည်အုပ်စုက ၎င်းကို ဝေးလံသီခေါင်သော နေရာသို့ ခေါ်သွားပေလိမ့်မည်။

ဤအကြံပြုသူမှာ အစ်ကိုအကြီးဆုံး ရဟူဒါ(ဂျူဒါ)ဖြစ်သည်။ ဆင့်ပြန်ချက်အချို့အရ အစ်ကိုအကြီးဆုံးမှာ ရူဗဲလ်(ရူဗင်)ဖြစ်ကာ ၎င်းကအကြံပြုခဲ့သည်ဟု ဆိုသည့်နောက်ပိုင်း၌ ဖော်ပြထားသည့် လူမှာလည်း ဤသူပင်ဖြစ်သည်။ ၎င်းမှာ စိုက်ယိဒိနာယူစုဖ်၏ ညီအငယ်ဆုံး ဘင်ယာမင်းအား အီဂျစ်နိုင်ငံတွင် ထိန်းသိမ်းခံရစဉ် " သင်မပါဘဲ သွားခဲ့လျှင် ဖခင်နှင့်တွေ့ကာ မည်သို့ရင်ဆိုင်ရမည်နည်း၊ ထို့ကြောင့် သင်မပါဘဲ ကျွန်ုပ် ကင်နာအန်သို့ မပြန်ပါ " ဟုပြောသောသူပင် ဖြစ်သည်။

ဤအာယသ်ထဲတွင် غَيٰبَتِ الْجُبِّ (ဂယာဘသိလ်ဂျုဗ်) ရေတွင်းနက်၏အောက်ခြေ" ဟု သုံးနှုန်းထားသည့် စာပေဝေါဟာရအရ ဂယာဗတ်ဟူသည်မှာ တစ်စုံတစ်ခုကို ဖုံးကွယ်ထားခြင်း သို့မဟုတ် ပျောက်စေသော အရာတိုင်းကို ဆိုလိုသည်။ ထို့ကြောင့် ဂူသချိုင်းကို ဂယာဗတ်ဟု ခေါ်သည်။ ထို့ပြင် ဂျုဗ်ဆိုသည်မှာ ဘောင်မရှိ သောရေတွင်းကို ဆိုလိုသည်။

يَلْتَقِطْهُ بَعْضُ السَّيَّارَةِ "၎င်းအား ခရီးသည်စုအနက်မှ တစ်ဦးဦးသည် (ရေတွင်းထဲမှ)ဆယ်ယူသွားပေလိမ့်မည်ဖြစ်သည်" ဟူသောစကားစုကို ရှင်းလင်းရန်လိုအပ်သည်။ ဤစကားလုံး الْتَقَطَ\(အိလ်သိကာသွ်)သည် لقط(လုက်သွာဟ်) မှ ဆင်းသက်လာသည့် لقط(လုက်သွာဟ်) ဟူသောစကားလုံးသည် ကျန်ရစ်ခဲ့သော သို့မဟုတ် ကျကျန်ရစ်ခဲ့သော တစ်စုံတစ်ရာကိုမရလို့ သူတစ်ဦးကတွေ့ရှိခြင်းဟူ၍ ရည်ညွှန်းသည်။ မုစ်လင်မ် ဓမ္မသတ် ပညာရှင်များ အသုံးအနှုန်းအရ အကယ်၍ ထိုပစ္စည်းသည် သက်မဲ့ဖြစ်လျှင် ယင်းကို လကိသွ်ဟု ဖော်ပြသည်။ ကျိုးကြောင်းညီညွတ်မှုလည်းမရှိ၊ လူသားတစ်ဦးဖြစ်၍ သူ သို့မဟုတ် သူမသည် ကလေးလည်းဖြစ်၊ အရွယ်လည်း မရောက်သေး၊ ကျိုးကြောင်းညီညွတ်မှုလည်းမရှိလျှင် ယင်းကို လကိသွ်ဟုခေါ်သည်။ ဤစကားလုံးအရ စိုက်ယိဒိနာယူစုဖ်ﷺကို

ရေတွင်းထဲ ပစ်ချခဲ့သောအချိန်က ၎င်းသည် အရွယ်မရောက်သေးသော ကလေးငယ်တစ်ဦးသာ ဖြစ်သည်ဟု အလ်ကုရ်သုဒီက သက်သေပြခဲ့သည်။ တစ်ဖန်ထပ်၍ စိုက်ယိဒိနာ ယအ်ကုဗ်ﷺ၏ ပြောကြားချက်ဖြစ်သော "ထိုယူစုဖ်အား သတိမေ့လျော့နေစဉ်အခိုက် ၎င်းအား ဝံပုလွေကိုက်စားမည်ကိုလည်း ငါသည် စိုးရိမ်မိပေသည်။(၁၃)" ကလည်း စိုက်ယိဒိနာယူစုဖ်ﷺသည်ကလေးငယ်ဖြစ်ကြောင်းရည်ညွှန်းသည်။ အဘယ့်ကြောင့်ဆိုသော်ဝံပုလွေကိုက်စားခံရမည့် အရွယ်မှာ ကလေးအရွယ်သာ ဖြစ်နိုင်သည်။ အိဗနိဂျရီးရ်အိဖန်အလ်မုန်ဒီးရ်နှင့် အိဗနိအလ်ရှိုက်ယ်ဟတ်တို့က ထိုစဉ်က စိုက်ယိဒိနာယူစုဖ်ﷺ၏ အသက်မှာ (၇)နှစ်ဖြစ်ကြောင်း တင်ပြထားခဲ့သည်။

ပိုင်ရှင်မသိ သူစိမ်းတစ်ဦးပိုင်ဆိုင်သည့် ပစ္စည်းတစ်စုံတစ်ရာ၏ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ဥပဒေအချို့

ဤနေရာတွင် အီမာမ်အလ်ကုရ်သုဒီက 'လုက်သွာဟ်' နှင့် 'လကိဖ်' တို့နှင့်ပတ်သက်သော အစွယ်လာမ့် တရားဝင် အမိန့်ပညတ်ချက်များ၏ အသေးစိတ်ကို ဖော်ပြထားသည်။ ဤနေရာတွင် ယင်းအကြောင်း ဖော်ပြရန် မသင့်လျော်ချေ။ ဤကိစ္စတွင်းရှိ လုပ်ဆောင်ရန်မူကိုကား နားလည်ရန် လိုသည်။ အစွယ်လာမ်ဘာသာတွင် သာမန်လူများ၏ အသက်၊ အိုးအိမ်၊စည်းစိမ်ကိုကာကွယ်စောင့်ရှောက်ခြင်း၊ လူသွားလမ်းနှင့်လမ်းမကြီးကိုသန့်ရှင်းစွာထားရှိခြင်းနှင့် မြို့သူမြို့သား များနှင့်ဆိုင်သောတာဝန်များရှိ၍ အလားတူကိစ္စရပ်များအတွက် ကိုယ်ပိုင်စနစ်တစ်ခုရှိပါသည်။ ယင်း တာဝန်များအတွက် အစိုးရဌာနများကိုအပ်နှင်းမထားပါ။ ယင်းတို့၏ကာကွယ်စောင့်ရှောက်မှုနှင့်ရှင်သန်ရေးမှာ တာဝန်ကို လူတိုင်း၏ မပြုမနေရတာဝန်အဖြစ် ပြုလုပ်ထားသည်။ ဟဒီးစ်တော်တွင် လမ်းသွားလမ်းလာများကို အခက်အခဲဖြစ်စေသည့် အုပ်စုဖွဲ့၍စုဝေးကြခြင်း၊ ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ခြင်း၊ အများသွားလာသည့် လမ်းမကြီးများပေါ်တွင် ပစ္စည်းများစုပုံထားခြင်း သို့မဟုတ် လွှင့်ပစ်ထားခြင်းများကို လေးလေးနက်နက် သတိပေးထားသည်။ ယင်းဟဒီးစ်တော်၌ မိန့်ထားသည်မှာ "မုစ်လင်မ်များ သွားလာသည့် လမ်းသွယ်ကို ပိတ်ဆို့ခြင်း၊ နှောင့်နှေးစေခြင်း ပြုလုပ်သောသူတစ်ဦး၏ ဂျီဟာဒ်ကို လက်ခံနိုင်ဖွယ်မရှိ"ဟု မိန့်ထားသည်။ အလားတူ လူသွားလမ်းများပေါ်တွင် ဆူးညောင့်များ သို့မဟုတ် သံချောင်းများ သို့မဟုတ် မှန်ကွဲများ သို့မဟုတ် ကျောက်တုံး ကျောက်ခဲများ ရှိနေခြင်းသည် လမ်းသွားလမ်းလာများကို ထိခိုက်အနာတရ ဖြစ်စေပါသည်။ ထိုအရာများကို အများသုံးလမ်းများပေါ်မှ ဖယ်ရှားရန် တာဝန်ကို မြို့ကောင်စီ သို့မဟုတ် မြူနီစီပါလ် သို့မဟုတ် စည်ပင်သာယာရေး၏ တာဝန်သက်သက်ဖြစ်သည်ဟု အစွယ်လာမ်က ပြုလုပ်မထားပါ။ ဤသည်တို့အတွက် အီမာန်သက်ဝင်ယုံကြည်သော မုစ်လင်မ်တိုင်း၏ တာဝန်အဖြစ် ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်ကို ပြုလုပ်သောသူအား ကြီးမားသောဆုလာဘ်နှင့် စဝါးဗ်ကုသိုလ်ရစေမည်ဟူသော ဆွဲဆောင်မှုအနေအထား ပြုလုပ်ထားပါသည်။

အကယ်၍ ဤမူအရ လူတစ်ဦးပျောက်ဆုံးသွားသည့် ပစ္စည်းတစ်ခုကို အခြားတစ်ဦးက တွေ့ရှိခဲ့လျှင် ၎င်း၏ အစွယ်လာမ့်တရားရေးဆိုင်ရာ တာဝန်မှာ ယင်းပစ္စည်းကို ခိုးယူသည်ဟူသော အချက်မဟုတ်သည်နှင့် ရပ်တန့်မသွားချေ။ ထို့ထက်ပိုပေသည်။ စင်စစ် သူသည် ယင်းပစ္စည်းကို ယုံမှတ်အပ်နှံထားသောအရာအဖြစ် ကောက်ယူ၍ ယင်းကို လုံခြုံစွာ သိမ်းဆည်းထားရမည်။ ကြေညာချက်တစ်ရပ် လုပ်၍ ပိုင်ရှင်ကို ရှာဖွေရမည်။ ပိုင်ရှင်ကို တွေ့လျှင် ပျောက်ဆုံးသော ၎င်း၏ပစ္စည်းကို ဖော်ပြချက်အရ ကောက်ရသူက ပိုင်ရှင်စစ်မှန်ကြောင်းသေချာလျှင် ပိုင်ရှင်ကိုပြန်ပေးရမည်။ ထို့နောက် သူ၏ကြေညာချက်နှင့် ရှာဖွေမှုပြုလင့်ကစား ပိုင်ရှင်ကိုရှာဖွေမရခဲ့လျှင် ပျောက်ဆုံးသော ပစ္စည်းအနေအထားနှင့် တန်ဖိုးအရ ပိုင်ရှင်သည် ထိုပစ္စည်းကို ရှာဖွေတော့မည်မဟုတ်ကြောင်း သူယုံကြည်သောအခါ ကောက်ရသူမှာ ရွေးချယ်ရန် နည်းလမ်းနှစ်သွယ်ရှိသည်။ အကယ်၍ ကောက်ရသူသည် ဆင်းရဲနွမ်းပါးလျှင် သူကိုယ်တိုင်သုံးစွဲနိုင်သည်

သို့မဟုတ်လျှင် ဆင်းရဲချို့တဲ့သူများကို လှူဒါန်းပစ်ရမည်။ မည်သို့ပင်ဆိုစေကာမူ ဤနှစ်ခုစလုံးသည် ပျောက်ဆုံးပစ္စည်းအား ဤနည်းလမ်းဖြင့်သုံးစွဲခြင်းသည် မူရင်းပိုင်ရှင်က ဆွဒကာဟ်(အလှူဒါန) ပြုလုပ်သည်ဟု မှတ်ယူရမည်။ ထို ဆွဒကာဟ်၏စဝါးဗ်ကို ဘဏ္ဍာတိုက်တွင် သူ့အမည်နှင့် သိမ်းဆည်းထားသကဲ့သို့ ခံစားရလိမ့်မည်ဖြစ်သည်။

ဤသည်မှာ ပြည်သူ့ဝန်ထမ်းနှင့် လူမှုဆိုင်ရာဆန္ဒအလျောက် ကူညီမှု၏ ရွေစည်းမျဉ်းများ ဖြစ်ပေသည်။ အစွလာမ့် လူမှုအသိုင်းအဝိုင်းတစ်ရပ်တွင် တစ်ဦးချင်းတိုင်းအပေါ်တာဝန်ရှိသည့် ပုံမှန်ကျင့်ဆောင်မှုဆိုသည်မှာ လူတိုင်းအပေါ် တာဝန်ဖြစ်သည်။ အကယ်၍ မုစ်လင်မ်များသည် ၎င်းတို့၏ ဘာသာတရားကို နားလည်သဘောပေါက်၍ ယင်းနှင့်အညီစတင်လုပ်ဆောင်လျှင် အဓိုးရဌာနကြီးများက ငွေကြေးသန်းပေါင်းထောင်ပေါင်းများစွာသုံး၍ မအောင်မြင်သော လုပ်ရပ်များကို မုစ်လင်မ်များက လုပ်နိုင်သည်ဆိုခြင်းပင် ဖြစ်သည်။ ထိုမုစ်လင်မ်များက အဘယ်သို့ ယင်းကိစ္စများကို လွယ်လင့်တကူနှင့် အကျိုးရှိစွာရရှိအောင် မည်သို့ပြုလုပ်နိုင်ကြောင်း တစ်ကမ္ဘာလုံးက အံ့သြကြပေလိမ့်မည်။

ပဉ္စမအာယသ်(၁၁၁)နှင့် ဆဋ္ဌမအာယသ်(၁၁၂)ထဲတွင် ဤညီအစ်ကိုများက ဖခင်ကြီးရှေ့တွင် ယူစုဖ်ကို ဘေးမသီရန်မခစေရန် ဆန္ဒရှိကြောင်း မေတ္တာရပ်ခံသည့်တိုင် ဖခင်က အဘယ်ကြောင့် မယုံကြည်ဘဲ အံ့သြခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် သူသည် ၎င်းတို့နှင့်အတူ စားသောက်၊ ကစားမြူးထူး၍ လွတ်လွတ်လပ်လပ် ပျော်ရွှင်စေရန်နှင့် ၎င်းတို့ အားလုံးကသူ့ကိုဂရုစိုက်ကြမည်ဖြစ်ကြောင်း ဖခင်ကြီးက ၎င်းတို့နှင့်အတူ ထည့်စေလိုကြောင်း တောင်းခံခဲ့ကြသည်။

စိုက်ယိဒိနာယူစုဖ်၏ အစ်ကိုများကပြုလုပ်သော မေတ္တာရပ်ခံချက်၏သံနေသံထားမှာ အစောပိုင်းက ယင်းကဲ့သို့သော မေတ္တာရပ်ခံချက်တစ်ခုပြုလုပ်ခဲ့ကာ ယင်းကို ဖခင်က လက်မခံခဲ့ကြောင်း ရည်ညွှန်းသည်။ ထို့ကြောင့် လက်ရှိ မေတ္တာရပ်ခံချက်ထဲတွင် ထပ်ပြီးကြိုးပမ်းမှုနှင့် စွဲမြဲမှုပါဝင်ပြီး ၎င်းတို့ ဖခင်ကိုကြိုးစား၍ စိတ်ချစေရန်ဖြစ်သည်။

အပျော်ခရီးသွားမှုတစ်ရပ်၏ခွင့်ပြုချက်

ဤအာယသ်ထဲတွင် စိုက်ယိဒိနာယအ်ကုဗ်ထံမှ တောင်းခံခဲ့သော ခွင့်ပြုချက်သည် အပြင်ထွက်၍ လွတ်လပ်စွာ စားသောက်ကစား၊ မြူးတူးရန်ဖြစ်သည်။ ဤသည်ကို စိုက်ယိဒိနာယအ်ကုဗ်ကာ ခွင့်မပြုသည်ကား မဟုတ်။ စိုက်ယိဒိနာယအ်ကုဗ် သည် စိုက်ယိဒိနာယူစုဖ်အား ၎င်းတို့နှင့် အတူသွားစေခြင်းကို မနှစ်သက် မလိုလားကြောင်း ပြသခြင်းသာဖြစ်သည်။ ယင်းအကြောင်းနောက် အာယသ်တွင် ဖော်ပြပါလိမ့်မည်။ ဤသည်မှ ကျွန်ုပ်တို့ တွေ့ရသည်မှာ အပြင်ထွက်၍ ပျော်ရွှင်မြူးတူး၍ ကစားခုန်စားရန်ခွင့်ပြုသည့် ကန့်သတ်ချက်များအောက်တွင်သာ ခွင့်ပြုသည်။ ခိုင်လုံသော အဟဒီးဆ်များက ယင်း၏လျော်ကန်သင့်မြတ်မှုကို ရည်ညွှန်းဟန်ရှိသည်။ သို့ရာတွင် ဤတွင်ပျော်ရွှင်မှုနှင့် ကစားခုန်စားမှုများသည် ရှရီအတ်တရားတော်ကပြဋ္ဌာန်းထားသော ကန့်သတ်မှုဘောင် မကျော်ရဟူသော ကန့်သတ်ချက်ရှိသကဲ့သို့ ခွင့်မပြုသော မည်သည့်လုပ်ရပ်နှင့်မှလည်း မရောထွေးသင့်ချေ။ (ကုရ်သုဝီနှင့် အခြား)

စိုက်ယိဒိနာယူစုဖ်အား ၎င်းတို့နှင့် အပြင်ထွက်ကာ အပန်းဖြေမှုတစ်ခုတွင် ၎င်းတို့နှင့် အတူထည့်ရန် သူတို့ဖခင်ကြီး စိုက်ယိဒိနာယအ်ကုဗ်ကို မေတ္တာရပ်ခံခဲ့သောအခါတွင် စိုက်ယိဒိနာယာကုဗ်က သားကို မထည့်လိုသော အချက်နှစ်ချက်ကို ၎င်းတို့အားပြောခဲ့သည်။ (၁) စိုက်ယိဒိနာယူစုဖ်သည် ၎င်း၏မျက်ကွယ်၌ရှိနေခြင်းကို စိတ်လက်မကြည်မသာဖြစ်စေသည် ဟုလည်းကောင်း၊ (၂) တောကြီးမျက်မည်းတွင် ၎င်းတို့ မေ့လျော့စဉ်အချိန်တွင် စိုက်ယိဒိနာ ယူစုဖ်ကို ဝံပုလွေ စားသွားနိုင်ကြောင်းတို့ဖြစ်သည်။

စိုက်ယိဒိနာယအ်ကုဝ်ꣿ၏ ပူပင်သောကမှာ ကန်အာန်တွင် ဝံပုလွေပေါများသောကြောင့် ဖြစ်နိုင်သည်။ သို့မဟုတ် သူ၏အိပ်မက်တွင် သူသည် တောင်ထိပ်ပေါ်တွင် ရပ်နေ၍ စိုက်ယိဒိနာယူစုဖ်ꣿသည် တောင်အောက် ဆင်ခြေလျှောတွင် ရှိနေသည်ဟု မြင်မက်ခဲ့သည်။ ရုတ်တရက် ချက်ချင်း ဝံပုလွေ ဆယ်ကောင်သည် စိုက်ယိဒိနာယူစုဖ်ꣿကို တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် ဝံပုလွေများအနက် တစ်ကောင်မှာ ၎င်းကို ကယ်တင်သွားခဲ့သည်။ လွတ်မြောက်သည်နှင့်တစ်ပြိုင်နက် စိုက်ယိဒိနာယူစုဖ်ꣿသည် တောင်ကြားတစ်ခုတွင် ခိုလှုံခဲ့သည်။

အိပ်မက်၏ အဓိပ္ပာယ်ဖော်ဆောင်မှု ရှင်းလင်းသွားသောအခါ နောက်ပိုင်း၌ ဝံပုလွေဆယ်ကောင်ဆိုသည်မှာ အစ်ကိုဆယ်ဦးဖြစ်ကာ စိုက်ယိဒိနာယူစုဖ်ꣿအား သတ်ဖြတ်ခြင်းမှ အကာအကွယ်ပေးခဲ့သော ဝံပုလွေဆိုသည်မှာ သူ၏အစ်ကို ယဟူဒါ(ဂျူဒါ)ဖြစ်သွားပါသည်။ တွင်း၏အနက်ဆိုသည်မှာ စိုက်ယိဒိနာယူစုဖ် ꣿသည် မြေကြီးအောက်တွင် ပုန်းကွယ်နေခဲ့သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗနိအဗ္ဗာစ်ꣿသခင်၏ ဆင့်ပြန်ချက်တစ်ခုထဲ၌ တင်ပြထားသည်မှာ သူ၏ အိပ်မက်အရ စိုက်ယိဒိနာယအ်ကုဝ်ꣿသည် ဤအစ်ကိုများကြောင့် ကံဆိုးဖွယ်ရှိသည့်အခြေအနေတစ်ရပ် ကျရောက်မှုကို သူခံစားခဲ့ရပါသည်။ ထို့ကြောင့် တကယ်တမ်းမှာမူ ဤသူများအား ဝံပုလွေများဟု ရည်ညွှန်းခဲ့ပါသည်။ သို့ရာတွင် သူ၏အသိဉာဏ်အရ သူသည် စကားအကုန် မပြောခဲ့ပါ။(ကုရ်တွုဗီ)

စိုက်ယိဒိနာယအ်ကုဝ်ꣿ ပြောကြားသည်ကို ကြားခဲ့ရပြီးနောက် ထိုအစ်ကိုများက ပြန်လည်ပြောကြားခဲ့သည်မှာ စိုက်ယိဒိနာယူစုဖ်ꣿအား အကာအကွယ်ပေးရန် သူတို့ကဲ့သို့သော ကျန်းမာသန်စွမ်းသည့် ဆယ်ယောက်အုပ်စုရှိပါလျက်နှင့် ဖခင်ကြီး၏ စိုးရိမ်ပူပန်မှုသည် ထူးဆန်းသည် ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ꣿအား အကာအကွယ်ပေးရန် သူတို့ရှိပါလျက်နှင့် ဝံပုလွေတစ်ကောင်၏ ကိုက်သတ်ခြင်းခံရလိမ့်မည်ဟု မျှော်လင့်ခြင်းသည် သူတို့ ရှိနေခြင်းက ဘာမျှအဓိပ္ပာယ်မရှိ ဖြစ်သွားပါလိမ့်မည်။ သို့ဆိုပါလျှင် သူတို့သည် အသုံးမကျသောသူများဟူ၍ မှတ်ယူခြင်း ခံရပါလိမ့်မည်။

စိုက်ယိဒိနာယအ်ကုဝ်ꣿ ကြီးကျယ်လှသောတမန်တော်တစ်ပါး၏ရည်မွန်မှုအရ ညီအစ်ကိုများကြောင့် မမှန်မကန်၊ မဟုတ်သည့်ကိစ္စရပ်တစ်ခု ဖြစ်သွားနိုင်သည်ကို သူစိုးရိမ်မိသည်ဟူ၍ သူ၏သားများကို ပြောင်ပြောင်တင်းတင်း၊ ပွင့်ပွင့်လင်းလင်း မပြောခဲ့ပါ။ ယင်းသို့ပြောဆိုမှုသည် သူတို့အားလုံးအား နာကျင်စေနိုင်ပါသည်။ ဒုတိယအနေဖြင့် ထိုသို့ပြောဆိုမှုသည် ထိုအစ်ကိုများ၏ ရန်လိုမှုကို အဆမတန်ပွားများသွားစေနိုင်ပါသည်။ ဆိုလိုသည်မှာ လောလော ဆယ်အချိန်တွင် သတ်ဖြတ်ခြင်းဆိုသည့်အကြံအစည်ကို တစ်နည်းမဟုတ်တစ်နည်း စွန့်လွှတ်ထားသည့်တိုင် နောက်ပိုင်းတွင် တစ်မျိုးမျိုးအကြောင်းပြကာ သတ်ဖြတ်ခြင်းကိုလုပ်ဆောင်ပါလိမ့်မည်။ ဤအကြောင်းကြောင့် စိုက်ယိဒိနာယအ်ကုဝ်ꣿက သူတို့အား သွားခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် စိုက်ယိဒိနာယူစုဖ်ꣿအပေါ်၌ မည်သို့သောအန္တရာယ်မှ မကျရောက်စေရပါဟူသော လေးနက်သည့်ပဋိညာဉ်ကို ထိုအစ်ကိုတို့အားပြုစေပါသည်။ ထပ်ဆောင်းအကာအကွယ်ယူသည့်အနေဖြင့် စိုက်ယိဒိနာယအ်ကုဝ် ꣿသည် စိုက်ယိဒိနာယူစုဖ်ꣿ၏ အစ်ကိုများဖြစ်သော ရှဘယ်(ရှုဘင်)နှင့် ယဟူဒါ(ဂျူဒါ)တို့အား သူတို့၏ညီ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်နှင့် သူတို့၏ညီ ဘေးမသီရန်မခဘဲ အိမ်သို့ပြန်ရောက်ရှိစေရန်အတွက် ယုံပုံအပ်နှံလိုက်ပါသည်။ စိုက်ယိဒိနာယူစုဖ်ꣿ၏ အစ်ကိုများက တစ်လှည့်စီ ပခုံးဖြင့်ထမ်း၍ ခေါ်ဆောင်သွားခဲ့ကြပါသည်။ သူတို့အား နှုတ်ဆက်ရန်အတွက် စိုက်ယိဒိနာယအ်ကုဝ်ꣿသည် သူတို့နှင့်အတူ ခရီးအကွာအဝေးတစ်ခုထိ လိုက်ပါခဲ့ပါသည်။

သမိုင်းဆင့်ပြန်ချက်များအရ အလ်ကုရ်တွဲဇီက ရေးသားဖော်ပြသည်မှာ ဤသူများသည် စိုက်ယိဒိနာယူစုဖ်ﷺ၏မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ စိုက်ယိဒိနာယူစုဖ်ﷺအား ထမ်းပိုးထားသောအစ်ကိုက မြေပေါ်သို့ လွှတ်ချခဲ့ပါသည်။ ယူစုဖ်ﷺသည် သူဖာသာသူ လမ်းလျှောက်ရပါတော့သည်။ သို့ရာတွင် သူသည် အလွန်ငယ်ရွယ်သောကြောင့် အစ်ကိုများအား အမီမလိုက်နိုင်ပါ။ ထို့နောက်သူသည် အစ်ကိုတစ်ဦးထံ အကူညီတောင်းခံခဲ့သည်။ သူက ဂရုမစိုက်ပါ။ ထို့နောက် သူသည် အစ်ကိုတိုင်းထံမှ အကူညီတောင်းခံခဲ့သော်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ခဲ့ပါသည်။ သူ့အား ဦးချ သော၊ ကြယ်တစ်ဆယ့်တစ်လုံး၊ နေနှင့်လတို့ထံမှ အကူအညီတောင်းခံပါလေ။ ထိုအရာများက သူ့အား ကူညီပါလိမ့်မည် ဟူ၍ အစ်ကိုများက ပြောကြားခဲ့သည်။

ဤသည်မှ ဆက်လက်၍ အစ်ကိုများသည် တစ်နည်းမဟုတ်တစ်နည်း စိုက်ယိဒိနာယူစုဖ်ﷺ အိပ်မက်အကြောင်းကို သူတို့သိရှိသွားခဲ့သည်ဟူ၍ အလ်ကုရ်တွဲဇီက နိဂုံးချုပ်ခဲ့ပါသည်။ ဤအိပ်မက်သည် ၎င်းတို့အလွန်အမင်းရန်လိုရခြင်း၏ အကြောင်းခံဖြစ်သွားပါတော့သည်။

အဆုံး၌ စိုက်ယိဒိနာယူစုဖ်ﷺက သူ၏အစ်ကိုယဟူဒါအား သူ၏ဒုက္ခအကြောင်းပြောပြခါ အသနားခံခဲ့ပါသည်။ ထိုကဲ့သို့ အသနားခံရခြင်းမှာ သူသည် အားအင်နည်းပါးပြီး ငယ်ရွယ်သူဖြစ်သောကြောင့် အကူအညီ လိုအပ်ပါသည်။ အနည်းဆုံးအနေဖြင့်သူ၏ ဖခင်ကြီးအရှေ့တွင် ပဋိညာဉ်ပြန်ထားချက်အရ သူ့အားကူညီသင့်ပါသည်။ ယဟူဒါသည် စိတ်ထိခိုက်ပြီး သနားသွားကာ သူအသက်ရှင်နေသမျှကာလပတ်လုံး ဤအစ်ကိုများက စိုက်ယိဒိနာယူစုဖ်ﷺအား မထိခိုက်၊ မနာကျင်စေရပါဟူ၍ ပြန်ပြောခဲ့ပါသည်။ ထို့ကြောင့် အလွှာဟ်တအာလာက ယဟူဒါ၏နှလုံးသားထဲသို့ အကြင်နာနှင့် အမှန်လုပ်နိုင်စွမ်း ထည့်သွင်းပေးတော်မူလိုက်သောအခါ၌ သူက သူ၏ညီအစ်ကိုများကို ပြောခဲ့သည်မှာ အပြစ်မရှိသည့်တစ်စုံတစ်ဦးအားသတ်ဖြတ်ခြင်းသည် အလွန်ကြီးလေးသောပြစ်မှုဂုနဟ်ဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် အလွှာဟ်အရှင်မြတ်အားကြောက်ရွံ့ကာ အပြစ်မဲ့သောကလေးသူငယ်အား သူ၏ဖခင်ထံသို့ ပြန်လည်ပို့ဆောင်သင့်သည်ဟူ၍ ပြောခဲ့ပါသည်။ သို့သော်လည်း ထိုညီအစ်ကိုများက သူတို့အဆင်ပြေစေရန်အတွက် ဖခင်ကြီးအား သူတို့၏လုပ်ဆောင်မှုကိုမတင်ပြရန် ယဟူဒါထံမှ ပဋိညာဉ်တောင်းခံခဲ့ပါသည်။

ညီအစ်ကိုများက ယဟူဒါအား "အသင်ဆိုလိုသည်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်သည်၊ အသင်သည် ကျွန်ုပ်တို့ ဖခင်အမြင်တွင် ငါတို့ထက် အဆင့်မြင့်ချင်သော ဆန္ဒရှိနေသည်။ ဒါကြောင့် သင်တို့ပြောသည်ကို ကျကျနန နားထောင်လေ။ အကယ်၍ သင်သည် ငါတို့ရည်ရွယ်ချက်နှင့်ဆန့်ကျင်၍ တစ်စုံတစ်ရာလုပ်လျှင် ငါတို့ကလည်း သင့်ကို သတ်ပစ်မည်"ဟု ပြောခဲ့သည်။ သူ၏ညီအစ်ကိုကိုးယောက်ကို ၎င်းတစ်ယောက်တည်းနှင့် ဘာမျှမလုပ်နိုင်ကြောင်း သိသွားသောအခါ သူက ၎င်းတို့ကို "ကောင်းပြီ၊ အကယ်၍ မင်းတို့က ဒီကလေးကို အပြတ်ရှင်းမယ်လို့ ဆုံးဖြတ်ခဲ့လျှင် ငါပြောသည်ကို မင်းတို့ ဂရုတစိုက်နားထောင်ကြလေကုန်" ဟုပြောခဲ့သည်။ "ဒီအနားမှာ ရေတွင်းပျက်တစ်ခုရှိတယ်။ အဲဒီထဲမှာ အလေ့ကျအပင်တွေလည်း ပေါက်နေပြီး အဆိပ်ပြင်းသည့် တွားသွားသတ္တဝါများလည်း ရှိကြသည်။ သူ့ကို အဲဒီရေတွင်းပျက်ထဲမှာ ထားခဲ့ပါ။ အကယ်၍ မြွေတစ်ကောင်လာပေါက်သည်ဖြစ်စေ ကင်းမြီးကောက်တစ်ကောင်ကိုက်သည်ဖြစ်စေ သူအဲဒီနေရာမှာ သေသွားလျှင် မင်းတို့ဖြစ်စေချင်သလို ဖြစ်သွားပါလိမ့်မည်။ သို့ဆိုလျှင် မင်းတို့ကြောင့် လက်သွေးစွန်းမှု ပြစ်တင်ချက်မှလည်း လွတ်ကင်းသွားပါလိမ့်မည်။ ထို့ပြင် အကယ်၍ သူအသက်ရှင်သေးလျှင်လည်း ဖြတ်သန်းသွားလာသော ခရီးသွားကုန်သည်ယာဉ်တန်းက ရေခပ်ရန်ပုံးချလျှင် သူ့ကို တွေ့သွားပါလိမ့်မည်။ သို့ဆိုလျှင် သူ့ကို အခြားနိုင်ငံသို့ ခေါ်သွားနိုင်သည်။ ဒီလိုဆိုလျှင် သင်တို့ လိုအင်ပြည့်သွားပေမည်" ဟုပြောကြားခဲ့သည်။

ဤအကြောင်းပြချက်ကို ညီအစ်ကိုအားလုံးက သဘောတူညီခဲ့ကြောင်း လက်ရှိ နဝမအာယသ်(၁၅)ထဲတွင် အောက်ပါစကားလုံးများဖြင့် ဖော်ပြထားသည်။

فَلَمَّا ذَهَبُوْا بِهٖ وَ اَجْمَعُوْٓا اَنْ يَّجْعَلُوْهُ فِيْ غَيٰبَتِ الْجُبِّ ۚ وَ اَوْحَيْنَآ اِلَيْهِ لَتُنَبِّئَنَّهُمْ بِاَمْرِهِمْ هٰذَا وَ هُمْ لَا يَشْعُرُوْنَ

"ထို့နောက် ထိုနောင်တော်တို့သည် ထိုယူစုဖ်ﷺအား ခေါ်ဆောင်သွားကြပြီးလျှင် ၎င်းအား ရေတွင်း၏ဇောက်နက်ထဲတွင်ပစ်ချကြရန် တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့ကြသောအခါ ငါအရှင်မြတ်သည် ထိုယူစုဖ်ထံ (အို-ယူစုဖ်) "အသင်သည် (တစ်ချိန်တွင်) ၎င်းတို့သည် အသင့်အားသိရှိ၍ ပြောကြားမည်ဖြစ်၏။ သို့ရာတွင် (ထိုအချိန်တွင်) ၎င်းတို့သည် အသင့်အား သိရှိ၍မှတ်မိကြလိမ့်မည်မဟုတ်ကြောင်း အမိန့်တော် ထုတ်ပြန်တော်မူခဲ့ပေသတည်း။"

ဤနေရာပါ وَ اَوْحَيْنَآ (ထိုအခါ ငါအရှင်မြတ်သည် အမိန်တော် ထုတ်ပြန်တော်မူခဲ့လေသည်) ဟူသော စကားလုံးသည် ရှေ့ကအခြေအနေကို ဖော်ပြသော فَلَمَّا ذَهَبُوْا (ထို့နောက် အကြင်အခါဝယ် ၎င်းတို့သည် ယင်းယူစုဖ်အား ခေါ်ဆောင်၍သွားခဲ့ကြကုန်၏) ဟူသောစာပိုဒ်အတွက် အဓိကစာပိုဒ်ဖြစ်သည်။ ဤနေရာပါ وا۟ (ထို့နောက်) ဟူသောအက္ခရာသည် အဓိပ္ပာယ်မဲ့စကားလုံး ဇာအိဒါဟ်ဖြစ်သည်။ (ကုရ်သုဗီ) ဆိုလိုသည်မှာ "ညီအစ်ကိုများသည် အဆုံး၌ စိုက်ယိဒိနာယူစုဖ်ﷺကို ရေတွင်းထဲထားပစ်ရန်ဆုံးဖြတ်ပြီးသောအခါတွင် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺအတွက် နှစ်သိမ့်စကားများ ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းတွင် ကောင်းသတင်းများပါဝင်၍ အနာဂတ်တစ်ချိန်တွင် တမန်တော်ယူစုဖ် ﷺသည် အစ်ကိုများနှင့် ပြန်လည်ဆုံတွေ့၍ ထိုအချိန်အတွင် ၎င်းသည် အစ်ကိုတို့၏ အကူအညီမလိုဘဲ ၎င်းတို့ပေါ် အသာစီးရပေလိမ့်မည်။ ထို့ပြင် ဤအခြေအနေပြောင်းလဲခဲ့မှုအရ ထိုသူများကို ၎င်းတို့၏ ညီငယ်အပေါ်၌ မတရားပြုမူခဲ့မှုကို စစ်ဆေးပါလိမ့်မည်။ ဖြစ်ပွားခဲ့သောထိုကိစ္စရပ်တစ်ခုလုံးအား ၎င်းတို့အားလုံးသည် မေ့လျော့နေပါလိမ့်မည်။

ဤသည်နှင့်ပတ်သက်၍ ဖြစ်နိုင်ဖွယ်အခြေအနေနှစ်ရပ်ကို အီမာမ်အလ်ကုရ်သုဗီက ပြောကြားခဲ့သည်။ (၁) အလ္လာဟ်အရှင်မြတ်၏ ဝဟီပို့ချချက်သည် ၎င်းရေတွင်းထဲ ပစ်ချခံရပြီးမှ ကျရောက်ခဲ့သည်။ ထို့နောက် ယင်းအခြေအနေတွင် ၎င်းအားနှစ်သိမ့်စေရန်နှင့် မကြာမီ ဤအခြေအနေမှလွတ်မြောက်စေလိမ့်မည်ဖြစ်ကြောင်း ကောင်းသတင်းပေးရန် ဖြစ်သည်။ (၂) စိုက်ယိဒိနာယူစုဖ်ﷺကို ရေတွင်းထဲပစ်မချမီအလျင်ကပင် အလ္လာဟ်အရှင်မြတ်က ဝဟီမှတစ်ဆင့် ၎င်းရင်ဆိုင်ရမည့်အခြေအနေများနှင့် အဖြစ်အပျက်များကို အသိပေး၍ သေတွင်းမှ ဘေးမသီရန်မခ လွတ်မြောက်ကာ သီးသန့်အခြေအနေများပေါ်ထွက်လာမှုကြောင့် သူ့အစ်ကိုများကို ပြစ်တင်မောင်းမဲနိုင်သည့် အခွင့်အရေးများရရှိလိမ့်မည်။ထိုအချိန်တွင်၎င်း၏အစ်ကိုများသည်၎င်းအားညီလေးယူစုဖ်ﷺဟုမှတ်ပင်မှတ်မိလိမ့်မည်မဟုတ်ချေ။

သဖိစီရ် မဇ်ဟီရီကျမ်းအဆိုအရ စိုက်ယိဒိနာယူစုဖ်ﷺအပေါ် ကလေးဘဝ ကျရောက်ခဲ့သော ဤဝဟီသည် အခြားနဗီများပေါ် ကျရောက်သည့်ဝဟီနှင့် ယေဘုယျမတူညီချေ။ အဘယ့်ကြောင့်ဆိုသော် ထိုနဗီများအပေါ်တွင် ဝဟီများ အသက်(၄၀)ပြည့်မှသာ ကျရောက်ခဲ့သည်။ စင်စစ် ဤဝဟီကျရောက်မှုသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ မိခင်ပေါ် ကျရောက်ခဲ့သောဝဟီနှင့် အလားတူပေသည်။ နဗီတမန်တော်များ လက်ခံရှိသည့်ဝဟီအဖြစ် ကျရောက်လေ့ရှိသည့် လမ်းကြောင်းအရဆိုလျှင် စိုက်ယိဒိနာယူစုဖ် ﷺသည် အဂျစ်နိုင်ငံရောက်ခဲ့၍ အရွယ်ရောက် လူလားမြောက်သည်မှ စတင်ခဲ့သည်။ ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် وَ لَمَّا بَلَغَ اَشُدَّهٗٓ اٰتَيْنٰهُ حُكْمًا وَّ عِلْمًا ۚ "ထို့နောက် ယင်းယူစုဖ်သည် မိမိရင့်သန်သောအရွယ်သို့ရောက်လတ်သော် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စိုးမိုးအုပ်ချုပ်မှုကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။(၂၂)"ဟူ၍ မိန့်ထားသည်။ ထို့ပြင် အိဗနိဂျရီး၊ အိဗနိအဗီဟာသီမ်နှင့်

အခြားသူများက ဤဝဟီသည် တစ်မူထူးခြားသောနည်းဖြစ်သော်လည်း ကြိုတင်နိမိတ်ဖတ်ခြင်းဖြစ်သည်ဟု မှတ်ယူခဲ့သည်။ ယင်းသို့ပင် စိုက်ယိဒိနာအီစာ(အ)အား ၎င်းကလေးဘဝကပင်လျှင် နဗီတမန်တော်ဖြစ်ခြင်းကို အပ်နှင်းခဲ့သည်။ (မဇာဟီရီ)

စိုက်ယိဒိနာအဗ္ဗဒွလ္လာဟ် အိဝနိအဗ္ဗား(ရ)က ပြောခဲ့သည်မှာ "၎င်း အီဂျစ်နိုင်ငံရောက်ရှိပြီးနောက် အလ္လာဟ်အရှင်မြတ်သည် ဝဟီမှတစ်ဆင့် သူ၏အဖြစ်အပျက်များကို အိမ်တွင်ပြန်မပြောရန် တားမြစ်ခဲ့သည်"ဟူ၍ဖြစ်သည် (ကုရ်သုဗီ) ဤအကြောင်းကြောင့် စိုက်ယိဒိနာယူစုဖ်(အ)ကဲ့သို့သော အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးသည် ၎င်း ထောင်မှလွတ်မြောက်ပြီးနောက် အီဂျစ်နိုင်ငံအစိုးရ၏ စိုးမိုးမှုအာဏာရပြီးသည့်တိုင် အိုမင်း၍စိတ်ထိခိုက်နေသော ဖခင်ကြီး စိတ်သက်သာရာရစိမ့်သောငှာ ၎င်းအန္တရာယ်ကင်း၍ အခြေကျနေကြောင်း အသိပေးပြောကြားရန် မကြိုးပမ်းခဲ့ချေ။

ဤအစီအမံ၏နောက်ကွယ်၌ ဖုံးအုပ်ထားသည့် အလ္လာဟ်ဂျလ္လာဟ်ရှာနူဟူ၏ အသိဉာဏ် ဟစ်ကမတ်တော်အား မည်သူသိသနည်း (သို့မဟုတ်) မည်သူသိနိုင်ပါသနည်း။ တွေးတောဖွယ်များစွာထဲမှ ဖြစ်နိုင်ဖွယ်ရှိသည်မှာ အလ္လာဟ်အရှင်မြတ်အလိုတော်သည် စိုက်ယိဒိနာယအ်ကုဗ်(အ)အား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားအပေါ် ချစ်ခြင်းသည် စံပြကရုဏာထိုက်စေသောအရာဖြစ်ကြောင်းကိုလည်းကောင်း၊ နဗီတမန်တော် စိုက်ယိဒိနာယူစုဖ်(အ)ထံ သူ့အစ်ကိုများလာရောက်၍ အကူအညီတောင်းခံစေခြင်းသည် သူ့ကို ၎င်းတို့လုပ်ရပ်အတွက် ညင်ညင်သာသာ ဆုံးမစေရန်လည်းကောင်း ရည်ရွယ်ခြင်း ဖြစ်သည်။

ဤနေရာ၌ အီမာမ်အလ်ကုရ်သုဗီနှင့် အခြားဋီကာရှင်များက စိုက်ယိဒိနာယူစုဖ်(အ)အား ရေတွင်းထဲချသည့် အဖြစ်အပျက်ကို ဖော်ပြခဲ့ကြသည်။ သူ့အစ်ကိုများက ထိုသို့စတင်လုပ်ဆောင်ခဲ့သောအခါတွင် ယူစုဖ်(အ)သည် ရေတွင်း၏ တစ်ဖက်စွန်းကိုကိုင်၍ တွဲလွဲချနေခဲ့သည်။ အစ်ကိုများက ၎င်း၏အင်္ကျီကိုချွတ်၍ အင်္ကျီနှင့်လက်များကို ချည်နှောင်ပစ်ခဲ့သည်။ ထိုအချိန်၌ စိုက်ယိဒိနာယူစုဖ်(အ)သည် အစ်ကိုများထံ တစ်ဖန်ပြန်လည်၍အသနားခံခဲ့သည်။ သို့သော် ယခုချိန်တွင်လည်း "မင်းကိုဦးချခဲ့သော ကြယ်တာရာတစ်ဆယ့်တစ်လုံးကိုခေါ်၍ အကူအညီတောင်းပါလေ" ဟူသော ယခင် အလားတူအဖြေကိုပင် ရခဲ့လေသည်။ ထို့နောက်၎င်းတို့က ယူစုဖ်(အ)ကို ရေပုံးထဲထည့်၍ ရေတွင်းထဲ ချခဲ့ကြပါသည်။ တစ်ဝက်ရောက်သောအခါ ထိုအစ်ကိုများက ကြိုးကိုဖြတ်ချလိုက်ရာ ရေပုံးသည် အောက်သို့ တောက်လျှောက်ကျသွားပါသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်၏တမန်တော်ကို အကာအကွယ် အစောင့်အရှောက်ပေးသည့်အလျောက် ရေထဲသို့ အထိအခိုက်မရှိဘဲကျရောက်စေခြင်းဖြင့် ကယ်တင်ခဲ့သည်။ သူ့အနီးတွင် ငါး၍ထွက်နေသော ကျောက်ဆောင်တစ်ခုရှိသည်။ သူသည် ထိုကျောက်ဆောင်ပေါ်တင်ထားရန် ဂျစ်ဗရာအီလ်(အ)ကို အမိန့်ပေးခံခဲ့ရသည်ဟု ဆိုကြသည်။

စိုက်ယိဒိနာယူစုဖ်(အ)သည် ထိုရေတွင်းထဲတွင် သုံးရက်တိုင်တိုင်ရှိနေခဲ့သည်။ သူ့အစ်ကိုယဟူဒါက အခြားအစ်ကိုများမမြင်စေဘဲ သူ့ကိုရေပုံးထဲတွင် အစာနှင့်ရေကို ထည့်၍ပေးခဲ့သည်။

အာယသ်(၁၆) وَجَآءُوٓ اَبَاهُمۡ عِشَآءً يَّبۡكُوۡنَ တွင်ပါသည့်အတိုင်း ညဉ့်ရောက်သောအခါ အစ်ကိုများသည် သူတို့ဖခင်ထံ ငိုကြွေး၍ ရောက်ရှိခဲ့ကြသည်။ ထိုသူများ၏ ငိုကြွေးသံကြားရသောအခါ၌ စိုက်ယိဒိနာယအ်ကုဗ်(အ)သည် အပြင်သို့ထွက်လာ၍ "ဘာတွေဖြစ်ခဲ့ကြတာလဲ" "မင်းတို့ရဲ့ဆိတ်အုပ်ကို တစ်စုံတစ်ဦးက တိုက်ခိုက်ကြလို့လား" "ယူစုဖ်ကော ဘယ်မှာလဲ" ဟူ၍မေးမြန်းခဲ့ကြသည်။ ထို့နောက် ညီအစ်ကိုတစ်စုက-

يَٰٓأَبَانَآ إِنَّا ذَهَبۡنَا نَسۡتَبِقُ وَتَرَكۡنَا يُوسُفَ عِندَ مَتَٰعِنَا فَأَكَلَهُ ٱلذِّئۡبُۖ وَمَآ أَنتَ بِمُؤۡمِنٖ لَّنَا وَلَوۡ كُنَّا صَٰدِقِينَ

"အို-ကျွန်ုပ်တို့၏ ဖခမည်းတော်၊ ကောန်အမှန် ကျွန်ုပ်တို့သည် ယူစုဖ်အား မိမိတို့၏ပစ္စည်း (အဝတ်အစား)များအနီးတွင် (အစောင့်)ထားခဲ့ပြီး အပြေးပြိုင်ရန် သွားခဲ့ကြသည်။ သို့ဖြစ်သော ကြောင့် ထိုယူစုဖ်အား ဝံပုလွေသည် ကိုက်စားပစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် (မည်မျှပင်) သစ္စာဝါဒီများဖြစ်ကြသော်လည်း ခမည်းတော်မှာမူကား ကျွန်ုပ် တို့အား ယုံကြည်မည် မဟုတ်ပါပြီ" ဟုပြောခဲ့ကြသည်။

အပြေးပြိုင်ခြင်းနှင့် ပတ်သက်သည့် ဥပဒေအချို့

အလ်ကာမုလ်ကုရ်အာန်ကျမ်းတွင် အိဗနိအလ်အရဗီက ပြောသည်မှာ "တစ်ဦးနှင့်တစ်ဦး အပြေးပြိုင်ခြင်းမှာ ရှရီအသ်အရ တရားဝင်ပါသည်။ ယင်းသည် ကောင်းမွန်သည့် အလေ့အကျင့်တစ်ရပ်ဖြစ်၍ ဂျိဟာဒ်အတွက် အကျိုး ပြုသည်" ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ခိုင်လုံသော အဟဒီးဆ်များက သက်သေပြချက်အရ တမန်တော်မြတ်ﷺသည် ထိုကဲ့သို့သော အပြေးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့ပြင် မြင်းအပြေးပြိုင်ပွဲသည်လည်း တရားဝင်ကြောင်း သက်သေပြခဲ့သည်။ (နောင်တွင်ရှင်းပြမည့် လောင်းကစားများပါဝင်သည့် မြင်းပြိုင်ပွဲနှင့် မရောထွေးစေလိုပါ။) ဆွဟာဗဟ် သာဝကကြီးများအနက်မှ အိဗနိအလ်အစ်ဝါးﷺသည် လူတစ်ဦးနှင့် ယှဉ်၍အပြေးပြိုင်ရာ အနိုင်ရခဲ့သည်။

မြင်းအပြေးပြိုင်ခြင်းကိစ္စရပ်ကို ခွင့်ပြုကြောင်း ယခုဆွေးနွေးနေသည့် အာယသ်အရနှင့် အထက်တွင် ကိုးကားထားသော ဟဒီးစ်များအရ ခွင့်ပြုကြောင်း သက်သေပြပါသည်။ မြင်းအပြေးပြိုင်ခြင်းအပြင် အချင်းချင်း အပြေး ပြိုင်ခြင်း၊ မြားပစ်ပြိုင်ခြင်းနှင့် အခြားနယ်ပယ်တို့တွင် ပြိုင်ဆိုင်ခြင်းများ ခွင့်ပြုသည်။ ထို့နောက် အချင်းချင်းပြိုင်ဆိုင်ရာ တွင် အနိုင်ရသူကို တတိယအုပ်စုမှ ဆုများချီးမြှင့်ခြင်းကိုလည်း ခွင့်ပြုသည်။ သို့ရာတွင် နှစ်ဦးနှစ်ဖက်သဘောတူညီ၍ ရှုံးသူကနိုင်သူကိုပေးရန် ငွေကြေးပမာဏတစ်ခုသတ်မှတ်ပြီး ပြိုင်ဆိုင်ခြင်းမှာမူ လောင်းကစား(သို့မဟုတ်) ကီမာရ် ဖြစ်ကာ ယင်းလုပ်ရပ်သည် ကုရ်အာန်ကျမ်းတော်မြတ်အရ ဟရာမ်ဖြစ်၍ တရားမဝင်ကြောင်း ကြေညာထားခဲ့သည်။ ယခုအချိန်၌ ခေတ်စားနေသည့် မြင်းပြိုင်ခြင်းပုံစံအမျိုးမျိုးသည် လောင်းကစားခြင်းနှင့် ကီမာရ်အမျိုးအစားမှ မလွတ် ကင်းကြချေ။ ထို့ကြောင့် ယင်းတို့အားလုံးမှာ ဟရာမ် တရားမဝင် ခွင့်မပြုချေ။

ပြီးခဲ့သောအာယသ်တော်များထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် အချင်းချင်း အပြန်အပြန် အလှန်လှန် ပြောဆိုခဲ့ကြပြီးနောက် အဆုံး၌ သူကို လူသူကင်းဝေးသည့်ရေတွင်းတွင် ချပစ်ခဲ့ကာ သူတို့၏ဘခင်ထံပြန် လာခဲ့ကြပြီး စိုက်ယိဒိနာယူစုဖ်ﷺကို ဝံပုလွေတစ်ကောင် ကိုက်သတ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ အာယသ်(၁၈)မှစ၍ အဖြစ်အပျက်ကို အောက်ပါစကားများ وَجَآءُو عَلَىٰ قَمِيصِهِۦ بِدَمٖ كَذِبٖ "ထို့ပြင် ၎င်းတို့သည် ယင်းယူစုဖ်၏ အင်္ကျီတွင် မဟုတ်မမှန်သောသွေးများကို(လိမ်းကျံ၍) ယူလာခဲ့ကြလေသည်"ဖြင့် စတင်ထားသည်။ ဆိုလိုသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် သူ့အား ဝံပုလွေတစ်ကောင်က ကိုက်သတ်စားသည်ဆိုကြောင်းကို သူ့ဖခင် ယုံကြည်စေရန် သူ့အင်္ကျီအား မဟုတ်မမှန်သောသွေးများဖြင့် သုတ်လိမ်းခဲ့ကြသည်။

သို့ရာတွင် အလ္လာဟ်အရှင်မြတ်ထံတွင် ထိုသူများ၏ လိမ်လည်မှုပေါ်စေရန် အရှင်မြတ်၏နည်းလမ်း ရှိပေ သည်။ အလ္လာဟ်အရှင်မြတ်က သူတို့သည် အင်္ကျီကို မမှန်မကန်သောသွေးများ သုတ်လိမ်းသည့်အပြင် လုပ်သင့်သော အချက်တစ်ချက်ကိုမူကား မေ့လျော့စေပါသည်။ အကယ်၍ ထိုသူများသည် အင်္ကျီကိုဆုတ်ဖြဲခဲ့ကြလျှင် ယင်းလုပ်ရပ်

သည် ဝံပုလွေတစ်ကောင်ကိုက်သတ်စားခြင်းခံရကြောင်းကို သက်သေပြပါလိမ့်မည်။ ထိုသူများသည် အကျိ အကောင်းပကတိကို သိုးငယ်သွေးဖြင့်လိမ်းကျံယူလာပြီး ဖခင်အား လိမ်လည်လှည့်ဖြားရန် ကြိုးစားခဲ့ကြသည်။ ဤ ရုပ်အကျိ လုံးဝပျက်စီးခြင်းမရှိသည်ကို မြင်တွေ့ပြီးနောက် စိုက်ယိဒိနာယအ်ကုပ်ﷺက ပြောသည်မှာ "ငါ့သားတို့ ယူစုဖ်ကို ကိုက်စားသောဝံပုလွေသည် အကျိပင်မဆုတ်မဖြဲခဲ့သဖြင့် ယူစုဖ်ကိုကိုက်စားသောဝံပုလွေသည် မုချဇကန် အသိဉာဏ် ကြွယ်လှပေသည်"ဟူ၍ ဖြစ်သည်။

ထို့ကြောင့် စိုက်ယိဒိနာယအ်ကုပ်ﷺရှေ့တွင် သူတို့၏လိမ်လည်မှု ပေါ်သွားသောအခါတွင် သူက-

بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ؕ فَصَبْرٌ جَمِيْلٌ ؕ وَاللّٰهُ الْمُسْتَعَانُ عَلٰى مَا تَصِفُوْنَ

"(အို-ချစ်သားတို့) ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား အသင်တို့၏စိတ်နှလုံးသည် အသင်တို့အဖို့ အကြောင်းတစ်ခုကို ပရိယာယ်ဆင်ပေးခဲ့ခြင်းသာ ဖြစ်သည်။ သို့ဖြစ်ပေရာ (ငါ၏ အဖို့မှာ) သည်းခံခြင်းသာ ကောင်းမြတ်ပေတော့၏။ ထို့ပြင် အလွှာဟ်အရှင်မြတ်ထံတော်၌သာလျှင် အသင်တို့ လုပ်ကြံပြောပြကြသောအကြောင်းနှင့်စပ်လျဉ်း၍ ကူညီစောင်မတော်မူရရန် တိုးလျှိုးတောင်းပန် အသနားခံပြီး ဖြစ်ချေသတည်း။"

ဥပဒေသ နှစ်ရပ်

(၁) စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများ လိမ်လည်ကြောင်းအတည်ပြုရန် စိုက်ယိဒိနာ ယအ်ကုပ်ﷺသည် အကောင်းပကတိရှိသော ရုပ်အကျိကို သက်သေအထောက်အထားအဖြစ် အသုံးပြုခဲ့သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ကာသွို(သို့မဟုတ်) တရားသူကြီးတစ်ဦးသည် အချင်ချင်း အခိုင်အမာပြောဆိုမှုများနှင့် အချေအတင် ပြောဆိုမှုများနှင့်အတူ သွယ်ဝိုက်ဆက်နွယ်သည့် သက်သေအထောက်အထားကိုလည်း မျက်ခြည်မပြတ်သင့်ချေ။

(ကုရ်သုဗီ)

အလ်မာဝါရိက ပြောသည်မှာ ယူစုဖ်(ﷺ)၏ ထူးခြားသောအကျိသည် သူနည်းနှင့်သူ ကမ္ဘာအံ့ဖွယ်တစ်ရပ် ဖြစ်သည်။ သူ၏အကျိနှင့်ပတ်သက်၍ တမန်တော်ဆိုင်ရာ ထူးခြားသည့် အဖြစ်အပျက်ကြီးသုံးခုရှိသည်။ (က) ပထမ အဖြစ်အပျက်မှာ အကျိကို မမှန်မကန်သွေးများဖြင့်သုတ်လိမ်း၍ သက်သေအဖြစ်ပြကာ ဖခင်ကိုလိမ်လည်ခြင်းနှင့် ယင်းအကျိ၏ သက်သေအထောက်အထားသည်ပင်လျှင် လိမ်လည်ခြင်းကို အတည်ဖြစ်စေခြင်းဖြစ်သည်။

(ခ) ဒုတိယအဖြစ်အပျက်မှာ ဇုလိုင်ခါသခင်မနှင့် ပတ်သက်သည်။ ယင်းအဖြစ်အပျက်ထဲ၌ စိုက်ယိဒိနာယူစုဖ်ﷺ၏အကျိကို ခိုင်မာသောသက်သေအထောက်အထားအဖြစ် ဖော်ပြထားသည်။

(ဂ) တတိယအဖြစ်အပျက်မှာ စိုက်ယိဒိနာယအ်ကုပ်ﷺ မျက်စိပြန်မြင်လာခြင်းနှင့် ပတ်သက်သည်။ ယင်းတွင် ဤအံ့ဖွယ်အကြောင်းအဖြစ် စိုက်ယိဒိနာယူစုဖ်ﷺ၏အကျိကြောင့်ဖြစ်ကြောင်း ပေါ်လွင်သည်။

(၂) အုလမာ အချို့ကပြောသည်မှာ စိုက်ယိဒိနာယအ်ကုပ်ﷺက သားများပေါ်မှတ်ချက်ချခဲ့သော بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا "ထိုသို့ အလျှင်းမဟုတ် စင်စစ်မှာကား အသင်တို့၏စိတ်နှလုံးသည် အသင်တို့အဖို့ အကြောင်းတစ်ခုကို ပရိယာယ်ဆင်ပေးခဲ့ခြင်းသာဖြစ်ပေသည်။(၁၈)" ဟူသောမှတ်ချက်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ ညီအရင်း ဘင်ယာမင်သည် ခိုးမှုဖြင့် အဓိကျစ်နိုင်ငံတွင် ထိန်းသိမ်းခံနေရသောအချိန်ဖြစ်သည်။ ဤအဖြစ်အပျက်ကို သူ၏သား များက စိုက်ယိဒိနာယအ်ကုပ်ﷺကိုပြောပြခဲ့စဉ်က စိုက်ယိဒိနာယအ်ကုပ်ﷺသည် بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ "ထိုသို့

အလျှင်းမဟုတ် အမှန်စင်စစ်မှာမူကား အသင်တို့၏စိတ်နှလုံးသည် အသင်တို့အဖို့ အမှုကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်းသာ ဖြစ်သည်(၈၃)" ဟူ၍ ပြောခဲ့သည်။ ဤနေရာ၌ စဉ်းစားထိုက်သည်မှာ စိုက်ယိဒိနာယအ်ကုဗ်ﷺသည် သူ၏ထင်မြင်ယူဆချက်ပေါ် အခြေခံ၍ ဤမှတ်ချက်နှစ်ခုကို ပြုလုပ်ခဲ့သည်။ ပထမမှတ်ချက်မှာမှန်ကန်၍ အခြားမှတ်ချက်မှာ မမှန်ချေ။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စရပ်တွင် အစ်ကိုများကို အပြစ်မတင်သင့်ချေ။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ တမန်တော်များ၏ ပုဂ္ဂလိကထင်မြင်ယူဆချက်သည် ကနဦးတွင် မှားယွင်းနိုင်သော်လည်း နောက်ပိုင်းတွင် ဝဟီမှတစ်ဆင့် ၎င်းတို့၏ မှားယွင်းသောယူဆချက်အတိုင်း မရပ်တည်ကြတော့ပါ။

အလိုကုရ်သုဒီကျမ်းအဆိုအရ အမြင့်မားဆုံးသောသူသည်ပင်လျှင် မှားယွင်းသောအယူအဆ ပြုလုပ်နိုင်သည်ဆိုကြောင်း သက်သေပြပါသည်။ ထို့ကြောင့် အကြံဉာဏ်ပြုသော အမျိုးသား သို့မဟုတ် အမျိုးသမီးတိုင်း၏ ထင်မြင်ယူဆချက်မှာ ဖြစ်နိုင်ဖွယ်ရှိသည်ဟု မှတ်ယူရမည်။ ယင်းကို အခြားသူများ၏ပြောကြားချက်ကို လက်မခံနိုင်လောက်အောင် ဖြစ်စေနိုင်သည့် တင်းကြပ်သော လေ့နံ့များထစ်ပုံစံ မဖြစ်စေရပါ။

အလ္လာဟ်အရှင်မြတ်၏စီစဉ်မှုတွင် မတော်တဆ သို့မဟုတ် ကံအားလျော်စွာဟူ၍ မရှိချေ။

အာယသ်(၁၉)တွင် وَجَاءَتْ سَيَّارَةٌ فَأَرْسَلُوا وَارِدَهُمْ فَأَدْلَىٰ دَلْوَهُ "ထို့နောက် ခရီးသည်တစ်စုသည် (ထိုရေတွင်းရှိရာသို့)ရောက်ရှိလာခဲ့လေသည်။ တစ်ဖန် ထိုခရီးသည်တစ်စုသည် မိမိတို့၏ရေငင်သူအား (ထိုရေတွင်းမှရေငင်ရန်) စေလွှတ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ထိုရေငင်သူသည် (ရေတွင်း၌) မိမိရေပုံးကို ချခဲ့လေသည်)" ဟူ၍ မိန့်ထားသည်။ سَيَّارَةٌ(စိုက်ယာရာ)ဟူသောစကားလုံးသည်ခရီးသည်တစ်စု သို့မဟုတ်ကုန်သွယ်ယာဉ်တန်းတစ်ခုဟု အဓိပ္ပာယ်သက်ရောက်သည်။ وَارِدَ ဝါရစ်ဒ်ဆိုသည်မှာ ခရီးသည်ကုန်သွယ်ယာဉ်တန်း၏ ရှေ့တော်ပြေးအဖြစ် ကြို တင်ထွက်ခွာသွားသူကို ဆိုလိုသည်။ ထိုကဲ့သို့သောသူသည် ကုန်သွယ်ယာဉ်တန်းအတွက် လိုအပ်ချက်များကို တာဝန်ယူ ဖြည့်ဆည်းရသောသူဖြစ်ကာ ရေရရှိရေးသည်လည်း ထိုတာဝန်များအနက်မှ တစ်ခုဖြစ်သည်။ أَدْلَىٰ အိဒ်လ ဆိုသည်မှာ ရေငင်ရန် ရေတွင်းထဲရေပုံးချခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ကုန်သွယ်ယာဉ်တန်းသည် ဤနေရာကို အမှုမဲ့အမှတ်မဲ့ မတော်တဆဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ သဖ်စီရ်အလ်ကုရ်သုဒီကျမ်းအရ ဤကုန်သွယ်ယာဉ်တန်းသည် ဆီးရီးယားနိုင်ငံမှအီဂျစ်သို့ သွားခဲ့ကြခြင်းဖြစ်သည်။ လမ်းကြောင်းပျောက်၍ ဤလူသူကင်းမဲ့သောနေရာသို့ ရောက်ရှိသွားခဲ့သည်။ ထို့ပြင် သူတို့၏လူအချို့ကို ရေရရှိရန် ရေတွင်းဆီသို့စေလွှတ်ခဲ့ကြသည်။

ထိုဆီးရီးယားကုန်သွယ်ယာဉ်တန်း လမ်းပျောက်မှု ဤနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာမှုနှင့် ဤစွန့်ပစ်ထားသောရေတွင်းမှ ရေရရှိရန် သူလူများကို စေလွှတ်ရေးဆုံးဖြတ်မှုတို့ကို လူအများက မတော်တဆတိုက်ဆိုင်မှုဟု ရည်ညွှန်းခဲ့ကြသည်။ သို့သော်လည်း ဖန်ဆင်းမှု၏လှို့ဝှက်ချက် သိနားလည်သူများအတွက်မှာမူကား ဤအဖြစ်အပျက်အားလုံးသည် အံ့သြဖွယ်စီမံထားမှုနှင့် ရှောင်လွှဲမရသောကွင်းဆက်တစ်ခုဖြစ်ကြောင်း သိပေသည်။ ယူစုဖ်အား ဖန်ဆင်းတော်မူသည့်အရှင်နှင့် အကာအကွယ်ပေးတော်မူသောအရှင်မှာ ကုန်သွယ်ယာဉ်တန်းအား ၎င်းတို့ သွားနေကျ လမ်းကြောင်းမှ လွှဲဖယ်၍ ဤနေရာရောက်စေခဲ့ပြီး လူသူကင်းမဲ့သော ရေတွင်းဆီသို့ သူလူများကို စေလွှတ်ခဲ့ပါသည်။ ဤအဖြစ်အပျက်မှာ အခြားသူများက မတော်တဆဖြစ်ပျက်ခြင်းများအဖြစ် မှတ်ယူခဲ့သည့် အခြားဖြစ်ရပ်များနှင့် အခြေအနေများ၏ ကြေးမုံပြင်တစ်ချပ်ဖြစ်ခဲ့သကဲ့သို့ ဒဿနိကပညာရှင်များက ဖြစ်တန်ရာများဟု မှတ်ယူသည်များအတွက်လည်း ကြေးမုံပြင်တစ်ချပ်ဖြစ်သည်။ ဤကဲ့သို့မှတ်ယူမှုများသည် စကြဝဠာစနစ်သည် မည်သို့အမှန်တကယ်လုပ်ဆောင်နေကြောင်း သတိမမူမိခြင်းအပေါ် အခြေခံသည်။ ဖန်ဆင်းခြင်းတွင် မတော်တဆ အမှုမဲ့အမှတ်မဲ့ ဖြစ်ခြင်းမျိုးမရှိပါ။

(သာမန် အီမာန်ယုံကြည်သူများကမပြောသော်လည်း အိုင်းစတိုင်းကမူ "ဘုရားသခင်သည် ကြွေအံမကစား"ဟူ၍ ပြောခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ စကြဝဠာကြီး၏ အစစ်မှန်ဆုံးသောဖန်ဆင်းရှင်သည် အရှင်မြတ်၏ အတုမရှိ တည်ရှိမှုနှင့် ဂုဏ်ကျက်သရေအပေါင်းဖြင့် ထင်ရှားပေသည်။ အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်တွင်

فَعَّالٌ لِّمَا يُرِيدُ ﴿١٦﴾

"မိမိ ရည်စူးတော်မူသောကိစ္စကို ပြီးမြောက်အောင်ဆောင်ရွက်တော်မူသော အရှင်ဖြစ်တော်မူ၏" ဟူ၍ ကြေညာ ထားသည်။

အခြေအနေများနှင့် အဖြစ်အပျက်များ ဖန်ဆင်းရာ၌ အဖြစ်အပျက်များ၏ အစီအစဉ်ကျနမှုနှင့် သဟဇာတ ဖြစ်ရန်မလိုဘဲ ဖန်ဆင်းသောအရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်ကို မည်သို့မျှ တွေးတောစဉ်းစား၍ မရချေ။ ဤသို့ လုပ်ဆောင်ရာတွင် ဖြစ်ရပ်မှန်ကို တစ်စုံတစ်ဦးသည် နားပင်မလည်နိုင်တော့ချေ။ သူနားမလည် သဘောမပေါက်သော အရာကို ၎င်းက မတော်တဆဟု မှတ်ယူတော့သည်။

သို့သော်လည်း မာလိက်အိဗ်နဒူအဲဗာရ်ဟုအမည်ရသည့် လူတစ်ဦးက ရေတွင်းသို့သွား၍ ရေပုံးကို အောက်ချ ခဲ့မှုကို ယူစုဖ်က အလွှာဟ်အရှင်မြတ်၏ အကူအညီ ကျရောက်လာပြီဟုမြင်ခဲ့သည်။ သူသည် ကြိုးကို ဆုပ်ကိုင်လိုက် သည်။ ပုံးသည် ရေမပါဘဲ အပေါ်တက်လာခဲ့သည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် လင်းဝင်းတောက်ပသော မျက်နှာနှင့် လှပချောမွေ့သူတစ်ဦး ပါလာခဲ့သည်။ ၎င်းသည် နောင်အနာဂတ်တွင် နာမ်ပိုင်းဆိုင်ရာ သာလွန်ကောင်းမြတ် သည့် လက္ခဏာရှိသူတစ်ဦး ဖြစ်သည်။ အနာဂတ်တွင် ၎င်းရရှိမည့် စစ်မှန်သော ကြီးကျယ်မှုထက် မလျော့သော အံ့မခန်းဖွယ်များ ပါဝင်သည်။ တအံ့တသြနှင့် နှစ်ခြိုက်မှုအပြည့်ဖြင့် ရေတွင်းထဲမှ အပေါ်တက်လာသည့် ငယ်ရွယ်ပျိုမျစ် ၍ အလားအလာကောင်းသောလူငယ်တစ်ဦးကို တွေ့ရှိရ၍ ၎င်းက يَٰبُشۡرَىٰ هَٰذَا غُلَٰمٞ "အို-ထူးဆန်းအံ့ဖွယ် ဖြစ်လှပေ သည်တကား (ဟု) အို-အလွန်ပင်ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်တကား) ဤကား သူငယ်တစ်ယောက်ပင်တည်း" ဟူ၍ ကြုံးဝါးခဲ့သည်။ ဆွတီးဟ်မုစ်လင်မ်ကျမ်းပါ မဲအ်ရာဂျ်ညဉ့် (ကောင်းကင်ခရီးတက်ရောက်ခြင်း)နှင့် ပတ်သက်သော ဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺက "ငါကိုယ်တော်သည် ယူစုဖ်ﷺကိုတွေ့ဆုံခဲ့သောအခါတွင် အလွှာဟ်အရှင် မြတ်က ၎င်းအား ကမ္ဘာတစ်ခုလုံး၏ တစ်ဝက်သောအလှဖြင့် ကောင်းချီးမင်္ဂလာပေးထားခဲ့ပြီး ကျန်တစ်ဝက်ကို အခြား တို့အပေါ် ဖြန့်ထားခဲ့ကြောင်း ကျွန်ုပ်တွေ့ခဲ့ရသည်" ဟု မိန့်ထားသည်။

ယင်းနောက် وَٱشَرُّوهُ بِضَٰعَةٗ "ထို့နောက် ယင်းခရီးသည်တစ်စုသည် ထိုယူစုဖ်အား ရောင်းကုန်ဝယ်ကုန် အဖြစ် လျှို့ဝှက်စွာ ထားရှိခဲ့ကြလေသည်"ဟု မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ မာလိက်အိဗ်နဲ အူအ်ဗရ်သည် ဤသူငယ်ကို သူပထမစတွေ့စဉ်က အမှတ်မထင် ဟစ်အော်မိပါသည်။ သို့ရာတွင် ကိစ္စရပ်နှင့် ပတ်သက်၍ ပြန်လည် တွေးတောမိသော အခါတွင် ဤကိစ္စကို မပေါက်ကြားစေရန် ဆုံးဖြတ်ခဲ့သည်။ ဤသူငယ်ကို အများတကာ မမြင်အောင် ဝှက်ထား၍ နောက်ပိုင်းတွင် ၎င်းကို ငွေကြေးအမြောက်အများနှင့် ရောင်းချနိုင်လိမ့်မည်။ သူက ကုန်သွယ်ယာဉ်တန်းပါ လူများ ဤကိစ္စကို မသိစေချင်သော အကြောင်းကား ၎င်းတို့သိသွားခဲ့လျှင် ရောင်းချရသည့်ငွေမှ ဝေစုပေးရမည်စိုး၍ ဖြစ်သည်။ သို့သော်လည်း ဖော်ပြချက်က ဆိုလိုနိုင်သေးသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများက ကိစ္စရပ်၏ အမှန်တရားကိုဖုံးကွယ်ကာ သူတို့ကိုယ်တိုင်ပင် ၎င်းအား ရောင်းကုန်ဝယ်ကုန်အဖြစ်ပြုလုပ်ခဲ့ကြသည်။ ဤသည် အတိုင်း ဆင့်ပြန်ချက်အချို့တွင်ပါရှိသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺရေတွင်းထဲရှိနေစဉ်တွင် ယဟူဒါသည် ၎င်းထံ အစား အသောက်များ နေ့စဉ်ပို့ပေးလေ့ရှိခဲ့သည်။ တတိယမြောက်နေ့၌ စိုက်ယိဒိနာယူစုဖ်ﷺကို ရေတွင်းထဲတွင် မတွေ့ရ သောအခါ သူ့အစ်ကိုများထံ ပြန်သွား၍ အဖြစ်အပျက်ကို ပြောကြားခဲ့သည်။ သူတို့ အတူတကွ ထိုနေရာသွားရောက်၍

စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်။ ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺကို ကုန်သွယ်ယာဉ်တန်းမှ လူများနှင့်အတူ တွေ့ရှိခဲ့ရသည်။ ညီအစ်ကိုများက "ဤသူငယ်သည် ကျွန်ုပ်တို့၏ကျေးကျွန်ဖြစ်သည်။ သူလွတ်မြောက်ထွက်ပြေးခဲ့၍ အသင်တို့၏ပိုင်ဆိုင်မှုတွင် ရှိနေသည်ဆိုခြင်းက အသင်တို့ မကောင်းမှုတစ်ရပ် လုပ်ထားခြင်းပင်ဖြစ်သည်။ မာလိက်အိပ်နဒူအ်ဗာရ်နှင့်သူ၏ အပေါင်းအသင်းတို့က ၎င်းတို့အား သူခိုးဟု အစွပ်စွဲခံရမည်ကို ကြောက်ရွံ့ကြပါသည်။ ထို့ကြောင့် သူတို့က ထိုသူငယ်ကို သူ့အစ်ကိုများထံမှ ဝယ်ယူနိုင်ရန် စကားပြောခဲ့သည်။

ထို့ကြောင့် အာယသ်တော်က ဆိုလိုနိုင်သည်မှာ စိုက်ယိဒိနာယူစုဖ် ﷺ၏ အစ်ကိုများသည် စိုက်ယိဒိနာယူစုဖ်ﷺကို ရောင်းကုန်ဝယ်ကုန်တစ်ခုအဖြစ် သတ်မှတ်ကာ ရောင်းချခဲ့ပါသည်။ ယင်းနောက် وَاللَّهُ عَلِيمٌ بِمَا يَعْمَلُونَ "သို့ရာတွင် အလ္လာဟ်အရှင်မြတ်မှာမူကား ၎င်းတို့ပြုမူလျက်ရှိသည်တို့ကို ကောင်းမွန်စွာသိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူခဲ့ပေသတည်း"ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ပြီးပြည့်စုံသော ဉာဏ်တော်အရ ယူစုဖ်ﷺ၏အစ်ကိုများက ဘာလုပ်မည်ဆိုသည်ကို ပြည့်ပြည့်ဝဝသိရှိနားလည်ထားပါသည်။ ၎င်းနောက် သူ့အားဝယ်ယူမည့်ကုန်သွယ်ယာဉ်တန်းမှလူများ ဘာလုပ်မည်ဆိုသည်ကိုလည်း သိရှိတော်မူသည်။ အလ္လာဟ်အရှင်မြတ်တွင် ထိုလူစုနှစ်စု၏ အစီအမံများပျက်ပြယ်နိုင်သည့် တန်ခိုးအာဏာရှိသော်လည်း ထိုအရှင်၏ အသိဉာဏ်ကြွယ်သော ကျိုးကြောင်းဆင်ခြင်မှုများအရ ၎င်းတို့၏အစီအမံများ အကောင်အထည်ပေါ်စေတော်မူပါသည်။

ဤပါကျထဲတွင် အိပ်နကဆီးရ်၏အဆိုအရ တမန်တော်မြတ်ﷺအတွက် လမ်းညွှန်မှု အကြောင်းအချက်တစ်ခုပါဝင်သည်။ ဤသည်က ကိုယ်တော်မြတ်ကို ပြောကြားသည်မှာတမန်တော်မြတ်ﷺအား ၎င်း၏လူများက လုပ်ဆောင်နေကြသည်မှာ (သို့မဟုတ်) အနာဂတ်တွင်လုပ်ဆောင်မည့်ကိစ္စများသည် အလ္လာဟ်အရှင်မြတ်၏အသိပညာနှင့်တန်ခိုးအာဏာအဝန်းအဝိုင်းအပြင်တွင် မရှိချေ။ အားလုံး အလ္လာဟ်သိတော်မူပေသည်။ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် အရာရာတိုင်းကို တစ်မုဟုတ်ချင်း ပြောင်းလဲစေနိုင်တော်မူသည်။ သို့သော်လည်း အသိဉာဏ်အရ ထိုသူများကို ဤအချိန်တွင် ၎င်းတို့၏အစွမ်းကို ပြသခွင့်ပေးခဲ့သည်။ အဆုံး၌ ထိုသူများအပေါ် တမန်တော်မြတ်ﷺလွှမ်းမိုးအောင်နိုင်စေသည်က အမှန်တရားသည် ထိုသူများအပေါ် အောင်နိုင်ခြင်းပင်ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺနှင့် ပတ်သက်၍လည်း ထိုသို့ပင် လုပ်ဆောင်ခဲ့ပါသည်။

အာယသ်(၂၀)သည် وَشَرَوْهُ بِثَمَنٍ بَخْسٍ دَرَاهِمَ مَعْدُودَةٍ "ထို့နောက် နောင်တော်များသည် ထိုယူစုဖ်အား အနည်းငယ်မျှသော အဘိုး ဒိရ်ဟမ် ငွေဒင်္ဂါးများဖြင့် ရောင်းချခဲ့လေသည်"ဟူသော စကားလုံးများဖြင့် အစပြုထားသည်။ အရဗီဘာသာတွင် دَرَاهِمَ (ရှိရာ)ဟူသောစကားလုံးကို ဝယ်ခြင်းနှင့်ရောင်းခြင်း နှစ်မျိုးစလုံးအတွက် သုံးနှုန်းသည်။ ဤနေရာ၌ အဓိပ္ပာယ်နှစ်ခုစလုံးဖြစ်နိုင်သည်။ အကယ်၍ နာမ်စားသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများဘက် လှည့်မည်ဆိုလျှင် ရောင်းခြင်းဟု ဆိုလိုလိမ့်မည်။ ထို့နောက် အကယ်၍ ကုန်သွယ်ယာဉ်တန်းမှ လူများဘက်မှဆိုလျှင် ယင်းမှာ ဝယ်ခြင်းကိုဆိုလိုလိမ့်မည်။ ထို့ကြောင့် ဆိုလိုရင်းသည် အဖိုးစားနား အနည်းငယ်မျှဖြင့်ဆိုလိုသည်မှာ ရေတွက်၍ရသော ဒိရ်ဟမ်အနည်းငယ်မျှဖြင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများက ၎င်းကို ရောင်းချခဲ့သည်။ သို့မဟုတ် ယာဉ်တန်းမှ ကုန်သည်များက ဝယ်ယူခဲ့သည်" ဟူ၍ ဖြစ်သည်။

အလ်ကုရ်သုဗီက "အာရစ်ကုန်သည်များသည် ရောင်းဝယ်ဖောက်ကားမှုတွင် ငွေကြေးပမာဏ ကြီးမားပါက အချိန်အတွယ်ဖြင့် အပေးအယူလုပ်ကြသည်။ အကယ်၍ တန်ဖိုးငွေသည် လေးဆယ်မကျော်လျှင် ရေတွက်၍ ငွေချေကြသည်" ဟုပြောခဲ့သည်။ ထို့ကြောင့် دَرَاهِمَ(ဒိရ်ရာဟီမ် = ဒိရ်ဟမ် ငွေဒင်္ဂါး၏ ဗဟုဝုစ်ဂိန်း)နှင့် အတူ مَعْدُودَةٍ (မအ်ဒူဒါဟ် = အနည်းငယ်မျှ)ဟူသော စကားလုံးတွဲသုံးထားခြင်းက ဒိရ်ဟမ်အရေအတွက်သည် ၄၀ အောက်ဟု

ကျွန်ပ်တို့ကို ပြောပါသည်။ စိုက်ယိဒိနာအဗ်ဒွလ္လာဟ် အိဗ်နု မတ်စ်အူးဒ်ﷺ၏ ခိုင်လုံချက်ကို ကိုးကား၍ အိဗ်နုကဆီးရ်က ရေးသားခဲ့သည်မှာ ရောင်းဝယ်မှုသည် ဒိရ်ဟမ် နှစ်ဆယ်နှင့် ပြီးမြောက်သွား၍ အစ်ကို ဆယ်ယောက်က တစ်ယောက် ဒိရ်ဟမ်နှစ်ပြားစီ ခွဲဝေယူကြသည်။ ဒိရ်ဟမ် အရေအတွက် အတိအကျနှင့် ပတ်သက်၍ အခြားဆင့်ပြန်ချက်များ၌ နှစ်ဆယ့်နှစ်နှင့်လေးဆယ်ဟု တင်ပြထားခဲ့ကြသည်။ (အိဗ်နုကဆီးရ်)

အာယသ်၏ နောက်ဆုံးဝါကျတွင် وَكَانُوا فِيهِ مِنَ الزَّاهِدِينَ "အမှန်မှာမူကား ၎င်းတို့သည် ယင်းယူစုဖ်အား မလိုလားသူများပင် ဖြစ်ခဲ့ကြကုန်သတည်း" တွင်ပါသော الزَّاهِدِينَ (အဇ်ဈားဟိဒီးန်)ဟူသော စကားလုံးသည် ဇာဟိဒ် ဟူသောစကားလုံး၏ အများကိန်းဖြစ်ကာ ဇုဟ်ဒ်ဟူသောစကားလုံးမှ ဆင်းသက်သည်။ စာပေဝေါဟာရအရ ဇုဟ်ဒ် ဆိုသည်မှာ သံယောဇဉ်မရှိ၊ စိတ်ဝင်စားမှုမရှိခြင်းဖြစ်သည်။ အသုံးအနှုန်းတွင် လောကီဘဝတွင် ဥစ္စာပစ္စည်းနှင့် ပိုင်ဆိုင်မှုတို့အပေါ်၌ စိတ်ဝင်စားမှုမရှိခြင်း (သို့မဟုတ်)ရှောင်ရှားခြင်းတို့အတွက် ဇုဟ်ဒ်ဟု ရည်ညွှန်းသည်။ အာယသ်တော်၏ ဆိုလိုရင်းမှာ စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများမှာ စင်စစ်တွင် ဤကိစ္စရပ်၌ ၎င်းတို့အတွက် ငွေကြေးအမြတ်အစွန်း ရရှိရန် စိတ်မဝင်စားချေ။ ၎င်းတို့၏ စစ်မှန်သော ရည်ရွယ်ချက်မှာ စိုက်ယိဒိနာယူစုဖ်ﷺကို ၎င်းတို့ ဖခင်ကြီးထံမှ ခွဲထားရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ဒိရ်ဟမ်အနည်းငယ်မျှဖြင့် အရောင်းအဝယ် ပြုလုပ်ခဲ့ကြသည်။

အာယသ် (၂၁-၂၃)

وَقَالَ الَّذِي اشْتَرَاهُ مِنْ مِصْرَ لِامْرَأَتِهِ أَكْرِمِي مَثْوَاهُ عَسَىٰ أَنْ يَنْفَعَنَا أَوْ نَتَّخِذَهُ وَلَدًا ۚ وَكَذَٰلِكَ مَكَّنَّا لِيُوسُفَ فِي الْأَرْضِ وَلِنُعَلِّمَهُ مِنْ تَأْوِيلِ الْأَحَادِيثِ ۚ وَاللَّهُ غَالِبٌ عَلَىٰ أَمْرِهِ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَعْلَمُونَ ﴿٢١﴾
وَلَمَّا بَلَغَ أَشُدَّهُ آتَيْنَاهُ حُكْمًا وَعِلْمًا ۚ وَكَذَٰلِكَ نَجْزِي الْمُحْسِنِينَ ﴿٢٢﴾
وَرَاوَدَتْهُ الَّتِي هُوَ فِي بَيْتِهَا عَنْ نَفْسِهِ وَغَلَّقَتِ الْأَبْوَابَ وَقَالَتْ هَيْتَ لَكَ ۚ قَالَ مَعَاذَ اللَّهِ إِنَّهُ رَبِّي أَحْسَنَ مَثْوَايَ ۖ إِنَّهُ لَا يُفْلِحُ الظَّالِمُونَ ﴿٢٣﴾

အီဂျစ်ပြည်မှ ထိုယူစုဖ်အားဝယ်သူက မိမိဇနီးအား "အသင်သည် ထိုယူစုဖ်ကို ဂုဏ်ရှိစွာဖြင့် ထားပါလေ၊ ၎င်းသည် ကျွန်ုပ်တို့အား အကျိုးပေးကောင်း ပေးပါလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်တို့သည် ၎င်းအား သားအဖြစ် မွေးစားထားကြမည်ဟု ပြောလေသည်။ ၎င်းပြင် ဤကဲ့သို့ပင် ငါအရှင်မြတ်သည် ယူစုဖ်အား (ထို) တိုင်းပြည်၌ နေရာပေးတော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စကားများ၏ အနက်သဘောကို သင်ကြားပြသတော်မူရန်အလို့ငှာ ဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကိစ္စ(အဝဝ)ကို နိုင်နင်းတော်မူသောအရှင်မြတ်ဖြစ်သည်။ သို့ရာတွင် လူသားတို့အနက် အများစုသည် မသိကြပေ။ [၂၁]

ထို့နောက် ယင်းယူစုဖ်သည် မိမိ ရင့်သန်သောအရွယ်သို့ ရောက်လတ်သော် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စိုးမိုးအုပ်ချုပ်မှုကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ စင်စစ်သော်ကား ငါအရှင်မြတ်သည်

ကောင်းမြတ်သောသီလရှင်တို့အား ဤနည်းအတိုင်းပင် အကျိုး ကျေးဇူး ပေးတော်မူပေသတည်း။ [၂၂]

ထို့နောက် အကြင်မိန်းမသည် ယင်းယူစုဖ်အား ၎င်း၏စိတ်သဘောနှင့်ဆန့်ကျင်ကာ ချော့မော့၍ မြှူဆွယ်ခဲ့လေသည်။ ယင်းယူစုဖ်သည် ထိုမိန်းမ၏အိမ်တွင် (နေထိုင်လျက် ရှိခဲ့၏။) ၎င်းပြင် ထိုမိန်းမသည် တံခါးများကို (လုံခြုံ စွာ)ပိတ်၍ (ယူစုဖ်အား) လာပါလေ၊ (ကျွန်ုပ် အသင့်အဖို့ အသင့်ရှိနေပြီ)ဟု ပြောဆို (ဖိတ်ခေါ်)ခဲ့လေသည်၊ (ထိုအခါ) ယင်းယူစုဖ်က (ဤသို့)ပြောဆို (ငြင်းဆန်)ခဲ့လေသည်။ (ကျွန်ုပ် ဤပြစ်မှုကို ကျူးလွန်ခြင်းမှ ကင်းလွတ်ရန်) အလွန်ဟ်အရှင်မြတ်၏ အကာအကွယ်ကို ယူလိုပါသည်။ ဇကန် စင်စစ် ထိုအရှင်မြတ်သည် ကျွန်ုပ်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏ နေရာထိုင်ခင်းကို ကောင်းမွန်စွာ ပြုလုပ်ပေးသနားတော်မူခဲ့လေသည်။ ဇကန်အမှန် မတော်မတရားကျူးလွန်သောသူတို့သည် အောင်မြင်ကြသည်မဟုတ်ပေ။[၂၃]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ အစောပိုင်းက အဖြစ်အပျက်များကို ဖော်ပြထားခဲ့သည်။ ယင်းထဲတွင် ကုန်သွယ်ယာဉ်တန်းမှလူများက သူ့အား ရေတွင်းထဲမှ မည်သို့ဆယ်တင်ခဲ့ပုံ၊ ၎င်းနောက် အစ်ကိုများက ၎င်းအား ထွက်ပြေးတိမ်းရှောင်နေသည့်ကျေးကျွန်တစ်ဦးအဖြစ်သတ်မှတ်၍ ဒိရ်ဟမ်အနည်းငယ်မျှဖြင့် ရောင်းချခဲ့ပုံတို့ ပါဝင်သည်။ ပထမဦးစွာ အစ်ကိုများသည် ၎င်းတို့၏ ကြီးကျယ်သောညီငယ်၏ အဆင့်နှင့်တန်ဖိုးကို မသိကြပါ။ ဒုတိယမှာ သူတို့၏ စစ်မှန်သောရည်ရွယ်ချက်သည် ၎င်းအားရောင်း၍ ငွေရစေရန်မဟုတ်ဘဲ သူ့ကို ဖခင်နှင့် ကွဲကွာသွားစေရန်သာ ဖြစ်သည်။ ထို့ကြောင့် အစ်ကိုများသည် ၎င်းအား ရောင်းချပြီးသည်နှင့် မရပ်ဘဲ ကုန်သည်ယာဉ်တန်းသည် သူ့ကို တစ်နည်းမဟုတ်တစ်နည်းနှင့် ချန်ရစ်ထား၍ ၎င်းသည် တစ်နည်းမဟုတ်တစ်နည်းနှင့် ဖခင်ကြီးထံပြန်ရောက်သွားကာ သူတို့၏ ပူးပေါင်းကြံစည်မှုကို ဖခင်ကြီးအား ပြန်ပြောပြမည်ကို စိုးရိမ်ထိတ်လန့်နေခဲ့ကြသည်။ ထို့ကြောင့် သဖိစီရ်ပညာရှင် မုဂျာဟိဒ်၏တင်ပြချက်အရအစ်ကိုများသည် ကုန်သွယ်ယာဉ်တန်းက အီဂျစ် နိုင်ငံထွက်ခွာသည်အထိ စောင့်နေခဲ့ကြသည်။ ကုန်သွယ်ယာဉ်တန်း အမှန်တကယ် ထွက်ခွာသွားခဲ့သောအခါတွင် အစ်ကိုများသည် ခရီးအကွာအဝေးတစ်ခုတိုင် ကုန်သွယ်ယာဉ်တန်းနှင့်အတူလိုက်၍ ဤသူငယ်သည် ထွက်ပြေးတတ်သည့် အကျင့်ရှိကြောင်း ၎င်းအား လွတ်လွတ်လပ်လပ်မထားသင့်ကြောင်း၊ တုပ်နှောင်ထားပါက ပိုကောင်းကြောင်း၊ ခရီးသွားကုန်သည်များကို လမ်းတစ်လျှောက် သတိပေးခဲ့သည်။

ထို့ကြောင့် ကုန်သွယ်ယာဉ်တန်းမှ ခရီးသည်မှာ သူတို့သယ်ဆောင်လာသည့် အဖိုးတန်ကုန်ပစ္စည်းအကြောင်း သတိမမူမိဘဲ ထိုအခြေအနေအတိုင်း အီဂျစ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။ (သဖိစီရ် အိဗနိုကဆီးရ်)

လက်ရှိအာယသ်များထဲတွင် အဖြစ်အပျက်အား ဖော်ပြထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာဝဇ္ဇန်းရွှင်မှုနှင့် တိုတိုတုတ်တုတ်ရှိမှုကို ဖော်ပြထားသည်။ နားလည်လွယ်ကူသော အဖြစ်အပျက်၏ အစိတ်အပိုင်းတို့အား မလိုအပ်ဘဲ မဖော်ပြပါ။ ပမာဆိုသော် ကုန်သည်ယာဉ်တန်း အီဂျစ်သို့သွားရာ ခရီးစဉ် အဆင့်ဆင့်နှင့် အီဂျစ်ပြည်၌ စိုက်ယိဒိနာယူစုဖ်ﷺအား ရောင်းချခြင်းတို့ ဖြစ်ပါသည်။ ဤအကြောင်းအရာ အားလုံးကို ချန်လှပ်ထားခဲ့ပါသည်။ ဤ

သည်မှာ ဆက်လက်၍ وَ قَالَ الَّذِى اشْتَرٰىهُ مِنْ مِّصْرَ لِامْرَاَتِهٖۤ اَكْرِمِىْ مَثْوٰىهُ "အီဂျစ်ပြည်မှ ထို(ယူစုဖ်)အား ဝယ်ယူကာ မိမိဇနီးအား 'အသင်သည် ထို(ယူစုဖ်)ကို ဂုဏ်ရှိစွာဖြင့်ထားပါလေ' . . . "ဟူ၍ မိန့်ကြားထားသည်။

သဖိစီရ်အလ်ကုရ်တွဂ်ဗီအရ ကုန်သွယ်ယာဉ်တန်းသည် အီဂျစ်သို့ ရောက်ရှိပြီး စိုက်ယိဒိနာယူစုဖ်ﷺအား ရောင်းချခဲ့သောအခါ၌ လူအများသည် အဖိုးအခ တိုးမြှင့်ပေးကာ အပြိုင်အဆိုင် ဝယ်ယူကြပါသည်။ အဖိုးအခမည်မျှ အထိ တိုးတက်သွားသနည်းဟူမူ သူ၏ ကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေ၊ ကတိုးနှံ့သာနှင့် ပိုးဖဲတို့အထိ တိုးမြင့်သွားပါသည်။

သို့ရာတွင် အလ္လာဟ်တအာလာသည် ထိုစဉ်အခါက အီဂျစ်တွင် တန်ခိုးအာဏာ အရှိဆုံးသူဖြစ်သည့် အဇီးဇ်အား ဤလူသားရုတနာကို ရရှိစေပါသည်။ အဇီးဇ်သည် ဈေးအများဆုံးပေးကာ စိုက်ယိဒိနာယူစုဖ်ﷺအား ဝယ်ယူခဲ့ပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်ပါ အဆိုအမိန့်များမှ ကျွန်ုပ်တို့သိရှိပြီးဖြစ်သည်မှာ ဤအဖြစ်အပျက်များ အားလုံးတို့သည် မတော်တဆ ဖြစ်မှုများမဟုတ်ပါ။ ထိုသို့မဟုတ်မူဘဲ ဤအရာအားလုံးတို့သည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်၏ အံ့မခန်းဖွယ်ရာအစီအမံကို ထိုအရှင်ကိုယ်တော်တိုင် အသက်ဝင်စေခြင်း၏ အစိတ်အပိုင်းများ ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺအီဂျစ်နိုင်ငံ၏ အမြင့်တက္ကသိုလ်ဆုံးသူကဝယ်ယူခြင်းဆိုသည့် ကံ့ကြိမ်မှာ၏ ဖိတ်ခေါ်မှုပင် ဖြစ်သည်။ အိဝနိကဆီးရ်၏အဆိုအရ စိုက်ယိဒိနာယူစုဖ်ﷺအား ဝယ်လိုက်သောသူသည် အီဂျစ်ပြည်၏ ဘဏ္ဍာရေးဝန်ကြီး ဖြစ်ပါသည်။ ၎င်း၏ အမည်ကို 'ကသ်ဖိုးရ်' သို့မဟုတ် 'အသ်ဖိုးရ်'ဟု ဖော်ပြထားပါသည်။ ထိုစဉ်အခါက အီဂျစ်နိုင်ငံဘုရင်သည် ရာအ်ယံအိဝ်နအုဇိုက်ဖြစ်ကာ အမလ်ကိုက်မျိုးနွယ်ဝင်ဖြစ်ပါသည်။ (၎င်းသည် နောက်ပိုင်း၌ စိုက်ယိဒိနာယူစုဖ်ﷺထံတွင် အစွလာမ်သို့သက်ဝင်ယုံကြည်ခဲ့ပါသည်။) ၎င်းနောက် သူသည် စိုက်ယိဒိနာယူစုဖ်ﷺရှိနေစဉ်တွင် မုစ်လင်မ်တစ်ဦးအဖြစ် ကွယ်လွန်ခဲ့သည်။(မဇ်ဟီရီ) စိုက်ယိဒိနာယူစုဖ်ﷺအား ဝယ်ယူခဲ့သော အီဂျစ်ပြည်သား အဇီးဇ်၏ ဇနီးသည်အမည်ကို ရအီးလ် သို့မဟုတ် ဇူလိုင်ခါဟု ဖော်ပြထားသည်။ ထို့ကြောင့် ကိသ်ဖီးရ် (ပိုတီဖာ)ဟုခေါ်သော အဇီးဇ်က သူ၏ ဇနီးသည်အား စိုက်ယိဒိနာယူစုဖ်ﷺကို ကောင်းမွန်သော နေရာထိုင်ခင်းပေးရန်၊ အခြားသော သာမန်ကျေးကျွန်များကဲ့သို့ ၎င်းအားမဆက်ဆံရန်နှင့် ၎င်းအား ကောင်းမွန်သောအစီအမံများ ပြုလုပ်ပေးရန် ညွှန်ကြားခဲ့ပါသည်။

စိုက်ယိဒိနာအိဝ်နမတ်စ်အူးဒ်ﷺက ပြောသည်မှာ - ကမ္ဘာပေါ်တွင် ကြန်အင်လက္ခဏာကို အကဲဖြတ်နိုင်သူအကောင်းဆုံး သုံးဦးရှိပါသည်။ (၁) အီဂျစ်ပြည်မှ အဇီးဇ်သည် စိုက်ယိဒိနာယူစုဖ်ﷺအား ရုပ်ဆင်းလက္ခဏာမှနေ၍ အတွင်းပိုင်းဆိုင်ရာ ကောင်းမြတ်ခြင်းကိုဖော်ထုတ်နိုင်ကာ သူ၏ဇနီးသည်အား ညွှန်ကြားချက်ပေးခဲ့ပါသည်။ (၂) စိုက်ယိဒိနာရှုအိုက်ဗ်ﷺ၏ သမီးတော်ဖြစ်ပြီး ၎င်းအား စိုက်ယိဒိနာမူစာﷺနှင့်ပတ်သက်၍ သူမ၏ ဖခင်အား يٰۤاَبَتِ اسْتَاْجِرْهُ ۖ اِنَّ خَيْرَ مَنِ اسْتَاْجَرْتَ الْقَوِىُّ الْاَمِيْنُ "ဇကန်မလွဲ အသင့်ဖခင်သည် (သူရင်းငှားအဖြစ်) ငှားအံ့သော သူတို့တွင် ခွန်အားရှိသူ၊ ယုံကြည်စိတ်ချအပ်သောသူသည် အကောင်းဆုံးပင်ဖြစ်ပါသည် (၂၈း၂၆)"ဟု ပြောဆိုလေသည်။ (၃) တတိယပုဂ္ဂိုလ်မှာ စိုက်ယိဒိနာအဗူဘကရ်ﷺ ဖြစ်ပါသည်။ ၎င်းက တမန်တော်မြတ်ﷺ မရှိသည့်နောက် စိုက်ယိဒိနာအုမရ်ﷺအား ခလီဖာအဖြစ် ရွေးချယ်ခဲ့ပါသည်။ (အိဝနိကဆီရ်)

အာယသ်တော်၏ နောက်ဝါကျမှာ وَ كَذٰلِكَ مَكَّنَّا لِيُوْسُفَ فِى الْاَرْضِ "၎င်းပြင် ဤကဲ့သို့ပင် ငါအရှင်မြတ်သည် ယူစုဖ်အား (ထို)တိုင်းပြည်၌ နေရာပေးတော်မူခဲ့လေသည်။" ဟူ၍ ဖြစ်သည်။ ဤထဲ၌ နောင်အနာဂတ်တွင် ဘာဖြစ်လိမ့်မည်ဟူသော ကောင်းသတင်းပါပါသည်။ ဆိုလိုသည်မှာ အဇီဇ်၏အိမ်သို့ ထိုစဉ်အခါက ကျွန်အဖြစ်ရောက်ရှိ

သွားခဲ့သော စိုက်ယိဒိနာယူစုဖ်ﷺသည် များမကြာမီ အီဂျစ်ပြည်၏ ရာထူးအမြင့်ဆုံးသောသူဖြစ်သွားကာ သူ၏ လက်ဝယ် အုပ်ချုပ်မှုအာဏာ ရရှိသွားပါလိမ့်မည်။

ဤသည်၏နောက်တွင် ဆက်တိုက်ဖော်ပြထားသော وَلِنُعَلِّمَهٗ مِنْ تَاْوِيْلِ الْاَحَادِيْثِ "ငင်းပြင် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စကားများ၏ အနက်သဘောကို သင်ကြားပြသတော်မူရန် အလို့ငှာဖြစ်သည်"ဟူသော အဆိုအမိန့်ဝါကျ၏ အစတွင်ရှိသော وَ (ဝေါ်) စကားလုံးအား عطف (အတွဲဖ်၊ ဆက်စပ်ခြင်း)ဟုမှတ်ယူခဲ့ပါက ယင်းဝါကျကို နားလည်သဘောပေါက်ပြီးဟုယူဆကာ ယင်းဝါကျက "အလ္လာဟ်အရှင်သည် ယူစုဖ်အား (ထို)တိုင်းပြည်၌ နေရာပေးတော်မူခဲ့လေသည်။ သို့မှသာ သူသည် သာတူညီမျှဖြစ်ခြင်း၊ တရားမျှတခြင်းတို့ဖြင့် ကမ္ဘာကြီးအား ငြိမ်းချမ်းသာယာမှု ရှိစေပါမည်။ ထိုင်းပြည်ရှိလူများ၏ ဘောဂဗလဆိုင်ရာနှင့် လူမှုဆက်ဆံရေးဆိုင်ရာ တိုးတက်ကောင်းမွန်မှုများကို လုပ်ဆောင်ပါလိမ့်မည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် သူ့အား "စကားများ၏ အနက်သဘောကို သင်ကြားပေးတော်မူမည်"ဟူ၍ ဆိုလိုပါလိမ့်မည်။ နောက်ဆုံးစကားပိုဒ်၏ ယေဘုယျဆိုလိုချက်ထဲတွင် ဝဟီအား နားလည်သဘောပေါက်ခြင်း၊ ယင်းအား လက်တွေ့ကျင့်သုံးခြင်းနှင့်အသိပညာအတွက် ပံ့ပိုးမှုနယ်ပယ်အားလုံးမှ ရရှိစေခြင်းနှင့် အိပ်မက်များအား မှန်ကန်စွာအဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ ပါဝင်ပါသည်။

အာယသ်(၂၁)သည် وَاللّٰهُ غَالِبٌ عَلٰٓى اَمْرِهٖ "ငင်းအလ္လာဟ်အရှင်မြတ်သည် မိမိ၏ကိစ္စ(အဝဝ)ကို နိုင်နင်းတော်မူသောအရှင်ဖြစ်သည်"ဟူသောအဆိုအမိန့်ဖြင့် အဆုံးသတ်ထားသည်။ တစ်နည်းအားဖြင့်ဆိုရသော ဤသည်က ဆိုလိုသည့် အလ္လာဟ်တအာလာသည် တန်ခိုးတော်နှင့်ပြီးပြည့်စုံကာ အရှင်မြတ်ဆန္ဒရှိသည်များအပေါ်၌ ပြည့်ပြည့်ဝဝ ထိန်းချုပ်နိုင်တော်မူပါသည်။ ငင်းနောက် အရှင်ဆန္ဒရှိတော်မူသည့်အတိုင်း လုပ်တော်မူပါသည်။ ဤကမ္ဘာတွင်ရှိ အပြင်ပိုင်းဆိုင်ရာ အကြောင်းတရားကွင်းဆက်များသည် အရှင့်ဆန္ဒတော်အတိုင်း စတင်လုပ်ဆောင်ရပါသည်။ ယင်းနှင့် ပတ်သက်၍ ဟဒီးဆ်တစ်ပုဒ်ထဲတွင် တမန်တော်မြတ်ﷺသခင်က မိန့်တော်မူခဲ့သည်မှာ "အလ္လာဟ်တအာလာသည် တစ်စုံတစ်ခုပြုလုပ်တော်မူရန်ရည်စူးပါက ကမ္ဘာကြီး၏အကြောင်းတရားများသည် ဆန္ဒတော်နှင့်လျော်ညီစွာ လုပ်ဆောင်ရန် အဆင်သင့်ဖြစ်စေပါတော်မူသည်" ဟူ၍ဖြစ်သည်။ သို့ရာတွင် ဝါကျ၏နောက်ဆုံးပိုင်း၌ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ လူတော်တော်များများသည် ဤစစ်မှန်ချက်ကို နားလည် သဘောမပေါက်ကြပါ။ ထိုသူများသည် ထင်ရှားလှသောအကြောင်းတရားများကို မျက်ဝါးထင်ထင်တွေ့ရှိကြပါသည်။ ဤသူတို့သည် ဤအကြောင်းအရာများကို အရာတိုင်းအားလုံး ဤသို့ဖြစ်သည်ဟု မှတ်ယူကြပြီး တစ်ချိန်လုံး ထိုအတိုင်း လိုက်နာဆောင်ရွက်နေကြပါသည်။ အကြောင်းတရားများအားလုံး ဖြစ်ပေါ်စေသောအရှင်နှင့် အရာရာတိုင်းအပေါ်၌ အကြွင်းမဲ့တန်ခိုးအာဏာ ပိုင်စိုးနိုင်တော်မူသော အရှင်ရှိသည်ဆိုသော အတွေးကိုမူ ထိုသူများ တစ်ခါတလေမျှပင် မတွေးမိကြပါ။

ဒုတိယအာယသ်(၂၂)၏ပထမဝါကျထဲ၌ وَلَمَّا بَلَغَ اَشُدَّهٗٓ اٰتَيْنٰهُ حُكْمًا وَّعِلْمًا "ထို့နောက် ယင်းယူစုဖ်သည် မိမိရင့်သန်သောအရွယ်သို့ရောက်လတ်သော် ငါအရှင်မြတ်သည် ထိုယူစုဖ်အား စိုးမိုးအုပ်ချုပ်မှုကိုလည်းကောင်း၊ အသိပညာကိုလည်းကောင်း ချီးမြှင့်ပေးသနားတော် မူခဲ့လေသည်" ဟူ၍ မိန့်ထားသည်။

ရင့်သန်သောအရွယ်ကို သူအသက်မည်မျှရှိမှ ရောက်ရှိခဲ့ပါသနည်း။ ဤတွင် ဋီကာရှင်များကွဲပြားခြားနားကြပါသည်။ စိုက်ယိဒိနာ အိဗနိအဗ္ဗာစ်ﷺ၊ မူဂျာဟိဒ်နှင့် ကသာဒဟ်ﷺတို့က ပြောကြသည်မှာ သူ၏အသက်(၃၃)တွင် ရောက်ရှိခဲ့သည်ဟူ၍ ဖြစ်သည်။ ဒါဟာက်ﷺက အသက်(၂၀)ဟု သတ်မှတ်ကာ ဟစန်အလ်ဗဆရီﷺက အသက်(၄၀)ဟု သတ်မှတ်သည်။ သို့သော်လည်း အားလုံးသောဋီကာရှင်တို့က ဤနေရာပါ ယူစုဖ်ﷺအပေါ်၌ အသိဉာဏ်ပညာပေးအပ်သည်ဆိုသည်မှာ တမန်တော်ဖြစ်ခြင်း၊ နဗူဝသ်ပေးအပ်ခြင်းဖြစ်သည်ဟု သဘောတူညီကြသည်။ ဤသည်က

ကျွန်ုပ်တို့အားပြောသည်မှာ စိုက်ယိဒိနာယူစုဖ် ﷺ အဲဂျစ်ပြည်သို့ရောက်ရှိပြီး အချိန်အတော်ကြာမှ နဗူဝသ်အပ်နှင်းခံခဲ့ရသည်ဆိုကြောင်းနှင့် သူရေတွင်းထဲတွင်ရှိနေစဉ်တွင် သူအပေါ်သို့ ကျရောက်ခဲ့သောဝဟီသည် နဗူဝသ်နှင့် ယှဉ်တွဲသည့် ဝဟီမျိုးမဟုတ်ဆိုကြောင်း ဖြစ်ပါသည်။ ဤကဲ့သို့သော ဝဟီမျိုးသည် စာပေသဘောအရ နဗီမဟုတ်သောသူများအပေါ်သို့မှာလည်း ကျရောက်နိုင်ကာ စိုက်ယိဒိနာမူစာ ﷺ၏ မိခင်အပေါ်၌ လည်းကောင်း၊ စိုက်ယိဒိနာမရ်ယာန်သခင်မအပေါ်၌လည် ကောင်း ကျရောက်ခဲ့သောဝဟီများကဲ့သို့ ဖြစ်ပါသည်။

ဒုတိယအာယသ်(၂၂)၏ ဒုတိယဝါကျထဲ၌ "وَكَذٰلِكَ نَجْزِي الْمُحْسِنِيْنَ စင်စစ်သော်ကား ငါအရှင်မြတ်သည် ကောင်းမြတ်သော သီလရှင်တို့အား ဤနည်းအတိုင်းပင် အကျိုးကျေးဇူးပေးတော်မူပေသတည်း။" ဟူ၍ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ စိုက်ယိဒိနာယူစုဖ် ﷺအား သတ်ဖြတ် သုတ်သင်ခြင်းမှ ကယ်တင်ခြင်း သူ့အား ဂုဏ်ကျက်သရေနှင့် အာဏာရစေခြင်းတို့သည် သူ၏ ဖြောင့်မတ်မှန်ကန်မှု၊ အလွှာဟ်အရှင်အား ကြောက်ရွံ့ရိုသေမှုနှင့် ကောင်းမှု ကောင်းရပ်များ လုပ်မှုတို့၏ရလဒ် ဖြစ်ပါသည်။ ဤကဲ့သို့ ဆုလာဘ်ချီးမြှင့်ခြင်းမျိုးတို့သည် သူအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ တကယ်ဆိုရသော် မည်သူမဆို သူလုပ်ဆောင်သကဲ့သို့ပင် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးများ ရရှိလိမ့်ပါမည်။

အာယသ်(၂၃)ပါ စာသား၏ စကားလုံးတို့မှာ وَرَاوَدَتْهُ الَّتِيْ هُوَ فِيْ بَيْتِهَا عَنْ نَّفْسِهٖ وَغَلَّقَتِ الْاَبْوَابَ وَقَالَتْ هَيْتَ لَكَ "ထို့နောက် အကြင်မိန်းမသည် ယင်းယူစုဖ်အား ၎င်း၏ စိတ်သဘောထားနှင့် ဆန့်ကျင်ကာ ချော့မော့၍ မြှူဆွယ်ခဲ့လေသည်။ ယင်းယူစုဖ်သည် ထိုမိန်းမ၏အိမ်တွင် (နေထိုင်လျက်) ရှိခဲ့၏။ ၎င်းအပြင် ထိုမိန်းမသည် တံခါးများကို(လုံခြုံစွာ)ပိတ်၍ ယူစုဖ်အားလာပါလေ (ကျွန်ုပ်အသင့်အဖို့ အသင့်ရှိနေပြီ)ဟု ပြောဆို(ဖိတ်ခေါ်)ခဲ့လေသည်" ဟူ၍ ဖြစ်သည်။

ပထမအာယသ်မှပင် ဤအမျိုးသမီးသည် အဇိဇ်၏ဇနီးဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ ရပါသည်။ သို့ရာတွင် ဤနေရာ၌ ကျမ်းမြတ်ကုရ်အာန်သည် အဇိဇ်၏ဇနီးဟူသော တိုတုတ်သောအသုံးအနှုန်းဖြင့် သူမကိုဖော်ပြရန် ရှောင်ရှားခဲ့ပါသည်။ ကျမ်းမြတ်ကုရ်အာန်သည် الَّتِيْ هُوَ فِيْ بَيْتِهَا "ယင်းယူစုဖ်သည် ထိုမိန်းမ၏ အိမ်၌တွင်(နေထိုင်လျက်) ရှိခဲ့၏။" ဟူသော အသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းထားပါသည်။ ဤတွင်ပေးထားသောအညွှန်းမှာ စိုက်ယိဒိနာယူစုဖ် ﷺသည် ပြစ်မှုဂုနာဟ်ကျူးလွန်ခြင်းမှ သူ့ကိုယ်သူကာကွယ်ရန် သူ၏ကြိုးပမ်းအားထုတ်မှုများကို ပိုမို ခက်ခဲရှုပ်ထွေးသွားစေပါသည်။ အကြောင်းမှာသူသည် ထိုမိန်းမ၏အိမ်တွင်ခိုလှုံနေထိုင်ရသောကြောင့် သူမ၏နှုတ်ဖြင့် စတင်လုပ်ဆောင်ခြင်းတို့အား လက်မခံပါရန်နှင့် ပစ်ပယ်ရန်ဆိုသည်တို့မှာ လွယ်ကူသောအလုပ်မဟုတ်ပါ။

ဂုနာဟ် ပြစ်မှုကျူးလွန်ခြင်းအတွက် အခိုင်အမာဆုံးအကာအကွယ်သည် အလွှာဟ်အရှင်မြတ်ထံတော်မှ အကာအကွယ်တောင်းခံခြင်း ဖြစ်သည်။

ယူစုဖ်သခင်က ယင်းကို မည်ကဲ့သို့လုပ်ဆောင်ပါသနည်း။ ဤကိစ္စနှင့်ပတ်သက်၍ အပြင်ပိုင်းဆိုင်ရာအကြောင်းတရား တစ်ရပ်ရှိပါသည်။ စိုင်ယိဒိနာယူစုဖ် ﷺသည် ညှပ်ပူးညှပ်ပိတ်ခံနေရသောအခါ၌ သူသည်အကြွင်းမဲ့အကူအညီကို ရယူခဲ့ပါသည်။ ထို့ကြောင့် သူသည် တမန်တော်ဖြစ်သည့်အလျောက် ပထမဦးစွာအနေဖြင့် အလွှာဟ်အရှင်မြတ်ထံတော်မှ အကာအကွယ်ကို တောင်းခံခဲ့ပါသည်။ ထို့ကြောင့်သူက قَالَ مَعَاذَ اللّٰهِ "(ကျွန်ုပ် ဤပြစ်မှုကို ကျူးလွန်ခြင်းမှကင်းလွတ်ရန်) အလွှာဟ်အရှင်မြတ်၏ အကာအကွယ်ကို ယူလိုပါသည်။" ဟူ၍ ပြောခဲ့လေသည်။ ဂုနာဟ်ကျူးလွန်ရန် ဖိတ်ခေါ်ခြင်းမှကြံ့ကြံ့ခံရန်အတွက် သူ၏ဆုံးဖြတ်ချက်၊ သန္ဓိဌာန်ချမှုအပေါ်၌လုံးဝဥသုံမကိုးစားဘဲ၊ ဦးစွာပထမ အလွှာဟ်အရှင်မြတ်ထံတော်၌ ခိုလုံခဲ့သည်ဆိုကြောင်း ကျွန်ုပ်တို့တွေ့ရှိရပါသည်။ ၎င်းနောက် အလွှာဟ်

အရှင်မြတ်၏အကာအကွယ်ပေးမှု ခံစားရသောမည်သူမဆို မည်သူတစ်ဦးတစ်ယောက်ကမျှ ဘယ်သောအခါမျှ လမ်းမှန်မှ ဖယ်ရှား၍မရနိုင်ကြောင်း ထင်ရှားစေပါသည်။ ထိုကဲ့သို့သော အကာအကွယ်မျိုးရရှိပြီးမှ သူသည် တမန်တော်တစ်ပါး လုပ်ဆောင်ရမည့်အတိုင်း အသိဉာဏ်၊ စိတ်အားထက်သန်မှုနှင့် ကောင်းမြတ်သောအကြံဉာဏ် တို့ဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။ ဇူလိုင်ခါအားဦးတည်ပြောကြားရာ၌ သူကသည်လည်း အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကာ သူမ၏ရည်ရွယ်ချက်ကို စွန့်လွှတ်သင့်ကြောင်း အကြံပြုခဲ့သည်။

သူက "ဇကန်စင်စစ် ထိုအရှင်မြတ်သည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည် ကျွန်ုပ်၏နေရာထိုင်ခင်းကို ကောင်းမွန်စွာ ပြုလုပ် ပေးသနားတော်မူခဲ့လေသည်။ ဇကန်အမှန် မတော်မတရားကျူးလွန်သောသူတို့သည် အောင်မြင်ကြမည် မဟုတ်ပေ" ဟူ၍ ပြောကြားခဲ့သည်။

ယင်းက "အသင်၏ခင်ပွန်း အဇီဇသည် ကျွန်ုပ်၏သခင် ဖြစ်ပါသည်။ ကျွန်ုပ်အားပျိုးထောင်ကာ အထောက်အပံ့များ ပေးခဲ့ပါသည်။ ကျွန်ုပ်နေထိုင်ရန် ကောင်းမွန်သောအိမ်တစ်လုံးလည်း ပေးခဲ့ပါသည်။ သူသည် ကျွန်ုပ်၏ကျေးဇူးရှင်ဖြစ်ပါသည်။ သူ၏ဂုဏ်သိက္ခာ ပျက်စီးစေရန် စဉ်းပင်မစဉ်းစားပါ။ ဤလုပ်ရပ်သည် ကြီးမားသောမတရားမှုဖြစ်ကာ မတရားမှုကျူးလွန်သောသူတို့သည် ဘယ်သောအခါမျှ မကြီးပွားကြပါ" ဟူ၍ ဆိုလိုသည်မှာ ထင်ရှားပါသည်။ ဤသည်ထဲ၌ ဇူလိုင်ခါ အတွက်လည်း သင်ခန်းစာတစ်ခု ပေးထားပါသည်။ သူမကိုပြောကြားခဲ့သည်မှာ "သူသည် ကျွန်တော်၏သခင်နှင့် စောင့်ရှောက်သူအဖြစ် အချိန်အနည်းငယ်မျှသာ ဖြစ်ခဲ့သော်လည်း၊ ကျွန်ုပ်သူ့အပေါ်၌ တင်ရှိနေသည့် ကျေးဇူးများကို ကျွန်ုပ်သိရှိခဲ့ပါလျှင်၊ ကျွန်ုပ်ထက် အချိန်ပိုကြာခဲ့ကာ အသင့်အပေါ်၌ တင်ရှိသော ကျေးဇူးတရားများကို အသင်သည်မှုချဇကန်သိသင့်ပါသည်။" ဟူ၍ ဖြစ်ပါသည်။

"ရဗ်" ဟူသော စကားလုံးအား အလ္လာဟ်အရှင်မြတ်မှအပ မည်သူ တစ်ဦးတစ်ယောက်အတွက်ကိုမျှ သုံးစွဲခြင်း ခွင့်မပြုခဲ့သော်လည်း ဤနေရာ၌ စိုက်ယိဒါနာယူစုဖ်သည် အဇီဇအား သူ၏"ရဗ်"ဟု ဆိုခဲ့ပါသည်။ အကြောင်းမှာ ဤကဲ့သို့သော စကားလုံးတို့သည် ရှုရ်စ်လုပ်ရပ်အတွက် သံသယရှိနေနိုင်သလို၊ ရှိရ်က် ကျူးလွန်သူတစ်ဦးနှင့်လည်း တူ သွားနိုင်ပါသည်။ ထို့ကြောင့် ယင်းကဲ့သို့သော စကားလုံးများသုံးစွဲခြင်းကို အစ္စလာမ့်ရှရီအသ်က တားမြစ်ပါသည်။ ဆွဟီးမုစ်လင်မ်ကျမ်းတွင်ပါဝင်သည့် ဟဒီးဆ်တော်တစ်ပုဒ်ထဲ၌ ပါရှိသည်မှာ "မည်သည့်ကျေးကျွန်တစ်ဦးကမျှ သူ၏သခင်အား "ရဗ်"ဟုမခေါ်ဆိုထိုက်သကဲ့သို့ မည်သည့်သခင်တစ်ဦးကမျှ သူ၏ကျေးကျွန်အား "အဗ်"ဟု မခေါ်ဆို ထိုက်ပါ။" ဤသည်မှာ အစ္စလာမ့်ရှရီအသ်၏ ပြိုင်စံရှားသည့် အရည်အသွေးတစ်ခုဖြစ်ကာ "ရှိရ်က်" လုပ်ရပ်ကို တားမြစ်ခြင်းနှင့်အတူ "ရှိရ်က်"ဖြစ်သွားစေနိုင်သည်ဟု အနည်းငယ်မျှသံသယရှိသော ရေလာမြောင်းပေးလုပ်ငန်းများကိုလည်း တားမြစ်ထားပါသည်။ လွန်လေပြီးသောတမန်တော်များ၏ ဘာသာရေးဆိုင်ရာကိုမဉပဒေများတွင် 'ရှိရ်က်' လုပ်ရပ်အား တင်းတင်းကြပ်ကြပ်ပိတ်ပင်ထားသော်လည်း 'ရှိရ်က်'ဖြစ်စေနိုင်သော ဝင်ပေါက်အရင်းအမြစ်များကိုမူ ကန့်သတ်ထားခြင်း မရှိပါ။ ဤသည်ကြောင့် လွန်လေပြီးသော ဘာသာရေးဆိုင်ရာ ကိုမဉပဒေများ၌ ရုပ်ပုံများရေးဆွဲခြင်း မတားမြစ်ထားခဲ့ပါ။ သို့ရာတွင် ကိယာမသ်နေ့တိုင် အတည်ဖြစ်နေမည့် အစ္စလာမ့်ရှရီအသ်ထဲ၌ 'ရှိရ်က်'၏ဆိုးကျိုးများ သက်ရောက်စေနိုင်သောကြောင့် ယင်းကိစ္စအားတားဆီးရန်အတွက် အထူးသတိပြုထားသည်။ ထို့ကြောင့် 'ရှိရ်က်'၏အရင်းအမြစ်များနှင့် ကြားခံပစ္စည်းများဖြစ်သော ရုပ်ပုံများရေးဆွဲခြင်းနှင့် စကားလုံးများပြောခြင်းအား 'ရှိရ်က်' ဖြစ်သည်ဟု သံသယဖြစ်စေနိုင်သောကြောင့် တားမြစ်ထားသည်။ သို့သော်လည်း စိုက်ယိဒိနာ ယူစုဖ်ﷺ၏ إِنَّهُۥ رَبِّيٓ ဟူသော ပြောကြားချက်သည် သူနေရာနှင့်သူ မှန်ကန်ပါသည်။

ထင်းနောက် ဖြစ်နိုင်သည်မှာ إِنَّ တွင် ပါရှိသောနာမ်စားသည် အလ္လာဟ်အရှင်မြတ်ဘက်ဆီသို့ တစ်ဖန် ပြန်လည် ဦးတည်သွားနိုင်ပါသည်။ သို့ဆိုပါလျှင် စိုက်ယိဒိနာယူစုဖ်ﷺက အလ္လာဟ်အရှင်မြတ်အား သူ၏ရင်ဟု ခေါ်ဆို ခဲ့ကာ အမှန်စင်စစ် ထိုအရှင်သည် သူ့အား ကောင်းမွန်သောနေရာထိုင်ခင်း ပေးသနားတော်မူခဲ့ပါသည်။ ထိုအရှင်အား မနာခံခြင်းသည် ကြီးမားသော မတရားမှုတစ်ရပ်ဖြစ်ကာ မတရားမှုပြုလုပ်သောသူသည် ဘယ်သောအခါမျှ မကြီးပွားပါ ဟူ၍ဖြစ်သည်။

စွဲဒီအိဝန်အိဇ်ဟားက်နှင့် အခြားသောဋီကာရှင်များကတင်ပြကြသည်မှာ ဤကဲ့သို့ သီးသီးသန့်သန့်တွေ့ဆုံ ရာတွင် သူ၏ငြင်းဆန်မှု ပျော့ပျောင်းသွားစေရန်အတွက် ဇူလိုင်ခါသည် သူ၏ ရုပ်ဆင်းလှပကြောင်း ချီးကျူးပါတော့ သည်။ သူမကပြောသည်မှာ "အသင်၏ဆံပင်များ အလွန်လှပပါသည်" ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺက "သေဆုံးပြီးနောက်တွင် ဤဆံပင်များသည် ကျွန်ုပ်၏ခန္ဓာကိုယ်အား ဦးစွာပထမ စွန့်ခွာသွားလိမ့်မည်"ဟု ပြောဆိုသည်။ ထို့နောက် သူမက "အသင်၏မျက်လုံးများသည် အလွန်လှပသည်"ဟူ၍ဖြစ်သည်။ သူက "သေဆုံးပြီးနောက် ဤသည် တို့သည် အရည်ပျော်သွားကာ ကျွန်ုပ်၏မျက်နှာမှ စီးဆင်းသွားကြပါလိမ့်မည်။ တစ်ဖန် သူမက"အသင်၏ မျက်နှာ လွန်စွာလှပပေသည်" ဟုပြော၏။ ထိုစဉ်သူက "ဤသည်တို့ကို မြေကြီး၏ ဝါးမျိုခြင်းခံရပါလိမ့်မည်"ဟူ၍ ပြန်ပြော၏။ သူသည် ရှေ့ရေးကိုမျှော်တွေးခဲ့ပါသည်။ ဤသည်မှာ အာခိရသ်အတွက် သူ၏ပူပင်သောကရောက်မှု ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် သူ၏ရင့်သန်သောအရွယ်၌ ဤသည်တို့ဖြင့်ဖန်ဆင်းခဲ့ကာ ထင်းနောက် လောကီဘဝ၏ ဤ နှစ်လိုဖွယ်ရာအားလုံးတို့ကို မြေမှုန့်အဖြစ်သို့ ပြောင်းလဲပစ်တော်မူခဲ့ပါသည်။ အာခိရသ်အတွက် သောကရှိခြင်းဆိုသည် ကား လူသားတိုင်း မည်သည့်နေရာ၌ပင် ရှိနေပါစေ သူ/သူမအား မကောင်းမှုတိုင်းမှ အကာအကွယ်ရပြီးဖြစ်စေသည် ဆိုသည်မှာ မှန်ကန်ပါသည်။ အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား ဤသောကရောက်မှုဖြင့် ကောင်းချီး ပေး သနားတော်မူပါ။

အာယသ် (၂၄)

وَلَقَدْ هَمَّتْ بِهٖ ۚ وَهَمَّ بِهَا لَوْلَآ اَنْ رَّاٰ بُرْهَانَ رَبِّهٖ ؕ كَذٰلِكَ لِنَصْرِفَ عَنْهُ السُّوْٓءَ وَالْفَحْشَآءَ ؕ اِنَّهٗ مِنْ عِبَادِنَا الْمُخْلَصِيْنَ ﴿۲۴﴾

ထို့ပြင် မလွဲဧကန် ထိုမိန်းမသည် ယင်းယူစုဖ်နှင့်ဆက်ဆံရန် ယတိပြတ် စိတ်ပြဋ္ဌာန်း ခဲ့လေသည်။ အမှန်သော်ကား အကယ်၍သာ ထိုယူစုဖ်သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏သက်သေလက္ခဏာတော်ကို မတွေ့မမြင်ခဲ့ရပါလျှင် ၎င်းသည် လည်း ထိုမိန်းမနှင့်ဆက်ဆံရန် ကြံရွယ်ခဲ့ပေအံ့။ ဤအရှင်မြတ်သည် (သာမည) မကောင်း မှုများကိုလည်းကောင်း၊ အလွန်စက်ဆုပ်ဖွယ်ရာဖြစ်သော အမှုကိစ္စများကိုလည်းကောင်း၊ ထိုယူစုဖ်နှင့်ကင်းဝေးစေတော်မူခြင်းငှာ ဤအတိုင်းပင်ပြုလုပ်တော်မူခဲ့လေသည်။ ဧကန် စင်စစ် ထိုယူစုဖ်သည် ဤအရှင်မြတ် ရွေးချယ်ထားတော်မူသော အစေတော်များတွင် အပါအဝင် ဖြစ်ချေသတည်း။ [၂၄]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်တော်ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺအား ကြီးကျယ်သောစမ်းသပ်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ စမ်းသပ်ပုံမှာ အဇီးဇ်၏ဇနီးက တံခါးများကိုဂျက်ချကာ စိုက်ယိဒိနာယူစုဖ်ﷺကို ပြစ်မှုကျူးလွန်ရန် အလို့ငှာ အခြေအနေအရပ်ရပ်ဖြင့် ဆွဲဆောင်၍ကြိုးပမ်းခဲ့သည်။ သို့သော်လည်းကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ဤဖြောင့်မတ်မှန်ကန်၍ ပျိုမျစ်သူကို ထိုသို့လေးနက်စွာ စမ်းသပ်ရာတွင် ကြံ့ကြံ့ခံ၍ရပ်တည်စေတော်မူသည်။ အဖြစ်အပျက်အသေးစိတ်ကို ဤအာယသ်တော်တွင် ဖော်ပြထားသည်။ ဤနေရာ၌ မိန့်ထားသည်မှာ ဇူလိုင်ခါသည် သူမ၏စိတ်စွဲလမ်းမှုအတွေး(အရှူးအမူးဖြစ်မှု)ကို မည်သည့်နည်းနှင့်မဆို ကျင့်သုံးရန် အလုပ်များနေပါသည်။ သို့သော်လည်း စိုက်ယိဒိနာယူစုဖ်ﷺ၏နှလုံးသားတွင်လည်း သူမဘက်သို့ တိမ်းညွတ်ရန် မရည်ရွယ်ကြောင်းမှာလည်း ဤအခြေအနေမျိုးတွင် သဘာဝကျလှပေသည်။ သို့သော်လည်း ဤအချိန်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် အချေအတင်ပြောဆိုမှုနှင့် သက်သေပြချက်ကို စိုက်ယိဒိနာယူစုဖ်ﷺမှ ထုတ်ဖော်ပြသစေသည်။ ယင်းကြောင့် မရည်ရွယ်သော တိမ်းညွတ်မှုမှာ တိုးပွားသည်ထက် လုံးဝချုပ်ငြိမ်း၍ပင်သွားပါသည်။ ထို့ပြင် ဇူလိုင်ခါ၏ ဆွဲဆောင်သိမ်းသွင်းမှုကို အနိုင်ယူ၍ ထွက်ပြေးခဲ့ပါသည်။

ဤအာယသ်တော်တွင် هَمَّ (ဟမ္မ-ကြံရွယ်မှု)ဟူသောစကားသည် ဇူလိုင်ခါနှင့်စိုက်ယိဒိနာယူစုဖ်ﷺတို့ နှစ်ဦးစလုံးကို ရည်ညွှန်းထားကြောင်း) وَلَقَدْ هَمَّتْ بِهِۦ وَهَمَّ بِهَا "ထို့ပြင် ထိုမိန်းမသည် ယင်းယူစုဖ်နှင့်ဆက်ဆံရန် ယတိပြတ် စိတ်ပြဋ္ဌာန်းခဲ့လေသည်။ အမှန်သော်ကား ထို(ယူစုဖ်)သည်လည်း ကြံရွယ်ခဲ့အံ့" ဟူ၍ မိန့်ထားသည်။ ထို့နောက် ဇူလိုင်ခါ၏ ကြံရွယ်မှု သို့မဟုတ် ဟမ္မသည် ဂုနာဟ်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရပါသည်။ ဤသည်က စိုက်ယိ ဒိနာယူစုဖ်ﷺ၏ ကြံရွယ်မှုသည်လည်း အလားတူသဘောသဘာဝရှိကြောင်း သံသယဖြစ်စေပါသည်။ ဤအချက်သည် မုစ်လင်မ်အသွမ်းသုတစ်ရပ်လုံး အညီအညွတ် သဘောတူထားခဲ့ကြသော နဗီတမန်တော်နှင့် ရစူလ်တစ်ပါး၏ အဆင့်အတန်းနှင့် ဆန့်ကျင်နေပါသည်။ အကြောင်းမှာ မုစ်လင်မ်အသွမ်းသုအများစု စွဲကိုင်ထားသည့် စံပြုထားသောယုံကြည်ချက်မှာ မြင့်မြတ်သောတမန်တော်များသည် ဂုနာဟ်အကြီးအသေးအားလုံးမှ အကာအကွယ်ပေးခံထားရသည်ဟု ဖြစ်သည်။ ကြီးမားသော ဂုနာဟ်အပြစ်တစ်ရပ်နှင့် ပတ်သက်လျှင် ယင်းကိုရည်ရွယ်၍ ကျူးလွန်နိုင်သကဲ့သို့ မရည်ရွယ်ဘဲ ဂရုမပြုမိ၍လည်းကောင်း၊ သို့မဟုတ် မှားယွင်း၍လည်းကောင်း ပြုလုပ်နိုင်သည်။ သို့သော်လည်း သေးငယ်သော ပြစ်မှုတစ်ခုကို ကျူးလွန်ရာတွင် ဂရုမမူဘဲ သို့မဟုတ် မှားယွင်း၍ ပြုနိုင်ချေရှိနိုင်သည်။ သို့သော်လည်း ဤသည်မှာလည်း မြင့်မြတ်သော တမန်တော်များကို ထိုသို့သော အခြေအနေဖြစ်ပေါ်ခွင့်မဖြစ်စေရပါ။ ထိုတမန်တော်များကို ထိုသို့သော ပြစ်မှုမှ ရှောင်ခွာစေရန် သတိပေးထားသည်။ (မူစာမရာဟ်)

ဤအချက်အပြင် အန်ဗီယာများ၏ အစွမာသ်(တမန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်မှုအောက်တွင် ရှိနေသည်ဆိုသော ကောင်းချီးမင်္ဂလာ)နှင့် ပတ်သက်သောကိစ္စသည် ကုရ်အာန်နှင့်စွန္ဒယ်တော်၏ အခွင့်အာဏာဖြင့် အမြဲသက်သေပြ၍ ရှင်းလင်းပြီးဖြစ်သည်။ ဤသည်မှာ ကျိုးကြောင်းညီညွတ်မှုအရလည်း အရေးကြီးလိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အန်ဗီယာﷺသည် ပြစ်မှုတစ်ရပ် ကျူးလွန်နိုင်ချေရှိခဲ့လျှင် ၎င်းတို့သည် ယူလာသော ဒီန်သာသနာနှင့် ဝဟီတို့အပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ယုံကြည်နိုင်လိမ့်မည်မဟုတ်ပါ။ ထို့ပြင် ဤကမ္ဘာတွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းစာနှင့်တကွ ၎င်းတို့ပွင့်ပေါ်တော်မူခဲ့ခြင်းသည်လည်း လုံးဝ အချည်းအနှီးဖြစ်ပေမည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏တမန်တော်တိုင်းကို ပြစ်မှုဂုနာဟ်အပေါင်းမှ လုံးဝ ဥဿုံ မအ်စူမ်ပြုထားတော်မူသည်။ (မအ်စူမ် = ဘာသာရပ်အသုံးအနှုန်းအရ ပြစ်မှုဂုနာဟ်မှ ကင်းစင်ခြင်း သို့မဟုတ်

မမှားယွင်းနိုင်ဖြစ်ကာ စာပေအရဆိုလျှင် အလွှာဟ်အရှင်မြတ်၏ အကာအကွယ်ပေးခံရခြင်းဖြစ်သည်။)

ထို့ကြောင့် ယေဘုယျပြောရလျှင် စိုက်ယိဒိနာယူစုဖ်ﷺ၏စိတ်တွင် ပေါ်ပေါက်သောကြံရွယ်မှုသည် ဂုနာဟ် အဖြစ် အဆင့်ရှိကြံရွယ်မှုဟု မမှတ်ယူနိုင်ကြောင်း အတည်ပြုပြီးဖြစ်သည်။ အသေးစိတ်ပြောရလျှင် ﷺ (ဟမ္မ- ကြံရွယ်မှု)ဟူသောစကားလုံးသည် အရဗီစာပေ၌ အဓိပ္ပာယ်နှစ်မျိုးဖြင့်သုံးစွဲသည်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ရမည်။ (၁) ရည်စူးခြင်းနှင့် တစ်စုံတစ်ရာကိုပြုလုပ်ရန် စိတ်ပိုင်းဖြတ်ခြင်း (၂)နလုံးသားထဲတွင် ပေါ်ထွက်လာသည့် ရိုးစင်းသော အကျင့်စာရိတ္တ သို့မဟုတ် တစ်စုံတစ်ဦး မထိန်းချုပ်နိုင်သည့်ကြံရွယ်မှုတစ်ခု ပေါ်ပေါက်ခြင်း ဟူ၍ဖြစ်ပေသည်။ ပထမအခြေအနေတွင် ယင်းမှ ဂုနာဟ်ပြစ်မှုတွင် အကျုံးဝင်ကာ စစ်ဆေးခံရမည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် ရည်စူးပြီးနောက် ဤဂုနာဟ်ပြစ်မှုကို အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းဟူသော ၎င်း၏ရွေးချယ်မှုအရ စွန့်ခွာခဲ့လျှင် ဟဒီးဆ်တော်အရ အလွှာဟ်အရှင်မြတ်သည် သူ သို့မဟုတ် သူမ၏မှတ်တမ်းစာအုပ်တွင် ပြစ်မှုဂုနာဟ်အစား ကောင်းမှုတစ်ရပ်ဖြင့် အစားထိုးတော်မူမည်။ ထို့ပြင် ဒုတိယအခြေအနေတွင် ကြံရွယ်မှုကို လက်တွေ့လုပ်ရန်မရည်စူးဘဲ ရိုးရိုးကြံရွယ်သည့်အတွေး ပေါ်ခဲ့သည်။ ပမာအားဖြင့် နွေရာသီတွင် ဥပုသ်စောင့်ထားချိန်အတွင်း ရေအေးအေးတစ်ခွက်သောက်ရန် လူတိုင်းတွင် ကြံရွယ်ချက်တစ်ရပ် ပေါ်ပေါက်လာတတ်သည်မှာ သဘာဝဖြစ်သည်။ ဥပုသ် ဆောက်တည်နေချိန်တွင် ရေသောက်ရန်ကိုကား မရည်စူးချေ။ ထို့ကြောင့် ယင်းသို့သောအတွေးသည် တစ်စုံတစ်ဦး ထိန်းချုပ်နိုင်စွမ်းမရှိသကဲ့သို့ ယင်းသည် ဂုနာဟ်လည်း မဖြစ်၊ စစ်ဆေးမေးမြန်းခံရမည်လည်း မဟုတ်ချေ။

ဆွဟီးအလ်ဗုခါရီကျမ်းလာ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်ကို တင်ပြထားသည်မှာ- "အကယ်၍ လက်တွေ့မလုပ်ခဲ့လျှင် ကျွန်ုပ်၏ အွမ္မသ်ထုအတွက် အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ဂုနာဟ်အပြစ်ကို အလွှာဟ်အရှင်မြတ်က ခွင့်လွှတ်တော်မူသည်။ (ကုရ်သုဗီ)

ထို့နောက် အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းနှစ်စောင်တွင် စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺ၏ ခိုင်လုံမှုအရ တင်ပြထားသည်မှာ တမန်တော်မြတ်ﷺက မိန့်ကြားတော်မူခဲ့သည်။ "အလ္လာဟ်အရှင်မြတ်သည် ကောင်းကင်စေတမန်များကို မိန့်ကြားတော်မူခဲ့သည်မှာ ငါအရှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် ကောင်းမှုကောင်းရာ တစ်ခု ပြုလုပ်ရန် ရည်စူးခဲ့လျှင် ထိုရည်စူးထားချက်ကြောင့် သူ သို့မဟုတ် သူမ၏ မှတ်တမ်းစာအုပ်တွင် ကောင်းမှုကောင်းရာတစ်ခု ရေးမှတ်လော့။ ထို့နောက် သူ သို့မဟုတ် သူမသည် ယင်းကောင်းမှု ကောင်းရာကို လုပ်ဆောင်လိုက်ပါလျှင် သူ သို့မဟုတ် သူမ၏ စာရင်းတွင် ကောင်းမှုဆယ်ခု ရေးမှတ်ပါလေ။ ထို့နောက် အကယ်၍ ကျေးကျွန်တစ်ဦးသည် ပြစ်မှုဂုနာဟ်တစ်ခု ကျူးလွန်ရန် ရည်စူးခဲ့လျှင် အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့၍ စွန့်လွှတ်ခဲ့လျှင် သူ သို့မဟုတ် သူမ၏ မှတ်တမ်းစာအုပ်တွင် ကောင်းမှုတစ်ရပ် ရေးမှတ်ပါလေ။ ထို့ပြင် အကယ်၍ သူ သို့မဟုတ် သူမသည် ထိုပြစ်မှုကို ကျူးလွန်ခဲ့လျှင် ဂုနာဟ်ပြစ်မှု တစ်ခုကိုသာလျှင် ရေးမှတ်ပါလေ။ (အိဗနိကဆီရ်)

အလ်ကုရ်သုဗီသည် သူ၏ သဖ်စီရ်ကျမ်းထဲတွင် ﷺ (ဟမ္မ-ကြံရွယ်မှု) ဟူသောစကားအသုံးအနှုန်းတွင် ဤအဓိပ္ပာယ်နှစ်ရပ်လုံးပါဝင်ကြောင်း၊ အာရဗီများ၏အသုံးအနှုန်းနှင့် ကဗျာလင်္ကာများမှ အထောက်အထားများဖြင့် သက်သေပြခဲ့သည်။

ဤသည်က ဤအာယသ်ပါ ဟမ္မဟူသော စကားလုံးသည် ဇူလိုင်ခါနှင့် စိုက်ယိဒိနာယူစုဖ်(ﷺ) နှစ်ဦးစလုံးကို ရည်ညွှန်းသည် ဆိုကြောင်းနှင့် နှစ်ဦးစလုံး၏(ဟမ္မ) သို့မဟုတ် ကြံရွယ်မှုတို့တွင် ကြီးမားသော ကွဲပြားခြားနားမှုရှိကြောင်း ကျွန်ုပ်တို့ကို ပြောကြားပါသည်။ ဇူလိုင်ခါ ကြံရွယ်မှုသည် ဂုနာဟ်ပြစ်မှုအောက်တွင် အကျုံးဝင်၍ စိုင်ယိဒိနာ ယူစုဖ်ﷺ၏ကြံရွယ်မှုမှာ ဂုနာဟ်ပြစ်မှုအောက်တွင် အကျုံးမဝင်သော လက်တွေ့အကျင့်ဆောင်သော စာရိတ္တဆိုင်ရာ အခြေ

အနေဖြစ်သည့် ကုရ်အာန်ကျမ်းမြတ်၏ ဖော်ပြပုံဟန်ပန်မှာလည်း ဤသည်ကို သက်သေပြချက်တစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ၎င်းတို့၏ကြံရွယ်မှု သို့မဟုတ် ဟမ္မသည် ထပ်တူဖြစ်ခဲ့လျှင် وَلَقَدْ هَمَّا နှစ်ဦးစလုံး ကြံရွယ်ခဲ့သည်ဟု ပူးတွဲဖော်ပြခြင်းဖြင့် လုံလောက်ပါသည်။ ယင်းမှာ တိုတိုတုတ်တုတ် ဖြစ်သည်။ သို့သော်လည်း ဤသို့ဖော်ပြခြင်းကိုဘေးဖယ်၍ နှစ်ဦးစလုံး၏ ဟမ္မ ကြံရွယ်မှုကို هَمَّتْ بِهِ وَهَمَّ بِهَا (ဇကန်မလွဲ ယင်းမိန်းမသည် စိတ်ပြဋ္ဌာန်းခဲ့လေသည်။ အမှန်သော်ကား ထိုယူစုဖ်သည်လည်း ကြံရွယ်ခဲ့အံ့)ဟူ၍ တစ်ဦးစီအတွက် သီးခြားစီဖော်ပြခဲ့သည်။ ထို့နောက် ဇူလိုင်ခါ၏ ဟမ္မ သို့မဟုတ် ကြံရွယ်မှုကို အလေးအနက် ပြုစေသည့် لَقَدْ (လကတ်ဒ်) ဟူသော စကားလုံးဖြင့် ထပ်ဆောင်းထားသည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ ဟမ္မ သို့မဟုတ် ကြံရွယ်မှုကိုမူ အလေးအနက်ပြုသည့် لَامْ (လာမ်) အက္ခရာပါ၍ قَدْ (ကတ်ဒ်) မပါချေ ဤသီးခြားဖော်ပြမှုက ကျွန်ုပ်တို့ကို ပြောသည်မှာ ဇူလိုင်ခါ၏ ကြံရွယ်မှု ဟမ္မသည် အခြားသဘာဝအဖြစ် အလေးအနက်ပြုရန်နှင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ ကြံရွယ်မှု သဘောသဘာဝမှာ အခြားတစ်မျိုးဖြစ်ကြောင်း ဖော်ပြသည်။

ဆွဟီးဟီ မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်အရ စိုက်ယိဒိနာယူစုဖ်ﷺသည် ဤစမ်းသပ်မှုကို ရင်ဆိုင်ခဲ့ရသောအခါ ကောင်းကင်စေတမန်တော်များက အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်ဝယ် ခစားလျှောက်ထားသည်မှာ "အရှင်မြတ်၏ ဤရိုးသားဖြူစင်သောကျေးကျွန်သည် ဂုနာဟ်ပြစ်မှု၏ ဆိုးကျိုးကို ပြည့်ပြည့်ဝဝနားလည်သော်လည်း ဂိုနာဟ်ပြစ်မှုကို ကျူးလွန်ရန် စဉ်းစားတွေးတောနေပါသည်"ဟူ၍ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က "သင်တို့ စောင့်ကြည့်ကြကုန်" အကယ်၍ သူသည် ဤပြစ်မှုဂုနာဟ်ကို ကျူးလွန်ခဲ့လျှင် သူ၏စာအုပ်တွင် သူပြုလုပ်ခဲ့သည်ကို ရေးမှတ်ပါလေ။ ထို့နောက် အကယ်၍ သူသည် ဤဂုနာဟ်ကျူးလွန်ခြင်းမှ ရှောင်ရှားခဲ့လျှင် သူ၏မှတ်တမ်းစာအုပ်တွင် ဂုနာဟ်တစ်ခုအဖြစ် မှတ်တမ်းမတင်လေနှင့်၊ ယင်းအစား ကောင်းမှုတစ်ခုကို သူ၏မှတ်တမ်းတွင် ရေးသွင်းကုန်။ အဘယ်ကြောင့်ဆိုသော် သူသည် ငါအရှင်မြတ်ကို ကြောက်ရွံ့မှုသက်သက်ကြောင့် သူ၏ စိတ်ဆန္ဒကို စွန့်လွှတ်ခဲ့သည်။ (ယင်းလုပ်ရပ်မှာ အကောင်းဆုံးအကျိုးဖြစ်ထွန်းစေသည်။)(ကုရ်သုဗီ)

အချုပ်ဆိုရသော် စိုက်ယိဒိနာယူစုဖ်ﷺ၏နှလုံးသားတွင် ပေါ်ပေါက်လာခဲ့သောအတွေး သို့မဟုတ် တိမ်းညွတ်မှုသည် လက်တွေ့မပါသည့် စိတ်ဆန္ဒသက်သက်အဆင့်ဖြစ်သည်။ ယင်းသည် ဂုနာဟ်ပြစ်မှုတွင် အကျုံးမဝင်ပေ။ ထို့နောက် ဤလက်တွေ့မပါသော စိတ်ဆန္ဒသက်သက်ကို ဆန့်ကျင်၍ လုပ်ဆောင်ခဲ့သောကြောင့် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်တွင် ၎င်း၏အဆင့်အတန်းသည် ပိုမို၍မြင့်မားသွားပေသည်။

ဤအဆင့်၌ ဦးကာရှင်အချို့က အာယသ်တော်တည်ဆောက်ခြင်း၏ အခြားနည်းကို ထောက်ပြလေသည်။ ၎င်းတို့အဆိုအရ لَوْلَآ اَنْ رَّاٰ بُرْهَانَ رَبِّهٖ "အကယ်၍သာ ယူစုဖ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်ကို မတွေ့မမြင်ခဲ့ရပါလျှင်" ဟူသော နောက်မှာရှိသည့် အဆိုအမိန့်သည် အမှန်ဆိုရလျှင် ရှေ့တွင် ရှိသင့်ပေသည်။ သို့ဆိုလျှင် အာယသ်တော်လာ စိုက်ယိဒိနာယူစုဖ်ﷺသည် အရှင်သခင်ထံမှ သက်သေလက္ခဏာကို မမြင်တွေ့ရလျှင် သူမအပေါ်တွင် လက်တွေ့လုပ်ဆောင်ရန် စိတ်ဆန္ဒရှိပေလိမ့်မည်ဟူသော အဓိပ္ပာယ်သက်ရောက်ပါလိမ့်မည်။ သို့သော်လည်း ၎င်းသည် အရှင်သခင်ထံမှ လက္ခဏာတော်ကို တွေ့ရသောကြောင့် ဤဟမ္မ သို့မဟုတ် အတွေးမှ ကင်းရှင်းစွာ ရှိနေခဲ့ပါသည်။ အကြောင်းခြင်းရာအရ ဆိုလျှင် ဤသည်လည်း မှန်ကန်ပေသည်။ သို့ သော်လည်း ဦးကာရှင်အချို့က ဤတည်ဆောက်မှုမျိုးသည် အရဗီသဒ္ဒါစည်းမျဉ်းများနှင့် ဖီလာဆန့်ကျင်နေသည်ဟု ကြေညာခဲ့ကြသည်။ ထို့ကြောင့် ဤအချက်ကို စဉ်းစားတွေးတော ကြည့့်မည်ဆိုလျှင် ပထမသဖွစီရ်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏ သတ်ကဝါနှင့် အကျင့်သိက္ခာကို ပိုမိုလေးနက်စေ၍ ပိုမိုမြင့်မားသော အဆင့်သို့ ရောက်စေပါသည်။ မွေးရာ

ပါ ပင်ကိုစရိုက်ရှိသော်လည်း ပြစ်မှုဂုနာဟ်မှ လုံခြုံစွာရှိနေခဲ့ပါသည်။

لَوْلَآ اَنْ رَّاٰ بُرْهَانَ رَبِّهٖ "အကယ်၍သာ ထိုယူစုဖ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာ ကို မတွေ့မမြင်ခဲ့ရပါလျှင်" ဟူသော အဆိုအမိန့်နှင့် ပတ်သက်၍ ယင်း၏အဓိက စာပိုဒ်ကိုနားလည် သဘောပေါက်ပြီး ဆိုလိုသည်မှာ "အကယ်၍ သူသည် သူ၏မွေးမြူတော်မူသောအရှင်မြတ်၏ သက်သေလက္ခဏာ များကို မမြင်တွေ့ခဲ့ရလျှင် သူသည် ၎င်း၏အတွေးထဲတွင် စိတ်အလိုလိုက်၍ မွေ့လျော်ခဲ့ပေမည်။ သို့သော်လည်း ၎င်း၏အရှင်သခင်ထံမှ သက်သေလက္ခဏာကိုမြင်တွေ့ပြီးနောက်တွင် ဤလက်တွေ့မပါသော အတွေးနှင့် စိတ်ဆန္ဒ သည် နလုံးသားမှ ဖယ်ထုတ်ပြီးဖြစ်သွားသည်။

ကုရ်အာန်ကျမ်းတော်မြတ်က စိုက်ယိဒိနာယူစုဖ်ﷺ မြင်တွေ့ခဲ့ရသည့် မွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာ သို့မဟုတ် ဗုရ်ဟန်မှာ မည်သည်ဖြစ်သည်ကို ရှင်းလင်းစွာဖော်ပြမထားချေ။ ထို့ကြောင့် ဤကိစ္စနှင့် ပတ်သက်၍ ဋီကာရှင်များ၏ အဆိုအမိန့်များမှာ ကွဲပြားခြားနားကြသည်။ စိုက်ယိဒိနာအဗိဒ္ဒလ္လာဟ်အိဗ်နုစအီဒ် အိဗ်နဂျုဗိုင်းရ်ﷺ၊ မုဂျာဟိဒ် မုဟမ္မဒ်အိဗ်နုစီရိန်၊ ဟစန်အလ်ဗဆ္ဆရီﷺနှင့် အခြားသူများက စိုက်ယိဒိနာယူစုဖ်ﷺသည် နှစ်ကိုယ်ကြားရှိစဉ် စိုက်ယိဒိနာယအ်ကုဗ်ﷺ၏မျက်နှာတော်တွင် ၎င်း၏ပါးစပ်ထဲတွင် သူ၏လက်ချောင်းထည့်၍ အံကြိတ် သတိပေးသောအမူအရာကို မုအ်ဂျိဇဟ် ထူးဆန်းအံ့ဖွယ် မြင်တွေ့ခဲ့ရသည်။ ဋီကာရှင်အချို့ကမူ စိုက်ယိဒိနာယူစုဖ်ﷺ မြင်တွေ့ရသည့်မျက်နှာရှင်မှာ ဇူလိုင်ခါ၏ခင်ပွန်းအဇီးဇ်ဟု ပြောကြသည်။ ဋီကာရှင်အချို့ကပြောသည်မှာ "စိုက်ယိဒိနာ ယူစုဖ်ﷺသည် မျက်နှာကျက်ဆီလှမ်းကြည့်လိုက်ရာ မျက်နှာကျက်တွင် وَلَا تَقْرَبُوا الزِّنٰٓى اِنَّهٗ كَانَ فَاحِشَةً ۭ وَسَاۗءَ سَبِيْلًا "ထို့အပြင် အသင်တို့သည် ကာမေသုမိစ္ဆာစာရ၏အပါးသို့ပင် မချဉ်းကပ်ကြကုန်လင့်။ ဇကန်မလွဲ ယင်းသည် အလွန် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့်ပြင် အလွန်ဆိုးဝါးလှသောလမ်းစဉ်လည်း ဖြစ်ပေသည်"(၁၇း၃၂) ဟူသည့် ကုရ်အာန်အာယသ်တော်ကို ရေးသားထားကြောင်း တွေ့ရသည် ဟူ၍ဖြစ်သည်။

ဋီကာရှင်အချို့ကမူ ဇူလိုင်ခါ၏အိမ်ထဲတွင် ရုပ်တုတစ်ခုရှိသည်ဟု ဆိုကြသည်။ သူမက ဤရုပ်တုကို ကန့်လန့်ကာဖြင့်ဖုံးအုပ်လိုက်သောအခါ စိုက်ယိဒိနာယူစုဖ်ﷺက ထိုသို့လုပ်ခြင်းအတွက် သူမအားမေးမြန်းခဲ့သည်။ သူမက "ဤသည်မှာ ကျွန်ုပ်ကိုးကွယ်သည့်အရာဖြစ်သည်၊ ကျွန်မသည် ယင်း၏ရှေ့တွင် ဂုနာဟ်ပြစ်မှု မကျူးလွန်ရဲပါ" ဟုပြော သည်။ စိုက်ယိဒိနာယူစုဖ်ﷺက "ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်သော မွေးမြူစောင့်ရှောက်တော်မူသည့် ရဗ္ဗမှာ ထိုအရှင် မမြင်နိုင်ရန်အတွက် မည်သည့်အရာကမျှ မတားဆီးနိုင်သောကြောင့် ထိုအရှင်ကို ကျွန်ုပ်က ဟီရိုဩတပ္ပတရားများ ရှိကြောင်း ပြောရန်မှာ ပို၍ပင်ထိုက်တန်ပေသည်။ နောက်ဆုံးတွင် ဋီကာရှင်များက ပြောခဲ့သည်မှာ စိုက်ယိဒိနာယူစုဖ် ﷺ၏ တမန်တော်အဆင့်အတန်းနှင့် ၎င်းတွင်ရှိ အလ္လာဟ်အရှင်မြတ်၏ ဟိက်မသ် အသိဉာဏ်တော်တို့သည်ပင်လျှင် မွေးမြူတော်မူသောအရှင်မြတ်၏ လက္ခဏာတော်များ ဖြစ်ပေသည်။

ဤအဆိုများ အားလုံးတင်ပြပြီးနောက် သဖ်စီရ် အီမာမ်ဂျရီးရ၏ ပြောကြားခဲ့သည်တို့မှာ အများလက်ခံ ကြိုက် နှစ်သက်၍ သံသယကင်းကြောင်း ခိုင်လုံယုံကြည်စိတ်ချရကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။ ထို့နောက် ၎င်းက ပြော သည်မှာ "ကုရ်အာန်ကျမ်းတော်မြတ် မိန့်ကြားထားခဲ့သမျှသည် လုံလောက်သည်ဟု မှတ်ယူသင့်သည်" ဟူ၍ ဖြစ် သည်။ တစ်နည်းဆိုရသော် စိုက်ယိဒိနာယူစုဖ်ﷺ၏ နလုံးသားတွင်းရှိ လက်တွေ့မလုပ်ဆောင်သော စိတ်ဆန္ဒကို ဖယ် ထုတ်ဝေရန် တစ်စုံတစ်ရာ မြင်ခဲ့ရသည်။ ဤကိစ္စရပ်ကို အတိအကျစဉ်းစားရလျှင် ဋီကာရှင်များ ဖော်ပြထားသမျှသည် ဖြစ်နိုင်ချေရှိသည်။ သို့သော်လည်း မည်သည်ကမျှ အတိအကျ လုံးဝဥဿုံဖြစ်သည်ဟု မမှတ်ယူနိုင်ပါ။ (အိဗ်နု ကဆီရ်)

အာယသ်တော်အဆုံး၌ "كَذٰلِكَ لِنَصْرِفَ عَنْهُ السُّوْٓءَ وَالْفَحْشَآءَ ۭ اِنَّهٗ مِنْ عِبَادِنَا الْمُخْلَصِيْنَ ငါအရှင်မြတ်သည် (သာမည)မကောင်းမှုများကိုလည်းကောင်း၊ အလွန်စက်ဆုပ်ဖွယ်ရာဖြစ်သော အမှုကိစ္စများကိုလည်းကောင်း၊ ထိုယူစုဖ်နှင့်ကင်းဝေးစေတော်မူခြင်းငှာ ဤအတိုင်းပင် ပြုလုပ်တော်မူခဲ့လေသည်"ဟု မိန့်ထားသည်။ ဤနေရာပါ السّوء (အတ်စ်စူး-မကောင်းမှု)ဟူသော စကားလုံးသည် ဂုနာဟ်အသေး (စွရီရဟ်)ဟု ဆိုလို၍ الفحشاء (အလ်ဖဟ်ရှာ - စက်ဆုပ်ဖွယ်ရာ)သည် အပြစ်ဂုနာဟ် အကြီး(ကဗီရဟ်) ကိုဆိုလိုသည်။ (မဇ်ဟရီ)

ဤနေရာ၌ မူရင်းစာသားက "(သာမည) မကောင်းမှုများကို လည်းကောင်း၊ အလွန်စက်ဆုပ်ဖွယ်ရာ ဖြစ်သော အမှုကိစ္စများကိုလည်းကောင်း၊ ထိုယူစုဖ်နှင့် ကင်းဝေးစေတော်မူခြင်းငှာ" ဟုဖော်ပြထားခြင်းသည် ထိုယူစုဖ်ကို မကောင်းမှုများနှင့် အလွန်စက်ဆုပ်ဖွယ်ရာများမှ ကင်းဝေးစေတော်မူသည်ဟူ၍ ဖော်ပြမထားခြင်းကို သတိမူထိုက်သည်။ ဤနေရာ၌ အညွှန်းပေးထားသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏ ကြီးကျယ်လှသောတမန်တော်အဆင့်အတန်းအရ ဤသို့သော ဂုနာဟ်မှ ကင်းစင်စေပြီးဖြစ်သည်။ သို့သော်လည်း မကောင်းမှုနှင့် ကိုယ်ကျင့်သိက္ခာမဲ့ခြင်းတို့က သူ့အား ဝန်းရံထားခဲ့ပြီးဖြစ်နေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုထောင်ချောက်ကိုချိုးဖျက်၍ တစ်စစီပြုလုပ်ပစ်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤစကားလုံးများကလည်း စိုက်ယိဒိနာယူစုဖ်ﷺသည် အလွန် သေးငယ်ဆုံးသော ပြစ်မှုဂုနာဟ်ကိုပင် အရှုံးမပေး အညံ့မခံဟူသော သက်သေပြချက်ကို ထောက်ခံလျက်ရှိသည်။ ၎င်းနောက် သူ၏ နှလုံးသားတွင် ပေါ်ပေါက်ခဲ့သောအတွေးသည် ဤပြစ်မှုဂုနာဟ်ထဲတွင် အကျုံးမဝင်ချေ။ သို့မဟုတ်လျှင် ပေါ်လွင်ထင်ရှားသော အသုံးအနှုန်းသည် "(သာမည)မကောင်းမှုများကိုလည်းကောင်း၊ အလွန်စက်ဆုပ်ဖွယ်ရာ ဖြစ်သော အမှုကိစ္စများကိုလည်းကောင်း ထိုယူစုဖ်နှင့် ကင်းဝေးစေတော်မူခြင်းငှာ" ဟူသောအသုံးအနှုန်းမဖြစ်ဘဲ "ငါအရှင်မြတ်သည် ယူစုဖ်ကို မကောင်းမှုများနှင့် အလွန်စက်ဆုပ်ဖွယ်ရာများမှ ကင်းဝေးစေတော်မူသည်"ဟူ၍ ဖြစ်သွားပါလိမ့်မည်။

နောက်ဆုံးဝါကျတွင် "اِنَّهٗ مِنْ عِبَادِنَا الْمُخْلَصِيْنَ ဧကန်စင်စစ် ထိုယူစုဖ်သည် ငါအရှင်မြတ် ရွေးချယ်ထားတော်မူသော အစေတော်များတွင် အပါအဝင် ဖြစ်ချေသတည်း" ဟုမိန့်ထားသည်။ الْمُخْلَصِيْنَ (မုခ်လဆ်ဖ်ိန်)ဟူသော စကားလုံးသည် မုခလတ်ဆ်၏အများကိန်းဖြစ်ကာ "ရွေးချယ်ခံရသူ"ဟု ဆိုလိုသည်။ ယင်းကဆိုလိုသည်မှာ စိုက်ယိဒိနာ ယူစုဖ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခံ အစေတော်များအနက်မှတစ်ဦးဖြစ်ကာ အလ္လာဟ်အရှင်မြတ်ဖန်ဆင်းမှု၏ ကောင်းကျိုးပြုမှုအတွက် လုပ်ဆောင်ရန် တမန်တော်ဖြစ်ခြင်း၏ အလုပ်ကို ခန့်အပ်ခံထားရပါသည်။ ထိုကဲ့သို့သောသူများပတ်လည်တွင် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် အကာအကွယ်ပေးထားသော လုံခြုံရေးဒိုင်း တည်ရှိကာ ကိုယ်တိုင်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်ခံ အစေတော်များကို တို့ထိ မရနိုင်ကြောင်း ဝန်ခံထားခဲ့သည်။ ရှိုင်တွာန်က رَبِّ بِمَآ اَغْوَيْتَنِيْ لَاُزَيِّنَنَّ لَهُمْ فِي الْاَرْضِ وَلَاُغْوِيَنَّهُمْ اَجْمَعِيْنَ اِلَّا عِبَادَكَ مِنْهُمُ الْمُخْلَصِيْنَ "ထို့အပြင် ဧကန်မလွဲ ကျွန်တော်မျိုးသည် ၎င်းတို့အားလုံးကိုပင် လွဲချော်မှောက်မှားအောင်လည်း ပြုလုပ်ပါမည်။ (၁၅း၃၉) သို့ရာတွင် ၎င်းတို့အနက် (အရှင်မြတ်)ရွေးချယ်ထားတော်မူသော အရှင်မြတ်၏ကျွန်များကိုမူကား ကျွန်တော်မျိုးသည် လွဲချော်မှောက်မှားအောင် အလျှင်းပြုလုပ်နိုင်မည် မဟုတ်ပါ" (၁၅း၃၉-၄၀)ဟူ၍ ပြောကြားခဲ့သည်။

အချို့သော ရွတ်ဖတ်မှု(ကိရာအသ်)တွင် ဤစကားကို مُخْلِصِيْنَ (မုခလိစ်ဖ်ိန်)ဟု ဖော်ပြထားခဲ့သည်။ မုခ်လိဆ်ဖ် ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်အား အိခ်လာဆ်ခြင်းနှင့် အမိန့်နာခံ၍ ကိုးကွယ်သူတစ်ဦးကို ဆိုလိုသည်။ (အိခ်လားဆ်ဟူသည်မှာ ဟန်ဆောင်မှုကင်းခြင်း ဖြစ်သည်။ ယင်းသည် စစ်မှန်၍ ရောနှောမှုကင်းကာ သန့်စင်၍ လုံးဝ ဥဿုံ ရိုးသားခြင်းဖြစ်သည်) အိခ်လားဆ်ကဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ကို ဤသို့အမိန့်နာခံရာ၌ အရှင်မြတ်

ကို ခဝပ်ကိုးကွယ်မှုတွင် လောကီဆိုင်ရာ သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာဆန္ဒများ၊ အကျိုးအမြတ်များ၊ ထင်ပေါ်လိုမှုနှင့် ရာထူးအဆင့် ရလိုမှု စသည်တို့ မပါဝင်စေရ။ အကယ်၍ ထိုသို့ဆိုလျှင် အာယသ်တော်က "မည်သူမဆို သူ၏ အာမလ (ကောင်းမှု)နှင့် အီဗာဒသ်(ခဝပ်ကိုးကွယ်မှု)တွင် မုခ်လိုဆွဲ(လုံးဝဥဿုံရိုးသားဖြူစင်ခဲ့လျှင်) အလ္လာဟ်အရှင်မြတ်သည် ၎င်းအား ဂုနာဟ်အပြစ်များမှ ကင်းဝေးစေရန် ကူညီလိမ့်မည်" ဟူ၍ ဆိုလိမ့်မည်။

ဤအာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် سوء (စူး)နှင့် فحشاء (ဖှဟ်ရှာ)ဟူသော စကားလုံးနှစ်လုံးကို ရွေးချယ်၍ သုံးနှုန်းထားခဲ့သည်။ စာပေသဘောအရ စူး ဟူသောစကားလုံးမှာ မကောင်းမှုဟု အဓိပ္ပာယ်သက်ရောက်ကာ အပြစ်ဂုနာဟ် အသေး(ဆွဂီရဟ်)ကိုရည်ညွှန်းသည်။ ထို့နောက် ဖှဟ်ရှာသည် စက်ဆုပ်ဖွယ်ရာများနှင့် အိန္ဒြေမဲ့ခြင်းဟု အဓိပ္ပာယ်သက်ရောက်ကာ ဂုနာဟ်အကြီး(ကဗီရဟ်)ကို ရည်ညွှန်းသည်။ ဤသည်က အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺကို ဆွဂီရဟ်နှင့် ကဗီရဟ် ဂုနာဟ်အပြစ်နှစ်မျိုးစလုံးမှ အကာအကွယ်ပေးထားခဲ့သည်ဟု ကျွန်ုပ်အား ပြောပါသည်။

ဤနေရာ၌ ထပ်မံ၍ ရှင်းထားသေးသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ စိုက်ယိဒိနာယူစုဖ်ﷺထံ၌ ပေါ်ပေါက်ခဲ့သော ဟမ္မ သို့မဟုတ် ကြဲရွှမ်းမှုသည် လက်တွေ့မပါသည့် စိတ်ဆန္ဒ အဆင့်တွင်သာရှိပြီး ကဗီရာဟ် ဂုနာဟ်နှင့် ဆွဂီရဟ် ဂုနာဟ် နှစ်မျိုးစလုံးအောက်၌ အကျုံးမဝင်ချေ။ စင်စစ်မှာ ယင်းသည် ခွင့်လွှတ်ပြီးဖြစ်ချေသည်။

အာယသ် (၂၅-၂၉)

وَ اسْتَبَقَا الْبَابَ وَ قَدَّتْ قَمِيْصَهٗ مِنْ دُبُرٍ وَّ اَلْفَيَا سَيِّدَهَا لَدَا الْبَابِ ؕ
قَالَتْ مَا جَزَآءُ مَنْ اَرَادَ بِاَهْلِكَ سُوْٓءًا اِلَّاۤ اَنْ يُّسْجَنَ اَوْ عَذَابٌ اَلِيْمٌ ﴿۲۵﴾
قَالَ هِيَ رَاوَدَتْنِيْ عَنْ نَّفْسِيْ وَ شَهِدَ شَاهِدٌ مِّنْ اَهْلِهَا ۚ اِنْ كَانَ قَمِيْصُهٗ قُدَّ
مِنْ قُبُلٍ فَصَدَقَتْ وَ هُوَ مِنَ الْكٰذِبِيْنَ ﴿۲۶﴾ وَ اِنْ كَانَ قَمِيْصُهٗ قُدَّ مِنْ دُبُرٍ
فَكَذَبَتْ وَ هُوَ مِنَ الصّٰدِقِيْنَ ﴿۲۷﴾ فَلَمَّا رَاٰ قَمِيْصَهٗ قُدَّ مِنْ دُبُرٍ قَالَ اِنَّهٗ مِنْ
كَيْدِكُنَّ ؕ اِنَّ كَيْدَكُنَّ عَظِيْمٌ ﴿۲۸﴾ يُوْسُفُ اَعْرِضْ عَنْ هٰذَا ۫ وَ اسْتَغْفِرِيْ
لِذَنْۢبِكِ ۫ اِنَّكِ كُنْتِ مِنَ الْخٰطِـِٕيْنَ ﴿۲۹﴾

ထိုနောက် ၎င်းတို့နှစ်ဦးသည် တံခါးရှိရာသို့ (ရှေ့နောက်)ပြေးခဲ့ကြလေသည်။ ၎င်းပြင် ထိုမိန်းမသည် ယင်းယူစုဖ်၏အင်္ကျီကို နောက်မှဆုတ်ပစ်ခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် တံခါးဝ၌ ထိုမိန်းမ၏ခင်ပွန်းနှင့် တွေ့ရှိခဲ့လေသည်။ (ထိုအခါ) ယင်းမိန်းမက (ဤသို့)ပြောဆိုခဲ့လေသည်။ အသင်၏ အိမ်သူအိမ်သားအား မကောင်းကြံသူ၌ အကျဉ်းချထားခြင်းခံရသည်မှတစ်ပါး၊ သို့မဟုတ် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ပေးခြင်း(ကို ခံရသည်)မှတစ်ပါး၊ မည်သည့်ပြစ်ဒဏ်ရှိပါဦးမည်နည်း။[၂၅] (ထိုအခါ) ယင်းယူစုဖ်က "ဤမိန်းမသည်သာလျှင် ကျွန်ုပ်အား ကျွန်ုပ်၏စိတ်သဘောနှင့် ဆန့်ကျင်ကာ ချော့မော့မြူဆွယ်ခဲ့လေသည်"ဟု ပြောဆိုခဲ့လေသည်။ ၎င်းပြင် ယင်းမိန်းမ၏ဆွေမျိုး

များအနက်မှ သက်သေတစ်ဦးသည်(ဤသို့) သက်သေခံခဲ့လေသည်။ အကယ်၍ ထို ယူစုဖ်၏အကျိုးမှာ ရှေ့မှစုတ်ပြဲ၍နေသည်ဖြစ်မူ ထိုမိန်းမသည် မှန်ကန်စွာ ပြောဆိုခဲ့သည် ဖြစ်သည်။ ၎င်းပြင် ယင်းယူစုဖ်သည် မုသားပြောဆိုသူတစ်ဦး ဖြစ်ပေသတည်း။ [၂၆] သို့ရာတွင် အကယ်၍သာ ထိုယူစုဖ်၏အင်္ကျီသည် နောက်မှစုတ်ပြဲ၍နေသည်ဖြစ်ပါမူ ယင်းမိန်းမသည် မုသားပြောဆိုခဲ့သည်ဖြစ်သည်။ ၎င်းပြင် ထိုယူစုဖ်မှာမူကား မှန်ကန်စွာ ပြောဆိုသူတစ်ဦးပင် ဖြစ်ချေသတည်း။[၂၇]

ထို့နောက် (ယင်းမိန်းမ၏ခင်ပွန်းသည်)ထို ယူစုဖ်၏အင်္ကျီမှာ နောက်မှစုတ်ပြဲ၍နေ သည်ကို တွေ့မြင်လတ်သော် "ဤသည် အသင် မိန်းမတို့၏ စဉ်းလဲဉာဏ်သာဖြစ်သည်။ အသင်တို့၏စဉ်းလဲဉာဏ်သည်ကြီးမားလှဘိ၏တကား"ဟုပြောဆိုခဲ့လေသတည်း။[၂၈] (ထို့နောက် ဆက်လက် ပြောဆိုခဲ့ပြန်သည်မှာ) အို-ယူစုဖ်၊ အသင်သည် ဤသည်ကို လျစ်လျူရှုကာ လွှဲရှောင်၍သွားလော့။ ထို့ပြင် (အို-မိန်းမ) သင်သည် မိမိပြစ်မှုကို (ဝန်ချ တောင်းပန်၍)လွတ်ငြိမ်း ချမ်းသာခွင့်တောင်းခံလော့။ ဧကန်မလွဲ အသင်မသည် ပြစ်မှုကျူးလွန်သူတစ်ဦး ဖြစ်ချေသတည်း။ (ဟုပြောဆို ခဲ့လေ၏။) [၂၉]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲတွင် ဖော်ပြထားခဲ့သည်များမှာ အဇီးဇ်၏ဇနီးက စိုက်ယိဒိနာယူစုဖ် ﷺကို ဂုနာဟ် ပြစ်မှုကျူးလွန်စေရန်ကြိုးစား မြှူဆွယ်နေချိန်တွင် စိုက်ယိဒိနာယူစုဖ်ﷺမှာ ယင်းမှ ဝေးဝေးရှောင်တိမ်းနေချိန် ဖြစ်သည်။ ယင်းအချိန်တွင် လက်တွေ့လုပ်ဆောင်ရန်မဟုတ်သော ကြံရွယ်မှုမှ သဘာဝအရ ရုန်းထွက်နေသောအချိန်လည်း ဖြစ် သည်။ ထို့ကြောင့် ဤဂုဏ်အသရေရှိတမန်တော်အားကူညီရန် အလွှာဟ်အရှင်မြတ်သည် သူ၏နှလုံးသားမှ ထိုအတွေး ထုတ်ပယ်စေရန် ၎င်းရှေ့မှောက်တွင် တစ်စုံတစ်ခုပေါ်ထွက်စေခဲ့သည်။ ယင်းမှာ သူ၏ဖခင် စိုက်ယိဒိနာယအ်ကုပ်ﷺ (သို့မဟုတ်) အလွှာဟ်အရှင်မြတ်ပို့ချတော်မူသည့် အာယသ်အချို့ ဖြစ်နိုင်ပေသည်။

လက်ရှိအာယသ်(၂၅)ထဲတွင် မိန့်တားသည်မှာ စိုက်ယိဒိနာယူစုဖ် ﷺသည် ဤ "သူ၏ မွေးမြူဖန်ဆင်းတော်မူ သောအရှင်သခင်ထံမှ လက္ခဏာတော်ကို မြင်တွေ့ထားသည်နှင့် တစ်ပြိုင်နက် ဆိတ်ကွယ်ရာအရပ်မှ ထွက်ပြေးခဲ့ သည်။ ထို့နောက် အပြင်ရောက်ရန်အလို့ငှာ တံခါးဆီသို့ တစ်ဟုန်ထိုး ပြေးသွားခဲ့သည်။ အဇီးဇ်၏ဇနီးသည် နောက်မှ လိုက်၍ အပြင်မရောက်စေရေးဟန့်တားရန် ၎င်း၏အင်္ကျီကိုလှမ်းဆွဲလိုက်သည်။ သို့သော်သူသည် မရပ်ရန်ဆုံးဖြတ်ပြီး ဖြစ်၍ မနားတမ်းပြေးထွက်ခဲ့ရာ အင်္ကျီမှာ နောက်ပိုင်းစုတ်ပြဲသွားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ စိုက်ယိဒိနာယူစုဖ် ﷺမှာ တံခါးမှထွက်လာ၍ ဇုလိုင်ခါကလည်း နောက်မှထပ်ကြပ်မကွာ ပါလာခဲ့သည်။ သမိုင်းဆိုင်ရာအဖြစ်အပျက်များထဲ တွင် တံခါးမှာအတွင်းမှ သော့ခတ်ထားသည်ဟု ဖော်ပြထားသည်။ စိုက်ယိဒိနာယူစုဖ်ﷺ ပြေးထွက်ပြီး တံခါးအနီး ရောက်သောအခါ ထိုသော့ခလောက်မှာ အလိုလိုပွင့်၍ အောက်ပြုတ်ကျသွားသည်။

သူတို့နှစ်ဦးစလုံး တံခါးအပြင်ဘက်ရောက်ခဲ့သောအခါ ဇုလိုင်ခါ၏ခင်ပွန်းအဇီးဇ်သည် မျက်နှာချင်းဆိုင်၌ ရပ်နေသည်ကို တွေ့ရသည်။ သူဇနီးသည် ချောက်ချားသွားခဲ့သည်။ ကသိကအောက် အခြေအနေမှ ရုန်းထွက်ရန်နှင့် စိုက်ယိဒိနာယူစုဖ်ﷺအပေါ် အပြစ်ဖို့ရန် သူမက "အသင့်ဇနီးအပေါ် မကောင်းကြံရွယ်သူတစ်ဦးအား ထောင်သွင်း အကျဉ်းချခြင်းနှင့် သို့မဟုတ် နာကျင်ဖွယ်ပြစ်ဒဏ်ပေးခြင်းမှလွဲ၍ ဘာအပြစ်ဒဏ်ပေးနိုင်ပါသနည်းဟု" ပြောခဲ့သည်။

စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏ နဗီတမန်တော်ဆိုင်ရာ နူးညံ့သိမ်မွေ့မှုအရ သူမ၏လျှို့ဝှက်ချက်အား ဖော်ထုတ်မပြခဲ့ဟန် ရှိသည်။ သို့သော်လည်း ၎င်းကိုမမှန်မကန်သည့် စွပ်စွဲချက်တို့ဖြင့် စွဲချက်တစ်ခုကို သူမက တင်ပြခဲ့သောအခါတွင် ယူစုဖ်ﷺသည် အမှန်တရားကို هِيَ رَاوَدَتْنِيْ عَنْ نَّفْسِيْ "ဤမိန်းမသည်သာလျှင် ကျွန်ုပ်အား ကျွန်ုပ်၏စိတ်သဘောနှင့် ဆန့်ကျင်ကာ ချော့မော့မြှူဆွယ်ခဲ့သည်" ဟု မပြောမဖြစ် ပြောခဲ့ရလေသည်။

ပြဿနာမှာ ကြီးကျယ်၍နူးညံ့သိမ်မွေ့သည်။ အဇီးဇ်အတွက်မှာ မည်သူကမှန်ကန်ကြောင်း ဆုံးဖြတ်ရန်ခက်ခဲနေသည်။ သက်သေနှင့် အထောက်အထားလည်း မရှိချေ။ သို့ရာတွင်ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်တွင် အရှင်မြတ်၏ ဂုဏ်သရေရှိသော ကျေးကျွန်များကို ဂုနာဟ်ပြစ်မှုများမှ ကယ်တင်တော်မူခြင်းနှင့် ၎င်းတို့ကို ဂုနာဟ်အပြစ်ကြောင့် မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ရန်အတွက် အရှင်မြတ်တွင် ကိုယ်ပိုင်အစီအမံများ ရှိတော်မူပေသည်။ ထိုကျေးကျွန်များ၏ လောကီဘဝမှာပင် ထိုသူများ သိက္ခာကျဆင်းခြင်းမှ ကယ်တင်ရန်အလို့ငှာ မုအ်ဂျိဇာဟ် တန်ခိုးပြဋိဟာတစ်ရပ်သုံး၍ ကယ်တင်ရန် စီမံတော်မူလိမ့်မည်။ ပုံမှန်အားဖြင့် ထိုသို့သောအချိန်အခါမျိုးတွင် အမှန်တရားပေါ်ထွက်စေရန် ဓလေ့ထုံးစံအတိုင်း ပြောနိုင်လိမ့်မည်ဟု မမျှော်လင့်ရသော ကလေးငယ်များကို ရွေးချယ်ထားတော်မူခဲ့သည်။ သို့ရာတွင် ထိုကလေးငယ်များကို အံ့သြဖွယ် စကားပြောဆိုနိုင်စွမ်း ပေးထားသောကြောင့် အလ္လာဟ်အရှင်မြတ်သည် စွဲချက်မှလွတ်မြောက်စေရန် စီစဉ်ထားလိမ့်မည်ဖြစ်သည်။ လူအများက စိုက်ယိဒါဟ်မရိယမ်သခင်မအား မမှန်မကန်စွပ်စွဲခဲ့သောအခါက ဤသို့ပင် ဖြစ်ပျက်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်ရက်သားအရွယ်ရှိ စိုက်ယိဒိနာအီစာﷺကို သူ၏ကောင်းချီးပေးခံရသောမိခင်မွန်၏ သန့်စင်မှုကိုပေါ်လွင်စေရန်အလို့ငှာ ၎င်း၏နှုတ်မှပြောနိုင်စွမ်းကို အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူခဲ့သည်။ ဤသည်မှာ အရှင်မြတ်တန်ခိုးပြဋိဟာ၏ အထူး ပေါ်လွင်ထင်ရှားမှု တစ်ခုပင်ဖြစ်သည်။ အလားတူပင် ဗနီအစ္စရာအီလ် မျိုးနွယ်စုအနက်မှ သူတော်စင်တစ်ဦးဖြစ်သည့် ဂျုရိုက်ဂျ်အား လူများစုက ပူးပေါင်းကြံစည်ကာ ဤသို့သော သဘောသဘာဝရှိသည့် အခြားစွပ်စွဲမှုပြုလုပ်ခဲ့သောအခါတွင် မွေးကင်းစကလေးတစ်ဦးက ၎င်းသူ အပြစ်ကင်းစင်ကြောင်း သက်သေထွက်ဆိုခဲ့ပါသည်။ ဖိရ်အောင်သည် စိုက်ယိဒိနာမူစာﷺနှင့်ပတ်သက်၍ သံသယဝင်ခဲ့သောအခါတွင် ဖိရ်အောင်ဇနီး၏ ဆံပင်အလှပြင်ပေးသောအမျိုးသမီး၏ သမီးငယ်ကိုစကားပြောနိုင်စွမ်းပေး၍ စိုက်ယိဒိနာမူစာﷺအား ဖိရ်အောင်က နစ်နာစေမှုမှ ကယ်တင်ပေးတော်မူသည်။

အလားတူ စိုက်ယိဒိနာယူစုဖ်ﷺနှင့်ပတ်သက်သောအဖြစ်အပျက်တွင်လည်း စိုက်ယိဒိနာအဗ္ဗဒွလ္လာဟ် အိဗနိအဗ္ဗာစ်နှင့် အဗူဟုရိုင်ရဟ်ﷺတို့၏ ဆင့်ပြန်ချက်တစ်ခုအရ အလ္လာဟ်အရှင်မြတ်သည် ကလေးငယ်တစ်ဦးမှ စကားပြောဆိုနိုင်စွမ်း ပေးတော်မူခဲ့သည်။ ဤသည်မှာလည်း ဟစ်က်မသ်အသိဉာဏ်၏ နူးညံ့သိမ်မွေ့သော နည်းလမ်းတစ်ရပ်ဖြစ်ပေသည်။ ဤကလေးငယ်သည် သူ့အိမ်၏ပုခက်ထဲတွင် ရှိနေခဲ့သည်။ ဤကလေးငယ်သည် ဖြစ်ပျက်ခဲ့သည်များကို စောင့်ကြည့်နေမည်လည်းမဟုတ်။ ဖြစ်ပျက်ခဲ့သည်များကို နားလည်သဘောပေါက်၍ ပြန်လည်ပြောဆိုပြနိုင်မည်ဟုလည်း မည်သူကမျှ မထင်ခဲ့ပါ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့တန်ခိုးတော်ရှင် ဖြစ်တော်မူသည်။ ထိုအရှင်မြတ်က အရှင်မြတ်အမိန့်နာခံ၍ တာဝန်ထမ်းဆောင်ရန် ကြိုးပမ်းသူများ၏ ကြီးကျယ်မှုကို မီးမောင်းထိုးပြရန် ဆုံးဖြတ်ခဲ့သောအခါတွင် ဤစကြဝဠာတွင်းရှိ မြူမှုန်တိုင်းသည် ပြစ်မှုကျူးလွန်သူတိုင်း၏ အလုံးစုံကို မှတ်တမ်းတင်ထားပြီး လိုအပ်သောအချိန်တွင် ယင်းအမှန်တရားကိုတင်ပြနိုင်ရန် သူ သို့မဟုတ် သူမ၏ပြစ်မှုကို ပြောပြနိုင်သော အရှင်မြတ်၏ လျှို့ဝှက်အမှုထမ်းများ ဖြစ်သွားပါတော့သည်။ ပြန်လည်ရှင်ပြန်ထရမည့်နေ့နှင့် ကြောက်မက်ဖွယ် ဟရှရ်ကွင်းပြင်အကြောင်း စဉ်းစားကြည့်ပါ။ ထိုအချိန်တွင် လုပ်ရပ်များ၏ စာရင်းစစ်ဆေးချိန်ဖြစ်သည်။ လူသားများသည်

ငင်းတို့၏ လောကီဆိုင်ရာ အကျင့်ဓလေ့ဟောင်းအရ ငင်းတို့၏ပြစ်မှုများကို ဝန်ခံရန်ငြင်းဆိုသောအခါ ငင်းတို့၏ လက်များ၊ ခြေများ၊ အရေပြားနှင့် ပတ်ဝန်းကျင်များအား ငင်းတို့နှင့်ပတ်သက်၍ သက်သေခံရန် ဆင့်ခေါ်ပါလိမ့်မည်။ ယင်းကဲ့သို့သော သက်သေတိုင်းသည် အဆုံးအဖြတ်ပေးမည့်နေ့ အလိမအမ်ရှရ်တွင် စဉ်းစားမရနိုင်သော လူထုကြီးရှေ့မှောက်တွင် ထိုသူများ၏လုပ်ရပ်တိုင်းကို ဖော်ထုတ်ပြပါလိမ့်မည်။ ထိုအချိန်တွင် လူသားများ၏ လက်များ၊ ခြေများ၊ ငင်းတို့၏ အိမ်အတွင်းရှိနံရံများ၊တံခါးများ၊အိမ်ပြင်ရှိလုံခြုံရေးအဓိအမံများအားလုံးတစ်ခုမျှငင်းတို့ကိုယ်ပိုင်မဟုတ်တော့ကြောင်း တွေ့ရှိရလိမ့်မည်။ စင်စစ် ထိုအရာများအားလုံးသည် တန်ခိုးတော်အနန္တရှင် အလ္လာဟ် အရှင်မြတ်၏ လျှို့ဝှက်စုံထောက်များ ဖြစ်သွားကြပါလိမ့်မည်။

အတိုချုပ်မှာ ပုခက်ထဲရှိနေပြီး သူ့ပတ်ဝန်းကျင်ရှိ အကြောင်းအရာများကို ဘာမျှမသိသော ဤကလေးငယ်သည် စိုက်ယိဒိနာယူစုဖ် ﷺ၏ မုအ်ဂျိဇာဟ်အဖြစ်စကား ပြောဆိုနိုင်စေခဲ့သည်။ ထိုအချိန်သည် အဇီးဇ် နဝေတိမ်တောင်ဖြစ်၍ ဘာလုပ်ရမှန်းမသိသော အချိန်ဖြစ်သည်။

ဆက်လက်၍ အကယ်၍ ဤကလေးသည် စိုက်ယိဒိနာယူစုဖ်ﷺသည် အပြစ်မရှိ ဇူလိုင်ခါသည်သာ အပြစ်ရှိသည်ဟုသာ ပြောနိုင်ခဲ့လျှင်လည်း စိုက်ယိဒိနာယူစုဖ် ﷺ အပြစ်မရှိကြောင်း အံ့ဖွယ်သက်သေပြချက်တစ်ခု ဖြစ်ကာ မုအ်ဂျိဇာဟ်နီးနီး ဖြစ်ပေသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် ဤကလေးကို အမှားနှင့်အမှန်ကို ပြတ်သားစွာ ပြောစေခဲ့ပါသည်။ ကလေးပြောသည်မှာ " စိုက်ယိဒိနာယူစုဖ်ﷺ၏ အကျီကိုကြည့်ပါ။ အကယ်၍ ထိုအင်္ကျီသည် ရှေ့ပိုင်းစုတ်ပြဲနေလျှင် ဇူလိုင်ခါပြောသည်မှာ အမှန်ဖြစ်၍ စိုက်ယိဒိနာယူစုဖ်ﷺ၏စကားသည် မှားသည်။ ထို့နောက် အကယ်၍ အင်္ကျီသည် နောက်ကျောမှစုတ်ပြဲခဲ့လျှင် ဇူလိုင်ခါက ငင်းကို ရပ်ရန်တားကာ စိုက်ယိဒိနာယူစုဖ် ﷺက သူမထံမှ ထွက်ပြေးခဲ့သည်မှအပ မည်သည်မှမဖြစ်နိုင်ချေ။

ကလေးတစ်ဦး၏ ရှင်းလင်းပြောဆိုမှုသည် အံ့ဖွယ်မုအ်ဂျိဇာဟ် တစ်ရပ်ဖြစ်ရုံမျှမက ပြောကြားချက်သည် ပတ်ဝန်းကျင်မှလူတိုင်း နားလည်သဘောပေါက်နိုင်သည်။ ထို့နောက် ညွှန်ကြားသည့်အတိုင်း လိုက်နာသောအခါတွင် အင်္ကျီမှာ နောက်ကျောတွင် စုတ်ပြဲနေကြောင်း တွေ့ရသည်။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ် ﷺ ၏ အပြစ်ကင်းစင်မှုမှာ ရုပ်ပိုင်းဆိုင်ရာ လက္ခဏာများအရလည်း ထင်ရှားပွင့်လင်းစွာ သက်သေပြပြီးဖြစ်သည်။

ဤနေရာတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ရှာဟိဒ် သို့မဟုတ် သက်သေအကြောင်း ရှင်းလင်းချက်ပေးထားရာ၌ ယင်းကလေးငယ်သည် စကားပြောနိုင်စွမ်းကို မုအ်ဂျိဇာဟ်တရပ်အဖြစ် ကောင်းချီးမင်္ဂလာပေးခံရ၍ တမန်တော်မြတ် ﷺ၏ ဟဒီးဆ်တော်တစ်ရပ်မှ သက်သေပြပြီးဖြစ်ပါခဲ့သည်။ ဤဟဒီးဆ်တော်ကို အီမာဟ်အဟ်မဒ်က ငင်း၏မွတ်စ်နဒ် ကျမ်းတွင်လည်းကောင်း၊ အီဗနိဟစ်ဗ်ဗန်က သူ၏ရှာဟီးဒ်ကျမ်းတွင်လည်းကောင်း၊ ဟာကင်မ်က မုစ်တဒရ်ခ်ကျမ်းတွင်လည်းကောင်း ဖော်ပြထားခဲ့သည်။ ထိုသူများက ဤဟဒီးဆ်ကို ခိုင်လုံသော ဆွဟီးဟ်ဟဒီးဆ်ဟု သတ်မှတ်ခဲ့သည်။ ဤဟဒီးဆ်တော်ထဲတွင်မိန့်ထားသည်မှာ"အလ္လာဟ်အရှင်မြတ်သည်ကလေးငယ်တစ်ဦးကိုငင်းတို့ပုခက်ထဲရှိစဉ်မှာပင် စကားပြောနိုင်စွမ်း ချီးမြှင့်တော်မူခဲ့သည်။" ဤကလေးငယ်တစ်ဦးအကြောင်းကို အစောပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ (မဇာဟရီ) မည်သို့ပင်ဆိုစေကာမူ ဆင့်ပြန်ချက်အချို့တွင် ရှာဟိဒ် သို့မဟုတ် သက်သေနှင့် ပတ်သက်သည့် အခြားရှင်းလင်းချက်များကိုလည်း တင်ပြထားခဲ့သည်။ သို့သော် သဖီစီရ်ပညာရှင်များဖြစ်သည့် အိဗနိကျရီး၍၊ အိဗနိကဆီး၍နှင့် အခြားသူများက ပထမရှင်းလင်းချက်သည်ပို၍ အလေးသာသည်ဟုကြေညာခဲ့သည်။

အဓိန့်ပညတ်ချက်များနှင့် ဥပဒေသများ

အထက်ဖော်ပြပါ အာယသ်များမှ အောက်ပါဥပဒေများနှင့် လမ်းညွှန်များကို ထုတ်နုတ်ထားခဲ့ပါသည်။

၁။ "وَاسْتَبَقَا الْبَابَ" ထို့နောက် ၎င်းတို့နှစ်ဦးသည် (ရှေ့နောက်) တံခါးဆီသို့ ပြေးခဲ့ကြလေသည်" ဟူသော စကားလုံးများဖြင့် အစပြုထားသော အာယသ်(၂၅)မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ အကယ်၍ နေရာတစ်ခုသည် ဂုနာဟ်ပြစ်မှု ကျူးလွန်စေနိုင်သော အန္တရာယ်ရှိပါက ယင်းနေရာမှ ချက်ချင်းဆုတ်ခွာရမည်။ ယင်းကဲ့သို့သောနေရာမှ ထွက်ခွာပြေးမှုကို စိုက်ယိဒိနာယူစုဖ် ﷺက လက်တွေ့လုပ်ဆောင်ကာ သက်သေပြခဲ့ပါသည်။

၂။ အလ္လာဟ်အရှင်မြတ်၏ အဓိန့်တော်များကို နာခံမှုနှင့် ပတ်သက်သည့် ကိစ္စရပ်တို့တွင် ထိုနာခံမှုကို လျော့နည်းမသွား စေရန်နှင့် နာခံမှုပြုပါလျက်နှင့် သိသာသောရလဒ်များ မထွက်ပေါ်လာခဲ့သည့်တိုင်၊ သူ၏ကြိုးပမ်းမှု၊ အားထုတ်မှု အစွမ်းကုန်ပြုလုပ်ရပါမည်။ ရလဒ်တို့သည် အလ္လာဟ်အရှင်မြတ်၏ လက်ဝယ်တွင်ရှိပါသည်။ တစ်စုံတစ်ဦး၏ အလုပ်သည် သူ/သူမ၏ကြိုးပမ်းမှုနှင့် စွမ်းဆောင်ချက်တို့ကို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်သို့ဦးတည်ကာ လုပ်ဆောင်ရာ၌ သူ/သူမသည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ဖြစ်ကြောင်း သက်သေပြရပါမည်။ ထိုကဲ့သို့ စိုက်ယိဒိနာယူစုဖ်ﷺက လုပ်ဆောင်ခဲ့ပါသည်။ သမိုင်းဆိုင်ရာဆင့်ပြန်ချက်များ၌ တံခါးများပိတ်ထားသည်မျှမက၊ သော့ပင်ခတ်ထားသည်ဟူ၍တင်ပြကြသည်။ သို့ပင်ငြားလည်း စိုက်ယိဒိနာယူစုဖ် ﷺသည် သူ၏ခွန်အားကို အစွမ်းကုန်အသုံးပြုကာ တံခါးဆီသို့ ပြေးသွားခဲ့ပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတို့တွင် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် အစွမ်းကုန်ကြိုးပမ်းခဲ့ပါက အလ္လာဟ်အရှင်မြတ်ထံတော်မှ အကူအညီနှင့်အထောက်အပံ့တို့ ကျရောက်ကြောင်း မြင်တွေ့ရပါသည်။ အလ္လာဟ်အရှင်ကျေးကျွန်အောင်မြင်နိုင်ရန်အတွက် အကြောင်းခံများပေါ်ထွက်စေရန် စီမံတော်မူပါသည်။ သို့သော်လည်း အခြေအနေသည် ပြောင်းပြန်ဖြစ်ကာ တစ်စုံတစ်ဦးသည် သမားရိုးကျ အောင်မြင်မှုကိုမရရှိပါက ယင်းဆုံးရှုံးမှုသည် အလ္လာဟ်အရှင်မြတ်၏ ရိုကျိုးသောကျေးကျွန်တစ်ယောက်အတွက်မှာမူ အောင်မြင်မှုနှင့် မခြားပါတော့သည်။(ဤသည်မှာ သူ့သခင်အကြိုက်ပင် ဖြစ်သည်။)

အကျဉ်းကျနေသော ဖြောင့်မတ်မှန်ကန်သည့် လူကြီးသူမတစ်ဦးနှင့် ပတ်သက်သော ပြောကြားချက်တစ်ခုမှာ သူသည် သောကြာနေ့တိုင်း ဂျုမုအာဆွလာသ်ဝတ်ပြုမှု ပြုလုပ်နိုင်ရန်အတွင် ရေရှိုး၊ အဝတ်အစား လျော်ဖွပ်ကာ ဂျုမုအာဆွလာသ်ဝတ်ပြုရန် ထောင်တံခါးဝဆီသို့ လျှောက်သွားပါသည်။ တံခါးသို့ရောက်ရောက်ချင်းသူက ပြောသည်မှာ "ယာအလ္လာဟ်၊ ဤသည်မှာ ကျွန်ုပ် လုပ်နိုင်စွမ်းရှိသလောက်ပင် ဖြစ်ပါသည်။ ဤထက် ကျော်လွန်သည်ကတော့ အလ္လာဟ်အရှင် ထိန်းချုပ်မှုအောက်တွင်ရှိပါသည်။ အလ္လာဟ်အရှင်မြတ်၏ အဆုံးအစမရှိသော အသနားအကြင်နာဖြင့် သူ၏နာမ်ပိုင်းဆိုင်ရာတောင်းတမှုအရ ထောင်တံခါးသည် အလ္လာဟ်အရှင့်အမိန့်တော်ဖြင့်ပွင့်သွားကာ သူသည် ဂျုမုအာဆွလာသ်ကို ဝတ်ပြုစေနိုင်ပါလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်၏ဟိစ်မသ်ဉာဏ်တော်အရ ဤသို့ ဖြောင့်မတ်မှန်ကန်ရှိသေကိုင်းရှိုင်းသူတစ်ဦးအပေါ်၌ သဘာဝလွန်ဖြစ်ရပ်များ (ကရာမသ်)များ သေးသိမ်သွားစေသည့် နာမ်ပိုင်းဆိုင်ရာ အမြင့်မားဆုံးအဆင့်ကို ပေးသနားတော်မူနိုင်ပါသည်။ သူ၏ ဂျုမုအာဆွလာသ်ဝတ်ပြုရန် အဆက်မပြတ်ကြိုးပမ်းသော်လည်း ထောင်တံခါးသည် ပွင့်မသွားပါ။ သို့ရာတွင် သူသည် စိတ်ဓာတ်မကျပါ။ သူသည် ဂျုမုအာနေ့တိုင်း အမြဲဤသို့ လုပ်ဆောင်ပါသည်။ ဤသည်ကို ဆူဖီဆရာသခင်များက နာမ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဟု ခေါ်ဆိုကာ ယင်းသည် ကရာမာသ်ထက် သာလွန်ပါသည်။

၃။ လူတစ်ဦးအား အခြားသူတစ်ဦးအား မမှန်မကန် စွပ်စွဲမှုပြုလုပ်ပါက ထိုစွပ်စွဲခံရသူက ခုခံပြောဆိုခြင်းသည် တမန်တော်များလမ်းစဉ် (အမ်ဗေယာများ၏ စွန္ဒသ်)ဖြစ်ကြောင်း(အာယသ်၂၆)အရ သက်သေပြပြီးဖြစ်ပါသည်။ ထိုသို့

သောအချိန်၌ ဆိတ်ဆိတ်နေကာ တစ်စုံတစ်ဦးအား တရားခံအဖြစ် ကြေညာစေခွင့်ပြုခြင်းသည် ဘုရားတရားကြည်ညိုလေးစားခြင်းနှင့် အလွန်တာ်အရှင်မြတ်အား ယုံပုံကိုယ်စားပြုခြင်း(သဝဏ္ဏလ်) လုပ်ရပ်မဟုတ်ပါ။

၄။ စတုတ္ထပြဿနာရပ်သည် အာယသ်(၂၆)ပါ(ရှာဟိစ်ဒ်) شَاهِدٌ ဟူသော စကားလုံးနှင့် ပတ်သက်ပါသည်။ ဤစကားလုံးအား သာမန် ဥပဒေပညာရပ်ဆိုင်ရာကိစ္စရပ်များနှင့် အမှုအခင်းများတွင်သုံးစွဲပါက ယင်းစကားလုံးက အငြင်းပွားသော ကိစ္စရပ်ကို မြင်တွေ့ကာ ပြန်လည်တင်ပြသူဟူ၍ ဖော်ညွှန်းပါသည်။ ဤအာယသ်တော်ထဲ၌ ရှာဟီးဒ် شَاهِدٌ စကားလုံးက ရည်ညွှန်းထားသောသူသည် အဖြစ်အပျက်ကိုလည်းကိုယ်တိုင် မမြင်တွေ့ခဲ့ရပါ။ ပြန်လည်ပြောခြင်းလည်း မရှိပါ။ ရည်ညွှန်းထားသည်မှာ ဆုံးဖြတ်ချက်တစ်ခု ချနိုင်ရန်အတွက် နည်းလမ်းတစ်ခုဟူ၍ ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ အသုံးနှုန်းအရ ယင်းကို ရှာဟီးဒ် သို့မဟုတ် သက်သေဟူ၍ မခေါ်ဆိုနိုင်ပါ။

သို့ရာတွင် ဤအသုံးအနှုန်းအားလုံးတို့အား သင်ကြားခြင်း၊ နားလည်သဘောပေါက်ခြင်းတို့တွင် လွယ်ကူမှုရှိစေရန်အတွက် နှောင်းခေတ်ပညာရှင်များနှင့် ဓမ္မသတ်ရှင်တို့က သုံးနှုန်းခဲ့သည်ဆိုသည်မှာ ထင်ရှားပါသည်။ ထို အသုံးအနှုန်းများသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းများမဖြစ်သလို တစိုက်မတ်မတ် လိုက်နာဆောင်ရွက်ရန် မလိုပါ။ ကုရ်အာန်ကျမ်းတော်မြတ်က ဤသူအား ရှုဟီးဒ် (သက်သေ)ဟု ခေါ်ဆိုရခြင်းမှာ သက်သေတစ်ဦး၏ ထွက်ဆိုချက်သည် တရားသူကြီးတစ်ဦးကို ဆုံးဖြတ်ချက်ချရန် လွယ်ကူစေကာ၊ အငြင်းပွားသူနှစ်ဖွဲ့အနက် တစ်ဖွဲ့သည် မှန်ကန်ကြောင်း သက်သေပြရန်လွယ်ကူပါသည်။ ဤကလေးငယ်၏ ပြောပြချက်သည် အလားတူ အကျိုးသက်ရောက်မှုဖြစ်စေပါသည်။ ဦးစွာပထမအနေဖြင့် သူရဲ့စကားပြောဆိုနိုင်ခြင်းဆိုသည်ကပင်လျှင် စိုက်ယိဒိနာယူစုဖ်ﷺအား စွပ်စွဲချက်မှလွတ်ကင်းစေနိုင်သည့် လုံလောက်သောသက်သေပြချက်ဖြစ်ပါသည်။ ၎င်းနောက် ထိုသူငယ်ပေးသော သက်သေလက္ခဏာများလည်း ရှိပါသည်။ ခွဲခြမ်းစိတ်ဖြာမှုအဆုံးတွင်လည်း စိုက်ယိဒိနာယူစုဖ်ﷺစွဲချက်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေသည့် သက်သေများမှအပ ဘာမျှမရှိပါ။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ အကျိုးအတွက် ထိုသူငယ် ထွက်ပေါ်သည်ဟူ၍ ပြောဆိုခြင်းက မှန်ကန်ပါလိမ့်မည်။ သို့သော်လည်း သူသည် စိုက်ယိဒိနာယူစုဖ်ﷺ မှန်ကန်သည်ဟု မကြေညာဘဲ ဖြစ်နိုင်ခြေနှစ်ရပ်ကို ဖော်ပြခဲ့ပါသည်။ ၎င်းနောက် ထိုသည်ကိုထပ်ဆောင်း၍ ဇူလိုင်ခါ မှန်ကန်သည်ဆိုသည့်ဖြစ်နိုင်ခြေသည် မသေချာသော်လည်း ထို့ကဲ့သို့သော အခြေအနေမျိုးတွင် ဇူလိုင်ခါ မှန်လိမ့်မည်ဟု ထင်မှတ်ခဲ့ပါသည်။ တကယ်တမ်းဆိုရလျှင် နောက်ထပ်ဖြစ်နိုင်ခြေတစ်ခုလည်း ရှိပါသည်။ အခြေအနေနှစ်ရပ်တို့တွင် ရှုပ်အင်္ကျီသည် ရှေ့ဘက်မှလည်း စုတ်ပြဲနိုင်ပါသည်။ ထို့နောက်သူသည် အခြားဖြစ်နိုင်ခြေများမရှိသော ဤအခြေအနေမျိုး၌သာလျှင် စိုက်ယိဒိနာယူစုဖ်ﷺမှန်ကန်ကြောင်း သူကဝန်ခံခဲ့ပါသည်။ သို့ရာတွင် အဆုံး၌မှာမူ ဤနည်းဗျူဟာ၏ရလဒ်သည် စိုက်ယိဒိနာယူစုဖ်ﷺ အပြစ်ကင်းစင်ကြောင်း သက်သေပြချက်ပင်ဖြစ်ပါသည်။

၅။ အငြင်းပွားသောအမှုများအား ဆုံးဖြတ်ရာတွင် အသေးစိတ် သက်သေပြချက်များကို ထည့်သွင်းစဉ်းစားရပါသည်။ ဤနေရာ၌ ရှုပ်အင်္ကျီသည် နောက်မှစုတ်ပြဲခြင်းက စိုက်ယိဒိနာယူစုဖ် ﷺက ထွက်ပြေးသည်ဆိုကြောင်းနှင့် ဇူလိုင်ခါက သူ့အား ရပ်တန့်စေသည်ဆိုကြောင်း သက်သေပြသည်ဟူ၍ ဤရှာဟစ်ဒ်၏ ကြေညာချက်က လက်တွေ့ပြပါသည်။ ဤကိစ္စရပ်တွင်ပြုလုပ်သကဲ့သို့ အမှန်တရားကိုဆုံးဖြတ်ရာ၌ လက္ခဏာများနှင့် အညွှန်းများအသုံးပြုသင့်သည်ဟူ၍ အားလုံးသောဓမ္မသတ်ရှင်များက သဘောတူညီကြပါသည်။ သို့ရာတွင် လက္ခဏာများ၊ အညွှန်းများတို့ကိုသာ လုံလောက်သောသက်သေပြချက်အနေဖြင့် မမှတ်ယူနိုင်ပါ။ စိုက်ယိဒိနာယူစုဖ်ﷺနှင့် ပတ်သက်သော ဤအဖြစ်အပျက်များမှာလည်း ကလေးငယ်၏ အံ့ဖွယ်စကားပြောနိုင်စွမ်းကသာ စိုက်ယိဒိနာယူစုဖ်ﷺ အပြစ်ကင်းစင်ကြောင်း အမှန်

တကယ် သက်သေပြခဲ့ပါသည်။ ထိုကိစ္စရပ်တွင် ဖော်ပြခဲ့သောလက္ခဏာများနှင့် အညွှန်းတို့သည် ကိစ္စရပ်များအား အတည်ပြုပေးခြင်းသာ ဖြစ်ပါသည်။

အထက်ကိုးကားခဲ့သည့် နောက်ဆုံးနှစ်ခုဖြစ်သော အာယသ်(၂၈နှင့်၂၉)ထဲ၌ ကလေးငယ်ပြောကြားသည့် ဟန်ပန်ကိုကြားသိပြီးနောက် အဇီးဇ်သည် ကလေးစကားပြောသည်ထဲတွင် စိုက်ယိဒိနာယူစုဖ် ﷺ၏ အပြစ်ကင်းစင်မှုကို ထုတ်ဖော်ပြသရန်အတွက် အထူးသဘာဝလွန် အခြေအနေအချို့ ယင်းထဲတွင်ရှိနေကြောင်း သတိထားသဘော ပေါက်သည်။ ယင်းနောက် ကလေးငယ်ပြောကြားခဲ့သည့် နောက်ဖက်မှ စုတ်ပြဲနေကြောင်း သူတွေ့ရှိရသောအခါ စိုက်ယိဒိနာယူစုဖ် ﷺ အပြစ်ကင်းစင်၍ ဇူလိုင်ခါသာလျှင် အပြစ်ရှိကြောင်း သေချာသွားခဲ့သည်။ ထို့ကြောင့် ပထမဦးစွာ ဇူလိုင်ခါကို ဦးတည်၍ပြောသည်မှာ إِنَّهُۥ مِنكُنَّ كَيۡدِكُنَّۖ ဆိုလိုသည်မှာ ဤလုပ်ရပ်အားလုံးသည် သင်၏မာယာပရိယာယ်များသာဖြစ်၍ မိမိအပြစ်ကို သူတစ်ပါးအပေါ် ပုံချရန်ဖြစ်သည် ဟူ၍ဖြစ်သည်။ ထို့နောက် သူကအမျိုးသမီးများ၏ မာယာပရိယာယ်သည် ကြီးကျယ်လှ၍ ယင်းကို နားလည်သဘောပေါက်ရန်ခက်ခဲကာ ရုန်းထွက်ရန်လည်း ခက်ခဲပေသည်။ အကြောင်းမှာ ထိုပရိယာယ်များသည် အပြင်ပန်းအားဖြင့် ပျော့ပျောင်းနူးညံ့ကာ အားနည်းနေသည်။ အလေးမမူဘဲ ကြည့်ရှုသူတစ်ဦးသည် သူတို့ပြောသမျှ ယုံကြည်သွားစေနိုင်သည်။ သို့သော်လည်း အသိဉာဏ်ပညာနှင့် ရိုးသားမှုကင်းခြင်းက ယင်းလုပ်ရပ်သည် လှည့်စားမှုတစ်ရပ်ဖြစ်နိုင်သည်။(မဇာဟိရ်)

သဖိစီရ် အလ်ကုရ်သုဒီကျမ်းပါ စိုက်ယိဒိနာအဗူဟုရိုင်ရဟ် ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်အရ တမန်တော်မြတ် ﷺ၏ မိန့်ကြားသည်ကို တင်ပြထားခဲ့သည်မှာ "အမျိုးသမီးများ၏ စဉ်းလဲဉာဏ်သည် ရှိုက်တွာန်၏ စဉ်းလဲဉာဏ်ထက် ကြီးမားပေသည်" အဘယ့်ကြောင့်ဆိုသော် ရှိုက်တွာန်၏ စဉ်းလဲဉာဏ်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က إِنَّ كَيۡدَ ٱلشَّيۡطَٰنِ كَانَ ضَعِيفًا "မုချဇကန်ရှိုက်တွာန်၏ပရိယာယ်ချည့်နဲ့လှပေသည်။(တစ်နည်း- ပေါ့ပြက်လှပေသည်(၄း၇၆)။ إِنَّهُۥ مِنكُنَّۖ ထို့နောက် အမျိုးသမီးများ၏ စဉ်းလဲဉာဏ်သည် ကြီးမားလှဘိ၏တကား(၁၂း၂၈)" ဟူ၍ မိန့်ထားခဲ့သည်။ ဤနေရာ၌ အမျိုးသမီးများအားလုံးကို မဆိုလိုကြောင်း ထင်ရှားသည်။ ဆိုလိုသည်မှာ ဤနေရာ၌ ဉာဏ်နီဉာဏ်နက်ဖြင့် ဆင်ခြေဆင်လက်ပေးကာ ကျင့်သုံးသောအမျိုးသမီးများကိုသာလျှင် ဆိုလိုသည်။

ထို့နောက် ဇူလိုင်ခါအား သူမ၏အမှားကို ထောက်ပြ၍ ခင်ပွန်းအဇီးဇ်က စိုက်ယိဒိနာယူစုဖ်ﷺအား ပြောသည်မှာ " يُوسُفُ أَعۡرِضۡ عَنۡ هَٰذَا " အိုယူစုဖ်အသင်သည် ဤသည်ကို လျစ်လျူရှုကာ လွှဲရှောင်၍သွားလော့" ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ "ဤကိစ္စရပ်ကြောင့် အရှက်မရရန်အလို့ငှာ ဤကိစ္စကို အခြားသူများအား မပြောလေနှင့်ဟူ၍ ဖြစ်သည်။" ထို့နောက်သူသည် ဇူလိုင်ခါကိုဦးတည်၍ ပြောသည်မှာ وَٱسۡتَغۡفِرِي لِذَنۢبِكِۖ إِنَّكِ كُنتِ مِنَ ٱلۡخَٰطِـِٔينَ " ထို့ပြင် (အိုမိန်းမ) အသင်သည် မိမိပြစ်မှုကို (ဝန်ချတောင်းပန်၍) လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံလော့။ ဇကန်မလွဲအသင်မသည် ပြစ်မှုကျူးလွန်သူတစ်ဦး ဖြစ်ချေသတည်း" ဟူ၍ ဖြစ်သည်။ ဤသည်က သူမသည် သူမ၏ ခင်ပွန်းထံမှ ခွင့်လွှတ်မှု ရှာကြံသင့်ကြောင်း ထင်ရှားသည်။ ထို့နောက်ဤသည်က သူမသာလျှင်အမှားပြုလုပ်၍ စိုက်ယိဒိနာယူစုဖ်ﷺအပေါ် အပြစ်ပုံချခဲ့သဖြင့် စိုက်ယိဒိနာယူစုဖ်ﷺထံမှလည်း ခွင့်လွှတ်မှုတောင်းခံသင့်ကြောင်း ဆိုလိုသည်။

အထူးမှတ်စု

ဤနေရာတွင် မိမိဇနီးသည် ယုံကြည်မှု ဖောက်ဖျက်ခြင်းနှင့် ကာအိန္ဒြေပျက်ယွင်းကြောင်း ထင်ရှားစွာ သိလျက်နှင့် မိမိဇနီးကို စိတ်မဆိုးဒေါသမထွက်ဘဲ စိတ်အေးအေးထားကာ စကားပြောဆိုသည်ကား အလွန်အံ့သြဖွယ်ရာဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် လူသားဘဝဖြစ်ပေါ်လေ့ရှိသော စေ့ဆော်မှုနှင့်မတူဘဲ တစ်မူထူးခြား နေ

ပေသည်။ အီမာလ်အလ်ကုရ်သုဗီက အဇီးဇ် ထိုသို့ဖြစ်ခြင်း၏ တစ်ခုသောအကြောင်းကား ၎င်းသည် အရှက်စိတ် ကင်းမဲ့သောသူတစ်ဦး ဖြစ်နိုင်သည်။ ထို့ပြင် ဤသည်မှာ အလွှာဟ်အရှင်မြတ်က စိုက်ယိဒိနာယူစုဖ်ﷺကို ဦးစွာ ဂုနာဟ်ပြစ်မှုနှင့် သိက္ခာကျမှုမှ ကယ်တင်ရန်အလို့ငှာ သဘာဝလွန်စီမံထားမှုလည်း ဖြစ်နိုင်သည်။ ယင်းအစီအမံ၏ တစ်စိတ်တစ်ဒေသအဖြစ် အလွှာဟ်အရှင်မြတ်က အဇီးဇ်ကို စိတ်ဆိုးဒေါသထွက်စေခြင်း မဖြစ်စေခဲ့ပါ။ သို့မဟုတ်လျှင် ဓလေ့ထုံးစံအရဆိုလျှင် ဤအချိန်အခါမျိုးတွင် ဦးစွာစုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဂရုမမူဘဲ ကိုယ်ထိလက်ရောက်ကျူးလွန်နိုင်သည်။ ဦးစွာပထမ နှုတ်ဖြင့် ကြမ်းတမ်းစွာပြောလိမ့်မည်ဆိုခြင်းကား ပြောစရာပင် မလိုချေ။ အကယ်၍ အဇီးဇ်သည် သာမန်လူသား၏တုံ့ပြန်မှုအတိုင်း ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့လျှင် စိတ်ပိုင်းဆိုင်ရာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း တစ်စုံတစ်ရာ ကျူးလွန်နိုင်ပါသည်။ ယင်းသို့ပြုလုပ်ခဲ့လျှင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ကြီးမြတ်သည့် ဂုဏ်ကျက်သရေပြည့်စုံသော အဆင့်အတန်းနှင့် ဆန့်ကျင်နေပေလိမ့်မည်။ ဤသည်တို့မှာ အလွှာဟ်အရှင်မြတ်တန်ခိုးတော်၏ အံ့ဖွယ်များပင်ဖြစ်သည်။ အရှင်မြတ်ကိုအမိန့်နာခံ၍ အလွန်သစ္စာစောင့်ထိန်းကာ စွဲမြဲမြဲမြံသူများသည် အလွှာဟ်အရှင်မြတ်က ကာကွယ်စောင့်ရှောက်တော်မူခဲ့ကြောင်း ပွင့်လင်းသည့်သက်သေပြချက်ဖြစ်ပေသည်။ ထို့ပြင် အရှင်မြတ်ဖန်ဆင်းတော်မူသည်တို့၏ မြင့်မြတ်မှုထဲရှိ အကောင်းဆုံးများသည် အရှင်မြတ်အတွက်သာလျှင်ဖြစ်သည်။

နောက်ဖော်ပြသည့် အာယသ်များထဲတွင် အစောပိုင်းဖော်ပြခဲ့သည့် အခြားအဖြစ်အပျက်နှင့် ဆက်နွယ်သည်ကို ဖော်ပြထားသည်။ ယင်းထဲတွင် ဤအဖြစ်အပျက်သည် ဖုံးကွယ်ရန်ကြိုးပမ်းလင့်ကစား နန်းတွင်းမိသားစုရှိ အမျိုးသမီးများကြားတွင် ပျံ့နှံ့သွားခဲ့သည်ဟု မိန့်ကြားခဲ့သည်။ ဤအမျိုးသမီးများသည် အဇီးဇ်နှင့်ရင်းနှီးသည့် အရာရှိများ၏ ဇနီးများဖြစ်ကြောင်း ဋီကာရှင်အချို့က ပြောခဲ့ကြသည်။(ကုရ်သုဗီ၊ မဇာဟီရီ)

ဤအမျိုးသမီးများသည် သူတို့အချင်းချင်း ပြောကြသည်။ သူမတို့က " ကြည့်ကြပါဦး၊ အဇီးဇ်၏ဇနီးဟူသော အလွန်မြင့်မြတ်သည့် အဆင့်အတန်းရလင့်ကစား သူမဆန္ဒဖြည့်ဆည်းရန်အလို့ငှာ သူမရဲ့ကျေးကျွန်ငယ်ကလေးနှင့် ချစ်ကြိုးသွယ်ခဲ့သည်မှာ ဘယ်လောက်ဝမ်းနည်းစရာကောင်းသလဲ၊ ဒီကိစ္စမှာ သူမ အကြီးအကျယ်မှားတာပဲလို့ တို့ထင်တာပဲ" ဟူ၍ ပြောကြသည်။ အာယသ်(၃၀)ထဲတွင် "သူမ၏ကျွန်လုလင်" ဟု ဘာသာပြန်ထားသည့် فَتَاهَا ဖသဟာ ဟူ၍သုံးနှုန်းထားသည်။ ဖသဟာဆိုသည်မှာ ပျိုမျစ်သောတစ်စုံတစ်ဦးကို ဖော်ကျူးသည်။ သမားရိုးကျ အသုံးအနှုန်းတွင် ယောကျ်ားလေးကျေးကျွန်တစ်ဦး ငယ်ရွယ်စဉ် 'ဂိုလာမ်' ဟုခေါ်သည်။ အကယ်၍ ယင်းကျေးကျွန် ငယ်ရွယ်စဉ် ယောကျ်ားလေးကို 'ဖသာ' ဟုခေါ်၍ မိန်းကလေးကို 'ဖသာဟ်'ဟု ခေါ်သည်။ ဤနေရာ၌ စိုက်ယိဒိနာယူစုဖ် ﷺကို ဇူလိုင်ခါ၏ကျေးကျွန်ဟု ရည်ညွှန်းထားခြင်းမှာ ခင်ပွန်းတစ်ဦးပိုင်ဆိုင်သည်ကို ထုံးဓလေ့အရ ဇနီးကလည်း ပိုင်ဆိုင်သောကြောင့်ဖြစ်နိုင်သကဲ့သို့ ဇူလိုင်ခါသည် ယူစုဖ်ﷺကို ခင်ပွန်းထံမှ လက်ဆောင်အဖြစ် ရရှိထားသောကြောင့်လည်း ဖြစ်နိုင်သည်။ (ကုရ်သုဗီ)

အာယသ် (၃၀-၃၅)

وَ قَالَ نِسْوَةٌ فِي الْمَدِيْنَةِ امْرَاَتُ الْعَزِيْزِ تُرَاوِدُ فَتٰىهَا عَنْ نَّفْسِهٖ ۚ قَدْ
شَغَفَهَا حُبًّا ؕ اِنَّا لَنَرٰىهَا فِيْ ضَلٰلٍ مُّبِيْنٍ ﴿۳۰﴾ فَلَمَّا سَمِعَتْ بِمَكْرِهِنَّ
اَرْسَلَتْ اِلَيْهِنَّ وَ اَعْتَدَتْ لَهُنَّ مُتَّكَاً وَّ اٰتَتْ كُلَّ وَاحِدَةٍ مِّنْهُنَّ سِكِّيْنًا
وَّ قَالَتِ اخْرُجْ عَلَيْهِنَّ ۚ فَلَمَّا رَاَيْنَهٗۤ اَكْبَرْنَهٗ وَ قَطَّعْنَ اَيْدِيَهُنَّ وَ قُلْنَ
حَاشَ لِلّٰهِ مَا هٰذَا بَشَرًا ؕ اِنْ هٰذَاۤ اِلَّا مَلَكٌ كَرِيْمٌ ﴿۳۱﴾ قَالَتْ فَذٰلِكُنَّ الَّذِيْ
لُمْتُنَّنِيْ فِيْهِ ؕ وَ لَقَدْ رَاوَدْتُّهٗ عَنْ نَّفْسِهٖ فَاسْتَعْصَمَ ؕ وَ لَئِنْ لَّمْ يَفْعَلْ مَاۤ
اٰمُرُهٗ لَيُسْجَنَنَّ وَ لَيَكُوْنًا مِّنَ الصّٰغِرِيْنَ ﴿۳۲﴾ قَالَ رَبِّ السِّجْنُ اَحَبُّ اِلَيَّ مِمَّا
يَدْعُوْنَنِيْۤ اِلَيْهِ ۚ وَ اِلَّا تَصْرِفْ عَنِّيْ كَيْدَهُنَّ اَصْبُ اِلَيْهِنَّ وَ اَكُنْ مِّنَ
الْجٰهِلِيْنَ ﴿۳۳﴾ فَاسْتَجَابَ لَهٗ رَبُّهٗ فَصَرَفَ عَنْهُ كَيْدَهُنَّ ؕ اِنَّهٗ هُوَ السَّمِيْعُ
الْعَلِيْمُ ﴿۳۴﴾ ثُمَّ بَدَا لَهُمْ مِّنْۢ بَعْدِ مَا رَاَوُا الْاٰيٰتِ لَيَسْجُنُنَّهٗ حَتّٰى حِيْنٍ ﴿۳۵﴾

ၵင်းပြင် မြို့တွင်း၌ရှိသော အချို့မိန်းမများသည်(မာယာဆင်၍ ဤသို့ပြစ်တင်)
ပြောဆိုကြကုန်၏။ အဇီဇ်၏ကြင်ရာသည် မိမိကျွန်ကို ၵင်း၏စိတ်သဘောနှင့် ဆန့်ကျင်ပြီး
ချော့မော့မြူဆွယ်နေလေသည်။ ဇကန်စင်စစ် ထိုကျွန်သည် ၵင်း၏စိတ်နလုံးကို ချစ်
မေတ္တာအားဖြင့် ဖုံးလွှမ်းလျက် ရှိနေပေသည်။ ဇကန်အမှန် ကျွန်ပ်တို့သည် ယင်းအဇီဇ်၏
ကြင်ရာအား လွှဲချော်မှောက်မှားမှု၌ (ကျဆင်းနေသည်ကို) တွေ့မြင်ကြရပေသတည်း။
[၃၀] ထို့နောက် ယင်းအဇီဇ်၏ကြင်ရာသည် ထိုမိန်းမတို့၏ဤဇ်ဆင်မှုကို ကြားသိရလေ
သောအခါ ၵင်းတို့အား (မိမိတို့အိမ်သို့ ဧည့်ခံကျွေးမွေးရန်) ဖိတ်ခေါ်ခဲ့လေသည်။ ထို့ပြင်
ၵင်းတို့အဖို့ (သိုက်မြိုက်တင့်တယ်စွာ ထိုင်နိုင်ကြရန်) မှီအုံးများကို(ခင်း၍) အဆင့်ဆင့်
ပြင်ဆင်ထားခဲ့လေသည်။ ထို့ပြင် ယင်းမိန်းမများအနက် အသီးသီးအား ဓားတစ်ချောင်း
စီပေးပြီးနောက် (ယူစုဖ်အား) အသင်သည် ဤမိန်းမတို့၏ရှေ့သို့ ထွက်ခဲ့လော့ဟု ပြော
ဆိုခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုမိန်းမတို့သည် ယူစုဖ်အားတွေ့မြင်ကြသောအခါ ၵင်း
နှင့်ပတ်သက်၍ အံ့ရီးမဆုံးဖြစ်သွားခဲ့ကြကုန်၏။ ၵင်းပြင် ထိုမိန်းမတို့သည် မိမိတို့၏လက်
များကို လိုးမိကြကုန်၏။ ထို့နောက် ၵင်းတို့က အလွှာဟ်အရှင်မြတ်သည် အပြစ်ကင်းစင်
တော်မူ၍ အံ့ရီးမဆုံးနိုင်တော်မူပါဘိတကား၊ ဤသူသည် လူသားတစ်ဦးမဖြစ်နိုင်၊ ဤသူ
သည် ကောင်းရီးမင်္ဂလာနှင့်ပြည့်စုံသော ကောင်းကင်စေတမန်သာ ဖြစ်ပေသတည်းဟု
တအံ့တသြ ပြောဆိုကြကုန်၏။[၃၀] (ထိုအခါ) ယင်းမိန်းမက (ဤသို့ပြန်)ပြောခဲ့လေ၏။
ဤသည်ပင် အကြင်သူတည်း၊ အသင်မိန်းမတို့သည် ကျွန်ပ်အား ထိုသူနှင့်ပတ်သက်၍
ကဲ့ရဲ့ပြစ်တင်ခဲ့ကြကုန်၏။ အမှန်စင်စစ်သော်ကား ကျွန်ပ်သည်ပင် ၵင်းအား ၵင်း၏စိတ်

သဘောနှင့်ဆန့်ကျင်၍ ချော့မော့ပြုဆွယ်ခဲ့လေသည်။ သို့တစေလည်း ၎င်းမှာမူကား လုံးဝအပြစ်ကင်းစင်စွာ နေခဲ့လေ၏။ သို့ရာတွင် အကယ်၍သာ ၎င်းသည်(အနာဂတ်တွင်) ကျွန်ုပ် အမိန့်ပေးလျက်ရှိသောအမှုကိစ္စကို မပြုလုပ်ခဲ့ပါလျှင် မလွဲဧကန် ၎င်းသည် အကျဉ်းချထားခြင်းခံရသည့် ပြင် ဂုဏ်အသရေနိမ့်ကျသူတစ်ဦးလည်း ဖြစ်ရလိမ့်မည် သာတည်း။[၃၂] (ထိုအခါ) ယင်းယူစုဖ်က (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) လျှောက်ထား ပန်ကြားခဲ့လေ၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ထိုမိန်းမတို့သည် ကျွန်တော်မျိုးအား ဖိတ်ခေါ်လျက်ရှိသောကိစ္စ(ကို လိုက်နာ ဆောင်ရွက်ရမည်)ထက် ကျွန်တော်မျိုးအဖို့ အကျဉ်းထောင်သည်ပင် သာ၍နှစ်သက်ဖွယ်ရာ ဖြစ်ပါ၏။ စင်စစ်မှာမူကား အကယ်၍သာ အရှင်မြတ်သည် ထိုမိန်းမတို့၏ ပရိယာယ်မာယာကို ကျွန်တော်မျိုးထံမှ ကွေကွင်းစေတော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးသည် ၎င်းတို့ဘက်သို့ ယိမ်းညွတ်သွားမိပါလိမ့်မည်။ ထိုအခါ ကျွန်တော်မျိုးသည် မသိမိုက်မဲသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်သွားပါလိမ့်မည်။ [၃၃] ထို့နောက် ယင်းယူစုဖ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ၎င်း၏ လျှောက်ထားပန်ကြားချက်ကို သဘောတူလက်ခံတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ယင်းမိန်းမတို့၏ ပရိယာယ်မာယာကို ထိုယူစုဖ်ထံမှ ကွေကွင်းစေတော်မူခဲ့လေသည်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော် မူသောအရှင် ဖြစ်တော်မူပေသတည်း။[၃၄]ထို့နောက်တစ်ဖန် ၎င်းတို့သည် (အပြစ်တစ်စုံတစ်ရာ မရှိကြောင်း) သက်သေခံအထောက်အထားများကို တွေ့မြင်ကြပြီးနောက် ၎င်းတို့၌ ထိုယူစုဖ်အား ကာလအနည်းငယ်မျှ အကျဉ်းချထားရန် သင့်တော်သည်ဟု အတွေးပေါ်လာခဲ့လေသည်။[၃၅]

အကျယ်ဖွင့်ဆိုခြင်း

လက်ရှိအာယသ်များ မစတင်မီ အာယသ်များ၏ဆက်စပ်မှုကို ရှင်းပြပြီးနောက် အာယသ်များတစ်ခုစီ၏ ရှင်းလင်းချက်များဆီသို့ ကျွန်ုပ်တို့သွားကြစို့။

အာယသ်(၃၁)ထဲတွင် فَلَمَّا سَمِعَتْ بِمَكْرِهِنَّ أَرْسَلَتْ إِلَيْهِنَّ "ထို့နောက် ယင်း(အဇီးဇ်၏) ကြင်ယာသည် ထိုမိန်းမ၏ဉာဏ်ဆင်မှု ကို ကြားသိရလေသောအခါ ၎င်းတို့အား (မိမိအိမ်သို့ ဧည့်ခံကျွေးမွေးရန်) ဖိတ်ခေါ်ခဲ့လေသည်" ဟုမိန့်ထားသည်။

ဤနေရာတွင် ဇူလိုင်ခါသည် အမျိုးသမီးများ၏ စကားပြောဆိုမှုကို ထိုသူများ၏ 'မကရ်' သို့မဟုတ် ပရိယာယ်ဆင်မှု၊ ဉာဏ်ဆင်မှုဟုရည်ညွှန်းထားသော်လည်း ထိုအမျိုးသမီးများက သူမကိုလှည့်စားရန် မရည်ရွယ်ခဲ့ကြောင်း ထင်ရှားသည်။ သို့သော်လည်း ထိုသူများကသူမ၏ မကောင်းကြောင်း လျှို့ဝှက်စွာပြောသဖြင့် ယင်းကို 'မကရ်'ဟု ဖော်ပြထားခဲ့သည်။ နောက်မှဆက်၍ ဖော်ပြသည့် وَاعْتَدَتْ لَهُنَّ مُتَّكَأً ဟူသော အသုံးအနှုန်းအား "ထို့ပြင် ၎င်းတို့အဖို့ (သိုက်မြိုက်တင့်တယ်စွာထိုင်ကြနိုင်ရန်) မှီအုံးများကိုခင်း၍ အဆင့်သင့်ပြင်ဆင်ထားခဲ့လေသည်။"ဟု ဘာသာပြန်ဆိုထားရာတွင် သက်တောင့်သက်သာဖြစ်စေမှုအတွက် လက်တင်ရန်နှင့်ကျာမှီစေရန် အထူးပြုလုပ်ထားသော မှီအုံးများ

ပါဝင်သည်။

ထို့နောက် "وَّاٰتَتۡ كُلَّ وَاحِدَةٍ مِّنۡهُنَّ سِكِّيۡنًا ထို့ပြင် ယင်းမိန်းမများအနက် အသီးသီးအား ဓားတစ်ချောင်း စီပေးပြီးနောက်" ဟုမိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ ဤအမျိုးသမီးများလာ၍ ထိုင်ပြီးသောအခါ စားသောက်ဖွယ် အမျိုးမျိုးနှင့် သစ်သီးများ တည်ခင်းဧည့်ခံသည်။ အချို့သစ်သီးများမှာ အခွံန္ဓာရန်နှင့်စိတ်ရန် လိုအပ်သောကြောင့် အမျိုးသမီးတစ်ဦးစီကို အသွားထက်သည့်ဓားတစ်လက်စီ ပေးခဲ့သည်။ ယင်းသို့ပေးခြင်း၏ရည်ရွယ်ချက်မှာ သစ်သီးများကို လှီးဖြတ်ရန်ဖြစ်ကြောင်း ထင်ရှားသည်။ သို့ရာတွင် သူမ၏နှလုံးသားမှာ ကွယ်ဝှက်နေခဲ့သည်က နောက်မှ ပေါ်ထွက်ခဲ့ပါသည်။ ယင်းကား ဤအမျိုးသမီးများသည် စိုက်ယိဒိနာယူစုဖ် ﷺကို မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သတိလက်လွတ်ဖြစ်ကာ သူတို့၏လက်များကို ဓားဖြင့်လှီးမိသည်။

ဤအစီအစဉ်အားလုံး ပြုလုပ်ခဲ့ပြီးနောက် အိမ်၏တစ်နေရာတွင်ရှိနေသည့် စိုက်ယိဒိနာယူစုဖ်ﷺကို ဇုလိုင်ခါက "وَقَالَتِ اخۡرُجۡ عَلَيۡهِنَّ အသင်သည် ဤမိန်းမတို့၏ ရှေ့သို့ထွက်ခဲ့လော့" ပြောခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် သူမ၏ အကျိုးမဲ့သောရည်ရွယ်ချက်ကို သတိမမူမိသောကြောင့် ထိုင်ဝိုင်းဆီသို့လာခဲ့သည်။

ဖြစ်ပျက်ခဲ့သည်ကိုဖော်ပြထားသည်မှာ-

فَلَمَّا رَاَيۡنَهٗۤ اَكۡبَرۡنَهٗ وَقَطَّعۡنَ اَيۡدِيَهُنَّ وَقُلۡنَ حَاشَ لِلّٰهِ مَا هٰذَا بَشَرًا ؕ اِنۡ هٰذَاۤ اِلَّا مَلَكٌ كَرِيۡمٌ

"သို့ဖြစ်ပေရာ ထိုမိန်းမတို့သည် ယူစုဖ်အားတွေ့မြင်ကြသောအခါ ၎င်းနှင့်ပတ်သက်၍ အံ့ချီးမဆုံးဖြစ်သွားခဲ့ကြကုန်၏။ ၎င်းပြင် ထိုမိန်းမတို့သည် မိမိ၏လက်များကို လှီးမိကြကုန်၏။" (ဆိုလိုသည်မှာ ၎င်းတို့သစ်သီးကို လှီးဖြတ်စဉ် ဤအံ့ဖွယ်တစ်ရပ်မြင်ခဲ့သောကြောင့် ဓားသည် ၎င်းတို့လက်ပေါ် မရည်ရွယ်ဘဲ အသိမဲ့စွာ ရောက်သွားခဲ့သည်။ ယင်းကဲ့သို့ပင် တစ်စုံတစ်ဦး၏အတွေးသည် အခြားတစ်နေရာရောက်သွားလျှင် ဤသို့ ဖြစ်လေ့ဖြစ်ထရှိပါသည်။) "၎င်းတို့က အလွန်ဟ်အရှင်မြတ်သည် အပြစ်ကင်းစင်တော်မူ၍ အံ့ချီးမဆုံးနိုင်တော်မူပါတကား။ ဤသူသည် လူသားတစ်ဦးမဟုတ်နိုင်၊ သူသည်ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံသော ကောင်းကင်စေတမန်သာ ဖြစ်ပေအံ့တည်းဟု တအံ့တသြ ပြောဆိုကြ၏။" (ယင်းတို့ပြောဆိုခြင်းက ထိုကဲ့သို့ လင်းဝင်းတောက်ပခြင်းသည် ကောင်းကင်စေတမန်တစ်ပါး ဖြစ်မှသာလျှင် ဖြစ်နိုင်သည်ဟု သူတို့က ဆိုလိုသည်။)

ထို့နောက် အာယသ်(၃၂) ထဲတွင်-

قَالَتۡ فَذٰلِكُنَّ الَّذِىۡ لُمۡتُنَّنِىۡ فِيۡهِ ؕ وَلَقَدۡ رَاوَدۡتُّهٗ عَنۡ نَّفۡسِهٖ فَاسۡتَعۡصَمَ ؕ
وَلَئِنۡ لَّمۡ يَفۡعَلۡ مَاۤ اٰمُرُهٗ لَيُسۡجَنَنَّ وَلَيَكُوۡنًا مِّنَ الصّٰغِرِيۡنَ

"ထို(ဇုလိုင်ခါ)က ဤသို့ပြန်၍ပြောခဲ့လေသည်။ ဤသည်ပင် အကြင်သူတည်း။ အသင်မိန်းမတို့သည် ကျွန်ုပ်အား ထိုသူနှင့်ပတ်သက်၍ ကဲ့ရဲ့ပြစ်တင်ခဲ့ကြကုန်၏။ စင်စစ်သော်ကား ကျွန်ုပ်သည်ပင် ၎င်းအား ၎င်း၏စိတ်သဘောနှင့်ဆန့်ကျင်၍ ချော့မော့မြှူဆွယ်ခဲ့လေသည်။ သို့ရာတွင် အကယ်၍သာ ၎င်းသည် (အနာဂတ်တွင်)ကျွန်ုပ် အမိန့်ပေးလျက်ရှိသောအမှုကိစ္စကို မပြုလုပ်ခဲ့ပါလျှင် မလွဲဧကန် ၎င်းသည် အကျဉ်းချထားခြင်းခံရသည့်အပြင် ဂုဏ်အသရေနိမ့်ကျသူ တစ်ဦးလည်းဖြစ်ရလိမ့်မည်သာတည်း" ဟု မိန့်ထားသည်။

ဤအမျိုးသမီးများရှေ့မှောက်တွင် သူမ၏လှို့ဝှက်ချက်ပေါ်သွားကြောင်း ဇုလိုင်ခါ သိလိုက်သောအခါတွင် သူမသည် စိုက်ယိဒိနာယူစုဖ်ﷺကို ထိုသူမတို့ ရှေ့မှောက်တွင်ပင် စတင်ခြိမ်းခြောက်မှုပြုလုပ်ခဲ့သည်။ ဋီကာရှင်အချို့အဆိုအရ ထိုအချိန်တွင်ပင်ထို အမျိုးသမီးအားလုံးက ဇုလိုင်ခါသည် သူမတို့၏ကျေးဇူးရှင်ဖြစ်ကြောင်း၊ စိုက်ယိဒိနာယူစုဖ်ﷺကို ပြောကြားခဲ့ကာ သူသည်သူမကို မဆန့်ကျင်သင့်ကြောင်း ပြောကြားခဲ့ကြသည်။

နောက်ဖော်ပြမည့် အာယသ်(၃၃)ပါ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့စကားလုံးများက ဤသည်ကိုလည်း အထောက်အကူပြုပါသည်။ ပမာဆိုသော် يَدْعُونَنِي "ယဒ်အူးနနီ - ထိုမိန်းမတို့သည် ကျွန်တော်မျိုးအား ဖိတ်ခေါ်လျက်ရှိကြကုန်၏"နှင့် كَيْدَهُنَّ "ကိုင်းဒဟွန်းန=ယင်းမိန်းမတို့၏မာယာပရိယာယ်ကို" ဟူသည်တို့ထဲတွင် အမျိုးသမီးအချို့၏ ပြောဆိုချက်များကို အများကိန်းပုံစံဖြင့် ဖော်ပြထားခဲ့သည်။

ဤအမျိုးသမီးများကလည်း ဇုလိုင်ခါအား အထောက်အကူပြုနေကြောင်း စိုက်ယိဒိနာယူစုဖ်ﷺက တွေ့ရသောအခါ ၎င်းတို့၏ မာယာပရိယာယ်မှ ကင်းဝေးအောင်နေနိုင်သည့်နည်းလမ်း မတွေ့သောအခါတွင် သူ၏နောက်ဆုံးအားထားရာဖြစ်သည့် အလ္လာဟ်ဂျလ္လာဟ်ရှာနဟူ၏ ရှေ့တော်မှောက်တွင် ၎င်းက-

رَبِّ السِّجْنُ اَحَبُّ اِلَيَّ مِمَّا يَدْعُوْنَنِيْٓ اِلَيْهِ ۚ وَاِلَّا تَصْرِفْ عَنِّيْ كَيْدَهُنَّ اَصْبُ اِلَيْهِنَّ وَاَكُنْ مِّنَ الْجٰهِلِيْنَ

"အို-ကျွန်တော်မျိုးအား ဖန်းဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ထိုမိန်းမတို့သည် ကျွန်တော်မျိုးအား ဖိတ်ခေါ်လျက်ရှိသောကိစ္စ(ကို လိုက်နာဆောင်ရွက်ရမည်)ထက် ကျွန်တော်မျိုးအဖို့ အကျဉ်းထောင်သည်ပင်လျှင် သာ၍နှစ်သက်ဖွယ်ရာ ဖြစ်သည်။ စင်စစ်မှာမူကား အကယ်၍သာ အရှင်မြတ်သည် ထိုမိန်းမတို့၏ ပရိယာယ်မာယာကို ကျွန်တော်မျိုးထံမှ ကွေကွင်းစေတော်မမူခဲ့ပါလျှင် ကျွန်တော်မျိုးသည် ၎င်းတို့ဘက်သို့ ယိမ်းညွတ်၍ သွားမိပါလိမ့်မည်။ ထိုအခါ ကျွန်တော်မျိုးသည် မသိမိုက်မဲသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်သွားပါလိမ့်မည်" ဟု လျှောက်ထားခဲ့သည်။

ဤနေရာပါ "ကျွန်တော်မျိုးအဖို့ အကျဉ်းထောင်သည်ပင်လျှင် သာ၍နှစ်သက်ဖွယ်ရာ ဖြစ်သည်" ဟူသော စိုက်ယိဒိနာယူစုဖ်ﷺ၏ အဆိုအမိန့်က ထောင်သွင်း အကျဉ်းချခံရခြင်းကို ဆန္ဒရှိသည်၊ ကြိုက်နှစ်သက်သည်ဟူ၍ ရောင်ပြန်မဟပ်ပါ။ ဤအသုံးအနှုန်းသည် ဂုနာဟ်ပြစ်မှုတွင် ကျရောက်သွားသည်ထက် ဤလောကီဆိုင်ရာခက်ခဲမှုကို ရင်ဆိုင်ရမှာ ၎င်းအတွက် ပို၍လွယ်ကူကြောင်း ပြသသည်။ ဆင့်ပြန်ချက်အချို့အရ စိုက်ယိဒိနာယူစုဖ်ﷺ ထောင်သွင်းအကျဉ်းချခံရစဉ် ဝဟီမှတစ်ဆင့် အလ္လာဟ်အရှင်မြတ်က ၎င်းအား မိန့်တော်မူသည်မှာ (အသင်သည် အသင့်ကိုယ်အသင် ထောင်ချခဲ့ခြင်းဖြစ်သည်)ဟုလည်းကောင်း မိန့်ထားသည်။ ၎င်းက ပြန်လျှောက်သည်မှာ اَلسِّجْنُ اَحَبُّ اِلَيَّ "ကျွန်တော်မျိုးအဖို့ အကျဉ်းထောင်သည်ပင်လျှင် သာ၍နှစ်သက်ဖွယ်ရာဖြစ်သည်" ဟုမိန့်ထားသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်ကမိန့်သည်မှာ ("အကယ်၍သာ အသင်သည် ကောင်းကောင်းနေရန် "အာဇီယာဟ်" အတွက် တောင်းခံခဲ့လျှင် အသင့်အား ပြီးပြည့်စုံသည့် ကောင်းမွန်စွာနေထိုင်ခြင်းဖြင့် ကောင်းချီးမင်္ဂလာပြုပါလိမ့်မည်")ဟူ၍ ဖြစ်သည်။ ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ ကြီးမားသောအခက်အခဲတစ်ခုမှ ကင်းဝေးစေရန် ဆုမွန်ဒုအာတောင်းခံရာတွင် ယင်းအစား သေးငယ်သောအခက်ခဲများသာပေးရန် တောင်းခံခြင်းသည်ကား မလျော်ကန်ချေ။ တစ်စုံတစ်ဦးသည် မည်သည့်အခက်အခဲပြဿနာ သို့မဟုတ် စိတ်ဆင်းရဲစရာမှစသော အန္တရာယ်တစ်ခုရင်ဆိုင်လာရလျှင် "အာဇီယာဟ်" လွတ်ငြိမ်းချမ်းသာခွင့်မှအပ မည်သည့်ဒုအာမျှ အလ္လာဟ်အရှင်မြတ်ထံတော်တွင် မတောင်းခံသင့်ချေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသခင်သည် တစ်စုံတစ်ဦးစိတ်ဒုက္ခရောက်လျှင် ဆွဗရ်(သည်းခံခြင်း)ပြုရမည်ဟု ပြောဆိုကာ ဆွဗရ်(သည်းခံမှု)ကို ဒုအာတောင်းခြင်းအား တားမြစ်တော်မူခဲ့သည်။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ထံ ဆွဗရ်တောင်းဆိုရမည့် အစား "အာဇီယာဟ်" ကိုသာ တောင်းဆိုရမည် (သိရိမိဇီ) တမန်တော်မြတ်ﷺအား သူတောင်းဆိုသင့်သော ဒုအာတောင်းဆိုနည်းအား သင်ကြားပြသပေးပါရန် လျှောက်ထားခဲ့သည်။ ကိုယ်တော်မြတ်ﷺက "အသင်၏ ရင္ဘ မွေးမြူဖန်ဆင်းတော်မူသောအရှင်ထံမှ "အာဇီယာဟ်" လွတ်ငြိမ်းချမ်းသာခွင့်အတွက် တောင်းခံလော့"ဟု မိန့်ခဲ့သည်။ စိုက်ယိဒိနာအဗ္ဗာစ်ﷺသည် အချိန်ကာလ အတော်ကြာညောင်းသောအခါတွင် သူတောင်းဆိုသင့်သည့်ဒုအာကို အကြိုက်ပေးပါရန် တမန်တော်မြတ်ﷺထံတွင်

လျှောက်ထားခဲ့သည်။ ထိုအခါ ကိုယ်တော်မြတ်က " ဒွန်နယာနှင့်အာခိရသ်တွင် "အာဖီယာဟ်" အတွက် အလွှာဟ်အရှင်မြတ်ထံတော်တွင် တောင်းဆိုပါ" ဟုမိန့်ကြားခဲ့သည်။ (သဗရာနီကျမ်းမှတစ်ဆင့် မဇာဟိရီကျမ်း)

"စင်စစ်မူကား အကယ်၍သာ အရှင်မြတ်သည် ထိုမိန်းမတို့၏ပရိယာယ်မာယာကို ကျွန်တော်မျိုးထံမှ ကွေကွင်းစေတော်မမူခဲ့လျှင် ကျွန်တော်မျိုးသည် ၎င်းတို့ဘက်သို့ ယိမ်းညွှတ်သွားမိပါလိမ့်မည်" ဟူသော စိုက်ယိဒိနာယူစုဖ်ﷺ၏ ပြောကြားချက်သည် တမန်တော်ဖြစ်ခြင်း၏အစွမ်းအစ် (ပြစ်မှုဂုနာဟ်မှ အလွှာဟ်အရှင်မြတ်က တမန်တော်တစ်ပါး၏ အခြေအနေကို ကာကွယ်စောင့်ရှောက်တော်မူသည်)ဟူသောမူနှင့် မဆန့်ကျင်ချေ။ အဘယ်ကြောင့်ဆိုသော် အစွလာမ်၏ရလဒ်မှာ အလွှာဟ်အရှင်မြတ်သည် လူတစ်ဦးကို ဖန်ဆင်းမှုဆိုင်ရာ အရေးပါမှုအရ ပြစ်မှုမှ ကင်းဝေးစေရန် စီမံခြင်းအားဖြင့် ဂုနာဟ် အပြစ်လုပ်ခြင်းမှ ကာကွယ်ပေးလေသည်။

စိုက်ယိဒိနာယူစုဖ်ﷺအား ၎င်း၏ တမန်တော်တစ်ပါးဖြစ်ခြင်း၏ မြင့်မြတ်မှုနှင့် ကာကွယ်ထားလင့်ကစား အလွှာဟ်အရှင်မြတ်ကို ကြီးကျယ်သော ဂရုပြုမှုရှိသည့်အလျောက် ဤဒုအာကို တောင်းဆိုခဲ့ပါသည်။ ဤသည်ကလည်း ကျွန်ုပ်တို့ကို ပြောထားသည်မှာ မည်သူတစ်ဦးတစ်ယောက်မျှ အလွှာဟ်အရှင်မြတ်၏ အထောက်အကူမရှိဘဲ ဂုနာဟ်ပြစ်မှုမှ ကင်းဝေးစွာ မနေနိုင်ပါ။ ထို့နောက် ဤသည်ကလည်း ပို၍ ရှင်းလင်းစေသည်မှာ ဂုနာဟ်အပြုအမူတိုင်းသည် မသိနားမလည်မှု (ဂျဟာလဟ်)ကြောင့်ဖြစ်သည်။ ဂျဟာလဟ်သည် အိလ်မ်(အသိပညာ)၏ ဆန့်ကျင်ဘက်ဖြစ်ကာ အိလ်မ်(အသိပညာ)က ဂုနာဟ်ပြစ်မှုများမှ ရှောင်ရှားစေပါသည်။ (ကုရ်သုဗီ)

ယင်းနောက် အာယာသ် ၃၄တွင် မိန့်ကြားထားသည်မှာ-

فَاسْتَجَابَ لَهُ رَبُّهُ فَصَرَفَ عَنْهُ كَيْدَهُنَّ ۚ إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ

"ထိုနောက် ယင်း(ယူစုဖ်)အား ဖန်ဆင်းမွေးမြူတော်သူသော အရှင်မြတ်သည် ၎င်း၏ လျှောက်ထားပန်ကြားချက်ကို သဘောတူလက်ခံတော်မူပါသည်။ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ၎င်းမိန်းမတို့၏ ပရိယာယ်မာယာကို ထို(ယူစုဖ်)ထံမှ ကွေကွင်းစေတော်မူခဲ့လေသည်။ ဇကန်မလွဲ ထိုအရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူတော်အရှင်၊ အကြွင်းမဲ့သိတော်မူတော်အရှင် ဖြစ်တော်မူပေသတည်း" ဟူ၍ဖြစ်သည်။

သူကို ဤအမျိုးသမီးများ၏ ပရိယာယ်မာယာမှ အကာအကွယ်ပေးရန်အလို့ငှာ အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အသိဉာဏ်ကြွယ်သောအစီအမံများ ပြုလုပ်ခဲ့တော်မူခဲ့သည်။ အဇီဇနှင့် သူ၏အတွင်းလူများက စိုက်ယိဒိနာယူစုဖ်ﷺ၏ ကြီးကျယ်သော နာမ်ပိုင်းဆိုင်ရာအရည်အချင်းများဖြစ်သော ၎င်း၏ တရားကိုင်းရှိုင်းရှိုသေမှု၊ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမှုနှင့် သန့်ရှင်းဖြူစင်မှုကို ယုံကြည်စိတ်ချပြီးဖြစ်သော်လည်း အဖြစ်အပျက်နှင့် ပတ်သက်သည့် ကောလာဟလများသည် မြို့တွင်းတွင် ပျံနှံ့နေပါသည်။ ဤကိစ္စကို ဟန့်တားစေရန် စိုက်ယိဒိနာယူစုဖ်ﷺအား အချိန်ကာလတစ်ခုခန့် ထောင်သွင်းအကျဉ်းချထားရန် သင့်လျော်ကြောင်း ၎င်းတို့တွေ့ရှိခဲ့ကြသည်။ သို့မှသာသက်ဆိုင်သည့်မိသားစုနှင့်ပတ်သက်၍ မည်သည့်ဒဿဟသံသယမှ မကျန်ရစ်ဘဲ မြို့တွင်းတွင် ပြောဆိုနေမှုများသည်လည်း အချိန်ကာလတစ်ခုတွင် ရပ်တန့်သွားပေလိမ့်မည်။ ထို့ကြောင့် အာယသ်(၃၅)အဆုံးတွင်

ثُمَّ بَدَا لَهُم مِّن بَعْدِ مَا رَأَوُا الْآيَاتِ لَيَسْجُنُنَّهُ حَتَّىٰ حِينٍ

"ထို့နောက်တစ်ဖန် ၎င်းတို့သည် (အပြစ်တစ်စုံတစ်ရာမရှိကြောင်း) သက်သေခံ အထောက်အထားများကို မြင်တွေ့ကြပြီးနောက် ၎င်းတို့၌ ထိုယူစုဖ်အား ကာလအနည်းငယ်မျှ အကျဉ်းချထားရန် သင့်တော်သည်ဟု အတွေးပေါ်လာခဲ့လေသည်" ဟု မိန့်ထားသည်။

ထို့ကြောင့် သူကို ထောင်သွင်းအကျဉ်းချခဲ့သည်။

အာယသ် (၃၆-၄၂)

وَدَخَلَ مَعَهُ السِّجْنَ فَتَيٰنِ ؕ قَالَ اَحَدُهُمَآ اِنِّيْٓ اَرٰىنِيْٓ اَعْصِرُ خَمْرًا ۚ وَقَالَ
الْاٰخَرُ اِنِّيْٓ اَرٰىنِيْٓ اَحْمِلُ فَوْقَ رَاْسِيْ خُبْزًا تَاْكُلُ الطَّيْرُ مِنْهُ ؕ نَبِّئْنَا
بِتَاْوِيْلِهٖ ۚ اِنَّا نَرٰىكَ مِنَ الْمُحْسِنِيْنَ ﴿۳۶﴾ قَالَ لَا يَاْتِيْكُمَا طَعَامٌ تُرْزَقٰنِهٖٓ
اِلَّا نَبَّاْتُكُمَا بِتَاْوِيْلِهٖ قَبْلَ اَنْ يَّاْتِيَكُمَا ؕ ذٰلِكُمَا مِمَّا عَلَّمَنِيْ رَبِّيْ ؕ اِنِّيْ
تَرَكْتُ مِلَّةَ قَوْمٍ لَّا يُؤْمِنُوْنَ بِاللّٰهِ وَهُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ ﴿۳۷﴾ وَاتَّبَعْتُ
مِلَّةَ اٰبَآءِيْٓ اِبْرٰهِيْمَ وَاِسْحٰقَ وَيَعْقُوْبَ ؕ مَا كَانَ لَنَآ اَنْ نُّشْرِكَ بِاللّٰهِ مِنْ
شَيْءٍ ؕ ذٰلِكَ مِنْ فَضْلِ اللّٰهِ عَلَيْنَا وَعَلَى النَّاسِ وَلٰكِنَّ اَكْثَرَ النَّاسِ
لَا يَشْكُرُوْنَ ﴿۳۸﴾ يٰصَاحِبَيِ السِّجْنِ ءَاَرْبَابٌ مُّتَفَرِّقُوْنَ خَيْرٌ اَمِ اللّٰهُ
الْوَاحِدُ الْقَهَّارُ ﴿۳۹﴾ مَا تَعْبُدُوْنَ مِنْ دُوْنِهٖٓ اِلَّآ اَسْمَآءً سَمَّيْتُمُوْهَآ اَنْتُمْ وَ
اٰبَآؤُكُمْ مَّآ اَنْزَلَ اللّٰهُ بِهَا مِنْ سُلْطٰنٍ ؕ اِنِ الْحُكْمُ اِلَّا لِلّٰهِ ؕ اَمَرَ اَلَّا تَعْبُدُوْٓا
اِلَّآ اِيَّاهُ ؕ ذٰلِكَ الدِّيْنُ الْقَيِّمُ وَلٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿۴۰﴾
يٰصَاحِبَيِ السِّجْنِ اَمَّآ اَحَدُكُمَا فَيَسْقِيْ رَبَّهٗ خَمْرًا ۚ وَاَمَّا الْاٰخَرُ فَيُصْلَبُ
فَتَاْكُلُ الطَّيْرُ مِنْ رَّاْسِهٖ ؕ قُضِيَ الْاَمْرُ الَّذِيْ فِيْهِ تَسْتَفْتِيٰنِ ﴿۴۱﴾ وَقَالَ
لِلَّذِيْ ظَنَّ اَنَّهٗ نَاجٍ مِّنْهُمَا اذْكُرْنِيْ عِنْدَ رَبِّكَ ۖ فَاَنْسٰىهُ الشَّيْطٰنُ ذِكْرَ رَبِّهٖ
فَلَبِثَ فِي السِّجْنِ بِضْعَ سِنِيْنَ ﴿۴۲﴾

ထင်ပြင် ထိုယူစုဖ်နှင့်အတူ လုလင်နှစ်ဦးသည်လည်း အကျဉ်းထောင်ထဲသို့ ဝင်ရောက်ခဲ့ကြလေသည်။ ထိုလုလင်နှစ်ဦးအနက်မှ တစ်ဦးက (ယူစုဖ်အား) "ဇကန်စင်စစ် ကျွန်ုပ်သည် (အိပ်မက်တွင်) မိမိကိုယ်ကို မိမိ စပျစ်ရည်ညှစ်နေသည်ဟု တွေ့မြင်ကြောင်း ပြောပြခဲ့လေသည်။ အခြားတစ်ဦးကမူ ဇကန်အမှန် ကျွန်ုပ်သည် မိမိကိုယ်ကို (အိပ်မက်တွင် တွေ့မြင်ခဲ့သည်မှာ) ကျွန်ုပ်သည် မိမိဦးခေါင်းထက်ဝယ် မုန့်(ဗျပ်)ကို ရွက်လျက်ရှိပေရာ ငှက်များသည် ထိုမုန့်များမှ (မိမိတို့၏နှုတ်သီးများဖြင့်ထိုး၍) စားနေကြသည်ကို တွေ့မြင်ကြောင်း၊ အသင်သည် (ထိုအိပ်မက်)၏အဓိပ္ပာယ်ကို ကျွန်ုပ်တို့အား ကြားသိစေပါလေ။ ဇကန်မလွဲ ကျွန်ုပ်တို့သည် အသင့်အား သူတော်စင်တစ်ဦးဖြစ်ကြောင်း တွေ့မြင်ကြပါသည်ဟု ပြောဆိုခဲ့ကြလေသတည်း။[၃၆]

(ထိုအခါ) ယူစုဖ်က (ဤသို့)ပြောကြား ခဲ့လေသည်။ အသင်တို့နှစ်ဦး ကျွေးမွေးခြင်း ခံကြရသော အစာအာဟာရသည် အသင်တို့ နှစ်ဦးထံ ရောက်မလာမီပင် ကျွန်ုပ်သည် အသင်တို့အား ယင်းအိပ်မက်ကို ကြားသိစေလေ့ရှိပါမည်။ ဤကား ကျွန်ုပ်အား ကျွန်ုပ်၏ အရှင်မြတ်က သင်ကြားတော်မူခဲ့သော ပညာများ အနက်မှ ဖြစ်ပေသည်။ အမှန်စင်စစ် ကျွန်ုပ်သည် (ယခင်မူလကပင်) အကြင်သူတို့၏ သာသနာကို စွန့်ထားခဲ့ပြီးဖြစ်ပေမည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အားလည်း သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် နောင်တမလွန်ဘဝကိုလည်း မယုံကြည် သွေဖည်ငြင်းပယ်သူများပင် ဖြစ်ကြကုန်သတည်း။[၃၇] ၎င်းပြင် ကျွန်ုပ်သည် မိမိဘေးတော်၊ ဘိုးတော်နှင့် ခမည်း တော်များဖြစ်ကြကုန်သော (နဗီတမန်တော်)အိဗ်ရာ ဟီမ်၊ (နဗီတမန်တော်)အိစ်ဟာက်၊ နဗီတမန်တော်ယအ်ကူဗ်တို့၏ သာသနာကိုပင် လိုက်နာခဲ့ပေသည်။ ကျွန်ုပ်တို့အဖို့ မည်သည့် တစ်စုံတစ်ရာကိုမျှ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်(ကိုးကွယ်)ရန် (လုံးဝ)မထိုက်ပေ။ ဤ(သည့်အပျူဝါဒ)သည်ကား ကျွန်ုပ် တို့အပေါ်၌လည်းကောင်း၊ လူခပ်သိမ်းတို့အပေါ်၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ (ကြီးမားလှစွာသော) ကျေးဇူးတော်တစ်ရပ်ပင် ဖြစ်ချေသည်။ သို့ရာတွင် လူသားအနက် အများစုမှာမူ (ဤမျှ ကြီးမားလှသော) ကျေးဇူးတော်ကိုပင် မသိတတ်ကြပေတကား။ [၃၈]အို-(ကျွန်ုပ်၏) အကျဉ်းထောင်ဖက်မိတ်ဆွေနှစ်ဦး၊ အထူးထူးအပြားပြားသော ကိုးကွယ်ရာများပင် သာလွန်၍ကောင်းမြတ်ကြသလော သို့တည်းမဟုတ် (အလုံးစုံတို့ ထက်ဝယ်) နှိမ်နင်းလွှမ်းမိုးတော်မူသော တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်သည်ပင် သာလွန်၍ ကောင်းမြတ်တော် မူပါလေသလော။[၃၉] (အမှန်စင်စစ်ကား) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားစွန့်၍ အသင်တို့၏အဖ၊ ဘိုးဘေးများ၊ အပါအဝင် မိမိတို့ ကိုယ်တိုင် အမည်နာမမှည့်ခေါ်ထားသည့် (ဘုရား)များကိုသာ ကိုးကွယ်နေကြကုန်၏။ (စင်စစ်ဆိုသော်) အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့(အား ကိုးကွယ်ရန်)နှင့်စပ်လျဉ်း၍ သက်သေခံတစ်စုံတစ်ရာမျှပင် ချပေးတော်မူခဲ့သည်မဟုတ်ပေ။ အမိန့်အာဏာ (အလုံးစုံတို့)ကား အလ္လာဟ်အရှင်မြတ်၌သာရှိပေသည်။[၄၀]

ထိုအရှင်မြတ်က "အသင်တို့သည် ထိုအရှင်မြတ်မှတစ်ပါး မည်သည့်တစ်စုံတစ်ရာကိုမျှ မကိုးကွယ်ကြရ"ဟု အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော သာသနာတော်ပင်တည်း။ သို့ရာတွင် အများဆုံးသော လူတို့မှာကား မသိနားမလည်ကြပေ။ အို-အကျဉ်းထောင်ဖက်မိတ်ဆွေနှစ်ဦး၊ မည်သို့ပင် ဖြစ်စေ အသင်တို့နှစ်ဦးအနက် တစ်ဦးမှာမူ မိမိ၏သခင်(ဖြစ်သောဘုရင်)အား (ဇရုယခင် အတိုင်းပင်) သေစာအရက်ကို ဆက်လက်၍ တိုက်ကျွေးရပေမည်၊ သို့ရာတွင် တခြား တစ်ဦးမှာမူကား လက်ဝါးကပ်တိုင်သို့ အတင်ခံရပြီးနောက် ငှက်များသည် ဦးခေါင်းကို (နှုတ်သီးဖြင့်ထိုး၍) စားကြပေလိမ့်မည်။ အသင်တို့နှစ်ဦး မေးမြန်းလျက်ရှိကြကုန်သော ကိစ္စမှာ (ဤအတိုင်းပင်) ပြဋ္ဌာန်းပြီးဖြစ်ခဲ့ ပေသတည်း။[၄၁]

ၛင်းပြင် ထိုယူစုဖ်သည် ယင်းလုလင်နှစ်ဦး အနက်မှ လွတ်မြောက်မည့် သူဖြစ်သည်ကို ယုံကြည်သောသူအား "အသင်သည် မိမိသခင်(ဖြစ်သောဘုရင်မင်းမြတ်) ထံတွင် ကျွန်ုပ်၏အကျိုးအကြောင်းကို ဖော်ပြပြောဆိုပါလေ"ဟု ပြောဆိုမှာကြားခဲ့လေ၏။ သို့ရာတွင် ရှိုင်တွာန်မိစ္ဆာကောင်သည် ထိုလုလင်အား မိမိသခင် (ဘုရင်မင်းမြတ်) ရှေ့တွင် ထိုယူစုဖ်၏ အကြောင်းပြောပြရန် မေ့လျော့စေခဲ့ရာ ထိုယူစုဖ်သည် အကျဉ်း ထောင်ထဲတွင် နှစ်ကာလအတန်ကြာအောင် နေထိုင်ခဲ့ရလေသတည်း။[၄၂]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်များထဲ၌ စိုက်ယိဒိနာယူစုဖ်သခင်အကြောင်းနှင့်ပတ်သက်သော နောက်ဆက်တွဲ အဖြစ်အပျက်တစ်ရပ်ကို ဖော်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် သမိုင်းစာအုပ်၊ ပုံပြင်စာအုပ်၊ သို့မဟုတ် ဝတ္ထုစာအုပ်မဟုတ်ကြောင်း ထပ်ကာတလဲလဲ အလေးအနက် ပြုထားခဲ့သည်။ ယင်းကျမ်းစာအုပ်ထဲ၌ သမိုင်းဆိုင်ရာ အဖြစ်အပျက်တစ်ခုခု သို့မဟုတ် အကြောင်းဖော်ပြခဲ့လျှင် ယင်းဖော်ပြခြင်း၏ တစ်ခုတည်သောရည်ရွယ်ချက်မှာ သင်ခန်းစာအချို့ ကောင်းမြတ်သောအကြံဉာဏ်နှင့် လူဘဝ၏ မြားမြောင်လှစွာသောအကြောင်းအချက်နှင့် ပတ်သက်၍ အရေးကြီးသော လမ်းညွှန်မှုပေးရန်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တစ်စောင်လုံးတွင် တမန်တော်များစွာနှင့် ပတ်သက်သည့်အကြောင်းအရာအဖြစ်အပျက်များ ဖော်ပြရာတွင် စိုက်ယိဒိနာယူစုဖ်တစ်ပါးတည်း၏ အကြောင်းကိုသာလျှင် တစ်ဆက်တည်းဖော်ပြထားသည်။ အခြားအကြောင်းအရာများကိုမူ သမိုင်းကြောင်းဆိုင်ရာ၏ အရေးကြီးသော အပိုင်းများကို လိုအပ်လျှင်လိုအပ်သလောက်သာ ဖော်ပြခဲ့သည်။

အကယ်၍ အသင်သည် စိုက်ယိဒိနာယူစုဖ်၏ အကြောင်း အစမှအဆုံးတိုင် ကြည့်ခဲ့လျှင် သင်ယူဖွယ်ရာ သင်ခန်းစာ ရာပေါင်းများစွာ သတိမူဖွယ်ကောင်းသော အကြံဉာဏ်များ လူဘဝ၏ မြားမြောင်စွာသောအဆင့်တို့တွင် လိုက်နာကျင့်သုံးရန်ကောင်းသည့် အရေးကြီးသောလမ်းညွှန်ချက်များ ပါဝင်သည်။ ဤနောက်ဆက်တွဲ အကြောင်းအရာတွင်လည်း လမ်းညွှန်မှု ကောင်းချီးမင်္ဂလာ မြောက်မြားစွာပါဝင်သည်။

ဖြစ်ပျက်ခဲ့သည်မှာ စိုက်ယိဒိနာယူစုဖ်သည် စွပ်စွဲချက်နှင့် အပြည့်အဝ ကင်းလွတ်ခဲ့ကာ ၎င်း၏စွဲမြဲသော ကိုယ်ကျင့်တရားအား ခိုင်မာစွာအတည်ပြုထားသော်လည်း အများက ၎င်းတို့အကြောင်းပြော၍ သူတို့အား အရှက်ရစေမှုကို အဆုံးသတ်စေနိုင်ရန်အလို့ငှာ အဇီးဇ်နှင့်၎င်း၏ဇနီးက စိုက်ယိဒိနာယူစုဖ်ကို အချိန်ကာလတစ်ခုထိ ထောင်သွင်း အကျဉ်းချထားရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းထောင်သွင်းအကျဉ်းချမှုမှာ စင်စစ်တွင် စိုက်ယိဒိနာယူစုဖ်၏ ဒုအာနှင့်ဆန္ဒကို ဖြည့်ဆည်းပေးမှုသာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အဇီးဇ်၏အိမ်တွင် နေထိုင်စဉ်အတွင်း ၎င်း၏ဖြူစင်သန့်ရှင်းမှုကိုကာကွယ်ရန်မှာ အလွန့်အလွန်ခက်ခဲသဖြင့် တမန်တော်ယူစုဖ်က ထောင်သွင်းအကျဉ်းချခံရန် ဆန္ဒပြုဆုတောင်းခဲ့၍ဖြစ်သည်။

စိုက်ယိဒိနာယူစုဖ် ထောင်သို့ရောက်သောအခါ အမိန့်ချပြီးသော ရာဇဝတ်သားနှစ်ဦးလည်း ရောက်နေခဲ့သည်။ နှစ်ဦးအနက်တစ်ဦးမှာ ဘုရင့်ထံ သေရည်အရက်ဆက်သသူဖြစ်၍ ကျန်တစ်ဦးမှာ စားတော်ကဲဖြစ်သည်။ အဓိက သဖိစီရိပညာရှင်များကို ကိုးကား၍ အိဗနိကဆီရ်က ဤသူနှစ်ဦးသည် အစား (သို့မဟုတ်) အသောက်မှတစ်ဆင့် ဘုရင်အား အဆိပ်ခတ်သည်ဟူသော စွဲချက်ဖြင့်ဖမ်းဆီးခံရသူများဖြစ်ကြောင်း ရေးသားခဲ့သည်။ အမှုကို စုံစမ်းစစ်ဆေးဆဲဖြစ်၍ ထိုသူများကိုထောင်သွင်း၍ ချုပ်ထားခြင်းဖြစ်သည်။

စိုက်ယိဒိနာယူစုဖ်ﷺ ထောင်ထဲရောက်စဉ်တွင် ၎င်း၏တမန်တော်ဆိုင်ရာ ကိုယ်ကျင့်တရား အသနားကြင်နာမှုအရ လိုအပ်လျှင် လိုအပ်သလို ထောင်ကျများအပေါ် သောကထားကြောင်းပြသ၍ ၎င်းတို့ကို ဂရုစိုက်ခဲ့သည်။ အကယ်၍ တစ်စုံတစ်ဦးနာမကျန်းဖြစ်ခဲ့လျှင် သူသည် ထိုသူ့ထံသွား၍ လုပ်သင့်လုပ်ထိုက်သည်များ လုပ်ဆောင်ပေးခဲ့သည်။ တစ်ယောက်ယောက်သည် ဝမ်းနည်းပူဆွေး (သို့မဟုတ်) စိတ်ဒုက္ခရောက်သည်ဟုတွေ့ရလျှင် သင့်တော်သလို နှစ်သိမ့်စကားပြောကြား၍ အားပေးခဲ့သည်။ ၎င်းတို့သူ၏ စိတ်ဓာတ်မြင့်စေရန် သည်းခံမှုထားရန်နှင့် နှလုံးသားတွင် လွတ်မြောက်မှုမျှော်လင့်ချက် ရှင်သန်နေစေရန် ၎င်းအား သာယာညင်ပျောင်းစွာ ပြောကြားလိမ့်မည်ဖြစ်သည်။ သူ့အတွက် အဆင်မပြေသော်လည်း အခြားသူ အဆင်ပြေချောမွေ့ရေး တွေးတောနေပေလိမ့်မည်။ သူသည် တစ်ညတာလုံး အလွှာဟ်အရှင်မြတ်၏ အိဗာဒတ်(ခဝပ်ကိုးကွယ်မှု)ကို လုပ်လျက်ရှိပါလိမ့်မည်။ ၎င်း၏ ချစ်ခင်မြတ်နိုးဖွယ်လမ်းစဉ်ကို မြင်တွေ့ရသောအခါတွင် ထောင်သားအားလုံးက ၎င်း၏ နာမ်ပိုင်းဆိုင်ရာအဆင့်အတန်းများကို ယုံကြည်စိတ်ချသွားစေပါသည်။ တောင်မှုးကပင်လျှင် ၎င်းကို အထင်ကြီးလေးစားသွားပေသည်။ ထောင်မှူးက ငါ့မှာ အာဏာရှိလျှင် သင့်တို့ ထောင်မှလွှတ်ပစ်ပါမည်။ သင် ဒီမှာရှိစဉ် အဆင်မပြေမှု ဘာမှမရှိစေရန် ငါလုပ်ဆောင်နိုင်ပါသည်ဟု ပြောခဲ့သည်။

စဉ်စားဖွယ်မှတ်စုအချို့

ထောင်မှူးကသော်လည်းကောင်း (သို့) ထောင်သားအချို့ကသော်လည်းကောင်း ၎င်းတို့သည် စိုက်ယိဒိနာယူစုဖ်ﷺကို ချစ်ခင်မြတ်နိုးကြကြောင်း တမန်တော်ယူစုဖ်ﷺကို ပြောကြားခဲ့သောအခါ တမန်တော်က ကျွန်ုပ်ကို မချစ်ခင်ကြပါနှင့်။ ဘာကြောင့်လဲဆိုလျှင် ကျွန်ုပ်ကို တစ်စုံတစ်ဦးချစ်ခင်ခဲ့လျှင် ကျွန်ုပ်မှာ တစ်နည်းမဟုတ်တစ်နည်း ဒုက္ခရောက်ခဲ့ရပါသည်။ ကျွန်ုပ် ကလေးဘဝတုန်းက အဖေ့ဘက်မှအဒေါ်က ကျွန်ုပ်ကို ချစ်ခင်ခဲ့ပါသည်။ ရလဒ်က ကျွန်ုပ်ကို သူခိုးဟု အစွပ်စွဲခံရခြင်းဖြစ်သည်။ ဤသည်ကြောင့် ကျွန်ုပ်အစ်ကိုများက ရေတွင်းတစ်ခုထဲတွင် အချိန်ကာလတစ်ခုထိန်းသိမ်းခံထားခဲ့ရပါသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ဖြစ်၍ ကျွန်ုပ်ဇာတိနိုင်ငံမှ စွန့်ခွာခဲ့ရသည်။ အဇီးဇ ဇနီးက ကျွန်ုပ်ကို ချစ်မြတ်နိုးသောအခါ ကျွန်ုပ် ဤထောင်မှာ ကျခဲ့ရပါတော့သည်ဟု ပြောကြားခဲ့သည်။

(အိဗနိကဆီး၌၊ မဇာဟိရီ)

စိုက်ယိဒိနာယူစုဖ်ﷺနှင့်အတူ ထောင်ကျခဲ့သော ဤအကျဉ်းသားနှစ်ဦးက တစ်နေ့တွင် ၎င်းအား သင်သည် ဘုရားတရား ကြည်ညိုကိုင်းရှိုင်း၍ ကောင်းမှုကောင်းရာလုပ်သူဟုယူဆ၍ ကျွန်ုပ်တို့မြင်မက်သော အိပ်မက်တိတ္ထိုကို ပြောပြပေးရန် မေးမြန်းခဲ့သည်။ စိုက်ယိဒိနာအဗ္ဗားစ်ﷺနှင့် သဖီစီရ်ပညာရှင် အကြီးအကဲအချို့ ပြောသည်မှာ ထိုသူနှစ်ဦးသည် ယင်းအိပ်မက်များကို အမှန်မြင်မက်ခဲ့ကြောင်း ပြောခဲ့ကြသည်။ စိုက်ယိဒိနာအိဗနိမတ်စ်အူးဒ်ﷺကမူ ထိုသူတို့ အိပ်မက်မမက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ထိုသူတို့က စိုက်ယိဒိနာယူစုဖ်ﷺ၏ နာမ်ပိုင်းဆိုင်ရာ မြင့်မြတ်ခြင်းနှင့် အမှန်တရားပြောဆိုခြင်းကို စမ်းသပ်ရန် အလို့ငှာ လုပ်ကြံ၍ပြောခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ၎င်းတို့နှစ်ဦးအနက်မှ သေရည်ဆက်သသူက ဇကန်စင်စစ် ကျွန်ုပ်သည်(အိပ်မက်တွင်) မိမိကိုယ်ကို စဖျစ်ရည်ညွှန်နေသည်ဟု တွေ့မြင်ကြောင်း ပြောခဲ့သည်။ အခြားတစ်ဦးဖြစ်သော စားတော်ကဲက ကျွန်ုပ်သည် မိမိဦးခေါင်းထက်ဝယ် မုန့်(ဗျပ်)ကိုရွက်လျက်ရှိပေရာ ငှက်များသည် ထိုမုန့်များမှ (မိမိတို့၏နှုတ်သီးများဖြင့်ထိုး၍) စားနေကြသည်ကိုတွေ့မြင်ကြောင်း ဟူ၍ပြောခဲ့သည်။ ထို့နောက်ထိုသူများက ထိုအိပ်မက်များကို အဓိပ္ပာယ်ဖွင့်ပြရန် အိပ်မက်တိတ္ထိုကို ပြောပြရန် သူ့အား မေတ္တာရပ်ခံခဲ့ကြသည်။

ဤနေရာတွင် စိုက်ယိဒိနာယူစုဖ်ﷺအား အိပ်မက်တိတ္ထုံကို ပြောပြရန် မေတ္တာရပ်ခံခဲ့သည်။ သို့သော်လည်း သူသည် ဤမေးခွန်းကို မဖြေဆိုမီ သူ၏ မွေးရာပါ တမန်တော်တစ်ပါး၏ လမ်းစဉ်အတိုင်း အဓိမာန်ယူ သက်ဝင်ယုံကြည်စေရန် ဖိတ်ခေါ်မှု သဗ်လိဂ်လုပ်ငန်းဖြင့် စတင်ခဲ့သည်။ ဒါဝဟ်၏စည်းမျဉ်းကိုလိုက်နာကာ အသိဉာဏ်ကြွယ်စွာ လုပ်ဆောင်ခဲ့သည်မှာ ၎င်းသည် ပထမဦးစွာ ထိုသူ၏နှလုံးသားထဲတွင် သူ့အပေါ် ယုံကြည်မှုရှိစေခြင်း အခြေခံတစ်ရပ်ကို စတင်ပြုလုပ်ရန် ကြိုးစားခဲ့သည်။ ဤသို့ ယုံကြည်မှုရလာစေရန်အလို့ငှာ သူသည် ၎င်း၏ သီးခြားမုအ်ဂျိဇဟ် အံ့ဖွယ်ကို ၎င်းသူများအတွက် အိမ်မှလည်းကောင်း (သို့မဟုတ်) တစ်နေရာရာမှ လည်းကောင်း ရောက်လာမည့် အစားအစာနှင့် ပတ်သက်၍ ထိုအစားအစာ၏အမျိုးအစား၊ အရသာ၊ ပမာဏနှင့် ရောက်ရှိမည့်အချိန်တို့ကို ယင်းအစားအစာမရောက်မီ ပြောပြခဲ့ရာ ယင်းအတိုင်းပင် အတိအကျ ဖြစ်ခဲ့ပါသည်။

ယင်းနှင့်ပတ်သက်၍ မိန့်ထားသည်မှာ ذٰلِكُمَا مِمَّا عَلَّمَنِيْ رَبِّيْ "ဤကား ကျွန်ုပ်အား ကျွန်ုပ်၏ အရှင်မြတ်က သင်ကြားတော်မူခဲ့သော ပညာများအနက်မှ ဖြစ်ပေသည်"ဟူ၍ ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺက ပြောသည်မှာ ဤကိစ္စရပ်သည် အကွယ်မှဖြစ်ရပ်ကို နက္ခတ္တပညာအရ ပြောဆိုခြင်း၊ (အိလ်မ်အလ်ဂျဖ်ရ်နှင့်အိလ်မ်ရမ်လ်) ဗေဒင်ဟောခြင်း၊ စုန်းပယောဂနည်းမဟုတ်ကြောင်း လားလားမျှမဆိုင်ကြောင်း ပြောသည်။ ဤသည်မှာ ကျွန်ုပ်၏ မွေးမြူဖန်ဆင်းတော်မူသော အရှင်ရဗ္ဗက ကျွန်ုပ်ကိုမိန့်ကြား၍ ပြန်လည်သတင်းပေးခြင်းဖြစ်သည်။ ဤသည်မှာ ထင်သာမြင်သာသည့် မုအ်ဂျိဇဟ်အံ့ဖွယ်ဖြစ်ကာ တမန်တော်ဖြစ်ကြောင်း သေချာသည့်သက်သေဖြစ်ကာ ယုံကြည်မှုရစေရန် အဓိကအကြောင်းတစ်ခုဖြစ်ပေသည်။ ယင်းနောက် မယုံကြည်သွေဖည်ငြင်းပယ်သူများအသိုင်းအဝိုင်းမှ ၎င်းတို့၏ မယုံကြည်မှုအတွက် အဆက်အသွယ်ဖြတ်ကာ သူ၏ စက်ဆုပ်ရွံရှာမှုကို ကြေညာခဲ့လေသည်။ ထို့နောက် ယင်းနှင့်အတူ ၎င်းသည် တမန်တော်များထဲမှ တမန်တော်တစ်ပါးဖြစ်ကာ ထိုတမန်တော်များ၏ အွမ္မသ်ထုနှင့်သာ အတူရှိမည်ဖြစ်ကြောင်း အလေးအနက်ပြောဆိုခဲ့သည်။ ထို့နောက်၎င်းသည် တမန်တော်အိဗရာဟီး၌၊ တမန်တော်အစ္စဟာက်နှင့် တမန်တော် ယာအ်ကုပ်ﷺတို့မှ ဆင်းသက်သူတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ ထုံးတမ်းစဉ်လာအရ ဤကဲ့သို့သော မွေးရာပါမြင့်မြတ်မှုသည် မိသားစုစရိုက်ဖြစ်ကာ လူတစ်ဦးတွင် ယုံကြည်ကိုးစားမှုပေါ်ပေါက်စေသည့် ရင်းမြစ်တစ်ခုဖြစ်ပေသည်။ယင်းနောက်သူကပြောသည်မှာကျွန်ုပ်တို့အဖို့မည်သည့်တစ်စုံတစ်ရာကိုမျှအလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်(ကိုးကွယ်)ရန် (လုံးဝ)မထိုက်ပေ ဟူ၍ဖြစ်သည်။ ထို့နောက်သူက ပြောသည်မှာ စစ်မှန်သော ဘာသာတစ်ရပ်ကိုလိုက်နာနိုင်သည့် သောင်ဇီးက် ဤ(သည့်အယူဝါဒ)သည်ကား ကျွန်ုပ်တို့အပေါ်၌လည်းကောင်း၊ ခပ်သိမ်းတို့အပေါ် လည်းကောင်း၊ အလွှာဟ်အရှင်မြတ်၏ (ကြီးမားလှစွာသော) ကျေးဇူးတော်တစ်ရပ်"သည် ဖဇလ်(သို့မဟုတ်) အလွှာဟ်အရှင်မြတ်၏ကျေးဇူးတော်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည်သာလျှင် မှန်ကန်သည့် နားလည်သဘောပေါက်မှု ပေးသနားတော်မူကာ မှန်ကန်မှုကို လက်ခံနိုင်မှု ကျွန်ုပ်တို့ကို လွယ်ကူစေတော်မူသည်။ သို့သော်လည်း လူအများမှာ ယင်းကောင်းချီးမင်္ဂလာကို ကျေးဇူးမသိဘဲ ကျေးဇူးမတင်ကြပါ။ ယင်းသို့ပြောဆိုပြီးနောက် အကျဉ်းသားများကို အကယ်၍ ထိုသို့ဆိုခဲ့လျှင် လူသားသည် အရာရာပေါ်တွင် လွှမ်းခြုံသောတန်ခိုးအာဏာရှိသည့် အလွှာဟ်အရှင်မြတ်တစ်ပါးတည်းကို ကိုးကွယ်ခြင်းနှင့် ဘုရားအများကိုးကွယ်ခြင်း မည်သည်ကကောင်းသနည်းဟု မေးမြန်းခဲ့သည်။ ထို့နောက် သူသည် ရုပ်တုကိုးကွယ်မှုကို မတူညီကွဲပြားသော ရှုထောင့်တစ်ခုမှ ရည်ညွှန်းခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺက ထိုအကျဉ်းသားများ၏ ဘိုးဘွားဘီဘင်တို့သည် အချို့သောရုပ်တုများကို ၎င်းတို့၏အရှင်သခင်အဖြစ် မှတ်ယူခဲ့ကြသည်ဟု ပြောကြားခဲ့သည်။ ထိုရုပ်တုများသည် ဘိုးဘွားဘီဘင်တို့ ကိုယ်တိုင်ပေးထားသော အမည်ခံသက်သက်သာ ဖြစ်ကြသည်။ ထိုရုပ်တုများသည် ကိုးကွယ်ထိုက်သူများအဖြစ် ပြောရလောက်အောင် အနည်း

ငယ်မျလောက်သော ကိုယ်ပိုင်တန်ဖိုးပါဝါမရှိကြသောအရာများ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် သက်မဲ့များဖြစ်ကြသည်။ ဤသည်မှာ တစ်စုံတစ်ဦးက မျက်ဝါးထင်ထင် တွေ့မြင်နိုင်သောအရာဖြစ်သည်။ ထို ရုပ်တုများကို စစ်မှန်သည့် ကိုးကွယ်ထိုက်သောအရာများဖြစ်ကြောင်းမှတ်ယူရန် နောက်ထပ်နည်းကား အလ္လာဟ် အရှင်မြတ်ကိုယ်တိုင်က ထိုအရာများကိုကိုးကွယ်ရန် သီးခြားအဓိန့်များ(သို့မဟုတ်) ပညတ်ချက်များ ချပေးခြင်းသာ ဖြစ်ပေလိမ့်မည်။ သို့ဆိုလျှင် အကယ်၍ ကျွန်ုပ်တို့၏ စူးစမ်း လေ့လာမှုများနှင့် ဆင်ခြင်တုံတရားများအရ ထိုအရာများကို ဘုရားအဖြစ် လက်မခံချင်သည့်တိုင် ကျွန်ုပ်တို့၏ စူးစမ်းလေ့လာမှုများနှင့် ဆင်ခြင်တုံတရားများကို ဘေးဖယ်ကာ အလ္လာဟ်အရှင်မြတ်အဓိန့်တော်ကို နာခံရန်သာဖြစ်သည်။ သို့သော်လည်း ထိုသို့လည်းမရှိပါ။ အလ္လာဟ်အရှင်မြတ်သည် သူတို့၏ ကိုးကွယ်ရာများအတွက် မည်သည့်သက်သေသာဓက (သို့မဟုတ်) ငြင်းဆိုချက်ကိုမျှ ချမပေးခဲ့ပါ။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ အချုပ်အခြာအာဏာနှင့်ဥပဒေသည် အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူ၍ မည်သူတစ်ဦးတစ်ယောက်တွင်မျှ အခွင့်အရေးမရှိချေဟူ၍ဖြစ်သည်။ ထို့နောက် အရှင်မြတ်သည် အရှင်မြတ်ကို မည်သူနှင့်မျှယှဉ်တွဲ ကိုးကွယ်ခြင်းမပြုရဟု အဓိန့်ပေးတော်မူခဲ့သည်။ အဆုံး၌ စိုက်ယိဒိနာယူစုဖ်ﷺက ဤသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ဘိုးဘွားဘီဘင်ပေါ် အပ်နှင်းထားခဲ့သည့် တစ်ခုတည်းသောလမ်းစဉ်မှန် ဖြစ်သည်။ သို့သော်လည်း လူအများသည် ဤစစ်မှန်မှုကို မသိရှိကြပါဟု ပြောကြားခဲ့သည်။

တမန်တော်၏ ဤစစ်မှန်မှုကို ဖိတ်ခေါ်ပြီးနောက် ထောင်ကျဘက်နှစ်ဦးပြောပြသည့် အိပ်မက်များအကြောင်း ရောက်ကာ နှစ်ဦးအနက်မှ တစ်ဦးသည် အကျဉ်းထောင်မှလွတ်မြောက်၍ သူ၏အလုပ်ပြန်လည်ရရှိကာ သခင့်ကို သေရည်ဆက်သခြင်း ဆက်လက်လုပ်ရမည်ဟု ကြေညာခဲ့သည်။ အခြားတစ်ဦးမှာမူ သူ၏ပြစ်မှုမှာမူ ထင်ရှားစွာ သက်သေပြ၍ သူ့ကို ကားစင်တင်ကာ သတ်ဖြတ်ခံရ၍ ငှက်များသည် ၎င်း၏ခေါင်းပေါ်မှ ထိုးဆိတ်ကာ စားသောက်ခြင်းခံရမည်ဟု ကြေညာခဲ့သည်။

တမန်တော်ဆိုင်ရာ စာနာသနားစိတ်၏ ဥပမာတစ်ရပ်

အီဗနီကဆီးရ်က ပြောသည်မှာ ဤအကျဉ်းသားနှစ်ဦးအိပ်မက်များမှာ တစ်သီးတစ်ခြားစီဖြစ်သော်လည်း ယင်းတို့တစ်ခုစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာမူ သတ်မှတ်ခဲ့ပြီးဖြစ်သည်။ ထို့နောက် သေရည်ဆက်သသူသည် ပြစ်မှုစွဲချက်မှ လွတ်ကင်း၍ သူ၏အလုပ်ကို ပြန်လည်လုပ်ရမည်ဟူသော ကံကြမ္မာနှင့် စားတော်ကဲသည် ကားစင်တင်အသတ်ခံရမည့်အကြောင်းတိတိကျကျ မပြောခဲ့ပါ။ သို့မှသာ ၎င်းတို့နှစ်ဦးအနက်မှ သက်ဆိုင်သူတစ်ဦးမှာ ထိုအချိန်မှစ၍ စိတ်သောကမရောက်စေရန် ဖြစ်သည်။ ထို့ကြောင့် တမန်တော်ယူစုဖ်ﷺက တစ်ဦးသည် လွတ်မြောက်လိမ့်မည်ဖြစ်၍ တစ်ဦးမှာမူကား ကားစင်တင်အသတ်ခံရမည်ဟူသော ယေဘုယျအဆိုအမိန့်တစ်ရပ်ကို ပြောခဲ့ပါသည်။

အဆုံး၌ ထိုသူတို့၏ အိပ်မက်များ အဓိပ္ပာယ်ဖွင့်ဆိုချက် (အိပ်မက်တိတ္ထံ)သည် ရော်ရမ်းမှန်းဆပြောဆိုခြင်းမဟုတ်ကြောင်း ၎င်းတို့အားပြောခဲ့သည် ယင်းမှာ အလ္လာဟ်အရှင်မြတ်၏ စီရင်ချက်သာဖြစ်၍ ရှောင်လွှဲမရနိုင်ချေ။ ထို အကျဉ်းသားနှစ်ဦး၏အိပ်မက်များမှာ မမှန်မကန်ဟုလည်းကောင်း၊ လုပ်ဇာတ်များဟုလည်းကောင်း ခေါ်ဆိုသည့် ဦးကာရှင်များကပြောသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺသည် အိပ်မက်များ အဓိပ္ပာယ်ဖွင့်ဆိုပြီးသောအခါတွင် ၎င်းတို့သည် မည်သည့်အိပ်မက်ကိုမျှမမက်ကြောင်းပြောခဲ့ကြသည်။ သူတို့သည် ယင်းအိပ်မက်ကို လုပ်ကြံပြောဆိုခြင်းသာဖြစ်သည်ဟူ၍ ဖြစ်သည်။ ထိုစဉ် စိုက်ယိဒိနာယူစုဖ်ﷺက قُضِيَ الْأَمْرُ الَّذِي فِيهِ تَسْتَفْتِيَانِ အသင်တို့နှစ်ဦး မေးမြန်းလျက်ရှိကြကုန်သောကိစ္စမှာ (ဤအတိုင်းပင်)ပြဋ္ဌာန်းပြီးဖြစ်ခဲ့လေသည် ဟုပြောခဲ့သည်။ တစ်နည်းဆိုရသော် အသင်တို့သည်

ဤအိပ်မက်ကို မက်ခဲ့သည်ဖြစ်စေ၊ မမက်ခဲ့သည်ဖြစ်စေ ကိစ္စရပ်သည်ကား ကျွန်ုပ်ပြောခဲ့သည့်အတိုင်း ဖြစ်ပေမည်။ ရည်ရွယ်ချက်မှာ ဤကဲ့သို့ မမှန်ကန်သောအိပ်မက်ကိုပြုလုပ်ကာ ကျူးလွန်ခဲ့သော ပြစ်မှုဂုနာဟ်သည် အိပ်မက်များကို အဓိပ္ပာယ်ဖွင့်စဉ်က ဆိုသကဲ့သို့ပင်ဖြစ်စေကာ အပြစ်ပေးခံရမည်ဟုလည်း ဆိုလိုနိုင်သည်။

ယင်းနောက်သူ၏ အိပ်မက်အဓိပ္ပာယ်ဖွင့်ကာ လွတ်မြောက်လိမ့်မည်ဟုပြောခံထားရသော အကျဉ်းသားကို စိုက်ယိဒိနာယူစုဖ်ﷺက "အသင်သည် အကျဉ်းထောင်မှ လွတ်မြောက်ခဲ့လျှင် အသင်၏သခင်ကို အပြစ်ကင်းသော အကျဉ်းသားတစ်ဦးသည် အကျဉ်းထောင်တွင် ယခုတိုင် ဆင်းရဲဒုက္ခခံနေရကြောင်း ပြောကြားပါလေ"ဟု ပြောခဲ့သည်။ သို့သော်လည်း အကျဉ်းထောင်မှလွတ်သည်နှင့်တစ်ပြိုင်နက် ဤအကျဉ်းသားသည် စိုက်ယိဒိနာယူစုဖ်ﷺမှာကြားခဲ့သော သတင်းစကားကို မေ့လျော့သွားခဲ့သောကြောင့် စိုက်ယိဒိနာယူစုဖ်ﷺ၏လွတ်မြောက်မှုမှာ ပို၍နှောင့်နှေးသွားကာ အကျဉ်းထောင်တွင် နှစ်အနည်းငယ်ပို၍ နေလိုက်ရသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ သုံးစွဲထားသောစကားလုံးမှာ بِضْعَ سِنِيْنَ(ဗိသွာအစီနီး- နှစ်ကာလအတန်ကြာ)ဖြစ်သည်။ ဤစကားလုံးသည် သုံးမှကိုးအကြား ကိန်းဂဏန်းများအတွက် သုံးနှုန်းသည်။ ဋီကာရှင်အချို့က ၎င်းသည် အကျဉ်းထောင်တွင် ခုနစ်နှစ်ကြာ ကာလပို၍ နေထိုင်ခဲ့ရသည်ဟု ပြောခဲ့ကြသည်။

အမိန့်ပညတ်ချက်များနှင့် ဥပဒေသများ

လက်ရှိဆွေးနွေးနေသော အာယသ်များမှ ပေါ်ထွက်လာသည့်အဟ်ကာမ်များ၊ မစာအီလ်များ အသုံးဝင်သော သင်ခန်းစာများနှင့် လမ်းညွှန်မှုဆိုင်ရာအချက်အလက်များကို စဉ်းစားထိုက်သည်။ ယင်းတို့ကို အောက်တွင် ဖော်ပြထားသည်။

(၁) ရာဇဝတ်ကောင်များနှင့် အကျင့်စာရိတ္တမကောင်းသူများဖြင့်နာမည်ဆိုးရှိသော အကျဉ်းထောင်ထဲသို့ စိုက်ယိဒိနာယူစုဖ်ﷺ အကျဉ်းကျခံရခြင်းကို စဉ်းစားကြည့်ပါ။ သို့ရာတွင် သူသည် ထိုသူများကို သူ၏ထူးခြားသော ကောင်းမြတ်သည့် ကိုယ်ကျင့်တရားများနှင့် လူမှုဆိုင်ရာ ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်ဆံခဲ့သည်။ ရလဒ်မှာ ထိုသူအားလုံးက ၎င်းကို ချစ်ခင်မြတ်နိုးသွားခဲ့ကြသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ပြုပြင်ပြောင်းလဲရေး လုပ်သူများ၏ တာဝန်မှာ အပြစ်ကျူးလွန်သူများနှင့် ရာဇဝတ်သားများနှင့် ဆက်ဆံရာတွင် ကြင်နာသနား စာနာစိတ်ရှိခြင်း၊ သောကရှိခြင်း၊ ၎င်းတို့နှင့် နီးနီးကပ်ကပ် ဆက်ဆံခြင်း၊ ၎င်းတို့နှင့် ရင်းရင်းနှီးနှီးရှိခြင်း၊ ၎င်းတို့အပေါ်၌ စိတ်ချယုံကြည်နိုင်ခြင်း ဖြစ်စေရန် ဖြစ်ပေသည်။ အရေးကြီးသေးသည်မှာ မည်သည့်အဆင့်တွင်မဆို ထိုသူများကို မုန်းတီးခြင်း၊ ရွံရှာခြင်း စသည့် သဘောထားများ မဖြစ်စေသင့်ပါ။

(၂) "إِنَّا نَرَىٰكَ مِنَ الْمُحْسِنِيْنَ"ဇကန်မလွဲ ကျွန်ုပ်တို့သည် အသင့်အား သူတော်စင်တစ်ဦးဖြစ်ကြောင်း တွေ့မြင်ကြရပါသည်ဟု ပြောဆိုခဲ့ကြလေသတည်း"ဟူသောအဆိုအမိန့်မှ ကျွန်ုပ်တို့တွေ့ရသည်မှာ အိပ်မက်တစ်ခု၏အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဖြောင့်မတ်မှန်ကန်ခြင်း၊ ကောင်းမှုကောင်းရာပြုလုပ်ခြင်းနှင့် စာနာစိတ်ရှိသူဟုယုံကြည်သော သူထံမှာပင် ရှာဖွေသင့်ကြောင်း ဖြစ်သည်။

(၃) ဤနေရာတွင် ကျွန်ုပ်တို့ သင်ယူလေ့လာရသော တတိယအချက်မှာ လူအများ၏ ကိုယ်ကျင့်တရားနှင့် ဒါအ်ဝသ် လုပ်ငန်းလုပ်ဆောင်သူများနှင့် ဆိုင်သောစံပြကိုယ်ကျင့်တရားအကြောင်းဖြစ်သည်။ ဤသို့ဆက်ဆံရာတွင် ထိုသူများသည် ၎င်းတို့၏ကောင်းမြတ်သောကိုယ်ကျင့်တရာများနှင့် အပြုအမူများဖြင့်ယုံကြည်မှုရယူရမည်မှာပထမ တာဝန်ဖြစ်သည်။ သူတို့၏ ဉာဏ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ကို ကိုယ်ရည်သွေးနိုင်သည်။ ယင်းသို့ပင်စိုက်ယိဒိနာယူစုဖ်

ﷺသည် ၎င်း၏ မုအ်ဂျီဇာဟ် အံ့ဖွယ်အကြောင်းပြောရုံမျှသာမက ၎င်းသည် တမန်တော်တစ်ပါးဖြစ်ကြောင်းပင် ပြောကြားခဲ့သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ရေးကိုယ်ရည်သွေးမှုကို တစ်စုံတစ်ဦး၏ အဆင့်အတန်းကိုဖော်ပြရန်မဟုတ်ဘဲ လူအများကောင်းစားရေး ရည်ရွယ်ချက်အပေါ် အခြေခံပြောကြားခဲ့ပါလျှင် ကုရ်အာန်ကျမ်းတော်မြတ်တွင် فَلَا تُزَكُّوٓا۟ أَنفُسَكُمْ "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ကိုယ်ကိုမိမိ မြင့်မြတ်သည်၊ စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်(၅၃း၃၂)" ဟူ၍ တားမြစ်ထားလင့်ကစား ယင်းသို့လုပ်ဆောင်ခြင်းကို ကိုယ်ရည်သွေးခြင်းဟု မှတ်ယူလိမ့်မည်မဟုတ်ချေ။ (မဇာဟီရီ)

(၄) ဤနေရာ၌ ဆက်သွယ်ခြင်းနှင့် ပြုပြင်ခြင်း (တဗ်လိဂ် အရ်ရာဒ်) ပက်သက်သော အရေးကြီးသည့် စည်းမျဉ်းတစ်ရပ်ကို ထောက်ပြထားသည်။ ဖိတ်ခေါ်မှုကို ထမ်းရွက်သူ(ဒါအီ)နှင့် ပြုပြင်သူ မုစ်လိမ်တစ်ဦး၏တာဝန်မှာ အချိန်တိုင်း၊ အခြေအနေတိုင်း၊ လုပ်သမျှတိုင်းသည် ဒါဝသ်နှင့်တဗ်လိဂ်၏လုပ်ငန်းဖြစ်ရမည်မှာ ဦးစွာပထမဖြစ်သည်။

တစ်နည်းဆိုရသော် အကယ်၍ တစ်စုံတစ်ဦးသည် သူထံ တစ်စုံတစ်ရာအတွက် ရောက်လာခဲ့လျှင် သူသည် ၎င်း၏စစ်မှန်သောတာဝန်ကို မမေ့လျော့သင့်ချေ။ စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်းထံအကျဉ်းသားများက အိပ်မက်တိတ္ထုံ (အဓိပ္ပာယ်ဖွင့်ရန်)တောင်းခံစဉ်က လုပ်ဆောင်သကဲ့သို့ လုပ်ရပေမည်။ ထိုအချိန်က ထိုသူများ၏ အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် မေတ္တာရပ်ခံချက်အား မဖြေကြားမီအလျင် ထိုသူများကို ၎င်း၏သဗ်လိဂ်နှင့် အိရ်ရှာဟ်တို့ဖြင့် မှန်ကန်သော လမ်းညွှန်ချက်လက်ဆောင်ကို သူပေးခဲ့သည်။ ဒါဝသ်နှင့်သဗ်လိဂ်လုပ်ငန်းသည် ကွန်ဖရင့်တစ်ခု (သို့) တရားဟောစင် (သို့မဟုတ်) စင်မြင့်ပေါ်တွင်သာ လုပ်ရမည့်အရာဟု မမှတ်ပါလေနှင့်။ ဤလုပ်ငန်းသည် အချင်းချင်း ထိတွေ့မှု ပုဂ္ဂိုလ်ရေးဖလှယ်မှု၊ နှီးနော ဖလှယ်မှုများနှင့် ပိုမိုအကျိုးသက်ရောက်စွာ ပြုလုပ်နိုင်သည်။

အိရ်ရှာဒ်နှင့်အိဆွိလာဟ်ဖြင့်လူအများကိုမည်သည်ကမှန်ကန်သည်နှင့်၎င်းတို့ကောင်းကျိုးလုပ်ဆောင်သောကြိုးပမ်းမှုနောက်တစ်ချက်ကား ဤကိစ္စနှင့်ပတ်သက်၍ ပြောဆိုသူများသည် ဦးတည်ပြောကြားခံရသူများ၏ နလုံးသားထဲရောက်သွားစေသည့် အသိဉာဏ်နည်းဗျူဟာဖြင့် ပြောဆိုရမည်။ ဤသို့ပင် စိုက်ယိဒိနာယူစုဖ်ﷺ ပြုလုပ်ခဲ့သည်။ သူ၏ အရည်အချင်းကောင်းများသည် အစွမ်းသတ္တိကို ကိုးကွယ်၍ မယုံကြည်သွေဖည်သူများနှင့်အဆက်ဖြတ်ခြင်း၏ တိုက်ရိုက်ရလဒ်ဖြစ်ကြောင်း ၎င်းက အောင်မြင်စွာ ပြသနိုင်ခဲ့သည်။ ယင်းနောက် သူသည် ကုဖ်ရ်နှင့် ရှိရ်ဂ်တို့၏ အကျိုးမဲ့ဖြစ်ခြင်းနှင့် ချိုးတဲ့ခြင်းတို့ကို နလုံးသားအကြိုက် ပျော့ပျောင်းနူးညံ့သောနည်းဖြင့် ဖော်ပြခဲ့သည်။

(၆) ဤနေရာတွင် မကောင်းသတင်းများကို မည်သို့ကိုင်တွယ်ရမည်ဟူသော အခြားပြဿနာကို ဖြေရှင်းထားခဲ့သည်။ အကယ်၍ ဦးတည်ပြောကြားမည့်သူတစ်ဦးကို ပြောရမည့်အကြောင်းအရာသည် နာကျင်ဖွယ် (သို့မဟုတ်) ၎င်း၏ ဆန့်ကျင်ဖြစ်သော်လည်း ဖွင့်ပြောရန်လိုအပ်လျှင် ဦးတည်ပြောကြားခံရသူကို အတတ်နိုင်ဆုံး မသက်မသာ မဖြစ်စေရန် တင်ပြရပေမည်။ ဤသည်ပင် အိပ်မက်ကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် သေမည်ဟု သတ်မှတ်ထားခြင်းခံရသော သူအား စိုက်ယိဒိနာယူစုဖ်ﷺက မပြတ်မသားပြောခဲ့သည်။ သူကြိုးပေးခံရမည်ဖြစ်ကြောင်း သတ်မှတ်ပြီးခြင်းကို စိုက်ယိဒိနာယူစုဖ်ﷺက အကျဉ်းသားကို တိတိကျကျမပြောခဲ့ပါ။ (အိဗနိကဆီး၏- မဇ်ဟာရီ)

(၇) စိုက်ယိဒိနာယူစုဖ်ﷺသည် အကျဉ်းထောင်မှလွတ်လာသော အကျဉ်းသားကို ၎င်းလွတ်မြောက်ရန်အတွက် မှာကြားခဲ့ကြောင်း မှတ်မိပါလိမ့်မည်။ ယင်းမှာ အသင်၏သခင်ထံ ကျွန်ုပ်အကြောင်း ပြောကြားခိုင်းခြင်း ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အခက်အခဲအချို့မှ လွတ်မြောက်ရန်အလို့ငှာ ကြိုးပမ်းမှု၏ကြားခံအနေဖြင့် တစ်စုံတစ်ဦးကို အသုံးချခြင်းသည် သဝတ်က်ကလ် (အလ္လာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံခြင်း)ဟူသောမူနှင့် မဆန့်ကျင်ချေ။

(၈) ဤပြဿနာနှင့်ပတ်သက်သည့် အခြားရှုထောင့်တစ်ခုမှာ အလွှာဟ်အရှင်မြတ်သည် ထိုအရှင်မြတ်၏ ကြီးကျယ်လှသော တမန်တော်များခွင့်ပြုထားသည်တိုင်းကို ရရှိရေးကြိုးပမ်း၍ ၎င်းတို့၏ လွတ်မြောက်ရန်အတွက် လူသားတစ်ဦးကို ကြားခံထားအသုံးပြုခြင်းကိုကား မနှစ်သက်ချေ။ ဤသို့ဖြစ်ရသည်မှာ အလွှာဟ်အရှင်မြတ်နှင့် တမန်တော်များကြားတွင် မည်သည့်ကြားခံမျှမရှိဟူသည်ကပင် ထိုတမန်တော်များ စစ်မှန်ခြင်း၏ အသွင်လက္ခဏာပင် ဖြစ်သည်။ ဖြစ်နိုင်သည်မှာ ဤသည်ကြောင့် ထိုအကျဉ်းသားသည် စိုက်ယိဒိနာယူစုဖ်ﷺ ပါးလိုက်သောသတင်းစကားကို ဓမ္မလျှာသွားခဲ့ကာ အကျဉ်းထောင်ထဲတွင် နှစ်များပိုမိုရှည်ကြာစွာ နေခဲ့ရခြင်းဖြစ်သည်။ ဟဒီးဆ်တော်တစ်ရပ်တွင်လည်း တမန်တော်မြတ်ﷺက ဤလမ်းကြောင်းကိုပင် ထောက်ပြခဲ့သည်။

အာယသ် (၄၃-၅၀)

وَ قَالَ الْمَلِكُ اِنِّیْۤ اَرٰی سَبْعَ بَقَرٰتٍ سِمَانٍ یَّاْكُلُهُنَّ سَبْعٌ عِجَافٌ وَّ سَبْعَ سُنْۢبُلٰتٍ خُضْرٍ وَّ اُخَرَ یٰبِسٰتٍ ؕ یٰۤاَیُّهَا الْمَلَاُ اَفْتُوْنِیْ فِیْ رُءْیَایَ اِنْ كُنْتُمْ لِلرُّءْیَا تَعْبُرُوْنَ ﴿۴۳﴾ قَالُوْۤا اَضْغَاثُ اَحْلَامٍ ۚ وَ مَا نَحْنُ بِتَاْوِیْلِ الْاَحْلَامِ بِعٰلِمِیْنَ ﴿۴۴﴾ وَ قَالَ الَّذِیْ نَجَا مِنْهُمَا وَ ادَّكَرَ بَعْدَ اُمَّةٍ اَنَا اُنَبِّئُكُمْ بِتَاْوِیْلِهٖ فَاَرْسِلُوْنِ ﴿۴۵﴾ یُوْسُفُ اَیُّهَا الصِّدِّیْقُ اَفْتِنَا فِیْ سَبْعِ بَقَرٰتٍ سِمَانٍ یَّاْكُلُهُنَّ سَبْعٌ عِجَافٌ وَّ سَبْعِ سُنْۢبُلٰتٍ خُضْرٍ وَّ اُخَرَ یٰبِسٰتٍ ۙ لَّعَلِّیْۤ اَرْجِعُ اِلَی النَّاسِ لَعَلَّهُمْ یَعْلَمُوْنَ ﴿۴۶﴾ قَالَ تَزْرَعُوْنَ سَبْعَ سِنِیْنَ دَاَبًا فَمَا حَصَدْتُّمْ فَذَرُوْهُ فِیْ سُنْۢبُلِهٖۤ اِلَّا قَلِیْلًا مِّمَّا تَاْكُلُوْنَ ﴿۴۷﴾ ثُمَّ یَاْتِیْ مِنْۢ بَعْدِ ذٰلِكَ سَبْعٌ شِدَادٌ یَّاْكُلْنَ مَا قَدَّمْتُمْ لَهُنَّ اِلَّا قَلِیْلًا مِّمَّا تُحْصِنُوْنَ ﴿۴۸﴾ ثُمَّ یَاْتِیْ مِنْۢ بَعْدِ ذٰلِكَ عَامٌ فِیْهِ یُغَاثُ النَّاسُ وَ فِیْهِ یَعْصِرُوْنَ ﴿۴۹﴾ وَ قَالَ الْمَلِكُ ائْتُوْنِیْ بِهٖ ۚ فَلَمَّا جَآءَهُ الرَّسُوْلُ قَالَ ارْجِعْ اِلٰی رَبِّكَ فَسْـَٔلْهُ مَا بَالُ النِّسْوَةِ الّٰتِیْ قَطَّعْنَ اَیْدِیَهُنَّ ؕ اِنَّ رَبِّیْ بِكَیْدِهِنَّ عَلِیْمٌ ﴿۵۰﴾

ထို့နောက် ဘုရင်က ဇကန်စင်စစ် ငါသည် အိပ်မက်တွင် ဝဝဖြိုးဖြိုးရှိကြကုန်သော နွားမခုနစ်ကောင်ကို ပိန်ချုံးလျက်ရှိသော နွားမခုနစ်ကောင်တို့က စား၍နေကြသည်ကို လည်းကောင်း၊ စိုစိမ်းသောစပါးနှံခုနစ်နှံနှင့် အခြားသွေ့ခြောက်လျက်ရှိကုန်သော(စပါးနှံ ခုနစ်နှံတို့ကို)လည်းကောင်း မြင်မက်ခဲ့လေသည်။ အို-မှူးကြီးမတ်ရာတို့၊ အကယ်၍ အသင်တို့သည် အိပ်မက်ဖိဝ်ခုမ်ကိုပြောချိုပြတတ်ကြပါလျှင် ငါ၏(ဤမည်သော)အိပ်မက်ဒိဝ်ခုမ်ကို ငဲ့အား တင်လျှောက်ကြလေကုန်ဟု ပြောကြားခဲ့လေ၏။[၄၃] (ထိုရောကာလ) ယင်းမှူးကြီးမတ်ရာတို့က (အို-ဘုရင်မင်းမြတ်၊ ဤကား) ဂယောင်ဂယက် မြင် မက်သော အိပ်မက်မျှသာဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့မှာမူကား ဂယောင်ဂယက် အိပ်မက်

များ၏ဒိဗ်ဓုမ်ကို နားလည်သူများလည်း မဟုတ်ကြပါဟု လျှောက်ထားခဲ့ကြလေသတည်း။ [၄၄]

ထိုအခါ ယင်း(အကျဉ်းချထားခြင်းခံခဲ့ကြသော) လုလင်နှစ်ဦး အနက် ပြန်၍ လွတ်မြောက်ခဲ့သော လုလင်သည် ကာလအတော်ကြာပြီးနောက်သော် မှပင် သတိရလာ၍ ထိုအိပ်မက်၏ဒိဗ်ဓုမ်ကို ဘုရင် မင်းမြတ်တို့အား ကျွန်တော်မျိုးတစ်ဆင့်ပြောပြပါမည်။ သို့ပါ၍ အရှင်မင်းမြတ်သည် ကျွန်တော်မျိုးအား သွားခွင့်ပြုတော်မူပါ ဟု လျှောက်ထားခဲ့လေ၏။[၄၅]

(အကျဉ်းထောင်သို့ ရောက်လတ်သော် ထိုလုလင်သည် တမန်တော်ယူစုဖ်အား ဤသို့ ပြောဆိုလေ၏။) အို-ယူစုဖ်၊ အို-သစ္စာဝါဒီ၊ အသင်သည် ကျွန်ုပ်တို့အား ဝဝဖြိုးဖြိုး ရှိသော နွားမခုနစ်ကောင် ကို ပိန်ချုံးသော နွားမခုနစ်ကောင်သည် စား၍နေသည်။ ၎င်းပြင် စိမ်းစိုသော စပါးနှံခုနစ်နှံနှင့် ခြောက်သွေ့သော စပါးခုနစ်နှံ ဖြစ် ကုန်သည်။ (မြင်မက်သောအိပ်မက်)နှင့်စပ်လျဉ်း၍ (ဒိဗ်ဓုမ်ကို) ရှင်းလင်း ပြောပြပါလေ။ သို့မှသာလျှင် ကျွန်ုပ်သည် လူများထံပြန်နိုင်၍ လူများလည်း (အသင်၏ မြင့်မြတ်လှသော ဂုဏ်အင်များကို) သိနားလည်နိုင်ကြပေမည် ဖြစ်သတည်း။[၄၆]

ထိုယူစုဖ်သည် (အိပ် မက်ဒိဗ်ဓုမ်ကို ဤသို့ရှင်းလင်း၍) ပြောပြလေသည်။ အသင်တို့သည် (မိမိတို့စိုက်ပျိုးနေကျအတိုင်း) ခုနစ်နှစ်တိုင်တိုင် (မိမိတို့ လယ်ယာများကို) အဆက်မပြတ် စိုက်ပျိုးကြလေကုန်။ သို့ရှိရာ အသင်တို့သည် မိမိတို့ ရိတ်သိမ်းသော ကောက်လှိုင်းများအနက် မိမိတို့ စားသုံးရန်ဖြစ်သော အနည်းငယ်မျှမှအပ ကျန်ရှိသော ကောက်လှိုင်းများကို ကောက် လှိုင်း အတိုင်းပင် ထားရှိကြလေကုန်။[၄၇] ထို့နောက် တစ်ဖန် (ဒုတိယကွန္တရက်ဆိုက်၍) ပြင်းထန်လှသောခုနစ်နှစ်သည် ဆိုက်ရောက်လာပေမည်။ ထိုနှစ်ကာလ ခုနစ်နှစ်သည် အသင်တို့ (မျိုးစေ့အလို့ငှာ) သိမ်းထားကြသည့် အနည်းငယ်မျှ(သော ရိက္ခာ)မှအပ အသင်တို့ ကြိုတင်စုဆောင်းထားသည့် (ရိက္ခာ)များကို စားသုံးပစ်ကြပေမည်။[၄၈] ထို့နောက်တစ်ဖန် နောက်တစ်နှစ်ရောက်လတ်သော် ထိုနှစ်တွင်မူ လူတို့သည် (ဇကောင်း မွန်စွာ) မိုးရွာသွန်းစေခြင်းကို ခံကြရသည့်ပြင် ထိုနှစ်တွင် ၎င်းတို့သည် စပျစ်ရည်များလည်း ညှစ်ကြပေမည် ဖြစ်သတည်း။[၄၉]

ထို့နောက် ဘုရင်မင်းက အသင်တို့သည် ထို ယူစုဖ်အား ငါ့ထံသို့ ပင့်ဆောင်ခဲ့ကြလေကုန်ဟု မိန့်ကြားခဲ့လေသည်။ တစ်ဖန် ဧစတမန်သည် ထိုယူစုဖ်ထံသို့ ရောက်ရှိလေသော် ထိုယူစုဖ်က (ဧစတမန်အား) အသင်သည် မိမိ သခင်ထံသို့ ပြန်၍သွားပါလေ။ ထို့နောက်အသင်သည်ထိုဘုရင်အား "မိမိလက်များကိုလှီးခဲ့ကြသောအမျိုးသမီးတို့၏(လက်ရှိ) အခြေအနေသည် မည်သို့ရှိပါသနည်း" ဟု လျှောက်ထားမေးမြန်းပါလေ။ ဇကာန်အမှန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုအမျိုးသမီးတို့၏ ပရိယာယ်မာယာကို ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ [၅၀]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြခဲ့သော အာယသ်များက မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာ ယူစုဖ်ﷺ လွတ်မြောက်စေရန် သီးသန့်နည်းလမ်းဖြစ်စေသော အကွယ်(အလ်ဂိုင်ဗ်)မှ လုပ်ဆောင်ချက်ကို စီမံပြုလုပ်စေခဲ့သည်။ ဤစီမံချက်အရ အီဂျစ်ဘုရင်မှာ သူ့အား စိတ်သောကအလွန်ရောက်စေသော အိပ်မက်တစ်ခု မက်စေခဲ့ပါသည်။ ဘုရင်သည် နိုင်ငံတွင်းရှိ အိပ်မက်တိတ္ထိုဟောသူများနှင့် ဗေဒင်ဆရာများကို ပင့်ဖိတ်ကာ အိပ်မက်တိတ္ထိုအိပ်မက် အဓိပ္ပာယ် ဖွင့်ပေးရန် မိန့်ကြားခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ အိပ်မက်အဓိပ္ပာယ် မပြောပြနိုင်ပါ။ သူတို့အားလုံးက اَضْغَاثُ اَحْلَامٍ ۚ وَ مَا نَحْنُ بِتَاْوِيْلِ الْاَحْلَامِ بِعٰلِمِيْنَ ယင်းမှုးကြီးမတ်ရာတို့က (အိုဘုရင်မင်းမြတ် ဤကား) ကယောက်ကယက် မြင်မက်သော အိပ်မက်မျှသာ ဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့မှာမူကား ကယောက်ကယက် အိပ်မက်များ၏ တိတ္ထိုလို နားလည်သူများလည်း မဟုတ်ကြပါဟု လျှောက်ထားခဲ့ကြလေသတည်း"ဟု ပြောခဲ့ကြသည်။ اَضْغَاثُ (အသွဂါတ်)ဟူသောစကားလုံးသည် ضِغْث (သွိဂါတ်)၏အများကိန်းဖြစ်ကာ စာပေဝေါဟာရအရ ယင်းစကားလုံးသည် စပါးခွံနှင့်ဖွဲများကို ရည်ညွှန်းသည် ယင်းတို့သည် စွန့်ပစ်ပစ္စည်းမျိုးစုံဖြစ်သည်။ သူတို့ ပြောကြခြင်း၏ အဓိပ္ပာယ်မှာ ဤအိပ်မက်မှာ မကြည်လင်မပြတ်သားဘဲ ရှုပ်ထွေးနေကာ အတွေးများ၊ အကြောင်းအရာများ ရောပြွမ်းနေသောအရာဖြစ်ပေသည်။ ထိုသို့သော အိပ်မက်များကို ၎င်းတို့ မည်သို့မည်ပုံ အဓိပ္ပာယ်ဖွင့်ရမည်ကို မသိကြချေ။ အကယ်၍ ဤအိပ်မက်သည် မက်ရိုးမက်စဉ်မက်သော အိပ်မက်မျိုးဖြစ်ခဲ့လျှင် ၎င်းတို့အဓိပ္ပာယ် ပြန်ဆိုနိုင်လိမ့်မည် ဖြစ်သည်။

ဤအဖြစ်အပျက်၏ ဖြစ်စဉ်များကို ကြည့်ရှုရာတွင် လွတ်မြောက်သွားသော အကျဉ်းသားသည် အချိန်ကာလ အတော် အတန်ကြာမှ စိုက်ယိဒိနာယူစုဖ်ﷺ ပါးလိုက်သောသတင်းစကားကို ပြန်လည်သတိရမိခဲ့ခြင်းဖြစ်သည်။ သူသည် ရှေ့သို့ထွက်လာ၍ ဤအိပ်မက်တိတ္ထိုအိပ်မက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဘုရင်မင်းမြတ်အား ပြောပြနိုင်ပါလိမ့်မည်ဟု ပြောကြားခဲ့သည်။ ထိုအချိန်တွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ နာမ်ပိုင်းဆိုင်ရာ သာလွန်မြင့်မြတ်မှု၊ ၎င်း၏အိပ်မက် အဓိပ္ပာယ်ဖွင့်ဆိုမှု ပညာနှင့် ၎င်းအပြစ်ကင်းမဲ့ကာ ထောင်တွင်ထိန်းသိမ်းခံနေရခြင်းတို့ကို ပြောပြကာ အကျဉ်းထောင်အတွင်းသွားရောက်၍ တမန်တော်ယူစုဖ်ﷺနှင့် တွေ့ဆုံခွင့်ပေးရန် လျှောက်ထားခဲ့သည်။ ဘုရင်က သူ့ကို ယင်းအတွက် စီစဉ်ပေးခဲ့သည်။ သူသည် စိုက်ယိဒိနာယူစုဖ်ﷺထံ ရောက်ရှိခဲ့သည်။ ဤဖြစ်စဉ်တစ်ခုလုံးကို ဖော်ပြရန်အတွက် ကုရ်အာန်ကျမ်းမြတ် فَاَرْسِلُوْنِ ဖအရ်စိလုနိ}ဟူသော စကားတစ်လုံးတည်းသာ သုံးနှုန်းထားခဲ့သည်။

ယင်းကဆိုလိုသည်မှာ ကျွန်တော်မျိုးကို (ယူစုဖ်ﷺထံ)သို့ စေလွှတ်တော်မူပါလေ ဟုဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺအကြောင်းများ ပြောကြားခြင်း၊ သူ့ကို တရားဝင်ခွင့်ပြုခြင်းနှင့် နောက်ဆုံးအကျဉ်းထောင်ထဲ ရောက်ရှိခြင်းစသော အဖြစ်အပျက်၏ အစိတ်အပိုင်းများသည် စကားအစီအစဉ်အရ နားလည် သဘောပေါက်နိုင်သည်။ ထို့ကြောင့် ထိုအကြောင်းအရာများကို သီးသန့်မဖော်ပြဘဲ ဖြစ်စဉ်ကို အောက်ပါအတိုင်း စတင်ဖော်ပြခဲ့သည်။

အာယသ်(၄၆)ထဲတွင် يُوْسُفُ اَيُّهَا الصِّدِّيْقُ "အိုယူစုဖ်၊ အို-သစ္စာဝါဒီ ဟူသော ဦးတည်ပြောကြားမှုဖြင့် ဤသည်ကို စတင်ခဲ့သည်။ ဆိုလိုသည်မှာ ဤအကျဉ်းသားသည် အကျဉ်းထောင်သို့ရောက်ရှိသောအခါတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အလုပ်နှင့် အပြောတွင် မှန်ကန်သစ္စာရှိမှုကို ဖော်ထုတ်လိုသော ၎င်း၏ကနဦးဆန္ဒအတိုင်း ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက်မှ အိပ်မက်တစ်ခု၏ အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ သူပြန်ပြောပြသည် အိပ်မက်မှာ ဘုရင်ကြီးသည် အလွန်ဝဖြိုးသည့် နွားမခုနစ်ကောင်ကို ကျုံလှီသောနွားမခုနစ်ကောင်က စားပစ်ခဲ့သည့်

ဆိုခြင်းနှင့် စိမ်းလန်းစိုပြည်နေသော စပါးနှံခုနစ်ခုကို ခြောက်သွေ့နေသောစပါးနှံခုနစ်ခုက ရစ်ပတ်ထားသည်ကို မြင်မက်ခဲ့ကြောင်း ပြောသည်။

အိပ်မက်ကို ပြန်လည်ပြောပြပြီးနောက် ဤသူက لَعَلِّيٓ أَرۡجِعُ إِلَى ٱلنَّاسِ لَعَلَّهُمۡ يَعۡلَمُونَ "သို့မှသာလျှင် ကျွန်ုပ်သည် လူများထံပြန်နိုင်၍ လူများလည်း (အသင်၏ မြင့်မြတ်သောဂုဏ်အင်များကို) သိနားလည်နိုင်ကြပေမည် ဖြစ်သတည်း"ဟု ပြောခဲ့သည်။ ဤသည်ကဆိုလိုသည်မှာ အကယ်၍ အသင်သည် ကျွန်ုပ်အား အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုချက်ပြောကြားခဲ့လျှင် ကျွန်ုပ်သည် လူအများထံ ပြန်သွားရောက်ခဲ့ပြီး သင်၏အဓိပ္ပာယ်ဖွင့်ဆိုချက် အိပ်မက်တိတ္ထိုကို တင်ပြခဲ့လျှင် ယင်းကြောင့် သင်၏သာလွန်မြင့်မြတ်မှုနှင့်ပညာကို ၎င်းတို့သိရှိသွားလိမ့်မည် ဟူ၍ဖြစ်သည်။

သဖိစိရ်မဇာဟရီကျမ်းအရ (စိတ္တဇနာမ်များ၏ရုပ်လောက)တွင်ရှိ အဖြစ်အပျက်၏ပုံရိပ်များကို အိပ်မက်တွင် မြင်ရသည်။ ထိုကမ္ဘာတွင် ဤပုံရိပ်များသည် သီးခြားအဓိပ္ပာယ်များရှိကြသည်။ အိပ်မက်တိတ္ထိုု အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ အတတ်ပညာ၏စိတ်ကူးစိတ်သန်းမှာ ထိုကမ္ဘာ(စိတ္တဇနာမ်၏ ရုပ်လောက)၏ သီးသန့်ပုံရိပ်အကြောင်း သိရှိနားလည်မှုအပေါ် တည်မှီသည်။ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺကို ဤအတတ်ပညာတွင် ကျမ်းကျင်တတ်မြောက်မှု ကောင်းချီးမင်္ဂလာ ပေးထားခဲ့သည်။ ပြန်ပြောပြသော အိပ်မက်အကြောင်းကြားသည်နှင့် တစ်ပြိုင်နက် ဝဖြိုးသော နွားမခုနစ်ကောင်နှင့် စိမ်းလန်းစိုပြည်သော စပါးနှံခုနစ်နှံသည် ခုနစ်နှစ်အတွင်း ကောက်ပဲသီးနှံများ သမားရိုးကျ ဖြစ်ထွန်းလိမ့်မည်ဆိုကြောင်း သူသိရှိခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မြေပြင်ကို စိုက်ပျိုးရန်ထွန်ယက်ရာ၌ နွားများသုံး၍ထွန်ယက်စိုက်ပျိုးခြင်းမှာ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ယင်းထဲမှ အဓိကကျသောကကွယ်ဖြစ်သည်။ အလားတူ ပိန်ချုံးသော နွားမခုနစ်ကောင်နှင့် ခြောက်သွေ့သော စပါးနှံခုနစ်နှံသည် ပထမခုနစ်နှစ်ပြီးနောက် ခုနစ်နှစ်တွင် ကြီးမားသောအငတ်ဘေး ဆိုက်ရောက်မည်ဟု ဆိုလိုသည်။ ကြုံလှိုသောနွားမခုနစ်ကောင်က ဝဖြိုးသော နွားမ ခုနစ်ကောင်ကို စားသောက်ခြင်းဆိုသည်မှာ ပထမခုနစ်နှစ်တွင်း သိုလှောင်ထားသော ကောက်ပဲသီးနှံတို့ကို နောက်ခုနစ်နှစ်တွင် ကျရောက်မည့် အငတ်ဘေးတွင် စားသောက်ရလိမ့်မည်။ မျိုးအတွက် ကောက်ပဲသီးနှံအချို့ကို ချန်ထားရပေမည်။

ဘုရင်ကြီး၏အိပ်မက်သည် ခုနစ်နှစ်တွင် ကောက်ပဲသီးနှံများ ကောင်းမွန်စွာ ဖြစ်ထွန်းပြီးနောက် ခုနစ်နှစ်တွင် စားနပ်ရိက္ခာခေါင်းပါခြင်းကိုသာ စိုက်ယိဒိနာယူစုဖ်ﷺအား ပြောကြားပါသည်။ သို့ရာတွင် စိုက်ယိဒိနာယူစုဖ် ﷺသည်၊ ထိုသည်ကို ထပ်ဆောင်းကာပြောသည်မှာ မိုးခေါင်ပြီးသည့် ကာလနောက်တွင် မိုးများကောင်းပြီး သီးနှံများဖြစ်ထွန်းမည့်နှစ်ဖြစ်ပါသည်။ ထိုကဲ့သို့ဖြစ်မည်ကို စိုက်ယိဒိနာယူစုဖ်(ﷺဟစ္စလာမ်)သိသည်မှာ အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်တော်မူသောဓလေ့အရ ငတ်မွတ်ခေါင်းပါးခြင်းအချိန်ကာလသည် ခုနစ်နှစ်သာဖြစ်ပြီး ရှစ်နှစ်မြောက်တွင် မိုးကောင်းကာ သီးနှံများ ဖြစ်ထွန်းပါလိမ့်မည်။ အစောပိုင်း ဦကာရှင် ကသာဒဟ်အဆိုအရ အလ္လာဟ်တအာလာသည် ထိုကဲ့သို့ဖြစ်မည်ဆိုကြောင်းကို စိုက်ယိဒိနာယူစုဖ်ﷺအား ဝဟီမှတစ်ဆင့် သိရှိစေပါသည်။ သို့မှသာ အိပ်မက်ကို အဓိပ္ပာယ်ပြန်ဆိုခဲ့ရာ၌ အိပ်မက်ပါသတင်းအချက်အလက်ထက် ပိုမိုသွားစေကာ စိုက်ယိဒိနာယူစုဖ်ﷺ၏ နာမ်ပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်မှုကိုလည်း တိုးမြှင့်သွားစေပြီး သူ၏လွတ်မြောက်မှုအတွက် အကြောင်းခံဖြစ်သွားစေပါသည်။ ထို့နောက် ဤသည်ကို အခြားအချက်တစ်ခုဖြင့် ထပ်ဆောင်းထားပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺက အိပ်မက်အရသာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို မလုံလောက်ဟူ၍ သူကမှတ်ယူပါသည်။ အကြောင်းမှာ သူသည် ၎င်းတို့အားအသိဉာဏ် နှင့် ရဲဘော်ရဲဘက်စိတ်အပေါ် အခြေခံထားသော ကောင်းမြတ်သော အကြံပြုချက်ကိုလည်း ပေးခဲ့ပါသည်။ ပထမခုနစ်နှစ်တွင် အထွက်တိုးခြင်းကြောင့် ပိုမိုရရှိသော ကောက်ပဲသီးနှံများနှင့်ဂျုတို့အား ကောက်လှိုင်းအတိုင်း သိမ်းဆည်းထားရန်

သူကအကြံပေးခဲ့ပါသည်။ သို့မှသာ သက်ရင့်သွားသောအခါ၌ ထိုကောက်လိုင်းအတိုင်းထားသော ကောက်ပဲသီးနှံအား ပိုးမွှားတို့က မဖျက်ဆီးနိုင်ပါ။ အတွေ့အကြုံအရ သိရှိရသည်မှာ၊ ကောက်ပဲသီးနှံတို့အား ကောက်လိုင်းအတိုင်း ထားပါက ပိုးမွှားများက မဖျက်ဆီးနိုင်ပါဆိုသည်ကို သတိမူရပါမည်။

အာယသ် ၄၈ ثُمَّ يَأْتِي مِنۢ بَعْدِ ذَٰلِكَ سَبْعٌ شِدَادٌ يَأْكُلْنَ مَا قَدَّمْتُمْ لَهُنَّ တွင် ထို့နောက်တစ်ဖန် (ဒုဗြိုက္ခန္တရကပ်ဆိုက်၍)ပြင်းထန်လှသောခုနစ်နှစ်သည် ဆိုက်ရောက်လာပေမည်။ ထိုနှစ်ကာလ ခုနစ်နှစ်သည် အသင်တို့ (မျိုးစေ့အလို့ငှာ) သိမ်းထားကြသည့် အနည်းငယ်မျှ (သောရိက္ခာ)မှအပ အသင်တို့ ကြိုတင်စုဆောင်းထားသည့် (ရိက္ခာ)များကို စားသုံးပစ်ကြပေမည်။ (၁၂:၄၈)ဟူ၍ မိန့်ထားသည်။ အိပ်မက်ထဲ၌ ပိန်ချုံနေသော နွားမခုနစ်ကောင်က ဝဖြိုးသော နွားမခုနစ်ကောင်ကိုစားပစ်လိုက်သည်ဟု မြင်မက်ခဲ့သောကြောင့် အိပ်မက်အဓိပ္ပာယ်ပြောဆိုရာ၌ ငတ်မွတ်ခေါင်းပါးသည့် ခုနစ်နှစ်သည် လွန်လေပြီးသောခုနစ်နှစ်က သိမ်းဆည်းထားသည်ကို စားပစ်လိမ့်မည်ဟု ပြောမှသာလျှင် သင့်တော်မည်ဟု စိုက်ယိဒိနာယူစုဖ်ﷺက မှတ်ယူခဲ့ပါသည်။ နှစ်များက စားသောက်ခြင်းမရှိသော်လည်း ငတ်မွတ်ခေါင်းပါးသည့်အချိန်တွင် ရှိနေသောလူများနှင့် တိရစ္ဆာန်များက လွန်လေပြီးသောနှစ်များက သိမ်းဆည်းထားသော ကောက်ပဲသီးနှံ များ စားသုံးပစ်မည်ဟု ဆိုလိုပါသည်။

ဤအကြောင်းအရာ၏ဖြစ်စဉ်အရ ဤသူသည် အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုမှုကို ရရှိပြီးသည့်နောက် ဘုရင်မင်းမြတ်ထံသို့ ပြန်သွားကာ ထိုအကြောင်းကို ပြောကြားခဲ့ပါသည်။ ဘုရင်မင်းမြတ်သည် ထိုအဓိပ္ပာယ်ဖွင့်ဆိုမှုကို ကျေနပ်ပြီး စိုက်ယိဒိနာယူစုဖ်ﷺ အသိပညာပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာသာ လွန်မှုအပေါ်၌ ယုံကြည်စိတ်ချသွားခဲ့ပါသည်။ သို့ရာတွင် ကျမ်းတော် မြတ်ကုရ်အာန်က ဤအကြောင်းအရာများအားလုံးတို့အား ဖော်ပြရန် မလိုအပ် ဟူ၍ မှတ်ယူခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အလိုအလျောက် ရှင်းပြီးသား ဖြစ်သောကြောင့်တည်း။ နောက်ပိုင်းတွင် ဘာဖြစ်ခဲ့သည်ကိုတော့ وَقَالَ الْمَلِكُ ائْتُونِي بِهِ "ထို့နောက် ဘုရင်မင်းက အသင်တို့သည် ထိုယူစုဖ်အား ငါ့ထံသို့ ပင့်ဆောင်ခဲ့ကြလေကုန်ဟု မိန့်ကြားခဲ့လေသည်။" ဟူ၍ မိန့်ကာ ဖော်ပြထားသည်။ ယင်းက ဆိုလိုသည်မှာ၊ စိုက်ယိဒိနာယူစုဖ်ﷺအား ထောင်တွင်းမှထုတ်ယူကာ သူ၏နန်းရင်ပြင်သို့ တင်သွင်းစေဟူ၍ အမိန့်ပေးခဲ့ပါသည်။ ထို့ကြောင့် ဘုရင်၏စေတမန်အချို့တို့သည် ဘုရင်ကြီး၏ သတင်းစကားနှင့်အတူ ထောင်သို့ ရောက်ရှိလာခဲ့ကြသည်။

ဤသို့သော အခြေအနေမျိုးကို စိုက်ယိဒိနာယူစုဖ်ﷺ လက်ခံကြဆိုသင့်သည်မှာ ထင်ရှားပါသည်။ သူသည် ထောင်ထဲ၌ အချိန်ကြာမြင့်စွာ ကန့်သတ်မှု၊ အကူညီမဲ့မှုတို့ဖြင့် နေခဲ့ရပါသည်။ သူလွတ်မြောက်ရန် ဆန္ဒရှိပါသည်။ ဘုရင်မင်းမြတ်က သူ့အား အလိုရှိနေသည်ဆိုသည့် သတင်းစကား ထောင်သို့ရောက်လာသောအခါ၌ သူက ယင်း သတင်းစကားကို ကြိုဆိုလက်ခံကာ ထွက်ခွာရန်အတွက် အဆင်သင့်ပြုလုပ်သင့်ပါသည်။ သို့ရာတွင် အလွှာဟ် တအာလာသည် အရှင့်တမန်တော်အပေါ်၌ မည်သူကမျှ နားလည်နိုင်စွမ်းမရှိသော အလွန်မြင့်မားသည့် ကိုယ်ကျင့်တရားဆိုင်ရာအဆင့်အတန်း အပ်နှင်းထားတော်မူပါသည်။

ဘုရင့်စေတမန်အား သူပေးခဲ့သော အဖြေမှာ-

قَالَ ارْجِعْ إِلَىٰ رَبِّكَ فَسْأَلْهُ مَا بَالُ النِّسْوَةِ اللَّاتِي قَطَّعْنَ أَيْدِيَهُنَّ ۚ إِنَّ رَبِّي بِكَيْدِهِنَّ عَلِيمٌ

"တစ်ဖန် စေတမန်သည် ထိုယူစုဖ်ထံသို့ ရောက်ရှိလေသော် ထိုယူစုဖ်က (စေတမန်အား) အသင်သည် မိမိသခင်ထံသို့ပြန်၍ သွားပါလော။ ထို့နောက် အသင်သည်၊ ထိုဘုရင်အား "မိမိလက်များကို လှီးခဲ့ကြသော အမျိုးသမီးတို့၏(လက်ရှိ)အခြေအနေသည် မည်သို့ရှိပါသနည်း"ဟု လျှောက်ထားမေးမြန်းပါလော။ ဇကန်အမှန် ငါ့အား ဖန်ဆင်းမွေးမြူ

တော်မူသော အရှင်မြတ်သည် ထိုအမျိုးသမီးတို့၏ ပရိယာယ်မာယာကို ကောင်းစွာသိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း" ဟူ၍ဖြစ်သည်။

ဤနေရာ၌ ဤမေးခွန်းကို မေးရခြင်းမှာ ဖြစ်ပျက်ခဲ့သည်တို့နှင့် ပတ်သက်၍ သူ့အား ဒွိဟသံသယ ရှိနေသေးပါသလော၊ ၎င်းနောက် ထိုကိစ္စတွင် သူအပြစ်ရှိသည်ဟု မှတ်ယူနေသေးသလောဟူသည်ကို သိရှိရန်အတွက် ရည်စူးပါသည်။

ဤအဆင့်၌ မှတ်သားထိုက်သေးသည်မှာ ဤလက်ရှိဖြစ်စဉ်ထဲတွင် လက်ကိုင်ားနှင့်လှီးမိသော အမျိုးသမီးများအကြောင်းကို ဗိုက်ယိဒိနာယူစုဖ်ﷺက ပြောကြားရာ၌ ဖြစ်ပျက်ခဲ့သည်တို့၏ အဓိကတရားခံဖြစ်သော အဇီးဇိ၏ ဇနီးကိုမူ ဖော်ပြမထားပါ။ သူ၏ဤလုပ်ရပ်တွင် သူ့ဆရာ၏အိမ်တွင် နေထိုင်ကြီးပြင်းခဲ့ရသော ကျေးဇူးကို စဉ်းစားခဲ့ပါသည်။ ဤသည်မှာ သဘာဝအလျောက် နူးညံ့သိမ်မွေ့သူတစ်ဦး၊ သူရိုသေလေးစားသော သူတစ်ယောက်အပေါ် ထောက်ထားခြင်းဖြစ်ပါသည်။

ထို့နောက် သူ၏အရေးကြီးသော စစ်မှန်သည့် ရည်ရွယ်ချက်မှာ စွပ်စွဲချက်မှအပြီးအပြတ် လွတ်ကင်းစေလိုခြင်းဖြစ်သည်။ အကယ်၍ သက်သေအထောက်အထား လိုအပ်ခဲ့လျှင် ထိုအမျိုးသမီးများထံမှ ရလာနိုင်ပါသည်။ ယင်းသို့ ပြုလုပ်ခြင်းက ၎င်းတို့အား များစွာ ဂုဏ်အသရေကျဆင်းလိမ့်မည် မဟုတ်ချေ။ အကယ်၍ ထိုအမျိုးသမီးများသည် အမှန်ကို ဖွင့်ဟဝန်ခံခဲ့ပါလျှင် မမှန်မကန် အကြံပေးမှုဖြင့်သာလျှင် အများဆုံး စွဲချက်တင်နိုင်လိမ့်မည်။ အဇီးဇိဇနီးကို စုံစမ်းစစ်ဆေးမှု၏ ပစ်မှတ်ထားပြုလုပ်လျှင် ဝန်ခံခဲ့ပါက သူမအတွက် ပို၍ ဂုဏ်အသရေကျဆင်းပေလိမ့်မည်။ ထို့ပြင် ဤသည်နှင့်အတူ ဗိုက်ယိဒိနာယူစုဖ်ﷺက اِنَّ رَبِّیْ بِكَیْدِهِنَّ عَلِیْمٌ ဇကနအမှန် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ထိုအမျိုးသမီးတို့၏ပရိယာယ်မာယာကို ကောင်းစွာသိရှိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း" ဟုပြောခဲ့သည်။ ဗိုက်ယိဒိနာယူစုဖ်ﷺက ဤသို့ပြောရခြင်းမှာ ဘုရင်ကြီးသည်လည်း ကိစ္စရပ်၏ အမှန်တရားကို သိရှိသွားရန်ဖြစ်သည်။ ဗိုက်ယိဒိနာယူစုဖ်ﷺ၏ ဤလုပ်ဆောင်မှုသည် ကိစ္စရပ်တွင် သူအပြစ်ကင်းစင်ကြောင်း မှတ်တမ်းတင်စေရန်အလို့ငှာ သိမ်မွေ့သည့် ချဉ်းကပ်နည်းတစ်ရပ် ဖြစ်သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဗိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺ၏ ဆင့်ပြန်ချက်တစ်ခုကို ဆွဟီးအလ်ဗုခါရီ ကျမ်းနှင့် ဂျာမိသိရ်မိဇီကျမ်းများတွင် တင်ပြထားသည့် ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်ﷺ မိန့်ခဲ့သည်မှာ အကယ်၍ ကျွန်ုပ်သည် ယူစုဖ်ﷺသခင် ထောင်ကျသက့ဲသို့ အချိန်ကြာညောင်းစွာ ထောင်သွင်း အကျဉ်းချခံထားခဲ့လျှင် ယင်းသို့လွတ်မြောက်စေရန်အတွက် ဆင့်ခေါ်ခြင်းခံရပါက ကျွန်ုပ်သည် ယင်းကို ချက်ချင်းလက်ငင်း လက်ခံလိုက်လိမ့်မည် ဖြစ်သည်" ဟူ၍ဖြစ်သည်။

ထို့နောက် အီမာန်အလ်သဗရီ၏ တင်ပြချက်တစ်ခုမှ "သည်းခံခြင်းနှင့် ဗိုက်ယိဒိနာယူစုဖ်ﷺ၏ မြင့်မြတ်သော စာရိတ္တကောင်းများသည် အလွန်အံ့သြဖွယ်ကောင်းလှပေသည်။ ထောင်သွင်းအကျဉ်းချထားစဉ်ပင် ဘုရင်၏ အိပ်မက်အဓိပ္ပာယ်ဖွင့်ဆိုခိုင်းရာတွင် အကယ်၍ ကျွန်ုပ်သည် တမန်တော်ယူစုဖ်ﷺနေရာမှာ ရှိမည်ဆိုလျှင် အိပ်မက်အဓိပ္ပာယ်မဖွင့်ဆိုမီ ယင်းအိပ်မက် အဓိပ္ပာယ်ဖွင့်ပေးရန် ကျွန်ုပ်ကို အကျဉ်းထောင်မှ လွှတ်ပေးရမည်ဟု တောင်းဆိုမိလိမ့်မည်။ တစ်ဖန် ဘုရင့်စေတမန်က သူလွတ်မြောက်သွားပြီဟူသော သတင်းစကားယူဆောင်လာသောအခါတွင် ၎င်းနေရာ၌ ကျွန်ုပ်ရှိနေခဲ့လျှင် ကျွန်ုပ်သည် ချက်ချင်းထောင်ဗူးဝဆီသို့ လျှောက်သွားပါလိမ့်မည်"ဟူသော စကားလုံးတို့ဖြင့် တင်ပြထားသည်"(ကုရ်သုဗီ)

ဤဟာဒီးဆ်၏ ရည်ရွယ်ချက်မှာ သည်းခံခြင်းနှင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ အခြားသော မြင့်မြတ်သည့် စရိုက်များကို ချီးကျူးထောမနာရန်ဖြစ်သည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ တုံ့ပြန်ချက်နှင့် တမန်တော်မြတ်ﷺ၏ တုံ့ပြန်ချက်ကို နှိုင်းယှဉ်ပြခြင်းသည် အကယ်၍သာ တမန်တော်မြတ်ﷺသည် တမန်တော် ယူစုဖ်ﷺ၏ နေရာတွင် ရှိနေပါက သူ၏လွတ်မြောက်မှုအတွက် နှောင့်နှေးမည်မဟုတ်ကြောင်း ပြောပြပုံပေါ်ပါသည်။

အကယ်၍ ယင်းကို တမန်တော်မြတ်ﷺသည် တမန်တော်ယူစုဖ်ﷺ၏ လုပ်ရပ်မှာ ပိုကောင်းသည်ဟု ပြောကြောင်း မှတ်ယူခဲ့လျှင် တမန်တော်မြတ်ﷺ၏လုပ်ရပ်သည် ထိုကောင်းမွန်သောလုပ်ရပ်နှင့် နှိုင်းယှဉ်မရဘဲ ဖြစ်သွားလိမ့်မည်။ ယင်းနှစ်ခုယှဉ်လျှင် ကျေနပ်မှုနည်းသည့် လုပ်ရပ်ဖြစ်လိမ့်မည်။ သို့မှတ်ယူလျှင် တမန်တော်များ၏ ရှေ့ဆောင်ဖြစ်တော်မူသော တမန်တော်တစ်ပါး၏ အဆင့်အတန်းနှင့် မလျော်ကန်ဖြစ်သွားပေမည်။ ယင်းကို ဖြေကြားရန်မှာ တမန်တော်မြတ်ﷺသည် တမန်တော်အပေါင်း၏ ရှေ့ဆောင်ဖြစ်သည်ဆိုခြင်းမှာ သံသယဖြစ်ဖွယ် မရှိချေ။ သို့သော်လည်း အခြားတမန်တော်တစ်ပါး၏ အခြားကိစ္စရပ် တစ်စိတ်တစ်ပိုင်းလုပ်ရပ်ကို ဦးစားပေးခြင်းကြောင့် ချီးကျူးမှုသည် အထက်ဖော်ပြခဲ့သည့် ဦးဆောင်ဦးရွက်ပြုမှုနှင့် ဆန့်ကျင်ဘက်မဖြစ်ချေ။

ဤအပြင် သဖီစီရ်ကုရ်သုဒီကျမ်းအရဖြစ်နိုင်သည်မှာ စိုက်ယိဒိနာယူစုဖ်ﷺအသုံးပြုခဲ့သော လုပ်ထုံးလုပ်နည်းသည် ၎င်း၏သည်းခံမှုနှင့် စာရိတ္တမြင့်မြတ်မှုစရိုက်များ၏ ပေါ်လွင်ထင်ရှားသော သက်သေပြချက်ဖြစ်ကာ ယင်းအား ဤနေရာတွင် အလွန်ချီးကျူးထိုက်ပေသည်။ သို့သော်လည်း ကိုယ်တော်မြတ်ﷺကိုယ်တော်တိုင် ကိစ္စရပ်များအတွက် လုပ်လေ့ရှိသည့် လက်တွေ့ဆန်သောနည်းလမ်းမှာ ကိုယ်တော်မြတ်၏အမွမ်သထုကို သင်ကြားပေးရန်နှင့် ၎င်းတို့ကောင်းကျိုးရစေမည့် အကောင်းဆုံးနည်းလမ်းကို များပြားလှစွာသော အွမွမ်သထုလိုက်နာကျင့်သုံးရန် ညွှန်ပြမှုအတွက် အလွန်ကောင်းမွန်၍ လျော်ကန်သင့်မြတ်ပေသည်။ လက်ရှိအခြေအနေရှိအကြောင်းမှာ ဘုရင်များ၏ စိတ်နေသဘောထားမှာ ပြောင်းလဲတတ်သည်။ သူတို့ကို ယုံစားခြင်းသည် အသိဉာဏ် ကြွယ်သောလုပ်ရပ်မဟုတ်ချေ။ ဤကဲ့သို့သော အခြေအနေမျိုးတွင် စည်းကမ်းသတ်မှတ်ခြင်း (သို့မဟုတ်) လုပ်ငန်းစဉ် နှောင့်နှေးစေခြင်းတို့သည် သာမန်လူအတွက် မလျော်ကန် မသင့်မြတ်ချေ။ ဖြစ်နိုင်ချေရှိသည်မှာ ဘုရင်သည် ၎င်း၏အယူ အတွေးအမြင် ပြောင်းလဲ၍ ထောင်ထဲတွင် သေတမန်သက်တစ်ဆုံးနေစေနိုင်သည်။ ယင်းသို့လည်း လက်တွေ့ဖြစ်လေ့ရှိကြသည်မှာ ကြာမြင့်လှပေသည်။ စိုက်ယိဒိနာယူစုဖ်ﷺမှာမူ အလွှာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်။ ယင်းကြောင့် စိုက်ယိဒိနာယူစုဖ်ﷺ၏ နှောင့်နှေးမှုသည် ၎င်းကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း အလွှာဟ်အရှင်မြတ်က ၎င်းအား နားလည်သဘောပေါက်စေပြီး ဖြစ်ခဲ့သည်။ သို့သော်လည်း အခြားသူများ အတွက်မူ အလွှာဟ်အရှင်မြတ်နှင့် ထိုကဲ့သို့ နီးကပ်မှုအဆင့်အတန်းမျိုး မရရှိခဲ့ကြပါ။ တမန်တော်မြတ်ﷺသည် ကမ္ဘာအားလုံးအတွက် အကြင်နာသနားတော်မူ ဖြစ်တော်မူသည်။ ကိုယ်တော်မြတ်ﷺ၏ စိတ်သဘောထားနှင့်အကြိုက်သည် အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုလုံးနှင့် ကြီးမားသော ဆက်နွယ်မှုတစ်ရပ် ရှိသည်။ ကိုယ်တော်မြတ်ﷺသည် ကြီးမားသော အွမွမ်သထုအတွက် ကောင်းမွန်မှုနှင့် လွယ်ကူမှုရှိစေရန် အမြဲတမ်း နှစ်ခြိုက်လိုလားခဲ့သည်။ တမန်တော်မြတ်ﷺအတွက် ဤသည်မှာ ပို၍ အရေးကြီးပေသည်။ ထို့ကြောင့် ကိုယ်တော်မြတ်က အကယ်၍ ၎င်းတွင် အခွင့်အရေးရလျှင် နှောင့်နှေးလိမ့်မည်မဟုတ်ဟု ပြောခဲ့သည်။ အလွှာဟ် အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံး အရှင်မြတ်ဖြစ်တော်မူသည်။

အာယသ် (၅၁-၅၂)

قَالَ مَا خَطْبُكُنَّ إِذْ رَاوَدْتُّنَّ يُوسُفَ عَن نَّفْسِهِ ۚ قُلْنَ حَاشَ لِلَّهِ مَا عَلِمْنَا
عَلَيْهِ مِن سُوءٍ ۚ قَالَتِ امْرَأَتُ الْعَزِيزِ الْآنَ حَصْحَصَ الْحَقُّ أَنَا رَاوَدْتُّهُ عَن
نَّفْسِهِ وَإِنَّهُ لَمِنَ الصَّادِقِينَ ﴿٥١﴾ ذَٰلِكَ لِيَعْلَمَ أَنِّي لَمْ أَخُنْهُ بِالْغَيْبِ وَأَنَّ
اللَّهَ لَا يَهْدِي كَيْدَ الْخَائِنِينَ ﴿٥٢﴾

(ထိုအခါ) ဘုရင်မင်းမြတ်က (ထိုမိန်းမတို့အား) အသင်တို့သည် ယူစုဖ်အား ၎င်းကိုယ်တိုင်နှင့်ဆန့်ကျင်ကာ ချော့မော့၍ မြူဆွယ်ခဲ့ကြစဉ်အခါ၌ အသင်တို့၏ အဖြစ်မှန်သည် မည်သို့ရှိခဲ့သနည်းဟု မေးမြန်းလေ၏။ (ထိုအခါ) ယင်းမိန်းမတို့က အလ္လာဟ်အရှင်မြတ်သည် အပြစ်ကင်းစေတော်မူ၍ အံ့ချီးမဆုံး ပြုနိုင်စွမ်းတော်မူပါဘိတကား။ ကျွန်ုပ်တို့သည် ထိုယူစုဖ်၏အပေါ်၌ မည်သည့်တစ်စုံတစ်ရာ မကောင်းမှု(ရှိသည်ကို) မသိရှိခဲ့ကြပါဟု လျှောက်ထားခဲ့ကြကုန်၏။ (ထိုရောကာလ) အဇီဇ်၏ကြင်ရာသည် (ဤသို့)လျှောက်ထားခဲ့လေ၏။ ယခုသော်ကား (အဖြစ်အပျက်)အမှန်သည် ထင်ရှားသွားလေပြီ။ ကျွန်ုပ်သည်သာလျှင် ယင်းယူစုဖ်အား ၎င်းကိုယ်တိုင်နှင့် ဆန့်ကျင်၍ ဖြစ်သည်။ ချော့မော့ မြူဆွယ်ခဲ့ပါသည်။ ၎င်းပြင် ဧကန်မလွဲ ထိုယူစုဖ်မှာမူကား သစ္စာဝါဒီတစ်ဦးမှ ဖြစ်ပါသတည်း။[၅၁] ဤ(သို့ အပြစ်ကင်းကြောင်းကို ထင်ရှားစေခြင်းသည်)ကား ထိုအဇီဇ်သည် ၎င်း၏နောက်ကွယ်ရာတွင် ၎င်းအား ကျွန်ုပ် အမှန်ပင် သစ္စာမဖောက်ခဲ့ကြောင်း ၎င်းပြင် ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် သစ္စာဖောက်သောသူတို့၏ အကြံအစည်ကို (အထမြောက် အောင်မြင်စေရန်အလို့ငှာ) နည်းလမ်းပေးတော်မူသည် မဟုတ်ကြောင်း (ပိုမို ကောင်းမွန်စွာ) သိနားလည်ရန် ဖြစ်ပေသတည်း။[၅၂]

အကျယ်ဖွင့်ဆိုခြင်း

ဘုရင့်စေတမန်က စိုက်ယိဒိနာယူစုဖ်ﷺကို ထောင်မှ လွှတ်မိန့်ပေးအပ်ခဲ့သောအခါ၌ ဘုရင်ကြီးနှင့် တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့သောအခါတွင် စိုက်ယိဒိနာယူစုဖ်ﷺက သူ့အမှုနှင့်ပတ်သက်၍ သူတို့လက်များကို ဓားဖြင့် လှီးဖြတ်မိသော အမျိုးသမီးများကို ဘုရင်ကြီးက ဦးစွာ ပထမစစ်ဆေးပေးပါရန် စေတမန်ကို ပြောကြားခဲ့သည်။ သူ၏ချဉ်းကပ်မှုမှာ အသိဉာဏ် ကြွယ်သော တွေးတောဆင်ခြင်မှုများပေါ် အခြေခံသည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များကို ပြီးပြည့်စုံသည့် ယုံကြည်ချက်တစ်ခု အပ်နှင်းထားတော်မူသည်။ အရှင်မြတ်သည် ၎င်းတို့ ရင်ဆိုင်ရသော ကိစ္စရပ်များနှင့် အခြေအနေများအတွက် လိုက်လျောညီထွေသည့် အသိဉာဏ်ပညာနှင့် ထိုးထွင်းဉာဏ်ကို ပေးသနားတော်မူထားခဲ့သည်။ ဘုရင့်စာချုပ်တော်ပါ အကြောင်းအရာများအရ အီဂျစ်ပြည်ရှင်သည် စိုက်ယိဒိနာယူစုဖ် ﷺ အကျဉ်းထောင်မှ လွတ်သောအခါ ရာထူးအချို့ပေးအပ်လိမ့်မည်ဟု ကောက်ချက်ချခဲ့သည်။ ထိုအချိန်တွင် ၎င်းကို အမှားပြုလုပ်မှု စွဲချက်တင်ကာ ထောင်ချထားမှုနှင့် ပတ်သက်သော အစစ်အမှန်ကို သက်ဆိုင်သော လူတိုင်း အတွက် ရှင်းလင်းပြီးဖြစ်ကာ အပြစ်ကင်းစင်ကြောင်း သံသယမရှိစေရန်အလို့ငှာ အသိဉာဏ်က တောင်းဆိုနေပါသည်။

အကယ်၍ ယင်းသို့ မလုပ်ဆောင်ခဲ့လျှင် ဘုရင်က သူ့ကို ရာထူးအပ်နှင်းလျှင် လူအများက ၎င်းအကြောင်းပြောခြင်းမှ ခေတ္တရပ်ဆိုင်းသွားပါလိမ့်မည်။ သို့သော်လည်း ထိုသူများနှလုံးသားတွင် ဒွိဟသံသယများကိန်းအောင်း၍ ၎င်းကို ဆရာသမား၀ဏ်သိက္ခာကို ချိုးဖောက်သူအဖြစ် မှတ်ထင်ထားပေလိမ့်မည်။ ထိုသို့သော အခြေအနေများ နန်းတွင်းတွင် ပေါ်ပေါက်ကာ ဘုရင်တွင် ထိုကဲ့သို့သော ရေပန်းစားသည့် အတွေးအခေါ် လွှမ်းမိုးနိုင်သည်ဟူသော ဖြစ်နိုင်ချေရှိသည်။ ထို့ကြောင့် ဤကိစ္စရပ်ကို ၎င်းအကျဉ်းထောင်မှ မလွတ်မြောက်မီ ရှင်းလင်းပြီးပြတ်သွားစေရန်လိုအပ်သည်ဟု ယူဆခဲ့သည်။ အထက်ဖော်ပြပါ အာယသ်နှစ်ခုအနက် ဒုတိယအာယသ် (၅၂)ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ ကိုယ်တိုင်က သူ၏လွတ်မြောက်မှု နောင့်နှေးရခြင်း၏အကြောင်းထဲတွင် သူလုပ်ဆောင်ခဲ့သည် ဟုဆိုလိုရာရောက်သော ဤနှစ်ချက်ကို ထောက်ပြခဲ့သည်။

ပထမထင်မြင်ယူဆချက်မှာ ذٰلِكَ لِيَعْلَمَ اَنِّيْ لَمْ اَخُنْهُ بِالْغَيْبِ ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်၏ လွတ်မြောက်မှုကို ကျွန်ုပ်နောင့်နှေးစေသည်မှာ အဇီးဇ်သည် သူမရှိစဉ်တွင် သူ့အား ကျွန်ုပ်သစ္စာမဖောက်ဆိုကြောင်း သူသေချာစွာ သိရှိစေရန်ဖြစ်သည်။

သူက သူအပြစ်ကင်းစင်ကြောင်း အဇီးဇ်က လုံးဝစိတ်ချယုံကြည်စေရန် သောကရောက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဇီးဇ်၏နှလုံးသားထဲ၌ ဒွိဟသံသယများ ကိန်းအောင်းနေခြင်းသည် အလွန်ဆိုးဝါးသော ကိစ္စရပ်ဖြစ်ကာ၊ သူ့အားဘုရင်က ရာထူးပေးပြီးသည့်နောက်တွင် အဇီးဇ်၌ ပြောဆိုနိုင်စွမ်းမရှိဖြစ်ကာ ဒုက္ခခံစားရလိမ့်မည်ဟု သူကတွေးတောခဲ့ပါသည်။ သို့ဆိုပါလျှင် အဇီးဇ်သည် သူရာထူး ခန့်အပ်ခြင်းခံရသည်ကို မနှစ်မြို့ဖြစ်ကာ သူနှုတ်ပိတ်နေရခြင်းအတွက် ပိုမိုနာကျင်ပါလိမ့်မည်။ သူနှင့်အတူတကွ နေထိုင်စဉ်က သူသည် စိုက်ယိဒိနာယူစုဖ် ﷺ၏ အရှင်သခင်ဖြစ်ခဲ့သောကြောင့်၊ သူနာကျင်မှုခံစားရခြင်းကို စိုက်ယိဒိနာယူစုဖ်ﷺက မခံစားနိုင်ပါ။ စိုက်ယိဒိနာယူစုဖ်ﷺသည် မွေးရာပါသိမ်မွေ့နူးညံ့သူဖြစ်ပါသည်။ ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺတွင် အပြစ်မရှိကြောင်း အဇီးဇ်က ယုံကြည်သွားသည်နှင့် တစ်ပြိုင်နက် လူအများသည် သူတို့အချင်းချင်း ပြောဆိုမှု ရပ်တန့်သွားလိမ့်မည်ဆိုသည်မှာ ထင်ရှားပါသည်။

ထို့နောက် စိုက်ယိဒိနာ ယူစုဖ်ﷺဖော်ပြသော ဒုတိယ စဉ်းစားဆင်ခြင်ရန်တစ်ရပ်မှာ وَاَنَّ اللّٰهَ لَا يَهْدِيْ كَيْدَ الْخَآئِنِيْنَ ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ သူက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့ပါသည်။ သို့မှသာ အလွှာဟ်အရှင်မြတ်သည် သစ္စာဖောက်သူတို့၏ မာယာပရိယာယ်ကို မအောင်မြင်တော်မူစေကြောင်း လူအများ သိစေနိုင်ပါသည်။

ဤအဆိုအမိန့်က စုံစမ်းစစ်ဆေးမှုတစ်ခုသည် သစ္စာဖောက်သူတို့၏ သစ္စာဖောက်မှုကို ဖော်ထုတ်ပြီး ဖြစ်စေသည်ဟု ဆိုလိုပါသည်။ သို့မှသာ လူတို့အား သစ္စာဖောက်သူများသည် အဆုံး၌ ၀ဏ်သရေယုတ်စေသည်ဟူ၍ သတိပေးပြီးဖြစ်ကာ အနာဂတ်တွင် လူအများအား ထိုကဲ့သို့သောလုပ်ရပ်မှ ရှောင်ကြဉ်ရန် သင်ခန်းစာပေးပြီးဖြစ်ပါလိမ့်မည်။ ဤနေရာ၌ ဖြစ်နိုင်ချေရှိသော အခြားသော အဓိပ္ပာယ်တစ်ခုလည်း ရှိပါသေးသည်။ ဆိုလိုသည်မှာ အကယ်၍သာ စိုက်ယိဒိနာယူစုဖ်သည် ဒွိဟများရှိနေလျက်ပင် ဘုရင်မင်းမြတ်၏ရာထူးခန့်အပ်ခြင်းခံခဲ့ရပါလျှင် လူအများတွင် သစ္စာဖောက်လျက်နှင့် ရာထူးခန့်အပ်ခံရခြင်းသည် ဖြစ်နိုင်ချေရှိသည်ဟု မှတ်ယူကြပါလိမ့်မည်။ ဤသည်က ကျေးဇူးသစ္စာစောင့်ထိန်းခြင်းနှင့်ပတ်သက်သော သူတို့၏ယုံကြည်မှု ပျက်ပြားသွားစေကာ သစ္စာဖောက်ခြင်း၊ မနှစ်မြို့မှုကိုလည်း သူတို့၏နှလုံးသားမှ ဖယ်ထုတ်ပြီးဖြစ်သွားပါလိမ့်မည်။ ဤတွေးတောဆင်ခြင်ဖွယ်ရာ အချက်နှစ်ရပ်ကြောင့် သူထောင်မှ လွတ်မြောက်သည့်သတင်းစကား ရရှိပြီးသည့်နောက် ထောင်မှချက်ချင်းထွက်ခွာရမှုကို ဦးစားမပေးခဲ့ပါ။ တကယ်တမ်းဆိုရသော် ဦးစွာပထမ သူ၏အမှုစုံစမ်းစစ်ဆေးရန် တောင်းဆိုသည့် နည်းလမ်းသည် ထီးဟန်၊ နန်းဟန်

တစ်ရပ်ပါဝင်သည်။

ဤသည်နှင့်ပတ်သက်သော အကျဉ်းချုပ်ကို အာယသ် ၅၁ထဲ၌ قَالَ مَا خَطْبُكُنَّ اِذْ رَاوَدْتُّنَّ يُوْسُفَ عَنْ نَّفْسِهٖ ဟူ၍ဖော်ပြထားသည်။ ဆိုလိုသည်မှာ ဘုရင်ကြီးသည် မိမိတို့၏လက်များကို ဓားများဖြင့် လှီးဖြတ်မိသော အမျိုးသမီးတို့ ဘုရင်ရှေ့တော်သို့ ဝင်ရောက်စေကာ "အို-အမျိုးသမီးတို့၊ အသင်တို့ စိုက်ယိဒိနာယူစုဖ်အား ဖြားယောင်းမြူဆွယ်ခြင်းသည် အဘယ်အကြောင်းနည်း"ဟူ၍ မေးမြန်းခဲ့လေသည်။ ဘုရင်ကြီး၏ ဤမေးခွန်းက ကျွန်ုပ်တို့အား ပြောပြသည်မှာ၊ ဘုရင်ကြီးအနေဖြင့် စိုက်ယိဒိနာယူစုဖ်ﷺ အပြစ်မရှိကြောင်း သေချာပါသည်ဟူ၍ ဖြစ်သည်။ ဘုရင်ကြီးက ထိုအမျိုးသမီးတို့တွင် အပြစ်ရှိသည်ဟု မှတ်ယူခဲ့သောကြောင့် "အသင်တို့ စိုက်ယိဒိနာယူစုဖ်ﷺအား ဖြားယောင်းမြူဆွယ်ခဲ့သောအခါ၌" ဟူ၍ ပြောကြားခဲ့ပါသည်။ ထို့နောက် ထိုအမျိုးသမီးတို့၏ ဖြေကြားချက်ကို -

قُلْنَ حَاشَ لِلّٰهِ مَا عَلِمْنَا عَلَيْهِ مِنْ سُوْٓءٍ ؕ قَالَتِ امْرَاَتُ الْعَزِيْزِ الْـٰٔنَ حَصْحَصَ الْحَقُّ ۫
اَنَا رَاوَدْتُّهٗ عَنْ نَّفْسِهٖ وَ اِنَّهٗ لَمِنَ الصّٰدِقِيْنَ

"(ထိုအခါ) ယင်းမိန်းမတို့က အလ္လာဟ်အရှင်မြတ်သည် အပြစ်ကင်းစင်တော်မူ၍ အံ့ချီးမဆုံး ပြုနိုင်စွမ်းတော်မူ ပါဘိတကား။ ကျွန်ုပ်တို့သည် ထိုယူစုဖ်အပေါ်၌ မည်သည့်တစ်စုံတစ်ရာ မကောင်းမှု (ရှိသည်ကို) မသိရှိကြပါ"ဟု လျှောက်ထားခဲ့ကြကုန်၏။ (ထိုစဉ် ကာလ) အဇီးဇ၏ကြင်ယာသည် (ဤသို့) လျှောက်ထားခဲ့လေသည်။ ယခုသော်ကား (အဖြစ်အပျက်)အမှန်သည် ထင်ရှားသွားလေပြီ။ ကျွန်ုပ်သည်သာလျှင် ယင်းယူစုဖ်အား ၎င်းကိုယ်တိုင်နှင့်ဆန့်ကျင်၍ ချော့မော့မြူဆွယ်ခဲ့ပါသည်။ ၎င်းပြင် ဇကန်မလွဲ ထိုယူစုဖ်မှာ မူကား သစ္စာဝါဒီတစ်ဦး မုချဖြစ်ပါသတည်း"ဟု ဖော်ပြထားသည်။

စိုက်ယိဒိနာယူစုဖ်ﷺသည် စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ဘုရင်ခံအဇီးဇ၏ ဇနီးသည်အမည်ကို မဖော်ပြခဲ့ပါ။ သို့သော်လည်း၊ ကိစ္စရပ်များဖြစ်သွားသည်ကတော့ အလ္လာဟ်ဂျလာရှာနဟူးသည် တစ်စုံတစ်ဦးအား ဂုဏ်ပေးရန် ဆုံးဖြတ်ခဲ့သောအခါ၌ လူအများသည် မည်သည့်ခွင့်ပြုချက်၊ မည်သည့်အဟန့်အတားမပါဘဲ မိမိအလိုအလျောက် အမှန်တရားကို ပြောဆိုကြပါတော့သည်။ ဤကိစ္စသည်လည်း ထိုကဲ့သို့ဖြစ်သွားပါသည်။ ဘုရင်ခံ၏ဇနီးသည် သတ္တိများပေါ်ပေါက်ခဲ့ပါသည်။ သူမကိုယ်တိုင် အမှန်တရားကို ထုတ်ဖော်ကြေညာခဲ့ပါသည်။

ဤသည်အထိ အသင်ကြားသိခဲ့ရသော စိုက်ယိဒိနာယူစုဖ်ﷺနှင့် ပတ်သက်သည်များထဲ၌ ကျွန်ုပ်တို့၏ လူနေမှုဘဝများအတွက် ကောင်းမြတ်သော လမ်းညွှန်မှုများနှင့်အတူ များစွာသော ပြဿနာများအတွက် အဖြေများ ပါဝင်ပါသည်။ ထိုကဲ့သို့သော ဥပဒေသရှစ်ခုကို အာယသ် ၃၆-၄၂ အထိ အကျယ်ဖွင့်ဆိုချက်များတွင် ပါဝင်ခဲ့ပါသည်။ ထပ်ဆောင်း၍ ဥပဒေသဆြောက်ခုသည် လက်ရှိဆွေးနွေးနေသော အာယသ်များမှ ပေါ်ထွက်လာကာ ၎င်းတို့ကို အောက်တွင် ဖော်ပြထားသည်။

ဥပဒေများ

၉။ အလ္လာဟ်တအာလာကိုယ်တော်တိုင် အခွင့်အရေးပေးခံကျေးကျွန်တို့၏ ကိစ္စရပ်များအတွက် စီမံတော်မူပါသည်။ မမြင်ကွယ်ရာမှလာသော အစီအမံများပေါ်ထွက်စေပြီး ထိုသူများ၏ရည်မှန်းချက်များ ရရှိစေရန် ကူညီတော်မူပါသည်။ အဘယ့်ကြောင့်ဆိုသော် အရှင်သည်၊ အရှင်၏အဖန်ဆင်းခံတစ်ဦးဦးက၊ သူများအပေါ်၌ ကျေးဇူးတင်ရှိသွားခြင်းကို မနှစ်မြို့ပါ။ ဤသည်ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺက လွတ်မြောက်တော့မည့် အကျဉ်းသားတစ်ဦးအား ဘုရင်

မင်းမြတ်ထံ၌ သူအကြောင်းတင်ပြရန် မှာကြားခဲ့သောအခါတွင် လူထိုသူအား မေ့လျော့သွားစေခဲ့ပါသည်။ နောက်ပိုင်းတွင် ယင်း၏အစား၊ မမြင်ကွယ်ရာမှ လုပ်ဆောင်မှုများတစ်ဆင့် အထူးအစီအမံများ ပြုလုပ်ခဲ့ပါသည်။ ယင်းအစီအမံများသည် တစ်ချိန်တည်းမှာပင် ရည်မှန်းချက်နှစ်ရပ် ပြည့်ဝစေတော်မူပါသည်။ အစပြုရမည်ဆိုလျှင် စိုက်ယိဒိနာယူစုဖ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကျေးဇူးမတင်ခဲ့ရပါ။ ၎င်းနောက်သူ၏လွတ်မြောက်မှုကို ဂုဏ်သိက္ခာ အပြည့်အဝဖြင့် ရရှိကာ အဓိကရည်ရွယ်ချက်ပြည့်မြောက်သွားပါသည်။

ဤမမြင်ကွယ်ရာမှ အစီအမံ သက်ဝင်လှုပ်ရှားစေရန် အီဂျစ်ပြည့်ရှင်အား စိတ်ကသိကအောက် ဖြစ်စေသော အိပ်မက် မက်စေခဲ့ပါသည်။ ၎င်းနောက် ထိုအိပ်မက်အား အဓိပ္ပာယ်ဖွင့်ဆိုရန် သူ၏နန်းတွင်းရှိ ကျွမ်းကျင်သူများအား အဓိပ္ပာယ်ဖွင့်ဆိုနိုင်စွမ်း မရှိစေခဲ့ပါ။ ထို့ကြောင့် လိုအပ်ချက်အရ စိုက်ယိဒိနာယူစုဖ်ထံမှ အကူညီတောင်းခံရပါတော့သည်။ (အိဗနိကဆီးရ်)

၁၀။ တမန်တော်တစ်ပါး၏လုပ်ရပ်ဆိုသည်မှာ မြင့်မားသောကိုယ်ကျင့်တရားများ၏ ကြေးမုံသဖွယ်ဖြစ်ပါသည်။ လွတ်မြောက်သွားသော အကျဉ်းသား၏အပြုအမူကို စဉ်းစားကြည့်ပါ။ စိုက်ယိဒိနာယူစုဖ် ဘုရင်မင်းမြတ်ထံတော်၌၊ သူ၏နာမည်ကိုဖော်ပြရန်သာ အကျဉ်းသားအား ပြောကြားလိုက်ပါသည်။ သူသည် စိုက်ယိဒိနာယူစုဖ်အတွက် ဤမျှလောက်ကိုပင် လုပ်ဆောင်မပေးနိုင်ပါ။ သူ၏မေ့လျော့မှုကြောင့် စိုက်ယိဒိနာယူစုဖ်သည် ထောင်ထဲ၌ ခုနစ်နှစ် ပိုကြာသွားခဲ့ပါသည်။ ယခုအခါတွင် ထိုအကျဉ်းသားသည် ထိုဘုရင်ကြီး၏အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ဆိုရန်ဟူသော အလုပ်ဖြင့်သူထံသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ထိုဘုရင်ကြီးသည် ယူစုဖ်က သူ၏နာမည်ကို ပြောပြရန် မှာကြားခြင်းခံရသော ဘုရင်ကြီးဖြစ်ကာ ထိုသည်ကို အမှာခံရသောအကျဉ်းသားက မလုပ်ဆောင်ခဲ့ပါ။ ဤကဲ့သို့သော အခြေအနေမျိုး၌ မပြောပလောက်သော ကိစ္စကလေးတစ်ရပ်ကိုပင် မလုပ်နိုင်ကောင်းလားဟူ၍ သူအား ပြစ်တင်မောင်းမဲရုံသာမက ဒေါသထွက်မည်ဆိုလျှင်လည်း သဘာဝကျပါသည်။ သို့ရာတွင် စိုက်ယိဒိနာယူစုဖ်သည် တမန်တော်တစ်ပါး၏ ကိုယ်ကျင့်တရားနှင့်အညီ လုပ်ဆောင်ခဲ့ကာ ပြစ်တင်မောင်းမဲရန် မဆိုထားဘိ ထိုကိစ္စကိုပင် မဖော်ပြခဲ့ပါ။ (အိဗနိကဆီးရ်နှင့်ကုရ်တ္ဗဲဗီ)

၁၁။ အန်ဗီယာနှင့် အိုလမာတို့တွင် တာဝန်နှစ်ရပ် ရှိသည်။ လူအများသည် ၎င်းတို့၏အာခီရသ်နှင့်ပတ်သက်သော သဘောထားကို ထိုသူများက သောကရောက်သင့်သည်မှာ သဘာဝပင်ဖြစ်သည်။ ဤအရေးကြီးသော ကိစ္စအတွက် အာခီရသ်တွင် ထိုသူများ ပြစ်ဒဏ်ခတ်ခံရစေနိုင်သည့်လုပ်ရပ်များမှ အကာအကွယ် ပေးသည့်အနေဖြင့် ကောင်းမြတ်သော အကြံဉာဏ်များပေးကာ ကူညီသင့်သည်။ ထိုအိုလမာနှင့်အန်ဗီယာတို့သည် မုစ်လင်မ်များ ဒုက္ခမခံစားရစေရန် မုစ်လင်မ်များ၏စီးပွားရေးဆိုင်ရာ အခြေအနေပေါ် အမြဲမပြတ်စောင့်ကြည့်နေရပါမည်။ စိုက်ယိဒိနာယူစုဖ်က လည်းယင်းသို့ပင် လုပ်ဆောင်ခဲ့သည်။ ဤကိစ္စရပ်တွင် အိပ်မက်တိတ္တံ(အိပ်မက်အဓိပ္ပာယ်) ပြန်ပေးခြင်း သက်သက် ကို လုံလောက်သည်ဟု မမှတ်ယူခဲ့ချေ။ တမန်တော်ယူစုဖ်သည် အသိဉာဏ်ကြွယ်၍ ကောင်းကျိုးလိုလားသည့် အကြံကိုလည်းပေးခဲ့သည်။ တမန်တော်ယူစုဖ်က အကြံပြခဲ့သည်မှာ သူတို့သည် ကောက်ပဲသီးနှံအားလုံးကို ကောက်လိုင်းအဖြစ်သာထား၍ လိုအပ်သောအချိန်၌ လိုအပ်သလောက်သာ ထုတ်ယူသင့်သည် ဟူ၍ဖြစ်သည်။ သို့မှသာ သိမ်းဆည်းထားသည့် ကောက်ပဲသီးနှံများသည် နောက်ပိုင်းနှစ်များတွင် မပျက်မစီး ရှိနေလိမ့်မည်။

၁၂။ မုစ်လင်မ်များကို လမ်းညွှန်သော အာလင်မ်တစ်ပါးသည် လူအများ၏ သံသယဖြစ်မှုမှ ဂရုစိုက်ရပေမည်။ ထိုသံသယများသည် လုံးဝအခြေအမြစ်မရှိသည့်တိုင် ဂရုစိုက်ရပေမည်။ ဤကိစ္စရပ်မှ ကင်းရှင်းစေရန် ကြိုးပမ်းသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် မသိနားမလည်မှု(သို့မဟုတ်) နားလည်မှုမှားယွင်းသောကြောင့် ပေါ်ပေါက်လာသော

သံသယတို့သည် ၎င်းတို့လုပ်ဆောင်နေသော ဒါအံဝသ်လုပ်ငန်းနှင့်သင်ကြားပို့ချခြင်းများကို အနှောင့်အယှက်ဖြစ်စေကာ ပြောဆိုသမျှ အကျိုးအာနိသင်သည်လည်း မလေးနက်တော့ချေ။ (ကုရ်သုဗီ) တမန်တော်မြတ်ﷺ မိန့်တော်မူသည်မှာ ပြစ်တင်ခံရမည့်နေရာများနှင့် ကိစ္စရပ်များမှ ကင်းဝေးအောင်နေပါလေ" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အခြားတစ်ဦးကိုပြစ်တင်ရန် အခွင့်အရေးရသည်နှင့်တစ်ပြိုင်နက် အပြစ်တင်ခံရနိုင်သော နေရာများနှင့် ကိစ္စရပ်များမှ ရှောင်ကြဉ်သင့်သည်ဟူ၍ဖြစ်သည့် ဤနည်းဥပဒေသသည် မုစ်လင်မ်များနှင့် ယေဘုယျသက်ဆိုင်သည်။ လူအများကြားတွင် ပေါ်လွင်ထင်ရှားသည့် အထူးသဖြင့် အိုလမာပညာရှင်သည် ဤကိစ္စကို နှစ်ဆပို၍ သတိထားရမည်။ တမန်တော်မြတ်ﷺ၏စံနမူနာသည် ကျွန်ုပ်တို့ရှေ့မှောက်တွင်ရှိသည်။ ကိုယ်တော်မြတ်ကို ဂုနာဟ်နှင့် အပြစ်အနာအဆာများမှ အလွှာဟ်အရှင်က အကာအကွယ်ပေးထားတော်မူခဲ့သည်။ ကိုယ်တော်မြတ်သည်လည်း ဤသတိပေးမှုကို လိုက်နာရန် ဂရုပြုခဲ့သည်။ တစ်ချိန်တွင် တမန်တော်မြတ်ﷺသည် ကိုယ်တော်၏ဇနီးတော်များမှ တစ်ပါးနှင့်အတူ မဒီနာမြို့ရှိ လမ်းကြားတစ်ခုကို ဖြတ်သန်းသွားစဉ် ဆွဟာဗဟ်သာဝကအချို့နှင့် တွေ့ဆုံခဲ့သည်။ ကိုယ်တော်မြတ်ﷺသည် ဆွဟာဗဟ်သာဝကများနှင့် ခပ်လှမ်းလှမ်းအကွာအဝေးရှိနေစဉ် ကိုယ်တော်မြတ်သည် ဇနီးမည်သူမည်ဝါနှင့်အတူရှိနေကြောင်း လှမ်းပြောခဲ့သည်။ တမန်တော်မြတ်ﷺထိုသို့ပြုလုပ်ရခြင်းမှာ ကိုယ်တော်မြတ်နှင့်အတူရှိသော အမျိုးသမီးသည် သူစိမ်းတစ်ရံဆံဖြစ်သည်ဆိုကြောင်း သံသယမရှိစေရန်ဖြစ်သည်။ လက်ရှိအခြေအနေတွင်လည်း စိုက်ယိဒိနာယူစုဖ်ﷺသည် အကျဉ်းထောင်မှ လွတ်မြောက်ခွင့်အမိန့်နှင့် ဘုရင်ကိုတွေ့ဆုံရန် ဖိတ်ခေါ်ချက်ရလင့်ကစား ၎င်းမလွတ်မြောက်မီ လူအများတွင်ရှိနေသည့် သူနှင့်ပတ်သက်သောသံသယများ ဖယ်ရှားပြီးဖြစ်စေရန် ကောင်းစွာ ကြိုးစားခဲ့ပြီးဖြစ်သည်။

၁၃။ အကယ်၍ တစ်စုံတစ်ဦးသည် သူတစ်ထူးအပေါ် ကျေးဇူးရှိခဲ့လျှင် ၎င်းအား ရိုသေထိုက်ပါသည်။ ထို့နောက် အခြေအနေအရမလွှဲမရှောင်သာသောကိစ္စကြောင့် ၎င်းသူကို အရေးယူမှု့ အချို့လုပ်ရမည်ဆိုလျှင် ၎င်းသူ၏ကျေးဇူးနှင့် ရိုသေထိုက်မှုကို ထောက်ထား၍ အစွမ်းကုန်လုပ်ဆောင်ပေးရမည်မှာ လူကြီးလူကောင်းတစ်ဦး၏ တာဝန်ပင်ဖြစ်သည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏ပြစ်တင်မှုမှ ကင်းလွတ်ခွင့်ရရန် အလို့ငှာ ဤသို့ပင်ပြုလုပ်ခဲ့သည်။ သူ၏ကိစ္စရပ်ကို စုံစမ်းစစ်ဆေးမှုပြုရန်အတွက် တောင်းဆိုရာတွင် အဇီးဇ်၏ဇနီးကို မဖော်ပြခဲ့ပါ။ တမန်တော်ယူစုဖ်ﷺက သူမတို့၏လက်များကို လှီးဖြတ်ခဲ့ကြသောအမျိုးသမီးများကိုသာလျှင် ဖော်ပြခဲ့သည်။ (ကုရ်သုဗီ) အဘယ့်ကြောင့်ဆိုသော် ယင်းသို့လုပ်ဆောင်ခဲ့ပင်လျှင် ၎င်း၏ရည်ရွယ်ချက် ပေါက်မြောက်နိုင်ပေသည်။

၁၄။ ဤနေရာ၌ စာရိတ္တဆိုင်ရာ အမြင့်မားဆုံးနှင့် အမြတ်ဆုံးသောစရိုက်ကို သင်ကြားထားခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏လွတ်လပ်ခွင့်ဆုံးရှုံး၍ အကျဉ်းထောင်တွင် ခုနစ်နှစ်(သို့မဟုတ်) တစ်ဆယ့်နှစ်နှစ် အကျဉ်းချခံထားရကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ရပါသည်။ သို့သော်လည်း ၎င်းလွတ်မြောက်ခဲ့သောအခါတွင် လက်စားချေ ရန်နှင့်ဆိုလျှင် အလွန်ခြားနားနေပါသည်။ ၎င်းကြောင့် တစ်စုံတစ်ဦး ကသိကအောက်ဖြစ်စေရန် ဟူသော အတွေးပင် မရှိခဲ့ချေ။ ယင်းကိစ္စ ထည့်သွင်းစဉ်းစားထားကြောင်း لِيَعْلَمَ اَنِّيْ لَمْ اَخُنْهُ بِالْغَيْبِ "ဤကား ထိုအဇီးဇ်သည် ၎င်း၏နောက်ကွယ်ရာတွင် ၎င်းအား ကျွန်ုပ်အမှန်ပင် သစ္စာမဖောက်ခဲ့ကြောင်း" ဟူ၍ အာယသ်ထဲတွင် ဖော်ပြထားသည်။

အာယသ် (၅၃-၅၇)

وَمَآ اُبَرِّئُ نَفْسِيْ ۚ اِنَّ النَّفْسَ لَاَمَّارَةٌۢ بِالسُّوْٓءِ اِلَّا مَا رَحِمَ رَبِّيْ ۭ اِنَّ رَبِّيْ
غَفُوْرٌ رَّحِيْمٌ ﴿۵۳﴾ وَقَالَ الْمَلِكُ ائْتُوْنِيْ بِهٖٓ اَسْتَخْلِصْهُ لِنَفْسِيْ ۚ فَلَمَّا كَلَّمَهٗ
قَالَ اِنَّكَ الْيَوْمَ لَدَيْنَا مَكِيْنٌ اَمِيْنٌ ﴿۵۴﴾ قَالَ اجْعَلْنِيْ عَلٰي خَزَاۗىِٕنِ
الْاَرْضِ ۚ اِنِّيْ حَفِيْظٌ عَلِيْمٌ ﴿۵۵﴾ وَكَذٰلِكَ مَكَّنَّا لِيُوْسُفَ فِي الْاَرْضِ ۚ يَتَبَوَّاُ
مِنْهَا حَيْثُ يَشَاۗءُ ۭ نُصِيْبُ بِرَحْمَتِنَا مَنْ نَّشَاۗءُ وَلَا نُضِيْعُ اَجْرَ
الْمُحْسِنِيْنَ ﴿۵۶﴾ وَلَاَجْرُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اٰمَنُوْا وَكَانُوْا يَتَّقُوْنَ ﴿۵۷﴾

စင်စစ်သော်ကား ကျွန်ုပ်သည် မိမိကိုယ်ကို အပြစ်မှကင်းလွတ်သည်ဟု မဆိုလိုပေ။ အကြောင်း သော်ကား ဇကာမလွဲ စိတ်နှလုံးများသည် မကောင်း မှုကို အလွန် အမိန့်ပေး တိုက်တွန်းလေ့ရှိကြသောကြောင့်ပင်။ သို့ရာတွင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူ တော်မူ သော အရှင်မြတ်က သနားကရုဏာပြုတော် မူသည့် (စိတ်နှလုံးမှာမူ အပြစ်မှလွတ်ကင်း နိုင်ပေသည်။) မလွဲဇကာန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနား ကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။[၅၃]

ထိုအခါ ဘုရင်မင်းမြတ်က အသင်တို့သည် ထိုယူစုဖ်အား ငါထံသို့ ပင့်ဆောင်ခဲ့ကြ လေကုန်။ ငါသည် ၎င်းအား မိမိအဖို့ရွေးချယ်ခဲ့ဟု အမိန့်ပေးခဲ့လေသည်။ တစ်ဖန် ယင်း ယူစုဖ်သည် ထိုဘုရင်နှင့် စကားပြောဆိုလေသောအခါ ထိုဘုရင်က (ယူစုဖ်အား) အသင်သည် ယနေ့မှစ၍ ကျွန်ုပ်၏ထံတွင် မြင့်မြတ်သောဂုဏ်ဒြပ်နှင့်ပြည့်စုံသူ၊ ယုံကြည် စိတ်ချအပ်သူ ဖြစ်သည်ဟု ရိုးမြွှင့်ပြောကြား မြွောက်စားခဲ့လေသတည်း။[၅၄] (ထိုရောအခါ) ယင်းယူစုဖ်က အသင်သည် ကျွန်ုပ်အား တိုင်းပြည်၏ဘဏ္ဍာတော်များအပေါ်၌ (ကြီးကြပ်အုပ်ထိန်းသူ အဖြစ်)ခန့်အပ်ပါလေ။ ဇကာန်စင်စစ် ကျွန်ုပ်သည် ထိန်းသိမ်းနိုင်သူ၊ အသိပညာနှင့် ပြည့်စုံသူပင်ဖြစ်သည်ဟု ပြောကြားခဲ့လေ၏။[၅၅]

စင်စစ်သော်ကား ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ယူစုဖ်အား တိုင်းပြည်တွင် ထိုယူစုဖ်သည် ယင်းတိုင်းပြည်၌ မိမိနေလိုသောနေရာတွင် နေထိုင်ရန် အာဏာကို ရိုးမြွှင့်တော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၌ မိမိ ကရုဏာ တော်ကို သက်ရောက်စေတော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် ကောင်းမှုပြုလုပ်သူတို့၏ အကျိုးကို အချည်းအနှီး ဖြစ်စေတော်မူသည် မဟုတ်ပေ။[၅၆] သို့ရာတွင် အီမန်သက်ဝင် ယုံကြည်၍ (ပြစ်မှု ဒုစရိုက် များမှ) အမြဲတစေ ကြဉ်ရှောင်လျက်ရှိကြသောသူတို့အဖို့မှာ ကား နောင်တမလွန်ဘဝ၏ အကျိုးသည် အကောင်းဆုံးပင် ဖြစ်ပေသတည်း။[၅၇]

အကျယ်ဖွင့်ဆိုခြင်း

မိမိကိုယ်ကို အပြစ်ကင်းစင်သည်ဟု ပြောခြင်းသည် ထူးခြားသည့်အခြေအနေများမှအပ မလျော်ကန်ချေ။

စိုက်ယိဒိနာယူစုဖ်ﷺ၏ အဆိုအမိန့်ဖြစ်သည့် ပြည့်စုံသော စုံစမ်းစစ်ဆေးမှုတစ်ခုဖြင့် ၎င်းအပြစ် ကင်းစင်ကြောင်း မပြုလုပ်မီအလျင် သူအကျဉ်းထောင်မှ လွတ်မြောက်ခြင်းကို မနှစ်သက်ကြောင်း၊ သို့မှသာလျှင် အီဂျစ်ဘုရင်နှင့် ဘုရင်ခံတို့က ၎င်းသည် မည်သည့်သစ္စာဖောက်မှုအတွက်မျှ အပြစ်မရှိကြောင်းနှင့် စွပ်စွဲချက်မှာ လုံးဝအခြေအမြစ် မရှိကြောင်းတို့ကို ထိုသူတို့ သေချာသွားစေရန်ဖြစ်သည်ဟူ၍ ပြီးခဲ့သောအာယသ်(၅၂)ထဲတွင် ဖော်ပြထားခဲ့သည်။ ဤအဆိုအမိန့်ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏အပြစ်မှကင်းရှင်းမှုနှင့် ၎င်း၏အပြုအမူတွင် အပြစ်ကင်းစင်ကြောင်း ရည်ညွှန်းရခြင်းမှာ မလွဲမရှောင်သာ အရေးပါသည့်အချက်တစ်ချက်ပေါ်အခြေခံ၍ ပြုလုပ်ခဲ့ရခြင်း ဖြစ်သည်။ ယင်းရည်ညွှန်းချက်ကို အပြင်ပန်းကြည့်လျှင် ပုဂ္ဂိုလ်ရေးဆိုင်ရာ စာရိတ္တကောင်းမွန်မှုနှင့် အပြစ်ကင်းစင်မှု ကြေညာချက်တစ်ရပ် ဖြစ်ဟန်ရှိသည်။ ယင်းသို့သော ကြေညာခြင်းမျိုးကို အလ္လာဟ်အရှင်မြတ် လက်မခံကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏စကားလုံးများ اَلَمْ تَرَ اِلَى الَّذِيْنَ يُزَكُّوْنَ اَنْفُسَهُمْ ۭ بَلِ اللّٰهُ يُزَكِّيْ مَنْ يَّشَاۗءُ "(အို-နဗီတမန်တော်) အသင်သည် မိမိတို့ကိုယ်ကို မိမိတို့ သန့်ရှင်းစင်ကြယ်ကြောင်း ပြောဆို(ကြွား၀ါ)သောသူတို့၏ (ဖြစ်အင်)ကို မတွေ့မမြင်ပါလေသလော။ ထိုသို့အလျှင်းမဟုတ် အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်သာလျှင် မိမိအလိုရှိတော်မူသော သူအား သန့်ရှင်းစင်ကြယ်စေတော်မူလေ၏။ (၄း၄၉)" ဖြင့် သက်သေပြထားသည်။ တစ်ဖန် စူရတ်အာန်နဂျာမ်ထဲတွင် فَلَا تُزَكُّوْٓا اَنْفُسَكُمْ ۭ هُوَ اَعْلَمُ بِمَنِ اتَّقٰى "သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့ကိုယ်ကိုမိမိတို့ မြင့်မြတ်စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်။ ထိုအရှင်မြတ်သည်သာလျှင် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သောသူတို့အား အသိတော်မူဆုံး ဖြစ်တော်မူပေသတည်း(၅၃း၃၂)"

ဤသည်ကြောင့် လက်ရှိအာယသ်(၅၃)ထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺသည် ဤအမှုတွင် သူအပြစ်ကင်းစင်ကြောင်း လျှောက်ထားချက်ကို အောင်မြင်ခွင့်မပြုခဲ့ချေ။ စိုက်ယိဒိနာယူစုဖ်ﷺသခင် ပြောသကဲ့သို့ ပြောခြင်းသည် အမှန်တရားပေါ် အလေးအနက်ပြုခြင်းဖြစ်၍ ၎င်း၏ဘုရားတရားကြည်ညိုကိုင်ရှိုးခြင်း(သို့မဟုတ်) အပြစ်ကင်းစင်ခြင်းကိုကြေညာရန် ရည်ရွယ်ခြင်းမရှိသည်မှာ ထင်ရှားသည်။ ကိစ္စရပ်၏ အမှန်တရားကား လူသား၏အတ္တသည် သဘာဝအားဖြင့် လူတိုင်းကို မကောင်းသည့်ဘက်သို့ ဆွဲငင်သည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့အတ္တ၏ မကောင်းသောလှုံ့ဆော်မှုမှ ကင်းစင်စေရန်အလို့ငှာ ကောင်းချီးမင်္ဂလာပေးခံရသောသူများသာ ခြွင်း ချက်ဖြစ်သည်။ ထိုသူများကား မြင့်မြတ်သောတမန်တော်များဖြစ်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းသို့သော အပြစ်ကင်းစင်သည့် ကျေးကျွန်များကို نفس مطمئنة (အတ္တ(သို့မဟုတ်)ငြိမ်ဆိမ်သော အသက်ဇီဝိန်) (အလ်ဖဂျ်ရ် ၈၉း၂၇)ဟူ၍ ခေါ်ဆိုသည်။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺပြောကြားသည်များ၏ အနှစ်သာရမှာ "ထိုကဲ့သို့ ကြီးမားသောစမ်းသပ်မှုမျိုးတွင် ကျွန်ုပ်သည် ဂုနာဟ်ပြစ်မှုမှကင်းစင်နေခြင်းသည် ကျွန်ုပ်၏ ကိုယ်ပိုင်လုပ်ရပ်မဟုတ်ချေ။ စင်စစ် ဤသည်မှာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း၏ အသနားတော်နှင့် ကူညီမှု၏ရလဒ်ပင်ဖြစ်သည်။ အကယ်၍ ထိုအရှင်မြတ်က ကျွန်ုပ်၏ နလုံးသားထဲမှ မကောင်းသည့်ဆန္ဒများကို မဖယ်ရှားလျှင် ကျွန်ုပ်သည်လည်း အခြားလူသားများကဲ့သို့ပင် ထိုဆန္ဒများကို လက်မြှောက် အရှုံးပေးရလိမ့်မည်"ဟူ၍ဖြစ်သည်။

ဆင့်ပြန်ချက်အချို့အရ စိုက်ယိဒိနာယူစုဖ်ﷺက ဤဝါကျကို ပြောရခြင်းမှာ ၎င်း၏နှလုံးသားတွင် အတွေးတစ်မျိုး ပေါ်ခဲ့သောကြောင့်ဖြစ်သည်။ မရည်ရွယ်ဘဲ စိတ်မလုံမလဲဖြစ်သော်လည်း ၎င်း၏ထည်ဝါခန့်ညားသော တမန်တော်ဖြစ်ခြင်း အဆင့်ဖြင့် ကောင်းချီးပေးခံရသောကြောင့် ဤသို့သောချွတ်ချော်မှုကို မလိုလားချေ။ ထို့ကြောင့် သူ၏ အတွင်းအတ္တစိတ်သည် အပြစ်မှ လုံးဝကင်းစင်သည်မဟုတ်ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့သည်။

လူအတ္တ၏အဆင့်သုံးမျိုး

ဤအာယသ် ၅ ခုပါ ကြေညာချက်ဖြစ်သော လူသားတိုင်း၏ အတ္တသည် မကြာခဏဆိုသလို မကောင်းသည့် ဘက် လှုံ့ဆော်သည်ဆိုသည့် اَمَّارَةٌ بِالسُّوْٓءِ "အမွှာရသွန်ဘိစ်စူး" ပြသနာကို စဉ်းစားရန် လိုအပ်သည်။ ဤသည်မှာ တမန်တော်မြတ်ﷺက ဆွေဟာဗဟ်သာဝကကြီးတစ်ပါးကို မေးမြန်းခဲ့သည့်အကြောင်းပါရှိသော ဟဒီးဆ်တော်တစ်ပုဒ်နှင့် အတူတူဖြစ်ပေသည်။ ဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺက ဆွေဟာဗဟ်တစ်ပါးအား "အသင်၏အပေါင်းအဖော်တစ်ဦးကို အကယ်၍ သင်သည်ကောင်းမွန်စွာဆက်ဆံ၍ ကျေးမွေးကာ အဝတ်အစား ဆင်ယင်ပေးသည့်တိုင် သူသည် သင့်ကို ဒုက္ခမျိုးစုံပေးသည်။ ထို့နောက် သင်က ထိုသူတို့စော်ကားသည်၊ အဝတ်ထားသည်၊ အဝတ်အစားလည်း မဆင်ယင်ခဲ့သည့်တိုင် ထိုသူက သင့်ကိုကောင်းမွန်စွာ ဆက်ဆံခဲ့လျှင် သင်သည် ထိုသူကို မည်သို့ ထင်မြင်သနည်း" ဟုမေးမြန်းခဲ့သည်။ ဆွေဟာဗဟ်ကြီးက "ယာရစူလွလာဟ်- ဤကမ္ဘာလောက တစ်ခုလုံးတွင် သူထက်ဆိုးဝါးသော အပေါင်းအဖော် ဟူ၍ မရှိနိုင်ပါ။" ဟုပြောခဲ့သည်။ တမန်တော်မြတ်ﷺက မိန့်သည်မှာ ကျွန်ုပ်၏ အသက်ကို စိုးပိုင်တော်မူသောအရှင်၏ နာမတော်ဖြင့် ပြောပါမည်။ ထိုကဲ့သို့သော အပေါင်းအဖော်မျိုးသည် အသင့်ကိုယ်တွင်းရှိ အတ္တစိတ်ပင်ဖြစ်သည်" ဟူ၍ဖြစ်သည်။ (ကုရ်သုဗီ) အခြားဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိသည်မှာ "အသင်၏အကြီးမားဆုံးသော ရန်သူမှာ သင်၏ အတ္တစိတ် ဖြစ်ကာ သင့်ကို မကောင်းမှုလုပ်ရပ်များတွင် ပါဝင်ပတ်သက်၍ သိက္ခာကျစေရုံမျှမက အသင့်ကို ဒုက္ခ ပေါင်းစုံရောက်စေပါသည်"

မည်သို့ပင်ဆိုစေကာမူ အထက်ဖော်ပြပါ အာယသ်နှင့်ဟဒီးဆ်တော်ဆင့်ပြန်ချက်များက လူ့အတ္တစိတ်သည် အများအားဖြင့် ကျွန်ုပ်တို့ကို မကောင်းမှုပြုလုပ်စေရန် တိုက်တွန်းနေသည်ဟု ကျွန်ုပ်တို့ကို ပြောပြပါသည်။ သို့သော်လည်း စူရတ်အလ်ကီယာ မသ်ထဲတွင် ဤလူသား၏အတ္တကိုပင် ဂုဏ်ပြုကာ ရ (လော်ဝ်ဝါမာဟ်) (မိမိကိုယ်ကို) လွန်စွာပြစ်တင်ဆုံးမတတ်သောစိတ်ဟု ချစ်စနိုးအမည်ပေးထားပြီး لَآ اُقْسِمُ بِيَوْمِ الْقِيٰمَةِ ۙ وَ لَآ اُقْسِمُ بِالنَّفْسِ اللَّوَّامَةِ "ငါအရှင်မြတ်သည် ကိယာမသ်" ရှင်ပြန်ထမည့်နေ့ကို သက်သေထူကျိန်ဆိုတော်မူ၏။ ထိုမှတစ်ပါး ငါ အရှင်မြတ်သည် (မိမိကိုယ်ကို) လွန်စွာ ပြစ်တင်ဆုံးမတတ်သောစိတ်ကို သက်သေထူ ကျိန်ဆိုတော်မူ၏။ (၇၅း၁-၂)" အရ ယင်းကို အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် ကျိန်ဆိုထားခြင်းဟူသော အဆင့်ရောက်စေပါသည်။ ထို့နောက် စူရဟ် ဖဂ်ရ်ထဲတွင် ဤလူသားအတ္တစိတ်ကိုပင် (မုသွမအင်နန်-တည်ငြိမ်သော၊ သောကကင်းသော) ဟူ၍ခေါ်ကာ ဂျန္နသ်၏ကောင်းသတင်း ပေးထားသည်မှာ يٰٓاَيَّتُهَا النَّفْسُ الْمُطْمَئِنَّةُ . ارْجِعِيْٓ اِلٰى رَبِّكِ "အို(သောက ကင်း၍) ငြိမ်ဆိမ်သော အသက်ဇီဝိန်၊ အသင်သည် မိမိ၏အရှင်မြတ်အထံတော်သို့ ပြန်သွားလော့...." (၈၉း၂၇-၂၈)ဟူ၍ ဖြစ်သည်။ ထို့ကြောင့် လူသား၏အတ္တကို တစ်နေရာတွင် မကောင်းမှုကို လှုံ့ဆော်စေသည်ဟုခေါ်ဆိုထားကာ အခြားတစ်နေရာတွင် လွန်စွာ ပြစ်တင်ဆုံးမတတ်သောစိတ်ဟု ခေါ်ဆိုထားပြီးနောက် တစ်နေရာတွင်မူ သောကကင်း၍ ငြိမ်ဆိမ်သောစိတ်ဟု ခေါ်ဆိုထားသည်။

ရှင်းရမည်ဆိုလျှင် လူသား၏အတ္တစိတ်သည် သူကိုယ်၌က မကောင်းမှုလုပ်ရပ်များကို စေ့ဆော်ပါက ယင်းကို အမွှာရဟ်ဟုခေါ်သည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် ထိုအတ္တစိတ်၏ ညွှန်ကြားချက်ကို အလ္လာဟ်အရှင်မြတ်နှင့် အာခီရသ်၏ အကြောက်ကြောင့် မလိုက်နာလျှင် သူသို့ သူမ၏ အတ္တစိတ်သည် လောင်ဝ်ဝါမာဟ်ဖြစ်သွားသည်။ ဆိုလိုသည်မှာ မကောင်းမှုလုပ်ရပ်များကို မုန်းတီးခြင်း၊ ထိုလုပ်ရပ်များအတွက် ဝန်ချတောင်းပန်ခြင်း၊ ခွင့်လွှတ်မှု ရှာကြံခြင်းတို့သည် မုစ်လင်မ်အုမ္မသ်ထုများစွာတွင်ရှိသော ဖြောင့်မတ်မှန်ကန်သူများ၏အတွက်မူ မှန်ကန်ပေသည်။ ထို့နောက် တစ်စုံတစ်ဦးသည် သူ(သို့မဟုတ်)သူမ၏ အတ္တစိတ်ကိုဆန့်ကျင်ရန် အမြဲပြင်းထန်စွာ ကြိုးစားအားထုတ်ကာ မကောင်း

မှုပြုလုပ်ခြင်းများ ဘယ်သို့လှည့်ရန် ဆန္ဒလုံးဝမရှိတော့သည့်အဆင့်သို့ ရောက်ခဲ့လျှင် ယင်းအတ္တစိတ်ကို မုသွံမအင်နာ (သောကကင်း၍ငြိမ်ဆိမ်သောစိတ်)ဟုခေါ်သည်။ ဖြောင့်မတ်မှန်ကန်သူများသည် နာမ်ပိုင်းဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများဖြင့်သာ ဤအဆင့်သို့ ရောက်နိုင်သည်။ သို့တိုင် ဤအဆင့်တွင် ထာဝရရှိလျက်နေမည် ဆိုခြင်းကား မသေချာချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ တမန်တော်များမှာ ယခင်က မည်သည့်ကြိုးပမ်းခဲ့မှု မရှိလင့် ကစား ထိုသောက ကင်း၍ ငြိမ်ဆိမ်သောစိတ်ဖြင့် ကောင်းချီးမင်္ဂလာပေး ထားခံရသည်။ ထို့ပြင် ယင်းအဆင့်တွင် အမြဲတမ်းရှိနေပါမည်။ ထို့ကြောင့် လူသားအတ္တ၏ အတန်းအစားသုံးမျိုး ခွဲခြားထားခြင်းမှာ ယင်းတို့၏ အပြုအမူသုံးရပ် အရ ခွဲခြားထားခြင်း ဖြစ်သည်။

အာယသ်(၅၃)အဆုံးတွင် اِنَّ رَبِّیْ غَفُوْرٌ رَّحِیْمٌ "မလွဲဧကန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရား သနားကရုဏာပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း"ဟူ၍ မိန့်ထားသည်။ ယင်းထဲပါ غَفُوْرٌ ဂဖူးရ် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူသော "အရှင်" ဟူသော စကားလုံးထဲတွင် အညွှန်းတစ်ခု ပါဝင်သည်။ မကောင်းမှုကို စေ့ဆော်သော အတ္တစိတ်(အမ်မာရဟ်)သည် ယင်း၏လုပ်ရပ်များကို အရှက်ရကာ ဝန်ချ တောင်းပန်၍ ပြုပြင်ပြီးနောက် (မိမိကိုယ်ကို) အလွန်ပြစ်တင် ဆုံးမတတ်သောစိတ်(လောင်ဝ်ဝါမာဟ်)ဖြစ်သွားပါက မုချဧကန် ယင်းသည် အလ္လာဟ်အရှင်မြတ်၏ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ဖြစ်ကာ အလ္လာဟ်အရှင်မြတ်သည် ၎င်းကို လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူလိမ့်မည်။ رَحِیْم (ရဟီးမ်-အလွန်သနား ကရုဏာပြုတော်မူခြင်း)ဆိုသည်မှာ လူတစ်ဦးကို သောကကင်း၍ ငြိမ်ဆိမ်သော (မုသွံမာအင်နာန)ဟူသည်ဖြင့် ကောင်းချီးပေးခံရလျှင် ယင်းသည် အလ္လာဟ်အရှင်မြတ်၏ အသနား ကရုဏာမှအပ အခြားမဟုတ်ချေ။

وَ قَالَ الْمَلِكُ ائْتُوْنِیْ بِهٖ "ထိုအခါ ဘုရင်မင်းမြတ်က အသင်တို့သည် ထိုယူစုဖ်အား ငါ့ထံသို့ ပင့်ဆောင်ခဲ့ကြလေကုန်----" ဟူသော စကားလုံးများဖြင့် အစပြုထားသည့်နောက် အာယသ်(၅၄)ထဲတွင် မိန့်ထားခဲ့သည်မှာ စိုက်ယိဒိနာယူစုဖ်ﷺမေတ္တာရပ်ခံခဲ့သည့်အတိုင်း အီဂျစ်ဘုရင်သည် အဖြစ်အပျက်ကို စုံစမ်းစစ်ဆေးပြီးခဲ့သည့်နောက်၌ အဖြစ်အပျက်နှင့် ပတ်သက်သော ဇူလိုင်ခါနှင့် အခြားအမျိုးသမီးများက အမှန်အတိုင်း ဝန်ခံခဲ့ကြသည်။ ထို့နောက် ဘုရင်က သူ၏ ကိုယ်ရေးအကြံပေးသူအဖြစ် ခန့်အပ်နိုင်ရန် စိုက်ယိဒိနာယူစုဖ်ﷺကို ရှေ့တော်သွင်းစေရန် အမိန့်ပေးခဲ့သည်။ ဘုရင်၏အမိန့်အရ စိုက်ယိဒိနာယူစုဖ်ﷺကို အကျဉ်းထောင်မှ နန်းတော်တွင်းသို့ အဆောင်အယောင် အပြည့်အစုံဖြင့် ခေါ်ဆောင်ခဲ့သည်။ ဘုရင်က စိုက်ယိဒိနာယူစုဖ်ﷺသခင်နှင့် စကားစမြည်ပြောဆိုခြင်းဖြင့် ၎င်း၏ အရည်အချင်းကို သိရှိသောအခါတွင် ဘုရင်က "ယနေ့ အသင်သည် ကျွန်ုပ်တို့နှင့်အတူရှိနေကာ အပြည့်အဝယုံကြည်၍ ခိုင်မြဲစွာ အကာအကွယ်ပေးထားပြီး ဖြစ်ပေသည်"ဟုပြောခဲ့သည်။

အီမာမ်အလ်ဗဂါဝီ တင်ပြသည်မှာ ဘုရင်၏ဖိတ်ကြားချက် သယ်ယူလာသော ဘုရင့်စေတမန်သည် နောက်တစ်ကြိမ် အကျဉ်းထောင်ရောက်လာသောအခါ၌ စိုက်ယိဒိနာယူစုဖ်ﷺသည် အကျဉ်းသားအားလုံး အတွက် ဒုအာဆုမွန်တောင်းခဲ့ကာ ဂုစုလ်ပြုရေချိုး၍ အဝတ်အစားအသစ်တစ်စုံ ဝတ်ဆင်ခဲ့သည်။ စိုက်ယိဒိနာယူစုဖ် ﷺ နန်းတွင်းသို့ ရောက်သောအခါတွင် သူတောင်းခဲ့သောဒိုအာမှာ-

حَسْبِیْ رَبِّیْ مِنْ دُنْیَایَ وَحَسْبِیْ رَبِّیْ مِنْ خَلْقِهٖ عَزَّ جَارُهٗ وَجَلَّ ثَنَائُهٗ وَلَا اِلٰهَ غَیْرُهٗ

"ကျွန်တော်မျိုး၏ ကမ္ဘာအတွက်နှင့် ကျွန်တော်မျိုးအတွက် ကျွန်တော်မျိုး၏ ဖန်ဆင်းရှင်မှာ လုံ

လောက်ပါသည်။ ဖန်ဆင်းမှုတစ်ခုလုံးအတွက် အရှင်မြတ်သည် လုံလောက်တော်မူပါသည်။ ထို အရှင်မြတ်၏ ကာကွယ်ထိန်းသိမ်းမှုအောက်တွင်ရှိသူသည် ခွန်အားအကြီးဆုံးဖြစ်တော်မူပါသည်။ အရှင်မြတ်၏ ချီးကျူးထောပနာမှုသည် သန့်ရှင်းစင်ကြယ်တော်မူဆုံးဖြစ်သည်။ ထို့ပြင် ထိုအရှင်မြတ်အား ခပ်ကိုးကွယ်ခြင်းမှအပ အခြားမည်သည်ကိုမျှ ခပ်ကိုးကွယ်ရန် မထိုက်ချေ" ဟူ၍ ဖြစ်သည်။

နန်းတွင်းသို့စိုက်ယိဒိနာယူစုဖ်ﷺရောက်ရှိသောအခါတွင်ယခင်စိတ်အတိုင်းအလျှာဟ်အရှင်မြတ်ဘက်ဆီသို့ လှည့်၍ တစ်ဖန် ဒုအာဆုမွန်တောင်းခဲ့ကာ နန်းတွင်းရှိ လူအများကို အာရဗီဘာသာဖြင့် اَلسَّلَامُ عَلَيْكُمْ وَرَحْمَةُ ۱۱۷ "အသင်တို့အပေါ်တွင် ငြိမ်းချမ်းသာယာမှုနှင့် အလျှာဟ်အရှင်မြတ်၏အသနားကြင်နာမှုနှင့် ကျရောက်တော်မူပါစေ"ဟု နှုတ်ခွန်းဆက်ခဲ့သည်။ ဘုရင်အတွက် ၎င်းက ဟီဗရူးဘာသာဖြင့် ဒိုအာတောင်းပေးခဲ့သည်။ ဘုရင်သည် ဘာသာပေါင်းများစွာ တတ်ကျွမ်းသော်လည်း အရဗီနှင့်ဟီဗရူးဘာသာတို့ကိုမူ သတိမမူမိချေ။ ဘုရင်အား စလာမ်ပို့သ ခြင်းကို အရဗီဖြင့်လည်းကောင်း၊ ဒိုအာဆုမွန်ကို ဟီဗရူးဘာသာဖြင့်လည်းကောင်း ပြုလုပ်ခဲ့သည်ကို စိုက်ယိဒိနာယူစုဖ်ﷺက ပြောကြားခဲ့သည်။

ဆင့်ပြန်ချက်တစ်ရပ်တွင်ပါသည်မှာ ဘုရင်သည် စိုက်ယိဒိနာယူစုဖ်ﷺကို မတူညီသော ဘာသာစကားများစွာ ဖြင့် ပြောဆိုခဲ့ရာ စိုက်ယိဒိနာယူစုဖ်ﷺက ဘုရင့်ကို ၎င်းပြောသည့်ဘာသာစကားများအတိုင်း ပြန်လည်ဖြေကြားခဲ့သည်။ တစ်ဖန် ဘုရင်နားမလည်သော အရဗီဘာသာနှင့် ဟီဗရူးဘာသာများဖြင့် နောက်ထပ်၍ ပြောကြားခဲ့သည်။ ဤအဖြစ် အပျက်က ဘုရင့်နှလုံးသားတွင် စိုက်ယိဒိနာယူစုဖ်ﷺအပေါ် ရှိသေလေးစားမှု အကြီးအကျယ် တိုးပွားသွားစေပါသည်။

ယင်းနောက် ဘုရင်က အိပ်မက်၏အဓိပ္ပာယ်ပြန်ဆိုမှုကို သူတိုက်ရိုက်ကြားလိုကြောင်း ဆန္ဒရှိခဲ့သည်။ တို့ပြန် သည့်အနေဖြင့် စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်းကိုယ်တိုင် မည်သူ့ကိုမျှ မပြောရသေးသော အိပ်မက်ပါ သီးသန့် အသေး စိတ်များကို ဘုရင်အား ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက် ဘုရင့်အား ၎င်းဆန္ဒရှိသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုမှု ကို ပြောကြားခဲ့သည်။

ဘုရင်သည် အံ့သြသွားခဲ့သည်။ အဓိပ္ပာယ်ဖွင့်ဆိုခြင်းကြောင့် ယင်းသို့ အံ့သြသွားရခြင်း မဟုတ်ချေ။ ဘုရင် အံ့သြစေသည့် အကြောင်းမှာ ဤအသေးစိတ်များကို စိုက်ယိဒိနာယူစုဖ်ﷺ မည်သို့နားလည်သနည်း ဆိုသည်ကိုပင် ဖြစ်သည်။ ယင်းနောက် နောက်ထပ် ဘာလုပ်ရမည်နည်းဟူသော အကြံဉာဏ်ကို ဘုရင်က တမန်တော်ယူစုဖ်ﷺထံ တောင်းခံခဲ့သည်။ စိုက်ယိဒိနာ ယူစုဖ်ﷺပေးခဲ့သော အကြံဉာဏ်မှာ မျှော်လင့်ထားခဲ့သည့်အတိုင်း ပထမခုနစ်နှစ်တွင်းမိုး အကြီးအကျယ်ရွာခဲ့ပါက ဘုရင်သည် ထွန်ယက်စိုက်ပျိုးခြင်းနှင့် ကောက်ပဲသီးနှံထွက်ရှိရေးတွင် အမြင့်မားဆုံးရအောင် ဆောင်ရွက်သင့်သည်။ ဤသို့လုပ်ဆောင်နိုင်ရန်မှာ လူအများကို မြေလွတ်မကျန်စေဘဲ ထွန်ယက်စိုက်ပျိုးစေ၍ ကောက်ပဲသီးနှံအထွက်တိုးကာ အလျှံပယ်ရစေရမည်။ ထိုသို့ထွက်လာသော ကောက်ပဲသီးနှံ၏ငါးပုံတစ်ပုံကို ၎င်းတို့ ယူဆောင်သိမ်းဆည်းနိုင်သော လုပ်ငန်းတွင် ကြိုးစားမှုကို အားပေးခြင်းမျိုး ပြုလုပ်ပေးရမည်။ သို့ပါ၍ အီဂျစ်ပြည်ရှိ လူများသည် ငတ်မွတ်ခေါင်းပါးမှုဖြစ်မည့် ခုနစ်နှစ်အတွက် လုံလောက်စွာ သိမ်းဆည်းထားပြီးဖြစ်ကာ ဘုရင်လည်း ၎င်းတို့အတွက် ပူပင်သောကရောက်ရန် မလိုတော့ချေ။ သတ်မှတ်ထားသော အခွန်အခများမှ တစ်ဆင့်သော် လည်းကောင်း၊ အစိုးရပိုင် မြေယာများမှ ရရှိသော ကောက်ပဲသီးနှံများကို နိုင်ငံပြင်ပမှ လာရောက်သူများ အတွက် သိမ်းဆည်းထားရမည်။ အဘယ့်ကြောင့်ဆိုသော် ငတ်မွတ်ခေါင်းပါးမှုမှာ ကျယ်ပြန့်ပေလိမ့်မည်။ အီဂျစ်နှင့်ကပ်လျက် ရှိသော နိုင်ငံများကလည်း ဘုရင်၏အကူအညီ လိုအပ်လိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် ဘုရင်သည် ပတ်လည်တွင်

ရှိသော ရိက္ခာမဲ့သောသူများကို ပေးကမ်းကူညီနိုင်လိမ့်မည်ဖြစ်သည်။ ဘုရင်က ဤကောက်ပဲသီးနှံများကို သာမန် စျေးနှုန်းဖြင့် ရောင်းချလျှင်ပင် အစိုးရဘဏ္ဍာတိုက်တွင် မည်သည့်အခါကမျှ မကြုံဖူးခဲ့သော ဥစ္စာဓနပမာဏ ရှိနေပါ လိမ့်မည်။ ဘုရင်သည် ၎င်း၏အကြံဉာဏ်ပေးမှုကို အထူးနှစ်ခြိုက်သွားသော်လည်း ထိုကဲ့သို့သော ပမာဏ အံ့မခန်းဖွယ် အစီအမံကို မည်သူက စီမံခန့်ခွဲ၍ ကြီးကြပ်မည်နည်းဟူသည်ကို ပူပင်ခဲ့သည်။ ထိုစဉ် စိုက်ယိဒိနာယူစုဖ်ﷺက اِجْعَلْنِيْ عَلٰى خَزَآئِنِ الْاَرْضِ اِنِّيْ حَفِيْظٌ عَلِيْمٌ ဟူ၍ပြောကြားခဲ့သည်။ ဆိုလိုသည်မှာ "ကျွန်ုပ်အား ဤနိုင်ငံ၏ ဘဏ္ဍာတော်များ (ယင်းတွင် လယ်ယာမြေများမှ ထွက်သောပစ္စည်းပါဝင်သည်)ကို ကြီးကြပ်ရန် ခန့်အပ်တော်မူပါ။ အဘယ့်ကြောင့်ဆိုသော် ဇကနမုခ ကျွန်ုပ်သည် အသိဉာဏ်ကြွယ်ဝသော ထိန်းသိမ်းစောင့်ရှောက်သူ(ယင်းတို့ကို အပြည့်အဝ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိကာ မည်သည့်နေရာတွင် မည်ရွေ့မည်မျှ သုံးစွဲရမည်ကို သိရှိသူ) ဖြစ်ပေသည်"ဟူ၍ ဖြစ်သည်။ (ကုရ်သုဒီနှင့်မဇာဟီရီ)

ဤနေရာပါ (ဟဇီးဇ် အလီးမ်)ဟူသော စကားနှစ်လုံးထဲတွင် ပါဝင်သည့် စစ်မှန်သော ဘဏ္ဍာရေးဝန်ကြီး တစ်ဦးတွင်ရှိရမည့် လုပ်ငန်းဆိုင်ရာအရည်အချင်းအလုံးစုံကို စိုက်ယိဒိနာယူစုဖ်ﷺက ပေါင်းစည်းလိုက်ပါသည်။ ဤသည်ကို ရိုးရိုးရှင်းရှင်း ပြောရလျှင် အမျိုးသားဘဏ္ဍာရေး ဝန်ကြီးတစ်ဦးတွင် ရှိရမည့်လုပ်ငန်းဆိုင်ရာ အရည်အချင်းအလုံးစုံကို စိုက်ယိဒိနာယူစုဖ်ﷺက ပေါင်းစည်းလိုက်ပါသည်။ ဤသည်ကို ရိုးရိုးရှင်းရှင်းပြောရလျှင် အမျိုးသား ဘဏ္ဍာရေး၏ စီမံခန့်ခွဲသူနှင့် အုပ်ချုပ်ကြီးကြပ်သူ အကြီးအကဲသည် အောက်ဖော်ပြပါအချက်နှစ်ရပ်ကို လုပ်ရန် လိုအပ်သည် (၁) သူသည် အစိုးရပိုင်ဥစ္စာပစ္စည်းများကို ဖြုန်းတီးခြင်း ခွင့်မပြုသင့်ချေ။ စင်စစ်တွင် ၎င်းသည် ဘဏ္ဍာတော်ကို စုဆောင်း၍ ယင်းတို့ကို အပြည့်အဝ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ ထို့နောက် ၎င်းသည် မသုံးစွဲထိုက်သူများ အပေါ်တွင် ကျခံသုံးစွဲခြင်း၊ မမှန်ကန်သော ခေါင်းစဉ်အောက်တွင် သုံးစွဲခြင်းတို့ကို မသုံးစွဲမိစေရန် ကြပ်မတ်ရမည်။ (၂) ထို့နောက် မည်သည်ကိုသုံးစွဲရမည်၊ မည်သည့်နေရာတွင်သုံးစွဲရမည် စသည်တို့တွင် လျော့နည်းမှု မရှိရ။ ထို့နောက် တစ်ချိန်တည်းတွင် လိုအပ်သည့် ပမာဏထက် ပို၍ မသုံးစွဲသင့်ချေ။ ထို့ကြောင့် حَفِيْظٌ (ဟဇီးဇ် ထိန်းသိမ်းစောင့်ရှောက် သူ)ဟူသောစကားလုံးသည် ပထမလိုအပ်ချက်အတွက် အပြည့်အဝ အာမခံချက်ဖြစ်သကဲ့သို့ عَلِيْمٌ (အလီးမ်-အသိဉာဏ်ကြွယ်သော) ဟူသည့်စကားလုံးသည် ဒုတိယလိုအပ်ချက်အတွက် အာမခံချက်ဖြစ်သည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ သာလွန်ကောင်းမွန်မှုများစွာ ရိုးသားမှုနှင့်အသိဉာဏ်တို့အရ အီဂျစ်ဘုရင်သည် ၎င်းအား ပုဂ္ဂိုလ်ရေးခင်တွယ် ကြိုက်နှစ်သက်သော်လည်း စင်စစ်တွင် ဘုရင်သည် ၎င်းအား ဘဏ္ဍာရေးဝန်ကြီးဌာန၏ရာထူးကို လွှဲပြောင်းမပေးခဲ့ပါ။ သို့သော်လည်း ဘုရင်သည် စိုက်ယိနာယူစုဖ်ﷺကို သူ၏ဂုဏ်ထူးဆောင် ဇည့်သည်တော်အဖြစ် တစ်နှစ် သူနှင့်အတူ နေစေခဲ့သည်။

တစ်နှစ်ကြာပြီးနောက် ဘုရင်သည် စိုက်ယိဒိနာယူစုဖ်ﷺကို ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ရုံမျှမက နိုင်ငံရေးရာများ စီမံခန့်ခွဲမှုကိုလည်း အပ်နှံခဲ့သည်။ ဘုရင်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏အပြုအမူများ၊ ကိုယ်ကျင့်တရားများ၊ ဓလေ့စရိုက် များကို သိရှိနားလည်စေရန် နန်းတော်တွင်း ၎င်းအနားတွင် မထားဘဲ အရေးပါသော ရာထူးတွင် ခန့်အပ်ခြင်းမှာ မလျော်ကန်ဟု ထင်မြင်ဟန်ရှိသည်။

ဋီကာရှင်အချို့က ရေးသားခဲ့သည်မှာ ဤအချိန်ကာလအတွင်း ဇူလိုင်ခါ၏ခင်ပွန်း ကစ်သွဖီးရ်(ဖိုတီဖာရ်) သေဆုံးခဲ့ရာ အီဂျစ်ဘုရင်က ဇူလိုင်ခါအား စိုက်ယိဒိနာယူစုဖ်ﷺနှင့် ထိမ်းမြားရန် စီစဉ်ခဲ့သည်။ ထို့နောက်ဘုရင်က သူမကို ပြောသည်မှာ "ဤသည်မှာ သင်မ ဆန္ဒရှိသည်ထက် ပိုမကောင်းလော" ဟူ၍ဖြစ်သည်။ ဇူလိုင်ခါသည် သူမ အပြစ်ရှိကြောင်း ဝန်ခံခဲ့ကာ သူမပြုလုပ်ခဲ့သည်ကို ဆင်ခြေပေးခဲ့သည်။

အလွှာဂျလွှာဟ်ရှာနဟူသည် ၎င်းတို့အား ပြည့်ဝသည့်ဂုဏ်သိက္ခာနှင့် စည်းစိမ်ရှိသောဘဝတစ်ခု ပေးခဲ့သည်။ သမိုင်းဆိုင်ရာ ဆင့်ပြန်ချက်များအရ ၎င်းတို့တွင် အိဖ်ရာအီမ်နှင့်မာန်ရှာဟူသော သားတော်နှစ်ပါးနှင့် ကောင်းချီးပေးခံရသည်ဟု ဆိုကြသည်။

အချို့ဆင့်ပြန်ချက်များအရ လက်ထပ်ထိမ်းမြားပြီးနောက် အလွှာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏ နလုံးသားထဲတွင် ဇူလိုင်ခါအပေါ် ချစ်မြတ်နိုးသည့်စိတ်များ ယခင်ထက် ပိုမို၍ ထည့်ပေးတော်မူခဲ့သည်။ မည်မျှထိနည်းဟုမူ စိုက်ယိဒိနာယူစုဖ်ﷺသည် ဇူလိုင်ခါကို ပြစ်တင်ပြောကြားခဲ့သည့်အချိန်တစ်ခုရောက်ခဲ့ရာ ၎င်းက ပြောသည်မှာ "သင်မသည် အဘယ့်ကြောင့် ကျွန်ုပ်ကို ယခင်ကလောက် မချစ်ခင်ခဲ့သနည်း"ဟူ၍ဖြစ်သည်။ ဇူလိုင်ခါက တမန်တော်ယူစုဖ်ကိုပြောခဲ့သည်မှာ "သင်မှတစ်ဆင့် ယခုအခါ ကျွန်မသည် အလွှာဟ်အရှင်မြတ်၏အချစ်နှင့် ကောင်းချီး မင်္ဂလာပေးခံရပါသည်"ဟူ၍ဖြစ်သည်။ ဤအမြင် အရဆိုလျှင် အခြားဆက်နွယ်မှုများနှင့် အယူအဆများမှာ မှေးမှိန်သွားရသည်။ ဤအဖြစ်အပျက်ကို အခြားအသေးစိတ်များနှင့်အတူ သဖိစိရ်ကုရ်သုဗီနှင့် မဇာဟီရီကျမ်းများတွင် ဖော်ပြထားသည်။ များစွာသော သင်ကြားပို့ချချက်များနှင့် လမ်းညွှန်မှုတို့သည် စိုက်ယိဒိနာယူစုဖ်ﷺအကြောင်း တစ်စိတ်တစ်ဒေသ ပါဝင်သည်။ ထို့ပြင် ယင်းတို့သည် လူသားအားလုံးအတွက် ကောင်းမွန်ကာ အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။ အခြားအချို့အချက်အလက်များမှာ အောက်ပါအတိုင်း ဖော်ပြထားသည်။

ဥပဒေများနှင့် လမ်းညွှန်မှုများ

(၁) စိုက်ယိဒိနာယူစုဖ်ﷺ وَمَآ أُبَرِّئُ نَفْسِيٓ "စင်စစ်သော် ကျွန်ုပ်သည် မိမိကိုယ်ကို အပြစ်မှကင်းလွတ်သည်ဟု မဆိုလိုပေ။" (၁၂း၅၃) ဟူသော ပြောကြားချက်ထဲ၌ အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ပြီး ဖြောင့်မတ်မှန်ကန်ကာ ဘုရားတရားကိုင်းရှိုင်းပြီး အပြစ်ဂုနာဟ်များမှ ရှောင်ကြဉ်ကြသော အလွှာဟ်အရှင်၏အချစ်တော်များအတွက် ကောင်းမွန်သောလမ်းညွှန်မှု ပါဝင်ပါသည်။ ထိုသူများသည် အချို့သောပြစ်မှုဂုနာဟ်များမှ ကင်းဝေးစေရန် သောင်ဖီးစ်ဂ် ရရှိသောကြောင့် ယင်းထိုရရှိမှုအတွက် ဂုဏ်မမောက်ရပါ။ ပြစ်မှုဂုနာဟ်ကျူးလွန်နေသော သူတို့အား အောက်တန်းကျသည်၊ ယုတ်ညံ့သည်ဟူ၍ မမှတ်ယူရပါ။ ထိုသူတို့သည် စိုက်ယိဒိနာယူစုဖ်ﷺ၏ပြောကြားချက်၊ ၎င်းတို့၏ နလုံးသားထဲသို့ ရောက်ရှိစေပြီး ယင်းနလုံးသား၏စွဲမြဲသော တုံ့ပြန်ချက် ဖြစ်စေရပါမည်။ ဆိုလိုသည်မှာ "ဤသည်မှာ ကျွန်ုပ်တို့၏ အစွမ်းမဟုတ်ပါ အလွှာဟ်အရှင်သည်သာ အရှင့်အသနားတော်ဖြင့်၊ မကောင်းမှုဘက်သို့ လှုံ့ဆော်စေသော၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းအတ္တကို ရပ်တန့်စေပါသည်။ သို့မဟုတ်ပါမူ၊ ဤလူသား၏အတ္တသည် မကောင်းသောလုပ်ရပ်များဆီသို့ ဆွဲဆောင်ပါသည်။

အစိုးရရာထူးတစ်ခုကို သီးသန့်အခြေအနေများမှအပ၊ ရယူရန်ကြိုးပမ်းခြင်းကို ခွင့်မပြုပါ။

(၂) اجْعَلْنِي عَلَىٰ خَزَآئِنِ الْأَرْضِ "(ထိုအခါ) ယင်းယူစုဖ်က အသင်သည် ကျွန်ုပ်အား တိုင်းပြည်၏ ဘဏ္ဍာတော်များကို အပေါ်၌ (ကြီးကြပ်အုပ်ထိန်းသူအဖြစ်) ခန့်အပ်ပါလေ။" ဟူသည်ထဲမှ၊ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ၊ စိုက်ယိဒိနာယူစုဖ်ﷺသည် တိုင်းပြည်၏ရတနာများကို ထိန်းသိမ်းခန့်ခွဲရန်အတွက် ခန့်အပ်မှုခံရရန် လုပ်ဆောင်သကဲ့သို့ အစိုးရ၏ရာထူးဌာနန္တရတစ်ခုကို ရယူရန်ကြိုးပမ်းခဲ့ပါလျှင် ထိုကဲ့သို့သော သီးသန့်အခြေအနေမျိုးအတွက် ခွင့်ပြုပါသည်။

သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်သော အသေးစိတ်အချက်တို့အရ အကယ်၍ သီးသန့်ရာထူးတစ်ခုအတွက် မည်သူမျှ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စွမ်းမရှိသည်ကို သိရှိပြီးနောက် တစ်စုံတစ်ဦးသည် မိမိကိုယ်ကို မိမိရိုးသားစွာ

ဆန်းစစ်မှုများက ထိုရာထူး၏ တာဝန်ဝတ္တရားများကို သူကောင်းမွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ညွှန်းပါက၊ ထို ရာထူးရယူရန် ကြိုးပမ်းမှုတွင်မျိုးအတွက် ခွင့်ပြုပါသည်။

သို့ရာတွင် ဤကိစ္စနှင့် ပတ်သက်သော အသေးစိတ်အချက်တို့အရ အကယ်၍ သီးသန့်ရာထူးတစ်ခုအတွက် မည်သူမျှ ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စွမ်းမရှိသည်ကို သိရှိပြီးနောက် တစ်စုံတစ်ဦးသည် မိမိကိုယ်ကို မိမိရိုးသားစွာ ဆန်းစစ်မှုများက ထိုရာထူး၏တာဝန်ဝတ္တရားများကို သူကောင်းမွန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ညွှန်းပါက ထိုရာထူး ရယူရန် ကြိုးပမ်းမှုတွင် အပြစ်မရှိပါ။ ၎င်းနောက် ဤကဲ့သို့သော အခြေအနေမျိုးတွင် ရာထူးရယူရန် ကြိုးပမ်းမှု စတင် လုပ်ဆောင်ခြင်းကို ခွင့်ပြုပါသည်။ သို့ရာတွင် ယင်းလုပ်ဆောင်မှုထဲ၌ ထင်ပေါ်ကျော်ကြားလိုခြင်း၊ အာဏာရရှိလိုခြင်း၊ ပစ္စည်းဥစ္စာရရှိလိုခြင်းတို့ကို မက်မောခြင်းများ မပါဝင်ရပါ။ ဤသို့ လုပ်ဆောင်ခြင်း၏ နောက်ကွယ်ရှိသော အဓိက ရည်ရွယ်ချက်သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုလုံးကို စစ်မှန်စွာ အလုပ်အကျွေးပြုရန်နှင့် ၎င်းတို့၏ ရပိုင် ခွင့်များကို တရားမျှတညီမျှစွာ ရရှိစေရန်ဟူ၍ ဖြစ်ရပါမည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ ကိစ္စတွင်လည်း သူ၏ အဓိက ရည်ရွယ်ချက် ဤသည်မှလွဲ၍ အခြားမရှိပါ။ သို့ရာတွင် ထိုကဲ့သို့သော အခြေအနေမျိုး မရှိပါက တမန်တော်မြတ်ﷺ သခင်က မည်သည့်အစိုးရ ရာထူးတစ်ရပ်ကိုမဆို တစ်စုံတစ်ဦး၏အကြိုက်ဖြင့်ရယူရန် ကြိုးပမ်းမှုကို တားမြစ်ပါသည်။ ၎င်းနောက်တမန်တော်မြတ်ﷺက ရာထူးတစ်ခုအတွက် ကိုယ်တိုင်တောင်းခံသူတို့ကို ယင်းရာထူးအား မပေးခဲ့ပါ။

ဆွဟီးမုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺက စိုက်ယိဒိနာ အဗဒုရ် ရဟ်မာန် အိဗနိ စမူရဟ်ﷺအား မိန့်ကြားသည်မှာ "ရာထူးဌာနန္တရ(အာဏာ သို့မဟုတ် တာဝန်)တစ်ခုကို ရရှိရန် ဘယ်သောအခါမျှ ကြိုးပမ်းအားထုတ်မှု မပြုလုပ်ပါလေနှင့်။ အဘယ်ကြောင့်ဆိုသော် ချွတ်ချော်မှုများနှင့် အမှားအယွင်းများမှ အသင့်အား လွတ်ကင်းစေသော အလ္လာဟ်အရှင်မြတ်၏ အထောက်အပံ့ မရှိသောကြောင့် ဖြစ်ပါသည်။ ၎င်းနောက် "အသင်သည် ရာထူးတစ်ခုအား မတောင်းခံခြင်းနှင့် ရရှိရန်ကြိုးပမ်းမှုမပါဘဲ ရရှိခဲ့ပါလျှင် အလ္လာဟ်တအာလာ၏ အကူအညီနှင့် အထောက်အပံ့တို့သည် ယင်းရာထူးတွင် ရှိနေပါလိမ့်မည်။ ယင်းကြောင့် အသင်သည် ထိုရာထူး တာဝန်ဝတ္တရားများကို လုပ်ဆောင်ရမည့်အတိုင်း လုပ်ဆောင်နိုင်ပါလိမ့်မည်" ဟူ၍ဖြစ်သည်။

အလားတူစွာပင် ဆွဟီးမုစ်လင်မ်ကျမ်းပါ အခြားဟဒီးဆ်တစ်ပုဒ်ထဲ၌ တစ်စုံတစ်ဦးသည် တမန်တော် မြတ်ﷺ သခင်ထံ လာရောက်ကာ ရာထူးတစ်ခုအတွက် သူ့အား ခန့်အပ်ပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထိုသူအား တမန် တော်မြတ်ﷺက မိန့်သည်မှာ إِنَّا لَنْ نُسْتَعْمِلَ عَلَى عَمَلِنَا مَنْ أَرَادَهُ "ရာထူးတစ်ခုအတွက် တောင်းခံလာသောသူ တစ်ဦးအား ကျွန်ုပ်တို့သည် ထိုရာထူးကို မပေးပါ"ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ ရာထူးရယူရန် ကြိုးပမ်းမှုသည် အသိဉာဏ်ကြွယ်ပြီး အကျိုးရှိသော တွေးတောဆင်ခြင်မှု တစ်ရပ်အပေါ်၌ အခြေခံပါသည်။

သို့ရာတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ကိစ္စရပ်သည် ကွဲပြားခြားနားပါသည်။ အီဂျစ်ဘုရင်သည် မယုံကြည် သွေဖည်သူတစ်ဦးဖြစ်ကြောင်း သူသိပါသည်။ သူ၏ဝန်ထမ်းများသည်လည်း အလားတူပင် ဖြစ်ပါသည်။ တိုင်းပြည်ကြီးတွင် ငတ်မွတ်ခေါင်းပါးသည့် ဘေးဒုက္ခကြီး ကျရောက်ပါတော့မည်။ ထိုကဲ့သို့ ကျရောက်ချိန်တွင် တစ်ကိုယ်ကောင်းဆန် သောသူများက သနားအကြင်နာကင်းမဲ့ကာ သန်းပေါင်းများစွာသော လူများသည် ငတ်မွတ်ခြင်းကြောင့် သေဆုံးကြပါ လိမ့်မည်။ သာမန်လူများ၏ရပိုင်ခွင့်များ တရားမျှတစွာ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချရသော သူ တစ်ယောက်မျှမရှိပါ။ ထို့ကြောင့် သူကိုယ်တိုင် ထိုရာထူး၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် မေတ္တာရပ်ခံ

ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ သူ၏မေတ္တာရပ်ခံချက်ကို အထောက်အကူပြုစေသည့် သူ၏တတ်ကျွမ်းမှု အချို့တို့ကို ထောက်ပြခဲ့ပါသည်။ ဤကဲ့သို့လုပ်ဆောင်ရခြင်းမှာလည်း လိုအပ်ချက်အရဖြစ်ပြီး ဘုရင်ကြီးသည် သူ့အား ကျေနပ်ပြီး ရာထူးခန့်အပ်စေရန် ဖြစ်ပါသည်။

ယနေ့ခေတ်မှာပင် အစိုးရရာထူးတစ်ခုအတွက် သင့်တော်မည့်သူတစ်ဦးမျှ မရှိဘဲ အထူးသဖြင့် တစ်စုံတစ်ဦးက သူ၏ရိုးသားသော မိမိကိုယ်ကိုမိမိ ဆန်းစစ်မှုများအရ သူသည် ထိုရာထူး၏ တာဝန်ဝတ္တရားများကို လုပ်ဆောင်ရမည့်အတိုင်း ပြည့်ပြည့်ဝဝ လုပ်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ပါလျှင် သူ ထိုရာထူးရယူရန် ကြိုးပမ်းမှုကို ခွင့်ပြုရုံသာမက ထိုကဲ့သို့ လုပ်ဆောင်ရန်မှာ ဝါဂျိဗ်ဖြစ်ပါသည်။ သို့ရာတွင် ဤကဲ့သို့သော လုပ်ဆောင်မှုသည် ထင်ပေါ်ကျော်ကြားခြင်း၊ တန်ခိုးအာဏာနှင့် ဥစ္စာဓနများကို ဆိုသည့် သူ၏ဆန္ဒများကို ကျေနပ်စေရန်အတွက် မဖြစ်စေရပါ။ ဤလုပ်ရပ်သည် လူအများအား အလုပ်အကျွေးပြုရန်ဟူသော ရည်မှန်းချက်ဖြစ်ရပါမည်။ ယင်းတာဝန်သည် သူနှလုံးသားထဲတွင်ရှိသော ရည်ရွယ်ချက်၊ အစီအမံတို့နှင့်သက်ဆိုင်ရပါမည်၊ အလွှာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင်လည်း ပွင့်လင်းရပါမည်။ (ကုရ်တွုဗီ) မှန်ကန်စွာ လမ်းညွှန်ခြင်းခံရသော ခလီဖာကြီးများသည် ခလီဖာရာထူး၏ တာဝန်ဝတ္တရားများအား ထိုက်သင့်စွာ ထမ်းဆောင်နိုင်မည့်သူ တစ်ဦးတလေမျှ မရှိကြောင်း သူတို့သိရှိသောကြောင့် ဖြစ်ပါသည်။ စိုက်ယိဒိနာအလီ၊ စိုက်ယိဒိနာမုအာဝေယာ၊ စိုက်ယိဒိနာဟူစိန်၊ စိုက်ယိဒိနာအပ်ဒုလ္လာဟ်အိဗနိဇုဗိုင်းနှင့် အခြားသောသူများ ﷺ၏ မတူကွဲပြားသော အရည်အသွေးများသည် ဤယုံကြည်ချက်အပေါ် အခြေခံပါသည်။ ထိုသူများအားလုံးတို့က ထိုအချိန်၌ ခလီဖာရာထူး၏ တာဝန်ဝတ္တရားများကို သူတို့သာလျှင် ပိုမိုသောအသိဉာဏ်၊ ပိုမိုသော ခွန်အားတို့နှင့် အခြားသူများထက် ပိုမိုကောင်းမွန်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု သူတို့က မှတ်ယူခဲ့ကြပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ၊ ထင်ပေါ်ကျော်ကြားလိုမှုကို လည်းကောင်း၊ တန်ခိုးအာဏာကိုလည်းကောင်း၊ ဥစ္စာဓနတို့ကို လည်းကောင်း သူတို့၏ အဓိကရည်မှန်းချက်ဟူ၍ မရည်စူးခဲ့ကြပါ။

ကာဖိရ်အစိုးရတစ်ခုနှင့် ရာထူးတစ်ခုလက်ခံခြင်းကို ခွင့်ပြုနိုင်သလား။

(၃) အီဂျစ်ဘုရင်သည် မယုံကြည်သွေဖည် ငြင်းပယ်သူ ကာဖိရ်တစ်ဦးဖြစ်လင့်ကစား ၎င်း၏လက်အောက်၌ အမှုထမ်းရန် စိုက်ယိဒိနာယူစုဖ်ﷺက လက်ခံခဲ့သည်။ မယုံကြည်သွေဖည်ငြင်းပယ်သော (သို့မဟုတ်) ဂုနာဟ်အပြစ်ကျူးလွန်သော အုပ်ချုပ်သူတစ်ဦးခေါင်းဆောင်သည့် အစိုးရတစ်ဖွဲ့၏ရာထူးတစ်ခုကို သီးသန့်အခြေအနေများအရ လက်ခံခြင်းကို ခွင့်ပြုသည်ဟု ဤသည်က ကျွန်ုပ်တို့ကို ပြောသည်။

فَلَنْ أَكُونَ ظَهِيرًا لِّلْمُجْرِمِينَ "ကျွန်တော်မျိုးသည်လည်း (နောင်တွင်) အပြစ်ရှိသူတို့အား မည်သည့်အခါမျှ အကူအညီပေးသူ ဖြစ်တော့မည်မဟုတ်ပါ။(၂၈း၁၇)"ဟူသော အာယသ်ကို အကျယ်ဖွင့်စဉ်တွင် အီမာမ် အလ်ဂျဆ်ဆွားဆ်က ရေးသားထားခဲ့သည်မှာ ဤအာယသ်တော်အရ တရားမျှတမှုလည်း မရှိသူနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူကို ကူညီထောက်ကူခြင်း ခွင့်မပြုဟူ၍ ဖြစ်သည်။ ထိုအစိုးရ၏ရာထူး တစ်ခုလက်ခံခြင်းသည် ၎င်းတို့လုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ပိုင်းဖြစ်သွားကာ ကူညီရာ ရောက်သွားစေသည်။ ယင်းကဲ့သို့သော အကူအညီကို ဟရာမ်(တားမြစ်ပိတ်ပင် ထားသည်) ဆိုကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် များစွာတွင် ကြေညာထားသည်။

ဤကိစ္စရပ်တွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ အနေအထားနှင့် ပြောရလျှင် ၎င်းသည် ရာထူးလက်ခံခဲ့ရုံမျှမက စင်စစ်တွင် ၎င်းသူ ထိုရာထူးကို တောင်းခံခဲ့ပါသည်။ လေးစားဖွယ် သဖီရ်ပညာရှင် မုဂျာဟစ်၏အဆိုအရ ဤသည်

၏အကြောင်းမှာ အီဂျစ်ဘုရင်သည် ထိုအချိန်က ယုံကြည်သက်ဝင်သူ မုစ်လင်မ်တစ်ဦးဖြစ်သွားခဲ့ပြီးဖြစ်သည်ဟူ၍ ဖြစ်သည်။

ဤတင်ပြချက်ကို ထောက်ခံနိုင်သော မည်သည့်သက်သေပြချက်မှ ကုရ်အာန်ကျမ်းမြတ်နှင့်စွန္နသ်တော်တို့တွင် မရှိသောကြောင့် ဋီကာရှင်အများစုက စိုက်ယိဒိနာယူစုဖ်ﷺ၏လုပ်ရပ်အတွက် နောက်ထပ်အကြောင်းပြချက်ပေးထားခဲ့သည်။ ၎င်းတို့အဆိုအရ ထိုအီဂျစ်ဘုရင်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏တာဝန်ထမ်းဆောင်မှုတွင် ဝင်ရောက်စွက်ဖက်လိမ့်မည်မဟုတ်ကြောင်း စိုက်ယိဒိနာယူစုဖ်ﷺက သိရှိပြီး ဖြစ်ခဲ့သည်။ ဘုရင်သည် စိုက်ယိဒိနာယူစုဖ်ﷺကို သူ၏ယုံကြည်ချက်နှင့် ဆန့်ကျင်သည့်ဥပဒေများကို အကျိုးဆောင် သက်ရောက်စေရန် ၎င်းအား အတင်းအကျပ် ပြုလုပ်စေမည်မဟုတ်ပါ။ စိုက်ယိဒိနာယူစုဖ်ﷺကို သူ၏ချင့်ချိန်ပိုင်းဖြတ်ခြင်းနှင့် အမှန်တရား၏ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ဘုရင်က ၎င်းကို လုပ်ပိုင်ခွင့် အပြည့်အဝပေးပေ လိမ့်မည်။ ထိုသို့ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ ရရှိကာ တစ်စုံတစ်ဦးသည် ၎င်း၏ရှရီအသ်တရားတော်နှင့်ဆန့်ကျင်၍ အတင်းအဓမ္မမလုပ်ခိုင်းလျှင် တရားမျှတမှုမရှိ၍ မယုံကြည် သွေဖည်ငြင်းပယ်သူ၏လက်အောက်တွင် အမှုထမ်းနိုင်သည်။ သို့သော်လည်း တရားမျှတမှုမရှိသူ မယုံကြည်သွေဖည်ငြင်းပယ်သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်၍ အကူအညီပေးရခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်သည်မှာကား နဂို အတိုင်း ရှိမြဲရှိနေပါသည်။ သို့သော်လည်း ထိုကဲ့သို့သော သူတစ်ဦး ရထားသော ရာထူးမှဖယ်ရှားပစ်ရန် ဖြစ်နိုင်ဖွယ်မရှိသော အခြေအနေအချိန်အခါများလည်း ရှိသည်။ ထို့နောက် တစ်ဖက်တွင် အကယ်၍ ထိုသို့သော လူတစ်ဦးအောက်တွင် ရာထူးလက်မခံခြင်းဖြင့် အလွှာဟ်အရှင်မြတ်၏ ကျေးကျွန်များစွာ၏ရပိုင်ခွင့် အချည်းအနှီး ဖြစ်မည် (သို့မဟုတ်) ဖိနှိပ်ခံရနိုင်သည်ဟူ၍ ခိုင်မြဲသောစိတ်ထင့်မှုမျိုးရှိခဲ့လျှင် အတင်းအကြပ်လုပ်ဆောင်ခိုင်းသည့် အခြေအနေဖြစ်နေသောကြောင့် ယင်းသို့သောကိစ္စမျိုးတွင် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဤသည်ကို စိုက်ယိဒိနာယူစုဖ်ﷺ၏လုပ်ရပ်ဖြင့် သက်သေပြပြီးဖြစ်ကာ တစ်စုံတစ်ဦးသက်ဝင်ယုံကြည်သော ရှရီအသ်ကိုဆန့်ကျင်သည့် တစ်စုံတစ်ရာ မကျူးလွန်ရဆိုလျှင် လုပ်နိုင်သည်ဟူသောဥပဒေအရ ထည့်သွင်းသည့်အပိုဒ်နှင့် အကျုံးဝင်သော်လည်း ယင်းအချက်သည် ရှရီအသ်ဥပဒေနှင့် ဆန့်ကျင်သည့်လုပ်ရပ်ဆိုခြင်းကား အလွန်ကွာလှမ်းသည့်အကြောင်းဖြစ်သည်။ သို့သော်လည်း ဤသို့အကူအညီပြုမှု၏ ကွာလှမ်းသောအကြောင်းနှင့်ပတ်သက်လျှင် ရှရီအသ်တရားတော်၌ သတ်မှတ်ထားသော အခြေအနေအောက်တွင် လုပ်ကိုင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အသေးစိတ်များကို မုစ်လင်မ် ဓမ္မသတ်ပညာရှင်များက ဖော်ပြထားသည်။ ဆွဟာဗဟ်နှင့် သာဗီအီန်များကြား များစွာသော ဖြောင့်မှန်သည့် အကြီးအကဲများသည် ထိုကဲ့သို့သော အခြေအနေမျိုးများကို ရင်ဆိုင်ခဲ့ကြကာ ယင်းသို့သော အခြေအနေများတွင် ဖိနှိပ်ချုပ်ချယ်သော အုပ်ချုပ်သူများပေးသော ရာထူးကို လုပ်ဆောင်ရန် လက်ခံခဲ့ကြသည်ဟု သက်သေပြပြီးဖြစ်သည်။ (ကုရ်သုဗီ၊ မဇာဟိရီ)

ဘာသာရေးဆိုင်ရာဥပဒေ၏ နိုင်ငံရေးဆိုင်ရာ ဆက်နွယ်မှုအကြောင်း ရေးသားထားသော အလွှာဟ်မဟ်အလ်မာဝါရီက ၎င်း၏စာအုပ်တွင် ပြောထားခဲ့သည်မှာ ဋီကာရှင်အချို့သည် ဤကိစ္စနှင့်ပတ်သက်၍ စိုက်ယိဒိနာယူစုဖ်ﷺလုပ်ခဲ့သည်ကိုအခြေခံ၍ ယုံကြည်သက်ဝင်ခြင်းလည်းမရှိ၊ တရားမျှတမှုလည်းမရှိသော အုပ်ချုပ်သူများ၏ရာထူးကို လက်ခံခြင်းသည် လက်ခံနိုင် ဖွယ်ရှိသည်ဟု ဥပဒေထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ထိုရာထူး လက်ခံ လုပ်ဆောင်ရာတွင် ရှရီအသ်တရားတော်နှင့် ဆန့်ကျင်သည့် မည်သည့်လုပ်ရပ်မျှ မပါဝင်စေရဟူသော ကန့်သတ်ချက်လည်း အတူတွဲပါဝင်သည်။ အခြားဋီကာရှင်များကမူ ဤကန့်သတ်ချက်အရ လုပ်သည်ကိုလည်း ခွင့်မပြုချေ။ အဘယ့်ကြောင့်ဆိုသော် ဤသို့လုပ်ဆောင်ခြင်းသည်လည်း တရားမျှတမှုမရှိ၍ ဖိနှိပ်ချုပ်ချယ်မှုများကို ကူညီအားပေးထောက်ပံ့ရာရောက်စေသည်ဟု ဥပဒေထုတ်ခဲ့သည်။ ဋီကာရှင်များသည် စိုက်ယိဒိနာယူစုဖ်ﷺ ပြုလုပ်ခဲ့သည်။ ဋီကာရှင်များသည်

စိုက်ယိဒိနာယူစုဖ်ﷺပြုလုပ်ခဲ့သည်များ၏ အဓိပ္ပာယ်ပြန်ဆိုခြင်းများစွာကို ပေးခဲ့ကြသည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ ဤလုပ်ဆောင်မှုအနှစ်သာရမှာ ၎င်းအတွက် (သို့မဟုတ်) ၎င်း၏ရှရီအသ်အတွက် သီးသန့်ဖြစ်သည်။ သို့ဆိုလျှင် အခြားသူများအတွက်ကား ခွင့်မပြုချေ။ မည်သို့ပင်ဆိုစေကာမူ မုစ်လင်မ်ပညာရှင်နှင့် ဓမ္မသတ်ရှင်အများစုက ပထမ အဆိုပြုချက်ကို လိုက်နာ၍ ယင်းကို ခွင့်ပြုသည်ဟု ဥပဒေထုတ်ခဲ့ကြသည်။ (ကုရ်သုဗီ)

သဖီစိရ်အလ်ဗဟ်ရလ်အလ်မုဟီးတ်ဒ်ကျမ်းအဆိုအရ အသိပညာရှိ၍ ဖြောင့်မတ်မှန်ကန်သူတို့သည် ထိုကဲ့သို့သော ရာထူးကို လက်ခံရန် ငြင်းဆိုခြင်းသည် လူများ၏ရပိုင်ခွင့်ကို အချည်းအနှီးဖြစ်၍ တရားမျှတမှုရရှိရန် မလုပ်နိုင်ဟု သိရှိလျှင် ထိုကဲ့သို့သော ရာထူးလက်ခံ ခွင့်ပြုနိုင်သည်။ စင်စစ် ယင်းလုပ်ရပ်သည် စဝါးဗ်ကုသိုလ်အကျိုးရနိုင်သော လုပ်ရပ်ဖြစ်သည်။ သို့ရာတွင် လုပ်ငန်းဆောင်ရာတွင် ရှရီအသ်နှင့်ဆန့်ကျင်သောလုပ်ရပ်များကို အတင်းအကြပ် မလုပ်ခိုင်းစေရဟူသော ကန့်သတ်ချက်ရှိသည်။

ကုရ်အာန်ကျမ်းတော်မြတ်က တားမြစ်ထားသည့် မိမိကိုယ်ကို မိမိအပြစ် ကင်းစင်ကြောင်း (သိဒ္ဓိတင်ခြင်း)အောက်တွင် ပုဂ္ဂိုလ်ရေး အရည်အသွေး အချို့ဖော်ပြခြင်း အကျုံးမဝင်ချေ။

(၄) စိုက်ယိဒိနာယူစုဖ်ﷺ၏ ပြောကြားချက် إِنِّيْ حَفِيْظٌ عَلِيْمٌ "ကျွန်ုပ်သည် ထိန်းသိမ်းသူ၊ အသိပညာနှင့်ပြည့်စုံသူပင်ဖြစ်သည်"က သက်သေပြသည်မှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အသွေး အချို့ကျမ်းကျင်မှု၊ (သို့မဟုတ်) စွမ်းဆောင်နိုင်မှုတို့ကို လိုအပ်သောကြောင့်ဖော်ပြခဲ့လျှင် ယင်းလုပ်ရပ်သည် ကုရ်အာန်ကျမ်းမြတ်တွင် တားမြစ်ခဲ့သော မိမိကိုယ်ကို မိမိ သိဒ္ဓိတင်ခြင်းအောက်တွင် အကျုံးမဝင်ချေ။ သို့သော်လည်း ယင်းသို့ဖော်ပြခြင်းသည် ကြွားဝါခြင်း၊ မာနထောင်လွှားခြင်း၊ ပလွှာခြင်းတို့၏ စေ့ဆော်မှုကြောင့် မဟုတ်ရဟူသော ကန့်သတ်ချက်ပါဝင်သည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်၏ ဒီးန်သာသနာ ခိုင်မြဲတည်တံ့စေရန် ဖြစ်သည်

အာယသ် ၅၆ တွင် မိန့်ထားသည်။

وَكَذٰلِكَ مَكَّنَّا لِيُوْسُفَ فِي الْاَرْضِ ۚ يَتَبَوَّاُ مِنْهَا حَيْثُ يَشَآءُ ؕ نُصِيْبُ بِرَحْمَتِنَا مَنْ نَّشَآءُ وَ لَا نُضِيْعُ اَجْرَ الْمُحْسِنِيْنَ ﴿۵۶﴾

"စင်စစ်သော်ကား ငါအရှင်မြတ်သည် ဤနည်းအတိုင်းပင် ယူစုဖ်အားတိုင်းပြည်တွင် ထိုယူစုဖ်သည် ယင်းတိုင်းပြည်၌ မိမိနေလိုသောနေရာတွင် နေထိုင်ရန်အာဏာကို ချီးမြှင့်တော်မူခဲ့လေသည်။ ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသူ၌ မိမိကရုဏာတော်ကို သက်ရောက်စေတော်မူ၏။ ၎င်းပြင် ငါအရှင်မြတ်သည် ကောင်းမှုပြုလုပ်သော သူတို့၏အကျိုးကို အချည်းအနှီး ဖြစ်စေတော်မူသည်မဟုတ်ပေ။

အသေးစိတ်ပြောရလျှင် အစမ်းခန့် တစ်နှစ်ကြာသောအခါ အီဂျစ်ဘုရင်သည် နန်းတွင်း၌ အထူးအခမ်းအနားတစ်ခု ဆင်ယင် ကျင်းပရန် စီစဉ်ခဲ့၍ တိုင်းပြည်တွင်းရှိ အရာရှိများအားလုံးနှင့် ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များအားလုံးကို ဖိတ်ကြားခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺကို သရဖူတစ်ခုဆောင်းစေကာ လူစုအတွင်းလာရောက်စေသည်။ စိုက်ယိဒိနာယူစုဖ်ﷺအား နိုင်ငံ့ဘဏ္ဍာတိုက်ကို တာဝန်ယူစေသည်သာမက တစ်နိုင်ငံလုံးကို တာဝန်ယူစေပါသည်။ ဤသို့ လုပ်ဆောင်ပြီးနောက် ဘုရင်သည် တိုင်းပြည်၏ကိစ္စရပ်များကို တက်ကြွစွာ လုပ်ဆောင်ခြင်းမှ အငြိမ်းစားယူခဲ့သည်။

(ကုရ်သုဗီ မဇာဟရီနှင့်အခြား)

စိုက်ယိဒိနာယူစုဖ်ﷺသည် တိုင်းပြည်ရေးရာများကို မည်သူတစ်ဦးတစ်ယောက်မှ မည်သည့် မကျေနပ်ချက် တစ်စုံတစ်ရာမျှ မရှိအောင် စီမံခန့်ခွဲခဲ့သည်။ တစ်နိုင်ငံလုံးက ၎င်းကိုချစ်ခင်ကြသည် ငြိမ်းချမ်းသာယာခြင်းနှင့် ဖွံ့ဖြိုးစည်ပင်မှု နေရာအနှံ့ လွှမ်းခြုံသွားသည်။ စိုက်ယိဒိနာယူစုဖ်ﷺ ကိုယ်တိုင်ပင်လျှင် အစိုးရ၏ မြားမြောင်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် မည်သည့်ပြဿနာ မည်သည့်နာကျင်မှုမှ မရင်ဆိုင်ခဲ့ရချေ။

သဖီစီရ်ပညာရှင် မုဂျာဟိဒ်က စိုက်ယိဒိနာယူစုဖ်ﷺသည် နိုင်ငံတော်က ၎င်း၏ခမ်းနားသော အုပ်ချုပ်မှုအောက်ရှိနေစဉ်တွင်ပင် ထိုနိုင်ငံတွင် အလွှာဟ်အရှင်မြတ် အမိန့်တော်အတိုင်းဆောင်ရွက်ရန်နှင့် အရှင်မြတ်က ၎င်းအား ပေးသနားတော်မူထားသော အီမာန်ယုံကြည်မှု ခိုင်မြဲနေစေရန်မှအပ အခြားမည်သည်ကိုမျှ မရည်ရွယ်ခဲ့ချေ။ ထို့ကြောင့် သူသည် ၎င်း၏အခြေခံရည်ရွယ်ချက်ကို မည်သည့်အခါတွင်မျှ မျက်ခြည်မပြတ်ခဲ့ချေ။ ဆိုလိုသည်မှာ အီဂျစ်ဘုရင်ကို အီမာန်နှင့်အစွမ်းလာမ်အတွက် ဖိတ်ခေါ်ခဲ့သည်။ အချိန်ကြာညောင်းသောအခါ အလွှာဟ်အရှင်မြတ်၏ အသနားကရဏာ တော်အရ ၎င်း၏ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်များ ဖြစ်ထွန်းကာ အီဂျစ်ဘုရင်သည်လည်း ယုံကြည်သက်ဝင်သော မုစ်လင်မ်၏တစ်ဦး ဖြစ်လာခဲ့သည်။

အပြစ်ဝုနာဟ် ရှောင်ကြဉ်ပါ။ အီမာန်သက်ဝင်ယုံကြည်ပါ။ အလွှာဟ်အရှင်မြတ်ကို အမြဲကြောက်ရွံ့ရှိသေပါ။ နောင်တမလွန်ဘဝ၏ ဆုလာဘ်မှာ အသင့်တို့အတွက်သာတည်း။

အဆုံးတွင် အာယသ်(၅၇)က-

وَلَأَجْرُ الْآخِرَةِ خَيْرٌ لِّلَّذِينَ آمَنُوا وَكَانُوا يَتَّقُونَ ﴿٥٧﴾

"သို့ရာတွင် အီမာန်သက်ဝင်ယုံကြည်၍ (ပြစ်မှုဒုစရိုက်များမှ)အမြဲတစေကြဉ်ရှောင်လျက် ရှိကြသော သူတို့အဖို့မှာကား နောင်တမလွန်ဘဝ၏အကျိုးသည် အကောင်းဆုံးပင် ဖြစ်ပေသတည်း" ဟူ၍ ကြေညာထားသည်။

ဤသည်က ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺအား လောကီဆိုင်ရာ တန်ခိုးအာဏာ ဥစ္စာပစ္စည်းနှင့် စံပြနိုင်ငံတစ်ခုဖြင့် ကောင်းချီးမင်္ဂလာပေးပြီးဖြစ်သည်။ တမလွန် အာခိရသ်တွင်လည်း မြင့်မားသော အဆင့်အတန်းများက စောင့်ကြိုလျက်ရှိပေသည်။ ထို့နောက် ယင်းက လက်ရှိကမ္ဘာနှင့် နောင်လာမည့် ကမ္ဘာအတွက် အဆင့်အတန်းများနှင့် ဆုလာဘ်များသည် စိုက်ယိဒိနာယူစုဖ်ﷺကိုသာ ကန့်သတ်ထားသည် မဟုတ်ကြောင်း ရှင်းလင်းစေခဲ့ပါသည်။ ဤသည်မှာ သက်ဝင်ယုံ ကြည်ရန်၊ မကောင်းမှုများမှ ရှောင်ကြဉ်ရန်နှင့် အလွှာဟ်အရှင်မြတ်အား အမြဲကြောက်ရွံ့ရန် ရွေးချယ်သောသူတိုင်းအတွက် ပွင့်လင်းသော ဖိတ်ခေါ်ချက် တစ်ရပ်ဖြစ်သည်။

သူအုပ်ချုပ်စဉ်ကာလအတွင်း စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏လူအများအတွက် အေးချမ်းသာယာမှုနှင့် သက်သောင့်သက်သာရစေမှုကို ရစေမည့် ကြီးမားသောလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းတို့အတွက် နှိုင်းစရာရှာရန်ပင် ခက်ခဲပေသည်။ စိုက်ယိဒိနာယူစုဖ်ﷺက အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည့်အတိုင်း ကြီးပွားတိုးတက်မှု ခုနစ်နှစ် လွန်သောအခါတွင် ငတ်မွတ်ခေါင်းပါးမှု ကျရောက်ခဲ့သောအခါ၌ စိုက်ယိဒိနာယူစုဖ်ﷺသည် ဝမ်းဝအောင်စားသုံးခြင်းကို စွန့်လွှတ်ခဲ့ပါသည်။ လူအများက "သင့်ပိုင်ဆိုင်မှုအောက်တွင် အီဂျစ်ပြည်၏ ရတနာများ ရှိနေသည့်တိုင် သင်သည် အဘယ့်ကြောင့် အငတ်ခံနေရသနည်း" ဟု ပြောခဲ့ကြသည်။ တမန်တော်ယူစုဖ်ﷺက "ကျွန်ုပ် ဤသို့ပြုရခြင်းမှာ ကျွန်ုပ်၏လူများ ငတ်မွတ်နေသောခံစားချက်မှာ ကျွန်ုပ်နလုံးသားအတွင်းမှ ပျောက်ကွယ်မသွားခဲ့သောကြောင့် ဖြစ်သည်"ဟုပြောခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ၎င်းသည် အုပ်ချုပ်မှုဆိုင်ရာ လုပ်ဆောင်မှု

တစ်ရပ်ပင် ပြုလုပ်ခဲ့သည်။ နန်းတွင်းစားတော်ကဲ့များကို တစ်ရက်လျှင် နေ့လယ်စာတစ်နပ်သာ ချက်ပြုတ်ရန် အမိန့် ပေးထားခဲ့သည်။ သို့မှသာလျှင် နန်းတွင်းသူနန်းတွင်းသားများမှာ ၎င်းတို့၏လူများ အစုလိုက်အပြုံလိုက် ငတ်မွတ် ခေါင်းပါးနေခြင်းကို ဝေဒနာခံစားနိုင်ကြပေမည်။

အာယသ် (၅၈-၆၂)

وَجَآءَ اِخْوَةُ يُوْسُفَ فَدَخَلُوْا عَلَيْهِ فَعَرَفَهُمْ وَهُمْ لَهٗ مُنْكِرُوْنَ ﴿۵۸﴾ وَلَمَّا
جَهَّزَهُمْ بِجَهَازِهِمْ قَالَ ائْتُوْنِيْ بِاَخٍ لَّكُمْ مِّنْ اَبِيْكُمْ ۚ اَلَا تَرَوْنَ اَنِّيْٓ اُوْفِي
الْكَيْلَ وَاَنَا خَيْرُ الْمُنْزِلِيْنَ ﴿۵۹﴾ فَاِنْ لَّمْ تَاْتُوْنِيْ بِهٖ فَلَا كَيْلَ لَكُمْ
عِنْدِيْ وَلَا تَقْرَبُوْنِ ﴿۶۰﴾ قَالُوْا سَنُرَاوِدُ عَنْهُ اَبَاهُ وَاِنَّا لَفٰعِلُوْنَ ﴿۶۱﴾ وَ
قَالَ لِفِتْيٰنِهِ اجْعَلُوْا بِضَاعَتَهُمْ فِيْ رِحَالِهِمْ لَعَلَّهُمْ يَعْرِفُوْنَهَآ اِذَا انْقَلَبُوْٓا
اِلٰٓى اَهْلِهِمْ لَعَلَّهُمْ يَرْجِعُوْنَ ﴿۶۲﴾

ထို့နောက် ယူစုဖ်၏ နောင်တော်တို့လည်း (အီဂျစ်သို့)လာခဲ့ကြပြီး၊ ယင်းယူစုဖ်၏ထံဝင်ရောက် ခဲ့ကြလေသည်။ ထိုအခါ ယင်းယူစုဖ်သည် ၎င်းတို့အား မှတ်မိခဲ့လေသည်။ သို့ရာတွင် ယင်းတို့မူကား ထိုယူစုဖ် အား မမှတ်မိကြပေ။[၅၈]

တစ်ဖန် ထိုယူစုဖ်သည် ၎င်းတို့အဖို့ (စားနပ်ရိက္ခာနှင့်စပ်လျဉ်း၍) စီမံအပ်သည့်ကိစ္စများကို ၎င်းတို့အား အဆင်သင့်ဖြစ်အောင် စီမံ၍ပေးခဲ့ပြီးသောအခါ (၎င်းတို့အား ဤသို့) ပြောကြားခဲ့လေသည်။ အသင်တို့သည် မိမိတို့ခမည်းတော်ဘက်မှ တော်စပ်သောအသင်တို့၏ညီတော်အား ကျွန်ုပ်ထံ ခေါ်ဆောင်ခဲ့ကြလေကုန်။ အသင်တို့သည်မမြင်ကြလေသလော။ ကျွန်ုပ်သည်(စားနပ်ရိက္ခာဖြန့်ဖြူးရာတွင်) ခြင်တွယ်သောပမာဏကို အပြည့်ခြင်၍ပေးသည့်ပြင် ကျွန်ုပ်သည် အကောင်းဆုံး ဧည့်ခံသူတစ်ဦးလည်း ဖြစ်ပေ သတည်း။ [၅၉] သို့ဖြစ်ပေရာ အကယ်၍သာ အသင်တို့သည် ထိုညီတော်အား ကျွန်ုပ်ထံသို့ ခေါ်ဆောင်ခြင်းမပြုခဲ့ကြပါလျှင် အသင်တို့အဖို့ ကျွန်ုပ်ထံတွင်ခြင်တွယ်ခြင်း အလျှင်းရှိလိမ့်မည်မဟုတ်ပေ။ အသင်တို့သည် ကျွန်ုပ်ထံလည်း မချဉ်းကပ်ကြကုန်လင့်။[၆၀]

(ထိုအခါ) ၎င်းတို့က ဖကန်စင်စစ် ကျွန်ုပ်တို့သည် ထိုညီတော်အား ၎င်း၏ခမည်းတော်ထံ တောင်းခံကြပါမည်။ ကျွန်ုပ်တို့သည် ဖကန်မလွဲ (ဤအတိုင်းပင်) ပြုလုပ်ကြပါမည်ဟု ပြောဆိုဖြေကြားခဲ့ကြလေသတည်း။[၆၁]

ဤပြင် ထိုယူစုဖ်က မိမိအစေအပါးတို့အား (ဤသို့)ပြောဆို အမိန့် ပေးခဲ့လေသည်။ အသင်တို့သည် ၎င်းတို့ အရင်းအနှီးပြုလုပ်သောပစ္စည်းကို ၎င်းတို့၏ ခရီးဆောင်ပစ္စည်းများတွင် (လျှို့ဝှက်စွာပြန်၍ထည့်)ထားကြလေကုန်။ သို့မှသာလျှင် ၎င်းတို့သည် ထိုအရင်းအနှီးပြုလုပ်သော မိမိတို့ပစ္စည်းကို အိမ်သူအိမ်သားတို့ထံ ပြန်လည်ရောက်ရှိသောအခါ မှတ်မိကြကုန်မည်။ သို့မှသာလျှင် ၎င်းတို့သည် ပြန်လာနိုင်ကြရာကုန်မည်သတည်း။ [၆၂]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာယူစုဖ်ﷺကို အဲကျစ်နိုင်ငံ တစ်နိုင်ငံလုံး အပြည့်အဝအုပ်ချုပ်နိုင်သော ကောင်းချီးမင်္ဂလာ မည်သို့ပေးထားကြောင်း ဖော်ပြထားခဲ့သည်။ လက်ရှိအာယသ်များထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် စားနပ်ရိက္ခာများ ရရှိစေရန် ၎င်းထံရောက်ရှိလာကြောင်း ဖော်ပြထားသည်။ အဆွယ်အပွားအဖြစ် အဲကျစ်နိုင်ငံရောက်လာသော ညီအစ်ကိုများမှာ တစ်ဆယ်ဦးဖြစ်သည်ဟု ဖော်ပြထားသည်။ ဤခရီးစဉ်တွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ညီအရင်းဖြစ်သူ အငယ်ဆုံးညီလေးမှာ ပါမလာခဲ့ချေ။

အကြောင်းအရာကြားတွင်ရှိသော အသေးစိတ်များကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြမထားချေ။ ယင်းအဖြစ်အပျက်များကို ရှေ့နောက်စကားအစီအစဉ်အရ နားလည်သဘောပေါက်နိုင်သည်။

သပ်ဖိစီရင်ပညာရှင်များ ဖြစ်ကြသည့် စုဒ်ဒီ၊ မုဟမ္မဒ်အီဗနိအစ္စဟားက်နှင့် အခြားဋီကာရှင်များကိုကိုးကား၍ အိဗနိကဆီးရ် ဖော်ပြထားခဲ့သည့် အသေးစိတ်များအရ အကယ်၍ သမိုင်းဆိုင်ရာနှင့် အစ္စရေးများ၏ တင်ပြချက်များမှ ယူငင်သုံးစွဲခဲ့သည့်တိုင် အတိုင်းအတာတစ်ရပ်အထိ လက်ခံနိုင်ဖွယ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤဦးတည်မှု၏ အညွှန်းသည် ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင် အစီအစဉ်တကျစီစဉ်ထားမှုတွင် ရရှိနိုင်သည်။

အထက်ကိုးကားခဲ့သော ပညာရှင်များက ပြောခဲ့သည်မှာ စိုက်ယိဒိနာယူစုဖ်ﷺ၏လက်တွင် အဲကျစ်နိုင်ငံ၏ ဝန်ကြီး အခွင့်အာဏာရရှိပြီးသည့်နောက်တွင် အိပ်မက်အဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း ပထမခုနစ်နှစ်သည် တစ်နိုင်ငံလုံး အတွက် အကြီးအကျယ် စည်ပင်ဖွံ့ဖြိုးကာ ကောင်းစားသောနှစ်များ ဖြစ်ခဲ့သည်။ ကောက်ပဲသီးနှံ အလျှံပယ်ပေါသကဲ့သို့ ယင်းတို့ကို ထုတ်လုပ်ရန်နှင့် သိုလှောင် သိမ်းဆည်းထားရန်နှင့် ယင်းတို့ကို ပြည့်ပြည့်ဝဝ ကျေနပ်ဖွယ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားမှုကို စီမံထားစေခဲ့သည်။

အဲကျစ်နိုင်ငံသားများအတွက်မူ ဤငတ်မွတ်ခေါင်းပါးမှု မကျရောက်မီကပင်လျှင် ၎င်းတို့အတွက် လိုအပ်သော စားနပ်ရိက္ခာတို့ကို သိုမှီးထားပြီးဖြစ်သည်။ ငတ်မွတ်ခေါင်းပါးမှုပျံ့နှံ့သွား၍ အဲကျစ်နိုင်ငံဝန်းကျင်တွင် နေထိုင်သူများသည် အဲကျစ်နိုင်ငံသို့ စတင်လာရောက်ခဲ့ကြသည်။ ထိုအခါ စိုက်ယိဒိနာယူစုဖ်ﷺက လူတစ်ဦးလျှင် ကုလားအုတ်တစ်စီး တင်စာသာ ကောက်ပဲသီးနှံ ရောင်းချပေးရန် စနစ်တစ်ရပ် ပြုလုပ်ပေးခဲ့သည်။ အလ်ကုရ်သုဇီ အဆိုအရ ယင်းပမာဏမှာ တစ်"ဝစ္စာက်" ဖြစ်၍ ယင်းမှာ ဆွဲခြောက်ဆယ်ဖြစ်ကာ ကျွန်ုပ်တို့ အလေးချိန်နှင့်ဆိုလျှင် ယင်းသည် ၁၉၅၃ ဂရမ်မျှ ရှိသည်။ (တစ်ပိသာ ၂၀ ကျပ်သားခန့်)

ယင်းတို့မှာ ဤတာဝန်အတွက် ၎င်း၏သောကဖြစ်၍ စားနပ်ရိက္ခာရောင်းချခြင်းတွင် ၎င်းကိုယ်တိုင် ကြီးကြပ်လေ့ရှိသည်။ အစောပိုင်းပြောသကဲ့သို့ ဤငတ်မွတ်ခေါင်းပါးမှုမှာ အဲကျစ်နိုင်ငံသာဖြစ်ခဲ့သည်မဟုတ်။ ဝေးလံသောနေရာများထိ ပျံ့နှံ့သွားခဲ့သည်။ စိုက်ယိဒိနာယာကုပ်ﷺ၏ ဇာတိမြေဖြစ်ကာ ပါလက်စတိုင်းနိုင်ငံ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ကင်နာန်အာန်ပြည်နယ်သည် ခါလီလ်ဟုအမည်တွင်သည့်မြို့တစ်မြို့သာလျှင် ယခုထက်တိုင် ဆက်လက်တည်ရှိနေခဲ့သည်။ ထိုနေရာဒေသသည် အီဗ်ရာဟီမ်၊ အစ္စဟားက်၊ ယာကုပ်နှင့် ယူစုဖ်ﷺစသော တမန်တော်ﷺများ လျောင်းစက်ရာနေရာအဖြစ် ကျော်ကြားခဲ့သည်။ ယင်းဒေသသည်ပင်လျှင် ငတ်မွတ်ခေါင်းပါးသည့်ဘေးမှ မလွတ်ကင်းနိုင်ချေ။ စိုက်ယိဒိနာယာကုပ်ﷺ၏မိသားစု ပူပင်သောကရောက်ခဲ့သည်မှာ သဘာဝပင်ဖြစ်သည်။ ထိုအချိန်တွင် အဲကျစ်နိုင်ငံ၌ စားနပ်ရိက္ခာများ ဝယ်ယူရရှိနိုင်သည်ဟူသောသတင်း ပျံ့နှံ့နေခဲ့သည်။ အဲကျစ်ဘုရင်သည် သနားကြင်နာတတ်သူတစ်ဦးဖြစ်ကာ လိုအပ်သူအတွက် စားနပ်ရိက္ခာ ရစေနိုင်သည်ဟု စိုက်ယိဒိနာယာကုပ်ﷺ သိရှိခဲ့သည်။ ထို့ကြောင့် စိုက်ယိဒိနာယာကုပ်ﷺက ၎င်း၏သားများကို အဲကျစ်နိုင်ငံသွား၍ ကောက်ပဲသီးနှံအချို့ ရယူခဲ့စေရန် ခိုင်းစေခဲ့သည်။

ထို့ပြင် လူတစ်ဦးလျှင် ကုလားအုတ်တစ်ကောင် တင်နိုင်သည်ထက် ပိုမပေးကြောင်း သိရှိခဲ့သဖြင့် ထိုခရီးကို သားအားလုံး သွားစေရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း စိုက်ယိဒိနာယူစုဖ်ﷺ၏ညီအရင်း အငယ်ဆုံးညီ ဘင်ယာမင်ကို စိုက်ယိဒိနာﷺ ပျောက်ဆုံးခဲ့ပြီးနောက် စိုက်ယိဒိနာယာကုပ်ﷺက အလွန်အမင်ချစ်ခင်ခဲ့၍ သူ့အား ကြည့်ရှု စောင့်ရှောက်ထားရန် ၎င်းနှင့်အတူထား၍ နေစေခဲ့သည်။

ကင်နာန်အာနမ် ခရီးထွက်ခွာ၍ ညီအစ်ကိုဆယ်ယောက်သည် အီဂျစ်နိုင်ငံရောက်ရှိခဲ့သည်။ စိုက်ယိဒိနာ ယူစုဖ်ﷺသည် နိုင်ငံ၏အရှင်သခင်အနေဖြင့် တော်ဝင်ဝတ်ရုံကိုဝတ်ဆင်ကာ ၎င်းခုနစ်နှစ်သားအရွယ်ရှိစဉ်က ခရီးသွားယာဉ်တန်းအုပ်စုကို သူ့အားရောင်းချခဲ့သည့် ၎င်း၏အစ်ကိုများရှေ့တွင် ရောက်စေခဲ့သည်။ ယင်းသို့သော အဖြစ်အပျက်သည် တွက်ကြည့်လျှင် နှစ်ပေါင်းလေးဆယ်ကျော်ပြီဖြစ်ကြောင်း စိုက်ယိဒိနာအဗ္ဗဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺ၏ အဆိုအရသိရသည်။ (ကုရ်သုဗီ၊ မဇာဟီရ်)

ထိုကဲ့သို့ ရှည်လျားသောအချိန်ကုန်လွန်သွားပြီးသောအခါ၌ လူတစ်ယောက်၏ရုပ်ဆင်းသဏ္ဌာန်သည် ကြီးမားသောပြောင်းလဲမှုများ ဖြစ်သွားနိုင်သည်ဆိုသည်မှာ ထင်ရှားပါသည်။ ငွေဝယ်ကျွန်အဖြစ် ရောင်းစားခြင်းခံခဲ့ရသော ကလေးငယ်တစ်ဦးသည် တိုင်းပြည်တစ်ခု၏ဘုရင် သို့မဟုတ် ဝန်ကြီးတစ်ဦး ဖြစ်သွားနိုင်သည်ဆိုကြောင်းကို သူတို့မထင်မှတ်ခဲ့ပါ။ ထိုကြောင့် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများက သူ့အား မမှတ်မိကြပါ။ သို့ရာတွင် စိုက်ယိဒိနာယူစုဖ်ﷺကမူ သူတို့ကိုမှတ်မိပါသည်။ ထို့ကြောင့် ယင်းယူစုဖ်သည် ၎င်းတို့အား မှတ်မိခဲ့လေသည်။ သို့ရာတွင် ယင်းတို့မှာ မူကား ထိုယူစုဖ်အား မမှတ်မိကြပေ"ဟူသော အသုံးအနှုန်းက အထက်ပါ فَعَرَفَهُمْ وَهُمْ لَهُ مُنْكِرُوْنَ ကို ဆိုလိုပါသည်။ အရဗီဘာသာစကား၌ "အင်နိကာရ်" اِنْكَار ဟူသောစကားလုံး၏ စစ်မှန်သောအဓိပ္ပာယ်မှာ "သူစိမ်းဟု မှတ်ယူခြင်း"ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် စာသားတွင်ပါဝင်သော مُنْكِرُوْنَ "မွန်ကိရူန"ဟူသောစကားလုံးက "မမှတ်မိနိုင်ပါ" ဟူ၍ဆိုလိုပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺ မှတ်မိသည်ဆိုခြင်းနှင့် ပတ်သက်၍ စွင်ဒီ၏ခိုင်လုံမှုအရ အိဗ်ဗနိကဆီးရ်က ပြောသည်မှာ ဤညီအစ်ကိုဆယ်ဦး နန်းတွင်းသို့ရောက်ရှိသောအခါ၌ စိုက်ယိဒိနာယူစုဖ်ﷺက သူတို့အားမေးမြန်းစစ်ဆေးခဲ့ပါသည်။ ယင်းကဲ့သို့ မေးမြန်း စစ်ဆေးခြင်းသည်လည်း သံသယရှိသောသူများအား အမှန်တရားကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပြသနိုင်စေရန် ဖြစ်ပါသည်။ ပထမဦးစွာ သူလာပြောသည်မှာ အသင်တို့ အီဂျစ်ပြည်၌ နေထိုင်ကြသောသူများ မဟုတ်ကြပါသလော။ အသင်တို့က ဟီဘရူးဘာသာစကား ပြောဆိုကြသည်။ အသင်တို့အဘယ်ကဲ့သို့ ရောက်လာခဲ့ပါသနည်းဟူ၍ မေးမြန်းပါသည်။ သူတို့ကပြောသည်မှာ ကျွန်ုပ်တို့နိုင်ငံ၌ ကြီးမားသောငတ်မွတ်ခေါင်းပါးမှု ဘေးရန်ကြီး ကျရောက်နေပါသည်။ ကျွန်ုပ်တို့သည် အသင်၏အကြောင်းကို ကြားခဲ့ပြီးပါပြီ။ ထို့ကြောင့် ကောက်ပဲသီးနှံအချို့ ရရှိရန်အတွက် ကျွန်ုပ်တို့ ဤသို့လာရောက်ခဲ့ပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺက "အသင်တို့ ရန်သူ၏သူလျှိုဟုတ်မဟုတ်၊ အသင်တို့ ကျွန်ုပ်အား အမှန် ပြောကြားနေသည့်ဆိုကြောင်း ကျွန်ုပ် အဘယ်ကဲ့သို့ သိနိုင်မည်နည်း"ဟု သူတို့အား မေးမြန်းခဲ့လေသည်။ ထိုအခါ ညီအစ်ကိုအားလုံးတို့က ကျွန်ုပ်တို့ ထိုကဲ့သို့ ဘယ်သောအခါမှ လုပ်မည်မဟုတ်ကြောင်း အလ္လာဟ်အရှင်အား တိုင်တည်ပြောကြားပါသည်။ ကျွန်ုပ်တို့သည် ခါနန်တွင်နေထိုင်သော အလ္လာဟ်အရှင်မြတ်၏တမန်တော်ယာကူဗ်ﷺ၏ သားများ ဖြစ်ကြပါသည်။

စိုက်ယိဒိနာယူစုဖ်ﷺ ဤမေးခွန်းများ မေးရခြင်း၏ရည်ရွယ်ချက်မှာ သူ၏ အစ်ကိုများ၏ အဖြစ်အပျက်များကို ပြည့်ပြည့်ဝဝ ဖော်ထုတ်ပြောဆိုနိုင်စေရန်ဖြစ်ပါသည်။ ထို့ကြောင့် သူက တစ်ဖန် မေးသည်မှာ "အသင်တို့၏ဖခင်တွင် အသင်တို့အပြင် အခြားသားသမီးများ ရှိပါသေးသလား"ဟူ၍ဖြစ်သည်။ သူတို့ကပြောသည်မှာ "ကျွန်ုပ်တို့တွင် ညီအစ်ကို တစ်ဆယ့်နှစ်ဦးရှိသည့်အနက် ကျွန်ုပ်တို့၏ညီငယ်တစ်ဦးသည် တောတွင်း၌ပျောက်ဆုံးသွားခဲ့ပါသည်။ ကျွန်ုပ်

တို့၏ဖခင်က သူအား အင်မတန် ချစ်မြတ်နိုးခဲ့ပါသည်။ သူမရှိသည့်နောက် ဖခင်ကြီးသည် သူနှင့် တစ်အူတုံဆင်း ညီလေးအား အလွန်သံယောဇဉ် ငြိတွယ်ကာ ဖခင်သက်သောင့်သက်သာ ဖြစ်စေရန်အတွက် ကျွန်ုပ်တို့နှင့်အတူ ဤ ခရီးစဉ်တွင် မထည့်လိုက်ပါ" ဟူ၍ ပြောပြကြသည်။

ထိုသူများပြောကြားသည်တို့ကို ကြားသိခဲ့ရပြီးနောက် စိုက်ယိဒိနာယူစုဖ်ﷺက ထိုသူတို့အား နန်းတော်၏ ဧည့်သည်များအနေဖြင့် ကျေးမွေးပြုစုရန်နှင့် သတ်မှတ်ထားသော ဥပဒေများနှင့်အညီ ၎င်းတို့အား ကောက်ပဲသီးနှံများ ပေးဝေရန် အမိန့်ပေးခဲ့ ပါသည်။

စိုက်ယိဒိနာယူစုဖ်ﷺသည် ကောက်ပဲသီးနှံဝေငှမှု၌ အမြဲတမ်းလိုက်နာရမည့်လုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်ကို အတည်ပြုထားခဲ့ပါသည်။ သူက တစ်ချိန်တွင် လူတစ်ယောက်အား ကုလားအုတ်တစ်ကောင် တင်နိုင်သည့် ကောက်ပဲသီးနှံများထက် ပို၍ မပေးပါ။ သို့ရာတွင် ဤတွက်ချက်၍ပေးသော ပမာဏ စားသုံးပြီးသည့်နှင့်တစ်ပြိုင်နက် ဒုတိယအကြိမ် ဝေငှခြင်းကို ခွင့်ပြုသည်။

ဤအသေးစိတ်များအားလုံးတို့အား သူ၏အစ်ကိုများထံမှ ကြားသိခဲ့ရပြီးသည့်နောက် သူတို့ဒုတိယတစ်ကြိမ် ပြန်မည်ဆိုကြောင်း သူစဉ်းစားမိသည်မှာ သဘာဝကျပါသည်။ ဤကိစ္စကို အစွဲပြု၍ ထင်ရှားသော အစီအမံတစ်ခု သူ ပြုလုပ်ခဲ့သည်မှာ-

ائْتُونِي بِأَخٍ لَّكُم مِّنْ أَبِيكُمْ ۚ أَلَا تَرَوْنَ أَنِّي أُوفِي الْكَيْلَ وَأَنَا خَيْرُ الْمُنزِلِينَ ﴿٥٩﴾

"အသင်တို့သည် မိမိတို့ခမည်းတော်ဘက်မှ တော်စပ်သော အသင်တို့၏ညီတော်အား ကျွန်ုပ်ထံ ခေါ်ဆောင်ခဲ့ကြလေကုန်။ အသင်တို့သည် မမြင်ကြလေသလော။ ကျွန်ုပ်သည် (စားနပ်ရိက္ခာ ဖြန့်ဖြူးရာတွင်) ခြင်တွယ်သော ပမာဏကို အပြည့်ခြင်၍ ပေးသည့်ပြင် ကျွန်ုပ်သည် အကောင်းဆုံး ဧည့်ခံသူတစ်ဦးလည်း ဖြစ်ချေသတည်း။ (၁၂း၅၉)"

ဟူ၍ သူ၏အစ်ကိုများအား ပြောကြားရန်ဖြစ်သည်။ ထိုသည်နှင့်အတူ စိုက်ယိဒိနာယူစုဖ်ﷺက သူတို့အား-

فَإِن لَّمْ تَأْتُونِي بِهِ فَلَا كَيْلَ لَكُمْ عِندِي وَلَا تَقْرَبُونِ ﴿٦٠﴾

"သို့ဖြစ်ပေရာ အကယ်၍သာ အသင်တို့သည် ထိုညီတော်အား ကျွန်ုပ်ထံသို့ ခေါ်ဆောင်ခြင်း မပြုခဲ့ကြပါလျှင် အသင်တို့အဖို့ ကျွန်ုပ်ထံတွင် ခြင်တွယ်ခြင်း အလျှင်းရှိလိမ့်မည်မဟုတ်ပေ။ အသင်တို့သည် ကျွန်ုပ်ထံလည်း မချဉ်းကပ်ကြကုန်လင့်"ဟူ၍လည်း သတိပေးခဲ့ပါသည်။

ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺက လျှို့ဝှက် အစီအမံတစ်ခုကိုလည်း ပြုလုပ်ခဲ့ပါသည်။ သူ၏အစ်ကိုများက ကောက်ပဲသီးနှံဖိုး ပေးချေသော ငွေသား၊ လက်ဝတ်ရတနာနှင့် အခြားသောပစ္စည်းတို့အား လက်ခံသော၊ သူ၏လုပ်သားကလေးများကို အမိန့်ပေးသည်မှာ ထိုပစ္စည်းများအား ကုလားအုတ် ဝန်စည်စလယ်ထဲတွင် သူတို့မသိအောင် ထည့်သွင်းပေးလိုက်စေပါသည်။ သို့မှသာ ၎င်းတို့ အိမ်ပြန်ရောက်ပြီး သူတို့၏ဝန်စည်စလှယ်များကို ဖြေကြည့်သောအခါ၌ သူတို့၏ငွေသားများနှင့် လက်ဝတ်ရတနာများ ပြန်လည်ရှိကြောင်း သိရှိစေကာ နောက်တစ်ကြိမ် ကောက်ပဲသီးနှံများ အတွက် ပြန်လာစေရန်အကြောင်းရင်းတစ်ခု ဖြစ်စေပါသည်။

စိုက်ယိဒိနာယူစုဖ်ﷺ အဘယ်ကြောင့် ထိုကဲ့သို့လုပ်ခဲ့ရသည်ဆိုသည့်အကြောင်း ဖြစ်နိုင်ချေအတော်များများကို အိဗနိကဆီးရ်က ဖော်ပြထားခဲ့ပါသည်။ (၁) သူတို့ယူလာခဲ့သော ငွေကြေးနှင့် လက်ဝတ်ရတနာများအပြင် ထပ်၍ မရှိတော့ဟူ၍ သူကမှတ်ယူနိုင်ပါသည်။ ထိုကဲ့သို့ဆိုပါလျှင် ထိုသူများသည် ကောက်ပဲသီးနှံများအတွက် နောက်တစ်ကြိမ်လာနိုင်စွမ်း ရှိပေလိမ့်မည်မဟုတ်တော့ပါ။ (၂) သူ၏ဖခင်နှင့် အစ်ကိုများထံမှ အစားအသောက်များအတွက်

အဖိုးအခယူရခြင်းဆိုသည့်အဖြစ်ကို သူက ခံနိုင်စွမ်းမရှိပါ။ ထို့ကြောင့် ထိုသူများ၏ ငွေကြေးနှင့်လက်ဝတ်ရတနာများကို သူတို့ကိုပြန်ပေးခဲ့ကာ ကျသင့်ငွေကို သူကစိုက်ထုတ်၍ ဘုရင့်ဘဏ္ဍာတိုက်ထဲသို့ ထည့်သွင်းခဲ့ခြင်း ဖြစ်နိုင်ပါသည်။ (၃) ထိုသူများ အိမ်သို့ပြန်ရောက်သောအခါ၌ သူတို့၏ငွေကြေးနှင့်လက်ဝတ်ရတနာများသည် သူတို့၏ဝန်စည်ထဲတွင် တွေ့ရှိခဲ့ကာ ယင်းအကြောင်းကို သူ၏ဖခင် သိရှိသွားပါက အလွှာဟ်အရှင့် တမန်တော်တစ်ပါး ဖြစ်သည့်အားလျော်စွာ၊ ဤပစ္စည်းများသည်၊ အီဂျစ်ဘဏ္ဍာတိုက်၏ပစ္စည်းများ ဖြစ်သောကြောင့် ယင်းတို့အား ပြန်လည်ပေးပို့ရမည်ဟူ၍ သူတွေးတောရမည်မှာ မုချဇောန် ဖြစ်သည်။ သို့ဆိုပါလျှင်၊ သူ၏အစ်ကိုများ ပြန်လည်ရောက်ရှိမည်ဆိုကြောင်း သေချာသည်ဟု သူကသိရှိခဲ့ပါသည်။

သို့သော်လည်း စိုက်ယိဒိနာယူစုဖ် ဤအစီအစဉ်များလုပ်ရခြင်းမှာ နောင်တွင် သူ၏အစ်ကိုများ ပြန်လာစေရန်နှင့် သူ၏ညီအရင်းကို တွေ့ဆုံနိုင်စေရန်ဖြစ်သည်ဟူ၍ အတိုချုပ်ပြောနိုင်ပါသည်။

ဥပဒေ

စိုက်ယိဒိနာယူစုဖ်ﷺနှင့်ပတ်သက်သော ဤအဖြစ်အပျက်မှနေ၍ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ အကယ်၍ တိုင်းပြည်တစ်ပြည်၏စီးပွားရေးအခြေအနေသည် ဘဝ၏အခြေခံလိုအပ်ချက်များ လက်မဲ့ဖြစ်သွားစေလောက်အောင် တိုင်းသူပြည်သားများအပေါ်၌ သက်ရောက်သွားကာ အစိုးရမှလည်း ယင်းကို မဟန့်တားနိုင်ပါက အစိုးရတွင် ဥပဒေများကိုပြင်ဆင်ကာ ကောက်ပဲသီးနှံများအတွက် သင့်လျော်သောဈေးနှုန်းများသတ်မှတ်ကာ ထိုပစ္စည်းများဖြန့်ဖြူးမှုတွင် ထိန်းချုပ်နိုင်ပါသည်။ မုစ်လင်မ် ဓမ္မသတ်ရှင်များက ဤစီမံချက်ကို အသေးစိတ် ရှင်းပြ ထားပါသည်။

အထူးမှတ်စု

ဤစိုက်ယိဒိနာယူစုဖ်ﷺအကြောင်းတွင် ပုံမှန်မဟုတ်သော တစ်စုံတစ်ရာ ရှိပေသည်။ ၎င်း၏မြင့်မြတ်သော ဖခင်ဖြစ်သည့် အလွှာဟ်အရှင်မြတ်၏တမန်တော်စိုက်ယိဒိနာယာကုပ်ﷺသည် တမန်တော်ယူစုဖ်ﷺနှင့်ကွဲသွားသဖြင့် ငိုကြွေးခဲ့သည်မှာ မျက်စိကွယ်သွားသည့်တိုင်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ထိုနောက်တစ်ဖက်တွင်လည်း စိုက်ယိဒိနာယူစုဖ်ﷺသည် ဖခင်ကဲ့သို့ပင် အလွှာဟ်အရှင်မြတ်၏ရစူလ်တမန်တော်တစ်ပါးဖြစ်ကာ သဘာဝအလျောက် ဖခင်ကို ချစ်ခင်မြတ်နိုးခဲ့သည်။ ၎င်းပြင် ဖခင်ပေါ်တွင်ရှိသော ၎င်း၏တာဝန်ဝတ္တရားများကိုလည်း သူသိရှိခဲ့ပါသည်။ သို့သော်လည်း ဤရှည်ကြာလှသော နှစ်ပေါင်းလေးဆယ်ကာလအတွင်း ၎င်း၏ဖခင်သည် သူ့ကိုလွမ်းဆွေးကာ တသသ ဖြစ်နေမည်ဟု တစ်ကြိမ်မျှပင် မစဉ်းစားမိခဲ့ချေ။ ထို့ပြင် ဖခင်ကြီး၏သာကြောင်း မာကြောင်းကို ရင်းမြစ်အချို့မှ တစ်ဆင့် သူသိရှိသင့်ပေသည်။ ယင်းသို့သော သတင်းအချက်အလက်များပို့ခြင်းဟူသောအချက်သည် ၎င်းကျွန်တစ်ဦး ဖြစ်ကာ အီဂျစ်သို့ရောက်ခဲ့သည့်တိုင် အချက်အလက်ရရှိရန် မခဲယဉ်းပါ။ တစ်ဖန် ၎င်းသည် အဇီးဇအိမ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လွတ်လပ်ခွင့်ရကာ ထိုကိစ္စလုပ်ရန် အချိန်နှင့်သက်သာမှုရရေးလည်း သူတွင်ရှိခဲ့သည်။ သူအိမ်သို့ ရင်းမြစ်အချို့မှတစ်ဆင့် သတင်းစကားပါးရန်ကိစ္စသည် သိပ်မခက်ခဲချေ။ ပြောရလျှင် သူအကျဉ်းကျနေစဉ်တွင်ပင် ယင်းကိစ္စလုပ်ဆောင်နိုင်ပါသည်။ ထိုအကျဉ်းထောင်အတွင်းမှ သတင်းစကားကို နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ပို့နိုင်ကြောင်းကို မည်သူမသိပဲရှိနိုင်အံ့နည်း။ ထို့နောက်အလွှာဟ်အရှင်မြတ်သည် သူ့ကို အီဂျစ်နိုင်ငံတစ်ခုလုံး သူပိုင်ဖြစ်စေရန် သိက္ခာအားလုံးနှင့် တန်ခိုးအာဏာနှင့်တကွ အကျဉ်းထောင်မှ လွတ်မြောက်စေပါသည်။ ထိုအချိန်သည် သူ၏အဦးဆုံးလုပ်ငန်းအဖြစ် ဖခင်ထံသွားရောက်တွေ့ဆုံရေး ဖြစ်သင့်သည်။ နိုင်ငံ့ရေးရာကိစ္စအချို့ကြောင့် သူမလုပ်

နိုင်ခဲ့လျှင်ပင် ဖခင် ကျေနပ်နှစ်သိမ့်စေရန်အလို့ငှာ အနည်းဆုံးအဆင့်အနေဖြင့် စေတမန်တစ်ဦး စေလွှတ်သင့်သည်။ ၎င်းအနေအထားအရဆိုလျှင် ယင်းကိစ္စသည် သာမန်ပင်ဖြစ်သည်။

သို့သော်လည်း စိုက်ယိဒိနာယူစုဖ်ﷺသည် ယင်းသို့လုပ်ရန် ရည်စူးမှုပင် မပြုခဲ့ကြောင်း တင်ပြထားခဲ့သည်။ သူ၏ရည်ရွယ်ချက်အကြောင်း များများစားစားပြောရန်မလိုသည်မှာ ၎င်း၏အစ်ကိုများက စားနပ်ရိက္ခာများရယူရန် လာရောက်ခဲ့စဉ်က ၎င်း၏အခြေအနေမှန်ကို သူတို့အား ပြောမပြဘဲ ပြန်သွားစေခဲ့ပါသည်။

ဤသို့သောအခြေအနေမျိုးသည် သာမန်လူသားတစ်ဦးပင်လျှင် တွေးတော မရနိုင်ချေ။ အလ္လာဟ်အရှင်မြတ်၏ မြင့်မြတ်သော တမန်တော်တစ်ပါးတွင် ဤသို့သော အခြေအနေများရှိနေခြင်းမှာ မည်သို့ဖြစ်နိုင်အံ့နည်း။

ကျွန်ုပ်တွင် ထပ်ကာတလဲလဲ ပေါ်ပေါက်လာသည့် ဤအံ့ဩဖွယ်ရာ နှုတ်ဆိတ်ခြင်း၏ တစ်ခုတည်းသော အဖြေကား အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အဆုံးအစမရှိသော ဟစ်က်မသိညာဏ်တော်အရ စိုက်ယိဒိနာယူစုဖ်ﷺကို သူ့ကိုယ်သူ ဖော်ထုတ်ခြင်းမှ ရပ်တန့်စေတော်မူခဲ့သည်ဟူ၍ဖြစ်သည်။ ဤကိစ္စရပ်ကို သပ်စီရင်အလ်ကုရ်သုဗီကျမ်းတွင် ခိုင်လုံစွာ ရှင်းလင်းပြသထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဝစီမှတစ်ဆင့် စိုက်ယိဒိနာယူစုဖ်ﷺအား ၎င်းနှင့်ပတ်သက်သော မည်သည့်သတင်းကို မဆို ၎င်း၏အိမ်ပို့ခြင်းမှ ရပ်တန့်စေခဲ့သည်ဟုဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရှင်မြတ်၏ အဆုံးအစမရှိသော ဟစ်က်မသိညာဏ်တော်၏ လုပ်ဆောင်မှုကို သိတော်မူသော အရှင်ဖြစ်ပေသည်။ ယင်းတို့ အားလုံးကို သိရှိနားလည်ရန်မှာ လူသားအတွက် ဖြစ်နိုင်ဖွယ်မရှိချေ။ သို့ရာတွင် တစ်ခါတစ်ရံတွင်မူ တစ်စုံတစ်ဦးသည် တစ်စုံတစ်ရာကို နားလည်စေနိုင်ပါသည်။ သိရှိနားလည်ခဲ့လျှင်လည်း ယင်းသည် စိုက်ယိဒိနာယာကုပ်ﷺ၏ စမ်းသပ်မှု ပြီးပြည့်စုံရန်ဖြစ်သည် ဟူသော အသိညာဏ်၏စစ်မှန်သော တွေးတောဆင်ခြင်မှုဖြစ်ပေသည်။ ထို့ကြောင့် အဖြစ်အပျက်၏ ကနဦးအဆင့်မှာပင် စိုက်ယိဒိနာယာကုပ်ﷺက သူ၏သားယူစုဖ်ﷺသည် ဝံပုလွေတစ်ကောင်ကိုက်စားခံရသည်မဟုတ်ဘဲ အစ်ကိုများ၏လှည့်စားမှုတစ်ရပ်သာဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့သည်။ ဖြစ်ပျက်ခဲ့သောနေရာသို့ ၎င်းကိုယ်တိုင်သွားရောက်ခဲ့ကာ လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်သည်ဆိုခြင်းကား သဘာဝကျသည့်တောင်းဆိုမှုတစ်ရပ်ဖြစ်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်မှုအရ သူသည် ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိချေ။

အချိန်အတော်ကြာမှ ၎င်းသည်သားများကို "ယူစုဖ်အား သွားရှာကြ"ဟု ပြောဆိုခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာလုပ်ဆောင်ရန် အလိုရှိတော်မူလျှင် ဤနည်းအတိုင်း ယင်း၏အကြောင်းတရားများကို တပေါင်းတစည်းတည်း ဖြစ်သွားစေပါသည်။

အာယသ် (၆၃-၆၆)

فَلَمَّا رَجَعُوْٓا اِلٰٓى اَبِيْهِمْ قَالُوْا يٰٓاَبَانَا مُنِعَ مِنَّا الْكَيْلُ فَاَرْسِلْ مَعَنَآ
اَخَانَا نَكْتَلْ وَ اِنَّا لَهٗ لَحٰفِظُوْنَ ﴿٦٣﴾ قَالَ هَلْ اٰمَنُكُمْ عَلَيْهِ اِلَّا كَمَآ
اَمِنْتُكُمْ عَلٰٓى اَخِيْهِ مِنْ قَبْلُ ؕ فَاللّٰهُ خَيْرٌ حٰفِظًا ۪ وَّهُوَ اَرْحَمُ الرّٰحِمِيْنَ
﴿٦٤﴾ وَلَمَّا فَتَحُوْا مَتَاعَهُمْ وَجَدُوْا بِضَاعَتَهُمْ رُدَّتْ اِلَيْهِمْ ؕ قَالُوْا يٰٓاَبَانَا مَا
نَبْغِيْ ؕ هٰذِهٖ بِضَاعَتُنَا رُدَّتْ اِلَيْنَا ۚ وَنَمِيْرُ اَهْلَنَا وَنَحْفَظُ اَخَانَا وَنَزْدَادُ

كَيْلَ بَعِيرٍ ۖ ذٰلِكَ كَيْلٌ يَّسِيْرٌ ﴿٦٥﴾ قَالَ لَنْ اُرْسِلَهٗ مَعَكُمْ حَتّٰى تُؤْتُوْنِ
مَوْثِقًا مِّنَ اللّٰهِ لَتَاْتُنَّنِيْ بِهٖٓ اِلَّآ اَنْ يُّحَاطَ بِكُمْ ۚ فَلَمَّآ اٰتَوْهُ مَوْثِقَهُمْ قَالَ
اللّٰهُ عَلٰى مَا نَقُوْلُ وَكِيْلٌ ﴿٦٦﴾

ထို့နောက် ၎င်းတို့သည် မိမိတို့၏ ခမည်းတော်ထံသို့ ပြန်လည်ရောက်ရှိခဲ့ကြသော အခါ (ဤသို့) လျှောက်ထားခဲ့ကြကုန်၏။ အိုဘုရားသခင်ဖခမည်းတော်၊ ရိက္ခာသည် ကျွန်တော်များတို့(အား ရောင်းချခြင်း)မှ ပိတ်ထားပြီးဖြစ်လေသည်။ သို့ဖြစ် ပေရာ ခမည်းတော်သည် ကျွန်တော်များတို့နှင့်အတူ ကျွန်တော်များတို့၏ညီတော် (ဗင်္ကာမိန်) အား စေလွှတ်တော်မူပါ။ ကျွန်တော်များတို့သည် (ရိက္ခာကို နောက်တစ်ဖန်) ခြင်တွယ်၍ ယူခဲ့ကြပါမည်။ ၎င်းပြင် ဇကာန်မလွဲ ကျွန်တော်များတို့သည် ထိုညီတော်အား ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းမည့်သူများလည်း ဖြစ်ကြပါသည်။[၆၃]

(ထိုအခါ) ထိုခမည်းတော်သည် (ဤသို့)ပြန်ကြားခဲ့လေ၏။ ငါသည် အသင်တို့ အပေါ်ဝယ် ယင်းညီတော်နှင့် ပတ်သက်၍ ယခင်က ၎င်း၏နောင်တော် (ယူစုဖ်)နှင့် ပတ်သက်၍ ယုံကြည်စိတ်ချဘိ သကဲ့သို့ပင် ယုံကြည်ရမည်သာဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးစောင့်ရှောက် တော်မူသောအရှင်၊ ကရုဏာပြုသူတို့တွင် ကရုဏာအပြုဆုံးသောအရှင် ဖြစ်တော်မူပေသတည်း။[၆၄]

ထို့နောက် ၎င်းတို့သည် မိမိတို့၏ပစ္စည်းကို ဖွင့်ခဲ့ကြသောအခါ မိမိတို့အရင်းအနှီး ပြုသောပစ္စည်းကို ၎င်းတို့အား ပြန်လည်ထည့်ပေး လိုက်သည်ကို တွေ့ရှိခဲ့ကြလေသည်။ (ထိုအခါ) ၎င်းတို့က (ဤသို့) လျှောက်ထားကြပြန် လေသည်။ အို-ကျွန်တော်များတို့၏ ဖခမည်းတော်၊ ကျွန်တော်များတို့ မည်သည့်အရာကို အလိုရှိကြပါသေးသနည်း၊ ဤသည် ကျွန်တော်များတို့ အရင်းအနှီးပြုသောပစ္စည်းပင် ဖြစ်ပါသည်။ ထိုအရင်းအနှီးပြုသော ပစ္စည်းသည်လည်း ကျွန်တော်များတို့အား ပြန်ပေးထားပြီး ဖြစ်ပါသည်။ ၎င်းပြင် ကျွန်တော်များတို့သည် မိမိတို့အိမ်သူအိမ်သားများအဖို့ (ထပ်မံ၍) စားနပ်ရိက္ခာများ ယူဆောင်လာကြပါမည်။ ထိုမှတစ်ပါး ကျွန်တော်များတို့သည် မိမိတို့ ညီတော်အားလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါမည်။ ထို့ပြင် ကျွန်တော်များတို့သည် ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)ကိုလည်း ပိုမို၍ယူဆောင်လာကြပါမည်။ ဤကား လွယ်ကူစွာရရှိမည် ဖြစ်သော ရိက္ခာပင်ဖြစ်ပါသည်။ (တစ်နည်း-ယခု ကျွန်တော်များတို့ ယူဆောင်လာခဲ့ကြသော) ဤ(ရိက္ခာ)သည်ကား အလွန်နည်းလှပါသည်။[၆၅]

(ထိုအခါ) ထိုဖခမည်းတော်က အသင်တို့သည် ငါ့အား အလ္လာဟ်အရှင်မြတ်ကို တိုင်တည်၍ အသင်တို့ကိုယ်တိုင် (ဘေးရန်များ)ဝန်းဝိုင်းခြင်းကို ခံကြရသည်မှအပ ယင်းညီတော်အား ငါ့ထံသို့ (ပြန်လည်၍ ခေါ်)ယူခဲ့ကြမည်ဟူ၍ တစ်စုံတစ်ရာ (ခိုင်မာသော) အာမခံချက် မပေးသမျှကာလပတ်လုံး ငါသည် ယင်းညီတော်အား အသင်တို့နှင့် အတူ အလျှင်းစေလွှတ်မည် မဟုတ်ဟု ပြောကြားခဲ့လေသည်။ ထို့နောက် ၎င်းတို့သည်

ထိုဖခမည်းတော်အား မိမိတို့၏ အာမခံချက်ကို ပေးခဲ့ကြသောအခါ ထိုဖခမည်းတော်က အလ္လာဟ်အရှင်မြတ်သည် ငါတို့ပြောဆိုကြကုန်သော အကြောင်းအရာနှင့်စပ်လျဉ်း၍ လွှဲအပ်ခြင်းခံရတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူသည်ဟု ပြောဆိုခဲ့လေ၏။[၆၆]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်များထဲ၌ အဖြစ်အပျက်၏ ကျန်ရှိသောအစိတ်အပိုင်း ပါဝင်သည်။ ယင်းတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် စားနပ်ရိက္ခာများနှင့်အတူ အီဂျစ်နိုင်ငံမှ အိမ်သို့ပြန်ရောက်ခဲ့သောအခါ ၎င်းတို့၏ဖခင်အား ထိုနိုင်ငံတွင် မည်သည်တို့ဖြစ်ခဲ့ကြောင်း ပြောပြခဲ့သည်။ ယင်းထဲ၌ အထူးမှာ အနာဂတ်တွင် ၎င်းတို့သည် ညီအငယ်အား ခေါ်ဆောင်လာရမည်။ ခေါ်ဆောင်မလာလျှင် စားနပ်ရိက္ခာ ရလိမ့်မည်မဟုတ်ကြောင်း ဟူသည့် အခြေအနေတစ်ရပ်ကို အီဂျစ်ဘုရင်က မှာလိုက်ကြောင်းဖြစ်သည်။ ထို့ကြောင့် နောင်တွင် စားနပ်ရိက္ခာရရှိနိုင်ရန် ဘင်္ယာမိန်အား ၎င်းတို့နှင့်အတူထည့်ပေးစေလိုကြောင်း သူတို့ခမည်းတော်ထံ မေတ္တာရပ်ခံခဲ့သည်။ ထို့နောက် သူတို့၏ညီငယ်ကို အစွမ်းကုန်ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်းနှင့် လမ်းခရီးတစ်လျှောက်တွင် မည်သည့်အဆင်မပြေမှုမှ မရှိရစေကြောင်း စိတ်ချစေရန် ပြောဆိုခဲ့ကြသည်။

၎င်းတို့အား ယခင်က ညီတော်ယူစုဖ်ကို ယုံကြည်၍ထည့်လိုက်သကဲ့သို့ ဤညီငယ်ကိုလည်း မင်းတို့အားယုံ၍ ထည့်လိုက်ရမည်လားဟု သူတို့ဖခမည်းတော်က မေးခဲ့သည်။ တမန်တော်ယာကုပ်ﷺ မှတ်ချက် တွန်းအားမှာ ၎င်းသည် သူတို့၏စကားကို မယုံကြည်ကြောင်း ထင်ရှားသည်။ ယခင်ကလည်း ၎င်းတို့ကောင်းမွန်စွာ စောင့်ရှောက်ပါမည်ဟူသော ကတိပေးချက်ကို ယုံကြည်ခဲ့သောကြောင့် တစ်ကြိမ်ခံစားခဲ့ရပါသည်။

ယင်းမှာ သူတို့ပြောဆိုမှု၏ အဖြေပင်ဖြစ်သည်။ သို့သော်လည်း စိုက်ယိဒိနာယာကုပ်ﷺမှာ မိသားစု၏ လိုအပ်ချက်ကို မျက်ခြည်မပြတ်ခဲ့ချေ။ သူတွင် အလ္လာဟ်အရှင်မြတ်၏ ကိစ္စရပ်များပေါ် စိမံခန့်ခွဲမှုအား ယုံကြည်နိုင်စွမ်းရှိသောကြောင့် စစ်မှန်မှုကို ၎င်းနားလည်သည့်အတိုင်း ပြောသည်မှာ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် အလိုတော် မရှိခဲ့လျှင် လူသားသည် သူ၏အရှုံးအမြတ်ကို ထိန်းချုပ်နိုင်စွမ်းမရှိချေ။ ၎င်းပြင် အလ္လာဟ်အရှင် အလိုရှိတော်မူလျှင် ယင်းကို မည်သူကမျှ လမ်းလွှဲစေခြင်း၊ ဖယ်ရှားခြင်း မလုပ်နိုင်ချေ။ ထို့ကြောင့် ဤကိစ္စရပ်တွင် အလ္လာဟ်အရှင်မြတ်၏ဖန်ဆင်းခံများပေါ် တစ်စုံတစ်ဦး၏ ယုံပုံအပ်နှံမှုသည် မမှန်ကန်ချေ။ အလားတူ သူတို့၏ပြောကြားချက်ပေါ် မှီခိုခြင်းသည်လည်း မလျော်ကန်ချေ။

ထို့ကြောင့် သူက فَاللَّهُ خَيْرٌ حٰفِظًا "သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးစောင့်ရှောက်တော်မူသောအရှင်(၆၄)" ဟုပြောခဲ့သည်။ ဆိုလိုသည်မှာ အစောပိုင်းက ၎င်းတို့၏စောင့်ရှောက်မှုရလဒ်ကို မြင်ခဲ့ပြီးဖြစ်၍ ယခုအခါ သူသည်သားတော်အား ကာကွယ်စောင့်ရှောက်မည့် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းအပေါ်သာ ထားရှိရန် ယုံပုံအပ်နှံထားသည်။ ထို့နောက် တစ်ဖန်ထပ်၍ وَّهُوَ اَرْحَمُ الرّٰحِمِيْنَ "ကရုဏာပြုသူတို့တွင် ကရုဏာအပြုဆုံးသော အရှင်ဖြစ်တော်မူပေသတည်း(၆၄)"ဟု ပြောခဲ့သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်ယာကုပ်ﷺ၏ အသက်အရွယ် ကြီးရင့်မှုနှင့် ဝန်းရံထားသော ဝမ်းနည်းပူဆွေးမှုများနှင့်အတူ အခဲသြမှုများနှင့် မတုန်လှုပ်စေရန် ကြည့်ရှုစောင့်ရှောက်လိမ့်မည်ဟူသော မက်ထားရှိခဲ့သည်။

အချုပ်မှာ စိုက်ယိဒိနာယာကွပ်ﷺသည် အပေါ်ယံအခြေအနေနှင့် သားများ၏ ပဋိညာဉ်အပေါ်တွင် မယုံကြည်ဘဲ သူ့သားအငယ်ဆုံးကို အစ်ကိုများနှင့် ထည့်လိုက်ရန် သဘောတူရခြင်းသည် အလ္လာဟ်အရှင်မြတ် အပေါ်တွင်

ယုံပုံအပ်နှံမှု ထားခြင်းပင်ဖြစ်သည်။

ဤအဆင့်၌ အာယသ်(၆၅)က-

وَلَمَّا فَتَحُوْا مَتَاعَهُمْ وَجَدُوْا بِضَاعَتَهُمْ رُدَّتْ اِلَيْهِمْ ؕ قَالُوْا يٰۤاَبَانَا مَا نَبْغِيْ ؕ هٰذِهٖ بِضَاعَتُنَا رُدَّتْ اِلَيْنَا ۚ وَنَمِيْرُ اَهْلَنَا وَنَحْفَظُ اَخَانَا وَنَزْدَادُ كَيْلَ بَعِيْرٍ ؕ ذٰلِكَ كَيْلٌ يَّسِيْرٌ ﴿٦٥﴾

"ထို့နောက် ၎င်းတို့သည် မိမိတို့၏ပစ္စည်းကို ဖွင့်ခဲ့ကြသောအခါ မိမိတို့ အရင်းအနှီးပြုသော ပစ္စည်းကို ၎င်းတို့အား ပြန်လည်ထည့်ပေးလိုက်သည်ကို တွေ့ရှိခဲ့ကြလေသည်။ (ထိုအခါ)၎င်းတို့က (ဤသို့) လျှောက်ထားကြပြန်လေသည်။ အို- ကျွန်တော်မျိုးတို့၏ဖခမည်းတော်၊ ကျွန်တော်မျိုးတို့ မည်သည့်အရာကို အလိုရှိကြပါသေးသနည်း။ ဤသည် ကျွန်တော်မျိုးတို့ အရင်းအနှီးပြုသောပစ္စည်းပင်ဖြစ်ပါသည်။ ထိုအရင်းအနှီးပြုသောပစ္စည်းသည်လည်း ကျွန်တော်မျိုးတို့အား ပြန်ပေးထားပြီးဖြစ်ပါသည်။ ၎င်းပြင်ကျွန်တော်မျိုးတို့သည် မိမိတို့အိမ်သူအိမ်သားများအဖို့ (ထပ်မံ၍)စားနပ်ရိက္ခာများ ယူဆောင်လာကြပါမည်။ ထို့မှတစ်ပါး ကျွန်တော်မျိုးတို့သည် မိမိတို့ညီတော်အားလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါမည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)ကိုလည်း ပိုမို၍ယူဆောင်လာကြပါမည်။ ဤကား လွယ်ကူစွာ ရရှိမည်ဖြစ်သော ရိက္ခာပင်ဖြစ်ပါသည်။ (တစ်နည်း-ယခုကျွန်တော်မျိုးတို့ ယူဆောင်ခဲ့ကြသော) ဤရိက္ခာသည်ကား အလွန်နည်းပါး လှပါသည်" ဟူသော စကားများဖြင့် ဖွင့်ဆိုထားသည်။

ဤအာယသ်တော်အလျင်က စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများသည် သူတို့၏အထုပ်အပိုးများ မဖြည်မီအလျင် လမ်းတွင် ၎င်းတို့ မည်သို့ဖြစ်ပျက်ခဲ့ကြသည်ကို ပြောဆိုနေကြောင်းသတိပြုမိပါလိမ့်မည်။ ယင်းနောက် အထုပ်အပိုးများကို ဖွင့်ဖြည်လိုက်ကြသောအခါ စားနပ်ရိက္ခာများအတွက် ပေးခဲ့ရသောငွေအရင်းအနှီးများသည် အထုပ်အပိုးတွင်းရောက်နေကြောင်း တွေ့ရသောအခါ ဤသည်မှာ မှားပြီးရောက်လာသည် မဟုတ်ကြောင်း ၎င်းတို့ နားလည်သဘောပေါက်ခဲ့ကြသည်။ စင်စစ်သူတို့၏အရင်းအနှီးကို သူတို့အား ပြန်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူတို့က رُدَّتْ اِلَيْنَا (ကျွန်တော်တို့အား ပြန်ပေးခြင်းခံခဲ့ရလေသည်)ဟုပြောခဲ့လေသည်။ ထို့နောက် သူတို့၏ ဖခမည်းတော်ကို သူတို့က مَا نَبْغِيْ (ကျွန်တော်မျိုးတို့ ဘယ်အရာကို တောင့်တကြရပါဦးမည်နည်း) ဟူ၍ ပြောခဲ့လေ သည်။ ဆိုလိုသည်မှာ "ကောက်ပဲသီးနှံများရရှိခဲ့ပြီး ယင်းတို့အတွက်ပေးဆောင်ခဲ့ရသည်ကို ကျွန်ုပ်တို့ ပြန်လည်ရရှိခဲ့ ပါသည်" ဟူ၍ ဖြစ်သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့သည် ညီငယ်နှင့်အတူ ထိုနေရာကို အေးအေးချမ်းချမ်း မုချပြန်သွားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကို ဆက်ဆံပုံအရ ဆိုလျှင် အီဂျစ်ဘုရင်သည် ကျွန်ုပ်တို့ကို ကြင်နာ သနားပေသည်။ ကျွန်ုပ်တို့တွင် မည်သည့်စိုးရိမ်ကြောင့်ကြမှုမှ မရှိသင့်ချေ။ ဤအချိန်မျိုးတွင် ကျွန်ုပ်တို့သည် မိသားစုအတွက် ကောက်ပဲသီးနှံများ သွားရောက်ယူငင်ကာ ကျွန်ုပ်တို့ညီငယ်ကိုလည်း ကြည့်ရှု စောင့်ရှောက်နိုင်ပါသည်။ ကျွန်ုပ်တို့ ညီအတွက် ထပ်ရသည့်ကောက်ပဲသီးနှံများသည်လည်း အထောက်အကူဖြစ်ပေမည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ယခုအခေါက်ယူလာသော ကောက်ပဲသီးနှံများမှာ လိုသည်ထက် လျော့၍ စားသုံးရင်း မကြာခင် ကုန်သွားပါလိမ့်မည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများပြောခဲ့သည့် مَا نَبْغِيْ (မာနပ်ဂီ)ဟူသော ဝါကျ၏အဓိပ္ပာယ်တစ်မျိုးမှာ အထက်တွင်ဖော်ပြခဲ့သည်။ "ကျွန်တော်မျိုးတို့သည် အဘယ်အရာကို တောင့်တကြရဦးမည်နည်း"နှင့် အတူတူပင် ဖြစ်သည်။ ထို့နောက် အကယ်၍ ဤဝါကျပါ مَا (မာ-မဟုတ်)ဟူသော စကားလုံး၏အဓိပ္ပာယ်ကို ဆန့်ကျင်ဘက် ဖော်ပြချက်ဟု အဓိပ္ပာယ်ဖော်ပြလျှင် ယင်းက ဆိုလိုနိုင်သည်မှာ စိုက်ယိဒိနာယာကုပ်ﷺ၏ သားများက သူတို့ ဖခမည်းတော်ကို

ပြောသည်မှာ "ကျွန်ုပ်တို့တွင် ကောက်ပဲသီးနှံများ၏ တန်ဖိုးငွေရှိနေသောကြောင့် ဖခမည်းတော်ထံမှ ကျွန်ုပ်တို့ ဘာမျှ အလိုမရှိတော့ချေ။ ဖခမည်းတော်ကသာ ညီတော်ကို ကျွန်ုပ်တို့နှင့်အတူ ထည့်လိုက်ရန်သာဖြစ်သည်" ဟူ၍ဖြစ်သည်။

သူတို့ပြောသည်ကိုကြားပြီးနောက် သူတို့ဖခင်သည် لَنْ أُرْسِلَهُ مَعَكُمْ حَتَّىٰ تُؤْتُونِ مَوْثِقًا مِّنَ اللَّهِ لَتَأْتُنَّنِي بِهِ "ထိုဖခမည်းတော်က အသင်တို့သည် ငါ့အား အလွှာဟ်အရှင်မြတ်ကို တိုင်တည်၍ အသင်တို့ကိုယ်တိုင် (ဘေးရန်များ)ဝိုင်းဝန်းခြင်းကိုခံကြရသည်မှအပ ယင်းညီတော်အား ငါ့ထံသို့ (ပြန်လည်၍)ခေါ် ယူခဲ့ကြမည်ဟူ၍ တစ်စုံတစ်ရာ (ခိုင်မာသော)အာမခံချက် မပေးသမျှကာလပတ်လုံး ငါသည်ယင်းညီတော် (ဘင်ဂျမင်)အား အသင်တို့နှင့်အတူ အလွှင်းစေလွှတ်မည်မဟုတ်ဟု ပြောကြားခဲ့လေသည် (၆၆)" ဟူ၍အဖြေပေးခဲ့လေသည်။ သို့ရာတွင် အစစ် အမှန်ကို မြင်နိုင်စွမ်းသော သူတစ်ဦးသည် လူသားတစ်ဦးက သူမည်မျှပင် ကြံ့ခိုင်သန်စွမ်းပါစေ အလွှာဟ်အရှင်မြတ်၏ ပုံ့နှံ့ပေါက်ရောက်သော တန်ခိုးတော်ရှေ့မှောက်တွင် အကူအညီမဲ့သွားကာ အရှင်မြတ်ကိုသာလျှင် မှီခိုအားထားရကြောင်း သူ သတိမမူခဲ့မိပါသလော။ သို့ဆိုလျှင် မည်သည်အပေါ်အခြေခံ၍ တစ်စုံတစ်ဦးအား စိတ်ချလုံခြုံစွာ ပြန်ခေါ်လာစေရမည်ဟု ပဋိညာဉ် တောင်းခံရသနည်း။ အကြောင်းမှာ သူတွင် အကြွင်းမဲ့တန်ခိုးအာဏာမရှိပါ။ ယင်းကိစ္စအောင်မြင်ရန် ထိန်းချုပ်နိုင်စွမ်းမရှိပါ။ ထို့ကြောင့် စိုက်ယိဒိနာယာကုဗ်ﷺက သူသားများအား ပဋိညာဉ်ပေးရန် တောင်းဆိုခဲ့ရာတွင် ယင်းကိစ္စအတွက် ခြွင်းချက်တစ်ခုထည့်၍ إِلَّا أَن يُحَاطَ بِكُمْ "အသင်တို့သည် ဝိုင်းဝန်းခြင်းကိုခံရသည်မှအပ (ဘေးရန်များမှ)ဟူ၍ ပြောခဲ့လေသည်။ အစောပိုင်း သဖီစီရ်ပညာရှင် မုဂျာဟိဒ်က ယင်းကိုရှင်းလင်းရာတွင် "အသင်တို့အားလုံး အသတ်ခံခဲ့ရလျှင်"ဟူ၍ ဖြစ်သည်။ အခြားအစောပိုင်း သဖီစီရ်ပညာရှင်ကသာဒတ်က ပြောသည်မှာ ဤသည်က "သင်တို့သည် လုံးဝဥဿုံ အကူအညီမဲ့ကာ လွှမ်းမိုးခံခဲ့ရလျှင်"ဟု ဆိုလိုကြောင်း ရှင်းထား သည်။

အာယသ် ၆၆ ၏ နောက်ဆုံးဝါကျထဲတွင် فَلَمَّا آتَوْهُ مَوْثِقَهُمْ قَالَ اللَّهُ عَلَىٰ مَا نَقُولُ وَكِيلٌ "ထို့နောက် ၎င်းတို့သည် ဖခမည်းတော်အား မိမိတို့၏အာမခံချက်ကို ပေးခဲ့ကြသောအခါ၌ ထိုဖခမည်းတော်က အလွှာဟ်အရှင်မြတ်သည် ငါတို့ပြောဆိုကြကုန်သော အကြောင်းအရာနှင့်စပ်လျဉ်း၍ လွှဲအပ်ခြင်းခံရတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟု ပြောဆိုခဲ့လေ၏"ဟု မိန့်ထားသည်။ ဆိုလိုသည်မှာ သူသားများသည် သူတို့ဖခင် ကျေနပ်နှစ်သိမ့်စေရန် ဖခင်ဆန္ဒရှိသည့်အတိုင်း လေးနက်စွာကျိန်ဆို၍ ပဋိညာဉ်ပေးခဲ့သောအခါတွင် စိုက်ယိဒိနာယာကုဗ်ﷺက သူတို့အား ပြောခဲ့သည်မှာ ၎င်းတို့ပြုလုပ်ခဲ့သော ပဋိညာဉ်ပေးခြင်း၊ ပဋိညာဉ်ယူခြင်းဆိုသည်တို့မှာ အဆုံး၌ အလွှာဟ်အရှင်မြတ် အပေါ်၌သာလျှင် တည်မှီသည်။ ထိုအရှင်မြတ်၏ သောင်ဖီးက်ဖြင့်သာလျှင် လူတစ်ဦးသည် အခြားသူတစ်ဦးကို ကာကွယ် စောင့်ရှောက်နိုင်ခြင်းနှင့် သူ၏ပဋိညာဉ်ဖြည့်ဆည်းရန် တတ်စွမ်းနိုင်လာလိမ့်မည်ဖြစ်သည်။ သို့မဟုတ်လျှင် လူသားသည် အကူအညီမဲ့ပေသည်။ သူကိုယ်တိုင် ထိန်းချုပ်နိုင်သောအရာ ဘာမျှမရှိချေ။

အထက်တွင် ရှင်းလင်းခဲ့သော အာယသ်များထဲ၌ လူများအတွက် လမ်းညွှန်မှုနှင့် အမိန့်ပညတ်ချက်များ ဆိုင်ရာများစွာသော အချက်အလက်များ ပါဝင်သည်။ ယင်းတို့ကို မှတ်သားကာ စိတ်တွင်စွဲမြဲပါလေ။

လမ်းညွှန်မှုမှတ်စု

၁။ အကယ်၍သားသမီးများ အမှားများ ကျူးလွန်ခဲ့လျှင် ၎င်းတို့နှင့် အဆက်မဖြတ်သင့်ချေ။ တစ်စုံတစ်ဦးသည် ၎င်းတို့လုပ်ရပ်များ ပြုပြင်နိုင်သည့်နည်းလမ်းများ စဉ်းစားသင့်သည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများ ကျူးလွန်ခဲ့သော အမှားများသည် အလွန်ကြီးလေးပြင်းထန်ပါသည်။ ယင်းတို့မှာ ကြီးလေးသော အပြစ်ဂုနာဟ်များ ဖြစ်ကြသည်။

(၁) သူတို့သည် ဖခင်ကြီးကိုလိမ်လည်ပြောဆို၍ စိုက်ယိဒိနာယူစုဖ်ﷺကို သူတို့နှင့်အတူ အပြင် အလည် ထွက်စေရန် သဘောတူစေခဲ့ပါသည်။

(၂) ဖခင်ကို ပဋိညာဉ်တစ်ရပ်ပေး၍ ယင်းပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသည်။

(၃) သူတို့သည် ငယ်ရွယ်၍အပြစ်ကင်းစင်သောညီငယ်ကို ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခဲ့သည်။

(၄) သူတို့သည် ဖခင်ကို အလွန်ပြင်းထန်သည့် နာကျင်မှုခံစေပြီး ယင်းကိုလည်း အလေးမထားခဲ့ကြချေ။

(၅) သူတို့သည် အပြစ်ကင်းစင်သော လူသားတစ်ဦးကို သတ်ဖြတ်ရန် ပူးပေါင်းကြံစည်ခဲ့ကြသည်။

(၆) သူတို့သည် လွတ်လပ်သော လူသားတစ်ဦးကို အတင်းအဓမ္မနှင့် မတရားသဖြင့် ရောင်းစားခဲ့ကြသည်။

ဤပြင်းထန်လေးနက်သည့် ပြစ်မှုများအရ စိုက်ယိဒိနာယာကုပ်ﷺသည် ၎င်း၏သားများက လိမ်လည်ပြောဆို ကြသည်ကို သိသိကြီးနှင့်ပင် စိုက်ယိဒိနာယူစုဖ်ﷺ၏ဘဝကို အချည်းအနှီး အလဟဿဖြစ်စေခဲ့ကြောင်း သိသည်နှင့် တစ်ပြိုင်နက် သူသည် သားများနှင့်ဆက်ဆံရေး ဖြတ်တောက်ခြင်း (သို့မဟုတ်) သားများကို အိမ်မှနှင်ထုတ်ပစ်ခြင်း ပြုလုပ်သင့်ပေသည်။ သို့သော်လည်း စိုက်ယိဒိနာယာကုပ်ﷺသည် ထိုသို့မလုပ်ခဲ့ဘဲ သားများကို ၎င်းနှင့်အတူ နေထိုင်ခဲ့စေရုံမျှမက ကောက်ပဲသီးနှံများ ယူဆောင်လာစေရန် အီဂျစ်နိုင်ငံသို့ပင် စေလွှတ်ခဲ့ပါသည်။ ထပ်၍ တစ်ဖန် သူတို့ဖခင်အပေါ်လွှမ်းမိုးရန် အခြားအခွင့်အရေးတစ်ခု ပေါ်ပေါက်ခဲ့သည်။ ဤတစ်ကြိမ်တွင်လည်း သူတို့၏ အငယ်ဆုံး ညီနှင့် ပတ်သက်သည်။ ဤတစ်ကြိမ်တွင်လည်း စိုက်ယိဒိနာယာကုပ်ﷺက လိုက်လျော၍ ညီအငယ်ဆုံးကို သူတို့နှင့် အတူ ထည့်လိုက်ရန် ခွင့်ပြုခဲ့သည်။

ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ အကယ်၍တစ်စုံတစ်ဦး၏ သားသမီးများသည် ဂုနာဟ်အပြစ်များ (သို့မဟုတ်) အမှားများကျူးလွန်ခဲ့လျှင် ကောင်းသွားစေနိုင်သည်ဟု မက်ထားသမျှကာလပတ်လုံး သင့်လျော်သော ပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ၎င်းတို့အား ပြုပြင်မှုရှာဖွေခြင်းမှာ ဖခင်၏တာဝန်ဖြစ်ပေသည်။ ဖခင်သည် သူတို့နှင့် အဆက်မဖြတ်သင့်ချေ။ ဤသို့ပင် စိုက်ယိဒိနာယာကုပ်ﷺ လုပ်ဆောင်ခဲ့ပါသည်။ အဆုံးတွင် သူတို့အားလုံးသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များကို အရှက်ရကာ အပြစ်ဂုနာဟ်များကို ကျောခိုင်း၍ ပြုပြင်ပြီးသော ဘဝတစ်ခုတွင် နေထိုင်ခဲ့ကြပါသည်။ သို့သော်လည်း သူတို့၏အခြေအနေ တိုးတက်ကောင်းမွန်ရန် မျှော်လင့်ချက်မရှိဟု မိဘများကသိရှိသောအခါတွင် သူတို့နှင့်အဆက်အသွယ်ပြုလုပ်နေခြင်းသည် အခြားသားသမီးများ၏ ဘာသာရေးဆိုင်ရာ ပြုစုပျိုးထောင်မှုတွင် အန္တရာယ်ရှိသည်ဆိုလျှင် ယင်းအခြေအနေမျိုး၌ ၎င်းတို့နှင့် အဆက်အသွယ် ဖြတ်တောက်ခြင်းမှာ ပို၍ လျော်ကန်သင့်မြတ်ပေသည်။

၂။ စိုက်ယိဒိနာယာကုပ်ﷺ၏ ပုံရိပ်တစ်ခုဖြစ်သော စာရိတ္တဆိုင်ရာ ကြီးမားသော အရည်အသွေးနှစ်ရပ် ဖြစ်သည့် ကောင်းမွန်သော ဆက်ဆံရေးများနှင့် ကောင်းမွန်သောအပြုအမူများကို ဤနေရာတွင် အသားပေး ဖော်ပြထားသည်။ သူ၏သားများက ကြီးလေးသောအပြစ်များ ကျူးလွန်ခဲ့ကြလင့်ကစား စိုက်ယိဒိနာယာကုပ်(ﷺ)သည် သားများက ညီအငယ်ဆုံးကို သူတို့နှင့်အတူထည့်စေရန် ဒုတိယအကြိမ်မေတ္တာရပ်ခံသောအခါ၌ တောင်းဆိုသူ သားများ စိတ်ဘဝင် မကျခြင်း မဖြစ်စေသောအနေအထားနှင့် ဆက်ဆံခဲ့သည်။

၃။ ဤသည်မှ နောက်ညွှန်ကြားချက်တစ်ရပ် ထုတ်ယူနိုင်သည်မှာ သူ၏ကောင်းကျိုးအတွက် အမှားပြုလုပ်သူ တစ်ဦးအား ပြစ်တင်မောင်းမဲခြင်းသည် လျော်ကန်သင့်မြတ်သည်။ ဤသို့လုပ်ဆောင်ခြင်းက သူ၏အပြုအမူအရ တောင်းဆိုခဲ့သော မေတ္တာရပ်ခံချက်သည် ငြင်းပယ်သင့်သော်လည်း ယခင်က ဖြစ်ပျက်ခဲ့သည်ကို ပြည်ဖုံးကားချ၍ ၎င်းအား အခွင့်အရေးသစ်တစ်ရပ်ပေးခြင်းဟု ဆိုလိုသည်။ သို့မှသာလျှင် သူ၌ရှက်စိတ်ဝင်ကာ နောင်တွင် လုံးဝ

နောင်တရလာလိမ့်မည်။ ဤသို့ပင် စိုက်ယိဒိနာယာကုပ်ﷺက ပထမအကြိမ်၌ ပြုလုပ်ခဲ့ပါသည်။ သူက ၎င်းတို့၏ အတိတ်က ထိခိုက်နစ်နာစေသော ရည်ညွှန်းချက်တစ်ခုကို ပြောသည်မှာ "အစောပိုင်းက စိုက်ယိဒိနာ ယူစုဖ်ﷺအား အသင်တို့အပေါ် ယုံပုံအပ်နှံခဲ့သလို ဘင်္ဂမင်ကို သင်တို့အပေါ်၌ ယုံပုံအပ်နှံရမည်လော"ဟူ၍ ဖြစ်သည်။ သို့သော်လည်း သူတို့အား လေးနက်စွာကတိပေးပြီးနောက် လက်ရှိအခြေအနေပေါ်တွင် သူတို့ နောင်တရခဲ့ကြောင်း သိရှိရသောအခါ အလွှာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံ၍ သားငယ်ကို သူတို့လက်ထဲထည့်လိုက်သည်။

၄။ လူသားတစ်ဦးကို ကာကွယ်စောင့်ရှောက်ခြင်း (သို့မဟုတ်) ကတိပြုခြင်းအပေါ်၌ တစ်စုံတစ်ဦး၏ ယုံပုံအပ်နှံမှုထားရှိခြင်းသည် တကယ်ဆိုလျှင် မှားယွင်းပေသည်။ စစ်မှန်သော ယုံပုံအပ်နှံမှုကို အလွှာဟ်အရှင်မြတ်ထံတော်တွင်သာ ထားသင့်ပေသည်။ အရှင်မြတ်တစ်ပါးတည်းသာလျှင် ကိစ္စရပ်များပြုလုပ်၍ ပြီးမြောက်စေကာ အရှင်မြတ် တစ်ပါးတည်း ကသာလျှင် အကြောင်းအရာ၏ အကြောင်းရင်းခံ ဖြစ်သည်။ အကြောင်းရင်းခံများ ပေါ်ပေါက်စေ၍ ယင်းအကြောင်းရင်းခံမှ အကျိုးသက်ရောက်မှုသည် အရှင်မြတ်၏ ထိန်းချုပ်မှုတွင်သာ ရှိသည်။ ထို့ကြောင့် စိုက်ယိဒိနာယာကုပ်ﷺက فَاللَّهُ خَيْرٌ حٰفِظًا "သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် အကောင်းဆုံးစောင့်ရှောက်တော်မူသောအရှင်" (၁၂း၆၄) ဟု ပြောခဲ့သည်။

ကအဗ်အလ်အဟ်ဗရ်၏ ပြောကြားချက်တစ်ခုအရ စိုက်ယိဒိနာယာကုပ်ﷺသည် ဤအချိန်၌ သူသားများ၏ ပြောစကားများကိုမယုံကြည်တော့ဘဲ ကိစ္စရပ်ကို အလွှာဟ်အရှင်မြတ်အားသာလျှင် ယုံပုံအပ်နှံလိုက်သည်။ ထို့ကြောင့် အလွှာဟ်အရှင်မြတ် က "ငါအရှင်မြတ်က အသင်၏ သားတော်နှစ်ပါးကို ပြန်လည်ပို့ပေးတော်မူမည်"ဟု မိန့်ခဲ့လေသည်။

၅။ ကျွန်ုပ်တို့ အထုပ်အပိုးထဲတွင် တစ်စုံတစ်ဦးပိုင် ဥစ္စာပစ္စည်းအချို့တွေ့ရခဲ့ပြီး ကျွန်ုပ်တို့အားပေးရန် ဟူသော သီးသန့်ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ အထုပ်အပိုးထဲထည့်ထားခဲ့ကြောင်း ခိုင်မာသည့်အညွှန်းများဖြင့် သက်သေပြနိုင်ခဲ့လျှင် ယင်းအား ရယူသုံးစွဲခြင်း ခွင့်ပြုသည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများကိစ္စတွင်လည်း ၎င်းတို့ အထုပ်အပိုးထဲမှ ရင်းနှီးငွေများ ပေါ်ထွက်လာခဲ့ကာ ယင်းသို့ဖြစ်ခြင်းသည် မတော်တဆ မျက်စိရှုန်းခြင်း (သို့မဟုတ်) မေ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ခိုင်လုံသည့်အညွှန်းများဖြင့် သက်သေပြခဲ့သဖြင့် ယင်းတို့ကို ၎င်းတို့အား ပြန်ပေးခြင်းသက်သက်ဖြစ်ပေသည်။ ထို့ကြောင့် စိုက်ယိဒိနာယာကုပ်ﷺက ဤအဖိုးတန်ပစ္စည်းများကို ပြန်လည်ပေးအပ်ရန်ဟူသော ညွှန်ကြားချက် မပေးခဲ့ချေ။ သို့သော်လည်း ကျွန်ုပ်တို့ထံ ထိုပစ္စည်းသည် မျက်စိရှုန်ခြင်း (သို့မဟုတ်) မေ့လျော့ခြင်းကြောင့် ရောက်လာသည်ဟု သံသယရှိခဲ့လျှင် ပိုင်ရှင်အား လိုအပ်သည့် စုံစမ်းမေးမြန်းမှုမပြုလုပ်ဘဲ ထိုပစ္စည်းကို သုံးစွဲခြင်း ခွင့်မပြုချေ။

၆။ တစ်စုံတစ်ဦးသည် ပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်စွမ်းမရှိလျှင် ၎င်းထံမှ ပဋိညာဉ် မတောင်းခံသင့်ချေ။ စိုက်ယိဒိနာယာကုပ် ﷺက သူသားများထံမှ ဘင်္ဂမင်အား ဘေးမသီရန်မခဘဲ ပြန်ခေါ်လာခဲ့ရန် ပဋိညာဉ် တောင်းခံစဉ်က သူတို့ကိုယ်တိုင် လုံးဝ မတတ်နိုင်(ပို့) သေလုမျောပါး နီးနီးဖြစ်ခဲ့မည်ဆိုလျှင်ဟူသော ခြွင်းချက်တစ်ခု ထည့်ပေးခဲ့သည်။

ထို့ကြောင့် တမန်တော်မြတ်ﷺသည် ဆွဟာဗဟ်သာဝကကြီးများ(ရသွေ)တို့အား ၎င်းတို့သည် ကိုယ်တော်မြတ်ﷺအား အမိန့်နာခံမှု ပဋိညာဉ်ပြုစဉ်အခါက ကိုယ်တော်မြတ်ကိုယ်တိုင် ယင်းပဋိညာဉ်တွင် ကန့်သတ်မှုတစ်ခု ထည့်သွင်းခဲ့သည်။ ယင်းမှာ လုပ်ဆောင်နိုင်စွမ်းဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်မှာ "ကျွန်တော်မျိုးသည် ကိုယ်တော့်အပေါ်ဝယ် ကျွန်တော်တို့ တတ်စွမ်းနိုင်သရွေ့ အတတ်နိုင်ဆုံး အပြည့်အဝ နာခံကြပါမည်" ဟူ၍ ဖြစ်သွားခဲ့သည်။

၇။ စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများက ၎င်းတို့သည် ဘင်္ဂမင်ကို ပြန်လည်ခေါ်ဆောင်လာပါမည် ဟူသော ပဋိညာဉ်ကပြသည်မှာ كفالة بالنفس (ကဖလဗင်နာဖ်စ်)ကို ခွင့်ပြုသည်။ ထိုစကားလုံးသည် အစွလာမ့်ဥပဒေ၏ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းဖြစ်ကာ အမှုတွင်ပါဝင်သော လူတစ်ဦးကို ရုံးတော်တွင်ကြားနာမည့်နေ့၌ လာရောက်

ရန် ဆင့်ခေါ်သည့်အခါ ယင်းတာဝန်အတွက် အာမခံ တင်သွင်းခြင်းသည် မှန်ကန်သည်ဟု ဆိုလိုသည်။

အီမာမ်မာလစ်က်ﷺ၏ အယူအဆက ဤကိစ္စတွင် ကွဲပြားသည်။ ၎င်းအဆိုအရ ရှရီအသ် တရား တော်တွင် ငွေကြေးဆိုင်ရာအာမခံကိုသာလျှင်ခွင့်ပြုသည်။ပုဂ္ဂိုလ်ရေးအာမခံမှု(ကဖလဗင်နာဖိစ်)ကို ခွင့်ပြုခြင်းမဟုတ်ဟုဆိုသည်။

အာယသ် (၆၇-၆၉)

وَ قَالَ يٰبَنِيَّ لَا تَدْخُلُوْا مِنْۢ بَابٍ وَّاحِدٍ وَّ ادْخُلُوْا مِنْ اَبْوَابٍ مُّتَفَرِّقَةٍ ؕ وَ مَاۤ اُغْنِيْ عَنْكُمْ مِّنَ اللّٰهِ مِنْ شَيْءٍ ؕ اِنِ الْحُكْمُ اِلَّا لِلّٰهِ ؕ عَلَيْهِ تَوَكَّلْتُ ۚ وَ عَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ﴿۶۷﴾ وَ لَمَّا دَخَلُوْا مِنْ حَيْثُ اَمَرَهُمْ اَبُوْهُمْ ؕ مَا كَانَ يُغْنِيْ عَنْهُمْ مِّنَ اللّٰهِ مِنْ شَيْءٍ اِلَّا حَاجَةً فِيْ نَفْسِ يَعْقُوْبَ قَضٰىهَا ؕ وَ اِنَّهٗ لَذُوْ عِلْمٍ لِّمَا عَلَّمْنٰهُ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يَعْلَمُوْنَ ﴿۶۸﴾ وَ لَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰۤى اِلَيْهِ اَخَاهُ قَالَ اِنِّيْۤ اَنَا اَخُوْكَ فَلَا تَبْتَىِٕسْ بِمَا كَانُوْا يَعْمَلُوْنَ ﴿۶۹﴾

ထိုနောက် ၎င်းတို့သည် (အီဂျစ်မြို့တော်သို့) မိမိတို့အား မိမိတို့၏ဖခမည်းတော်က မှာကြားခဲ့သည့် နည်းအတိုင်း ဝင်ရောက်ခဲ့ကြသောအခါ (ထိုဖခမည်းတော် နဗီတမန်တော်ယအ်ကူဗ်၏) အကြံပေးချက်သည် ယအ်ကူဗ်၏စိတ်ထဲတွင် အလိုဆန္ဒတစ်ခု ရှိခဲ့သည်ကို ထိုယအ်ကူဗ်က ပြီးမြောက်အောင် ရွက်ဆောင်ကြည့်ခဲ့သည်မှအပ အလ္လာဟ်အရှင်မြတ်(၏ အလိုတော်)နှင့် ဆန့်ကျင်၍ လုံးဝအသုံးမဝင်ခဲ့ချေ။ စင်စစ်မူကား မလွဲဧကန် ထိုယအ်ကူဗ်သည် ငါ့အရှင်မြတ်က ၎င်းအား ပညာသင်ကြားပို့ချတော်မူခဲ့သောကြောင့် ပညာရှင်တစ်ဦး အမှန်ပင်ဖြစ်ခဲ့ပေသည်။ သို့ရာတွင် လူသားတို့အနက် အများစုမှာမူ မသိနားမလည်ကြချေ။[၆၈]

ဝင်းပြင် ထိုဖခမည်းတော်က (ဆက်လက်၍ ဤသို့) ပြောဆို မှာကြားခဲ့ပြန်လေသည်။ အို-ငါ၏ (ချစ်)သားတို့၊ အသင်တို့သည် (အီဂျစ်မြို့တော်သို့ ဝင်သောအခါ) တံခါးပေါက်တစ်ပေါက်တည်းမှ မဝင်ကြကုန်လင့်။ သို့ရာတွင် အသင်တို့သည် တခြားစီ ဖြစ်သော တံခါးများမှ ဝင်ကြလေကုန်။ စင်စစ်သော်ကား ငါ(၏အကြံပေးချက်)သည် အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ်(၏ အလိုတော်)နှင့်ယှဉ်ပြိုင်၍ အနည်းငယ်မျှပင် အသုံးကျမည်မဟုတ်ပေ။ အမိန့်အာဏာသည်ကား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြား မည်သူတစ်ဦးတစ်ယောက်၌မျှ မရှိချေ။ စင်စစ် တမူကား ယုံကြည်အားထား လွဲအပ်သူတို့သည် ထိုအလ္လာဟ်အရှင်မြတ် အပေါ်၌သာလျှင် ယုံကြည် အားထား လွဲအပ်ထိုက်ပေသတည်း။ [၆၇]

တစ်ဖန် ၎င်းတို့သည် ယူစုဖ်၏ထံ ဝင်ရောက်ခဲ့ကြသော အခါ ထိုယူစုဖ်သည် မိမိ ညီတော်အား မိမိထံတွင် နေရာထိုင်ခင်းပေးခဲ့လေသည်။ (ထို့နောက်) ယင်းယူစုဖ်က ဓကန်စင်စစ် ငါသည် အသင်၏ နောင်တော် (ယူစုဖ်)ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ပြုလုပ်ခဲ့ကြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိတ်ဒုက္ခမဖြစ်ပါလေနှင့်ဟု ပြောဆို(နှစ်သိမ့်စေ)ခဲ့လေသတည်း။[၆၉]

အကျယ်ဖွင့်ဆိုခြင်း

လက်ရှိအာယသ်များထဲတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများ အီဂျစ်သို့ ဒုတိယအကြိမ် လာရောက်ခြင်းကို ဖော်ပြထားသည်။ ဤအကြိမ်တွင် ၎င်းတို့၏ညီငယ်လိုက်ပါခဲ့သည်။ ဤခရီးစဉ်တွင် စိုက်ယိဒိနာယာကုဗ်ﷺက သူသားများအား ၎င်းတို့ တစ်ဆယ့်တစ်ဦးဖြစ်၍ ခရီးဆုံး အီဂျစ်နိုင်ငံရောက်သောအခါ မြို့ထဲသို့မြို့ဝင်ဂိတ်ပေါက် တစ်ခုတည်းမှ တစုတဝေးတည်း မဝင်ကြနှင့်ဟု ပြောဆိုမှာကြားခဲ့သည်။ မြို့ပြင်အုတ်တံတိုင်း ရောက်သည်နှင့် တစ်ပြိုင်နက် လူစုခွဲ၍ ဂိတ်ပေါက်အသီးသီးမှ ဝင်သင့်သည်။

ဤသို့ အကြံဉာဏ်ပြုရခြင်းမှာ သူတို့အားလုံးသည် ငယ်ရွယ်၍ "မာရှာအလ္လာဟ်" ကျန်းမာထွားကျိုင်း၍ ပျိုမျစ်ကြကာ စွဲမက်ဖွယ်ဖြစ်ခြင်းအပေါ်၌ ပူပင်သောကရောက်သောကြောင့်ဖြစ်သည်။ လူအများက ၎င်းတို့သည် တစ်ဖအေတည်းမှ ပေါက်ဖွားလာသော ညီအစ်ကိုအရင်းများဖြစ်ကြကြောင်း လူများသိသွားမည်ကို စိုးရိမ်သောက ရောက်ခဲ့သောကြောင့်ဖြစ်သည်။ တစ်စုံတစ်ဦး၏ မကောင်းသောအကြည့်ကြောင့် ၎င်းတို့အပေါ်၌ အန္တရာယ်ကျရောက်စေနိုင်သည်။ သို့မဟုတ်လျှင်လည်း သူတို့ တစုတဝေးတည်း အတူလာကြလျှင် လူအချို့က မနာလို ဖြစ်သွားနိုင်သည်။ သို့မဟုတ် သူတို့အပေါ် နာကျင်မှုအချို့ပင်လျှင် ဖြစ်နိုင်ပေသည်။

စိုက်ယိဒိနာယာကုဗ်ﷺက သူတို့သည် အီဂျစ်နိုင်ငံကို ပထမအကြိမ်သွားရောက်စဉ်က ယင်းသို့သော အကြံဉာဏ်မျိုး မပေးခဲ့ပါ။ ဒုတိယအကြိမ်ခရီးစဉ်မှာသာ အကြံဉာဏ်ပေးခဲ့သည်။ ယင်းသို့အကြံပေးခြင်းမှာ ပထမအကြိမ် အီဂျစ်နိုင်ငံသွားရောက်စဉ်က ၎င်းတို့သည် သာမန်ခရီးသည်များအဖြစ်လည်းကောင်း ဆိုးဝါးသည့်အခြေအနေ အဖြစ်လည်းကောင်း ဖြစ်ပေသည်။ မည်သူကမျှ ၎င်းတို့အား မသိသကဲ့သို့ ၎င်းတို့၏ သာမန်အခြေအနေကလည်း မည်သူကမျှ သူတို့ သတိမမူစေမိခဲ့ပါ။ သို့သော်လည်း ပထမခရီးစဉ်အတွင်း အီဂျစ်နိုင်ငံ၏အရှင်သခင်က ၎င်းတို့ကို သာမန်မဟုတ်သော ကြွေဆိုမှုတစ်ခုနှင့် ကြွေဆို၍ နိုင်ငံ့အရာရှိများ မြို့တော်သားများနှင့် မိတ်ဆက်ပေးခဲ့သည်။ ယခုအခါ သူတို့ကို တစ်စုံတစ်ဦးက မကောင်းသောအကြည့်နှင့်ကြည့်မည့် အန္တရာယ်ရှိနိုင်သည်။ သို့တည်းမဟုတ် သူတို့ကို သားနားသော ဇည့်သည်တော်များအဖြစ် လူအချို့က မနာလိုဖြစ်နေကြပေမည်။ ထို့အပြင် ညီအငယ် ဘင်ဂျမင်သည် ဤအကြိမ်၌ ၎င်းတို့နှင့်အတူပါလာ၍ ဖခင်ကြီး၏ထပ်ဆောင်းဂရုပြုမှု ဖြစ်လာစေသည်။

မကောင်းသောအကြည့်၏အကျိုးသက်ရောက်မှု

ဤသည်က မကောင်းသောအကြည့်ကြောင့် လူသားများ ဆိုးကျိုးသက်ရောက်သည်။ သို့မဟုတ် ယင်းကြောင့် အခြားသော လူသား၊ တိရစ္ဆာန်စသည်တို့ နာကျင်မှု (သို့မဟုတ်) ဆုံးရှုံးမှုဖြစ်စေသည်မှာ မှန်ကန်ကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။ ယင်းကိစ္စရပ်သည် မသိနားမလည်မှု၊ အယူသီးမှု(သို့မဟုတ်) စိတ်ကူးယဉ်အဖြစ် ပြောမရချေ။ ထို့ကြောင့် စိုက်ယိဒိနာယာကုဗ်ﷺသည် ယင်းကိစ္စ နှင့်ပတ်သက်၍ သောကရောက်ခဲ့သည်။

တမန်တော်မြတ်ﷺကလည်း ယင်း၏မှန်ကန်မှုကို အတည်ပြုထားသည်။ ဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိသည်မှာ "မကောင်းသောအကြည့်သည် လူသားကို ကဗရ်သချိုင်းထဲဝင်သွားစေကာ ကုလားအုတ်ကို အိုးသေးသေးလေးထဲသို့ ဝင်စေသည်" ဟူ၍ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺ ခိုလှုံခွင့်တောင်းခံခဲ့သည့်အရာများကို ကိုယ်တော်၏ အွမ္မသ်ထုကိုလည်း ခိုလှုံခွင့်တောင်းခံကြရန် ညွှန်ကြားတော်မူခဲ့သည်။ ယင်းတို့အထဲတွင် مِنْ كُلِّ عينٍ لامّة "ကျွန်တော်မျိုးသည် မကောင်းသောအကြည့်မှ ကင်းစေရန် ခိုလှုံခွင့် တောင်းခံပါ၏"လည်းပါဝင်ပေသည်။ (ကုရ်သုဗီ)

ဆွဟာဗဟ်သာဝကကြီးတစ်ပါးဖြစ်သည့် စိုက်ယိဒိနာစဟလ်အိဗနိဟုနိုင်းဖ်နှင့် ပတ်သက်သည့်အဖြစ်အပျက်မှာ လူသိများပေသည်။ ယင်းထဲတွင် ၎င်းရေချိုးရန် အကျီချွတ်လိုက်သောအခါ၌ ဖြစ်ပျက်ခဲ့သည့် အကြောင်းတစ်ခုရှိခဲ့သည်။ အမီးရ်အိဗနိရဗီအဟ်က ၎င်း၏ကျန်းမာသန်စွမ်းသောခန္ဓာကိုယ်နှင့် ဖြူဝင်းသော အသားအရေကို တစ်ချက်ကြည့်မိလျက်သား ဖြစ်သွားခဲ့သည်။ သူက ရုတ်တရက်ချက်ချင်း "ကနေ့ထိ ကျွန်တော်သည် ဤသို့သော ယောကျ်ားပီသ၍ လှပသည့်ခန္ဓာကိုယ်ကို တစ်ခါမျှ မမြင်ဖူးခဲ့ပါ"ဟု မှတ်ချက်ပြုခဲ့သည်။ ၎င်း၏နှုတ်မှ ဤစကား များပြောပြီးသည်နှင့် တစ်ပြိုင်နက် စိုက်ယိဒိနာစဟလ်အိဗနိဟုနိုင်းဖ်သည် ရုတ်တရက် ခန္ဓာကိုယ်အပူချိန်မြင့်တက်လာခြင်းကို ခံစားခဲ့သည်။ တမန်တော်မြတ်ﷺကို ဤကိစ္စအသိပေးခဲ့သောအခါတွင် ကိုယ်တော်မြတ်က အကြံပြုခဲ့သည့်ကုထုံးမှာ "အမီးရ်အိဗနိရဗီအဟ်သည် ဝုဇူပြုလုပ်၍ ကျလာသောရေများကို အိုးခွက်တစ်ခုဖြင့် စုဆောင်းကာ ထိုရေများကို စဟလ်အိဗနိဟုနိုင်းဖ်၏ ခန္ဓာကိုယ်ပေါ်လောင်းချစေပါ" မိန့်မှာသည့်အတိုင်း ပြုလုပ်ပြီးသောအခါ အပူရှိန်မှာ တစ်မုဟုတ်ချင်း ကျသွားပါသည်။ သူသည် အကောင်းပကတိဖြစ်သွားကာ တမန်တော်မြတ်ﷺနှင့်အတူ ခရီးစဉ်တစ်ခုတွင် အတူလိုက်ပါသွားခဲ့သည်။ တမန်တော်မြတ်ﷺသည် ဤအဖြစ်အပျက်၏ နောက်ပိုင်း အမီးရ်အိဗနိရဗီအဟ်ကို ချီးသာနူးညံ့စွာဖြင့် သတိပေးခဲ့သည်မှာ-

علام يقتل احدكم اخاه الا برّكت، انّ العين حقٌّ

"အဘယ့်ကြောင့် တစ်စုံတစ်ဦးက သူ့ညီအစ်ကိုတော်အား သတ်ဖြတ်ရပါမည်နည်း။ (အသင်သည် သူ၏ခန္ဓာကိုယ်ကို မြင်တွေ့စဉ်) ဗရကသ်ရစေရန်အတွက် အသင်သည် ဒိုအာ တောင်းခံပေးပါ။ မကောင်းသောအကြည့်ကြောင့် ယင်းသို့ အကျိုးသက်ရောက်စေသည်မှာ အမှန်ပင်ဖြစ်သည်" ဟူ၍ ဖြစ်သည်။

ဤဟဒီးဆ်တော်ကလည်း ကျွန်ုပ်တို့ကို ပြောသည်မှာတစ်စုံတစ်ဦးသည် အခြားသူတစ်ဦး (သို့မဟုတ်) အခြားသူတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းနှင့်ပတ်သက်၍ တစ်မူထူးခြားမှုကိုတွေ့ခဲ့လျှင် သူသည် ဝုဇူပြုလုပ်၍ ယင်းမြင်တွေ့ရသည့်အပေါ် ဗရကသ်ဖြင့် အလွှာဟ်အရှင်မြတ် ကောင်းချီးမင်္ဂလာပေးစေရန် ဒိုအာဆုမွန်တောင်းပေးရမည်။ ဆင့်ပြန်ချက်အချို့အရ တစ်စုံတစ်ဦးသည် مَا شَاءَ اللّٰهُ لَا قُوَّةَ إِلَّا بِاللّٰهِ (မာရှာအလ္လာဟုလာကု ဝတအိလ္လာဗိလ္လာဟ်- အလ္လာဟ်အရှင်မြတ် မည်သည်ကို အလိုရှိတော်မူသည်ဖြစ်စေ ယင်းသည် အလ္လာဟ်အရှင်မြတ်အထံတော်တွင်သာ ရှိတော်မူသည်)ဟု ပြောဆိုသင့်သည်။ ဤသည်က မကောင်းသောအကြည့်၏ အကျိုးသက်ရောက်မှုကို ပယ်ရှားစေပါသည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောပြသေးသည်မှာ တစ်စုံတစ်ဦးသည် လူတစ်ဦး၏ မကောင်းသောအကြည့်ကြောင့် ဆိုးကျိုးသက်ရောက်ခဲ့လျှင် ထိုသူ ဝိုဇူပြုရာ၌ မျက်နှာ၊ ခြေ၊ လက်ဆေးရာတွင် ကျသောရေဖြင့် လောင်းပေးခြင်းအားဖြင့် မကောင်းသောအကြည့်၏ အကျိုးကို ဖယ်ရှားစေလိမ့်မည်။

အဟ်လိစွန္နသ်ဂျမာအသ် မုစ်လင်မ်အွမွသ်ထု အိုလမာအားလုံးတို့က မကောင်းသောအကြည့်၏ ဆိုးကျိုး သက်ရောက်မှုနှင့်အန္တရာယ်ကျရောက်ခြင်းသည် မှန်ကန်ကြောင်း တညီတညွတ်တည်း သဘောတူညီကြသည်ဟု အလ်ကုရ်သုဒီက ပြောခဲ့သည်။

စိုက်ယိဒိနာယာကုဗ်ﷺသည် တစ်ဖက်က မကောင်းသောအကြည့် (သို့မဟုတ်) မနာလိုဝန်တိုမှုတို့နှင့် ပတ်သက်၍ ပူပင်သောကရောက်ကာ သူသားများကို မြို့ဝင်ပေါက်ဂိတ်တစ်ခုတည်းမှ မြို့တွင်းသို့ မဝင်ကြရန် အကြံပေးခဲ့သည်။ အခြားတစ်ဖက်တွင် ဤကိစ္စ၏နောက်ကွယ်ရှိ စစ်မှန်မှုအကြောင်းကို ပြောကြားရန် လိုအပ်သည်ဟု သူထင်မြင်ခဲ့သည်။ ယင်းကိစ္စရပ်များကို ဂရုမပြုပါက လူထုအနက်မှ လူများစွာသည် အယူသီးခြင်း (သို့မဟုတ်) အခြေအမြစ်မရှိသည့် စိတ်မလုံမလဲမှု သားကောင်အဖြစ် အလွယ်တကူ ကျဆင်းသွားပေလိမ့်မည်။ လူတစ်ဦးတစ်ယောက် (သို့မဟုတ်) တစ်ဦးတစ်ယောက်၏ပိုင်ဆိုင်ပစ္စည်းပေါ်တွင် မကောင်းသောအကြည့်၏ အကျိုးသက်ရောက်မှုရှိခြင်း၏ အမှန်တကယ်အချက်မှာ ညှို့ယူဖမ်းစားခြင်း(သို့မဟုတ်)အိပ်မွေ့ချစဉ်ဖြစ်ပေါ်သော အခြေအနေမျိုးနှင့် တူသော်လည်း အိပ်မွေ့ချသကဲ့သို့ ကြိုတင်ပြင်ဆင်၍ ထားခြင်းမျိုးမဟုတ်) မျိုးဖြစ်သည်။ ဤသည်နှင့် ပို၍တူသည်မှာ တစ်စုံတစ်ဦးကို နာမကျန်းဖြစ်စေသည့် အန္တရာယ်ရှိသောဆေးဝါး (သို့မဟုတ်) အစားအစာကဲ့သို့ဖြစ်သည်။ သို့မဟုတ်လျှင် အပူ (သို့မဟုတ်) အအေးလွန်ကဲ၍ ရောဂါအချို့ပေါ်ပေါက်လာခြင်းမျိုးနှင့်တူပေသည်။ မကောင်းသောအကြည့် (သို့မဟုတ်) ညှို့ယူဖမ်းစားခြင်းတို့ကြောင့် ပေါ်လာသောအကျိုးသက်ရောက်မှုနည်းလမ်းသည် မျက်စိ (သို့မဟုတ်) စိတ်၏စွမ်းပကားကြောင့် ပေါ်ပေါက်လာသော ဖြစ်ရိုးဖြစ်စဉ်အကြောင်းအရာထဲမှ တစ်ခုပင်ဖြစ်သည်။ အမှန်မှာ ထိုနည်းလမ်းများထဲ၌ ပင်ကိုစစ်မှန်သော အကျိုးသက်ရောက်မှု မရှိချေ။ စကြဝဠာဆိုင်ရာ အကြောင်းများအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော ဟစ်က်မသ်တန်ခိုးတော်နှင့် အလိုတော် ဆန္ဒတော်အရသာလျှင် ဖြစ်ပေါ်စေရသည်။ အလ္လာဟ်အရှင်မြတ် သတ်မှတ်တော်မူထားသည်တို့ကို မည်သည့်ကောင်းမွန်သည့် နည်းလမ်းကမျှ ဆန့်ကျင်နိုင်ကာ အကျိုးသက်ရောက်စေနိုင်ခြင်း မရှိသကဲ့သို့ ဆိုးကျိုးသက်ရောက်စေသော လုပ်ရပ်အချို့၏ ဆိုးကျိုးများသည်လည်း အကျိုးသက်ရောက်စေနိုင်သည် မဟုတ်ချေ။ ထို့ကြောင့်

وَمَآ أُغْنِىْ عَنْكُمْ مِّنَ اللّٰهِ مِنْ شَىْءٍ ۭ اِنِ الْحُكْمُ اِلَّا لِلّٰهِ ۭ عَلَيْهِ تَوَكَّلْتُ ۚ
وَعَلَيْهِ فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ﴿٦٧﴾

"စင်စစ်သော်ကား ငါ(၏အကြံပေးချက်)သည် အသင်တို့အဖို့ အလ္လာဟ်အရှင် မြတ်၏(အလိုတော်)နှင့် ယှဉ်ပြိုင်၍ အနည်းငယ်မျှပင် အသုံးကျမည် မဟုတ်ပေ။ အမိန့်အာဏာသည်ကား အလ္လာဟ်အရှင်မြတ်မှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်၌မျှ မရှိချေ။ စင်စစ်မူကား ယုံကြည်အားထားလွဲအပ်သူတို့သည် ထိုအလ္လာဟ်အရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်အားထား လွဲအပ်ထိုက်ပေသည်။(၆၇)"

ဟူ၍ မိန့်ထားသည်။

ယင်းကဆိုလိုသည်မှာ "မကောင်းသောအကြည့်မှအသင်တို့ကာကွယ်ပြီးဖြစ်စေရန်နှင့်အသင်တို့လိုက်နာရန် ကျွန်ုပ်ပေးထားသော အရေးကြီးသည့် သတိပေးချက်သည် အလ္လာဟ်အရှင်မြတ်၏အလိုတော်နှင့် ရည်စူးချက်ကို မလွန်ဆန် မပယ်ရှားနိုင်ကြောင်း ကျွန်ုပ်သိပေသည်။ ဤကိစ္စတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အတိုင်းသာ ဖြစ်ရပေလိမ့်မည်။ သို့သော်လည်း တစ်စုံတစ်ဦးကို ရုပ်ပိုင်းဆိုင်ရာ ဖြစ်နိုင်သည့်ကိစ္စကို ဘာလုပ်ခိုင်းခြင်းဖြစ်သည်။ ထို့

ကြောင့် ကျွန်ုပ်က ဤအကြံဉာဏ်ကိုပေးခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် ဤရုပ်ပိုင်းဆိုင်ရာအစီအမံများပေါ်တွင် ကျွန်ုပ်၏ ယုံပုံအပ်နှံမှုကိုမထားရှိဘဲ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအပေါ်တွင်သာ ကျွန်ုပ် ယုံပုံအပ်နှံပါသည်။ ထို့ပြင် လူတိုင်းအတွက် သူ (သို့မဟုတ်) သူမ၏ ယုံပုံမှုနှင့် အားကိုးမှုကို အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအပေါ် ထားရှိကာ တစ်စုံတစ်ဦး၏ ယုံပုံအပ်နှံမှုကို ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာ နည်းလမ်းများအပေါ် မည်သည့်အခါမျှ မထားရကြောင်း တာဝန်ဖြစ်ပေသည်။

စိုက်ယိဒိနာယာကုဝ်ﷺ ပြောကြားခဲ့သည့်အကြောင်းများ၏ စစ်မှန်မှုသည် ဤခရီးစဉ်တွင်လည်း အလွန်မြင်သာပေသည်။ ကံအားလျော်စွာ ဘင်ယာမင်နှအား အိမ်သို့ ချောမောစွာ ပြန်ခေါ်ခဲ့ရန်ဟူသော နည်းလမ်းများအားလုံး မအောင်မြင်ဘဲ အဂျစ်နိုင်ငံတွင် ထိန်းသိမ်းထားခံခဲ့ရသည်။ ယင်း၏ရလဒ်ကား စိုက်ယိဒိနာယာကုဝ်ﷺသည် အခြားကြီးမားသည့် တုန်လှုပ် ချောက်ချားမှု ခံစားရခဲ့ပါသည်။ သူ၏အောင်မြင်သော နည်းလမ်းကို နောက်အာယသ်ထဲတွင် ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားခဲ့ခြင်း၏ နောက်ကွယ်၌ ရည်စူးချက်တစ်ခု ရှိပေသည်။ ဤသည်က ဆိုလိုသည်မှာ ဘင်ယာမင်နှကို အိမ်သို့ ချောချောမောမော ပြန်ခေါ်ခဲ့ရန်ဟူသော အရေးကြီးသည့် ရည်ရွယ်ချက်အရဆိုလျှင် ယင်းလုပ်ဆောင်မှုသည် မအောင်မြင်ခဲ့သော်လည်း မကောင်းသောအကြည့် (သို့မဟုတ်) မနာလိုဝန်တိုမှုများမှ ၎င်းတို့ကို ကာကွယ်ခဲ့သည်ဆိုခြင်းကား အောင်မြင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤခရီးစဉ်တွင်း ယင်းသို့သော အကျိုးသက်ရောက်မှု မပေါ်ပေါက်ခဲ့ချေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ အစီအမံတွင်ရှိသော မမြင်နိုင်စွမ်းသည့် အဖြစ်အပျက်ဆိုသည့်အချက်ကိုမူ စိုက်ယိဒိနာယာကုဝ်ﷺသတိမပြုမိသကဲ့သို့ ယင်းကို တားဆီးရန်လည်း ဘာမျှမလုပ်နိုင်ခဲ့ချေ။ မည်သို့ပင်ဆိုစေကာမူ ဤမြင်နိုင်သော မအောင်မြင်မှုရှိလင့်ကစား သူ၏ သဝတ်က်ကလ်(ယုံပုံအပ်နှံမှု)၏ ဗရကသ်(ကောင်းချီးမင်္ဂလာ)ကြောင့် ဤဒုတိယတုန်လှုပ်ချောက်ချားမှုက ပထမတုန်လှုပ်ချောက်ချားမှု၏ ဖြေဆေးဖြစ်သွားကာ သူ့သားတော်ယူစုဖ်နှင့် ဘင်ယာမင်နှစပါးစလုံး ဘေးရန်ကင်းရှင်း၍ ဂုဏ်အသရေရှိစွာ ပျော်ပျော်ရွှင်ရွှင် ပြန်လည်ဆုံစည်းမှု ဖြစ်စေခဲ့ပါသည်။

ဤအကြောင်းအရာကိုပင် နောက်လာမည့်အာယသ်ထဲ၌ ဆက်လက်ဖော်ပြထားသည်မှာ သားများသည် ဖခင်ကြီး၏ ညွှန်ကြားချက်များကို လိုက်နာကာ မြို့တွင်းသို့ ဂိတ်အသီးသီးမှ ဝင်ရောက်ခဲ့ပါသည်။ ၎င်းတို့ ထိုသို့ လုပ်ခဲ့ခြင်းသည် ဖခင်၏ဆန္ဒ ဖြည့်ဆည်းပြီးဖြစ်သော်လည်း ဖခင်ကြီး၏ ဤလုပ်ဆောင်ချက်မှာ အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားပြီးဖြစ်သည့် အန္တရာယ်များမှ မရှောင်ဖယ်နိုင်ပါ။ သို့သော်လည်း စိုက်ယိဒိနာယာကုဝ်ﷺက သားများအပေါ် ထားရှိသော ဖခင်၏မေတ္တာနှင့် စိုးရိမ်ပူပန်မှုကို ဤလုပ်ရပ်က ၎င်း၏ နှလုံးသားတွင် ကျေနပ်နှစ်သိမ့်စေခဲ့သည်။

အာယသ်တော်အဆုံးသတ်ကာနီးတွင် စိုက်ယိဒိနာယာကုဝ်ﷺအား အောက်ပါစကားလုံးများ وَإِنَّهُۥ لَذُو عِلۡمٖ لِّمَا عَلَّمۡنَٰهُ وَلَٰكِنَّ أَكۡثَرَ ٱلنَّاسِ لَا يَعۡلَمُونَ "စင်စစ်တမူကား ဇကန်မလွဲ ထိုယာကုဝ်သည် ငါအရှင်မြတ်က ၎င်းအား ပညာသင်ကြားပို့ချတော်မူခဲ့သောကြောင့် ပညာရှင်တစ်ဦး အမှန်ပင်ဖြစ်ခဲ့ပေသည်။ သို့ရာတွင် လူသားတို့အနက် အများစုမှာမူ မသိနားမလည်ကြချေ(၆၈)" ဖြင့် ချီးကျူးထားခဲ့သည်။ ယင်းက သူ၏အသိပညာမှာ လေ့လာဆည်းပူးခြင်းဖြင့် ရရှိထားခဲ့ခြင်းမဟုတ်ပါဟု ဆိုလိုသည်။ စာအုပ်များမှ ရသည်လည်း မဟုတ်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ တိုက်ရိုက်ပေးတော်မူသည့် လက်ဆောင်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် သူသည် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများကို အသုံးပြုခဲ့ပါသည်။ ယင်းတို့မှာ တရားဝင်ရရှိထား၍ ချီးကျူးထိုက်ပေသည်။ သို့သော်လည်း သူသည် ယင်းတို့ အပေါ်၌ လုံးဝ ယုံပုံအပ်နှပ်မှု မထားခဲ့ပါ။ သို့သော်လည်း အမှန်တရားမှာ ယင်းနောက်ကွယ်ရှိအကြောင်းကို လူအများ မသိရှိကြပါ။ ထိုကဲ့သို့ သတိမမူသောကြောင့် စိုက်ယိဒိနာယာကုဝ်ﷺသည် ဤကဲ့သို့သော နည်းလမ်းများ

အသုံးပြုခြင်းသည် တမန်တော်တစ်ပါး၏အဆင့်အတန်းနှင့် လိုက်လျောညီထွေမှုမရှိဟူသော သံသယစိတ်များ ဝင်နိုင်ပေသည်။

ပထမစကားလုံး علم (အိလ်မ်-ပညာ)ဆိုသည်မှာ အိလ်မ်(အသိပညာ)က ညွှန်ကြားသည်များနှင့်အညီ လုပ်ဆောင်ကြောင်း ဋီကာရှင်အချို့က ပြောကြသည်။ ဤစာပိုဒ် အဓိပ္ပာယ်ပြန်ဆိုမှုသည် "သူသည် ငါအရှင်မြတ် သူ့အား ပေးသနားထားတော်မူသည့် အသိပညာတို့နှင့်အညီ လုပ်ဆောင်သောလူသား"ဟူ၍ ဖြစ်လိမ့်မည်။ ထို့ကြောင့် သူသည် ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများပေါ်တွင် ယုံပုံအပ်နှံမှုကိုမထားရှိဘဲ စင်စစ် ၎င်းသည် အလ္လာဟ်အရှင်တစ်ပါးတည်းကိုသာ အားကိုး၍ ယုံပုံအပ်နှံခဲ့သည်။

ဤနေရာမှ ရှေ့ဆက်သော် အာယသ် ၆၉ထဲတွင် -

وَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى اِلَيْهِ اَخَاهُ قَالَ اِنِّيْٓ اَنَا اَخُوْكَ فَلَا تَبْتَىِٕسْ بِمَا كَانُوْا يَعْمَلُوْنَ ﴿٦٩﴾

"တစ်ဖန် ၎င်းတို့သည် ယူစုဖ်၏ထံ ဝင်ရောက်ခဲ့ကြသောအခါ ထိုယူစုဖ်သည် မိမိညီတော်အား မိမိထံတွင် နေရာထိုင်ခင်းပေးခဲ့လေသည်။ (ထို့နောက်) ယင်းယူစုဖ်က ဇကာစင်စစ် ငါသည် အသင်၏နောင်တော် (ယူစုဖ်)ပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ပြုလုပ်ခဲ့ကြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိတ်ဒုက္ခမဖြစ်ပါလေနှင့်ဟုပြောဆို (နှစ်သိမ့်စေ)စေခဲ့လေသတည်း။ (၆၉)"

ဟူ၍မိန့်ထားသည်။

သဖိစီရ်ပညာရှင် ကသာဒဟ်၏ အဆိုအရ စိုက်ယိဒိနာယူစုဖ်ﷺ ပြုလုပ်ခဲ့သည့် အစီအမံမှာ ညီအစ်ကိုနှစ်ယောက်ကို အခန်းတစ်ခန်းထဲတွင်နေထိုင်စေရန် နေရာချထားပေးခဲ့သည်။ ဤသည်က ဘင်ယာမင်ကို တစ်ဦးတည်း သီးသန့်ဖြစ်စေခဲ့သည်။ သူ့အားစိုက်ယိဒိနာယူစုဖ်ﷺနှင့်အတူနေစေရန် ပြောခဲ့သည်။ သူနှင့်သီးသန့်တစ်ဦးတည်း ရှိနေသောအခါတွင် စိုက်ယိဒိနာယူစုဖ်ﷺက သူ၏သရုပ်မှန်ကို ညီငယ်အားထုတ်ဖော်ပြောပြကာ သူမှာ ညီငယ် ဘင်ယာမင်နှ၏အစ်ကိုရင်း ယူစုဖ်ဖြစ်ကြောင်း ပြောခဲ့သည်။ သူအစ်ကိုများက သူ့အား ယခုချိန်ထိတိုင် ပြုလုပ်ခဲ့သည်များကို မစိုးရိမ်ရန် ပြောဆို၍ နှစ်သိမ့်ခဲ့သည်။

ဥပဒေများနှင့်လမ်းညွှန်မှုအချက်အလက်များ

အာယသ် ၆၇ နှင့် ၆၈မှ အဓိန့်ပညတ်ချက်အချို့နှင့် ဥပဒေသအချို့ ပေါ်ထွက်ခဲ့သည်။

၁။ မကောင်းသော အကြည့်၏အကျိုးသက်ရောက်မှုဆိုသည်မှာ မှန်ကန်သည်။ ယင်းမှ ကင်းဝေးစေအောင် နေထိုင်ရန်မှာ အန္တရာယ်ရှိသော အစားအစာများနှင့် အပြုအမူများမှ တစ်စုံတစ်ဦး ကြိုးစား၍ ရှောင်ကြဉ်ခြင်းနှင့်အလားတူဖြစ်၍ ယင်းလုပ်ရပ်ကို ရှရီအသ်တရားတော်တွင် ခွင့်ပြုသည်။ ထို့ပြင် ဤသည်မှာ ပြုသင့်သော အရာဖြစ်သည်။

၂။ လူများ မနာလိုမရှုဆိတ်ဖြစ်စေခြင်းမှ ရှောင်ရှားရန် တစ်စုံတစ်ဦးတွင်ရှိနိုင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အထူးကောင်းချီးများ နှင့် အရည်အချင်းများ ဖုံးကွယ်ထားခြင်းသည် မှန်ကန်သည်။

၃။ အန္တရာယ်ရှိသော အကျိုးသက်ရောက်မှုများမှ ကင်းဝေးစေရန် ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာနည်းလမ်းများ အသုံးပြုခြင်းသည် သဝတ်ကာလ(အလ္လာဟ်အရှင်မြတ်ပေါ် ယုံပုံအပ်နှံခြင်း)နှင့် မဆန့်ကျင်သကဲ့သို့ တမန်တော်တစ်ပါး၏ အခြေအနေနှင့်လည်း မဆန့်ကျင်ချေ။

၄။ အကယ်၍ တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးအပေါ် အန္တရာယ်(သို့မဟုတ်) ထိခိုက်နာကျင်စေမှု ကျရောက်တော့မည် ဖြစ်ကြောင်း သိရှိခဲ့လျှင် ၎င်းသူအား အန္တရာယ်အကြောင်းအသိပေး၍ ယင်းမှမည်သို့ ရှောင်ကွင်းနိုင်ကြောင်း

အကြံပြုနိုင်သည်။ စိုက်ယိဒိနာယာကုဗ်ﷺသည် ယင်းကဲ့သို့ပင် လုပ်ဆောင်ခဲ့သည်။

၅။ တစ်စုံတစ်ဦးက အခြားသူတစ်ဦးတွင် သာလွန်ကောင်းမွန်မှုနှင့် ကောင်းချီးများရှိနေကြောင်း တွေ့ရလျှင် ၎င်း၏ မကောင်းသောအကြည့်က ထိုသူကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ကြည့်ရှုသူက မြင်တွေ့ပြီးနောက် بَارَكَ اللّٰه (ဘာရကလ်လာဟ်) "အလ္လာဟ်အရှင်မြတ် ကောင်းချီးပေးတော်မူပါစေ" သို့မဟုတ် مَاشَاءَ اللّٰه (မာရှာ အလ္လာဟ်)"အလ္လာဟ်အရှင့်အလိုတော်ရှိသည့်အတိုင်း"ဟူ၍ပြောဆိုခြင်းမှာ(ဝါဂျိစ်ဗ်)မပြုမနေရတာဝန်ဖြစ်သည်။ သို့မှသာ ထိုသူအပေါ်ကျရောက်နိုင်သည့် မည်သည့်အန္တရာယ်မျိုးမဆို ကင်းဝေး ပေလိမ့်မည်။

၆။ မကောင်းသောအကြည့်မှ ကင်းဝေးစေရန် အလို့ငှာဖြစ်နိုင်သည့် နည်းလမ်းစုံ အသုံးပြုခြင်း ခွင့်ပြုသည်။ ယင်း နည်းလမ်းများအနက်တစ်ခုမှာ ဒိုအာ(ဆုတောင်းခြင်း)ဖြင့်သော်လည်းကောင်း၊ သအ်ဝိဇ်(အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်ပေးမှု ရှာကြံသည့် အရေးအသားနှင့် စကားလုံး)ဖြင့် ကုသနိုင်သည်။ ယင်းသို့ပင် တမန်တော်မြတ်ﷺက စိုက်ယိဒိနာ ဂျအ်ဖာရ် အိဗနိ အဗိသွာလိဗ်၏ သားနှစ်ယောက်၏ အားအင်ချည့်နဲ့မှုကို မြင်သောအခါတွင် သာဝိဇ် စသည်တို့ဖြင့် ကုသမှုခံယူရန် ခွင့်ပြုခဲ့သည်။

၇။ အသိဉာဏ်ကြွယ်သော မုစ်လင်မ်တစ်ဦး၏ သူလုပ်ဆောင်သမျှအတွက် စံပြချည်းကပ်နည်းမှာ အလ္လာဟ် အရှင်မြတ်ပေါ်တွင် ၎င်း၏စိမ့်မှန်သော ယုံပုံအပ်နှံမှု မုချထားရှိခြင်းဖြင့် စတင်၍ ပြုလုပ်ရမည်။ သို့ရာတွင် တစ်ချိန်တည်း၌ ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုများကို လျစ်လျူရှုမှုမပြုသင့်ချေ။ သူ၏ရည်ရွယ်ချက်ရရန် ခွင့်ပြုချက်ရှိသော မည်သည့် နည်းလမ်းမဆို စုစည်းကာ ယင်းတို့ကို အကုန်အသုံးချပါ။ စိုက်ယိဒိနာယာကုဗ်ﷺသည် ယင်းသို့ပင် လုပ်ဆောင်ခဲ့သည်။ ထို့ပြင် တမန်တော်မြတ်ﷺကလည်း ကျွန်ုပ်တို့ကို ထိုသို့လုပ်ဆောင်ရန် သင်ကြားပြသခဲ့သည်။ ကဝိစာဆိုတော် ရှမီက တမန်တော်၏ ဤသင်ကြားချက်ကို بر توكّل زانوئے اشتر بہ "ကုလားအုတ်ခြေထောက်ကို လည်း ကြိုးချည်ထားပါ။ ထို့နောက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ယုံပုံအပ်နှံပါ" ဟူ၍ ကဗျာဖွဲ့ဆိုခဲ့သည်။ ဤသည်မှာ တမန်တော်များက ၎င်းတို့၏ယုံပုံအပ်နှံမှုကို အလ္လာဟ်အရှင်မြတ်အပေါ် ထားရှိခဲ့သည်။ ထို့ပြင် ဤသည်မှာ ကျွန်ုပ်တို့ ရစူလ်တမန်တော်ﷺ၏ မြင့်မြတ်သောလမ်းစဉ်ဖြစ်သည်။

၈။ ဤနေရာ၌ မေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺသည် သူ၏ညီငယ်ကို ခေါ်ဆောင်လာစေရန် ပြုလုပ်ခဲ့ရုံမျှမက ယင်းသို့ဖြစ်မြောက်ရန် အတင်းပင် စီစဉ်လုပ်ဆောင်ခဲ့သည်။ ၎င်းနောက် ညီငယ်ရောက်လာခဲ့သောအခါ သူ၏သရုပ်မှန်ကို ညီငယ်အား ဖော်ထုတ်ပြသခဲ့သည်။ သို့သော်လည်း အီဂျစ်နိုင်ငံတွင် သူရှိစဉ် သူဖခင်အားခေါ်ရန် မစဉ်းစားခဲ့သကဲ့သို့ သူကောင်းစားနေကြောင်း ဖခင်အား အသိပေးရန် မည်သည်မျှ မလုပ်ဆောင်ခဲ့ချေ။ ဤအကြောင်းမှာ အစောပိုင်း ဖော်ပြထားသကဲ့သို့ပင်ဖြစ်သည်။ ထိုနှစ်ပေါင်းလေးဆယ်အတွင်း သူအကြောင်းကို ဖခင်ထံသို့ သတင်းစကားတစ်ခု ပို့ပေးနိုင်သောအခွင့်အလမ်း မြောက်မြားစွာရှိခဲ့သည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိချေ။ သို့သော်လည်း ဤကိစ္စတွင် ဖြစ်ပျက်ခဲ့သမျှသည် အလ္လာဟ်အရှင်မြတ်ထံမှ ဝဟီဖြင့် ပို့ချပေးတော်မူသော အလ္လာဟ်အရှင်မြတ်၏ စီရင်ဆုံးဖြတ်ချက်သာ ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် သူအကြောင်းကို ဖခင်ထံပြောကြားရန် အခွင့်မပေးအပ်ခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် စိုက်ယိဒိနာယာကုဗ်ﷺအား သူ၏သား ဘင်ယာမင်နှင့် ခွဲခွာခြင်းဖြင့် ထပ်မံ၍ စမ်းသပ်ရန် လိုသေးသောကြောင့်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဤအစီအမံ ပြီးပြည့်စုံစေရန် ဤအခြေအနေအားလုံး ပေါ်ပေါက်စေရခြင်းဖြစ်သည်။

အာယသ် (၇၀-၇၆)

فَلَمَّا جَهَّزَهُمْ بِجَهَازِهِمْ جَعَلَ السِّقَايَةَ فِيْ رَحْلِ اَخِيْهِ ثُمَّ اَذَّنَ مُؤَذِّنٌ
اَيَّتُهَا الْعِيْرُ اِنَّكُمْ لَسٰرِقُوْنَ ﴿٧٠﴾ قَالُوْا وَ اَقْبَلُوْا عَلَيْهِمْ مَّا ذَا تَفْقِدُوْنَ
﴿٧١﴾ قَالُوْا نَفْقِدُ صُوَاعَ الْمَلِكِ وَ لِمَنْ جَآءَ بِهٖ حِمْلُ بَعِيْرٍ وَّ اَنَا بِهٖ زَعِيْمٌ
﴿٧٢﴾ قَالُوْا تَاللّٰهِ لَقَدْ عَلِمْتُمْ مَّا جِئْنَا لِنُفْسِدَ فِي الْاَرْضِ وَ مَا كُنَّا
سٰرِقِيْنَ ﴿٧٣﴾ قَالُوْا فَمَا جَزَآؤُهٗۤ اِنْ كُنْتُمْ كٰذِبِيْنَ ﴿٧٤﴾ قَالُوْا جَزَآؤُهٗ مَنْ وُّجِدَ
فِيْ رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِي الظّٰلِمِيْنَ ﴿٧٥﴾ فَبَدَاَ بِاَوْعِيَتِهِمْ قَبْلَ
وِعَآءِ اَخِيْهِ ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِيْهِ ؕ كَذٰلِكَ كِدْنَا لِيُوْسُفَ ؕ مَا
كَانَ لِيَاْخُذَ اَخَاهُ فِيْ دِيْنِ الْمَلِكِ اِلَّاۤ اَنْ يَّشَآءَ اللّٰهُ ؕ نَرْفَعُ دَرَجٰتٍ مَّنْ
نَّشَآءُ ؕ وَ فَوْقَ كُلِّ ذِيْ عِلْمٍ عَلِيْمٌ ﴿٧٦﴾

ထို့နောက် ထိုယူစုဖ်သည် ၎င်းတို့အဖို့ စီမံအပ်သည်တို့ကို အဆင်သင့်ဖြစ်အောင် စီမံ၍ ပေးခဲ့ပြီးသောအခါ ရေဖလားကို မိမိညီတော်၏ခရီးဆောင် ပစ္စည်းထဲတွင် ထည့်လိုက်လေသည်။ ထို့နောက် ကြေညာသူတစ်ဦးက "အို-ခရီးသည်စု၊ ဧကန်မလွဲ အသင်တို့သည် ခိုးသားများပင် ဖြစ်ကြကုန်သည်" ဟု ကြေညာ(မောင်းခတ်)ခဲ့လေသည်။[၇၀] (ထိုအခါ) ယင်းနောင်တော်များသည် ထိုကြေညာသူနှင့် အပေါင်းတို့ဘက်သို့ မျက်နှာလှည့်ကာ အသင်တို့သည် မည်သည့်အရာ ပျောက်ဆုံးနေပါသနည်းဟု (ပြန်လည်) ပြောဆို မေးမြန်းခဲ့ကြလေသည်။[၇၁] ထိုကြေညာသူတို့က (ဤသို့) ပြောဆိုခဲ့ကြလေ၏။ ကျွန်ုပ်တို့ ဘုရင်မင်းမြတ်၏ ပမာဏခြင်ခွက်(ဖလား)ကို ပျောက်ဆုံးနေပါသည်ဟု ပြောဆိုခဲ့ကြလေသည်။ မည်သူမဆို ထိုခြင်ခွက်ပမာဏကို (ရှာဖွေ)ယူဆောင်ခဲ့ပါလျှင် ၎င်း၏အဖို့ ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)သည် ရှိအံ့။ ထိုပြင် ဤသည်နှင့်စပ်လျဉ်း၍ ကျွန်ုပ်သည် အာမခံသူ ဖြစ်သည်။[၇၂]

(ထိုအခါ) ၎င်းတို့က (ဤသို့) ပြောဆိုဖြေကြား ခဲ့ကြလေသည်။ အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ပြောအံ့။ ကျွန်ုပ်တို့သည် တိုင်းပြည်တွင် ဆူပူသောင်းကျန်ရန်အတွက် လာခဲ့ကြသည်မဟုတ်ကြောင်း၊ ထို့ပြင် ကျွန်ုပ်တို့သည် ခိုးသားများလည်းမဟုတ်ကြောင်း၊ အသင်တို့သည် ကောင်းစွာ သိရှိခဲ့ကြပြီး ဖြစ်ကုန်၏။[၇၃]

ယင်းကြေညာသူတို့က သို့ဖြစ်လျှင် အကယ်၍ အသင်တို့သည် မုသာဝါဒီ များဖြစ်ခဲ့ကြသော် ထို(ခိုးသား)၏ပြစ်ဒဏ်သည် မည်သို့ဖြစ်ပါမည်နည်းဟု ပြောဆို(မေးမြန်း)ခဲ့ကြလေ၏။[၇၄] ၎င်းတို့က (ဤသို့) ပြောကြားခဲ့ကြလေသည်။ အကြင်သူ သည် ထိုသူ၏ခရီးဆောင်ပစ္စည်းတွင် ယင်းခြင်ခွက် (ရေဖလား)သည် တွေ့ရှိခဲ့သော် ထိုသူသည်ပင် မိမိ၏အစားဖြစ်ပေမည်။ ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပင် ပြစ်မှု ကျူးလွန်သူတို့အား

အစားပေးလေ့ရှိကြကုန်၏။[၇၅]

ထို့နောက် ယင်းယူစုဖ်သည် မိမိညီတော်၏ အိတ်(ကိုရှာဖွေခြင်း)မပြုမီအလျင် ထို နောင်တော်များ၏ အိတ်များကို စတင် (ရှာဖွေ)ခဲ့လေသည်။ ထို့နောက် ယင်းယူစုဖ်သည် ထိုပမာဏကို မိမိညီတော်၏ အိတ်ထဲမှ ထုတ်ဆောင်ခဲ့လေ၏။ ဤအတိုင်းပင် ငါအရှင် မြတ်သည် ယူစုဖ်၏အကျိုးငှာ ကြံစည်တော်မူခဲ့လေ၏။ (အမှန်စင်စစ်မှာမူကား) ထို ယူစုဖ်သည် မိမိညီတော်အား (အီဂျစ်)ဘုရင်၏ စည်းမျဉ်းဥပဒေအရ ခေါ်ယူထားနိုင်သည် မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် (ဤအတိုင်းပင်) အလိုရှိတော်မူ၏။ ငါအရှင်မြတ်သည် မိမိအလိုရှိတော် မူသောသူအား အဆင့်အတန်းများစွာ မြှင့်တင်၍ ပေးတော်မူ၏။ အမှန်သော်ကား ပညာရှင်တိုင်း၏ထက်ဝယ် (ဂုဏ်ထက်) အလွန်တတ် မြောက်သော ပညာရှင်တစ်ပါးသည် ရှိ ရ၏သတည်း။[၇၆]

အကျယ်ဖွင့်ဆိုခြင်း

လက်ရှိအာယသ်များထဲ၌ သူ၏ညီအရင်း ဗင်္ကယာမိန်အား သူနှင့်အတူ နေထိုင်စေရန်အတွက် စိုက်ယိဒိနာ ယူစုဖ်ﷺက မည်ကဲ့သို့စီမံခဲ့သည်ကို ဖော်ပြထားပါသည်။ ညီအစ်ကိုများအား ဥပဒေများနှင့်အညီ ကောက်ပဲသီးနှံများ ပေးခဲ့ပါသည်။ ညီအစ်ကို တစ်ဦးစီအတွက် ကောက်ပဲသီးနှံကို အမည်တပ်ကာ သူတို့စီးနင်းမည့် ကုလားအုတ်ပေါ်သို့ အသီးသီး တင်မောင်းစေခဲ့ပါသည်။

ဗင်္ကယာမင် စီးနင်းမည့်ကုလားအုတ်ပေါ်သို့ သူ့အတွက် ကောက်ပဲသီးနှံအိတ်ထဲ၌ ခြင်္ကွက်မြုပ်နှံကာ တင်စေ ခဲ့ပါသည်။ ဤခြင်္ကွက်အား တစ်နေရာ၌ سِقَايَة (စေ့ကာယာဟ်)ဟုခေါ်ဆိုပြီး အခြားတစ်နေရာ၌ صُوَاعَ الْمَلِكِ (စို့ဝါအလ် မာလစ်က်) ဟုခေါ်ဆိုပါသည်။ سِقَايَة စေ့ကာယာဟ်ဟူသောစကားလုံးက သောက်ရေခပ်ရာတွင် အသုံး ပြုသော ခွက်ဟုဆိုလိုကာ صُوَاع စို့ဝါလည်း အလားတူ အသုံးအဆောင်ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ထို صُوَاع (စို့ဝါ) الْمَلِكِ (မာလစ်က်) သို့မဟုတ် ဘုရင်ဆိုသည်နှင့် အမွှမ်းတင်ထားသောကြောင့် ထိုခွက်တွင် အထူးတန်ဖိုး (သို့မဟုတ်) အနေအထားဟူသော အရည်အသွေး ထပ်ဆောင်းထားပါသည်။ အချို့သော ဆင့်ပြန်ချက်များအရ ထိုခွက်အား ကျောက်စိမ်းနှင့် အလားသဏ္ဌာန်တူသော အဖိုးတန်ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားပါသည်။ အခြားသူများက ပြောကြားသည်မှာ၊ ယင်းသည် ရွှေ သို့မဟုတ် ငွေဖြင့်ပြုလုပ်ထားသည်ဟု ပြောကြပါသည်။ သို့သော်လည်း ဗင်္ကယာမိန်၏အိတ်ထဲ၌ ဝှက်ထားသောဤခွက်သည် အတော်အတန် အဖိုးထိုက်တန်ရုံသာမက အီဂျစ်ဘုရင်နှင့်လည်း အထူးဆက်စပ်မှုများ ရှိနေပါသည်။ ယင်းခွက်သည် ဘုရင်ကိုယ်တိုင်သုံးစွဲသော ခွက်ဖြစ်နိုင်သလို ကောက်ပဲသီးနှံများ ချိန်တွယ်ရာ၌ အသုံးပြုသောခွက်အဖြစ် ကြေညာထားခြင်းခံရသော ခွက်လည်းဖြစ်နိုင်ပါသည်။

အာယသ်တော်(၇၀)၏ဒုတိယဝါကျထဲ၌-

ثُمَّ أَذَّنَ مُؤَذِّنٌ أَيَّتُهَا الْعِيرُ إِنَّكُمْ لَسَارِقُونَ

"ထို့နောက် ကြေညာသူတစ်ဦးက အို-ခရီးသည်စု၊ ဇကန်မလွဲ အသင်တို့သည် ခိုးသား များပင် ဖြစ်ကြကုန်သည်" ဟု ကြေညာ (ဟစ်အော်)ခဲ့လေသည်ဟူ၍ ဖြစ်သည်။

ဤနေရာပါ ثُمَّ (ဆွန်မ်)- "ထို့နောက်"ဟု ဘာသာပြန်ဆိုထားသည့် စကားလုံးအရ ဤအများနှင့်ဆိုင်သော ကြေညာချက်သည် ချက်ချင်းကြေညာခဲ့သည်မဟုတ်ကြောင်း ပြသပါသည်။ ခရီးသွားယဉ်တန်း ထွက်ခွာသွားစေနိုင်

သည့် အချိန်ကာလတစ်ခု ဆိုင်းငံ့ထားပါသည်။ ယာဉ်တန်းထွက်ခွာသွားပြီးသည့်နောက်မှ ကြေညာချက် ပြုလုပ်ရခြင်းသည် မည်သူတစ်ဦးတစ်ဦးဦးကမျှ လုပ်ကြံမှုဖြစ်သည်ဟု မပြောဆိုနိုင်ရန်ဖြစ်သည်။ အဆုံး၌ ဤကြေညာသူက စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများ၏ ယာဉ်တန်းအား ခိုးသူများဟု ဖော်ထုတ်ခဲ့ပါသည်။

အာယသ် (၇၁) ထဲ၌ စွပ်စွဲခံရသူတို့၏ တုံ့ပြန်ချက် قَالُوْا وَاَقْبَلُوْا عَلَيْهِمْ مَّاذَا تَفْقِدُوْنَ ကို ဖော်ပြထားသည်။ ယင်းကဆိုလိုသည်မှာ၊ စိုက်ယိဒိနာယူစုဖ် ﷺ၏အစ်ကိုများသည်၊ ကြေညာသူဘက်သို့ လှည့်ကာ သူတို့အား ခိုးသူများဟုပြောကြားခြင်းကို ကန့်ကွက်သည့်အနေဖြင့် အသင် ပျောက်ဆုံးသည့်အရာသည် အဘယ်အရာနည်း ဟု မေးမြန်းခဲ့ပါသည်။ ကြေညာသူ၏ ဖြေကြားချက်မှာ-

قَالُوْا نَفْقِدُ صُوَاعَ الْمَلِكِ وَلِمَنْ جَآءَ بِهٖ حِمْلُ بَعِيْرٍ وَّاَنَا بِهٖ زَعِيْمٌ

ထိုကြေညာသူတို့က (ဤသို့)ပြောဆိုခဲ့ကြလေ၏။ ကျွန်ုပ်တို့ ဘုရင်မင်းမြတ်၏ ပမာဏခြင်ခွက်(ဖလား)ကို ပျောက်ဆုံးနေပါသည်ဟု ပြောဆိုခဲ့ကြလေသည်။ မည်သူမဆို ထိုခြင်ခွက် ပမာဏကို(ရှာဖွေ)ယူဆောင်ခဲ့ပါလျှင် ၎င်းအဖို့ ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)သည်ရှိအံ့။ ထို့ပြင် ဤသည်နှင့်စပ်လျဉ်း၍ ကျွန်ုပ်သည် အာမခံသူဖြစ်သည်”

ဟူ၍ ဖြစ်သည်။

ဤနေရာ၌ မေးခွန်းတစ်ခုပေါ်ထွက်လာသည်မှာ အဘယ့်ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺသည် ဗင်နယာမီန်အား သူနှင့်အတူတကွ ရှိစေရန်အတွက် ဆိုင်းငံ့ထားမှုပြုလုပ်နိုင်စေရန် ဤကဲ့သို့သော အလုပ်ကို ရွေးချယ်ခဲ့ရပါသနည်း။ အထူးသဖြင့် သူနှင့် သူဖခင်ကြီးတို့ခွဲခွာရစဉ်က သူဖခင်ကြီး အလွန်အထိတ်တလန့်ဖြစ်ခဲ့ရသည်ဆိုကြောင်း သူသိရှိခဲ့ရပြီး ဖြစ်ပါသည်။ သို့ဆိုပါလျှင် သူ၏ညီငယ်အား ထိန်းသိမ်းထားခြင်းအားဖြင့် သူ၏ဖခင်တွင် နောက်ထပ် အထိတ်တလန့်ဖြစ်မှုတစ်ခု ဖြစ်ပါက ထိုဖခင်ကြီး မည်ကဲ့သို့ ခံနိုင်အံ့ပါမည်နည်း။

ဤနေရာ၌ နောက်ထပ်ပေါ်ထွက်လာသော မေးခွန်းတစ်ခုကား ပို၍ပင်အရေးကြီးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စရပ်တွင် သူ၏အပြစ်မဲ့သောအစ်ကိုများအား ၎င်းတို့၏အထုပ်အပိုးထဲ၌ တစ်စုံတစ်ရာကို လျှို့ဝှက်စွာထည့်ထားခဲ့ပြီး ၎င်းတို့အား ခိုးသူများဟု စွပ်စွဲခြင်းဖြင့် နောင်တွင် ထိုသူများ အရှက်ရစေသည့် ကိစ္စရပ်များ ပါဝင်ပါသည်။ ဤကိစ္စရပ်များသည် ခွင့်မပြုနိုင်သောလုပ်ရပ်များ ဖြစ်ပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါး ဖြစ်ပါသည်။ သူဤကိစ္စရပ်များကို မည်ကဲ့သို့ လုပ်ဆောင်ခဲ့သည်ဆိုကြောင်း မြင်သာအောင် ပြုလုပ်ရန် အလွန်ခက်ခဲပါသည်။

အလ်ကုရ်တွဂ်ဇီနှင့် အခြားသော ဋီကာရှင်များက ဖော်ပြသည်မှာ ဗင်နယာမီန်က စိုက်ယိဒိနာယူစုဖ်ﷺအား မှတ်မိသွားသောအခါ၌ သူသည် စိတ်ချမ်းသာသွားကာ အစ်ကိုများနှင့်အတူ မထည့်လိုက်ပါရန် စိုက်ယိဒိနာယူစုဖ် ﷺအား မေတ္တာရပ်ခံပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺနှင့်အတူ နေထိုင်ခွင့်ရစေရန်အတွက် သူက စိုက်ယိဒိနာယူစုဖ်ﷺအား အသနားခံခဲ့သည်။ အစပထမ၌ စိုက်ယိဒိနာယူစုဖ်ﷺက ဗင်နယာမီန်သည် ကျန်ရစ်နေခဲ့ပါက သူဖခင်တွင် အထိတ်တလန့်ဖြစ်မှုတစ်ခုခု ဖြစ်သွားလိမ့်မည်ဟု အကြောင်းပြပါသည်။ ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺတွင် သူညီနှင့် အတူတကွ နေထိုင်နိုင်ရန် အခြားနည်းလမ်းမရှိသောကြောင့်သူ့အားခိုးမှုဖြင့် စွဲချက်တင်ကာ ဖမ်းဆီးခြင်းသည်သာ သူနှင့်အတူ နေထိုင်စေနိုင်ပါမည်။ ဗင်နယာမီန်က သူ၏အစ်ကိုများ၏ လုပ်နည်းကိုင်နည်းများအား အလွန်စက်ဆုပ်ရွံရှာသောကြောင့် ဤကဲ့သို့ လုပ်ဆောင်ရန် သူ အဆင်သင့်ဖြစ်ပါတော့သည်။

သို့ရာတွင် ဤအဖြစ်အပျက်များ မှန်ကန်ပါသည်ဟု ယူဆခဲ့လျှင်သော်မှ သူ၏ဖခင်ကြီး အသည်းကွဲသွားစေမှု၊ သူ့အစ်ကိုများအား ခိုးသူများဟု စွပ်စွဲကာ အရှက်ရစေမှုတို့ကို ဗင်နှယာမိန် စိတ်ပျော်စေရန်အတွက် သက်သက် လုပ်ခြင်းကို ခွင့်မပြုပါ။ အချို့သော ဋီကာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြသည်မှာ ၎င်းတို့အပေါ်၌ ခိုးမှုများဟု ကြေညာသူက စွပ်စွဲခြင်းသည် စိုက်ယိဒိနာယူစုဖ် ﷺအား အသိပေးခြင်းသော်လည်းကောင်း၊ ခွင့်ပြုချက်ရယူခြင်းသော် လည်းကောင်း မရှိဆိုသည်မှာ မခိုင်လုံပါ။ ဤပြောဆိုချက်တွင် မည်သည့်သက်သေပြချက်မျှလည်းမရှိပါ၊ ၎င်းနောက် အဖြစ်အပျက်များ၏ အသေးစိတ်အရ မဆီလျော်ပါ။ အခြားသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကလည်း အလားတူပင် ဖြစ်ပါသည်။ ယင်းထဲ၌ အစ်ကိုများသည် ၎င်းတို့၏ ဖခင်ထံမှ စိုက်ယိဒိနာယူစုဖ်ﷺအား ခိုးယူခဲ့ကာ ရောင်းစားခဲ့ခြင်း ကြောင့် ၎င်းတို့အား သူခိုးများဟု ဖော်ပြထားပါသည်။ ဤသည်ကလည်း စိတ်ကြိုက်ရှင်းလင်းချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤမေးခွန်းများအတွက် မှန်ကန်သောအဖြေကို အလ်ကုရ်တွဲဗီနှင့် မဇ်ဟရီတို့က ဖြေကြားထားပါသည်။ ၎င်းတို့က ပြောသည်မှာ ဤကိစ္စနှင့်ပတ်သက်၍ ပြောဆိုသမျှ လုပ်ဆောင်သမျှတို့သည်၊ ဗင်နှယာမိန်ဆန္ဒ၏ ရလဒ် မဟုတ်သကဲ့သို့ စိုက်ယိဒိနာယူစုဖ်ﷺ ကိုယ်တိုင် လုပ်ဆောင်သည်များလည်း မဟုတ်ပါ။ ထိုသို့ မဟုတ်မူဘဲ ဤအဖြစ်အပျက်များအားလုံးတို့သည် အလ္လာဟ်အရှင်၏ အဆုံးအစမရှိသော ဟစ်မသ်ဉာဏ်တော်အား ရှင်းလင်းစွာ ပြသတော်မူခြင်း ဖြစ်သည်။ ထိုအရှင်၏အမိန့်အရ ထိုကိစ္စရပ်များသည် ပြီးမြောက်စွာ ဖြစ်ပျက်စေပြီး စိုက်ယိဒိနာယာကုဗ်ﷺအား စမ်းသပ်သည့်နည်းလမ်း ဖြစ်သွားပါတော့သည်။ ဤအဖြေဆီသို့ ရောက်စေသည့် အညွှန်းတစ်ခုအား ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်(၇၆)ထဲ၌ "كَذَٰلِكَ كِدْنَا لِيُوسُفَ" ဤအတိုင်းပင် ငါအရှင်မြတ်သည် ယူစုဖ်၏အကျိုးငှာ ကြံစည်တော်မူခဲ့လေ၏။ (သူညီအား ဆိုင်းငံ့ထားစေရန်)။

ဤအာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်သည် ဤအကြောင်းပြချက်မှာ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်၏အစီအမံနှင့် အလွန်ရှင်းလင်းစွာ သက်ဆိုင်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် အမိန့်ပေးတော်မူသည့်အတိုင်း ဤကိစ္စအားလုံး ပုံပေါ်သွားသောအခါတွင် ယင်းကိစ္စရပ်များကို ခွင့်မပြုဟုခေါ်ခြင်းသည် အဓိပ္ပာယ်မဲ့သွားပါလိမ့်မည်။ ယင်းကိစ္စရပ်များသည် စိုက်ယိဒိနာမူဆာနှင့် အလ်ခိဿရ်ﷺတို့နှင့် ပတ်သက်သည့် အဖြစ်အပျက်ပါ ကျေတစ်စင်းကို တစ်စစီဖြုတ်ခြင်းနှင့် ကလေးငယ်ကို သတ်ခြင်း နှင့်တူပါသည်။ ဤလုပ်ရပ်များသည် ဂုနာဟ်ပြစ်မှုများဖြစ်၍ စိုက်ယိဒိနာမူစာﷺသခင်က ယင်းလုပ်ရပ်များကို ကန့်ကွက်ခဲ့ကြောင်း ထင်ရှားသည်။ သို့ရာတွင် အလ်ခဿရ်ﷺသည် ဤလုပ်ရပ်များကို သီးသန့်လက်တွေ့အကျိုးရှိခြင်းဟူသော တွေးတောဆင်ခြင်မှုအရ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်နှင့် သဘောတူညီချက်အရ လုပ်ဆောင်ခဲ့သောကြောင့် သူသည် မည်သည့် ဂုနာဟ်အပြစ်ကိုမျှ ကျူးလွန်ခဲ့သည် မဟုတ်ချေ။

အာယသ် ၇၃ ထဲတွင် "قَالُوا تَاللَّهِ لَقَدْ عَلِمْتُم مَّا جِئْنَا لِنُفْسِدَ فِي الْأَرْضِ وَمَا كُنَّا سَارِقِينَ" ဟူ၍ မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ နန်းတွင်းမှကြေညာသူသည် စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများကို ခိုးမှုဖြင့် စွပ်စွဲခဲ့သောအခါတွင် ၎င်းတို့က တိုင်းပြည်၏တာဝန်ရှိသူက ၎င်းတို့ကို သိရှိကြသည်မှာ ၎င်းတို့သည် နိုင်ငံတွင်း လာရောက်သောအခါ မည်သည့်မငြိမ်သက်မှုကိုမျှ ဖန်တီးရန်လာသူများ မဟုတ်ကြသလို သူတို့သည်လည်း သူခိုးများ မဟုတ်ကြကြောင်း ဖြစ်သည်။

အာယသ် ၇၄ ထဲတွင် "قَالُوا فَمَا جَزَاؤُهُ إِن كُنتُمْ كَاذِبِينَ" ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ နန်းတွင်းမှ အရာရှိက ၎င်းတို့ကို ပြောသည်မှာ "အကယ်၍ အသင်တို့သည် လိမ်လည်သူများဟု သက်သေပြနိုင်ခဲ့လျှင် ခိုးမှုအတွက် မည်သည့်ပြစ်ဒဏ်ခတ်မှု လုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုမည်နည်း။ ပေးသောအဖြေမှာ "جَزَاؤُهُ مَن وُجِدَ فِي

رَحْلِهٖ فَهُوَ جَزَآؤُهٗ ؕ كَذٰلِكَ نَجْزِی الظّٰلِمِیْنَ "ငင်းတို့က (ဤသို့) ပြောကြားခဲ့လေသည်။ အကြင်သူသည် ထိုသူ၏ ခရီးဆောင်ပစ္စည်းတွင် ယင်းခြင်ခွက်(ဖလားကို) တွေ့ရှိခဲ့သော် ထိုသူသည်ပင် မိမိ၏အစားဖြစ်ပေမည်။ ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့အား အစားပေးလေ့ရှိကြကုန်၏"ဟူ၍ဖြစ်သည်။

အဆိုအမိန့်၏အဓိပ္ပာယ်မှာ စိုက်ယိဒိနာယာကုပ်ﷺ၏ ရှရီအသ်အရ ခိုးမှုအတွက် ပြစ်ဒဏ်ခတ်မှုမှာ ပစ္စည်းရှင်က ခိုးသူကို ကျွန်အဖြစ် သိမ်းပိုက်နိုင်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။ ထိုကြောင့် နိုင်ငံအရာရှိများသည် ဘင်ယာမင်နှ၏ အထုပ်ထဲမှ ခိုးယူသော ပစ္စည်းရှာဖွေတွေ့ရှိပြီးနောက် ယာကုပ်ဥပဒေအရ ခိုးမှုပြစ်ဒဏ်ခတ်ရာတွင် ညီအစ်ကိုများ၏ ဆုံးဖြတ်ချက်အရ ဘင်ယာမင်နှကို စိုက်ယိဒိနာယာကုပ်ﷺအား လွှဲပြောင်းပေးရမည်ဟု ၎င်းတို့အား ပြောပြခဲ့သည်။

အာယသ် ၇၆ ထဲတွင် فَبَدَاَ بِاَوْعِیَتِهِمْ قَبْلَ وِعَآءِ اَخِیْهِ ဟု မိန့်ထားခြင်းက အကြံအစည် အစစ်အမှန်ကို ဖုံးကွယ်နေစေရန်အလို့ငှာ နိုင်ငံ့အရာရှိများသည် အစ်ကိုအားလုံး၏ အထုပ်အပိုးများကို ပထမဦးစွာ ရှာဖွေ စစ်ဆေးခဲ့သည်။ ဘင်ယာမင်နှ၏အထုပ်အပိုးကို မည်သည့်သံသယမှ မဖြစ်စေရန် အလျင်မရှာခဲ့ချေ။

ထို့နောက် အာယသ် ၇၆ ပါ ပထမဝါကျ ثُمَّ اسْتَخْرَجَهَا مِنْ وِّعَآءِ اَخِیْهِ အရ ဘင်ယာမင်နှ၏အိတ်ကို နောက်ဆုံးပိတ်မှဖွင့်ခဲ့ရာ ဘုရင်၏ခြင်ခွက်ကို ထိုအထဲမှတွေ့ခဲ့ရသည်။ ထိုမြင်ကွင်းက အစ်ကိုအားလုံး အရှက်ရစေပါသည်။ သူတို့ကို အရှက်ရစေ၍ ဘင်ယာမင်နှကို စတင်၍ ပြစ်တင်ပြောဆိုကြသည်။

ယင်းနောက် كَذٰلِكَ كِدْنَا لِیُوْسُفَ ؕ مَا كَانَ لِیَاْخُذَ اَخَاهُ فِیْ دِیْنِ الْمَلِكِ اِلَّاۤ اَنْ یَّشَآءَ اللّٰهُ "ဤအတိုင်းပင် ငါအရှင်မြတ်သည် ယူစုဖ်၏အကျိုးငှာ ကြံစည်တော်မူခဲ့လေ၏" ဟု မိန့်ထားသည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် အီဂျစ်ဘုရင်ဥပဒေအရဆိုလျှင် ညီတော်ကို ဖမ်းမထားနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ခိုးမှုဆိုင်ရာဥပဒေအရ ဆိုလျှင် ခိုးမှုအတွက် ခန္ဓာကိုယ်ကိုရိုက်နှက်အပြစ်ပေး၍ ခိုးယူသည့်ပစ္စည်းတန်ဖိုးနှစ်ဆကို ပေးလျော်စေကာ လွှတ်ပစ်ရပေမည်။ သို့သော်လည်း ဤနေရာ၌ စိုက်ယိဒိနာယာကုပ်ﷺ၏ ရှရီအသ်တွင် ခိုးမှုအတွက် ပြဋ္ဌာန်းထားသော ဥပဒေက အတည်ဖြစ်လျက်ရှိကြောင်း သူသိခဲ့သည်။ ဤဥပဒေအရဆိုလျှင် ဘင်ယာမင်နှကို သူနှင့်အတူ ထိန်းသိမ်းထားခြင်းသည် မှန်ကန်၍ အတည်ဖြစ်ပေသည်။ ထို့ကြောင့် အလားတူ စိုက်ယိဒိနာယူစုဖ်ﷺ၏ ဤဆန္ဒကို အလွှာဟ် အရှင်မြတ် အလိုတော်နှင့် ဟစ်က်မသ် ညာဏ်တော်အရ ခွင့်ပြုပြီးလည်း ဖြစ်သွားသည်။

အာယသ်၏ နောက်ဆုံးဝါကျထဲတွင် نَرْفَعُ دَرَجٰتٍ مَّنْ نَّشَآءُ ؕ وَ فَوْقَ كُلِّ ذِیْ عِلْمٍ عَلِیْمٌ "သို့ရာတွင် အလွှာဟ်အရှင်မြတ်သည် (ဤအတိုင်းပင်) အလိုရှိတော်မူ၏။ ငါအရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူအား အဆင့်အတန်းများစွာ မြှင့်တင်၍ပေးတော်မူ၏။ အမှန်သော်ကား ပညာရှင်တိုင်း၏ထက်ဝယ် (ငင်းထက်) အလွန်တတ်မြောက်သော ပညာရှင်တစ်ပါးသည် ရှိချေသတည်း" ဟုမိန့်ထားသည်။

ယင်းကဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် အသိပညာနှင့်ပတ်သက်လျှင် အချို့ကို အခြားသူထက်ပို၍ သာလွန်စွာ ပေးအပ်သည်။ အသိပညာမြင့်မားမှု၏ အမြင့်မားဆုံးကို ကြည့်လျှင် သူထက်ပို၍ အသိဉာဏ်ကြွယ်သူ တစ်စုံတစ်ဦး ရှိနေပါသည်။ ထိုပြင် အကယ်၍ အလွှာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုထဲမှ အကောင်းဆုံး အသိဉာဏ်ကြွယ်ဝသူထက် သာပိုသော အသိဉာဏ်ကြွယ်သူ ရှိခဲ့ပါသည်ဆိုလျှင် ယင်းသည် အလွှာဟ်အရှင်မြတ်၏ အိုလ်မ်သာလျှင် ထာဝရ အမြင့်မားဆုံးဖြစ်ပေသည်။

ဥပဒေသများနှင့်လမ်းညွှန်မှုဆိုင်ရာအချက်

လက်ရှိအာယသ်များမှ ထုတ်နုတ်ထားသည့် ပညတ်ချက်အချို့နှင့် ဥပဒေသများကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ အာယသ် ၇၂ ပါ وَلِمَنْ جَآءَ بِهِۦ حِمْلُ بَعِيرٍ "မည်သူမဆို ထိုခြင်ခွက်ပမာဏကို(ရှာဖွေ) ယူဆောင်ခဲ့ပါလျှင် ၎င်း၏အဖို့ ကုလားအုတ်တစ်စီးစာ (စားနပ်ရိက္ခာ)သည် ရှိအံ့" အဆိုအမိန့်က အထွေထွေ ကြေညာချက်ဖြစ်သည့် သီးသန့်လုပ်ရပ်တစ်ခုလုပ်သော မည်သူတစ်ဦးတစ်ယောက်တွက်မဆို သီးသန့်ဆုလာဘ် (သို့မဟုတ်) ဆုချခံရမည် ကြေညာခြင်းသည် ခိုင်လုံသည်ဟု သက်သေပြသည်။ ဤသည်မှာ ထွက်ပြေး တိမ်းရှောင်နေသော တရားခံကို ဖမ်းဆီးပေးခြင်း(သို့မဟုတ်) ပျောက်ဆုံးသည့် ပစ္စည်းတွေ့လျှင် ပြန်လည်ပေးအပ်ခြင်းအတွက် လက်ရှိ ခလေ့ဖြစ်သော ဆုချမည်ဆိုသော ကြေညာခြင်းမျိုးနှင့် အလွန်တူသည်။ ဤကြေညာခြင်းမှာ အီဂျာရတ် (ငှားရမ်းခြင်း)အတွက် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းအောက်၌အကျုံးမဝင်သော်လည်း ဤအာယသ်အရဆိုလျှင် တရားဝင်သည်ဟု သက်သေပြသည်။ (ကုရ်သုဗီ)

၂။ အာယသ် ၇၂ အဆုံး၌ ဖော်ပြထားသော أَنَا۠ بِهِۦ زَعِيمٌ "ထိုပြင် ဤသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် အာမခံသူဖြစ်သည်"ဟူသော စကားလုံးများက ကျွန်ုပ်တို့ကို ပြောသည်မှာ အခြားသူတစ်ဦးကိုယ်စား လူတစ်ဦးက ငွေကြေးဆိုင်ရာရပိုင်ခွင့်များအတွက် အာမခံသူတစ်ဦးဖြစ်နိုင်ကြောင်း ပြောပြသည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင် အများစု အဆိုအရ နီးနွှယ်သောဥပဒေမှာ ငွေချေးသူတစ်ဦးသည် ၎င်း၏ကြွေးမြီများကို ကြွေးယူထားသူထံမှသော်လည်းကောင်း၊ ကြွေးယူသူကို အာမခံသော အာမခံသူထံမှသော်လည်းကောင်း စိတ်ကြိုက်ပြန်လည်ရယူနိုင်သည်။ သို့သော်လည်း အကယ်၍ ကြွေးရှင်က အာမခံထားသူထံမှ ချေးငွေကိုပြန်လည်ယူသွားခဲ့လျှင် အာမခံထားသူသည် ကြွေးရှင်ထံ သူပေးခဲ့သည့် ငွေကြေး(သို့မဟုတ်) ပစ္စည်းကို ပြန်လည်ရယူပိုင်ခွင့်ရှိသည်။ (ကုရ်သုဗီ)

၃။ အာယသ် ၇၆ ပါ كَذَٰلِكَ كِدْنَا لِيُوسُفَ "ဤအတိုင်းပင် ငါအရှင်မြတ်သည် ယူစုဖ်၏အကျိုးငှာ ကြံစည်တော်မူခဲ့လေ၏။" ဝါကျက ကျွန်ုပ်တို့ကိုပြောသည်မှာ ရှရီအသ်က အသိအမှတ်ပြုထားသော ခိုင်လုံသောအကြောင်းတစ်ခုအရ အပေးအယူတစ်ခု၏ ပုံစံပြောင်းလဲခြင်းဖြင့် ယင်း၏တရားရေးဆိုင်ရာ အနေအထားတစ်ခု ပြောင်းလဲသွားခြင်းကို ခွင့်ပြုသည်။ ဖုကဟာ(ဓမ္မသတ်ပညာရှင်များ) အသုံးအနှုန်းအရ ယင်းကို ဟီလာဟ်အိရှရ်အီယာဟ်(အမှန်တကယ် ခက်ခဲမှုတစ်ခုကို ရှောင်လွှဲစေရန် ဥပဒေဆိုင်ရာနည်းလမ်းတစ်ခု) ဟုခေါ်ဆိုသည်။ သို့သော်လည်း ထိုသို့လုပ်ဆောင်ရာတွင် ရှရီအသ်၏ပညတ်ချက်များ မခိုင်လုံခြင်း၊ အကြောင်းဖြစ်စေရန် လုပ်ဆောင်ခြင်း မဖြစ်သင့်ဟူသောအချက် ပါဝင်သည်။ ပညတ်ချက်များကို မထိခိုက်စေရ။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ တညီတညွတ်တည်း သဘောတူညီချက်အရ ထိုကဲ့သို့သောလုပ်ရပ်များတွင် မခိုင်လုံမှုများပါဝင်သွားလျှင် ယင်းလုပ်ရပ်အားလုံး ဟာရာမ်နှင့်တရားမဝင်ဖြစ်သည်။ ပမာဏအားဖြင့် ဇကားသ်ပေးခြင်း ရှောင်ရှားရန် အကြောင်းပြချက်တစ်ခု ရှာဖွေခြင်း၊ (သို့မဟုတ်) ရမ္မဇာန်လမြတ်မတိုင်မီဖြစ်စေ၊ ရမ္မဇာန်လမြတ်တွင်းမှာဖြစ်စေ ဥပုသ်သီလ ကင်းလွတ်ခွင့်ရစေရန် အကြောင်းပြချက်အဖြစ် မလိုလားအပ်ဘဲ ခရီးထွက်ခြင်း စသည်တို့ဖြစ်သည်။ ဤသည်မှာ ကမ္ဘာလုံးဆိုင်ရာ ဟာရာမ်ဖြစ်သည်။ ထိုကဲ့သို့ အကြောင်းပြချက်များ နည်းလမ်းများရှာဖွေခြင်းကြောင့် နိုင်ငံအချို့တွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်ခဲ့သည်။ ထို့ပြင် တမန်တော်မြတ်ﷺက ထိုကဲ့သို့သော နည်းဗျူဟာသုံးစွဲခြင်း၊ တားမြစ်ထားခဲ့သည်။ မုစ်လင်မ်အစ္စမ္မသ်ထုတစ်ရပ်လုံးကလည်း ယင်းလုပ်ရပ်များသည် ဟာရာမ် တားမြစ်ပိတ်ပင်ကာ တရားမဝင်ကြောင်း သဘောတူညီကြသည်။ ထိုနည်းလမ်းအတိုင်း လုပ်ဆောင်လျှင် လုပ်ဆောင်သမျှ ခွင့်ပြုသည်ဟုမမှတ်ယူပါ။ စင်စစ် ထိုသို့သော ပြစ်မှုကျူးလွန်သူမှာ

အပြစ်နှစ်ထပ်ကွမ်း ဖြစ်သည်။ ပထမမှာ မူလက ခွင့်မပြုသောလုပ်ဆောင်မှုကို လုပ်ဆောင်ခြင်းဖြစ်၍ ဒုတိယမှာ ခွင့်မပြုသောလုပ်ငန်း လုပ်ဆောင်ခြင်းသည် အလွှာဟ်အရှင်မြတ်နှင့် အရှင့်ရစ္ဆာလ်ကို လိမ်လည်လှည့်စားရာ ရောက်သည်။ ထိုသို့သော ဟီယာလ်(သို့မဟုတ်) နည်းဗျူဟာအားလုံးကို ခွင့်မပြုဆိုကြောင်း အီမာမ်အလ်ဗုခါရီက သူ၏ ကိသာဗုလ် အလ်ဟီယာသ်ကျမ်းတွင် သက်သေပြထားခဲ့သည်။

အာယသ် (၇၇-၈၂)

قَالُوْٓا اِنْ يَّسْرِقْ فَقَدْ سَرَقَ اَخٌ لَّهٗ مِنْ قَبْلُ ۚ فَاَسَرَّهَا يُوْسُفُ فِيْ نَفْسِهٖ وَلَمْ
يُبْدِهَا لَهُمْ ۚ قَالَ اَنْتُمْ شَرٌّ مَّكَانًا ۚ وَاللّٰهُ اَعْلَمُ بِمَا تَصِفُوْنَ ﴿٧٧﴾ قَالُوْا يٰٓاَيُّهَا
الْعَزِيْزُ اِنَّ لَهٗٓ اَبًا شَيْخًا كَبِيْرًا فَخُذْ اَحَدَنَا مَكَانَهٗ ۚ اِنَّا نَرٰىكَ مِنَ
الْمُحْسِنِيْنَ ﴿٧٨﴾ قَالَ مَعَاذَ اللّٰهِ اَنْ نَّاْخُذَ اِلَّا مَنْ وَّجَدْنَا مَتَاعَنَا عِنْدَهٗٓ ۙ
اِنَّآ اِذًا لَّظٰلِمُوْنَ ﴿٧٩﴾ فَلَمَّا اسْتَيْـَٔسُوْا مِنْهُ خَلَصُوْا نَجِيًّا ۭ قَالَ كَبِيْرُهُمْ
اَلَمْ تَعْلَمُوْٓا اَنَّ اَبَاكُمْ قَدْ اَخَذَ عَلَيْكُمْ مَّوْثِقًا مِّنَ اللّٰهِ وَمِنْ قَبْلُ مَا
فَرَّطْتُّمْ فِيْ يُوْسُفَ ۚ فَلَنْ اَبْرَحَ الْاَرْضَ حَتّٰى يَاْذَنَ لِيْٓ اَبِيْٓ اَوْ يَحْكُمَ اللّٰهُ لِيْ ۚ
وَهُوَ خَيْرُ الْحٰكِمِيْنَ ﴿٨٠﴾ اِرْجِعُوْٓا اِلٰٓى اَبِيْكُمْ فَقُوْلُوْا يٰٓاَبَانَآ اِنَّ ابْنَكَ
سَرَقَ ۚ وَمَا شَهِدْنَآ اِلَّا بِمَا عَلِمْنَا وَمَا كُنَّا لِلْغَيْبِ حٰفِظِيْنَ ﴿٨١﴾ وَسْـَٔلِ
الْقَرْيَةَ الَّتِيْ كُنَّا فِيْهَا وَالْعِيْرَ الَّتِيْٓ اَقْبَلْنَا فِيْهَا ۭ وَاِنَّا لَصٰدِقُوْنَ ﴿٨٢﴾

ၵင်းတို့က အကယ်၍ ဤညီငယ်သည် ခိုးဝှက်သည်ရှိသော် (အံ့ဖွယ်ရာမဟုတ်ပေ။ အကြောင်းမူကား) ယင်း၏ နောင်တော်(ယူစုဖ်)သည်လည်း ယခင်က ခိုးဝှက်ခြင်းကိုပြုခဲ့ဖူးလေသည်ဟု ပြောဆိုခဲ့ကြပေသည်။ သို့ပါလျက် ယူစုဖ်သည် ယင်းပြောဆိုချက်ကို မိမိစိတ်ထဲ၌ပင် မျိုသိပ်၍ထားရှိခဲ့လေသည်။ ၎င်းပြင် ထိုစကားကို ၎င်းတို့ရှေ့တွင် ထုတ်ဖော်(ပြောဆို)ခြင်း မပြုခဲ့ချေ။ (သို့ရာတွင်) ထိုယူစုဖ်သည် (မိမိစိတ်ထဲတွင်) အသင်တို့သည် အဆင့်အတန်းအားဖြင့် ပိုမိုချို့ယင်ဆိုးရွားကြကုန်သည်။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့ပြောဆိုလျက်ရှိသည်ကို အသိဆုံးပင် ဖြစ်တော်မူပေသည်ဟု ပြောဆိုခဲ့ချေသတည်း။[၇၇] ၎င်းတို့က ပြောဆိုခဲ့ကြပြန်သည်မှာ "အို-အဇီဇ်၊ ဧကန်စင်စစ် ထိုညီငယ်၌ အလွန်အိုမင်း အသက်အရွယ်ကြီးရင့်သော ဖခင်ကြီးတစ်ပါး ရှိပါသည်။ သို့ဖြစ်ပေရာ အသင်သည် ၎င်း၏အစား ကျွန်ုပ်တို့အနက်မှ တစ်ဦးဦးကို ယူထားပါလေ။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ကျေးဇူးပြုတတ်သူတစ်ဦးဖြစ်သည်ဟူ၍ပင် မြင်ကြပေသည်။[၇၈] (ထိုရောအခါ) ယင်းယူစုဖ်က (ဤသို့) ပြောဆိုဖြေကြားခဲ့၏။ ငါတို့သည် မိမိတို့ပစ္စည်းကို တွေ့ရှိသောသူမှတစ်ပါး အခြားသူအား

ဖမ်းဆီးခြင်းကိုမပြုမိကြရန် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုကို ရှာဖွေကြပေသည်။ ဇကနစင်စစ် ငါတို့သည် (ထို)သို့(ပြုခဲ့ကြ)ပါလျှင် အမှန်ပင် မတရားသော သူများ ဖြစ်ကြမည်သာတည်း။[၇၉]

သို့ဖြစ်ပေရာ ထိုနောင်တော်များသည် ယင်း ယူစုဖ်ထံမှ မျော်လင့်ချက်ကင်းမဲ့ခဲ့ ကြသောအခါဝယ် (ၘင်း၏ထံမှ) ဆုတ်ခွာခဲ့ကြကာ လျှို့ဝှက် တိုင်ပင်ကြပြန်သည်။ (ထိုအခါ) ၘင်းတို့အနက်မှ အကြီးဆုံးဖြစ်သူက (ကျွန်သို့)ပြောဆိုခဲ့လေ၏။ (အို-ငါ့ညီတော်များ) အသင်တို့သည် အသင်တို့ဖခင်က အသင်တို့ထံမှ (ယင်း ညီတော်နှင့် ပတ်သက်၍) အလ္လာဟ်အရှင်မြတ်အား တိုင်တည်စေပြီး (အခိုင်အမာ) ကတိဝန်ခံချက်ယူခဲ့သည်ကို လည်းကောင်း၊ အသင်တို့သည် ယခင်က ယူစုဖ်နှင့် ပတ်သက်၍ (ကတိ)ပျက်ကွက် လစ်ဟင်းခဲ့ကြသည်ကိုလည်းကောင်း၊ မသိခဲ့ကြပါသလော။ သို့ဖြစ်ပေရာ ငါ၏ဖခင်သည် ငါ့အား ခွင့်မပြုသမျှသော်လည်းကောင်း၊ အလ္လာဟ်အရှင် မြတ်သည် ငါ၏အဖို့ စီရင်ဆုံးဖြတ်တော်မူခြင်း မပြုတော်မူသမျှသော်လည်းကောင်း၊ ငါသည် ဤ(အီဂျစ်) တိုင်းပြည်မှ အလျှင်း စွန့်ခွာမည်မဟုတ်ပေ။ စင်စစ်သော်ကား ထို အလ္လာဟ်အရှင်မြတ် သည် အကောင်းဆုံး စီရင်ဆုံးဖြတ်တော်မူသော အရှင်မြတ်ပင် ဖြစ် တော်မူပေသည် တကား။[၈၀] အသင်တို့သည် မိမိတို့၏ ဖခင်ထံသို့ ပြန်၍ သွားကြပြီး လျှင် (ဤသို့) ပြောဆိုလျှောက်ထားကြလေကုန်။ အို-မွေးသဖခင်၊ မလွဲဧကန် အသင် ဖခင်၏သားတော် သည် ခိုးဝှက်ခဲ့ပါသည်။ ၘင်းပြင် ကျွန်တော်မျိုးတို့သည် မိမိတို့(မျက်မြင် ကိုယ်တွေ့) သိရှိခဲ့ကြသည်မှတစ်ပါးအခြား တစ်စုံတစ်ရာကို သက်သေခံကြသည် မဟုတ်ပါ။ စင်စစ် မှာမူကား ကျွန်တော်မျိုးတို့သည် အကွယ်ဝှက်ရှိသော ကိစ္စများကို သိရှိကြသည် မဟုတ် ပါ။[၈၁] ၘင်းပြင် အသင်(ဖခင်)သည် ကျွန်တော်တို့ နေထိုင်ခဲ့ကြသော (အီဂျစ်) မြို့သူ မြို့သားများကို လည်းကောင်း၊ ကျွန်တော်မျိုးတို့နှင့် အတူလာခဲ့ကြသော ခရီးသည်စုကို လည်းကောင်း စုံစမ်းမေးမြန်း၍ ကြည့်ပါ။ ဇကနမလွဲ ကျွန်တော်တို့သည် သစ္စာပါဒီများ ပင်ဖြစ်ကြပါသတည်း။[၈၂]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲတွင် အီဂျစ်နိုင်ငံ၌ ရှိနေစဉ်အတွင်း စိုက်ယိဒါနာယူစုဖ်ﷺ၏ ညီထွေး ဘင်ယာမင်နှ၏ အထုပ်ထဲတွင် ဘုရင်၏ဖလား ဝှက်ထားခဲ့သည်ဆိုကြောင်း ဖော်ပြထားခဲ့သည်။ ထို့နောက် ကြိုတင်စီမံထားခဲ့သည့် အတိုင်း ယင်းပစ္စည်း ပြန်လည်ရရှိပြီးနောက် သူ့ကို ခိုးမှုဖြင့်စွပ်စွဲခဲ့ပါသည်။

အထက်ဖော်ပြပါ အာယသ်များအနက် ပထမအာယသ်တော်ထဲ၌ စိုက်ယိဒါနာယူစုဖ်ﷺ၏အစ်ကိုများ ရှေ့မှောက်မှာပင် ဘင်ယာမင်နှ၏အထုပ်ထဲမှ ပျောက်ဆုံးသွားသောပစ္စည်း ပြန်လည်ရရှိပြီးနောက်တွင် ထိုသူများ အရှက်ရသွားခဲ့ကြသည်။ ၘင်းတို့က إِنْ يَّسْرِقْ فَقَدْ سَرَقَ أَخٌ لَّهُ مِنْ قَبْلُ ဟု ပြောခဲ့ကြသည်။ ဆိုလိုသည်မှာ အကယ်၍ သူခိုးမှု ကျူးလွန်ခဲ့သည်ဆိုလျှင်လည်း အံ့သြဖွယ်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် သူကဲ့သို့ပင် သူ့အစ်ကိုကလည်း ခိုးမှုကျူးလွန်ခဲ့ဖူးလေသည်။ ဆိုလိုသည်မှာ ထိုသူသည် ကျွန်ပ်တို့နှင့် ညီအစ်ကိုအရင်းမဟုတ်ဘဲ အဖေတူအမေကွဲ

ညီအစ်ကိုသာဖြစ်သည်။ သူတွင် အစ်ကိုအရင်းတစ်ယောက်ရှိ၍ ထိုသူသည်လည်း ခိုးမှုကျူးလွန်ခဲ့ပါသည်။

ဤအချိန်တွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများသည် သူ့အား ခိုးမှုတစ်ခုကျူးလွန်ခဲ့သည်ဟု စွပ်စွဲရခြင်းမှာ စိုက်ယိဒိနာယူစုဖ်ﷺ ငယ်စဉ်က ၎င်းမသိဘဲ အစ်ကိုများက ပူးပေါင်းကြံစည်၍ စွပ်စွဲကြသကဲ့သို့ ယခုလည်း ၎င်း၏ညီဘင်ယာမင်နှင့်ကို အလားတူစွပ်စွဲခဲ့ပါသည်။ သူ့အစ်ကိုများသည် သူ့အား ခိုးမှုမှ လုံးဝဥသုံ အပြစ်ကင်းကြောင်း သိရှိခဲ့ကြပါသည်။ သို့သော်လည်း ဤအချိန်တွင် သူတို့သည် ဘင်ယာမင်နှင့်ကို စိတ်ဆိုးသဖြင့် ဤကိစ္စရပ်ကို ခိုးမှုအဖြစ် ၎င်း၏အစ်ကို စိုက်ယိဒိနာယူစုဖ်ﷺအပေါ် အပြစ်ပုံချခဲ့သည်။

ထိုအဖြစ်အပျက်က မည်သည်နည်း။ ယင်းနှင့်ပတ်သက်၍ တင်ပြချက်များမှာ ကွဲပြားခြားနားကြသည်။ မုဟမ္မဒ်အိဗနိအစ္စဟားက်နှင့် သဖိစီရ်ပညာရှင် မုဂျာဟစ်ကို ကိုးကားကာ အိဗနိကဆီးရ်က တင်ပြသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺမွေးဖွားပြီးနောက် မကြာမီမှာပင် ဘင်ယာမင်နှင့်ကို မွေးဖွားခဲ့သည်။ သူ့အား မွေးဖွားခြင်းကြောင့် သူ့အမေ သေဆုံးသွားခဲ့သည်။ ယူစုဖ်နှင့်ဘင်ယာမင်နှင့်တို့ အမေမရှိတော့သောအခါ ဖခင်ဘက်မှတော်စပ်သော အဒေါ်က သူတို့ကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺကို ကလေးဘဝကပင် နှစ်သက်ဖွယ်ရုပ်ဆင်းဖြင့် အလွှာတ်အရှင်မြတ် ကောင်းချီးပေးခဲ့၍ မည်သူမဆို သူ့ကိုတွေ့မြင်ရလျှင် နှစ်နှစ်ကာကာ ချစ်ခင်မြတ်နိုးသွားခဲ့ကြပါသည်။ သူ့အဒေါ်မှာလည်း နှစ်နှစ်ကာကာချစ်ခင်မြတ်နိုးသည်။ သူမသည် သူ့ကို မျက်စိအောက်က အပျောက်မခံချေ။ တစ်ဖက်တွင် သူ့ကိုချစ်ခင်ရာ၌ ဖခင်ကလည်း ထို့အတူချစ်မြတ်နိုးသည်။ သို့သော်လည်း အရွယ်မရောက်သေးသော ကလေးဖြစ်သည့်အလျောက် အမျိုးသမီးတစ်ဦး၏ အစောင့်အရှောက်ခံရန် အရေးကြီးသည်ဟု စိုက်ယိဒိနာယာကုပ်ﷺက မှတ်ယူခဲ့သည်။ ထို့ကြောင့် သူ့ကို အဒေါ်၏လက်အောက်၌ ထားခဲ့သည်။ သူလမ်းလျှောက်တတ်ခါစတွင် စိုက်ယိဒိနာယူစုဖ်ﷺက သူ့ထံလာ၍ အတူနေစေရန် စိတ်ကူးခဲ့သည်။ သူ့အဒေါ်နှင့် ဤကိစ္စဆွေးနွေးရာတွင် သူမက သူနှင့်ထည့်ရမည်ကို စိတ်မချဘဲ တုံ့ဆိုင်းနေခဲ့သည်။ ယင်းနောက် အတင်းအကြပ်ယူသွားသောအခါ သူမသည် ဖခင်လက်သို့ စိုက်ယိဒိနာယူစုဖ်ﷺကို ထည့်လိုက်သော်လည်း သူ့ကိုပြန်ယူရန် အကြံအစည်တစ်ခု သူမက ပြုလုပ်ထားခဲ့သည်။ သူမတွင် စိုက်ယိဒိနာအစ္စဟားက်ﷺ၏ အမွေအနှစ်ဖြစ်သော ရှေးဟောင်းခါးစည်းကြိုးတစ်ခု ရှိခဲ့သည်။ ယင်း ပစ္စည်းကို သူမက အလွန်တန်ဖိုးထားခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ အဒေါ်သည် ဤခါးစည်းကြိုးကို သူ့ခါးတွင် အဝတ်အစားများ အောက်၌ ချည်ထားပေးခဲ့သည်။

စိုက်ယိဒိနာယူစုဖ် ထွက်ခွာသွားပြီးနောက် သူမ၏ ရှေးဟောင်းခါးစည်းကြိုး တစ်စုံတစ်ဦး၏ အခိုးခံရကြောင်း သတင်းလွှင့်ခဲ့သည်။ ယင်းပစ္စည်းကို ရှာဖွေခဲ့သောအခါတွင် ယူစုဖ်ကလေးနှင့်အတူ ရှိနေကြောင်း တွေ့ခဲ့ရသည်။ စိုက်ယိဒိနာယာကုပ်ﷺ၏ ရှရီအသ်အရ သူ့ကို အဒေါ်က ကျွန်အဖြစ် ထားပိုင်ခွင့် ရှိသွားခဲ့သည်။ စိုက်ယိဒိနာယာကုပ်ﷺသည် တိုင်းပြည်၏ တည်ဆဲ ဘာသာရေးဆိုင်ရာဥပဒေအရ အဒေါ်သည် စိုက်ယိဒိနာယူစုဖ်ﷺ၏ ပိုင်ရှင်ဖြစ်သွားသောအခါ သူမအား စိုက်ယိဒိနာယူစုဖ်ﷺကို လွှဲပြောင်းပေးခဲ့သည်။ စိုက်ယိဒိနာယူစုဖ်ﷺသည် အဒေါ်နှင့် အဒေါ်အသက်ရှင်သမျှကာလပတ်လုံးအတူ နေထိုင်ခဲ့သည်။

ဤအဖြစ်အပျက်သည် စိုက်ယိဒိနာယူစုဖ်ﷺကို ခိုးမှုဖြင့်ယိုးစွပ်ခဲ့သော အဖြစ်အပျက်ဖြစ်သည်။ ယင်းနောက်တွင် အမှန်တရားပေါ်ထွက်ခဲ့ကာ လူတိုင်းက စိုက်ယိဒိနာယူစုဖ်တွင် စိုးစဉ်းမျှသံသယမရှိလောက်အောင် ခိုးမှုမှ အပြစ်ကင်းစင်ကြောင်း တွေ့ရှိခဲ့ရသည်။ သူ့အဒေါ်၏အချစ်ကြောင့် ၎င်းကို အဒေါ်နှင့်အတူ ရှိစေရန်အလို့ငှာ ဤသို့ ကြံစည်ခဲ့ခြင်းဖြစ်သည်။ အစ်ကိုများသည် ဤကိစ္စမှန်ကန်ကြောင်း အားလုံးသိရှိကြသည်။ ဤသို့သိလျက်နှင့် သူ့ကို ခိုးမှုဖြင့် စွပ်စွဲခြင်းမှာ မသင့်လျော်ချေ။ သို့ရာတွင် သူ့အစ်ကိုများက စိုက်ယိဒိနာယူစုဖ်ﷺအပေါ် လွန်လွန်ကျူးကျူး လုပ်ခဲ့သည်

များမှာ ဤသည်လည်း နောက်ဆုံးဖြစ်သည်။

ပထမအာယသ် (၇၇)၏ ဒုတိယဝါကျထဲတွင် فَأَسَرَّهَا يُوسُفُ فِي نَفْسِهِ وَلَمْ يُبْدِهَا لَهُمْ ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺသည် အစ်ကိုများပြောကြားချက်ကို နလုံးသားတွင် သိမ်းထားခဲ့သည်။ ဤအချိန်တွင်လည်း သူ့ကို ခိုးမှုဖြင့်စွပ်စွဲခြင်းသည် ဒုက္ခပေးလိုဟန်ရှိသည်။ သို့သော်လည်း သူတို့အပေါ် လက်မတုံ့ပြန်ဘဲ မျိုသိပ်ကာ အစ်ကိုများ၏ပြောကြားချက်သည် သူအပေါ်တွင် မည်သို့မျှထိခိုက်မှုမရှိကြောင်း ၎င်းတို့အား သိစေလိုပါသည်။

အာယသ်၏နောက်ဆုံးဝါကျထဲတွင် قَالَ أَنْتُمْ شَرٌّ مَكَانًا ۖ وَاللَّهُ أَعْلَمُ بِمَا تَصِفُونَ ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ "စိုက်ယိဒိနာယူစုဖ်ﷺသည် (မိမိစိတ်ထဲတွင်) အသင်တို့သည် အဆင့်အတန်းအားဖြင့် ပိုမိုချိုယင် ဆိုးရွားကြကုန်သည်။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့ပြောဆိုလျက် ရှိသည်ကို အသိဆုံးပင်ဖြစ်တော်မူပေသည်ဟု ပြောဆိုခဲ့ချေသတည်း"ဟူ၍ဖြစ်သည်။ ပထမစာကြောင်းကို စိတ်ထဲတွင် ပြောခဲ့ခြင်းဖြစ်သည်။ ဒုတိယဝါကျကိုမူ သူ့အစ်ကိုများ ပြောကြားချက်အား သူတုံ့ပြန်သည့်အနေနှင့် လူသိရှင်ကြားပြောခြင်း ဖြစ်နိုင်သည်။

အာယသ်(၇၈)ထဲတွင် قَالُوا يَا أَيُّهَا الْعَزِيزُ إِنَّ لَهُ أَبًا شَيْخًا كَبِيرًا فَخُذْ أَحَدَنَا مَكَانَهُ ۖ إِنَّا نَرَاكَ مِنَ الْمُحْسِنِينَ ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ဤကိစ္စတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများသည် ဘာမျှ လုပ်နိုင်ပုံမရကြောင်း သိရသောအခါ ဘင်ယာမင်နအား ချန်ရစ်ထားခဲ့ရုံမျှအပ ၎င်းတို့တွင် ရွေးချယ်စရာမရှိချေ။ သူတို့သည် အီဂျစ်ဘုရင်ကို စတင်၍ မြောက်ပင့်ပြောဆိုခဲ့ကြသည်။ ဘုရင့်ကို သူတို့က ဘင်ယာမင်နဖခင်သည် အသက် အလွန်ကြီးရင့်၍ အားအင်ချည့်နဲ့ပါသည်။ (သူသားနှင့်ကွဲရသည်ကို ခံနိုင်ရည်မရှိပါ)ဟူ၍ ပြောကြသည်။ ထို့ကြောင့် ဘင်ယာမင်နအစား သူတို့အနက်မှတစ်ဦးအား ထိန်းသိမ်းထားပါရန် မေတ္တာရပ်ခံခဲ့ကြသည်။ သူတို့ ထိုသို့ မေတ္တာရပ်ခံရခြင်းမှာ သူတို့တွေးဆထားသော ဘုရင်ကြီးသည် အလွန်ရက်ရောသူတစ်ဦးဖြစ်သည် ဟူသောအသိအပေါ် မက် ထား၍လည်းကောင်း (သို့မဟုတ်) ယခင်ကလည်း သူတို့အပေါ် ရက်ရောခဲ့သောကြောင့် ဖြစ်ကြောင်း ပြောပြခဲ့လေသည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ တုံ့ပြန်ချက်ကို အာယသ် ၇၉ ထဲတွင် قَالَ مَعَاذَ اللَّهِ أَنْ نَأْخُذَ إِلَّا مَنْ وَجَدْنَا مَتَاعَنَا عِنْدَهُ ۖ إِنَّا إِذًا لَظَالِمُونَ ဟူ၍ ဖော်ပြထားသည်။ ဆိုလိုသည်မှာ သူတို့၏ မေတ္တာရပ်ခံချက်ကို သူကပြန်ကြားသည်မှာ သူနိုင်ငံတွင် ကျင့်သုံးနေသော စည်းကမ်းဥပဒေအရ မည်သူကိုမဆို မိမိသဘောဆန္ဒအရ ထိန်းသိမ်းရန် အခွင့်အာဏာမရှိ ဟူ၍ဖြစ်သည်။ စင်စစ် အကယ်၍ ပျောက်ဆုံးပစ္စည်းခိုးသူကို တွေ့ပြီးနောက် အခြားတစ်ဦးဦးကို ဖမ်းဆီးမည်ဆိုလျှင် ညီအစ်ကိုများ လိုက်နာကျင့်သုံးသည့် ဖသ်ဝါနှင့်ဥပဒေအရ ဘုရင်နှင့်အရာရှိများသည် မတရားမှု ပြုလုပ်သူများအဖြစ် စွပ်စွဲခံကြရပေမည်။

၎င်းတို့ကိုယ်တိုင် ပြောကြားခဲ့သည့် "အကြင်သူသည် ထိုသူ၏ ခရီးဆောင်ပစ္စည်းတွင် ယင်းခြင်ခွက် (ဧရဖလား)သည် တွေ့ရှိခဲ့သော် ထိုသူသည်ပင် မိမိ၏အစားဖြစ်ပေမည်။ ကျွန်ုပ်တို့သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့အား အစားပေးလေ့ရှိကြကုန်၏)အရ ဘုရင်က အကြောင်းပြခဲ့သည်။

အာယသ်(၈၀)ထဲတွင် فَلَمَّا اسْتَيْأَسُوا مِنْهُ خَلَصُوا نَجِيًّا "သို့ဖြစ်ပေရာ ထို့နောင်တော်များသည် ယင်းယူစုဖ်ထံမှ မျှော်လင့်ချက်ကင်းမဲ့ခဲ့ကြသောအခါဝယ် (၎င်း၏ထံမှ) ဆုတ်ခွာခဲ့ကြကာ လျှို့ဝှက်တိုင်ပင်ကြပြန်သည်" ဟူ၍ မိန့်ထားသည်။

ထိုသည်၏ နောက် قَالَ كَبِيرُهُمْ "(ထိုအခါ) ၎င်းတို့အနက်မှ အကြီးဆုံးဖြစ်သူက (ဤသို့) ပြောဆိုခဲ့လေ၏။" ဟူသော စကားလုံးများဖြင့် အစပြုထားသော အကြီးဆုံးအစ်ကို၏ မူလအဆိုအမိန့်ကို အာယသ်(၈၀)ဆုံးသည်အထိ

ဆက်လက်ဖော်ပြထားပါသည်။ အဆိုအဓိပ္ပါယ်မှာ (အို-ငါညီတော်များ) အသင်တို့ဖခင်က အသင်တို့ထံမှ (ယင်းညီတော်နှင့် ပတ်သက်၍) အလွှာဟ်အရှင်မြတ်အား တိုင်တည်စေပြီး (အခိုင်အမာ) ကတိဝန်ခံချက် ယူခဲ့သည်ကိုလည်းကောင်း၊ အသင်တို့သည် ယခင်က ယူစုဖ်နှင့်ပတ်သက်၍ (ကတိ)ပျက်ကွက် လစ်ဟင်းခဲ့ကြသည်ကိုလည်းကောင်း မသိခဲ့ကြပါသလော။ သို့ဖြစ်ပေရာ ငါ၏ဖခင်သည် ငှဲ့အား ခွင့်မပြုသမျှသော်လည်းကောင်း၊ အလွှာဟ်အရှင်မြတ်သည် ငါ၏အဖို့ စီရင်ဆုံးဖြတ်တော်မူခြင်း မပြုတော်မူသမျှသော်လည်းကောင်း ငါသည် ဤ(အီဂျစ်)တိုင်းပြည်မှ အလျင်းစွန့်ခွာမည် မဟုတ်ပေ။ စင်စစ်သော်ကား အလွှာဟ်အရှင်မြတ်သည် အကောင်းဆုံးစီရင်ဆုံးဖြတ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်တကား" ဟူ၍ဖြစ်သည်။

ဤသည်မှာ အကြီးဆုံးအစ်ကို၏အမိန့် ဖြစ်ပါသည်။ အချို့သော ဋီကာရှင်များက သူ့အား ယဟူဒဟ်(ဂျူဒာ)ဟု ဖော်ထုတ်ပြသပါသည်။ သူသည် အသက်မကြီးသော်လည်း အသိပညာနှင့် ဂုဏ်သတင်းတွင် ဇကနမုချကြီးသောသူ ဖြစ်ပါသည်။ အချို့သောဋီကာရှင်များက အသက်အကြီးဆုံးသူဆိုသည်မှာ ရူဘဲလ်(ရူဘင်)ဟုပြောကြပါသည်။ စိုက်ယိဒိနာယူစုဖ်ﷺအား မသတ်သင့်ဟု အကြံပြုသောသူမှာ သူပင်ဖြစ်ပါသည်။ အခြားသော ဋီကာရှင်များက ပြောကြသေးသည်မှာ အစ်ကိုအကြီးဆုံးသည် ရှာမွန်းဖြစ်ပြီး အာဏာနှင့် အဆင့်အတန်းကြီးမားသောသူ ဟူ၍ လူသိများပါသည်။

ၦင်းနောက် အာယသ်(၈၁)ထဲ၌ اِرْجِعُوْٓا اِلٰٓى اَبِيْكُمْ ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ အစ်ကိုအကြီးဆုံးက ပြောသည်မှာ ကျွန်ုပ် ဤနေရာ၌နေတော့မည်။ အသင်တို့အားလုံးအသင်တို့ ဖခင်ထံသို့ ပြန်သွားကာ ဗင်နယာမင်းသည် ခိုးမှုတစ်ခု ကျူးလွန်ခဲ့သည်ဆိုကြောင်း၊ ခိုးယူထားသည့်ပစ္စည်းသည် ကျွန်တို့တို့၏ရှေ့မှောက်၌ပင် သူ၏အိတ်ထဲမှ ပြန်လည်ရရှိခဲ့ကြောင်း၊ ကျွန်ုပ်တို့ ပြောဆိုသမျှအားလုံးသည် ကျွန်ုပ်တို့ မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရသည် ဆိုကြောင်း သူ့အား ပြောပြပါလေ။

အာယသ် ၈၁ ၏ နောက်ဆုံးဝါကျ وَمَا كُنَّا لِلْغَيْبِ حٰفِظِيْنَ "စင်စစ်မှာမူကား၊ ကျွန်တော်မျိုးတို့သည် အကွယ်၌ရှိသောကိစ္စများကို သိရှိကြသည် မဟုတ်ပါ"ဟူသည်က ဆိုလိုသည်မှာ "ဖခင်ကြီးအား ဗင်နယာမီန်ကို မုချဇကန် ပြန်လည်ခေါ်လာပါမည်ဟူ၍ ပေးထားသော ပဋိညာဉ်သည် မြင်သာသော အပြင်ပန်းဆိုင်ရာ အခြေအနေများအရ ဖြစ်ပါသည်။ ကျွန်ုပ်တို့မမြင်နိုင်သော မထိန်းချုပ်နိုင်သောအရာများအကြောင်းကို ကျွန်ုပ်တို့ မသိရှိနိုင်ပါ။ သို့ပါသောကြောင့် သူသည် ခိုးမှုတစ်ခုကျူးလွန်ပြီး ဖမ်းဆီးခြင်းခံခဲ့ရကာ ယင်းကိစ္စအတွက်လည်း ကျွန်ုပ်တို့မည်သို့မျှ လုပ်နိုင်စွမ်းမရှိကြောင်းကို ကျုပ်တို့ မည်ကဲ့သို့ သိနိုင်ပါမည်နည်း ဟူ၍ဖြစ်သည်။ စာကြောင်းက ဆိုလိုနိုင်သေးသည်မှာ "ကျွန်ုပ်တို့သည် သူဒုက္ခရောက်စေမည့်အလုပ်များမလုပ်မိစေရန် အမြဲစောင့်ကြည့်နေပြီး သူ့အား အကာအကွယ်ပေးရန် ကျွန်ုပ်တို့ အစွမ်းကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တိုင်၍ ကြိုးပမ်းမှုသည် အပြင်ပိုင်းဆိုင်ရာ မြင်နိုင်စွမ်းသော အခြေအနေများအတွက်သာ ကန့်သတ်ထားပါသည်။ ကျွန်ုပ်တို့၏ အသိပညာနှင့် သတိဝိရိယ ကင်းမဲ့ခြင်းတို့ကြောင့် သူ ဤကဲ့သို့ ဖြစ်သွားလိမ့်မည်ကို ကျွန်ုပ်တို့ မသိရှိခဲ့ပါဟူ၍ ဖြစ်သည်။

အစောပိုင်းက စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် သူတို့၏ ဖခင်ကြီးအား လိမ်လည်လှည့်ဖြားခဲ့သောကြောင့် အထက်တွင်ဖော်ပြခဲ့သော သူတို့၏ဖော်ပြချက် သူတို့၏ဖခင်ကိုက ဘယ်လိုမှ ကျေနပ်လက်ခံလိမ့်မည်မဟုတ်စသည်ကြောင့် သူတို့ သိရှိခဲ့ကြပါသည်။ ထို့ကြောင့် အလေးအနက်ပြုမှု တစ်ခုထပ်ဆောင်းကာ သူတို့က ပြောသည်မှာ "(အကယ်၍ ဖခင်ကြီးက ကျွန်ုပ်တို့အား မယုံကြခဲ့ပါလျှင်) ကျွန်ုပ်တို့နှင့် အတူတကွ ရှိနေခဲ့သောမြို့ (ဤအီဂျစ်ပြည်၏မြို့)သားများအား မေးမြန်းစစ်ဆေးနိုင်ပါသည်။ ၎င်းပြင် ဖခင်ကြီးသည် ကျွန်ုပ်တို့နှင့်အတူ အီဂျစ်ပြည်မှ ကင်နန်ပြည်သို့ ပြန်လည်ထွက်ခွာလာသော ခရီးသွားယာဉ်တန်းအား မေးမြန်းနိုင်ပါသည်။ ကျွန်ုပ်တို့ပြောသည်များတို့သည် အမှန်များ

ဖြစ်ပါသည်" ဟူ၍ဖြစ်သည်။ ဤနေရာ၌ ဖိုက်ယိဒိနာယူစုဖ်ﷺသည် အဘယ့်ကြောင့် သူဖခင်ကြီးအား အကြင်နာကင်းမဲ့စွာ ဆက်ဆံခဲ့ပါသနည်း ဟူသောမေးခွန်းကို မဇ်ဟရီကျမ်းထဲ၌ပြန်လည် ဖော်ပြထားပါသည်။ ဤမေးခွန်းနှင့်ပတ်သက်၍ အစောပိုင်းက ဤစူရတ်နှင့်ပတ်သက်၍ မှတ်ချက်ပေးရာ၌ ဖိုက်ယိဒိနာယူစုဖ်ﷺသည် သူအကြောင်း ဖခင်ကြီးထံ အကြောင်းမကြားသည်ကို အံ့သြစရာဖြစ်ကြောင်းနှင့် သူ၏ညီအားထိန်းသိမ်းထားကြောင်း သူ၏အစ်ကိုများ အီဂျစ်ပြည်သို့ တစ်ခါပြန်လည်ရောက်ရှိသောအခါ၌ သူဘယ်သူဘယ်ဝါ ဖြစ်သည်ဆိုကြောင်းကို ၎င်းတို့အား မပြောကြားခဲ့ကြကြောင်းနှင့် ဖခင်ကြီးထံမည်သည့်သတင်းစကားမျှ မပို့ခဲ့ကြကြောင်းကို ဖော်ပြပြီး ဖြစ်ပါသည်။ ဤဒွိဟများနှင့် ပတ်သက်၍ သဖိစီရ်မဇ်ဟရီက ဖြေကြားပြောသည်မှာ-

إِنَّهُ عَمِلَ ذٰلِكَ بِأَمْرِ اللّٰهِ تَعَالٰى لِيَزِيْدَ فِيْ بَلَاءِ يَعْقُوْبَ

"ဖိုက်ယိဒိနာယူစုဖ်ﷺ ဤကဲ့သို့ပြုလုပ်ရခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်အရဖြစ်ပါသည်။ သို့မှသာ ဖိုက်ယိဒိနာယာကုဗ်ﷺအပေါ် ပြုလုပ်သော စမ်းသပ်မှုစက်ဝန်း ပြီးမြောက်သွားပါလိမ့်မည်" ဟူ၍ ဖြစ်သည်။

ဥပဒေများနှင့်မူများ

၁။ အာယသ်(၈၁)ပါ وَمَا شَهِدْنَآ إِلَّا بِمَا عَلِمْنَا ၎င်းပြောင် ကျွန်တော်မျိုးတို့သည် မိမိတို့(မျက်မြင်ကိုယ်တွေ့)သိရှိခဲ့ကြသည်မှတစ်ပါး အခြားတစ်စုံတစ်ရာကို သက်သေခံကြသည် မဟုတ်ပါ"ဟူသော အဆိုအမိန့်က လူသားတို့၏ရောင်းဝယ်ဖောက်ကားမှုများနှင့် သဘောတူညီချက် ချုပ်ဆိုမှုများသည် အပေါ်ယံသိရှိပြီးသော အခြေအနေများအပေါ်၌ အခြေခံသည်ဆိုကြောင်း သက်သေပြပါသည်။ တစ်စုံတစ်ဦး မသိရှိသည့်အရာများ အကျုံးမဝင်ပါ။ ဖိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများက ဗင်နယာမိန်အား ထိန်းသိမ်းစောင့်ရှောက်ပါမည်ဆိုသော သူဖခင်ကြီးအားပေးခဲ့သော ပဋိညာဉ်သည် ၎င်းတို့လုပ်ကိုင်နိုင်စွမ်းရှိသောအရာများနှင့်သာ သက်ဆိုင်ပါသည်။ ဗင်နယာမိန်အား ခိုးမှုဖြင့်စွပ်စွဲပြီး အဖမ်းအဆီးခံရခြင်းဆိုသည့် အဖြစ်အပျက်သည် ပဋိညာဉ်ကို မထိခိုက်စေသော အခြားကိစ္စရပ် ဖြစ်ပါသည်။

၂။ ဤအာယသ်တော်မှပင်ထုတ်နုတ်ထားသော အခြားဥပဒေတစ်ခုကို သဖိစီရ်အလ်ကုရ်တ္ဗဇီကျမ်းထဲ၌ ဖော်ပြထားပါသည်။ ကျမ်းထဲ၌ဖော်ပြထားသည်မှာ "ဤစာကြောင်းက သက်သေထွက်ဆိုမှုသည် အသိဉာဏ်ပညာပေါ်၌တည်မှီသည်ဆိုကြောင်း သက်သေပြပါသည်။ ဤအသိပညာကို မည်ကဲ့သို့ပင်ရရှိခဲ့ပါစေ သက်သေထွက်ဆိုမှုကို ယင်းနှင့်အညီ ထွက်ဆိုနိုင်ပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦး မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ရသည် အဖြစ်အပျက်တစ်ခုကို သက်သေထွက် ထွက်ဆိုနိုင်သလို ယုံကြည်စိတ်ချရသော၊ တစ်စုံတစ်ဦးထံမှ ကြားသိရသည်ကို သက်သေထွက်ဆိုနိုင်ပါသည်။ ထိုကဲ့သို့ ထွက်ဆိုမှုထဲတွင် အမှန်တရားကို ဖုံးကွယ်ထားခြင်းမရှိဟူသောအချက် ပါရှိရပါမည်။ သို့မဟုတ်ပါက ကိုယ်တိုင်ကိုယ်ကျ မမြင်တွေ့ခဲ့ရပါ၊ သို့ရာတွင် အခြားသူတစ်ဦးတစ်ယောက်မှ ကြားသိခဲ့ရပါသည်ဟူ၍ ရိုးရှင်းစွာသက်သေထွက်ဆိုနိုင်ပါသည်။ ဤမူပေါ်အခြေခံ၍ မာလီကီဓမ္မသတ်ရှင်များက မျက်မမြင်တစ်ဦး၏ သက်သေထွက်ဆိုမှုကို ခွင့်ပြုသည်ဟူ၍ ဥပဒေပြုခဲ့ပါသည်။

၃။ လက်ရှိအာယသ်တော်က သက်သေပြသည်မှာ လူတစ်ဦးသည် ဖြောင့်မတ်မှန်ကန်၍၊ တိကျစစ်မှန်ကာ လေးစားဖွယ်ကောင်းသူတစ်ဦးဖြစ်သော်လည်း အခြေအနေအရ လူအများက ၎င်းကို ဆန့်ကျင်ဘက်ဖြစ်သည်ဟု သံသယဝင်ခဲ့လျှင် ယင်းသံသယကို သူကဖယ်ရှားပစ်မှသာ ၎င်းအား မြင်တွေ့သူများသည် မလိုလားအပ်သော သံသယဝင်မှု ဂုနာဟ်ကျူးလွန်ခြင်း မဖြစ်တော့ပေ။ ဘင်္ဂယာမင်နှင့်ပတ်သက်သည့် ဤအဖြစ်အပျက်မှာလည်း တမန်

တော်ယူစုဖ်ﷺ၏ဘဝတွင် အတိတ်က အဖြစ်အပျက်တစ်ခုၦ သံသယဝင်မှုနှင့် စွပ်စွဲမှု အဖြစ်အပျက်တစ်ရပ် ရှိခဲ့သည်။ ထို့ကြောင့် ကိစ္စရပ်များရှင်းလင်းစေရန် အီဂျစ်နိုင်ငံသားများနှင့် ခရီးသွားကုန်သည်အုပ်စု၏ သက်သေခံချက်ကို အထောက်အကူပြုစေရန် တင်ပြထားခဲ့သည်။

တမန်တော်မြတ်ﷺသည် ကိုယ်တော်တိုင် လုပ်ဆောင်မှုအရ ရှင်းလင်းတိကျစွာ ထောက်ခံထားခဲ့သည်။ တမန်တော်မြတ်ﷺသည် မတ်စ်ဂျိဒ်နဗဝီမှပြန်လာရာတွင် လမ်းမြောင်တစ်ခုကို အွမ္မသ်မွလ်မုအ်မိနီးန်စိုက်ယိဒါဟ် ဆွဖီယာဟ်ﷺသခင်မနှင့်အတူ ဖြတ်ရာတွင် လမ်းမြောင်ထိပ်၌ လူနှစ်ဦးရှိနေကြောင်း ကိုယ်တော်မြတ်ﷺက သတိထားမိခဲ့သည်။ ကိုယ်တော်က ၎င်းနှင့်အတူရှိသည်မှာ ဆွဖီယာဟ်ဗင်နဟုယိုင်ယ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သူတို့က "ယာ ရဗ္ဗူလွလ္လာဟ်- မည်သူက ကိုယ်တော်နှင့်ပတ်သက်၍ သံသယဖြစ်နိုင်ပါ့မလဲ"ဟုပြောခဲ့သည်။ ထို့နောက် တမန်တော်မြတ်ﷺက "မှန်ကန်သည်၊ ရှိုက်သွာန်သည် လူသားကိုယ်ခန္ဓာထဲ စိမ့်ဝင်ကာ တစ်စုံတစ်ဦး၏ နှလုံးသားတွင် သံသယတစ်ခု ထည့်သွင်းနိုင်သည်"ဟု ပြောကြားခဲ့သည်။ (အလ်ဗုခါရီနှင့်မုစ်လင်မ်) (ကုရ်သုဗီ)

အာယသ် (၈၃-၈၇)

قَالَ بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ؕ فَصَبْرٌ جَمِيْلٌ ؕ عَسَى اللّٰهُ اَنْ
يَّاْتِيَنِيْ بِهِمْ جَمِيْعًا ؕ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ ﴿۸۳﴾ وَ تَوَلّٰى عَنْهُمْ وَ قَالَ
يٰۤاَسَفٰى عَلٰى يُوْسُفَ وَ ابْيَضَّتْ عَيْنٰهُ مِنَ الْحُزْنِ فَهُوَ كَظِيْمٌ ﴿۸۴﴾ قَالُوْا تَاللّٰهِ
تَفْتَؤُا تَذْكُرُ يُوْسُفَ حَتّٰى تَكُوْنَ حَرَضًا اَوْ تَكُوْنَ مِنَ الْهٰلِكِيْنَ ﴿۸۵﴾
قَالَ اِنَّمَاۤ اَشْكُوْا بَثِّيْ وَ حُزْنِيْۤ اِلَى اللّٰهِ وَ اَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿۸۶﴾
يٰبَنِيَّ اذْهَبُوْا فَتَحَسَّسُوْا مِنْ يُّوْسُفَ وَ اَخِيْهِ وَ لَا تَايْـَٔسُوْا مِنْ رَّوْحِ اللّٰهِ ؕ
اِنَّهٗ لَا يَايْـَٔسُ مِنْ رَّوْحِ اللّٰهِ اِلَّا الْقَوْمُ الْكٰفِرُوْنَ ﴿۸۷﴾

ထို(အခါ) ဖခင်က ထိုသို့အလျှင်းမဟုတ်၊ အမှန်စင်စစ်မှာမူကား အသင်တို့၏ စိတ်နှလုံးသည် အသင်တို့အဖို့ အမှုကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်းသာဖြစ်ပေသည်။ သို့ဖြစ်ပေရာ သည်းခံခြင်းသာလျှင် အကောင်းဆုံးပင်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးတို့အား ငဲ့ထံသို့ ပြန် လည်ရောက်စေတော်မူလိမ့်မည်ဟု မျှော်လင့်ရာ၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၈၃]

ထို့နောက် ထိုခမည်းတော်သည် ၎င်းတို့ဘက်မှမျက်နှာလွှဲခဲ့ပြီးလျှင် ယြော်-ယူစုဖ်၊ ဖြစ်မှဖြစ်ရလေခြင်းဟု ပြောဆို(ညည်းညူ)ခဲ့လေသည်။ ၎င်းပြင် ယင်း၏မျက်စိနှစ်လုံးတို့မှာလည်း ဝမ်းနည်းပူဆွေးမှုကြောင့် ဖြူရှင်သွားခဲ့လေသည်။ သို့တစေလည်း ယင်းသည် (မိမိ) မျိုသိပ် လျက် ရှိနေခဲ့ရရှာလေသတည်း။[၈၄] ယင်း(သား)တို့က (အို-ခမည်းတော်) အလ္လာဟ်အရှင်မြတ်၏ကစမ်၊ အသင်ခမည်းတော်သည် ယူစုဖ်အား အမြဲမပြတ် တမ်းတ

သတိရ လျက်ပင် ရှိနေသည်ဖြစ်ရာ နောက်ဆုံးတွင်မူ အသင်ဖခင်သည် ကျန်းမာရေး ချွတ်ယွင်း သူသော်လည်းကောင်း၊ အသက်ဇီဝိန် ချုပ်ငြိမ်းသူသော်လည်းကောင်း ဖြစ်ရ ပါတော့မည် ဟုပြောဆိုကြကုန်၏။[၈၅] (ထိုအခါ) ယင်းခမည်းတော်သည် (ဤသို့) ပြောဆိုဖြေကြားခဲ့လေ၏။ ငါသည် အလ္လာဟ်အရှင်မြတ်၏အထံတော်၌သာလျှင် မိမိ စိတ်သောကဖြစ်မှုကို လည်းကောင်း၊ မိမိပူဆွေးမှုကိုလည်းကောင်း လျှောက်ထားခြင်း ဖြစ်ပေသည်။ စင်စစ်မှာမူကား ငါသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ အသင်တို့ မသိ ကြသောအရာကို သိရှိရ ပေသတည်း။[၈၆] အို-ငါ၏ချစ်သားတို့၊ အသင်တို့သည် ယူစုဖ် အားလည်းကောင်း၊ ယင်းယူစုဖ်၏ ညီငယ်အားလည်းကောင်း သွား၍ရှာဖွေ စုံစမ်းကြ လေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော် လင့်ချက် မကင်းကြကုန်လင့်။ ဇကန်မလွဲ ကာဖိရ် သွေဖည်ငြင်းပယ်သူတို့သည် သာလျှင် အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ မျှော်လင့်ချက်ကင်းကြပေသတည်း။ [၈၇]

အကျယ်ဖွင့်ဆိုခြင်း

အီဂျစ်နိုင်ငံတွင် ဘင်ယာမင်ကို ထိန်းသိမ်းခံခဲ့ရပြီးနောက် သူ့အစ်ကိုများသည် အိမ်သို့ပြန်သွားကြကာ စိုက်ယိဒိနာယာကုဗ်ﷺအား ၎င်းတို့ ဘာဖြစ်ခဲ့ကြသည်ကို ပြောပြခဲ့သည်။ သူတို့လုပ်ခဲ့သမျှသည် အမှန်ဖြစ်ကြောင်း၊ ယင်းကို အီဂျစ်နိုင်ငံသားများနှင့် အီဂျစ်မှကင်နာန်အားန်သို့ သူတို့နှင့်ပြန်လာသည့် ခရီးသွားယာဉ်တန်းမှလူများကို မေး မြန်းကြည့်လျှင် ခိုင်မာကြောင်း ဖခင်အား ပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံမှ ကင်နာန်အာန်ပြန်လာသူများထံမှ ဘင်ယာမင်၏ခိုးမှုထင်ရှား၍ ယင်းပြစ်မှုအတွက် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ပါသည်။ အစောပိုင်းက စိုက်ယိဒိနာယူစုဖ်ﷺ၏ကိစ္စနှင့်ပတ်သက်၍ သူ့သားများသည် သူ့အား လိမ်လည်ပြောဆိုခဲ့ကြောင်း စိုက်ယိဒိနာယာကုဗ်ﷺ သိရှိခဲ့ သဖြင့် ဤတစ်ကြိမ်တွင်လည်း ၎င်းတို့အား သူက မယုံကြည်ခဲ့ပါ။ စင်စစ်တွင် ဤအကြိမ်မှာ ထိုသားများသည် သူ့ကို လိမ်မပြောကြပါ။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺ ပျောက်ဆုံးစဉ်အချိန်က သူပြောကြားသကဲ့သို့ပင် ဤအကြိမ်၌လည်း သူက بَلْ سَوَّلَتْ لَكُمْ اَنْفُسُكُمْ اَمْرًا ۖ فَصَبْرٌ جَمِيْلٌ ထိုသို့ အလျှင်းမဟုတ်၊ အမှန်စင်စစ်မူကား အသင်တို့၏ စိတ် နှလုံးသည် အသင်တို့အဖို့ အမှုကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်းသာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ သည်းခံခြင်းသည် သာလျှင် အကောင်းဆုံးပင် ဖြစ်ပေသည်။"ဟုပြောကြားခဲ့သည်။ ယင်းကဆိုလိုသည်မှာ "အသင်တို့၏ ဤပြောကြား ချက်မှာ မမှန်ကန်ချေ။ အသင်တို့ကိုယ်တိုင် လုပ်ကြံထားခြင်းသာ ဖြစ်သည်။ သို့သော်လည်း ယခုတိုင်ပင် ငါသည် သည်းခံခြင်းကိုသာ ရွေးချယ်ထားပါသည်။ သည်းခံခြင်းသည်သာလျှင် ငါ့အတွက် အကောင်းဆုံးဖြစ်ပေသည်"ဟူ၍ ဖြစ်သည်။

ဤသည်မှ အလ်ကုရ်သုဒီက ထုတ်နုတ်ခဲ့သည်မှာ "မုဂျ်သဟစ်ဒ်တစ်ဦးသည် သူ၏အိဂျ်သိဟာဒ်ဖြင့် ပြောဆို သမျှတွင် အမှား တစ်ခုတလေပါဝင်နိုင်သည်။ ယင်းသို့ပင် တမန်တော်တစ်ပါးသည်လည်း သူ၏ အိဂျ်သိဟာဒ်အပေါ် အခြေခံ၍ ပြောဆိုသည်တို့တွင် အမှားပါဝင်နိုင်သည်။ သို့သော် ယင်းအမှားမှာ ကနဦးတွင်သာလျှင် ဖြစ်သည်။ ဤကဲ့ သို့ပင် ဤကိစ္စရပ်ဖြစ်သွားသည်မှာ စိုက်ယိဒိနာယာကုဗ်ﷺက သူ၏သားများ ပြောသည်တို့မှာ လိမ်လည်မှုတစ်ခုဖြစ် သည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း တမန်တော်များမှာ အထူးအဆင့်အတန်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ တာဝီး တသန့်ဖြစ်ခြင်းပေါ် အခြေခံ၍ အလ္လာဟ်အရှင်မြတ်၏ အလိုတော်အရ ၎င်းတို့၏အမှားကို သတိပေးခံခဲ့ရသည်။ ထို့ပြင်

ယင်းအမှားကို ဖယ်ရှား၍ အဆုံးတွင် ၎င်းတို့ အမှန်တရားကို တွေ့စေပါသည်။

ဤနေရာတွင် အီဂျစ်တွင် ၎င်းတို့ကြုံခဲ့သည်ကို ရည်ညွှန်း၍ စိုက်ယိဒိနာယာကုဝ်ﷺ ဖော်ပြခဲ့သော "အမှုကိစ္စတစ်ခုကို ကြံစည်ဖန်တီးခဲ့ခြင်း"ဆိုသည့်အပေါ် ကုရ်သုဒီ၏မှတ်ချက်မှာ ဗင်ယာမင်နှသည် ခိုးမှုဖြင့်မတရားစွပ်စွဲ၍ အီဂျစ်တွင် ဖမ်းဆီးခံရခြင်းသည် သီးသန့်ရည်မှန်းချက်ကို ရစေရန်ဖြစ်သည်။ ယင်းရည်မှန်းချက်၏ အဆုံးစွန်ရလဒ်မှာ ကောင်းမွန်သောအသွင်ဖြင့် ပေါ်ထွက်ခဲ့ပါသည်။ ဤအာယသ်၏နောက်ဝါကျထဲတွင် ရလဒ်အတွက် ရည်ညွှန်းချက် တစ်ခုပေး၍ မိန့်ထားသည်မှာ عَسَى اللّٰهُ اَنْ يَّاْتِيَنِيْ بِهِمْ جَمِيْعًا "အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အားလုံးတို့အား ငါ့ထံသို့ပြန်လည်ရောက်စေတော်မူလိမ့်မည်ဟု မျှော်လင့်ရာ၏။"ဟူ၍ဖြစ်သည်။

အချုပ်မှာ စိုက်ယိဒိနာယာကုဝ်ﷺသည် သူသားများ ပြောဆိုမှုကို ဤတစ်ကြိမ်တွင်လည်း လက်ခံရန် ငြင်းဆိုခဲ့ခြင်း၏ရလဒ်မှာ ခိုးမှုအမှန်တကယ်မဖြစ်ခဲ့ကြောင်း ဗင်ယာမင်နှ အဖမ်းမခံခဲ့ရကြောင်းနှင့် ကိစ္စရပ်၏အမှန်တရားကို တစ်နေရာရာ၌ တွေ့ရှိရမည်ဖြစ်ကြောင်းတို့ဖြစ်ပေသည်။ ယင်းတို့သည် သူနေရာနှင့်သူ မှန်ကန်ကြပါသည်။ သားတော်များ ပြောသည်မှာလည်း သူတို့ သိသည့်အတိုင်း ပြော၍ မမှားချေ။

အာယသ်(၈၄)တွင် وَ تَوَلّٰى عَنْهُمْ وَ قَالَ يٰۤاَسَفٰى عَلٰى يُوْسُفَ وَ ابْيَضَّتْ عَيْنٰهُ مِنَ الْحُزْنِ فَهُوَ كَظِيْمٌ "ထို့နောက် ထိုခမည်းတော်သည် ၎င်းတို့ဘက်မှ မျက်နှာလွှဲခဲ့ပြီးလျှင် ဩော်- သားတော်ယူစုဖ် ဖြစ်မှ ဖြစ်ရလေခြင်းဟုပြော (ညည်းညူ)ခဲ့လေသည်။ ၎င်းပြင် ယင်း၏မျက်စိနှစ်လုံးမှာလည်း ဝမ်းနည်းပူဆွေးမှုကြောင့် ဖြူ၍သွားခဲ့လေသည်။ သို့တစေလည်း ယင်းသည် (မိမိ)မျိုသိပ်လျက် ရှိနေခဲ့ရရှာလေသည်"ဟုမိန့်ထားသည်။ ဤသည်က ဆိုလိုသည်မှာ စိုက်ယိဒိနာယာကုဝ်ﷺသည် ဒုတိယအကြိမ် တုန်လှုပ်ပြီးနောက်၌ ဤကိစ္စကို သူသားများနှင့်ပြောဆိုခြင်းကို မပြောတော့ချေ။ ၎င်းနောက် သူသည် ဖန်ဆင်းရှင်ဘက်လှည့်၍ စိုက်ယိဒိနာယူစုဖ်ﷺနှင့်ပတ်သက်၍ ၎င်း မည်မျှဝမ်းနည်ပူဆွေးရသည်ဆိုကြောင်း ညည်းညူခဲ့သည်။ ယူစုဖ်နှင့်ခွဲခွာရမှုကြောင့် ပူဆွေး၍ အမြဲငိုကြွေးခဲ့ရခြင်းကြောင့် မျက်လုံးများမှာ အဖြူရောင်သို့ပင် ဖြစ်သွားခဲ့သည်။ ဆိုလိုသည်မှာ သူမျက်စိကွယ်သွားခဲ့သည် (သို့မဟုတ်) အမြင်အာရုံနည်းသွားပေသည်။ သဖိစီရ်ပညာရှင် မုကာသီရ်က စိုက်ယိဒိနာယာကုဝ် ﷺ၏ ဤသို့ မျက်စိကွယ်လုနီးနီးဖြစ်ခဲ့ရသည်မှာ ခြောက်နှစ်တိုင်တိုင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ အာယသ်၏ နောက်ဆုံးဝါကျပါ فَهُوَ كَظِيْمٌ ဟူသောဝါကျကို သူသည် ဆိတ်ငြိမ်သွားသည်။ စကားလည်းမပြော၊ သူ၏နာကျင်မှုဝေဒနာကိုလည်း မည်သူနှင့်မျှ ဝေမျှမခံစားဟု ရှင်းလင်းနိုင်သည်။ كَظِيْمٌ(ကသွီး)ဟူသော စကားလုံးသည် كَظَم(ကသွမ်)ဟူသောစကားလုံးမှ ဆင်းသက်ကာ ပိတ်ဆို့ခြင်း (သို့မဟုတ်) ပြည့်လျှံခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ သူ၏ နှလုံးသားတွင် ဝမ်းနည်းပူဆွေးမှု ပြည့်လျှံ၍ ၎င်း၏ ဝမ်းနည်းကြေကွဲမှုကို မည်သူ့ကိုမျှ မပြောပြနိုင်လောက်အောင်နှတ်ဆွံ့နေသည်ဟု ၍ဖြစ်သည်။

ထို့ကြောင့် كَظَم(ကသွာမ်)ဟူသော စကားလုံးအား ဒေါသထိန်းချုပ်သည်ဟူ၍ အဓိပ္ပာယ်မှတ်ယူနိုင်သည်။ တစ်နည်းဆိုရသော် လူသားတစ်ဦး၏ နှလုံးအိမ်တွင် ပြည့်လျှံသည့်ဒေါသရှိလင့်ကစား ဒေါသအလျောက် နှုတ်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ တစ်စုံတစ်ရာပြုလုပ်စေသော လှုံ့ဆော်ချက် မဖြစ်စေတော့ပါ။ ယင်းကိုဟဒီးဆ်တော် တွင် လာရှိသည်မှာ

وَمَنْ يَّكْظِمِ الْغَيْظَ يَاْجُرْهُ اللّٰه

"မည်သူမဆို လုပ်နိုင်စွမ်းရှိလျက် ဒေါသအလျောက် မပြုလုပ်မိစေရန်အတွက် မိမိဒေါသကို ထိန်းချုပ်သူကို အလ္လာဟ်အရှင်မြတ်က ဆုလာဘ် ချီးမြှင့်တော်မူလိမ့်မည်"ဟူ၍ ဖြစ်သည်။

အခြားဟဒီးဆ်တော်တစ်ရပ်တွင် မိန့်ထားသည်မှာ (အလ်ဟရှရ်) ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် လူအုပ်ကြီးတစ်ခုလုံးရှေ့တွင် ထိုသူများရှိနေစေကာ ဂျန္နသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာများကို သူတို့ကြိုက်သလို ရွေးချယ်ခွင့် ပေးပါလိမ့်ည်မ်။

ဤအချက်ကို အီမာန်အိဗန်ဂျရီးရ်တင်ပြခဲ့သည့် ဟဒီးဆ်တော်တစ်ရပ်အရ ဒုက္ခရောက်နေစဉ်အချိန်၌ إِنَّا لِلّٰهِ وَإِنَّا إِلَيْهِ رَاجِعُوْنَ (အင်နာလိလ္လာဟိ ဝအင်န အိလိုင်ဟိ ရာဂျီအူန်း)ရွတ်ဆိုခြင်း၊ ရွတ်ဆိုရန် စေ့ဆော်ခြင်းသည် ဤအွမ္မသ်ထု၏ ထူးခြားသောဝိသေသဖြစ်ကာ ဤကလိမာဟ်သည် တစ်စုံတစ်ဦး ဝမ်းနည်းကြေကွဲခံစားရခြင်းမှ သက်သာရာရစေလွတ်ကင်းပြီး အလွန်အကျိုးသက်ရောက်သော ကလိမဟ်ဖြစ်ပေသည်။ ဤသည်ကို တမန်တော်မြတ်ﷺ အွမ္မသ်ထု၏ ထူးခြားပေါ်လွင်သော ဝိသေသဟု ဓေါ်ရခြင်းမှာ စိုက်ယိဒိနာယာကုဗ်ﷺသည် တုန်လှုပ်မှုနှင့် ဝမ်းနည်းကြေကွဲမှုတို့ဖြင့် ဆို့နှင့်နေသောအခါ ဤကလေမဟ်ကို မရွတ်ဖတ်ဘဲ "يَا أَسَفَى عَلَى يُوْسُفَ" ဩော်-ယူစုဖ် ဖြစ်မှဖြစ်ရလေခြင်းဟူ၍ ပြောဆိုခဲ့ခြင်းကြောင့်ဖြစ်သည်။ အလ်ဗိုင်ဟကီ၏ ရှိအ်ဗုလ်အီမာန်ကျမ်းတွင် ဤဟဒီးဆ်တော်ကို စိုက်ယိဒိနာအိဗန် အဗ္ဗားစ်၏ဆင့်ပြန်ချက်ပေါ် အခြေခံ၍ ဖော်ပြထားသည်။

စိုက်ယိဒိနာယာကုဗ်ﷺသည် စိုက်ယိဒိနာယူစုဖ်ﷺကို အဘယ့်ကြောင့် အလွန်ချစ်ခင်မြတ်နိုးရသနည်း။

ဤအဆင့်တွင် စိုက်ယိဒိနာယာကုဗ်ﷺသည် စိုက်ယိဒိနာယူစုဖ်ﷺအပေါ်တွင် ထူးထူးခြားခြား ချစ်ခင်မြတ်နိုးသည်ဟု ကျွန်ုပ်တို့ သတိမူမိပါသည်။ သူသားနှင့်ခွဲခွာခဲ့ရသည့်ကာလ အနှစ်လေးဆယ်လုံးလုံး အချို့အဆိုအရ အနှစ်ရှစ်ဆယ်အတွင်း ၎င်းနှင့်ခွဲခွာရခြင်းသည် မည်မျှထိခိုက်စေသနည်းဆိုလျှင် ယင်းကာလတစ်လျှောက်လုံး အဆက်မပြတ် ငိုကြွေးခဲ့သည်မှာ မျက်စိကွယ်သည်အထိပင်ဖြစ်သည်။ အပေါ်ယံကြည့်ရလျှင် သူသည် သားသမီးများကို ထိုမျှချစ်ခင်မြတ်နိုးခြင်းမှာ တမန်တော်တစ်ပါး အနေဖြင့် သူ၏ နာမ်ပိုင်းဆိုင်ရာ ကြီးကြယ်မြင့်မြတ်မှုနှင့် လိုက်လျောညီထွေမှုမရှိချေ။ တစ်ဖက်တွင် ကုရ်အာန်ကျမ်းတော်မြတ်က "إِنَّمَا أَمْوَالُكُمْ وَأَوْلَادُكُمْ فِتْنَةٌ" အသင်တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ အသင်တို့၏ သားသမီးများသည်လည်းကောင်း စမ်းသပ်မှု(ဖစ်သနာ)သာလျှင် ဖြစ်ကုန်၏ (၆၄း၁၅)"ဟူ၍ မိန့်ထားသည်။ တစ်ဖန် မြင့်မြတ်သော တမန်တော်များ၏ နာမ်ပိုင်းဆိုင်ရာ ကြီးကျယ်မြင့်မြတ်မှုနှင့် ပတ်သက်၍ "إِنَّا أَخْلَصْنٰهُمْ بِخَالِصَةٍ ذِكْرَى الدَّارِ" ဇကန်မလွဲ ငါအရှင်မြတ်သည် တမလွန်(အာခိရသ်)ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့် ၎င်းတို့အား ထူးခြားစေတော်မူ၏ (၃၈း၄၆)"ဟု မိန့်ခဲ့သည်။ မာလစ်က်အိဗနိဒီနာရ်ﷺက ယင်း၏အဓိပ္ပာယ်ကို ရှင်းလင်းပြသည်မှာ "ငါအရှင်မြတ်သည် ၎င်းတို့ (တမန်တော်)များ၏ နှလုံးသားများထဲမှ ဒွန္နယာ(လောက)အပေါ် ချစ်ခင်မြတ်နိုးခြင်းမှ ဖယ်ထုတ်ပစ် ကာ ယင်းနေရာတွင် အာခိရတ်(တမလွန်ဘဝ)ကိုချစ်ခင်မြတ်နိုးခြင်းနှင့် အစားထိုးပေးထားသည်။ တစ်စုံတစ်ခုကို ယူခြင်း(သို့မဟုတ်) စွန့်ပစ်ခြင်းအတွက် ၎င်းတို့၏စံမှာ အာခိရသ်(တမလွန်ဘဝ)သာလျှင်ဖြစ်သည်။

ဤနေရာတွင် ပြောဆိုသမျှ၏ အချုပ်အရစိုက်ယိဒိနာယာကုဗ်ﷺသည် စိုက်ယိဒိနာယူစုဖ်ﷺအပေါ် ချစ်မြတ်နိုးခြင်းဖြင့် သူကိုယ်သူ အဘယ့်ကြောင့် နစ်မွန်းခံရသနည်း။ ထိုပြင်ယင်းလုပ်ရပ်သည် မှန်ကန်သည်ဟု ကျွန်ုပ်တို့ မည်သို့ရှင်းနိုင်မည်နည်း ဟူသောအခက်အခဲနှင့် ကျွန်ုပ်တို့ရင်ဆိုင်ရနိုင်သည်။

ကာသွီ သနာအွလ္လာဟ် ပါနီပသီﷺက သူ၏ သဖ်စီရ်မဇာဟီရီကျမ်းတွင် ဤအခက်အခဲကို ရည်ညွှန်း၍ ဟဇရသ် မုဂျာဒ်စစ်အလ်ဖ်သာနီ၏ အထူးသုတေသနပြုချက်တစ်ခုကို တင်ပြထားခဲ့သည်။ ယင်း၏အကျဉ်းချုပ်မှာ ဒွန္နယာ(လောက)နှင့် ယင်း၏ ပျော်ရွှင်မှုများပေါ် ချစ်မြတ်နိုးမှုကို အပြစ်တင်ထိုက်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်၏ ပြည့်စုံရှင်းလင်းစွာဖော်ပြသော အဆိုအမိန့်များကလည်း ဤသည်ကို သက်သေပြပါသည်။ သို့ရာတွင် အာခီရသ်နှင့်ဆက်နွယ်နေသော ဒွန္ဒယာရှိအရာများပေါ် ချစ်ခင်မြတ်နိုးခြင်းသည်လည်း အာခီရသ်ကို ချစ်မြတ်နိုးခြင်းတွင် အကျုံးဝင်သည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ အရည်အသွေးများသည် သူ၏ ရုပ်ပိုင်းဆိုင်ရာ လှပတင့်တယ်မှုတစ်ခုထဲတွင် ကန့်သတ်ထားသည် မဟုတ်ချေ။ သူ၏ တမန်တော်ဆိုင်ရာ ဂုဏ်သိက္ခာနှင့် မြင့်မားသော ကိုယ်ကျင့်တရားများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ ထို့ကြောင့် ခြုံငုံပြောရလျှင် သူ့ကို ချစ်ခင်မြတ်နိုးခြင်းမှာ လောကီဘဝကြောင့် ချစ်ခင်မြတ်နိုးရသည်မဟုတ် စင်စစ်တွင် အမှန်မှာ ဤသည် အာခီရသ်အတွက် ချစ်ခင်မြတ်နိုးခြင်းဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်မှတ်ချက်ထဲတွင် ဤချစ်ခင်မြတ်နိုးမှုတွင် ဒွန္ဒယာအတွက် အမှန်တကယ် ချစ်ခင်မြတ်နိုးခြင်းမဟုတ်သော်လည်း ယင်းတွင် လောကီဆိုင်ရာ အချို့အချက်ပါဝင်နေသည်ဆိုသည်ကို သတိမူထိုက်သည်။ ဤအကြောင်းကြောင့် စိုက်ယိဒိနာယာကုပ်ﷺ၏ ချစ်ခင်မြတ်နိုးမှုသည် ၎င်းအတွက် စမ်းသပ်မှုအရင်းအမြစ်တစ်ခု ဖြစ်လာကာ သူသားနှင့် နှစ်ပေါင်းလေးဆယ် ခွဲခွာခြင်း၏တုန်လှုပ်မှုကို ခံစားခဲ့ရသည်။ ဤအဖြစ်အပျက်များ၏ ကွင်းဆက်များသည် အစမှအဆုံးတိုင် အလွှာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူခဲ့သည့်အတိုင်း ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် တုန်လှုပ်ချောက်ချားမှုသည် ကြာရှည်၍သွားခဲ့သည်။ သို့မဟုတ်က အဖြစ်အပျက်စသည့် အချိန်မှပင် သူသားကို အလွန်ချစ်မြတ်နိုးသည့်ဖခင်သည် သားများပြောသည်ကိုလက်ခံ၍ အိမ်တွင် အေးအေးဆေးဆေးနေရာ ယင်းကိစ္စအတွက် ဘာမျှမလုပ်ဘဲ နေလိမ့်မည်ဆိုခြင်းကား မဖြစ်နိုင်ချေ။ စင်စစ် အကယ်၍ ၎င်းသည်ဖြစ်ပျက်ခဲ့သည့်နေရာကို အလျင်အမြန် ချက်ချင်းသွားရောက်ခဲ့ကာ လိုအပ်သည့် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့လျှင် ကိစ္စရပ်၏ အမှန်တရားကို ချက်ချင်းလက်ငင်း သိရှိနိုင်သည်။ သို့သော်လည်း ကိစ္စရပ်များမှာ အလွှာဟ်အရှင်အလိုတော်ရှိသည့်အတိုင်း ဖြစ်ပေါ်စေခဲ့၍ သူသည် ထိုကဲ့သို့မလုပ်နိုင်ခဲ့ပါ။ ယင်းနောက် စိုက်ယိဒိနာယူစုဖ်ﷺကို ဝဟီမှတစ်ဆင့် သူ့အဖေထံ သူနှင့်ပတ်သက်သော သတင်းပြောကြားရန် ဘယ်လောက်ကြာကြာ ရပ်တန့်ခဲ့သနည်းဆိုလျှင် သူသည် အီဂျစ်နိုင်ငံတွင် အာဏာရပြီးနောက် ယင်းအကြောင်းပင် မပြောဖြစ်ဘဲ အကြောင်းပင် မကြားဖြစ်ခဲ့ချေ။ ထို့နောက် သူ့အစ်ကိုများ အီဂျစ်နိုင်ငံသို့ မကြာခဏ လာရောက်ခဲ့ခြင်းကြောင့်လည်း ပိုမိုများပြားသည့် စမ်းသပ်မှုများဖြစ်ခဲ့သည်။

ထိုအချိန်တွင်ပင် သူ့အစ်ကိုများကို သူ့အကြောင်း မပြောခဲ့သကဲ့သို့ သူ့ဖခင်ထံသို့လည်း သတင်းအချက်အလက် မပို့ပေးခဲ့ပါ။ ယင်းတို့လုပ်ဆောင်ခြင်းမပြုဘဲ လျှို့ဝှက်အစီအမံတစ်ခုဖြင့် သူညီငယ်ကို ထိန်းသိမ်းထားကာ ဖခင်အပေါ်တွင် နောက်ထပ် ထိတ်လန့်တုန်လှုပ်မှု ကျရောက်စေခဲ့သည်။ ဝဟီကြားခံမှတစ်ဆင့် သူ့အား ဤကဲ့သို့ မတားမြစ်ခဲ့လျှင် စိုက်ယိဒိနာယူစုဖ်ﷺကဲ့သို့သော ကြီးကျယ်သည့်တမန်တော်တစ်ပါးမှာ ဤလုပ်ရပ်အားလုံးကို လုပ်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် အလ်ကုရ်သုဗီနှင့် အခြားဋီကာရှင်များက ကြေညာခဲ့သည်မှာစိုက်ယိဒိနာယူစုဖ်ﷺလုပ်ခဲ့သည့် ဤလုပ်ရပ်အားလုံးတို့သည် အလွှာဟ်အရှင်မြတ် ဝဟီ၏ တိုက်ရိုက်စေ့ဆော်မှုပင်ဖြစ်သည်။ كَذَٰلِكَ كِدْنَا لِيُوسُفَ "ဤအတိုင်းပင် ငါအရှင်မြတ်သည် ယူစုဖ်၏အကျိုးငှာ ကြံစည်တော်မူခဲ့လေသည်။ (၇၆)"ဟူသော ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့်က ဤသည်ကိုညွှန်းပါသည်။ အလွှာဟ်အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

စိုက်ယိဒိနာယာကုပ်ﷺ၏ သားများက ဖခင်၏ပြင်းထန်သော ခံစားမှုနှင့် သည်းခံမှုကို တွေ့ရသောအခါတွင် قَالُوا تَاللَّهِ تَفْتَؤُا تَذْكُرُ يُوسُفَ "ယင်း(သား)တို့က (အို-ခမည်းတော်) အလွှာဟ်အရှင်မြတ်၏ကစမ်၊ အသင်ခမည်းတော်သည် ယူစုဖ်အား အမြဲမပြတ် တမ်းတ သတိရလျက်ပင် ရှိနေသည်ဖြစ်ရာ"ဟု ၎င်းတို့က ပြောခဲ့ကြသည်။ ဆိုလို

သည်မှာ ထိုအကြောင်းကြောင့် တုန်လှုပ်ချောက်ချားတိုင်းနှင့် ဝမ်းနည်းပူဆွေးမှုတိုင်းသည် နောက်ဆုံးတွင် အဆုံးသတ်သွားသည် ဟူ၍ဖြစ်သည်။ ဘဝတွင် နေ့များကုန်ဆုံးသည်နှင့်အတူ ထိုအရာများကို မေ့လျော့သွားပါတော့သည်။ သို့သော်လည်း အချိန်ကြာညောင်းသည့်တိုင် ပူဆွေးမှုမှာ စတင်ဖြစ်ပွားခဲ့သကဲ့သို့ပင် အသစ်အသစ်ဖြစ်၍ ဝမ်းနည်းပူဆွေးလျက်သာရှိသည်မှာ ဆက်တိုက်ပင် ဖြစ်ပါတော့သည်။

သူသားများ ပူပင်သောကရောက်မှုကို ကြားပြီးနောက် စိုက်ယိဒိနာယာကုဗ်ﷺက اِنَّمَآ اَشۡكُوۡا بَثِّىۡ وَ حُزۡنِىۡۤ اِلَى اللّٰهِ ဟု မိန့်ခဲ့သည်။ ဆိုလိုသည်မှာ မိမိ၏တောင်းဆိုမှုဖြင့် စိတ်သောကကို အသင်တို့ရှေ့မှောက်တွင် လည်းကောင်း၊ အခြားသူတစ်ဦးဦး၏ ရှေ့မှောက်တွင်လည်းကောင်း ထုတ်ဖော်တင်ပြနေသည် မဟုတ်ပါ။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်တွင်သာ တောင်းဆိုနေခြင်းဖြစ်သည်။ ထို့ကြောင့် ငါ့ကို သောကမဖြစ်ပါနှင့်" ဟူ၍ဖြစ်သည်။ ထို့နောက် သူပြောခဲ့သည်ထဲတွင် သူ၏သတိရခြင်းမှာ အချည်းအနီးဖြစ်လိမ့်မည်မဟုတ်ကြောင်း အဘယ့်ကြောင့်ဆိုသော် ၎င်းတို့မသိသည်များကို အလ္လာဟ်အရှင်မြတ်ထံတော်မှ ငါသိရှိပြီးဖြစ်သည်ဟူသော အညွှန်းလည်းဖြစ်သည်။ ယင်းမှာ ညီအစ်ကိုနှစ်ယောက်ကို သူနှင့် ပြန်လည်ဆုံစည်းစေမည်ဟူသော ကတိပေးချက် ဖြစ်ပေသည်။

အာယသ် ၈၇ သည် စိုက်ယိဒိနာယာကုဗ်ﷺ၏ يٰبَنِىَّ اذۡهَبُوۡا فَتَحَسَّسُوۡا مِنۡ يُّوۡسُفَ وَ اَخِيۡهِ "အသင်တို့သည် ယူစုဖ်အားလည်းကောင်း၊ ယင်းယူစုဖ်၏ညီငယ်အားလည်းကောင်း သွား၍ ရှာဖွေစုံစမ်းကြလေကုန်"ဟူသော အမိန့်ပေးမှုဖြင့်စတင်ထားသည်။

ထိုမျှ အချိန်ကြာညောင်းပြီးကာမှ စိုက်ဒနာယာကုဗ်ﷺသည် သားများကို "အသင်တို့သည် ယူစုဖ်အား လည်းကောင်း၊ ယင်းယူစုဖ်၏ညီငယ်အားလည်းကောင်း သွား၍ရှာဖွေစုံစမ်းကြလေကုန်"ဟု ခိုင်းလိုက်သည်။ ထို့နောက် သူတို့ကိုတွေ့ရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ထားစေပါသည်။ ယခင်က ဤသို့သဘောသာဘဝရှိသော အမိန့်တစ်ရပ် မပေးခဲ့ပါ။ ဤအရာများအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ တင်ရင်စီမံထားမှုအတိုင်းဖြစ်ပေသည်။ ၎င်းတို့ကို စောစီးစွာတွေ့ရန်ကိုမူကား သတ်မှတ်ထားခြင်း မရှိချေ။ ထို့ကြောင့် ယင်းသို့သော လုပ်ဆောင်မှုများကိုလည်းမလုပ်ဆောင်ခဲ့ပါ။ ယခုမူကား သူတို့နှင့် တွေ့ဆုံရန် အချိန်ကျပေပြီ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် သူ၏နှလုံးသားတွင် ရှာဖွေမှုအတွက် တစ်မူထူးခြားသောနည်းလမ်းကို ထည့်သွင်းပေးလိုက်သည်။

ရှာဖွေရန်ဦးတည်ချက်ကို အီဂျစ်နိုင်ငံမှအပ မည်သည့်ဘက်မှမပြခဲ့ချေ။ ဘင်္ဂလာမင်္ဂန်၏ကိစ္စကို အီဂျစ်နိုင်ငံ၌သာလျှင် ရှာဖွေရန်သေချာသည်။ သို့သော်လည်း အပြင်ပန်းအခြေအနေအရ စိုက်ယိဒိနာယူစုဖ်ﷺကို အီဂျစ် နိုင်ငံတွင် ရှာဖွေရန်အကြောင်းမရှိပါ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာပြုလုပ်ရန် လိုလားတော်မူလျှင် ယင်းအတိုင်းဖြစ်စေရန် သင့်လျော်သောအကြောင်းခံများကို တစုတစည်းတည်း ပြုလုပ်တော်မူခဲ့သည်။ ထို့ကြောင့် ဤအချိန်၌ စိုက်ယိဒိနာယာကုဗ်ﷺသည် သူ၏သားများကို ဤရှာဖွေမှုပြုလုပ်နိုင်ရန် အီဂျစ်နိုင်ငံသို့ တစ်ဖန် သွားရောက်စေရန် ညွှန်ကြားခဲ့သည်။ ဋီကာရှင်အချို့က ပြောခဲ့သည်မှာ စိုက်ယ်ဒိနာယာကုဗ်ﷺသည် အီဂျစ်ဘုရင်က ပထမအကြိမ်တွင် သားများ၏ အရင်းအနှီးကို သူတို့၏ အိတ်ထဲတွင် ပြန်ထည့်ပေးကာ သာမန်မဟုတ်ဘဲ ပြုမူ ဆက်ဆံခဲ့မှုကို သတိပြုမိကာ ဤအီဂျစ်ဘုရင်သည် အလွန်သိမ်မွေ့၍ ရက်ရောသောကြောင့် ၎င်းသည် ယူစုဖ် ဖြစ်နိုင်သည်ဟု အတွေးပေါ်ခဲ့သည်။

လမ်းညွှန်မှုဆိုင်ရာအချက်

ဒုက္ခဖြစ်စဉ် သည်းခံခြင်းသည် မုစ်လင်မ်တိုင်းအပေါ်၌ မပြုမနေရ တာဝန်ဖြစ်သည်

အီမာမ်အလ်ကုရ်သုဗီက ပြောခဲသည်မှာ စိုက်ယိဒိနာယာကုဗ်ﷺနှင့် ပတ်သက်သော အဖြစ်အပျက်အရာ သူကိုယ်တိုင်ဖြစ်စေ၊ သားသမီး၊ မိသားစု(သို့မဟုတ်) ဥစ္စာပစ္စည်းနှင့်ပတ်သက်၍ ဒုက္ခရောက်သည် (သို့မဟုတ်) စိတ်သောကရောက်သည်ဆိုလျှင် ယင်းတို့မှကင်းရှင်းစေရန်မှာ စဗရ်သည်းခံခြင်းကို အစွမ်းကုန်ပြုလုပ်၍ စိတ်လျှော့ကာ အလ္လာဟ်အရှင်မြတ်၏စီရင်ချက်အပေါ် ကျေနပ်ရောင့်ရဲကာ စိုက်ယိဒိနာယာကုဗ်ﷺနှင့် အခြားမြင့်မြတ်သော တမန်တော်များ၏ စံနမူနာအတိုင်း လိုက်နာကျင့်သုံးရန်မှာ မုစ်လင်မ်တိုင်းအပေါ်တွင် ဝါဂျစ်ဗ်တာဝန် ဖြစ်သည်။

အမျက်ဒေါသနှင့် ဒုက္ခတို့ကို မျိုသိပ်ခြင်း၏မြင့်မြတ်မှု

အီမာမ် ဟစန်အလ်ဗဆွရီ﵀က မိန့်သည်မှာ မျိုသိပ်ခြင်းများအနက် နှစ်မျိုးသည် အလ္လာဟ်အရှင်မြတ် ရှေ့တော်မှောက်တွင် အကောင်းဆုံးဖြစ်သည်။ ယင်းတို့မှာ (၁) ဒုက္ခရောက်စဉ် (သို့မဟုတ်) စိတ်သောကရောက်စဉ် စွဗရ်ပြုလုပ်၍ မျိုသိပ်ခြင်း၊ (၂) ဒေါသကို မျိုသိပ်ခြင်းတို့ဖြစ်သည်။

ဒုက္ခရောက်သည်ကို လူတိုင်းရှေ့တွင် ညည်းညူခြင်း

စိုက်ယိဒိနာအပူဟုရိုင်ရဟ်﵀ဆင့်ပြန်ခဲ့သည့် အခြားဟဒီးဆ်တော်တွင် တမန်တော်မြတ်ﷺ မိန့်ကြားခဲ့သည်မှာ مَنْ بَثَّ لَمْ يَصْبِرْ လူတိုင်းရှေ့မှောက်တွင် သူ၏ဒုက္ခရောက်မှုအကြောင်း တင်ပြခြင်းသည် စွဗရ်လုပ်သည် မမည်ချေ ဟူ၍ဖြစ်သည်။

ဆွဗရ်အတွက် ဆုလာဘ်

စိုက်ယိဒိနာအိဗနိအဗ္ဗာစ်﵁ကမိန့်ခဲ့သည်မှာ အလ္လာအရှင်မြတ်သည် စိုက်ယိဒိနာယာကုဗ်ﷺအပေါ်၌ ဆွဗရ်ပြုလုပ်မှုအတွက် ရှိဟဒါ(အလ္လာဟ်လမ်းတော်တွင် ကျဆုံးသော အာဇာနည်)ဟူသော ဆုလာဘ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် ဤအဖွမ်းသဖွယ်ထုတွင်လည်း ဒုက္ခရောက်စဉ် ဆွဗရ်လုပ်လျှင် မည်သူမဆို အလားတူဆုလာဘ် ရရှိလိမ့်မည်။

စိုက်ယိဒိနာယာကုဗ်ﷺ ပေါ်၌ စမ်းသပ်မှုကို အဘယ့်ကြောင့် ပြုလုပ်ခဲ့ရသည် ဟူသောအကြောင်းရင်း

အီမာမ်အလ်ကုရ်သုဗီက ဆင့်ပြန်ချက်အချို့တွင်ပါသည့် စိုက်ယိဒိနာယာကုဗ်ﷺ၏ ဤပြင်းထန်သော စမ်းသပ်မှု အဘယ့်ကြောင့် ပြုလုပ်ရကြောင်း ဖော်ပြထားသည်။ ယင်းထဲတွင် တစ်နေ့သောအခါ စိုက်ယိဒိနာ ယာကုဗ်ﷺသည် သူ၏ သဟ်ဂျဒ် ဆွလာသ်ဝတ်ပြုတည်ဆောက်စဉ် စိုက်ယိဒိနာယူစုဖ်ﷺမှာ ၎င်းရှေ့တွင် အိပ်ပျော်နေခဲ့သည်။ ရုတ်တရက် စိုက်ယိဒိနာယူစုဖ်ﷺ၏ ဟောက်သံကြောင့် ၎င်း၏အာရုံသည် စိုက်ယိဒိနာယူစုဖ်ﷺအပေါ် ရောက်သွားခဲ့သည်။ ထိုသို့အာရုံရောက်မှုမှာ နှစ်ကြိမ်သုံးကြိမ်မျှဖြစ်သည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ်သည် အရှင်၏ ကောင်းကင်စေတမန်များကို မိန့်သည်မှာ "ကြည့်စမ်း ဤသည်မှာ ငါအရှင်မြတ်၏ အဆွေတော်နှင့် ငါအရှင်မြတ်နှစ်သက်သော ကျေးကျွန်ဖြစ်သည်။ ငါအရှင်အား ဦးတည်၍ ချဉ်းကပ်နေစဉ် သူ၏အာရုံသည် ငါအရှင်မြတ်မှနေ၍ အခြားတစ်စုံတစ်ဦးအပေါ်ကျရောက်သွားသည်ကို သင်တို့ကြည့်ကြကုန်။ ငါအရှင်၏မြင့်မြတ်မှုနှင့်တန်ခိုးဂုဏ်တော်အရ ငါအရှင်မြတ်မှအပ အခြားတစ်စုံတစ်ဦးထံ အာရုံရောက်သွားစေသော သူ၏မျက်စိနှစ်လုံးကို အမြင်ကွယ်စေမည်။ ထို့နောက် သူ၏အာရုံကို

လွင့်ပါးစေသူကိုလည်း သူနှင့်အချိန်ကြာအောင် ငါအရှင် ခွဲထားတော်မူမည်" ဟူ၍ဖြစ်သည်။

ဆွေလာသ်ဝတ်ပြုဆောက်တည်စဉ်အတွင်း တစ်စုံတစ်ဦးကို ကြည့်ရှုလျှင် မည်သို့ဖြစ်မည်နည်း။

ထို့ကြောင့် စိုက်ယိဒါဟ်အာအိရာ ﷺ ဆင့်ပြန်ခဲ့သည့် ဟဒီးဆ်တော်တစ်ရပ်ကို အလ်ဗုခါရီကျမ်းတွင် ဖော်ပြထားသည်မှာ သူမက တမန်တော်မြတ် ﷺ ကို မေးမြန်းခဲ့သည်မှာ "ဆွေလာသ် ဝတ်ပြုဆောက်တည်စဉ်အတွင်း တစ်နေရာရာကိုကြည့်ရှုလျှင် ဘာဖြစ်မည်နည်း"ဟူ၍ဖြစ်သည်။ တမန်တော်မြတ် ﷺ က ဖြေကြားခဲ့သည်မှာ "ယင်းကြောင့် ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦး၏ ဆွေလာသ်ကို သူထံမှ ဆွဲငင်ယူလိုက်သည်"ဟူ၍ ဖြစ်သည်။ အလ္လာဟ်စွမ်ဟာနဟူ ဝသအာလာ ကျွန်တော်မျိုးတို့ကို ဤသို့သောအဖြစ်မျိုးမှ ကာကွယ်စောင့်ရှောက်တော်မူပါ။

အာယသ် (၈၈-၉၂)

فَلَمَّا دَخَلُوْا عَلَيْهِ قَالُوْا يٰٓاَيُّهَا الْعَزِيْزُ مَسَّنَا وَ اَهْلَنَا الضُّرُّ وَ جِئْنَا
بِبِضَاعَةٍ مُّزْجٰىةٍ فَاَوْفِ لَنَا الْكَيْلَ وَ تَصَدَّقْ عَلَيْنَا ؕ اِنَّ اللّٰهَ يَجْزِى
الْمُتَصَدِّقِيْنَ ﴿۸۸﴾ قَالَ هَلْ عَلِمْتُمْ مَّا فَعَلْتُمْ بِيُوْسُفَ وَ اَخِيْهِ اِذْ اَنْتُمْ
جٰهِلُوْنَ ﴿۸۹﴾ قَالُوْٓا ءَاِنَّكَ لَاَنْتَ يُوْسُفُ ؕ قَالَ اَنَا يُوْسُفُ وَ هٰذَآ اَخِىْ ۫ قَدْ
مَنَّ اللّٰهُ عَلَيْنَا ؕ اِنَّهٗ مَنْ يَّتَّقِ وَ يَصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ
الْمُحْسِنِيْنَ ﴿۹۰﴾ قَالُوْا تَاللّٰهِ لَقَدْ اٰثَرَكَ اللّٰهُ عَلَيْنَا وَ اِنْ كُنَّا لَخٰطِـِٕيْنَ ﴿۹۱﴾
قَالَ لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ ؕ يَغْفِرُ اللّٰهُ لَكُمْ ۫ وَ هُوَ اَرْحَمُ الرّٰحِمِيْنَ
﴿۹۲﴾

တစ်ဖန် ၎င်းတို့သည် ထိုယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ (ဤသို့)ပြောဆို လျှောက်ထားခဲ့ကြကုန်၏။ အို-အဇီဇ်၊ ကျွန်ုပ်တို့၌လည်းကောင်း၊ ကျွန်ုပ်တို့၏ အိမ်သူအိမ်သားတို့၌လည်းကောင်း၊ (ငတ်မွတ်ခြင်း) ဘေးဒုက္ခသည် ဆိုက်ရောက်နေပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် အနည်းငယ်မျှသော အရင်းအနှီးပစ္စည်းကိုသာ ယူဆောင်လာခဲ့ကြပါသည်။ သို့ပါ၍ အသင်အဇီဇ်သည် ကျွန်ုပ်တို့အား (စားနပ်ရိက္ခာကို) အပြည့်ခြင်၍ ပေးပါ၊ ၎င်းပြင် ကျွန်ုပ်တို့အပေါ်၌ မေတ္တာလည်းထားပါ။ ဇကာမလွဲ အလ္လာဟ်အရှင်မြတ်သည် မေတ္တာတရားထားရှိသူတို့အား အကျိုးကျေးဇူးကို ချီးမြှင့်တော်မူပါ၏။[၈၈] ထို (ရောအခါဝယ်) ယူစုဖ်က (၎င်းတို့အား ဤသို့) ပြောဆို မေးမြန်းခဲ့လေသည်။ အသင်တို့သည် မိမိတို့ မသိမိုက်မဲသူများ ဖြစ်ခဲ့ကြစဉ်အခါက မိမိတို့သည် ယူစုဖ်နှင့် လည်းကောင်း၊ ယင်းယူစုဖ်၏ညီငယ်အားလည်းကောင်း၊ မည်သည့်အပြုအမူကို ပြုမူခဲ့ကြသည်ကို အသင် မှတ်မိကြသေးသလော။[၈၉]

(ထိုအခါ) ၎င်းတို့က "ဖကန်စင်စစ် အသင်သည် ပင် ယူစုဖ်ဖြစ်ပါသလော" ဟု ပြောဆိုခဲ့ကြလေသည်။ (ထိုအခါ) ထိုယူစုဖ်က "ကျွန်ုပ် ယူစုဖ်ပင် ဖြစ်သည်။ ဤသည် ကျွန်ုပ်၏ညီတော်ပင်ဖြစ်သည်။ ဖကန်အမှန် အလွန်ဟ် အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ် ဝယ် ကျေးဇူးပြုတော်မူခဲ့လေသည်။ စင်စစ်ဖကန် မည်သူမဆို ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်အံ့။ ၎င်းပြင် ခန္တီတရားထားရှိအံ့။ သို့ဖြစ်လျှင် အကယ်စင်စစ် အလွန်ဟ်အရှင်မြတ်သည် ကောင်းမြတ်သောသီလကို ဆောက်တည်သူတို့၏ အကျိုးကျေးဇူးကို အချည်းနှီး ဖြစ်စေတော်မူမည်မဟုတ် ဟုပြောကြားခဲ့လေသည်။ [၉၀]

၎င်းတို့က အလွန်ဟ်အရှင်မြတ်၏ ကစ်၊ မလွဲဖကန် အလွန်ဟ်အရှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့ထက် မြင့်မြတ်စေတော်မူခဲ့လေသည်။ ၎င်းပြင် အမှန်စင်စစ် ကျွန်ုပ်တို့သည်သာလျှင် မှားယွင်းသူများ ဖြစ်ကြပေသည်ဟု (ဝန်ခံ)ပြောဆိုကြလေသတည်း။[၉၁]

ထို(အခါ) ယူစုဖ်က ယနေ့ အသင်တို့အပေါ်၌ လုံးဝ ပြစ်တင်ခြင်းမရှိချေ။ အလွန်ဟ် အရှင်မြတ်သည် အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။ စင်စစ်မှာ မူကား ထိုအရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူဆုံးသောအရှင်မြတ်ပင် ဖြစ်တော်မူပေသည်ဟု ပြောဆိုခဲ့လေ သတည်း။[၉၂]

အကျယ်ဖွင့်ဆိုခြင်း

အထက်ပါအာယသ်များထဲ၌ စိုက်ယိဒိနာယူစုဖ်ﷺနှင့် သူ၏အစ်ကိုများနှင့် ပတ်သက်သောအကြောင်းအရာများအနက် ကျန်ရှိသည့်အပိုင်းများကို ဖော်ပြထားပါသည်။ ဤသည်က စိုက်ယိဒိနာယာကုဗ်ﷺသည် သူ၏သားများအား စိုက်ယိဒိနာယူစုဖ်ﷺနှင့်ညီကိုသွားရောက်ရှာဖွေရန် စေခိုင်းခဲ့သည်ဟူ၍ ကျွန်ုပ်တို့အားပြောပြ ပါသည်။ ထို့ကြောင့် သူတို့သည် အီဂျစ်ပြည်သို့ တတိယအကြိမ်မြောက် ခရီးထွက်ခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗင်နာမိန်သည် ထိုတိုင်းပြည်၌ ရှိနေသည်ဆိုကြောင်းကို သူတို့သိရှိခဲ့ပြီး ဦးစွာပထမ သူတို့သည် ဗင်နာမိန် လွတ်မြောက်မှုအတွက် ကြိုးစားရပါမည်။ စိုက်ယိဒိနာယူစုဖ်ﷺ အီဂျစ်ပြည်တွင်ရှိနေကြောင်း သူတို့ မသိရှိခဲ့ကြသော်လည်း တစ်စုံတစ်ရာ ဖြစ်ဖို့ရာ အချိန်တန်လာပါက လူသားများ၏အကြံအစည်များသည် မသိလိုက်မသိပါ မရည်ရွယ်ဘဲ စတင်ဖြစ်ပေါ်လာကြပါသည်။ ဤသည်ကို ဟဒီးဆ်တစ်ပုဒ်က အတည်ပြုထားပြီး မိန့်ကြားထားသည်မှာ "အလွန်ဟ်တအာလာသည် တစ်စုံတစ်ရာကိုပြုလုပ်ရန် ဆန္ဒစုစည်းပြီး ဖြစ်သွားစေတော်မူပါသည်။ ထို့ကြောင့် စိုက်ယိဒိနာယူစုဖ် ﷺကို ရှာဖွေရန်အတွက်လည်း အီဂျစ်သို့ခရီးသွားခြင်းသည် မရည်ရွယ်ဘဲသွားခြင်းသည် အလွန်လျော်ကန်လှပါသည်။ မည်သို့ဖြစ်စေ သူတို့တွင် ကောက်ပဲသီးနှံများလည်း လိုအပ်ပါသေးသည်။ ၎င်းနောက် အီဂျစ်ဘုရင်အား တွေ့ဆုံ၍ စားနပ်ရိက္ခာများ ရရှိရန် ဆိုသည့်အချက်ကလည်း ဗင်နာမိန်လွတ်မြောက်ရေးအတွက်သူထံသို့ အသနားခံတင်ပြနိုင်သည့် အချက်တစ်ခုလည်း ဖြစ်သွားနိုင်လိမ့်မည်ဟု သူတို့မျှော်လင့်ကြသည်။

ပထမအာယသ်(၈၈)သည် فَلَمَّا دَخَلُوْا عَلَيْهِ قَالُوْا "တစ်ဖန် ၎င်းတို့သည် ထိုယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြသောအခါ ဤသို့ပြောဆို လျှောက်ထားခဲ့ကြကုန်၏" ဟူသောစကားလုံးများဖြင့် အစပြုထားပါသည်။ ယူစုဖ်ﷺ၏ အစ်ကိုများသည် သူဖခင်မိန့်ကြားသည့်အတိုင်း အီဂျစ်ပြည်သို့ရောက်ရှိခဲ့ပြီး အီဂျစ်ဘုရင်နှင့် တွေ့ဆုံခဲ့သောအခါ၌

ငင်းတို့သည် ဘုရင်ကြီးအား ချီးသာသောလေသံဖြင့် ပြောဆိုခဲ့ပါသည်။ သူတို့၏လိုအပ်ချက်များ၊ အကူညီမဲ့မှုများကို တင်ပြပြီးသည့်နောက် ဘုရင်ကြီးအား သူတို့သည် စားနပ်ရိက္ခာများဝယ်ယူရန် ငွေကြေးချို့တဲ့သွားသောကြောင့် သူတို့၏မိသားစုသည် ငတ်မွတ်ခေါင်းခြင်းဒဏ်ကို ခံစားနေရကြောင်း လျှောက်တင်ကြသည်။ အခြေအနေအရ လာရောက်ခဲ့ရသော်လည်း စားနပ်ရိက္ခာများဝယ်ယူရန်အတွက် လုံလောက်သောငွေအရင်းအနှီး သူတို့တွင်မပါရှိပါ။ ထို့ကြောင့် သူတို့ကမေတ္တာရပ်ခံသည်မှာ ဘုရင်ကြီး၏ရက်ရောမှုအရ သူတို့ပေးသမျှကိုလက်ခံကာ အစားအသောက်များကို ငွေကြေးအပြည့်အဝပေးသကဲ့သို့ အပြည့်အဝ ပေးစေလိုပါသည်။ သူတို့၏ ရပိုင်ခွင့်မဟုတ်သော်လည်း သူတို့အား ကောက်ပဲသီးနှံများကို လျူဒါန်းသည့်အနေဖြင့် ပေးသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် "ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မေတ္တာတရားထားရှိသူတို့အား အကျိုးကျေးဇူးကို ချီးမြှင့်တော်မူပါ၏"ဟူသည်ကို အကြောင်းပြု၍ လျှောက်တင်ခဲ့ပါသည်။

ဤအနည်းငယ်မျှသော အရင်းအနှီးပစ္စည်းဆိုသည်မှာ မည်သည်နည်း။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်တို့အား ဤကိစ္စရပ်ကို ရှင်းလင်းမထားပါ။ ဋီကာရှင်များ၏ မိန့်ကြားချက်များသည် ကွဲပြားခြားနားကြပါသည်။ အချို့က ပြောသည်မှာ ဤသည်တို့သည် ရောင်းဝယ်ဖောက်ကားမှု၍ လက်ခံသုံးစွဲ၍ မရနိုင်လောက်အောင် ဟောင်းနွမ်းပျက်စီးနေသော ဒိရ်ဟမ်ငွေများ ဖြစ်ပါသည်။ အခြားသူများက ဤသည်တို့သည် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်ကြသည်ဟု ပြောကြပါသည်။ ဤအနည်းငယ်မျှသော အရင်းအနှီးပစ္စည်းဟူသော အသုံးအနှုန်းသည် مُزْجٰـةٍ(မုဇ်ဂျာသင်နှ်)ဟူသော စကားလုံးအား ဘာသာပြန်ထားခြင်းဖြစ်ကာ ယင်းအမှန်တကယ်ဆိုလိုသည်မှာ ပင်ကိုအားဖြင့် တန်ဖိုးမရှိသောအရာဖြစ်သော်လည်း တစ်စုံတစ်ဦးအား တန်ဖိုးရှိစေရန် အတင်းအကြပ် လုပ်ဆောင်ထားခြင်းကိုဆိုလိုပါသည်။

စိုက်ယိဒိနာယူစုဖ်ﷺက သူ့အစ်ကိုတို့၏ ဤအောက်ကျိုးသော ပြောကြားချက်များကို ကြားခဲ့ရပြီး ငင်းတို့၏နံချာသောအခြေအနေကို မြင်တွေ့ရသောအခါ၌ သူနှင့်ပတ်သက်သောအမှန်တရားကို ထုတ်ဖော်ပြောကြားရန်မှအပ အခြားရွေးချယ်စရာမရှိသော အခြေအနေသို့ ရောက်သွားသည်ဆိုသည်မှာ သဘာဝကျပါသည်။ အဖြစ်အပျက်များ၏ ဖြစ်စဉ်များကပြသည်မှာ အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာယူစုဖ်ﷺအပေါ်ထားရှိသော သူနှင့်ပတ်သက်သည့် ကန့်သတ်ချက်သည် ရှိတော့မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းကန့်သတ်ချက်ကို ရုပ်သိမ်းချိန်သည် အလွန်နီးကပ်၍ လာပါသည်။ စိုက်ယိဒိနာအိဝနိအဗ္ဒွားစ်၏ဆင့်ပြန်ချက်အပေါ်အခြေခံ၍ သဖိစီရ်အလ်ကုရ်တွဂ်ီကျမ်းနှင့် မဇ်ဟရီကျမ်းတို့တွင် တင်ပြထားသည်မှာ ဤကိစ္စအတွက်စိုက်ယိဒိနာယအ်ကုဗ်သည် အီဂျစ်ဘုရင်ထံသို့ စာတစ်စောင်ပေးပို့ခဲ့ပါသည်။ စာပါ အကြောင်းအရာမှာ-

"အီဂျစ်ဘုရင်ထံသို့ ယကုဗ်ရှဗီးယွလ္လာဟ် အိဗ်နီ အိစ်ဟားက် ဒါဟီးဟုလ္လာဟ် အိဗနိအိဗ်ရာဟီမ် ခလီလ်လုလ္လာဟ်မှ စာရေးလိုက်ပါသည်။ ချီကျူးထောမနာမှုအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်အတွက် ဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့၏ မိသားစုတစ်ခုလုံးသည် အခက်အခဲများနှင့် စမ်းသပ်မှုများကြောင့် လူသိများလှပါသည်။ ကျွန်ုပ်၏အဖိုး အိဗ်ရာဟီမ် ခလီလ်လုလ္လာဟ်အား နမရူဒ်က မီးနှင့်စမ်းသပ်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်၏ဖခင် အိစ်ဟားက်သည် အလွန်ခက်ခဲသောစမ်းသပ်မှုဖြင့် အစမ်းခံခဲ့ရပါသည်။ တစ်ဖန် ကျွန်ုပ်သည် ကျွန်ုပ်အလွန်ချစ်မြတ်နိုးသောသားတစ်ဦးကို ခွဲခွာစေခြင်းဖြင့် စမ်းသပ်ခံခဲ့ရကာ ထိုခွဲခွာရခြင်းက ကျွန်ုပ်၏ စက္ခုအာရုံသည်လည်း ကွယ်ပျောက်ခဲ့ရပါသည်။ ထိုသည်၏နောက် ကျွန်ုပ်၏ ဝမ်းနည်းပူဆွေးမှုအတွက် နှစ်သိမ့်စရာဖြစ်သော သူ၏ညီငယ်သည်လည်း ခိုးမှုဖြင့် အဖမ်းခံထားခဲ့ရပါသည်။ ကျွန်ုပ်တို့သည် တမန်တော်များ၏ ဆွေစဉ်မျိုးဆက်ဖြစ်ကြောင်း အသင့်အား ပြောကြားပါရစေ။

ကျွန်ုပ်တို့သည် ခိုးမှု ဘယ်သောအခါကမျှ မကျူးလွန်ခဲ့သလို ကျွန်ုပ်တို့၏ သားသမီးများထဲတွင်လည်း ဘယ်သော အခါကမျှ ခိုးသူဟူ၍ မရှိခဲ့ပါ။ အသင်အပေါ်၌ ငြိမ်းချမ်းသာယာမှုအပေါင်း ခကြောင်းပါစေဟူ၍ဖြစ်သည်။

စိုက်ယိဒိနာယူစုဖ်ﷺသည် ဤစာကို ဖတ်ရှုပြီးသည်အခါ၌ တုန်လှုပ်ပြီး ငိုကြွေးခဲ့ပါသည်။ ၎င်းနောက် သူ၏ လှို့ဝှက်ချက်ကို ဖော်ထုတ်ပြသရန် ဆုံးဖြတ်ခဲ့ပါသည်။ စတင်သည့်အနေဖြင့် သူသည် သူ၏အစ်ကိုများအား ၎င်းတို့ အသိဉာဏ်နည်းပါးပြီး အမှားနှင့်အမှန်မခွဲခြားနိုင်ဘဲ ရှေ့ရေးကိုကြိုကြည့်ပြီးလုပ်ဆောင်ရန် ဂရုမပြနိုင်သော အချိန် အခါတုန်းက ယူစုဖ်ﷺနှင့် သူညီတို့အား ဘာတွေပြုလုပ်ခဲ့သည်ကို မှတ်မိပါသေးသလောဟု မေးခဲ့ပါသည်။

အစ်ကိုများသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ မေးခွန်းကိုကြားသောအခါ မှင်သက်ကာ အံ့သြ၍ စကားမပြောနိုင် ဖြစ်သွားခဲ့သည်။ အီဂျစ်ဘုရင်သည် ယူစုဖ်အကြောင်းနှင့်ပတ်သက်၍ မည်သို့ပတ်သက်သနည်း။ ထို့နောက် သူတို့ သည် စိုက်ယိဒိနာယူစုဖ်ငယ်စဉ်က မြင်မက်ခဲ့သည့်အိပ်မက်ကို ပြန်လည်၍ သတိရခဲ့သည်။ ယင်းအိပ်မက်၏အဓိပ္ပာယ် ဖွင့်ဆိုချက်အရ သူသည် ရာထူးကြီးကြီးရပြီး ၎င်းတို့က သူ့ရှေ့တွင် ဦးညွတ်ရလိမ့်မည်ဟူ၍ဖြစ်သည်။ ဤအီဂျစ်ဘုရင်မှာ ယူစုဖ်ပင် ဖြစ်နိုင်သလော။ ထို့နောက် ၎င်းတို့သည် အနည်းငယ်အားထုတ် စဉ်းစားတွေးတော ဆင်ခြင်ကြည့်ရာ လက္ခဏာအချို့အရ ၎င်းကိုမှတ်မိလာခဲ့သည်။ ယင်းသို့မှတ်မိခြင်းကို ပို့ပြီးသေချာစေရန် သူတို့က သူ့အား **ءَاِنَّكَ لَاَنْتَ يُوْسُفُ** "ဇကန်စင်စစ် အသင်သည်ပင် ယူစုဖ်ဖြစ်ပါသလော"ဟုမေးခဲ့သည်။ ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺက ကျွန်ုပ် ယူစုဖ်ပင်ဖြစ်သည်။ ဤသည် ကျွန်ုပ်၏ညီတော် ဗင်ယာမင်နှဖြစ်သည်"ဟု ပြောခဲ့သည်။ ထို့နောက် သူသည် သူ၏ အဆိုအမိန့်ပေါ်တွင်ထပ်၍ သူ၏ညီအဖြစ်ကို ထည့်ဖော်ပြခဲ့သည်။ သို့မှသာ သူတို့သည် သူနှင့်ပတ်သက်သည်ကို သေချာသွားစေနိုင်သည်။ ထပ်၍ သူတို့လုပ်ငန်းတာဝန် လုံးဝအောင်မြင်သည်ဆိုကြောင်း သေချာစေရန် သူက လိုလား ခဲ့သည်။ သူတို့လုပ်ငန်းတာဝန်မှာ ညီနှစ်ယောက်ကို သူတို့ရှာရန် ဖြစ်၏။ သူတို့ရှေ့မှောက်တွင် ၎င်းညီနှစ်ဦးစလုံး ရောက် နေခဲ့သည်။ ထို့နောက် သူက **قَدْ مَنَّ اللّٰهُ عَلَيْنَا ۭ اِنَّهٗ مَنْ يَّتَّقِ وَيَصْبِرْ فَاِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ** ဟူ၍ ပြောခဲ့သည်။ ဆိုလိုသည်မှာ "ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်ဝယ် ကျေးဇူးပြုတော်မူခဲ့ လေသည်။ အရှင်မြတ်သည် ကျွန်ုပ်တို့ကို အရည်အချင်းနှစ်ရပ်ပေးသနားတော်မူခဲ့ကာ ယင်းတို့မှာ သည်းခံခြင်း (စဗရ်) နှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း (သက္ကဝါ)တို့ဖြစ်သည်။ ယင်းအရည်အချင်းများသည် ခက်ခဲမှုတိုင်း မှာ လုံခြုံစိတ်ချရသော အကာအကွယ်ဖြစ်၍ အောင်မြင်မှုသော့ချက်တစ်ခုဖြစ်သည်။ ထို့နောက် ထိုအရှင်မြတ်သည် အခက်အခဲများကို သက်သောင့်သက်တာမှသို့လည်းကောင်း ခွဲခွာခြင်းကို ပြန်လည်စုစည်းခြင်းသို့လည်းကောင်း ထို့ ပြင် ကျွန်ုပ်တို့အတွက် ဥစ္စာဓနနှင့် ထင်ပေါ်ကျော်ကြားခြင်း ခေါင်းပါးမှုကို ဖောဖောသီသီရရှိခြင်းသို့ ပြောင်းပေးသည်။ စင်စစ်ဇကန် မည်သူမဆို အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဂုနာဟ်များမှရှောင်ကြဉ်ခြင်းနှင့် ခန္ဓိတရား ထားရှိခြင်း (ဒုက္ခရောက်စဉ်) အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော သီလကို ဆောက်တည်သူ တို့၏အကျိုးကျေးဇူးကို အချည်းအနှီးဖြစ်စေတော်မူမည်မဟုတ်။ (ထိုကဲ့သို့သော သူများအား)"ဟူ၍ ဖြစ်သည်။

ယခုအခါ စိုက်ယိဒိနာယူစုဖ်ﷺ၏ အစ်ကိုများသည် သူတို့ကျူးလွန်ခဲ့သည့် အမှားများဝန်ခံရန်နှင့် စိုက်ယိ ဒိနာယူစုဖ်ﷺ၏ သာလွန်ကောင်းမွန်မှုနှင့် ဂုဏ်အသရေကိုလက်ခံရုံမှအပ အခြားရွေးချယ်ရန် မရှိချေ။ ထို့ကြောင့် သူတို့အားလုံးက တစ်သံတည်းနှင့် **تَاللّٰهِ لَقَدْ اٰثَرَكَ اللّٰهُ عَلَيْنَا وَاِنْ كُنَّا لَخٰطِـِٕيْنَ** "အလ္လာဟ်အရှင်မြတ်၏ကစမ် မလွဲဇကန် အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကျွန်ုပ်တို့ထက် မြင့်မြတ်စေတော်မူခဲ့လေသည်။ ၎င်းပြင် အမှန် စင်စစ် ကျွန်ုပ်တို့သည်သာလျှင် မှားယွင်းသူများဖြစ်ကြပေသည်ဟု ဝန်ခံပြောဆိုကြကုန်သတည်း။ ကျွန်ုပ်တို့ ဘာပဲ လုပ်သည်ဖြစ်စေ အလ္လာဟ်အရှင်မြတ် နာမတော်အရ ကျွန်ုပ်တို့ကို ခွင့်လွှတ်ပါ။ ဤသည်ကို စိုက်ယိဒိနာယူစုဖ်ﷺက

တမန်တော်တစ်ပါး၏အနေဖြင့် ပြောသင့်သည့်အတိုင်း ပြန်ပြောသည်မှာ لَا تَثْرِيْبَ عَلَيْكُمُ "ယနေ့ အသင်တို့အပေါ်၌ လုံးဝအပြစ်တင်ခြင်းမရှိချေဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ဤနေ့တွင် ကျွန်ုပ်တို့အပေါ် အသင်တို့ မတရားပြုမှုများကို ကလဲ့စားချေရန် မဆိုထားဘိ အသင်တို့အပေါ် အပြစ်ပင်မတင်ပါ ဟူ၍ဖြစ်သည်။ ဤသည်မှာ ၎င်းတို့ သိကြားစေသော သူဘက်မှလာသည့် ခွင့်လွှတ်မှု ကောင်းသတင်း ဖြစ်ပေသည်။ ထို့နောက် သူက သူတို့အတွက် အလွှာဟ်အရှင်မြတ်ထံတော်တွင် يَغْفِرُ اللّٰهُ لَكُمْ ۫ وَهُوَ اَرْحَمُ الرّٰحِمِيْنَ "အလွှာဟ်အရှင်မြတ်သည် အသင်တို့အား အပြစ်မှ ချမ်းသာပေးသနားတော်မူပါစေ။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် သနားကြင်နာသူအပေါင်းတို့ထက် သာလွန်၍ သနားကြင်နာတော်မူဆုံးသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်ဟု ဆုမွန်ဒိုအာ တောင်းဆိုပေးခဲ့သည်။

ယင်းနောက် သူက اِذْهَبُوْا بِقَمِيْصِىْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِىْ يَاْتِ بَصِيْرًا ۚ وَاْتُوْنِىْ بِاَهْلِكُمْ اَجْمَعِيْنَ "အသင်တို့သည် အကျွန်ုပ်၏ ဤအင်္ကျီကို ယူသွားကြလေကုန်။ ထို့နောက် အသင်တို့သည် ယင်းအင်္ကျီကို အကျွန်ုပ်၏ဖခမည်းတော်၏မျက်နှာပေါ် သို့တင်ကြလေကုန်။ ထိုဖခမည်းတော်သည် စက္ခုအလင်း ရရှိလာအံ့ (သို့မှသာ သူသည် ဤနေရာသို့ လာရောက်စေလိမ့်မည်။) ၎င်းပြင် အသင်တို့သည် မိမိတို့၏ အိမ်သူအိမ်သားများ အားလုံးကို (လည်း) အကျွန်ုပ်၏ထံသို့ ခေါ်ဆောင်၍လာခဲ့ကြလေကုန်။ သို့မှသာ ကျွန်ုပ်တို့အားလုံး တစုတဝေးတည်းဖြစ်၍ ပျော်ပျော်ရွှင်ရွှင်နှင့် အလွှာဟ်အရှင် ပေးသနားတော်မူသော ကောင်းချီးများကို ခံစားနိုင်ကြကာ ထိုအရှင်မြတ်အား ကျေးဇူးတင်ရှိရပါမည်ဟု ပြောခဲ့သည်။

လမ်းညွှန်မှုအချက်များ

ဘဝအတွက် ကောင်းမွန်သော အမိန့်ပညတ်ချက်များ၊ ဥပဒေသများနှင့်အတူ လမ်းညွှန်မှုများစွာကို ကျွန်ုပ်တို့ သိရှိလာသည်မှာ-

၁။ ပထမဦးစွာ تَصَدَّقْ عَلَيْنَا သစ္စသ်ဒတ်က် အလိုင်းနာ မေတ္တာထားပါ ပေးကမ်းလှူဒါန်းပါဟူသော အသုံးအနှုန်း သုံးနှုန်းခြင်းက မေးခွန်းတစ်ခုပေါ်လာသည်မှာ တမန်တော်များ၏ သားစဉ်မြေးဆက်ဖြစ်သော စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများအတွက် ဆွဒကာဟ်နှင့် ခိုင်ရတ်(အလှူဒါန)သည် မည်သို့ဟာလာလ် (တရားဝင်)ဖြစ်ပါမည်နည်း။ ဒုတိယမှာ အကယ်၍ ဆွဒကာဟ်သည် ဟာလာလ်ဖြစ်သည်ဟု မှတ်ယူခဲ့လျှင်ပင် ဆွဒကာဟ်ပေးရန် တောင်းခံခြင်းသည် မည်သို့ ဟာလာလ်ဖြစ်မည်နည်း။ အကယ်၍ စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများသည် တမန်တော်များ မဖြစ်ခဲ့လျှင်ပင် သူကိုယ်တိုင်မှာ မုချဇကန် တမန်တော်တစ်ပါး ဖြစ်ပေသည်။ အဘယ့်ကြောင့် သူက ထိုသူတို့ကို ဤအမှားနှင့် ပတ်သက်၍ သတိမပေးခဲ့ ရသနည်း။

ဤသည်အတွက် ရှင်းလင်းသောအဖြေမှာ ဤနေရာ၌သုံးနှုန်းထားသော ဆွဒကာဟ်ဟူသော စကားလုံးသည် ဆွဒကာဟ် အမှန်တကယ်ကို ဆိုလိုရင်းမဟုတ်ချေ။ စင်စစ် အပေးအယူတွင် လျော့ပေါ့မှုအတွက် မေတ္တာရပ်ခံချက်ကို ဆွဒကာဟ်နှင့်ခိုင်ရတ်ဟု အမည်ပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မည်သည့်အခါမျှ ကောက်ပဲသီးနှံကို အလကားတောင်းခံခြင်း မရှိခဲ့ပါ။ သူတို့သည် ကျသင့်သောတန်ဖိုးအတွက် အနည်းငယ်မျှသော သိမ်ဖျင်းသော အရင်းအနှီးပစ္စည်းကိုသာ ပေးခဲ့သည်။ သူတို့မေတ္တာရပ်ခံခဲ့သည်။ အနှစ်သာရမှာ ဤအနည်းငယ်မျှသော သိမ်ဖျင်းသော အရင်းအနှီးပစ္စည်းဆိုသည့် ယင်းသို့သောခက်ခဲမှုအနေအထားကြောင့် လျော့ပေါ့သည့်အနေဖြင့် လက်ခံရန် ဖြစ်သည်။ ထို့ပြင် ဖြစ်နိုင်သေးသည်မှာ တမန်တော်များ၏ သားစဉ်မြေးဆက်အတွက် ဆွဒကာဟ်နှင့် ခိုင်ရတ်(အလှူဒါန)များသည် တရားမဝင်ဟုဆိုသည်မှာ တမန်တော်မြတ်ﷺ၏ အွမ္မသ်ထုအတွက်သာ သီးသန့်ဖြစ်သည်ဟု

သဖိစီရ်ပညာရှင်များအနက် မုဂျာဟစ်က မှတ်ယူခဲ့သည်။ (ဘယာနလ်ကုရ်အာန်)

၂။ အာယသ် ၈၈ ၏ နောက်ဆုံးဝါကျ اِنَّ اللّٰهَ يَجْزِى الْمُتَصَدِّقِيْنَ "မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည် မေတ္တာတရားထားရှိသူတို့အား အကျိုးကျေးဇူးကို ချီးမြှင့်တော်မူပါ၏"က ကျွန်ုပ်တို့ကို ပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဆွဒကာဟ်နှင့် ခိုင်ရတ်(အလ္ဟာဒါန)များတွင် သုံးစွဲသူများကို ကောင်းမြတ်သည့်အစား ပေးသနားတော်မူသည်။ သို့သော်လည်း ယင်းနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များရှိသည်။ ဆိုလိုသည်မှာ ဆွဒကာဟ်နှင့်ခိုင်ရသ်အတွက် ယေဘုယျအစားပေးမှုသည် ဤလက်ရှိ ကမ္ဘာလောကမှာပင် ယုံကြည်သူရော မယုံကြည်ငြင်းပယ်သူများပါ လူတိုင်း ခံစားရပါသည်။ ထိုအစားပေးမှုသည် ကပ်ဘေးဆိုးများနှင့် ခက်ခဲမှုများမှ ဖယ်ရှားခံရသည့် အနေအထားမျိုး ဖြစ်သည်။ ထို့နောက် အာခိရသ် နောင်တမလွန်ဘဝနှင့် သီးသန့်ဆက်နွယ်နေသည့် အစားပေးမှုများရှိသည်။ ယင်းမှာ ဂျန္နသ်သုခဘုံဖြစ်သည်။ ယင်းအစားပေးမှုမှာ ယုံကြည်သက်ဝင်သူများအတွက်သာလျှင် ဖြစ်သည်။ ဤနေရာတွင် ဦးတည်ပြောကြားခံရသူမှာ အီဂျစ်ဘုရင်ဖြစ်၍ ထိုအချိန်တွင် ယူစုဖ်ﷺ၏အစ်ကိုများက အီဂျစ်ဘုရင်မှာ အီမာန်သက်ဝင်ယုံကြည်သူတစ်ဦး ဟုတ်မဟုတ်မသိ၍ ၎င်းတို့က ယေဘုယျကျသော ဝါကျတစ်ခုကို ရွေးချယ်ခဲ့ပါသည်။ ယင်းထဲတွင် လက်ရှိကမ္ဘာမှာ နောင်တမလွန်ဘဝအတွက်ပါ စားပေးရန်ပါဝင်သည်။ (ဘယာနလ်ကုရ်အာန်)

ထို့အပြင် ဤဦးတည်ပြောကြားမှုသည် အီဂျစ်ဘုရင်ကို ဦးတည်ပြောမှုဖြစ်၍ အခြေအနေအရ ဤဝါကျပါ ဦးတည်ပြောကြားချက်သည် အလ္လာဟ်အရှင်မြတ်သည် အသင့်အား အကောင်းဆုံးအစားပေးမှု ပေးသနားတော်မူပါ လိမ့်မည်ဟူ၍ ဖြစ်သင့်သည်။ သို့ရာတွင် သူသည် အီမာန်သက်ဝင်ယုံကြည်သူဖြစ်ကြောင်း မသိသောကြောင့် ဦးတည်ပြောကြားမှုမှာ ယေဘုယျဖြစ်ကာ သူ့အတွက် မည်သည့် အထူးအစားပေးမှုကိုမျှ ဖော်ပြမထားပါ။ (ကုရ်သုဗီ)

၃။ အာယသ် ၉၀ ပါ قَدْ مَنَّ اللّٰهُ عَلَيْنَا "ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အပေါ်ဝယ် ကျေးဇူးပြုတော်မူခဲ့လေသည်" ဟူသောဝါကျက သက်သေပြသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် ဒုက္ခအချို့နှင့် အခက်အခဲအချို့ကြုံတွေ့ခဲ့ရပြီး အလ္လာဟ်အရှင်မြတ်က ယင်းတို့မှလွတ်မြောက်စေကာ သူ (သို့မဟုတ်) သူမအပေါ် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာချပေးတော်မူခြင်းခံခဲ့ရလျှင် ထိုသို့သောသူသည် အတိတ်က ၎င်းခံစားခဲ့ရသော အခက်အခဲများအကြောင်း မပြောသင့်တော့ချေ။ ယခုအခါ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့် မျက်နှာသာပေးမှုအကြောင်း ပြောခြင်းမှအပ အခြားဘာမှ မပြောသင့်ချေ။ ဒုက္ခသုက္ခများမှ ကယ်တင်ခံရ၍ အလ္လာဟ်အရှင့် ဆုလာဘ်များဖြင့် ကောင်းချီးမင်္ဂလာပေးခံရပြီးနောက် အတိတ်က အခက်အခဲများပေါ်တွင် ဆက်လက်ငိုကြွေးခဲ့ပါက ကျေးဇူးကန်းရာ ရောက်ပေသည်။ ထိုကဲ့သို့သော ကျေးဇူးကန်းသူကို ကုရ်အာန်ကျမ်းတော်မြတ်တွင် (ကနူးဒ်)ဟု ခေါ်ဆိုကြောင်းကို ၁၀၀း၆ တွင် اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ ဧကန်မလွဲ လူသည် မိမိကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကျေးဇူးကန်းသူဖြစ်၏ ဟူ၍မိန့်ထားသည်။ ကနူးဒ်ဟူသော စကားလုံးလာ မိမိလက်ခံရရှိသော ကျေးဇူးတော်များကို သတိရခြင်းမရှိဘဲ ကြုံတွေ့ခဲ့ရသော ဒုက္ခခက်ခဲမှုကို သတိရနေသောသူကို ရည်ညွှန်းသည်။

ထို့ကြောင့် စိုက်ယိဒိနာယူစုဖ်ﷺသည် သူ့အစ်ကိုများ၏လုပ်ရပ်ကြောင့် အချိန်ကြာရှည်စွာ ခံစားခဲ့ရသည့် အခက်အခဲ ဒုက္ခသုက္ခများကို ဤအကြိမ်၌ မဖော်ပြခဲ့ပါ။ သူသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကိုသာလျှင် ဖော်ပြခဲ့သည်။

အာယသ် ၉၀ ၏ နောက်ဆုံးဝါကျ اِنَّهٗ مَنْ يَّتَّقِ وَ يَصْبِرْ "ဧကန်စင်စစ် မည်သူမဆို ပြစ်မှုဒုစရိုက်များမှ ကြည်ရှောင်အံ့။ ၎င်းပြင် ခန္တီတရား ရှိအံ့။ သို့ဖြစ်လျှင် အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်သော သီလကို ဆောက်တည်သူတို့၏အကျိုးကျေးဇူးကို အချည်းနှီးဖြစ်စေတော်မူမည်မဟုတ်ဟု ပြောကြားခဲ့လေသည် ဟူ၍

ဖြစ်သည်။ ဂုနာဟ်များမှ ရှောင်ကြဉ်ခြင်းဟူသည် သက္ကဝါသည်းခံခြင်းနှင့် ဘေးဒုက္ခများမှ ကြုံကြိုခံခြင်း စွဗရ် ဟူသော အရည်အချင်းနှစ်ခုမှာ တစ်စုံတစ်ဦးအား ဘေးဆိုးကြီးနှင့် ဒုက္ခသုက္ခများမှ ကယ်တင်ပါသည်ဟု ကျွန်ုပ်တို့အား ပြောသည်။ လူတစ်ဦး၏ကြီးပွားချမ်းသာမှုနှင့် အောင်မြင်မှုတို့သည် ဤအရည်အချင်းနှစ်ရပ်ပေါ် တည်မှီကြောင်း ကုရ်အာန်ကျမ်း တော်မြတ် နေရာအတော်များများတွင် မိန့်ထားသည်။ ပမာဆိုသော် وَاِنْ تُصِبْكُمْ سَيِّئَةٌ يَّفْرَحُوْا بِهَا ۭ وَاِنْ تَصْبِرُوْا وَ تَتَّقُوْا لَا يَضُرُّكُمْ كَيْدُهُمْ شَيْـًٔا အကယ်၍သာ အသင်တို့သည် သည်းခံခြင်းတရားထားရှိ၍ ပြစ်မှုဒုစရိုက်များမှ ကြဉ် ရှောင်ကြပါမူ ထိုသူတို့၏ လှုံ့ဝှက်ကြံစည်မှုသည် အသင်တို့အား လုံးဝ နစ်နာစေနိုင်မည်မဟုတ်ချေ။ (၃း၁၂၀)

ဤအာယသ်ကို အပေါ်ယံကြည့်မည်ဆိုလျှင် သူ၏ သက္ကဝါနှင့်စွဗရ်တို့ကြောင့် သူကိုအခက်အခဲများမှ ကယ်တင်ခံရကာ မြင့်မားသောအဆင့်အတန်းများဖြင့် ကောင်းချီးမင်္ဂလာ ပေးခံရသည်ဟု အဓိပ္ပာယ်ဆောင်သည့် အလွှာဟ် အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းနှင့် သည်းခံခြင်းရှိသည်ဟု စိုက်ယိဒိနာယူစုဖ် ﷺ အခိုင်အမာ ပြောဆို နေသည် ဆိုကြောင်း ညွှန်းဟန်ရှိသည်။ သို့သော်လည်း မည်သူမျှ သူကိုယ့်သူ သက္ကဝါတရားရှိသည်ဟု မပြောရပါ။ ကုရ်အာန် ကျမ်းတော်မြတ်တွင် ယင်းကို فَلَا تُزَكُّوْٓا اَنْفُسَكُمْ ۭ هُوَ اَعْلَمُ بِمَنِ اتَّقٰى "သို့ဖြစ်ပေရာ အသင်တို့သည် မိမိ ကိုယ်ကို မိမိတို့ မြင့်မြတ်သည်။ စင်ကြယ်သန့်ရှင်းသည်ဟု မထင်ကြကုန်လင့်။ ထိုအရှင်မြတ်သည်လျှင် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သောသူတို့အား အသိတော်မူဆုံးဖြစ်တော်မူပေသည်။ (၅၃း၃၂)"ဟူသော တိကျပြတ်သားသည့် အဆိုအမိန့်များနှင့် တားမြစ်ထားပါသည်။ တကယ်ဆိုလျှင် ဤနေရာ၌ ထိုသို့ အခိုင်အမာပြောဆိုခြင်းမရှိချေ။ ဤသည်မှာ အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတော်များကို ဖွင့်ဟဝန်ခံခြင်းသာဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ထိုအရှင်မြတ်သည် သူ့အား ဦးစွာပထမ ဆွဗရ်နှင့်သက္ကဝါတို့အတွက် သောင်ဖီးက်စွမ်းအား ပေးပြီးနောက် ယင်းတို့မှ အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ ကျရောက်ခဲ့သည်။

အာယသ်(၉၂)တွင် အဆင့်အမြင့်ဆုံးသော ကိုယ်ကျင့်တရားကောင်းကို ကြေညာခြင်းတွင် لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ "ယနေ့ အသင်တို့အပေါ်၌ လုံးဝပြစ်တင်ခြင်းမရှိချေ"ထဲမှ နိုပ်စက်သူများအား ခွင့်လွှတ်သည်သာမက ပြစ်တင်မောင်းမဲခြင်းလည်း မလုပ်ခဲ့ချေဟု ပါရှိသည်။

အာယသ် (၉၃-၁၀၀)

اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا ۚ وَ اْتُوْنِيْ
بِاَهْلِكُمْ اَجْمَعِيْنَ ﴿٩٣﴾ وَ لَمَّا فَصَلَتِ الْعِيْرُ قَالَ اَبُوْهُمْ اِنِّيْ لَاَجِدُ رِيْحَ
يُوْسُفَ لَوْ لَآ اَنْ تُفَنِّدُوْنِ ﴿٩٤﴾ قَالُوْا تَاللّٰهِ اِنَّكَ لَفِيْ ضَلٰلِكَ الْقَدِيْمِ ﴿٩٥﴾
فَلَمَّآ اَنْ جَآءَ الْبَشِيْرُ اَلْقٰىهُ عَلٰى وَجْهِهٖ فَارْتَدَّ بَصِيْرًا ۚ قَالَ اَلَمْ اَقُلْ
لَّكُمْ ۚ اِنِّيْٓ اَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ ﴿٩٦﴾ قَالُوْا يٰٓاَبَانَا اسْتَغْفِرْ لَنَا
ذُنُوْبَنَآ اِنَّا كُنَّا خٰطِـِٕيْنَ ﴿٩٧﴾ قَالَ سَوْفَ اَسْتَغْفِرُ لَكُمْ رَبِّيْ ۭ اِنَّهٗ هُوَ
الْغَفُوْرُ الرَّحِيْمُ ﴿٩٨﴾ فَلَمَّا دَخَلُوْا عَلٰى يُوْسُفَ اٰوٰٓى اِلَيْهِ اَبَوَيْهِ وَ قَالَ
ادْخُلُوْا مِصْرَ اِنْ شَآءَ اللّٰهُ اٰمِنِيْنَ ﴿٩٩﴾ وَ رَفَعَ اَبَوَيْهِ عَلَى الْعَرْشِ وَ خَرُّوْا

لَهٗ سُجَّدًا ۚ وَ قَالَ يٰۤاَبَتِ هٰذَا تَاۡوِيۡلُ رُءۡيَايَ مِنۡ قَبۡلُ ۖ قَدۡ جَعَلَهَا رَبِّيۡ حَقًّا ؕ وَ قَدۡ اَحۡسَنَ بِيۡۤ اِذۡ اَخۡرَجَنِيۡ مِنَ السِّجۡنِ وَ جَآءَ بِكُمۡ مِّنَ الۡبَدۡوِ مِنۡۢ بَعۡدِ اَنۡ نَّزَغَ الشَّيۡطٰنُ بَيۡنِيۡ وَ بَيۡنَ اِخۡوَتِيۡ ؕ اِنَّ رَبِّيۡ لَطِيۡفٌ لِّمَا يَشَآءُ ؕ اِنَّهٗ هُوَ الۡعَلِيۡمُ الۡحَكِيۡمُ ﴿۱۰۰﴾

အသင်တို့သည် အကျွန်ုပ်၏ ဤအကျိုးကို ယူသွားကြလေကုန်။ ထို့နောက် အသင်တို့သည် ယင်းအကျိုးကို အကျွန်ုပ်၏ဖခမည်းတော်၏ မျက်နှာပေါ်သို့ တင်ကြလေကုန်။ ထိုဖခမည်းတော်သည် စက္ခုအလင်း ရရှိလာအံ့။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ အိမ်သူအိမ်သားများ အားလုံးကို(လည်း) အကျွန်ုပ်၏ထံသို့ (ဧရှ်)ဆောင်၍ လာခဲ့ကြလေကုန်။[၉၃]

တစ်ဖန် ခရီးသည်တစ်စုသည် (အီဂျစ်ပြည်မှ) ထွက်ခွာခဲ့လေသောအခါ ၎င်းတို့၏ ခမည်းတော်က အကယ်၍ အသင်တို့သည် ငါ့အား သူငယ်ပြန်သည် မယူဆ ကြပါလျှင် ဇကန်စင်စစ် ငါသည် ယူစုဖ်၏အနံ့ကို ရနေပေသည်ဟု ပြောဆိုခဲ့လေ၏။[၉၄]

၎င်းတို့က အလ္လာဟ်အရှင်မြတ်၏ကစမ်၊ ဇကန်မလွဲ အသင်သည် မိမိ ရှေးဟောင်း လွဲမှားမှုဌာန ရှိနေပေသေးသည်ဟု ပြောဆိုကြကုန်၏။[၉၅] တစ်ဖန် ဝမ်းမြောက်ဖွယ် သတင်းကို ယူဆောင်၍လာသောသူသည် (ခမည်းတော်ထံသို့) ရောက်ရှိလာသောအခါ ၎င်းသည် ယင်းအကျိုးကို ထိုခမည်းတော်၏ မျက်နှာပေါ်သို့ တင်ခဲ့လေသည်၊ သို့ဖြစ်ပေရာ ယင်းခမည်းတော်သည် ပြန်၍ စက္ခုအလင်း ရရှိလာခဲ့လေသည်၊ ထို(အခါ) ယင်းခမည်း တော်က (ဤသို့)ပြောဆိုခဲ့လေသည်၊ ငါသည် အသင်တို့အား အလ္လာဟ်အရှင်မြတ် ထံတော်မှ အသင်တို့ မသိနားမလည်သောပညာကို ဇကန်စင်စစ် သိနားလည်သည်ဟု ပြောဆိုခဲ့သည် မဟုတ်ပါလော။[၉၆]

(ထိုအခါ ယင်းသားတော်များက) အို-ကျွန်တော်မျိုး၏ဖခမည်းတော်၊ ဖခမည်းတော် သည် ကျွန်တော်မျိုးတို့အဖို့ ကျွန်တော်မျိုးတို့၏ ပြစ်မှု တို့မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေ အံ့သောငှာ အသနားခံ၍ ပေးတော်မူပါ၊ ဇကန်မလွဲ ကျွန်တော်မျိုးတို့သည် ပင်လျှင်အပြစ် မကင်းသူများ ဖြစ်ကြပါသည်ဟု ပြောဆို လျှောက်ထားခဲ့ကြကုန်သတည်း။[၉၇]

ထိုဖခမည်းတော်က (ဤသို့) ပြောဆို ဖြေကြားခဲ့လေ သည်။ ငါသည် မကြာမြင့်မီ အသင်တို့အဖို့ မိမိအရှင်မြတ်အထံတော်မှ လွတ်ငြိမ်းချမ်းသာ ခွင့်ကို အသနားခံ၍ပေး အံ့။ ဇကန်စင်စစ် ထိုအရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသနား တော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ် ဖြစ်တော်မူပေ သတည်း။[၉၈]

ထို့နောက် တစ်ဖန် ၎င်းတို့ (သားအမိ သား အဖအားလုံးတို့) (အစ္စရာအီလီ တစ်မျိုး သားလုံးတို့)သည် ယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြ လေသောအခါ ထိုယူစုဖ်သည် မိမိ

ခမည်းတော် မယ်တော်နှစ်ပါးကို မိမိထံတွင် နေရာ ချ၍ပေးခဲ့လေသည်။ ၎င်းပြင် ယင်းယူစုဖ်က (ဤသို့)ပြောဆို လျှောက်ထားခဲ့လေသည်။ (အို-ခမည်းတော် မယ်တော်တို့၊ ခမည်းတော် မယ်တော်နှင့် နောင်တော်တို့အားလုံး) အီဂျစ်မြို့ထဲသို့ ကြွမြန်းတော်မူကြပါ၊ အလွန်ဟ်အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ဘေးရန်ကင်းပြီမ်းစွာ (နေထိုင်ကြရပါမည်ဖြစ်ပါသည်)။[၉၉]

ထို့ပြင် ယင်းယူစုဖ်သည် မိမိခမည်းတော်နှင့်မယ်တော် နှစ်ပါးတို့အား ရာဇပလ္လင်ထက်ဝယ် စမွယ်စေခဲ့လေသည်။ ထို့နောက် ယင်း(ခမည်းတော်နှင့်နောင်တော်)အားလုံးတို့သည် ထိုယူစုဖ်၏ရှေ့ဝယ် ညွတ်ခဲ့ကြလေသည်။ ဦးချခဲ့ကြလေသည်။ ထိုအခါ ယင်းယူစုဖ်က အို-ကျွန်ုပ်၏ ဖခမည်း တော်၊ ဤသည်ပင် ကျွန်ုပ် ရှေးဦးမဆွက မြင်မက်ခဲ့သော အိပ်မက်၏ဒိဗ်ဝုမ်ဖြစ်ပါသည်၊ မလွဲဧကန် ကျွန်ုပ်၏အရှင်မြတ်သည် ထိုအိပ်မက်ကိုအမှန်ဖြစ်အောင် ပြုပေးတော်မူခဲ့ လေသည်။ ၎င်းပြင် ဧကန်မလွဲ ထိုအရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ်အား အကျဉ်းထောင်မှအပြင်သို့ ထုတ်တော်မူခဲ့သည့်အချိန်တွင် ကျေးဇူးပြုတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ရှိုင်တွာန်မိစ္ဆာကောင်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏နောင်တော်တို့၏ စပ်ကြားဝယ် နောင့်ယှက်ဖျက်ဆီးခဲ့သည့်နောက်တွင် ထိုအရှင်မြတ်သည် အသင်(ခမည်းတော်၊ မယ်တော်နှင့် နောင်တော်)တို့ အားလုံးကို တောကျေးမှ (ထုတ်၍ ယဉ်ကျေး တိုးတက်လျက်ရှိသော ဤမြို့တော်သို့) ယူဆောင်တော်မူခဲ့လေသည်။ အကယ်စင်စစ် ကျွန်ုပ်၏အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို သိမ်မွေ့စွာ စီမံ၍ပေးတော်မူသော အရှင်ဖြစ်တော်မူပေသည်။ ဧကန်အမှန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၁၀၀]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာယူစုဖ်ﷺ၏အကြောင်းများပါဝင်သော ပြီးခဲ့သည့်အာယသ်များက ကျွန်ုပ်တို့ကို ပြောသည်မှာ အလွှာဟ်အရှင်မြတ်အလိုတော်အရ သူ့အစ်ကိုများကို သူနှင့်ပတ်သက်သည့် လှို့ဝှက်ချက်များပြောပြရန် အချိန်ရောက်ပြီ ဟူ၍ဖြစ်သည့် သူက ထိုသို့ပြုလုပ်ခဲ့သည်။ သူ့အစ်ကိုများသည် သည်းခံခွင့်လွှတ်မှု တောင်းခံခဲ့ကြသည်။ သူသည် ခွင့်လွှတ်ခဲ့ရုံမျှမက အတိတ်ကပြုလုပ်ခဲ့သော ပြုလုပ်မှုများအတွက်လည်း ပြစ်တင်မောင်းမဲခြင်း မလုပ်ခဲ့ပါ။ စင်စစ် သူတို့အတွက် အလွှာဟ်အရှင်မြတ်ထံ ဒိုအာဆုမွန် တောင်းခံခဲ့သည်။ သူ့အဖေနှင့်တွေ့ဆုံရန်မှာ နောက်လုပ်ရမည့်အလုပ်ဖြစ်သည်။ အခြေအနေများအရ သူဖခင်သည် မိသားစုနှင့်အတူလာခြင်းသည် ပိုကောင်းသည်ဟု သူတွေ့ရှိရသည်။ သို့သော်လည်း သူနှင့်ခွဲခွာရခြင်းကြောင့် ဖခမည်းတော် မျက်စိအလင်းကွယ်ရကြောင်း သိရသောအခါ ယင်းကိစ္စသည် ပထမဆုံးလုပ်ရမည့် ကိစ္စဖြစ်လာသည်။ ထို့ကြောင့်အစ်ကိုများကို اِذْهَبُوْا بِقَمِيْصِيْ هٰذَا فَاَلْقُوْهُ عَلٰى وَجْهِ اَبِيْ يَاْتِ بَصِيْرًا အသင်တို့သည် ကျွန်ုပ်၏ ဤအင်္ကျီကိုယူသွားကြလေကုန်၊ ထို့နောက် အသင်တို့သည် ယင်းအင်္ကျီကို ကျွန်ုပ်၏ဖခမည်းတော်၏ မျက်နှာပေါ်သို့ တင်ကြလေကုန်။ ထိုဖခမည်းတော်သည် စက္ခုအလင်း ရရှိလာအံ့(၉၃)"ဟုပြောခဲ့သည်။ တစ်စုံတစ်ဦး၏အင်္ကျီကို အခြားသူတစ်ယောက်မျက်နှာပေါ်တင်လိုက်ခြင်းသည် စက္ခုနှစ်ကွင်း

အလင်းပြန်ရစေခြင်း၏ ရုပ်ပိုင်းဆိုင်ရာအကြောင်းခံမဟုတ်သည်မှာ ထင်ရှားသည်။ စင်စစ် ဤသည်မှာ ဗိုက်ယိဒနာ ယူစုဖ်ﷺ၏ မုအ်ဂျိဇာဟ် တန်ခိုးပြာဋိဟာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင့်အလိုတော်အရ သူ့အကျီကို ဖခင်၏မျက်နာပေါ် တင်လိုက်သည်နှင့်တစ်ပြိုင်နက် အလ္လာဟ်အရှင်မြတ်က ဖခင်၏ မျက်စိအလင်း ပြန်လည် ပေးလိမ့်မည်ကို သူသိရှိခဲ့သည်။

သဖိစီရ်ပညာရှင်များဖြစ်ကြသည့် ဒါဟတ်ခ်နှင့် မုဂျာဟစ်ဒ်တို့က ပြောသည်မှာ ဤသို့ဖြစ်ရခြင်းသည် ဤအကျီ၏ မွေးရာပါအရည်အချင်းကြောင့်ဖြစ်သည်။ အကျီသည် သာမန်အဝတ်စ မဟုတ်၊ ဤအကျီသည် ဂျန္နသ်မှ ယူဆောင်လာခဲ့ကာ နမ္မရွတ်ဘုရင်က စိုက်ယိဒနာအီဗရာဟမ်ﷺအား မီးပုံထဲတွင် ဝတ်လစ်စလစ် အပစ်ခံရသောအခါ စိုက်ယိဒနာအီဗ်ရာဟီမ်ﷺ ဝတ်ဆင်ခဲ့သောအဝတ်ဖြစ်သည်။ ထို့နောက် ဤဂျန္နသ်မှ အဝတ်အစားကို စိုက်ယိဒနာ အီဗရာဟီမ်ﷺ ထိန်းသိမ်းထားခဲ့သည်။ ၎င်းကွယ်လွန်သေဆုံးပြီးနောက် စိုက်ယိဒနာအစ္စဟားက်ﷺကို လွှဲပေးခဲ့သည်။ စိုက်ယိဒနာအစ္စဟားက်ﷺ ကွယ်လွန်ပြီးနောက် စိုက်ယိဒနာယာကုပ်ﷺရောက်ရှိခဲ့သည်။ ဤအဝတ်အစား၏ မြင့်မြတ်ပြီး ဆွေမျိုးစဉ်ဆက် ဆက်ခံခဲ့ခြင်းအနေအထားအရ သူသည် ကြုတ်တစ်ခုတွင်ထည့်ကာ ချိတ်ပိတ်ပြီး သအ်ဝီဇ်တစ်ခု အဖြစ် စိုက်ယိဒနာယူစုဖ်ﷺလည်ပင်းတွင် ဆွဲထားခဲ့သည်။ ထို့ကြောင့် သူသည် မကောင်းသောအကြည့်မှ ကာကွယ် စောင့်ရှောက်ပြီး ဖြစ်ခဲ့သည်။ စိုက်ယိဒနာယူစုဖ်ﷺ၏အစ်ကိုများက သူတို့၏ဖခင်ကို လှည့်စားရန် စိုက်ယိဒနာယူစုဖ်ﷺ ကို အကျီချွတ်၍ ရေတွင်းထဲပစ်ချရာတွင် စိုက်ယိဒနာဂျိဗ်ရာအီလ်အလ်အမီးန် ဆင်းသက်လာ၍ ယူစုဖ်ﷺဆွဲထားသောကြုတ်ကိုဖွင့်ကာ အကျီကိုထုတ်၍ စိုက်ယိဒနာယူစုဖ်ﷺကို ဝတ်ဆင်စေပါသည်။ ထိုအချိန်မှစ၍ ယင်းအကျီကို ၎င်းက ထိန်းသိမ်းထားခဲ့သည်။ နောက်တစ်ကြိမ် လိုအပ်သောအခါတွင် ဂျစ်ဗရာအီလ်အလ်အမီးန်ကပင် စိုက်ယိဒနာ ယူစုဖ်ﷺအား ဤအဝတ်အစားသည် ဂျန္နသ်မှဖြစ်ကြောင်း အကြံပေးခဲ့သည်။ ယင်းမှာ အတုမရှိသော အရည်အသွေး တစ်ရပ်ရှိသည်။ အကယ်၍ မျက်ကန်းပုဂ္ဂိုလ်တစ်ဦး၏ မျက်နာပေါ်တင်လိုက်လျှင် ထိုသူသည် မျက်စိ ပြန်၍ မြင်လာရမည်။ ဂျစ်ဗရာအီလ်က စိုက်ယိဒနာယူစုဖ်ﷺ အဖေ မျက်စိပြန်မြင်ရန် ယင်းအဝတ်ကို ၎င်းထံ ပို့ပေးခိုင်းသည်။

ဟဇရသ် မုဂျာဟစ်ဒ် အလ်ဖ်ဆာနီ၏အမြင်အရ စိုက်ယိဒနာယူစုဖ်(ﷺ)၏ အဆင်းလှပခြင်းနှင့် ၎င်းတည်ရှိမှုပင်လျှင် ဂျန္နသ်သုခဘုံမှပစ္စည်းဖြစ်သည်။ ထို့ကြောင့် သူ့ခန္ဓာကိုယ်နှင့် ထိမိသော အကျီတိုင်းသည် ဤအစွမ်းရှိနိုင်သည်။ (မဇာဟီရီ)

အာယသ် ၉၃ ၏ နောက်ဆုံးဝါကျတွင် وَأْتُونِي بِأَهْلِكُمْ أَجْمَعِينَ "၎င်းပြင် အသင်တို့သည် မိမိတို့၏ အိမ်သူအိမ်သားများ အားလုံးကိုလည်း အကျွန်ုပ်တို့ထံသို့ (ခေါ်)ဆောင်၍ လာခဲ့ကြလေကုန်"ဟု မိန့်ထားသည်။ ရည်ရွယ်ချက်အမှန်မှာ သူ၏လေးစားဖွယ် ဖခမည်းတော်ကို သူ့ထံ ခေါ်ဆောင်လာရန်ဖြစ်သော်လည်း ဤနေရာ၌ သူသည် ဖခင်ကြီးဟု တသီးတခြားမဖော်ပြဘဲ မိသားစုကို ခေါ်ဆောင်လာရန် ပြောခြင်းသည် ကျင့်ဝတ်ကို ဆန့်ကျင် ဖီလာပြုရာရောက်သည်ဟု သူကယူဆဟန်ရှိသည်။ သို့သော်လည်း သူ၏ခမည်းတော် စကျွအလင်းပြန်ရမည်ကို သေချာသဖြင့် ဖခင်မှာသူ့အား တွေ့ဆုံရန်လာမည်မှာ မည်သည်ကမျှ တားဆီးနိုင်မည်မဟုတ်ချေ။ သူကိုယ်တိုင်ကလည်း သူ့ဖခင်လာရောက်လည်ပတ်ခြင်းဖြင့် ဂုဏ်ပြုခံရန်ကိုလည်း လိုလားသည်။ အလ်ကုရ်သုဒီကျမ်းတွင် တင်ပြထားသည့် ဆင့်ပြန်ချက်တစ်ရပ်အရ စိုက်ယိဒနာယူစုဖ်ﷺ၏ အစ်ကိုများမှ ယဟူဒါ(ဂျူဒါ)ဆိုသောသူသည် ဤအကျီကို သူကိုယ်တိုင် ယူသွားခွင့်ပြုရန် တောင်းဆိုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော သွေးတုများ သုတ်လိမ်းထားသော အကျီ ကြောင့် ဖခင်မြင်ရ၍ ထိတ်လန့်စေခဲ့ရာတွင် အကျီယူခဲ့သောသူမှာ ဂျူဒါ(ယဟူဒါ)ဖြစ်၍ ယခုလည်း သူကပင် တစ်ဖန် အကျီကို

ယူသွားလိုခြင်းဖြစ်သည်။ သို့မှသာ အတိတ်က သူကျူးလွန်ခဲ့သော မတရားမှုအတွက် ပြုပြင်ပြင်ဆင်ပြီး ဖြစ်သွားပေလိမ့်မည်။

အာယသ်(၉၄)သည် وَلَمَّا فَصَلَتِ الْعِيْرُ "တစ်ဖန်ခရီးသည်တစ်စုသည် အီဂျစ်ပြည်မှ ထွက်ခွာခဲ့သောအခါ ဟူသောစကားလုံးဖြင့် ဖွင့်ဆိုထားပါသည်။ ၎င်းနောက်စိုက်ယိဒိနာယာကုပ်ﷺက သူ၏အနားတွင်ရှိသော သူများအား ပြောသည်မှာ အကယ်၍ အသင်တို့သည် ငါ့အား သူငယ်ပြန်သည်ဟု မယူဆကြပါလျှင် ဇကန်စင်စစ် ငါသည် ယူစုဖ်၏ အနံ့ကိုရနေသည် ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာအိဝနိအဗ္ဗားစ်၏ ဆင့်ပြန်ချက်တစ်ခုအရ အီဂျစ်ပြည်၏မြို့တော်ကန်အာန်းကို ရှစ်ရက်ကြာခရီးသွားရပါသည်။ စိုက်ယိဒိနာဟာစန်ﷺသခင်အဆိုအရ ခရီးအကွာအဝေးသည် ရှစ်ဆယ်ဖဆတ်စ် (သို့မဟုတ်) မိုင် ၂၅၀နီးနီးရှိပါသည်။ အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်ကား ပြိုင်စံရှားလှပါသည်။ အရှင့်တန်ခိုးတော်အရ ထိုမျှကွာဝေးသော ခရီးတစ်လျှောက်လုံးတွင် သူ၏သားယူစုဖ်ﷺ၏ ရုပ်အကျီမှတစ်ဆင့် ယူစုဖ်ﷺ၏အနံ့ကို စိုက်ယိဒိနာယာကုပ်ﷺ ရရှိစေပါသည်။ အံ့သြစရာကောင်းသောအချက်တစ်ခုမှာ စိုက်ယိဒိနာယူစုဖ်ﷺသူ၏မွေးရပ်မြေရှိ ရေတွင်းတစ်ခုထဲတွင် ကျရောက်နေစဉ် ယူစုဖ်ﷺ၏ အနံ့အသက်ကို စိုက်ယိဒိနာယာကုပ်ﷺ မရရှိခဲ့ပါ။ ဤသည်က ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ မည်သည့်မှအဲဂျစ်ဇာမျှ တမန်တော်တစ်ပါး၏ထိန်းချုပ်မှု အောက်၌ မရှိပါ။

ဤကိစ္စရပ်သည်အလွှာဟ်အရှင်၏တိုက်ရိုက်လုပ်ဆောင်ချက်ပင်ဖြစ်သည်။အလွှာဟ်တအာလာဆန္ဒရှိတော်မူသောအခါမှသာ အလွှာဟ်အရှင်က မုအ်ဂျိဇာ်တစ်ခုကို သူ့အလိုအလျောက် ပေါ်ထွက်စေပါသည်။ အလွှာဟ် အရှင်ဆန္ဒတော်မရှိပါက အနီးစပ်ဆုံးအရာသည်ပင်လျှင် အဝေးဆုံးသို့ ရောက်ရှိသွားပါသည်။

အာယသ်(၉၅)ထဲ၌ قَالُوْا تَاللّٰهِ اِنَّكَ لَفِيْ ضَلٰلِكَ الْقَدِيْمِ ၎င်းတို့က အလွှာဟ်အရှင်မြတ်၏ကစမ်၊ ဇကန်မလွဲအသင်သည် မိမိရှေးဟောင်း လွဲမှားမှု၌ပင် ရှိနေပေသေးသည်ဟု ဟူ၍မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ စိုက်ယိဒိနာ ယာကုပ်ﷺ ပြောကြားခဲ့သည်တို့ကို ကြားသိခဲ့ရသောအခါ၌ သူသည် သူ၏အနီးအနားတွင် ရှိသောသူများက စိုက်ယိဒိနာယာကုပ်ﷺက သူ၏ ရှေးဟောင်းအလွဲအမှားတစ်ခုဖြစ်သော ယူစုဖ်ﷺသည် အသက်ရှင်နေပါသေးသည်။ ကျွန်ုပ်တို့ ပြန်လည်တွေ့ဆုံပါလိမ့်မည်ဟူသည့်အပေါ်၌ တမ်းတစွဲလမ်းနေဟန်ရှိသည်ဟု မှတ်ချက်ပြုခဲ့ကြပါသည်။

အာယသ်(၉၆)တွင် فَلَمَّآ اَنْ جَآءَ الْبَشِيْرُ "တစ်ဖန် ဝမ်းမြောက်ဖွယ်သတင်းကို ယူဆောင်လာသောသူသည် (ခမည်းတော်ထံ)သို့ ရောက်ရှိလာသောအခါဟူ၍မိန့်ထားကာ ထိုသူကပင် စိုက်ယိဒိနာယူစုဖ်ﷺ၏အင်္ကျီကို သူ့ဖခင်၏မျက်နှာပေါ်၌ တင်လိုက်သောအခါ စိုက်ယိဒိနာယာကုပ်ﷺ၏ စက္ခုအလင်းပြန်လည်ရကာ မျက်စိမြင်နိုင်သူ ဖြစ်သွားပါသည်။ ကောင်းသတင်း ယူလာသူမှာ ယဟူဒါ ဖြစ်ကာ ထိုသူသည်ပင်လျှင် အီဂျစ်မှ စိုက်ယိဒိနာယူစုဖ်ﷺ၏ အင်္ကျီကို ယူဆောင်လာသူဖြစ်ပါသည်။

အာယသ်၏နောက်ဆုံးဝါကျမှာ قَالَ اَلَمْ اَقُلْ لَّكُمْ ۚ اِنِّيْٓ اَعْلَمُ مِنَ اللّٰهِ مَا لَا تَعْلَمُوْنَ "ထိုအခါ ယင်းခမည်းတော်က ဤသို့ ပြောဆိုခဲ့လေသည်။ ငါသည် အသင်တို့အား အလွှာဟ်အရှင်အထံတော်မှ အသင်တို့ မသိနားမလည်သော ပညာကို ဇကန်စင်စစ် သိနားလည်သည်ဟု ပြောဆိုခဲ့သည် မဟုတ်ပါလော" ဟူ၍ဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ ယူစုဖ်သည် အသက်ရှင်နေလျက် ရှိပါသည်။ ကျွန်ုပ်တို့ တစ်ဖန် ပြန်လည်တွေ့ဆုံကြရပါမည်။

ယခုအခါ ကိစ္စရပ်၏အမှန်တရား ရှင်းလင်းသွားသောအခါ၌ စိုက်ယိဒိနာယူစုဖ်ﷺ၏အစ်ကိုများက သူတို့၏ဖခင်ထံမှ ခွင့်လွှတ်မှုကို နာမ်ပိုင်းဆိုင်ရာ နှစ်လိုဖွယ်ရာဟန်ပန်ဖြင့် قَالُوْا يٰٓاَبَانَا اسْتَغْفِرْ لَنَا ذُنُوْبَنَآ اِنَّا كُنَّا خٰطِـِٕيْنَ "ထိုအခါ ယင်းသားတော်များက အို-ကျွန်တော်မျိုးတို့၏ ဖခမည်းတော်၊ ခမည်းတော်သည် ကျွန်တော်မျိုးတို့

အဖို့ ကျွန်တော်မျိုးတို့၏ပြစ်မှုတို့မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေအံ့သောငှာ အသနားခံ၍ပေးတော်မူပါ။ ဇကန်မလွဲ ကျွန်တော်မျိုးတို့သည်ပင်လျှင် အပြစ်မကင်းသူများ ဖြစ်ကြပါသည်"ဟူ၍ တောင်းခံခဲ့ပါသည်။ ထို့ကြောင့် အခြားသူများ၏ ပြစ်မှုဝုနာဟ်များအတွက် အလ္လာဟ်အရှင်မြတ်အထံတော်မှ ခွင့်လွှတ်မှုရရှိစေရန် ဒိုအာတောင်းပေးသော သူတစ်ဦးသည် သူ့အတွက်လည်း လုပ်ဆောင်လိမ့်မည်ဆိုသည်မှာ ထင်ရှားပါသည်။

စိုက်ယိဒိနာယာကုဗ်ﷺက ပြန်လည်ပြောကြားသည်မှာ قَالَ سَوْفَ أَسْتَغْفِرُ لَكُمْ رَبِّي ထိုခမည်းတော်က ဤသို့ ပြောဆိုဖြေကြားခဲ့လေသည်။ "ငါသည် မကြာမြင့်မီ အသင်တို့အဖို့ မိမိအရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ၍ ပေးအံ့"ဟူ၍ ဖြစ်သည်။

ဤနေရာ၌ စိုက်ယိဒိနာယာကုဗ်ﷺက သူတို့အတွက် ဒိုအာတောင်းဆိုမှုချက်ခြင်းမပြုလုပ်ဘဲ များမကြာမီ သူတို့အတွက် ဒိုအားတောင်းပေးမည်ဟူ၍ ကတိပြုခဲ့ပါသည်။ ဋီကာရှင်အတော်များများက ဤသည်နှင့်ပတ်သက်၍ အကြောင်းပြချက် တစ်ခုပေးပါသည်။ သူတို့၏အဆိုအရ ညဉ့်၏နောက်ပိုင်း၌တွင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် အာရုံများစုစည်းကာ သူတို့အတွက် သီးသန့် ဒိုအာတောင်းဆိုပေးမည်ဟု စိုက်ယိဒိနာယာကုဗ်ﷺက ရည်ရွယ်ခြင်း ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်၌ ပြုလုပ်သော ဒိုအာများသည် အထူးတလည် လက်ခံတော်မူသောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ပင် ဆွဟီးအလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများတွင် ဖော်ပြထားသော ဟဒီးဆ်တော်တစ်ပုဒ်ထဲ၌ ပါရှိပါသည်။ ယင်းဟဒီးဆ်တော်ထဲ၌ အလ္လာဟ်အရှင်မြတ်သည် ညဉ့်တိုင်း၏နောက်ဆုံး တတိယပိုင်းတွင် ကမ္ဘာပထဝီမြေကြီးနှင့် အနီးကပ်ဆုံးသောနေရာသို့ ဆင်းသက်တော်မူခဲ့ကာ "ငါအရှင်လက်ခံရန်အတွက် ငါ့ထံသို့ ဒိုအာတောင်းဆုပြုလုပ်မည့်သူ တစ်စုံတစ်ဦးရှိပါသလော၊ ငါအရှင်၏ ခွင့်လွှတ်မှုရရှိရန်အတွက် ငါ့ထံသို့ ခွင့်လွှတ်မှုတောင်းခံမည့်သူ တစ်စုံတစ်ဦးရှိပါသလော" ဟူ၍ ကြေညာတော်မူသည်။

နောက်အာယသ်ထဲ၌ فَلَمَّا دَخَلُوا عَلَىٰ "ထို့နောက်တစ်ဖန် ၎င်းတို့ သားအမိ၊ သားအဖအားလုံးတို့ အစ္စရာအီလီ တစ်မျိုးသားလုံးတို့သည် ယူစုဖ်ထံသို့ ဝင်ရောက်ခဲ့ကြလေသောအခါ" ဟူ၍ မိန့်ထားသည်နှင့်ပတ်သက်၍ အချို့သောဆင့်ပြန်ချက်ထဲ၌ပါရှိသည်မှာ ၎င်းတို့ အီဂျစ်သို့လာရန်ဟူသောရည်ရွယ်ချက်အတွက် မိသားစုတစ်ခုလုံး ကောင်းမွန်သော ပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် စိုက်ယိဒိနာယူစုဖ်ﷺသည် သူ၏အစ်ကိုများနှင့်အတူ ဤအချိန်တွင် ကုလားအုတ်နှစ်ရာ ဝန်ဆောင်သော မြောက်များစွာသော အဝတ်အစားတို့နှင့်အခြားသော လိုအပ်သည့်ပစ္စည်းများကို ထည့်ပေးလိုက်ပါသည်။ ထို့ကြောင့် ခရီးစဉ်အတွက် ပြည့်စုံစွာပြင်ဆင်ပြီးသည့်နောက် စိုက်ယိဒိနာယာကုဗ်ﷺနှင့် သူ၏ မိသားစု တစ်ခုလုံးသည် အီဂျစ်ပြည်သို့ ခရီးစတင်ထွက်ခွာခဲ့ကြ ပါသည်။ ဆင့်ပြန်ချက်တစ်ခု အလိုအရ သူတို့၏ အရေအတွက်သည် (၇၂)ဦးဖြစ်ကာ အခြားအဆိုအရ အမျိုးသားအမျိုးသမီးများပါ (၉၃)ဦးဖြစ်ပါသည်။

တစ်ဖက်တွင် ၎င်းတို့ အီဂျစ်ပြည်သို့ရောက်ရှိလာမည့်အခါ စိုက်ယိဒိနာယူစုဖ်ﷺနှင့် အီဂျစ် ပြည်သူ ပြည်သားတို့သည် ၎င်းတို့အား ကြိုဆိုရန်အတွက် မြို့ပြင်သို့ထွက်လာခဲ့ကြသည်။ စိုက်ယိဒိနာယူစုဖ်ﷺနှင့်အတူ စစ်သည်တော်လေးထောင် ပါဝင်သော ဂုဏ်ပြုတပ်ဖွဲ့လည်း လိုက်ပါခဲ့ပါသည်။ ဤဇည့်တော်များ အီဂျစ်သို့ဆိုက်ရောက်ပြီး စိုက်ယိဒိနာယူစုဖ်ﷺအိမ်သို့ ဆိုက်ရောက်သောအခါ၌ စိုက်ယိနာယူစုဖ်ﷺက သူ၏မိဘများအား သူနှင့်အတူတကွ နေထိုင် စေခဲ့ပါသည်။

ဤနေရာ၌ စာသားများက မိဘများဟု ရည်ညွှန်ထားသော်လည်း စိုက်ယိဒိနာယူစုဖ်ﷺ၏မိခင်သည် သူငယ်စဉ်ကပင် သေဆုံးသွားခဲ့ပါသည်။ သို့ရာတွင် သူမ သေဆုံးပြီးသည့်နောက် စိုက်ယိဒိနာယာကုဗ်ﷺသည် သူ၏ကွယ်လွန်သူ ဇနီးသည်၏ညီမ လိုင်ယာနှင့်ထိမ်းမြားခဲ့ပါသည်။ သူမသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ မိခင်ဘက်မှ အဒေါ်

ဖြစ်သော်လည်း သူမသည် မိခင်ကဲ့သို့ဖြစ်ကာ သူ၏ဖခင်ထိမ်းမြားထားသော ဇနီးသည်တစ်ဦးအနေနှင့်လည်း သူမကို သူ၏မိခင်* ဟု ခေါ်ရန်မှတစ်ပါး အခြားမရှိပါ။

အာယသ်-၉၉အဆုံးတွင် وَقَالَ ادْخُلُوا مِصْرَ إِنْ شَاءَ اللَّهُ آمِنِينَ "ငင်းပြင် ယင်းယူစုဖ်က ဤသို့ပြောဆို လျှောက်ထားခဲ့လေသည်။ အို-ခမည်းတော် မယ်တော်တို့၊ ခမည်းတော်မယ်တော်နှင့်နောင်တော်တို့အားလုံး အီဂျစ်မြို့ကြွမြန်းတော်မူကြပါ။ အလွှာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ဘေးရန်ကင်းငြိမ်းစွာနေထိုင်ကြရပါမည်ဖြစ်ပါသည်"ဟူသော အဆိုအမိန့်က ဆိုလိုသည်မှာ စိုက်ယိဒိနာယူစုဖ် ﷺသည် သူမိသားစုဝင်အားလုံးကို အီဂျစ်နိုင်ငံအတွင်း အလွှာဟ်အရှင်မြတ်အလိုတော်နှင့်လည်းကောင်း မည်သည်ကြောက်ရွံ့မှုနှင့် ကန့်သတ်ချုပ်ချယ်ခြင်းမရှိဘဲ လည်းကောင်း ဝင်ရောက်ပါဟု ပြောကြားခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ အခြားတစ်ပါးနိုင်ငံတွင်းသို့ ဝင်ရောက်လာသည့် ခရီးသည်များအပေါ် သာမန်ကန့်သတ်ထားမှုမှ ကင်းလွတ်စေခြင်း ဖြစ်သည်။

وَرَفَعَ أَبَوَيْهِ عَلَى الْعَرْشِ ထို့ပြင် ယင်းယူစုဖ်သည် မိမိခမည်းတော်နှင့်မယ်တော်နှစ်ပါးတို့အား ရာဇပလ္လင်ထက်ဝယ် စံပယ်စေခဲ့လေသည်"ဟူသော စကားလုံးများဖြင့် ဖွင့်ဆိုထားသော အာယသ်(၁၀၀)က ဆိုလိုသည်မှာ စိုက်ယိဒိနာယူစုဖ်ﷺသည် သူမိဘနှစ်ပါးအား သူနှင့်အတူ ရာဇပလ္လင်တွင် စံပယ်စေတော်မူခဲ့သည်။

ယင်းနောက် وَخَرُّوا لَهُ سُجَّدًا ထို့နောက် ယင်းခမည်းတော်နှင့်နောင်တော်အားလုံးတို့သည် ထိုယူစုဖ်၏ ရှေ့ဝယ် ဦးချခဲ့ကြလေသည်ဟူ၍ မိန့်ထားသည်က ဆိုလိုသည်မှာ မိဘနှစ်ပါးနှင့်အစ်ကိုအားလုံးသည် စိုက်ယိဒိနာယူစုဖ်ﷺအား စဂျဒါအ်ဦးချခဲ့ကြလေသည်။ စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ်အိဝနိအဗ္ဗားစ်ﷺကပြောသည်မှာ ဤစစ်ဂျဒါဟ်ဦးချမှုသည် စိုက်ယိဒိနာယူစုဖ်ﷺကို မဟုတ်ဘဲ ကျေးဇူးတင်ရှိမှုအတွက် အလွှာဟ်အရှင်မြတ်ကို ဦးချခြင်းဖြစ်သည်။ အခြားသူများက ပြောကြသည်မှာ အိဗာဒတ်(ခဝပ်ကိုးကွယ်မှု) တစ်စိတ်တစ်ဒေသဖြစ်သော ဤစိဂျဒါဟ် (သို့မဟုတ်)သူဂျူးဒ်(ဦးချခြင်း)ကို အလွှာဟ်အရှင်မြတ်မှအပ မည်သူ့ကိုမျှ မပြုရကြောင်း တမန်တော်တိုင်း၏ ရှရီအတ်တွင် အမြဲတမ်းတားမြစ်ပိတ်ပင်ထားသည်။

သို့သော်လည်း သအ်ဇင်မ်(ရိုသေလေးစားမှု)၏ စိဂျဒါဟ်ကို လွန်လေပြီးသော တမန်တော်များ၏ ဘာသာရေးကိုခဉပဒေများတွင် ခွင့်ပြုထားသော်လည်း ယင်းလုပ်ရပ်သည် ရှိရ်က် အရင်းအမြစ်တစ်ခု၏ အခြေခံအရ အစွလာမ်

---

* ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ရေဝါယသ်တစ်ခုအရ ဖြစ်ပါသည်။ ယင်းရေဝါယသ်ထဲ၌ စိုက်ယိဒိနာယူစုဖ်ﷺ၏ မိခင်သည် ဗင်နယာမိန် မွေးဖွားခဲ့သောအချိန်တွင် သေဆုံးခဲ့ပြီးဖြစ်ပါသည်။ ဤသည်အပေါ် အခြေခံ၍ လေးစားအပ်ပါသော ကျမ်းရှင်၏ လက်ရှိစာသားသည် အတွဲ-၉၊ စာမျက်နှာ ၁၉ ပါ စာသားနှင့် ဝိရောဓိဖြစ်နေဟန်ရှိပါသည်။ ယင်းထဲ၌ စိုက်ယိဒိနာယူစုဖ်ﷺ၏မိခင်အား ရာဟီးလ်ဟု ဖော်ပြထားပါသည်။ သို့သော် တကယ်တမ်းဆိုရလျှင် ဤသည်နှင့် ပတ်သက်၍ မည်သည့်ခိုင်လုံသော ရေဝါယသ်မှ မရှိခဲ့ပါ။ အစွရေးလီ ရေဝါယသ်များ ရှိခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့တွင် ဝိရောဓိများရှိပါသည်။ ရှုဟုလ်မအာနီကျမ်းရှင်ကိုယ်တိုင်က ပြောသည်မှာ ဂျူးမှတ်တမ်းတင်သူများက စိုက်ယိဒိနာယူစုဖ်ﷺ၏ မိခင်သည် ဗင်နယာမင်န်မွေးဖွားစဉ်က သေဆုံးသွားသည် ဆိုသည့် အယူအဆကို မှတ်တမ်းတင်မထားပါ။ ဤရေဝါယသ်ကိုမှန်သည်ဟုလက်ခံခဲ့ပါလျှင် ဒွိဟများမရှိစေနိုင်တော့ပါ။ ထို့နောက် ဤအခြေအနေ၌ ورفع ابويه ထို့ပြင် ယင်းယူစုဖ်သည် မိမိခမည်းတော်နှင့် မယ်တော်နှစ်ပါးတို့အား ရာဇပလ္လင်ထက်ဝယ် စံပယ်စေခဲ့လေသည် ဟူသောစကားအရ စိုက်ယိဒိနာယူစုဖ်ﷺ မိခင်ရင်းကို ရည်ညွှန်းပါလိမ့်မည်။ အိဗ်န်ဂျရီးရ်နှင့် အိဗ်နီကဆီးရ်တို့က ဤအယူအဆသည် အလေးသာသည်ဟု ရွေးချယ်ခဲ့ကြပါသည်။ ထို့ကြောင့် ဤသည်နှင့်ပတ်သက်၍ မှတ်ချက်ပေးရာ၌ အိဗ်နီကဆီးရ်က قال ابن جرير ولم يقم دليل على موت امة (ای ام یوسف علیه السلام) وظاهر القرآن ဟူ၍ပြောခဲ့လေသည်။

ရှရီအတ်တွင် တားမြစ်ထားသည်။ အလ္လာဟ်အရှင်မြတ်မှအပ အခြားသူများကို စိရ်ဒါဟ်ဦးချခြင်းသည် ဟလာလ် လုပ်ပိုင်ခွင့် ရှိသည်မဟုတ်ဟူသောကိစ္စအား အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တင်ပြချက်များက အတည်ပြုထားသည်။

သူ၏ မိဘနှစ်ပါးစလုံးနှင့် ညီအစ်ကိုတစ်ဆယ်တစ်ယောက်လုံးက တစ်ပြိုင်နက်ထဲ ၎င်းအား ဦးချခဲ့သောအခါ သူငယ်စဉ်က မြင်မက်ခဲ့သည့်အိပ်မက်ကို ပြန်လည်သတိရမိသွားသည်။ ထို့နောက် သူက وَقَالَ يَٰٓأَبَتِ هَٰذَا تَأۡوِيلُ رُءۡيَايَ مِن قَبۡلُ قَدۡ جَعَلَهَا رَبِّي حَقّٗا ထိုအခါ ယင်းယူစုဖ်က အို-ကျွန်ုပ်၏ ဖခမည်းတော်၊ ဤသည်ပင် ကျွန်ုပ်ရှေးဦးမဆွက အိပ်မက်၏အနက်အဓိပ္ပာယ်ဖြစ်ပါသည်။" (အဓိပ္ပာယ်မှာ နေ၊ လနှင့်ကြယ် တစ်ဆယ့်တစ်လုံးက ကျွန်ုပ်ကို ဦးချခြင်းဖြစ်သည်။) ကျွန်ုပ်၏အရှင်မြတ်သည် ထိုအိပ်မက်ကို အမှန်ဖြစ်အောင် ပြုပေးတော်မူခဲ့လေသည်။ (ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိတော်မူခဲ့လေသည်ဟူ၍ ပြောခဲ့လေသည်။

ဥပဒေသနှင့် လမ်းညွှန်မှု၏အချက်အလက်များ

၁။ သူသားများသည် စိုက်ယိဒိနာယာကုဗ်(ﷺ)အား သူတို့ ခွင့်လွှတ်မှုရစေရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ဆုတိုအာတောင်းခံပေးရန် မေတ္တာရပ်ခံခဲ့သောအခါသူက "ငါသည်မကြာမြင့်မီအသင်တို့အဖို့မိမိအရှင်မြတ်အထံတော်မှ လွှတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံ၍ ပေးအံ့ဟူ၍ ပြောကြားခဲ့သည်။ သူသည် ထိုဒိုအာတောင်းခံမှုကို ချက်ချင်း ပြုလုပ်မပေးခဲ့ပါ။ ထိုကိစ္စကို ဆိုင်းငံ့ထားခဲ့သည်။

ဤဆိုင်းငံ့မှုကို ဋီကာရှင်များက ပေးသောအကြောင်းပြချက်တစ်ခုမှာ သူသည် ဦးစွာပထမ စိုက်ယိဒိနာယူစုဖ်ﷺက ၎င်းတို့အား ခွင့်လွှတ်ခဲ့သည် (သို့မဟုတ်) ခွင့်မလွှတ်ဟူသည်ကို စစ်ဆေးလိုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မတရားပြုခံရသူက ခွင့်မလွှတ်လျှင် အလ္လာဟ်အရှင်မြတ်ထံတော်မှလည်း ခွင့်မလွှတ်ချေ။ ဤအကြောင်းများကြောင့် ခွင့်လွှတ်မှုရရှိစေရန် ဒိုအာတောင်းဆိုပေးခြင်းသည် မလျော်ကန်ချေ။

ဤနေရာတွင် ခိုင်လုံသောမူတစ်ရပ်ကို ထောက်ပြထားသည်။ ယင်းမှာ အလ္လာဟ်အရှင့်ကျေးကျွန်များ၏ ရပိုင်ခွင့် (ဟုကူကုလ်အိဗား်ဒ်)ကို ဖောက်ဖျက်ခြင်းတွင် ရပိုင်ခွင့်ရှိသူသည် သူ၏ ရပိုင်ခွင့် ပြန်လည်ရရှိမှသော်လည်းကောင်း (သို့မဟုတ်) သူက ခွင့်လွှတ်မှသော်လည်းကောင်း ခွင့်လွှတ်ပြီးဖြစ်သည်။ နှုတ်အားဖြင့် ဝန်ချတောင်းပန်မှုသည် မလုံလောက်ချေ။

၂။ စုဖ်ယမ်အလ်သောင်ရီ﵁၏ ဆင့်ပြန်ချက်တစ်ခုအရ ယဟူဒါက စိုက်ယိဒိနာယူစုဖ်ﷺ၏ အကျီကို သယ်ဆောင်လာကာ သူဖခင်မျက်နှာပေါ် တင်လိုက်သောအခါ စိုက်ယိဒိနာယာကုဗ်ﷺက ယူစုဖ်အခြေအနေ ဘယ်လိုလဲဟု မေးခဲ့သည်။ ယဟူဒါက သူဖခင်ကို ယူစုဖ်သည် အီဂျစ်ဘုရင်ဖြစ်နေခဲ့သည်ဟု ပြောပြခဲ့သည်။ စိုက်ယိဒိနာ ယာကုဗ်ﷺကပြောသည်မှာ သူသည် မင်းသား (သို့မဟုတ်) သူတောင်းစားဖြစ်နေသည်ကို ငါမေးခြင်းမဟုတ်၊ သူ၏ ယုံကြည်မှုသစ္စာတရားနှင့်လုပ်ရပ် ဘယ်လိုလဲကို မေးခြင်းဖြစ်သည်။ ထို့နောက် ယဟူဒါက ဖခင်ကြီးကို စိုက်ယိဒိနာ ယူစုဖ်ﷺ၏ စာရိတ္တအရည်အချင်းများနှင့် သူမည်မျှ အလ္လာဟ်အရှင့်ကို ကြောက်ရွံ့ရိုသေကြောင်းနှင့် သူလုပ်သမျှသည် ကောင်းမြတ်ရိုးသားကြောင်း ပြောပြခဲ့သည်။ ဤသည်မှာ မြင့်မြတ်သောတမန်တော်များ၏ အချစ်မေတ္တာနှင့် ၎င်းတို့၏ သားသမီးပေါ် ဆက်နွယ်မှုအကြောင်း ဖြစ်သည်။ ထိုတမန်တော်များသည် သူတို့၏သားသမီးများ၏ ရုပ်ပိုင်းဆိုင်ရာသက်သောင့်သက်သာရှိမှုထက် နာမ်ပိုင်းဆိုင်ရာဘဝ၏အခြေအနေပေါ်တွင် ပို၍သောကထားကြသည်။ ဤစံနမူနာကို မုစ်လင်မ်တိုင်း လိုက်နာကျင့်သုံးသင့်သည်။

၃။ ဟဇရသ်ဟစန်ﷺအဆိုအရ သူ၏ကွဲကွာနေသော သား၏အကျိုးနှင့် ယင်းသား၏ ကောင်းသတင်း သယ်ဆောင်လာသူ သူ့ထံရောက်သောအခါ စိုက်ယိဒိနာယာကုပ်ﷺသည် ထိုသူ့အား ဆုလာဘ် တစ်စုံတစ်ရာ ပေးလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် ခက်ခဲကြပ်တည်းသောဘဝကြောင့် အိမ်မှာပင် မုန့်ဖုတ်မစားရသည်မှာ ခုနစ်ရက်မျှပင် ရှိ၍ သူ့ကို ပစ္စည်းဥစ္စာ ဆုလာဘ်တစ်ခုမျှ မပေးနိုင်ခဲ့သည့်အတွက် ၎င်းအား တောင်းပန်ခဲ့သည်။ သို့သော်လည်း ထိုသူ့အပေါ်တွင် သေအံ့မူးမူးတွင် (စခရာသ်)လွယ်မှုရှိစေရေး အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒိုအာ ဆုမွန်တောင်းခံခဲ့သည်။ ဤဒိုအာသည် ထိုသူ့အတွက် အကောင်းဆုံးဆုလာဘ်ဖြစ်ကြောင်း အလ်ကုရ်သုဇီက ပြောကြားခဲ့သည်။

၄။ ဤအဖြစ်အပျက်က ကျွန်ုပ်တို့ကို ပြောပြသေးသည်မှာ သတင်းကောင်းယူလာသူတစ်ဦးကို ဆုလာဘ်ချီးမြှင့်ပေးခြင်းသည် မြင့်မြတ်သောတမန်တော်များ၏ ဓလေ့တစ်ရပ်ဖြစ်ကြောင်းပင်တည်း။ ဆွဟာဗဟ်သာဝကကြီးများထဲမှ တစ်ဦးဖြစ်သော စိုက်ယိဒိနာ ကအဗ် အိဗနိမာလိက်ﷺနှင့် ပတ်သက်သောအဖြစ်အပျက် တစ်ရပ်မှာ လူသိများ သည်။ သဗူးက်စစ်ပွဲတွင် ၎င်းပါဝင်ဆင်နွှဲခြင်းမပြုသောကြောင့် ပြစ်တင်မောင်းမဲခံရကာ ပြစ်ဒဏ်ပေးခဲ့ရသော်လည်း နောင်တွင် သူ၏ ဝန်ချတောင်းပန်ခြင်းကို လက်ခံခဲ့သည်။ ယင်းသို့တောင်းပန်မှု လက်ခံခြင်း ကောင်းသတင်းကို သူ့ထံ ယူဆောင်လာခဲ့သောသူအား ၎င်းဝတ်ဆင်နေသည့် အဝတ်အစားကို ထိုသူ့အား ပေးကမ်းလိုက်သည်။

တစ်ဖန် ထပ်၍ ပျော်ရွှင်ဖွယ်အချိန်များတွင် မိတ်သင်္ဂဟများကို ဖိတ်ခေါ်၍ ကျွေးမွေးဧည့်ခံခြင်းသည် စွန့်သဖြစ်ကြောင်း သက်သေပြပါသည်။ စိုက်ယိဒိနာအုမရ်ﷺသည် စူရတ်ဘကရတ် ဖတ်ရွတ်သရဇ္ဈာယ်ခြင်း ပြီးဆုံးသွားသောအခါ သူ၏ ပျော်ရွှင်ဝမ်းမြောက်မှု ထိုအခြားသူများက သူနှင့်အတူ မျှဝေခံစားနိုင်စေရန် ၎င်းတို့ကို ဖိတ်ခေါ်၍ ကုလားအုတ်တစ်ကောင် ဇဗဟ်လုပ် သတ်ဖြတ်ကာ ကျွေးမွေးဧည့်ခံခဲ့လေသည်။

၅။ စိုက်ယိဒိနာယာကုပ်ﷺ၏ သားများသည် အမှန်တရား ပွင့်လင်းစွာပေါ်ထွက်လာသောအခါ ဖခင်နှင့်ညီ၏ ခွင့်လွှတ်မှု တောင်းခံခဲ့သည်။ လူတစ်ဦးသည် အခြားတစ်စုံတစ်ဦးကို အပြောအဆို (သို့မဟုတ်) အပြုအမူကြောင့် အနာတရဖြစ်စေခဲ့လျှင် (သို့မဟုတ်)ထိုသူ၏ ရုပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် တာဝန်တင်ရှိခဲ့လျှင် ထိုသူသည် အခြားသူ၏ ရုပိုင်ခွင့်ကို ချက်ချင်းပေးဆပ်ခြင်း(သို့မဟုတ်) ထိုသူထံမှ ခွင့်လွှတ်မှုတောင်းခံရခြင်းမှာ မပြုမနေရတာဝန် ဖြစ်သည်။

စိုက်ယိဒိနာအဗူဟုရိုင်ရဟ်ﷺ၏ဆင့်ပြန်ချက်တစ်ခုပေါ်အခြေခံထားသော ဆွဟီးဒ်အလ်ဗုခါရီကျမ်းပါ တင်ပြချက်တစ်ခုတွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ "တစ်စုံတစ်ဦးတွင် တစ်စုံတစ်ဦး၏ ဘဏ္ဍာရေးဆိုင်ရာ ပေးဆပ်ရန်ရှိလျှင် (သို့မဟုတ်) သူ၏ပြောဆိုမှု (သို့မဟုတ်) အပြုအမူကြောင့် နာကျင်စေခဲ့လျှင် သူသည် ယနေ့ပင် ပြန်လည်ပေးဆပ်ရမည်။ သို့မဟုတ်လျှင် ထိုသူထံမှ ခွင့်လွှတ်မှုတောင်းခံကာ ပခုံးပေါ်ရှိ ဝန်ထုပ်ဝန်ပိုးကို ချပစ်ရမည်။ ယင်းဝန်ထုပ်ဝန်ပိုးတာဝန်ကို ကိယာမသ်နေ့မတိုင်မီ လုပ်ပြီးဖြစ်ရမည်။ ယင်းနေ့တွင် အခြားသူတစ်ဦး၏ ရုပိုင်ခွင့်ကို ပြန်လည်ပေးဆပ်ရန်မှာ သူတွင် မည်သည့်ဥစ္စာဓနမှ ရှိလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် သူတွင် ပေးစရာမရှိဘဲ သူ၏ကောင်းမှုလုပ်ရပ်များကို မတရားပြုခံရသူကို ပေးစေလိမ့်မည်ဖြစ်သည်။ ထို့နောက် သူမှာ လက်မဲ့ ဖြစ်နေလိမ့်မည်။ သူ့စာရင်းတွင် မည်သည့်ကောင်းမှုမှမရှိခဲ့လျှင် မတရားပြုခံရသူ၏ ဂုနာဟ်များကို သူ့ပခုံးပေါ် တင်ခြင်းခံရမည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤသို့သော အခြေအနေမျိုးများမှ ကာကွယ်ပေးတော်မူပါစေ။

သည်းခံခြင်းနှင့် ကျေးဇူးတင်ခြင်း

စိုက်ယိဒိနာယူစုဖ်ﷺ၏ ဝုဏ်သိက္ခာရှိသော အဆင့်အတန်း

အကြောင်းကိုဆက်ရလျှင် စိုက်ယိဒိနာယူစုဖ်ﷺသည် ၎င်း၏မိဘများအား သူဖြစ်ပျက်ခဲ့သည်တို့ကိုပြောပြခဲ့သည်။ ဤအချက်သည် ခဏတာရပ်နား၍စဉ်းစားကြည့်လျှင်အသုံးဝင်ပါလိမ့်မည်။ ကျွန်ုပ်တို့ခေတ်တွင် တစ်စုံတစ်ဦးက စိုက်ယိဒိနာယူစုဖ်ﷺသည် ရှည်ကြာစွာ ရင်ဆိုင်ဖြတ်သန်းကာ ခံစားခဲ့ရသော အခက်အခဲများကို ကျော်ဖြတ်ခဲ့၍ တကွဲတပြားစီနှင့် မကျေမနပ်ခံစားရကာ စမ်းသပ်ခံရပြီး မိဘများနှင့်ပြန်တွေ့ခဲ့လျှင် သူ၏ ပူဆွေးသောကများနှင့် သူမည်မျှလောက် ငိုခဲ့ရကြောင်း အခြားသူကိုလည်း သူနည်းတူငိုကြွေးစေ၍ ကြုံတွေ့ခဲ့ရသည်ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောင်းပြောမကုန်ဖြစ်နေမည်ကို စဉ်းစားကြည့်ပါ။ သို့သော်လည်း ပြောသူနှင့်နားထောင်သူ နှစ်ဦးစလုံးမှာ အလွှာဟ့်တမန်တော်များ ဖြစ်ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ၎င်းတို့၏လုပ်ဆောင်မှုကို လေ့လာမှတ်သားထိုက်ပေသည်။ စိုက်ယိဒိနာယာကုပ်ﷺ၏အလွန်ချစ်မြတ်နိုးကာ ကွဲကွာနေသောသားသည်ဒုက္ခသုက္ခများစွာကို ကာလရှည်ကြာစွာခံစားပြီးနောက် သူဖခမည်းတော်နှင့်တွေ့သောအခါ သူပြောဆိုသော

وَقَدْ اَحْسَنَ بِیْۤ اِذْ اَخْرَجَنِیْ مِنَ السِّجْنِ وَ جَآءَ بِكُمْ
مِّنَ الْبَدْوِ مِنْۢ بَعْدِ اَنْ نَّزَغَ الشَّیْطٰنُ بَیْنِیْ وَ بَیْنَ اِخْوَتِیْ

၎င်းပြင် ဇကန်မလွဲ ထိုအလွှာဟ်အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ်အား အကျဉ်းထောင်မှ အပြင်သို့ ထုတ်တော်မူခဲ့သည့်အချိန်တွင် ကျေးဇူးပြုတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ရွှိက်တွာန်မိန္ဓာကောင်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏နောင်တော်တို့စပ်ကြား နှောင့်ယှက် ဖျက်ဆီးခဲ့သည့်နောက်တွင် . . .

(၁၀၀)ကိုကြည့်ပါလေ။

စိုက်ယိဒိနာယူစုဖ်ﷺရင်ဆိုင်ခဲ့သည့် အခက်အခဲများကို အဆင့်သုံးဆင့်ခွဲခြားနိုင်သည်။ (၁) သူ့အစ်ကိုများ၏ မတရားပြုမှုများ (၂) မိဘများနှင့် ကွဲကွာခဲ့ရခြင်း (၃) အကျဉ်းထောင်၏ဒုက္ခ ခံစားရခြင်းတို့ဖြစ်သည်။ အလွှာအရှင်မြတ်၏ ဤကြီးကျယ်လှသော တမန်တော်သည် ဘာလုပ်ခဲ့သနည်းဆိုကြောင်းကို သူ၏အဆိုအမိန့်တွင် ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်အစီအစဉ်ကို ပြောင်းလဲပစ်ခဲ့သည်။ ထောင်ကျခဲ့ကြောင်းမှ စတင်ပြောခဲ့သည်။ ထို့နောက် သူက ထောင်အဘယ့်ကြောင့်ကျခဲ့ကြောင်း ထောင်ထဲတွင် မည်သည့်ဒုက္ခများ ခံစားရကြောင်း တစ်လုံးတစ်ပါဒမှ မပြောခဲ့ချေ။ သူသည် ထောင်မှ မည်သို့လွတ်မြောက်လာခဲ့ကြောင်းနှင့်အတူ အလွှာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိ ကြောင်းတို့သာလျှင် ပြောကြားခဲ့သည်။ သူထောင်မှ လွတ်မြောက်ပုံနှင့် ယင်းသို့ လွတ်မြောက်မှုအတွက် အလွှာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိကြောင်းတို့၏ ဆင့်ပွားအနေဖြင့် ထောင်ထဲတွင် အချိန်အတိုင်းအတာ တစ်ရပ်နေခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဤနေရာ၌ စိုက်ယိဒိနာယူစုဖ်ﷺသည် ထောင်မှလွတ်ခြင်းအကြောင်း ပြောခြင်းကို သတိပြုထိုက်သည်။ သို့သော်လည်း အစ်ကိုများက သူ့ကို ရေတွင်းထဲပစ်ချ၍ ထိုရေတွင်းထဲမှာ အကျဉ်းကျနေခဲ့ရကြောင်းကိုကား ဘာမျှ မပြောချေ။ အကျဉ်းထောင်မှလွတ်မြောက်ခြင်းကို သူသည်စကားအရာတွင် ထည့်မပြောခြင်းအား ကျွန်ုပ်အား အကျဉ်းထောင်မှ အပြင်သို့ထုတ်တော်မူခဲ့သည့်အချိန်တွင် (၁၀၀)တွင်မြင်နိုင်သည်။ အကြောင်းမှာ အစ်ကိုများပြုလုပ် ခဲ့သည့် အမှားကို ခွင့်လွှတ်ပြီးဖြစ်သည်။ ထို့နောက် သူက لَا تَثْرِيْبَ عَلَيْكُمُ الْيَوْمَ ထိုအခါ ယူစုဖ်က ယနေ့ အသင်တို့အပေါ်၌

လုံးဝပြစ်တင်ခြင်းမရှိချေ၉၂”ဟုပြောခဲ့သည်။ထို့ကြောင့် မည်သည့်အကြောင်းကြောင့်မဆို ရေတွင်းနှင့်ပတ်သက်သော အဖြစ်အပျက်ကို ဖော်ပြခြင်းက မသင့်လျော်ဟု သူကယူဆခဲ့သည်။ သို့မှသာလျှင် အစ်ကိုများ အရှက်မရနိုင်တော့ပါ။ (ကုရ်သုဗီ)

ယင်းနောက် သူက မိဘများနှင့် ကာလရှည်ကြာစွာ ကွဲကွာမှုမှ ခက်ခဲစွာနေရကြောင်းဖော်ပြကာ ယင်းတို့က သူ့ကို မည်သို့ထိခိုက်စေခဲ့ကြောင်း ပြောပြသင့်ခဲ့သည်။ သို့သော်လည်း ယင်းတို့အားလုံးကို ဘေးချိတ်ထားခဲ့သည်။ သူသည် အဖြစ်အပျက်၏အဆုံးပိုင်းမှအစပြု၍ မိဘများနှင့် တွေ့ဆုံသည့်အကြောင်း ပြောပြခဲ့သည်။ ထိုမှတစ်ပါး ထို အရှင်မြတ်သည် အသင် (ဖခင်နှင့်တကွ သားချင်းတို့အားလုံးကို အလံဗသ်ဝိ တောကျေးမှထုတ် အီဂျစ်နိုင်ငံမြို့တော်သို့ ယူဆောင်ခဲ့လေသည်။ (၁၀၀)” ယင်းတို့အတွက် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ကြောင်း ပြောပြခဲ့သည်။

နေထိုင်ရာတွင် စည်းစိမ်မရှိသည့်ကျေးတောရှိအိမ်မှ နန်းတွင်းအဆောင်အယောင်ရှိသော မြို့တော်သို့ စိုက်ယိဒိနာယာကုပ်ﷺကို အလ္လာဟ်အရှင်မြတ်ကပို့ဆောင်ပေးခြင်း၏ကောင်းချီးမင်္ဂလာတွင် အညွှန်းတစ်ခုရှိပေသည်။

စိုက်ယိဒိနာယူစုဖ်ﷺ၏ စမ်းသပ်မှုပထမအဆင့်ကို ယခုတိုင် မဖော်ပြရသေးပါ။ ဤသည်မှာ အစ်ကိုများက သူ့အပေါ်လုပ်သည့် မတရားမှုများနှင့် သက်ဆိုင်သည်။ ဖြစ်ရပ်အလုံးစုံသည် ရှိုက်တွာန်၏လက်ချက်ဟု ပုံချကာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရန် အစ်ကိုများက ထိုသို့သောလုပ်ရပ်များလုပ်လိမ့်မည်ဟူ၍ပင် ၎င်းက အကြံပြုပြောဆိုခဲ့သည်။ ရှိုက်တွာန်ကပင် ၎င်းတို့အား လှည့်ဖြား၍ သဘောကွဲလွဲစေပါသည်။

ဤသည်မှာ တမန်တော်များ၏ ဖြူစင်ရိုးသားခြင်း ဖြစ်သည်။ တမန်တော်များသည် နာကျင်မှုနှင့် ဒုက္ခသုက္ခများကို သည်းခံရုံမျှမက မည်သည့် အခြေအနေတွင်မဆို အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရှိရန် မလွဲမသွေ အကြောင်းရှာကြလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် တမန်တော်များတွင် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးကန်းသော အခြေအနေမရှိချေ။ ဤသည်မှာ သာမန်လူသားများလုပ်သည်နှင့် ဆန့်ကျင်သည်။ လူသားဖြစ်ကတည်းက အလ္လာဟ် အရှင်မြတ်၏ ထောင်ပေါင်းများစွာသော ကောင်းချီးမင်္ဂလာများ ကျရောက်ခဲ့ပြီးဖြစ်သော်လည်း ယင်းအကြောင်းအရာများကိုမည်သူ့ကိုမျှ ပြောလိမ့်မည်မဟုတ်ချေ။ လူသားများသည် အခက်အခဲအချို့နှင့် ကြုံတွေ့ရလျှင်ဘဝတစ်လျှောက်လုံး ငိုမဆုံးတော့ချေ။ ကုရ်အာန်ကျမ်းတော်မြတ်က ဤလူသား၏ စိတ်နေစိတ်ထားကို ပြစ်တင် တင်ကာ اِنَّ الْاِنْسَانَ لِرَبِّهٖ لَكَنُوْدٌ ဇကန်မလွဲ လူသည် မိမိကိုဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား ကျေးဇူး ကန်းသူ ဖြစ်၏(၁၀၀း၆) ဟု မိန့်ထားသည်။

သူ့အား စမ်းသပ်မှုများကို စကားလုံးသုံးလုံးဖြင့် ချုံ့၍ဖော်ပြပြီးနောက် စိုက်ယိဒိနာယူစုဖ်ﷺက اِنَّ رَبِّيْ لَطِيْفٌ لِّمَا يَشَآءُ ۭ اِنَّهٗ هُوَ الْعَلِيْمُ الْحَكِيْمُ “အကယ်စင်စစ် ကျွန်ုပ်၏အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို သိမ်မွေ့စွာစီမံ၍ ပေးတော်မူသောအရှင်ဖြစ်တော်မူပေသည်။ ဇကန်အမှန် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၁၂း ၁၀၀)” ဟုမိန့်ထားသည်။

အာယသ် (၁၀၁)

رَبِّ قَدْ اٰتَيْتَنِيْ مِنَ الْمُلْكِ وَ عَلَّمْتَنِيْ مِنْ تَاْوِيْلِ الْاَحَادِيْثِ ۚ فَاطِرَ السَّمٰوٰتِ وَ الْاَرْضِ ۫ اَنْتَ وَلِيّٖ فِي الدُّنْيَا وَ الْاٰخِرَةِ ۚ تَوَفَّنِيْ مُسْلِمًا وَّ اَلْحِقْنِيْ بِالصّٰلِحِيْنَ ﴿۱۰۱﴾

အို-ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူသော အရှင်၊ ဇကာန်မလွဲ အရှင်မြတ်သည် ကျွန်တော်မျိုးအား စိုးမိုးအုပ်ချုပ်မှုကို ချီးမြှင့်ပေးသနားတော်မူခဲ့ပါသည်။ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား အိပ်မက်များ၏ ဒိဗ်ခုမ်ကိုလည်း သင်ကြားပေးတော်မူခဲ့ပါသည်။ "အို-မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည် (ဤ)ပစ္စုပ္ပန် လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌ လည်းကောင်း၊ ကျွန်တော်မျိုး၏ကိစ္စ အဝဝကို စီမံပေးတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် ကျွန်တော်မျိုးအား (မုစ်လင်မ်) အမိန့်တော်ကို လိုက်နာသူအဖြစ်နှင့် ကျွန်တော်မျိုး၏အသက်ဇီဝိန်ကို နူတ်သိမ်းတော်မူပါ၊ ထိုမှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်တို့နှင့်အတူ တွဲဖက်၍ ပေးတော်မူပါ။[၁၀၁]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲ၌ စိုက်ယိဒိနာယူစုဖ်ﷺ၏ ဦးတည်ပြောကြားမှုသည် သူ၏လေးစားရသော ဖခင်အတွက်ဖြစ်သည်။ ယခု သူမိဘများနှင့် အစ်ကိုများကို တွေ့ဆုံခြင်းဟူသော အရေးကြီးသည့် ရည်မှန်းချက် ပေါက်မြောက်ပြီးနောက် အလ္လာဟ်အရှင်မြတ်ကို ချီးကျူးထောမနာပြုခြင်းနှင့် ထိုအရှင့်ထံဒိုအာတောင်းဆုပြုခြင်းကို အေးချမ်းသာယာစွာ လုပ်ဆောင်ခဲ့သည်။ ပြောခဲ့သမျှကို အထက်တွင် ချက်ချင်းဖော်ပြထားခဲ့သည်။ ဆွလိဟီန် (သို့မဟုတ်) သူတော်စင် (သို့မဟုတ်) အလ္လာဟ်အရှင်မြတ်၏ ကိုယ်ကျင့်တရားဆိုင်ရာ ပြီးပြည့်စုံသော ကျေးကျွန်များ ဆိုသည်မှာ တမန်တော်များကိုယ်တိုင်ပင် ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့မှာ ပြစ်မှုဂုနာဟ် အလုံးစုံမှ အလ္လာဟ်အရှင်မြတ်၏ အကာအကွယ်ပေးခြင်းခံရသော (မအ်စူမ်)များ ဖြစ်ကြသည်။(မဇာဟိရီ)

ဤဆုဒိုအာပါ ဘဝကို အကောင်းဖြင့် အဆုံးသတ်ခြင်းကို သတိပြုထိုက်သည်။ ကျွန်ုပ်တို့ရှေ့မှောက်တွင် ၎င်းတို့ဖန်ဆင်းရှင် လက်ခံခြင်းခံရသောဂုဏ်ပုဒ်ရှိသည့် အလ္လာဟ်အရှင်မြတ်၏ စံပြကျေးကျွန်များ၏ သရုပ်ဖော် စရိုက်ပုံကြမ်းကိုတင်ပြထားသည်။ ထိုသူများ၏ သဘောထားမှာ ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတွင်သာ အမြင့်မားဆုံးသော အဆင့်အတန်းများခံစားနိုင်၍ အလုံးစုံသောအာဏာနှင့် ရာထူးလက်ဝယ်ရှိသော်လည်း ယင်းတို့နှင့် ပတ်သက်၍ မည်သည့်အခါတွင်မျှ မောက်မာပလွားခြင်းမရှိကြပါ။ စင်စစ်သူတို့ပတ်ဝန်းကျင်ရှိ ဤအရာများကို ရုပ်သိမ်းခြင်း (သို့မဟုတ်)ဖြတ်တောက်ခြင်း ခံရမည်ကို အမြဲကြောက်ရွံ့လျက် ရှိခဲ့ကြသည်။ ထို့ကြောင့် ထိုသူများက အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသည့် ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာကောင်းချီးမင်္ဂလာများကို အဆက်မပြတ်ပေး သနားတော်မူရုံမျှမက တိုး၍ ပေးသနားတော်မူရန်နှင့် သေဆုံးချိန်တိုင် တိုး၍ ပေးသနားတော်မူရန် အမြဲဒိုအာ တောင်းဆိုနေခဲ့ကြသည်။

ဤအဆင့်တွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ထူးခြားသောအဖြစ်အပျက်နှင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခဲ့သည့် ယင်းအဖြစ်အပျက် အကျိုးဆက်အဖြစ် ထွက်ပေါ်လာသည့် ညွှန်ကြားချက်များနှင့် သင်ခန်းစာများသည် အဆုံးသတ်သွားသည်။ ယင်းနောက် မည်သည်တို့ဖြစ်ပျက်ခဲ့ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ လည်းကောင်း မည်သည့်မရ်ဖူဟဒီးဆ်(ယင်းဟဒီးဆ်၏ကွင်းဆက်ကိုလိုက်လျှင် တမန်တော်မြတ်ﷺထိရောက်သည်များထဲတွင် တင်ပြထားခဲ့ခြင်း မရှိခဲ့ချေ။ ယင်းနှင့်ပတ်သက်၍ ဦးကာရှင်အများဆုံး တင်ပြထားချက်များသည် သမိုင်းဆိုင်ရာ သို့မဟုတ် အစွန်ရေးဆင့်ပြန်ချက်များကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ဟဇရသ်ဟစန်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ပေါ် အခြေခံ၍ သဖ်စီရ်အိဗနိကဆီးရ်ကျမ်းတွင် တင်ပြထားခဲ့သည်မှာ အစ်ကိုများက ရေတွင်းထဲပစ်ချခံရသောအခါက စိုက်ယိဒိနာယူစုဖ်ﷺ၏အသက်မှာ ခုနစ်နှစ်သားမျှသာဖြစ်သည်။ ထို့နောက် သူသည် ဖခင်ကြီးနှင့် နှစ်ပေါင်းရှစ်ဆယ် ကွဲကွာခဲ့ကာ မိဘများနှင့် တွေ့ဆုံပြီးနောက် (၂၃)နှစ် တိုင်တိုင် အသက်ရှင် နေထိုင်ခဲ့ရသည်။ ထို့နောက် သက်တော် (၁၂၀)တွင် ကွယ်လွန်သေဆုံးခဲ့သည်။

ကျမ်းရဗ္ဗဂ္ဂါလ်များ၏ဆင့်ပြန်ချက်အရ စိုက်ယိဒိနာယာကုပ်ﷺနှင့် စိုက်ယိဒိနာယူစုဖ်ﷺတို့ကြား ကွဲကွာမှုကာလသည် နှစ်ပေါင်းလေးဆယ်ဖြစ်သည်ဟု မုဟမ္မဒ်အိဗနိအစ္စဟားက်က တင်ပြခဲ့သည်။ ထို့နောက် စိုက်ယိဒိနာယာကုပ်ﷺသည် အီဂျစ်နိုင်ငံရောက်ရှိခဲ့ပြီးနောက် စိုက်ယိဒိနာယူစုဖ်ﷺနှင့် တစ်ဆယ့်ခုနစ်နှစ်တိုင်တိုင် အတူနေထိုင်ခဲ့သည်။ ထို့နောက်မှ ၎င်းကွယ်လွန်ခဲ့သည်။

သမိုင်းဆရာများ၏ အဖြစ်အပျက် မှတ်တမ်းများအရ စိုက်ယိဒိနာယာကုပ်ﷺသည် အီဂျစ်နိုင်ငံတွင် (၂၄)နှစ် နေထိုင်ခဲ့ပြီးမှ ကွယ်လွန်ခဲ့ကြောင်း သဖ်စီရ်အလ်ကုရ်သုဗီကျမ်းရှင်က တင်ပြထားခဲ့သည်။ စိုက်ယိဒိနာယာကုပ်ﷺ မကွယ်လွန်မီ စိုက်ယိဒိနာယူစုဖ်ﷺအား ၎င်းသေဆုံးပါက ရုပ်ကလာပ်ကို ဇာတိနိုင်ငံသို့ ပို့ဆောင်၍ သူ၏ဖခင် စိုက်ယိဒိနာအစ္စဟားက်ﷺ၏ နံဘေးတွင် မြှုပ်နှံရန် အမိန့်ပေးထားခဲ့သည်။

စိုက်ယိဒိနာ စအီးဒ်အိဗန်ဂျုဗိုင်းရ်ﷺကပြောသည်မှာ စိုက်ယိဒိနာယာကုပ်ﷺ၏ ရုပ်ကလာပ်တော်ကို ဆောလ် သစ်ပင်မှ သစ်သားဖြင့်ပြုလုပ်ထားသောခေါင်းထဲတွင်ထည့်ကာ ဗိုင်သွလ်မုကတ်ဒတ်စ်သို့ ယူဆောင်သွားခဲ့သည်။ ဤသည်ကြောင့် ဂျူးများက ဝေးလံသောအရပ်တွင် ကွယ်လွန်သူများကို ဗိုင်သွလ်မုကတ်ဒတ်စ်တွင် မြှုပ်နှံရန် ယူဆောင်လာခြင်းမှာ ၎င်းတို့၏ အများအားဖြင့်ပြုလုပ်နေကျ ဓလေ့ထုံးစံဖြစ်လာခဲ့သည်။ စိုက်ယိဒိနာယာကုပ်ﷺ ကွယ်လွန်ချိန်၌ သက်တော်မှာ (၁၄၇)နှစ် ရှိသည်။

စိုက်ယိဒိနာယာကုပ်ﷺနှင့် သူမိသားစု အီဂျစ်နိုင်ငံရောက်စဉ်က ၎င်းတို့မှာ အမျိုးသား အမျိုးသမီး စုစုပေါင်း (၉၃)ဦးရှိသည်။ ထို့နောက် ဗနီအစ္စရာအီလ်မျိုးနွယ်စုဖြစ်သည့် စိုက်ယိဒိနာယာကုပ်ﷺ၏ ဤသားစဉ်မြေးဆက်တို့ စိုက်ယိဒိနာမူစာﷺနှင့် အီဂျစ်နိုင်ငံထွက်ခွာစဉ်က ၎င်းတို့၏အရေအတွက်မှာ(၆၇၀,၀၀၀)*ရှိသည်ဟု စိုက်ယိဒိနာအဗ္ဗဒွလ္လာဟ် အိဗနိမက်စ်အူးဒ်ﷺက ပြောသည်။ (ကုရ်သုဗီနှင့်အိဗနိကဆီးရ်)

အစောပိုင်းကဖော်ပြခဲ့သည့်အတိုင်းအဇီးဇ်ကွယ်လွန်ပြီးသည့်နောက် အီဂျစ်ဘုရင်ကဖာရိုဝ်ခါနှင့်စိုက်ယိဒိနာယူစုဖ်ﷺကို ထိမ်းမြားပေးရန် စီစဉ်ခဲ့သည်။

---

* အစောပိုင်းကထောက်ပြခဲ့သည့်အတိုင်း ဤတင်ပြချက်သည် အစွန်ရေးလူမျိုးများ၏ဆင့်ပြန်ချက်များပေါ် အခြေခံထားခဲ့သည်။ ကျော်ကြားလူသိများသော မုစ်လင်မ်သမိုင်းပညာရှင် အိဗနိခါလ်ဒုမ်က ဤဆင့်ပြန်ချက်ကို သူ၏ မုကဒ်ဒိမာဟ်တွင် ဝေဖန်ထားခဲ့သည်။ ထို့နောက် ၎င်းက ဗနီအစ္စရာအီလ်မျိုးနွယ်စုအရေအတွက်မှာ ထိုမျှ မများပြားကြောင်း အလေးအနက် ပြုထားသည်။ (မုဟမ္မဒ်သကီး အွတ်စ်မာနီ)

သောင်ရတ်ကျမ်းနှင့် ကျမ်းရပုဂ္ဂိုလ်များ၏ သမိုင်းဆိုင်ရာအဖြစ်အပျက်များထဲ၌ ၎င်းတို့တွင် အိဖ်ရာအီန်နှင့် မာန်ရှဟူသော သားနှစ်ပါးနှင့် ရဟ်မာဗင့်က်ယူစုဖ်ဟူသော သမီးတစ်ပါး ထွန်းကားခဲ့သည်ဟုပါရှိသည်။ ရဟ်မာသည် စိုက်ယိဒိနာအိုင်ယူပ်ﷺနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ အိဖ်ရာအီန်၏ သားစဉ်မြေးဆက်ထဲ၌ စိုက်ယိဒိနာမူစာﷺ၏ ဆွေဟာဗဟ် သာဝကတစ်ပါးဖြစ်သော ယူရှအ်အိဗနိနူမ်ﷺ ပါဝင်သည်။

စိုက်ယိဒိနာယူစုဖ်ﷺသည် အသက်(၁၂၀)တွင် ကွယ်လွန်သွားခဲ့ကာ နိုင်းမြစ်ကမ်းဘေးတွင် မြုပ်နှံခဲ့သည်။ စိုက်ယိဒိနာ အုရ်ဝါဟ် အိဗနိဇုဗိုင်းရ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ပေါ် အခြေခံ၍ အိဗနိအစ္စဟာက်က တင်ပြထား သည်မှာ "စိုက်ယိဒိနာမူစာﷺကို ဗနီအစ္စရာအီလ်မျိုးနွယ်များနှင့်အတူ အီဂျစ်နိုင်ငံမှထွက်ခွာရန် အမိန့်ပေးခဲ့သော အခါတွင် စိုက်ယိဒိနာယူစုဖ်ﷺ၏ ရုပ်ကလာပ်ကို အီဂျစ်နိုင်ငံတွင်မထားခဲ့သင့်ကြောင်း ရုပ်ကလာပ်ကို ဆီးရီးယားသို့ ယူ ဆောင်ကာ သူ့ဘိုးစဉ်ဘောင်ဆက်အနီးတွင်မြှုပ်နှံရန် သူ့ကို ဝဟီဖြင့် အမိန့်ပေးခဲ့သည်။ ဤအမိန့်ကိုနာခံ၍ စိုက်ယိ ဒိနာမူစာﷺသည် စုံစမ်းစစ်ဆေးမှုပြုလုပ်၍ စိုက်ယိဒိနာယူစုဖ်ﷺ မြုပ်နှံထားရာနေရာကို အောင်မြင်စွာ တွေ့ရှိခဲ့ရသည်။ စိုက်ယိဒိနာယူစုဖ်ﷺ၏ရုပ်ကလာပ်ကို စကျင်ကျောက်ဖြင့်ပြုလုပ်ထားသောခေါင်းတစ်ခုတွင် တွေ့ရှိကာ ပါလက်စတိုင်း နိုင်ငံ ကင်နန်အာန်သို့ စိုက်ယိဒိနာမူစာﷺက သူနှင့်အတူ ယူဆောင်ခဲ့သည်။ ထိုတွင်ရှိ စိုက်ယိဒိနာအစ္စဟားက်ﷺနှင့် စိုက်ယိဒိနာယာကုပ်ﷺ၏ဘေးတွင် မြုပ်နှံခဲ့သည်ဟူ၍ဖြစ်သည်။ (မဇာဟိရီ)

စိုက်ယိဒိနာယူစုဖ်ﷺကွယ်လွန်ပြီးနောက် အမာလ်ကိုက်များသည် ဖာရိဘုရင် အသစ်များအဖြစ်နှင့် အီဂျစ် နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ဗနီအစ္စရာအီလ်များသည် ထိုသူများလက်အောက် နေထိုင်ခဲ့သော်လည်း စိုက်ယိဒိနာယူစုဖ်ﷺ၏ ဒီးန်သာသနာကို ဖက်တွယ်ထားခဲ့သည်။ သို့သော်လည်း သူတို့အား တိုင်းတစ်ပါးသားဟု မှတ်ယူကာ နာကျင်ဖွယ်မျိုးစုံ ခွဲခြားမှုများ ခံစားစေခဲ့ကြသည့်အဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် သူတို့အား စိုက်ယိဒိနာမူစာﷺမှ တစ်ဆင့် ဤပြစ်ဒဏ်ခတ်မှုမှ ကယ်တင်ခဲ့သည်။ (သဖိစိရ်မဇာဟိရီ)

ဥပဒေသများနှင့် လမ်းညွှန်မှုအချက်များ

၁။ ပြီးခဲ့သော အာယသ်(၉၉-၁၀၀)ထဲမှ မိဘများကို ရိုသေရမည်မှာ ဝါဂျစ်ဗ် မပြုမနေရတာဝန် ဖြစ်ကြောင်း ကျွန်ုပ်တို့ လေ့လာ သိရှိရပါသည်။ ယင်းကို စိုက်ယိဒိနာယူစုဖ်ﷺ လုပ်ခဲ့သည်က သက်သေပြပြီးဖြစ်သည်။

၂။ ကျွန်ုပ်တို့ လေ့လာသိရှိရသေးသည်မှာ ရိုသေမှုအနေဖြင့် စိဂျဒါဟ်ဦးချခြင်းကို စိုက်ယိဒိနာယူစုဖ်ﷺ၏ ဘာသာရေးဆိုင်ရာကိုမဥပဒေတွင် ခွင့်ပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် သူ၏မိဘနှင့် အစ်ကိုများက သူ့ကို စဂျဒါဟ် ဦးချခဲ့ကြသည်။ သို့သော်လည်း တမန်တော်မြတ်ﷺသခင်၏ ရှရီအတ်တွင် ဤစိဂျဒါဟ် (သို့မဟုတ်) စူဂျုဒ်ဦးချခြင်းအား အီဗာဒသ်(ခဝပ်ကိုးကွယ်မှု)၏ သီးသန့် အမှတ်အသားတစ်ခုဟု ကြေညာထားခဲ့သည်။ ယင်းသို့ ပြုလုပ်မှုကို အလ္လာဟ် အရှင်မြတ်မှတစ်ပါး မည်သူ့ကိုမျှ မပြုလုပ်ရပါ။ အကယ်၍ပြုလုပ်ခဲ့လျှင် ယင်းသည် ဟရာမ်ဖြစ်သည်။ لَا تَسْجُدُوْا لِلشَّمْسِ وَلَا لِلْقَمَرِ နေကိုလည်း စဂျဒဟ် ပျံဝပ်ဦးချ(ပူဇော်ဆည်းကပ်)ခြင်း မပြုကြကုန်လင့်၊ ထိုနည်းတူစွာ အသင်တို့သည် လကိုလည်း ပျံဝပ်ဦးချ(ပူဇော်ဆည်းကပ်)ခြင်းမပြုကြကုန်လင့် (၄၁း၃၇)ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ထားသည်။ ထို့ပြင် ဟဒီးဆ်တော်၌ စိုက်ယိဒိနာမုအားဖ်ﷺသည် ဆီးရီးယားနိုင်ငံ သွားရောက်ခဲ့သောအခါ ဒေသခံခရစ်ယာန်များသည် ၎င်းတို့၏မိဘများကို စဂျဒါဟ် ဦးချနေကြောင်းတွေ့ခဲ့ရသည်ဟု ဖော်ပြထားသည်။ ထို နေရာမှ သူပြန်လာသောအခါ တမန်တော်မြတ်ﷺရှေ့တော်ဝယ် စဂျဒါဟ်ဦးချခြင်း ပြုလုပ်ခဲ့သည်။ ကိုယ်တော်မြတ်က သူ့အား ထိုသို့မပြုလုပ်ရန် မိန့်ခဲ့သည်။ ကိုယ်တော်မြတ်ﷺက အကယ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမဆို စဂျဒါဟ်

ဦးချခြင်းကို ခွင့်ပြုသည်ဟု ကျွန်ုပ်ကမှတ်ယူခဲ့လျှင် ဖနီးသည်ခင်ပွန်းကို စဂျဒါဟ်ဦးချလော့ဟု ကျွန်ုပ် အမိန့်ပေးမည်"ဟု ပြောကြားခဲ့သည်။ အလားတူပင် စိုက်ယိဒိနာစလ်မာန်အလ်ဖာရစီ﵁က တမန်တော်မြတ်ﷺကို စဂျဒါဟ် ဦးချရန် ဆန္ဒရှိခဲ့သောအခါ ကိုယ်တော်မြတ်ﷺမိန့်သည်မှာ

لَا تَسْجُدْ لِي يَا سَلْمَانُ وَاسْجُدْ لِلْحَيِّ لَا يَمُوْتُ

"အို-စလ်မာန်၊ ငါကိုယ်တော်ကို ဦးမချလေနှင့်၊ မည်သည့်အခါမျှ မသေဆုံးသည့် ထာဝရရှင်နေသည့် အရှင်မြတ်ကို ဦးချပါလေ"ဟူ၍ဖြစ်သည်။ (အိဗန်ကဆီး၏)

ဤသည်မှာ တမန်တော်မြတ်ﷺကို ရိုသေသမှုအနေဖြင့် စဂျဒါဟ်ဦးချခြင်းခွင့်မပြုဟု ကျွန်ုပ်တို့ကို ပြောပါသည်။ ယင်းသည် အမှန်တရားဖြစ်၍ သူတော်စင်တစ်ဦး အကြီးအကဲတစ်ဦး ပိရိတစ်ဦးကို စဂျဒါဟ်ဦးချခြင်း မည်သို့ ခွင့်ပြုနိုင်ပါအံ့နည်း။

၃။ هٰذَا تَأْوِيْلُ رُءْيَايَ مِنْ قَبْلُ ဤသည်ပင် ကျွန်ုပ်ရှေးဦးမဆွက မြင်မက်ခဲ့သော အိပ်မက်၏ အနက်အဓိပ္ပာယ်ဖြစ်ပါသည်။ (၁၀၀)မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ အိပ်မက်တစ်ခု၏ အဓိပ္ပာယ်ပြန်ဆိုမှု ပြည့်ဝစွာ အကောင်အထည်ဖော်စေရန်မှာ တစ်ခါတစ်ရံ အလွန်အချိန် ကြာမြင့်ကြောင်း ကျွန်ုပ်တို့ သိရသည်။ လက်ရှိအဖြစ်အပျက်ထဲ၌ အကောင်အထည်ဖော်ရန် နှစ်ပေါင်း(၄၀) သို့ (၈၀)မျှ ကြာမြင့်ခဲ့သည်။ (အိဗန်ဂျရီးရ်နှင့် အိဗန်ကဆီး၏)

၄။ စိုက်ယိဒိနာယူစုဖ်ﷺပြောကြားခဲ့သော قَدْ اَحْسَنَ بِيْ အရှင်မြတ်သည် ကျွန်ုပ်၏အပေါ်၌ ကျေးဇူးပြုတော်မူခဲ့လေသည်။ (၁၀၀)ဟူသော စကားလုံးများကသက်သေပြသည်မှာ အကယ်၍ လူတစ်ဦးသည် ရောဂါဘယ (သို့မဟုတ်) ကပ်ဘေးအန္တရာယ်တစ်ခု ခံစားရပြီး သူ (သို့မဟုတ်) သူမသည် ယင်းမှ ကယ်တင်ခံရလျှင် တမန်တော်များ၏ ဓလေ့တော် စွန့်သတ်တော်နည်းလမ်းအရ ယင်းသို့ကယ်တင်ခံရသည့်အတွက် အလွှာဟ်အရှင်မြတ်အား ကျေးဇူးတင်ရှိကြောင်း မှုချပြသရမည်။ ထို့ပြင် ထိုရောဂါ (သို့မဟုတ်) ဘေးဒုက္ခကြီးကို အောက်မေ့ သတိရခြင်းမရှိဘဲ မေ့ပစ်ရမည်ဆိုကြောင်းပင်တည်း။

၅။ اِنَّ رَبِّيْ لَطِيْفٌ لِّمَا يَشَآءُ အကယ်စင်စစ် ကျွန်ုပ်၏အရှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို သိမ်မွေ့စွာ စီမံ၍ ပေးတော်မူသောအရှင် ဖြစ်တော်မူပေသည်။(၁၀၀)ဟူသော အဆိုအမိန့်မှ ကျွန်ုပ်တို့သင်ကြားလေ့လာရသည်မှာ အလွှာဟ်အရှင်မြတ်သည် တစ်စုံတရာ လုပ်ဆောင်ရန် အလိုရှိတော်မူလျှင် ထိုအရှင်မြတ်ထံတော်တွင် ကိစ္စရပ်များနှင့် အကြောင်းရင်းများကို စီမံရာတွင် သိမ်မွေ့သည့်နည်းလမ်းများရှိကာ ယင်းတို့ကို လျှို့ဝှက်စွာဖြစ်ပေါ်စေ၍ ယင်းတို့ စိုးစဉ်းမျှ အရိပ်အမြွက်ကိုပင် မသိရှိနိုင်ပါ။

၆။ ဒိုအာတောင်းဆုတော်၏ စကားလုံးများ تَوَفَّنِيْ مُسْلِمًا အရှင်မြတ်သည် ကျွန်တော်မျိုးအား (မုစ်လင်မ်) အမိန့်တော်ကို လိုက်နာသူအဖြစ်နှင့် ကျွန်တော်မျိုး၏အသက်ဇီဝိန်ကို နတ်သိမ်းတော်မူပါ။(၁၀၁)"က တမန်တော်ယူစုဖ်ﷺ၏ဒိုအာတောင်းဆုကို ရည်ညွှန်းသည်။ ယင်းဒိုအာထဲတွင် ၎င်းက ယုံကြည်သက်ဝင်မှုနှင့် သစ္စာတရားအီမာန်နှင့်အစွမ်းသတ္တိကို ဖက်တွယ်၍ သေဆုံးလိုကြောင်း ဆန္ဒပြုခဲ့သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ မည်သည့်အခြေအနေမျိုးတွင် သေဆုံးလိုကြောင်း ဒိုအာတောင်းဆိုခြင်းတွင် မတားမြစ်ထားပါ။ ထို့ပြင် ခိုင်လုံ၍ စစ်မှန်သော ဟဒီးဆ်တော်များတွင် သေဆုံးရန်အတွက် ဆန္ဒပြုခြင်းကို တားမြစ်ထားရခြင်း၏ ရည်ရွယ်ချက်မှာ လောကီဆိုင်ရာ အခက်အခဲများ၏ ဖိစီးခြင်း (သို့မဟုတ်) သည်းခံနိုင်မှုအားနည်းခြင်း သက်သက်ကြောင့် သေဆုံးရန်အတွက် တောင်းခံခြင်းသည် မမှန်ကန်ကြောင်း လူအများအားပြောပြရန်ဖြစ်သည်။ တမန်တော်မြတ်ﷺမိန့်တော်မူခဲ့သည်မှာ "အခက်အခဲ

အချို့ကြောင့် မည်သူကမျှ သေဆုံးရန် မတောင်းဆံလေနှင့်။ အကယ်၍ တစ်စုံတစ်ဦးသည် တစ်ခုခုပြောလိုသည်ဆိုလျှင် ဤသို့ပြောပါလေ။ ယာအလ္လာဟ်အသက်ရှင်နေခြင်းသည် ကျွန်ုပ်အတွက် ကောင်းမွန်မည်ဆိုလျှင် ကျွန်ုပ်ကို အသက်ရှည်ရှည်ထားတော်မူပါ။ ထို့ပြင် သေဆုံးခြင်းက ကျွန်တော်မျိုးအတွက် ပိုကောင်းသည်ဆိုလျှင် ကျွန်တော်မျိုးကို သေဆုံးစေတော်မူပါ။

အာယသ် (၁၀၂-၁၀၉)

ذٰلِكَ مِنْ اَنْۢبَآءِ الْغَيْبِ نُوْحِيْهِ اِلَيْكَ ۚ وَمَا كُنْتَ لَدَيْهِمْ اِذْ اَجْمَعُوْٓا اَمْرَهُمْ وَهُمْ يَمْكُرُوْنَ ﴿۱۰۲﴾ وَمَآ اَكْثَرُ النَّاسِ وَلَوْ حَرَصْتَ بِمُؤْمِنِيْنَ ﴿۱۰۳﴾ وَمَا تَسْـَٔلُهُمْ عَلَيْهِ مِنْ اَجْرٍ ۭ اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ﴿۱۰۴﴾ وَكَاَيِّنْ مِّنْ اٰيَةٍ فِي السَّمٰوٰتِ وَالْاَرْضِ يَمُرُّوْنَ عَلَيْهَا وَهُمْ عَنْهَا مُعْرِضُوْنَ ﴿۱۰۵﴾ وَمَا يُؤْمِنُ اَكْثَرُهُمْ بِاللّٰهِ اِلَّا وَهُمْ مُّشْرِكُوْنَ ﴿۱۰۶﴾ اَفَاَمِنُوْٓا اَنْ تَاْتِيَهُمْ غَاشِيَةٌ مِّنْ عَذَابِ اللّٰهِ اَوْ تَاْتِيَهُمُ السَّاعَةُ بَغْتَةً وَّهُمْ لَا يَشْعُرُوْنَ ﴿۱۰۷﴾ قُلْ هٰذِهٖ سَبِيْلِيْٓ اَدْعُوْٓا اِلَى اللّٰهِ ۣ عَلٰي بَصِيْرَةٍ اَنَا وَمَنِ اتَّبَعَنِيْ ۭ وَسُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ ﴿۱۰۸﴾ وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى ۭ اَفَلَمْ يَسِيْرُوْا فِي الْاَرْضِ فَيَنْظُرُوْا كَيْفَ كَانَ عَاقِبَةُ الَّذِيْنَ مِنْ قَبْلِهِمْ ۭ وَلَدَارُ الْاٰخِرَةِ خَيْرٌ لِّلَّذِيْنَ اتَّقَوْا ۭ اَفَلَا تَعْقِلُوْنَ ﴿۱۰۹﴾

ဤအကြောင်း အတ္ထုပ္ပတ္တိသည်ကား အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းအကြောင်း အတ္ထုပ္ပတ္တိကို အသင်(မုဟမ္မဒ်)ထံသို့ ဝဟ်ယ်ဖြင့် ပေးပို့တော်မူ လေသည်။ စင်စစ်တမူကား ထိုသူတို့သည် မိမိတို့အရေးကိစ္စကို တစ်စည်းတစ်လုံးတည်း ဆုံးဖြတ်စဉ် အခါ၌လည်းကောင်း၊ ထိုသူတို့သည် ကြံစည်လျက် ရှိနေကြစဉ်အခါ၌လည်းကောင်း၊ အသင်(မုဟမ္မဒ်) သည် ထိုသူတို့ထံ၌ ရှိခဲ့သည် မဟုတ်ပေ။ [၁၀၂]

အမှန်စင်စစ် အသင်သည် (ငှင်းတို့ သက်ဝင်ယုံကြည်ကြရန်) မည်မျှ ပင် တပ်မက်ခြားလည်း (ငှင်းတို့အနက်) အများဆုံးသောသူတို့မှာမူကား မုအ်မင်န် သက်ဝင်ယုံကြည်သူများ ဖြစ်ကြမည်မဟုတ်ချေ။ [၁၀၃] အမှန်သော်ကား အသင်သည် ငှင်းတို့ထံမှ ဤတရားမဟောကြားခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေ တစ်စုံတစ်ရာကိုမျှ တောင်းသည် မဟုတ်ပေ။ ဤ(ကုရ်အာန်ကျမ်းတော်)သည်ကား စကြဝဠာ ခပ်သိမ်းတို့အဖို့ ဆုံးမသြဝါဒ သာလျှင်ဖြစ်ပေသတည်း။ [၁၀၄]

စင်စစ်မူကား မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း မြောက်များစွာသော သက်သေလက္ခဏာများရှိကြပေသည်။ ၎င်းတို့သည်ယင်းသက်သေ လက္ခဏာများဘက်မှ ဖြတ်ကျော်၍ သွားကြ လေသည်။ သို့ရာတွင် ၎င်းတို့သည် ယင်းသက်သေ လက္ခဏာများ မျက်နှာလွှဲသွားသူများ ဖြစ်လျက်ရှိကြကုန်သတည်း။[၁၀၅] စင်စစ်သော်ကား ၎င်းတို့အနက် များစွာသောသူတို့ သည် အလ္လာဟ်အရှင်မြတ်အား တစ်စုံတစ်ရာကို ထိုအရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ခြင်းမပြုဘဲ သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေတကား။[၁၀၆]

ထိုသူတို့သည် မိမိတို့၌ အလ္လာဟ်အရှင်မြတ်၏ထံတော်မှ (တစ်မျိုးသားလုံးကို) ဖုံးလွှမ်းမည့် ပြစ်ဒဏ်သည် သက်ရောက်မည်ကိုလည်းကောင်း၊ သို့တည်းမဟုတ် ယင်းသူတို့ အမှုမဲ့ အမှတ်မဲ့ရှိနေကြစဉ် ကိယာမတ်သည် ရုတ်တရက်အားဖြင့် ဆိုက် ရောက်မည်ကိုလည်း ကောင်း၊ စိုးရိမ်ခြင်းမရှိဘဲ စိတ်ချ၍ နေကြလေသလော။[၁၀၇]

(အို-နဗီတမန်တော် အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ ဤသည် သာလျှင် ငါ၏လမ်းစဉ်ဖြစ်ပေသည်။ ငါသည် (လူခပ်သိမ်းတို့အား) အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည်။ ငါနှင့်တကွ ငါ၏နောက်လိုက်တို့သည်လည်း အလွန်ထင်ရှားခိုင်လုံသော သက်သေ သာဓကအပေါ်၌ တည်ရှိနေကြပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် (ချို့တဲ့မှု အပေါင်းတို့မှ) သန့်ရှင်း စင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ငါသည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်သော သူတို့အနက်မှ မဟုတ်ချေ။[၁၀၈]

စင်စစ်သော်ကား ငါအရှင်မြတ်သည် မြို့ရွာများ၌ နေထိုင်ကြကုန်သော သူတို့အနက်မှ ယောကျ်ားများကိုသာလျှင် (ရစူလ်တမန်တော်များ အဖြစ်) စေလွှတ်တော်မူ၍ ၎င်းတို့ထံသို့ ဝဟ်ယ်ပို့တော်မူခဲ့လေသည်။ (သို့ပါလျက်) ဤသူတို့သည် ကမ္ဘာမြေပေါ် ဝယ် လှည့်လည်သွားလာခြင်းကို မပြုကြလေသလော။ ထိုသို့ လှည့်လည်သွားလာကြပါလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ဖူးကြသော သူတို့၏နောက်ဆုံး အကျိုးသည် မည်ကဲ့သို့ ရှိခဲ့သည်ကို ရှုမြင်ကြပေမည်။ အမှန်စင်စစ်သော်ကား နောင်တမလွန်ဘဝ၏ နေရာထိုင်ခင်းသည် ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်သောသူတို့ အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် (ဤမျှပင်) နားမလည်ကြလေသလော။[၁၀၉]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာယူစုဖ်ﷺနှင့်ပတ်သက်သော အကြောင်းအရာများကို ပြည့်ပြည့်ဝဝ ဖော်ပြပြီးခဲ့သည့်နောက် အထက်ပါအာယသ်များတွင် ذَٰلِكَ مِنْ أَنۢبَآءِ ٱلْغَيْبِ نُوحِيهِ إِلَيْكَ ဤအကြောင်းအတ္ထုပ္ပတ္တိသည်ကား အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းအကြောင်းအတ္ထုပ္ပတ္တိကို အသင်(မုဟမ္မဒ်)ထံသို့ ဝဟီဖြင့်ပေးပို့တော်မူလေသည်။ ထို့နောက် စိုက်ယိဒိနာယူစုဖ်ﷺကို ရေတွင်းထဲပစ်ချရန် အစ်ကိုများက ဆုံးဖြတ်ပြီးနောက် ယင်းကိစ္စနှင့် ပတ်သက်ပြီး ၎င်းတို့ကြံစည်ကြရာတွင် အသင်(မုဟမ္မဒ်)သည် စိုက်ယိဒိနာယူစုဖ်ﷺ၏

အစ်ကိုများနှင့် အတူရှိခဲ့သည် မဟုတ်ပါဟူသော တမန်တော်မြတ်ﷺကို ဦးတည်ပြောကြားချက်ဖြင့် အစပြုထားသည်။

ဤသို့ မိန့်ကြားရန် ရွေးချယ်ခြင်း၏ ရည်ရွယ်ချက်မှာ တမန်တော်မြတ်ﷺသည် စိုက်ယိဒိနာယူစုဖ်ﷺ၏ အကြောင်းကို မှန်မှန်ကန်ကန်နှင့် အသေးစိတ်အပြည့်အစုံနှင့် ဖော်ပြနိုင်သောလုပ်ရပ်သည် ကိုယ်တော်မြတ်သည် တမန်တော်တစ်ပါးဖြစ်ခြင်းနှင့် ဝဟီများလက်ခံတော်မူသော တမန်တော်တစ်ပါးဖြစ်ကြောင်း ထင်ရှားထားသည့် သက်သေပြချက်ဖြစ်သည်။ အကြောင်းမှာ ဤအဖြစ်အပျက်သည် ကိုယ်တော်မြတ်ﷺအလျင် နှစ်ပေါင်းတစ်ထောင်ကျော်က အဖြစ်အပျက်ဖြစ်သည်။ ကိုယ်တော်မြတ်ﷺသည် မျက်မြင်သက်သေတစ်ဦးအဖြစ် ဖော်ပြနိုင်ရန် အခင်းဖြစ်ပွားချိန်၌ မရှိခဲ့သကဲ့သို့ သမိုင်းစာအုပ်မှ အကြံဉာဏ်ရယူရန် ၎င်းအား မည်သူတစ်ဦးတစ်ယောက်ကမျှ မသင်ကြားပေးခဲ့ပါ။ (သို့မဟုတ်) ယင်းကိစ္စကို ဆရာတစ်ဦးထံမှလည်း ကြားခဲ့ရသည်လည်းမရှိခဲ့ချေ။ ထို့ကြောင့် တမန်တော်မြတ်ﷺသိခဲ့သောအနေအထားသည် အလ္လာဟ်အရှင်မြတ်၏ ဝဟီမှအပ အခြားအကြောင်း မရှိချေ။ ဤနေရာ၌ ကျမ်းမြတ်ကုရ်အာန်က "စင်စစ်မူကား အသင်သည် ၎င်းတို့ထံတွင် အကြင်အခါဝယ်ရှိခဲ့သည်မဟုတ်ပေဟူ၍ မိန့်ဆိုခြင်း သည် လုံလောက်သည်ဟု မှတ်ယူခဲ့ပါသည်။ အကြောင်းအချက်များကို တမန်တော်ﷺသည် အခြားသူတစ်ဦးတစ်ယောက်ထံမှ (သို့မဟုတ်) စာအုပ်များမှ ရရှိခဲ့သည်ဆိုခြင်းကို ဖော်ပြရန်မလိုဟု ကုရ်အာန်ကျမ်းတော်မြတ်က မှတ်ယူခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အာရေးဗီးယားတစ်ခွင်လုံးက တမန်တော်မြတ်ﷺသည် မည်သူတစ်ဦးတစ်ယောက်ထံမှ အရေးအဖတ်မသင်ကြားခဲ့သော အွမ္မီတစ်ဦးဖြစ်ကြောင်း သိရှိကြပါသည်။ ၎င်းနောက်လူတိုင်းက တမန်တော်မြတ် ﷺ သည် သူ၏ဘဝတစ်လျှောက်လုံး မက္ကဟ်အလ် မုအဇ်ဇဟ်မဟ်တွင်သာ နေထိုင်ခဲ့ကြောင်း သိရှိကြပါသည်။ တမန်တော်မြတ်ﷺသည် ၎င်း၏ဦးရီးတော် အဗူတွာလစ်နှင့်အတူ ဆီးရီးယားပြည်သို့ ခရီးတစ်ခေါက်ထွက်ဖူးပါသည်။ ၎င်းခရီးထွက်မှု၌ ခရီးစဉ်မဆုံးမီပင် အိမ်သို့ပြန်ခဲ့ပါသည်။ ဒုတိယအခေါက်တွင် ရောင်းဝယ်ဖောက်ကားရန် ထွက်ခဲ့ပါသည်။ သူသည် လုပ်ငန်းများအဆုံးသတ်ပြီး ရက်အနည်းငယ်အတွင်း ပြန်လာခဲ့ပါသည်။ ဤခရီးစဉ်မှာလည်း ပညာရှင် အချို့နှင့်တွေ့ဆုံခြင်း (သို့မဟုတ်) ပညာရေးဌာနများသို့လည်း သွားရောက် ခဲ့ခြင်းမရှိပါ။ ထိုကြောင့် ဤနေရာ၌ ထိုကဲ့သို့သော အကြောင်းကိစ္စကို ဖော်ပြရန်မလိုဟူ၍ မှတ်ယူခဲ့ပါသည်။ ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ ဤကိစ္စကို ပိုမိုရှင်းလင်းထားသည်မှာ ﴿مَا كُنْتَ تَعْلَمُهَآ اَنْتَ وَ لَا قَوْمُكَ مِنْ قَبْلِ هٰذَا﴾ ဝါ အရှင်မြတ်သည် ထုတ်ပြန်တော်မူ၏။ ထိုသို့မထုတ်ပြန်မီ အသင်သည်လည်း မသိခဲ့၊ အသင်၏ အမျိုးသားများလည်း သိခဲ့ကြသည်မဟုတ်ပေ။(၁၁း၄၉)

အီမာမ်အလ်ဗဂါဝီကပြောသည်မှာ တမန်တော်မြတ်ﷺ တမန်တော်အစစ်ဖြစ်သည်ဆိုကြောင်း စမ်းသပ်ရန် အတွက် ဂျူးများနှင့်ကုရိုက်ရှ်များ ပူးပေါင်းခဲ့ကြသည်။ ဤကဲ့သို့ စမ်းသပ်ရန်အတွက် တမန်တော်မြတ်ﷺသည် သူအခိုင်အမာပြောဆိုသည့် တမန်တော်ဖြစ်ကြောင်း မှန်ကန်ခဲ့ပါလျှင် စိုက်ယိဒိနာယူစုဖ်နှင့်ပတ်သက်သော ဖြစ်ပျက်သမျှ အလုံးစုံတို့သည် သူ့တွင်ဖြစ်ပျက်ခဲ့သကဲ့သို့ ၎င်းတို့အားတင်ပြရန် တောင်းဆိုသည်။ အလ္လာဟ်အရှင်မြတ်၏ ဝဟီမှတစ်ဆင့် သူလေ့လာသိရှိခဲ့ရသည်တို့ကို တမန်တော်မြတ်ﷺက သူတို့ ပြောပြသည့်အခါ၌ ထိုသူများတို့သည် မယုံကြည်မြဲ၊ ငြင်းဆန်မြဲ ဖြစ်နေကြပါသည်။ ဤသည်က တမန်တော်မြတ်ﷺအား တုန်လှုပ်စေခဲ့ပါသည်။ ထိုစဉ် အများဆုံးသော သူတို့မှာမူကား မုအ်မင်နှ်သက်ဝင်ယုံကြည်သူများ မဟုတ်ကြချေဟူ၍ နောက်အာယသ်ထဲ၌ မိန့်ကြားထားသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺတမန်တော်ဖြစ်သည်ဆိုကြောင်း သက်သေပြချက်များသည် ရှင်းလင်းပြတ်သားသော်လည်း ၎င်းပြင် တမန်တော်မြတ်ﷺကိုယ်တော်တိုင် ထိုသူများ ယုံကြည်စေရန် မျှော်မှန်းပြီး အစွမ်းကုန် ကြိုးစားခဲ့ပါလျှင်လည်း ထိုသူများသည် သက်ဝင်ယုံကြည်သူများ ဖြစ်မလာပါ။ အဆိုအမိန့်၏ အဓိပ္ပာယ်မှာ "ဖိတ်ခေါ်မှုကို ဖြန့်ချိရန်နှင့်

လူအများကောင်းကျိုးကို ရှာဖွေရန်သည် သူ၏တာဝန်သာဖြစ်သည်။ အသင် အောင်မြင်ရန်ဆိုခြင်းသည် အသင်၏ ထိန်းချုပ်မှုအောက်၌ မရှိသလို အသင်၏တာဝန်လည်းမဟုတ်သလို အသင် ယင်းကိစ္စအတွက် မပူဆွေးသင့်ပါဟူ၍ ဖြစ်သည်။

ယင်းနောက် وَمَا تَسْـَٔلُهُمْ عَلَيْهِ مِنْ اَجْرٍ ۗ اِنْ هُوَ اِلَّا ذِكْرٌ لِّلْعٰلَمِيْنَ ဟု မိန့်ကြားထားခဲ့သည်။ ဆိုလိုသည်မှာ "သင်၏လုပ်ငန်းတာဝန်မှာ ထိုသူများကို အမှန်တရားပြောပြ၍ လမ်းမှန်ပေါ် ဖိတ်ခေါ်ရန်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းအတွက် သင်သည် ထိုသူများထံမှ အစား မတောင်းခံရပါ။ ယင်းသို့လုပ်ဆောင်ခြင်းက တမန်တော်အား နာခံရန်နှင့် လိုက်နာရန် ခက်ခဲစေမည်ဖြစ်သည်။ စင်စစ် သင်ပြောသည်မှာ သူတို့ကောင်းကျိုး အတွက်ဖြစ်သည်။ ယင်းမှာ လိုက်နာကျင့်သုံးရန် အကြံပေးချက်တစ်ရပ်နှင့် လေ့လာဆည်းပူးရန် သင်ခန်းစာတစ်ရပ် ဖြစ်သည်။ ထို့ပြင် ယင်းမှာ လူတိုင်းအတွက် ဖြစ်သည်။ ဤနေရာတွင် မူရင်းစာသားက အညွှန်းတစ်ခုပါသည်မှာ "သင်၏ ကြိုးပမ်းအားထုတ်မှု ရည်ရွယ်ချက်သည် လောကီအကျိုးအမြတ်အတွက်မဟုတ် စင်စစ်မှာ နောင်တမလွန်ဘဝတွင် သင်၏လူများ ကောင်းစားရေးဖြစ်သောကြောင့် သင်၏ရည်မှန်းချက်မှာ အောင်မြင်ပြီးမြောက်ပြီး ဖြစ်ချေသည်။ သင်သည် အဘယ့်ကြောင့် ယင်းနှင့် ပတ်သက်၍ ဝမ်းနည်းပူဆွေးနေသနည်း။

ထို့နောက် အာယသ်(၁၀၅)ထဲတွင် မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ သဘောထားကို သရုပ်ပေါ်စေရန် وَكَاَيِّنْ مِّنْ اٰيَةٍ فِى السَّمٰوٰتِ وَ الْاَرْضِ يَمُرُّوْنَ عَلَيْهَا وَ هُمْ عَنْهَا مُعْرِضُوْنَ "စင်စစ်မူကား မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း မြောက်မြားစွာသော သက်သေ လက္ခဏာ များရှိကြသည်။ ၎င်းတို့သည် ယင်းသက်သေလက္ခဏာများဘက်မှ ဖြတ်ကျော်၍သွားကြလေသည်။ သို့ရာတွင် သက်သေလက္ခဏာများကို မျက်လွှဲသွားသူများဖြစ်လျက် ရှိကြကုန်သတည်း"ဟူ၍ မိန့်ထားသည်။

အဓိပ္ပာယ်မှာ ဤသူများသည် ၎င်းတို့၏ ခေါင်းမာမှုကြောင့် ကောင်းကျိုးလိုလားသူတစ်ဦးကို နားမထောင်ခြင်းသက်သက် မဟုတ်ချေ။ ထိုသူများသည် ထိုထက်ပိုဆိုးသည်။ သူတို့သည် တစ်ချိန်လုံး မြင်တွေ့နေရသည့် အလွှာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောတန်ခိုးတော်၏ ပွင့်လင်းသောလက္ခဏာများကို မလေ့လာမသင်ယူသည်သာမက ဤလက္ခဏာများသည် မည်သူ၏လက္ခဏာများပါနည်းဟူ၍ မတွေးတောဘဲ လက္ခဏာများကို အလေးမမူ ဂရုမစိုက်ဘဲ ကျော်ဖြတ်သွားခဲ့ကြသည်။

အလွှာဟ်အရှင်မြတ်၏ဉာဏ်တော်နှင့် တန်ခိုးတော်များ၏ ဤလက္ခဏာတို့မှာ အရေအတွက်လည်း များပြား၍ ကျယ်ပြန့်စွာ ဖြန့်ကျက်ထားခဲ့သည်။ ဤလက္ခဏာများအနက် အတိတ်ကာလက လူများအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်ခတ်မှုများကို လူအများအား သတိပေးသော လက္ခဏာများ ပါဝင်သည်။ ထို့နောက် ထိုသူများသည် အိုးအိမ်များ ပြောင်းပြန်လှန်ပစ်မှုကို မြင်တွေ့ခဲ့ရပါလျက် ၎င်းတို့ သင်ခန်းစာရယူရန် ငြင်းပယ်ခဲ့ကြသည်။

ဤသည်မှာ အလွှာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းကို မယုံကြည်ကြသည့်သူများ၏အကြောင်းဖော်ပြချက် ဖြစ်သည်။ အလွှာဟ်အရှင်မြတ်သည် ကြီးကျယ်တော်မူသည့် ဖန်ဆင်းရှင်၊ တန်ခိုးတော် ဉာဏ်တော်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်။ နောက်ဆက်၍ ဖော်ပြထားခဲ့သည်မှာ အလွှာဟ်အရှင်မြတ်ကို ဖန်ဆင်းရှင်အဖြစ် ယုံကြည်သော်လည်း ထိုအရှင်မြတ်ကို အခြားအရာများနှင့် တွဲဖက်ယှဉ်တွဲ ကိုးကွယ်ကြသူများအကြောင်း ဖော်ပြထားသည်ကို ယင်းတို့ وَمَا يُؤْمِنُ اَكْثَرُهُمْ بِاللّٰهِ اِلَّا وَهُمْ مُّشْرِكُوْنَ "စင်စစ်သော်ကား ၎င်းတို့အနက် များစွာသော သူတို့တို့သည် အလွှာဟ်အရှင်မြတ်အား တစ်စုံတစ်ရာကို ထိုအရှင်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းမပြုဘဲ သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေတကား"(၁၀၆)ဟု မိန့်ထားသည်။

ယင်းက ဆိုလိုသည်မှာ ထိုသူများသည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်ရာ၌ ရှိရင်က်များဖြင့် ရောထွေးကာ ယုံကြည်ကြသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ဖြစ်သည့် ဟစ်ကမတ်ဉာဏ်တော်နှင့် တန်ခိုးတော်၏ ဂုဏ်တော်များကို အခြားသူများနှင့် ယှဉ်တွဲ၍ ဂုဏ်ပေးထားသည်။ ဤသို့လုပ်ခြင်းသည် အဆင့်အတန်းအရ မတရားမှုပြုခြင်းနှင့် မိုက်မဲခြင်းဖြစ်သည်။

အိဗနိကဆီးရိုက ပြောသည်မှာ ဤအာယသ်တော်၏ဆိုလိုရင်းထဲတွင် အီမာန်ရှိလင့်ကစား အမျိုးမျိုးသော ရှိရင်က်များနှင့်ပတ်သက်နေသော မုစ်လင်မ်များ အကျုံးဝင်သည်။ မုစ်နဒ်၏အဟ်မဒ်ကျမ်းတွင် တမန်တော်မြတ်ﷺ မိန့်ခဲ့သည်မှာ အသင်တို့အတွက် အန္တရာယ်အကြီးဆုံးအရာဟု ကျွန်ုပ်မှ စိုးရိမ်မိသည်မှာ အသေးစားရှိရင်က်ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထို့နောက် ဆွဟာဗဟ်သာဝကများက ယင်းသည် မည်သည်ဖြစ်ကြောင်း မေးလျှောက်ကြရာ ကိုယ်တော်မြတ်ﷺက "အရေခြုံမှုသည် အသေးစား ရှိရှိရင်က်ဖြစ်သည်"ဟု မိန့်ကြားခဲ့သည်။ အလားတူ အလ္လာဟ်အရှင်မြတ်၏ နာမတော်မှအပ အခြားတစ်စုံတစ်ဦး (သို့မဟုတ်) တစ်စုံတစ်ရာနှင့် ကျိန်ဆိုခြင်းသည်လည်း ရှိရင်က်ဖြစ်ကြောင်း အခြားဟဒီးဆ်တော်တွင် မိန့်ကြားထားသည်။ (သိရှိမိဇီကျမ်းမှတစ်ဆင့် အိဗနိကဆီးရ်) အလ္လာဟ်အရှင်မြတ်၏ နမာမတော်မှအပ အခြားတစ်စုံတစ်ဦးနာမည်ဖြင့် ကိုးခြင်း၊ ပသခြင်းသည်လည်း ယင်းရှိရင်က်တွင် အကျုံးဝင်ကြောင်း မုစ်လင်မ်မမ္မသတ် ပညာရှင်များ အညီအညွတ် သဘောတူညီကြသည်။

ယင်းနောက် အာယသ်(၁၀၇)ထဲတွင် ထိုသူများ၏ ဂရုမမူမှုနှင့် မသိနားမလည်မှုကို ပြစ်တင်ကာ မေးမြန်းထားသည်။ သူတို့၏ ငြင်းဆိုမှုနှင့် ပုန်ကန်မှုရှိလင့်ကစား အလ္လာဟ်အရှင်မြတ်ထံတော်မှာ ပြစ်ဒဏ်ခတ်မှုများ ဘက်ပေါင်းစုံမှ ကျရောက်နိုင်သည်ဆိုကြောင်း ဂရုမပြုကာ ကိယာမတ်နေ့သည်လည်း ၎င်းတို့ပေါ် ရုတ်ချည်း ကျရောက်နိုင်ကြောင်း အဘယ့်ကြောင့် ဂရုမထားကြသနည်း။

အာယသ်(၁၀၈)ထဲတွင် ဤသူများရှေ့ဝယ် တမန်တော်မြတ်ﷺအား ၎င်း၏အနေအထားကို ဖော်ပြရန် မိန့်ထားသည်မှာ

قُلْ هٰذِهٖ سَبِيْلِيْٓ اَدْعُوْٓا اِلَى اللّٰهِ ۣ عَلٰي بَصِيْرَةٍ اَنَا وَمَنِ اتَّبَعَنِيْ ۭ وَسُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ

"အို-နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား ဤသို့ပြောကြားပါလေ။ ဤသည်သာလျှင် ငါ၏လမ်းစဉ်ဖြစ်ပေသည်။ ငါသည် လူခပ်သိမ်းတို့အား အလ္လာဟ်အရှင်မြတ်ဘက်သို့ ဖိတ်ခေါ်သည်။ ငါနှင့်တကွ ငါ၏နောက်လိုက်တို့သည်လည်း အလွန်ထင်ရှားခိုင်လုံသော သက်သေသာဓက အပေါ်၌ တည်ရှိနေကြပေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းတို့မှ သန့်ရှင်းစင်ကြယ်တော်မူသော အရှင်ဖြစ်တော်မူပေသည်။ ငါသည် တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ိုင်းယှဉ်ကိုးကွယ်သော သူတို့အနက်မှ မဟုတ်ချေ။(၁၀၈)"

ယင်းက ဆိုလိုသည်မှာ တမန်တော်မြတ်ﷺ၏ ဒါအ်ဝသ်လုပ်ငန်းသည် ကိစ္စရပ်များ၏ အကျဉ်းချုပ်အမြင်အချို့ပေါ် အခြေမခံဘဲ ထိုးထွင်းဉာဏ်၊ ဆင်ခြင်တုံတရားနှင့် အသိဉာဏ်တို့ရလဒ်ဖြစ်ကြောင်း ဆိုလိုသည်။ ဤအလွန်ထင်ရှားခိုင်လုံသော သက်သေသာဓကများတွင် တမန်တော်မြတ်ﷺသည် ၎င်း၏အွမ္မသ်သားများကိုလည်း ပါဝင် စေပါသည်။ စိုက်ယိဒိနာအဗ္ဗဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺ၏အဆိုရ ယင်းမှာ မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများ f ကို ရည်ညွှန်းသည်။ ၎င်းတို့သည် အလ္လာဟ်စွဗ္ဗဟာနဟူဝသအာလာ၏ စစ်သည်တော်များ ဖြစ်ကြသည်။ စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ် အိဗနိ မတ်စ်အူးဒ်ﷺက မိန့်ခဲ့သည်မှာ တမန်တော်မြတ်ﷺ၏ ဆွဟာဗဟ်များသည် ဤအွမ္မသ်

ထုတစ်ရပ်လုံး၏ အကောင်းဆုံးသူများ ဖြစ်ကြသည်။ သူတို့နှလုံးသားသည် သန့်ရှင်းဖြူစင်ကာ အသိဉာဏ်ပညာမှာ နက်ရှိုင်းလှသည်။ ထိုသူတို့သည် ဟန်ကြီးပန်ကြီးမဟုတ် ခန်းကြီးနားကြီးမဟုတ်။ အလွှာဟ်အရှင်မြတ်သည် ထိုသူများကို တမန်တော်မြတ်ﷺနှင့် အတူရှိစေရန် ရွေးချယ်တော်မူခဲ့၍ ရစူလ်ကိုယ်တော်မြတ်ﷺကို အလုပ်အကျွေး ပြုခဲ့ကြသည်။ သင်တို့သည် ထိုဆွဟာဗဟ်သာဝကကြီးများ၏ ကိုယ်ကျင့်တရား အမူအကျင့်များ လုပ်နည်းကိုင်နည်း များကို လေ့လာ ဆည်းပူးသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည်သာလျှင် ဖြောင့်မတ် မှန်ကန်သော လမ်းပေါ်တွင် ရှိနေသူများဖြစ်ကြသည်။

مَنِ اتَّبَعَنِیْ ထိုသူသည် ငါ၏နောက်သို့ လိုက်ခဲ့လေသည်ဟူသော အသုံးအနှုန်းကို ယေဘုယျအဓိပ္ပာယ်ဖြင့် မှတ်ယူနိုင်သည်။ သို့ဆိုလျှင် ယင်းအသုံးအနှုန်းအရ အလွှာဟ်အရှင်မြတ်၏ ရစူလ်က သူ့အမွှာသံထံ ဒါဒ်အဝသ်ဖိတ်ခေါ်မှုပို့ဆောင်ခြင်း တာဝန်ထမ်းဆောင်သကဲ့သို့ ကိယာမတ်နေ့တိုင် ယင်းတာဝန်ကို ထမ်းဆောင်နေသူများကိုလည်း ဆိုလိုနိုင်သည်။ ကလ်ဗီနှင့် အိဗနိဇိုက်ဒ်တို့ အဆိုအရ ဤအာယသ်တော်သည် တစ်စုံတစ်ဦးက တမန်တော်မြတ်ﷺ၏ လမ်းစဉ်ကို လိုက်သည်ဟု အခိုင်အမာ ကြွေးကြော် ပြောဆိုရန်မှာ လူအများထံ သူ၏ဒါဒ်အဝသ်လုပ်ငန်းဖြန့်ချိသင့်ပြီး ကုရ်အာန်ကျမ်းတော်မြတ် သင်ကြားပို့ချမှုကို လူများထံရောက်စေမှုသည်လည်း အရေးပါသော တာဝန်ဖြစ်သည်။ (မဇာဟီရီ)

အာယသ်(၁၀၈)၏နောက်ဆုံးဝါကျမှာ سُبْحٰنَ اللّٰهِ وَمَآ اَنَا مِنَ الْمُشْرِكِيْنَ ထို့ပြင် အလွှာဟ်အရှင်မြတ်သည် ချို့တဲ့မှုအပေါင်းတို့မှ သန့်ရှင်းစင်ကြယ်တော်မူသောအရှင် ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး ငါသည် တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ် နှင့် တွဲဖက်ရှိုင်းယှဉ်ကိုးကွယ်သော သူတို့တို့အနက်မှ မဟုတ်ချေ ဖြစ်သည်။ အစောပိုင်းက အလွှာဟ်အရှင်မြတ်ကို သက်ဝင်ယုံကြည်၍ ရှိရိုက်လုပ်ငန်းကို ပြောင်ပြောင်တင်းတင်းဖြစ်စေ၊ ရောထွေး၍ဖြစ်စေ ပြုလုပ်နေသူများရှိကြောင်း ဖော်ပြထားခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺက ၎င်းသည် ရှိရိုက်လုပ်ရပ်နှင့် လုံးဝ မပတ်သက်ကြောင်း ကြေညာခဲ့သည်။ ဤနေရာ၌ မိန့်ထားသည့် အတိုချုပ်မှာ ကျွန်ုပ်၏ဒါအိဒ်သဝ်လုပ်ငန်းသည် လူအများကို ကျွန်ုပ်၏ကျေးကျွန် ဖြစ်စေရန် ဖိတ်ခေါ်ခြင်းဟု မရည်ရွယ်ချေ။ စင်စစ်မှာ ကျွန်ုပ်၌ဤသို့ ကျေးကျွန်တစ်ဦးဖြစ်ကာ ဤသို့ အလွှာဟ်မှအပမည်သူ့ကိုမျှ အလုပ်အကျွေးမပြုလုပ်ရန် လူအများကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်သည် ဒါအီ(ဤဖိတ်ခေါ်မှု မူလအစပြုလုပ်သူ)တစ်ဦးဖြစ်၍ ကျွန်ုပ်ကို ယုံကြည်ရန် မပြုမနေရ တာဝန်ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ မက္ကဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများက ကန့်ကွက်လေ့ရှိသည်။ သူတို့က အလွှာဟ်အရှင်မြတ်၏ တမန်တော် (သို့မဟုတ်) ရစူလ်တစ်ပါးမှာ လူသားတစ်ဦးမဖြစ်သင့်ဟု ဆင်ခြေပေးကြသည်။ သူမှာ ကောင်းကင်စေတမန်တစ်ဦး ဖြစ်သင့်သည်။ ဤဒွိဟသံသယနှင့်ပတ်သက်၍ နောက်အာယတ်ထဲတွင် وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى ဟူ၍ အဖြေပေးထားသည်။ ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်၏ရစူလ် (သို့မဟုတ်) နဗီတမန်တော်တစ်ပါးသည် ကောင်းကင်တမန်တစ်ပါးဖြစ်သင့်သည်ဟူသော သူတို့၏အတွေးနှင့် လူသားတစ်ဦးသည် ဤအဆင့်အတန်းကို မရယူနိုင်ဟူသောအတွေးတို့မှာ အခြေအမြစ်လည်းမရှိ၊ အကျိုးသက်ရောက်မှုလည်း မရှိချေ။ ဤသည်နှင့် လုံးဝဆန့်ကျင်သည်မှာ ဖြစ်ရပ်သည်ပြောင်းပြန်ဖြစ်သည်။ ဆိုလိုသည်မှာ အလွှာဟ်အရှင့် တမန်တော်တစ်ပါးသည် အစဉ်ပင် လူသားတစ်ဦးဖြစ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုတမန်တော်သည် လူသားများထက် ယေဘုယျတွင် ပေါ်လွင်ထင်ရှားသည်မှာ အလွှာဟ်အရှင့် ဝဟီနှင့် သတင်းစကားသည် ထိုတမန်တော်အပေါ် တိုက်ရိုက်ကျရောက်ခဲ့သည်။ တမန်တော်ဖြစ်ရန်မှာ တစ်စုံတစ်ဦး၏ ပုဂ္ဂိုလ်ရေးကြိုးပမ်းမှု (သို့

မဟုတ်) မည်သူတစ်ဦးတစ်ယောက်လုပ်ရပ်၏ ရလဒ်မှလည်း မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်၏ဉာဏ်တော်နှင့် ဆုံးဖြတ်ချက်အရဤဘာဝနှင့်အသင့်တော်ဆုံးဆိုသူကိုအရှင်မြတ်ကျေးကျွန်များအနက်မှအရှင်မြတ်ကိုယ်တော်တိုင် အမြဲတစေ ရွေးချယ်တော်မူသည်။ ဤရွေးချယ်မှုသည် လူသားတိုင်း၌ မတွေ့နိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သာလွန်ကောင်းမွန်မှု ဆိုသည့် သီးသန့်အရည်အချင်းများပေါ်တွင် အခြေခံသည်။

ဤသည်မှဆက်ကာ အလ္လာဟ်အရှင်မြတ်၏ကိုယ်စား ဖိတ်ခေါ်မှုပြုသောသူ (ဒါအီ)ပေးသော ညွှန်ကြားချက်များကို ဆန့်ကျင်သောသူတို့နှင့် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုနှင့် အမျက်တော်ရှုမှုတို့ကို ဖိတ်ခေါ်သောသူများအား ပြစ်တင်မောင်းမဲ ထားပါသည်။

اَفَلَمۡ یَسِیۡرُوۡا فِی الۡاَرۡضِ فَیَنۡظُرُوۡا کَیۡفَ کَانَ عَاقِبَۃُ الَّذِیۡنَ مِنۡ قَبۡلِہِمۡ ؕ
وَ لَدَارُ الۡاٰخِرَۃِ خَیۡرٌ لِّلَّذِیۡنَ اتَّقَوۡا ؕ اَفَلَا تَعۡقِلُوۡنَ

သို့ပါလျက် ဤသူတို့သည် ကမ္ဘာမြေဝယ်လှည့်လည်သွားလာခြင်းကို မပြုကြလေသလော။ ထိုသို့ လှည့်လည် သွားလာကြပါလျှင် ၎င်းတို့သည် မိမိတို့အလျင် ရှိခဲ့ဖူးကြသောသူတို့၏ နောက်ဆုံး အကျိုးသည် မည်ကဲ့သို့ ရှိခဲ့သည်ကို ရှုမြင်ကြပေမည်။ အမှန်စင်စစ်သော်ကား နောင်တမလွန်ဘဝ၏ နေရာထိုင်ခင်း ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်သောသူတို့အဖို့ အကောင်းဆုံးပင် ဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် ဤမျှပင် နားမလည်ကြလေသလော(၁၀၉) ဟူ၍ မိန့်ထားသည်။

ထိုသူတို့သည် အာခိရသ်၏ ထာဝရနှင့် ပြီးပြည့်စုံသောကောင်းချီးများနှင့် စည်းစိမ်ဥစ္စာများထက် လက်ရှိကမ္ဘာ၏ ခေတ္တခဏတာမျှသော စည်းစိမ်ဥစ္စာတို့ကို ပိုမိုနှစ်သက်ကြပါသည်။

ဥပဒေများနှင့် ညွှန်ကြားချက်

မမြင်ကွယ်ရာမှ သတင်းများနှင့် မမြင်ကွယ်ရာမှ အသိပညာတို့၏ ခြားနားချက်

၁။ ذٰلِكَ مِنۡ اَنۡۢبَآءِ الۡغَیۡبِ نُوۡحِیۡہِ اِلَیۡكَ ဤအကြောင်း အထွယ်ပွတ်သည်ကား အကွယ်၌ရှိသော သတင်းများအနက်မှပင်ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းအကြောင်းအထွယ်ပွတ်ကို အသင်(မုဟမ္မဒ်)ထံသို့ ဝဟီဖြင့် ပေးပို့တော်မူလေသည်။(၁၀၂)ဟူသော အဆိုအမိန့်သည် စူရဟ်အာလိအင်မ်ရာန်၏ အာယသ်(၄၄)ထဲ၌ စိုက်ယိဒါဟ် မရ်ယာမ်အကြောင်းနှင့်ပတ်သက်၍ ဖော်ပြရာ၌ ဤစကားလုံးအတိုင်း ذٰلِكَ مِنۡ اَنۡۢبَآءِ الۡغَیۡبِ نُوۡحِیۡہِ اِلَیۡكَ ဤအကြောင်းအထွယ်ပွတ်သည်ကား အကွယ်၌ရှိသောသတင်းများအနက်မှပင် ဖြစ်ပေသည်။ ငါအရှင်မြတ်သည် ယင်းအကြောင်းအထွယ်ပွတ်ကို အသင်(မုဟမ္မဒ်)ထံသို့ ဝဟီဖြင့် ပေးပို့တော်မူလေသည် (၃း၄၄)ဟူ၍ ဖော်ပြထားပါသည်။ ထို့နောက် စူရဟ်အလ်ဟူဒ်၏ အာယသ်(၄၉)ထဲ၌ စိုက်ယိဒိနာနူဟ်(ﷺ)အကြောင်းဖော်ပြရာတွင် အနည်းငယ်မျှသော ပြောင်းလဲမှုဖြင့် ထိုအဆိုအမိန့်ကိုပင် تِلۡكَ مِنۡ اَنۡۢبَآءِ الۡغَیۡبِ نُوۡحِیۡہَاۤ اِلَیۡكَ က ဤအဖြစ်အပျက် အကြောင်းတို့ကား အကွယ်၌ရှိသော သတင်းများအနက်မှပင် ဖြစ်၏။ ငါအရှင်မြတ်သည် ထိုသတင်းများကို အသင့်ထံသို့ ထုတ်ပြန်တော်မူ၏(၁၁း၄၉)ဟူ၍ပါရှိသည်။

ဤအာယသ်တော်များမှ ကျွန်ုပ်တို့သိရှိရသည်မှာ အလ္လာဟ်တအာလာသည် အရှင်၏တမန်တော်များတို့အား အကွယ်ရှိ သတင်းများအကြောင်းကို ဝဟီဖြင့်(ထုတ်ပြန်ပို့ချခြင်း)ဖြင့် ဆက်သွယ်ပါသည်။ တမန်တော်များ၏

ခေါင်းဆောင် ဖြစ်သော ကျွန်ုပ်တို့၏ မြင့်မြတ်သော ရစူလ ﷺ သခင်အား အကွယ်ရှိသတင်းများ၏ အထူးအထူး အစိတ်အပိုင်းများဖြင့် သီးခြားကောင်းချီးပေးထားခြင်းကြောင့် အတိတ်က တမန်တော်အားလုံးတို့အား ပေးသည်တို့ထက် သာပိုပါသည်။ ဤအတွက်ကြောင့် တမန်တော်မြတ် ﷺ သည် ကိယာမတ်နေ့တိုင် ဖြစ်ပျက်မည့်အဖြစ်အပျက်များ၏ အသေးစိတ်ကိုလည်းကောင်း၊ အကျဉ်းချုပ်ကိုလည်းကောင်း မုစ်လင်မ်အွမ္မသ်ထုအား အသိပေးခဲ့ပါသည်။ ဟဒီးဆ် ကျမ်းများ၏ ကိသာဗုလ်ဖိတန်ပါ ဟဒီးဆ်များအားလုံးတွင် ဤအကြောင်းအရာများနှင့် ပြည့်နှက်နေပါသည်။

အကွယ်မှသတင်းများကို လူတစ်ဦးသည် တစ်နည်းမဟုတ်တစ်နည်း သိရှိသောကြောင့် သာမန်လူများက ထိုသူတွင် အကွယ်၏အသိပညာ အီလ်မုလ်ဂိုဗ်ရှိသည်ဟု မှတ်ယူကြပါသည်။ ၎င်းနောက် ဤအရည်အချင်းသည် တမန်တော်မြတ် ﷺ အကောင်းဆုံး ရှိနေကြောင်းတွေ့ရပါသည်။ ထို့ကြောင့် ထိုသူများက တမန်တော်မြတ် ﷺ သည် အာလင်မ်အလ်ဂိုဗ် အကွယ်၏အသိပညာရှိသောသူဟု မှတ်ယူကြပါသည်။ သို့ရာတွင် ကျမ်းတော်မြတ်ကုရ်အာန်က အလွန်ရှင်းလင်းသော စကားလုံးများ لَا يَعْلَمُ مَنْ فِي السَّمٰوٰتِ وَالْاَرْضِ الْغَيْبَ اِلَّا اللّٰهُ အချင်းတို့၊ အကွယ်၌ရှိသော အရာများကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး မိုးကောင်းကင်၌ရှိသော သူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်မျှမသိချေ(၂၇း၆၅)ဟူ၍ ကြေညာထားခြင်းက အလ္လာဟ်တအာလာမှ တစ်ပါး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အာလင်မ်အလ်ဂိုင်ဗ်သို့ အကွယ်ကိုသိရှိသောသူဟု မခေါ်ဆိုနိုင်ကြောင်း သက်သေပြပါသည်။ အလ်ဂိုင်ဗ်၏ အီလ်မ် မမြင်ကွယ်ရာနှင့် ပတ်သက်သောပညာ ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ပြိုင်စံရှားသော ဂုဏ်တော်တစ်ပါးဖြစ်သည်။ တမန်တော်တစ်ပါး၊ နဗီတစ်ပါး (သို့မဟုတ်) ကောင်းကင် စေတမန်တစ်ဦးတို့သည် ဤဂုဏ်တော်ကို မျှဝေပိုင်ဆိုင်သည်ဟု မှတ်ယူခြင်းသည် ထိုသူတို့အား အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်း ဖြစ်သွားပါတော့သည်။ ခရစ်ယာန်များသည် ဤကဲ့သို့ပြုလုပ်ခဲ့ကြကာ ရစူလ်တစ်ပါးအား အလ္လာဟ်၏ သားတော်အဖြစ်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ထိုက်သူတစ်ဦးဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ ဤနေရာ၌ကိုးကားခဲ့သော ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်များက ကိစ္စရပ်၏အမှန်တရားကို အလွန်ရှင်းလင်းစေပါသည်။ အလ်ဂိုင်ဗ်၏အီလ်မ် (အကွယ်၏အသိပညာ)သည် အလ္လာဟ်တအာလာ၏ သီးသန့် ဂုဏ်တော်တစ်ပါးဖြစ်ကာ အာလင်မ်အလ်ဂိုင်ဗ် အကွယ်ကို သိရှိ နားလည်သောသူသည် အလ္လာဟ်ဂျလာရှာနဟူ ကိုယ်တော်တိုင် ဖြစ်ကြောင်း အမြဲသက်သေပြပြီးဖြစ်ပါသည်။ သို့သော်လည်း အလ္လာဟ်တအာလာသည် ဝဟီမှ တစ်ဆင့် အရှင့်တမန်တော်များထံသို့ များစွာသော အကွယ်မှသတင်းများကိုပေးခဲ့ပါသည်။ ဤကဲ့သို့ အကွယ်မှ သတင်းများ သိရှိခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ အလ်ဂိုင်ဗ်၏အီလ်မ် အကွယ်နှင့်ပတ်သက်သော အသိပညာဟု မခေါ်ဆိုပါ။ သာမန်လူများသည် ဤနှုန်းညံ့သိမ်မွေ့သော ခြားနားချက်ကိုမသိနားမလည်သောကြောင့် ထိုသူများသည် မမြင်ကွယ်ရာမှသတင်းကို မမြင်ကွယ်ရာမှ အသိပညာဟုမှတ်ယူလေ့ရှိပါသည်။ ထိုအကြောင်းကြောင့် တစ်စုံတစ်ဦးက ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းကိုဖက်တွယ်ကာ အလ္လာဟ်မှတစ်ပါး မည်သူတစ်ဦး တစ်ယောက်မျှ အကွယ်၏ အကြောင်း သိနိုင်စွမ်းမရှိဟု အခိုင်အမာ ပြောဆိုပါက လူအများသည် အမှန်တရားကို လက်ခံရမည့်အစား ထိုသူနှင့် အယူအဆ ကွဲသွားကြပါသည်။

တမန်တော်များသည် လူသားများထဲမှ လူသားဖြစ်သည်

အာယသ် ၁၀၉

وَمَآ اَرْسَلْنَا مِنْ قَبْلِكَ اِلَّا رِجَالًا نُّوْحِيْٓ اِلَيْهِمْ مِّنْ اَهْلِ الْقُرٰى

စင်စစ်သော်ကား ငါအရှင်မြတ်သည် မြို့ရွာများ၌ နေထိုင်ကြကုန်သောသူတို့အနက်မှ ယောကျ်ား များကိုသာလျှင် ရစူလ်တမန်တော်များအဖြစ် စေလွှတ်တော်မူ၍ ၎င်းတို့ထံ ဝဟီပို့တော်မူခဲ့လေ သည်။ (၁၀၉)

တွင် ပါရှိသော رِجَالًا ရိဂျာလန် ယောကျ်ားများဟူသော စကားလုံးအရ တမန်တော်များသည် အမြဲတစေ ယောကျ်ား ဖြစ်သည်ဆိုကြောင်း ကျွန်ုပ်တို့ လေ့လာသိရှိရပါသည်။ အမျိုးသမီးတစ်ဦးသည် နဗီတစ်ပါး (သို့မဟုတ်)ရစူလ်တစ်ပါး မဖြစ်နိုင်ပါ။ အလ္လာဟ်တအာလာသည် အမျိုးသမီးတစ်ဦးအား နဗီ (သို့မဟုတ်) ရစူလ် မဖြစ်စေခဲ့ပါဟူ၍ အီမာမ်အိဗနိ ယာဆီးရ်၊ အိုလမာများ၏ တညီတညွတ်တည်းသော ဆုံးဖြတ်ချက်ကို တင်ပြထားပါသည်။ အချို့သော အိုလမာများက အချို့သော အမျိုးသမီးတို့အား နဗီ (သို့မဟုတ်) ရစူလ်ဖြစ်ကြောင်း ဖော်ထုတ်ပြသထားခဲ့ကြပါသည်။ ပမာဆိုသော် စိုက်ယိဒိနာ အိဗရာဟီမ်ﷺ၏ ဇနီးသည် စိုက်ယိဒဟ်စာရာ၊ စိုက်ယိဒိနာမူစာﷺ၏မိခင်၊ စိုက်ယိဒိနာအီစာﷺ၏မိခင် စိုက်ယိဒဟ်မရ်ယန်တို့ ဖြစ်ကြပါသည်။ အကြောင်းမှာ ဤလေးစားရပါသောအမျိုးသမီးတို့နှင့်ပတ်သက်သည့် သီးသန့် စကားလုံးများ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ပါရှိကာ ယင်းစကားလုံးတို့ကြောင့် ကောင်းကင်စေတမန်များသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အတိုင်း ၎င်းတို့အား ကောင်းသတင်းများပေးခြင်း (သို့မဟုတ်) ၎င်းတို့ကိုယ်တိုင် ဝဟီမှတစ်ဆင့် တစ်စုံတစ်ရာ သိရှိစေပါသည်။ သို့ရာတွင် အိုလမာအများတို့က ထိုအာယသ်များပါ စကားလုံးများအရ ယင်းအမျိုးသမီးများသည် အလ္လာဟ်အရှင်၏ရှေ့မှောက်၌ နာမ်ပိုင်းဆိုင်ရာ အဆင့်အတန်း အလွန်မြင့်မားသည့် အကြောင်း လက်ခံကြသော်လည်း ဤစကားလုံးများသည် ၎င်းတို့ ရစူလ်များ၊ နဗီများဖြစ်ကြောင်း သက်သေပြရန် မလုံလောက်ပါဟူ၍ ၎င်းတို့က မှတ်ယူကြပါသည်။

တမန်တော်များသည် မြို့ပြများမှဖြစ်ကြသည်

၃။ အထက်ကိုးကားခဲ့သော အာယသ်ပါ اَهْلِ الْقُرٰى မြို့ရွာများ၌ နေထိုင်သူတို့အနက်မှဟူသော အသုံးအနှုန်း က ကျွန်ုပ်တို့အား ပြောပြသည်မှာ အလ္လာဟ်တအာလာသည် အရှင့်တမန်တော်များအား မြို့ကြီးပြကြီးများတွင်ရှိသော လူများအနက်မှ ပွင့်စေပြီး တာရွာဇနပုဒ်များမှ မပွင့်စေခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသများတွင် နေထိုင်သူ များသည် ကြမ်းတမ်းခက်ထန်ပြီး သိရှိနားလည်မှု၌ မပြီးပြည့်စုံကြပါ။ (အီဗနိကဆီး၊ ကုရ်တွဂ်ဗီနှင့်အခြားကျမ်းများ)

အာယသ် (၁၁၀-၁၁၁)

حَتّٰٓى اِذَا اسْتَيْـَٔسَ الرُّسُلُ وَ ظَنُّوْٓا اَنَّهُمْ قَدْ كُذِبُوْا جَآءَهُمْ نَصْرُنَا ۙ فَنُجِّيَ مَنْ
نَّشَآءُ ؕ وَلَا يُرَدُّ بَاْسُنَا عَنِ الْقَوْمِ الْمُجْرِمِيْنَ ﴿۱۱۰﴾ لَقَدْ كَانَ فِيْ قَصَصِهِمْ
عِبْرَةٌ لِّاُولِي الْاَلْبَابِ ؕ مَا كَانَ حَدِيْثًا يُّفْتَرٰى وَ لٰكِنْ تَصْدِيْقَ الَّذِيْ
بَيْنَ يَدَيْهِ وَ تَفْصِيْلَ كُلِّ شَيْءٍ وَّ هُدًى وَّ رَحْمَةً لِّقَوْمٍ يُّؤْمِنُوْنَ ﴿۱۱۱﴾

နောက်ဆုံးတွင် ရစူလ်တမန်တော်များသည် မျှော်လင့်ချက်ကင်း၍ အမျိုးသားတို့ကလည်း ယင်းရစူလ်တမန်တော်များသည် အလိမ်ခံခဲ့ကြရလေပြီ ဟုထင်မှတ်ခဲ့ကြသောအခါ ငါအရှင်မြတ်၏အကူအညီသည် ယင်းရစူလ်တမန်တော်များထံ (ရုတ်တရက်) ရောက်ရှိခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ် အလိုရှိတော်မူသောသူသည် ကယ်တင်ခြင်းကို ခံခဲ့ရလေသည်။ စင်စစ်သော်ကား ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ပယ်ရှားသွားသည် မဟုတ်ချေတကား။[၁၁၀]

မချွတ်ဇကန် ၎င်းတို့၏ အကြောင်းအထွာပွတို့များတွင် ဆင်ခြင်သိမြင် နားလည်သူတို့အဖို့ (အကြီးအကျယ်) သင်ခန်းစာသည် ရှိချေသည်။ (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ကြံဖန်လီဆယ် ထားသော ကျမ်းမဟုတ်၊ ယင်း၏အလျင် ရှိနေသော(ကျမ်းများ)ကို အတည်ပြုသောကျမ်းသည်လည်းကောင်း၊ အရာခပ်သိမ်းတို့ကို အသေးစိတ်ရှင်းလင်းမှုသည်လည်းကောင်း၊ သက်ဝင်ယုံကြည်ကြသူတို့အဖို့ တရားခမ္မ ညွှန်ကြားမှုသည်လည်းကောင်း၊ ကရုဏာတော်သည်လည်းကောင်း ဖြစ်ချေသတည်း။[၁၁၁]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲ၌ လမ်းမှန်သို့ လူအများလိုက်ရန်ဖိတ်ခေါ်သည့် တမန်တော်များ စေလွှတ်ခြင်းနှင့် ထိုတမန်တော်များနှင့် ပတ်သက်သောဒွိဟများကို ဖြေကြားထားကြောင်း ဖော်ပြထားပါသည်။ ထို့နောက် အလွှာဟ့် တမန်တော်များအား ၎င်းတို့ ဆန့်ကျင်ခြင်းကြောင့် ဝမ်းနည်းဖွယ်ရာ အဆုံးသတ်မှုနှင့် ၎င်းတို့ရင်ဆိုင်ရမည်ကို ထည့်သွင်း မစဉ်းစားသောကြောင့် ထိုသူများကို ပြစ်တင် မောင်းမဲထားပါသည်။ အကယ်၍သာ ၎င်းတို့အနည်းငယ်မျှ သတိမူခဲ့ပါလျှင် သူတို့၏ပတ်ဝန်းကျင်၌ ပျက်သုဉ်းပြီးသော မြို့ကြီးပြကြီးတို့မှ လက္ခဏာများနှင့် သမိုင်းတွင် ပျောက်ဆုံးသွားခဲ့ပြီး ၎င်းတို့ဖြတ်သန်းသွားလာခဲ့သော နေရာများမှ လက္ခဏာများ တွေ့ရှိနိုင်ပါသည်။ သို့ဆိုပါလျှင် မြင့်မြတ်သော တမန်တော်များအား ဆန့်ကျင်သူတို့၏ ဝမ်းနည်းဖွယ်ရာ အဆုံးသတ်မှု မည်မျှပြင်းထန်သည်ဆိုကြောင်းကို ဤကမ္ဘာလောကမှာပင် ၎င်းတို့တွေ့နိုင်ပါသည်။ စိုက်ယိဒိနာလုဒ်ﷺ လူများ၏နေရာထိုင်ခင်းတို့သည် ပြောင်းပြန်လှန်ခြင်း ခံခဲ့ရပါသည်။ အာဒ်နှင့်ဆမုဒ်၏ လူများသည်လည်း အမျိုးမျိုးသော ပြစ်ဒဏ်ခတ်မှုဖြင့် ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ ၎င်းနောက် နောင်တမလွန်ဘဝ၏ပြစ်ဒဏ်ခတ်မှုသည် ပိုမိုပြင်းထန်လှပါသည်။

ထို့နောက်အဆုံးတွင် လက်ရှိဘဝ၏ ဒုက္ခသုက္ခများနှင့် စည်းစိမ်ချမ်းသာတို့သည် တကယ်တမ်းဆိုရသော် ခဏတာမျှသာဖြစ်ကြောင်း ညွှန်ကြားထားပါသည်။ တစ်စုံတစ်ဦး၏ စစ်မှန်သောသောကသည် နောင်လာမည့်ဘဝ

အာခိရသ် တမလွန်အတွက်သာ ဖြစ်သင့်သည်။ ထိုဘဝတွင် တစ်စုံတစ်ဦးသည် အမြဲတစေ နေထိုင်ရမည်ဖြစ်ကာ ထို နေရာ၏ ဒုက္ခ၊ သုက္ခများနှင့် စည်းစိမ်ချမ်းသာတို့သည် ထာဝရဖြစ်ပါလိမ့်မည်။ ထို့ကြောင့် အာခိရသ်၏ဘဝတွင် ကောင်းသောအဆုံးသတ်မှု ရှိစေရန်အတွက် ရှင်းလင်းထားသည်။နောင်တမလွန်ဘဝတွင် ကောင်းသောအဆုံးသတ် စေနိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် ပြစ်မှုဂုနဟ်များမှ ရှောင်ကြဉ်ခြင်းဆိုသည် သက္ကဝါပေါ်၌ တည်မှီပါသည်။ အကျဉ်းချုပ်ဆိုရသော် တစ်စုံတစ်ဦးသည် ရှရီအတ်၏အမိန့်များ အားလုံးကို တိတိကျကျ လိုက်နာ သင့်ပါသည်။

ပြီးခဲ့သော အာယသ်များ၏ရည်ရွယ်ချက်သည် လွန်လေပြီးသောတမန်တော်များနှင့် ၎င်းတို့၏အွမ္မသ်များ တွင် ဖြစ်ပျက်ခဲ့သည်တို့မှ သင်ခန်းစာယူရန် လူအများအား သတိပေးခဲ့ပါသည်။ ထို့ကြောင့် နောက်အာယသ်(၁၁၀) ထဲတွင် သူတို့၏သံသယများအနက်မှ တစ်ခုကို ဖယ်ရှားပစ်ခဲ့ပါသည်။ ၎င်းတို့တွင် သံသယရှိခဲ့သည့်အကြောင်းမှာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့်ပတ်သက်၍ တမန်တော်မြတ်ﷺက ၎င်းတို့အား သတိပေးခြင်းဖြစ်ပါသည်။ တမန်တော်မြတ်ﷺက ၎င်းတို့အပေါ်သို့ ပြစ်ဒဏ်ခတ်ခံရမှု ကျရောက်မည်ဆိုကြောင်းကို အချိန်အတော်ကြာကြာကပင် ကြားသိခဲ့ရသော်လည်း ယခုတိုင် သူတို့အပေါ်၌ ပြစ်ဒစ်ခတ်ခံရမှု မကျရောက်သေးကြောင်း တွေ့ရပါသည်။ ဤသည်က ၎င်းတို့ကို ပို၍ အတင့်ရဲစေပါသည်။ အကယ်၍ ပြစ်ဒဏ်ခတ်မှုအချို့ ကျရောက်မည်ဆိုလျှင် ယခုအချိန်သည် ကျသင့်သောအချိန်ဟု ၎င်းတို့ထင်မှတ်ခဲ့ပါသည်။ ထို့ကြောင့် အလ္လာဟ်တအာလာသည် အရှင့်အသနားတော်နှင့် ဟိကွ်မသ်ဉာဏ်တော်အရ အမှားပြုလုပ်ပြီး ပြစ်မှုဂုနဟ် ကျူးလွန်နေသူတို့အား မကြာခဏ ဆိုင်းငံ့ကာလ ပေးသည် ဆိုကြောင်းနှင့် အချိန်တော်တော်များများတို့တွင် ဤဆိုင်းငံ့ကာလသည် အတော်အသင့်ရှည်လျားမည် ဆိုကြောင်း မိန့်ထား ပါသည်။ ထို့ကြောင့် ခေါင်းမာသောသူတို့သည် အတင့်ရဲပြီး အကြမ်းဖက်လာသောကြောင့် တမန်တော်များအား ပူပင်သောကရောက် စေခဲ့ပါသည်။ ထို့ကြောင့်-

حَتَّىٰٓ إِذَا ٱسْتَيْـَٔسَ ٱلرُّسُلُ وَظَنُّوٓا۟ أَنَّهُمْ قَدْ كُذِبُوا۟ جَآءَهُمْ نَصْرُنَا ۙ فَنُجِّىَ مَن نَّشَآءُ ۖ وَلَا يُرَدُّ بَأْسُنَا عَنِ ٱلْقَوْمِ ٱلْمُجْرِمِينَ

နောက်ဆုံးတွင်ရစူလ်တမန်တော်များသည်မျှော်လင့်ချက်ကင်း၍အမျိုးသားတို့ကလည်း ယင်းရစူလ်တမန်တော်များသည် အလိမ်ခံခဲ့ကြရလေပြီဟု ထင်မှတ်ခဲ့ကြသောအခါ ငါအရှင်မြတ်၏ အကူအညီသည် ယင်းရစူလ်တမန်တော်များထံ ရုတ်တရက် ရောက်ရှိလာခဲ့လေသည်။ ထိုအခါ ငါအရှင်မြတ် အလိုရှိတော်မူသောသူသည် ကယ်တင်ခြင်းကိုခံခဲ့ရလေသည်။ စင်စစ်သော်ကား ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ဖယ်ရှားသွားသည် မဟုတ်ချေတကား။ (၁၂း၁၁၀)ဟူ၍ မိန့်ထားသည်။

ဤသည်ကို အသေးစိတ်ရှင်းပြရန်အတွက် ပြောနိုင်သည်မှာ "လွန်လေပြီးသော အွမ္မသ်ထုများတွင်ရှိ မယုံကြည်ပြီး မနာခံသောသူတို့ကို ကြာရှည်သောဆိုင်းငံ့ကာလ ပေးထားခဲ့ပါသည်။ သူတို့ ဆိုင်းငံ့ကာလမကုန်ဆုံးမီအတွင်း တွင် ၎င်းပြစ်ဒဏ်ခတ်မှုများ မကျရောက်ခဲ့သောကြောင့် တမန်တော်များတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ် ခတ်မှုသည် ကျရောက်လိမ့်မည်မဟုတ်၊ အမှန်တရားသည် ၎င်းတို့မျှော်လင့်ထားသည့်အချိန်၌ ရှင်းလင်းစွာ ပေါ်ထွက် လိမ့်မည်မဟုတ်ဟူသော ဖြစ်နိုင်ချေအပေါ်၌ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြသည်။ အလ္လာဟ်အရှင်သည် ၎င်းတို့ (တမန်

တော်ﷺ)သခင်များအား ပြစ်ဒဏ်ခတ်မှုကျရောက်မည့် တိကျသောအချိန်ကိုလည်းမပြောခဲ့ပါ။ ကျရောက်မည့် အချိန်ကိုလည်း သီးသန့်လက္ခဏာများအပေါ်အခြေခံ၍ ၎င်းတို့သတ်မှတ်ခဲ့ကြောင်း အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မည်ဟူသောကတိတော်ကို ၎င်းတို့၏ ခန့်မှန်းမှုများသည် မှားယွင်းသွားပြီဟု ၎င်းတို့ ထင်မှတ်ခဲ့ကြသည်။ ထိုကဲ့သို့ စိတ်ပျက်နေသောအချိန်၌ တမန်တော်များအပေါ်သို့ အလွှာဟ်အရှင်မြတ်၏ အကူအညီကျရောက်ခဲ့ပါသည်။ ဆိုလိုသည်မှာ ကတိပြုထားခဲ့သည့်အတိုင်း မယုံကြည်သူများအပေါ်၌ ပြစ်ဒဏ်ခတ်မှုများ ကျရောက်ခဲ့ပါသည်။ ထို့နောက် ပြစ်ဒဏ်ခတ်မှုမှ ကင်းလွတ်သောသူများမှာ "ငါအရှင်မြတ် အလိုရှိတော်မူသောသူများ (တမန်တော်များအား ယုံကြည်သောသူများ ကယ်တင်ခြင်းခံကြရပြီး မယုံကြည်သောသူများ ဖျက်ဆီးခြင်းခံကြရသည်။ အဘယ့်ကြောင့်ဆိုသော် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် ပြစ်မှုကျူးလွန်သူတို့အပေါ်မှ ဖယ်ရှားသွားသည်မဟုတ်ချေတကား။ ထိုသူများအပေါ်၌ ပြစ်ဒဏ်ခတ်မှု အမှန်တကယ်ကျရောက်ခဲ့ပါ သည်။ ထို့ကြောင့် မက္ကာဟ်မြို့ မယုံကြည်သူတို့သည် ပြစ်ဒဏ်ခတ်မှု ကျရောက်ခြင်း နှောင့်နှေးသည့်အတွက် ပြစ်ဒဏ်ခတ်မှုနှင့် မည်သို့သော သံသယမှ မရှိသင့်ပါ။ ဗယာနွလ်ကုရ်အာန်ကျမ်းပါ မောင်လာနာ အရှ်ရဖ်အလီ ထာနဝီ၏ သဖ်စီရ် အကျဉ်းချုပ်။

အာယသ်-၁၁၀ပါ ﴿كُنِبُوْا﴾ (ကုဇီဘူ=မှားယွင်းခဲ့သည်)ဟူသော စကားလုံးအား ကျော်ကြားလှသော ကုရ်အာန်ကျမ်းတော်မြတ်ဖတ်ရွတ်မှု (ကိရာအသ်)အတိုင်း ဖတ်ရွတ်ထားပါသည်။ ၎င်းနောက် ကျွန်ုပ်တို့လိုက်နာရန် ရွေးချယ်ခဲ့သော သဖ်စီရ်(ဋီကာဖွင့်ခြင်း (သို့မဟုတ်) ရှင်းလင်းခြင်း)သည် အလွန်ခိုင်လုံပြီး ဒိဟကင်းစင်ပါသည်။ ﴿كُنِبُوْا﴾ (ကို့ဇီဗူ) ဟူသော စကားလုံး၏ ထူးခြားသောအဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ခန့်မှန်းမှု (သို့မဟုတ်) တွေးခေါ်မှုသည် မှားယွင်းသည်ဆိုကြောင်း တွေ့ရှိရခြင်းဖြစ်ပါသည်။ ယင်းသည် "အိဂျ်သိဟဒီ"အမှား (ပုဂ္ဂလိက ထင်မြင်ယူဆချက်အပေါ် အခြေခံသည်။)အမျိုးအစားတစ်မျိုးဖြစ်သည်။ ၎င်းနောက် ထိုကဲ့သို့သော အမှားမျိုးကို မြင့်မြတ်သော တမန်တော်များထံမှလည်း ပေါ်ထွက်နိုင်ပါသည်။ သို့သော်လည်း တမန်တော်များနှင့် အခြားသော မုဂျ်သဟီဒ်တို့တွင် မတူညီခြားနားမှု တစ်ခုရှိပါသည်။ ဆိုလိုသည်မှာ တမန်တော်များထံမှ အချို့သော အိဂျ်သိဟာဒ် အမှားများပေါ်ထွက်လာပါက အလွှာဟ်တအာလာသည် ထိုတမန်တော်များ အမှားနှင့်အတူမရှိစေရဘဲ အလွှာဟ်အရှင်က ၎င်းတို့၏အမှားကို သတိပြုမိစေကာ အမှန်တရားကိုရှင်းရှင်းလင်းလင်း မြင်တွေ့စေတော်မူပါသည်။အခြားမုဂျ်သဟီဒ်များသည်ဤအဆင့်အတန်းမရနိုင်ပါ။ တမန်တော်မြတ်ﷺနှင့်ပတ်သက်သည့် ဟဒီဒ်ဗီဃဟ်ဗြိမ်းချမ်းရေးစာချုပ် အဖြစ်အပျက်သည် ဤအကြောင်းအရာအတွက် လုံလောက်သော သက်သေအထောက်အထားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤအဖြစ်အပျက်သည် တမန်တော်မြတ်ﷺမြင်မက်သည့်အိပ်မက်အပေါ် အခြေခံထားသည်ဟု မိန့်ထားသည်။ အိပ်မက်တွင် တမန်တော်မြတ်ﷺသည် ၎င်း၏ဆွေဟာဗဟ်များနှင့်တကွ ဗိုင်သုလ်လာဟ်ကို သဝါးဖ်လှည့်နေသည်ဟု မြင်မက်ခဲ့ရသည်။ ထို့နောက် တမန်တော်များ မြင်မက်သည့်အိပ်မက်သည်လည်း လိုက်နာကျင့်သုံးရန် မပြုမနေရ ဝဟီတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဤအဖြစ်အပျက်မှာ မုချသေချာ ဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း အိပ်မက်တွင် ယင်းအတွက် သီးခြားအချိန်(သို့မဟုတ်) ကာလအတိအကျမပါချေ။ တမန်တော်မြတ်ﷺသည် ၎င်း၏မှန်းဆချက်အရ ဤနှစ်အတွင်းဖြစ်လိမ့်မည်ဟု မှတ်ယူခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ်ﷺသည် ဤကိစ္စကို ၎င်း၏ ဆွေဟာဗဟ် သာဝကကြီးများရှေ့တွင် ကြေညာခဲ့ကာ ဆွေဟာဗဟ်အများအပြားကိုလည်း အွမွရဟ်လုပ်ရန်အတွက် ၎င်းနှင့်အတူ မက္ကာဟ်အလ် မုအတ်ဇမာဟ်သို့ ထွက်ခွာခဲ့ကြသည်။ သို့ရာတွင် ကုရ်ရှိက်ရှ်များက လမ်းခုလတ်တွင် ၎င်းတို့အား ရင်ဆိုင်ခဲ့ကြသည်။ ထို့နောက် သူတို့ရည်ရွယ်ထားသော သဝါးဖ်နှင့် အွမွရဟ်ကို မပြုလုပ်နိုင်ခဲ့ကြပါ။ စင်စစ်(အိပ်မက်)၏ အပြည့်အဝ ပေါ်လွင်ထင်ရှားမှုမှာ နှစ်နှစ်ကြာပြီးနောက် ဟစ်ဂျ်ရီခုနှစ် ဧခုနှစ်တွင် မက္ကာဟ်အောင်မြင်ခြင်းအဖြစ်

ပေါ်ထွက်လာခဲ့သည်။ ထို့နောက် ဤအဖြစ်အပျက်အရ ကိုယ်တော်မြတ်ﷺ မြင်မက်ခဲ့သောအိပ်မက်မှာ မှန်ကန်၍ မုချ သေချာဖြစ်သွားခဲ့ပါသည်။ သို့ရာတွင် ထိုအိပ်မက်ဖြစ်ပေါ်လာရန်အချိန်ကား လက္ခဏာများအရလည်းကောင်း၊ မှန်းဆချက်အရလည်းကောင်း ကိုယ်တော်မြတ်ﷺတွေးထင်ထားသည့်အတိုင်း ဖြစ်မလာခဲ့ပါ။ သို့သော်လည်း ထိုအိပ်မက်အရယင်းအစား အမှန်ဖြစ်သွားခဲ့ပါသည်။

အလားတူ ဤအာယသ်တော်ပါ قَدْ كُذِبُوْا (ကသ်ကာဇီဗူ-မှားယွင်းသွားခဲ့သည်)သည်လည်း ဤအဓိပ္ပာယ်ဆောင်သည်။ ဆိုလိုသည်မှာ တမန်တော်များက မယုံကြည် သွေဖည်ငြင်းပယ်သူများအပေါ် ပြစ်ဒဏ်ခတ်မှုကို စိတ်ထဲမှ ခန့်မှန်းထားသောအချိန်သည် ကြန့်ကြာနေခဲ့သည်။ ဤပြစ်ဒဏ်ခတ်မှုမှာ ခန့်မှန်းထားသည့် အချိန်မကျရောက်သောအခါ ၎င်းတို့ ခန့်မှန်းထားသောအချိန် မှားသွားကြောင်း ၎င်းတို့က ထင်မှတ်ခဲ့သည်။ ဤသပ်စီရ်ကို စိုက်ယိဒိနာ အဗွဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺက တင်ပြခဲ့သည်။ အလ္လာဟ်မာအလ်သွီဗီက ဤတင်ပြချက်သည် ဆွဟီးအ် (ခိုင်မာသည်)ဟု ပြောခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းကို ဆွဟီအလ်ဗုခါရီကျမ်းတွင် တင်ပြထားခဲ့၍ဖြစ်သည်။ (မဇာဟီရီ)

ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်မှု(ကိရာအတ်)အချို့တွင် ဤစကားလုံးကို ذا(ဒလ်)ဟူသော အက္ခရာကို နှစ်ဆင့်သံဖြင့် ဖော်ပြထားသည့် قَدْ كُذِّبُوْا ကဒ်ကုဒ်ဇီဗူဟုဖြစ်သည်။ ဤစကားလုံးသည် ကြိယာနာမ် تكذيب (သတ်က်ဒီးဗ်-လိမ်လည်ပြုလုပ်ထားမှု)မှဆင်းသက်လာသည်။ဤဖတ်နည်းအရဆိုလျှင်အဓိပ္ပာယ်မှာ "တမန်တော်များသည် ပြစ်ဒဏ်ခတ်မှု မည်သည့်အချိန် ကျရောက်မည်ဆိုသည်ကို ၎င်းတို့က ခန့်မှန်းဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း ထိုခန့်မှန်းသည့်အချိန်တွင်ပြစ်ဒဏ်ခတ်မှုမကျရောက်လျှင် ၎င်းတို့၏အဆိုအမိန့်အပေါ် အခြေခံ၍ မမှန်မကန်ဟုတွေးပြီး ၎င်းတို့အား လိမ်လည်လှည့်ဖြားသည်ဟု ထင်မှတ်သွားမည်ကို ၎င်းတို့ တွေးတောပူပန်မိသည်။ ဤသို့သော် အခြေအနေများတွင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကတိတော် မှန်ကန်ကြောင်း သက်သေပြခဲ့၍ ငြင်းပယ်သူများပေါ် ပြစ်ဒဏ်ခတ်မှုကျရောက်စေပြီး သက်ဝင်ယုံကြည်သူများသည် ယင်းပြစ်ဒဏ်ခတ်မှုမှ ကင်းဝေးစေခဲ့သည်။ ထို့ကြောင့် တမန်တော်များသည် ယင်းအဖြစ်အပျက်ကို ကျော်လွှားနိုင်ခဲ့သည်။

စူရဟ်၏နောက်ဆုံး အာယသ်၏အဖွင့်အဆိုအမိန့်တွင်-

لَقَدْ كَانَ فِيْ قَصَصِهِمْ عِبْرَةٌ لِّأُولِي الْأَلْبَابِ

"မချွတ်ဇကန် ၎င်းတို့၏အကြောင်းအထွာပွတ္တိများတွင် ဆင်ခြင်သိမြင်နားလည်သူတို့အဖို့ (အကြီးအကျယ်)သင်ခန်းစာရှိချေသည်။(၁၁၁)"ဟု မိန့်ထားသည်။

ဤအဆိုအမိန့်သည် ကုရ်အာန်ကျမ်းတော်မြတ်ပါ တမန်တော်အားလုံးﷺတို့၏အဖြစ်အပျက်များကို ညွှန်ပြသကဲ့သို့ ဖြစ်နိုင်သည်။ ထို့ပြင် ဤစူရဟ်ပါ စိုက်ယိဒိနာယူစုဖ်ﷺ၏ သီးသန့်အကြောင်းအရာကိုလည်း ညွှန်ပြသကဲ့သို့ ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤနောက်ပိုင်းအဖြစ်အပျက်အရ လုံးဝဥဿုံရှင်းလင်းသွားစေ သည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံသော ကျေးကျွန်များသည် နည်းမျိုးစုံသော ထောက်ပံ့မှုများနှင့်အကူအညီများရရှိခဲ့ကြကာ ရေတွင်းနက်ထဲမှ ဆွဲတင်ကာ အလွန်မြင့်မားသော ရာဇပလ္လင်ပေါ်ထိုင် စေကာ သိက္ခာကျမှု၏ခြိမ်းခြောက်မှုကယ်တင်ခံရကာ အကောင်းဆုံးသော ဂုဏ်ကျက်သရေ၏ အထွဋ်အထိပ်သို့ ရောက်သွားခဲ့သည်။ စိတ်ထားကောင်းသူနှင့် လှည့်ဖြားသူများသည် အဆုံး၌ အရှက်တရားသက်သက်သာရရှိသွားကြသည်ဆိုခြင်းကား ဖော်ပြရန်ပင် မလိုတော့ချေ။

مَا كَانَ حَدِيْثًا يُّفْتَرٰى وَلٰكِنْ تَصْدِيْقَ الَّذِيْ بَيْنَ يَدَيْهِ

"ဤကုရ်အာန်ကျမ်းတော်မြတ်သည် ကြံဖန်လိုဆယ်ထားသောကျမ်းမဟုတ်။ ယင်း၏

အလျင်ရှိနေသော ကျမ်းများကို အတည်ပြုသော ကျမ်းသည်လည်းကောင်း...”ဟုမိန့်ထားသည်။

ဆိုလိုသည်မှာ ဤကျမ်းအလျင်ချပေးထားသော ကျမ်းများတွင်လည်းပါရှိသည်။ ဤစိုက်ယိဒိနာယူစုဖ် (ဂျိုးဇက်ﷺ)၏ အကြောင်းကို သောင်ရတ်နှင့်အင်ဂျီလ်ကျမ်းတို့တွင်လည်းပါရှိခဲ့သည်။ ထို့နောက် ဟဇရတ် ဝဟပ် အိဗနိ မုနပ်ဗိဟ် ကပြောသည်မှာ “စိုက်ယိဒိနာယူစုဖ်ﷺ အကြောင်းအရာ မပါဝင်သော ကျမ်းစာဟူ၍ မရှိပါ”ဟူ၍ ဖြစ်သည်။ (မဇာဟီရီ)

အာယသ်၏နောက်ဆုံးဝါကျတွင် وَتَفْصِيلَ كُلِّ شَيْءٍ وَهُدًى وَرَحْمَةً لِّقَوْمٍ يُؤْمِنُونَ အရာခပ်သိမ်းတို့ကို အသေးစိတ်ရှင်းလင်းမှုသည်လည်းကောင်း ဟူ၍ဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ လူသားများ၏ဘာသာရေးတွင် လိုအပ်သော အရာရာတိုင်း၏ အသေးစိတ်များ ဤကုရ်အာန်ကျမ်းတော်မြတ် တွင်ပါရှိသည်။ ထို့ပြင် အခြားနယ်ပယ်များ ဖြစ်သော အိဗာဒတ် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်း၊ အရောင်းအဝယ်၊ အပေးအယူကိုယ်ကျင့်တရားများ၊ လူမှုဆက်ဆံရေး၊ အစိုးရများ၊ နိုင်ငံရေးများနှင့်အခြားများစွာတို့ပါဝင်သည်။ လူသားဘဝ၏ တစ်ဦးချင်းနှင့် အစုအပေါင်း အနေဖြင့်လည်းကောင်း ပတ်သက်သည့်အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားချက်များအားလုံး ဤကျမ်းထဲတွင် ပါရှိသည်။

ထို့နောက် ကုရ်အာန်ကျမ်းမြတ်တွင် သက်ဝင်ယုံကြည်သူအဖို့ တရားဓမ္မ ညွှန်ကြားမှုသည်လည်းကောင်း၊ ကရုဏာတော်သည် လည်းကောင်း ဖြစ်ချေသတည်းဟု မိန့်ကြားသည်။ ဤနေရာတွင် အီမာန်သက်ဝင်ယုံကြည်သူများဟု ကန့်သတ်ထားရခြင်းမှာ ဤကျမ်းမှ ရသောအကျိုးအမြတ်များသည် သက်ဝင်ယုံကြည်သူများသာ ခံစားရရှိနိုင်သည်။ ပြောရန်မလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် မယုံကြည် သွေဖည်ငြင်းပယ်သူများအတွက်လည်း အသနားကရုဏာနှင့် လမ်းညွှန်မှုဖြစ်သော်လည်း ၎င်းတို့၏ မှားယွင်းစွာလုပ်ဆောင်မှုနှင့် အမိန့်ဖီဆန်မှုကြောင့် ဤအသနားကရုဏာတော်နှင့် လမ်းညွှန်မှုမှာ သူတို့အတွက် ဝန်လေးစေကာ ၎င်းတို့အတွက် မကောင်းကျိုး ဖြစ်သွားစေပါသည်။

ရှိုက်ခ်အဗ်အလ်မန်စူရ်က စူရတ်ယူစုဖ်တစ်ခုလုံးနှင့် ယင်းထဲတွင် ဖော်ပြထားသည့် စိုက်ယိဒိနာ ယူစုဖ်ﷺ၏ အကြောင်းအရာများအားလုံး၏ ရည်ရွယ်ချက်မှာ တမန်တော်မြတ်ﷺကို နှစ်သိမ့်ရန်ဖြစ်သည်ဟု ပြောခဲ့သည်။ တမန်တော်မြတ်ﷺသည် သူ့လူများလက်တွင် ဒုက္ခသုက္ခများခံစားခဲ့ရခြင်းမှာ လွန်လေပြီးသောတမန်တော်များ၏ ကံကြမ္မာအတိုင်း ဖြစ်ရခြင်းဖြစ်ကြောင်း ပြောပြရန်ဖြစ်သည်။ သို့ရာတွင် အဆုံး၌ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များကို ကျော်လွှား အောင်မြင်စေခဲ့ပါသည်။ ထို့နောက် ကိုယ်တော်မြတ်ﷺ၏ကိစ္စတွင်လည်း ဤသို့ပင် ကျော်လွှားဖြတ်သန်းနိုင်ပါလိမ့်မည် ဟူ၍ဖြစ်သည်။

စူရတ်ယူစုဖ် အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးသည်။
၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက် (တနင်္ဂနွေနေ့)
၁၄၃၂ ခုနှစ် ဇုလ်ဟိဂ္ဂျရာ် ၁၇ရက်နေ့



سُورَةُ الرَّعْدِ



ခရာ်ရအ်ဒ်

r;cs*e;o u@



စူရဟ်ရအ်ဒ်
(မိုးချုန်းသံကဏ္ဍာ)
စူရဟ်ရအ်ဒ်သည် မက္ကဟ်စူရဟ်ဖြစ်သည်။
ယင်းစူရဟ်သည် အဝိုဒ်(၆)ဝိုဒ်ပါရှိပြီး အာယသ်တော်(၄၃)အာယသ်တော်ရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ
မပြတ်မစဲ အစဉ်အမြဲသနားကြင်နာညှာတာတော်မူသော အနန္တကရုဏာရှင် ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။
အာယသ် (၁-၄)

الٓمّٓرٰ ۚ تِلۡكَ اٰيٰتُ الۡكِتٰبِ ؕ وَ الَّذِىۡۤ اُنۡزِلَ اِلَيۡكَ مِنۡ رَّبِّكَ الۡحَـقُّ وَ لٰـكِنَّ
اَكۡثَرَ النَّاسِ لَا يُؤۡمِنُوۡنَ ﴿۱﴾ اَللّٰهُ الَّذِىۡ رَفَعَ السَّمٰوٰتِ بِغَيۡرِ عَمَدٍ
تَرَوۡنَهَا ثُمَّ اسۡتَوٰى عَلَى الۡعَرۡشِ وَ سَخَّرَ الشَّمۡسَ وَ الۡقَمَرَ ؕ كُلٌّ يَّجۡرِىۡ لِاَجَلٍ
مُّسَمًّى ؕ يُدَبِّرُ الۡاَمۡرَ يُفَصِّلُ الۡاٰيٰتِ لَعَلَّكُمۡ بِلِقَآءِ رَبِّكُمۡ تُوۡقِنُوۡنَ ﴿۲﴾
وَ هُوَ الَّذِىۡ مَدَّ الۡاَرۡضَ وَ جَعَلَ فِيۡهَا رَوَاسِىَ وَ اَنۡهٰرًا ؕ وَ مِنۡ كُلِّ الثَّمَرٰتِ
جَعَلَ فِيۡهَا زَوۡجَيۡنِ اثۡنَيۡنِ يُغۡشِى الَّيۡلَ النَّهَارَ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ
يَّتَفَكَّرُوۡنَ ﴿۳﴾ وَ فِى الۡاَرۡضِ قِطَعٌ مُّتَجٰوِرٰتٌ وَّ جَنّٰتٌ مِّنۡ اَعۡنَابٍ وَّ زَرۡعٌ وَّ
نَخِيۡلٌ صِنۡوَانٌ وَّ غَيۡرُ صِنۡوَانٍ يُّسۡقٰى بِمَآءٍ وَّاحِدٍ ۫ وَ نُفَضِّلُ بَعۡضَهَا عَلٰى
بَعۡضٍ فِى الۡاُكُلِ ؕ اِنَّ فِىۡ ذٰلِكَ لَاٰيٰتٍ لِّقَوۡمٍ يَّعۡقِلُوۡنَ ﴿۴﴾

အလစ်ဖ်၊ လာမ်၊ မီမ်၊ ရာ။ ဤသည်တို့ကား (ထွတ်မြတ်လှစွာသော ကုရ်အာန်) ကျမ်းတော်မြတ်၏ ဒေသနာတော်များပင်တည်း။ စင်စစ်မူကား အသင့်ထံ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်အထံတော်မှ ကျရောက်လာ သော တရားတော်များသည် (လုံး၀) အမှန်ပင် ဖြစ်ချေသည်။ သို့ရာတွင် လူသားတို့အနက် များစွာသော သူများမူကား သက်၀င်ယုံကြည်ကြသည် မဟုတ်ပေ။[၁]

အလွှာဟ်အရှင်မြတ် သည်ပင်လျှင် မိုးကောင်းကင်များကို အသင်တို့ မမြင်နိုင်ကြသော တိုင်များဖြင့် မြင့်စွင့် စေတော်မူခဲ့သောအရှင် ဖြစ်တော်မူပေသည်။ (တစ်နည်း) အသင်တို့တွေ့မြင်ကြသည့်အတိုင်း တိုင်များမပါဘဲ မြင့်စွင့်စေတော်မူခဲ့သောအရှင် ဖြစ်တော်မူပေသည်။ ထို့နောက် ထိုအရှင်မြတ်သည် "အရ်ရှ်" ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူလေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် "သူရိယ"နေကိုလည်းကောင်း၊ လ "စန္ဒာ"ကိုလည်းကောင်း နာခံစေ တော်မူလေသည်။ (ထိုနေနှင့်လသည်) သတ်မှတ်ထားသောအချိန်ကာလတွင် အသီးသီး သွားလာလျက်ပင် ရှိကြကုန်၏။ ထိုအရှင်မြတ်သည် အရေးကိစ္စတို့ကို စီမံခန့်ခွဲတော်မူ၏။ သက်သေလက္ခဏာတော်များကို အသေးစိတ် ရှင်းလင်းတော်မူ၏။ သို့မှသာလျှင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်တွေ့ဆုံခြင်းကို ယုံကြည်ကြရာသတည်း။[၂]

ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင်လျှင် ပထဝီမြေကို ဖြန့် ခင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူပေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည်ပင် ထိုပထဝီမြေ၌ တောင်များကိုလည်းကောင်း၊ ချောင်းမြစ်တို့ကိုလည်းကောင်း ပြုလုပ်ဖန်ဆင်း တော်မူခဲ့၏။ ထို့ပြင် ထိုအရှင်မြတ်သည် ယင်းပထဝီမြေ၌ သစ်သီး၀လံအသီးသီးကို နှစ်မျိုးစီ ဖန်ဆင်းတော်မူခဲ့၏။ ထိုအရှင်မြတ်သည် ညဉ့်ဖြင့်နေ့ကို ဖုံးအုပ်ခဲ့တော်မူ၏။ ဇကန်မလွဲ ဤသည်တို့၌ စဉ်းစားဆင်ခြင်ကုန်သောသူတို့အဖို့အမှန်ပင် သက်သေ လက္ခဏာများသည်ရှိချေသတည်း။[၃]

၎င်းပြင် ပထဝီမြေ၌ တစ်ခုတည်းသောရေကို သွင်းပေးခြင်းခံရသော နီးကပ်စွာရှိသော မြေကွက်များသည်လည်းကောင်း၊ စပျစ်ခြံများ သည်လည်းကောင်း၊ လယ်ယာများသည်လည်းကောင်း၊ အမြေတစ်ခုတည်းမှ တစ်ပင်မက ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း၊ အမြေတစ်ခုမှ တစ်ပင်စီ ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်းရှိသည်။ သို့ပါလျက် ဤအရှင်မြတ်သည် အသီးများတွင် ၎င်းတို့အနက် အချို့ကိုအချို့ထက် ထူးကဲစေတော်မူ၏။ ဇကန်အမှန် ဤသူတို့၌ နားလည်ကြသူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင်ရှိကြပေသတည်း။ [၄]

အကျယ်ဖွင့်ဆိုခြင်း

ဤစူရဟ်သည် မက္ကီစူရဟ်ဖြစ်ကာ အာယသ်တော် (၄၃)အာယသ်ပါ၀င်ပါသည်။ ဤစူရဟ်တွင် အမှန်တရား ကုရ်အာန်ကျမ်းတော်မြတ် စစ်မှန်ခြင်း၊ သောင်ဟီးဒ်(အလွှာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်း၊ ရိစာလသ် (တမန်တော်ဖြစ်ခြင်း) စသည့်အကြောင်းအရာများနှင့် ယင်းနှင့်ပတ်သက်သော ဒွိဟသံသယများအား ပြောကြားထားမှုကို

ဖော်ပြထားသည်။

ပထမအက္ခရာစုဖြစ်သော الٓمٓرٰ (အလစ်ဖ်၊ လာမ်၊ မီမ်ရာ) ဟူသော အက္ခရာများသည် သီးခြားအက္ခရာ (အလ်ဟုရုဖ် အလ်မုကတ်တွအဟ်)ဖြစ်ကာ ယင်းတို့၏အဓိပ္ပာယ်ကို အလ္လာဟ်တအာလာ တစ်ပါးတည်းသာ သိရှိတော်မူပါသည်။ ယင်းတို့အဓိပ္ပာယ်ကို အုပ္မသ်ထုသည် ယင်းတို့နှင့်ပတ်သက်၍ စူးစမ်းလေ့လာခြင်း လုပ်ခြင်းကား မလျော်ကန် မသင့်မြတ်ပါ။

ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်၏ မုကျွပါဋ္ဌတော်ဖြစ်ကြောင်းနှင့် ယင်းသည် မှန်ကန်သည်ဆိုကြောင်း ပထမအာယသ်တော်ထဲတွင် မိန့်ထားပါသည်။ الكتاب (အလ်ကိတာဗ်၊ ကျမ်းတော်)ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ၎င်းပြင် ဆက်လက်ဖော်ပြထားသည့် အသုံးအနှုန်း الَّذِيٓ أَنزَلَ إِلَيۡكَ مِن رَّبِّكَ စင်စစ်မှာမူကား အသင့်ထံ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကျရောက်လာသော တရားတော်ဆိုသည်ကလည်း ကုရ်အာန်ကျမ်းတော်မြတ်ကိုပင် ဆိုလိုနိုင်ပါသည်။ သို့ရာတွင် စကားဆက် (အလ်လဇီ الَّذِيٓ) မှ၊ و(ဝေါင်)ကို ၎င်းနောက်ဟု ဘာသာပြန်ထားပါသည်။) အရာ الكتاب (အလ်-ကိတာဗ် ကျမ်းစာ)နှင့် الَّذِيٓ أَنزَلَ إِلَيۡكَ အသင့်ထံ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ ကျ ရောက်လာသော တရားတော်တို့သည် သီးသန့်အရာနှစ်ခုဖြစ်သွားပါလိမ့်မည်။ သို့ဆိုပါလျှင် အလ်ကိတာဗ် (သို့မဟုတ်)ကျမ်းတော်ဆိုသည်က ကုရ်အာန်ကျမ်းတော်မြတ်ကို ဖော်ကျူးနိုင်ကာ الَّذِيٓ أَنزَلَ إِلَيۡكَ အသင့်ထံ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကျရောက်လာသော တရားတော်ဟူသည်က တမန်တော်မြတ်ﷺပေါ်သို့ ကုရ်အာန်ကျမ်းတော်မြတ်နှင့်ပတ်သက်သော ဝဟီမဟုတ်မူဘဲ အခြားသော ကိစ္စနှင့် ပတ်သက်သော ဝဟီဖြစ်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺအပေါ်သို့ ကျရောက်သော ဝဟီများသည် ကုရ်အာန်ကျမ်းတော်မြတ်အတွက်သာ ကန့်သတ်ထားသည် မဟုတ်သည်ဆိုကြောင်း ပြောစရာပင်မလိုပါ။ ကုရ်အာန် ကျမ်းတော်မြတ်ထဲ၌ وَمَا يَنطِقُ عَنِ الۡهَوٰى ۝ إِنۡ هُوَ إِلَّا وَحۡىٌ يُوحَىٰ တို့မှတစ်ပါး ထိုအဖော် (တမန် တော်မြတ် မုဟမ္မဒ်)သည် (မိမိ) စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ၊ ယင်းပြောဆိုမှုကား (အလ္လာဟ် အရှင်မြတ် အထံတော်မှ) ထုတ်ပြန်သော ထုတ်ပြန်ချက်သာလျှင် ဖြစ်ပေသည်(၅၃း၃-၄) ဟူ၍ မိန့်ထားသည်။ တမန်တော်မြတ်ပါ အမိန့်များအပြင် အခြားသောအမိန့်များလည်းပေးပို့ခဲ့ရာ၌ ယင်းပေးပို့မှုသည် အလ္လာဟ်အရှင်မြတ်ထံတော် မှအပ မည်သူထံကမျှမဖြစ်ကြောင်း သက်သေပြပါသည်။ ထိုနှစ်မျိုးနှစ်စားတို့၏ တစ်ခုတည်းသော ခြားနားချက်မှာ၊ ကုရ်အာန်ကျမ်းတော်မြတ်ပါအမိန့်များကို ဖတ်ရွတ်သရဇ္ဈာယ်ခြင်း (မသ်လူန်)ဖြစ်ကာ အခြားသော အမိန့်များမှာမူ ဖတ်ရွတ်သရဇ္ဈာယ်မှုမလိုသော (ဂိုင်ရ်မသ်လူန်)ဖြစ်ပါသည်။ ဤခြားနားမှု၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော ရည် ရွယ်ချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါစကားလုံးများနှင့် အဓိပ္ပာယ် နှစ်ခုစလုံးသည် အလ္လာဟ် အရှင်မြတ်အထံတော်မှ ဖြစ်သည်။ ဟဒီးဆ်ပါ တမန်တော်မြတ်ﷺချပေးသော လုပ်ဆောင်မှုဆိုင်ရာ ဥပဒေများ (အဟ်ကာမ်)များအပြင် ကုရ်အာန်ကျမ်းမြတ်ပါဥပဒေများ၏ အဓိပ္ပာယ်တို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သော်လည်း စကားလုံးများသည် တမန်တော်မြတ်ﷺ၏ စကားလုံးများဖြစ်သည်။ ထို့ကြောင့် ယင်းသည်တို့ကို ဆွလာသ်ဝတ်ပြုမှုအတွင်းတွင် ဖတ်ရွတ်ခြင်းမပြုနိုင်ပါ။

ထို့ကြောင့် အာယသ်တော်က ဆိုလိုသည်မှာ တမန်တော်မြတ်ﷺအပေါ်သို့ ချပေးသော ကုရ်အာန်ကျမ်းတော်မြတ်နှင့် ယင်းကျမ်းပါ အမိန့်ပညတ်ချက်အားလုံးတို့သည် မှန်ကန်ပြီး ယင်းတို့နှင့် ပတ်သက်၍ သံသယဖြစ်စရာမရှိပါ။ သို့ရာတွင် များစွာသော လူများသည် သောကနှင့် တင်ကြိုစဉ်းစားမှု မရှိသောကြောင့် သူတို့သည် ယင်းတို့ကို

မယုံကြည်ပါ။

အလ္လာဟ်သအာလာ တည်ရှိတော်မူခြင်းနှင့် ထိုအရှင်သည် တစ်ပါးတည်းဖြစ်တော်မူကြောင်းကို ဒုတိယ အာယသ်ထဲ၌ အလေးအနက် ပြုထားပါသည်။ သက်သေပြချက်များ ထင်ထင်ရှားရှား ပြသထားသည်။ ဖန်ဆင်းထားသမျှတို့ကို ကြည့်ရှုကာ ဖန်ဆင်းထားသည်တိုင်း၏ အနှိုင်းမဲ့ကျွမ်းကျင်မှုကို စဉ်းစားကြည့်ပါ။ ထိုအရာများကို ပြုလုပ်သောသူ၌ အရာရာတိုင်းအပေါ်၌ အကြွင်းမဲ့တန်ခိုး တော်ရှိတော်မူသော အရှင်ဖြစ်ပြီး ထိုအရှင်သည် စကြဝဠာအတွင်းရှိ ဖန်ဆင်းခံအားလုံးတို့၏ အရှင်သခင်အဖြစ် ထိန်းချုပ်တော်မူသည်ဟူ၍သာ တစ်စုံတစ်ဦး ကောက်ချက်ချနိုင်ပါလိမ့်မည်။

اَللّٰهُ الَّذِیْ رَفَعَ السَّمٰوٰتِ بِغَیْرِ عَمَدٍ تَرَوْنَهَا

အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် မိုးကောင်းကင်များကို (အသင်တို့မမြင်နိုင်သော တိုင်များဖြင့် မြင့်စွင့်စေတော်မူခဲ့သော အရှင်ဖြစ်တော်မူပေသည်) ဟူ၍ မိန့်ကြားထားသည်။

မိုးကောင်းကင်အား မြင်တွေ့ရာ၌

ကျွန်ုပ်တို့ မြင်တွေ့ရသော မိုးကောင်းကင်၏အရောင်သည် အပြာရောင်ဟု ယေဘုယျ ပြောကြပါသည်။ သို့ရာတွင် ရူပဗေဒပညာရှင်များက ကျွန်ုပ်တို့ ထိုကဲ့သို့မြင်တွေ့ရခြင်းသည် အလင်းနှင့်အမှောင် ရောထွေးခြင်းကြောင့် ဖြစ်သည်ဟု ပြောကြပါသည်။ အောက်တွင် ကြယ်တာရာများ၏အလင်းရောင်ရှိပြီး အထက်တွင် အမှောင်ထု ရှိပါသည်။ ရလဒ်အနေဖြင့် ကြည့်ရှုသူအား အပြာရောင် မြင်စေပါသည်။ ရေနက်ရှိုင်းသောနေရာတွင် အလင်းရောင်ပြန်မှုကြောင့် အပြာရောင်မြင်ရခြင်းနှင့် အလားတူပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များထဲ၌ မိုးကောင်းကင်ကို ကြည့်ရှုမြင်တွေ့ရခြင်းအကြောင်းကို ဖော်ပြထားပါသည်။ လက်ရှိအာယသ်တော်ထဲတွင် تَرَوْنَهَا အသင်တို့သည် (ထို မိုးကောင်းကင်များကို) မြင်ကြကုန်၏ (၁၃း၂) ဟူ၍ မိန့်ထားသည်။ ၎င်းပြင် စကားလုံးများသည် အခြားအာယသ် وَإِلَى السَّمَآءِ كَيْفَ رُفِعَتْ ထိုနည်းတူစွာ မိုးကောင်းကင်သည် အဘယ်ကဲ့သို့ မြင့်စွင့်စေခြင်းကို ခံခဲ့ရသည်ကိုလည်းကောင်း (၈၈း၁၈) ဟူ၍ မိန့်ထားသည်။ ဦးစွာပထမအနေဖြင့် ရူပဗေဒပညာရှင်များ၏ သိပ္ပံနည်းဖြင့် တွေးတောဆင်ခြင်မှုသည် ဤသည်ကို မဆန့်ကျင်ပါ။ အဘယ်ကြောင့်ဆိုသော် မိုးကောင်းကင်သည် အပြာရောင် (သို့မဟုတ်) အခြားသော အရောင်ဖြစ်နိုင်ပါသည်။ သို့ရာတွင် အပြာရောင်အဖြစ်မြင်တွေ့ရခြင်းသည် နောက်တွင်ရှိသော အမှောင်ထုနှင့်အကြားတွင်ရှိ အလင်းတို့ရောထွေးခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် မိုးကောင်းကင်၏အရောင်သည် လေထု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် ဆိုကြောင်းကို ငြင်းပယ်၍ မရနိုင်သည်ကို ခိုင်လုံသော သက်သေပြချက် တို့ဖြင့် အထောက်အကူ ပြုထားပါသည်။ ထို့နောက် ဖြစ်နိုင်သည်မှာ ကုရ်အာန်ကျမ်းတော် မြတ်ထဲ၌ မိုးကောင်းကင်အား မြင်တွေ့ရခြင်းဟူသော အသုံးအနှုန်းသုံးစွဲထားခြင်းသည် မိုးကောင်းကင်တည်ရှိခြင်းကို အတည်ပြုရန် ရည်စူး၍ တရားဝင်အရသော် လည်းကောင်း တင်စား၍သော်လည်းကောင်း သုံးစွဲထားပါသည်။ ယတိပြတ်အချေအတင်ပြောဆိုမှု တို့အရ တည်ရှိသည့် အတိုင်း မြင်တွေ့ရသည်ကို သက်သေပြပြီး ဖြစ်ပါသည်။ (ရူဟုလ်မအာနီ)

ထိုသည်၏နောက် ثُمَّ اسْتَوٰى عَلَى الْعَرْشِ ထို့နောက် ထိုအရှင်မြတ်သည် အရှ်ရှ်ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူလေသည် ဟူ၍ မိန့်ထားသည်။

ဤကဲ့သို့သော တန်ခိုးတော်၏ ပလ္လင်ထက်တွင် စံမြန်းခြင်း အနေအထားဆိုသည်မှာ လူသားများ၏တွေးတောဆင်ခြင်မှုဖြင့် သိနိုင်စွမ်းမရှိချေ။ ယင်းကို နားလည်သဘောပေါက်ရန်မှာလည်း မဖြစ်နိုင်ချေ။ ဤနေရာပါ အရ်ရှ် (သို့မဟုတ်) ပလ္လင်ပေါ်၌ စံမြန်းခြင်း (သို့မဟုတ်) အိစ်သိဝါဟုခေါ်သော ဤအနေအထားမှာ အလ္လာဟ်အရှင်မြတ်နှင့် လိုက်

လျောညီထွေသော အဆင့်အတန်းဟု သက်ဝင်ယုံကြည်လိုက်သည်နှင့် လုံလောက်ပေသည်။ ဤနေရာ၌ ထိုသို့ပင် ဆိုလိုထားသည်။

နောက်ဝါကျ وَسَخَّرَ الشَّمْسَ وَالْقَمَرَ ۖ كُلٌّ يَجْرِي لِأَجَلٍ مُسَمًّى "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် သူရိယနေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း နာခံစေတော်မူလေသည်။ (ထိုနေနှင့်လသည်) သတ်မှတ်ထားသော အချိန်ကာလတွင် အသီးသီးသွားလာလျက်ပင် ရှိကြကုန်၏" ထဲရှိ နာခံစေတော်မူလေသည်ဟု ဘာသာပြန်ထားသည့် سَخَّرَ ဟူသော စကားလုံးက ဆိုလိုသည်မှာ ထိုနေနှင့်လ နှစ်ခုစလုံးသည် ၎င်းတို့လုပ်ဆောင်ရန် တာဝန်ပေးထားသည်ကို မရပ်မနား လုပ်ဆောင်နေသည်ဟု ဆိုလိုသည်။ နှစ်ပေါင်းထောင်ပေါင်းများစွာ ကြာညောင်းခဲ့သော်လည်း ၎င်းတို့၏ ရွေ့လျားမှုတွင် အတိုးအလျော့မရှိသကဲ့သို့ မည်သည့်အခါတွင်မျှလည်း မောပန်းနွမ်းနယ်သည် မရှိချေ။ ထို့ပြင် ၎င်းတို့အား လုပ်ဆောင်ရန် စီမံထားသည်များနှင့် ဆန့်ကျင်၍ မည်သည့်အခါမျှ မလုပ်ခဲ့ချေ။ ၎င်းတို့၏ သတ်မှတ်ထားသော အချိန်ကာလဟူသည်က ၎င်းတို့နှစ်ခုစလုံးသည် သတ်မှတ်ထားသည့် အချိန်ကာလဆိုသည်မှာ ကျွန်ုပ်တို့ ထိတွေ့နေရသော ဤကမ္ဘာတစ်ခုလုံးအတွက် သတ်မှတ်ထားသော ကိယာမသ်နေ့(သို့မဟုတ်) ကမ္ဘာပျက်သည့်နေ့ထိ ဖြစ်သည်ဟုလည်း ဆိုနိုင်သေးသည်။ သတ်မှတ်ထားသည့်အချိန်ရောက်လျှင် ၎င်းတို့၏စနစ်တစ်ခုလုံးသည်လည်း အဆုံးသတ်သွားပေလိမ့်မည်။

ထို့ပြင် ယင်းက ဆိုလိုနိုင်သေးသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဂြိုဟ်တိုင်းအတွက် ပတ်လမ်းနှင့်သီးသန့် အမြန်နှုန်းတစ်ခု သတ်မှတ်ထားသည်။ ထိုအရာများသည် သတ်မှတ်ထားသော ပတ်လမ်းနှင့် သတ်မှတ်နှုန်းဖြင့် ရွေ့လျားနေကြသည်။ လစန္ဒာသည် ၎င်း၏ပတ်လမ်းကို တစ်လကြာမှ ပြီးမြောက်သကဲ့သို့ သူရိယနေသည် တစ်နှစ်ကြာမှ ပတ်လမ်းပြီးမြောက်သည်။

ဤကြီးမားသောဂြိုဟ်များ ရှိနေခြင်းသည်ပင်လျှင် မုချဖေကန် တွေးဆမရနိုင်ချေ။ ထို့နောက် အံ့သြစရာကောင်းသည်မှာ ၎င်းတို့၏ အမှားကင်းသောလုပ်ငန်းစဉ်၏ ထူးခြားမှုပင်ဖြစ်သည်။ ဤတွင် ထိုအရာများသည် သီးခြားပတ်လမ်းပေါ်တွင် သီးခြားအရှိန်ဖြင့် တိတိကျကျနှင့် ပြည့်ပြည့်ဝဝဖြင့် နှစ်ထောင်ပေါင်းများစွာ ရွေ့လျားလျက်ရှိသည်။ ၎င်းတို့အား ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများသည် ပြုန်းတီး၍ စားသွားခြင်း၊ ကျိုးပဲ့ခြင်း မရှိသကဲ့သို့ ယင်းတို့ကို ဆီထိုးပေးရခြင်း၊ ပြုပြင်မွမ်းမံပေးရခြင်း လုပ်ရန်မလိုချေ။ ကျွန်ုပ်တို့ခေတ်၏ လူသားများ၏ နည်းပညာဆိုင်ရာတွင် သိပ္ပံတိုးတက်မှုများကို စဉ်းစားကြည့်ပါ။ ဤပုံစံနှင့်ယှဉ်နိုင်သော မည်သည့်လူသား၏ တီထွင်မှု ရှိနိုင်ပါသနည်း။ ဤကမ္ဘာတွင် လူသားများ၏တီထွင်မှုသည် အထွဋ်အထိပ်ရောက်သည့်တိုင် အထက်ပါဖန်ဆင်းထားမှု၏အပုံတစ်ထောင်ပုံတစ်ပုံနှင့်ပင် နှိုင်းယှဉ်မရချေ။ ဤသဘာဝ၏ကြီးမားသောစနစ်သည် အလွန်ကျယ်လောင်၍ အလွန်ရှင်းလင်းသော သတင်းစကားတစ်ခု ပေးနေသည်။ ဤသတင်းစကားက ကျွန်ုပ်တို့ကို ပြောသည်မှာ ဤစနစ်ကို ပြုလုပ်လူပ်ရှားစေကာ ထိန်းသိမ်းထားသည့်အရှင်တစ်ပါးရှိ၍ ထိုအရှင်သည် လူသားတို့အသိဉာဏ်နှင့် သိမြင်နိုင်စွမ်းတို့ လက်လှမ်းမမီသည်တွင် ရှိသည်။

စင်စစ်တွင် အလ္လာဟ်အရှင်မြတ်သည်သာလျှင် လူသားများ၏ကိစ္စရပ်များ လုပ်ဆောင်စေတော်မူသော အရှင် ဖြစ်တော်မူ၍ လူသားသည် အမည်ခံသက်သက်မျှသာ ဖြစ်သည်။

ယင်းနောက် يُدَبِّرُ الْأَمْرَ ထိုအရှင်မြတ်သည် အရေးကိစ္စများကို စီမံခန့်ခွဲတော်မူသည်ဟူသော အနှစ်ချုပ် တန်ခိုးတော်ကို ဖော်ပြထားသည်။ အကယ်၍ လူသည် မိမိအတွက် ၎င်းလုပ်ခဲ့သော ကိစ္စပြီးမြောက်ခဲ့သည့် နည်းလမ်းများအပေါ် ကျေနပ်ခဲ့စေသောသူတစ်ဦးသည် မျက်စိဖွင့်ကြည့်မည်ဆိုလျှင် သူ၏အကြံအစည်များနှင့် လုပ်ဆောင်ချက်များသည် အရာဝတ္ထုများကို မဖန်ဆင်းနိုင်သကဲ့သို့ ယင်းကိုမလုပ်နိုင်ကြောင်း သိရှိပါလိမ့်မည်။ သူ၏ကြိုးပမ်းမှုများနှင့် လုပ်ဆောင်မှုများအားလုံး၏ ရလဒ်မှာ အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူခဲ့သည်တို့ကို မည်သို့ အကောင်းဆုံး အသုံးပြုရမည်ကို လေ့လာခြင်းထက် မပိုချေ။

ထို့အပြင် စကြဝဠာလုံးဆိုင်ရာ လုပ်ဆောင်နိုင်သည့် စနစ်၏ထိန်းချုပ်မှုသည်ပင်လျှင် လူသားများ၏ လုပ်ဆောင်နိုင်မှုအစွမ်း၏ နယ်နိမိတ်အပြင်ဘက်တွင် ရှိပေသည်။ အကြောင်းမှာ လူသားများသည် သူကဲ့သို့သော အခြားရာပေါင်းထောင်ပေါင်းများစွာသော လူများ၊ တိရစ္ဆာန်များနှင့် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းတော်မူသည့် သက်ရှိသက်မဲ့များစွာအပေါ် မှီခိုနေသည်။ ထိုအရာများသည် ၎င်းတို့၏ အကြံအစည်များနှင့် ကြိုးပမ်းမှုများကြောင့် ၎င်းတို့၏လုပ်ငန်းရပ်များ မလုပ်ဆောင်နိုင်ကြပါ။ ဤသည်မှာ အလ္လာဟ်အရှင်မြတ် တန်ခိုးတော်၏ လုပ်ဆောင်မှု ဖြစ်သည်။ ယင်းလုပ်ဆောင်မှုက အရာရာတိုင်းကို သံကြိုးသဖွယ် တစ်ခုနှင့်တစ်ခု ဆက်ဆံစေ၍ ဆန္ဒရှိသော လုပ်ဆောင်မှုကို လုပ်ဆောင်သွားစေပါသည်။ အိမ်တစ်လုံး သင်ဆောက်မည်ဆိုလျှင် သင်သည် ဗိသုကာမှစ၍ တည်ဆောက်သူ၊ အချောကိုင်သူစသော သင့်အား အလုပ်အကျွေးပြုမည့်သူများကို ရှာဖွေကာ ၎င်းတို့၏ကျွမ်းကျင်သော လုပ်ဆောင်မှုနှင့် လက်မှုအတတ်ပညာများအားလုံး စုစည်းကာ သင့်ဆန္ဒကို ဖြည့်ဆည်းစေရပါမည်။ သင်သည် ဆောက်လုပ်ရေး ပစ္စည်းပစ္စယများကို လိုအပ်သည်။ ထိုပစ္စည်းများကို စတိုးနှင့်ဆိုင်ကြီးများတွင် ဖြည့်တင်းထားကာ သင်လိုသောအခါ အသင့်ထုပ်ပေးရန် အဆင်သင့်ဖြစ်နေသည်။ ဤအရာများအားလုံး စုစည်းရန် လူသားများအားလုံး သင့်ထံအကျိုးဆောင်အမှုထမ်းစေရန်မှာ သင်ကိုယ်တိုင်လုပ် သင် လုပ်နိုင်သလား။ ဤနေရာတွင် သင့်ပုဂ္ဂိုလ်ရေး ဥပမာမှ စွန့်ခွာကြည့်ကြစို့။ အကြောင်းမှာ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှာရှိ အင်အားအကြီးဆုံး၏ အကြီးဆုံးသော အစိုးရပင်လျှင် ဥပဒေအာဏာဖြင့် ဤစနစ်ကို အသက်ဝင်တည်ရှိအောင် မလုပ်ဆောင်နိုင်ပါ။ အမြဲသက်ဝင်နေသည် စကြဝဠာစနစ်၏ ထောက်ပံ့ပို့ဆောင်ရေး၏ ဖွဲ့စည်းမှုသည် ထာဝရရှင်သန်၍ ကိုယ်တိုင် ကျွေးမွေးထောက်ပံ့တော်မူကာ အားလုံးကို ထောက်ပံ့ကျွေးမွေးတော်မူသော (အလ်ဟိုင်း၊ အလ်ကိုက်ယွမ်)၏ လုပ်ဆောင်ချက်သာလျှင် ဖြစ်သည်ဆိုသည်မှာ သံသယဖြစ်ဖွယ် မရှိချေ။ အကယ်၍ လူသားများက ဤသည်များသည် လူသားများ၏အကြံအစည်နှင့်လုပ်ဆောင်မှုများကြောင့် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာ ပြောဆိုနေသေးလျှင် ယင်းသို့ပြောဆိုခြင်းမှာ မသိနားမလည်ခြင်းမှအပ အခြားမဟုတ်ပြီ။

အာယသ်၏နောက်ဝါကျမှာ يُفَصِّلُ الْآيَاتِ "သက်သေလက္ခဏာများကို အသေးစိတ် ရှင်းလင်းမိန့်ကြားတော်မူ၏ဖြစ်သည်။ ယင်းကဆိုလိုနိုင်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော်များ၏ အသေးစိတ်ကို အလ္လာဟ်အရှင်မြတ်က ချပေးတော်မူခဲ့သည်။ တမန်တော်မြတ် ﷺ မှတစ်ဆင့် ထိုအသေးစိတ်များကို ရှင်းလင်းပြသတော်မူခဲ့သည်။

ထို့ပြင် الْآيَاتِ (အလ်အာယသ်)ဟူသော စကားလုံးက မိုးကောင်းကင်နှင့် ကမ္ဘာမြေတွင် ပြန့်ကြဲနေသော အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံဆုံးသော တန်ခိုးတော်၏သက်သေလက္ခဏာများကိုလည်း ဆိုလိုနိုင်သေးသည်။

လူသားများ တည်ရှိခြင်းသည်ပင်လျှင် ယင်းလက္ခဏာများ ရှိကြသည်။ ယင်းတို့မှာ နေရာတိုင်းအချိန်တိုင်းတွင် လူသားများ မျက်စိအောက်တွင် ရှိနေသည်။ များများနှင့် ရှင်းရှင်းလင်းလင်း ရှိပါသည်။

ဤအာယသ်တော်၏နောက်ဆုံး ဝါကျထဲ၌ لَعَلَّكُمْ بِلِقَآءِ رَبِّكُمْ تُوقِنُونَ "သို့မှသာလျှင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်နှင့် တွေ့ဆုံခြင်းကို ယုံကြည်ကြရာသတည်း" (၁၃း၂)ဟူ၍ မိန့်ထားသည်။ ဤသည်က ဆိုလိုသည်မှာ အလ္လာဟ်တအာလာသည် ဤစကြဝဠာတစ်ခုလုံးနှင့် ယင်း၏အံ့သြဖွယ်ရာ လုပ်ဆောင်မှုစနစ်ကို စတင်ဖန်ဆင်းကာ သက်ဝင်လှုပ်ရှားစေပါသည်။ သို့မှသာ အသင်သည် ဤအကြောင်းအရာကို စဉ်းစားဆင်ခြင်ပြီးသည့်နောက်တွင် နောင်တမလွန် အာခီရသ်နှင့်ကိယာမသ် (ကမ္ဘာပျက်မည့်)နေ့နှင့်ပတ်သက်၍ ယုံကြည်ကာ သေချာသွားစေပါသည်။ အကြောင်းမှာ အသင်သည် ဤစကြဝဠာတစ်ခုလုံးနှင့် ယင်း၏အံ့ဖွယ်စနစ်ကို ဖန်ဆင်းမှုအား အသင်စဉ်းစားပြီးသောအခါ အလ္လာဟ်တအာလာသည် နောင်တမလွန်ဘဝ၌ လူသားများအား ပြန်လည်ရှင်ထစေခြင်း ဆိုသည်နှင့်ပတ်သက်၍ အနည်းငယ်မျှ သံသယရှိစရာ မလိုတော့ပါ။ ထင်နောက် ဤကိစ္စသည် အလ္လာဟ်အရှင်၏ တန်ခိုးတော်အရ ဖြစ်သည်ဆိုကြောင်း ကျွန်ုပ်တို့ သိရှိလိုက်သည်နှင့်တစ်ပြိုင်နက် ထင်ပြင် ဤကိစ္စကိုလည်း သူ၏ ဘဝတစ်လျှောက်လုံးတွင် အမှန်ကိုသာပြောဆိုခဲ့သည်ဟု တစ်ကမ္ဘာလုံးက လက်ခံပြီးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးက တင်ပြထားခဲ့သောကြောင့် ဤကိစ္စသည် အစစ်အမှန်ဖြစ်ကြောင်း၊ အမှန်ဖြစ်ကြောင်းနှင့် သက်သေပြပြီးဖြစ်ကြောင်းတို့ကို သံသယ ဖြစ်စရာမလိုပါ။

နောက်အာယသ်(၃)ထဲ၌ وَهُوَ الَّذِي مَدَّ الْأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا "ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင်လျှင် ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့သော အရှင်ဖြစ်တော်မူပေသည်။ ထင်ပြင် ထိုအရှင်မြတ်သည်ပင် ထိုပထဝီမြေ၌ တောင်များကိုလည်းကောင်း၊ ချောင်းမြစ်တို့ကိုလည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏" ဟုမိန့်ကြားခဲ့သည်။ ပထဝီမြေကို ဖြန့်ခင်းတော်မူခဲ့သောဟူသော အသုံးအနှုန်းသည် ကမ္ဘာပထဝီမြေကြီးအဝိုင်းသဏ္ဌာန် ရှိခြင်းနှင့် ဝိရောဓိမဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် အလွန်ကြီးမားပြီး အလုံးအဝန်းသဏ္ဌာန်ရှိသော အရာဝတ္ထု၏အစိတ်အပိုင်းတိုင်းတို့သည် ဝိုင်းဟန်ရှိသော်လည်း တစ်ခုစီ၊ တစ်ခုစီကို ကြည့်ခဲ့ပါက ဖြန့်ကျက်ထားသော မျက်နှာပြင်ဖြစ်သွားပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် သာမန်လူတို့အား အရာဝတ္ထုတိုင်းကို ထင်းတို့ မြင်တွေ့ပုံအရ ဦးတည်ပြောကြားထားပါသည်။ သာမန်ဝပြည့်သောသူတစ်ဦး ကမ္ဘာမြေကြီးအား ဖြန့်ကြက်ထားသော မျက်နှာပြင်အဖြစ် ဖြစ်သောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ထိုကဲ့သို့ပင် ဖော်ပြထားပါသည်။ ထို့နောက် ထိုကမ္ဘာပထဝီမြေကြီးအား ချိန်ဆပြီးဖြစ်စေရန်နှင့် အကျိုးကျေးဇူးများဖြင့် ပြည့်နှက်စေရန်အတွက် ယင်းအပေါ်၌ မြင့်မားပြီးလေးလံသော တောင်များထားရှိခဲ့ပါသည်။ဤတောင်များသည်အလေးချိန်နှင့်အချိန်အဆလုပ်ပေးရုံမျှမက ရေများသိုလှောင်၍ဖန်ဆင်းမှုတစ်ခုလုံးအတွက် ရေများဖြန့်ဝေပါသည်။ ဤလုပ်ငန်းစဉ် ပြီးမြောက်အောင် လုပ်ဆောင်နိုင်စေရန်အတွက် ထင်းတို့၏ တောင်ထိပ်များပေါ်၌ တွေးတောမှန်းဆ၍မရနိုင်လောက်သော ရေများကို ခဲနေသောပင်လယ်အသွင်ဖြင့် သိမ်းဆည်းထားကြပါသည်။ ဤနှင်းများထဲ ဖြန့်ဝေရန်အတွက် ရေများကို ထိန်းသိမ်းထားရန်အတွက် ကျောက်တုံးကျောက်ခဲတို့ဖြင့် ပြုလုပ်ထားသော ရေလှောင်ကန်များ ထင်းတို့အထက်တွင်လည်း မရှိပါ၊ ထင်းတို့အောက်တွင်လည်း မရှိပါ။ ထိုကဲ့သို့ သိမ်းဆည်းထားသော ရေတို့သည် ညစ်ညမ်းခြင်း၊ ပုပ်သိုးခြင်း မဖြစ်ပါ။ တစ်ကမ္ဘာလုံးအား ရေများဖြန့်ဖြူးနိုင်စေရန်အတွက် သဘာဝသည် မြေကြီးထဲ၌ ပိုက်များရှိပါသည်။ တစ်နေရာတွင် ဤပိုက်ထဲမှ ရေများသည် မြစ်များ၊ ထင်းတို့၏ မြစ်လက် တက်များအဖြစ် ပေါ်ထွက်စေပါသည်။ အခြားနေရာများတွင် ဤပိုက်လိုင်းများထဲတွင် သိုမှီးထားသောရေများကို ရရှိစေရန်အတွက် ရေတွင်းများတူးကာ ရရှိစေပါသည်။

အာယသ်(၃)၏နောက်ဝါကျထဲ၌ وَمِنْ كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ "ထို့ပြင် ထိုအရှင်မြတ်သည် ယင်း ပထဝီမြေ၌ သစ်သီးဝလံအသီးသီးကို နှစ်မျိုးစီ ဖန်ဆင်းတော်မူခဲ့၏" (၁၃း၃) ဟု မိန့်ကြားထားသည်။ ယင်းက ဆိုလိုသည်မှာ အလ္လာဟ်တအာလာသည် ဤ ကမ္ဘာပထဝီမြေကြီးမှ အမျိုးအစားများစွာသော သစ်သီးဝလံများကို ဖန်ဆင်းတော်မူခဲ့ကာ တစ်မျိုးစီတို့အား အကြီးနှင့် အငယ်၊ အနီနှင့်အဖြူ။ အချိုနှင့်အချဉ်ဟူ၍ နှစ်မျိုးစီ ဖန်ဆင်းတော်မူခဲ့လေသည်။ (ဇောင်ဂျိုင်း အတွဲလိုက်)ဟူသည်၏ အဓိပ္ပာယ်သည် နှစ်ခုဟုကန့်သတ်ထားသည်မဟုတ်ပါ။ ယင်းကများစွာသော အမျိုးအစားတို့ကို ရည်ညွှန်းကာ ၎င်းတို့၏အနည်းဆုံးအရေအတွက်သည် နှစ်ခုဖြစ်ပါသည်။ ထို့ကြောင့် နှစ်ခုတွဲများ ဟုခေါ်ဆိုထားပါသည်။ ၎င်းနောက် အတွဲဆိုသည်က အဖိုနှင့်အမကို ရည်ညွှန်းကြောင်း ဖြစ်နိုင်ချေမရှိပါ။ ကျွန်ုပ်တို့သိရှိသည့်အတိုင်း များစွာသော သစ်ပင်များတွင် အဖိုနှင့်အမရှိကြပါသည်။ ပမာဆိုသော် စွန်ပလွံပင်နှင့် သဘော်ပင်များ ဖြစ်ကြပါသည်။ အခြားသောအပင်များတွင်လည်း ဤကဲ့သို့ အဖိုအမများ ဖြစ်နိုင်ချေရှိသော်လည်း ထင်ရှားသော သုတေသနတို့ဖြင့် သက်သေပြထားခြင်းမရှိသေးပါ။

အာယသ်တော်၏နောက်ဝါကျက يُغْشِي اللَّيْلَ النَّهَارَ "ထိုအရှင်မြတ်သည် ည၌ဖြင့် နေ့ကို ဖုံးအုပ်တော်မူခဲ့၏" ဟူ၍ ကြေညာထားသည်။ ယင်းက ဆိုလိုသည်မှာ၊ အလ္လာဟ်အရှင်သည် နေ့၏အလင်းရောင် ကွယ်ပျောက်သွားသည် နောက်ည၌်ကို ကျရောက်စေသည်။ လင်းဝင်းသည့်အရာတစ်ခုအား အမြင်မှလုံးဝဖုံးကွယ်သွားသကဲ့သို့ ဖြစ်စေပါသည်။

အာယသ်၏နောက်ဆုံးဝါကျ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ ဤသည်တို့၌ စဉ်းစားဆင်ခြင်ကုန်သော သူတို့အဖို့ အမှန်ပင် သက်သေ လက္ခဏာများသည် ရှိချေသတည်း" က ဆိုလိုသည်မှာ စဉ်းစားတွေးခေါ်ရန် ဂရုပြုပြီး ဤစကြဝဠာတစ်ခုလုံး၏စနစ်နှင့် အစီအမံများအကြောင်းကို တင်ရင်စဉ်းစားမည့်သူများအတွက် အလ္လာဟ်တအာလာ၏ အလွန်ပြီးပြည့်စုံသော တန်ခိုးတော်နှင့်ဆိုင်သော မြောက်မြားစွာသော လက္ခဏာများရှိသည်ဆိုသည့် အချက်ကို သံသယဝင်စရာမလိုပါဟူ၍ ဆိုလို ပါသည်။

စတုတ္ထအာယသ်တော်ထဲ၌

وَفِي الْأَرْضِ قِطَعٌ مُّتَجَاوِرَاتٌ وَجَنَّاتٌ مِّنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَىٰ بِمَاءٍ وَاحِدٍ ۖ وَنُفَضِّلُ بَعْضَهَا عَلَىٰ بَعْضٍ فِي الْأُكُلِ

ဎင်းပြင် ပထဝီမြေ၌ တစ်ခုတည်းသော ရေကိုသွင်းပေးခြင်းခံရသော၊ နီးကပ်စွာရှိသော မြေကွက်များသည်လည်းကောင်း၊ စပျစ်ခြံများသည်လည်းကောင်း၊ လယ်ယာများသည်လည်းကောင်း၊ အမြစ်တစ်ခုတည်းမှ တစ်ပင်မက ပေါက်ရောက်သော စွန်ပလွံပင်များသည်လည်းကောင်း ရှိသည်။ သို့ပါလျက် ငါအရှင်မြတ်သည် အသီးများတွင် ၎င်းတို့အနက် အချို့ကို အချို့ထက် ထူးကဲစေတော်မူ၏ဟု မိန့်ကြားထားသည်။

ဤနေရာ၌ ထောက်ပြထားသည့် မြေကွက်မြောက်များစွာတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေလင့်ကစား တစ်ခုစီတွင်ပါရှိသော အရည်အသွေးတို့သည် ကွဲပြားခြားနားကြပါသည်။ အချို့သောမြေတို့သည် ကောင်းမွန်ပြီး နူးညံ့ကာ အခြားသောမြေကွက်များသည် ဆားပေါက်ပြီးမာကျောကြသည်။ အချို့မြေကွက်များသည် ထွန်ယက် စိုက်ပျိုးခြင်းအတွက် ကောင်းသကဲ့သို့ အချို့တို့သည် ဥယျာဉ်များပြုလုပ်ခြင်း၊ သပျစ်သီးများနှင့် စွန်ပလွံသီးများ စိုက်ပျိုးရန် ကောင်းမွန်ပါသည်။ စွန်ပလွံပင်များအနက် အချို့သော စွန်ပလွံပင်များသည် အခြားသောအပင်များကဲ့သို့ ပင်စည်

နှစ်ခုရှိကြပြီး အချို့သောစွန်ပလွံပင်များမှာ ပင်စည်တစ်ခုတည်း ရှိကြပါသည်။

ထို့နောက် အလုံးစုံသော ဤသစ်သီးဝလံများသည် တစ်မြေထဲ တစ်ရေထဲမှ ပေါက်ပြီး နေရောင်၊ လရောင်နှင့် လေများနှင့် တစ်ပုံစံတည်းထိတွေ့ခဲ့ကြသော်လည်း ၎င်းတို့၏ အရောင်အဆင်း၊ အရသာနှင့် အရွယ်အစားတို့မှာမူ ကွဲပြားခြားနားကြပါသည်။

တစ်ခုနှင့်တစ်ခုတို့သည် အလွန်နီးကပ်စွာ ရှိနေသော်လည်း သူတို့တွင် အမျိုးမျိုးသော ကွဲပြားခြားနားမှုများရှိရသည့် အကြောင်းသည် ဖန်ဆင်းမှုစနစ်တစ်ခုလုံး၏ လုပ်ဆောင်မှုသည် တစ်စုံတစ်ဦး၏ အမိန့်ကြောင့် ဖြစ်ကာ ထိုအရှင်သည် အသိဉာဏ် အလွန်ကြွယ်ဝပြီး အရှင့်ဖန်ဆင်းမှု တစ်ခုလုံးအား မည်ကဲ့သို့ စီမံခန့်ခွဲ၊ လုပ်ဆောင်ရမည်ကို သိရှိတော်မူပါသည်။ ဤသည်မှာ အချို့သော မသိနားမလည်သောသူများ ယုံကြည်လက်ခံကြသည့်၊ အဆင့်ဆင့် တဖြည်းဖြည်းဖြစ်ပေါ်လာခြင်း သီအိုရီနှင့် မည်သို့မျှ မပတ်သက်ပါ။ ဤကိစ္စရပ်များသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အဆင့်ဆင့်၏ရလဒ်ဟုဆိုပါက ကိစ္စရပ်များသည် အားလုံးတူညီကြသော်လည်း ၎င်းတို့တွင် အဘယ်ကြောင့် ခြားနားမှု ရှိနေရပါသနည်း။ သစ်သီးဝလံတစ်မျိုး တစ်ရာသီတွင် မြေကွက်တစ်ခုတည်း၌ ပေါက်ရောက်ကာ အခြားအမျိုးအစားသည် အခြားသောရာသီ၌ ပေါက်ပါသည်။ သစ်ပင်တစ်ပင်၏ အကိုင်းတစ်ကိုင်းတွင်ရှိသော သစ်သီးများသည် အရွယ်အစားနှင့် အရသာပါ ကွဲပြားခြားနားနိုင်ပါသည်။

အာယသ်(၄)၏နောက်ဆုံးဝါကျ **إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ** ဇကော်အမှန် ဤသည်တို့၌ နားလည်ကြသူတို့အဖို့ သက်သေလက္ခဏာ များသည် အမှန်ပင် ရှိကြပေသတည်းဟူ၍ မိန့်ကြားထားသည်။ ယင်းက ဆိုလိုသည်မှာ ကမ္ဘာပထဝီမြေကြီးတွင် အလွှာဟ်တအာလာ၏ တန်ခိုးတော်နှင့် ကြီးကျယ်ခြင်း၏ မြောက်မြားစွာသော လက္ခဏာရှိနေခြင်းသည် ထိုအရှင် တစ်ပါးတည်း ရှိနေကြောင်းနှင့် ထိုအရှင်ကိုသာ ကိုးကွယ်ထိုက်ကြောင်း သက်သေပြခြင်းမှာ လုံးဝသံသယရှိစရာ မလိုပါ။ ဤလက္ခဏာတော်တို့သည် နားလည်ကြသူတို့အဖို့ ဉာဏ်ပညာရှိသူများဟု ကြေညာခံရထားသော သူများဖြစ်ပါစေ ဤလက္ခဏာတော်များအကြောင်း စဉ်းစားဆင်ခြင်ခြင်း မပြုလုပ်သော သူတို့အား တတ်သိနားလည်ခြင်း မရှိသူများဟူ၍ ရည်ညွှန်းပါသည်။

အာယသ် (၅-၈)

وَإِن تَعْجَبْ فَعَجَبٌ قَوْلُهُمْ أَإِذَا كُنَّا تُرَابًا أَإِنَّا لَفِي خَلْقٍ جَدِيدٍ ۗ أُولَٰئِكَ
الَّذِينَ كَفَرُوا بِرَبِّهِمْ ۖ وَأُولَٰئِكَ الْأَغْلَالُ فِي أَعْنَاقِهِمْ ۖ وَأُولَٰئِكَ أَصْحَابُ
النَّارِ ۖ هُمْ فِيهَا خَالِدُونَ ﴿٥﴾ وَيَسْتَعْجِلُونَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَ
قَدْ خَلَتْ مِن قَبْلِهِمُ الْمَثُلَاتُ ۗ وَإِنَّ رَبَّكَ لَذُو مَغْفِرَةٍ لِّلنَّاسِ عَلَىٰ ظُلْمِهِمْ
ۖ وَإِنَّ رَبَّكَ لَشَدِيدُ الْعِقَابِ ﴿٦﴾ وَيَقُولُ الَّذِينَ كَفَرُوا لَوْلَا أُنزِلَ عَلَيْهِ آيَةٌ
مِّن رَّبِّهِ ۗ إِنَّمَا أَنتَ مُنذِرٌ وَلِكُلِّ قَوْمٍ هَادٍ ﴿٧﴾ اللَّهُ يَعْلَمُ مَا تَحْمِلُ كُلُّ
أُنثَىٰ وَمَا تَغِيضُ الْأَرْحَامُ وَمَا تَزْدَادُ ۖ وَكُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ ﴿٨﴾

ထိုမှတစ်ပါး အကယ်၍ အသင်သည် အံ့ဩသည်ရှိသော် ကျွန်ုပ်တို့သည် (သေပြီး နောက်) ပကတိမြေကြီး ဖြစ်သွားခဲ့ကြသောအခါ ကျွန်ုပ်တို့သည် အသစ်ပြန်၍ဖန်ဆင်း ခြင်းကို ခံကြရမည်လောဟူသော ၎င်းတို့၏ပြောဆိုချက်သည်ကား(သာ၍)ပင် အံ့သြ ဖွယ်ဖြစ်ပေသည်။ ဤသူများပင် မိမိတို့ကို ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်အား မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သောသူများတည်း ၎င်းပြင် ဤသူများပင်၊ ၎င်းတို့၏ လည်ပင်းများ၌ လည်ကွင်း များရှိအံ့၊ ထိုမှတစ်ပါး ဤသူတို့သည်ပင်လျှင် ငရဲသားများ ဖြစ်ကြကုန်သည်။ ၎င်းတို့သည် ထိုငရဲမီး၌ ထာဝစဉ်နေထိုင်ကြမည့်သူများ ဖြစ်ကြပေ သတည်း။ [၅]

စင်စစ်သော်ကား ၎င်းတို့သည် အသင့်ထံ၌ ဘေးရန်ကင်းငြိမ်းခြင်းထက် အလျင် ဘေးအန္တရာယ်ကို အသင့်ထံ၌ အလျင်စလိုတောင်းဆွဲကြကုန်၏။ အမှန်စင်စစ် သော် ကား ပြစ်ဒဏ်ခတ်မှုများသည် ၎င်းတို့အလျင် ရှိခဲ့ပြီး ဖြစ်ခဲ့ပေသည်။ ၎င်းပြင် မလွဲ ဖကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် လူတို့နှင့် ပတ်သက်၍ ၎င်းတို့ သည် မတရားမှုကို ကျူးလွန်သူများဖြစ်ကြပါလျက် လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူ သော အရှင်မြတ်လည်း ဖြစ်တော်မူပေသည်။ ထိုမှတစ်ပါး အသင့်အား ဖန်ဆင်း မွေးမြူ တော်မူသောအရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်လည်း အမှန်ပင်ဖြစ်တော်မူပေသတည်း။[၆]

၎င်းပြင် မယုံမကြည် သွေဖည်ငြင်းပယ် ကုန်သောသူတို့သည် ထို(နဗီတမန်တော် မုဟမ္မဒ်)၏အပေါ်၌ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ တန်ခိုးပြာဋိဟာတစ်ရပ်ရပ်သည် အဘယ်ကြောင့် ကျရောက်ခဲ့သည် မရှိပါသနည်း ဟူ၍ လည်း ပြောဆိုကြသေး၏။ (စင်စစ်မှာမူကား) အသင်သည် သတိပေးနှိုးဆော်သူတစ်ဦး မျှသာဖြစ်ပေသည်။ ထိုနည်းတူစွာ လူမျိုးတိုင်း အဖို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသူ သည် ရှိချေသတည်း။ [၇]

အလ္လာဟ်အရှင်မြတ်သည် အမိတိုင်း မည်သည့်အရာကို ကိုယ်ဝန်ဆောင်လျက် ရှိသည်ကိုလည်းကောင်း၊ သားအိမ်များသည် မည်သည့်အရာကို ချွတ်ယွင်းစေသည်ကို လည်းကောင်း၊ ထို့အတူ မည်သည့်အရာကို ပိုမိုစေသည်ကိုလည်းကောင်း သိရှိတော် မူ၏။ (တစ်နည်း) အလ္လာဟ် အရှင်မြတ်သည် မိန်းမတစ်ဦးတစ်ယောက်၏ဝမ်းတွင်း လွယ်ထားသည်ကိုလည်းကောင်း၊ (မိန်းမများ၏)သားအိမ်များတွင် လျော့သည် ပိုသည် တို့ကိုလည်းကောင်း သိရှိတော်မူ၏။ (စင်စစ်သော်ကား) အရာခပ်သိမ်းတို့သည် ထို အရှင်မြတ်အထံတော်၌ ချင့်ချိန်တိုင်းတာ သတ်မှတ်ပြီး ဖြစ်ပေသတည်း။[၈]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်သုံးခု (၅-၇)ထဲ၌ တမန်တော်ဖြစ်ခြင်းအပေါ်၌ မယုံကြည် သွေဖည်သူတို့၏ သံသယဖြစ်မှုကို ငြင်းဆိုထားပါသည်။ ထိုသည်နှင့်အတူ ငြင်းပယ်သူများ ပြစ်ဒဏ်ခတ်ခံရမည် ဆိုကြောင်း သတိပေးချက်တစ်ခု ထပ်ဆောင်းထားခဲ့ပါသည်။

၁။ သူတို့တွင်ရှိသော ဒီဟာသံသယသုံးခုအနက်မှ ပထမသည် လူများသေပြီးနောက် ပြန်လည်ရှင်ထခြင်းနှင့် ၎င်းတို့အဆိုအရ ပြန်လည်ရှင်ထရမည့်နေ့၌ စာရင်းစစ်ဆေးခြင်းနှင့် အကျိုးအပြစ်သက်ရောက်ခြင်းဆိုသည့်ကိစ္စသည် ဖြစ်တန်ရာလည်းမရှိ၊ ယထာဘူတလည်းမကျဖြစ်ပါသည်။ ဤသည်ပေါ်အခြေခံ၍ ဤသူများသည် တမန်တော်များအား မဟုတ်မမှန်ပြောဆိုကာ တမန်တော်မြတ်ဖြစ်ကြောင်း ပြောဆိုချက်ကို ငြင်းဆိုခဲ့ကြပါသည်။ သူတို့၏သံသယကို ကုရ်အာန်ကျမ်းတော်မြတ်၏ အောက်ဖော်ပြပါ အာယသ် هَلۡ نَدُلُّكُمۡ عَلَىٰ رَجُلٖ يُنَبِّئُكُمۡ إِذَا مُزِّقۡتُمۡ كُلَّ مُمَزَّقٍ إِنَّكُمۡ لَفِي خَلۡقٖ جَدِيدٍ (၃၄း၇)ထဲ၌ ဖော်ပြထားပါသည်။ ဤသည်ထဲ၌ သူတို့က တမန်တော်များကို လှောင်ပြောင်သရော်ရန် သူတို့က ပြောသည်မှာ လာခဲ့စမ်းပါ အသင့်ကို ကျွန်ုပ်တို့က လူတစ်ယောက်နှင့် မိတ်ဆက်ပေးပါမည်။ ထိုသူက ပြောသည်မှာ အသင်သေဆုံးသွားသည်နှင့် တစ်ပြိုင်နက် အသင်သည် အစိတ်စိတ်အမွှာမွှာဖြစ်သွားကာ မြေကြီးဖြင့် ပြုလုပ်ထားသည့် အသင်သည် ဖုန်မှုန့်များဖြစ်သွားကာ ကမ္ဘာမြေပေါ်ဝယ် ပြန်ကြွသွားပါလိမ့်မည်။ ထို့နောက် အချိန်တစ်ချိန်သို့ ရောက်သောအခါ၌ အသင့်အား အသစ်တစ်ဖန် ပြန်လည် ဖန်ဆင်းပြီးဖြစ်သွားပါလိမ့်မည်ဟူ၍ ဖြစ်သည်။ (စဗရ် ၃၄း၇)

သေပြီးသည့်နောက် ပြန်လည်ရှင်ပြန်ထခြင်း၏သက်သေပြချက်

၎င်းတို့၏ ဤသံသယအတွက် အဖြေကို အထက်ဖော်ပြပါ အာယသ်များအနက် ပထမအာယသ်(၅)ထဲ၌ وَإِنۡ تَعۡجَبۡ فَعَجَبٞ قَوۡلُهُمۡ ءَإِذَا كُنَّا تُرَٰبًا ءَإِنَّا لَفِي ဟူ၍ မိန့်ထားသည်။ ဤသည်မှာ တမန်တော်မြတ်ﷺအား ပြောကြားခဲ့သည်မှာ ၎င်းတမန်တော်ဖြစ်ကြောင်း ထင်ရှားသောလက္ခဏာများကို မြင်တွေ့ခဲ့ရလင့်ကစား ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်ဆိုကြောင်းကို ငြင်းဆိုခဲ့သော မယုံကြည်သွေဖည်မှုတို့၏ သဘောထားကို တမန်တော်မြတ်ﷺ အံ့သြကောင်းအံ့သြ နေပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် ထူးဆန်းသည်က ထိတွေ့ခံစားနိုင်စွမ်းလည်းမရှိ သတိလည်းမရှိသော သက်မဲ့ ကျောက်တုံးများကို ထိုသူများက ယုံကြည်ကိုးကွယ်နေကြပါသည်။ ထို ကျောက်တုံးများသည် ၎င်းတို့အတွက်ကိုပင် ကောင်းကျိုးဆိုးကျိုး မပေးစွမ်းနိုင်သောကြောင့် အခြားသူတစ်ဦးတစ်ယောက်ကို ကောင်းကျိုးဆိုးကျိုးပေးရန် မျှော်လင့် ဖို့ရာ အလွန်ခဲယဉ်းပါသည်။

အသေအချာ ပို၍အံ့သြစရာကောင်းသည်မှာ သူတို့၏ ပြောကြားချက်ဖြစ်သော ကျွန်ုပ်တို့ သေဆုံးပြီးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် အသစ်တစ်ဖန် ပြန်လည်ဖန်ဆင်းခြင်း ခံရမည်မှာ ဟုတ်ပါ၏လော ဟူသည်ပင် ဖြစ်ပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် ဤ(အံ့သြစရာကောင်းမှု)၏အကြောင်းရင်း ရှင်းလင်းစွာဖော်ပြမထားပါ။ အဘယ်ကြောင့်ဆိုသော် ပြီးခဲ့သော အာယသ်တော်များထဲ၌ အလ္လာတအာလာ၏ အလွန်ပြီးပြည့်စုံသော တန်ခိုးတော်၏ အံ့သြဖွယ်ရာ ပြသချက်များကို ဖော်ပြထားခြင်းအားဖြင့် ထိုအရှင်သည်သာ အကြွင်းမဲ့တန်ခိုးတော်၏ အရှင်သခင်ဖြစ်သည်ဆိုကြောင်း သက်သေပြပြီး ဖြစ်ပါသည်။ ထိုအရှင်သည်သာ ဖန်ဆင်းမှုတစ်ခုလုံးအား မတည်ရှိသော အခြေအနေမှ တည်ရှိသောအခြေအနေအဖြစ် ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ထိုအရှင်သည် လူသားများ ပြည့်ပြည့်စုံစုံ နား

မလည်နိုင်သော အဖန်ဆင်းခံတိုင်းထဲသို့ အမျိုးမျိုးသော အသိဉာဏ်၏အချက်အလက်များကို ထည့်ပေးခဲ့ပါသည်။ ဤသည်မှ ထင်ရှားသည်မှာ ဦးစွာပထမ လုံးဝဥဿုံ ဗလာနတ္ထိ အခြေအနေမှ တည်ရှိခြင်းတစ်ခုအဖြစ်သို့ လုပ်နိုင်သော အရှင့်အတွက် အသစ်တစ်ဖန် ပြန်လည်လုပ်ရမည်ဆိုသည်မှာ လုံးဝမခဲယဉ်းပါ။ လူသားများသည် တစ်စုံတစ်ရာကို ကြိုးစား၍ အသစ်အဆန်းတစ်ခုကို ပြုလုပ်ရာတွင် ၎င်းတို့သည် အခက်အခဲအချို့ကို ဖယ်ရှားရပါလိမ့်မည်။ သို့ရာတွင် ၎င်းတို့သည် ထိုအရာကိုပင် တစ်ဖန်ထပ်မံ၍ လုပ်လိုပါက လုပ်ရပ်များသည် လွယ်ကူသွားပါလိမ့်မည်။

သို့ပါသောကြောင့် တကယ်အံ့ဩစရာကောင်းသည်မှာ ဖန်ဆင်းရှင်းသည် စကြဝဠာတစ်ခုလုံးအား အကန့်အသတ်မရှိသော ဟိစ်က်မသ်ဉာဏ်တော်ဖြင့် ဖန်ဆင်းခဲ့သည်တို့အကြောင်း ၎င်းတို့ ယုံကြည်ဟန်ရှိပါသည်။ သို့ဆိုပါလျှင် တစ်ဖန်ပြန်လည်ဖန်ဆင်းခြင်းအား မဖြစ်တန်ရာနှင့် ယထာဘူတမကျဟု အဘယ့်ကြောင့် ယူဆရပါသနည်း။

ငြင်းပယ်သူများ၏ အကြီးဆုံးပြဿနာမှာ သေဆုံးပြီးသည့်နောက် ဘာဖြစ်မည်ဆိုခြင်းပင် ဖြစ်ပါသည်။ သေဆုံးပြီးသည့်နောက် ဖုန်မှုန့်များသည် မြေကြီးအဖြစ်ပြန်ရောက်သွားပြီး နောက်လူသားများတို့အား ဖွဲ့စည်းထားသည်တို့သည် ကမ္ဘာမြေပေါ်သို့ ပြန်ကြွသွားတော့ပါသည်။ စကြဝဠာထဲတွင် လူသားများအား ကျယ်ပြန့်စွာ ပြန့်ကြဲရောက်ရှိစေသည့် နည်းလမ်းများအပြင် လေတို့သည် ထိုဖုန်မှုန့်များကို ဝေးသီခေါင်သည့်နေရာများဆီသို့ ရောက်သွားစေပါသည်။ ထို့နောက် ကတိပြုထားသည် ကမ္ဘာပျက်မည့်နေ့၊ ကိယာမသ်နေ့ ရောက်ရှိ လာပါလိမ့်မည်။ သို့ဆိုပါလျှင် ပြန့်ကြဲနေသော ဖုန်မှုန့်များအား မည်ကဲ့သို့ တစုတစည်းတည်းဖြစ်အောင် ပြုလုပ်နိုင်ပါမည်နည်း။ စုစည်းနိုင်ခဲ့ပါလျှင်တောင် (ယခင်ပုံစံ)ဖြင့် မည်ကဲ့သို့ ပြန်လည်ရှင်ပြန်ထနိုင်ပါမည်နည်းဟု ၎င်းတို့က တွေးတောကြပါသည်။

သို့ရာတွင် သူတို့မသိမမြင်သည်မှာ သူတို့သည် သူတို့တည်ရှိနေမှု ပုံသဏ္ဌာန်အတွက် ဖုန်မှုန့်များ စုဆောင်းခြင်းသည် သော့ချက်ဖြစ်ကာ ၎င်းတို့၏ ပြဿနာကို ထင်ရှားပေါ်လွင်စေပါသည်။ သူတို့တည်ရှိနေစဉ်မှာပင် တစ်ကမ္ဘာလုံးရှိ အမှုန်များသည် သူတို့ကိုယ်ထဲတွင် ရှိနေပြီး မဟုတ်ပါသလော။ ကမ္ဘာကြီး၏ နီးသောနေရာ၊ ဝေးသောနေရာများတွင်ရှိသော အမှုန်များကို လေဖြင့်လည်းကောင်း၊ ရေဖြင့်လည်းကောင်း သယ်ဆောင်လာကာ လူအများ စားသောက်ခြင်းမှတစ်ဆင့် ၎င်းတို့၏ ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်ရောထွေး သွားခဲ့ပါသည်။ သနားစရာ ကောင်းသောသူမှာ တစ်ချိန်လုံးမှာပင် အလွှာဟ်အရှင်ပေးခဲ့သော ထမင်းတစ်လုတ်ကို မျိုချလိုက်သောအခါ၌ အာဖရိကတိုက်၊ အမေရိကတိုက်နှင့် အာရှတိုက်၏နိုင်ငံများမှ လာရောက်သည်ဆိုသည်ကို သူမသိပါ။ အရှင်တစ်ပါးတည်းသာ အရှင်၏ အံ့ဖွယ်ရာ ဟိစ်က်မသ် ဂုဏ်တော်နှင့်ကျွမ်းကျင်သော စီမံခွဲမှုအရ တစ်ကမ္ဘာလုံးပြန့်ကျဲနေသော အမှုန်များကို စုစည်းစေကာ လူသားများနှင့်တိရစ္ဆာန်တို့အား သက်ရှင်တည်ရှိစေသည် မဟုတ်ပါသလော။ သို့ဆိုပါလျှင် ယနေ့ အရှင်မြတ်က ထိုကိစ္စကို လုပ်ဆောင်နိုင်ခဲ့ပါလျှင် အရှင့်အတွက် မနက်ဖြန်တွင် ထိုကိစ္စသည် အဘယ့်ကြောင့် ခက်ခဲ သွားမည်နည်း။ ပြန့်ကြဲနေသော အမှုန်များကို ပြန်လည် စုစည်းကာ ယခင်ပုံစံအဖြစ်သို့ ပြုလုပ်ရန် ထိုအရှင်အတွက် အဘယ်ကြောင့် ခက်ခဲရပါမည်နည်း။ ကမ္ဘာကြီး၏စွမ်းအင်များ ဖြစ်ကြသော လေ၊ ရေနှင့် အခြားအရာအားလုံးသည် အလွှာဟ်အရှင်မြတ်အား ရိုကျိုးကာ အရှင့်အမိန့်ကို နာခံနေကြပါသည်။ အကယ်၍ အရှင်ကသာ လေ၊ ရေနှင့် စကြဝဠာတစ်ခုလုံးအား ၎င်းတို့ထဲတွင်ရှိသော အမှုန်များကို စုပုံရန် အမိန့်ပေးခဲ့ပါလျှင် သူတို့ မနာခံဘဲ နေကြပါမည်လော။ အဘယ့်ကြောင့် ဤကိစ္စသည် ပြဿနာဖြစ်ရပါမည်နည်း။ အဘယ်ကြောင့် တစ်စုံတစ်ဦးသည် မဖြစ်နိုင်ဟူ၍ စိတ်ပူပင်သောက ဖြစ်ရပါမည်နည်း။

ကိစ္စရပ်၏ အမှန်တရားမှာ မယုံကြည်သွေဖည်သူများသည် အလွှာဟ်တအာလာ၏ တန်ခိုးတော်ကို သိမြင်နိုင်စွမ်းမရှိခြင်း သက်သက်သာ ဖြစ်ပါသည်။ မိုးကောင်းကင်ရှိ အရာရာတိုင်း ကမ္ဘာမြေပေါ်ရှိ အရာရာတိုင်းနှင့် ၎င်းတို့

ကြားတွင်ရှိ အရာရာတိုင်းတို့တွင် ၎င်းတို့၏အခြေအနေနှင့် ကိုက်ညီသော အသိဉာဏ်များရှိကာ ကိစ္စရပ်များတိုင်းအတွက် အလ္လာဟ်အရှင်၏အစီအမံတော်အရ၊ အလ္လာဟ်အရှင်၏အမိန့်အရ ၎င်းတို့တစ်သဝေမတိမ်း ရွေ့လျားနေကြသော်လည်း ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို ၎င်းတို့၏ စွမ်းအင်နှင့် တန်းတူထား၍ စဉ်းစားကြပါသည်။

အတိုချုပ်ဆိုရသော် အံ့သြစရာကောင်းသည်က မယုံကြည်သွေဖည်သူများသည် တမန်တော်ဖြစ်ခြင်း၏ စစ်မှန်မှုကို ယုံကြည် လက်ခံရန် ငြင်းဆိုခြင်းပင် ဖြစ်တော့သည်။ ပိုပြီး အံ့သြစရာကောင်းသည်က တရားစီရင်မည့်နေ့၌ တစ်ဖန်ပြန်လည်ရှင်ထခြင်းနှင့် ထိုနေ့မှာပင် ၎င်းတို့၏ လုပ်ရပ်များအတွက် စာရင်းစစ်ဆေးခြင်းခံရမည်ကို ယုံကြည်ရန် ငြင်းဆိုခြင်းပင် ဖြစ်ပါသည်။

ထို့နောက် အမှန်တရားကို ငြင်းပယ်ကာ ရန်လိုသောသူများအတွက် ပြစ်ဒဏ်ခံရမည့်အကြောင်း ဖော်ပြထားသည်။ မိန့်ထားသည် ဤသူများသည် အလ္လာဟ်အရှင်မြတ်၏တမန်တော်ကို လက်ခံရန်ငြင်းခြင်းသက်သက်မဟုတ်ဘဲ ၎င်းတို့၏ ဖန်ဆင်းရှင်တည်ရှိ ကြောင်းကိုပင် ငြင်းဆိုကြပါသည်။ သူတို့အတွက် အပြစ်ဒဏ်မှာ သူတို့၏လည်ပင်း၌ သံကွင်းများစွတ်ထားကာ ငရဲ၌အမြဲနေရမည် ဖြစ်ပါသည်။

၂။ တမန်တော်မြတ်ﷺအား ဆန့်ကျင်သောသူတို့ ထုတ်ဖော်ပြသသော ဒုတယသံသယမှာ အမှန်တကယ် အသင်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးဖြစ်ခဲ့ပါလျှင် အဘယ့်ကြောင့် တမန်တော်များအား ဆန့်ကျင်သော သူတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှု ကျရောက်မည်ဆိုသော အသင်၏ကြေညာချက်သည် အကောင်အထည် မပေါ်ရပါသနည်း။ အဘယ့်ကြောင့် ပြစ်ဒဏ်ခတ်မှုသည် မကျရောက်ရပါသနည်း ဟူ၍ဖြစ်သည်။ နောက် အာယသ်တော်ထဲ၌ ထိုအမေး၏အဖြေကို

وَيَسْتَعْجِلُوْنَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَقَدْ خَلَتْ مِنْ قَبْلِهِمُ الْمَثُلٰتُ ؕ وَاِنَّ رَبَّكَ لَذُوْ مَغْفِرَةٍ لِّلنَّاسِ عَلٰى ظُلْمِهِمْ ۚ وَاِنَّ رَبَّكَ لَشَدِيْدُ الْعِقَابِ

စင်စစ်သော်ကား ၎င်းတို့သည် အသင့်ထံ၌ ဘေးရန်ကင်းငြိမ်းခြင်းထက်အလျင် ဘေးအန္တရာယ်ကို အသင်တို့ထံ၌ အလျင် စလိုတောင်းတောင်းဆိုကြကုန်၏။ (ယင်းက ဆိုလိုသည်မှာ အကယ်၍ အသင်သည် တမန်တော်တစ်ပါးဖြစ်ခဲ့ပါလျှင် အသင်ဂတိပြု ထားသည့် ပြစ်ဒဏ်ခတ်မှု၊ ယခုပင် ကျွန်ုပ်တို့အပေါ်၌ ကျရောက်ပါစေ ဟူ၍ဖြစ်သည်။ ဤကဲ့သို့ ပြောဆိုခြင်းက ပြဿသည်မှာ အလ္လာဟ်အရှင်မြတ်ပြစ်ဒဏ်ခတ်မှု ကျရောက်ခြင်းသည် အလွန်ဖြစ်နိုင်ချေနည်းပါးသော (သို့မဟုတ်) ဖြစ်နိုင်ချေလုံးဝမရှိသော အရာဟု ၎င်းတို့က မှတ်ယူကြပါသည်။) အမှန် စင်စစ်ကား ပြစ်ဒဏ်ခတ်မှုများသည် ၎င်းတို့အလျင် ရှိခဲ့ပြီး ဖြစ်ခဲ့ပေသည်။ (ယင်းကဲ့သို့ ပြစ်ဒဏ်ခတ်မှုကို အခြားသောသူများ မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ကြရပါသည်)ဟူ၍ မိန့်ထားသည်။

သို့ဆိုပါလျှင်၊ ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှုကျမည်ဆိုခြင်းကို ဖြစ်နိုင်ချေနည်းသော (သို့မဟုတ်) မဖြစ်နိုင်သောအရာဟု အဘယ့်ကြောင့် ၎င်းတို့က မှတ်ယူရပါသနည်း။ ဤနေရာ **الْمَثُلٰتُ** (မသို့လား)ဟူသော စကားလုံးသည် **مَثُلَةٌ** (မသို့လဟ်)၏ ဗဟုဝုစ်ကိန်းဖြစ်ကာ အားလုံးသောသူများအတွက် သင်ခန်းစာရယူစေရန် လူတိုင်း၏ရှေ့၌ ဂုဏ်သရေမဲ့ စေသော ပြစ်ဒဏ်ခတ်မှုဟူ၍ အဓိပ္ပာယ် သက်ရောက်ပါသည်။

ထို့နောက် မိန့်ကြားထားသည်မှာ လူအများမနာခံဘဲ ပြစ်မှုနောက် ကျူးလွန်နေကြသော်လည်း ၎င်းတို့၏ ဖန်ဆင်းရှင်သည် သနားကြင်နာတော်မူပြီး ခွင့်လွှတ်တော်မူသောအရှင်ဟူ၍ မိန့်ထားပါသည်။ ၎င်းနောက် ဤခွင့်လွှတ်မှုနှင့် အသနားကြင်နာမှုအပေါ် အမြတ်မထုတ်ဘဲ ၎င်းတို့၏မနာခံမှုနှင့် ခေါင်းမာမှုအား ဖက်တွယ်နေသော သူများအတွက် ထိုမှတစ်ပါး အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ပြင်းထန်စွာ အပြစ်ပေးတော်မူသော အရှင်မြတ်လည်းအမှန်ပင်ဖြစ်တော်မူပေသတည်းဟူ၍ မိန့်ထားသည်။ထို့ကြောင့်ထိုသူတို့သည်အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များဖြစ်သော ခွင့်လွှတ်တော်မူခြင်းနှင့် သနားကြင်နာတော်မူခြင်းတို့ကို နားလည်မှုလွဲမှားကာ ထိုပြစ်ဒဏ် ခတ်မှုသည် ၎င်းတို့အပေါ်၌ ကျရောက်လိမ့်မည်မဟုတ်ဟု နိဂုံးမချုပ်သင့်ပါ။

၃။ မယုံကြည်သွေဖည်သူတို့၏ တတိယဒွိဟသံသယမှာ တမန်တော်မြတ်ﷺပြသခဲ့သော များစွာသောမုအ်ဂျိဇ်ဇ်များကို ၎င်းတို့မြင်တွေ့ခဲ့ရပါလျက်နှင့် အဘယ့်ကြောင့် ၎င်းတို့တောင်းဆိုခဲ့သော သီးသန့်မုအ်ဂျိဇ်ဇ်ကို မပြသခဲ့ရပါသနည်းဟူ၍ဖြစ်သည်။ ဤဒွိဟသံသယကို အာယသ်(၇)ထဲ၌ **وَ يَقُوْلُ الَّذِيْنَ كَفَرُوْا لَوْ لَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ؕ اِنَّمَآ اَنْتَ مُنْذِرٌ وَّ لِكُلِّ قَوْمٍ هَادٍ** ဟူ၍မိန့်ကာ ဖြေကြားထားပါသည်။ (ဆိုလိုသည်မှာ စိုက်ယိဒိနာ မုဟမ္မဒ် အလ မုစ်သဖာ၏ တမန်တော်မြတ်ဖြစ်ခြင်းကို ကန့်ကွက်ရန်အတွက် ၎င်းတို့က ပြောသည်မှာ) အဘယ့်ကြောင့် ၎င်းတို့ တောင်းဆိုသော သီးသန့်မုအ်ဂျိဇ်ဇ်ကို အဘယ့်ကြောင့် သူတို့အား မပြသပါသနည်း။ အဖြေမှာ ရှင်းပါသည်။ မုအ်ဂျိဇ်ဇ် တစ်ခုပြသခြင်းဆိုသည်မှာ နဗီ(သို့မဟုတ်) ရစူလ်တစ်ပါး ၏ထိန်းချုပ်မှု အောက်တွင် မရှိပါ။ ယင်းလုပ်ရပ်သည် အလ္လာဟ်အရှင်မြတ်၏ တိုက်ရိုက်လုပ်ဆောင်ချက်ပင် ဖြစ်ပါသည်။ ထိုအရှင်သည်သာ မည်သည့်အချိန်မဆို မည်ကဲ့သို့သော မုအ်ဂျိဇ်ဇ်မျိုးကိုမဆို ပြသပါသည်။ ၎င်းနောက် ထိုအရှင်သည်သာ အရှင်ဟစ်က်မသ်ဉာဏ်တော်အရ သတ်မှတ်တော်မူပါသည်။ ထိုအရှင်အား မည်သူတစ်ဦးတစ်ယောက်၏တောင်းဆိုမှု သို့မဟုတ် ဆန္ဒတို့အား ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်း (သို့မဟုတ်) ကန့်သတ်ခြင်းမျိုး မပြုလုပ်နိုင်ပါ။ ထို့ကြောင့် **اِنَّمَآ اَنْتَ مُنْذِرٌ**(စင်စစ်မှာမူကား) အသင်သည် သတိပေးနှိုးဆော်သူတစ်ဦးမျှသာဖြစ်ပေသည် ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ တမန်တော်မြတ်ﷺသည် မယုံကြည် သွေဖည်သူတို့အား အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုအကြောင်း သတိပေးရန်သက်သက် ဖြစ်ပါသည်။ မုအ်ဂျိဇ်ဇ်များ ပြသခြင်းသည် သူ၏တာဝန်မဟုတ်ပါ။

အာယသ်တော်၏နောက်ဆုံးဝါကျထဲ၌ **وَّ لِكُلِّ قَوْمٍ هَادٍ** ဟုမိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ လွန်လေသော အုမ္မသ်ထုများတွင်ရှိ လူတိုင်းတို့အတွက် လမ်းညွှန်သူများ ရှိခဲ့ကြပါသည်။ အသင် တစ်ယောက်တည်းသာ တမန်တော်ဖြစ်ခဲ့သည် မဟုတ်ပါ။ တမန်တော် အားလုံးအတွက် ခံပြုထားသော တာဝန်ဝတ္တရားမှာ ၎င်းတို့၏ လူများကို လမ်းညွှန်ကာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုအကြောင်း ထိုသူများကို သတိပေးရန်ဖြစ်ပါသည်။ သို့ရာတွင် မည်သည့်တမန်တော်ကိုမျှ မုအ်ဂျိဇ်ဇ်များပြသရန် အစွမ်းပေးမထားပါ။ အလ္လာဟ်အရှင်သည်သာ အရှင်လိုသော အချိန်၌ မုအ်ဂျိဇ်ဇ်ပြသတော်မူလေသည်။

လူသားတိုင်းနှင့်တိုင်းပြည်တိုင်းတွင် တမန်တော်တစ်ပါး ပွင့်တော်မူခြင်း လိုအပ်ပါသလော

ထိုနည်းတူစွာ လူမျိုးတိုင်းအဖို့ တရားလမ်းမှန်ကို ညွှန်ကြားပြသသူသည် ရှိချေသတည်း ဟူသောအဆို အမိန့်က သက်သေ ပြသည်မှာ မည့်သည့်လူမျိုး၊ မည်သည့်ဒေသအတွက်ကိုမဆို အလ္လာဟ်အရှင်ဘက်သို့ ဖိတ်ခေါ်ကာ လမ်းမှန်သို့ညွှန်ကြားသော လူများ မရောက်ဟူ၍မရှိပါဟူ၍ဖြစ်သည်။ တမန်တော်အချို့ ကိုယ်တိုင်သည်လည်းကောင်း၊ သို့မဟုတ် ၎င်း၏လက်ထောက်ကသော်လည်း ကောင်း ဖိတ်ခေါ်မှုကို ပျံ့နှံ့စေပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍

လူတချို့၏ထိုအချိန်တွင် ပွင့်သော နဗီတစ်ပါးက သူ၏လက်ထောက်နှစ်ဦးအား ဦးစွာ ပထမစေလွှတ်ခဲ့သည်ဆိုကြောင်း စူရဟ်ယာစင်ထဲ၌ ဖော်ပြထားပါသည်။ ဖိတ်ခေါ်မှုနှင့် လမ်းညွှန်မှုပြုရန် စေလွှတ်ခဲ့သောကြောင့် လုပ်ဆောင်မှုအရ ဤသူများသည် တမန်တော်များ ဖြစ်ကြပါသည်။ ထို့နောက် ထိုသူတို့၏ တာဝန်ထမ်းဆောင်မှုကို အထောက်အကူ ရစေရန်အတွက် တတိယလူတစ်ဦးကို စေလွှတ်ခဲ့သည်ဆိုကြောင်းကို ဖော်ပြထားပါသည်။

ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ အချို့သောနဗီတမန်တော်များ အိန္ဒိယပြည်၌ ပွင့်ခဲ့သည်ဆိုသည်ကို အရေးမပါ၊ အရေးမကြီးကြောင်း ဤအာယသ်တော်အရ သိရှိရသည်။ သို့သော် လည်း ကမ္ဘာကြီး၏ ဤအရပ်ဒေသသို့ တမန်တော်၏ဖိတ်ခေါ်မှုကို သယ်ဆောင်လာကာ ထိုတမန်တော်၏ သင်ကြားပို့ချချက်များကို လူအများအား ပြောကြား သော ပညာရှိသူများရောက်ခဲ့သည်ဆိုကြောင်း သက်သေပြပြီးဖြစ်ပါသည်။ ၎င်းနောက် ထိုကဲ့သို့ လမ်းပြသူများ ဤ နေရာသို့ ရောက်ခဲ့သည်ဆိုသည်မှာ ယေဘုယျအားဖြင့် သိရှိပြီးသောအရာ ဖြစ်ပါသည်။

ဤသည်အထိ အထက်ဖော်ပြပါ သုံးအာယသ်ထဲ၌ တမန်တော်ဖြစ်ခြင်းကို ငြင်းဆိုသူများ ဖော်ပြသော ဒွိဟ သံသယတို့၏အဖြေ ပါဝင်ပါသည်။ စတုတ္ထအာယသ်(၈)ထဲ၌ အဓိကအကြောင်းအရာဖြစ်သော သောင်ဟီးဒ် (အလ္လာဟ် တစ်ပါးတည်း တည်ရှိခြင်း)ဆီသို့ ပြန်လှည့်လာသည်။ ယင်းအကြောင်းကို စူရဟ်အစကတည်းကပင် ပါဝင် ခဲ့ပါသည်။ ဤနေရာ၌ اَللّٰهُ يَعْلَمُ مَا تَحْمِلُ كُلُّ اُنْثٰى وَمَا تَغِيْضُ الْاَرْحَامُ وَمَا تَزْدَادُ ۗ وَكُلُّ شَيْءٍ عِنْدَهٗ بِمِقْدَارٍ ဟူ၍ မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ အလ္လာဟ်တအာလာသည် အမျိုးသမီးတို့၏ သားအိမ်ထဲတွင် ရှိသည်တို့ကို သိရှိတော်မူသည်။ ယင်းသားအိမ်ထဲ၌ ယောကျ်ားလေး (သို့မဟုတ်) မိန်းကလေး ရှိနေခြင်းလော၊ ချောမောလှပမှုရှိမရှိ၊ ကောင်းမကောင်းတို့ကို သိတော်မူပါသည်။ ၎င်းပြင် အမျိုးသမီးတို့၏ သားအိမ်များ ကျုံ့သွားခြင်း (သို့မဟုတ်) ကျယ်သွားခြင်း စသည်တို့ကို သိရှိပါသည်။ ဆိုလိုသည်မှာ စောစောမွေးမည်လော၊ သတ်မှတ်သည့်အချိန်၌ မွေးမည်လော (သို့မဟုတ်) နောက်ကျ၍ မွေးမည်လော စသည့် မွေးဖွားမည့်အချိန်ကို သိတော်မူပါသည်။

ဤအာယသ်ထဲ၌ အလ္လာဟ်တအာလာ၏ သီးသန့်ဂုဏ်တော်တစ်ပါးကို ဖော်ပြထားပါသည်။ ယင်းမှာ ထိုအရှင်သည် မမြင်ကွယ်ရာကိုသိတော်မူသောအရှင် (အာလိမုလ်ဂိုင်ဗ်) ဖြစ်ပါသည်။ ထိုအရှင်သည် ဤ စကြဝဠာ တွင်ရှိ အသေးအမွှားဆုံးအရာနှင့် ယင်းစကြဝဠာတွင်ရှိ အဖန်ဆင်းခံအားလုံးတို့ကို သိတော်မူပါ၏။ ၎င်းပြင် ထိုအရှင် သည် ထိုအမှုန်တိုင်း၏ ပြောင်းလဲနေသောအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ခြုံ၍သိရှိတော်မူသည်။ ထိုသည် နှင့်အတူ ဖော်ပြထားကတော့ လူသားဖြစ်ပေါ်မှု၏ ရှုပ်ထွေးလှသောဖြစ်စဉ်ပါ ဗီဇတိုင်း၊ ပြောင်းလဲမှုတိုင်းအဆင့်တိုင်း တို့ကို ပြီးပြည့်စုံသော အသိဉာဏ်အကြောင်းပင်ဖြစ်သည်။ ပမာဆိုသော် ကိုယ်ဝန်ဆောင်မိခင်၏ ကလေးသည် ယောကျ်ားလေးလော၊ မိန်းကလေးလော၊ သို့တည်းမဟုတ် ကျားမနှစ်ဦး ဆိုသည်ကို အခိုင်လုံဆုံးနှင့် အသေချာဆုံး အဆုံးအစွန်အသိသည် ထိုအရှင်တစ်ပါးတည်း၌သာ ရှိတော်မူပါသည်။ သို့မဟုတ်ပါက ထိုသားအိမ်ထဲတွင် ကလေး မဟုတ်ဘဲ ရေ သို့မဟုတ် လေများဖြင့် ပြည့်နေသည်ဆိုကြောင်းကိုလည်း သိတော်မူပါသည်။ ရောဂါလက္ခဏာ ဆိုင်ရာအညွှန်းများနှင့် တတ်ကျွမ်းမှုအပေါ် အခြေခံ၍ သမားတော်တစ်ဦးပေးသော အကြံဉာဏ်သည် ဖြစ်နိုင်ချေရှိမှုနှင့် မှန်းဆမှုသာ ဖြစ်သည်။ ကိစ္စရပ်များ ထင်မှတ်ထားသည့်အတိုင်း မဖြစ်ခဲ့သည်များလည်း ရှိပါသေးသည်။ ဓာတ်မှန် များနှင့် ခေတ်သစ် ပုံရိပ်ဖော်နည်းလမ်းများသည် ဤအကြောင်းအရာ၏ စစ်မှန်မှုကို ဖော်ထုတ်နိုင်စွမ်းမရှိပါ။ ယင်း၏ စစ်မှန်ပြီး သေချာသောအသိသည် အလ္လာဟ်အရှင်တစ်ပါးတည်းတွင်သာရှိသည်ဟု ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ ဤ သည်ကိုပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ခုဌ် وَيَعْلَمُ مَا فِى الْاَرْحَامِ "ထိုမှတစ်ပါး (မိခင်များ၏) သားအိမ်များ၌ မည်သည့် အရာရှိသည်ကိုလည်း ထိုအရှင်မြတ်သာလျှင် သိတော်မူ၏။ဇ (၃၁း၃၄)

تَغِيْضُ (သဂီးသို့ လျော့နည်းသည်) ဟူသောစကားလုံးအား လျော့သွားခြင်းသို့ ခန်းခြောက်သွားခြင်းဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်။ လက်ရှိအာယသ်ထဲ၌ تَزْدَادُ (သဇ်ဒါဒု တိုးပွားသည်)နှင့် ယှဉ်တွဲသုံးထားခြင်းက ဤနေရာ၌ လျော့နည်းသည်ဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ယင်းကဆိုလိုသည်မှာ သားအိမ်များလျော့နည်းခြင်း၊ တိုးပွားခြင်းဆိုသည်နှင့် ပတ်သက်သော အလွန်မှန်ကန်ပြီး ခိုင်လုံသော အသိပညာသည် အလ္လာဟ်တစ်ပါးတည်းတွင်သာ ရှိသည်ဆိုကြောင်း ဖြစ်ပါသည်။ ဤလျော့နည်းခြင်း တိုးပွားခြင်း ဆိုသည်က မွေးဖွားမည့် ကလေးအရေအတွက် လျော့ခြင်း တိုးခြင်းကို ရည်ညွှန်းနိုင်ပါသည်။ ဆိုလိုသည်မှာ သားအိမ်ထဲ၌ ကလေး တစ်ဦးတည်း ရှိခြင်း (သို့မဟုတ်) တစ်ဦးထက်ပို၍ ရှိခြင်းဟူ၍ ဖြစ်ပါသည်။ ဖြစ်နိုင်သေးသည်မှာ ဤသည်က လများ၊ ရက်များ၊ နာရီများ မည်မျှကြာပြီး ပြီးမှ လူသားအဖြစ်သို့မွေးဖွားခြင်းဟူသည့် အချိန်ကာလတိုးခြင်း၊ လျော့ခြင်းကိုလည်း ဖော်ကျူးပါသည်။ ဤသည်မှာလည်း အကြွင်းမဲ့ သေချာသောအသိသည် အလ္လာဟ်အရှင်မှအပ မည်သူတွင်မှ မရှိနိုင်ပါ။

သဖိစီရ်ပညာရှင် မုဂျာဟိဒ်က ပြောကြားသည်မှာ ကိုယ်ဝန်ရှိအမျိုးသမီး သွေးသွန်ခြင်းသည် သန္ဓေသား၏ အရွယ်အစားနှင့် ကျန်းမာမှုလျော့နည်းစေသည့် အကြောင်းရင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်း تَغِيْضُ الْاَرْحَامُ (သားအိမ်များသည် လျော့နည်းသည်) ကလည်း ဤလျော့နည်းခြင်းကို ဆိုလိုပါသည်။ အမှန်မှာ အာယသ်၏ စကားလုံးများသည် လျော့နည်းခြင်း အလုံးစုံ အကျုံးဝင်သောကြောင့် ဤနေရာ၌ ဝိရောဓိ မဖြစ်ပါ။

အာယသ်(၈)၏နောက်ဆုံးဝါကျထဲ၌ كُلُّ شَيْءٍ عِنْدَهٗ بِمِقْدَارٍ (စင်စစ်သော်ကား) အရာခပ်သိမ်းတို့သည် ထိုအရှင်မြတ်အထံတော်၌ ချင့်ချိန်တိုင်းတာ သတ်မှတ်ပြီးဖြစ်ပေသတည်းဟူ၍ မိန့်ထားသည်။ ဤသည်က ဆိုလိုသည်မှာ အလ္လာဟ်အရှင် သတ်မှတ်ထားသော စံအားလျော့စေခြင်း၊ တိုးစေခြင်းတို့ကို မပြုလုပ်နိုင်ဟူ၍ ဖြစ်ပါသည်။ မွေးဖွားလာမည့် ကလေးတစ်ဦး ဖြတ်သန်းလာရသည့် အဆင့်များသည်လည်း ဤအဆိုအမိန့်အောက်တွင် အကျုံးဝင်သွားပါသည်။ ဆိုလိုသည်မှာ ထိုကလေးသည် သားအိမ်ထဲ၌ ရက်ပေါင်း မည်မျှကြာရှည်စွာ နေထိုင်ရမည်နည်း၊ ဤကမ္ဘာလောကၠ၌ မည်မျှကြာအောင် အသက်ရှင်နေမည်နည်းနှင့် စားနပ်ရိက္ခာ မည်မျှရရှိမည်နည်းဆိုသည့် ထိုကလေးနှင့် ပတ်သက်သည့် အရာရာတိုင်းကို အလ္လာဟ်အရှင်က ဆုံးဖြတ်ပြီးဖြစ်ပါသည်။ အလ္လာဟ်တအာလာ၏ ဤအနှိုင်းမဲ့ ဟစ်ကမသ်ဉာဏ်တော်သည် အရှင်တစ်ပါးတည်း တည်ရှိတော်မူခြင်း (သောင်ဟီးဒ်)အတွက် ပွင့်လင်းသော သက်သေပြချက်တစ်ခု ဖြစ်သွားပါသည်။

အာယသ် (၉-၁၅)

عٰلِمُ الْغَيْبِ وَ الشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ ﴿٩﴾ سَوَآءٌ مِّنْكُمْ مَّنْ اَسَرَّ
الْقَوْلَ وَ مَنْ جَهَرَ بِهٖ وَ مَنْ هُوَ مُسْتَخْفٍۢ بِالَّيْلِ وَ سَارِبٌۢ بِالنَّهَارِ ﴿١٠﴾ لَهٗ
مُعَقِّبٰتٌ مِّنْۢ بَيْنِ يَدَيْهِ وَ مِنْ خَلْفِهٖ يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ ؕ اِنَّ اللّٰهَ لَا
يُغَيِّرُ مَا بِقَوْمٍ حَتّٰى يُغَيِّرُوْا مَا بِاَنْفُسِهِمْ ؕ وَ اِذَاۤ اَرَادَ اللّٰهُ بِقَوْمٍ سُوْٓءًا فَلَا
مَرَدَّ لَهٗ ۚ وَ مَا لَهُمْ مِّنْ دُوْنِهٖ مِنْ وَّالٍ ﴿١١﴾ هُوَ الَّذِيْ يُرِيْكُمُ الْبَرْقَ خَوْفًا وَّ

طَمَعًا وَّيُنْشِئُ السَّحَابَ الثِّقَالَ ﴿١٢﴾ وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ
مِنْ خِيْفَتِهٖ ۚ وَيُرْسِلُ الصَّوَاعِقَ فَيُصِيْبُ بِهَا مَنْ يَّشَآءُ وَهُمْ يُجَادِلُوْنَ
فِى اللّٰهِ ۚ وَهُوَ شَدِيْدُ الْمِحَالِ ﴿١٣﴾ لَهٗ دَعْوَةُ الْحَقِّ ۭ وَالَّذِيْنَ يَدْعُوْنَ مِنْ
دُوْنِهٖ لَا يَسْتَجِيْبُوْنَ لَهُمْ بِشَيْءٍ اِلَّا كَبَاسِطِ كَفَّيْهِ اِلَى الْمَآءِ لِيَبْلُغَ فَاهُ
وَمَا هُوَ بِبَالِغِهٖ ۭ وَمَا دُعَآءُ الْكٰفِرِيْنَ اِلَّا فِيْ ضَلٰلٍ ﴿١٤﴾ وَلِلّٰهِ يَسْجُدُ مَنْ
فِي السَّمٰوٰتِ وَالْاَرْضِ طَوْعًا وَّكَرْهًا وَّظِلٰلُهُمْ بِالْغُدُوِّ وَالْاٰصَالِ ﴿١٥﴾ السجدة

ထိုအရှင်မြတ်သည် (သတ္တဝါအပေါင်း) မမြင်နိုင်သောအရာများကိုလည်းကောင်း၊ မြင်နိုင်သောအရာများကိုလည်းကောင်း (တစ်နည်း) လျှို့ဝှက်နေသောအရာများကို လည်း ကောင်း၊ ထင်ရှားရှိနေသော အရာများကိုလည်းကောင်း၊ သိတော်မူသောအရှင်၊ (အလုံးစုံတို့ထက်) ကြီးကဲတော်မူသောအရှင်၊ မြင့်မြတ်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၉]

အသင်တို့အနက် စကားကို လျှို့ဝှက်သောသူသည်လည်းကောင်း၊ ထုတ်ဖော် ပြောဆိုသူသည်လည်းကောင်း၊ ညဉ့်(၏)အဖော်)၌ ပုန်းကွယ်၍ နေသူသည် လည်းကောင်း၊ နေ့(၏)အလင်းရောင်)၌ (အထင်အရှား) သွားလာသောသူသည်လည်း ကောင်း (ထို အရှင်မြတ်၏)အသိဉာဏ်တော်တွင်) အတူတူပင် ဖြစ်ကုန်သတည်း။[၁၀]

ထို(လူသား)အသီးသီးတို့တွင် ယင်းအသီးသီးတို့၏ရှေ့၌လည်းကောင်း၊ နောက်၌ လည်းကောင်း အလှည့်ကျလာသော ကောင်းကင်တမန်များသည် ရှိကြကုန်၏။ ယင်း ကောင်းကင်တမန်များသည် ယင်း(လူသား)အသီးသီးတို့အား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ စောင့်ရှောက်ကြကုန်၏။ အမှန်သော်ကား အရှင်မြတ်သည် လူမျိုး တစ်မျိုး၏ (ကောင်းမွန်သော)အခြေအနေကို ၎င်းတို့ကိုယ်တိုင် မိမိတို့၏အခြေအနေကို မပြောင်းလဲ သမျှကာလပတ်လုံး ပြောင်းလဲတော်မူသည်မဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုး၏အပေါ်၌ ဘေးဒုက္ခ ဆိုက်ရောက်စေရန် ရည် ရွယ်တော်မူခဲ့ သည်ရှိသော် (မည်သူတစ်ဦး တစ်ယောက်မျှပင်) ထိုဘေးဒုက္ခကို တွန်းလှန်နိုင်ခြင်း မရှိချေ။ ထိုမှတစ်ပါး ၎င်းတို့အား ထိုအရှင်မြတ်အပြင် ကာကွယ်စောင့် ရှောက်မည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိပေ။[၁၁]

ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အား လျှပ်စစ်ပြက်ခြင်းကို ကြောက်မက်ဖွယ် ရာအဖြစ် လည်းကောင်း၊ မျှော်လင့်ဖွယ်ရာအဖြစ် လည်းကောင်း ပြတော်မူသောအရှင် ဖြစ်တော်မူသည်။ ထိုမှတစ်ပါးထိုအရှင်မြတ်သည်ပင်လျှင်လေးလံစွာသောမိုးတိမ်များကို ဖန်ဆင်း(မြှင့်)မြောက်တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၁၂] ၎င်းပြင် "ရအ်ဒ်"

အမည်ရှိသော ကောင်းကင်တမန် (မိုးခြိမ်းသံ)သည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာ ပြုခြင်းနှင့် (ထိုအရှင်မြတ်) သန့်ရှင်း စင်ကြယ်တော်မူကြောင်းကို ဘာဝနာစီးဖြန်း လေသည်။ ထိုနည်းတူစွာ(အခြား) ကောင်းကင်တမန်တို့သည်လည်း ထိုအရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းအားဖြင့် (ချီးမွမ်း ထော မနာပြုခြင်းနှင့် သန့်ရှင်း တော်မူကြောင်းကို ဘာဝနာစီးဖြန်းကြကုန်၏။) ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိုးကြိုးသွားများကို စေလွှတ် တော်မူပြီးနောက် မိမိအလိုရှိတော်မူသော သူ၏အပေါ်ဝယ် ယင်းမိုးကြိုးသွားများကို ကျရောက်စေတော်မူ၏။ သို့ပါလျက် ထိုသူတို့သည် အလွန်ဟန်အရှင်မြတ်နှင့် ပတ်သက်၍ ငြင်းခုံလျက် ရှိကြကုန်၏။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် ဖမ်းဆီးအရေးယူတော်မူ သောအရှင်၊(အားအင်အလွန်ကြီးမားသောအရှင်)မြတ်ပင်ဖြစ်တော်မူပေသတည်း။[၁၃]

မှန်ကန်သောဟစ်ခေါ်တသဆုတောင်းပတ္ထနာပြုမှုသည်ထိုအရှင်မြတ်အထံတော်၌ သာလျှင်ပြုထိုက်၏။ စင်စစ် ၎င်းတို့ဟစ်ခေါ် တသ ဆုတောင်းပတ္ထနာပြုလျက် ရှိကြကုန် သော အရာဝတ္ထုတို့မှာမူကား ၎င်းတို့အား အကြင်သူ (ရရှိသည်)ထက် ပိုမို၍ ပေးစွမ်းနိုင် ကြသည် မရှိချေ။ ထိုသူသည် ရေရှိရာ ဘက်သို့၊ ထိုရေသည် ၎င်း၏ပါးစပ်ထဲသို့ (အလို အလျောက်) ရောက်လာအံ့သောငှာ မိမိလက်ပါးနှစ်ဖက်ကို ဖြန့်၍ထား၏။ စင်စစ်မှာ မူကား ထိုရေသည် (မည်သည့်အခါမျှ အလိုအလျောက်) ယင်းပါးစပ်ထဲသို့ ရောက်ရှိလာ မည်မဟုတ်ပေ။ အမှန်သော်ကား ကာဖိရ် ဃွေဖည်ငြင်းပယ်သောသူတို့၏ ဟစ်ခေါ်တသ ဆုတောင်းပတ္ထနာပြုမှုသည် လွဲမှားမှု၌သာ ရှိနေပေသတည်း။[၁၄]

ထို့ပြင် မိုးကောင်းကင်၌ရှိသည်တို့သည် လည်းကောင်း၊ ပထဝီမြေ၌ရှိသည်တို့ သည်လည်းကောင်း၊ မိမိ စေတနာအလျောက်ဖြစ်စေ၊ စေတနာမရှိဘဲ မလွဲမရှောင်သာ၍ ဖြစ်စေ၊ ထိုအရှင်မြတ်၏ ရှေ့တော်မှောက်၌သာလျှင် ပျပ်ဝပ်ဦးချခယရိုကျိုးလျက်ရှိကုန်၏။ ထိုမှ တစ်ပါး ယင်းတို့၏ အရိပ်ဆာယာတို့မှာလည်း နံနက်ယံများ၌လည်းကောင်း၊ ညနေခင်းများ၌လည်းကောင်း (ထိုနည်းအတိုင်းပင် ပျပ်ဝပ် ဦးချ ခယရိုကျိုးလျက် ရှိကုန် သတည်း)။[၁၅]

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံမှုသီးသန့်ဂုဏ်တော်များအကြောင်း ဆက်လက်ဖော်ပြထားသည်။ အထက် ဖော်ပြခဲ့သော အာယသ်တော်များ အလျင်ကပင် စတင်ခဲ့သည်။ ဤအကြောင်းအရာသည် အလ္လာဟ်အရှင် တစ်ပါး တည်း တည်ရှိသည်ဆိုသော သက်သေများ အစီအရီ ဖြစ်သွားပါတော့သည်။ ပြီးခဲ့သော အာယသ် ၈ မှ ဆက်လက်ကာ ပထမအာယသ် ၉ ထဲတွင် عٰلِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيْرُ الْمُتَعَالِ အလ္လာဟ်အရှင်မြတ်သည် လျှို့ဝှက်နေသော အရာများကိုလည်းကောင်း၊ ထင်ရှား၍နေ သောအရာများကိုလည်းကောင်း၊ သိတော်မူသောအရှင် (အလုံး စုံထက်) ကြီးကဲတော်မူသောအရှင်၊ မြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူပေသတည်းဟု မိန့်ထားသည်။ الْغَيْبِ (အလ်ဂိုဗ်-ဖုံးကွယ်ထားသော၊ အကွယ်မှ)ဟူသော စကားလုံးက လူသားများ၏အာရုံဖြင့် မသိနိုင်ဟုဆိုလိုသည်။ ဆိုလိုသည်မှာ မျက်စိဖြင့် မမြင်နားဖြင့်မကြား၊ နှာခေါင်းဖြင့် အနံ့မရ၊ လျှာဖြင့် အရသာမခံစားနိုင်သကဲ့သို့ လက်များဖြင့်လည်း ထိ

တွေ့မခံစားနိုင်ပါ။

اَلشَّهَادَةِ (အရှိရှုဟာဒတ် - ထင်ရှားခြင်း၊ တည်ရှိနေသည်)သည် အလ်ဂိုင်ဗ် (သို့မဟုတ်) အကွယ်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ အထက်ဖော်ပြပါ လူသားအာရုံကို အသုံးပြုခြင်းဖြင့် ရှာဖွေတွေ့ရှိနိုင်သည်။ အာယသ်က အလ္လာဟ်အရှင်မြတ်၏ ဤသီးသန့်ဂုဏ်တော်ကြောင့် အရှင်မြတ်သည် ထင်ရှား၍ တည်ရှိနေသော အရာများကို သိရှိသကဲ့သို့ အလ်ဂိုင်ဗ် အကွယ်မှအရာရာတိုင်းကိုလည်း အရှင်မြတ်က တိကျစွာ သိရှိတော်မူသည်ဟုဆိုလိုသည်။

اَلْكَبِيْرُ (အလ်ကဗီး၍)ဆိုသည်မှာ အကြီးကိုဆိုလိုလျှင် **اَلْمُتَعَالِ**(အလ်မုသ်သအားလ်)သည် မြင့်မားခြင်းနှင့် အထက်ကို ဆိုလိုသည်။ ဤစကားနှစ်လုံးအရ ပေါ်ကွယ်လာသော အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်သည် အဖန်ဆင်းခံများ၏ အရည်အချင်းများထက် ကြီးကျယ်ခမ်းနားတော်မူသောအရှင်ဖြစ်သည်ဟူ၍ ဖြစ်သည်။ မယုံကြည်သွေဖည် ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများသည် အလ္လာဟ်အရှင်မြတ်၏ ခမ်းနားကြီးကျယ်စွာ တည်ရှိကြောင်း အခြေအနေကို ယေဘုယျဝန်ခံသော်လည်း အလ္လာဟ်အရှင်မြတ်ကို သာမန်လူသားများနှင့် အတူတူဖြစ်သည်ဟု သဘောထားခြင်းမှာ မှန်ကန်စွာသိရှိနားလည်မှု ချို့တဲ့မှုကြောင့် လမ်းလွဲသွားကာ မှတ်ယူခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအရှင်မြတ်တွင်ရှိသော ယင်းသို့သော သီးသန့်ဂုဏ်တော်များနှင့် အလွန်ကွာလှမ်းသွားရသည်။ ပမာဆိုသော် ဂျူးနှင့် ခရစ်ယာန်များသည် အလ္လာဟ်အရှင်မြတ်အတွက် သားတော်တစ်ပါး ရှိသည်ဟုသတ်မှတ်သကဲ့သို့ အခြားသူများက အလ္လာဟ်အရှင်မြတ်အတွက် လူသားများကဲ့သို့ ခန္ဓာကိုယ်နှင့် ယင်း၏အစိတ်အပိုင်းများ ရှိသည်ဟု အကြံပြုကြသည်။ အချို့သောသူများက အလ္လာဟ်အရှင်မြတ်အတွက် အရပ်မျက်နှာ လိုအပ်သည်ဟု သက်သေပြ သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရာအားလုံး၏ အထက်တွင် တည်ရှိ၍ ထိုကဲ့သို့သော အခြေအနေများနှင့် ဂုဏ်ပုဒ်များမှ လုံးဝဥဿုံကင်းစင်တော်မူသည်။ကျွန်ုပ်တို့စိတ်တွင်စွဲမှတ်ထားရမည်မှာယင်းကဲ့သို့သောလူသားများ၏တင်စားမှုများမှ အစဉ်ကင်းစင်ကြောင်း အလေးအနက်ပြုရန် ကုရ်အာန်ကျမ်းတော်မြတ်တွင် ကျွန်ုပ်တို့ကို ထပ်ကာတလဲလဲ သတိပေးထားသည်မှာ **سُبْحَانَ اللّٰهِ عَمَّا يَصِفُوْنَ** အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကြံဖန်စွပ်စွဲ ပြောဆိုကြကုန်သော အကြောင်းကိစ္စတို့မှ လုံးဝစင်ကြယ်သန့်ရှင်းတော်မူ၏။ (၂၁း၂၂၊ ၂၃း၉၁၊ ၃၇း၁၅၉၊ ၃၇း၁၈၀) ဟူ၍ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ သိရှိမှုပြီးပြည့်စုံခြင်း အာယသ်(၉)၏ ပထမဝါကျတွင် **عٰلِمُ الْغَيْبِ وَالشَّهَادَةِ** ထို အရှင်မြတ်သည် လျှို့ဝှက်နေသော အရာများကိုလည်းကောင်း၊ ထင်ရှား၍နေသောအရာများကိုလည်းကောင်း သိတော် မူသော အရှင်ဖြစ်တော်မူသည် ဟူ၍ဖော်ပြထားသကဲ့သို့ ပြီးခဲ့သော အာယသ်(၈)တွင် **اَللّٰهُ يَعْلَمُ مَا تَحْمِلُ كُلُّ اُنْثٰى** "အလ္လာဟ်အရှင်မြတ်သည် မိန်းမတစ်ဦးတစ်ယောက်၏ ဝမ်းတွင်းလွယ်ထားသည်ကိုလည်းကောင်း သိရှိတော်မူ၏။" အာယသ်(၉)၏ ဒုတိယဝါကျထဲတွင် **اَلْكَبِيْرُ الْمُتَعَالِ** "(အလုံးစုံ) ကြီးကဲတော်မူသောအရှင်၊ မြင့်မြတ်တော်မူသောအရှင် ဟူ၍ ဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ကြီးကျယ်ခမ်းနားမှုပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အရှင်မြတ်၏ တန်ခိုးတော်ကို မည်သည့်လူသားမျှ တွက်ချက်ရန် လိုက်မမီနိုင်သောကြောင့် ဖြစ်သည်။ ဆက်လက်ဖော်ပြထားသည့် အာယသ်ထဲတွင်လည်း ထိုသိရှိတော်မူခြင်းနှင့် တန်ခိုးတော်၏ပြီးပြည့်စုံမှုကို သီးခြားဟန်ဖြင့် ဖော်ပြထားသည်။ ယင်းတွင် မိန့်ထားသည်မှာ-

سَوَآءٌ مِّنْكُمْ مَّنْ اَسَرَّ الْقَوْلَ وَمَنْ جَهَرَ بِهٖ وَمَنْ هُوَ مُسْتَخْفٍۢ بِالَّيْلِ وَسَارِبٌۢ بِالنَّهَارِ

အသင်တို့အနက် စကားကို လျှို့ဝှက်သော သူသည်လည်းကောင်း၊ ထုတ်ဖော်ပြောဆိုသူသည်လည်းကောင်း၊ ညဉ့်(၏ အမှောင်)၌ ပုန်းကွယ်နေသူသည်လည်းကောင်း၊ နေ့(၏အလင်းရောင်)၌ (အထင်အရှား) သွားလာသော သူသည် လည်းကောင်း (ထိုအရှင်မြတ်၏ အသိဉာဏ်

တော်တွင်) အတူတူပင် ဖြစ်ကုန်သတည်း။ (၁၀) ဟူ၍ဖြစ်သည်။

اَسَرَّ الْقَوْلَ (စကားကို လျို့ဝှက်သောသူ)ဟူသော အသုံးအနှုန်းသည် **اَسَرَّار** (အတ်စ်ရာရ်)မှ ဆင်းသက်ကာ စကားကို လျို့ဝှက်သောသူ ဟူဆိုလိုရ၍ **جَهْر** (ဂျဟရ်)သည် ထုတ်ဖော်ပြောဆိုသူဟု အဓိပ္ပာယ်သက်ရောက်သည်။ တစ်ဦးက အခြားသူများကြားစေရန် ကျယ်လောင်စွာပြောခြင်းကို ဂျဟ်ရ် ဟူခေါ်၍ မိမိဘာသာကြားအောင် ပြောဆိုခြင်းကို စိရ် ဟုခေါ်သည်။ **مُسْتَخْفٍ** (မုစ်တခ်ဖီးန်)ဟူသည့် စကားလုံးက ပုန်းကွယ်သူဟု ရည်ညွှန်း၍ **سَارِب** စာရိဗ် ဆိုသည်မှာ အထင်အရှား သွားလာသူကို ရည်ညွှန်းသည်။

အာယသ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အလုံးစုံလွှမ်းခြုံနိုင်သော အသိဉာဏ်အရ တိုးတိုးဖြစ်စေ၊ လျို့ဝှက်ဖြစ်စေ ပြောဆိုသူနှင့် ပွင့်လင်းစွာဖြစ်စေ၊ ကျယ်လောင်စွာဖြစ်စေ ပြောဆိုသူတို့မှာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် အတူတူပင် ဖြစ်သည်။ အရှင်မြတ်သည် သူတို့ပြောသမျှကို ညီတူမျှတူ တညီတညာတည်း သိရှိတော်မူသည်။ အလားတူ ညဉ့်အမှောင်တွင် ပုန်းကွယ်နေသောသူတစ်ဦးနှင့် နေ့အလင်းရောင်တွင် အထင်အရှား သွားနေသူ တစ်ဦးရှိသည်။ အရှင်မြတ်၏အသိဉာဏ်နှင့် တန်ခိုးတော်အရ နှစ်ဦးစလုံးကို တစ်ပြေးညီ သိတော်မူကာ အရှင်မြတ် တန်ခိုးတော်သည် ထိုသူနှစ်ဦးစလုံး ပတ်လည်တွင်ရှိနေသည်။ မည်သူမျှ အရှင်မြတ်၏ ထိန်းချုပ်မှုပြင်ပတွင် မရှိနိုင်ပါ။ ဤအချက် အကျယ်ကိုနောက်အာယသ်ထဲတွင်

لَهٗ مُعَقِّبٰتٌ مِّنْۢ بَيْنِ يَدَيْهِ وَمِنْ خَلْفِهٖ يَحْفَظُوْنَهٗ مِنْ اَمْرِ اللّٰهِ

ထို(လူသား) အသီးသီးတို့တွင် ယင်းအသီးသီးတို့၏ရှေ့၌လည်းကောင်း နောက်၌လည်းကောင်း၊ အလှည့်ကျ လာသော ကောင်းကင်တမန်များသည် ရှိကြကုန်၏။ ယင်းကောင်းကင်တမန်များသည် ယင်း(လူသား)အသီးသီး တို့ကား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ စောင့်ရှောက်ကုန်၏ (၁၁)

ဟူ၍ဖော်ပြထားသည်။

مُعَقِّبٰتٌ (မုအတ်က်ကိဗာတ်) ဟူသောစကားလုံးသည် မုအာကိဗာဟ်၏ အများကိန်းဖြစ်သည်။ အုပ်စုတစ်စုနောက် တစ်ဆက်တည်း လိုက်လာသည့်နောက်အုပ်စုကို မုအတ်ကိဗာဟ် (သို့မဟုတ်) မုသအာကိဗာဟ် (ထို့ကြောင့် အလှည့်ကျလာသောဟု ဘာသာပြန်ဆိုထားသည်) ဟုခေါ်သည်။ **مِنْ بَيْنِ يَدَيْهِ** (မင်နဗိုင်နီယဒိုင်ယ်ဟိ)ဟူသော ဖော်ပြချက်မှာ စာပေအသုံးအနှုန်းအရ လက်နှစ်ခုကြားဟုဆိုလိုသည်။ ဤသည်က လူတစ်ဦး၏ရှေ့တွင် ရှိခြင်းကို ရည်ညွှန်းသည်။ ထို့ပြင် **وَمِنْ خَلْفِهٖ** (ဝမင်နခလ်ဖိဟီ)သည် သူ၏နောက်တွင် ဟုဆိုလိုသည်။ **مِنْ اَمْرِ اللّٰهِ** (မင်နအမ်ရ် ရိလ္လာဟ်)တွင်ပါရှိသော အဆိုအမိန့်တွင် **من** (မင်န)ဟူသော ရှေ့ဘက်နောက်ဘက်စကားလုံးသည် **بَاء** ဘာ ဟူသော အကြောင်းရင်းဖြစ်စေခြင်းအတွက် သုံးနှုန်းထားသည်။ ထို့ကြောင့် ယင်းစကားလုံးကို **بِاَمْرِ اللّٰهِ** (ဗိအမ်ရ် ရိလ္လာဟ် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ)ဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်။ ကိရာအတ် - ကုရ်အာန်ကျမ်းမြတ် ဖတ်ရွတ်မှု အချို့တွင် ဤစကားလုံးကို **بِاَمْرِ اللّٰهِ** (ဗိအမ္မရိလ္လာဟ်) ဟု တင်ပြထားခဲ့သည်။ (ရူဟုလ်မအာနီ)

အာယသ်တော်က ဆိုလိုသည်မှာ တစ်စုံတစ်ဦး ဖွင့်ဟပြောသည်ဖြစ်စေ (သို့မဟုတ်) ဖုံးကွယ်၍ ပြောဆိုသည်ဖြစ်စေ(သို့မဟုတ်) အလားတူ ညဉ့်အမှောင်ထုကို အကာအကွယ်ယူ၍ လှုပ်ရှားမှုကို ဖုံးကွယ်လိုသည်ဖြစ်စေ၊ နေ့အလင်းရောင်တွင် ထင်ထင်ပေါ်ပေါ် သွားလာသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် ထိုလူသားများအတွက် လုံခြုံမှုရစေရန်အလို့ငှာ ထိုသူတို့ရှေ့နှင့် ထိုသူတို့နောက်တွင် ကောင်းကင်တမန်အုပ်စုများကို ခန့်အပ်တာဝန်ပေးထားသည်။ ၎င်းတို့တာဝန် ထမ်းဆောင်ရသည့်အချိန်များသည် အမြဲပြောင်းလဲနေသောကြောင့် တစ်ပါးပြီး တစ်ပါးစီသည် အလဲ

အလှယ် လုပ်နေရသည်။ အလ္လာဟ်အရှင့်အမိန့်တော်ဖြင့် ထိုသူတို့ကို တာဝန်ပေးထားရခြင်းသည် လူသားများကို အကာအကွယ်ပေးရန်ဖြစ်သည်။

ဆွဟီးဒ်အလ်ဗုခါရီကျမ်း၏ ဟဒီးစ်တော်တစ်ပုဒ်အရ လူသားများကို စောင့်ရှောက်ရန် ကောင်းကင်စေတမန်အုပ်စုနှစ်စုကို ခန့်အပ်ထားသည်။ တစ်အုပ်စုမှာနေ့တွင် စောင့်ရှောက်ရန်ဖြစ်၍ တစ်အုပ်စုမှာ ညတွင် စောင့်ရှောက်ရန်ဖြစ်သည်။ ဤအုပ်စုများသည် ဖဂျ်ရ်ဆွလာသ်နှင့် အဆွရ်ဆွလာတ် ဝတ်ပြုချိန်များတွင် တွေ့ဆုံကြသည်။ ဖဂျ်ရ်ဆွလာသ်ဝတ်ပြုဆောက်တည်မှု ပြီးသောအခါ ညတွင်စောင့်ရှောက်သော စေတမန်များ ထွက်ခွာသွား၍ နေ့တွင် စောင့်မည့် စေတမန်များက တာဝန်လွှဲယူကြသည်။ ထို့နောက် နေ့တွင် စောင့်သည့်စေတမန်များသည် အဆွရ်စွလာသ် ဝတ်ပြုဆောက်တည်မှုပြီးလျှင် ထွက်ခွာ၍ ညတွင်စောင့်မည့်စေတမန်များက တာဝန် ဆက်လက်ယူကြသည်။

အဗူဒါဝူဒ်ကျမ်း၏ဟဒီးဆ်တော်တစ်ရပ်တွင် စိုက်ယိဒိနာအလီအလ်မုရ်သသွာ ﷺက တင်ပြထားခဲ့သည် မှာ လူသားတိုင်းကိုစောင့်ရှောက်ရန် ကောင်းကင်စေတမန်များကို ခန့်အပ်ထားသည်။ စောင့်ရှောက်သော စေတမန်များ၏တာဝန်မှာ လူသားများအပေါ် နံရံဖြစ်စေ(သို့မဟုတ်) အခြားအရာဖြစ်စေ ကျခြင်း (သို့မဟုတ်) လူသားသည် ချိုင့်(သို့မဟုတ်) လိုဏ်ခေါင်းထဲသို့ ခြေချော်ကျခြင်း၊ (သို့မဟုတ်) လူသားတို့ကို တိရစ္ဆာန် အချို့ (သို့မဟုတ်) လူအချို့က အန္တရာယ်ပြုခြင်း၊ အနာတရ ရစေခြင်းတို့မှ ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ အလ္လာဟ်အရှင်၏အလိုတော်အရ လူတစ်ဦးအပေါ်တွင် အခက်အခဲ အချို့ (သို့မဟုတ်) ဘေးဒုက္ခ အချို့ကျစေသောအခါတွင် ထိုအစောင့်အရှောက်ပေးသည့် စေတမန်သည် ယင်းနေရာမှ ထွက်ခွာသွားကြသည်။ (ရှုဟုလ်မအာနီ)

အိဗနိဂျရီး၍ကျမ်းပါ စိုက်ယိဒိနာ အွသ်မာန်အလ်ဂနီ ﷺ၏ ဆင့်ပြန်ခဲ့သော ဟဒီးစ်တော်တစ်ရပ်အရ ဤ စောင့်ရှောက်နေသော ကောင်းကင်စေတမန်များ၏တာဝန်မှာ လောကီဆိုင်ရာ ဒုက္ခများနှင့် အခက်အခဲများကိုသာ ကန့်သတ်ထားသည် မဟုတ်ဘဲ ၎င်းတို့ ဂုနာဟ်ကျူးလွန်ခြင်း၊ မပြုစေရန်နှင့် ယင်းမှကင်းရှင်းစွာနေရန် နားချ ဖျောင်းဖျရန် ကြိုးစားနေကြောင်း ကျွန်ုပ်တို့ သိရသည်။ ကောင်းကင်စေတမန်များသည် လူသားများ နလုံးသားများထဲတွင် ကောင်းမှုပြုလုပ်ရန်နှင့် အလ္လာဟ်အရှင်ကို ကြောက်ရွံ့ရိုသေရန်ဟူသော စေ့ဆော်မှုများ သွတ်သွင်းပေးသည်။ သို့မှသာ ယင်းတိုက်တွန်းမှုမှတစ်ဆင့် ၎င်းတို့သည် ဂုနာဟ်အပြစ်ကျူးလွန်မှုမှ ရှောင်ကြဉ်ကြပါလိမ့်မည်။ အကယ်၍ လူသားသည် ကောင်းကင်စေတမန်များ၏ စေ့ဆော်မှုကို ဂရုမပြုလျစ်လျူရှု၍ ဂုနာဟ် ပြစ်မှုကျူးလွန်သည့်တိုင် လူသားကို တစ်နည်းမဟုတ်တစ်နည်းဖြင့် အဆောတလျင် ဝန်ချတောင်းပန်စေ၍ ပြစ်မှုဂုနာဟ်မှ ကင်းရှင်းစေရန် ဒိုအာဆုမွန်တောင်းခံပေးကြသည်။ ယင်းနောက် အကယ်၍ ဂုနာဟ်ပြစ်မှုကျူးလွန်သူသည် မည်သည့်သတိပေးချက်ကိုမျှ မလိုက်နာဘဲ သူ့ကိုယ်သူ ပြုပြင်ပြင်ဆင်ရန် ငြင်းဆိုခဲ့လျှင် ကောင်းကင်စေတမန်များက ၎င်း၏လုပ်ရပ်များ စာရင်းစာအုပ်တွင် ဂုနာဟ်ပြစ်မှုတစ်ခုကို ရေးမှတ်လိုက်ကြသည်။

အတိုချုပ်မှာ ဤလူသားကို စောင့်ရှောက်မှုပေးသည့် ကောင်းကင်စေတမန်များသည် လက်ရှိကမ္ဘာတွင်နှင့် နောင်တမလွန် ဘဝအတွက်ပါ မလိုလားအပ်သော အဖြစ်အပျက်များ မဖြစ်ပျက်စေရန် အလို့ငှာ နီးကြားစဉ်ဖြစ်စေ၊ အိပ်နေစဉ်ဖြစ်စေ တစ်ချိန်လုံး စောင့်ရှောက်နေပါသည်။ ကျော်ကြားထင်ရှားသော သာဗီအီးန် ကအဗ်အလ်အဟ်ဗရ် ﷺ လာပြောသည်မှာ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ ဤအကာအကွယ်ပေးမှုကို လူသားများနှင့် ဂျင်နများထံမှ ဖယ်ထုတ်ခဲ့ပါလျှင် သူတို့ဘဝသည် ခက်ခဲပေလိမ့်မည်။ သို့သော်လည်း ဤအကာကွယ်ပေးမှု အစီအမံ အလုံးစုံသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုမိန့်ရှိသမျှ ကာလပတ်လုံး တည်ရှိနေမည်။ အကယ်၍ အလ္လာဟ် အရှင်မြတ်ကိုယ်တိုင်က အရှင်မြတ်၏ကျေးကျွန်တစ်ဦးကို ဒုက္ခခံစားစေလိုလျှင် ဤအကာအကွယ်ပေးမှု အစီ အစဉ်မှာ ရုပ်သိမ်းပြီး ဖြစ်ပေမည်။

ဤအကြောင်းအရာကိုပင် နောက်အာယသ်ထဲတွင် အောက်ပါအတိုင်း အကျယ်ချဲ့ထားခဲ့သည်မှာ

إِنَّ اللَّهَ لَا يُغَيِّرُ مَا بِقَوْمٍ حَتَّىٰ يُغَيِّرُوا مَا بِأَنفُسِهِمْ ۗ وَإِذَا أَرَادَ اللَّهُ بِقَوْمٍ سُوءًا فَلَا مَرَدَّ لَهُ ۚ وَمَا لَهُم مِّن دُونِهِ مِن وَالٍ

အမှန်သော်ကား အရှင်မြတ်သည် လူမျိုးတစ်မျိုး၏ (ကောင်းမွန်သော)အခြေအနေကို ၎င်းတို့ကိုယ်တိုင် မိမိ တို့၏ အခြေအနေကို မပြောင်းလဲသမျှကာလပတ်လုံး ပြောင်းလဲတော်မူမည် မဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ်အရှင်မြတ်သည် လူမျိုးတစ်မျိုး၏ အပေါ်၌ဘေးဒုက္ခ ဆိုက် ရောက်စေရန် ရည်ရွယ်တော်မူခဲ့သည်ရှိသော် (မည်သူ တစ်ဦးတစ်ယောက်မျှပင်) ထိုဘေးဒုက္ခကို တွန်းလှန်နိုင်ခြင်း မရှိပေ။ ထိုမှတစ်ပါး ၎င်းတို့အား ထိုအရှင်မြတ်အပြင် ကာကွယ်စောင့်ရှောက် မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။ (၁၁) ဟုဖြစ်သည်။

ဤသည်က ဆိုလိုသည်မှာ လူသားများသည် လုပ်ရပ်များနှင့်နည်းလမ်းများကို မကောင်းမှုနှင့် မငြိမ်မသက် အသွင်မပြောင်း သရွေ့ကာလပတ်လုံး အလ္လာဟ်အရှင်မြတ်သည် လူသားများစံစားရသည့် လုံခြုံခြင်းနှင့်အေးချမ်းသာ ယာသော အခြေအနေမှ စိတ်သောကရောက်မှုနှင့် မတည်မငြိမ်ဖြစ်မှု အခြေအနေသို့ ပြောင်းလဲတော်မမူချေ။ လူသား တစ်ရပ်လုံးသည်၎င်းတို့ကိုယ်တိုင်နှင့်ပတ်ဝန်းကျင်အခြေအနေများကို ခေါင်းမာခြင်းနှင့်အမိန့်ဖီဆန်ခြင်းအခြေအနေသို့ ပြောင်းလဲခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်လည်း ထိုသူများအတွက် အရှင်မြတ်၏ နည်းလမ်းတော်ကို ပြောင်းလဲ တော်မူသည်။ ထို့ပြင် အကယ်၍ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် မည်သူတစ်ဦးတစ်ယောက်အတွက်မဆို မကောင်းမှုနှင့်ပြစ်ဒဏ်ခတ်မှုရည်စူးတော်မူလျှင်ယင်းမှလွတ်ကင်းရန် နည်းလမ်းမရှိချေ။ထို့ပြင်အလ္လာဟ်အရှင်မြတ်၏ စီရင်ချက်မှ ထိုသူများကို ကယ်တင်ရန်ဆိုလျှင် မည်သူတစ်ဦးတစ်ယောက်မှ ပေါ်ထွက်မလာနိုင်ဟူသည် ကား ထင်ရှားသည်။

ရလဒ်ကား အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အရ လူသားများသည် ကောင်းကင်စေတမန်များ၏ စောင့် ရှောက်မှုကို အမြဲတစေ ခံရသည်။ သို့ရာတွင် လူများသည် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာကို ကျေးဇူးကန်း၍ မကောင်းမှုများပြုလုပ်ကာ ခေါင်းမာမှုဖြင့် အဆုံးသတ်ရန် အရှင်မြတ်အမိန့်ဖီဆန်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်က သတ် မှတ်ပေးထားသော အကာအကွယ်ပေးမှုသည် ပယ်ဖျက်ပြီးဖြစ်သည်။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ အမျက် တော်ရှုမှုနှင့် ပြစ်ဒဏ်ခတ်မှုသည် ထိုသူများပေါ်ကျရောက်ကာ ယင်းတို့မှ လွတ်မြောက်ရန်အတွက် ထိုသူများထံတွင် နည်းလမ်းမရှိချေ။

ဤရှင်းလင်းချက်က ဖော်ပြပါအာယသ်ပါ "အပြောင်းအလဲ"ဆိုသည်က "လူအများသည် ကျေးဇူးကန်း၍ အမိန့် ဖီဆန်ကာ အဆိုးဘက်ပြောင်းလဲသွားလျှင် အလ္လာဟ်အရှင်မြတ်သည်လည်း အရှင်မြတ်၏ အသနားကြင်နာမှုနှင့် ကာကွယ်စောင့်ရှောက်ခြင်း၏ နည်းလမ်းကိုလည်း ပြောင်းလဲပစ်လိုက်သည်" ဟူ၍ ကျွန်ုပ်တို့အား ပြောပါသည်။

ဤအာယသ်၏ ယေဘုယျရှင်းလင်းချက်အရ လူအများသည် ၎င်းတို့၏အခြေအနေများကို ၎င်းတို့ကိုယ်တိုင် ရှင်းလင်းတိကျသော ပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက သူတို့အတွက်လည်း တိကျသော ပြုပြင်ပြောင်းလဲမှု မဖြစ်ပေါ်ပါ။ လူသိများသော အူရဒူကဗျာဆရာ ဟာလီ၏ နှစ်ကြောင်းတွဲကဗျာတွင် ဤအဓိပ္ပာယ်ပင် သက်ရောက်သော

خدا نے آج تک اس قوم کی حالت نہیں تدلی

نہ ہو جسکوخیال آپ اپنی حالت کے بدلنے کا

ယနေ့ထက်တိုင် ၎င်းတို့ကိုယ်တိုင် ၎င်းတို့အခြေအနေကို ပြောင်းလဲစေရန် အစီအမံမရှိသော သူများအတွက် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့၏ အခြေအနေကို ပြောင်းလဲပေးလိမ့်မည်မဟုတ်ပါ ဟူ၍ ဖွဲ့ဆိုရေးသားထားသည်။

ဤနေရာ၌ ပြောထားသည်တို့မှာ အတိုင်းအတာတစ်ခုထိ မှန်ကြောင်းမှာ သံသယမရှိချေ။ သို့သော်လည်း ယင်းမှာ အာယသ်တော်၏ ဆိုလိုရင်း မဟုတ်ချေ။ ထို့ပြင် ယင်း၏ မှန်ကန်မှုမှာလည်း ယေဘုယျမူတစ်ခုအရ ကြည့်ရှုရမည်။ ယင်းမူမှာ မိမိကိုယ်တိုင် ပြုပြင်ရန် ရည်စူးချက် မရှိသော သူတစ်ဦးအတွက် အလွှာဟ်အရှင်မြတ်ထံတော်မှ အကူအညီနှင့် အထောက်အပံ့၏ ကတိတော်မရှိချေ။ ဤကတိခိုင်လုံမှု၏အကြောင်းမှာ တစ်စုံတစ်ဦးသည် ၎င်းကိုယ်တိုင် တွေးတော၍ တစ်စုံတစ်ရာ ပြုလုပ်မှ ဖြစ်မည်ဖြစ်ကြောင်း အာယသ်တော် **وَالَّذِيْنَ جَاهَدُوْا فِيْنَا لَنَهْدِيَنَّهُمْ سُبُلَنَا** "သို့ရာတွင် ငါအရှင်မြတ်၏လမ်းတော်၌ သက်စွန်ကြိုးပမ်း ဆောင်ရွက်ကြကုန်သော သူတို့မှာမူကား ငါအရှင်မြတ်သည် မိမိလမ်းများကို ၎င်းတို့အား မချွတ်မလွဲပြသတော်မူပေမည်။ (၂၉း၆၉)"အရကျွန်ုပ်တို့လေ့လာသိရှိရပါသည်။ ယင်းက ထိုသို့သော လမ်းညွှန်မှု၏နည်းလမ်းများ ရရှိရန်စေ့ဆော်မှုရှိမှသာလျှင် အလွှာဟ်အရှင်မြတ်သည်လည်း လမ်းညွှန်မှုနည်းလမ်းများ ဖွင့်ပေးတော်မူသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများသည် ဤကန့်သတ်ချက်ဖြင့် စည်းနှောင်မထားပါ။ အချိန်အတော်များများတွင် ထိုစေ့ဆော်မှုများမရှိဘဲလျက် ကောင်းချီးမင်္ဂလာများ ကျလာပါသည်။

ကျွန်ုပ်တို့၏တည်ရှိမှုနှင့် ယင်း၏မရေတွက်နိုင်သော ကောင်းချီးမင်္ဂလာများကို ကြည့်ပါ။ ဤသည်တို့မှာ ကျွန်ုပ်တို့၏ ကြိုးပမ်းမှု ရလဒ်မဖြစ်သကဲ့သို့ ယင်းကဲ့သို့သော ကောင်းချီးများရစေရန် ကျွန်ုပ်တို့၏ မျက်စိများ၊ နားများ၊ နှာခေါင်းနှင့် ပြီးပြည့်စုံဆုံးသော ခန္ဓာကိုယ်၏ကျန်ရှိသော အစိတ်အပိုင်းများကလည်း မတောင်းခံခဲ့ပါ။ ဤသည်တို့မှာ အံ့ဖွယ်ကောင်းချီမင်္ဂလာများပင်တည်း။ ထို့ပြင် ကျွန်ုပ်တို့သည် ဤသည်တို့ကို မတောင်းခံဘဲ ရခဲ့ကြခြင်းဖြစ်သည်။ သို့သော်လည်း ကောင်းချီးမင်္ဂလာများနှင့်ထိုက်တန်ရန် အခွင့်အရေးနှင့် အလွှာဟ်အရှင့်ကတိတော်၏ အသီးအပွင့်လက်ခံထိုက်စေရန်မှာ တစ်စုံတစ်ဦးက မကြိုးပမ်းဘဲ ထိုအရာများ မရနိုင်ချေ။ ထို့နောက် အကယ်၍ အလွှာဟ်အရှင်မြတ်၏ဆုလာဘ်များကို ထိုက်သင့်သော ကြိုးပမ်းမှုနှင့်လုပ်ဆောင်မှု မပြုလုပ်ဘဲ စောင့်မျှော်နေမည်ဆိုလျှင် ယင်းသည် မိမိကိုယ်ကို လှည့်စားခြင်းမှအပ အခြားဘာမှမဖြစ်နိုင်ပေ။

ယင်းနောက် အာယသ် ၁၂ တွင် **هُوَ الَّذِىْ يُرِيْكُمُ الْبَرْقَ خَوْفًا وَّطَمَعًا وَّيُنْشِئُ السَّحَابَ الثِّقَالَ** ဟူ၍ မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် အသင်တို့အား လျှပ်ပစ်ခြင်း၊ မိုးချုန်းသံတို့ကို မြင်ကြားစေတော်မူသည်။ သို့မှသာ ယင်းနှင့်ထိတွေ့သမျှသည် ဖျက်ဆီး တတ်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် လူသားများ ကြောက်ရွံ့စေပါသည်။ ထို့ပြင် ဤသည်ထဲတွင် မျှော်လင့်ချက် အတိုင်းအတာလည်း ရှိသည်။ မိုးခြိမ်းပြီးနောက် လူနှင့်တိရစ္ဆာန်ကို အထောက်အကူပြုသည့် မိုးရွာနိုင်စေသည်ဟူသော မျှော်လင့်ချက်ဖြစ်သည်။ ယင်းနောက် အရှင်မြတ်သည်သာလျှင် ပင်လယ်ရေမျက်နှာပြင်ပေါ်ရှိ ကြီးမားလေးလံသော တိမ်များကိုမတင်ကာ မုတ်သုန်လေက ဤရေများပါသောတိမ်များကို စကြဝဠာတစ်ခွင်ရှိ အနီးအဝေးမဟူကို အဆောတလျင်ရောက်စေ၍ မြေပေါ်သို့ မိုးရွာစေပါသည်။ အရှင်မြတ်သည်သာလျှင် အရှင့်အမိန့်နှင့် အရှင့် ဆုံးဖြတ်ချက်အတိုင်း ပမာဏကို ရွေးချယ်တော်မူပါသည်။

နောက်အာယသ် (၁၃)ထဲတွင် **وَيُسَبِّحُ الرَّعْدُ بِحَمْدِهٖ وَالْمَلٰٓئِكَةُ مِنْ خِيْفَتِهٖ** ၎င်းပြင် ရာအ်ဒ်အမည်ရှိသော ကောင်းကင်တမန် (မိုးချုန်းသံသည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့် (ထိုအရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ဘာဝနာ စီးဖြန်းလေသည် ဟုမိန့်ထားသည်။ အာရဗီ အသုံးအနှုန်းတွင် **الرَّعْدُ** ဟူသည့်စကားလုံးမှာ တိမ်တိုက်များ အချင်းချင်း တိုက်ခိုက်မိသောကြောင့် ပေါ်ထွက်လာသော အသံကို ရည်ညွှန်းသည်။ ဤနေရာ၌ ဖော်ပြ

ထားသည် **تَسۡبِيۡح** (သတ်စ်ဗီးဟ်-အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း)၏ အဓိပ္ပာယ်သည် ကုရ်အာန် ကျမ်းတော်မြတ်၏ အခြားအာယသ် တစ်ခုတွင် မိန့်ထားသည့် အဓိပ္ပာယ်နှင့်အတူတူပင် ဖြစ်သည်။ ယင်းမှာ **وَاِنۡ مِّنۡ شَىۡءٍ اِلَّا يُسَبِّحُ بِحَمۡدِهٖ وَلٰكِنۡ لَّا تَفۡقَهُوۡنَ تَسۡبِيۡحَهُمۡ** "အမှန်စင်စစ် (သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံတို့သည် ထို အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ စင်ကြယ်သန့်ရှင်းတော်မူကြောင်း ပွားများသရဇ္ဈာယ်လျက်ပင် ရှိကြ ကုန်သည်။ သို့ရာတွင် အသင်တို့မှာမူကား ၎င်းတို့၏ပွားများသရဇ္ဈာယ်မှုကို နားမလည်ကြချေ။ (၁၇း၄၄)" ဖြစ်သည်။

ဟဒီးဆ် ဆင့်ပြန်ချက် အချို့တွင် အရ်ရာအ်ဒ်သည် မိုးရွာခြင်းအတွက် ခန့်ထားသည့် ကောင်းကင်တမန်၏ အမည် ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤအဓိပ္ပာယ်အရဆိုလျှင် သတ်စ်ဗီးဟ် ရွတ်ဆိုခြင်းသည် ပေါ်လွင်ထင်ရှား သွားသည်။

အာယသ် ၁၂ ၏ နောက်ဝါကျတွင် **وَيُرۡسِلُ الصَّوَاعِقَ فَيُصِيۡبُ بِهَا مَنۡ يَّشَآءُ** "ထိုမှတစ်ပါး ထိုအရှင်မြတ် သည် မိုးကြိုးသွားများကို စေလွှတ်တော်မူပြီးနောက် မိမိ အလိုရှိတော်မူသော သူ၏အပေါ်ဝယ် ယင်းမိုးကြိုးသွားများကို ကျရောက်စေတော်မူ၏" ဟုမိန့်ထားသည်။ **الصَّوَاعِقَ** (အတ်စ်ဆွဝါအိက်) ဟူသောစကားလုံးသည် (အတ်စ်ဆွာ အိကာ)၏ အများကိန်းဖြစ်ကာ ကမ္ဘာမြေပေါ်သို့ ပစ်ချသော မိုးကြိုးသွား၏အမည်ဖြစ်သည်။ အာယသ်တော်က ဆိုလို သည်မှာ အလ္လာဟ်အရှင်မြတ်သည်သာ ဤမိုးကြိုးသွားများကို ကမ္ဘာမြေသို့စေလွှတ်ခဲ့ပြီး အလ္လာဟ်အရှင် အလိုရှိတော် မူသောသူအပေါ် ကျရောက်စေပါသည်။

ဤအာယသ်၏နောက်ဆုံးဝါကျမှာ **وَهُمۡ يُجَادِلُوۡنَ فِى اللّٰهِ ۚ وَهُوَ شَدِيۡدُ الۡمِحَالِ** သို့ပါလျက် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ပတ်သက်၍ ငြင်းခုံလျက် ရှိကြကုန်၏။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် ဖမ်းဆီးအရေးယူ တော်မူသောအရှင် (အားအင်အလွန် ကြီးမားသောအရှင်)မြတ်ပင် ဖြစ်တော်မူပေသတည်း ဖြစ်သည်။ **الۡمِحَالِ** (အလ် မိဟားလ် ကနဦး မိန်အက္ခရာပေါ်တွင် ကဆရာဟ်ပါသည်) ဟူသောစကားလုံးကို အဓိပ္ပာယ် သုံးမျိုးဖြင့် သုံးနှုန်းထား သည်။ (၁) အစီအမံနှင့် နည်းဗျူဟာ (၂) အကျိုးအပြစ်သက်ရောက်မှု (၃) ပြစ်ဒဏ်ခတ်မှု တို့ဖြစ်သည်။ ထို့ပြင် တန်ခိုး အာဏာအဖြစ်လည်း သုံးနှုန်းသည်။ အာယသ်က ဆိုလိုသည်မှာ (အထက်ဖော်ပြခဲ့သော နောက်ခံအကြောင်းအရ) ဤသူများသည် အလ္လာဟ်အရှင်မြတ်တွင် အဆုံးစွန်သောတန်ခိုးတော်ရှိ၍ အရှင်မြတ်၏အစီအမံများသည် အရာရာ တိုင်းပေါ်တွင် လွှမ်းမိုးအောင်နိုင်တော်မူကာ မည်သည်ကမျှ ဆန့်ကျင်မရနိုင်ကြောင်းသိလျက်နှင့် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း တည်ရှိတော်မူခြင်း၏ မှန်ကန်မှုနှင့်ပတ်သက်၍ အချေအတင်ပြောဆိုခြင်းနှင့် ပြောင်းလွဲပြင်ဆင်ခြင်း အလုပ်များနှင့် အငြင်းပွားလျက်ရှိသည်။

အာယသ် (၁၆-၁၇)

قُلۡ مَنۡ رَّبُّ السَّمٰوٰتِ وَالۡاَرۡضِ ؕ قُلِ اللّٰهُ ؕ قُلۡ اَفَاتَّخَذۡتُمۡ مِّنۡ دُوۡنِهٖۤ اَوۡلِيَآءَ لَا يَمۡلِكُوۡنَ لِاَنۡفُسِهِمۡ نَفۡعًا وَّلَا ضَرًّا ؕ قُلۡ هَلۡ يَسۡتَوِى الۡاَعۡمٰى وَالۡبَصِيۡرُ ۙ اَمۡ هَلۡ تَسۡتَوِى الظُّلُمٰتُ وَالنُّوۡرُ ۚ اَمۡ جَعَلُوۡا لِلّٰهِ شُرَكَآءَ خَلَقُوۡا كَخَلۡقِهٖ فَتَشَابَهَ الۡخَلۡقُ عَلَيۡهِمۡ ؕ قُلِ اللّٰهُ خَالِقُ كُلِّ شَىۡءٍ وَّهُوَ الۡوَاحِدُ

الْقَهَّارُ ﴿١٦﴾ اَنْزَلَ مِنَ السَّمَآءِ مَآءً فَسَالَتْ اَوْدِيَةٌۢ بِقَدَرِهَا فَاحْتَمَلَ
السَّيْلُ زَبَدًا رَّابِيًا ؕ وَ مِمَّا يُوْقِدُوْنَ عَلَيْهِ فِى النَّارِ ابْتِغَآءَ حِلْيَةٍ اَوْ
مَتَاعٍ زَبَدٌ مِّثْلُهٗ ؕ كَذٰلِكَ يَضْرِبُ اللّٰهُ الْحَقَّ وَ الْبَاطِلَ ؕ فَاَمَّا الزَّبَدُ فَيَذْهَبُ
جُفَآءً ۚ وَ اَمَّا مَا يَنْفَعُ النَّاسَ فَيَمْكُثُ فِى الْاَرْضِ ؕ كَذٰلِكَ يَضْرِبُ اللّٰهُ
الْاَمْثَالَ ؕ ﴿١٧﴾

(အိုး-နဗီတမန်တော်) အသင်သည် (ၛင်းတို့အား ဤသို့)ပြောဆို(မေးမြန်း)ပါလေ။ (ဟယ်-အချင်းတို့) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကို လည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အဘယ်အရှင်နည်း။ အသင်သည်ပင်လျှင် (ဤသို့) ပြောဆိုဖြေကြားပါလေ။ "အလ္လာဟ်အရှင်မြတ်ပင်"။ အသင်သည် (ၛင်းတို့အား ဤသည်ကိုလည်း) ပြောဆိုမေးမြန်းပါဦးလေ။ (ဟယ်-အချင်းတို့)၊ သို့ပါလျက် အသင်တို့သည် ထိုအရှင်မြတ်အား စွန့်၍ မိမိတို့ကိုယ်နှင့် ပတ်သက်၍ပင် အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုလည်းကောင်း၊ အကျိုးယုတ်စေခြင်းကို လည်းကောင်း၊ အစိုးမရသော အရာများကိုပင် အရာရာကိုစီမံခန့်ခွဲ၍ပေးသူများ ပြုလုပ်ခဲ့ကြလေပြီလော။ အသင်သည် (ၛင်းတို့အား ဤသည်တို့ကိုလည်း) ပြောဆိုမေးမြန်းပါဦးလေ။ (ဟယ်-အချင်းတို့) စကွေ့အလင်း မရသောသူနှင့် စကွေ့အလင်းရသူသည် တူနိုင်ပါမည်လော။ သို့တည်းမဟုတ် အမှောင်နှင့် အလင်းရောင်သည် တူနိုင်ပါမည်လော။ သို့တည်းမဟုတ် ၛင်းတို့သည် အလ္လာဟ်အရှင်မြတ်၌ အကြင်တွဲဖက်များကို ပြုလုပ်၍ထားခဲ့ကြသလော။ ထိုတွဲဖက်တို့သည် ထိုအရှင်မြတ် ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် ဖန်ဆင်းခဲ့ကြသည် ဖြစ်သလော။ သို့ဖြစ်ပေရာ ဖန်ဆင်းသောအရာသည် ၛင်းတို့အပေါ်၌ ဆင်တူယိုးမှားဖြစ်ခဲ့သည် ဖြစ်သလော။ (အိုး-နဗီတမန်တော်) အသင်သည် (ၛင်းတို့အား ဤသို့)ပြောဆို ဖြေကြားပါလေ။ (ဟယ်-အချင်းတို့) အလ္လာဟ်အရှင်မြတ်သည်သာလျှင် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူ၏။ ၛင်းပြင် ထိုအရှင်မြတ်သည်လျှင် တစ်ဆူတည်းသော အရှင်၊ နှိမ်နင်းလွှမ်းမိုးတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၁၆]

ထိုအရှင်မြတ် သည် မိုးကောင်းကင်မှ (မိုး)ရေကို ရွာသွန်းစေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ချောင်း၊ လျှို၊ ရိုးများသည် မိမိတို့၏အဝင်အဆံ့နှင့် လျော်ညီစွာ စီးတွေ့၍လာခဲ့ကြလေသည်။ တစ်ဖန်ပြင်းစွာစီးသော ထိုရေစီးသည် တက်၍နေသောရေမြုပ်ကို အထက်သို့ချီဆောင်၍ လာခဲ့လေသည်။ ထိုနည်းတူစွာ လူတို့သည် လက်ဝတ်လက်စားသော်လည်းကောင်း၊ (အခြား) အသုံးအဆောင် ကိရိယာပစ္စည်းသော်လည်းကောင်း ပြုလုပ်အံ့သောငှာ (ဖိထဲ၌) မီးချကြကုန်သော ဓာတ်သတ္တုများတွင်လည်း ယင်းကဲ့သို့ပင် အမြှုပ်အချေးသည်ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင်အမှန်နှင့် အမှား

ကို ပုံနိုင်းတော်မူလေသည်။ သို့ဖြစ်ပေရာ အညစ်အကြေးသည် အသုံးမကျသောအရာ အဖြစ် အချည်းနှီးဖြစ်သွားလေတော့သည်။ သို့ရာတွင် လူတို့အဖို့ အသုံးဝင်သောအရာမှာ မူကား ကမ္ဘာမြေဝယ် ကျန်ရှိ၍နေလေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်း ပင် ဥပမာ ပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူချေသတည်း။[၁၇]

အကျယ်ဖွင့်ဆိုခြင်း

ဤပုံဆောင်ခိုင်းနှိုင်းမှု နှစ်ခုစလုံး၏ ရလဒ်မှာ ရေမြုပ်သည် စစ်မှန်သော အရာပေါ်တွင် ခဏတာမျှ ထင်ရှားစွာ ရှိသော်လည်း အဆုံးတွင် လွင့်ပစ်ခြင်းခံရကာ စစ်မှန်သောအရာသာလျှင် ကျန်ရစ်ခဲ့သည်။ အလားတူပင် မှားယွင်းသော ကိစ္စတွင်လည်း ဤအတိုင်းပင်ဖြစ်သည်။ မှားယွင်းမှုသည် ခဏတာတွင် အမှန်တရားပေါ်ရှိသော်လည်း အဆုံး၌ ယင်းမှားယွင်းမှုသည် ဖယ်ရှားခံရကာ အမှန်တရားသည်သာလျှင် ထင်ထင်ရှားရှားနှင့် သက်သေခိုင်စွာ ကျန်ရစ်ခဲ့သည်။ (သဖ်စီရ်အလ်ဂျလာလိုင်)

အာယသ် (၁၈-၂၄)

لِلَّذِيْنَ اسْتَجَابُوْا لِرَبِّهِمُ الْحُسْنٰى ؕ وَالَّذِيْنَ لَمْ يَسْتَجِيْبُوْا لَهٗ لَوْ اَنَّ لَهُمْ مَّا
فِى الْاَرْضِ جَمِيْعًا وَّ مِثْلَهٗ مَعَهٗ لَافْتَدَوْا بِهٖ ؕ اُولٰٓئِكَ لَهُمْ سُوْٓءُ الْحِسَابِ
ۙ وَ مَاْوٰىهُمْ جَهَنَّمُ ؕ وَ بِئْسَ الْمِهَادُ ﴿۱۸﴾ اَفَمَنْ يَّعْلَمُ اَنَّمَآ اُنْزِلَ اِلَيْكَ مِنْ
رَّبِّكَ الْحَقُّ كَمَنْ هُوَ اَعْمٰى ؕ اِنَّمَا يَتَذَكَّرُ اُولُوا الْاَلْبَابِ ﴿۱۹﴾ الَّذِيْنَ يُوْفُوْنَ
بِعَهْدِ اللّٰهِ وَ لَا يَنْقُضُوْنَ الْمِيْثَاقَ ﴿۲۰﴾ وَ الَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ
اَنْ يُّوْصَلَ وَ يَخْشَوْنَ رَبَّهُمْ وَ يَخَافُوْنَ سُوْٓءَ الْحِسَابِ ﴿۲۱﴾ وَ الَّذِيْنَ صَبَرُوا
ابْتِغَآءَ وَجْهِ رَبِّهِمْ وَ اَقَامُوا الصَّلٰوةَ وَ اَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً
وَّ يَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ اُولٰٓئِكَ لَهُمْ عُقْبَى الدَّارِ ﴿۲۲﴾ جَنّٰتُ عَدْنٍ
يَّدْخُلُوْنَهَا وَ مَنْ صَلَحَ مِنْ اٰبَآئِهِمْ وَ اَزْوَاجِهِمْ وَ ذُرِّيّٰتِهِمْ وَ الْمَلٰٓئِكَةُ
يَدْخُلُوْنَ عَلَيْهِمْ مِّنْ كُلِّ بَابٍ ﴿۲۳﴾ سَلٰمٌ عَلَيْكُمْ بِمَا صَبَرْتُمْ فَنِعْمَ
عُقْبَى الدَّارِ ﴿۲۴﴾

မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူကြကုန်သောသူတို့အဖို့ အကောင်းမြတ်ဆုံးသောအကျိုးသည် ရှိပေသည်။ သို့ရာတွင် ထိုအရှင်မြတ်၏ အမိန့်တော်ကို လက်ခံနာယူခြင်း မပြုခဲ့ကြသောသူတို့မူကား အကယ်၍ ဓကန်စင်စစ် ၎င်းတို့၌ ကမ္ဘာမြေဝယ်ရှိသမျှသော အရာဝတ္ထုအလုံးစုံတို့အပြင် ယင်းနှင့် အတူ ထိုမျှလောက် နောက်ထပ် ရှိပါလျှင်လည်း အမှန်ပင် ၎င်းတို့သည် ထိုအလုံးစုံတို့ကို လျော်ကြေးအဖြစ် ပေးကြမည်သာတည်း။ ဤသူများပင် ၎င်းတို့၌ အလွန်ပြင်းထန်ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုသည်ရှိချေမည်။ ထို့ပြင် ၎င်းတို့၏ နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲဘုံပင် ဖြစ်ပေမည်။ စင်စစ်သော်ကား ယင်းနေရာထိုင်ခင်းသည် အလွန်ပင် ဆိုးရွားလှပေသည်တကား။ [၁၈]

အကြင်သူသည် စကွေ့အလင်း မရရှိသော မျက်ကန်းကဲ့သို့ဖြစ် နိုင်ပါမည်လော။ ထိုသူသည် အသင်၏ထံသို့ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ကျရောက်လာသောအရာသည် အမှန်တရားပင်ဖြစ်သည်ဟု ကောင်းစွာယုံကြည်လေသည်။ (စင်စစ်မှာမူကား) နိသမ္မညာဏ်ရှင်တို့သည်သာလျှင် တရားကျကြကုန်သတည်း။[၁၉] (ထိုပညာရှင်များကား) အကြင်သူများတည်း၊ ထိုသူတို့သည် အလွှာဟ် အရှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ခံဝန်ချက်ကို ကျေပွန်စွာ ဆောင် ရွက်ကြပေသည်။ ထို့ပြင် (ယင်း)ပဋိညာဉ်ခံဝန်ချက်ကို မဖောက်ဖျက်ကြပေ။ မချိုးဖောက်ကြပေ။[၂၀] ၎င်းပြင် ထိုသူတို့သည် အလွှာဟ်အရှင်မြတ်က ဆက်စပ်၍ထားရှိရန် အမိန့် ပေးတော်မူသည့် အဆက်အသွယ်များကို ဆက်စပ်၍ ထားရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ရိုသေကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် အလွန်ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုကိုလည်း စိုးရိမ်ကြောင့်ကြကုန်သတည်း။ [၂၁] ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေဆည်းပူးရာ၌ တည်တံ့ကြံ့ခိုင်စွာ ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏။ ထိုနည်းတူစွာ ယင်းတို့သည် ဇါအရှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာတစ်ဖုံ၊ ထင်ရှားစွာတစ်မျိုး လှူဒါန်းသုံးစွဲကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် လွှဲဖယ်တုံ့ပြန်ကြကုန်၏။ ဤကဲ့သို့သော သူတို့အဖို့ နောင်တမလွန်ဘဝ၏ကောင်းကျိုးသည် ရှိပေသတည်း။[၂၂] (ဆိုလိုသည်ကား ၎င်းတို့အဖို့) ထာဝရတည်သော ဥယျာဉ်များသည် (ရှိပေမည်)၊ ၎င်းတို့သည် ထိုဥယျာဉ်များသို့ (မိမိတို့ကိုယ်တိုင်လည်း)ဝင်ရောက် ကြပေမည်။ ထိုမှတစ်ပါး ယင်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့အနက်မှလည်းကောင်း၊ ယင်းသူတို့၏ ကြင်ရောကြင်ဖက်တို့အနက်မှ လည်းကောင်း၊ ယင်းတို့၏ သား၊ မြေး၊ မြစ်တို့အနက်မှလည်းကောင်း၊ (ဂျန္နတ်၏) ထိုက်တန်သောသူတို့သည်လည်း (ဝင်ရောက်ကြပေမည်)၊ ၎င်းပြင် မလာအိကာဟ် ကောင်းကင်တမန်များသည် ထိုသူတို့ထံသို့ တံခါးတိုင်းမှ ဝင်ရောက်ကြပေမည်။ [၂၃] (ယင်း "မလာ

အိကဟ်" ကောင်းကင်တမန်များသည် ၎င်းတို့ထံဝင်ရောက်ကြသောအခါ ဤသို့ နှုတ်ခွန်းဆက်သပြောဆိုကြမည်ဖြစ်၏။) အသင်တို့သည် (လောကီဘဝ၌) ခန္ဓိတရားထားရှိ၍ တည်တံ့ ကြံ့ခိုင်စွာရှိခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်၌ ကျရောက်ပါစေသား။ ဤတမလွန်ဘဝ၌(အသင်တို့ခံစားကြရမည့်)အကျိုးသည် အလွန်ကောင်းမြတ်လှပေသည်တကား။[၂၄]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များတွင် သစ္စာတရားနှင့် လမ်းမှားမှုတို့အား ပုံခိုင်းနှိုင်းမှုအား ရှင်းလင်းပြသထားခဲ့သည်။ လက်ရှိအာယသ်များထဲတွင် သစ္စာတရား၏လူများနှင့် လမ်းမှားရှိလူများတို့ကို ခွဲခြားသတ်မှတ်သည့် ထင်ရှားသော အမှတ်လက္ခဏာများနှင့်အတူ ထိုသူများ၏ ကောင်းမှုနှင့်မကောင်းမှုလုပ်ရပ်များအတွက် ၎င်းတို့ရမည့် ဆုလာဘ်နှင့် ပြစ်ဒဏ်ခတ်မှုကို ဖော်ပြထားခဲ့သည်။

ပထမအာယသ်(၁၈)တွင် အလ္လာဟ်အရှင့်အမိန့်တော်များကို နာခံ၍ ယင်းနှင့်အညီ ကျင့်သုံးသူများအတွက် သီးသန့်ထားရှိသော အစားပေးမှုတို့နှင့်ဆန့်ကျင်ပြီး အမိန့်ဖီဆန်သူများအတွက် ပြစ်ဒဏ်ခတ်မည့်အကြောင်း ဖော်ပြထားသည်။

ဒုတိယအာယသ်(၁၉)ထဲတွင် အုပ်စုတစ်စုကို ပုံခိုင်းမှုတစ်ခုဖြစ်သည့် အလင်းရသူနှင့် အလင်းမရသူဟူ၍ ဖော်ထုတ်ပြသကာ အဆုံးတွင် **إِنَّمَا يَتَذَكَّرُ أُولُوا الْأَلْبَابِ** "စင်စစ်မှာမူကား နိသမ္မညာဏ်ရှင်တို့သည်သာလျှင် တရားကျ ကြကုန်သတည်း" ဟု မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ ဤနေရာပါပုံခိုင်းနှိုင်းထားမှုသည် အတော် ထင်ရှားပြတ်သားသော်လည်း အရေးကြီးသည့် ဆင်ခြင်တုံတရားရှိသူများသာလျှင် နားလည်သဘောပေါက် ခံစားနိုင်သည်။ သတိမမူခြင်းနှင့် အမိန့်မနာခံခြင်းကြောင့် ဆင်ခြင်နိုင်စွမ်း ပျက်ပြားနေသူတို့မှာမူ ထိုမျှကြီးကျယ်သော ခြားနားမှုကို နားလည်သဘောပေါက်နိုင်မည် မဟုတ်ချေ။

တတိယအာယသ်(၂၀)မှစတင်၍ အုပ်စုနှစ်စုကို ကွဲပြားစေသော သီးသန့်လုပ်ရပ်များနှင့် အမှတ်လက္ခဏာများအကြောင်း ဦးစွာပထမဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ယုံကြည်သက်ဝင်၍ အမိန့်နာခံသောသူများ၏ အရည်အသွေးအကြောင်း ဖြစ်သည်။ ကနဦးဂုဏ်ပုဒ်မှာ **الَّذِينَ يُوفُونَ بِعَهْدِ اللَّهِ** (ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ပဋိညာဉ်ခံဝန်ချက်ကို ကျေပွန်စွာ ဆောင်ရွက်ကြပေသည်)ဟု ဖော်ပြထားသည်။ ယင်းတွင် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ကျေးကျွန်များထံမှ ယူခဲ့သောကတိများနှင့် ပဋိညာဉ်များအား လုံး ပါဝင်သည်။ ယင်းတို့အနက် ပထမဦးဆုံးပဋိညာဉ်မှာ ဝိညာဉ်များအားလုံး၏ အစုအဝေးတစ်ရပ် ရှေ့မှောက်တွင် အလ္လာဟ်အရှင်မြတ်က တောင်းယူခဲ့သည့် **أَلَسْتُ بِرَبِّكُمْ** ငါအရှင်မြတ်သည် သင်တို့၏ မွေးမြူဖန်ဆင်းတော်မူသော အရှင် မဟုတ်ပါသလောဟူ၍ဖြစ်ကာ ယင်းကိုအားလုံးက တစ်ပြိုင်နက်တည်း ဖြေကြားကြသည်မှာ **بَلَى** မှန်ပါ၊ ဘာကြောင့် မဟုတ်ရမည်နည်း။ မုချဇကန် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ မွေးမြူဖန်ဆင်းတော်မူ သောအရှင်ဖြစ်တော်မူသည်။ အလားတူ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို နာခံခြင်း၊ သတ်မှတ်တာဝန်ဝတ္တရားများကို ဖြည့်ဆည်းခြင်း၊ အလ္လာဟ်အရှင်မြတ် အမိန့်ထုတ်ပြန်ခဲ့သော ခွင့်မပြုသည့်အရာများမှ ရှောင်ကြဉ်ခြင်း ဟူသည် အမျိုးမျိုး သောပဋိညာဉ်များကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အမျိုးမျိုးတွင် ဖော်ပြထားသည်။

ဤနေရာ၌ဒုတိယဂုဏ်ပုဒ်ကို **وَلَا يَنْقُضُونَ الْمِيثَاقَ** (ထို့ပြင် (ယင်း)ပဋိညာဉ်ခံဝန်ချက်ကို မဖောက်ဖျက်

ကြပေ။ မချိုးဖောက်ကြပေ) ဟုဖော်ပြထားသည်။ ဤသည်ထဲ၌ ပထမဝါကျပါ **بِعَهْدِ اللّٰهِ** (အလ္လာဟ်အရှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ခံဝန်ချက်ကို)သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ကျေးကျွန်များပြုလုပ်ထားသော ပဋိညာဉ် အားလုံးပါဝင်သည်။ ဤသည်ထဲတွင် ဘာသာရေးဆိုင်ရာ အွမွသ်ထု၏လူများနှင့် ၎င်းတို့၏ နဇီတမန်တော်များ ပြုလုပ်ထားသည့် ပဋိညာဉ်များ၊ လူသားအချင်းချင်း ပြုလုပ်ထားသည့် သဘောတူစာချုပ်များလည်း ပါဝင်သေးသည်။

အဗူဒါဂူးဒ်ကျမ်းတွင် စိုက်ယိဒိနာ အောက်ဖ် အိဗနိ မာလိက်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ခေါ် အခြေခံ၍ တင်ပြထားသည်မှာ တမန်တော်မြတ်ﷺသည် ဆွဟာဗဟ်သာဝကကြီးများထံမှ ပဋိညာဉ် (အဟဒ်နှင့်ဗိုင်အက်)ယူခဲ့သည်။ ယင်းထဲတွင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွဲဖက်ယှဉ်တွဲ ကိုးကွယ်ခြင်း မပြုလုပ်ကြောင်း၊ ထို့ပြင် နေ့စဉ် ဆွလာသ် ဝတ်ပြုဆောက်တည်မှု ငါးကြိမ်ကို အချိန်မှန်ဝတ်ပြုမည်ဖြစ်ကြောင်း၊ ၎င်းတို့ အကြီးအကဲများ၏အမိန့်ကို နာခံမည်ဖြစ်ကြောင်းနှင့် မည်သည့်လူသားတစ်ဦးထံတွင် မည်သည်ကိုမျှ လက်ဖြန့် မတောင်းခံကြောင်း ပါဝင်သည်။

ဤလေးနက်သော ပဋိညာဉ်(ဗိုင်အတ်ပြုမှု)တွင် ပါဝင်သောသူများသည် မည်မျှ သစ္စာရှိသနည်းဆိုလျှင် မြင်းစီးစဉ် ကြာပွတ်ကျသွားခဲ့လျှင်ပင် မည်သူ့ကိုမျှ မကောက်ခိုင်းစေပါ။ သူတို့ကိုယ်တိုင်ဆင်း၍ ကောက်ယူကြသည်။

ထိုသို့ ဆွဟာဗဟ်သာဝကကြီးများ လုပ်ခဲ့ကြခြင်းသည် သူတို့ ဆရာသမားကို အလွန်ချစ်မြတ်နိုးသောစိတ်ဖြင့် နလုံးသားတွင် အမိန့်နာခံရန် ဆန္ဒပြင်းပြစွာနှင့် ရှိနေခဲ့ကြ၍ဖြစ်သည်။ သို့မဟုတ်ပါက တမန်တော်မြတ်ﷺသည် ဤသို့သော သဘာဝဆိုသော မေတ္တာရပ်ခံချက်ကို ၎င်းတို့လုပ်ခြင်းမှ တားမြစ်ရန် မည်သည့်အခါမျှ ရည်ရွယ်သည် မဟုတ်ချေ။ ဤသည်မှာ စိုက်ယိဒိနာ အဗွဒွလ္လာဟ် အိဗနိမတ်စ်အူးဒ်ﷺသည် တစ်ခါက ဗလီဝတ်ကျောင်းတော် မတ်စ်ဂျိဒ်ထဲဝင်ခဲ့စဉ်က ဖြစ်ပျက်ခဲ့သည်နှင့် အလွန်တူသည်။ တမန်တော်မြတ်ﷺသည် လူစုလူဝေးတစ်ခုကို ဦးတည် ပြောကြားနေသည်ကို မြင်ခဲ့သည်။ တိုက်ဆိုင်စွာပင် ၎င်းဗလီအတွင်း ဝင်ရောက်စဉ် တမန်တော်မြတ်ﷺက ထိုင်လော့ဟု ပြောနေသည့်အချိန်ဖြစ်သည်။ စိုက်ယိဒိနာ အဗွဒွလ္လာဟ်အိဗနိမတ်စ်အူးဒ်ﷺ သိခဲ့သည်မှာ မည်သူတစ်ဦးမဆို မည်သည့်နေရာမှာမဆို ရှိနေပါစေ လမ်းပေါ်၌ဖြစ်စေ၊ လမ်းကြားတွင်ဖြစ်စေ (သို့မဟုတ်) ထိုင်ရန် မသင့်လျော်သည့် နေရာတစ်ခုတွင်ဖြစ်စေ ဟူသောအမိန့်မျိုးမဟုတ်ကြောင်း ဖြစ်သည်။ သို့ရာတွင် သူ၏အမိန့်နာခံလိုသည့် ဆန္ဒပြင်းပြမှုကြောင့် မတ်စ်ဂျိဒ်ဂိတ်ပေါက်အပြင်ဘက်တွင် ခြေတစ်လှမ်းပင် မလှမ်းဝံ့ချေ။ သူသခင်ပြောကြားခဲ့သော ဤစကားလုံးများ ကြားသည်နှင့် တစ်ပြိုင်နက် သူသည် ထိုနေရာတွင် ထိုင်ချလိုက်သည်။

အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံသော ကျေးကျွန်များ၏ တတိယဂုဏ်ပုဒ်ကို ဤနေရာ၌ **وَالَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ** "၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်စပ်၍ ထားရှိရန် အမိန့်ပေးတော်မူသည့် အဆက်အသွယ်များကို ဆက်စပ်၍ထားရှိကြကုန်၏"ဟု မိန့်ထားသည်။ ဤအာယသ်တော်၏ ကျော်ကြားသည့် ရှင်းလင်းမှုအရ ဆိုလိုသည်မှာ ဤသူများသည် အလ္လာဟ်အရှင်မြတ် မိန့်ထားသည့်အတိုင်း ဤကိစ္စတွင် ဆက်စပ်မှုကို လုပ်ဆောင်သင့်သည့်အတိုင်း ဆက်စပ်လုပ်ကိုင်ဆောင်ရွက်သည်။ ဇီကာရှင်အချို့က ဤသည်ကို ရှင်းလင်းသည် မှာ ဤသူများသည် အိမာန် ယုံကြည်ချက်နှင့် ဖြောင့်မတ်မှန်ကန်သည့် လုပ်ရပ်များကို ပေါင်းစပ်ခဲ့သည် ဟူ၍ဖြစ်သည်။ သို့မဟုတ်ပါက ၎င်းတို့၏ တမန်တော်မြတ်ﷺနှင့် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် ၎င်းတို့၏ ကနဉီးယုံကြည်ချက်ကို လွန်လေပြီးသော တမန်တော်များနှင့် ၎င်းတို့၏ကျမ်းတော်များပေါ် ယုံကြည်ချက်နှင့် တစ်သားတည်းဖြစ်စေသည်။

စတုတ္ထဂုဏ်ပုဒ်ကို **وَيَخْشَوْنَ رَبَّهُمْ** ထို့ပြင် ၎င်းတို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား ကြောက်ရွံ့ ရိုသေကြကုန်၏ ဟူ၍ ဖော်ထုတ်ပြသထားခဲ့သည်။ **خَوْف** (ခေါက်ဖ်)ဟူသော စကားလုံးအစား **خَشْيَه**

(ခရှ်ယာဟ်)ဟူသောစကားလုံး သုံးထားခြင်းက ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းသည် တစ်စုံတစ်ဦးသည် သားရဲတိရစ္ဆာန် (သို့မဟုတ်) အန္တရာယ်ရှိသော လူတစ်ဦးနှင့် ရင်ဆိုင်တွေ့ရသောအခါ၌ သဘာဝအလျောက်ဖြစ်ပေါ်သော ကြောက်ရွံ့ပုံမျိုးနှင့် မတူကြောင်း ညွှန်းထားသည်။ ဤကြောက်ရွံ့ရိုသေမှုမှာ သားသမီးက မိဘတို့ ကြောက်ရွံ့သည့်အလေ့အထမျိုးနှင့် ကျောင်းသားများက ၎င်းတို့ဆရာကို ကြောက်ရွံ့ရိုသေမှုမျိုးနှင့် တူသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အတွက် အနာဘရဖြစ်စေမှု (သို့မဟုတ်) အန္တရာယ် ဖြစ်စေမှုမျိုးဖြစ်သော ကြောက်ရွံ့မှုမျိုး မဟုတ်ခဲ့။ ဤကဲ့သို့သော ကြောက်ရွံ့ရိုသေမှုသည် ချစ်ခင်မြတ်နိုးခြင်းနှင့် လေးစားအထင်ကြီးခြင်းများ ရောယှက်ထားသည်။ ယင်းကြောက်စိတ်ကြောင့် တစ်စုံတစ်ရာပြောဆိုခြင်း၊ (သို့မဟုတ်) လုပ်ကိုင်ခြင်းသည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် မနှစ်မြို့ခြင်းဖြစ်စေသည်ဟူသော စိုးရိမ်သောက ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေမှုကိုဖော်ပြရာတွင် ချီးကျူးထောမနာခြင်းနှင့် ကျေးဇူးတင်ခြင်းသည်ပါလာကာ ယင်းကို အများအားဖြင့် ခရှိယားဟ်ဟု သုံးနှုန်းသည်။ အဘယ့်ကြောင့်ဆိုသော ခရှိယားဟ်ဆိုသည်မှာ ချစ်ခင်ခြင်းနှင့် လေးစားအထင်ကြီးခြင်းမှ ပေါ်ထွက်လာသော ကြောက်ရွံ့ခြင်း၏အမည်ဖြစ်သည်။ ထို့ကြောင့် နောက်ဝါကျထဲတွင် တင်းတင်းကြပ်ကြပ် စာရင်းစစ်ဆေးခြင်းကို ကြောက်ရွံ့ခြင်းကို ဖော်ပြထားရာ၌ ခရှိယာဟ်ဟူသောစကားလုံး သုံးနှုန်းမထားဘဲ ကြောက်ရွံ့ခြင်းဟူသော အဓိပ္ပာယ်ထွက်သော စကားလုံးကို သုံးနှုန်းထားသည်။ **وَيَخَافُونَ سُوٓءَ ٱلۡحِسَابِ** ထိုမှတစ်ပါး ၎င်းတို့သည် အလွန်ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုကိုလည်း စိုးရိမ်ကြောင့်ကြ ကုန်သတည်းဟု မိန့်ထား သည်။ အလွန်ပူဆွေးဖွယ်ဖြစ်သောစစ်ဆေးမှုဆိုသည်မှာ တင်းကြပ်၍အနုစိတ်သောစစ်ဆေးခြင်းကို ဖော်ညွှန်းသည်။ စိုက်ယိဒါဟ် အာအိရှာ ﷺသခင်မကြီးကပြောသည်မှာ လုပ်ရပ်များအတွက် စာရင်းစစ်ဆေးသောအချိန်တွင် ခွင့်လွှတ်ခြင်းကို အဆောတလျင် ပြုလုပ်၍ လူသားကိုလွှတ်ငြိမ်းချမ်းသာခွင့်ပေးကာ ကယ်တင်ရာတွင် အလ္လာဟ်အရှင်မြတ်၏ အသနားကြင်နာမှုဖြင့်သာ ပြုလုပ်နိုင်သည်။ သို့မဟုတ်ပါက မည်သူမဆို ၎င်း၏ပြောဆို လုပ်ကိုင်သမျှတိုင်းကို စစ်ဆေးလျှင် ပြစ်ဒဏ်ခတ်ခံရမှုမှ မလွတ်ကင်းနိုင်ခဲ့။ ပြစ်ဒဏ်ခတ်မှုမှ လွတ်ကင်းခြင်းသည် လုံးဝမဖြစ်နိုင်ခဲ့။ အဘယ့်ကြောင့်ဆိုသော် သူ(သို့မဟုတ်) သူမသည် မည်သည့်အခါမှ ပြစ်မှု မကျူးလွန်ခဲ့ပါ၊ အမှားမကျူးလွန်ခဲ့ပါဟု အခိုင်အမာ ပြောနိုင်အံ့နည်း ဟူ၍ ဖြစ်သည်။ ထို့ကြောင့် လုပ်ရပ်များအတွက် အလွန်ပူဆွေးဖွယ်ဖြစ်သော စစ်ဆေးမှုကိုရင်ဆိုင်ရန် ဤကြောက်ရွံ့မှုသည် ဖြောင့်မတ်မှန်ကန်၍ အမိန့်နာခံသူများ၏ ပဉ္စမဂုဏ်ပုဒ်ဖြစ်ပေသည်။

ဆဋ္ဌမဂုဏ်ပုဒ်ကို **وَٱلَّذِينَ صَبَرُواْ ٱبۡتِغَآءَ وَجۡهِ رَبِّهِمۡ** "ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေဆည်းပူးရာ၌ တည်တံ့ခြုံရိုင်စွာ ရှိကြကုန်၏" ဟူ၍ ဖော်ပြထားခဲ့သည်။

အရဗီဘာသာစကားတွင် **صبر** (ဆွဗရ်)၏အဓိပ္ပာယ်မှာ အူရ်ဒူဘာသာ (ဤအကျယ်ဖွဲ့ဆိုခြင်းတွင် မူရင်းဘာသာဖြင့် ရေးထားသည်) အဓိပ္ပာယ်နှင့်ယှဉ်လိုက်လျှင် ယေဘုယျ သုံးနှုန်းထားသည်။ အရဗီဘာသာတွင် ဒုက္ခရောက်ချိန် သည်းခံခြင်းကို ဆိုလိုသည်။ (ဝမ်းနည်းဖွယ်ကောင်းသည်မှာ အင်္ဂလိပ်ဘာသာ၌ ဆွဗရ်အတွက် သုံးနှုန်းထားသော သည်းခံမှုတွင် ကန့်သတ်ချက်များနှင့် မကင်းခဲ့။ ထို့ပြင် မူလအရဗီဘာသာကဲ့သို့ ကြွယ်ဝသော အဓိပ္ပာယ်မပါဝင်ခဲ့။) အကြောင်းမှာ ဆွဗရ်၏စစ်မှန်သောအဓိပ္ပာယ်မှာ ဒုက္ခရောက်မှုကြောင့် စိတ်ဓာတ်အရ သည်းမခံနိုင်ဖြစ်ကာ ကယောင်ကယက်မဖြစ်ခြင်းဖြစ်သည်။ စင်စစ်တွင် လုပ်သင့်သည်ကို စွဲမြဲစွာနှင့် ရည်ရွယ်ချက် ခိုင်မာသော စိတ်ဆုံးဖြတ်ထားပြီး လုပ်သင့်သည်။ ထို့ကြောင့် ယင်းကို နှစ်မျိုးနှစ်စားခွဲခြားထားသည်။ တစ်မျိုးမှာ ဖွဲလုံ့လရှိခြင်းနှင့် အမိန့်နာခံခြင်း (**صَبۡرٌ عَلَى الطَّاعَةِ**)ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စွဲမြဲခြင်းဖြစ်သည်။ အခြားတစ်မျိုးမှာ အမိန့်ဖီဆန်ခြင်းနှင့် ဂုနာဟ်ပြစ်မှု

ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရန် ဖွဲလုံ့လထားခြင်း(**صَبْرٌ عَنِ الْمَعْصِيَةِ**) ဖြစ်သည်။ ဆိုလိုသည်မှာ ဂုနာဟ်ပြစ်မှုများကို ရှောင်ကြဉ်ခြင်းနှင့် ယင်းတို့မှ လုံခြုံစွာ နေထိုင်ခြင်းတွင် စွဲမြဲစွာ နေထိုင်ခြင်းဖြစ်သည်။

اِبْتِغَآءَ وَجْهِ رَبِّهِمْ "ငင်းတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏နှစ်သက်မှုကိုရှာဖွေဆည်းပူးရာ၌" ၏ ကန့်သတ်ချက်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဆွဗရ် (သို့မဟုတ်)သည်းခံခြင်းသည် ယေဘုယျအဓိပ္ပာယ်အရဆိုလျှင် ယင်း၏ ပင်ကိုသဘာဝအရ အကျိုးကျေးဇူး မရှိချေ။ အဘယ့်ကြောင့်ဆိုသော် အလွန်သည်းမခံနိုင်သူ တစ်ဦးပင်လျှင် တစ်နည်းမဟုတ်တစ်နည်း အဆုံး၌ သူ သို့မဟုတ် သူမသည် သည်းခံသွားရသောအချိန်လည်း ရှိသည်။ ထို့ကြောင့် စိတ်မပါသော ဆွဗရ်(သို့မဟုတ်)သည်းခံမှုတွင် အကျိုးအမြတ် မရှိသကဲ့သို့ အလျှာဟ်အရှင်မြတ်သည် လည်း ၎င်းသူမ မထိန်းချုပ်နိုင်သော အရာတစ်ခုခုအတွက် မည်သူ့ကိုမျှ တာဝန်မပေးပါ။ ထို့ကြောင့် ဟဒီးဆ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ထားခဲ့သည်မှာ **اَلصَّبْرُ عِنْدَ الصَّدْمَةِ اَلْاُوْلٰى** တုန်လှုပ်ချောက်ချားမှု၏ ကနဦးအခြေအနေတွင် မဆိုင်းမတွဘဲ ရုတ်တရက် ဆွဗရ်ပြုလုပ်ခြင်းသည် စစ်မှန်၍ယုံကြည်အားကိုးထိုက်သည်။ သို့မဟုတ်ပါက နောက်ပိုင်းတွင် မကြာမီ ဖြစ်စေ (သို့မဟုတ်) နောက်မှဖြစ်စေ တစ်စုံတစ်ဦးသည် သင့်မြတ်သွားပြီး ဆွဗရ် သည်းခံသွားပါလိမ့်မည်။ ဤသည်နှင့် ဆန့်ကျင်စွာ ချီးကျူးထိုက်သည့် ဆွဗရ်ဟူသည်မှာ သူ (သို့မဟုတ်) သူမ ကြိုက်နှစ်သက်မှုနှင့် ဆန့်ကျင်၍ သည်းခံရန် ရွေးချယ်ခဲ့သော ဆွဗရ်ဖြစ်သည်။ နှစ်သက်မှုဆိုသည်မှာ တစ်စုံတစ်ဦး တာဝန်တင်ရှိသည်ကို ဖြည့်ဆည်းခြင်း သို့ မဟုတ် တရားမဝင် (သို့မဟုတ်) ကဲ့ရဲ့ပြစ်တင်ထိုက်သည်များကို ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

ထို့ကြောင့် အကယ်၍ တစ်စုံတစ်ဦးသည် အခြားတစ်စုံတစ်ဦး၏ အိမ်ထဲသို့ ခိုးရန်ရည်ရွယ်၍ ဝင်ရောက်ခဲ့ရာတွင် ခိုးစရာ ဘာမျှမရှိသည်ကို တွေ့ရ၍ သူသည် သည်းခံရန်မှအပ အခြားဘာမျှလုပ်စရာမရှိ၍ ပြန်ထွက်လာခဲ့သည်။ သို့ဆိုလျှင် ဤသို့သော ဆွဗရ် သို့မဟုတ် သည်းခံခြင်းသည် လိုလိုလားလား လုပ်ခြင်း မဟုတ်သောကြောင့် ချီးမွမ်းခြင်းသို့ ဆုလာဘ်တို့နှင့် ထိုက်တန်သောလုပ်ရပ် မဟုတ်ချေ။ ဆွဗရ် (သို့မဟုတ်) သည်းခံခြင်းကြောင့် အလျှာဟ် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ အရှင်မြတ်ကျေနပ်နှစ်သက်ရန်အလို့ငှာ ပြစ်မှုဂုနာဟ်မှ ရှောင်ကြဉ်ခြင်းဖြင့် သာလျှင် စဝါးဗ် (သို့မဟုတ်) ဆုလာဘ် ရပေသည်။

သတ္တမဂုဏ်ပုဒ်မှာ **وَ اَقَامُوا الصَّلٰوةَ** "ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြကုန်၏" ဟူ၍ဖြစ်သည်။ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြကုန်သည်ဟူသော ကုရ်အာန်ကျမ်းတော်မြတ်၏အသုံးအနှုန်းက ဆွလာသ်ဝတ်ပြုဆောက်တည်မှုတွင် ပါဝင်သောအခြေအနေများနှင့် ကျင့်ဝတ်ဆိုင်ရာဥပဒေများနှင့်အတူ နလုံးသား၏အရေးပါသော ရိုကျိုးနှိမ့်ချခြင်းဖြင့် ပြုလုပ်ခြင်းကို ဆိုလိုသည်။ သာမန် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကို မဆိုလိုချေ။ ထို့ကြောင့် ယေဘုယျပြောရလျှင် ဆွလာသ်ဝတ်ပြုဆောက်တည်ရန်ဟူသောအဓိန့် ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါရှိခြင်းကို သီးသန့်စကားလုံးဖြစ်သည် အိကာမသ်ဟူသော စကားလုံးဖြင့် ဖော်ပြထားသည်။ ဝတ်ပြု ဆောက်တည်ကြသည်ဟု မြန်မာ ဘာသာ ပြန်ဆိုထားသော်လည်း အဓိပ္ပာယ်မှာမူ မပြည့်စုံသေးချေ။

အဋ္ဌမဂုဏ်ပုဒ်မှာ **وَ اَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً** ယင်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာတစ်ဖုံ ထင်ရှားစွာတစ်မျိုး လှူဒါန်းသုံးစွဲကြကုန်၏ ဖြစ်သည်။ ဤနေရာ၌ အညွှန်းပေးထားသည်မှာ အလျှာဟ်အရှင်သတ်မှတ်ပြဋ္ဌာန်းထားသည့် ဇကားသ်ပမာဏသည် အသင်တို့ထံမှ အရှင်မြတ်က တောင်းခံနေခြင်းမဟုတ်။ အရှင်မြတ်ခိုင်းသည်မှာ အရှင်မြတ် သင်တို့အား ပေးထားသည့်အထဲမှ အစိတ်အပိုင်းအချို့ကိုသာ ဖြစ်သည်။ ထိုအစိတ်အပိုင်းမှာလည်း မပြောပလောက်သော ၂ $\frac{1}{2}$ % သာလျှင် ဖြစ်သည်။ ဤမျှလောက်ကလေး ပေးရခြင်းကို အသင်သည် နှောင့်နှေးဆိုင်းတွ မနေသင့်ချေ။

سِرًّا وَّعَلَانِيَةً (လျို့ဝှက်စွာတစ်ဖုံ ထင်ရှားစွာတစ်မျိုး)ဟူသော ကြိယာဝိသေသနသည် အလ္လာဟ်အရှင့်လမ်းတွင် ဥစ္စာပစ္စည်းကို သုံးစွဲရန်ဟူသည့် အဓိန့်နှင့်တွဲလျက်ရှိခြင်းက ကျွန်ုပ်တို့ကိုပြောသည်မှာ လျို့ဝှက်စွာ လှူဒါန်းခြင်းသည် တစ်ခုတည်းသော စွန္ဒသ်တော်နည်းလမ်းမဟုတ်ကြောင်း ဖြစ်သည်။ အချို့အခါများတွင် ထင်ရှားစွာ လှူဒါန်းခြင်းသည်လည်း မှန်ကန်၍ခိုင်မာသည်။ ထို့ကြောင့် ဘာသာရေးဆိုင်ရာပညာရှင်များက ပြောသည်မှာ မပေးမနေရ ဇကားသ်တာဝန်နှင့် အခြားသောလှူဒါန်းမှုများကို ထင်ရှားစွာ ပြုလုပ်ခြင်းက ပို၍ကောင်းမွန်ကာ ပို၍ စဝါးဗ်ကုသိုလ် ရပေသည်။ ယင်းကို လျို့ဝှက်စွာ ပြုလုပ်ခြင်းမှာ မလျော်ကန်ချေ။ အဘယ့်ကြောင့် ဆိုသော် အခြားသူများကို အလားတူ ပြုလုပ်စေရန် စေ့ဆော်မှုမလုပ်နိုင် မစွဲဆောင်နိုင်သောကြောင့် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နဖိလ်ဆွဒကာဟ် လှူဒါန်းမှုများကို လျို့ဝှက်စွာ ပြုလုပ်ခြင်းက ပိုမိုကောင်းမွန်၍ ပို၍ မွန်မြတ်သည်။ ယင်းလှူဒါန်းခြင်း ဆွဒကာဟ်များကို လျို့ဝှက်စွာပေးခြင်းသည် ယင်းကဲ့သို့သော နဖိလ်ဆွဒကာဟ်များကို ပေးကမ်းလှူဒါန်းခြင်းနှင့်သာ သက်ဆိုင်ကြောင်း အဟဒီးဆ်တော်များတွင် ပါရှိသည်။

ဤနေရာ၌ ဖော်ပြထားသည့် နဝမဂုဏ်ပုဒ်မှာ يَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ "ထိုမှတစ်ပါး ၎င်းတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် လွှဲဖယ်တုံ့ပြန် ကြကုန်၏ ဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ ဤသူများသည် မကောင်းသည်ကို အကောင်းဖြင့်လည်းကောင်း၊ ရန်လိုမှုကို မိတ်ဆွေဖြစ်မှုနှင့်လည်းကောင်း ထို့ပြင် မတရားမှုကို ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း လွှဲဖယ်တုံ့ပြန်ကြကုန်၏။ ဋီကာရှင်အချို့က ဤသည်၏အဓိပ္ပာယ်မှာ ဤသူများသည် မကောင်းသည်ကို အကောင်းဖြင့် လည်းကောင်း၊ ရန်လိုမှုကို မိတ်ဆွေဖြစ်မှုနှင့်လည်းကောင်း ထို့ပြင် မတရားမှုကို ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း လွှဲဖယ်တုံ့ပြန်ကြကုန်၏။ ဋီကာရှင်အချို့က ဤသည်၏အဓိပ္ပာယ်ကို ရှင်းလင်းပြောသည်မှာ ဤသူများသည် ပြစ်မှုဂုနာဟ်ကို ဖြောင့်မတ်မှန်ကန်စွာလုပ်ဆောင်ခြင်းဖြင့် လွှဲဖယ်တုံ့ပြန်သည်။ ဆိုလိုသည်မှာ အကယ်၍ ထိုသူများပြစ်မှုဂုနာဟ်အချို့ကျူးလွန်မိခဲ့လျှင် ထိုသူများသည် ဝန်ချတောင်းပန်ခြင်း၊ အမိန့်နာခံခြင်းနှင့် ခဝပ်ကိုးကွယ်မှုတို့ကို တိတိ ကျကျနှင့်မြောက်များစွာ လုပ်ဆောင်ခြင်းကြောင့် အတိတ်က ပြစ်မှုဂုနာဟ်သည် ပယ်ဖျက်ပြီး ဖြစ်သွားစေသည်။ ဟဒီးဆ်တော်အရ တမန်တော်မြတ်ﷺသည် စိုက်ယိဒိနာမုအားဒ်ﷺကို အကြံပေးသည်မှာ အကယ်၍ အသင်သည် မကောင်းမှုပြုလုပ်ပြီး ကောင်းမှုကိုလုပ်ဆောင်လျှင် ယင်းကောင်းမှုက မကောင်းမှုကို ချေဖျက်ပြီးဖြစ်သွားမည် ဟူ၍ ဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ လူတစ်ဦးက ပြန်လည်ဆင်ခြင်သောအခါ ၎င်းသူဂုနာဟ်ကျူးလွန်မှုကို အရှက်ရကာ ဝန်ချတောင်းပန်၍ ကောင်းမှုလုပ်ရပ်တို့ဖြင့် ပြင်ဆင်မှုပြုလုပ်ခဲ့လျှင် ဤကောင်းမှုလုပ်ရပ်သည် သူ(သို့မဟုတ်) သူမ ကျူးလွန်ခဲ့သည့် ပြစ်မှုဂုနာဟ်ကို ဆေးကြောပြီးဖြစ်ပေလိမ့်မည်။ ဂုနာဟ်ပြစ်မှုကျူးလွန် ပြီးနောက် အရှက်ရခြင်းလည်း မရှိ၊ ဝန်ချတောင်းပန်ခြင်းလည်းမရှိဘဲ ကောင်းမှုကောင်းရာ အချို့လုပ်ဆောင်မှု သက်သက်ဖြင့် ကျူးလွန်ခဲ့သောဂုနာဟ် ပြစ်မှု ကျူးလွန်ခြင်း ခွင့်လွှတ်ခံရစေရန်အတွက် မလုံလောက်ချေ။

အလ္လာဟ်အရှင်မြတ်၏အမိန့်နာခံသော ကျေးကျွန်များ၏ ဤဂုဏ်ပုဒ်ကိုးခုကို ပြန်လည်တွေးတောပြီးနောက် ထိုသူများအတွက် ဆုလာဘ်ကို ကတိပြုထားသည်မှာ أُولَٰئِكَ لَهُمْ عُقْبَى الدَّارِ ဤကဲ့သို့သော သူတို့အဖို့ နောင်တမလွန်ဘဝ၏ ကောင်းကျိုးသည် ရှိပေသည်ဟူ၍ ဖြစ်သည်။ الدَّارِ (အဒ်ဒါးရ်-နေရာထိုင်ခင်း၊ အိမ်)ဟူသော စကားလုံးသည် အာခိရသ်(နောင်တမလွန်ဘဝ) သို့မဟုတ် ဤကမ္ဘာလောကကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ အာခိရသ်၏ ကြီးပွားချမ်းသာခြင်းနှင့် အောင်မြင်မှုသည် သူတို့အတွက်ဖြစ်သည်။ ဋီကာရှင်အချို့က ပြောသည်မှာ ဤနေရာပါ နေရာထိုင်ခင်းဆိုသည်မှာ ကမ္ဘာလောက၏နေရာထိုင်ခင်းကို ဆိုလိုသည်။ ကောင်းမြတ်သောသူများသည် ဤကမ္ဘာ

လောကတွင် အခက်အခဲများ ရင်ဆိုင်ခဲ့ရသော်လည်း ၎င်းတို့မှာ ဤကမ္ဘာလောကတွင်လည်းကောင်း အောင်မြင်သူများ ဖြစ်ကြသည်ဟု ဆိုလိုသည်။

"အဆုံးတွင် နေရမည့်နေရာထိုင်ခင်း"ဟူသော အကြောင်းဖော်ပြရာ၌ ထိုသူများသည် ထာဝရဥယျာဉ်များထဲဝင်ရောက်ရလိမ့်မည်ဟု မိန့်ထားသည်။ **عَدۡن** (အဒ်နန်)ဟူသော စကားလုံးက နေထိုင်ရန်၊ အမြဲတစေ အခြေချရန်ဟု ဆိုလိုသည်။ အဓိပ္ပာယ်မှာ ဤဥယျာဉ်များထဲမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ပယ်မည်မဟုတ် ထိုသူများသည် ယင်းထဲတွင် ထာဝရနေထိုင်ကြရမည်။ ဋီကာရှင်အချို့က အဒ်နဆိုသည်မှာ ဂျန္နသ်သုခဘုံ၏အလယ်အကျဆုံး နေရာဖြစ်သည်။ ယင်းနေရာသည် ဂျန္နသ်သုခဘုံ၏ အဆင့်အတန်းများစွာ၏ အမြင့်ဆုံးအဆင့်ဖြစ်သည်ဟု ပြောခဲ့ကြသည်။

ယင်းနောက် ဤသူများ၏ နောက်ထပ် ဆုလာဘ်တစ်ခုကို ဖော်ပြထားသည်။ ထိုဆုလာဘ်မှာ သူတို့သာကန့်သတ်ထားသည် မဟုတ်ပါ။ စင်စစ် သူတို့၏ဖခင်များ၊ ဇနီးများနှင့်သားသမီးများသည် ထိုဆုလာဘ်တွင် ဝေစုရှိသည်။ ထိုဝေစုရသူများသည် ကောင်းမှုကောင်းရာ လုပ်သူများဖြစ်ရမည်။ အနည်းဆုံးမှာ မုစ်လင်မ်များ ဖြစ်ရမည်ဟူသော ကန့်သတ်ချက်ရှိသည်။ ယင်းက ဆိုလိုသည်မှာ ၎င်းတို့၏ ဖခင်များနှင့် ဇနီးများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အပြုအမူများသည် ဤအဆင့်အတန်း ရရှိစေရန်အတွက် မကောင်းမွန်ခဲ့ကြသော်လည်း အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များရရှိသော ဗရကသ်များအရ သူတို့ကိုလည်း ထိုမြင့်မားသော အဆင့်အတန်းတွင် သွတ်သွင်းပေလိမ့်မည်။

ယင်းနောက် စာသားများက မိန့်ထားသည်မှာ အာခိရသ် နောင်တမလွန်ဘဝရှိ ထိုသူများ၏ ထာဝရနေရာထိုင်ခင်းတွင် ထပ်ဆောင်း ဂုဏ်ပေးခြင်းခံရမည်။ ယင်းကား ကောင်းကင်စေတမန်များသည် တံခါးပေါက်များမှ ပေါ်ထွက်လာသော ၎င်းတို့အား စလာမ်ဆို ကြိုဆိုနှုတ်ဆက်၍ ပြောသည်မှာ ၎င်းတို့ဆွဖရ်ပြုလုပ်မှုအတွက် အခက်အခဲပေါင်းစုံမှ ထာဝရအကာအကွယ်ပေးထားသည့်နေရာသို့ ရောက်ရှိစေကြောင်း အာခိရသ်၏ထာဝရ နေရာထိုင်ခင်းသည် မည်မျှ ကောင်းမွန်ကြောင်း ကောင်းကင်စေတမန်များကိုယ်တိုင် မြင်တွေ့ရကြောင်း ပြောပါသည်။

အာယသ် (၂၅-၃၀)

وَالَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ وَيَقْطَعُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ
اَنْ يُّوْصَلَ وَيُفْسِدُوْنَ فِى الْاَرْضِ ۙ اُولٰٓئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ
﴿٢٥﴾ اَللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَآءُ وَيَقْدِرُ ۚ وَفَرِحُوْا بِالْحَيٰوةِ الدُّنْيَا ۗ وَمَا
الْحَيٰوةُ الدُّنْيَا فِى الْاٰخِرَةِ اِلَّا مَتَاعٌ ﴿٢٦﴾ وَيَقُوْلُ الَّذِيْنَ كَفَرُوْا لَوْلَآ اُنْزِلَ
عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ۚ قُلْ اِنَّ اللّٰهَ يُضِلُّ مَنْ يَّشَآءُ وَيَهْدِىْٓ اِلَيْهِ مَنْ اَنَابَ
﴿٢٧﴾ اَلَّذِيْنَ اٰمَنُوْا وَتَطْمَئِنُّ قُلُوْبُهُمْ بِذِكْرِ اللّٰهِ ۗ اَلَا بِذِكْرِ اللّٰهِ تَطْمَئِنُّ
الْقُلُوْبُ ﴿٢٨﴾ اَلَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ طُوْبٰى لَهُمْ وَحُسْنُ مَاٰبٍ
﴿٢٩﴾ كَذٰلِكَ اَرْسَلْنٰكَ فِىْٓ اُمَّةٍ قَدْ خَلَتْ مِنْ قَبْلِهَآ اُمَمٌ لِّتَتْلُوَا عَلَيْهِمُ

الَّذِيْٓ اَوْحَيْنَآ اِلَيْكَ وَهُمْ يَكْفُرُوْنَ بِالرَّحْمٰنِ ۭ قُلْ هُوَ رَبِّيْ لَآ اِلٰهَ اِلَّا هُوَ
عَلَيْهِ تَوَكَّلْتُ وَاِلَيْهِ مَتَابِ ﴿٣٠﴾

သို့ရာတွင် အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့်ထားရှိသော ပဋိညာဉ်ဝန်ခံချက်ကို ယင်းပဋိညာဉ်ခံဝန်ချက်ကို အခိုင်အမာပြုလုပ်ပြီးနောက် ဖောက်ဖျက်ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်စပ်၍ထားရန် အမိန့်ပေးတော်မူသည်များကိုလည်း ဖြတ်တောက်ကြကုန်၏။ ထိုမှ တစ်ပါးဌင်းတို့သည် ကမ္ဘာမြေဝယ် ဆူပူသောင်းကျန်းလျက်လည်း ရှိကြကုန်၏။ ထိုကဲ့သို့သူတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည်ရှိပေမည်။ ထိုမှတစ်ပါး ၎င်းတို့၌ ထိုလောကဓာတ်၏ အကျိုးယုတ်မှုသည်လည်း ရှိပေမည်သတည်း။[၂၅]

အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား စားနပ် ရိက္ခာကို တိုးချဲ့၍ပေးတော်မူ၏။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော် မူသော သူ၏ အပေါ်၌ စားနပ်ရိက္ခာကို) ကျဉ်းမြောင်းစေတော်မူ၏။ သို့ရာတွင် ထိုသူတို့သည် ဤလောကီဘဝ၌ အသက်ရှင်မှုကြောင့်ပင် ဝမ်းမြောက်ရွှင်မြူးခဲ့ကြလေသည်။ စင်စစ်မှာမူကား ဤလောကီဘဝ၌ အသက်ရှင်မှုသည် အနည်းငယ် တစ်ဒင်္ဂါမျှ အကျိုး ခံစားခြင်းသာလျှင် ဖြစ်ပေသတည်း။[၂၆]

ထို့ပြင် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန် သောသူတို့က ၎င်း၏အပေါ်၌ ၎င်းအားမွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်အထံ တော်မှ တန်ခိုးပြာဋိဟာတစ်ရပ်ရပ်သည် အဘယ့်ကြောင့် ချပေးခြင်းကို မခံခဲ့ရပါသနည်းဟု ပြောဆိုကြကုန်၏။ (အိုနဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောဆို ဖြေကြားပါလေ၊ (အချင်းတို့) ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူ သောသူတို့အား လမ်းမှား၌ပင် ရှိစေတော်မူ၏။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိဘက် သို့ပြန်လှည့်သောသူတို့ကိုမူကား တရားလမ်းမှန်ကို ပြသတော်မူပေသတည်း။[၂၇] အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့၏ စိတ်နှလုံးများ သည် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းဖြင့် ငြိမ်းအေးကြည်နူး၍ သွားလေသည်။ ကောင်းစွာမှတ်ယူကြလေကုန်၊ အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသ ခြင်းဖြင့် စိတ်နှလုံးများသည် ငြိမ်းအေးကြည်နူး၍ သွားသည်ချည်းသာတည်း။[၂၈]

အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ စိတ္တသုခ ကောင်းကြီးမင်္ဂလာသည်လည်းကောင်း၊ ထိုသူတို့အဖို့ (ဤပစ္စက္ခဘဝ၌) ကောင်းသော အခြေအနေသည်လည်းကောင်း၊ ကောင်းမြတ်သော (အကျိုးဆက်) ပြန်လည်ရာ ဌာနသည်လည်းကောင်း ရှိစေချသတည်း။[၂၉]

ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် အသင့်အား အကြင်လူမျိုးတစ်မျိုးထံသို့

ငါအရှင်မြတ် အသင့်ထံပို့တော်မူသော ကျမ်းဂန်ဒေသနာတော်ကို ၎င်းတို့ရှေ့ဝယ် ဖတ်ကြားအံ့သောငှာ စေလွှတ်တော်မူခဲ့၏။ ထိုလူမျိုး အလျင်ကလည်း လူမျိုး အသီးသီးတို့သည် လွန်လေပြီးဖြစ်ကုန်၏။ သို့ရာတွင် ဤလူမျိုး များကား ရဟ်မာန်(အနန္တကရုဏာတော်ရှင်)အား သွေဖည် ငြင်းပယ်လျက်ပင် ရှိကြကုန် ၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလော၊ (အချင်းတို့) ထိုအရှင်မြတ်သည် သာလျှင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပေ။ ထိုအရှင်မြတ်အပေါ် ၌သာလျှင် ငါသည် လုံးဝအားကိုးအားထား ယုံပုံလွဲအပ်ခဲ့လေပြီ။ ထိုမှတစ်ပါး ထိုအရှင် မြတ်ထံသို့ပင် ငါသည် ပြန်လည်၍သွားရမည် ဖြစ်သတည်း။[၃၀]

အကျယ်ဖွင့်ဆိုခြင်း

စာပိုဒ်၏အစ၌ လူသားများကို အလ္လာဟ်အသျှင်မြတ်အမိန့်နာခံသူများနှင့် အလ္လာဟ်အသျှင်မြတ်အမိန့်ဖီဆန်သူများဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံသည့် ကျေးကျွန်များ၏ ဂုဏ်ပုဒ်အချို့နှင့်လက္ခဏာများကို ဖော်ပြခဲ့ကာ နောင်တမလွန်ဘဝတွင် ထိုသူများအတွက် အကောင်းဆုံးဆုလာဘ်များထား ရှိသည်ဆိုကြောင်း ဖော်ပြထားသည်။

လက်ရှိအာယသ်များထဲတွင် အခြားအမျိုးအစားရှိ လူများ၏ဂုဏ်ပုဒ်များ၊ လက္ခဏာများနှင့် ယင်းတို့ ခံစားရမည့် ပြစ်ဒဏ်များအကြောင်း ဖော်ပြထားသည်။ ဤအမိန့်ဖီဆန်၍ ခေါင်းမာသောသူများရှိ အကျင့်စရိုက်တစ်ခုမှာ **الَّذِيْنَ يَنْقُضُوْنَ عَهْدَ اللّٰهِ مِنْۢ بَعْدِ مِيْثَاقِهٖ** "သို့ရာတွင် အကြင်သူသည် အလ္လာအသျှင်မြတ်နှင့်ထားရှိသော ပဋိညာဉ်ဝန်ခံချက်ကို အခိုင်အမာပြုလုပ်ပြီးနောက် ဖောက်ဖျက်ကြကုန်၏"ဖြစ်သည်ဟု တင်ပြထားသည်။ အလ္လာဟ်အရှင်မြတ်နှင့် ပြုလုပ်ထားသော ပဋိညာဉ်များအနက်တွင် ထိုအရှင်မြတ်နှင့် တုဖက်ကိုးကွယ်၍မရကြောင်းနှင့် အရှင်မြတ်သည် ဖန်ဆင်းသမျှတို့၏ တစ်ပါးတည်းသော အရှင်ဖြစ်ကြောင်း ပါဝင်သည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူ များသည် ဤကမ္ဘာလောကကြီးတွင် ရောက်ရှိခဲ့သောအခါ၌ ဤပဋိညာဉ်ကိုဖောက်ဖျက်၍ ရာပေါင်း ထောင်ပေါင်းများစွာသော အရှင်သခင်များနှင့် အရာဝတ္ထုများကို သန့်ရှင်းစင်ကြယ်တော်မူသည့် အလ္လာဟ် အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲ၍ ကိုးကွယ်ကြသည်။

ဤနေရာတွင် အကျူးဝင်သေးသည်မှာ လူသားအားလုံးသည် ပဋိညာဉ်အားလုံးပေါ်၌ သစ္စာရှိခြင်းနှင့် စွဲမြဲစွာရှိစေခြင်းဆိုသည်မှာ **لَا اِلٰهَ اِلَّا اللّٰهُ** (အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ရာအရှင်မရှိ)ဟူသည့် ကြီးကျယ်သော ပဋိညာဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ အကြောင်းမှာ **لَا اِلٰهَ اِلَّا اللّٰهُ مُحَمَّدٌ رَّسُوْلُ اللّٰهِ**(လာအိလာဟ အိလ္လလ္လာဟု၊ မုဟမ္မဒ္ဒရ ရစူလ်လ္လလ္လာဟ်) "အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ၊ မုဟမ္မဒ်ﷺသည် အလ္လာဟ်အရှင်မြတ်၏ စေတမန်တော် ဖြစ်၏"ဟူသည့် ဤကလေမဟ်သို့ဝင်ယိဗဟ်သည် စင်စစ်တွင် ကြီးကျယ်သောပဋိညာဉ်၏ အမှတ် လက္ခဏာပင်ဖြစ်ပေသည်။ ယင်းတွင် အမိန့်ပညတ်ချက်အားလုံးနှင့် အလ္လာဟ်အရှင်မြတ် နှင့် အရှင့်တမန်တော်က သင်ကြားပြသခဲ့သည့် လုပ်ဆောင်မှုဆိုင်ရာဥပဒေသများကို နာခံလိုက်နာခြင်းပါဝင်သည်။ ထို့ပြင် တားမြစ် ထားသည့်အရာများမှ ရှောင်ကြဉ်ရန်ဟူသော ပဋိညာဉ်လည်း ပါဝင်သည်။ ထို့ကြောင့် လူသားတစ်ဦးသည် အလ္လာဟ် အရှင်မြတ်က အမြဲလိုက်နာရမည်ဟူသော မည်သည့်အမိန့်ပညတ်ချက်များကိုမဆို လည်းကောင်း၊ အရှင်မြတ်၏ တမန်တော်

ပေးသော အမိန့်များမှ သွေဖည်သွားလျှင် သူ(သို့မဟုတ်) သူမသည် အီမာန်ယုံကြည်မှုရှိရမည်ဟူသော ဤပဋိညာဉ်ကို ဖောက်ဖျက်ခြင်းဖြစ်ကာ ယုံကြည်မှု ဖောက်ဖျက်ခြင်းကို ကျူးလွန်ခြင်းဖြစ်သည်။

ဤအမိန့်ဗီဆန်သောသူများ၏ ဒုတိယစရိုက်ကို وَيَقْطَعُوْنَ مَآ اَمَرَاللّٰهُ بِهٖٓ اَنْ يُّوْصَلَ "ထို့ပြင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်စပ်၍ထားရန် အမိန့်ပေးတော်မူသည်များကိုလည်း ဖြတ်တောက်ကြကုန်၏"ဟူ၍ ထုတ်ဖော်ပြသထားသည်။ ဤထဲတွင် လူသားများကို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်တို့ ဆက်နွယ်မှု၊ အရှင်မြတ်၏ကောင်းချီးမင်္ဂလာများပါဝင်သည်။ ဤဆက်နွယ်မှုဖြတ်တောက်ခြင်းက အလ္လာဟ်နှင့် အလ္လာဟ်ရစူလ်တို့၏အမိန့်ကို ဗီဆန်သူဖြစ်သည်။ ထို့ပြင် ဤနေရာတွင် ပါဝင်သည်မှာ ဆွေမျိုးတော်စပ်မှုကို ထိန်းသိမ်းခြင်းနှင့် ဆွေမျိုးသားချင်းများ၏ ရပိုင်ခွင့်ထိန်းသိမ်းခြင်းဆိုသည်များ ပါဝင်ကာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ယင်းအကြောင်းအရာကို မကြာခဏ ဆိုသလို အလေးအနက်ပြုထားခဲ့သည်။

အလ္လာဟ်အရှင်မြတ်အမိန့် ဗီဆန်သူများသည် ဤဆက်နွယ်မှုနှင့် ဆွေမျိုးတို့၏အခွင့်အရေးများကို ဖောက်ဖျက်ရန်ပင်လျှင် တုံ့ဆိုင်းမည်မဟုတ်။ ပမာဆိုသော် သူတို့သည် အမေ၊ အဖေ၊ ညီအစ်ကိုမောင်နမ အိမ်နီးချင်းများနှင့် ဤအတန်းအစားအမျိုးအစားပါ အခြားသူများ၏ အခွင့်အရေးများကို အလ္လာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တို့က လူသားအားလုံးကို ဖြည့်ဆည်းရမည်ဟု အမိန့်ပေးထားသည့် အတိုင်း မဖြည့်ဆည်းကြပါ။

ယင်းကဲ့သို့ သူများ၏ တတိယစရိုက်ကို وَيُفْسِدُوْنَ فِى الْاَرْضِ "ထို့မှတစ်ပါး ၎င်းတို့သည် ကမ္ဘာမြေပေါ်ဝယ် ဆူပူသောင်းကျန်းလျက်ရှိကြကုန်၏"ဟုမိန့်ထားသည်။

တကယ်ဆိုလျှင် ဤတတိယစရိုက်မှာ ပထမစရိုက်နှစ်ခု၏ ရလဒ်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် လည်းကောင်း၊ အရှင်မြတ်၏ ကျေးကျွန်များနှင့်လည်းကောင်း ပြုလုပ်ထားသော ပဋိညာဉ်များကို ပစ်ပယ်ကာ တစ်စုံတစ်ဦး၏ ရပိုင်ခွင့်များ (သို့မဟုတ်) ဆက်နွယ်မှုများကို ထည့်သွင်းမစဉ်းစားခြင်းဖြစ်သည်။ ဤသူများ၏ ယင်းသို့သောလုပ်ရပ်သည် အခြားသူများကို နာကျင်မှုနှင့် ဆုံးရှုံးမှုဖြစ်စေရန်သာမက အချင်းချင်း တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်း၏ အကြောင်းပင်ဖြစ်လာသည်။ ဤသည်မှာ ဤကမ္ဘာမြေပေါ်တွင် အဆိုးဝါးဆုံးသော ဖစတ်ဒ် (သို့မဟုတ်) ဆူပူသောင်းကျန်းမှုပင်ဖြစ်သည်။

အမိန့်ဗီဆန်၍ ခေါင်းမာသောသူများနှင့် ဤစရိုက်သုံးမျိုးကို ဖော်ပြပြီးနောက် ၎င်းတို့အတွက် ပြစ်ဒဏ်ကို اُولٰٓئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوْٓءُ الدَّارِ "ထိုကဲ့သို့သောသူတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည် ရှိပေမည်။ ထိုမှတစ်ပါး ၎င်းတို့၌ ထိုလောကဓာတ်အကျိုးယုတ်မှုသည်လည်း ရှိပေမည်သတည်း"ဟုဖော်ပြထားသည်။ ဤနေရာပါ [လအ်နတ်] ကျိန်စာဟူသော စကားလုံးက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးစေခြင်း (သို့မဟုတ်) ကင်းမဲ့စေခြင်း ဟူ၍ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့် ကင်းဝေးခြင်းသည် အပြစ်ဒဏ်ခတ်မှုအားလုံးတွင် အပြင်းထန်ဆုံးအပြစ်ဒဏ်နှင့် ခက်ခဲမှုအားလုံးတွင် အခက်ခဲဆုံးဟူသည်မှာ ပြောစရာပင် မလိုချေ။

အမိန့်ပညတ်ချက်များနှင့် လမ်းညွှန်မှုဆိုင်ရာဥပဒေသများ

အာယသ် ၂၀ မှ ၂၄ ထဲတွင် လူဘဝ၏ကဏ္ဍများစွာတို့နှင့်ပတ်သက်သည့် အထူးပညတ်ချက်များနှင့် လမ်းညွှန်မှုဥပဒေသ များပါဝင်သည်။ ရှင်းလင်းပြတ်သားစွာဖြစ်စေ (သို့မဟုတ်) သွယ်ဝိုက်၍ဖြစ်စေ အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ الَّذِيْنَ يُوْفُوْنَ بِعَهْدِ اللّٰهِ وَ لَا يَنْقُضُوْنَ الْمِيْثَاقَ "သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထားရှိသော ပဋိညာဉ်ခံဝန်ချက်ကို ကျေပွန်စွာ ဆောင်ရွက်ကြပေသည်။ ထို့ပြင် (ယင်း) ပဋိညာဉ်ခံဝန်ချက်ကို မဖောက်မဖျက်ကြပေ။ မချိုးဖောက်ကြပေ။ (၂၀)" မှ အမြဲအတည်ပြုပြီးဖြစ်သည်မှာ တစ်စုံတစ်ဦးနှင့် ပြုလုပ်ထားသော ပဋိညာဉ် (သို့မဟုတ်) သဘောတူညီချက်တစ်ခုကို မုချဖြည့်ဆည်းရမည်။ ယင်းကို မည်သည့်ဖောက်ဖျက်ခြင်းကိုမဆို ဟရာမ်(တားမြစ်ထားသည် တရားမဝင်)ဖြစ်သည်။ ယင်းပဋိညာဉ်သည် အီမာန်ယုံကြည်မှုနှင့် အလ္လာဟ်အရှင် ဖန်ဆင်းထားသည်များနှင့် ဆက်နွယ်မှုထိန်းသိမ်းရန်ဟူသော အလ္လာဟ်နှင့်အလ္လာဟ့်ရစူလ်တို့ပြုလုပ်ထားသော ပဋိညာဉ်ဖြစ်စေ (သို့မဟုတ်) မည်သည့် မုစ်လင်မ်(သို့မဟုတ်) ကာဖိရ်ကို ဆက်နွယ်သည့် ပဋိညာဉ်တစ်ရပ်မဆို ဖြစ်နိုင်သည်။ မည်သည့်အခြေအနေမျိုးတွင်မဆို ပဋိညာဉ်ဖောက်ဖျက်ခြင်းသည် ဟရာမ်ဖြစ်သည်။

၂။ وَ الَّذِيْنَ يَصِلُوْنَ مَآ اَمَرَ اللّٰهُ بِهٖٓ اَنْ يُّوْصَلَ "၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က ဆက်စပ်၍ ထားရှိရန် အမိန့်ပေးထားတော်မူသည့် အဆက်အသွယ်များကို ဆက်စပ်၍ထားရှိကြကုန်၏။(၂၁)"မှ ကျွန်ုပ်တို့က လေ့လာသိရှိရသည်မှာ အစ္စလာမ်ဘာသာသည် ဘုန်းတော်ကြီးများကဲ့သို့ ဆက်နွယ်ခြင်းများကို စွန့်လွှတ်ဖြတ်တောက်ရန် သင်ကြားမထားပါ။ အစ္စလာမ်ဘာသာတွင် ထိုသူများနှင့်ဆက်နွယ်ခြင်းနှင့် ရပိုင်ခွင့်များဖြည့်ဆည်းခြင်းကို ထားရှိရန် လိုအပ်သည်။ မိဘ၊ သားသမီးများ၊ ဇနီး၊ ညီအစ်ကိုမောင်နှမများ၊ အခြားဆွေမျိုးသားချင်းများနှင့် အိမ်နီးချင်းများ၏ ရပိုင်ခွင့်များနှင့်ပတ်သက်၍ဖြည့်ဆည်းခြင်းကို အလ္လာဟ်အရှင်မြတ်က လူသားများအားလုံးပေါ် တာဝန်အဖြစ်သတ်မှတ်ထားသည်။ ထိုတာဝန်များကို ကိုးကွယ်မှုဆိုင်ရာအပြုအမူများကို ဦးစားပေး၍ လျစ်လျူရှုထားမရသကဲ့သို့ အွမ္မသ်ထုအတွက် လိုအပ်သော ဘာသာရေးဆိုင်ရာ အမှုထမ်းခြင်းအချို့တွက် အချိန်ပေးရမည်ကိုလည်း လျစ်လျူရှုမရချေ။ ဤသည်ကိုခွင့်မပြုချေ၊ အခြားကိစ္စရပ်များနှင့်အလုပ်များနေပြီး ဤသည်များကိုမေ့ထားခြင်းမှာ မည်သို့ခွင့်လွှတ်အံ့နည်း။

မိသားစုဆက်ဆံရေးများ၊ ၎င်းတို့အား ကြည့်ရှုခြင်းနှင့် ၎င်းတို့၏ရပိုင်ခွင့်များကို ဖြည့်ဆည်းခြင်းဆိုသည့် အနှောင်အတည်းများ ထားရှိခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယာတ်အတော်များများထဲ၌ အလေးအနက်ပြုထားပါသည်။

စိုက်ယိဒိနာအနားစ်ﷺ၏ ဆင့်ပြန်ချက်အပေါ်အခြေခံ၍ ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺသခင် မိန့်ကြားထားသည်မှာ "လူတစ်ဦးသည် နေထိုင်မှုတွင် တိုးပွားသောနည်းလမ်းများနှင့် လုပ်ဆောင်သမျှကိစ္စရပ်များတွင် ဘရကသ်ရှိရန် မျှော်လင့်ပါက (ဆီလတွလ်ရဟီမ်) ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ် ရှိနေရမည်။ ယင်းက ရိုးရှင်းစွာဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် သူနှင့် အနီးဆုံးတော်စပ်သူများအား ဂရုစိုက်ရပါမည်။ မိမိတတ်နိုင်သလောက် ထိုသူများအား ကူညီထောက်ပံ့ရပါမည်။

စိုက်ယိဒိနာ အဗူအယ္ယတ် အလ်အန်ဆွာရီﷺက ပြောသည်မှာ အရပ်ကျေးတောသားတစ်ယောက်သည် တမန်တော်မြတ်ﷺ၏ နေအိမ်သို့လာရောက်ကာ လျှောက်ထားမေးမြန်းသည်မှာ "ဂျန္နသ်သုခဘုံနှင့် နီးစပ်စေရန်နှင့် ဂျဟန္နမ်နှင့် ဝေးကွာစေရန် ကျွန်တော်မျိုးတို့ ဘာလုပ်သင့်သည်ကို ပြောပြပါ"ဟူ၍ဖြစ်သည်။ တမန်တော်မြတ်ﷺက ပြောသည်မှာ "အလ္လာဟ် အရှင်မြတ်အား ခဝပ်ကိုးကွယ်ပါ၊ အလ္လာဟ်အရှင်မြတ်အား မည်သည်နှင့်မျှ တွဲဖက်မကိုးကွယ်ပါနှင့်။ ဆွလာသ်ဝတ်ပြု ဆောက်တည်ပါ။ ဇကာသ်(အလ္လာဒါနကြေး)ပေးပါ။ ၎င်းနောက် ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ထားရှိပါ"ဟူ၍ဖြစ်သည်။ (အလ်-ဗဂဝီ)

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်ဗနီအုမရ်ﷺ၏ ဆင့်ပြန်ချက်အရ ဆွဟီးအလ်ဗုခါရီကျမ်းပါ တင်ပြချက်တစ်ခုအရ တမန်တော်မြတ်ﷺသခင်ကမိန့်သည်မှာ စီလာတွလ်ရဟ်မာန် (ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ် ထားရှိ

ခြင်း)ဆိုသည်မှာ ဆွေမျိုးသားချင်းတစ်ဦးက အသင့်အပေါ်ကျေးဇူးပြုခဲ့သည်ကို အသင်က ကျေးဇူးတုံ့ပြန်ခြင်း သက်သက် မဟုတ်ပါ။ ဆိုလိုသည်မှာ ဆွေမျိုးတစ်ဦးက အသင့်ကို ကျေးဇူးပြုသည်ကို အသင်က ပြန်လည် ကျေးဇူးပြုသည် စစ်မှန်သော စီလာတွလ်ရဟ်မာန်(ဆွေမျိုးသားချင်းများနှင့် ဆက်သွယ်ခြင်း စံပြပုံစံ)ဆိုသည်မှာ အကယ်၍ အသင်၏ ဆွေမျိုးများက အသင်နှင့် အဆက်အသွယ်မထားရှိခဲ့ပါလျှင်သော်မှ အသင်သည် အလ္လာဟ်အရှင်မြတ်အတွက် ထိုသူများနှင့် အဆက်အသွယ်ထားရှိကာ ထိုသူတို့ကို ကျေးဇူးပြုပါလေ" ဟူ၍ဖြစ်သည်။

ဆွေမျိုးသားချင်းများ၏ ရပိုင်ခွင့်များကို ဖြည့်ဆည်းခြင်းနှင့် ထိုသူများနှင့် အဆက်အသွယ်ထားရှိခြင်းတို့သည် အရေးကြီးသောကြောင့် တမန်တော်မြတ်ﷺက မိန့်သည်မှာ အသင်တို့၏ ဆွေစဉ်မျိုးဆက်ဇယားကို ထိန်းသိမ်း စောင့်ရှောက်ပါလေ။ ထိုကဲ့သို့ထားရှိခြင်းကြောင့် မိသားစုအချင်းချင်းစည်းလုံးမှုရှိစေကာ ၎င်းတို့၏ရပိုင်ခွင့်များကို ဖြည့်ဆည်းနိုင်ပါလိမ့်မည်"ဟူ၍ဖြစ်သည်။ ထို့နောက် တမန်တော်မြတ်ﷺက မိန့်ကြားသည်မှာ ဆွေမျိုးသားချင်းများနှင့်ဆက်သွယ်မှုထားခြင်းဆိုသည့် ဤဥပဒေတွင် အကျိုးကျေးဇူးများရှိပါသည်။ ယင်းကြောင့် အချင်းချင်း ချစ်ခင်မှုများ ပေါ်ထွက်လာစေပါသည်။ ဥစ္စာဓနများဘရကသ်ဖြစ်ကာ တိုးပွားစေပါသည်။ ဘဝသက်တမ်းကိုလည်း ဘရကသ်ဖြစ်ကာ ရှည်စေပါသည်။ (သိရ်မိဇီ)

ဆွဟီးမုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺက မိန့်သည်မှာ "အလွန်ချီးကျူးထိုက်သော ဆက်ဆံရေးများ ဆက်လက်ထားရှိခြင်းလုပ်ရပ်တစ်ခုမှာ လူတစ်ဦးသည် သူ၏သေဆုံးသွားသော ဖခင်၏မိတ်ဆွေများအား ဖခင်ကြီး အသက်ရှိနေစဉ်ကကဲ့သို့ပင် ဆက်သွယ်မှုများ ဆက်လက်ပြုလုပ်ခြင်းပင်ဖြစ်သည်။

၃။ وَالَّذِينَ صَبَرُوا ابْتِغَاءَ وَجْهِ رَبِّهِمْ "ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏နှစ်သက်မှုကို ရှာဖွေဆည်းပူးရာ၌ တည်တံ့ကြံ့ခိုင်စွာရှိကြကုန်၏"ဟူသော အဆိုအမိန့်က ကျွန်ုပ်တို့အား ဆွဘရ်(သည်းခံခြင်း)၏ ကောင်းကျိုးများကို ပြန်လည်သတိရစေပါသည်။ သည်းခံသောသူတစ်ဦးတွင် သူနှင့်အတူ အလ္လာဟ်အရှင်မြတ်ရှိနေတော်မူခြင်း၊ အရှင်၏စောင်မကူညီမှုရရှိခြင်း၊ သူ့အတွက် မရေမတွက်နိုင်သော အစားပေးမှုများနှင့် ဆုလာဘ်များထားရှိခြင်း"ဆိုသည့် ကံကောင်းမှုများရှိသည့်အကြောင်းကို ကျွန်တော်တို့အား ပြောပြပါသည်။ သို့ဂုတွင် ဤကိစ္စရပ်များဖြစ်ပေါ်လာရန်မှာ အလ္လာဟ်အရှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန်အတွက် တစ်စုံတစ်ဦးသည် သည်းခံခြင်းကို ဆောက်တည်ရပါမည်။ သို့မဟုတ်ပါမူ လူတိုင်းတို့သည် အနေးနှင့်အမြန်ဆိုသလို သူ(သို့မဟုတ်) သူမ၏ ကံကြမ္မာနှင့်ပေါင်းစည်းမိသွားသောအချိန်တစ်ခု ရောက်ရှိလာပါမည်။

အစောပိုင်းက ရှင်းပြသကဲ့သို့ ဆွဘရ်(ဤနေရာ၌ သည်းခံမှုကို ဆောက်တည်ခြင်းဟု ပြန်ဆိုထားသည်)၏ စစ်မှန်သော အဓိပ္ပာယ်မှာ မိမိကိုယ်ကို မိမိထိန်းချုပ်ခြင်းနှင့် ထိန်းချုပ်မှုကို ခိုင်မြဲစေခြင်းဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် ပုံစံအမျိုးမျိုး ရှိပါသည်။ ပထမဦးစွာအနေဖြင့် တစ်စုံတစ်ဦးသည် သည်းခံခြင်းကို စောင့်ထိန်းရပါမည်။ အခက်အခဲများ၊ ဒုက္ခသုက္ခတို့၏ ဖိအားကြောင့် စိတ်မချောက်ချားသင့်ပါ။ မကျေမနပ်လည်း မဖြစ်သင့်ပါ။ ထိုသည်၏ အစား အလ္လာဟ်တအာလာအား သူ့ရှေ့တွင်ရှိနေသကဲ့သို့ ထားရှိကာ အမြဲမျှော်ကိုးနေရပါမည်။ ဒုတိယ အနေဖြင့် တစ်စုံတစ်ဦးဦးသည် အလ္လာဟ်အရှင်မြတ်အတွက် ရိုကျိုးမှုဆိုင်ရာများ လုပ်ဆောင်ရာတွင် သည်းခံမှုကို စောင့်ထိန်းရပါမည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ဖက်တွယ်ရာ၌ တစ်စုံတစ်ဦးအတွက် အခက်အခဲရှိလျှင်သော်လည်း လမ်းမှန်ပေါ်၌ စွဲစွဲမြဲမြဲရှိနေစေရန် သည်းခံလုပ်ဆောင်ရပါမည်။ တတိယအနေဖြင့် မိမိ၏ဆန္ဒကုန်ဟ်ပြစ်မှုများ မပြုလုပ်မိရန် တစ်စုံတစ်ဦးသည် သည်းခံရပါမည်။ သို့ရာတွင် တစ်စုံတဦး ထိုကဲ့သို့ မကောင်းမှုများကို ငြင်းဆိုခြင်း၊ ကြံ့ကြံ့ခံရပ်တည်ခြင်းတို့သည် အလ္လာအရှင်မြတ်အား ကြောက်ရွံ့သောကြောင့်သာ ဖြစ်ရပါမည်။

၄။ وَ اَنْفَقُوْا مِمَّا رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً "ထိုနည်းတူစွာ ယင်းတို့သည် ငါအရှင်မြတ် ၎င်းတို့အား ချီးမြှင့်ပေး သနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ လျှို့ဝှက်စွာတစ်ဖုံ၊ ထင်ရှားစွာတစ်မျိုး လှူဒါန်းသုံးစွဲကြကုန်၏"ဟူသော အဆိုအမိန့်မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ အလ္လာဟ်လမ်းတွင် သုံးစွဲမှုကို လျှို့ဝှက်စွာဖြစ်စေ၊ ပေါ်ပေါ်လွင်လွင် ဖြစ်စေ မည်သည့်နည်းနှင့်ဖြစ်စေ ပြုလုပ်မှုတို့သည် မှန်ကန်သည်ဆိုကြောင်း ဖြစ်ပါသည်။ သို့သော်လည်း မပြုမနေရ အလှူဒါနများ (ဝါဂျိဗ် ဆွဒကာသ်)စသည့် ဇကာသ်နှင့် ဆွဒကာတွလ်ဖသ်ရာဟ်စသည့် တို့အား ပေါ်ပေါ်ထင်ထင် ပေးခြင်းက ပိုမို၍ ကောင်းမွန်ပါသည်။ သို့မှသာ အခြားသောမုစ်လင်မ်များ ဤကဲ့သို့လုပ်ဆောင်စေရန် စေ့ဆော်ပြီးဖြစ် သွားပါလိမ့်မည်။ မပြုမနေရမဟုတ်သော (နဖိလ်ဆွဒကာသ်)အလှူဒါနများကို လျှို့ဝှက်စွာ ပေးသင့်ပါသည်။ သို့မှသာ တစ်စုံတစ်ဦးသည် ပြစားမှု၊ ထင်ပေါ် ကျော်ကြားလိုမှုများမှ ကင်းဝေးစေပါသည်။

၅။ يَدْرَءُوْنَ بِالْحَسَنَةِ السَّيِّئَةَ "ထင်းတို့သည် မကောင်းမှုကို ကောင်းမှုဖြင့် လွှဲဖယ်တုံ့ပြန်ကြကုန်၏"ဟူသော အဆိုအမိန့်က ကျွန်ုပ် တို့အား ပြောသည်မှာ မကောင်းမှုဖယ်ရှားခြင်းဆိုသည်မှာ ဆင်ခြင်တုံတရားနှင့် ရှုပ်ပိုင်းဆိုင်ရာ အမိန့်ပေးစေခိုင်းမှုတို့ဖြစ်သည်။ သို့ရာတွင် မကောင်းမှုကို မကောင်းမှုဖြင့် ဖယ်ရှားခြင်းသည် အစွလာမ်လုပ်ထုံးလုပ်နည်း မဟုတ်ပါ။ အစွလာမ်ဘာသာ၏ သင်ကြားပို့ချချက်မှာ မကောင်းမှုကို ကောင်းမှုဖြင့် ဖယ်ရှားပါလေဟူ၍ဖြစ်သည်။ အသင့်အား မတရားပြုလုပ်သူ တစ်စုံတစ်ဦးအား အသင့်အနေဖြင့် သူ့အား တရားမျှတစွာ ပြန်လည်ဆက်ဆံပါ။ အသင်၏ ရပိုင်ခွင့်ကို မဖြည့်ဆည်းသောသူအပေါ်၌ အသင့်အနေဖြင့် သူ၏ရပိုင်ခွင့်ကို ဖြည့်ဆည်းပေးပါ။ အသင့်အား စိတ်ဆိုး ဒေါသဖြစ်နေသူအား အသင်က သည်းခံမှုဖြင့် တုံ့ပြန်ပါ။ ဤကဲ့သို့သော တုံ့ပြန်ခြင်းပုံစံ၏ မလွဲမသွေ ရရှိမည့် ရလဒ်မှာ ရန်သူများသည် မိတ်ဆွေအဖြစ်သို့လည်းကောင်း၊ ကောက်ကျစ်စဉ်းလဲသောသူများသည် ဖြောင့်မတ်မှန်ကန် သော သူများအဖြစ်သို့လည်းကောင်း အသင့်ရှေ့၌ ပြုပြင် ပြောင်းလဲသွားပါလိမ့်မည်။

ဤဝါကျ၏ နောက်ထပ်အဓိပ္ပာယ်မှာ တစ်စုံတစ်ဦး ဂုနဟ်ပြစ်မှုကျူးလွန်ခြင်းအတွက် အမှားဝန်ချ တောင်းပန် ခြင်းသည် နာခံခြင်းလုပ်ရန်များ လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ အကယ်၍ အသင်သည် ပြစ်မှုဂုနဟ် တစ်ခု ကျူးလွန်ခဲ့ပါက ဝန်ချတောင်းပန်မှုကို ချက်ချင်းပြုလုပ်ကာ အလ္လာဟ်အရှင်အတွက် အိဗာဒသ်များပြုလုပ်ပါလေ။ ဤလုပ်ရပ်သည် အသင် ကျူးလွန်ခဲ့သော ပြစ်မှုဂုနဟ်အတွက် ခွင့်လွှတ်ခံရစေနိုင်ပါသည်။

စိုက်ယိဒိနာ အဗူဇလ်အလ်ဂဖာရီ ﷺ၏ တင်ပြချက်တစ်ခုထဲ၌ တမန်တော်မြတ် ﷺက မိန့်သည်မှာ "အသင် ပြစ်မှုဂုနဟ်တစ်ခု ကျူးလွန်မိခဲ့ပါက ယင်း၏နောက်၌ သင်သည် ကောင်းမှုလုပ်ရပ်များ လုပ်ဆောင်ပါလေ။ ဤကဲ့သို့ သောလုပ်ရပ်သည် ထိုပြစ်မှုဂုနဟ်အား ဆေးကြောပြီးဖြစ်သွားပါလိမ့်မည်။ (မဇ်ဟာရီကျမ်းပါ အဟ်မဒ်၏ ခိုင်လုံသော ဆင့်ပြန်ချက်) ဤကောင်းမှုလုပ်ရပ်အတွက် ပါဝင်သောအချက်တစ်ခုမှာ ကျူးလွန်ခဲ့သောဂုနဟ်အတွက် ဝန်ချ တောင်း ပန်မှုပြုလုပ်ပြီးမှသာ ထိုကောင်းမ ကောင်းရာကို လုပ်ဆောင်ရပါမည်။

နောက်အာယသ် ၂၃ ထဲ၌ جَنّٰتُ عَدْنٍ يَّدْخُلُوْنَهَا وَ مَنْ صَلَحَ مِنْ اٰبَآئِهِمْ وَ اَزْوَاجِهِمْ وَ ذُرِّيّٰتِهِمْ ဟု မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ ဖြောင့်မတ်မှန်ကန်ကာ လက်ခံပြီးသော အလ္လာဟ်တအာလာ၏ကျေးကျွန်များကို ဂျန္နသ်တွင်ရှိနေခြင်းဟူသည်နှင့် မုချဇကန်ဂုဏ်ပေးခြင်းခံရ ပါလိမ့်မည်။ ၎င်းနောက် ထိုသူများနှင့်ဆက်နွယ်ကာ ၎င်း တို့၏ မိဘများ၊ ဇနီးများ၊ သားသမီးများသည်လည်း ထိုဂုဏ်ပေးမှုကို မျှဝေခံစားနိုင်ပါသည်။ သို့ရာတွင် ထိုကဲ့သို့ မျှဝေ ခံစားသောသူများသည် ဖြောင့်မတ်မှန်ကန်ကာ မုစ်လင်မ်များ သက်ဝင်ယုံကြည်သူများ ဖြစ်ရပါမည်။ ထိုသူများသည် ကာဖိရ်များ မဟုတ်ငြားသော်လည်း ၎င်းတို့၏ ကောင်းမှုကောင်းရာပြုလုပ်မှုများသည် အလ္လာဟ့်ကျေးကျွန်များကို မမှီကြပါ။ အလ္လာဟ်ကျေးကျွန်များ၏ ဘရကသ်ကြောင့် အလ္လာတအာလာသည် ထိုသူတို့အား ဂျန္နသ်တွင် အလ္လာဟ်

ကျေးကျွန်များနှင့် တူညီသောအဆင့်အတန်း ရရှိသည်ဆိုကြောင်းကို အာယသ်ထဲ၌ "اَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ ငါအရှင်မြတ်သည် ၎င်းတို့၏သားမြေးတို့အား ၎င်းတို့နှင့်အတူ ပူးပေါင်းထားတော်မူပေမည်။" ၅၂း၂၁ ဟူ၍ မိန့် ထားသည်။

ဤသည်က ကျွန်ုပ်တို့အားပြောသည်မှာ အလ္လာဟ်ကျေးကျွန်များနှင့် မျိုးရိုးစဉ်ဆက်အရ သော်လည်းကောင်း၊ သွေးသားတော်စပ်မှုအရ သော်လည်းကောင်း ထိုသူများနှင့် အဆွေခင်ပွန်းဖြစ်ခြင်းဖြင့်လည်းကောင်း ယင်းတို့သည် နောင်တမလွန်တွင် အကျိုးခံစားနိုင်စေပါသည်။ သို့ရာတွင် ထိုအကျိုးခံစားသောသူတို့သည် အီမာန်သက်ဝင်ယုံကြည်သူများဖြစ်ရပါမည်။

၆။ အာယတ်-၂၄ "سَلٰمٌ عَلَيْكُمْ بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ အသင်တို့သည် (လောကီဘဝ၌)ခန္တီတရား ရှိ၍ တည်တံ့ကြံ့ခိုင်စွာရှိခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်၌ ကျရောက်ပါစေသား" ဤတမလွန်ဘဝ၌ (အသင်တို့ခံစားကြရမည့်)အကျိုးသည် အလွန်ကောင်းမြတ်လှပေသည်တကား"ဟူသည်မှ ကျွန်ုပ်တို့တွေ့ရှိရသည်မှာ နောင်တမလွန်ဘဝတွင်ကယ်တင်ခံရခြင်း၊ဂျန္နသ်တွင်မြင့်မားသောအဆင့်အတန်းရရှိခြင်းဆိုသည်မှာ ဤကမ္ဘာလောကဓါတ်၏ လူဘဝ စမ်းသပ်မှုများကို တစ်စုံတစ်ဦး သည်းခံကာ ကိုင်တွယ်ခြင်းတို့၏ ရလဒ်ဖြစ်ပါသည်။ ထိုကမ္ဘာလောကတွင် အလ္လာဟ်အရှင်မြတ် ၏အမိန့်ကို မနာခံခြင်းဆိုသော တစ်စုံတစ်ဦး၏ဆန္ဒကို အစဉ်အမြဲဖယ်ရှားကာ အလ္လာဟ်အရှင်အတွက် ထမ်းဆောင်ရမည့်ဝတ္တရားများနှင့် အလ္လာဟ်ကျေးကျွန်များအတွက် ထမ်းဆောင်ရမည့် ဝတ္တရားများကို တစိုက်မတ်မတ် ထမ်းဆောင်ခြင်းကြောင့် ဖြစ်ပါသည်။

အဆုံး၌ အကယ်၍ ကျွန်ုပ်တို့သည် အာယသ်-၂၅ပါ "أُولٰٓئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوٓءُ الدَّارِ ထိုကဲ့သို့သော သူတို့၌ ကရုဏာတော်မှ ကင်းဝေးခြင်းသည်ရှိ ပေမည်။ ထိုမှတစ်ပါး၊ ၎င်းတို့၌ ထိုလောက၏ အကျိုးယုတ်မှုသည်လည်း ရှိပေမည်တည်း"(၁၃း၂၅)ဟူသော အဆိုအမိန့်ကို စဉ်းစားဆင်ခြင်ကြည့်လျှင် ဤအာယသ်တော်၏ အရင်အာယသ်တော်များထဲ၌ အလ္လာဟ်အရှင်၏ နာခံသောကျေးကျွန်များအတွက် ဆုလာဘ်များအကြောင်း သူတို့၏နေအိမ်ဂျန္နသ်ဖြစ်သည်ဆိုသည့်အကြောင်း၊ ကောင်းကင်စေတမန်များသည် ၎င်းတို့အား စလာမ်ဆိုနှုတ်ခွန်းဆက်ကာ ဂျန္နသ်၏ ထာဝရကောင်းချီးများသည် ၎င်းတို့၏ သည်းခံခြင်းနှင့်နာခံခြင်းတို့၏ တိုက်ရိုက်ရလဒ်ဖြစ်သည်ဆိုကာ ပြောဆိုသည်များကို ပြန်လည်သတိရပါလိမ့်မည်။ အလားတူစွာပင် အထက်ဖော်ပြပါ အာယသ်၌ မနာခံပြီး ခေါင်းမာသူတို့၏ အဆုံးသတ်မှုသည် အလ္လာဟ်အရှင်၏ အမျက်တော်ရှခြင်းဖြစ်ကြောင်း ကြေညာထားပါသည်။ ဆိုလိုသည်မှာ ထိုသူများသည် အလ္လာဟ်အရှင်အသနားတော်မှကင်းစေကာ သူတို့၏ နေရာထိုင်ခင်းသည် ဂျဟန္နမ်ဖြစ်ပါသည်။ ဤသည်က ကျွန်ုပ်တို့အား သတိရစေသည်မှာ ပြုလုပ်ထားသောပဋိညာဉ်များအား ချိုးဖောက်ခြင်း၊ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ဖြတ်တောက်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့်ကင်းဝေးစေကာ ငရဲသို့ ပို့ဆောင်ခြင်း ခံရမည့်အကြောင်း ဖြစ်ပါသည်။ အလ္လာဟ်အရှင် ကျွန်တော်မျိုးတို့အားလုံး ဤကဲ့သို့သော ကြမ္မာဆိုးမှ ကာကွယ်ထိန်းသိမ်းတော်မူပါ။ (အာမီးန်)

အာယသ် (၃၁-၃၃)

وَلَوْ اَنَّ قُرْاٰنًا سُيِّرَتْ بِهِ الْجِبَالُ اَوْ قُطِّعَتْ بِهِ الْاَرْضُ اَوْ كُلِّمَ بِهِ الْمَوْتٰى ؕ
بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا ؕ اَفَلَمْ يَايْـَٔسِ الَّذِيْنَ اٰمَنُوْٓا اَنْ لَّوْ يَشَآءُ اللّٰهُ لَهَدَى
النَّاسَ جَمِيْعًا ؕ وَلَا يَزَالُ الَّذِيْنَ كَفَرُوْا تُصِيْبُهُمْ بِمَا صَنَعُوْا قَارِعَةٌ اَوْ
تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ حَتّٰى يَاْتِيَ وَعْدُ اللّٰهِ ؕ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ ﴿۳۱﴾
وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَاَمْلَيْتُ لِلَّذِيْنَ كَفَرُوْا ثُمَّ اَخَذْتُهُمْ ۫
فَكَيْفَ كَانَ عِقَابِ ﴿۳۲﴾ اَفَمَنْ هُوَ قَآئِمٌ عَلٰى كُلِّ نَفْسٍ بِمَا كَسَبَتْ ۚ وَ
جَعَلُوْا لِلّٰهِ شُرَكَآءَ ؕ قُلْ سَمُّوْهُمْ ؕ اَمْ تُنَبِّـُٔوْنَهٗ بِمَا لَا يَعْلَمُ فِي الْاَرْضِ اَمْ
بِظَاهِرٍ مِّنَ الْقَوْلِ ؕ بَلْ زُيِّنَ لِلَّذِيْنَ كَفَرُوْا مَكْرُهُمْ وَ صُدُّوْا عَنِ السَّبِيْلِ
ؕ وَمَنْ يُّضْلِلِ اللّٰهُ فَمَا لَهٗ مِنْ هَادٍ ﴿۳۳﴾

စင်စစ်မူကား အကယ်၍သာ အကြောင်ကဲ့သို့သောကုရ်အာန်တစ်စောင်သည် ရှိခဲ့အုံ။ ထိုကုရ်အာန်ဖြင့် တောင်များသည် လွှဲဖယ်ရွှေ့ပြောင်းခြင်းကို ခံကြရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် ပထဝီမြေသည် အက်ကွဲစေခြင်းကို ခံရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် သူသေများသည် စကားပြောဆိုစေခြင်းကို ခံကြရသည်ဖြစ်စေ၊ (သို့ဖြစ်ငြားလည်း ၎င်းတို့သည် အလျှင်း သက်ဝင်ယုံကြည်ကြမည် မဟုတ်ပေ)။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အလုံးစုံသောအမိန့်အာဏာတို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိချေသည်။ သို့ပါလျက် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် "အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါလျှင် မလွဲဧကန် ထိုအရှင်မြတ်သည် လူခပ်သိမ်းတို့အားတရားလမ်းမှန်သို့ပို့တော်မူခဲ့မည်ဖြစ်ကြောင်း မသိခဲ့ကြလေသလော။ အမှန်စင်စစ်မှာမူကား သွေဖည်ငြင်းပယ်ခဲ့ကြကုန်သောသူတို့၌ ၎င်းတို့၏ အပြုအမူများကြောင့် အတိဒုက္ခတစ်စုံတစ်ရာသည် ဆိုက်ရောက်မြဲ ဆိုက်ရောက်လျက်ပင် ရှိပေသည်။ သို့တည်းမဟုတ် ၎င်းတို့၏ မြို့ရွာ၏အနီး (ပတ်ဝန်းကျင်)၌ပင် အမြဲမပြတ် သက်ရောက်လျက်ရှိလေသည်။ နောက်ဆုံးတွင်မူ အလ္လာဟ်အရှင်မြတ် ချိန်းချက်ထားတော်မူသောပြစ်ဒဏ်သည် ရောက်ရှိလာပေမည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ)ချိန်းချက်ထားတော်မူသောကတိကို အလျှင်း ဖောက်ဖျက်တော်မူသည် မဟုတ်ပေ။ [၃၁]

၎င်းပြင် စင်စစ်ဧကန် အသင်၏အလျင်လည်း ရာစုလ်တမန်တော်များသည် ပြက်ရယ်သမူပြုခြင်းကို ခံခဲ့ကြရကုန်၏။ သို့ပါလျက် ငါအရှင်မြတ်သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ရွှေ့ဆိုင်းခွင့်ပေးတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်

သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော် မူခဲ့လေသည်။ သို့ဖြစ်ပေရာ ဝါအရှင်မြတ်၏ ပြစ်ဒဏ်သည် အသို့ရှိခဲ့ပါသနည်း။(အလွန်ပြင်းထန်ခဲ့ပေသည်)။ [၃၂]

တစ်ဖန် လူတိုင်းလူတိုင်း မည်သည်ကို ပြုလုပ်ကြသည်ကို သိရှိတော်မူသောအရှင်မြတ်သည် (အခြား မဟုတ် မမှန်သော ကိုးကွယ်ခံများနှင့် တူနိုင်တော်မူပါမည်လော)။ သို့ရာတွင် ၎င်းတို့သည် အလွန်ဟပ်အရှင်မြတ်၌ နှိုင်းယှဉ်ဘက်များကို ပြုလုပ်ခဲ့ကြ လေသည်။ အသင်သည် (၎င်း တို့အား ဤသို့)ပြောကြားပါလေ၊ (အချင်းတို့) အသင်တို့သည် ၎င်းတို့၏ ဂုဏ်အရည်အချင်းကို (ငဲ့အား) ပြော၍ ပြုကြလေကုန်၊ ထိုအရှင်မြတ် သိတော်မမူသောအရာများကို ကြားသိစေကြလေသလော၊ သို့တည်းမဟုတ် (ယင်းကိုးကွယ်ရာများကို) အပေါ်ရိုက အားဖြင့်သာ (ကိုးကွယ်ရာများဟူ၍) ပြောဆိုခြင်းဖြစ်လေသလော။ ထိုသို့အလျှင်းမဟုတ် စင်စစ်မှာကား ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၏အမြင်၌ ၎င်းတို့၏ လျှို့ ဝှက်ကြံစည်မှုသည် လှပတင့်တယ်အောင်ပြုလုပ်ပြီးဖြစ်ပေသည်။ ထို့အတွက်ကြောင့်လည်း ၎င်းတို့သည် (မှန်ကန်သော တရား)လမ်းမှလည်း တားဆီးခြင်း ခံခဲ့ရလေသည်။ အသင်တို့သည် ထိုအရှင်မြတ်အား ပထဝီမြေ၌ စင်စစ်မှာမူကား အလွှာဟ်အရှင်မြတ် လမ်းမှား၌ ထားရှိသောသူအား တရားလမ်းမှန်ကို ညွှန်ကြားပြသမည့်သူဟူ၍ တစ်ဦး တစ်ယောက်မျှပင် မရှိချေ။ [၃၃]

အကျယ်ဖွင့်ဆိုခြင်း

အစွလာမ်ဘာသာသည်စစ်မှန်ကြောင်းနှင့်တမန်တော်မြတ်ﷺသည်စစ်မှန်သောတမန်တော်တစ်ပါးဖြစ်သည်ဆိုသည့် ထင်ရှားသောသက်သေများသည် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများရှေ့တွင် ရှိနေခဲ့သည်။ ကိုယ်တော်မြတ်ဘဝ၏ ကဏ္ဍာတိုင်းတွင်ရှိသော ကိုယ်တော်မြတ်၏ မုအ်ဂျိဇာ်လက္ခဏာများစွာကို ထင်ထင် ရှားရှားနှင့် ပြည့်ပြည့်စုံစုံတွေ့မြင်နိုင်ခဲ့သည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အကြီးအကဲ အဘူဂျာဟဲလ်က သူတို့မျိုးနွယ်စုနှင့် ဗနူဟာရှင်မ်မျိုးနွယ်စုတို့မှာ အမြဲအပြိုင်ဖြစ်နေကြောင်း ကြေညာခဲ့သည်။ အလွှာဟ်အရှင်မြတ်၏ တမန်တော်သည် ဗနူဟာရှင်မျိုးနွယ်စုမှ ပွင့်ပေါ်ခဲ့သည်ဆိုသည့် အသာစီးရသော အရေးကြီးသည့်ကိစ္စကို ၎င်းတို့ မည်သို့လက်ခံနိုင်မည်နည်း။ ထို့ကြောင့် သူတို့ပြောချင်တာ ပြောပါစေ၊ သက်သေလက္ခဏာများ ပြချင်သလောက်ပြပါစေ၊ သူတို့ကတော့ ဘယ်အခြေအနေမှာဖြစ်ဖြစ် တမန်တော်မြတ်ﷺကို ယုံကြည်မည်မဟုတ်ချေ။ ထို့ကြောင့် ထိပ်တိုက် ရင်ဆိုင်ရန် သူတို့သည် အဓိပ္ပာယ်မရှိသော မေးခွန်းများမေးမြန်းခြင်း၊ ဆင်ခြင်တုံတရားမရှိသော တောင်းဆိုချက်များတောင်းခံကာ သူတို့၏ ခေါင်းမာမှုကို ပြသခဲ့သည်။ လက်ရှိအာယသ်တော်များသည်လည်း အဘူဂျာဟလ်နှင့် သူ၏အပေါင်းပါများက မေးမြန်းထားသည် မေးခွန်းတစ်ခုကို တုံ့ပြန်သည့်အနေဖြင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။

သဖီစီရ်အလ်ဘဂါဝီကျမ်းအဆိုအရ အဘူဂျာဟဲလ်အိဗနီဟီရှာမ်နှင့် အဗ္ဗဒွလ္လာဟ် အိဗနိအုမိုင်ယာဟ် အပါအဝင် မက္ကာဟ်မြို့ရှိ မယုံကြည်သွေဖည်သူများသည် ဗိုင်သုလ္လာဟ်သို့ တစ်ချိန်က လာရောက်၍ နောက်ဖက်တွင် ထိုင်ကြသည်။ ၎င်းတို့သည် အုမိုင်ယာဟ်ကို တမန်တော်မြတ်ﷺထံသို့ တောင်းဆိုချက်အချို့နှင့်အတူ စေလွှတ်ခဲ့သည်။ သူက ကိုယ်တော်မြတ်ကိုပြောသည်မှာ "အကယ်၍ သင့်လူများအားလုံးနှင့် ကျွန်ုပ်တို့အားလုံး အသင့်ကို အလွှာဟ်အရှင့်စေတမန်တော်အဖြစ်လက်ခံ၍ အသင့်နောက်လိုက်လိုလျှင် ကျွန်ုပ်တို့သည် တောင်းဆိုချက်အချို့ တောင်းခံပါ

မည်။ ထိုတောင်းဆိုချက်ကို သင်၏ ကုရ်အာန်ကျမ်းမှတစ်ဆင့် ဖြည့်ဆည်းပါ။ သို့ဆိုလျှင် ကျွန်ုပ်တို့အားလုံးသည် အစွမ်းသတ္တိသို့ ဝင်ရောက်ကြပါမည်"ဟူ၍ဖြစ်သည်။

တောင်းဆိုချက်တစ်ရပ်မှာ မက္ကာဟ်နယ်မြေမှာ ကျဉ်းမြောင်းလွန်းသည်။ မြေနေရာမှာ ရှည်လျားသော်လည်း ပတ်ပတ်လည်တွင် တောင်များက ဝန်းရံထားလျက်ရှိသည်။ သို့ဖြစ်၍ ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေလုပ်ကိုင်ခြင်း၊ သစ်သီးဝလံစိုက်ပျိုးခြင်း (သို့မဟုတ်) အခြားလိုအပ်ချက်လုပ်ရန်နေရာမရှိဖြစ်နေသည်။ ထို့ကြောင့် သူတို့က ကိုယ်တော်မြတ်ကို "အသင်သည် ဤတောင်များကို အသင်၏ မုအ်ဂျိဇာဟ်တန်ခိုးဖြင့် အဝေးသို့ရွှေ့လိုက်ပါ။ သို့မှသာ မက္ကာဟ်မြို့ဧရိယာသည် ပို၍ကျယ်သွားပေလိမ့်မည်။ စိုက်ယိဒိနာဒါဝူးဒ်ﷺသည် ထိုတမန်တော် အလ္လာဟ် အရှင်မြတ်၏ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်နှင့် တောင်များကို ရွှေ့လျားနိုင်ကြောင်း ကိုယ်တော် ကိုယ်တိုင် ပြောကြားချက်ဖြင့် ကိုယ်တော်အား သတိပေးခဲ့သည်။

စိုက်ယိဒိနာဒါဝူးဒ်ﷺက တောင်များကိုရွှေ့လျားစေနိုင်၍ ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်နှင့် တောင်များရွှေ့လျားခဲ့ကြောင်း ကိုယ်တော်မြတ်ကိုယ်တိုင် ပြောကြားချက်ကို ကိုယ်တော်မြတ်က ပြန်လည်သတိရစေပါသည်။ ထို့ပြင် သင်သည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ဒါဝူးဒ်ﷺထက် မနိမ့်သော လူတစ်ဦးဖြစ်ကြောင်း ကိုယ်တော်မြတ်ကို ထပ်မံ၍ သူတို့က သတိပေးခဲ့သည်"ဟူ၍ဖြစ်သည်။

၎င်းတို့တင်ပြသည့် ဒုတိယတောင်းဆိုချက်မှာ အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာစူလိုင်မန်ﷺသည် လေကိုထိန်းချုပ်ကာ စေခိုင်းနိုင်ကြောင်း ကမ္ဘာမြေပေါ်ရှိ ရှည်လျားသောခရီးကို တိုတောင်းသောခရီးစဉ် ဖြစ်စေနိုင်စွမ်းရှိကြောင်း ကိုယ်တော်မြတ်က သူတို့ကို ပြောကြားချက်ကိုသတိပေးကာ ထို့အတူ သူတို့ကို ဆီးရီးယားနှင့် ယီမင်သို့ သွားသည့်ခရီးစဉ်အတွက် လွယ်ကူချောမွေ့စေရေး အလားတူလုပ်ဆောင်ပေးရန် တောင်းဆိုခဲ့သည်။

သူတို့၏ တတိယတောင်းဆိုချက်မှာ စိုက်ယိဒိနာအီစာﷺ လုပ်ဆောင်ခဲ့သကဲ့သို့ သူသေကိုရှင်စေသော လုပ်ရပ် သူတို့အတွက် လုပ်ပေးရန်ဖြစ်သည်။ သူတို့အတွက် ကိုယ်တော်မြတ်သည် တမန်တော်အီစာﷺထက် နိမ့်ကျသူမဟုတ်သောကြောင့် အာရုဗ်တမန်တော်တစ်ပါး ယူဆောင်လာသည့် ဤဘာသာတရားမှာ မှန်ကန်ကြောင်း မမှန်ကန်ကြောင်း မေးမြန်းနိုင်ရန်အလို့ငှာ သူတို့၏ဘိုးဘေးဖြစ်သော ကုဆိုင်းစ်ကို ပြန်လည်၍ရှင်စေရန်ဖြစ်သည်။ (အလ် ဘဂါဝီအီဗနိဟာသီမ်နှင့် အိဗနိမရ်ဒူးဝေဟ်ကိုရည်ညွှန်း၍ မဇာဟိရီကျမ်း)

အထက်ကိုးကားခဲ့သည့် အာယသ်များတွင် ရန်လိုသော တောင်းဆိုချက်များအတွက် အောက်ပါအတိုင်း ဖြေကြားထားသည်။

وَلَوْ اَنَّ قُرْاٰنًا سُيِّرَتْ بِهِ الْجِبَالُ اَوْ قُطِّعَتْ بِهِ الْاَرْضُ اَوْ كُلِّمَ بِهِ الْمَوْتٰى ؕ بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا

"စင်စစ်မူကား အကယ်၍သာ အကြင်ကဲ့သို့သော ကုရ်အာန်တစ်စောင်သည် ရှိခဲ့အံ့၊ ထို ကုရ်အာန်ဖြင့် တောင်များသည် လွှဲဖယ်ရွှေ့ပြောင်းခြင်းကို ခံကြရသည်ဖြစ်စေ သို့တည်းမဟုတ် ထိုကုရ်အာန်ဖြင့် ပထဝီမြေသည် အက်ကွဲစေခြင်းကို ခံရသည်ဖြစ်စေ သို့တည်းမဟုတ် ထို ကုရ်အာန်ဖြင့် သူသေများသည် စကားပြောဆိုစေခြင်းကို ခံရသည်ဖြစ်စေ (သို့ဖြစ်ငြားလည်း ၎င်းတို့သည် အလျှင်း သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေ)။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာမူကား အလုံးစုံသော အမိန့်အာဏာတို့သည် အလ္လာဟ်အရှင်မြတ်၌သာ ရှိချေသည်။ ၃၁"

အဘိဓာန်အရ سُيِّرَتْ بِهِ الْجِبَالُ ဟူသော အသုံးအနှုန်းက တောင်များကို ၎င်းတို့တည်နေရာမှ ရွှေ့ပစ်ခြင်းကို ရည်ညွှန်းသည်။ قُطِّعَتْ بِهِ الْاَرْضُ က ရှည်လျားသောခရီးစဉ်ကို အချိန်တိုတို သွားလာနိုင်ခြင်းဟု ရည်ညွှန်းသည်။

كُلِّمَ بِهِ الْمَوْتٰى ကသေသူကို ပြန်လည်ရှင်စေ၍ ထိုသူနှင့်စကားပြောခြင်းဟု ဖော်ကျူးသည်။ لَوْ (အကယ်၍)ဟူသော စကားလုံးဖြင့် စတင်ထားသည့် အကြောင်းပြပုဒ်၏အဓိကပုဒ်မှာ لَمَا اٰمَنُوْا(ၦင်းတို့သည် အလျှင်း သက်ဝင်ယုံကြည်ကြသည် မဟုတ်ပေ)မှာ စာသားအခြေအနေအရ နားလည်ပြီးသားဟု ယူဆသည်။ အလားတူအကြောင်းအရာနှင့် ပတ်သက်၍ ဤသို့ပင် သီးခြားဖော်ပြထားမှုကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် တွေ့နိုင်သည်။ ယင်းတွင် မိန့်ထားသည်မှာ وَلَوْ اَنَّنَا نَزَّلْنَآ اِلَيْهِمُ الْمَلٰٓئِكَةَ وَكَلَّمَهُمُ الْمَوْتٰى وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلًا مَّا كَانُوْا لِيُؤْمِنُوْٓا (၆း၁၁၁)ဟူ၍ဖြစ်သည်။

ယင်းကဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ တန်ခိုးပြာဋိဟာအနေဖြင့် ဤတောင်းဆိုချက်ကို လိုက်လျောလျှင်လည်း ထိုသူများသည် သက်ဝင်ယုံကြည်မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဤ တောင်းဆိုမှုများအလျင်ကပင် ပို၍စွဲငြိစေသော တန်ခိုးပြာဋိဟာ မုအ်ဂျိဇာ်ကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။ "လ"ကို တမန်တော်မြတ်ﷺ လက်ဖြင့်နှစ်ခြမ်းကွဲစေခြင်းဆိုသည်မှာ တောင်များကိုနေရာမှရွှေ့စေခြင်း (သို့မဟုတ်)လေကို ထိန်းချုပ်စေခြင်းထက် ပို၍ အံ့သြဖွယ်ရာ ဖြစ်သည်။ အလားတူပင် ကိုယ်တော်မြတ်၏ လက်တော်တွင်းရှိ သက်မဲ့ကျောက်တုံးနှင့် ကိုယ်တော်မြတ်က စကားပြောဆိုခြင်း၊ ထို့နောက် ယင်းကျောက်တုံးများက အလွှာဟ့်ဂုဏ်တော်များ ဖတ်ရွတ်သရဇ္ဈာယ်ခြင်းဆိုသည် တို့မှာ သေပြီးသူပြန်ရှင်စေကာ စကားပြောဆိုခြင်းထက်ပို၍ ကြီးကျယ်သော တန်ခိုးပြာဋိဟာ မုအ်ဂျိဇာ်ဖြစ်ကြောင်းမှာ မုချဇကန်ဖြစ်သည်။

အလ်မဲအ်ရာဂျ် ကောင်းကင်ခရီးကြွမြန်းခြင်း၊ ညဉ့်အတွင်း မတ်စ်ဂျိဒ်အလ် အတ်ကဆွာရ်(ဂျေရုစလင်)သို့ ခရီးသွားခြင်း၊ ထိုမှတစ်ဆင့် မိုးကောင်ကင်များထဲ ခရီးဆက်သွားခြင်း၊ ထို့နောက် မက္ကာမြို့တော်သို့ တစ်ဖန် ပြန်လည်ဆိုက်ရောက်ခြင်းဆိုသည်တို့ကို အလွန်တိုတောင်းသော အချိန်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လေများကို ထိန်းချုပ်ခြင်းနှင့် စူလိုင်မန်ﷺ၏ပလ္လင်ထက် ပို၍ အံ့သြဖွယ်ကောင်းသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း ဤကိစ္စရပ် များကို ၎င်းတို့ မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရလင့်ကစား ထိုပလ္လားမောက်မာသူများသည် မယုံကြည်ခဲ့ကြချေ။ ထို့ပြင် သူတို့သည် ဤကဲ့သို့ ဆင်ခြင်မဲ့စွာပြုလုပ်မှုသည် ၎င်းတို့တောင်းဆိုချက်၏ ရည်ရွယ်ချက်မှာ အချိန်ဆွဲရန်မှအပ အခြားမရှိကြောင်း ထင်ရှားသည်။ သူတို့လက်ခံရန်လည်းမရှိ၊ သူတို့အတွက် ဘာမျှလုပ်ပေးရန်လည်း မရှိချေ။ မယုံကြည်သူများ၏ တောင်းဆိုချက်များ ရည်ရွယ်ချက်မှာ တစ်ချိန်ချိန်တွင် ၎င်းတို့တောင်းဆိုချက် မလိုက်လျောနိုင်သော အချိန်ဖြစ်လာခဲ့လျှင် "မာအဒါဟ်အလ္လာဟ်" ဤကိစ္စများကို အလ္လာဟ်အရှင်မြတ်ပင် ထိန်းချုပ်နိုင်စွမ်းမရှိဟု ပြောဆိုရန် အခွင့်အရေး ရစေရန်ဖြစ်သည်။ သို့မဟုတ် တမန်တော်မြတ်ﷺ ပြုလုပ်သော မေတ္တာရပ်ခံချက်သည် အလ္လာဟ်အရှင်မြတ်က ဂရုမစိုက်၍ သော်လည်းကောင်း၊ လက်မခံ၍သော်လည်းကောင်း အကျိုးသက်ရောက်မှုမရှိဟူ၍ ဖြစ်သွားလိမ့်မည်။ သို့ဆို လျှင် ကိုယ်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မဟုတ်ဟု အထင်ရောက်စေမည်။ ယင်းနောက် بَلْ لِّلّٰهِ الْاَمْرُ جَمِيْعًا "စင်စစ်မှာမူကား အလုံးစုံသောအမိန့်အာဏာတို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိချေသည်" ဟုမိန့်ထားသည်။ ဆိုလိုသည်မှာ တန်ခိုး၊ ရွေးချယ်မှုနှင့် ထိန်းချုပ်မှုအားလုံးသည် အလ္လာဟ်အရှင်မြတ်သာလျှင် စိုးမိုးတော်မူသည်။ တောင်းဆိုချက်မဖြည့်ဆည်း၍ ယင်းတို့မှာ အလ္လာဟ်အရှင့်ထိန်းချုပ်မှုနှင့် တန်ခိုးအာဏာအလွန်တွင် မရှိဟူသည်ကို အလေးအနက် ရည်ညွှန်းသည်။ ကိစ္စရပ်၏ အမှန်တရားကား ထိုအရှင်မြတ်တစ်ပါးတည်းသာလျှင် ဤစကြဝဠာ၏လုပ်ဆောင်မှုများအတွက် ဆင်ခြင်တွေးတောခြင်းများနှင့် အကျိုးသက်ရောက်စေခြင်းကို အရှင်မြတ်သည်သာလျှင် သိတော်မူသည်။ အရှင်မြတ်၏ အဆုံးစွန်သော ဟစ်မသ် ဉာဏ်တော်အရ ထိုတောင်းဆိုချက်များကို ဖြည့်ဆည်းရန် မလျော်ကန်ဟု မှတ်ယူသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်မြတ်သည် တောင်းဆိုသူများ၏

မကောင်းသောရည်ရွယ်ချက်နှင့် မလျော်သော လုပ်ခြင်းကို သိတော်မူသည်။ သူတို့၏ တောင်းဆိုချက်များ အားလုံး ဖြည့်ဆည်းခဲ့လျှင်ပင် သူတို့သည် ယုံကြည်သက်ဝင်မည်မဟုတ်ကြောင်း အရှင်သိတော်မူသည်။

အာယသ် ၃၁ ၏ တတိယဝါကျတွင် **اَفَلَمۡ يَايۡـَٔسِ الَّذِيۡنَ اٰمَنُوۡۤا اَنۡ لَّوۡ يَشَآءُ اللّٰهُ لَهَدَى النَّاسَ جَمِيۡعًا** "သို့ပါလျက် မှအ်မင်နှ်သက်ဝင်ယုံကြည်သူတို့သည်" အကယ်၍ အလ္လာဟ်အရှင်မြတ်အလိုတော်ရှိပါလျှင် မလွဲဧကန် ထိုအရှင်မြတ်သည် လူခပ်သိမ်းတို့အား တရားလမ်းမှန်သို့ ပို့တော်မူခဲ့မည်ဖြစ်ကြောင်း "မသိခဲ့ကြလေသလော"ဟု မိန့်ထားခဲ့သည်။

ဤအဆိုအမိန့်ကို ဋီကာဖွင့်ရာတွင် အီမာမ်အလ်ဗဂါဝီက တင်ပြထားသည်မှာ မယုံကြည် သွေဖည်ငြင်းပယ် သူများ၏ ဤတောင်းဆိုချက်များကို ဆွဟာဗဟ်သာဝကကြီးများ ကြားသိခဲ့ရသောအခါ အကယ်၍ ဤတောင်းဆို ချက်များကို ဖြည့်ဆည်းလိုက်လျှင် ကောင်းလိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ လုပ် လိုက်ခြင်းဖြင့် မက္ကာဟ်မြို့သားအားလုံး မုစ်လင်မ်များဖြစ်လာ၍ အစွမ်းသတ္တိသည်လည်း အင်အားအလွန်ကြီး သောအဆင့်သို့ ရောက်ရှိသွားလိမ့်မည်။ ထိုစဉ် ယခုလက်ရှိအာယသ်တော် ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ ဆင်ခြေ ရှာ၍ ရန်လိုသောအချေအတင်ပြောမှုပြုလုပ်သည့် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အလေ့အထကို သိပြီးမြင်ပြီး လျက် ထိုသူများသည် အစွမ်းသတ္တိ ဝင်ရောက်လိမ့်မည်ဟူသော ယုံကြည်သူ မုစ်လင်မ်များက မျှော်လင့်နေပါသေး သလော။ အကယ်၍ ထိုမုစ်လင်မ်များသည် အလ္လာဟ်အရှင် အလိုရှိတော်မူခဲ့လျှင် အရှင်မြတ်ကိုယ်တိုင်က လူသား များကို မုစ်လင်မ်ဖြစ်စေနိုင်သော လမ်းညွှန်မှုပေးနိုင်ကြောင်း သိနေပါလျက်နှင့် ထိုမုစ်လင်မ်များက အဘယ့်ကြောင့် ထိုသို့ ဆန္ဒနှင့်မျှော်လင့်ချက် ရှိနေခဲ့ရသနည်း။ သို့သော်လည်း အရှင်မြတ်၏ဟစ်က်မသ်ဉာဏ်တော်က လူတိုင်းကို အစွမ်းသတ္တိဝင်၍ အီမာန်ယုံကြည်စေရမည်ဟု အတင်းအကြပ်မပြဋ္ဌာန်းထားပါ။ စင်စစ် ထိုဟစ်က်မသ် ဉာဏ် တော်ကပင် လူတိုင်းသည် သူ(သို့မဟုတ်) ကုဖရ်(မယုံကြည်မှု)ကို ဖြစ်စေ ရွေးချယ်နိုင်သည်။

အာယသ် ၃၁ ၏ စတုတ္ထဝါကျထဲတွင် **وَلَا يَزَالُ الَّذِيۡنَ كَفَرُوۡا تُصِيۡبُهُمۡ بِمَا صَنَعُوۡا قَارِعَةٌ اَوۡ تَحُلُّ قَرِيۡبًا مِّنۡ دَارِهِمۡ** "အမှန်စင်စစ်မူကား သွေဖည်ငြင်းဖယ်ခဲ့ကြကုန်သော သူတို့၌ ၎င်းတို့၏ အပြုအမူများကြောင့် အတိဒုက္ခ တစ်စုံတရာသည် ဆိုက်ရောက်မြဲရောက်လျက်ပင် ရှိပေသည်။ သို့တည်း မဟုတ် ၎င်းတို့၏ မြို့ရွာအနီး (ပတ်ဝန်းကျင်)၌ ပင် အမြဲမပြတ် သက်ရောက်လျက်ရှိလေသည်"ဟု မိန့်ထားသည်။ စိုက်ယိဒိနာအိဗန်အဗ္ဗာစ်ﷺအဆိုအရ **قَارِعَةٌ** (ကာရိအာဟ်) ဟူသောစကားလုံးသည် အတိဒုက္ခ၊ အခက်အခဲ၊ ဘေးဆိုးကပ်ဆိုးဟု အဓိပ္ပာယ်သက်ရောက်သည်။ အာယတ်တော်၏ ဆိုလိုရင်းမှာ မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ မကောင်းသောရည်ရွယ်ချက်နှင့် ခေါင်းမာခြင်း ကို သိရှိပြီးဖြစ်သောကြောင့် ၎င်းတို့၏ ဤတောင်းဆိုချက်ကို မလိုက်လျောခဲ့ချေ။ ဆိုလိုသည်မှာ အကယ်၍ ဤတောင်း ဆိုချက်များကို ဖြည့်ဆည်းပေးခဲ့လျှင်ပင် သူတို့သည် ယုံကြည်သက်ဝင်ကြမည် မဟုတ်ချေ။ အလ္လာဟ်အရှင့်အလိုတော် အရဆိုလျှင် ဤသူများအပေါ် ဤကမ္ဘာလောကတွင်ပင် ဘေးဒုက္ခများ အမြဲမပြတ်ကျရောက်ခြင်းနှင့် ထိုက်တန်ပေ သည်။ ထိုကဲ့သို့ပင် မက္ကာဟ်ရှိလူများသည် ငတ်မွတ်ခေါင်းပါးသည့်ဘေး ခံစားရခြင်း၊ ဘဒ်ရ်နှင့်အုဟုဒ်၏ အစွမ်းသတ္တိ စစ်ပွဲများအတွင်း ဖမ်းဆီးခံရခြင်း (သို့မဟုတ်) သတ်ဖြတ်ခံရခြင်း (သို့မဟုတ်) မိုးကြိုးပစ်ခံရခြင်း (သို့မဟုတ်) ကပ်ဘေး နှင့် သေဆုံးခြင်းစသော အဆက်မပြတ် ပြစ်ဒဏ်များစသည်တို့ ကျရောက်နိုင်သည်။ ထို့နောက် **اَوۡ تَحُلُّ قَرِيۡبًا مِّنۡ دَارِهِمۡ** "သို့တည်းမဟုတ် ၎င်းတို့၏မြို့ရွာ၏ အနီး(ပတ်ဝန်းကျင်)၌ပင် အမြဲမပြတ် သက်ရောက်လျက်ရှိလေသည်" ဟူသောအဆိုအမိန့်က အချို့အခါများတွင် ဘေးဒုက္ခများသည် သူတို့ ပေါ် တိုက်ရိုက်မကျဟု ဆိုလိုသည်။ သူတို့နှင့်နီး သောနေရပ်များတွင်ကျရောက်ပါလိမ့်မည်။ ရည်ရွယ်ချက်မှာ သူတို့အနီးဝန်းကျင်တွင် ဖြစ်ပွားသည်မှ ၎င်းတို့ သင်ခန်း

စာရရန်နှင့် ၎င်းတို့၏ မကောင်းသောအဆုံးသတ်ကို တွေ့မြင်စေရန် အထောက်အကူဖြစ်သည်။

အာယသ်-၃၁ သည် حَتّٰى يَأْتِيَ وَعْدُ اللّٰهِ ۗ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ "နောက်ဆုံး၌ အလ္လာဟ်အရှင်မြတ်ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်သည် ရောက်ရှိလာသည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ)ချိန်းချက်ထားတော်မူသောကတိကို အလျှင်း ဖောက်ဖျက်တော်မူသည်မဟုတ်ပေ" ဟူသော အဆိုအမိန့်ဖြင့် အဆုံးသတ်ထားသည်။ ယင်းက ဘေးဒုက္ခ အစဉ်မပြတ် ကျရောက်မှုသည် အလ္လာဟ်အရှင်မြတ်ကတိတော် ဖြည့်ဆည်းပြီးမှ ရပ်နားပေလိမ့်မည်ဟုဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်ကတိတော်သည် မည်သည့်အခါမျှ မဖြည့်ဆည်းဟူ၍ မရှိချေ။ ဤနေရာ၌ ရည်ညွှန်းထားခဲ့သည့် ကတိတော်မှာ မက္ကာဟ်မြို့အောင်နိုင်ခြင်း ကတိတော်ဖြစ်သည်။ ဤသူများပေါ်၌ အမျိုးမျိုးသော ဘေးဒုက္ခများသည် သက္ကာအလ် မုကတ်ရာမာဟ် အောင်နိုင်သည့်အချိန်အထိ ကျရောက်နေလိမ့်မည်။ အဆုံးတွင် အောင်မြင်ခဲ့ကာ ဆန့်ကျင်သူအားလုံးသည်လည်း နှိပ်ကွပ်ပြီးဖြစ်သွားမည်။

ဤအကြောင်းအဆုံးမသတ်မီ اَوْ تَحُلُّ قَرِيْبًا مِّنْ دَارِهِمْ "၎င်းတို့၏ မြို့ရွာအနီး(ပတ်ဝန်းကျင်)၌ပင် အမြဲမပြတ် သက်ရောက် လျက်ရှိလေသည်။၃၁"ဟူသော အဆိုအမိန့်ဆီသို့ ပြန်သွားကြစို့။ ယင်းက ကျွန်ုပ်တို့ကို ပြောသည်မှာ လူများ၏ ပတ်ဝန်းကျင်တွင်ကျရောက်သော ဘေးဒုက္ခ၊ ကပ်ဘေးဆိုး (သို့မဟုတ်) ပြစ်ဒဏ်ခတ်မှုတို့၏ နောက်ကွယ်၌ အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်ကြွယ်သည့် တွေးတောဆင်ခြင်မှုတစ်ရပ် မြှုပ်ကွယ်ထားသည်။ ယင်းကပေးသည့် သတင်းစကားမှာ ကပ်ဘေးများကျရောက်သည့် နေရာအနီးနေသူများသည် အမြဲသတိအနေအထား ရှိနေရသည်။ အခြားသူများဖြစ်ပျက်သည်မှ သင်ခန်းစာရယူကာ မိမိလုပ်ရပ်များကို ပြုပြင်ရမည်။ အကယ်၍ လေးလေးနက်နက်မှတ်ယူခဲ့လျှင် အခြားသူပေါ် ပြစ်ဒဏ်ကျရောက်မှုသည် ထိုသူများအတွက် ကရုဏာသတင်းစကား ဖြစ်ပွားလိမ့်မည်။ ထိုသို့မလုပ်လျှင် အခြားသူများ အဆုံးသတ်သည့်နည်းလမ်းကို မျက်မြင်ကိုယ်တွေ့မြင်ရသကဲ့သို့ သူတို့သည်လည်း အဆုံးသတ်သော နေ့တစ်နေ့ ရောက်လာပါလိမ့်မည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင်းနှင့် အနီးနားနယ်ပယ်များတွင်ပါ အုပ်စုအချို့ (သို့မဟုတ်) အချို့ဒေသတွင် အမျိုးမျိုးသော ဘေးဒုက္ခပေါင်းစုံ နေ့တိုင်းကျရောက်လျက်ရှိကြောင်း ကျွန်ုပ်တို့ ကြားသိနေရပါသည်။ ရေကြီးမှု၊ လေမုန်တိုင်းများ၊ မြေငလျင်များ (သို့မဟုတ်) အခြားပြစ်ဒဏ်သည် ဘေးဒုက္ခအမျိုးမျိုး ကျရောက်လျက် ရှိပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအဆိုအမိန့်အရ ဤဘေးဒုက္ခများသည် ထိုကဲ့သို့သော နေရာများနှင့် ထိုအသိုင်းအဝိုင်းအတွက် သက်သက် ကျရောက်သည်မဟုတ်။ စင်စစ်တွင် ယင်းဘေးဒုက္ခများသည် ပတ်ဝန်းကျင်ဇရိယာတွင် နေထိုင်သူများအတွက် သတိပေးခြင်းလည်း ဖြစ်သည်။ ရှေးခေတ်က ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ ခေတ်မီနည်းလမ်းဖြင့် ကြိုတင်မသိရှိနိုင်သော်လည်း အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေစိတ်မှာ ၎င်းတို့နှလုံးသားတွင် ရှိသည်။ အကယ်၍ ဤသဘာဝရှိ ဘေးဒုက္ခအချို့ နေရာတစ်ခုတွင်ကျရောက်လျှင် ထိုကျရောက်သောနေရာသာမက အနီးအပါးနေသူများပင် ကြောက်ရွံ့ထိတ်လန့်ကြသည်။ ထိုအခြေအနေမျိုးတွင် သူတို့သည် အလ္လာဟ်အရှင်မြတ်ဘက်လှည့်၍ သူတို့၏ပြစ်မှုဂုနာဟ်များမှ ဝန်ချတောင်းပန် ကြသည်။ အရှင်မြတ်ထံမှ ခွင့်လွှတ်မှုတောင်းခံကြသည်။ အလျှဒါန(ဆွဒကာဟ်)များ ပြုလုပ်ကြသည်။ ယင်းသို့သော အခြေအနေတွင် ထိုသို့ပြုလုပ်ခြင်းမှာ ကယ်တင်ခံရခြင်း၏ အရင်းအမြစ်တစ်ခုဖြစ်စေပါသည်။ ထို့ပြင် ထိုသို့လုပ်ဆောင်မှုကြောင့် သူတို့၏အခက်အခဲများ အလွယ်တကူ ဖယ်ရှားသွားကြောင်း ၎င်းတို့ကိုယ်တိုင် မြင်တွေ့ခဲ့ကြရသည်။ ကျွန်ုပ်တို့ခေတ်မှာလည်း မည်မျှဂရုမစိုက်ကြသနည်းဆိုလျှင် ယင်းကဲ့သို့ဆိုးဝါးသောအချိန်တွင်ပင် အလ္လာဟ်အရှင်မြတ်မှအပ အရာရာတိုင်းကို သတိရနေကြသည်။ ထိုသို့ ကျွန်ုပ်တို့ လုပ်စဉ် ကျွန်ုပ်တို့သည် မုစ်လင်မ်မဟုတ်သူများ အများအားဖြင့် ပြုလုပ်ကြသကဲ့သို့ဖြစ်သွားကာ ရုပ်ပိုင်းဆိုင်ရာနည်းလမ်း

များပေါ်တွင်သာ ကျွန်ုပ်တို့ အာရုံရောက်ကြပါသည်။ ထိုသို့အရေးကြီးသောအချိန်အခါမှာပင် အကြောင်းခံအလုံးစုံ၏ အကြောင်းခံဖြစ်သော အရှင်ဘက် (မုစဗ်ဗိဗုလ်-အတ်စ်ဗာဗ်)သို့လှည့်ကာ အကူအညီတောင်းခံရန်မှာ လူအနည်းငယ်တွင်သာ ထိုသို့လုပ်နိုင်သော သောင်ဖီးက်ရှိသည်။ ဤသို့လုပ်ဆောင်ရန် ပျက်ကွက်မှု၏ တိုက်ရိုက်ရလဒ်ကား ကမ္ဘာလောကကြီးသည် ဤသဘာဝရှိ မလိုလားဖွယ် အဖြစ်အပျက်များ အမြဲကြုံတွေ့နေရခြင်း ဖြစ်သည်။

အစောပိုင်းက ရှင်းလင်းပြသခဲ့ပြီးသော အာယသ်-၃၁၏ နောက်ဆုံးဝါကျနှင့် ပတ်သက်သည့် နောက်ထပ် ရှင်းလင်းချက်အချို့ကို အောက်တွင်ဖော်ပြထားသည့် ယင်းထဲတွင် **حَتّٰى يَأْتِيَ وَعْدُ اللّٰهِ ۭ اِنَّ اللّٰهَ لَا يُخْلِفُ الْمِيْعَادَ** "နောက်ဆုံးတွင်မူ အလ္လာဟ်အရှင်မြတ် ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်သည် ရောက်ရှိလာပေမည်။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (မိမိ) ချိန်းချက်ထားတော်မူသောကတိကို အလျှင်းဖောက်ဖျက်တော်မူသည် မဟုတ်ပေ။" ဟု မိန့်ထားခဲ့သည်။

အစောပိုင်းရှင်းလင်းပြီးသကဲ့သို့ ဤနေရာပါ ဝအ်ဒါရ် (သို့မဟုတ်) ချိန်းချက်ထားသောဟူသည်က အလ္လာဟ် အရှင်မြတ်သည် တမန်တော်မြတ်ﷺပေါ် ကတိပြုတော်မူထားသည့် မက္ကာဟ်မြို့အောင်နိုင်ခြင်းကို ဆိုလိုသည်။ အာယသ်၏ဆိုလိုရင်းမှာ အဆုံးတွင် မက္ကာဟ်ကိုအောင်နိုင်လိမ့်မည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ဖျက်ဆီးချေမှုန်း နှိပ်ကွပ်ခံရမည်။ သို့ဆိုလျှင် ယင်းကိစ္စ မပေါ်ပေါက်မီအလျင် ထိုသူများသည် ၎င်းတို့၏ပြစ်မှုများအတွက် အနည်းငယ် ပြစ်ဒဏ်ခတ်မှု ခံစားကြည့်ပါလေ။ ထို့ပြင် **وَعْدُ اللّٰهِ** (အလ္လာဟ်အရှင်မြတ်သည် (မိမိ)ချိန်းချက်ထားသော ကတိ)က ဤနေရာတွင် တရားစီရင်မည်နေ့ဟုလည်း ဆိုလိုနိုင်သည်။ ထိုသို့သော ကတိကို တမန်တော်အားလုံးအား အစဉ်အမြဲ ပေးထားတော်မူခဲ့သည်။ ထို့ကြောင့် ထိုသီးသန့်နေ့တွင် မယုံကြည် သွေဖည်ငြင်းပယ်သော ပြစ်မှုကျူးလွန်သူတိုင်းသည် သူ (သို့မဟုတ်) သူမ၏ လုပ်ရပ်တိုင်းအတွက် ပြစ်ဒဏ်ခတ်ခြင်း အပြည့်အဝခံကြရလိမ့်မည်။

အထက်ဖော်ပြခဲ့သော အဖြစ်အပျက်အထဲပါ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ရန်လိုသောမေးခွန်းများ မေးမြန်းခဲ့မှုနှင့် ၎င်းတို့၏ခေါင်းမာမှုပြသခြင်းတို့သည် တမန်တော်မြတ်ﷺကို နာကျင်စေသည့်အကြောင်းဖြစ်သည်။ ထို့ကြောင့် နောက်အာယသ်တွင် **وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَاَمْلَيْتُ لِلَّذِيْنَ كَفَرُوْا ثُمَّ اَخَذْتُهُمْ ۣ فَكَيْفَ كَانَ عِقَابِ** ၎င်းပြင် စင်စစ်ဇကန် အသင်၏အလျင်လည်း ရစူလ်တမန်တော်များ ပြက်ရယ်သမှုပြုခြင်းကို ခံခဲ့ကြရကုန်၏။ သို့ပါလျက် ငါအရှင်မြတ်သည် ကာဖစ်ရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား ရွှေ့ဆိုင်းခွင့် ပေးတော်မူလေသည်။ သို့ဖြစ်ပေရာ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် အသို့ရှိခဲ့ပါသနည်း။ (အလွန်ပြင်းထန်ခဲ့ပေသည်)"ဟူ၍ ကိုယ်တော်မြတ်ကို စိတ်သက်သာမှုရစေရန် မိန့်ကြားခဲ့သည်။ တစ်နည်းအားဖြင့် ယင်းကဆိုလိုသည်မှာ တမန်တော်မြတ်ﷺ ရင်ဆိုင်ခဲ့ရသည့်အခြေအနေများသည် ကိုယ်တော်မြတ် တစ်ပါးတည်း ရင်ဆိုင်ခဲ့သည်မဟုတ်။ ကိုယ်တော်မြတ်ﷺ အလျင်က ပွင့်တော်မူခဲ့သည့် တမန်တော်များသည်လည်း အလားတူ အခြေအနေများနှင့် ရင်ဆိုင်ခဲ့ကြရကာ ငြင်းဆိုသူများကို ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုကြောင့် ချက်ချင်းပြစ်ဒဏ်ခတ်မှုမပြုလုပ်ခဲ့သောကြောင့် သူတို့သည် တမန်တော်များကို ဆက်လက်၍ ပြက်ရယ်ပြုနေခဲ့ကြသည်။ သတ်မှတ်သည်သို့ရောက်လျှင် သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုခံရသည်။ ယင်းပြစ်ဒဏ်ခတ်မှုကြောင့် ရင်ဆိုင်ရန် မည်သူမျှ ခွန်အားမရှိချေ။

اَفَمَنْ هُوَ قَآىِٕمٌۢ عَلٰي كُلِّ نَفْسٍ "တစ်ဖန် လူတိုင်းလူတိုင်း မည်သည်ကို ပြုလုပ်ကြသည်ကို သိရှိတော်မူသော အရှင်မြတ်သည် ...၃၃" ဟူသောအာယသ်ထဲ၌ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ မသိနားမလည်မှုနှင့် ယထာဘူတမကျမှုကို ဖော်ထုတ်ပြီး ဖြစ်သွားစေရန် ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူခြင်းကို သက်ဆိုးရှည်တုများဖြင့် တန်းတူပြုခြင်းသည် ဤသူများတွင် မုချဇကန် အသိဉာဏ်မရှိဟု မိန့်ထားသည်။ ထိုအရှင်မြတ်

သည်သာလျှင် လူတိုင်းကိုစောင့်ကြည့်နေတော်မူ၍ အဆုံးဌာ လူတိုင်း၏လုပ်ရပ်များကို စစ်ဆေးတော်မူမည့်အရှင် ဖြစ်ပေသည်။ ထို့နောက် သူတို့၏ ဆင်ခြင်တုံတရားကင်းမဲ့သောသဘောထား၏နောက်ကွယ်ရှိ စစ်မှန်သော အကြောင်းရင်းနှင့်ပတ်သက်၍ မိန့်ထားသည်မှာ ရှိက်တွာန်သည် ၎င်းတို့၏ မသိနားမလည်မိုက်မဲမှုကို ၎င်းတို့အမြင်တွင် ကောင်းမွန်သည့်အရာအဖြစ် မြင်အောင်ပြုလုပ်ထားသည်။ ထို့ကြောင့် သူတို့က ဤအနေအထားကို အောင်မြင်ခြင်းနှင့် ပေါက်မြောက်မှုဟု မှတ်ယူထားကြသည်။

အာယသ် (၃၄-၃၇)

لَهُمْ عَذَابٌ فِي الْحَيٰوةِ الدُّنْيَا وَ لَعَذَابُ الْاٰخِرَةِ اَشَقُّ ۚ وَ مَا لَهُمْ مِّنَ اللّٰهِ
مِنْ وَّاقٍ ﴿۳۴﴾ مَثَلُ الْجَنَّةِ الَّتِيْ وُعِدَ الْمُتَّقُوْنَ ؕ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ
ؕ اُكُلُهَا دَآئِمٌ وَّ ظِلُّهَا ؕ تِلْكَ عُقْبَى الَّذِيْنَ اتَّقَوْا ۖ وَّ عُقْبَى الْكٰفِرِيْنَ
النَّارُ ﴿۳۵﴾ وَ الَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَفْرَحُوْنَ بِمَاۤ اُنْزِلَ اِلَيْكَ وَ مِنَ
الْاَحْزَابِ مَنْ يُّنْكِرُ بَعْضَهٗ ؕ قُلْ اِنَّمَاۤ اُمِرْتُ اَنْ اَعْبُدَ اللّٰهَ وَ لَاۤ اُشْرِكَ بِهٖ
ؕ اِلَيْهِ اَدْعُوْا وَ اِلَيْهِ مَاٰبِ ﴿۳۶﴾ وَ كَذٰلِكَ اَنْزَلْنٰهُ حُكْمًا عَرَبِيًّا ؕ وَ لَئِنِ
اتَّبَعْتَ اَهْوَآءَهُمْ بَعْدَ مَا جَآءَكَ مِنَ الْعِلْمِ ۙ مَا لَكَ مِنَ اللّٰهِ مِنْ وَّلِيٍّ وَّ لَا
وَاقٍ ﴿۳۷﴾

ဂင်းတို့၌ ဤပစ္စက္ခမျက်မှောက် လောကီဘဝ၌ လည်း ပြစ်ဒဏ်သည် ရှိပေသည်။ သို့ရာတွင် နောင် တမလွန်ဘဝ၏ ပြစ်ဒဏ်မှာမူကား ပြင်းထန်လှပေသည်။ ထိုပြင် ၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ ကယ်တင်မည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည် မဟုတ်ပေတကား။[၃၄]

ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြ ကုန်သောသူမွန်သူမြတ်တို့က ကတိပေးခြင်းခံကြရသော ဂျန္နတ်အမတသုခဘုံ၏အခြေအနေကား ယင်းဂျန္နတ်အမတသုခဘုံ၏အောက်၌ စမ်းရေရောင်းများသည် စီးဝေလျက် ရှိပေမည်။ ယင်းဂျန္နတ်၏ သစ်သီးဝလံများသည် လည်းကောင်း၊ ယင်းဂျန္နတ်၏ အရိပ် ဆာယာသည်လည်းကောင်း၊ ထာဝရတည်သော သစ်သီးဝလံများ၊ အရိပ်ဆာယာများပင် ဖြစ်ချေမည်။ ဤသည်ကား ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်ကြကုန်သော သူမွန်သူမြတ်တို့၏ အကျိုးတည်း။ သို့ရာတွင် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်ကုန်သောသူတို့၏ အကျိုးမှာကား ငရဲမီးပင် ဖြစ်အံ့သတည်း။[၃၅]

အမှန်သော်ကား ငါအရှင်မြတ်က ဒေသနာ တော်ကျမ်းမြတ်ကို ရိုးမြွှင့်ပေးသနား တော်မူသော သူတို့သည် အသင့်ထံသို့ ကျရောက်လာသော ကျမ်းမြတ်ဒေသနာတော် ကြောင့် ရွှင်မြူးလျက်ရှိကြကုန်၏။ သို့ရာတွင် ယင်းအုပ်စုထဲ၌ပင် ယင်းကျမ်းမြတ် ဒေသနာတော်၏ အချို့အစိတ်အပိုင်းကို ငြင်းပယ်သောသူများလည်း ရှိကုန်၏။ (သို့ဖြစ် ပေရာ) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့၊ အမှန်စင်စစ်မှာ မူကား) ငါသည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရန်နှင့် မည်သည့် တစ်စုံတစ်ရာကိုမျှ ထိုအရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ခြင်း မပြုရန်လည်းကောင်း အမိန့်ပေးတော်မူခြင်းကိုသာ ခံခဲ့ရလေသည်။ ငါသည် ထိုအရှင်မြတ်ဘက်သို့သာလျှင် (အသင်တို့အား) ဖိတ်ခေါ်လျက် ရှိပေသည်။ ၎င်းပြင် ငါသည် ထိုအရှင်မြတ် အထံတော် သို့သာလျှင် ပြန်လည်၍ သွားရမည်ဖြစ်ချေသတည်း။ [၃၆]

စင်စစ်သော်ကား ဤနည်း အတိုင်းပင် ငါအရှင် မြတ်သည် ယင်း ကျမ်းမြတ်ဒေသနာ တော်ကို ထင်ရှားပြတ်သားသော (တစ်နည်း) အရဗီဘာသာဖြင့် အမိန့်တော်(စီရင်ဆုံး ဖြတ်ချက်)တစ်ရပ်အဖြစ် ထုတ်ပြန်တော်မူခဲ့လေသည်။ သို့ရာတွင်မူကား အကယ်၍ အသင်သည် မိမိထံသို့ (မှန်ကန်တိကျသော) အသိပညာ ရောက်ရှိလာခဲ့ပြီးနောက် ၎င်း တို့၏အလိုဆန္ဒများကို လိုက်နာခဲ့ပါမူ အသင့်အား အလ္လာဟ်အရှင်မြတ်နှင့် ပြိုင်ဆိုင်၍ ကူညီစောင့်မမည့် အဆွေခင်ပွန်းဟူ၍လည်းကောင်း၊ ကာကွယ် စောင့်ရှောက် မည့်သူ ဟူ၍လည်းကောင်း တစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။[၃၇]

အာယသ် (၃၈-၄၃)

وَلَقَدْ اَرْسَلْنَا رُسُلًا مِّنْ قَبْلِكَ وَجَعَلْنَا لَهُمْ اَزْوَاجًا وَّذُرِّيَّةً ؕ وَمَا كَانَ
لِرَسُوْلٍ اَنْ يَّاْتِيَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ ؕ لِكُلِّ اَجَلٍ كِتَابٌ ﴿۳۸﴾ يَمْحُوا اللّٰهُ مَا
يَشَآءُ وَيُثْبِتُ ۚ وَعِنْدَهٗۤ اُمُّ الْكِتٰبِ ﴿۳۹﴾ وَاِنْ مَّا نُرِيَنَّكَ بَعْضَ الَّذِيْ
نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِنَّمَا عَلَيْكَ الْبَلٰغُ وَعَلَيْنَا الْحِسَابُ ﴿۴۰﴾ اَوَلَمْ يَرَوْا
اَنَّا نَاْتِي الْاَرْضَ نَنْقُصُهَا مِنْ اَطْرَافِهَا ؕ وَاللّٰهُ يَحْكُمُ لَا مُعَقِّبَ لِحُكْمِهٖ ؕ
وَهُوَ سَرِيْعُ الْحِسَابِ ﴿۴۱﴾ وَقَدْ مَكَرَ الَّذِيْنَ مِنْ قَبْلِهِمْ فَلِلّٰهِ الْمَكْرُ جَمِيْعًا ؕ
يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ ؕ وَسَيَعْلَمُ الْكُفّٰرُ لِمَنْ عُقْبَى الدَّارِ ﴿۴۲﴾ وَ
يَقُوْلُ الَّذِيْنَ كَفَرُوْا لَسْتَ مُرْسَلًا ؕ قُلْ كَفٰى بِاللّٰهِ شَهِيْدًا بَيْنِيْ وَبَيْنَكُمْ ۙ وَ
مَنْ عِنْدَهٗ عِلْمُ الْكِتٰبِ ﴿۴۳﴾

ဂင်းပြင် မချွတ်ဇကန် ငါအရှင်မြတ်သည် အသင်၏အလျင် ရစူလ်တမန်တော်များကို စေလွှတ်တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များအဖို့ ဇနီးကြင်ရာများကိုလည်းကောင်း၊ သားသမီးများကိုလည်းကောင်း စီမံပြုလုပ်၍ ပေးတော်မူခဲ့လေသည်။ စင်စစ်သော်ကား မည်သည့် ရစူလ်တမန်တော်တစ်ပါး၌မျှ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက် မရှိဘဲလျက် အာယတ်တော် (သက်သေလက္ခဏာ) တစ်စုံတစ်ရာကို ယူဆောင်လာရန် အခွင့်အာဏာ မရှိချေ။ ခေတ်ကာလအပိုင်းအခြားတိုင်းအဖို့ ကျမ်းဂန်တစ်စောင်သည် ရှိချေသတည်း။ (ခေတ်တိုင်းအဖို့ သီးသန့်အမိန့်တော်များရှိသည်)။[၃၈] အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောအရာကို ဖျောက်ဖျက်တော်မူလေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသော အရာကို) တည်တန့်စေတော်မူလေသည်။ စင်စစ်မူရင်း (မှတ်တမ်း)စာအုပ်မှာမူကား ထိုအရှင်မြတ် အထံတော်၌သာလျှင် ရှိပေသတည်း။ [၃၉]

အမှန်သော်ကား အကယ်၍ ငါအရှင်မြတ်သည် အသင်အား ငါအရှင်မြတ် ဂင်းတို့ကို ကတိပေးတော်မူရာ အချို့ကို ပြသတော်မူသည်ဖြစ်စေ၊ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ကွယ်လွန်စေတော်မူ သည်ဖြစ်စေ၊ (မည်သို့ပင်ဖြစ်စေ) အသင့် အပေါ်၌မူကား (ငါအရှင်မြတ် အမိန့်ပညတ် တော်များကို လူတို့ထံ) ပို့ဆောင်ရုံမျှပင် ထာဝန်ရှိပေသည်။ ငါအရှင်မြတ်အပေါ်၌မူကား စစ်ဆေးရန်တာဝန်သည် ရှိပေသတည်း။ [၄၀]

ငါအရှင်မြတ်သည် မြေကို ဘေးပတ်ဝန်း ကျင်များမှ (တဖြည်းဖြည်း) ယုတ်လျော့စေအောင် ပြုလုပ်လာတော်မူသည်ကို ဂင်းတို့ သည် မမြင်ကြလေသလော။ အလ္လာဟ်အရှင်မြတ်သည် (မိမိအလိုရှိတော်မူသည်ကို) အမိန့်တော်ချမှတ်တော်မူလေသည်။ ထိုအရှင်မြတ်၏အမိန့်တော်ကို ရှေ့ဆိုင်းနိုင်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် အလျှင်းမရှိပေ၊ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။[၄၁]

အမှန်သော်ကား ဂင်းတို့အလျင် ရှိခဲ့ကြကုန်သောသူတို့သည် လျှို့ဝှက်စွာ ကြံစည်ခဲ့ကြကုန်၏။ စင်စစ် မှာမူကား အလုံးစုံသောအကြံအစည်တို့သည် အလ္လာဟ်အရှင်မြတ်၌သာရှိပေသည်။ ထိုအရှင်မြတ်သည် လူတိုင်းလူတိုင်း ပြုလုပ်သမျှတို့ကို သိတော်မူ၏။ ထိုမှတစ်ပါး တမလွန်ဘဝ၏အကျိုးဆက်သည် မည်သူတို့အဖို့ရှိသည်ကို ကာဖိရ်သွေဖည် ငြင်းပယ်ကုန်သောသူတို့သည် မကြာမြင့်မီ သိရှိသွားကြပေမည်။ [၄၂]

ဂင်းပြင် ကာဖိရ် သွေဖည် ငြင်းပယ်ကုန်သောသူတို့က အသင်သည် ရစူလ်တမန်တော်မဟုတ်ဟု ပြောဆိုကြပေသည်။ (အို-နဗီတမန်တော်)အသင်သည် (ဂင်းတို့အား ဤသို့)ပြောဆို(ဖြေကြား)ပါလော။ (အချင်းတို့) ငါနှင့် အသင်တို့၏စပ်ကြားဝယ်သက်သေအဖြစ် အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ဒေသနာတော်ကျမ်းဂန်၏ အသိပညာရှိသော သူတို့သည်လည်းကောင်း၊ လုံလောက်ပေသတည်း။ [၄၃]

အကျယ်ဖွင့်ဆိုခြင်း

မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများက နဗီတမန်တော်တစ်ပါးနှင့် ပတ်သက်သော ယေဘုယျအားဖြင့်တွေးတောမှုမှာ နဗီတမန်တော်တစ်ပါးဟူသည် လူသားမျိုးနွယ်မှအပ အခြားမျိုးနွယ် ပမာဆိုသော် ကောင်းကင်စေတမန်တစ်ပါးကဲ့သို့သော ဖန်ဆင်းခံဖြစ်ရပေမည်။ သို့မှသာ ထိုနဗီတမန်တော်သည် လူသားထက်ပို၍အဆင့်မြင့်ခြင်းမှာ ပိုထင်ရှားသွားစေမည်ဟူ၍ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် သူတို့၏ ဤ မှားယွင်းသောအယူအဆကို မမှန်ကန်ဟု အာယသ်တော်များစွာတွင် မိန့်ထားသည်။ ယင်းမှာ ထိုသူများသည် နဗီတမန်တော်များ ပွင့်ပေါ်ခြင်း၏နောက်ကွယ်ရှိ စစ်မှန်သောအသိဉာဏ်ကို မသိခြင်းသက်သက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုသူများသည် ယင်းကဲ့သို့သောအတွေးအခေါ်များနောက်သို့လိုက်ကြရခြင်းဖြစ်သည်။ အကြောင်းမှာ စံပြအနေဖြင့် အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသည့် တမန်တော်တစ်ပါးသည် လူအသိုင်းအဝန်းက လိုက်နာကာ ၎င်းတို့အကျမ်းဝင်ပြီးဖြစ်သည့် ကိုယ်ကျင့်တရားများနှင့် လုပ်ရပ်များကို လေ့လာဆည်းပူးရန်ဖြစ်သည်။ ထို့ပြင် လူသားဆိုလျှင် ယင်းလူသားနောက်မှ လိုက်နာရန်ဟူသည်ကား ထင်ရှားသည်။ ၎င်းနှင့် မျိုးနွယ်မတူသူတစ်ဦးနောက်လိုက်ရန်မှာ လူသားအတွက် မဖြစ်နိုင်ချေ။ ပမာအားဖြင့် ကောင်းကင်တမန်တစ်ပါး နောက်လိုက်သည်ဆိုကြစို့၊ ကောင်းကင်စေတမန်သည် ဆာလောင်ခြင်း၊ ရေငတ်ခြင်း (သို့မဟုတ်)ဆန္ဒများမရှိသကဲ့သို့အိပ်စက်ခြင်း၊ မောပန်းခြင်း လည်း မရှိချေ။ သို့ဆိုလျှင် အကယ်၍ ကောင်းကင်စေတမန်တစ်ပါး ကို စံပြအဖြစ် လူသားကို လိုက်နာရန်အမိန့်ပေးခံရလျှင် လူသားသည် သူတို့လုပ်နိုင်စွမ်းရှိသည်ထက် ကောင်းကင်စေတမန်တစ်ဦး နောက်လိုက်လျှင် ဒုက္ခပိုရောက်လိမ့်မည်။ ဤနေရာ၌ ဘုရားအများ ကိုးကွယ်သူများ၏ အလားတူကန့်ကွက်ချက်မှာ အထူးသဖြင့် တမန်တော်မြတ်ﷺ၏ ထိမ်းမြားမင်္ဂလာကိစ္စပင် ဖြစ်သည်။ ဤသည်ကို အာယသ် ၃၈ ၏ ကနဦးပါကျထဲတွင် ၎င်းတို့ကို မေးခွန်းထုတ်၍ ဖြေကြားသည်မှာ "လူတစ်ဦးသည် အဘယ့်ကြောင့် တစ်ကြိမ် (သို့မဟုတ်) တစ်ကြိမ်ထက်ပို၍ ထိမ်းမြားလက်ထပ်ကာ မိသားစုနှင့် သားသမီးများရှိခြင်းက တမန်တော်တစ်ပါး၏အဆင့်အတန်း နဗီတစ်ပါး၏အဆင့်အတန်းနှင့်ဆန့်ကျင်သည် (သို့မဟုတ်) မသင့်လျော်ဟု အဘယ့်ကြောင့်မှတ်ယူသနည်း။ ထိုသို့အခိုင်အမာပြောဆိုရန် သင့်တွင် မည်သည့် သက်သေသာဓက ရှိသနည်း"ဟူ၍ဖြစ်သည်။ စင်စစ် အရှင်အမြတ်၏ တမန်တော်များကို အိမ်ထောင်စု၏ အရှင်သခင် ဖြစ်စေခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမြဲပြုလုပ်လေ့ရှိသော အလေ့အထဖြစ်သည်။ အစောပိုင်းက လွန်လေပြီးသောတမန်တော်များတွင် ဇနီးများနှင့် သားသမီးများ ရှိခဲ့ကြသည်ကိုလည်း အချို့၏ တမန်တော်ဖြစ်ခြင်းအား အသင်တို့ယုံကြည်ခဲ့ကြပါသည်။ အလ္လာဟ်အရှင့် နဗီတမန်တော်တစ်ပါး၏ ဤကဲ့သို့သော ဘဝနေနည်းကို တမန်တော် ဖြစ်ခြင်း (သို့မဟုတ်) ရှိသေကိုင်းရှိုင်းသူ (သို့မဟုတ်) သူတော်စင်၏စံနှင့် ဆန့်ကျင်သည်ဟူသောအတွေးအခေါ်မှာ မသိနားမလည်ခြင်းသက်သက်သာ ဖြစ်သည်။

ဆွဟီးဒ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင် ဖော်ပြထားသည်မှာ တမန်တော်မြတ်ﷺ မိန့်တော်မူခဲ့သည်။ "ငါကိုယ်တော်သည် ဥပုသ်သီလလည်း ဆောက်တည်သည်။ ဥပုသ်သီလ မဆောက်တည်သည့် အခါလည်း ရှိသည်။ (ဆိုလိုသည်မှာ ငါကိုယ်တော်သည် အမြဲတမ်း ဥပုသ်သီလစောင့်ထိန်းနေသည်မဟုတ်) ထို့ပြင် ကိုယ်တော်မြတ်က ညများတွင် ကျွန်ုပ်အိပ်စက်သည်။ ထို့ပြင် ဝတ်ပြုဆောက်တည်ရန်အတွက် အိပ်ရာမှထသည် (ဆိုလိုသည်မှာ ကျွန်ုပ်သည် တစ်ညလုံးဘာမှမလုပ်ဘဲ ဆွလာသ်ဝတ်ပြုမှုသာ လုပ်နေသည်မဟုတ်)၊ ကျွန်ုပ်သည် အသားလည်း စားသည်၊ ထိမ်းမြား လက်ထပ်မှုလည်း လုပ်သည်။ မည်သူမဆို ကျွန်ုပ်၏ ဤလုပ်ရပ်ကိုကန့်ကွက်လျှင် သူသည် မုစ်လင်မ်တစ်ဦးမဟုတ်ပါ။ وَمَا كَانَ لِرَسُولٍ اَنْ يَّاْتِيَ بِاٰيَةٍ اِلَّا بِاِذْنِ اللّٰهِ "စင်စစ်သော်ကား မည်သည့် ရဏ္ဍလ်တမန်တော် တစ်ပါး၌မျှ

အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲလျက် အာယသ်တော်(ဘယ်သေလက္ခဏာ) တစ်စုံတစ်ရာကို ယူဆောင်လာရန် အခွင့်အာဏာမရှိချေ(၃၈)"ဟူ၍ဖြစ်သည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ဘုရားအများကိုးကွယ်သူများက မြင့်မြတ်သောတမန်တော်များကို အမြဲမေးလေ့ရှိသော ရန်လိုသည့်မေးခွန်းများအနက်မှ ဤတစ်ကြိမ် ကိုယ်တော်မြတ်ﷺကို မေးသည့်မေးခွန်းနှစ်မှာ အတော်ထင်ရှားပေသည်။ ပထမမေးခွန်းမှာ အလ္လာဟ်အရှင့်ကျမ်းတွင် ပို့ချထားသည့်အမိန့်ပညတ်ချက်မှာ သူတို့ဆန္ဒများနှင့်အညီ ဖြစ်သင့်သည်။ ပမာဆိုသော် သူတို့၏ ဤမေတ္တာရပ်ခံချက်ကို စူရဟ်ယူနုတ်စ်(၁၀း၁၅)တွင် **ائْتِ بِقُرْاٰنٍ غَيْرِ هٰذَآ اَوْ بَدِّلْهُ** "အသင်သည် ဤမှတစ်ပါး အခြားကုရ်အာန်တစ်စောင်ကို ယူခဲ့ပါလေ (ကျွန်ုပ်တို့ ရုပ်တုများကိုးကွယ်ခြင်းကို မတားမြစ်သည့်ကျမ်း) သို့တည်းမဟုတ် ဤသည်ကိုပင် ပြောင်းလဲ၍ပေးပါလေ (ဆိုလိုသည်မှာ အသင်သည် သင်ကိုယ်တိုင် ကျမ်းပါ အမိန့်ပညတ်ချက်များကို "ပြစ်ဒဏ်ခတ်မှုအစား အသနားတော်နှင့်လည်းကောင်း၊ တရားမဝင်ခြင်းကို တရားဝင်ခြင်းနှင့်လည်း ပြောင်းလဲပါလေဟူ၍ဖြစ်သည်။

သူတို့၏ ဒုတိယတောင်းဆိုချက်ကို ကြည့်ကြစို့။ ထိုသူများသည် မြင့်မြတ်သောတမန်တော်များﷺတို့၏ ထင်ရှားသည့် မုဂျိဇ်ဇာတ်ခိုးပြဋိဟာများ မြင်တွေ့ခဲ့ရလင့်ကစား မုအ်ဂျိဇ်ဇာ် အံ့ဖွယ်အသစ်များ ပြသရန် တောင်းဆိုခဲ့ကြသည်။ "အကယ်၍ အသင်သည် ကျွန်ုပ်တို့ကို ဤမုဂျိဇ်ဇာ် တန်ခိုးပြဋိဟာ (သို့မဟုတ်) ထိုမုအ်ဂျိဇ်ဇာ် တန်ခိုးပြဋိဟာများ ပြသခဲ့ပါလျှင် ကျွန်ုပ်တို့သည် မုစ်လင်မ်များဖြစ်ရန် စဉ်းစားပါမည်"ဟု ပြောခဲ့ကြသည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ ဤဝါကျတွင် သုံးနှုန်းထားသော **آيَة** အာယသ်ကို အဘိဓာန်အရ လက္ခဏာဟု ဆိုလိုသည်) ယင်းအာယသ်ကို အဓိပ္ပာယ်နှစ်မျိုးစလုံး ကောက်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်၏ အသုံးအနှုန်းအရ ကုရ်အာန်အာယသ်ကို အာယသ်ဟုခေါ်၍ ထိုစကားလုံးကိုပင် မုအ်ဂျိဇ်ဇာ် တန်ခိုးပြဋိဟာဟုလည်း ခေါ်သည်။ ထို့ကြောင့် ဤအာယသ်တော်ကို ရှင်းလင်းရာတွင် အချို့ဋီကာရှင်များက ဤစကားလုံးကို ကုရ်အာန် ကျမ်းတော်မြတ်၏ အာယသ်ဟု မှတ်ယူကာ မည်သည့်တမန်တော်တွင်မျှ ဤကျမ်းတော်တွင် ၎င်းဆန္ဒအရ အာယသ်တစ်ခု ထည့်သွင်းနိုင်သည်ဟူသော အခွင့်အာဏာ (သို့မဟုတ်) ရွေးချယ်ခွင့်မရှိဟု ပြောကြသည်။ ထို့နောက် ဋီကာရှင်အချို့က **آيَة** အာယသ်ဟူသောစကားလုံးကို မုအ်ဂျိဇ်ဇာ် တန်ခိုးပြဋိဟာအဓိပ္ပာယ်ကောက်ယူကာ အလ္လာဟ်အရှင်မြတ်သည် မည်သည့်ရစူလ်နဗီတစ်ပါးကိုမျှ ၎င်းပြုမိသောအချိန်၊ ၎င်းရွေးချယ်သောပုံစံဖြင့် မုအ်ဂျိဇ်ဇာ် တန်ခိုးပြဋိဟာကို ပြသနိုင်ခွင့်မရှိဟု မှတ်ယူကြသည်။ အွမ္မုလ်မာဂျာဒ်၏ ဥပဒေသပေါ်အခြေခံ၍ သဖ်စီရ် ရူဟုလ်မအာနီကျမ်းတွင် မိန့်ထားသည်မှာ အဓိပ္ပာယ်နှစ်မျိုးစလုံး ကောက်ယူနိုင်သကဲ့သို့ ရှင်းလင်းချက်နှစ်ခုလုံးလည်း မှန်နိုင်သည်။

ဤစိစစ်ချက်အရ အာယသ်တော်၏ဆိုလိုရင်းအကျဉ်းချုပ်မှာ အလ္လာဟ့်တမန်တော်ကြီးအား ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်တို့အား ပြောင်းလွဲရန် တောင်းဆိုခြင်းသည် မှားယွင်းပါသည်။ အလ္လာဟ်အရှင်သည် ထိုကဲ့သို့သော အခွင့်အရေးမျိုးကို မည်သည့်တမန်တော်ကိုမျှ မပေးခဲ့ပါ။ သူတို့ထုတ်ဖော်ပြောပြသော သီးသန့် မုအ်ဂျိဇ်ဇာ်တစ်ခုကို သူတို့အားပြသရန်ဆိုသည့် သူတို့တမန်တော်ကြီးအား တောင်းဆိုမှုသည်လည်း အထက်ပါအတိုင်းပင် ဖြစ်ပါသည်။ ဤသည်လည်း တမန်တော်ဖြစ်မှု၏ စစ်မှန်သောအခြေအနေကို ၎င်းတို့မသိနားမလည်ခြင်း၏ သက်သေသာဓကပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့စိတ်တိုင်းကျ မုအ်ဂျိဇ်ဇာ်ပြဆိုရန် တောင်းဆိုမှုကို မည်သည့်နဗီတမန်တော်ကမျှ စိတ်တိုင်းကျလိုက်၍ လုပ်မပြနိုင်ပါ။

အာယသ်-၃၈ နောက်ဆုံးဝါကျတွင် **لِكُلِّ اَجَلٍ كِتَابٌ** "ခေတ်ကာလ အပိုင်းအခြားတိုင်းအဖို့ ကျမ်းဂန်တစ်စောင်သည် ရှိချေသတည်း"ဟု မိန့်ထားသည်။ **اَجَلٍ** (အဂျလ်)ဟူသည့် စကားလုံးကို အရာရာတိုင်းအတွက်

အချိန်ကာလ သတ်မှတ်ချက် တစ်ခုအဖြစ် သုံးနှုန်းထားသည်။ ထို့နောက် ဤနေရာပါ كِتَابٌ(ကိသားဗ်)ဟူသော စကားလုံးကို ကြိယာနာမ်အဖြစ် သုံးနှုန်းထားကာ ရေးမှတ်ထားခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ အဆိုအဓိန့်က ဆိုလိုသည်မှာ အရာရာတိုင်း၏ အချိန်နှင့်ခွင့်ပြုသောပမာဏကို အလွှာဟ်အရှင်မြတ်က သတ်မှတ်ပြီးဖြစ်သည်။ လောကီသံသရာတွင် မည်သည့်အချိန်၌ မည်သူမည်ဝါ မွေးဖွားလိမ့်မည်။ သက်တမ်းမည်မျှ အသက်ရှင်မည်၊ သူ မည်သည့်နေရာသွားမည်၊ ၎င်း၏ အသက်မွေးဝမ်းကျောင်း မည်သည်ဖြစ်မည်၊ မည်သည့်နေရာ မည်သည့်အချိန် သေ ဆုံးမည်ဆိုသည်ကို အရှင်မြတ်က သတ်မှတ်ပြီးဖြစ်သည်။

အလားတူ မည်သည့်အချိန်အတွင်း မည်သည့်ဝဟီနှင့်အဓိန့်ပညတ်တော်များကို မည်သည့်တမန်တော်အပေါ် ပို့ချမည်ဆိုခြင်းကို သတ်မှတ်ပြီးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူသားတိုင်းပေါ် အချိန်နှင့်လျော်ညီသည့် အဓိန့်ပညတ်ချက်များ ကျရောက်ခြင်းသည် ဆင်ခြင်တုံတရားနှင့် တရားမျှတမှုရှိရန် လိုအပ်သည်။ ထို့ပြင် အလားတူ မည်သည့်အချိန်တွင် မည်သည့်တမန်တော်က မည်သည့် မုအ်ဂျိဇာ်တန်ခိုးပြာဋိဟာပြရမည်ကိုလည်း သတ်မှတ် ပြဋ္ဌာန်းပြီးဖြစ်သည်။ ထို့ကြောင့် သူတို့အကြံပြုသည့်အတိုင်း တမန်တော်မြတ်ﷺကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ သီးခြား အဓိန့်ပညတ်များ ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ (သို့မဟုတ်) ၎င်းတို့မေတ္တာရပ်ခံသည့် သီးသန့် မုအ်ဂျိဇာ် တန်ခိုးပြာဋိဟာပြသရန် တောင်းဆိုခြင်းစသည်တို့သည် ရန်လိုချ်၍ မှားယွင်းသောတောင်းဆိုခြင်းဖြစ်ကာ နဗီတမန်တော် ဖြစ်ခြင်း၏ အစစ်အမှန်ကို မသိရှိခြင်းပေါ် အခြေခံသည်။

နောက်အာယသ်(၃၉)ထဲတွင် يَمْحُوا۟ ٱللَّهُ مَا يَشَآءُ وَيُثْبِتُ ۖ وَعِندَهُۥٓ أُمُّ ٱلْكِتَٰبِ "အလွှာဟ်အရှင်မြတ်သည် မိမိ အလိုရှိတော်မူသောအရာကို ဖျောက်ဖျက်တော်မူလေသည်။ ထိုနည်းစွာ ထိုအရှင်မြတ်သည် (မိမိအလိုရှိတော်မူသော အရာကို) တည်တံ့စေတော်မူလေသည်။ စင်စစ် မူရင်း(မှတ်တမ်း) စာအုပ်မှာမူကား ထိုအရှင်မြတ် အထံတော်၌သာလျှင် ရှိပေသတည်း။" "အွမ်မွလ် ကိဘား်ဗ်"၏ စာပေဆိုင်ရာဆိုလိုရင်းမှာ "မူရင်းစာအုပ်"ဖြစ်သည်။ ဤသည်က ရည်ညွှန်းထားသည်မှာ ထိန်းသိမ်းထားသော ကျောက်သင်ပုန်း "အလ်လောဝ်ဟိလ်မာဟ်ဖူဇ်" ဖြစ်ကာ ယင်းထဲတွင် မည်သည့်ပြုပြင်ပြောင်းလွဲမှုမှ မရှိနိုင်ချေ။

အာယတ်တော်ကဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အလွန်ပြီးပြည့်စုံသည့် ဟစ်က်မသ်ဉာဏ်တော်အရ အရှင်မြတ်အလိုတော်ရှိသည်ကို ဖျက်သိမ်း၍ အရှင်အလိုရှိတော်မူသည်ကို အတည်ပြုထားသည်။ ဤပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းပြုလုပ်ပြီးနောက် ယင်းတွင်ပါရှိသည်များသည် အလွှာဟ်အရှင်မြတ်၏ ထိန်းသိမ်းမှုအောက်တွင် ရှိနေပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ယင်းကို ချဉ်းကပ်ခွင့်မရှိသကဲ့သို့ ယင်းကို အတိုးအလျော့ မလုပ်နိုင်ချေ။

သဖီစီရ်ပညာရပ်တွင် ရှေ့ဆောင်ပညာရှင်များဖြစ်သည့် စိုက်ယိဒိနာစအိဒ်အိဗနိဂျူဇိုင်းရ.ဒ်၊ ကသာဒါဟ်ရ.ဒ်နှင့် အခြားသူများက ကြေညာခဲ့သည်မှာ ဤအာယသ်တော်သည်လည်း အဓိန့်ပညတ်ချက်များနှင့် ဘာသာရေးဆိုင်ရာ ကိုခဉပဒေများကို ဖျက်သိမ်းခြင်း (သို့မဟုတ်) အတည်ပြုခြင်းနှင့်လည်း သက်ဆိုင်သည်။ ဆိုလိုသည်မှာ နာရ်ခ် (သို့မဟုတ်) ပယ်ဖျက်ရုပ်သိမ်းခြင်း၏ ကိစ္စပင်ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်အရဆိုလျှင် နဗီတမန်တော် အမျိုးမျိုး ကတစ်ဆင့် လူသားအမျိုးမျိုးတို့အပေါ် အလွှာဟ်အရှင်မြတ်က ချမှတ်ခဲ့သည့် ကျမ်းစာများပါ အဓိန့်ပညတ်ချက်များသည် ထာဝရနှင့်အမြဲတစေတည်နေရမည်ဟု မဆိုလိုကြောင်း ထိုပညာရှင်များက ပြောပြသည်။ စင်စစ် ထိုအဓိန့်ပညတ်များသည် လူတို့တည်ရှိမှုနှင့်အခြေအနေအရ လျော်ညီစွာပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏အလိုတော်အရ ပယ်ဖျက်သည် (သို့မဟုတ်) အလိုရှိသည့် အဓိန့်ပညတ်ချက်ကို အတည်ပြု၍

ဆက်လက် တည်ရှိစေသည်။ ထို့နောက် မူရင်းကျမ်းကိုကား အလ္လာဟ်အရှင်မြတ်သည် ထိန်းသိမ်းထားတော်မူသည်။ သီးခြားအချိန်ကာလ တစ်ခုအတွက်သော်လည်း သီးခြားအခြေအနေတစ်ရပ်ပေါ် အခြေခံ၍သော်လည်းကောင်း ထိုသို့သော လူများပေါ် ထိုသို့သောအမိန့်ပညတ်ချက်များ ပို့ချခဲ့သည်ဆိုကြောင်း ရေးသားထားပြီးဖြစ်သည်။ သတ်မှတ်ချိန်ကုန်ဆုံးလျှင်လည်းကောင်း၊ သတ်မှတ်အခြေအနေများ ပြောင်းလဲသွားလျှင်လည်းကောင်း အမိန့်ပညတ်ချက်သည်လည်း ပြောင်းလဲသွားလိမ့်မည်။ ဤမူရင်းစာအုပ်ထဲတွင် ကာလအတိုင်းအတာနှင့် သတ်မှတ်ချိန်တို့သည် ခိုင်လုံစွာနှင့် ပြည့်စုံစွာ သတ်မှတ်ကာ မှတ်တမ်းတင်ထားသည်။ အစားထိုးသည့် အမိန့်ပညတ်ချက်အတွက် အစားထိုးသည့် အမိန့်ပညတ်ချက်များကိုလည်း ပြည့်ဝစွာ ဖော်ပြထားသည်။

ဤသည်က အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များသည် မည်သည့်အခါမျှ မပယ်ဖျက်ဟူသော သံသယကို ရှင်းလင်းစေပါသည်။ အဘယ့်ကြောင့်ဆိုသော် အမိန့်ပညတ်ချက်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်း၍ ယင်းကို ဖျက်သိမ်းခြင်းမှာ ဥပဒေပြုသောသူသည် အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန် နားမလည်ဟု ရည်ညွှန်းသည်။ ထို့ကြောင့် အခြေအနေများကို မြင်တွေ့ပြီးမှ ယင်းဥပဒေကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုအရ မည်သည့်အရာမျှ အလ္လာဟ်အရှင် အသိဉာဏ် ပြင်ပတွင် မရှိ။ အရာရာသိရှိတော်မူသည်။ ဤစည်းကမ်းသတ်မှတ်ချက်များက ကျွန်ုပ်တို့ကိုပြောသည်မှာ အမိန့်ပညတ်ချက်ကို ပယ်ဖျက်ရုပ်သိမ်းခြင်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အသိဉာဏ်တော်တွင် ကြိုတင်ရှိပြီးဖြစ်သည်။ ဆိုလိုသည်မှာ သတ်မှတ်ထားသောအချိန် ကာလတစ်ခုအတွက် ပြဋ္ဌာန်းသည့် အမိန့်ပညတ်ချက်သည် နောင်တွင် ဖျက်သိမ်းပါလိမ့်မည်။ ဤသည်မှာ ကျွန်ုပ်တို့ကြုံတွေ့ရသည့် လောကီဘဝရှိ သမားတော်တစ်ဦး၏ လုပ်ရပ်နှင့်ဆင်တူသည်။ သူသည်လူနာတစ်ဦးကိုစမ်းသပ်၍ ၎င်းခံစားနေရသော အခြေအနေအတွက် ဆေးညွှန်းပေးပါသည်။ ဆေးဝါးတို့၏ အကျိုးသက်ရောက်မှုကို သူသိသည်။ ထို့နောက် သူသည် အခြားအခြေအနေတစ်ခုအတွက် ဆေးဝါးတစ်မျိုးပြောင်းပေးရသည်။ အတိုချုပ်မှာ ဤသဖိစီရ်အရ ပြောနိုင်သည်မှာ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်း(နာ့ဟ်ဝ်နှင့်အီသ်ဗာတ်)၏ ထူးခြားသော သဘာဝက ဆိုလိုသည်မှာ အမိန့်ပညတ်ချက်များကို ပယ်ဖျက်ရုပ်သိမ်းခြင်း (နတ်ရှ်ခ်)နှင့် ယင်းတို့၏အတည်ပြုခြင်းနှင့် ဆက်လက်အတည်ပြုခြင်း ဖြစ်သည်။

စိုက်ယိဒိနာအဗ္ဒဒွလ္လာဟ်အိဗနိအဗ္ဗာစ်၏ အမြင်ပေါ်အခြေခံ၍ စူဖိယမ်အလ်သောင်ရီ၊ ဝါကီနှင့် အခြား ရှေ့ဆောင်ဋီကာရှင်တစ်စုက ဤအာယသ်တော်နဲ့ အခြားသဖိစီရ်ကိုတင်ပြခဲ့သည်မှာ အာယသ်ပါအကြောင်းအရာသည် ကံကြမ္မာ၏စီရင်ချက် သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့နောက် အာယသ်တော်၏ ဆိုလိုရင်းကို ရှင်းလင်းပြခဲ့သည်မှာ ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်၏ ရှင်းလင်းပြတ်သားသောအဆိုအမိန့်အရ အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံများကို မဖန်ဆင်းမီ{အဇလ်}ကပင် အလ္လာဟ်အရှင့်ဖန်ဆင်းခံများ၏ ကံကြမ္မာများဖြစ်သော လူတိုင်းလူတိုင်း သူ့ဘဝတစ်လျှောက်လုံး ရရှိမည့်စားနပ်ရိက္ခာ ခံစားရမည့်စည်းစိမ်ချမ်းသာ၊ ရင်ဆိုင်ရမည့် ဒုက္ခသုက္ခများကို ယင်းတို့၏ ပမာဏနှင့်အတူ ရေးမှတ်ပြီးဖြစ်သည်။ ထို့နောက် ကလေးငယ်တစ်ဦး၏ မွေးဖွားချိန်တွင် ကောင်းကင်စေတမန်များကိုလည်း ရေးမှတ်၍ ထိန်းသိမ်းထားခိုင်းသည်။ ထို့ပြင် နှစ်စဉ် လိုင်လသွလ်ကဒရ် (စွမ်းဆောင်နိုင်သောညဉ့်)တွင် တစ်နှစ်လုံးဖြစ်ပျက်မည့်မှတ်တမ်းကို ကောင်းကင်စေတမန်များ လွှဲအပ်ပေးတော်မူသည်။

အတိုချုပ်မှာ ဖန်ဆင်းခံပုဂ္ဂိုလ်တစ်ဦးစီတိုင်း၏ သက်တမ်းတွင် သူ (သို့မဟုတ်) သူမ၏ စားနပ်ရိက္ခာ၊ လူပ်ရှားသည့်အချိန်နှင့် နားနေချိန်အားလုံးကို သတ်မှတ်ရေးသားပြီးဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်က ဤကံကြမ္မာစီရင်ချက်မှ အရှင်မြတ်အလိုရှိတော်မူလျှင် ပယ်ဖျက် ဖျက်သိမ်းခြင်း (သို့မဟုတ်) အလိုတော်ရှိသည်ကို အတည်ပြု၍ ဆက်လက်တည်ရှိခြင်း ပြုလုပ်သည်။ မည်သို့ပင်ဆိုစေကာမူ وَعِنْدَهُۥٓ أُمُّ ٱلْكِتَٰبِ "စင်စစ်ကျမ်းများ၏မိခင်သည်

အလ္လာဟ်အရှင်မြတ် ထံတော်၌သာ ရှိပေသတည်း"သော အဆိုအမိန့်က ဆိုလိုသည်မှာ မူရင်းကျမ်းစာအုပ်ဖြစ်ကာ ယင်းထဲပါတို့ကို ပယ်ဖျက်ခြင်း အတည်ပြုခြင်းပြုလုပ်ပြီးနောက် အဆုံးတွင် ယင်းအတိုင်း အရေးယူတော်မူမည်။ ထို ကျမ်းကား အလ္လာဟ်အရှင်မြတ်နှင့် အတူတကွရှိပေသည်။ ဤထဲတွင် မည်သည်ကိုမျှ ပြုပြင်ပြောင်းလဲ၍ မရချေ။

ဤအကြောင်းကို ခိုင်လုံသော ဟဒီးဆ်များတွင် အကျယ်ချဲ့၍ ဖော်ပြထားကာ ကျွန်ုပ်တို့ကို ပြောသည်မှာ အအ်မာလ်(လုပ်ရပ်များ)အချို့သည် တစ်စုံတစ်ဦး၏သက်တမ်းနှင့် စားနပ်ရိက္ခာကို တိုးပွားစေသည်ဟူ၍ဖြစ်သည်။ အချို့လုပ်ရပ်က သက်တမ်းနှင့် စားနပ်ရိက္ခာကို လျော့နည်းစေသည်။ ဆွဟီးဒ်အလ်ဗုခါရီကျမ်းတွင် ဖော်ပြထားသည်မှာ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ် အမြဲထားရှိခြင်းသည် တစ်စုံတစ်ဦး၏ သက်တမ်းတိုးပွားစေရန် အကြောင်းဖြစ်သည်။ မုခ်နဒ်အဟ်မဒ်ကျမ်းတွင် ဆင့်ပြန်ချက်တစ်ရပ် တင်ပြထားသည်မှာ ယင်းကဲ့သို့သော ပြစ်မှုဂုနဟ်ကို တစ်စုံတစ်ဦးကျူးလွန်၍ ၎င်းတွင် စားနပ်ရိက္ခာမဲ့သွားခဲ့လျှင် မိဘအမိန့်နာခံ၍ အလုပ်အကျွေးပြုလုပ်ခြင်းသည် သက်တမ်းတိုးစေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားသည့် ကံကြမ္မာကို ဒုအာ(တောင်းဆုပန်) ခြင်းမှအပ မည် သည်ကမျှ မပြောင်းလဲနိုင်ပါတို့ဖြစ်သည်။

ဤဆင့်ပြန်ချက်အားလုံးမှ ကျွန်ုပ်တို့တွေ့ရသည်မှာ အလ္လာဟ်အရှင်မြတ်ရေးမှတ်ထားသည့် တစ်စုံတစ်ဦး၏ ကံကြမ္မာတွင် ပါဝင်သောသက်တမ်း၊ စားနပ်ရိက္ခာများနှင့် ယင်းကဲ့သို့သောအရာများသည် လုပ်ရပ်အချို့ကြောင့် တိုးနိုင်လျော့နိုင်သည်။ ထို့ပြင် ဒိုအာတောင်းဆိုမှုသည် သတ်ကဒီရ်(ကံကြမ္မာ)ကို ပြောင်းလဲစေနိုင်သည်။

ဤသည်မှာ ဤအာယသ်ထဲတွင် ပါဝင်သောအကြောင်းအရာများဖြစ်သည်။ ယင်းကပြောသည်မှာ ကံကြမ္မာမှတ်တမ်းစာအုပ်တွင် ရေးမှတ်ထားသည့်သက်တမ်း (သို့မဟုတ်) စားနပ်ရိက္ခာ (သို့မဟုတ်) လူဘဝ အခက်အခဲများ (သို့မဟုတ်) သက်သောင့်သက်သာရှိမှုများသည် ကောင်းမှု(အအ်မာလ်)အချို့ (သို့မဟုတ်) ဆုမွန်တောင်းခံခြင်း(ဒိုအာ) တို့ကြောင့် ကံကြမ္မာမှတ်တမ်းစာအုပ်တွင် ပြောင်းလဲနိုင်သည်ဆိုသည်မှာ ထိုစာအုပ်သည် ကောင်းကင်စေတမန်များလက်တွင်ရှိသကဲ့သို့ ၎င်းတို့အားလည်း အသိပေးထားပြီးဖြစ်သည်။

အချို့သော သီးခြားအချိန်များအတွက် ဤသို့သော ကံကြမ္မာစီရင်ချက်များမှာ သီးခြားအခြေအနေပေါ်တွင် ဖြစ်တန်ရာသောအချိန်မျိုးလည်း ရှိသည်။ ထိုအခြေအနေမဖြစ်ပေါ်လျှင် ထိုဆုံးဖြတ်ချက်များလည်း အကျိုး မသက်ရောက် ချေ။ ထို့နောက် ဤအခြေအနေသည် တစ်ခါတရံရေးမှတ်ထား၍ ကောင်းကင်တမန်များလည်း သိရှိပြီးဖြစ်သည်။ သို့သော်လည်း ရေးသားထားခြင်းမရှိ။ သို့သော် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် သိရှိတော်မူသော အချိန်အခါလည်းရှိပေသည်။ ထိုဆုံးဖြတ်ချက်ပြောင်းလဲသွားစဉ် လူတိုင်းသည် တအံ့တသြ ဖြစ်ကျန်ခဲ့သည်။ ဤသဘောသဘာဝရှိ ကံကြမ္မာတစ်ခုကို အခြေအနေအရ (သို့မဟုတ်) ဖြစ်တန်ရာသည် (မုအာလတ်က်)ဟု ခေါ် သည်။ ယင်းတွင် ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းဟူသော လုပ်ငန်းရပ် အမြဲလုပ်ဆောင်နေကြောင်း ဤအာယသ် တော်တွင် ရှင်းလင်းစွာ ဖော်ပြားသည်။ သို့ရာတွင် အာယသ်၏နောက်ဆုံးဝါကျ وَعِنْدَهُۥٓ أُمُّ ٱلْكِتَٰبِ "စင်စစ် မူရင်း(မှတ်တမ်း) စာအုပ်မှာ ထိုအရှင်မြတ်အထံတော်၌သာရှိပေသည်"က ဆိုလိုသည်မှာ ဤ "ဖြစ်တန်ရာကံကြမ္မာ" (သတ်က်ဒီရ် မုအလ်လတ်က်)၏အထက်တွင် "နောက်ဆုံးနှင့် တိကျသောကံကြမ္မာ (သက်ဒီးရ်မုဗ်ရာမ်)သည် အလ္လာဟ် အရှင်မြတ် ထံတော်၌သာရှိကာ မူရင်းစာအုပ်တွင် ရေးမှတ်ထားပြီးဖြစ်သည်။ ထို့ပြင် ထိုကိစ္စသည် အလ္လာဟ်အရှင်မြတ် အသိပညာနယ်ပယ်တွင်သာ သီးသန့်ရှိသည်။ ယင်းတွင် ရေးမှတ်ထားခဲ့သည့် ဆုံးဖြတ်ချက်များ၊ အမိန့်ပညတ်ချက်များနှင့် အမိန့်တော်များသည် လုပ်ရပ်များ၏အခြေအနေများ ဖြည့်ဆည်းပြီးခြင်း (သို့မဟုတ်) ဒိုအာကို လက်ခံကဗုလ်ပြုလုပ်ပြီးနောက်တွင်သာ နောက်ဆုံး ပေါ်ထွက်လာသည်။ ထို့ကြောင့် ထိုသို့သော ပေါ်ထွက်လာမှုတွင် ပယ်ဖျက်ရုပ်သိမ်းခြင်း၊

အတည်ပြုခြင်း၊ တိုးခြင်း၊ လျော့ခြင်းလုံးဝကင်းစင်သည်။ (အိဗနိကဆီးရ်)

အာယသ် ၄၀ ထဲ၌ وَإِنْ مَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلَاغُ وَعَلَيْنَا الْحِسَابُ "အမှန်သော်ကား အကယ်၍ ငါအရှင်မြတ်သည် အသင့်အား ငါအရှင်မြတ် ၎င်းတို့ကို ကတိပေးတော်မူရာ အချို့ကို ပြသတော်မူသည်ဖြစ်စေ သို့တည်းမဟုတ် ငါအရှင်မြတ်သည် ကွယ်လွန်စေတော်မူသည်ဖြစ်စေ"ဟူသည်က အစွယ်လာမ် ဘာသာသည် အဆုံးတွင်အောင်မြင်ကာ မယုံကြည်သွေဖည်မှုနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ဂုဏ်သရေကင်းမဲ့ အရှက်ရစေလိမ့်မည်ဟူသော တမန်တော်မြတ်ﷺအား အလ္လာဟ်အရှင်မြတ်ပေးထားတော်မူသည့် ကတိသည် မုချဧကန်ဖြစ်လိမ့်မည်ဟုမိန့်ကာ တမန်တော်မြတ်ﷺကို နှစ်သိမ့်၍ စိတ်ချသေချာစေပါသည်။ သို့ရာတွင် တမန်တော်မြတ်ﷺကို မိန့်ထားသည်မှာ ဤအောင်နိုင်မှုသည် မည်သည့်အချိန်မှ ရပါမည်နည်းဟူသောအချက်ဖြင့် သင့်ကိုယ်သင် ပူပင်သောက မဖြစ်စေသင့်ချေ။ ဤအောင်နိုင်မှုမှာ ကိုယ်တော်မြတ်ﷺ သက်ရှိထင်ရှားရှိစဉ် ဖြစ်နိုင်သလို ကမ္ဘာလောကမှ ကိုယ်တော်မြတ်ﷺစွန့်ခွာပြီးနောက်မှလည်း ဖြစ်နိုင်ပေသည်။ "ငါအရှင်မြတ်သည် မယုံကြည်သွေဖည် ငြင်းပယ်သူများ၏နယ်မြေများကို အမြဲဖဲ့ထုတ်နေခြင်းပင်လျှင် အသင်၏နှလုံးသား ငြိမ်းချမ်းမှုရစေရန် လုံလောက်သည်" ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည် ငြင်းပယ်သူများ ပိုင်ဆိုင်သည့်နယ်မြေများ အမြဲလျော့နည်းသွားကာ မုစ်လင်မ်များ၏ အုပ်ချုပ်မှုအောက် ရောက်စေပါသည်။ ဤသည်ကြောင့် မုစ်လင်မ်များ စိတ်ကျေနပ်ချမ်းသာရသည်။ ထို့ပြင် တစ်နေ့တွင် နောက်ဆုံးအဆင့်ရောက်၍ အောင်နိုင်မှုသည် ပြီးပြည့်စုံပါလိမ့်မည်။ ထိုအမိန့်သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရှိသည်။ မည်သူမျှ ဤအမိန့်ကို မပြောင်းလဲနိုင်။ ၎င်းနောက် ထိုအရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူသည်။

အလ်ဟမ်ဒုလစ်လ္လာဟ် -

စူရာဟ်ရာအ်ဒ် ဤတွင် ပြီးဆုံးသည်။

၁၄၃၂ ခုနှစ်၊ မုဟရာမ်လ ၆ရက် စနေနေ့။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

سُورَةُ إِبْرَاهِيمَ



ခုရာ အိဗ်ရာဟီမ်



စူရဟ်အိဗ်ရာဟီးမ်

စူရဟ်အိဗ်ရာဟီးမ်သည် မက္ကီစူရဟ်ဖြစ်ပြီး အာယသ်တော် (၅၂)အာယသ်ရှိကာ
အပိုဒ် အားဖြင့် (၇)ပိုဒ်ရှိသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

မပြတ်မစဲ အစဉ်အမြဲသနားကြင်နာညှာတာတော်မူသော အနန္တကရုဏာရှင်ဖြစ်တော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၃)

الٓرٰ ۟ كِتٰبٌ اَنۡزَلۡنٰهُ اِلَيۡكَ لِتُخۡرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوۡرِ ۙ بِاِذۡنِ
رَبِّهِمۡ اِلٰى صِرَاطِ الۡعَزِيۡزِ الۡحَمِيۡدِ ۙ﴿۱﴾ اللّٰهِ الَّذِىۡ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى
الۡاَرۡضِ ؕ وَوَيۡلٌ لِّلۡكٰفِرِيۡنَ مِنۡ عَذَابٍ شَدِيۡدِ ۙ﴿۲﴾ الَّذِيۡنَ يَسۡتَحِبُّوۡنَ
الۡحَيٰوةَ الدُّنۡيَا عَلَى الۡاٰخِرَةِ وَيَصُدُّوۡنَ عَنۡ سَبِيۡلِ اللّٰهِ وَيَبۡغُوۡنَهَا عِوَجًا ؕ
اُولٰٓئِكَ فِىۡ ضَلٰلٍۢ بَعِيۡدٍ ﴿۳﴾

အလစ်ဖ်၊ လမ်၊ ရာ။ ဤ(ကုရ်အာန်)သည်ကား အကြင်ကျမ်းမြတ်ပင်တည်း။ အသင်
သည် လူသားအားလုံးတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏
အမိန့်တော်နှင့် အမှောင်ထုမှအလင်းသို့ (ဝါ) တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော
ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်မြတ်၏လမ်းသို့ ထုတ်
ဆောင် (ကယ်တင်)အံ့သောငှာ ငါအရှင်မြတ်သည် ယင်းကျမ်းမြတ်ကို အသင်၏ထံသို့
ချပေးသနားတော်မူခဲ့လေသတည်း။[၁] အကြင်အလ္လာဟ်အရှင်မြတ်(၏ လမ်းသို့) မိုး
ကောင်းကင်များ၌ ရှိကုန်သောအရာများသည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော
အရာများသည်လည်းကောင်း ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူသောအရာများပင်။
ကာဖိရ်သွေဖည် ငြင်းပယ်ကုန်သောသူတို့၌မူကား ပြင်းထန်သောပြစ်ဒဏ်ရှိသည်။[၂]
အကြင်သူတို့သည် ပစ္စက္ခမျက်မှောက်လောကီဘဝ၌ အသက်ရှင်ခြင်းကို တမလွန်ဘဝ
ထက်သာပို၍ပင် မြတ်နိုးကြကုန်သည်။ ထိုမှတစ်ပါး ၎င်းတို့သည် (လူတို့အား) အလ္လာဟ်
အရှင်မြတ်၏လမ်းတော်မှ တားဆီးကုန်သည်။ ထို့ပြင် ၎င်းတို့သည် ယင်းလမ်းတော်၌
ကွေ့ကောက်မှုကို ရှာဖွေလျက် ရှိကြကုန်သည်။ ဤသူတို့ကား (အမှန်နှင့်) အလွန် ဝေး
လံသော လမ်းမှား၌ ရှိနေကြကုန်သတည်း။[၃]

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်နှင့် ယင်းစူရဟ်ပါအကြောင်းအရာများ

ကျမ်းတော်မြတ်ကုရ်အာန်၏ (၁၄)စူရဟ်မြောက် စူရဟ်အိဗ်ရာဟီးမ် ဤတွင် စတင်ပါပြီ။ ဤစူရဟ်သည် မက္ကီစူရဟ် ဖြစ်သည်။ ဤစူရဟ်သည် ဟိဂျ်ရသ်မတိုင်မီက ကျရောက်ခဲ့သောစူရဟ်ဖြစ်ကာ အချို့သော အာယသ်များသည် မက္ကီ သို့မဟုတ် မဒ္ဒနီဟူ၍ ကွဲပြားမှုရှိသော်လည်း စူရဟ်တစ်ပုဒ်လုံးသည် မက္ကီဖြစ်သည်။

စူရဟ်၏အစဉ် ရစူလ်များ၊ နဗီများဖြစ်ခြင်းတို့၏ ဂုဏ်ရည်များကို ဖော်ပြထားကာ အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်းအကြောင်း 'သောင်ဟီးဒ်'နှင့် အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူကြောင်း သက်သေလက္ခဏာများကို ဆက်လက်ဖော်ပြထားသည်။ ဤအကြောင်းအရာတို့နှင့် ဆက်စပ်၍ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ၏ အကြောင်းကို ဖော်ပြထားပြီး စူရဟ်၏အမည်ကို စူရဟ်အိဗ်ရာဟီးမ်ဟု ခေါ်ဆိုထားသည်။

စူရဟ်အား الٓرٰ ۟ كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ "အလစ်ဖ်၊ လမ်၊ ရာ။ ဤ(ကုရ်အာန်)သည်ကား အကြင်ကျမ်းမြတ်ပင်တည်း။ အသင်သည် လူသားအားလုံးတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် အမှောင်ထုမှ အလင်းသို့ ထုတ်ဆောင်ခဲ့" ဟူသော စကားလုံးများဖြင့် ဖွင့်ဆိုထားသည်။ ကနဦးစကားလုံးဖြစ်သော အလစ်ဖ်၊ လမ်၊ ရာ၊ တို့သည် သီးသန့် (အလ်ဟုရ်ဖ်ဒွက် အလ်မုကတ္တ် တွအသ်) အနက်မှ စကားလုံးများဖြစ်ပါသည်။ ယင်းတို့နှင့်ပတ်သက်လျှင် မကြာခဏတင်ပြပြီးဖြစ်ကာ အလွန်ဖြောင့်မတ်မှန်ကန်သည့်အကြီးအကဲတို့လုပ်နည်းလုပ်ဟန်နှင့်လိုက်နာသောစံမူရှိပါသည်။ သူတို့၏နည်းလမ်းသည်အလွန်အန္တရာယ်ကင်း၍ သံသယ လုံးဝရှင်းပါသည်။ ယင်းနည်းလမ်းက ကျွန်ုပ်တို့အား ပြောသည်မှာ၊ ထိုစကားလုံးများ၏ ဆိုလိုခြင်း၊ ဖော်ကျူးခြင်းတို့သည် မှန်ကန်သည်ဟူ၍ စွဲစွဲမြဲမြဲ ယုံကြည်ကာ၊ အီမာန် သက်ဝင်ယုံကြည်ရပါမည်။ ၎င်းတို့၏အဓိပ္ပာယ်များနှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း စူးစမ်းရှာဖွေမှု ပြုလုပ်ခြင်းတို့ကို ရှောင်ရှားရပါမည်။

ဆက်တိုက်ဖော်ပြလာသည့် كِتٰبٌ اَنْزَلْنٰهُ اِلَيْكَ ဤကျမ်းသည် အသင့်ထံသို့ ချပေးသနားတော်မူသည်" ဟူသည့်ဝါကျထဲ၌ ဝါကျဖွဲ့စည်းပုံအရ ဤတွင်မြှုပ်ထားသည့် هٰذَا(ဟာဇာ=ဤ)ကို ကြိယာပုဒ်ဟု မှတ်ယူရပါမည်။ ယင်းသို့မှတ်ယူခဲ့ပါလျှင် ဝါကျသည် "ဤကျမ်းသည် ငါအရှင်မြတ် အသင့်ထံသို့ ချပေးသနားတော်မူသည်" ဟူ၍ ဖြစ်သွားပါမည်။ ဤနေရာ၌ ကျမ်းစာအုပ်သည် အလ္လာဟ်အရှင်မြတ်က ချပေးသနားသည်ဟု ဂုဏ်တင်ဖော်ပြကာ ဦးတည်ပြောကြားခြင်းသည် တမန်တော်မြတ်ﷺအတွက် ဖြစ်သည်ဆိုသည်တို့မှ ကိစ္စရပ်နှစ်ခုကို ထောက်ပြသော အညွှန်းတစ်ခုပေါ်ထွက်လာသည်။ ပထမအနေဖြင့် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင် ချပေးတော်မူခြင်းကြောင့် ဤကျမ်းသည် ကြီးကျယ်ခမ်းနားသောကျမ်းဖြစ်သည်ဆိုကြောင်း ဖော်ပြပါသည်။ ဒုတိယမှာ ပထမဦးဆုံး ဦးတည်ပြောကြားခြင်းခံရသူမှာ တမန်တော်မြတ်ﷺဖြစ်သောကြောင့် တမန်တော်မြတ်ﷺ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ မြင့်မားသောအဆင့်ကို ဖော်ကျူးပါသည်။

နောက်ဝါကျထဲ၌ لِتُخْرِجَ النَّاسَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ بِاِذْنِ رَبِّهِمْ "အသင်သည် လူသားအားလုံးတို့ကို ၎င်းတို့အားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏အမိန့်တော်နှင့်အမှောင်ထုမှအလင်းသို့ထုတ်ဆောင်(ကယ်တင်)ခဲ့" ဟူ၍ မိန့်ထားသည်။ النَّاسَ(အန်နားစ် လူများ)ဟူသော စကားလုံးသည် လူသားထုအတွက် သုံးစွဲထားပါသည်။ လက်ရှိလူသားများနှင့် နောင်တွင်ပေါက်ဖွားလာမည့် လူသားများကို ဆိုလိုပါသည်။ ظُلْمَة(ဇွလ်မဟ်)၏ ဗဟုဝုစ်ကိန်းဖြစ်သော الظُّلُمٰتِ (အဇ်-ဇလုမသ်)သည် အမှောင်ထုဟု အဓိပ္ပာယ်သက်ရောက်ကြောင်း လူတိုင်းသိပါသည်။ ဤနေရာပါ الظُّلُمٰتِ (ဇ္ဈလုမသ် ဟူသော စကားလုံးသည် ကုဖ်(မယုံကြည်သွေဖည်ခြင်း) ရှိရှိက်(အလ္လာဟ်အရှင်နှင့်

တွဲဖက်ကိုးကွယ်ခြင်း)နှင့် မကောင်းသောလုပ်ရပ်များ၏ အမှောင်ထုပါ ရည်ညွှန်းပါသည်။ ၎င်းနောက် **النُّوْرِ** (အနှူရ်) ဟူသောစကားလုံးက အလင်းရောင်ဟု အဓိပ္ပာယ်သက်ရောက်ကာ အီမာန်၏အလင်းရောင်ဟု ဆိုလိုပါသည်။ ထို့ကြောင့် **الظُّلُمٰتِ** (အဇ်ဖုလုမသ် အမှောင်ထု)ဟူသောစကားလုံးအား ဤနေရာ၌ ဗဟုဝုစ်ကိန်းအဖြစ် သုံးစွဲထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ကုဖ်နှင့်ရှိရ်စ်က်တို့တွင် များစွာသောအမျိုးအစားနှင့် များစွာသော အရောင်အသွေးများ ရှိကြပါသည်။ အလားတူစွာပင် မရေမတွက်နိုင်သော မကောင်းမှုလုပ်ရပ်များလည်း ရှိကြပါသည်။ သို့ရာတွင် **النُّوْرِ**(အန်နူးရ် အီမာန်၏အလင်းရောင်)ဟူသော စကားလုံးကိုမူ ဇကဝုစ်ကိန်းအနေဖြင့် သုံးစွဲထားသည်။ အဘယ်ကြောင့်ဆိုသော် အီမာန်နှင့်အမှန်တရားမှာ တစ်ခုတည်းပင် ဖြစ်ပါသည်။ အာယသ်၏အဓိပ္ပာယ်မှာ "ငါအရှင်သည် ဤကျမ်းအား အသင့်အပေါ်သို့ ချပေးတော်မူခဲ့သည်။ သို့မှသာ ဤကျမ်းဖြင့် အသင်သည် ကမ္ဘာလူသားအားလုံးတို့အား ကုဖ်ရ်၊ ရှိရ်က်နှင့် မကောင်းမှုလုပ်ရပ်များ၏ အမှောင်ထုမှ ငါအလ္လာဟ်အရှင်မြတ်၏အမိန့်ဖြင့် ၎င်းတို့အား ကယ်တင်နိုင်စေကာ ၎င်းတို့အားလုံးကို အီမာန်နှင့် အမှန်တရား အလင်းရောင်ဘက်ဆီသို့ ခေါ်ဆောင်စေနိုင်ပါမည်" ဟူ၍ ဖြစ်သည်။ **رَبِّهِمْ** (ရပ်ဗိဟိမ်=၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်)ဟူသော အသုံးအနှုန်းအား ဤနေရာ၌ သီးသန့်သုံးစွဲထားမှုက ရည်ညွှန်းသည်မှာ အရှင်သည် ကမ္ဘာလောကရှိ လူသားအားလုံးတို့အား အရှင်၏ကျမ်းစာနှင့် အရှင်၏တမန်တော်တို့မှတစ်ဆင့် ထိုကဲ့သို့သော အမှောင်ထုမှ ကယ်တင်နိုင်စေမည်ဟူသည်ကလွဲ၍ ဤစကြဝဠာလုံးဆိုင်ရာ အလ္လာဟ်အရှင့် ကောင်းချီးပေးမှုဆိုသည်၏ နောက်ကွယ်၌ မည်သည့်အကြောင်းပြချက်(သို့မဟုတ်) ရည်ရွယ်ချက်မျှ မရှိပါ။ အမှန်ဆိုရသော် ယင်းက အရှင်သည် ၎င်း၏ မွေးမြူဖန်ဆင်းတော်မူသော အခွင့်အာဏာအရ လူသားတစ်ရပ်လုံး၏ မွေးမြူဖန်ဆင်းတော်မူသောအရှင်နှင့် စိုးပိုင်တော်မူသောအရှင်၏ ချစ်မြတ်နိုးတော်မူမှုနှင့် သနားကြင်နာမှု အမြဲတစေကျရောက်စေတော်မူခြင်းပင်ဖြစ်ပါတော့သည်။အလ္လာဟ်တအာလာသည်မည်သူ့ကိုမျှပေးဆပ်စရာမလိုသကဲ့သို့ တစ်စုံတစ်ဦးကလည်း အလ္လာဟ်အရှင့်ထံ ရရန်မရှိပါ။ မည်သူတစ်ဦးကမျှ အလ္လာဟ်အရှင်မြတ်အား အတင်းအကြပ်မလုပ်ဆောင်စေနိုင်ပါ။

လမ်းညွှန်မှုသည် အလ္လာဟ်အရှင်မြတ်၏လုပ်ဆောင်ချက်ဖြစ်သည်

ဤအာယသ်ထဲ၌ လူအများအား အမှောင်မှ အလင်းသို့ခေါ်ဆောင်ခြင်းသည် တမန်တော်မြတ်ﷺ၏ လုပ်ရပ်ဟု ကြေညာခဲ့သော်လည်း ဟေဒါယသ်ပေးခြင်း (သို့မဟုတ်) လမ်းညွှန်မှုပေးခြင်းဆိုသည်မှာ စင်စစ်တွင် အလ္လာဟ်တအာလာ၏လုပ်ရပ်သာဖြစ်သည်၊ယင်းနှင့်ပတ်သက်၍ကုရ်အာန်ကျမ်းတော်မြတ်၏အခြားသောအာယသ်တစ်ခုထဲ၌ **اِنَّكَ لَا تَهْدِیْ مَنْ اَحْبَبْتَ وَ لٰكِنَّ اللّٰهَ یَهْدِیْ مَنْ یَّشَآءُ** "ဇကန်အမှန် အသင်သည် မိမိနှစ်လိုသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးနိုင်သည်မဟုတ်ပေ။ စင်စစ်မှာကား အလ္လာဟ်အရှင်မြတ်သာလျှင် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်သို့ ပို့ဆောင်ပေးတော်မူ၏။ (၂၈း၅၆)" ဟူ၍ မိန့်ထားသည်။ ထို့ကြောင့် **بِاِذْنِ رَبِّهِمْ** "၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် ထည့်သွင်းခြင်းအားဖြင့် ဤသံသယအား ဖယ်ရှားပြီး ဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် ယခုအခါ၌ အာယသ်တော်၏ ဆိုလိုချက်သည် "လူအများအား ကုဖ်နှင့်ရှိရ်က်အမှောင်ထုထဲမှ အီမာန်နှင့် ကောင်းမှု လုပ်ရပ်များဟူသော အလင်းဆီသို့ ခေါ်ဆောင်သွားခြင်းဆိုသည့် လုပ်ရပ်သည် မူလအနေဖြင့် အသင်၏အစွမ်း မဟုတ်ပါ။ သို့ရာတွင် အလ္လာဟ်တအာလာ၏ ဆန္ဒတော်နှင့် ခွင့်ပြုချက်ကြောင့်သာလျှင် အသင် ထိုကဲ့သို့လုပ်နိုင်ပါသည်။

လမ်းညွှန်မှုဆိုင်ရာဥပဒေများ

ဤအာယသ်တော်က ကျွန်ုပ်တို့အား ပြောပြသည်မှာ ဤကမ္ဘာပေါ်ရှိ လူသားမျိုးနွယ်စုဖြစ်သော အာဒမ်ﷺ ၏သားသမီးများအား မကောင်းမှုများ အမှောင်ထုမှ အလင်းဆီသို့ ကယ်တင်ရန်နှင့် လူသားများအားလုံးအား ဤကမ္ဘာနှင့် နောင်ဘဝနှစ်ဌာနစလုံးတွင် ပျက်စီးခြင်းမှ ကယ်တင်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ကုရ်အာန် ကျမ်းတော်မြတ်မှအပ အခြားမရှိပါဟူ၍ ဖြစ်သည်။ ဤကျမ်းတော်နှင့် လူအများ နီးကပ်လေလေ သူတို့ကို သူတို့ပိုမို၍ ကံကောင်းလာလေဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ ထိုသူများသည် ဤဘဝနှင့်နောင်တမလွန်ဘဝတွင်ပါ ငြိမ်းချမ်း သာယာခြင်း၊ လုံခြုံစိတ်ချမှုရှိခြင်း၊ သက်သောင့်သက်သာရှိခြင်းနှင့် ပျော်ရွှင်ခြင်းများတို့ ရှိနေမည်ကို တွေ့ရပါလိမ့်မည်။ အကောင်းဆုံးသော အောင်မြင်မှုကိုလည်း ရရှိကြပါလိမ့်မည်။ အလားတူစွာ ထိုသူများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဝေးလေလေ ဤကမ္ဘာတွင်နှင့် နောင်ဘဝတွင်ပါ ၎င်းတို့ကို ၎င်းတို့ ပျက်စီးစေသောဘဝများနှင့် နေထိုင်ရသည်ကို တွေ့ရပါလိမ့်မည်။

တမန်တော်မြတ်ﷺသည် ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် လူအများအား များစွာသော၊ အမျိုးမျိုးသော အမှောင်ထုအတွင်းမှ အလင်းဆီသို့ မည်ကဲ့သို့သောနည်းဖြင့် ခေါ်ဆောင်ရလာမည်ကို ဤအာယသ်ပါစကားလုံးတို့က အကျယ်ချဲ့ပြောဆိုမထားပါ။ သို့ရာတွင် အတော်အတန် ထင်ရှားသည်မှာ လူအများအား ကျမ်းတစ်စောင်ဖြင့် ပြုပြင်ပြောင်းလဲခြင်းဆိုသည့် သမားရိုးကျနည်းလမ်းမှာ လူအများထံသို့ ကျမ်းတော်ပါ သင်ကြားပို့ချချက်များကို ပျံ့နှံ့စေကာ လူတို့ ယုံကြည်စိတ်ချ၍ လိုက်နာစေခြင်းဖြစ်သည်။

ကျမ်းတော်မြတ်ကုရ်အာန်ကို ဖတ်ရွတ်ခြင်းဆိုသည်မှာလည်း အမြဲထားရှိရမည့် ရည်ရွယ်ချက် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသည်တို့အပြင် ကုရ်အာန်ကျမ်းတော်မြတ်၌ အခြားသော ဝိသေသတစ်ခုလည်း ရှိပါသည်။ ယင်းမှာ ကျမ်းတော်မြတ်ပါစာသားများကို နားလည်သဘောမပေါက်သည့်တိုင် ယင်းစကားလုံးများအား ဖတ်ရွတ်ခြင်းသည် လူသားများအပေါ်၌ ပြတ်သားသော အကျိုးသက်ရောက်မှု ရှိပါသည်။ ဖတ်ရွတ်သရဇ္ဈာယ်သူအား မကောင်းမှုများမှ ကင်းရှင်းစွာနေနိုင်ရန် ထိုကျမ်းက အကူအညီပေးပါသည်။ ကုဖိနှင့်ရှိရ်ရစ်က်တို့၏ ထောင်ချောက်များက မည်မျှပင်ဆွဲဆောင်မှုရှိနေပါစေ ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်သူသည် နားလည်သဘောပေါက်မှုမရှိသည့်တိုင် ဤထောင်ချောက်များထဲသို့ သူဘယ်သောအခါမျှ မကျရောက်နိုင်ပါ။ ဤသည်ကို ဟိန္ဒူဘာသာ ပြန့်ပွားရေးဖြစ်သော ရှဒီရှန်တန်လှုပ်ရှားမှုတွင် မျက်ဝါးထင်ထင်တွေ့နိုင်ပါသည်။ ဤကဲ့သို့ မုစ်လင်မ်များအား ဘာသာပြောင်းစေရန် လူစုလူဝေးဖြင့် လုပ်ဆောင်သောလုပ်ရပ်တွင် ၎င်းတို့၏ ထောင်ချောက်ထဲသို့ ကျရောက်သွားသောသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အား မဖတ်ရွတ်သောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့အခါသမယတွင်လည်း မုစ်လင်မ်များနေထိုင်သော နေရာတိုင်းတွင် ခရစ်ယာန်သာသနာပြုများသည် များစွာသော အကျိုးခံစားခွင့်များနှင့် ဆုလာဘ်များပါဝင်သော ဖိတ်ခေါ်မှုများ ပြုလုပ်နေကြပါသည်။ ၎င်းတို့ အောင်မြင်မှုရသည် ဆိုပါလျှင်လည်း စာပေမတတ်ခြင်းနှင့် မသိနားမလည်မှုတို့ကြောင့် ကုရ်အာန်ကျမ်းဖတ်ရွတ်ရန် သတိမမူသော (သို့မဟုတ်) ပညာရေးစနစ်သစ် (အနောက်တိုင်းစနစ် အတု)ဟု မှားယွင်းသောအယူအဆ လွှမ်းမိုးခြင်းခံရသော အနည်းငယ်မျှသော မိသားစုများ ဖြစ်ပါသည်။

ဤနာမ်ပိုင်းဆိုင်ရာ လွှမ်းမိုးခြင်းကို ထောက်ပြရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်အား သင်ကြားပို့ချမှုများမပြုလုပ်မီလျှင် ယင်းအား ဖတ်ရွတ်ခြင်း(တေလာဝသ်)သည် တမန်တော်မြတ်ﷺ၏ အခြေခံတာဝန်ဝတ္တရားဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်က ဖော်ပြထားသည်မှာ **يَتْلُوْا عَلَيْهِمْ اٰيٰتِهٖ وَ يُزَكِّيْهِمْ وَ يُعَلِّمُهُمُ الْكِتٰبَ وَ الْحِكْمَةَ**

(၃း၁၆၄)ဟူ၍ဖြစ်သည်။ ယင်းကဆိုလိုသည်မှာ တမန်တော်မြတ်ﷺအား လုပ်ငန်းတာဝန်သုံးရပ် ပြီးမြောက်စေရန် အတွက် စေလွှတ်ခဲ့ပါသည်။ ပထမတာဝန် ဝတ္တရားမှာ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်ခြင်းပင်ဖြစ်သည်။ တေလာဝသ် (သို့မဟုတ်)ဖတ်ရွတ် သရဇ္ဈာယ်ခြင်းဆိုသည်မှာ စကားလုံးများနှင့်သာ သက်ဆိုင်သည်ဆိုကြောင်း ထင်ရှားပါသည်။ အဓိပ္ပာယ်ဆိုသည်မှာ စကားလုံးများအား နားလည်သဘောပေါက်ရန်သာ ဖြစ်သည်။ ဖတ်ရွတ်ရန် မဟုတ်ပါ။ ဒုတိယတာဝန်မှာ လူအများအား မကောင်းမှုများမှ သန့်ရှင်းစင်ကြယ်စေရန် ဖြစ်သည်။ တတိယလုပ်ငန်းတာဝန်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ကြားပို့ချရန်နှင့် တမန်တော်မြတ်ﷺ၏ စွန့်သွတော်ဖြစ်သော အသိဉာဏ်ကို သင်ကြားပို့ချရန်ဖြစ်သည်။ အတိုချုပ်ဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်သည် လမ်းညွှန်မှုကျမ်းဖြစ်ပါသည်။ အခြေခံရည်ရွယ်ချက်မှာ ကျမ်း၏ အဓိပ္ပာယ်ကို နားလည်ရန်နှင့် ကျမ်းပါအတိုင်း လိုက်နာရန်ဆိုသည်မှာ သံသယဖြစ်ရာမလိုပါ။ လူသားများ၏ ဘဝတစ်ခုလုံးအား ပြုပြင်ပြောင်းလဲရန်ဆိုသည်မှာ ယင်းကျမ်း၏အရေးပါသော အကျိုးသက်ရောက်မှု ဖြစ်သည်ဆိုသည်မှာ ထင်ရှားပါသည်။ ယင်းနှင့်အတူ ယင်းကျမ်းပါစကားလုံးများအား ဖတ်ရွတ်သရဇ္ဈာယ်ခြင်းသည်လည်း မမြင်နိုင်သော အနေအထားရှိသော်လည်း လူသားတို့အား ပြုပြင်ပြောင်းလဲစေခြင်း၊ ကြံ့ခိုင်စေခြင်းဆိုသည့် ထင်ရှားသည့် အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပါသည်။

အစောပိုင်းက တစ်စိတ်တစ်ဒေသ ဖော်ပြပြီးသကဲ့သို့ အလ္လာဟ်အရှင်၏ဆန္ဒတော်နှင့် လူအများအား အမျိုးမျိုးသော အမှောင်ထုထဲမှ အလင်းဆီသို့ ခေါ်ဆောင်ခြင်း၏ဂုဏ်ပုဒ်များအကြောင်းကို ဤအာယသ်က ဖော်ပြပါသည်။ ရှင်းလင်းချက်ကို ပိုမိုအနုစိတ်ရမည်ဆိုလျှင် ဤဂုဏ်ပုဒ်၊ လမ်းညွှန်မှုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ် လုပ်ဆောင်ချက် ဖြစ်သည်ဆိုကြောင်း အတည်ပြုပြီးဖြစ်သော်လည်း လမ်းညွှန်မှုကို လက်ခံရရှိရန်ဆိုသည်ကိုကြားခံ တမန်တော်မြတ်ﷺမရှိဘဲ မရရှိနိုင်ပါ။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဆိုလိုရင်း (သို့မဟုတ်) အဓိပ္ပာယ် ဖွင့်ဆိုချက်များကို ယုံကြည်စိတ်ချရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ယင်းကျမ်းနှင့်ကျွန်ုပ်တို့အား တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်(သို့မဟုတ်) လုပ်ရပ်တို့နှင့် ဆက်သွယ်ပေးရပါမည်။ တမန်တော်မြတ်ﷺ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဆန့်ကျင်သည်တို့သည် မယုံကြည်ထိုက်ပါ။

အာယသ်(၁)၏ နောက်ဆုံးဝါကျ **إِلَىٰ صِرَاطِ الْعَزِيزِ الْحَمِيدِ** "တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသော ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော အရှင်မြတ်လမ်းသို့" ထဲတွင် မိန့်ထားခဲ့သည်တို့ကို အာယသ်(၂) **اللَّهِ الَّذِي لَهُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ** "အကြင်အလ္လာဟ်အရှင်မြတ်(၏ လမ်းသို့) မိုးကောင်းကင်များ၌ ရှိကုန်သောအရာများသည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သောအရာများသည်လည်းကောင်း ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူသော အရာများပင်" တွင် ဆက်လက်မိန့်ထားခြင်းက ပြန်လည် ရည်ညွှန်းသည်မှာ အာယသ်(၁)အစတွင် ဖော်ပြထားသော အဆိုအမိန့်ကို ဖြစ်သည်။ အထက်ပါအာယသ်ထဲ၌ ဖော်ပြထားသော အမှောင်ထုနှင့် အလင်းရောင်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာကိစ္စရပ်ဖြစ်သည့် ကျွန်ုပ်တို့ မျက်စိနှင့်မြင်နိုင်သော အလင်းနှင့်အမှောင် မဟုတ်သည်ကား ထင်ရှားသည်။ ထို့ကြောင့် ယင်းသည် အလ္လာဟ်အရှင့်လမ်းတော်ကို ရည်ညွှန်းကြောင်းကား ရှင်းလင်းသည်။ မည်သူမဆို ဤလမ်းကိုကျင့်သုံးလျှင် အမှောင်ထဲတွင် လမ်းလျှောက်သူတစ်ဦးအလား လမ်းမှားလိမ့်မည်မဟုတ်။ သူ (သို့မဟုတ်) သူမ၏ခြေလှမ်းလည်း လွဲချော်မည်မဟုတ်၊ သတ်မှတ်ထားသော ရည်မှန်းချက်ကိုလည်း မရရှိချေ။ ထို့ကြောင့် အလ္လာဟ့်လမ်းဆိုသည်မှာ လူသားသည် ထိုလမ်းပေါ်လျှောက်လျှင် ၎င်းတို့၏ဖန်ဆင်းရှင်ထံရောက်နိုင်၍ အရှင့်ကျေနပ်နှစ်သက်မှုဖြစ်သော အောင်မြင်မှု၏ အဆုံးစွန်အဆင့်အတန်းကို အောင်မြင်ပေါက်မြောက်ပေလိမ့်မည်။

ဤနေရာ၌ اللّٰه အလ္လာဟ်ဟူသော စကားလုံးကို အရှင်မြတ်၏ဂုဏ်တော်နှစ်ပါးဖြစ်သော اَلْعَزِيْزِ الْحَمِيْدِ (အလ်အဇီးဇ်နှင့် အလ်ဟမီးဒ်)ဖြင့် ဦးထိပ်ထားကြောင်း သတိပြုမိပါလိမ့်မည်။ စာပေဝေါဟာရအရ 'အလ်အဇီးဇ်'သည် တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ဟုဆိုလိုကာ 'အလ်ဟမီးဒ်'သည် ချီးမွမ်းဖွယ်ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသောအရှင်ဟုရည်ညွှန်းသည်။အလ္လာဟ်အရှင်မြတ်၏အခြေခံနာမတော်ရှေ့၌ဤဂုဏ်တော်နှစ်ပါးကို ထားရှိခြင်းဖြင့် ညွှန်းသည်မှာ ဤလမ်းကိုဦးဆောင်စေသည့် အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်၍ ကြီးကျယ်မြင့်မြတ်ကာ တန်ခိုးအာနုဘော်နှင့် ပြည့်စုံ၍ အရာရာပေါ်လွှမ်းမိုးနိုင်ခြင်းကြောင့် ချီးကျူးထောမနာအလုံးစုံနှင့်လည်း ထိုက်တန်တော်မူပေသည်။ ထို့ကြောင့် ဤလမ်းလျှောက်လှမ်းသူတစ်ဦးသည် ခရီးစဉ်တစ်လျှောက်တွင် ခြေချော်ခြင်း၊ ဒလိမ့်ကောက်ကွေးကျခြင်း မဖြစ်သကဲ့သို့ ကြိုးပမ်းမှုသည် မည်သည့်အခါမျှ အချည်းအနှီး မဖြစ်ချေ။ စင်စစ် တစ်စုံတစ်ဦးသည် ဤလမ်းကိုမစွန့်ခွာသမျှ သူသည် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်မည်မှာ မုချဧကန်ဖြစ်သည်။

အစောပိုင်းက အလ္လာဟ်အရှင်မြတ်၏ ဤဂုဏ်တော်နှစ်ပိုင်းကို ဖော်ပြပြီးနောက် اللّٰهِ الَّذِيْ لَهٗ مَا فِى السَّمٰوٰتِ وَمَا فِى الْاَرْضِ"အကြောင် အလ္လာဟ်အရှင်မြတ်(၏လမ်း သို့) မိုးကောင်းကင်များ၌ ရှိကြကုန်သောအရာများသည်လည်းကောင်း၊ ပထဝီမြေ၌ ရှိကုန်သော အရာများသည်လည်းကောင်း ထိုအရှင်မြတ်သာလျှင် စိုးပိုင်တော်မူသော အရာများပင်"ဟူ၍ မိန့်ထားသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအတွင်းနှင့် ကမ္ဘာပေါ်ရှိ အရာရာတိုင်းကို ဖန်ဆင်းတော်မူသည့် အရှင်ဖြစ်ကာ တွဲဖက်ယှဉ်တွဲကိုးကွယ်ခြင်း မပြုနိုင်သည့် အကြွင်းမဲ့ စိုးမိုးနိုင်သော သီးသန့်အရှင်ဖြစ်သည်။

အာယသ်(၂)၏ အဆုံးသတ်ဝါကျထဲတွင် وَوَيْلٌ لِّلْكٰفِرِيْنَ مِنْ عَذَابٍ شَدِيْدِ (စင်စစ်သော်ကား ကာဖစ်ရှေ့ဖည်ငြင်းပယ်ကြကုန်သော သူတို့၌မူကား ပြင်းထန်သော အပြစ်ဒဏ်ရှိသည်"ဟု မိန့်ထားသည်) "စင်စစ်သော်ကား ပျက်စီးခြင်းသည်ရှိ၏။ ကာဖိရ်ဖွေဖည်ငြင်းပယ်ကုန်သော သူတို့၌ ပြစ်ဒဏ်တော်ရှိ၏"ဟု မိန့်ထားသည်။ وَيْلٌ(ဝိုင်လ်-စင်စစ်သော်ကား ပျက်စီးခြင်းသည်ရှိ၏)ဟူသော စကားလုံးကိုသုံးနှုန်းထားခြင်းသည် ပြင်းထန်သော ပြစ်ဒဏ်ခတ်မှု)ဆိုးဝါးပြင်းထန်သည့် အကျိုးဆက်အနေဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်။ အာယသ်တော်က ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤကောင်းချီးမင်္ဂလာကို စွန့်လွှတ်ကာ ငြင်းပယ်ကာ မျိုးစုံသောအမှောင်ထုတွင် နေထိုင်ရန် နှစ်ခြိုက်သောသူများသည် မမျှော်မှန်းနိုင်သောပျက်စီးခြင်းနှင့် ပြင်းထန်သောပြစ်ဒဏ်ခတ်မှုသည် သူတို့ပေါ် ကျရောက်မည်ဖြစ်ကြောင်း သိသင့်ပေသည်။

ဆိုလိုရင်းအတိုချုပ်

အာယသ်တော်၏အတိုချုပ်မှာ လူသားအားလုံးကို အမှောင်ထုမှကယ်တင်သော အလ္လာဟ်အရှင့်လမ်းတော်အလင်းရောင်သို့ရောက်စေရန် ကုရ်အာန်ကျမ်းတော်မြတ်ကို ပို့ချတော်မူခဲ့သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်သူများမှာ မုချဧကန် ကံကြမ္မာဆိုးသူများပင် ဖြစ်သည်။ ထိုသူများသည် ယင်းသို့လုပ်ဆောင်ခြင်းကြောင့် သူတို့ကိုယ်သူတို့ အပြစ်ဒဏ်ခတ်ခံရမှု ဖြစ်စေပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ် အရှင်မြတ်၏ မုကွပါဠိတော်မဟုတ်ဟု ယင်းကုရ်အာန်ကျမ်းမှပင် ငြင်းဆိုခဲ့သူများသည် ဤပြစ်ဒဏ်ခတ်ခံရမှု သတိပေးခြင်းပစ်မှတ်ဖြစ်ကြောင်း ထင်ရှားစေသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်ကို ယုံကြည်လက်ခံသော်လည်း သူတို့၏လက်တွေ့ဘဝတွင် ကုရ်အာန်ကျမ်းတော်မြတ်ကို စွန့်ပစ်ထားသူများ၊ ဆိုလိုသည်မှာ ထိုကျမ်းကို မည်သည့် အခါမျှ ရွတ်ဆိုခြင်းမရှိ၊ နားလည်သဘောပေါက်အောင် မကြိုးစား၊ ကျမ်းပါသင်ကြားပို့ချချက်အတိုင်း လိုက်နာကျင့်သုံး

ခြင်းလည်းမရှိသူများသည်လည်း ဤသတိပေးခြင်း၏ပစ်မှတ်ဖြစ်လာခြင်းနှင့် လုံးဝလွတ်ကင်းသည်ဟု မမှတ်ယူနိုင်ချေ။

ယင်းနောက် အာယသ်(၃)တွင် မိန့်ထားသည်မှာ-

الَّذِيْنَ يَسْتَحِبُّوْنَ الْحَيٰوةَ الدُّنْيَا عَلَى الْاٰخِرَةِ وَيَصُدُّوْنَ
عَنْ سَبِيْلِ اللّٰهِ وَيَبْغُوْنَهَا عِوَجًا ؕ اُولٰٓئِكَ فِيْ ضَلٰلٍۢ بَعِيْدٍ

"အကြင်သူတို့သည် ပစ္စက္ခ မျက်မှောက်လောကီဘဝ၌ အသက်ရှင်ခြင်းကို တမလွန်ဘဝထက် သာပို၍ပင် မြတ်နိုးကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် (လူတို့အား) အလ္လာဟ် အရှင်မြတ်၏ လမ်းတော်မှ တားဆီးကုန်သည်။ ထို့ပြင် ၎င်းတို့သည် ယင်းလမ်းတော်၌ ကွေ့ကောက်မှုကို ရှာဖွေလျက်ရှိကြကုန်သည်။ ဤသူတို့ကား (အမှန်နှင့်) အလွန်ဝေးလံသောလမ်းမှား၌ ရှိနေကြကုန်သတည်း" ဟူ၍ဖြစ်သည်။

ဤအာယသ်က ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်သူ မယုံကြည်သွေဖည်ငြင်းပယ်သူများ အခြေအနေသုံးရပ်ကို ဖော်ထုတ်ပြသထားသည်။ ဤသည်တို့မှာ ၎င်းတို့ စာရိတ္တ၏ထင်ရှားသော ဗီဇများဖြစ်သည်။ ပထမအနေဖြင့် သူတို့သည် နောင်တမလွန်တွင် ၎င်းတို့ရရှိမည့်ဘဝထက် လက်ရှိကမ္ဘာရှိ သူတို့ဘဝကို ပိုမိုနှစ်သက်ကြသည်။ ထို့ကြောင့် လောကီဆိုင်ရာ အကျိုးအမြတ် (သို့မဟုတ်) စည်းစိမ်များအကျိုးအတွက် နောင်တမလွန်တွင် ၎င်းတို့၏ရောဂါကို ဖော်ထုတ်ပြသထားသည့် အညွှန်းပါဝင်သည်။ မည်သည့်ထင်ရှားသော မုအ်ဂျိဇာ် တန်ခိုးပြာဋိဟာ ဆုံးရှုံးမှုကိုမျှ ဂရုမစိုက်ကြချေ။ ဤထဲတွင် သူတို့၏အမှန်တရား အမြဲတစေငြင်းဆိုခြင်းဟူသော ၎င်းတို့ မြင်တွေ့ခဲ့ရလင့်ကစား ဤသူများသည် အဘယ့်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ရန်လို၍ အဆိုးမြင်နေရသေးသနည်း။ အကြောင်းမှာ လက်ရှိကမ္ဘာလောကတွင် ဘဝ၏တပ်မက်မှုက ၎င်းတို့ကို မျက်ကန်းဖြစ်စေပါသည်။ သူတို့သည် တမလွန်ဘဝရှိ ၎င်းတို့ဘဝ မည်မျှအရေးကြီးကြောင်း မြင်နိုင်စွမ်း မရှိတော့ပါ။ ထို့ကြောင့် သူတို့သည် အမှောင်ထုနှင့်အတူ ရှိနေရခြင်းကို လုံးဝကျေနပ်၍ အလင်းရောင်ဘက်ဆီသို့လာရန် သူတို့ ဂရုမစိုက်တော့ပါ။

သူတို့၏ ဒုတိယဗီဇနှင့်ပတ်သက်၍ မိန့်ထားသည်မှာ သူတို့သည် ကိုယ်တိုင်ရွေးချယ်ထားသည့် အမှောင်ထုအလွှာများစွာတွင် နေထိုင်ရန် နှစ်သက်ကြသည်။ သေချာသည်ဟူ၍ဖြစ်သည်။ သို့ရာတွင် သူတို့သည် မတရားမှုပေါ်မတရားမှု ထပ်ကျူးလွန်ကြသည်မှာ သူတို့အမှားများ ဖုံးကွယ်စေရန်အလို့ငှာ အလ္လာဟ်အရှင့်လမ်းတော်ဖြစ်သည့် ကျယ်ဝန်းသော အလင်းရောင်လမ်းကို အခြားသူများလျှောက်ခြင်းမှ တားဆီးပိတ်ပင်လိမ့်မည် ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်ကို သဘောပေါက်နားလည်မှုတွင် မှားယွင်းမှုအချို့အား ဖော်ထုတ်ပြသခြင်း။

သူတို့၏တတိယဗီဇကို يَبْغُوْنَهَا عِوَجًا "ထို့ပြင် ၎င်းတို့သည် ယင်းလမ်းတော်၌ကွေ့ကောက်မှုကို ရှာဖွေလျက်ရှိကြကုန်သည်"ဟု ဖော်ပြထားသည်။ ယင်းတွင် အဓိပ္ပာယ်နှစ်မျိုးဆိုနိုင်သည်။ ပထမအနေဖြင့် သူတို့သည် သဘောထား ယုတ်ညံ့ကာ မကောင်းသည့်လုပ်ရပ်လုပ်သူများဖြစ်၍ ထွန်လင်းတောက်ပကာ ဖြောင့်မတ်မှန်ကန်သည့် အလ္လာဟ် အရှင့်လမ်းတော်တွင် ကောက်ကွေ့မှု (သို့မဟုတ်) အမှားအယွင်း အချို့ရှိမရှိဟူသော အခွင့်အရေးတစ်ရပ်ကို အမြဲ ရှာဖွေနေကြသည်။ သို့ရာဖွေ၍ တွေ့ခဲ့လျှင် ကန့်ကွက်ခြင်း(သို့မဟုတ်) ကဲ့ရဲ့ခြင်း ပြုလုပ်နိုင်ပေမည်။ ဤသည်မှာ အိပနိ ကဆီးရ် ပေးထားသည့်အဓိပ္ပာယ်ဖြစ်သည်။

ထို့ပြင် ဤပါကျက ဆိုလိုနိုင်သေးသည်မှာ ထိုသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ထဲတွင် ရှိသော အလ္လာဟ်အရှင့်လမ်းတော်အကြောင်း တစ်စုံတစ်ရာကို အမြဲတမ်း ရှာဖွေစောကြောနေကြသည်။ ယင်းထဲတွင် ၎င်းတို့ဆန္ဒများ အတွေးအခေါ်များနှင့် ကိုက်ညီမှုတွေ့ခဲ့လျှင် ယင်းသည် ၎င်းတို့ရပ်တည်မှု မှန်ကန်ကြောင်း အထောက်အကူဖြစ်စေနိုင်သည်။ ဤအဓိပ္ပာယ်ကို သဖီစီရ် အလ်ကုရ်သုဒီကျမ်းတွင် ဖော်ပြထားသည်။ ယခုခေတ်အခါတွင် ပညာတတ်လူတန်းစား တော်တော်များများသည် ဤသို့သော လုပ်ဆောင်မှုများ လုပ်ဆောင်နေကြသည်။ သူတို့ ကိုယ်တိုင်၏ အမှားရလဒ် တစ်ရပ်ဖြစ်စေ၊ အခြားနိုင်ငံအချို့၏လွှမ်းမိုးမှုအောက် ရောက်၍ဖြစ်စေ အတွေးအခေါ်တစ်ရပ်ကို ပြုလုပ်ကြလိမ့်မည်။ ထို့နောက် သူတို့သည် ယင်းအတွေးအခေါ်ကို အထောက်အကူပြုသော ကုရ်အာန်နှင့် စွန္နသ်မှ သက်သေသာဓကများကို ရှာဖွေကြလိမ့်မည်။ ထိုပြင် အကယ်၍ သူတို့သည် ၎င်းတို့အတွေးအခေါ်ကို ထောက်ခံဟန် ရှိသည့် စကားလုံးအချို့ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် တွေ့ရှိရလျှင် ယင်းသည်ပင် ၎င်းတို့အတွေးအခေါ်ကို ထောက်ခံသော သက်သေ သာဓကအဖြစ် မှတ်ယူလိမ့်မည်။ ဤကဲ့သို့သော လုပ်ဆောင်မှုမှာမူအားဖြင့် မှားယွင်းသည်။ အဘယ့်ကြောင့်ဆိုသော် စစ်မှန်သောယုံကြည်သက်ဝင်သူတစ်ဦး၏တာဝန်မှာ သူ (သို့မဟုတ်) သူမစိတ်ထဲမှ ကိုယ်ပိုင်အတွေးအခေါ်နှင့် ဆန္ဒများကို ဦးစွာပထမဖယ်ရှား၍ အလ္လာဟ်အရှင့်ကျမ်းတော်နှင့် အရှင်မြတ်တမန်တော်၏ စွန္နသ်တော်များနှင့် တိုင်ပင် ဆွေးနွေးသင့်သည်။ ယင်းတို့ထဲမှ ရှင်းလင်းပြတ်သားစွာ သက်သေပြပြီးသည့် အရာများသာလျှင် သူ (သို့မဟုတ်)သူ၏ကိုယ်ပိုင်အယူဝါဒဖြစ်သင့်သည်။

أُولَٰئِكَ فِي ضَلَٰلٍۭ بَعِيدٍ ဤသူတို့ကား (အမှန်နှင့်) အလွန်ဝေးလံသော လမ်းမှား၌ရှိကြကုန်သတည်း။

အာယသ် ၃၏နောက်ဆုံး၌အထက်တွင်ဖော်ပြခဲ့သောဗီဇသုံးမျိုးရှိသောမယုံကြည်သွေဖည်ငြင်းပယ်သူတို့၏ ဝမ်းနည်းဖွယ်ရာ အဆုံးသတ်မှုကို ဖော်ပြထားသည်။ အဆိုအမိန့်၏အနှစ်သာရမှာ ဤသူများသည် အလွန့်အလွန် လမ်းလွဲခဲ့ကြပါသည်။ မည်မျှလမ်းလွဲသွားသနည်းဟူမူ ထိုသူတို့အား လမ်းမှန်သို့ တစ်ဖန်ရောက်ရှိစေရန် အလွန့်အလွန် ခက်ခဲသွားပါသည်။

လမ်းညွှန်မှုဆိုင်ရာ အချက်အလက်များ

သဖီစီရ်အလ်ကုရ်တဖ္ဆီအရ ဤအာယသ်တော်ထဲ၌ သုံးမျိုးသောဗီဇတို့သည် မယုံကြည်သွေဖည်သူများတွင် ရှိသည်ဆိုကြောင်းကို ရှင်းလင်းစွာ ဖော်ထုတ်ပြသခဲ့ပါသည်။ ၎င်းနောက် ထိုသူတို့၏ အလွန့်အလွန် လမ်းလွဲမှုအား ၎င်းတို့၏ ဝမ်းနည်းဖွယ်ရာအဆုံးသတ်မှုဟု ဖော်ပြခဲ့သော်လည်း ဤအာယသ်ပါမူအရ မည်သည့်မုစ်လင်မ်တစ်ဦး တစ်ယောက်တွင်မဆို ဤဗီဇသုံးမျိုးရှိနေပါက သူသည်လည်း ဤသတိပေးမှုနှင့် ထိုက်တန်သွားပါသည်။ ဤဗီဇသုံးမျိုး၏ အကျဉ်းချုပ်ကို အောက်တွင်ဖော်ပြထားပါသည်။

၁။ နောင်တမလွန်ဘဝအတွက် သောကထားရမည့်အစား လောကီဘဝကို ချစ်မြတ်နိုးခြင်းဖြင့် အီမာန်၏ အလင်းရောင်ကို ရှောင်ရှားသွားခြင်း။

၂။ သူတို့ကဲ့သို့ဖြစ်သွားစေရန်အတွက် လူအများအား အလ္လာဟ်အရှင့်လမ်းစဉ်မှ ပိတ်ပင်တားဆီးခြင်း။

၃။ ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများ၊ ဆန္ဒများနှင့် ကိုက်ညီသွားစေရန် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့အား မမှန်မကန်ဖတ်ရွတ်ခြင်း၊ မမှန်မကန် အဓိပ္ပာယ်ဖွင့်ဆိုခြင်းများ ပြုလုပ်ကြသည်။

အလ္လာဟ်ရှင်၊ ဤကဲ့သို့သောအဖြစ်မျိုးမှ ကျွန်ုပ်တို့အား ကာကွယ်စောင့်ရှောက်တော်မူပါစေ။

အာယသ် (၄)

وَمَآ اَرۡسَلۡنَا مِنۡ رَّسُوۡلٍ اِلَّا بِلِسَانِ قَوۡمِهٖ لِيُبَيِّنَ لَهُمۡ ؕ فَيُضِلُّ اللّٰهُ مَنۡ يَّشَآءُ وَيَهۡدِىۡ مَنۡ يَّشَآءُ ؕ وَهُوَ الۡعَزِيۡزُ الۡحَكِيۡمُ ۝٤

စင်စစ်တမူကား ငါအရှင်မြတ်သည် ရစူလ်တမန်တော်တိုင်းကို ယင်း ရစူလ်တမန်တော်၏ အမျိုးသားတို့ (ပြောဆိုသုံးစွဲသော) ဘာသာစကားနှင့်သာ ၎င်းတို့အား ယင်း ရစူလ်တမန်တော်က (ငါအရှင်မြတ်၏အမိန့်ပညတ်တော်များကို) ထင်ရှားစွာ ထုတ်ဖော်ပြောဆိုရှင်းလင်းပြနိုင်ခြင်းငှာ စေလွှတ်တော်မူခဲ့ပေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား လမ်းမှား၌ပင် ထားရှိတော်မူလေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား တရားလမ်းမှန်ကို ပြတော်မူပေသည်။ စင်စစ်သော်ကား ထိုအရှင်မြတ်သည်သာလျှင် တန်ခိုးအာနုဘော်နှင့် လွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၄]

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်၏ ပထမပါကျထဲ၌ အလ္လာဟ်အရှင်ပေးသနားတော်မူသော သီးသန့်ကောင်းချီးတစ်ခုနှင့် သက်သာလွယ်ကူမှုဖြစ်စေသည့် အကြောင်းတစ်ခုကို ဖော်ပြထားသည်။ ယင်းမှာ မည်သည့်အခါတွင်မဆို အလ္လာဟ်တအာလာသည် လူမျိုးတစ်မျိုးဆီသို့ တမန်တော်တစ်ပါး စေလွှတ်ခဲ့သောအခါ၌ ထိုသူများပြောဆိုသော ဘာသာစကားကို ပြောဆိုသောသူကို စေလွှတ်ခဲ့ပါသည်။ သို့မှသာ ထိုတမန်တော်သည် ထိုသူများထံသို့ ထိုသူများပြောသော ဘာသာစကားဖြင့် အလ္လာဟ်အရှင့်အမိန့်ပညတ်တော်များကို ပို့ဆောင်စေကာ ထိုသူများနားလည်သဘောပေါက်မှုကို လွယ်ကူစေပါသည်။ အကယ်၍သာ တမန်တော်သုံးနှုန်းသောဘာသာစကားသည် ဦးတည်ပြောကြားခြင်းခံရသူတို့၏ ဘာသာစကားဖြင့်မတူပါက နားလည်သဘောပေါက်စေရန်အတွက် ထိုသူများသည် အမိန့်ပညတ်ချက်များကို ဘာသာပြန်ဆိုရခြင်းဆိုသည့် ဝန်ပိပါလိမ့်မည်။ ထိုသို့လုပ်ဆောင်သည့်တိုင် အမိန့်ပညတ်ချက်များကို မှန်ကန်စွာ နားလည်မှုတွင် သံသယရှိနိုင်ပေသည်။ ထို့ကြောင့် ဟီဗရူးဘာသာစကားပြောဆိုသော သူများထံသို့ တမန်တော်တစ်ပါး စေလွှတ်ရာ၌ ထိုတမန်တော်၏ဘာသာစကားသည်လည်း ဟီဗရူးဘာသာစကား ဖြစ်ရပါမည်။ ပါရှင်လူမျိုးများထံသို့ စေလွှတ်ခဲ့သော တမန်တော်တစ်ပါးသည် ပါရှင်းဘာသာစကား ပြောကြားပါသည်။ ဗရိဗရာလူမျိုးများထံသို့ စေလွှတ်ခဲ့သော တမန်တော်သည် ဗရိဗရီဘာသာ စကားပြောပါသည်။ လူများဆီသို့ တမန်တော်တစ်ပါးအဖြစ် ခန့်အပ်ကာ စေလွှတ်ခြင်းခံရသောသူသည် ထိုသူများအနက်မှ တစ်ဦးဖြစ်ကာ သူပြောဆိုသော ဘာသာစကားသည်လည်း ထိုသူများ၏ ဘာသာစကားပင် ဖြစ်ပါလိမ့်မည်။ ဖြစ်နိုင်သည်မှာ သူတစ်ဦး မွေးဖွားပြီးနောက် တတ်ကျွမ်းခဲ့သော ဘာသာစကားသည် သူစေလွှတ်ခြင်းခံသော သူတို့၏ဘာသာစကားနှင့် ကွဲပြားပါလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်၏ လုပ်ရိုးလုပ်စဉ်အရ တမန်တော်သည် သူသွားရောက်လုပ်မည့်လူများ ပြောကြားသော ဘာသာစကားကို လေ့လာ ဆည်းပူးပြီး ဖြစ်စေရန် အလ္လာဟ်အရှင်က အစီအမံပြုလုပ်တော်မူပါသည်။ ထိုကဲ့သို့ပင် စိုက်ယိဒိနာလူတို့၏ကိစ္စ၌ ထိုကဲ့သို့ပင်

ပြုလုပ်ခဲ့ပါသည်။ တကယ်မှာမူ သူသည် ပါရှင်ဘာသာစကားပြောဆိုသော အီရတ်ပြည်သားတစ်ဦး ဖြစ်ခဲ့ပါသည်။ သို့ရာတွင် သူ ဆီးရီးယားပြည်သို့ ပြောင်းရွှေ့နေထိုင်ပြီးသည့်နောက် ထိုသူတို့အနက်မှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျကာ ဆီးရီးယားဘာသာစကားသည် သူ၏ ကိုယ်ပိုင်ဘာသာစကား ဖြစ်သွားပါသည်။ ထို့နောက် အလ္လာဟ် တအာလာသည် သူ့အား ဆီးရီးယားပြည်၏ဒေသတစ်ခုအတွက် တမန်တော်တစ်ပါးအဖြစ် ပြုလုပ်တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့၏ မြင့်မြတ်တော်မူသော တမန်တော်မြတ်ﷺမှာမူ သူ၏တာဝန်ဝတ္တရားသည် နယ်ပယ်အရဆိုလျှင် ကမ္ဘာတစ်ဝန်းလုံးအတွက် ဖြစ်ပြီး အချိန်ကာလအရဆိုလျှင် ကိယာမသ်နေ့တိုင်အောင် ဖြစ်ပါသည်။ ဤကမ္ဘာတွင်ရှိ မည်သည့်မျိုးနွယ်စု (သို့မဟုတ်) အုပ်စုတစ်စုဖြစ်ပါစေ၊ မည်သည့်နိုင်ငံတွင်နေပြီး မည်သည့်ဘာသာစကားကို ပြောဆိုပါစေ၊ သူ နဗီတမန်တော်တစ်ပါးအနေဖြင့် ထမ်းဆောင်နေသော တာဝန်ဝတ္တရားစက်ဝန်း၏အပြင်၌ မရှိနိုင်ပါ။ ကိယာမသ်နေ့တိုင် ပေါ်ထွက်လာမည့် မျိုးနွယ်စုသစ်တိုင်း ဘာသာစကားအသစ်တိုင်းတို့သည် တမန်တော်မြတ်ﷺ၏ ဒါဝသ် (ဖိတ်ခေါ်မှု)ရောက်မည်ဖြစ်သော အုမ္မသ်ထုဟု မှတ်ယူရပါမည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က **يَٰٓأَيُّهَا النَّاسُ إِنِّي رَسُولُ اللَّهِ إِلَيْكُمْ جَمِيعًا** "အို-လူသားအပေါင်းတို့၊ ငါသည် ဇကန်စင်စစ် အသင်တို့အားလုံးထံ အကြင် အလ္လာဟ်အရှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသော ရဿူလ်တမန်တော်ပင်ဖြစ်ပေသည်။ (၇း၁၅၈)"ဟူ၍ ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။ ဆွဟီးအလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ စိုက်ယိဒိနာဂျီးလ်၏ဆင့်ပြန်ချက်အရ တမန်တော်မြတ်ﷺသည် စကြဝဠာလုံးဆိုင်ရာအတွက် စေလွှတ်ခြင်းခံရသော တမန်တော်များအနက်မှ ၎င်းတွင် ရှိ ထင်ရှားသော လက္ခဏာငါးရပ်ထောက်ပြပြီး မိန့်ကြားသည်မှာ "ကျွန်ုပ်၏အလျင် စေလွှတ်ခြင်းခံရသော နဗီတမန်တော်များသည် ၎င်းတို့၏ လူများနှင့် အုမ္မသ်ထုထံသို့သာ စေလွှတ်ခဲ့ပါသည်။ အလ္လာဟ်တအာလာသည် ကျွန်ုပ်အား (ဤကမ္ဘာပေါ်ရှိ)အာဒမ်ﷺ၏သားသမီးများအဖြစ် လူအများထံသို့ စေလွှတ်ခဲ့ပါသည်"ဟူ၍ဖြစ်သည်။

အလ္လာဟ်တအာလာသည် ဤကမ္ဘာပေါ်ရှိလူသားထုကို စိုက်ယိဒိနာအာဒမ်ﷺမှ စတင်ပေါက်ဖွားစေရမည်ဟု ဆန္ဒပြုတော်မူခဲ့ကာ အလ္လာဟ်တအာလာသည် လူသားများအတွက် အာဒမ်ﷺအား ပထမဦးဆုံးတမန်တော်အဖြစ် ပြုလုပ်တော်မူခဲ့ပါသည်။ ထို့နောက် လူသားဦးရေတိုးပွားလာမှု အချိုးအစားနှင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေများအရ နဗီတမန်တော်များမှတစ်ဆင့် ၎င်းလူများထံသို့ မှန်ကန်သောလမ်းညွှန်မှု ပို့ဆောင်စေရန် အစီအမံများ ပြုလုပ်တော်မူခဲ့ပါသည်။ အချိန်တိုင်းနှင့် လူတိုင်းတို့၏ လိုအပ်ချက်များအရ၊ အမိန့်ပညတ်ချက်များ၊ ဥပဒေများ၊ ဘာသာရေးကိုဓများ အဆက်မပြတ် ကျရောက်စေခဲ့ပါသည်။ အဆုံး၌ လူသားတို့၏တိုးတက်ရင့်ကျက်သည့် အဆင့်သို့ ရောက်သောအခါ၌ အလ္လာဟ်တအာလာသည် တမန်တော်များ၏ ရှေ့ဆောင်ဖြစ်သော မုဟမ္မဒ်မုစ်သဖာﷺအား တစ်ကမ္ဘာလုံးအတွက် ရဿူလ်အဖြစ် စေလွှတ်တော်မူခဲ့ပါသည်။ ၎င်းနောက် အလ္လာဟ်တအာလာက သူ့အား ပေးသော ကျမ်းနှင့် ရှရီအသ်သည် ပြီးပြည့်စုံပြီး တစ်ကမ္ဘာလုံးအတွက် လုပ်နိုင်စွမ်းရှိကာ ကိယာမသ်နေ့တိုင် တည်ရှိ နေပါလိမ့်မည်။ **ٱلْيَوْمَ أَكْمَلْتُ لَكُمْ دِينَكُمْ وَأَتْمَمْتُ عَلَيْكُمْ نِعْمَتِي** "ယနေ့သော်ကား ငါအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ ဒီးန်သာသနာကို ပြည့်စုံစေတော်မူခဲ့လေပြီ။ ၎င်းပြင် ငါအရှင်မြတ်သည် မိမိ၏ကျေးဇူး တော်များကို အသင်တို့အဖို့ အပြည့်အစုံ ချီးမြှင့်ပေးသနားတော်မူခဲ့လေပြီ" (၅း၃)ထဲ၌ ဟူ၍ မိန့်ထားသည်။

အတိတ်က တမန်တော်များ၏ ဘာသာရေးဆိုင်ရာ ကိုဓဥပဒေများသည်လည်း သူတို့အချိန် သူတို့ဒေသအတွက် ပြီးပြည့်စုံပါသည်။ ယင်းတို့ကို မပြည့်စုံ (သို့မဟုတ်) လိုအပ်ချက်ရှိသည်ဟု မခေါ်နိုင်ချေ။ သို့ရာတွင် တမန်တော်မြတ်ﷺ ယူဆောင်လာသည့် ပြီးပြည့်စုံသောရှရီအသ်မှာ မည်သည့်အချိန်အခါနှင့် နေရာဒေသ သတ်မှတ်ချက်မျှ မရှိချေ။ ဤသည်မှာ အကြွင်းမဲ့ပြီးပြည့်စုံသည်။ (ဆိုလိုသည်မှာ မည့်သည့်အကြောင်း (သို့မဟုတ်) မည်သည့် အခြေ

အနေအတွက်ဟူသော ကန့်သတ်ချက် (သို့မဟုတ်) ခြွင်းချက် မပါပါ။) ထို့နောက် ဤရွှထောင့်မှကြည့်လျှင် ဘာသာတရား၏ပြီးပြည့်စုံမှုသည် ဤရှရီအသံအတွက် သီးသန့်ဖြစ်သည်။ ထိုပြင် ယင်းကြောင့် တမန်တော်များ ﷺ အနက် နောက်ဆုံး တမန်တော်ဖြစ်သော တမန်တော်မြတ် ﷺ ပွင့်ပေါ်ပြီးနောက်ပိုင်း၌ တမန်တော်ဖြစ်ခြင်း ကွင်းဆက် ရပ်သွားသည်။

ကုရ်အာန်ကျမ်းတော်မြတ်ကို အရဗီဘာသာစကားနှင့်အဘယ်ကြောင့် ချပေးရသနည်း။

လွန်လေပြီးသော အွမ္မသ်ထု၏ ပြောဆိုသော ဘာသာစကားပြောဆိုသည့် တမန်တော်များကို ထိုသူများထံ စေလွှတ်သောအခါ ယင်းအွမ္မသ်ထုရှိလူများသည် တမန်တော်များ သယ်ဆောင်လာသော သတင်းစကားကို ဘာသာပြန်ရန် ကြိုးပမ်းဖို့မလိုချေ။ သို့ဆိုလျှင် အဘယ့်ကြောင့် တမန်တော်မြတ် ﷺ ကို အရဗီဘာသာစကားသာလျှင် ပြောဆိုသော အာရေဗီယာသို့ စေလွှတ်ခဲ့ရသနည်း။ ထိုပြင် အဘယ့်ကြောင့် ကိုယ်တော်မြတ်ယူလာသော ကျမ်းကို အရဗီဘာသာသက်သက်ဖြင့် ချပေးရသနည်း။ သို့ရာတွင် အနည်းငယ် တွေးတောဆင်ခြင်ရုံမျှဖြင့်ပင် အဖြေကား ရှင်းလင်းသည်။ တမန်တော်မြတ် ﷺ ၏တာဝန်ဝတ္တရားနှင့် ဖိတ်ခေါ်မှုမှာ ဘာသာစကား ရာပေါင်းများစွာ ပြောဆိုသည့် ကမ္ဘာပေါ်ရှိလူတိုင်းအားလုံးအတွက် ဖြစ်ခဲ့သည်ဆိုလျှင် လူတိုင်း သဘောပေါက်နားလည်နိုင်သည်။ သို့ဆိုလျှင် အားလုံးသောလူများကိုလမ်းညွှန်မှုပေးရန် ရွေးချယ်စရာနှစ်ခုရှိပါသည်။ ပထမရွေးချယ်ရန်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို လူအုပ်စုတိုင်း၏ ဘာသာစကားတစ်ခုချင်း အလိုက်ချပေးရန်နှင့် တမန်တော်မြတ် ﷺ ၏ သင်ကြားပို့ချမှုနှင့် လမ်းညွှန်မှုများကိုလည်း အွမ္မသ်အုပ်စုတိုင်း၏ ဘာသာစကားတစ်ခုစီအလိုက် ပြုလုပ်ပေးရလိမ့်မည်။ အလွှာဟ် အရှင် မြတ်၏ အလွန်ပြီးပြည့်စုံသော တန်ခိုးတော်အရဆိုလျှင် ထိုသို့သောကိစ္စရပ်ကို စီမံခန့်ခွဲရန် မခက်ခဲချေ။ သို့သော်လည်း ရစူလ်တစ်ပါး စေလွှတ်ခြင်း၊ ကျမ်းစာတစ်စောင်နှင့် ရှရီအသံတစ်ခုကို ကမ္ဘာပေါ်ရှိလူအားလုံးအတွက် ပို့ဆောင် ပေးခြင်း၏ ကြီးမားသောရည်ရွယ်ချက်မှာ ဤလူအားလုံးထဲတွင် ထောင်ပေါင်းများစွာသော ကွဲပြားခြားနားချက်များ ရှိနေလင့်ကစား ဘာသာရေးဆိုင်ရာ ကိုယ်ကျင့်တရားဆိုင်ရာနှင့် လူမှုဆိုင်ရာ စည်းလုံးညီညွတ်မှုနှင့် အချင်းချင်းမျှဝေ တွေးခေါ်မှုများသည် တစ်သားတည်းဖြစ်စေရန် ရည်ရွယ်သည်။ ဤသို့ဖြစ်စေရန်မှာ ဤနည်းလမ်းကို လုပ်ဆောင်ရသည်။

ထို့နောက် အခြားနည်းလမ်းကား လူတိုင်းနှင့်နိုင်ငံတိုင်း၏ သီးခြားဘာသာစကားဖြင့် ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်ကို ရရှိစေသည်။ အကယ်၍ ဤသို့သာလုပ်ဆောင်ခဲ့လျှင် ကျမ်းမြတ်ကုရ်အာန်ထဲတွင် မှားယွင်းသော စကားလုံးများထည့်သွင်းရန် တံခါးအကျယ်ကြီးပွင့်သွားကာ မရေမတွက်နိုင်သော ချင်းနင်းဝင်ရောက်မှုများ ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ကြီးကျယ်ခံ့ညားသော ကုရ်အာန်ကျမ်းတော်၏ အံ့ဖွယ်အရည်အသွေးကား ယင်း၏ မူရင်းစကားလုံးများမှာပြီးပြည့်စုံစွာကာကွယ်ထားပြီးဖြစ်သည်။ထိုအရည်အချင်းကိုမငြင်းပယ်နိုင်။ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်သူများနှင့် အစဉ်အလာကို မထိန်းသိမ်းသူများပင်လျှင် မငြင်းပယ်နိုင်ချေ။ ဘာသာတရားတစ်ခုနှင့် ကျမ်းတစ်စောင်ကိုဖက်တွယ်သူများသည် အမျိုးမျိုးအစားစားသောလမ်းကြောင်းတွင်ဖြန့်ကြဲကာ စည်းလုံးညီညွတ်မှု မကျိုင်တစ်ရပ်ပေါ် ရှိမနေလျှင် မည်သို့ဖြစ်သွားမည်နည်း။ ကုရ်အာန်ကျမ်းတော်မြတ်ကို အရဗီဘာသာတစ်ခုတည်းဖြင့် ပို့ချလင့်ကစား ယင်းကျမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အကျယ်ဖွင့်ဆိုခြင်းတွင်ရှိသော ကွဲပြားခြားနားမှုများ ကို ပြန်လည်စဉ်းစားကြည့်လျှင် ဤပြဿနာ၏အယူအဆအချို့ ကျွန်ုပ်တို့ရနိုင်ပါသည်။ ယင်းကဲ့သို့ ကွဲပြားခြားနားမှုများ သည် ခွင့်ပြုသည့်ဘောင်အတွင်း၌သာ ရှိနေသည်။ မမှန်ကန်ခွင့်မပြုသော နည်းလမ်းများဖြင့် ပြုလုပ်ထားသော ကွဲပြား ခြားနားမှုများမှာမူ အကန့်အသတ်မရှိချေ။ သို့သော်လည်း ယင်းတို့ရှိလင့်ကစား ကုရ်အာန်ကျမ်းတော်မြတ်က သင်ကြားပို့ချ

သည့်အတိုင်း လိုက်နာကျင့်သုံးမှု မည်သည့်အတိုင်းအတာ ရှိသည်ဖြစ်စေ ၎င်းတို့တွင် လွတ်လပ်စွာ ဖွံ့ဖြိုးရှင်သန်စည်းလုံးမှုနှင့် ၎င်းတို့မည်သူဖြစ်ကြောင်း အထင်ရှားစွာ ဖော်ထုတ်နိုင်မှုရှိသည်။

အတိုချုပ်မှာ ကုရ်အာန်ကျမ်းမြတ်သည် လူသားအုပ်စုတိုင်းက တမန်တော်မြတ်ﷺ၏သင်ကြားပို့ချမှုနှင့် တာဝန်ဝတ္တရားများကို တစ်သီးတစ်ခြားစီလုပ်ကြခြင်းဖြင့် လူသားအုပ်စုတိုင်းသည် စကြဝဠာလုံးဆိုင်ရာ ဖြစ်သွားသည်ကို သာမန်အသိဉာဏ်ရှိသူ တစ်ဦးပင်လျှင် မှန်ကန်စွာ တွေ့နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ဘာသာစကားတစ်ခုတည်းဖြင့် ပို့ချခဲ့ကာ တမန်တော်ပြောကြားခဲ့သော ဘာသာစကားသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာစကားနှင့်အတူ ဖြစ်ရပါမည်။ ထို့နောက် ယင်းကျမ်းကို အခြားဘာသာစကားများသို့ ဘာသာပြန်ဆိုကာ ဖြန့်ဝေခြင်းသည် အရေးကြီးပေသည်။ တမန်တော်မြတ်ﷺ ကွယ်လွန်ပြီးနောက် ကိုယ်တော်၏လက်ထောက်များနှင့် အစ္စလာမ်ထု၏အိုလမာများသည် ကိုယ်တော်ချန်ရစ်ခဲ့သည့် သင်ကြားပို့ချမှုများနှင့် လမ်းညွှန်မှုဆိုင်ရာ ဥပဒေသများကို သူတို့၏အစ္စလာမ်ထုအားဝင်းတို့ပြောဆိုသည့်ဘာသာစကားဖြင့်ဖြန့်ချီရမည်။ ထို့ကြောင့်အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာပေါ်ရှိဘာသာစကားအားလုံးအနက် အရဗီဘာသာစကားကို အကြောင်းအမျိုးမျိုးကြောင့် ရွေးချယ်ခဲ့သည်။

အရဗီဘာသာစကား၏ ထူးခြားချက်များ

ပထမဦးစွာ အရဗီဘာသာစကားမှာ ကောင်းကင်ဘုံ၏ တရားဝင်ဘာသာစကား ဖြစ်သည်။ ကောင်းကင်စေတမန်များ၏ ဘာသာစကားမှာ အရဗီဖြစ်သည်။ ထိန်းသိမ်းထားသော သင်ပုန်း(အလ်လောင်ဝ်ဟိလ်မဟ်ဖုဇ်)တွင် အရဗီဘာသာစကားဖြင့် ရေးသွင်းထားကြောင်း بَلْ هُوَ قُرْاٰنٌ مَّجِيْدٌ فِيْ لَوْحٍ مَّحْفُوْظٍ "ထိုသို့အလျှင်းမဟုတ်၊ စင်စစ်မှာကား ဤသည် အထူးဂုဏ်ဝိသေသနနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းမြတ်ပင်။ လုံခြုံစွာ ထိန်းသိမ်း၍ထားသည့် သင်ပုန်း၌ ရေးမှတ်ပြီးသော (၈၅း၂၁-၂၂)" ကျွန်ုပ်တို့ကို ကုရ်အာန်ကျမ်းမြတ်က မိန့်ထားသည်။ ထို့နောက် လူသားများပြန်လည် သွားရောက်ရမည့် စစ်မှန်သောအိမ်ဖြစ်သော ဂျန္နသ် ခေါ် သုခဘုံ၏ဘာသာစကားမှာလည်း အရဗီဘာသာစကားပင် ဖြစ်သည်။ အလ်သဗ်ရာနီ၏ မုအ်ဂျိမ်ကျမ်း၊ အလ်ဟာကီးမ်၏ မုစ်တဒါစ်ကျမ်းနှင့် အလ်ဗိုင်ဟကီ၏ရှုအ်ဗ်ဗွလ်အီမာန်ကျမ်းပါ စိုက်ယိဒိနာ အဗွဒွလ္လာဟ် အိဗနိအဗ္ဗာစ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို တင်ပြထားသည်မှာ - اَحِبُّوا الْعَرَبَ لِثَلَاثٍ لِاَنِّيْ عَرَبِيٌّ وَالْقُرْاٰنُ عَرَبِيٌّ وَكَلَامُ اَهْلِ الْجَنَّةِ عَرَبِيٌّ အချက် ၃ ချက်ကြောင့် အာရဗ်များကို ချစ်ခင်ပါလေ။ (၁) ငါကိုယ်တော်သည် အာရဗ်လူမျိုးတစ်ဦး ဖြစ်သည်။ (၂) ကုရ်အာန်ကျမ်းတော်မြတ်သည် အရဗီဘာသာနှင့်ဖြစ်သည်။ (၃) သုခဘုံ၏လူများ ပြောဆိုသောဘာသာစကားမှာ အရဗီဘာသာစကား ဖြစ်သည်"ဟူ၍ဖြစ်သည်။ (မုစ်တဒါစ်ကျမ်း၌ ဟကီးမ်က ဤဆင့်ပြန်ချက်ကို ဆွဟီးဟ်ဟု ခေါ်ဆိုသည်။ အလ်ဂျာမိအလ်ဆွဂီးရ်ကျမ်းတွင်လည်း အလားတူ ဤသို့ဆင့်ပြန်ထားသည်။ သို့သော်လည်း ဟဒီးဆ်ပညာရှင်အချို့က ဤသည်မှာအားနည်း၍ မခိုင်လုံဟုပြောကြသည်) အိဗနိသိုင်မိယာဟ်၏အဆိုအရ ဤဟဒီးဆ်တော်ပါ အကြောင်းအရာသည် သက်သေပြပြီးဖြစ်၍ ယင်းကို ဟစန်(သို့မဟုတ်) ကောင်းဟူသည်ထက် လျှော့၍ အဆင့်မသတ်မှတ်နိုင်။ (ဖိုင်ဒ်အလ်ကာဒိရ် ရှရာဟ်အလ်ဂျာမိအလ်ဆွဂီးရ်- စာမျက်နှာ ၁၇၉-အတွဲ-၁)

သဖိစီရ်အလ်ကုရ်သုဒီကျမ်းတွင် တင်ပြထားသည့် ဆင့်ပြန်ချက်တစ်ရပ်တွင် ဂျန္နသ်သုခဘုံရှိ စိုက်ယိဒိနာ အာဒမ်ﷺ၏ဘာသာစကားမှာ အရဗီဘာသာစကားဖြစ်သည်။ ၎င်းကို ကမ္ဘာမြေပြင်ပို့ခဲ့ပြီး ဝန်ချတောင်းပန်မှုကိုလက်ခံပြီးနောက် အရဗီဘာသာစကားတွင် ပြောင်းလဲမှုအချို့ဖြစ်ကာ ဆီးရီးယားဘာသာစကားကို ပေါ်ပေါက်စေခဲ့သည်။

ဤသည်က စိုက်ယိဒိနာအဗွဒွလ္လာဟ်အိဗနိအဗွာစ်ﷺနှင့် အခြားသူများ တင်ပြခဲ့သည့် ဆင့်ပြန်ချက်များကို ထောက်ခံလျက်ရှိသည်။ သူတို့က ပြောသည်မှာ အလ္လာဟ်အရှင်မြတ် ကျမ်းအားလုံး၏ မူလဘာသာစကားမှာ အရဗီဘာသာစကားဖြစ်သည်။ ကောင်းကင်စေတမန်ချုပ် စိုက်ယိဒိနာဂျိဗ်ရာအီးလ် အလ်အမီးန်က တမန်တော်များထံ ဘာသာပြန်ဆိုပို့ပေးကာ တမန်တော်များက ၎င်းတို့၏ အွမ္မသ်ထုထံသို့ ၎င်းတို့ဘာသာစကားဖြင့် ပို့ဆောင်ပေးခဲ့သည်။ ဤဆင့်ပြန်ချက်များကို အလ္လာဟ်မာအလ်စုယူတွိက အလ်အိသ်ကမ်ကျမ်းတွင်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ဋီကာရှင်အများက ဤအာယသ်ကို မှတ်ချက်ပေးရာတွင် တင်ပြထားခဲ့သည်။ ဤတင်ပြချက်များ အကျဉ်းချုပ်မှာ ကျမ်းစာအားလုံး၏ မူရင်းဘာသာစကားမှာ အရဗီဘာသာစကားဖြစ်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်မှအပ အခြားကျမ်းများကို တိုင်းပြည် (သို့မဟုတ်) လူမျိုး၏ဘာသာစကားသို့ ဘာသာပြန်ဆိုပြီးမှ ပေးအပ်ခဲ့သည်။ ထို့ကြောင့် ယင်းကျမ်းများတွင်ပါသော အားလုံး၏အဓိပ္ပာယ်များမှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သည်။ သို့သော်လည်း စကားလုံးများတွင် အပြောင်းအလဲရှိသည်။ ကုရ်အာန်ကျမ်းမြတ်တစ်စောင်တည်းသာလျှင် တုန့်ပြန်မရသောကြံအင် လက္ခဏာရှိသည်။ ကျမ်းပါ အဓိပ္ပာယ်များနှင့် စကားလုံးများမှာလည်း အလ္လာဟ်အရှင်မြတ်ထံတော်မှ ဖြစ်သည်။ ဤသည်ကြောင့် တစ်ကမ္ဘာလုံးတွင်ရှိ ဂျင်နမ်များနှင့် လူသားများ စုပေါင်း၍ ကုရ်အာန်ကျမ်း၏ သေးငယ်သော အာယသ်တစ်ခု (သို့မဟုတ်) သေးငယ်သော စူရတ်တစ်ခုနှင့်တူသည်ကို မပြုလုပ်နိုင်ဟု ကုရ်အာန်ကျမ်းတော်မြတ်က စိန်ခေါ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကျမ်းပါစကားလုံးများနှင့် ယင်းတို့၏ ဆိုလိုရင်းများသည် မြင့်မားသောအဆင့်ရှိသည်။ ယင်းတို့မှာ အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဋိတော်နှင့်ဂုဏ်တော်များဖြစ်ကာ မည်သူတစ်ဦးတစ်ယောက်မျှ တုပမရနိုင်ပါ။ နာမ်ပိုင်းဆိုင်ရာ အနေအထားအရဆိုလျှင် အခြားကျမ်းများသည်လည်း အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဋိတော်များဖြစ်ကြသည်။ သို့သော်လည်း အခြားကျမ်းများသည် ယင်းကဲ့သို့ အခိုင်အမာတစ်ရပ်အဖြစ် မပြောဆိုနိုင်ရခြင်းမှာ ယင်းတို့၏ မူလပုံစံသည် အရဗီဘာသာစကားဖြင့် မဟုတ်ဘဲ ယင်းဘာသာစကားကို ဘာသာပြန်ထားမှုသာဖြစ်သောကြောင့်တည်း။ သို့မဟုတ်ပါက ကုရ်အာန်ကျမ်းတော်မြတ်ကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဋိတော်ဖြစ်ခြင်းအရဆိုလျှင် ကျမ်းတိုင်းမှာ တုန့်ပြန်မရ၍ တုပမရနိုင်ကြောင်းမှာလည်း သေချာသည်။

အရဗီဘာသာစကား ရွေးချယ်မှုအတွက် အဓိကအကြောင်းတစ်ရပ်မှာ ယင်းဘာသာ၏စွမ်းဆောင်မှု ရှိရင်းစွဲရတနာအရ ဆိုလိုရင်းတစ်ခုကို မရေမတွက်နိုင်သည့်ပုံစံများ နည်းလမ်းများဖြင့် ဖော်ပြနိုင်သည်။

နောက်အကြောင်းရှိသေးသည်မှာလည်း အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များကို အရဗီဘာသာစကားအား နှစ်သက်စေခြင်း၊ အံဝင်ခွင်ကျဖြစ်စေခြင်း ဆိုသည်ဖြင့် သဘာဝကျစွာ လက်ဆောင်ပေးထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်းသည် ထိုဘာသာစကားကို လိုအပ်သလို လွယ်ကူစွာ လေ့လာသင်ယူနိုင်သည်။ ဤအကြောင်း ကြောင့် ဆွဟာဗဟ်သာဝကများ ရောက်ခဲ့သည့် နိုင်ငံတိုင်းတွင် အရဗီဘာသာစကားသည် တစ်နိုင်ငံလုံး၏ ဘာသာစကား အတင်းအကြပ်မပြုလုပ်ရဘဲ အချိန်တိုတိုအတွင်း တစ်နိုင်ငံလုံး၏ ဘာသာစကား ဖြစ်သွားခဲ့သည်။ အီဂျစ်၊ ဆီးရီးယားနှင့် အီရတ်နိုင်ငံများကို ကြည့်ပါ။ အရဗီဘာသာစကားမှာ ၎င်းတို့ဘာသာစကား မဟုတ်ချေ။ ယနေ့သူတို့ကို အာရပ်နိုင်ငံများအဖြစ် ခေါ်ကြပါသည်။

ဤထူးခြားသော အဖြစ်အပျက်အတွက် နောက်အခြားအကြောင်းလည်း ရှိသေးသည်။ အာရပ်လူမျိုးများသည် အလွန်ဆိုး ဝါးသော လုပ်ရပ်များတွင် နစ်မွန်းနေကြသော်လည်း ထိုကဲ့သို့သော အခြေအနေမျိုးတွင်ပင်လျှင် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုများ၊ အရည်အချင်းများနှင့် ခံစားချက်များကိုပင်လျှင် နှိုင်းယှဉ်၍ မရဟုပြောနိုင်သည်။ ယင်းတို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အကြီးကျယ်ဆုံးနှင့် နောက်ဆုံး တမန်တော်ကို ထိုသူများထံမှ ပေါ်ထွက်စေခဲ့

ကာ ကိုယ်တော်မြတ်ﷺ ပြောဆိုသည့် ဘာသာစကားကို ကုရ်အာန်ကျမ်းတော်မြတ်၏ဘာသာစကားအဖြစ် ရွေးချယ်သတ်မှတ်ကာ အရှင်မြတ်၏တမန်တော်အား ယင်းအာရုံများကိုသာ ဦးစွာ ပထမလမ်းညွှန်၍ သင်ကြားပြသရန် ကိုယ်တော်မြတ်ﷺအား **وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ** "ၵင်းပြင် အသင်သည် မိမိနီးစပ်သော ဆွေမျိုးသားချင်းကို သတိပေးနှိုးဆော်ပါလေ။ (၂၆း၂၁၄)" ညွှန်ကြားခဲ့လေသည်။ ထို့နောက် အရှင်မြတ်သည် အရှင့်တမန်တော် ပတ်ဝန်းကျင်တွင် ကိုယ်တော်မြတ်ﷺအတွက်ဆိုလျှင် ၎င်းတို့အသက်ဇီဝိန်၊ စည်းစိမ်ဥစ္စာသားသမီးများနှင့် အရာရာတိုင်းကို စွန့်လွှတ်မည့် သူများ၊ တမန်တော်မြတ်ﷺ၏ သင်ကြားပို့ချချက်များကို သူတို့၏ အသက်ထက်ပင် ချစ်မြတ်နိုးသောသူများဖြင့် ပထမအဆင့် စုစည်းထားပေးခဲ့သည်။ ထို့ပြင် ဤလုပ်ဆောင်မှုပုံစံ၏ရလဒ်အရ ၎င်းတို့ကိုယ်ရည်ကိုယ်သွေးသည် ကိုယ်တော်မြတ်နှင့် အတူတကွရှိခြင်းနှင့် သင်ကြားပို့ချခြင်းအားဖြင့် နက်ရှိုင်းစွာ ကိုယ်ရည်ကိုယ်သွေး တောက်ပလာခဲ့သည်။ မိုးကောင်းကင်အောက်ရှိဤကမ္ဘာကြီးတွင် မည်သည့်လူသားမျှစံပြလူ့အဖွဲ့အစည်းတစ်ရပ်ကို တွေ့နိုင်လိမ့်မည်မဟုတ်ချေ။ တမန်တော်မြတ်ﷺသည် ဤတုန်ငြိမရသောအုပ်စုကို ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားပို့ချချက်များဖြန့်ချရန် ဟူသော တာဝန်အပ်နှင်းခဲ့၍ **بَلِّغُوا عَنِّي وَلَوْ آيَةً** "အသင်တို့သည် ကျွန်ုပ်ထံမှ ကြားသိရသည်တိုင်းကို အလွန်တိုတောင်းသော အာယသ်တစ်ခုပင်ဖြစ်စေ ကျွန်ုပ်လူများထံ သယ်ပို့ပေးပါလေ"ဟု မိန့်ထားခဲ့သည်။ အမြဲနီးကြားတက်ကြွ၍ စွန့်စွန့်စားစားရှိသော ကိုယ်တော်မြတ်ﷺ၏ ဆွေဟာဗတ်သာဝကများသည် ၎င်းတို့ဆရာ သခင် ၏ ဤအမိန့်ကို အလွန် အလေးအနက်ထားကာ လူများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ကုရ်အာန်၏ သင်ကြားပို့ချချက်များနှင့် အကျွမ်းတဝင်ဖြစ်စေရန်အတွက် ကမ္ဘာတစ်လွှား ဖြန့်ကျက်သွားလာခဲ့ကြသည်။ တမန်တော်မြတ်ﷺ ဤလောကီမှထွက်ခွာသွားပြီးနောက် နှစ်ပေါင်း ၂၅ နှစ် မပြည့်မီပင် ကုရ်အာန်ကျမ်းတော်မြတ်၏ သတင်းစကားမှာ အရှေ့မှအနောက်တိုင် ဖြတ်လျက် ပဲ့တင်ထပ်စပြုခဲ့သည်။

တစ်ဖက်တွင် အလွှာဟ်အရှင့်ဖန်ဆင်းမှု အသိဉာဏ်နှင့်အရှင်မြတ်၏ ပြဋ္ဌာန်းသတ်မှတ်ချက် အသိဉာဏ်စီမံမှုအရ ဒါအိဝသ်ပေးခံရသည့် အွမ္မသ်တစ်ရပ်လုံး (ဆိုလိုသည်မှာ တမန်တော်မြတ်ﷺ၏ဖိတ်ခေါ်ချက်ဖြင့် ဦးတည်ပြောခံရသူများတွင် မုရ်ရစ်ဂ်များ၊ ဂျူးများနှင့် ခရစ်ယာန်များ ပါဝင်သည်)ထဲတွင် သင်ယူလေ့လာခြင်း၊ သင်ကြားပို့ချခြင်း၊ ရေးသားခြင်းနှင့် စာအုပ်ထုတ်ဝေခြင်း၊ ၎င်းတို့၏ လေးစားဖွယ် အတွေးအခေါ်များ မြှင့်တင်ခြင်းတို့တွင် ထူးခြားသော စွမ်းရည်များနှင့် စိတ်ထားထက်သန်ကြသည်။ ယင်းကဲ့သို့သောအဖြစ်မျိုးကို ကမ္ဘာ၏အတိတ်သမိုင်းတွင် ရှာဖွေမတွေ့ခဲ့ရပါ။ ဤအကြောင်းကြောင့် အာရုံမဟုတ်သည့်နိုင်ငံများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သွတ်တော်၏ စည်းမျဉ်းစည်းကမ်းများနှင့်တကွ အားတက်သရော ရရှိစေသည်သာမက ယင်းအာရုံမဟုတ်သည့် နိုင်ငံများတွင် အရဗီဘာသာစကား၊ ယင်း၏တိုးတက်မှုနှင့်ကျယ်ပြန့်စွာပြန့်ပွားမှုပြုလုပ်ရာတွင် အာရုံများထက် နောက်ကျ မကျန်ရစ်ခဲ့ကြပါ။

ကျွန်ုပ်တို့အချိန်အခါတွင် ကမ္ဘာတစ်ဝန်းတွင် အရဗီဘာသာစကား သုံးနှုန်းမှုနှင့် သဒ္ဒါများပါဝင်သော စာအုပ်များကို အာရုံမဟုတ်သောသူများ ရေးသားခဲ့ကြသည်မှာ အံ့သြဖွယ်အချက်ဖြစ်သည်ကား သေချာသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်များကို စုဆောင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ယင်းတို့ကို အကျယ်ဖွင့်ခြင်းနှင့် ရှင်းလင်းပြသခြင်းအတွက် ၎င်းတို့ထည့်ဝင်ခဲ့သော လုပ်အားများမှာ အာရုံလူမျိုးတွေထက် မည်သို့မျှ မလျော့နည်းခဲ့ချေ။

ထို့ကြောင့် ဤနည်းအရ တမန်တော်မြတ်ﷺ၏ဘာသာစကား၊ ကိုယ်တော်ပေးခဲ့သည့်ကျမ်းတို့မှာ အရဗီဘာသာစကားနှင့်ဖြစ်သော်လည်းတစ်ကမ္ဘာလုံးတွင်လွှမ်းမိုးခဲ့သည်။ဒါအိဝသ်(ဖိတ်ခေါ်ခြင်း)သဒ်လီးဂ်(သတင်းစကားဖြန့်ချိခြင်း)၏ လက်တွေ့ဆိုင်ရာ ရည်ရွယ်ချက်များအားလုံးတွင် အာရုံလူမျိုးဖြစ်ခြင်း၊ မဖြစ်ခြင်းဟူသော ခြားနားချက်

မှာ ပယ်ဖျက်ပြီးဖြစ်သည်။ နိုင်ငံတိုင်းနှင့် လူမှုအသိုင်းဝိုင်းတိုင်း အရဗီဘာသာစကားမပြောသည့် လူမျိုးများတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်၏သင်ကြားပို့ချချက်များကို မိမိတို့လူများထံ ၎င်းတို့ တိုင်းရင်းသား ဘာသာစကားများဖြင့် လွယ်ကူထိရောက်စွာဆက်သွယ်ခဲ့သည့် အိုလမာသာသနာ့ပညာရှင်များပေါ်ထွက်ခဲ့ပါသည်။ ထို့ကြောင့် ဦးတည်ပြောကြားခံရသည့် လူများပြောဆိုသည့် ဘာသာစကားပြောသော တမန်တော်တစ်ပါး စေလွှတ်ခြင်း ဟူသည့် အသိဉာဏ်ကို အမြဲသတိရစေကာ သက်သေပြပြီးဖြစ်သည်။

အာယသ်အဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများပြောဆိုသော ဘာသာစကားဖြင့် ပြောဆိုသော အရှင့်တမန်တော်များကို စေလွှတ်ခြင်းသည် လူအများ သက်သောင့်သက်သာ ဖြစ်စေရန်ဟု မိန့်ထားသည်။ သို့မှသာ ထိုတမန်တော်များသည် လူများကို အရှင်မြတ်၏အမိန့်ပညတ်ချက်များကို ၎င်းတို့အား ရှင်းလင်းစွာနှင့် ကျေနပ်လောက်အောင် ရှင်းပြနိုင်မည်ဖြစ်သည်။ သို့ရာတွင် တစ်စုံတစ်ဦးကို လမ်းမှန်ပေါ်ရောက်ရန်မှာ လူသားထိန်းချုပ်မှုအလွန်တွင်ရှိသည်။အမှန်တရားမှာယင်းကိစ္စသည်အလ္လာဟ်အရှင်တစ်ပါးတည်းသာလျှင်စွမ်းဆောင်နိုင်တော်မူသည်။ အလ္လာဟ်အရှင်အလိုတော်ရှိလျှင် လမ်းလွဲစေ၍ အလ္လာဟ်အရှင် အလိုရှိတော်မူလျှင် လမ်းညွှန်မှု ပေးတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူ၍ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်။

အာယသ် (၅-၈)

وَلَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَآ اَنْ اَخْرِجْ قَوْمَكَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ ۙ وَ
ذَكِّرْهُمْ بِاَيّٰىمِ اللّٰهِ ؕ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ ۝ وَ اِذْ قَالَ مُوْسٰى
لِقَوْمِهِ اذْكُرُوْا نِعْمَةَ اللّٰهِ عَلَيْكُمْ اِذْ اَنْجٰىكُمْ مِّنْ اٰلِ فِرْعَوْنَ يَسُوْمُوْنَكُمْ
سُوْٓءَ الْعَذَابِ وَ يُذَبِّحُوْنَ اَبْنَآءَكُمْ وَ يَسْتَحْيُوْنَ نِسَآءَكُمْ ؕ وَ فِيْ ذٰلِكُمْ
بَلَآءٌ مِّنْ رَّبِّكُمْ عَظِيْمٌ ۝ وَ اِذْ تَاَذَّنَ رَبُّكُمْ لَئِنْ شَكَرْتُمْ لَاَزِيْدَنَّكُمْ وَ
لَئِنْ كَفَرْتُمْ اِنَّ عَذَابِيْ لَشَدِيْدٌ ۝ وَ قَالَ مُوْسٰٓى اِنْ تَكْفُرُوْٓا اَنْتُمْ وَ مَنْ فِي
الْاَرْضِ جَمِيْعًا ۙ فَاِنَّ اللّٰهَ لَغَنِيٌّ حَمِيْدٌ ۝

ထိုမှတစ်ပါး ဇကာန်မလွဲ ငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအား မိမိသက်သေလက္ခဏာတော် များနှင့်တကွ စေလွှတ်တော်မူ(၍ ဤသို့ အမိန့်တော်ထုတ်ပြန်တော်မူ)ခဲ့၏။ အသင်သည် မိမိအမျိုးသားတို့ကို အမှောင်ထုမှအလင်းသို့ ထုတ်ဆောင်ပါလေ။ ထိုမှတစ်ပါး အသင်သည် ယင်းအမျိုးသားတို့အား အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်မူများကို ပြန်လည်၍သတိရစေပါလေ။ ဇကာန်မလွဲ ယင်းကျေးဇူးတော်များတွင် အလွန် ခန္တီတရားထားရှိသူတိုင်း၊ အလွန်ကျေးဇူးတော်ကိုသိတတ်သူတိုင်းအဖို့ သက်သေလက္ခဏာများသည် ရှိကုန်သတည်း။ [၅]

ထင်ပြင် (ပြန်လည်၍ သတိရကြလေကုန်။) တစ်ရံရော အခါ (နဗီတမန်တော်) မူစာသည် မိမိ အမျိုးသားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) အသင်တို့သည် မိမိတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို သတိရကြလေကုန်။ အကြင်အခါဝယ် ထိုအရှင်မြတ်သည် အသင်တို့အား ဖစ်ရ်အောင်န် ၏ အဆွေအရံတို့၏ (ဘေးအန္တရာယ်များ)မှ ကယ်ဆယ်တော်မူခဲ့လေသည်။ ယင်း ဖစ်ရ်အောင်န်၏ အဆွေအရံတို့သည် အသင်တို့၌ ပြင်းထန်လှစွာသော ဘေးအန္တရာယ်များကို သက်ရောက်စေလျက် ရှိခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အသင် တို့၏ သားယောကျ်ား ကလေးများကို သတ်ဖြတ်၍၊ အသင်တို့၏(သမီး) မိန်းကလေးများကိုမူကား အသက်နှင့် ထားလေ့ရှိခဲ့ကြကုန်၏။ အမှန်သော်ကား ထိုတွင် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူ သော အရှင်မြတ်အထံတော်မှ ကြီးကျယ်လှစွာသော စမ်းသပ်မှုသည် ရှိခဲ့ချေသတည်း။ [၆]

ထိုမှတစ်ပါး (ပြန်လည်၍သတိရကြလေကုန်၊) အကြင်အခါဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (အသင်တို့အား)အကယ်၍ "အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ခဲ့ကြလျှင် အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကယ်၍သာ အသင်တို့သည် ကျေးဇူးကန်းခဲ့ကြသည်ရှိသော် ဇကန်မလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် ပြင်းထန်လှကြောင်း သိစေတော်မူလေသတည်း။[၇]

ထို့ပြင် (နဗီတမန်တော်)မူစာသည် (မိမိ အမျိုး သားတို့အား ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) အကယ်၍ အသင်တို့နှင့်တကွ ကမ္ဘာမြေဝယ် ရှိသမျှသောသူ ခပ်သိမ်းတို့သည် ကျေးဇူးကန်းကြပါသော်လည်း (ထိုအရှင် မြတ်၌ တစ်စုံတစ်ရာ ကျိုးယုတ်မှုအလျှင်းမရှိပေ၊အဘယ်ကြောင့်ဆိုသော်)ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသောအရှင်၊ ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။[၈]

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ ပထမအာယသ်(၅)ထဲ၌ အလ္လာဟ်တအာလာသည် စိုက်ယိဒိနာမူစာ ﷺအား သူ၏လူများကို မယုံကြည်သွေဖည်မှုနှင့်မနာခံမှုဆိုသည့် အမှောင်ထုထဲမှ အီမာန်သက်ဝင်ယုံကြည်မှုနှင့် နာခံခြင်းဆိုသည့် အလင်းရောင်ထဲသို့ခေါ်ဆောင်စေရန်အရှင်၏အာယသ်တော်များ(လက္ခဏာတော်များ)တို့နှင့်အတူစေလွှတ်တော်မူခဲ့ကြောင်း ဖော်ပြထားသည်။

ဟုဒ်(အာယသ်)ဆိုသော စကားလုံးသည် သောင်ရဟ်ကျမ်းပါ အာယသ်များကို ဆိုလိုနိုင်ပါသည်။ သောင်ရဟ်ကျမ်းကို ချပေးခြင်း၏ ရည်ရွယ်ချက်သည် အမှန်တရားကို ဖြန့်ဝေရန်ဖြစ်သည်။ "အာယသ်"ကို အချိန်အခါ များစွာတွင် မုအ်ဂျိဇဟ် (သို့မဟုတ်) အံ့ဖွယ်ရာများအဖြစ် သုံးစွဲပါသည်။ ဤနေရာ၌ ဤအဓိပ္ပာယ်လည်း သက်ရောက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်တအာလာက စိုက်ယိဒိနာမူစာ ﷺသီးသန့်ကောင်းချီးပေးထားခဲ့သည့်တန်ခိုးဣဒိဟာကိုးခုအနက်မှ သူ၏တောင်ဝှေးကမ္ဘေနဂါးဖြစ်သွားခြင်းနှင့် သူ၏လက်မှလင်းဝင်းတောက်ပလာခြင်းဆိုသည်

များကို ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် ဖော်ပြထားပါသည်။ အကယ်၍ "အာယသ်"ကို အံ့ဖွယ်ရာ မုအ်ဂျိဇ်အဖြစ် မှတ်ယူခဲ့ပါက စိုက်ယိဒိနာမူစာ ﷺ အား ထိုကဲ့သို့သော အံ့ဖွယ်ရာ မုအ်ဂျိဇ်တို့နှင့် စေလွှတ်ခဲ့သော ကြောင့် အသိဉာဏ်ရှိသော မည်သည့်လူသားတစ်ဦးမဆို ယင်းတို့ကို တစ်ကြိမ် တစ်ခါမြင်လိုက်ရရုံမျှဖြင့် သူတွင် ယခင်ကရှိခဲ့သော ငြင်းပယ်မှုနှင့်မနာခံမှုတို့ကို ဖက်တွယ်နိုင်စွမ်းရှိနိုင်တော့မည်မဟုတ်ဟု အာယသ်တော်က ဆိုလိုသည်။

နှုတ်သိမ်မွေ့သည့်အချက်တစ်ခု

ဤအာယသ်ထဲတွင် သုံးစွဲထားသောစကားလုံးမှာ **قَوم** (ကောင်မ်)ဖြစ်သော်လည်း စိုက်ယိဒိနာမူစာ ﷺ အား သူ၏လူများကို အမှောင်ထုမှအလင်းဆီသို့ ခေါ်ဆောင်ရန်မိန့်ထားသည်ကို သတိပြုမိပါလိမ့်မည်။ သို့ရာတွင် ဤအကြောင်းအရာကိုပင် ဤစူရဟ်၏ပထမအာယသ်ထဲ၌ ဖော်ပြကာ တမန်တော်မြတ် ﷺ အား ဦးတည်ပြောကြားရာ တွင် **قوم** (ကောင်မ်)ဟူသော စကားလုံးကို မသုံးစွဲထားပါ။ ထိုစကားလုံးအစား **اَلنَّاسُ** (အန်နာစ်)ဟူသော စကား လုံးကို သုံးစွဲကာ **اَخْرِجْ قَوْمَكَ مِنَ الظُّلُمٰتِ اِلَى النُّوْرِ** "အသင်သည် လူသားအားလုံးတို့ကို ၎င်းတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်၏အမိန့်တော်နှင့် အမှောင်ထုမှအလင်းသို့ ထုတ်ဆောင်အံ့သောငှာ"ဟူ၍ မိန့်ထားသည်။ ဤနေရာမှရည်ညွှန်းသည်မှာ စိုက်ယိဒိနာမူစာ ﷺ တမန်တော်တစ်ပါးအနေဖြင့် အလ္လာဟ်အရှင်၏ ခန့်အပ်ခြင်းသည် သူ၏လူများဖြစ်သော ဗနီအစ္စရာအီးလ်မျိုးနွယ်စုများနှင့် အီဂျစ်ပြည်ရှိ အခြားသောသူများအတွက်သာ ဖြစ်သော်လည်း တမန်တော်မြတ် ﷺ ပွင့်ပေါ်တော်မူခြင်းမှာမူ ကမ္ဘာတစ်ခုလုံးရှိ လူသားထုတစ်ရပ်လုံးအတွက်ဖြစ်ပါသည်။

ထို့နောက် **وَ ذَكِّرْهُمْ بِاَيّٰىمِ اللّٰهِ** "ထိုမှတစ်ပါး အသင်သည် ယင်းအမျိုးအစားတို့အား အလ္လာဟ်အရှင်မြတ်၏ နေ့များကို ပြန်လည်သတိရပါ လေ" ဟူ၍မိန့်ထားသည်။

အလ္လာဟ်အရှင်မြတ်၏နေ့များ

اَيّٰىمِ (အိုင်ယမ်)ဟူသော စကားလုံးသည် **يَوْم** ယောင်မ်(နေ့)ဟူသောစကားလုံး၏ ဗဟုဝုစ်ကိန်းဖြစ်ကြောင်း အများသိပြီး ဖြစ်ပါသည်။ **اَيّٰىمِ اللّٰهِ** (အိုင်ယမ်မုလ္လာဟ်)ဟူသော အသုံးအနှုန်းကို အဓိပ္ပာယ်နှစ်မျိုးစလုံးဖြင့် သုံးစွဲထား ကာ၊ ဤနေရာ၌ အဓိပ္ပာယ်နှစ်မျိုးစလုံးကိုပင် ရည်ညွှန်းနိုင်ပါသည်။ (၁) ပထမအနေဖြင့် အချို့သော စစ်ဖြစ်ပွားမှု (သို့ မဟုတ်) တော်လှန်ပုန်ကန်မှုတို့ဖြစ်ခဲ့သော သီးသန့်ရက်များကို ဖော်ညွှန်းနိုင်ပါသည်။ ပမာဆိုသော် ဗဒရ်၊ အုဟုဒ်၊ အဟ်စဗ်၊ ဟုနိုင်းစစ်ပွဲများနှင့် ဤကဲ့သို့သဘောသဘာဝရှိသော အခြားသော အဖြစ်အပျက်များတို့ဖြစ်ပါသည်။ သို့ မဟုတ်ပါက ကြီးကျယ်ခမ်းနားပြီး စွမ်းအားကြီးမားလှသော တိုင်းပြည်များနှင့် လူမျိုးများအား စိစိညက်ညက်ချေမှုန်းခြင်း (သို့မဟုတ်) ဖျက်ဆီးပစ်ခြင်းဆိုသည့် ပြစ်ဒဏ်ခတ်သည့်အဖြစ်အပျက်များ၊ လွန်လေပြီးသော အွမ္မသ်ထုအပေါ်သို့ ကျရောက်ခဲ့သည့်နေ့များကို ရည်ညွှန်းပါသည်။ သို့ဆိုပါလျှင် ဤလူများအား "အလ္လာဟ်အရှင်၏နေ့များ" အကြောင်း သတိပေးခြင်း၏ ရည်ရွယ်ချက်မှာ သူတို့၏ မယုံကြည်သွေဖည်မှုကြောင့် ဆိုးဝါးသောအဆုံးသတ်မှုကို ထိုသူတို့အား သတိပေးရန် ဖြစ်နိုင်ပါသည်။

(၂) ထိုသူများအား "အလ္လာဟ်အရှင်၏နေ့များ" သတိရစေသည်ထဲ၌ အခြားသော အဓိပ္ပာယ်တစ်ခုလည်း ရှိပါ သေးသည်။ ဆိုလိုသည်မှာ အလ္လာဟ်တအာလာ၏ကောင်းချီးများနှင့် ကျေးဇူးတော်များပင် ဖြစ်ပါသည်။ ဤနေရာ၌ ထိုသူများအား ဤရက်များအကြောင်းသတိရစေခြင်းဆိုသည်မှာ၊ အပြုသဘောဖြင့် သတိပေးသည့်ပုံစံဖြစ်သွားပါသည်။ အခြေခံအားဖြင့် ကောင်းမွန်သော သူတစ်ဦးအား သူ၏ကျေးဇူးရှင်၏ ကျေးဇူးအကြောင်းကို ဤနည်းဖြင့် ပြောဆိုပါက သူသည် သူ၏ ရန်လိုမှုနှင့် မနာခံမှုအတွက် အရှက်ရသွား စေပါလိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ပြုပြင်ပြောင်းလဲမှုတစ်ခုအတွက် ယျေဘုယျပုံစံမှာ ပေးထားသည့် အမိန့် တစ်ခုအား ယင်းအမိန့်ကို လုပ်ဆောင်ရန် ထင်ရှားသောနည်းလမ်းများဖြင့် ယှဉ်တွဲထားခြင်းက အမိန့်နှင့်လုပ်ဆောင်မှုတို့သည် တစ်ထပ်တည်း ဖြစ်သွားကြပါလိမ့်မည်။ ဤပထမဝါကျထဲ၌ စိုက်ယိဒိနာမုစာ ﷺအား အလ္လာဟ်အရှင်မြတ် အာယသ်တော်ကို ဖတ်ရွတ်သရဇ္ဈာယ်ပြီး(သို့မဟုတ်) အံ့ဖွယ်ရာမုအ်ဂျိဇဟ်များပြသပြီး သူ၏လူများအား မယုံကြည် သွေဖည်မှု အမှောင်ထုထဲမှ အီမာန်အလင်းရောင်ဘက်ဆီသို့ ခေါ်ဆောင်လာရန် အမိန့်ပေးထားပါသည်။ ယင်းလုပ်ရပ်အား မည်ကဲ့သို့ လုပ်ဆောင်ရပါမည်နည်း။ မနာခံသောသူများအား လမ်းမှန်ပေါ်သို့ ရောက်စေရန် နည်းလမ်းနှစ်ချက်ရှိသည် ဆိုကြောင်း နောက်စာကြောင်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။ (၁) ၎င်းတို့၏ နလုံးသားများထဲသို့ ပြစ်ဒဏ်ခတ် ခံရမှုကို ကြောက်ရွံ့စေသည့် ကြောက်စိတ်များကို သူတို့၏နလုံးသားများထဲသို့ ထည့်သွင်းပေးခြင်းနှင့် (၂) အလ္လာဟ် အရှင်မြတ်၏ကောင်းချီးများနှင့် ကျေးဇူးတော်များကို ၎င်းတို့ပြန်လည်သတိရစေပြီး အလ္လာဟ်အရှင်မြတ် အား နာခံရန် ၎င်းတို့အား ဖျောင်းဖျနိုင်ပါသည်။ وَ ذَكِّرْهُمْ بِاَيّٰىمِ اللّٰهِ "ထိုမှတစ်ပါး အသင်သည် ယင်းအမျိုးသားတို့အား အလ္လာဟ် အရှင်မြတ်၏ပြစ်ဒဏ်များ၊ ကျေးဇူးတို့(ဖြင့်) အလ္လာဟ်အရှင်မြတ်၏နေ့များကို ပြန်လည်သတိရပါလေ"ဆိုသောဝါကျက အဓိပ္ပာယ်နှစ်မျိုးစလုံး သက်ရောက်စေနိုင်ပါသည်။ သို့ဆိုပါလျှင် အဓိပ္ပာယ်မှာ တမန်တော်မြတ် ﷺ သည် ထိုသူများအား လွန်လေပြီးသော အွမ္မသ်ထုထဲမှ တမန်တော်မြတ် ﷺသည် ထိုသူများအား လွန်လေပြီးသော အွမ္မသ်ထုထဲမှ မနာခံသူများ၏ ဆိုးရွားသောကံကြမ္မာများအကြောင်း၊ ပြစ်ဒဏ်ခတ်မှု သူတို့အပေါ်၌ မည်ကဲ့သို့ ကျရောက်ခဲ့သည်ဆိုသည့် အကြောင်းနှင့် ဂျိဟားဒ်စစ်ပွဲတွင် ၎င်းတို့မည်ကဲ့သို့သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်ဆိုသည့်အကြောင်း(သို့မဟုတ်) ဂုဏ်သိက္ခာ မည်ကဲ့သို့မဲ့သွားစေရသည်ဆိုသည့်အကြောင်းများကို ပြောပြသင့်သည်ဟူ၍ ဆိုလိုပါလိမ့်မည်။ ထိုကဲ့သို့ သတိပေးခြင်းအားဖြင့် သူတို့သင်ခန်းစာရယူကာ ပြစ်ဒဏ်ခတ်မှုမှ ကာကွယ်သွားနိုင်ပါလိမ့်မည်။ ပြစ်ဒဏ်ခတ်မှုကဲ့သို့ပင် အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်အတိုင်း များစွာသော ကောင်းချီးများသည် ၎င်းတို့အပေါ်၌ နေ့ရောညပါ ကျရောက်နေခဲ့ပါသည်။ ၎င်းပြင် ၎င်းတို့လိုအပ်နေသောအချိန်၌ အထူးကောင်းချီးများလည်း ၎င်းတို့ အပေါ်၌ ကျရောက်ခဲ့ပါသည်။ ပမာဆိုသော် သီးဟ်(ဆိုင်နိုင်သဲကန္တာရ)လွင်တီးခေါင်ပြင်၌ ၎င်းတို့အပေါ်သို့ အရိပ်ရစေရန်အတွက် မိုးတိမ်များဖြစ်ထွန်းစေခြင်း၊ အစားအစာအနေဖြင့် မန္နနှင့်စလ်ဝါများ ကျရောက်စေခြင်း၊ ၎င်းတို့ လိုအပ်နေသောရေများကို ကျောက်တုံးများထဲမှ စမ်းချောင်းများပေါ်ထွက်လာစေခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် ထိုသူများအား ဤသည်များနှင့် ဤသဘော သဘာဝရှိသော အခြားသော မြောက်မြားစွာသော ကောင်းချီးတို့အကြောင်းကို ပြန်လည်သတိရစေကာ အလ္လာဟ် တစ်ပါးတည်းရှိကြောင်း ယုံကြည်ရန်၊ အလ္လာဟ်တအာလာ့အား နာခံခြင်းဆီသို့ ဖိတ်ခေါ်နိုင်ပါသည်။

ပထမအာယသ်(၅)၏ နောက်ဆုံးဝါကျထဲ၌ اِنَّ فِىْ ذٰلِكَ لَاٰيٰتٍ لِّكُلِّ صَبَّارٍ شَكُوْرٍ "မလွဲမေကန် ယင်းကျေးဇူးတော်များတွင် အလွန်ခန္ဓိတရား ထားရှိသူတိုင်း၊ အလွန်ကျေးဇူးတော်ကို သိတတ်သူတိုင်းအဖို့ သက်သေလက္ခဏာများသည် ရှိကုန်သတည်း။" ဟူ၍မိန့်ထားသည်။ ဤနေရာပါ အာယသ်ဟူသည်က လက္ခဏာများနှင့် သက်သေပြချက်များဟု ဆိုလိုပါသည်။ صَبَّارٍ (စွပ်ဗရ်)ဟူသော စကားလုံးသည် صبر (စွဗရ်) ဟူသော စကားလုံးမှ အကျယ်ချဲ့ထွင်ထားသည့်ပုံစံမျိုးဖြစ်ပါသည်။ ယင်းက အလွန်သည်းခံပြီး များစွာကြုံကြုံခံနိုင်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ شَكُوْرٍ (ယ်ကူး်ရ်)ဟူသော စကားလုံးသည် شكر (ယ်ဿတ်)ဟူသော စကားလုံးမှ ချဲ့ထွင်ထားသည့်ပုံစံဖြစ်ကာ အလွန်ကျေးဇူးတင်ရှိသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဝါကျက ဆိုလိုသည်မှာ "အတိတ်၏အဖြစ်အပျက်များ ဟူသော အလ္လာဟ်အရှင်မြတ်၏ နေ့များဟူသည်ကား အမှန်တရားကို ငြင်းပယ်သောသူများအပေါ်၌ ပြစ်ဒဏ်ကျရောက်သည့် အကြောင်းနှင့် ပတ်သက်၍လည်းကောင်း အထူးသဖြင့် ကျေးဇူးတော်ကိုသိတတ်ကာ သာပို၍ သူများအပေါ်၌ ကောင်း

ချီးများနှင့် ကျေးဇူးတော်များကျရောက်ကာ ယင်းဖြစ်ရပ်များထဲတွင် အလ္လာဟ်တအာလာ၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် ဉာဏ်တော်များအတွက် လက္ခဏာများနှင့် သက်သေပြချက်များဖြင့် ပြည့်နှက်နေပါသည်"ဟူ၍ ဖြစ်သည်။

အဓိပ္ပာယ်မှာ ဤထင်ရှားသော လက္ခဏာများနှင့် သက်သေပြချက်များသည် ဂရုပြုလေ့လာသူတိုင်းအတွက် လမ်းညွှန်မှုဖြစ်သော်လည်း ဤသည်တို့ကို တွေးတောဆင်ခြင်ရန် ဂရုမပြုသည့် မယုံကြည်သွေဖည်သူများအတွက်မှာမူ မုချဇကာန် ကံဆိုးကြပါသည်။ ရလဒ်မှာ ထိုသူများသည် ထိုသက်သေလက္ခဏာများမှ ရရှိမည့်အကျိုးများ လက်မဲ့ဖြစ်သွားပါတော့သည်။ ဤလက္ခဏာများနှင့် သက်သေပြချက်တို့မှ အမှန်တစ်ကယ် အကျိုးခံစားရသူများမှာ၊ သူတို့ကို သူတို့အကောင်းဆုံးသည်းခံခြင်းနှင့် ကျေးဇူးတင်ခြင်းတို့ ပေါင်းစပ်ထားသောသူများ ဖြစ်ကြပါသည်။ ဤသည်က စစ်မှန်သော သက်ဝင်ယုံကြည်သူများကို ရည်ညွှန်းပါသည်။ ယင်းနှင့်ပတ်သက်၍ အလ်ဗိုင်ဟကီကျမ်းပါ စိုက်ယိဒိနာ အနာစ ﷺ၏ ဆင့်ပြန်ချက်တစ်ခုကို ဖော်ပြထားသည်ထဲ၌ တမန်တော်မြတ်ﷺက မိန့်သည်မှာ "အီမာန်တွင် နှစ်ပိုင်းရှိပါ သည် ပထမတစ်ပိုင်းသည် သည်းခံခြင်းဖြစ်ပြီး အခြားတစ်ပိုင်းမှာ ကျေးဇူးတင်ရှိခြင်း ဖြစ်ပါသည်"ဟူ၍ ဖြစ်သည်။ (မဇ်ဟီရီ)

စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗနိမတ်စ်အုဒ်ﷺသခင်က ပြောသည်မှာ "ဆွဗရ်သည် အီမာန်၏တစ်ဝက် ဖြစ်ပါသည်"ဟူ၍ ဖြစ်သည်။ ဆွဟီးမုစ်လင်မ်ကျမ်းနှင့် အဟ်မတ်၏မုစ်နဒ်ကျမ်းပါ စိုက်ယိဒိနာရှီဟိုက်ဗ်၏ ဆင့်ပြန်ချက်တစ်ခုအပေါ် အခြေခံ၍ တင်ပြထားသည်ထဲ၌ တမန်တော်မြတ်ﷺသခင်က မိန့်ကြားသည်မှာ "စစ်မှန်သော သက်ဝင်ယုံကြည်သူတစ်ဦး၏ကိစ္စတိုင်းသည် အကောင်းချည်းသာဖြစ်ကြပါသည်။"ဤကဲ့သို့သော ဘဝ၏အရည်အသွေးမျိုးဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကောင်းချီးမပေးခဲ့ပါ။ ဤကဲ့သို့ ဖြစ်ရသည်မှာ သက်ဝင်ယုံကြည်သူတစ်ဦးသည် သူ့တွင် စည်းစိမ်ချမ်းသာရှိမှု၊ ကောင်းချီး၊ ဂုဏ်ပကာသနနှင့် ထင်ပေါ်ကျော်ကြားမှုများ ရရှိပါက ဤသည်တို့အတွက် အလ္လာဟ်အရှင်မြတ်အား သူ၏ကျေးဇူးတင်မှုကို ပြသပါသည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် သူ့အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာတို့အတွက် ကောင်းစေသော အရင်းအမြစ် ဖြစ်သွားစေပါသည်။ (ဤလောကီ လောကတွင် အလ္လာဟ်အရှင် ကတိထားတော်မူသည့် ကောင်းချီးတိုးပွားလာကာ တည်မြဲစေပါသည်။ နောင်တမလွန် ဘဝတွင်လည်း သူ/သူမ၏ ကျေးဇူးသိတတ်မှုအတွက် အကြီးမားဆုံးသော ဆုလာဘ်များ ရစေပါသည်။) အကယ်၍ စစ်မှန်သော သက်ဝင်ယုံကြည်သူတစ်ဦးသည်၊ ဒုက္ခဖြစ်မှု(သို့မဟုတ်) အခက်အခဲများ ကြုံတွေ့ရပါက သူသည် ထိုသည်တို့အတွက် သည်းခံမှု ဆောက်တည်ပါသည်။ သူ၏သည်းခံမှုကြောင့် အခက်အခဲများသည် သူ့အတွက် လွယ်ကူစေခြင်းနှင့် သက်သာချောင်ချိမှုဖြစ်သွားပါတော့သည်။ဤလက်ရှိကမ္ဘာ၌သည်းခံသောသူများသည်အလ္လာဟ်အရှင်နှင့်အတူတကွ ရှိနေခြင်းဟူသော ကောင်းချီးပေးခံရသည်ဆိုကြောင်း ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **إِنَّ اللَّهَ مَعَ الصَّٰبِرِينَ** "ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သည်းခံသူတို့နှင့် အတူရှိတော်မူပေသတည်း (၈း၄၆)ဟူ၍ မိန့်ထားသည်။ အလ္လာဟ်အရှင်နှင့်အတူ ရှိနေသောသူ မည်သူမဆို သူ၏အခက်အခဲများသည် ကိုယ်စိတ်ချမ်းသာမှုအဖြစ်သို့ ပြောင်းလဲသွားသည်ကို အဆုံးတွင် တွေ့ရှိရပါလိမ့်မည်။ ကျွန်ုပ်တို့ သိရှိရသည်မှာ သည်းခံသောသူများအတွက် နောင် တမလွန်ဘဝတွင် အကန့်အသတ်မရှိ၊ အလွန်ကြီးကျယ်သော ဆုလာဘ်များ အလ္လာဟ်အရှင်မြတ်နှင့်အတူ ရှိနေသည် ဆိုကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **إِنَّمَا يُوَفَّى الصَّٰبِرُونَ أَجْرَهُم بِغَيْرِ حِسَابٍ** "စွဲမြဲကြံ့ခိုင်စွာ ရှိကြသောသူတို့သည်သာလျှင် မိမိတို့၏ အကျိုးကို အသရေ၌ အသချေ်ာပေး ဆပ်ခြင်းခံကြရပေမည်။ (၃၉း၁၀)ဟူ၍ မိန့်ထားသည်။

အချုပ်ဆိုရသော် စစ်မှန်သော သက်ဝင်ယုံကြည်သူတစ်ဦးအတွက် မည်သည့်အခြေအနေကိုမျှ မကောင်းဟု မခေါ်ဆိုနိုင်ပါ။ တစ်လျှောက်လုံး အကောင်းသည်သာဖြစ်ပါသည်။ လဲကျသွားပါကလည်း သူပြန်ထပါလိမ့်မည်။ ၎င်းနောက် သူ့အပေါ် အခက်အခဲများ ကျရောက်ခဲ့ပါလည်း သူသည် ပိုမိုကြံ့ခိုင်ပြီး ပိုမိုထွန်းတောက်သူအဖြစ် ထွက်ပေါ်လာ

ပါလိမ့်မည်။

ထို့ကြောင့် အီမာန်ဆိုသည်မှာ အဖိုးမဖြတ်နိုင်သော အကျိုးဖြစ်ထွန်းစေသည့် အရာဖြစ်ကာ ခက်ခဲမှု၏ ထိတ်လန့်ဖွယ်ရာများကိုပင် သက်သောင့်သက်သာအဖြစ်သို့ ပြောင်းလဲသွားစေပါသည်။ စိုက်ယိဒိနာ အဗူအလ်ဒရ်ဒဟ်ﷺက တမန်တော်မြတ်ﷺမိန့်ကြားသည်ကို သူကြားသိခဲ့ရသည်မှာ "အလ္လာတအာလာက စိုက်ယိဒိနာအီစာﷺအား မိန့်သည်မှာ အသင်မရှိသည့်နောက်တွင် ကျွန်ုပ်သည် အွမ္မသ်တစ်ခုကို ဖန်ဆင်းတော်မူမည်။ ယင်းအွမ္မသ်ထုသည် ၎င်းတို့၏ ဆန္ဒအတိုင်း ကိစ္စရပ်များဖြစ်သွားပါက သူတို့သည် ကျေးဇူးတင်ရှိကြပါလိမ့်မည်။ ၎င်းနောက် ယင်းတို့၏ ဆန္ဒများနှင့် ဆန့်ကျင်ကာ မနှစ်မြို့ဖွယ်ရာအခြေအနေများနှင့်ရင်ဆိုင်ပါက ယင်းသည်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှ ဆုလာဘ်ရစေသည့်အရင်းအမြစ်တစ်ခုဟုလက်ခံကာ သည်းခံမှုကိုဆောက်တည်ကြပါလိမ့်မည်။ ထိုသူများ ထုတ်ဖော်ပြသသော အသိဉာဏ်နှင့်သည်းခံမှုတို့သည် ကိုယ်ပိုင်အသိဉာဏ်နှင့်သည်းခံမှုမဟုတ်မူဘဲ ငါအရှင် သူတို့အား ပေးသနားတော်မူမည့် ငါအရှင်မြတ်၏ အသိဉာဏ်နှင့် သည်းခံမှု တစ်စိတ်တစ်ဒေသသာဖြစ်ပါသည်"ဟူ၍ဖြစ်သည်။ (မဇ်ဟရီ)

အမှန်တကယ် ကျေးဇူးတင်ရှိခြင်း(ရွှက်ခ်)၏ အနှစ်သာရမှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်ပေးသနားတော်မူသော ကောင်းချီးများကို ခွင့်မပြုသော ဟရာမ်ကိစ္စရပ်များ၌မသုံးဘဲ အလ္လာဟ်အရှင်အား မနာခံခြင်းအမှုလည်း မပြုလုပ်ရပါ။ တစ်စုံတစ်ဦးသည် ကျေးဇူးတင်ရှိကြောင်းကို ပြောဆို၍လည်း ပြသရမည်။ ၎င်းပြင် သူ၏လုပ်ရပ်များအား အလ္လာဟ်အရှင်သဘောတူသည့် အနေအထားတိုင်း ပုံစံပြုလုပ်ဆောင်ရပါမည်။

စစ်မှန်သော သည်းခံခြင်း(ဆွဗရ်)၏ အနှစ်သာရမှာ တစ်စုံတစ်ဦးသည် သူ၏ဆန္ဒများအရသာ၊ စိတ်ကူးတို့နှင့် ဆန့်ကျင်စွာ ဖြစ်သွားမည်ကို စိတ်မပူသင့်ပါ။ ၎င်းနောက် ပြောဆိုရာနှင့် လုပ်ဆောင်မှုတွင် ကျေးဇူးကန်းမှုများ မပါဝင်ရပါ။ ထို့နောက် ဤကမ္ဘာလောကမှာတွင်လည်း အလ္လာဟ်အရှင်မြတ်၏ အသနားတော်အတွက် အမြဲမက်ထားရပါမည်။ နောင်တမလွန်ဘဝအတွက် သည်းခံခြင်းအတွက်ရရှိမည့် ကြီးမားသောဆုလာဘ်များကိုလည်း မက်ထားရပါမည်။

ဒုတိယအာယသ်(၆)ထဲ၌ အစောပိုင်းက မိန့်ထားခဲ့သည်များ၏ အသေးစိတ်များ ပါဝင်ပါသည်။ ယင်းမှာ စိုက်ယိဒိနာမူစာﷺအား သူ၏လူများဖြစ်သော ဗနီအစ္စရာအီလ်တို့အား ၎င်းတို့ဘဝကို ပြောင်းလဲစေခဲ့သော အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးများအကြောင်းကို ပြန်လည်သတိရစေရန် ယင်းတို့အား အသိပေးပြောကြားစေရန် အမိန့်ပေးပြောကြားခဲ့သည်၊ စိုက်ယိဒိနာမူစာﷺ မတိုင်မီအလျင်က ၎င်းတို့သည် ဖေရိဘုရင်၏ ကျွန်များဘဝတွင် ရှိနေခဲ့ကြပါသည်။ ကျွန်ဘဝတွင် သူတို့သည် လူသားအဖြစ် ဆက်ဆံခြင်း မခံရပါ။ ထိုသူများတွင် သားယောကျ်ားမွေးဖွားပါက မွေးလျှင်မွေးချင်း အသတ်ခံရပါသည်။ သမီးအဖြစ် မွေးဖွားသော ကလေးများကိုသာ အလုပ်အကျွေးပြုသူများအဖြစ် ခိုင်းစေရန်အတွက် အသက်ရှင်ခွင့်ရပါသည်။ စိုက်ယိဒိနာမူစာﷺ ပွင့်ပြိုးသည့်နောက် သူ၏ဗရ်ကသ်အရ အလ္လာဟ်တအာလာသည် ထိုသူများအား ဖေရိဘုရင်၏ ရက်စက်ကြမ်းကြုတ်မှုများမှ ကယ်တင်ခဲ့ပါသည်။

ကျေးဇူးသိတတ်ခြင်းနှင့် ကျေးဇူးမသိတတ်ခြင်းတို့၏ရလဒ်

တတိယအာယသ်တော်(၇)ထဲ၌ **وَإِذْ تَأَذَّنَ رَبُّكُمْ لَئِن شَكَرْتُمْ لَأَزِيدَنَّكُمْ وَلَئِن كَفَرْتُمْ إِنَّ عَذَابِي لَشَدِيدٌ** ထိုမှတစ်ပါး (ပြန်လည်၍သတိရကြလေကုန်) အကြောင်အခါဝယ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် (အသင်တို့အား) အကယ်၍ အသင်တို့သည် ကျေးဇူးတော်ကိုသိတတ်ခဲ့ကြလျှင် အမှန်ပင် ငါအရှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကယ်၍ အသင်တို့သည် ကျေးဇူးကန်းခဲ့ကြသည်ရှိသော် ဇကန်မလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည် ပြင်းထန်လှကြောင်း သိစေတော်မူလေ

သတည်း" (၁၄း၇)ဟူ၍ မိန့်ထားသည်။ تَأَذَّنَ (သအဇ္ဇန)ဟူသောစကားလုံးအား အသိပေးခြင်း (သို့မဟုတ်) ကြေညာခြင်းဟူသော အဓိပ္ပာယ်အဖြစ် သုံးစွဲထားပါသည်။ အာယသ်တော်က ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် အားလုံးကြားသိစေရန် ကြေညာခဲ့သည်မှာ "အကယ်၍သာ အသင်တို့သည် ငါအရှင်မြတ်၏ ကောင်းချီးများကို ကျေးဇူးတင်ရှိပါက ငါအရှင်အား မနာခံသော လုပ်ရပ်များနှင့် တားမြစ်ထားသည့်အရာများအား လုပ်ဆောင်ခြင်းဖြင့် ထိုကောင်းချီးများ မဖြန်းတီးပါနှင့်။ အသင်တို့၏ လုပ်ရပ်များအား ငါအရှင် ကျေနပ်နှစ်သိမ့်စေသည့် ပုံစံဖြင့် ကြိုးစားလုပ်ဆောင်ပါက အသင်တို့အတွက် ဤတိုးပွားမှုဆိုသည်မှာ ကောင်းချီးများအား အရေအတွက်နှင့် ပမာဏတိုးပွားခြင်းတို့ ဖြစ်နိုင်ပါသည်။ သို့မဟုတ်ပါမူ ကောင်းချီးများ အဆက်မပြတ်နှင့် အမြဲတစေ ကျရောက်စေခြင်းဟူ၍လည်း ဖြစ်နိုင်ပါသည်။ တမန်တော်မြတ်ﷺက မိန့်သည်မှာ "လူတစ်ဦးအား ကျေးဇူးသိတတ်မှု "သောင်ဖိုက်"ဖြင့် ကောင်းချီးပေးခံရပါက သူသည် ဘယ်သောအခါမျှ ဗရကသ်နှင့် ကောင်းချီးများတိုးပွားခြင်းတို့ လက်မဲ့ဖြစ်စေလိမ့်မည်မဟုတ်ပါ"ဟူ၍ ဖြစ်သည်။ (အိဗနိအဗ္ဗာစ်မှတစ်ဆင့် အိဗနိမာနူဝါးစ် တင်ပြချက်-မဇိဟီရီ)

ထို့နောက် မိန့်ထားသည်မှာ "အကယ်၍ အသင်တို့သည် ငါအရှင်၏ကောင်းချီးများကို ကျေးဇူးမသိတတ်ပါက ငါ၏ ပြစ်ဒဏ်ခတ်မှုသည်လည်း ပြင်းထန်လှပါသည်"ဟူ၍ဖြစ်သည်။ ကျေးဇူးမသိတတ်မှု၏ စုပေါင်းရလဒ်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်ပေးသနားသော ကောင်းချီးတို့အား အရှင့်အား မနာခံသည့်လုပ်ရပ်များနှင့် ခွင့်မပြုသည့် ကိစ္စရပ်များတွင် သုံးဖြုန်းပစ်လိုက်ခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက သူ သူမတို့အား မပြုမနေရတာဝန်ဟု သတ်မှတ်ထားသည်တို့ကို ဖြည့်ဆည်းရာ၌ နှေးကွေးတုံ့ဆိုင်းခြင်းတို့ဖြစ်ပါတော့သည်။ လက်ရှိ ကမ္ဘာတွင် ကောင်းချီးများအား ကျေးဇူးမသိတတ်ခြင်းအတွက် ပြင်းထန်သော ပြစ်ဒဏ်ခတ်မှုဆိုသည်မှာ ဤကောင်းချီးများအား ရုတ်တရက် ရုပ်သိမ်းပစ်လိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ်ပါက တစ်စုံတစ်ဦးသည် မနှစ်မြို့ဖွယ်ရာ အခြေအနေသို့ ကျရောက်သွားကာ၊ ထိုကောင်းချီးများအား မသုံးစွဲနိုင်စေရန် ဖြစ်သွားကာ နောင်တမလွန် ဘဝအတွက်လည်း သူ့အားပြစ်ဒဏ်ခတ်မှု စောင့်ကြိုနေသည်ကိုလည်း တွေ့ရှိရပေမည်။

ဤအာယသ်ထဲ၌ ကောင်းသော အစားပေးမှု၊ ကောင်းချီးများနှင့် ဆုလာဘ်များအား တိုးပွားစေခြင်းဟူသော အလ္လာဟ်အရှင်၏ကတိတော်ကို ဤအာယသ်တော်ထဲ၌ပါရှိကြောင်း သတိမူသင့်ပါသည်။ ယင်းကတိတော်ကိုလည်း لَأَزِيدَنَّكُمْ မှ၍ ငါအရှင်မြတ်သည် အသင်တို့အား တိုး၍ ချီးမြှင့် ပေးသနားတော်မူအံ့ ဟူ၍ ပြတ်ပြတ်သား မိန့်ထားပါသည်။ ဤသည်ကို ဆန့်ကျင်ကာ ကျေးဇူးမတင်ရှိမှုအတွက် لَأُعَذِّبَنَّكُمْ "သို့ရာတွင် အကယ်၍အသင်တို့သည်ကျေးဇူးကန်းခဲ့ကြလျှင် မလွဲဧကန် ငါအရှင်မြတ်၏ပြစ်ဒဏ်သည် အမှန်ပင် ပြင်းထန်လှ၏" ဟူ၍မိန့်ထားသည်။ ဤနေရာ၌ "မည်သူထံသို့မဆိုကျရောက်သောငါအရှင်၏ပြစ်ဒဏ်ခတ်မှုသည်လည်း အလွန်ပြင်းထန်လှပါသည်"ဟူသော အဓိပ္ပာယ်ဆောင်သည့် ကန့်သတ်သတိပေးချက်တစ်ခု ပါရှိပါသည်။ ဤသီးသန့်အဓိပ္ပာယ် ဖွင့်ဆိုမှုထဲ၌ ကျေးဇူးမသိတတ်သူတိုင်းတို့သည် ပြစ်ဒဏ်ခတ်ခံရလိမ့်မည်ဟု မဆိုလိုကြောင်း အညွှန်းပါဝင်သည်။ ခွင့်လွှတ်ခံရနိုင်ချေ ရှိပါသည်။

နောက်ဆုံးအာယသ်(၈)ထဲ၌ قَالَ مُوسَىٰ إِن تَكْفُرُوا أَنتُمْ وَمَنْ فِي الْأَرْضِ جَمِيعًا ထို့ပြင်(နဗီတမန်တော်)မူစာသည် (မိမိအမျိုးသားတို့အား ဤသို့) ပြောကြားခဲ့လေသည်။ (အချင်းတို့) အကယ်၍ အသင်တို့နှင့်တကွ ကမ္ဘာမြေဝယ်ရှိရှိသမျှသော သူခပ်သိမ်းတို့သည် ကျေးဇူးကန်းကြပါသော်လည်း၊ (ထိုအရှင်မြတ်၌ တစ်စုံတစ်ရာ ကျိုးယုတ်မှု အလျှင်းမရှိပေ၊ အဘယ်ကြောင့်ဆိုသော်) ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အရှင်၊ ချီးမွမ်းဖွယ် ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း(၁၄း၈) ဟူ၍ မိန့်ထားသည်။ ဤသည်မှာ စိုက်ယိဒိနာမူစာက သူ၏လူများအား ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ သူက ထိုသူများကို ပြော

သည်မှာ ကမ္ဘာပထဝီမြေပေါ်တွင် မှီတင်းနေထိုင်သူအားလုံးက အလွှာဟ်အရှင်မြတ်အား ကျေးဇူးမတင်လျှင်လည်း အလွှာဟ်အရှင်မြတ်တွင် မည်သည့် ဆုံးရှုံးမှုမှ ဖြစ်မသွားစေပါ။ အလွှာဟ်အရှင်သည် မည်ကဲ့သို့သော ချီးကျူးထောမနာမှု (သို့မဟုတ်) ကျေးဇူးတင်ရှိမျိုး မလိုအပ်ပါ။ အရှင်သည် မှီခိုခြင်းကင်းတော်မူပါသည်။ အရှင်သည် ထိုသည်၏ အလွန်၌ တည်ရှိတော်မူပါသည်။ အရှင်သည် ပကတိအတိုင်း ချီးကျူးမှုအပေါင်းနှင့် ပြီးပြည့်စုံသောအရှင်ဖြစ်ကာ ချီးကျူးမှုအပေါင်းနှင့်လည်း ထိုက်နေပြီးဖြစ်ပါသည်။ အကယ်၍ အသင်က အရှင့်အား ချီးကျူးထောမနာမှု မပြုခဲ့သော်မှ ကောင်းကင်စေတမန်များအားလုံးနှင့် စကြဝဠာအတွင်းရှိ မြေမှုန်တိုင်းသည် အရှင့်အား ချီးကျူးထောမနာပြုနေကြပါသည်။

ထို့ကြောင့် ကျေးဇူးတင်ရှိမှုတွင်ရှိသော မည်သည့်ကောင်းကျိုးမဆိုတို့သည် အသင့်အတွက်သာ ဖြစ်ပါသည်။ ထို့ကြောင့် အလွှာဟ်အရှင်မြတ်က အသင့်အား ကျေးဇူးတင်ရန်မိန့်မှာမှု၌ အလွှာဟ်အရှင့်အတွက် မည်သည့် အကျိုးအမြတ်မျှမရှိပါ။ ဇကာနစ်စစ် ယင်းသို့မိန့်မှာခြင်းသည် အသင့်အကျိုးအတွက် အရှင်မြတ်၏ အဆုံးအစမရှိသော ကရုဏာတော် အသင့်ထံသို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။

အာယသ် (၉-၁၅)

اَلَمْ يَاْتِكُمْ نَبَؤُا الَّذِيْنَ مِنْ قَبْلِكُمْ قَوْمِ نُوْحٍ وَّ عَادٍ وَّ ثَمُوْدَ ۛؕ وَ الَّذِيْنَ
مِنْۢ بَعْدِهِمْ ۛؕ لَا يَعْلَمُهُمْ اِلَّا اللّٰهُ ؕ جَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ فَرَدُّوْۤا اَيْدِيَهُمْ
فِيْۤ اَفْوَاهِهِمْ وَ قَالُوْۤا اِنَّا كَفَرْنَا بِمَاۤ اُرْسِلْتُمْ بِهٖ وَ اِنَّا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَنَاۤ
اِلَيْهِ مُرِيْبٍ ۝۹ قَالَتْ رُسُلُهُمْ اَفِي اللّٰهِ شَكٌّ فَاطِرِ السَّمٰوٰتِ وَ الْاَرْضِ ؕ
يَدْعُوْكُمْ لِيَغْفِرَ لَكُمْ مِّنْ ذُنُوْبِكُمْ وَ يُؤَخِّرَكُمْ اِلٰۤى اَجَلٍ مُّسَمًّى ؕ قَالُوْۤا
اِنْ اَنْتُمْ اِلَّا بَشَرٌ مِّثْلُنَا ؕ تُرِيْدُوْنَ اَنْ تَصُدُّوْنَا عَمَّا كَانَ يَعْبُدُ اٰبَآؤُنَا فَاْتُوْنَا
بِسُلْطٰنٍ مُّبِيْنٍ ۝۱۰ قَالَتْ لَهُمْ رُسُلُهُمْ اِنْ نَّحْنُ اِلَّا بَشَرٌ مِّثْلُكُمْ وَ لٰكِنَّ
اللّٰهَ يَمُنُّ عَلٰى مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَ مَا كَانَ لَنَاۤ اَنْ نَّاْتِيَكُمْ بِسُلْطٰنٍ
اِلَّا بِاِذْنِ اللّٰهِ ؕ وَ عَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ ۝۱۱ وَ مَا لَنَاۤ اَلَّا نَتَوَكَّلَ
عَلَى اللّٰهِ وَ قَدْ هَدٰىنَا سُبُلَنَا ؕ وَ لَنَصْبِرَنَّ عَلٰى مَاۤ اٰذَيْتُمُوْنَا ؕ وَ عَلَى اللّٰهِ
فَلْيَتَوَكَّلِ الْمُتَوَكِّلُوْنَ ۝۱۲ وَ قَالَ الَّذِيْنَ كَفَرُوْا لِرُسُلِهِمْ لَنُخْرِجَنَّكُمْ مِّنْ
اَرْضِنَاۤ اَوْ لَتَعُوْدُنَّ فِيْ مِلَّتِنَا ؕ فَاَوْحٰۤى اِلَيْهِمْ رَبُّهُمْ لَنُهْلِكَنَّ الظّٰلِمِيْنَ
ۙ۝۱۳ وَ لَنُسْكِنَنَّكُمُ الْاَرْضَ مِنْۢ بَعْدِهِمْ ؕ ذٰلِكَ لِمَنْ خَافَ مَقَامِيْ وَ خَافَ
وَعِيْدِ ۝۱۴ وَ اسْتَفْتَحُوْا وَ خَابَ كُلُّ جَبَّارٍ عَنِيْدٍ ۙ۝۱۵

အသင်တို့ထံ အသင်တို့အလျင် ရှိခဲ့ကြဖူးသော နူးဟ်၏အမျိုးသားများ၊ အာဒ်အမျိုးသားများ၊ ဆမူဒ်အမျိုးသားများနှင့် ၎င်းတို့နောက်တွင် ရှိခဲ့ဖူးကြသောသူတို့၏သတင်းသည် မရောက်ရှိခဲ့လေသလော။ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်မှတစ်ပါး အတိအကျမည်သူမျှမသိပေ။ ၎င်းတို့ထံ ၎င်းတို့၏ ရစူလ်တမန်တော်များသည် ထင်ရှားသော သက်သေသာဓကများကို ယူဆောင်လာခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့သည် မိမိတို့၏ လက်များကို ယင်းရစူလ်တမန်တော်များ၏ ပါးစပ်များထဲသို့ (တစ်နည်း) မိမိတို့၏ ပါးစပ်များထဲသို့ တွန်းထိုးခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့က (ဤသို့)ပြောဆိုခဲ့ကြကုန်၏၊ ဇကန်စင်စစ် ကျွန်ုပ်တို့သည် အကြောင်အရာကို ငြင်းပယ်ခဲ့ကြလေပြီ။ အသင် တို့သည် ထိုအရာနှင့်တကွ စေလွှတ်ခြင်းခံခဲ့ကြရလေသည်။ ၎င်းပြင် ဇကန်မလွဲ ကျွန်ုပ်တို့သည် အကြောင်အရာနှင့်စပ်လျဉ်း၍ ယုံမှားသံသယဖြစ်စေသော ဒွိဟဋ္ဌပင်ရှိကြပေသည်။ အသင်တို့သည် ကျွန်ုပ်တို့အား ထိုအရာဘက်သို့ ဖိတ်ခေါ်လျက်ရှိကြကုန်သည်။[၉]

၎င်းတို့၏ ရစူလ်တမန်တော်များက (၎င်းတို့အား) "အသို့ပါနည်း၊ (အသင်တို့၌) အလ္လာဟ်အရှင်မြတ် နှင့်ပတ်သက်၍ ဒွိဟ သံသယ ရှိနေပါ သလော။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ဖန်ဆင်းတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့၏ ပြစ်မှုများမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူအံ့သောငှာလည်းကောင်း၊ အသင်တို့အား ကန့်သတ်ထားသော အချိန်ကာလတိုင်အောင် ရှေ့ဆိုင်းတော်မူအံ့သောငှာလည်းကောင်း၊ ဖိတ်ခေါ်တော်မူလေသည်ဟု ပြောဆိုဖြေကြားခဲ့လေသည်။ (ထိုရောအခါဝယ်)၎င်းတို့က (မိမိတို့၏ရစူလ်တမန်တော်များအား ဤသို့တုံ့ပြန်)ပြောဆိုကြလေသည်။ "အသင်တို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားမျှသာဖြစ်ကြပေသည်။ အသင်တို့သည် ကျွန်ုပ်တို့အား၊ ကျွန်ုပ်တို့၏အဘ ဘိုးဘေးများ ကိုးကွယ်လျက်ရှိခဲ့ကြသည်ကိုမှ ဝိတ်ပင်တားဆီးရန် ကြံရွယ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်တို့ထံ ထင်ရှားသော တန်ခိုးပြာဋိဟာကို ယူဆောင်ခဲ့ကြလေကုန်"။[၁၀]

၎င်းတို့အား ၎င်းတို့၏ ရစူလ် တမန်တော်များက (ဤသို့)ပြောဆိုဖြေကြားခဲ့ပေသည်။ (အချင်းတို့၊ ဇကန်မလွဲ) ငါတို့ သည် အသင်တို့ကဲ့သို့ပင် လူသားများသာ ဖြစ်ကြပေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိကျွန်များအနက်မှ မိမိအလိုရှိတော်မူသော သူအပေါ်၌ ကျေးဇူးပြု တော်မူလေ့ရှိပေသည်။ စင်စစ်သော်ကား ငါတို့၌ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်ဖြင့်မှတစ်ပါး အသင်တို့ထံ တန်ခိုးပြာဋိဟာတစ်စုံတစ်ခုကို ယူဆောင်လာကြရန် အခွင့်အာဏာမရှိပေ။ အမှန်သော်ကား မုအ်မင်န် သက်ဝင်ယုံကြည်သူတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ သာလျှင် အားကိုးအားထား ယုံပုံလွဲအပ်ကြရာကုန်သတည်း။ [၁၁] စင်စစ်သော်ကား ငါတို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ ယုံပုံလွဲအပ်ထားခြင်းကိုမပြုကြရန် ငါတို့၌ မည်သည့် အကြောင်းရှိပါသနည်း၊ အမှန်သော်ကား ထိုအရှင်မြတ်သည် ငါတို့အား ငါတို့၏ (အကျိုး ဖြစ်ထွန်းစေမည့်)လမ်းများကို ညွှန်ကြား

ပြသတော်မူခဲ့လေသည်။ ၎င်းပြင် အမှန်ပင် ငါတို့သည် အသင်တို့ ငါတို့အား ဘေးဒုက္ခ ပေးခဲ့ကြသည်များနှင့်စပ်လျဉ်း၍ မုချသည်းခံ ကြရတော့မည် ဖြစ်ပေသည်၊ သို့ဖြစ်ပေရာ အမှန်စင်စစ် ယုံပုံလွဲအပ် အားကိုးအားထား သူတို့သည် အလွှာဟ်အရှင်မြတ် အပေါ်၌ သာလျှင် ယုံပုံလွဲအပ် အားကိုးအားထားပြုလုပ် ကြရာကုန်သတည်း။ [၁၂]

ထိုမှတစ်ပါး ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန် သောသူတို့သည် မိမိတို့ရစရှုလ်တမန်တော်များအား ဇကာန်မလွဲ ကျွန်ုပ်တို့သည် အသင်တို့အား ကျွန်ုပ်တို့၏ မြို့ရွာ၊ နယ်မြေအတွင်းမှ မုချနှင်ထုတ်ကြပေမည်။ သို့တည်းမဟုတ် အသင်တို့သည် ကျွန်ုပ်ကို၏သာသနာထဲသို့ မုချပြန်ဝင်ကြရလိမ့်မည်ဟု ပြောဆို (ခြိမ်း ခြောက်)ခဲ့လေသည်။ ထိုရောအခါဝယ် ၎င်းရစရှုလ်တမန်တော်များထံ ၎င်းတို့၏အရှင်မြတ်က "မလွဲ ဇကာန် ငါအရှင်မြတ်သည် (ဤသို့)မတရားပြုမူသောသူတို့အား မုချပျက်စီး စေတော်မူအံ့" ဟု အမိန့်တော် ချပေးတော်မူခဲ့လေသတည်း။ [၁၃] ၎င်းပြင် အမှန်ပင် ငါအရှင်မြတ်သည် ၎င်းတို့ မရှိကြသည့်နောက်တွင် အသင်တို့အား မြို့ရွာနယ်မြေ၌ နေရာချ၍ပေးတော်မူအံ့။ ဤ(ကတိဝန်ခံချက်)သည်ကား ငါအရှင်မြတ်၏ ရှေ့တော် မှောက်ဝယ် မတ်တတ်ရပ် ရမည်ကို စိုးရိမ်သောသူ၏အဖို့လည်းကောင်း၊ ငါအရှင်မြတ် ချိန်းချက်ထားတော်မူသော ပြစ်ဒဏ်ကိုကြောက်ရွံ့သောသူ၏အဖို့လည်းကောင်း ဖြစ်ပေသတည်း။[၁၄] ယင်း(ရစရှုလ် တမန်တော် သို့မဟုတ် ယင်း ကာဖိရ် သွေဖည်ငြင်းပယ် သောသူ)တို့သည် အကူအညီ သို့မဟုတ် အဆုံးအဖြတ်တောင်းခဲ့ကြလေသည်။ ထိုအခါ ခေါင်းမာသော မောက်မာသူ အသီးသီးတို့သည် ရည်ရွယ်ချက် (မအောင်မြင်)ပျက်စီး ဆုံးပါးခဲ့လေသတည်း။[၁၅]

အာယသ် (၁၆-၁၇)

مِّن وَّرَآئِهٖ جَهَنَّمُ وَيُسْقٰى مِنْ مَّآءٍ صَدِيْدٍ ﴿١٦﴾ يَّتَجَرَّعُهٗ وَلَا يَكَادُ يُسِيْغُهٗ وَ
يَاْتِيْهِ الْمَوْتُ مِنْ كُلِّ مَكَانٍ وَّمَا هُوَ بِمَيِّتٍ ۭ وَمِنْ وَّرَآئِهٖ عَذَابٌ غَلِيْظٌ ﴿١٧﴾

၎င်း၏ရှေ့ဝယ် ဂျဟန္နမ်ငရဲဘုံသည် ရှိနေပေသည်။ ၎င်းပြင် ယင်းသည် ပြည်ပုပ်ရေ တိုက်ကျွေးခြင်းကို ခံရပေမည်။[၁၆] (၎င်းသည် ယင်းပြည်ပုပ်ရေကို တစ်ကျိုက်စီ သောက်မျိုအံ့၊ သို့ရာတွင် ၎င်းသည် ယင်းပြည်ပုပ်ရေကို လည်ချောင်းအောက် ခဲယဉ်းစွာ မျိုချရလတ္တံ့)။ ၎င်းပြင် မရဏာသေခြင်းတရားသည် အဖက်ဖက်မှ ယင်း၏ထံသို့ ရောက် ရှိလာပေအံ့။ သို့ရာတွင် ၎င်းမှာမူကား သေဆုံးနိုင်မည်မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်း၏ ရှေ့၌ ပြင်းထန်လှစွာသော(အခြား) ပြစ်ဒဏ်တစ်မျိုးလည်း ရှိအံ့သတည်း။ (တစ်နည်း) ထို(မောက်မာခေါင်းမာ)သူသည် ထိုပြည်ပုပ်ရေကို (အလွန်မွတ်သိပ်သည့်အတွက်) တစ်ကျိုက်စီ သောက်မျိုအံ့၊ သို့ရာတွင် (အလွန်ပူလောင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် အတွက်) ထိုပြည်ပုပ်ရေကို လွယ်ကူစွာ အလျှင်းမျိုချနိုင်မည်မဟုတ်ပေ။ ၎င်းပြင် မရဏာ သေခြင်းတရားသည် အဖက်ဖက်မှ ထိုသူထံသို့ ရောက်ရှိလာပေအံ့။ သို့ရာတွင် ထိုသူ

မှာမူကား သေနိုင်မည်မဟုတ်ပေ။ (မသေမရှင်အဖြစ်နှင့် ပြစ်ဒဏ်ခံစား၍ နေရမည်သာ ဖြစ်သည်။) ထိုမှတစ်ပါး ၎င်း၏ရှေ့တွင်(ဝိုမို)ပြင်းထန်လှစွာသော အခြားပြစ်ဒဏ်သည် လည်း ရှိနေမည်သာဖြစ်သည်။[၁၇]

အာယသ် (၁၈-၂၂)

مَثَلُ الَّذِيْنَ كَفَرُوْا بِرَبِّهِمْ اَعْمَالُهُمْ كَرَمَادِ ِۨ اشْتَدَّتْ بِهِ الرِّيْحُ فِيْ يَوْمٍ عَاصِفٍ ؕ لَا يَقْدِرُوْنَ مِمَّا كَسَبُوْا عَلٰى شَيْءٍ ؕ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ﴿۱۸﴾ اَلَمْ تَرَ اَنَّ اللّٰهَ خَلَقَ السَّمٰوٰتِ وَ الْاَرْضَ بِالْحَقِّ ؕ اِنْ يَّشَاْ يُذْهِبْكُمْ وَ يَاْتِ بِخَلْقٍ جَدِيْدٍ ﴿۱۹﴾ وَّ مَا ذٰلِكَ عَلَى اللّٰهِ بِعَزِيْزٍ ﴿۲۰﴾ وَ بَرَزُوْا لِلّٰهِ جَمِيْعًا فَقَالَ الضُّعَفٰٓؤُا لِلَّذِيْنَ اسْتَكْبَرُوْٓا اِنَّا كُنَّا لَكُمْ تَبَعًا فَهَلْ اَنْتُمْ مُّغْنُوْنَ عَنَّا مِنْ عَذَابِ اللّٰهِ مِنْ شَيْءٍ ؕ قَالُوْا لَوْ هَدٰىنَا اللّٰهُ لَهَدَيْنٰكُمْ ؕ سَوَآءٌ عَلَيْنَآ اَجَزِعْنَآ اَمْ صَبَرْنَا مَا لَنَا مِنْ مَّحِيْصٍ ﴿۲۱﴾ وَ قَالَ الشَّيْطٰنُ لَمَّا قُضِيَ الْاَمْرُ اِنَّ اللّٰهَ وَعَدَكُمْ وَعْدَ الْحَقِّ وَ وَعَدْتُّكُمْ فَاَخْلَفْتُكُمْ ؕ وَ مَا كَانَ لِيَ عَلَيْكُمْ مِّنْ سُلْطٰنٍ اِلَّآ اَنْ دَعَوْتُكُمْ فَاسْتَجَبْتُمْ لِيْ ۚ فَلَا تَلُوْمُوْنِيْ وَ لُوْمُوْٓا اَنْفُسَكُمْ ؕ مَآ اَنَا بِمُصْرِخِكُمْ وَ مَآ اَنْتُمْ بِمُصْرِخِيَّ ؕ اِنِّيْ كَفَرْتُ بِمَآ اَشْرَكْتُمُوْنِ مِنْ قَبْلُ ؕ اِنَّ الظّٰلِمِيْنَ لَهُمْ عَذَابٌ اَلِيْمٌ ﴿۲۲﴾

မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြကုန်သောသူတို့၏ အကျင့်သိလများ၏ဥပမာကား အကြင်ပြာနှင့် တူပေသည်။ ထိုပြာကို လေမုန်တိုင်းကျသောနေ့တွင် လေသည် ပြင်းထန်စွာ တိုက်ခတ်ခဲ့လေသည်။ ၎င်းတို့သည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသောအရာများအနက်မှ မည်သည့်တစ်စုံတစ်ရာ (အကျိုးကျေးဇူး)ကိုမျှ (ခံစားနိုင်ရန်) တတ်စွမ်းနိုင်ကြမည် မဟုတ်ပေ။ ဤသည် အလွန်ဝေးစွာသောလမ်းမှားခြင်းပင် ဖြစ်ချေသတည်း။[၁၈]

၎င်းမလွဲ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ (တိကျ)မှန်ကန်စွာ ဖန်ဆင်းတော်မူခဲ့သည်ကို အသင်သည် မမြင်လေသလော။ အကယ်၍သာ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် အသင်တို့အား ဖယ်ရှားတော်မူ၍ အဖန်ဆင်းခံ အသစ် (အသင်တို့အစား) ယူဆောင်လာတော်မူပေမည်။[၁၉] စင်စစ်မူကား ဤသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ (လုံးဝ) ခဲယဉ်းသည် မဟုတ်ပေ။[၂၀]

အမှန်စင်စစ်မှာမူကား ၎င်းတို့အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှာက်တွင် ရောက်ရှိလာကြမည်သာတည်း၊ ထိုအခါ အားအင်ချည့်နဲ့သောသူတို့က (ဇနာက်လိုက်များက) မောက်မာ ပလွှားခဲ့ကြသူတို့ (ရှေ့ဆောင်အကြီးအကဲ)တို့အား ဇကန်မလွဲကျွန်ုပ်တို့သည် အသင်တို့၏ နောက်လိုက်များသာ ဖြစ်ခဲ့ကြပေရာ (ယခုနေ့မူကား) အသင်တို့သည် အလ္လာဟ် အရှင်မြတ်၏ ပြစ်ဒဏ်များအနက်မှ အနည်းငယ်မျှကိုပင် ကျွန်ုပ်တို့ထံမှ ဖယ်ရှားပေးနိုင် ကြပါသလောဟု ပြောဆို(ဖေးမြေးန်း)ခဲ့ကြပေမည်၊ (ထို အခါ) ၎င်းတို့က အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား (တရား) လမ်းမှန်ကို ညွှန်ပြတော်မူခဲ့ပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား (တရား)လမ်းကို ညွှန်ပြကြမည်ဖြစ်သည်၊ (ယခုမူ)ကား အသင်တို့ ကျွန်ုပ်တို့အဖို့မှာ အသင်တို့ကျွန်ုပ်တို့သည် ဝိုကြွေးကြသည်ဖြစ်စေ၊ သည်းခံကြသည်ဖြစ်စေ၊ အကြောင်းမထူး တော့ပြီ။ (မည်သို့ပင်ဖြစ်စေ) ကျွန်ုပ်တို့အဖို့ မူကား ထွက်ပြေး(လွတ်မြောက်)ကြရန် မည်သည့် နေရာမျှ အလျှင်းမရှိတော့ပြီတကားဟု ပြောဆိုဖြေကြားကြပေမည်သာတည်း။[၂၁]

၎င်းပြင် (အလုံးစုံ)စီရင်ဆုံးဖြတ်၍ ပြီးခဲ့ သောအခါ ရှိုင်တွာန်မိစ္ဆာကောင်သည် (ဂျဟန္နမ်ငရဲဘုံသို့ လားကြရသဖြင့် ညည်းညူပြစ်တင်သူတို့အား ဖြေကြားသောအားဖြင့် ဤသို့)ပြောဆိုအံ့။ (အို-ကျွန်ုပ်အား ပြစ်တင် ကဲ့ရဲ့သူအပေါင်းတို့) မလွဲဇကန် အလ္လာဟ် အရှင်မြတ်သည် မှန်ကန်သော ကတိပေးခြင်း ကို ကတိပေးတော်မူခဲ့၏၊ ၎င်းပြင် ကျွန်ုပ်သည်လည်း အသင်တို့အား ကတိပေးခဲ့သည်ဖြစ်၏။ သို့ရာတွင်မူကား ကျွန်ုပ်သည် အသင်တို့အား(ပေးခဲ့သည့် ကတိကို) ဖောက်ဖျက်ခဲ့၏။ စင်စစ်မူကား ကျွန်ုပ်မှာ အသင်တို့အား ဖိတ်ခေါ်ခဲ့သည်မှအပ အသင်တို့အပေါ်၌ မည်သည့် သြဇာအာဏာ တစ်စုံတစ်ရာမျှပင် ရှိခဲ့သည်မဟုတ်ပေ။ (ကျွန်ုပ်သည်) ထို(ကဲ့ သို့ ဖိတ်ခေါ်ခဲ့သော)အခါ အသင်တို့သည် ကျွန်ုပ်(၏ဖိတ်ခေါ်ချက်)ကို သဘောတူလက်ခံ ခဲ့ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်အား ပြစ်တင်ပုတ်ခတ်မည့်အစား မိမိတို့ ကိုယ်ကိုသာလျှင် မိမိတို့ ပြစ်တင်ပုတ်ခတ်ကြလေကုန်၊ (ယခုသော်ကား)ကျွန်ုပ်သည်လည်း အသင်တို့အား ကယ်မည့်သူမဟုတ်။ အသင်တို့သည်လည်း ကျွန်ုပ်အား ကယ် ဆယ်မည့်သူများ မဟုတ်ကြပေ။ အသင်တို့သည် ယခင်မူလက ကျွန်ုပ်အား (အလ္လာဟ် အရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ခဲ့ကြသည်ကို ကျွန်ုပ်ငြင်းပယ်၏။ ဇကန်အမှန် မတရားသောသူတို့၌ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ရှိချေအံ့သတည်း။ [၂၂]

အာယသ် (၂၃)

وَأُدْخِلَ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ خَالِدِينَ فِيهَا بِإِذْنِ رَبِّهِمْ ۖ تَحِيَّتُهُمْ فِيهَا سَلَامٌ ﴿٢٣﴾

ထင်းပြင် (အီမာန်) သက်ဝင်ယုံကြည်ခဲ့သည့်ပြင် ကောင်းမြတ်သောအကျင့်သီလများကို ကျင့်မူ ဆောက်တည်ခဲ့ကြကုန်သောသူတို့ကား ဥယျာဉ်များသို့ ဝင်ရောက်စေခြင်းကို ခံကြရလတ္တံ့။ ထိုဥယျာဉ်များ၏အောက်တွင် စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြကုန်အံ့။ ထင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ အမိန့်တော်နှင့် ထိုဥယျာဉ်များတွင် ထာဝစဉ်နေထိုင်စံမြန်းသူများ ဖြစ်ကြပေအံ့။ ထိုဥယျာဉ်များတွင် ထင်းတို့၏ မေတ္တာပို့သ နှုတ်ခွန်းဆက်သမှုကား "စလာမ်" (ငြိမ်းချမ်း သာယာ)ဟူ၍ပင် ဖြစ်ချိမ့်အံ့သတည်း။[၂၃]

အာယသ် (၂၄-၂၅)

اَلَمْ تَرَ كَيْفَ ضَرَبَ اللّٰهُ مَثَلًا كَلِمَةً طَيِّبَةً كَشَجَرَةٍ طَيِّبَةٍ اَصْلُهَا ثَابِتٌ وَّ فَرْعُهَا فِى السَّمَآءِ ﴿۲۴﴾ تُؤْتِىْۤ اُكُلَهَا كُلَّ حِيْنٍ بِاِذْنِ رَبِّهَا ؕ وَ يَضْرِبُ اللّٰهُ الْاَمْثَالَ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿۲۵﴾

(အို-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းသောစကားကို မည်သို့ဥပမာခိုင်းနှိုင်းတော်မူခဲ့သည်ကို အသင်သည်မသိမမြင်လေသလော။ (အလ္လာဟ်အရှင်မြတ်သည် ယင်းစကားကို ဥပမာခိုင်းနှိုင်းတော်မူသည်မှာ စင်ကြယ်သန့်ရှင်းသော ထိုစကားသည်) အကြင်သန့်စင်သော သစ်ပင်တစ်ပင်နှင့် တူပေသည်။ ယင်းသစ်ပင်၏ အမြစ်ကား မြဲမြံခိုင်ခံ့၍ ၎င်း၏အကိုင်းအလက်တို့မှာမူကား ကောင်းကင်၌ရှိနေကုန်၏။ [၂၄] ထိုသစ်ပင်သည် မိမိအား ပြုစုပျိုးထောင်တော် မူသောအရှင်မြတ်၏ အမိန့်တော်နှင့် မိမိ၏အသီးများကို ဥတုရာသီမရွေး၊ အခါခပ်သိမ်းပေးလျက် ရှိနေပေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် လူတို့အဖို့ ထင်းတို့ ဆင်ခြင်သုံးသပ် သိမြင်နိုင်အံ့သောငှာ ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူပေသတည်း။[၂၅]

အာယသ် (၂၆-၂၉)

وَ مَثَلُ كَلِمَةٍ خَبِيْثَةٍ كَشَجَرَةٍ خَبِيْثَةِ ِۨاجْتُثَّتْ مِنْ فَوْقِ الْاَرْضِ مَا لَهَا مِنْ قَرَارٍ ﴿۲۶﴾ يُثَبِّتُ اللّٰهُ الَّذِيْنَ اٰمَنُوْا بِالْقَوْلِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَ فِى الْاٰخِرَةِ ۚ وَ يُضِلُّ اللّٰهُ الظّٰلِمِيْنَ ۙ۬ وَ يَفْعَلُ اللّٰهُ مَا يَشَآءُ ﴿۲۷﴾ اَلَمْ تَرَ اِلَى الَّذِيْنَ بَدَّلُوْا نِعْمَتَ اللّٰهِ كُفْرًا وَّ اَحَلُّوْا قَوْمَهُمْ دَارَ الْبَوَارِ ﴿۲۸﴾ جَهَنَّمَ ۚ يَصْلَوْنَهَا ؕ وَ بِئْسَ الْقَرَارُ ﴿۲۹﴾

သို့ရာတွင်ညစ်ညမ်းသောစကား၏ဥပမာပုံဆောင်ချက်ကားအကြောင်ညစ်ညမ်းသော သစ်ပင်တစ်ပင်ကဲ့သို့ပင်။ ထိုသစ်ပင်သည် မြေ၏အပေါ်ယံမှ နူတ်ပစ်ခြင်းကို ခံခဲ့ရလေရာ၊ ၎င်း၌ မြဲမြံခိုင်ခံ့မှုအလျှင်းမရှိချေ။[၂၆] အလွှာဟ်အရှင်မြတ်သည် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ယင်းတည်တံ့ခိုင်မြဲသောစကားဖြင့် ပစ္စက္ခမျက်မှောက် လောကီဘဝ၌လည်းကောင်း၊ "အာခိရတ်" တမလွန်ဘဝ၌လည်းကောင်း တည်တံ့မြဲမြံစေတော်မူ၏။ သို့ရာတွင် မတရားသော(ကာဖိရ်) သူတို့ကိုမူကား အလွှာဟ်အရှင်မြတ် ချွတ်ချော် တိမ်းပါးစေတော်မူ၏။ စင်စစ်မှာကား ထိုအရှင်မြတ်သည် မိမိ အလိုရှိတော်မူသောကိစ္စကို ပြုလုပ် ဆောင်ရွက်တော်မူချေသတည်း။[၂၇]

(အိ-နဗီတမန်တော်၊) အသင်သည် အကြင်သူတို့အား မမြင်ခဲ့လေသလော။ ထိုသူတို့သည် အလွှာဟ်အရှင်မြတ်၏ ကျေးဇူး တော်များကို သွေဖည်ငြင်းပယ်မှုနှင့် လဲလှယ်ခဲ့ကြကုန်သည်။ ၎င်းပြင် ထိုသူတို့သည် မိမိတို့၏အမျိုးသားတို့ကို ပျက်စီးရာဌာနသို့ ဆွဲချသက်ဆင်းစေခဲ့ကြကုန်သတည်း။ [၂၈] ဂျဟန္နမ်ငရဲဘုံသို့၊ ၎င်းတို့သည် ယင်း ဂျဟန္နမ်ငရဲဘုံသို့ လားကြပေမည်။ စင်စစ်မှာမူကား ယင်းဂျဟန္နမ်ငရဲဘုံသည် အလွန်ဆိုး ရွားလှသော ရပ်တည်ရာဌာနပင် ဖြစ်လေ သတည်း။[၂၉]

အကျယ်ဖွင့်ဆိုခြင်း

အာယသ်(၁၈)ထဲ၌ အလွှာဟ်အရှင်သည် မယုံကြည်သွေဖည်သူများ၏ လုပ်ရပ်များအား ပြာများနှင့်တူညီစေခဲ့ပါသည်။ လေတိုက်ခတ်ပါက ယင်းပြာများသည် အစအနမျှပင် မရှိအောင် ပျံ့နှံ့သွားပါလိမ့်မည်။ စိတ်ဝင်စားသူတစ်စုံတစ်ဦးသည် ထိုပြာများကို ပြန်လည်စုဆောင်းကာ ပြန်လည်အသုံးချခြင်းသည် လုံးဝမဖြစ်နိုင်တော့ပါ။ ထို့ကြောင့် مَثَلُ الَّذِينَ كَفَرُوا بِرَبِّهِمْ أَعْمَالُهُمْ كَرَمَادٍ اشْتَدَّتْ بِهِ الرِّيحُ فِي يَوْمٍ عَاصِفٍ "မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား သွေဖည်ငြင်းပယ်ခဲ့ကြကုန်သော သူတို့၏အကျင့်သိလ များ၏ ဥပမာကား အကြင်ပြာနှင့်တူပေသည်။ ထိုပြာကို လေမုန်တိုင်းကျသောနေ့တွင် လေသည်ပြင်းထန်စွာ တိုက်ခတ်ခဲ့လေသည်။ ၎င်းတို့သည် မိမိတို့ရှာဖွေဆည်းပူးခဲ့ကြသော အရာများအနက်မှ မည်သည့် တစ်စုံတစ်ရာ (အကျိုးကျေးဇူး)ကိုမျှ (ခံစားနိုင်ရန်) တတ်စွမ်းနိုင်ကြမည်မဟုတ်ပေ။ ဤသည် အလွန် ဝေးစွာသောလမ်းမှားခြင်းပင် ဖြစ်ချေသတည်း (၁၄:၁၈)ဟူသော အာယသ်ကဆိုလိုသည်မှာ ထိုလုပ်ရပ်များသည် ကောင်းမွန်သော်လည်း အလွှာဟ်အရှင်လက်ခံတော်မမူပါ။ ထို့ကြောင့် ထိုလုပ်ရပ်များသည် အချည်းအနှီးဖြစ်သွားပါတော့သည်။

ထို့နောက် အထက်ဖော်ပြပါအာယသ်များထဲ၌ သက်ဝင်ယုံကြည်သူတစ်ဦးနှင့် သူ၏လုပ်ရပ်များအတွက် ပုံဆောင်မှုတစ်ခုကို ဦးစွာပထမ အာယသ်(၂၄)ထဲ၌ ဖော်ပြခဲ့ပြီး ၎င်းနောက် မယုံကြည်သွေဖည်သူများနှင့် အရေခြံများအတွက် ပုံဆောင်ကို အာယသ်(၂၆)ထဲ၌ ဆက်လက်ဖော်ပြထားပါသည်။ အစောပိုင်းအာယသ်ထဲ၌ သက်ဝင်ယုံကြည်သူတစ်ဦးနှင့်သူ၏လုပ်ရပ်များအား ကြံ့ခိုင်သန်စွမ်းသောပင်စည်များရှိသော သစ်ပင်တစ်ပင်နှင့် သက္ကာန်တူစေခဲ့ ပါသည်။ ယင်းသစ်ပင်၏အမြစ်များအား မြေကြီးအောက်သို့ နက်နက်ရှိုင်းရှိုင်းရှိစေခဲ့ပြီး မြေအောက်ရှိ စမ်းချောင်းများမှ ရေများရရှိစေခဲ့ပါသည်။ နက်ရှိုင်းစွာရှိသော အမြစ်များက ဤသစ်ပင်အား အမြစ်များက မည်မျှမြဲမြံစေပြီး ကြံ့ခိုင်စေသနည်းဟူမူ လေပြင်းမုန်တိုင်းများတိုက်ခတ်သည့်တိုင် မြေကြီးမှကျတ်ထွက်မသွားစေပါ။ မြေကြီးအထက်တွင် မြင့်မား

စွာရှိခြင်းကြောင့် ယင်းအပင်၏အသီးများသည်လည်း အညစ်အကြေးတို့မှ ကာကွယ်ပြီးဖြစ်ပါသည်။ ၎င်းနောက် ဤသစ်ပင်၏ အရည်အသွေးတစ်ခုမှာ ယင်း၏အကိုင်းအခက်များသည် မိုးကောင်းကင်ထိ မြင့်မားပါသည်။ ၎င်းနောက် ဤသစ်ပင်၏တတိယ အရည်အသွေးမှာ ယင်းအပင်၏သစ်သီးတို့အား မည်သည့်အခြေအနေမဆို ရာသီအားလုံးတို့၌ စားသုံးနိုင်ခြင်းဖြစ်ပါသည်။

ထိုအပင်ကား အဘယ်အပင်နည်း၊ အဘယ်နေရာတွင် တွေ့ရှိနိုင်ပါသနည်း။ ယင်းနှင့်ပတ်သက်၍ ဋီကာရှင်များ၏ ပြောကြားချက်များသည် မတူကွဲပြားခြားနားကြပါသည်။ ဖြစ်နိုင်ချေအများဆုံးရှိသည်မှာကား ထိုအပင်သည် စွန်ပလွံပင်ဖြစ်ပါတော့သည်။ ဤအယူအဆကို အတွေ့အကြုံ၊ စူးစမ်းလေ့လာမှုနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များကလည်း ထောက်ခံပါသည်။ စွန်ပလွံပင်၏ ပင်စည်ကြံ့ခိုင်သည်ဆိုကြောင်းကို အပြင်ပန်းအားဖြင့် သိသာနိုင်ပါသည်။ ယင်း၏အမြစ်များသည် မြေကြီးထဲသို့ နက်နက်ရှိုင်းရှိုင်းထိုးဖောက်သွားသည်ကို အများသိပင်ဖြစ်ပါသည်။ ၎င်းပြင် ယင်း၏အသီးများလည်း အခြေအနေအမျိုးမျိုး၊ နည်းအမျိုးမျိုးတို့ဖြင့် တစ်ချိန်လုံး စားသုံးနိုင်ပါသည်။ အသီးများစသီးချိန်မှ မှည့်သွားသည့်တိုင် အသီးအတိုင်း ပုံစံအမျိုးမျိုး အခြေအနေအမျိုးမျိုးနှင့် စားသုံးနိုင်ပါသည်။ သို့မဟုတ်ပါက အသီးတို့အား သနပ်၊ ယိုနှင့်အမျိုးမျိုးသော အပြင်အဆင်ဖြင့် စားသုံးနိုင်ပါသည်။ မှည့်ပြီးသောအသီးများ အား တစ်နှစ်ပတ်လုံး သိုမှီးထားနိုင်ပါသည်။ ယင်းသို့ သိုမှီးထားသောကြောင့် နံနက်တွင်ဖြစ်စေ၊ ညနေတွင်ဖြစ်စေ၊ နေ့ပိုင်းတွင် ဖြစ်စေ၊ ညပိုင်းတွင်ဖြစ်စေ၊ နွေတွင်ဖြစ်စေ၊ ဆောင်းတွင်ဖြစ်စေ၊ ရာသီတိုင်း၊ အချိန်တိုင်းတို့တွင် အလွယ်တကူ စားသုံးနိုင်ပါသည်။ အပင်၏အူတိုင်အား ပကတိအတိုင်း စားနိုင်သကဲ့သို့ ယင်းမှ အချိုရည်လည်း ထုတ်ယူနိုင်ပါသည်။ အရွက်များကို ဖျာများနှင့် အခြား အသုံးဝင်သောအရာများ ပြုလုပ်နိုင်ပါသည်။ စွန်ပလွံစေ့များသည် တိရစ္ဆာန်များအတွက် အစားအစာကောင်းများ ဖြစ်ပါတော့သည်။ ဤသည်နှင့်ဆန့်ကျင်စွာ အခြားသောအပင်များသည် သီးသန့်ရာသီတွင်သာ အသီးသီးကြပြီး ထိုရာသီချိန်၌သာ ထိုအသီးများ ရရှိနိုင်ပါသည်။ ထိုအသီးတို့အား သဘာဝအတိုင်း သိုမှီသိမ်းဆည်းထား၍ မရသကဲ့သို့၊ ပါဝင်သည့်အရာရာတိုင်းကိုလည်း အခြားကိစ္စများအတွက် အသုံးချ၍မရပါ။

စိုက်ယိဒိနာ အနပ်စ်ﷺသိရ်မိဇီ၊ အလ်နစာအီ၊ အိဗနိဟိစ်ဗန်နှင့် ဟာကင်မ်တို့၏ ဆင့်ပြန်ချက်တစ်ရပ် အပေါ် အခြေခံ ထားသော တင်ပြချက်တစ်ခုထဲ၌ တမန်တော်မြတ်ﷺသခင်က မိန့်ကြားတော်မူသည်။ "သန့်စင်သောသစ်ပင်" (**شَجَرَةٌ طَيِّبَةٌ**-ဟု ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသည်)ဆိုသည်မှာ စွန်ပလွံပင်ဖြစ်ပါသည်။ ၎င်းပြင် "ညစ်ညမ်းသော သစ်ပင်" (**شَجَرَةٌ خَبِيثَةٌ** ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသည်)ဆိုသည်မှာ 'ဟန်ဇွလ်' ခေါ် ပဒိုင်းပင် ဖြစ်ပါသည်။(မဇာဟိရီ)

မုစ်နဒ်၏ အဟ်မဒ်ကျမ်းပါ မုဂျာဟိဒ်တင်ပြချက်တစ်ခုထဲ၌ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗနိအုမရ်ﷺက ပြောသည်မှာ "တစ်ချိန်က ကျွန်ုပ်တို့ တမန်တော်မြတ်ﷺနှင့်အတူရှိနေစဉ်တွင် တစ်စုံတစ်ဦးသည် တမန်တော်မြတ်ﷺအတွက် စွန်ပလွံပင်၏အူတိုင်တစ်ခုကို ယူဆောင်လာခဲ့ပါသည်။ ထိုအချိန်တွင် တမန်တော်မြတ်ﷺက သူ၏ ဆွဟာဗတ်များကို မိန့်ကြားသည်မှာ သစ်ပင်များရှိသည့်အနက် သက်ဝင်ယုံကြည်သူတစ်ဦးနှင့်တူသော သစ်ပင်တစ်ပင် ရှိပါသည် (ဤနေရာ၌ ဆွဟီးအလ်ဗုခါရီကျမ်းပါ ဆင့်ပြန်ချက်တစ်ခုထဲ၌ တမန်တော်မြတ်ﷺ၏ မိန့်ကြားချက်ကို ဖော်ပြထားသည်မှာ ယင်းသစ်ပင်၏အရွက်များသည် မည်သည့်ရာသီတွင်မှ မကြွေကျပါ"ဟုဖြစ်သည်)။ ထိုအပင်သည် မည်သည့်အပင်ဖြစ်ကြောင်း ကျွန်ုပ်အား ပြောပြပါလေ။ စိုက်ယိဒိနာအိဗနိအုမရ်က ထိုအပင်သည် စွန်ပလွံပင်ဖြစ်သည်ဟု မိန့်ကြားခဲ့သည်"ဟူ၍ဖြစ်သည်။

ယုံကြည်သက်ဝင်သူတစ်ဦးအားဤသစ်ပင်နှင့်တူစေသည့်အကြောင်းရင်းတစ်ခုမှာ သူ၏ယုံကြည်ချက်သည် ကလိမဟ်တို့၌ယိဗဟ်တွင် အမြစ်တွယ်ကာ နက်ရှိုင်းပြီး မြဲမြံလှပါသည်။ ကမ္ဘာကြီး၏မတော်တဆဖြစ်မှုတို့က ယင်းအမြစ်ကို ခါမထုတ်နိုင်ပါ။ အလွန်ပြီးပြည့်စုံသော သက်ဝင်ယုံကြည်သူများတွင် ဥပမာများ မရှားပါ။ ဆွဟာဗဟ်များ၊ သာဗအီန်များနှင့် အချိန်တိုင်းရှိ စွဲမြဲသောယုံကြည်သူတို့သည် သူတို့၏အသက်၊ ဥစ္စာဓနများ၊ (သို့မဟုတ်) မည်သည့် အရာမဆိုတိုးတက် သူတို့၏ 'အီမာန်'ကို အလေးထားကြပါသည်။ ကြီးမားသော သစ်ပင်တို့သည် မြေမျက်နှာပြင်ပေါ်ရှိ မသန့်စင်သည့် အညစ်အကြေးများက မထိခိုက်နိုင်စေသကဲ့သို့ ထိုသူများသည် ကမ္ဘာပေါ်ရှိ အညစ်အကြေးများက ၎င်းတို့၏သန့်ရှင်းစင်ကြယ်မှုနှင့် သိက္ခာရှိမှုကို မထိခိုက်စေရန် သောကထားကြပါသည်။ ဤသည်မှာ သစ်ပင်နှင့် တူရခြင်း၏ ဒုတိယအကြောင်းဖြစ်ပါသည်။ ဤအရည်အသွေးနှစ်ရပ်ကြောင့် ၎င်းတို့အား သစ်ပင်နှင့်တူစေသည်ဟူ၍ **اَصْلُهَا ثَابِتٌ** "ယင်းသစ်ပင်၏အမြစ်ကား မြဲမြံခိုင်ခံ့၏"ဟု မိန့်ထားသည်။ တတိယအချက်မှာ စွန်ပလွံပင်၏အကိုင်းအခက်များသည် မိုးထိအောင်မြင့်မားသကဲ့သို့ သက်ဝင်ယုံကြည်သူတစ်ဦး၏ အီမာန်၏အသီးအပွင့်များဖြစ်သော ၎င်းတို့၏လုပ်ရပ်များသည်လည်း မိုးထိအောင် မြင့်မားစေပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ **اِلَيْهِ يَصْعَدُ الْكَلِمُ الطَّيِّبُ** ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ ကောင်းမြတ်သောစကားတို့သည် အလွှာဟ်အရှင်မြတ်ထံတော်သို့ ပင့်ချီမယူခြင်း ခံရသည်။ အဓိပ္ပာယ်မှာ သက်ဝင်ယုံကြည်သူတစ်ဦး၏ လုပ်ဆောင်ချက်များဖြစ်သော ဇိကိရ် အလွှာဟ် အရှင်အား အောက်မေ့သတိရခြင်း၊ သတ်စ်ဗီ အလွှာဟ်အရှင် သန့်ရှင်းစင်ကြယ်ကြောင်း ကြေညာခြင်း၊ သဟ်လိလ်၊ လာအိလာဟာ၊ အစ်လောက်လာဟုမွှက်ဆိုခြင်း၊ ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်ခြင်းတို့သည် နံနက်ခင်းနှင့် ညနေခင်းပါ အလွှာဟ်အရှင်မြတ်ထံ ရောက်ရှိနေကြပါသည်။

စတုတ္ထအကြောင်းမှာ စွန်ပလွံသီးအား နေ့ရောညပါ၊ ရာသီတိုင်း၊ အချိန်အခါတိုင်းတို့တွင် စားသုံးသကဲ့သို့ သက်ဝင်ယုံကြည်သူတစ်ဦး၏ ကောင်းမြတ်သောလုပ်ရပ်တို့ကို နေ့ရောညပါ ရာသီတိုင်း အခြေအနေတိုင်း၊ အချိန်မရွေး ပြုလုပ်လျက်ရှိနေကြပါသည်။ စွန်ပလွံပင်၏ အရာရာတိုင်းတို့သည် အသုံးဝင်ပြီး အကျိုးရှိသကဲ့သို့ သက်ဝင်ယုံကြည်သူတို့၏ ပြောဆိုမှုများ၊ လုပ်ဆောင်မှုများ၊ လှုပ်ရှားမှုများ၊ နားနေမှုများမှ ပေါ်ထွက်လာသော အကျိုးကျေးဇူးများသည် တစ်ကမ္ဘာလုံးအတွက် အကျိုးဖြစ်စေသည်ဆိုသည်မှာ သက်သေပြပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အကျိုးသက်ရောက်မှုရှိစေရန်မှာ သူ (သို့မဟုတ်) သူမသည် ပြီးပြည့်စုံသော သက်ဝင်ယုံကြည်သူတစ်ဦး ဖြစ်ရပါမည်။ ၎င်းပြင် အလွှာဟ်နှင့် အလွှာဟ်ရစူလ်တို့၏ သင်ကြားပို့ချချက်များကို သစ္စာရှိရှိကျင့်သုံးလိုက်နာသူဖြစ်ရပါမည်။

မယုံကြည်သွေဖည်သူများ (ကုဖ်ဖာရ်)တို့၏ ဥပမာ

ဆန့်ကျင်စွာဖြင့် ဒုတိယပုံရိပ်ကို ကာဖိရ်များအတွက် ပေးထားပါသည်။ ထိုသူတို့အား မကောင်းသောသစ်ပင် (**شَجَرَةٌ خَبِيثَةٌ**)နှင့် တူစေပါသည်။ ဤသည်မှာ **لَا اِلٰهَ اِلَّا اللّٰهُ**(လာအိလာဟအစ်လာလ္လာ၊ အလ္လာဟ်အရှင်မှတစ်ပါး မည်သူမျှ ခဝပ်ကိုးကွယ်ရာမရှိ)ဟူသော မုစ်လင်မ်များ၏ ကလေမာတော်ပါ အဆိုအမိန့်အား "ကောင်းသောသစ်ပင်" ဟု ဥပမာပေးသကဲ့သို့ပင် ဖြစ်ပါသည်။ ဤကဲ့သို့ ပုံခိုင်းမှုအရ "မကောင်းသောသစ်ပင်"အား "မကောင်းသောစကား" တို့နှင့်တူညီစေခြင်းက မယုံကြည်သွေဖည်မှု၏ စကားများနှင့်လုပ်ရပ်များကို ဖော်ညွှန်းပါသည်။ အစောပိုင်းက ဖော်ပြခဲ့သော ဟဒီးဆ်တစ်ပုဒ်အရ "မကောင်းသောသစ်ပင်"အား **حَنْظَل**(ဟန်ဇွလ် ပဒိုင်းပင်)ဟုဖော်ပြထားပါသည်။ အခြားသောသူတို့ကမူ ကြက်သွန်ဖြူအပင်ဟုဆိုကြပါသည်။

မကောင်းသော သစ်ပင်များအကြောင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က ယင်းသစ်ပင်၏ အမြစ်များသည် မြေကြီးထဲသို့ နက်ရှိုင်းစွာ မရှိသောကြောင့် မည်သူမဆို ယင်းသစ်ပင်တစ်ပင်လုံးအား စိတ်တိုင်းကျ နှုတ်ပစ်နိုင်သည်ဟု ဖော်ပြထားသည်။ اجْتُثَّتْ مِنْ فَوْقِ الْأَرْضِ "ထိုသစ်ပင်သည် မြေ၏အပေါ်ယံမှ နှုတ်ပစ်ခြင်းကို ခံခဲ့ရလေရာ"ဟူသော အဆိုအဓိပ္ပာယ်က ဤသည်ကိုပင် ဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် اجْتُثَّتْ ဟူသောစကားလုံး၏ အဓိပ္ပာယ်အမှန်မှာ တစ်စုံတစ်ခု၏ ကိုယ်တည်တစ်ခုလုံးအား ဖယ်ရှားပစ်ခြင်းဖြစ်ပါသည်။

မယုံကြည်သွေဖည်သူတစ်ဦး၏ လုပ်ရပ်များအား ထိုကဲ့သို့သော သစ်ပင်နှင့်တူစေသည်မှာ အတော်အတန် ရှင်းပြပါသည်။ ဦးစွာပထမအနေဖြင့်၊ မယုံကြည်သွေဖည်သူများ၏ ယုံကြည်မှုတွင် အမြစ်(သို့မဟုတ်)ခိုင်မြဲမှုမရှိပါ။ အချိန်မရွေး ထိုသည်များသည် ၎င်းတို့၏တည်မြဲမှု ဆုံးရှုံးပါလိမ့်မည်။ ဒုတိယအနေဖြင့် ၎င်းတို့၏ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီး၏အညစ်အကြေးများ၏ ဆိုးကျိုးများ သက်ရောက်ပါလိမ့်မည်။ တတိယအနေဖြင့် ၎င်းတို့၏ လုပ်ရပ်များဖြစ်သော ထိုသစ်ပင်၏ အသီးအပွင့်များသည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်မှောက်၌ တန်ဖိုးမဲ့ပါသည်။

အီမာန်၏ အထူးအကျိုးသက်ရောက်မှု

ဒုတိယအာယသ်(၂၇)ထဲ၌ သက်ဝင်ယုံကြည်သူတစ်ဦး၏ အီမာန် (သို့မဟုတ်) သက်ဝင်ယုံကြည်မှုနှင့် لَا إِلَٰهَ إِلَّا اللَّهُ "လာအိလာဟအစ်လလ်လာဟ်" ရွတ်ဆိုခြင်း အထူးအကျိုးသက်ရောက်မှုကို ဖော်ပြထားသည်မှာ "အလ္လာဟ်အရှင်သည် သက်ဝင်ယုံကြည်သူတို့အား တည်မြဲသော စကားလုံးဖြင့် လောကီဘဝနှင့် နောင်တမလွန်ဘဝတွင် ခိုင်မြဲစွာ ရှိစေတော်မူသည်။ ယင်းကဆိုလိုသည်မှာ သက်ဝင်ယုံကြည်သူတစ်ဦး၏လမ်းညွှန်မှု ပူ၏မကျိုင်သည် ကြံ့ကြံ့ခိုင်ခိုင် စွဲစွဲမြဲမြဲပေါက်နေသည့် သစ်ပင်တစ်ပင်နှင့်တူသော "ခိုင်မြဲသောစကားလုံး"ပင် ဖြစ်ပါသည်။ ယင်းစကားလုံးအား အလ္လာဟ်တအာလာသည် ဤဘဝနှင့် နောင်တမလွန်ဘဝတွင်ပါ ထာဝရရှင်သန်စေပါသည်။ သို့သော်လည်း ဤမြင့်မြတ်သော အဆိုအဓိပ္ပာယ်ကို ရွတ်ဆိုရာ၌ ရောနှောမှုကင်းစင်သည့် ရိုးသားမှုသက်သက် ဖြစ်ရပါမည်။ ၎င်းနောက် لَا إِلَٰهَ إِلَّا اللَّهُ (လာအိလာဟ အိလ်လလ္လာဟ်- အလ္လာဟ်မှတစ်ပါး ခဝ်ကိုးကွယ်ခြင်းခံထိုက်သူမရှိ)ဟူသည်၏ အဓိပ္ပာယ်ကို ပြတ်ပြတ်သားသားနှင့် ရှင်းရှင်းလင်းလင်း ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်ရပါမည်။ ထို့နောက် ယင်းအား ဘဝ၏ လမ်းညွှန်မှု မူအဖြစ်အသုံးပြုရပါမည်။

တစ်နည်းအားဖြင့်ဆိုရသော် ကလေမာတို့၌ယိဇဟ်အား သက်ဝင်ယုံကြည်သူတစ်ဦးကို အလ္လာဟ်အရှင်၏ ကျက်သရေ မင်္ဂလာတော်ဖြင့် ထောက်ပံ့မှုပေးကာ ခိုင်မြဲစေပါသည်။ ယင်းသို့ ခိုင်မြဲခြင်းကြောင့် သူ (သို့မဟုတ်) သူမသည် သေဆုံးသည့်တိုင် ဤယုံကြည်ချက်အား စွဲစွဲမြဲမြဲ ရှိစေပါသည်။ ဤယုံကြည်ချက်ကို ကာကွယ်ရာ၌ မည်ကဲ့သို့သော စိန်ခေါ်မှုနှင့် မလိုလားအပ်သော အဖြစ်အပျက် မျိုးကိုမှ ဂရုပြုတော့မည်မဟုတ်ပါ။ အာခိရသ် (သို့မဟုတ်) နောင်တမလွန်ဘဝမှာလည်း ဤကလေမဟ်တော်သည် သူနှင့်အတူရှိစေရန် ကူညီခြင်းခံရကာ၊ ဤကလေမဟ်ကြောင့် ပေါ်ထွက်လာသော အကျိုးကျေးဇူးများကိုလည်း သူနှင့်အတူ ရှိစေပါသည်။ ဆွဟီးအလ်ဗုခါရီကျမ်းပါ ဟဒီးဆ်တစ်ပုဒ်ထဲ၌ မိန့်ထားသည်မှာ "ဤအာယသ်ပါ အာခိရသ်(တမလွန်ဘဝ)ဆိုသည်က ဘရိဇက်ခ် (သေပြီးနောက် ပြန်လည် ရှင်ပြန်မထမီတွင် တည်ရှိနေသောဘဝ)ဟူသော ကဗရ်၏ဘဝဟု ဆိုလိုပါသည်" ဟူ၍ဖြစ်သည်။

ကဗရ်၏ ဆုလာဘ်နှင့်ပြစ်ဒဏ်အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့က သက်သေပြပြီးဖြစ်သည်

ဟဒီးဆ်တော်တစ်ပုဒ်ထဲ၌ တမန်တော်မြတ်ﷺမိန့်ကြားသည်မှာ အလွန်ကြောက်မက်ဖွယ်ရာ အခြေအနေရှိသည့် ကဗရ်အတွင်း၌ သက်ဝင်ယုံကြည်သူတစ်ဦးအား စစ်ဆေးမေးမြန်းခဲ့သောအခါ၌ အလ္လာဟ်တအာလာ၏ ဆန္ဒတော်နှင့် အထောက်အပံ့အရ သူ (သို့မဟုတ်) သူမသည် ဤကလိမဟ်အပေါ်၌ ခိုင်မြဲစွာရှိနေပြီး မြင့်မြတ်သော အဆိုအမိန့်ဖြစ်သော လာအိလာဟ အစ်လောလ္လာဟ်၏ သက်သေအဖြစ် ထွက်ဆိုပါလိမ့်မည်။ ၎င်းနောက် သူက ပြောကြားမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က **يُثَبِّتُ اللهُ الَّذِيْنَ اٰمَنُوْا بِالْقَوْلِ الثَّابِتِ فِى الْحَيٰوةِ الدُّنْيَا وَ فِى الْاٰخِرَةِ** "အလ္လာဟ်အရှင်မြတ်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား ယင်းတည်တံ့ခိုင်မြဲသောစကားဖြင့် ပစ္စက္ခ မျက်မှောက် လောကီဘဝ၌လည်းကောင်း 'အာခိရသ်' တမလွန်ဘဝ၌လည်းကောင်း တည်တံ့မြဲမြံစေတော်မူ၏" ဟူ၍ မိန့်ထားသည်။ (၂၇) (ဤဟဒီးဆ်အား စိုက်ယိဒ်နာ ဗရအ်အိဗနိနာ ဗရ်အ် အိဗနိအဇိဇ်က ဆင့်ပြန်ခဲ့ပါသည်။) အလားတူ အဟ်ဒီးဆ်ကိုလည်း ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ်သော ခိုင်လုံသည့်ကွင်းဆက်ဖြင့် ဆွဟာဗဟ်အပါး လေးဆယ်တို့၏ ဆင့်ပြန်ချက်ကို အိဗနိကဆီးရ်က သူ၏သဖ်စီရ်ကျမ်းထဲ၌ ဤအကြောင်းနှင့်ပတ်သက်၍ စုစည်းတင်ပြထားပါသည်။ အရှ်ရှိုင်ခ်ဂျလာလုဒ္ဒင်အပ်စ်စုယုတို့က လက််ာဖြင့်ပြုစုထားသည့် အသ်သစ်ဗိဗ်အင်ဒတ် သရစ်စ် သုတေသနကျမ်းထဲ၌ ရှရ်အခုဒ္ဒရ်ကျမ်းပါ ဟဒီးဆ်(၇၀)တို့အား ကိုးကား၍ ဤဆင့်ပြန်ချက်များသည် ကျွန်ုပ်တို့ထံသို့ စဉ်ဆက်မပြတ် (မုသဝါသိရ်)အဖြစ် ရောက်ရှိခဲ့သည်ဆိုကြောင်းကို အတည်ပြုထားပါသည်။ ဤမြင့်မြတ်သော ဆွဟာဗဟ်များက ဤအာယသ်ပါ အာခိရသ်(နောင်တမလွန်ဘဝ)သည် ကဗရ်ကို ရည်ညွှန်းသည်ဆိုကြောင်း ကြေညာခဲ့ပါသည်။ ၎င်းနောက် အာယသ်တော်က ကဗရ်၏ဆုလာဘ်နှင့် ပြစ်ဒဏ်ခတ်မှုအကြောင်းများကို ပြန်လည်ပြောပြပါသည်။

လူသားတစ်ဦး သေဆုံးကာ မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်နောက် တစ်ဖန်ပြန်လည်ရှင်ပြန်ထရခြင်း၊ ကောင်းကင်စေတမန်များ၏မေးခွန်းများကို ဖြေကြားရခြင်း၊ ဤစစ်ဆေးမှုတွင်၊ အဖြေများအအောင်/အရှုံးအရ ဆုလာဘ်ပေးခံရခြင်း၊ ပြစ်ဒဏ်ခတ်ခံရခြင်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်(၁၀)ခုထဲ၌ အညွှန်းအနေဖြင့် ဖော်ပြထားသကဲ့သို့ (ကွင်းဆက်မပြတ်သော ဆင့်ပြန်ချက်များ)မုသဝါသီးရ် ဟဒီးဆ်(၇၀)ထဲတွင် ဤအကြောင်းအရာများကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခဲ့သောကြောင့် မုစ်လင်မ် တစ်ဦးအတွက် သံသယရှိစရာမလိုပါ။ "ကျွန်ုပ်တို့အတွေ့အကြုံအရ ဤဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းတို့ကို မည်သူမျှမမြင်နိုင်ပါဟူသော ယေဘုယျ ဒွိဟသံသယဖြစ်နေသော လူများ အတွက် အသေးစိတ်အဖြေများ ဖြေကြားရန်မလိုပါ။ သို့သော်လည်း တစ်စုံတစ်ရာအား မမြင်တွေ့နိုင်ခြင်းသည် ယင်းအရာ တည်ရှိခြင်း မရှိဆိုသည့် သက်သေပြချက် မဟုတ်ကြောင်း ကောင်းမွန်စွာ နားလည်သဘောပေါက်ရပါမည်။ မည်သူကမျှ ဂျင်နနှင့် ကောင်းကင်စေတမန်များအား မမြင်ဖူးပါ။ သို့ရာတွင် ထိုသည်တို့သည် ရှိနေပါသည်။ လေကို မမြင်တွေ့နိုင်ပါ။ သို့ရာတွင် ယင်းရှိနေပါသည်။ ကျွန်ုပ်တို့၏ ခေတ်အခါတွင် ဒုံးပျံများ အာကာသယာဉ်များဖြင့် ယခင်က မည်သူကမျှ မမြင်တွေ့ခဲ့ရသည် ဝေးလံသော အာကာသထဲသို့ ထိုးဖောက်လေ့လာခဲ့ကြပါသည်။ ယင်းအရာများကား တည်ရှိနေကြပါသည်။ အိပ်မက်မက်သော သူတစ်ဦးသည် သူ၏အိပ်မက်ထဲ၌ ဒုက္ခအချို့အကြောင်း အိပ်မက်မက်ကာ ပြစ်ဒဏ်ခတ်ခံရမှု၏ နာကျင်မှုကြောင့် တွန့်လိမ်နေသည်ကို သူ၏ဘေးတွင်ရှိသော သူတို့က သူဘာဖြစ်နေသည်ကို လုံးဝ မသိကြပါ။

မူအရပြောရမည်ဆိုလျှင် ကမ္ဘာတစ်ခုတွင် ရှိနေသောအခြေအနေများသည် အခြားကမ္ဘာတွင်လည်း ဤကဲ့သို့အခြေအနေများ တည်နေလိမ့်မည်ဟု မှတ်ယူခြင်းသည် မှားယွင်းပါသည်။ ကျွန်ုပ်တို့နောက် ကမ္ဘာတစ်ခုဆီသို့

ရောက်သည်နှင့်တစ်ပြိုင်နက် ထိုနေရာ၌ ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်း ရှိသည်ဆိုကြောင်း၊ စကြဝဠာကို ဖန်ဆင်းတော်မူသောအရှင်က အရှင့်ရစူလ်မှတစ်ဆင့် ကျွန်ုပ်တို့အား ပြောကြားခဲ့သောကြောင့် ကျွန်ုပ်တို့သည် ယင်းကို ယုံကြည်ရန်မှာ လိုအပ်ချက်ဖြစ်ပါသည်။

နောက်ဆုံးအာယသ်(၂၇)အဆုံး၌ **وَيُضِلُّ اللَّهُ الظَّالِمِينَ** "သို့ရာတွင် မတရားသော(ကာဖိရ်) သူတို့ကိုမူကား အလ္လာဟ်အရှင်မြတ်သည် ချွတ်ချော်တိမ်းပါးစေတော်မူ၏"ဟူ၍ မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ သက်ဝင်ယုံကြည်သူများအား အလ္လာဟ်တအာလာသည် "ခိုင်မြဲသောစကား"ဖြစ်သည့် ကလီမာဟ်တ္ဂိုင်ရိဗဟ်အား ၎င်းတို့နှင့် အတူ ခိုင်မြဲစွာ ရှိစေခြင်းကြောင့် ကဗရ်ထဲမှ စတင်၍ပင် ၎င်းတို့၏ ပတ်ဝန်းကျင်သက်သောင့်သက်သာများဖြင့် ဝန်းရံထားပါလိမ့်မည်။ သို့ရာတွင် မတရားသော မယုံကြည်သူများနှင့် ဘုရားအများ ကိုးကွယ်သောသူများမူ အလ္လာဟ်အရှင်၏ ဤအကူအညီနှင့် ထောက်ပံ့မှုတို့ လက်မဲ့ဖြစ်ပါလိမ့်မည်။ ထိုသူများသည် ကဗရ်အတွင်း၌ ကောင်းကင်စေတမန်များဖြစ်သော မွန်ကိရ်နှင့်နကိရ်တို့၏ မေးခွန်းများကို မှန်ကန်စွာ မဖြေဆိုနိုင်ပါ။ ရလဒ်မှာ ထိုသူများသည် ထိုသည်မှ စတင်၍ ပြစ်ဒဏ်ခတ်မှုများကို စတင်ခံစားရပါလိမ့်မည်။

အာယသ်(၂၇)၏နောက်ဆုံးဝါကျထဲ၌ **وَيَفْعَلُ اللَّهُ مَا يَشَاءُ** "စင်စစ်မှာကား ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသော ကိစ္စကို ပြုလုပ် ဆောင်ရွက်တော်မူချေသတည်း။(၁၄း၂၇)ဟူ၍ မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ မည်သည့်တန်ခိုး အစွမ်းကမျှ အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ကို မပိတ်ပင်နိုင်ပါ။ လေးစားရပါသည့် ဆွေဟာဗဟ်ကြီးများ ဖြစ်သော စိုက်ယိဒိနာအုဗိုင်းရ်အိဗနိကာအင်၊ အဗ်ဒုလ္လာဟ် အိဗနိမတ်စ်အူးဒ်နှင့် ဟုဒိုင်ဖာဟ်အိဗနိယမန်ﷺတို့က ပြောသည်မှာ "သက်ဝင်ယုံကြည်သူတစ်ဦးသည် သူ/သူမ ရရှိသည်တိုင်းတို့သည် အလ္လာဟ်အရှင်၏ ရည်ရွယ်ချက်နှင့် ဆန္ဒတော်တို့ဖြင့်သာ ရရှိသည်ဆိုကြောင်း ယုံကြည်ရမည်မှာ မဖြစ်မနေလိုက်နာရမည့် တာဝန်ဖြစ်သည်။ အလ္လာဟ်အလိုတော်မရှိပါက ရရှိနိုင်လိမ့်မည်မဟုတ်ပါ။ ထိုနည်းတူစွာ အလ္လာဟ်အရှင်မြတ်က ရရှိလိမ့်မည်မဟုတ်ဟုဆိုလျှင် ယင်းကို အဘယ်နည်းနှင့်မျှ ရရှိနိုင်လိမ့်မည်မဟုတ်ပါ။ ၎င်းနောက် ထိုဆွဟာဗဟ်ကြီးများ f တို့က ပြောသည်မှာ "အကယ်၍သာ အသင်တို့သည် ထိုသည်ကို မယုံကြည်ခဲ့ပါလျှင် အသင်တို့၏နေထိုင်ရာနေရာဒေသသည် ငရဲဘုံဖြစ်ပါလိမ့်မည်။

အဆုံးတွင်အာယသ်(၂၈)နှင့် (၂၉)ထဲတွင်-

أَلَمْ تَرَ إِلَى الَّذِينَ بَدَّلُوا نِعْمَتَ اللَّهِ كُفْرًا وَأَحَلُّوا قَوْمَهُمْ دَارَ الْبَوَارِ ﴿٢٨﴾
جَهَنَّمَ يَصْلَوْنَهَا ۖ وَبِئْسَ الْقَرَارُ ﴿٢٩﴾

"(အို- နဗီတမန်တော်) အသင်သည် အကြင်သူတို့အား မမြင်ခဲ့လေသလော။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို သွေဖည်ငြင်းပယ်မှုနှင့် လဲလှယ်ခဲ့ကြကုန်သည်။ ၎င်းပြင်ထိုသူတို့သည် မိမိတို့၏အမျိုးသားတို့ကို ပျက်စီးရာဌာနသို့ ဆွဲချသက်ဆင်းစေခဲ့ကြကုန်သတည်း။ (၁၄း၂၈)၊ (၎င်းတို့အား အချင်းတို့) အသင်တို့သည် (ဤလောကီဘဝ၌ အနည်းငယ်) အကျိုးခံစားကြလေကုန်။ (နောက်ဆုံး)စခန်းသည် ငရဲမီး၌ပင်ဖြစ်ပေသည်ဟု ပြောကြားပါလေ။ (၁၄း၂၉)" ဟူ၍မိန့်ထားသည်။

ဤနေရာပါ **نِعْمَتَ اللَّهِ** (အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်)ဆိုသည်က ယေဘုယျ ရုပ်ပိုင်းဆိုင်ရာ အလ္လာဟ်အရှင်၏ ကျေးဇူးတော်များကို ဆိုနိုင်ပါသည်။ ဤသည်တို့အား ဆုပ်ကိုင်နိုင်ခြင်း၊ ထိတွေ့နိုင်ခြင်းများ ပြုလုပ်နိုင်ကာ၊ လူသားများ၏ အပြင်ပိုင်းဆိုင်ရာ ကောင်းကျိုးများဖြစ်သော အစားအသောက်၊ မြေနေရာနှင့် အိမ် စသည်တို့နှင့်

သက်ဆိုင်ပါသည်။ ထို့ပြင် ဤသည်က လူသားများအား လမ်းညွှန်မှုဖြစ်သည့် အလွှာဟ်အရှင်မြတ်ထံမှ ကျရောက်သော နာမ်ပိုင်းဆိုင်ရာ ကောင်းချီးများနှင့် ကျေးဇူးတော်များဟူ၍လည်း ဆိုနိုင်ပါသည်။ ပမာဆိုသော် တမန်တော်များ၊ ကျမ်းစာအုပ်များနှင့် လူသားများ တည်ရှိမှုနေရာများတွင် ထားရှိသော မရေမတွက်နိုင်သည့် ဖန်ဆင်းခြင်းများထဲတွင် ၎င်းနောက် အဆုံးအစမရှိသောမိုးကောင်းကင်နှင့် စကြဝဠာများထဲတွင်ထားရှိသော အလွှာဟ်အရှင်မြတ်၏ တန်ခိုးတော်နှင့် ဟိကမသ်ညာဏ်တို့၏ သက်သေလက္ခဏာများပင်ဖြစ်ပါသည်။ ဤသည်များသည် လူသားများအား လမ်းညွှန်မှုပေးရန်အတွက် သေနင်္ဂဗျူဟာများ ဖြစ်ပါသည်။

ဤသို့သော ကောင်းချီးများနှင့် ကျေးဇူးတော်နှစ်မျိုးအရ လူသားများသည် အလွှာဟ်တအာလာ၏ တန်ခိုးတော်၏ ကြီးကျယ်ခမ်းနားမှုကို သိရှိသင့်ကာ အရှင့်လက်ဆောင်များအတွက် ကျေးဇူးတင်ရှိပြီး အရှင်မြတ်အမိန့်တော်များအတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။ သို့ရာတွင် မယုံကြည်သွေဖည်သူများနှင့် ဘုရားအများ ကိုးကွယ်သူများသည် ကျေးဇူးတင်ရှိခြင်းနှင့် နာခံခြင်းတို့ကို ရှောင်ကွင်းကာ ကျေးဇူးကန်းခြင်းနှင့် မနာခံမှုတို့ကို ရွေးချယ်ခဲ့ပါသည်။ ရလဒ်မှာ သူတို့၏ လူများအား ပျက်စီးခြင်းဖြစ်စေမည့် ငရဲသို့ ဦးဆောင်ခဲ့ပါသည်။

ဤအာယသ်များကပေးသောသင်ခန်းစာ

ဤအာယသ်များထဲ၌ အလွှာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်းနှင့် ကလိမာတ္တိုင်ယိဗဟ် لَا إِلٰهَ إِلَّا اللّٰهُ (လာအိလာဟအစ်လ္လလ္လာ)တို့ကို ယုံသက်ဝင်ယုံကြည်မှု၏ အသီးအပွင့်များဖြစ်သော ကြီးကျယ်ခမ်းနားမှုများ၊ ကောင်းကျိုးများ၊ သုခစည်းစိမ် ပေါကြွယ်ဝမှုများအကြောင်းကို ဖော်ပြထားပါသည်။ ၎င်းပြင် ဤသည်တို့ကို ယုံကြည်ရန် ငြင်းဆိုခြင်း၏ရလဒ်ဖြစ်သော မကောင်းသောဆိုးဝါးသည့် အကျိုးဆက်များကို ဖော်ပြထားသည်။ ပြောစရာမလိုသည်ကတော့ အလွှာဟ်အရှင်တစ်ပါးတည်း တည်ရှိတော်မူခြင်း "သောင်ဟီးဒ်"ဆိုသည်မှာ ထာဝရတည်ရှိနေသော ရတနာဖြစ်ကာ ယင်းတွင် ဗရိကသ်မင်္ဂလာအပေါင်းနှင့် ပြည့်နှက်နေပါတော့သည်။ ကျွန်ုပ်တို့ လက်ရှိကမ္ဘာတွင် ယင်းက အလွှာဟ်အရှင်မြတ်၏ အထောက်ပံ့များရရှိစေကာ အာခိရသ်နှင့် ကဗရ်အတွင်းမှာပါ ဆက်လက်ရရှိစေပါသည်။ ၎င်းနောက် သောင်ဟီးဒ်နှင့်ကလိမဟ်တို့ကို ငြင်းပယ်ခြင်းကြောင့် အလွှာဟ်အရှင်မြတ်၏ ကောင်းချီးနှင့်ကျေးဇူးတော်များသည် ပြစ်ဒဏ်ခတ်မှုအသွင် ပြောင်းလဲသွားပါတော့သည်။

အာယသ် (၃၀-၃၄)

وَ جَعَلُوْا لِلّٰهِ اَنْدَادًا لِّيُضِلُّوْا عَنْ سَبِيْلِهٖ ؕ قُلْ تَمَتَّعُوْا فَاِنَّ مَصِيْرَكُمْ
اِلَى النَّارِ ﴿۳۰﴾ قُلْ لِّعِبَادِيَ الَّذِيْنَ اٰمَنُوْا يُقِيْمُوا الصَّلٰوةَ وَ يُنْفِقُوْا مِمَّا
رَزَقْنٰهُمْ سِرًّا وَّ عَلَانِيَةً مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَ لَا خِلٰلٌ ﴿۳۱﴾
اَللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ وَ الْاَرْضَ وَ اَنْزَلَ مِنَ السَّمَآءِ مَآءً فَاَخْرَجَ بِهٖ
مِنَ الثَّمَرٰتِ رِزْقًا لَّكُمْ ۚ وَ سَخَّرَ لَكُمُ الْفُلْكَ لِتَجْرِيَ فِي الْبَحْرِ بِاَمْرِهٖ ۚ

وَ سَخَّرَ لَكُمُ الْاَنْهٰرَ ﴿۳۲﴾ وَ سَخَّرَ لَكُمُ الشَّمْسَ وَ الْقَمَرَ دَآىِٕبَيْنِ ۚ وَ سَخَّرَ
لَكُمُ الَّيْلَ وَ النَّهَارَ ﴿۳۳﴾ وَ اٰتٰىكُمْ مِّنْ كُلِّ مَا سَاَلْتُمُوْهُ ؕ وَ اِنْ تَعُدُّوْا
نِعْمَتَ اللّٰهِ لَا تُحْصُوْهَا ؕ اِنَّ الْاِنْسَانَ لَظَلُوْمٌ كَفَّارٌ ﴿۳۴﴾

ထိုမှတစ်ပါး ၎င်းတို့သည် (မိမိတို့ကိုယ်ကို လည်းကောင်း၊ သူတစ်ပါးတို့ကိုလည်း ကောင်း၊) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ လွဲစေအံ့သောငှာ ထိုအရှင်မြတ်၏ ဂုဏ် ရည်တူများကို ပြုလုပ်ခဲ့ကြကုန်၏။ မှတ်ယူခဲ့ကြကုန်၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား အချင်းတို့) အသင်တို့သည် (ကျိုလောကီဘဝ၌ အနည်းငယ်) အကျိုး ခံစား ကြလေကုန်။ (နောက်ဆုံး)စခန်းသည် ငရဲမီး၌ပင်ဖြစ်ပေသည်ဟုပြောကြားပါလေ။ [၃၀]

(အို-နဗီတမန်တော်) အသင်သည် သက်ဝင် ယုံကြည်ကြကုန်သော ငါ့အရှင်မြတ် ၏ ကျွန်များအား ထိုသူတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြရမည်။ ထို့ပြင် ငါ့အရှင်မြတ်က ထိုသူတို့အား ချီးမြှင့် ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ အကြင်နေ့ မဆိုက်ရောက်မီ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း၊ ပေးကမ်းစွန့်ကြဲကြရမည်ဟု ပြောကြားပါလေ။ ထိုနေ့တွင် ကုန်သွယ်မှုသည်လည်း ရှိလိမ့်မည်မဟုတ်ပေ၊ မိတ်ဖွဲ့ရင်းနှီး ကျွမ်းဝင်မှုဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ။ [၃၁]

အလ္လာဟ်အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် မိုးကောင်း ကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ချပေးတော်မူခဲ့လေသည်။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုရေဖြင့် အသင်တို့အဖို့ သစ်သီးဝလံများကို ရိက္ခာအဖြစ် ထွက်စေ တော်မူခဲ့လေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ရွက်သဘော်များကို၊ ထိုရွက် သဘော်များသည် ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ပင်လယ်သမုဒ္ဒရာ၌ သွားလာအံ့ သောငှာ အသင်တို့၏အမိန့်ကို လိုက်နာစေတော်မူခဲ့လေသည်။ထိုနည်းတူစွာ ထိုအရှင် မြတ်သည် အသင်တို့အကျိုးငှာ၊ မြစ်ချောင်းများကိုလည်း နိုင်နှင်းစေတော်မူခဲ့၏။ [၃၂] ၎င်းပြင် ထိုအရှင်မြတ်သည် "သူရိယ"နေကို လည်းကောင်း၊ လ "စန္ဒာ"ကိုလည်းကောင်း၊ အမြဲ မပြတ်သွားလာစေလျက် အသင်တို့အကျိုးငှာ လိုက်နာစေတော်မူခဲ့လေသည်။ ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ည၌ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ အသင် တို့အကျိုးငှာ အမိန့်ကို လိုက်နာစေတော်မူခဲ့ပေသတည်း။[၃၃] ထိုမှတစ်ပါး ထိုအရှင် မြတ်သည် အသင်တို့အား ထိုအရှင်မြတ်အထံတော်၌ အသင်တို့ အသနားခံခဲ့ကြသည့် အရာ အလုံးစုံတို့အနက်မှလည်း ချီးမြှင့် ပေးသနားတော်မူခဲ့ပေသည်။ စင်စစ်သော်ကား အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်(များ)ကို ရေတွက်ကြ သည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်(များ)ကို ရေတွက်နိုင်ကြမည် မဟုတ် ပေ။ မလွဲဧကန် မနုဿလူသား(တို့)သည် အမှန်ပင် အလွန်မတရားသောသူ(များ) အလွန် ကျေးဇူးကန်းသူ(များ)ပင် ဖြစ်(ကြ)ပေသတည်း။ [၃၄]

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အိဇ်ရာဟီးမ်၏အစ၌ နဗီတမန်တော်များ၏ တာဝန်ဝတ္တရားအကြောင်းနှင့် တစ်စုံတစ်ဦးအဆုံး၌ နောင်တမလွန်ဘဝသို့ ပြန်လည်သွားရောက်ရမည့် အခြေအနေများနှင့် ပတ်သက်သော အကြောင်းအရာများ ပါဝင်ပါသည်။ ထိုသည်၏နောက် အလ္လာဟ်တစ်ပါးတည်းတည်ရှိတော်မူခြင်း သောင်ဟီးဒ်အားသက်ဝင်ယုံကြည်ခြင်းအတွက် ချီးကျူးထားမှုနှင့်အတူ အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်းဆိုသည့် မယုံကြည်မှုအတွက် ပြစ်တင်ပြောင်းလဲမှုတို့အား ဥပမာများနှင့်အတူ ရှင်းလင်းထားပါသည်။ ထို့နောက် နောက်ပိုင်းအယူဆကို ကျင့်သုံးသောသူတို့အား အလ္လာဟ် အရှင်မြတ်၏ ကောင်းကျိုးများအတွက် ကျေးဇူးတင်ရမည့်အစား ကျေးဇူးကန်းခြင်း၊ ငြင်းပယ်ခြင်းတို့ကို ရွေးချယ်ခဲ့သည့် အတွက် ၎င်းတို့အား ပြစ်တင်မောင်းမဲထားပါသည်။

အထက်ဖော်ပြပါ အာယသ်များအနက် မယုံကြည်သွေဖည်သူများနှင့် ဘုရားအများကိုးကွယ်သူတို့၏ အမူအကျင့်တို့ကိုမနှစ်သက်ကြောင်းဖော်ပြကာ ၎င်းတို့၏ မကောင်းသောအဆုံးသတ်မှုကို ထောက်ပြထားပါသည်။ ဒုတိယ အာယသ်ထဲ၌ သက်ဝင်ယုံကြည်သူများ၏ ထူးခြားပေါ်လွင်မှုများကို ဖော်ပြထားကာ ကျေးဇူးတင်ရှိမှုတာဝန်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အချို့သော အလ္လာဟ်အရှင်၏အမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံးရန် ၎င်းတို့အား မိန့်ကြားထားပါသည်။ တတိယ၊ စတုတ္ထနှင့် ပဉ္စမအာယသ်များ (၃၂-၃၄)ထဲတွင် အလ္လာဟ်အရှင်မြတ်၏ကြီးကျယ်လှသော ကောင်းချီးများအကြောင်း ဖော်ပြထားကာ ဤကောင်းချီးများအား အလ္လာဟ်အရှင်မြတ်ကို မနာခံပေါ်မူဖြစ်စေသည့် လုပ်ရပ်များတွင် မသုံးစွဲရန် ဖျောင်းဖျထားပါသည်။

အာယသ်တော်များအား ရှင်းလင်းချက်

أَنذَرْنَٰكُمْ (အန်ဒါဒ်)ဟူသော စကားလုံးသည် **نِذْر** (နစ်ဒ်)၏ ဗဟုဝုစ်ကိန်းဖြစ်ကာ တူညီခြင်းနှင့် တန်းတူ ရည်တူဖြစ်ခြင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ရုပ်တုများအား "အန်ဒါဒ်"ဟု ခေါ်ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် မယုံကြည်သွေဖည်သူများသည် ၎င်းတို့၏လုပ်ရပ်များအရ ထိုရုပ်တုများသည် အလ္လာဟ်အရှင်မြတ်နှင့် တူညီသည် (သို့မဟုတ်) တန်းတူရည်တူဖြစ်သည်ဟု မှတ်ယူလေ့ရှိကြပါသည်။ အာယသ်(၃၀)ပါ **تَمَتُّعٌ** (တမသ်တအ့)ဟူသော စကားလုံးက တစ်စုံတစ်ရာမှ ယာယီအကျိုးအမြတ်ရယူခြင်းဟု ဆိုလိုပါသည်။ အာယသ်က ရုပ်တုများအား အလ္လာဟ် အရှင်မြတ်နှင့် ရှင်တွဲကိုးကွယ်မှုဖြစ်သော မယုံကြည်သွေဖည်သူများ၏ မှားယွင်းသော အယူအဆအား ပြစ်တင်မောင်းမဲထားပါသည်။ ၎င်းနောက် ထိုသူတို့ ကျရောက်တော့မည့်အဆုံးသတ်မှုကို ၎င်းတို့အားသတိပေးရန် တမန်တော်မြတ်ﷺအား အမိန့်ပေးထားပါသည်။ လောကီဘဝ၏ ကောင်းချီးများကို ၎င်းတို့ ခဏတာမျှ ခံစားကြပါလေ။ သို့ရာတွင် ၎င်းတို့၏အဆုံးသတ်နေရာသည် ဂျဟန္နမ်မီးဖြစ်သည်ဆိုကြောင်း ၎င်းတို့အား ပြောထားပါသည်။

ဒုတိယ အာယသ်(၃၁)ထဲတွင် တမန်တော်မြတ်ﷺကို မိန့်ထားခဲ့သည်မှာ (မက္ကာမြို့မှ မယုံကြည် သွေဖည်ငြင်းပယ်သူများသည် မယုံကြည်သွေဖည်မှု နည်းလမ်းကို ရွေးချယ်ကာ အလ္လာဟ်အရှင့်ကျေးဇူးတော်များကို ကျေနပ်ခိုင်းသွားခဲ့ကြသည်။ ထူးဆန်းသော အလေအလှယ်တစ်ရပ်ပင် ဖြစ်ပါသည်။ သို့ဆိုပါလျှင် အို-နဗီတမန်တော်၊ အသင်သည် သက်ဝင်ယုံကြည်ကြကုန်သော ငါအရှင်မြတ်၏ကျေးကျွန်များအား ထိုသူတို့သည် ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြရမည်။ ထို့ပြင် ငါအရှင်မြတ်က ထိုသူတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ဥစ္စာပစ္စည်းများအနက်မှ အကြင်နေ့ မဆိုက်ရောက်မီ လျှို့ဝှက်စွာလည်းကောင်း၊ ထင်ရှားစွာလည်းကောင်း ပေးကမ်းစွန့်ကြဲကြရမည်ဟု ပြောကြားပါလေ" ဟူ၍ဖြစ်သည်။ ဤအာယသ်ထဲ၌ အလ္လာဟ်အရှင်မြတ်၏ အားလုံးသော သက်ဝင်ယုံကြည်သည့် ကျေးကျွန်များအတွက်

ထူးခြားပေါ်လွင်သော ကောင်းသတင်းပါဝင်သည်။ ဤသည်မှာ ၎င်းတို့အပေါ် ကြီးမားသည့် ဂုဏ်ပေးမှုတစ်ရပ်ဖြစ်သည်။ စဉ်းစားရလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို "အရှင်မြတ်၏ကျေးကျွန်များ"အဖြစ် ၎င်းတို့ကို ဦးတည်မိန့်ကြားထားသည်။ ထို့နောက် ၎င်းတို့အိမာန်၏ အရည်အသွေးကို ချီးကျူးထားသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က ထိုသူများ ထာဝရငြိမ်းချမ်းသာယာမှု၊ စည်းစိမ်ချမ်းသာနှင့်ဂုဏ်သိက္ခာ မည်သို့ရရှိမည်ကို မိန့်ထားသည်။ ယင်းမှာ ဆွလာသ်ဝတ်ပြုမှုကို အချိန်သတ်မှတ်ချက် အတိအကျ ဝတ်ပြုဆောက်တည်ကြသည်၊ စွဲမြဲစွာ ဆောက်တည်ကြသည်။ ဆွလာသ်ဝတ်ပြု ချိန်ရောက်လျှင် ပျင်းရိဖင့်နွဲခြင်းမှ ရှောင်ရှားသည်။ ဆွလာသ်ဝတ်ပြု ဆောက်တည်ရာတွင် ကျင့်ဝတ်နှင့်အညီ ဆောက်တည်ကာ လျော့နည်းမှု မရှိစေနှင့်။ အသင်တို့အား ချီးမြှင့်ထားသည့် စားနပ်ရိက္ခာတို့ကို ငါအရှင်မြတ်၏လမ်းတော်၌လည်း သုံးစွဲကုန်။ ဤနေရာ၌ သုံးစွဲမှု နှစ်နည်းကို ခွဲခြားပြထားခဲ့ကြောင်း ကြေညာထားသည်။ ဤသုံးစွဲမှုကို လှူဖျော်ဝှက်စွာဖြစ်စေ၊ ပေါ်ပေါ်ထင်ထင်ဖြစ်စေ ပြုလုပ်နိုင်သည်။ ဆိုလိုသည်မှာ ဆွဒကာဟ်နှင့်ခိုင်ရတ် (အလ္လာဟ်လမ်းတော်၌ အလှူဒါနပြုခြင်းများ)ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိစေရန် ပေးနိုင်သကဲ့သို့ အခြားလူ များ သိနိုင်အောင်လည်း ပေးနိုင်သည်။ အိုလမာပညာရှင်အချို့က ပြောသည်မှာ မပေးမနေရ ဇကားသ်နှင့်ဆွဒကာဟ် ဖိသိရ်တို့ကို ပေါ်ပေါ်ထင်ထင်ပေးခြင်းက အခြားသူများကိုလည်း အလားတူလုပ်စေရန် နှိုးဆော်ပြီး ဖြစ်စေသည်။ နဖိလ်ဆွဒကာဟ်နှင့်ခိုင်ရတ်တို့ကို လှူဖျော်ဝှက်စွာပေးလျှင် ကောင်းသည်။ သို့မှသာ ဤသည်တို့ကို ထင်ပေါ်ကျော်ကြားလိုခြင်း၊ နာမည်ကောင်း ရလိုခြင်း ပြုလုပ်ခြင်းဟူသော အန္တရာယ်မှ ကင်းဝေးပေသည်။ သို့သော်လည်း ဤသည်တို့မှာ တစ်စုံတစ်ဦး ရည်စူးချက်(နိယတ်)နှင့် ပူးတွဲပါအခြေအနေများပေါ်မူတည်သည်။ အကယ်၍ ယင်းလုပ်ရပ်ကို ထင်ထင်ပေါ်ပေါ်နှင့် လူသိရှင်ကြားလုပ်ရာတွင် ထင်ပေါ်မှု၊ နာမည်ရလိုမှု ဖြစ်နိုင်ချေ အနည်းငယ် ပေါ်ထွက်လာလျှင်ပင် မပြုမနေရ(ဖရ်ဇ်)သို့(နဖိလ်)လှူဒါန်းခြင်းတို့၏ ပင်ကိုဗီဇမြင့်မြတ်မှုကို ဖျက်ဆီးပြီးဖြစ်သွားမည်။ အကယ်၍ အခြားသူများကို ပြုလုပ်စေလိုသော ရည်စူးချက်ဖြင့် ထင်ပေါ်စွာနှင့် ကြေညာလှူဒါန်းလျှင် ဖရ်ဇ်နှင့် နဖိလ်လှူဒါန်းမှုကို ခွဲပြုသည်။

အာယသ်(၃၁)၏နောက်ဆုံးဝါကျတွင် **مِّنْ قَبْلِ اَنْ يَّاْتِيَ يَوْمٌ لَّا بَيْعٌ فِيْهِ وَ لَا خِلٰلٌ** "ထိုနေ့တွင် ကုန်သွယ်မှုသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။ မိတ်ဖွဲ့ရင်းနှီးကျွမ်းဝင်မှုဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ" ဟုမိန့်ထားသည်။ ဤနေရာ၌ သုံးနှုန်းထားသော **خِلٰلٌ** (ခိလာလ်)ဟူသော စကားလုံးမှာ **خُلَّةٌ** (ခုလ်လာဟ်)ဟူသော စကားလုံး၏ အများကိန်းဟုမှတ်ယူနိုင်ကာ ကိုယ်ကျိုးမပါသည့် မိတ်ဖွဲ့ခြင်းဟု ဆိုလိုသည်။ သို့ဆိုလျှင် ဤစကားလုံးကို **مفاعلة** (မုဖာအလ္လာဟ်)မှဆင်းသက်လာသော 'ကီသာလ်' 'ဒီဖာ'စသည့် ကြိယာနာမ်များအဖြစ်လည်း မှတ်ယူနိုင်သည်။ သို့ဆိုလျှင် ယင်းက လူနှစ်ယောက်ကြားရှိ တစ်ဦးနှင့်တစ်ဦး ရိုးသားဖြူစင်စွာ အဆွေခင်ပွန်းဖြစ်ခြင်းဟု ဆိုလိုနိုင်သည်။ ဤဝါကျသည် အထက်ဖော်ပြပါ ဆွလာသ်နှင့် ဆွဒကာဟ်တို့နှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်များနှင့် သက်ဆိုင်သည်။

အမိန့်ပညတ်ချက်၏ အဓိကဆိုလိုရင်းမှာ ယခုအချိန်မှာ လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ဆွလာသ်ဝတ်ပြုရန် လိုအပ်သောခွန်အားနှင့် အချိန်ပေးထားသည်။ မေ့လျော့မှုတို့ကြောင့် အတိတ်တွင် မည်သည့် ဆွလာသ်ဝတ်ပြုမှုကိုမဆို လွတ်ခဲ့လျှင် ကဇာ(လွတ်သွားသော ဆွလာသ်ဝတ်ပြုမှုအတွက် အစားလုပ်ဆောင်ခြင်း)များကို ပြုလုပ်ရန်ပြင်ဆင်ပါ။ အလားတူပင် အသင့် ဥစ္စာဓနမှာ အသင် ယနေ့ ပိုင်ဆိုင်သည်။ ယင်းတို့ကို အလ္လာဟ်လမ်းတော်တွင် သုံးစွဲခဲ့လျှင် တမလွန်ဘဝတွင် အသင့်အတွက် ကောင်းကျိုးဖြစ်ပေလိမ့်မည်။ သို့သော်လည်း သင်မမေ့အောင် ပြောရလျှင် ဤရွေးချယ်မှု နှစ်ရပ်လုံး သင့်ထံမှ ရုပ်သိမ်းမည့်နေ့ရောက်လာလိမ့်မည်။ အသင့်ခန္ဓာကိုယ်သည် ဆွလာသ်ဝတ်ပြုမှုလုပ်ရန် မသန်မစွမ်းဖြစ်သွားသကဲ့သို့ ပေးစရာမပေးခဲ့သော သင့်ပိုင်ဆိုင်မှု

သည်လည်း အားလုံးပြုန်းတီးကုန်လိမ့်မည်ဖြစ်သည်။ ထိုပြင် ယင်းနေ့တွင် ရောင်းခြင်း၊ ဝယ်ခြင်း လည်းရှိမည် မဟုတ်၊ သင်တစ်စုံတစ်ရာဝယ်ရန် ရောင်းဝယ်ဖောက်ကားမှုလည်း ရှိလိမ့်မည်မဟုတ်ချေ။ အသင့်ချို့တဲ့မှုနှင့် ဂုနာဟ်များအတွက်လည်း မပေးလျော်နိုင်တော့ချေ။ ထိုနေ့တွင် အချင်းချင်း အဆွေခင်ပွန်းဖွဲ့မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်ဆံမှုများလည်း ရှိတော့မည်မဟုတ်ပါ။ မည်မျှချစ်ခင်သော မိတ်ဆွေဖြစ်ပါစေ အခြားသူ ကျူးလွန်ထားသော ဂုနာဟ်များ၏ဝန်ထုပ်ဝန်ပိုးကို ဝင်ရောက် ထမ်းပေးမည့်သူလည်း ရှိမည်မဟုတ်၊ အခြားသူတစ်ဦးပေါ် ကျရောက်သည့် ပြစ်ဒဏ်ကို မည်သို့ ဖယ်ရှားရမည်ဟူသော နည်းလမ်း ကိုလည်း ထိုသူရှာတွေ့မည်မဟုတ်ချေ။

يوم (ယောင်မ်-နေ့တစ်နေ့)ဟူသော စကားလုံးသည် ပြန်လည်ရှင်ပြန်ထရမည့်နေ့ (အလ်မာရှရ်)နှင့် ကမ္ဘာပျက်မည့်နေ့ (အလ်ကီယာမသ်)နေ့များဆိုသည်မှာ ထင်ရှားသည်။ ထို့နောက် ယင်းက ဆိုလိုနိုင်သေးသည်မှာ တစ်စုံတစ်ဦး သေဆုံးပြီးသည်နှင့် ဘာမျှမလုပ်နိုင်တော့ခြင်း၊ ပိုင်ဆိုသမျှသည် ပိုင်ဆိုင်သူထံတွင် မရှိတော့ခြင်းဆိုသည့် လက္ခဏာများ စတင်သည့်နေ့ကိုလည်း ရည်စူးနိုင်သည်။

အမိန့်ပညတ်ချက်များနှင့်ညွှန်းထားချက်များ

ကိယာမသ်နေ့၌အဆွေခင်ပွန်းဖြစ်ခြင်းသည်မည်သူတစ်စုံတစ်ဦးအတွက်မျှအလုပ်ဖြစ်လိမ့်မည်မဟုတ်သည် ဟုဆိုခြင်းမှာ ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များပေါ် သက်သက်အခြေခံကာ အဆွေခင်ပွန်းဖွဲ့ခြင်းကို ဆိုလိုသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အတွက် အဆွေခင်ပွန်းဖွဲ့ခြင်းအတွက် ဆက်သွယ်မှုနှင့် မိတ်ဆွေဖွဲ့ခြင်း ပြုလုပ်သူများသည် အရှင်မြတ်ပို့ချတော်မူခဲ့သည့် ဘာသာရေးအကျိုးအမြတ်အတွက် လုပ်ဆောင်ခဲ့လျှင် ယင်းအချိန်ထိတိုင် အလုပ်ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင့်ထံတော်တွင် အရှင်မြတ်၏ကောင်းမွန်သော ကျေးကျွန်ကောင်းများဟု လက်ခံထားခဲ့သောသူများသည် အခြားသူများအတွက် ရှဖာအတ် လွတ်ငြိမ်းခွင့်တောင်းခံနိုင်ကြောင်း မြောက်မြားစွာသော ဟဒီးဆ်တော်များတွင် ဖော်ပြထားခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် မိန့်ထားသည်မှာ "ထိုနေ့တွင် မွတ်သကီသူတော်စင်တို့မှတစ်ပါး အခြားမိတ်ဆွေရင်းချာတို့မှာ အချို့သည်အချို့၏ရန်သူများပင်ဖြစ်ကြပေသည်။ (၄၃း၆၇)" ဤကဲ့သို့ဖြစ်ရသည်မှာအလ္လာဟ်အရှင်မြတ်အားကြောက်ရွံ့မှုၭီမှန်ကန်စွာလုပ်ဆောင်ခဲ့သည့်သတ်ကဝါရှိသူများသည် တစ်ဦးအကြောင်းတစ်ဦးပြောကာ တစ်ဦးနှင့်တစ်ဦး ကယ်တင်မည့်သူများလည်းရှိပါသေးသည်။"

တတိယ၊ စတုတ္ထနှင့် ပဉ္စမအာယသ်(၃၂မှ၃၄ထိ)ထဲတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးမားသော ကောင်းချီးမင်္ဂလာများကို ပြန်လည်ဖော်ပြ၍ လူသားများကို ထိုအရှင့်အား ခဝပ်ကိုးကွယ်ရန်နှင့် အမိန့်နာခံရန် ဖိတ်ခေါ် ထားသည်။ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းသာလျှင် မိုးကောင်းကင်နှင့်ပထဝီမြေကြီး၏ ဖန်ဆင်းရှင်ဖြစ်ကြောင်း မိန့်ထားသည်။ ယင်းဖန်ဆင်းမှုအရ လူသားများ၏ အသက်ရှင်မှု တည်ရှိစေရန် ပေါ်ထွက်လာသည်။ ထို့နောက် အရှင်မြတ်သည် မိုးကောင်းကင်မှ ရေများကျလာစေပြီးနောက် မြေမှအမျိုးစုံပေါ်ထွက်စေကာ လူသားများအတွက် စားနပ်ရိက္ခာ ဖြစ်စေပါသည်။ اَلنَّشْرَةِ (အက်စမရာတ်)ဟူသော စကားလုံးသည် نَشَرَ (ဆမရာသ်)၏အများကိန်းဖြစ်ကာ အရာရာတိုင်း၏ နောက်ဆုံးထွက်ကုန်ဖြစ်သည်။ ထို့ကြောင့် 'အတ်သမရတ်' အောက်တွင် လူသားများအတွက် အစားအသောက်၊ အဝတ်အစား (သို့မဟုတ်) နေစရာအိမ် စသည်တို့ဖြစ်စေသော အရာရာတိုင်း အကျုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအာယသ်ပါ စားနပ်ရိက္ခာဟု ဘာသာပြန်ဆိုထားသည်။ رِزْق စကားလုံးတွင် လူသားများ၏လိုအပ်ချက် အလုံးစုံ အကျုံးဝင်သည်။ (မဇာဟရီ)

ယင်းနောက် မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် သင့်အတွက် အလုပ်လုပ်ရန် အရှင်မြတ် အမိန့်တော်နှင့် လေ့များ၊ သဘော်များ ရေပေါ်တွင် ရွေ့စေသည်။ ဤအာယသ်တော်ပါ سَخَّرَ (စခ်ခရ)ဟူသော စကားလုံးက ဤပစ္စည်းများ အသင်သုံးစွဲရန် လွယ်ကူစေရေးကို အလ္လာဟ်အရှင်မြတ်က လုပ်ဆောင်ပေးထားတော်မူ သည်ဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ ထို့နောက် သစ်သားများ၊ သံမဏိများ၊ ကိရိယာတန်ဆာပလာများနှင့် လေ့သဘော်ဆောက်လုပ်ရန် နည်းပညာများလည်းရှိသည်။ သို့သော်လည်း ထိုအရာများကို မှန်မှန်ကန်ကန်နှင့် ကျွမ်းကျွမ်းကျင်ကျင် သုံးစွဲနိုင်သည့် အသိနှင့်အစွမ်းရှိခြင်း အားလုံးတို့မှာ အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူခြင်း ဖြစ်ကြောင်း မုချ ဝန်ခံရပေမည်။ ထို့ကြောင့် ယင်းသို့သောအရာများကို တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ခြင်း၊ တို့နှင့် ပတ်သက်၍ မာနတတ်နေသော သူများသည် ယင်းကဲ့သို့သော အရာများတီထွင်ခဲ့ကြသည်ဟု ပြောသူများသည် အရှက်မရမီ နှစ်ကြိမ်လောက် စဉ်းစားသင့်ပေသည်။ ရိုးစင်းသော အကြောင်းကား ဤကိစ္စရပ်အတွက် အသုံးပြုသော ပစ္စည်းများကို ထိုသူများ ဖန်ဆင်းထားသော ပစ္စည်းများမဟုတ်သကဲ့သို့ ဖန်ဆင်းနိုင်စွမ်းလည်း မရှိချေ။ သူ၏နောက်ဆုံး ရလဒ်ရစေရန် သစ်သား၊ သံ၊ ကြေးနီနှင့် ယင်းကဲ့သို့သော အရာများသုံးစွဲကာ ထိုရလဒ်ကို တီထွင်သူဟူ၍ သူကိုယ်သူ အဘယ်သို့ ကြေညာနိုင်အံ့နည်း။ အကယ်၍ ကျွန်ုပ်တို့သည် ခိုင်မာသော မှန်ကန်မှုကို ကြည့်မည်ဆိုလျှင် သတိမူရန် အခက်အခဲမရှိသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင် ကျွန်ုပ်တို့လက်များ၊ ခြေထောက်များ၊ ကျွန်ုပ်တို့စိတ်များနှင့် ကျွန်ုပ်တို့ အသိဉာဏ်များတို့ကို ကျွန်ုပ်တို့ပြုလုပ်သည်မဟုတ် (သို့မဟုတ်) တီထွင်ခဲ့သည်မဟုတ်ချေ။

ယင်းနောက် "ၵင်းပြင် ထိုအရှင်မြတ်သည် သူရိယနေကိုလည်းကောင်း၊ လစန္ဒာကိုလည်းကောင်း၊ အသင်တို့အကျိုးငှာ လိုက်နာစေတော်မူခဲ့သည်"ဟု မိန့်ထားသည်။ ယင်းသို့မိန့်ရခြင်းမှာ ၎င်းနှစ်ခုသည် တစ်သမတ်တည်းသော အနေအထားတွင် အမြဲမပြတ် သွားလာရွေ့လျားစေလျက်ရှိရန် ဟူ၍ဖြစ်သည်။ دَائِبَيْنِ (ဒါအိဗိုင်း)ဟူသော စကားလုံးသည် دأب (ဒါဗ်)ဟူသောစကားလုံးမှ ဆင်းသက်လာကာ "အလေ့အကျင့်" ဟုအဓိပ္ပာယ် သက်ရောက်သည်။ တစ်ချိန်လုံးနှင့် အခြေအနေအားလုံးတွင် ရွေ့လျားနေသည်က ဤဂြိုဟ်နှစ်ခုအတွက် အလေ့အကျင့်ဖြစ်သွားစေကာ ယင်းနှင့်ဆန့်ကျင်၍ မည်သည့်အခါမျှ မလုပ်ကြပါ။ سَخَّرَ لَكُمُ (စခ်ခရလကုမ်-အလ္လာဟ်အရှင်မြတ်သည် သင်တို့ အတွက် လိုက်နာစေခဲ့သည်)ဟူသော အသုံးအနှုန်းက ထိုအရာများသည် သင်၏အမိန့်အရ ရွေ့လျားနေသည်ဟု မဆို လိုချေ။ အကယ်၍ နေနှင့်လသည် လူသားများအမိန့်အတိုင်း ရွေ့လျားစေမှု နည်းလမ်းဖြင့် ပြုလုပ်ထားခဲ့လျှင် လူသားအချင်းချင်းကြားတွင် ကွဲပြားခြားနားမှုများ ဖြစ်ကြပေလိမ့်မည်။ ရလဒ်မှာ တစ်စုံတစ်ဦးသည် ညတွင် လုပ်ငန်းဆောင်တာလုပ်ရန် များပြားသဖြင့် နေကိုသာမန်ထွက်ပေါ်ချိန်ထက် နှစ်နာရီခန့် နောက်ကျပြီးမှ ထွက်စေရန် အမိန့်ပေးပေလိမ့်မည်။ တစ်ခြားတစ်ဦးကလည်း သူ့တွင် နေ့အလုပ်များသဖြင့် ယင်းလုပ်ငန်းလုပ်ဆောင်နိုင်ရန် နေကို နှစ်နာရီစောချ၍ ထွက်စေချင်ပေလိမ့်မည်။ ထို့ကြောင့် ကြီးကျယ်တော်မူသော အရှင်မြတ်က လုပ်ဆောင်ခဲ့သည့်နည်းလမ်းမှာ နေနှင့်လတို့ကို လူသားများအတွက် အမိန့်နာခံစေပါသည်။ သို့သော်လည်း အရှင်မြတ်သည် အရှင်မြတ်၏ အသိဉာဏ်ကြွယ်သည့် စီမံမှုအရ လူသားများကို တစ်ချိန်လုံး အခြေအနေအားလုံးတွင် လူသားတို့ကို အကျိုးပြုစေရန် နေနှင့်လကို အမိန့်နာခံစေပါသည်။ ၎င်းတို့ အဝင်အထွက်နှင့် ရွေ့လျားမှုနှုန်းထားသည် လူသားများစိတ်ကြိုက် အမိန့်နာခံခြင်းမျိုး မဖြစ်စေရပါ။

အလားတူစွာ "ထိုနည်းတူစွာ ထိုအရှင်မြတ်သည် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း အသင်တို့အကျိုးငှာ အမိန့်ကိုလိုက်နာစေတော် မူခဲ့လေသည်"ဟူသော အဆိုအမိန့်ကလည်း ယင်းနှစ်မျိုးလုံးကြောင့် သက်သောင့်သက်သာမှုနှင့် စည်းစိမ်ရှိမှုဖြစ်ကာ လူသားကို အလုပ်အကျွေးပြုစေရန်ဖြစ်သည်။

ထို့နောက် အာယသ် ၃၄ ၏ ပထမဝါကျတွင် "وَءَاتَىٰكُم مِّن كُلِّ مَا سَأَلْتُمُوهُ" ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့အား ထိုအရှင်မြတ် အထံတော်၌ အသင်တို့ အသနားခံခဲ့ကြသည့်အရာ အလုံးစုံတို့အနက်မှလည်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်" ဟူ၍ မိန့်ထားသော်လည်း အလ္လာဟ်အရှင်နှစ်သက်၍ ပေးကမ်းတော်မူခြင်းတို့သည် တစ်စုံတစ်ဦး၏ တောင်းခံမှုပေါ် မူတည်ပေးသည်မဟုတ်။ ကျွန်ုပ်တို့ တည်ရှိမှုသည်ပင်လျှင် ကျွန်ုပ်တို့ တောင်းခံခဲ့သောအရာ မဟုတ်ချေ။ ဤအရာကို မတောင်းခံဘဲလျက်နှင့် အရှင်မြတ်၏ အဆုံးအစမရှိသော ကျေးဇူးတော်အရ ကျွန်ုပ်တို့ကို ပေးသနားတော်မူခြင်း ဖြစ်သည်။

အလားတူစွာ မည်သူကမိုးကောင်းကင်များ၊ ပထဝီမြေကြီး၊ လ၊ နေ နှင့် အခြားမြောက်မြားစွာသောအရာများကို ကျွန်ုပ်တို့ အတွက် ဖန်ဆင်းပေးတော်မူပါဟု လက်ဖြန့်တောင်းခံခဲ့ကြပါသနည်း။ အရှင်သခင်သည် ဤအရာအားလုံးကို ကျွန်ုပ်တို့ တောင်းခံခြင်း မရှိပါဘဲလျက် ကျွန်ုပ်တို့ကို ချီးမြှင့်ခဲ့ပါသည်။ ထို့ကြောင့် အလ်ကာသ္ဒီအလ်ဗိုင်ဒါဝီက ဤအဆိုအမိန့်ကို ရှင်းလင်း၍ ပြောခဲ့သည်မှာ "တောင်းခံထိုက်သည့် အရာဖြစ်သော်လည်း အသင်တို့ အမှန်တကယ် မတောင်းခံခဲ့သောအရာတိုင်းကို အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူခဲ့ပြီးဖြစ်သည်။ "သို့သော်လည်း ဤနေရာပါ စကားလုံးများ၏ အဓိပ္ပာယ်ကို စာပေဆိုင်ရာ အကြံပြုချက်အရ ဖြစ်ခဲ့လျှင်ပင် ပြဿနာတစ်စုံတစ်ရာ မရှိချေ။ အဘယ့်ကြောင့်ဆိုသော် လူသားများတောင်းခံသမျှကို မည်သည့်နည်းနှင့်မဆို သူ့အား ပေးလေ့ရှိပါသည်။ သို့သော်လည်း သူတောင်းခံသမျှ ဘာကိုဖြစ်ဖြစ် အပြင်ပန်းအားဖြင့် မရခဲ့သောအခါ တောင်းဆိုသူအတွက်ဖြစ်စေ(သို့မဟုတ်) ကမ္ဘာပေါ်တွင် ကျန်ရစ်သူအတွက်ဖြစ်စေ ၎င်းတို့မသိသည့် သင့်တော်သော အချက်ရှိနေပေလိမ့်မည်။ သို့သော်လည်း အရာရာကို သိတော်မူသောအရှင်၊ အရာရာကို ဂရုပြုတော်မူသည့်အရှင်က သိတော်မူသည်။ အကြောင်းမှာ အကယ်၍ သူတောင်းခံခဲ့သည်ကို ၎င်းအားပေးလိုက်လျှင် ယင်းသည် သူ့အတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း၊ တစ်ကမ္ဘာလုံးအတွက် သော်လည်းကောင်း ဆိုးကျိုးဖြစ်သွားနိုင်သည်။ ယင်းသို့သော အခြေအနေမျိုးတွင် တောင်းခံမှုကို မပေးခြင်းကပင်လျှင် ကြီးမားသော ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်သွားသည်။ သို့ရာတွင် လူသားသည် သူ့အသိပညာနည်းပါးမှုကြောင့် ယင်းကို မသိနိုင်တော့ပဲ စိတ်ပျက် လက်ပျက် ဖြစ်သွားပေသည်။

အာယသ်(၃၄)၏နောက်ဝါကျတွင် "وَإِن تَعُدُّوا نِعْمَتَ اللَّهِ لَا تُحْصُوهَا" စင်စစ်သော်ကား အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်(များ)ကို ရေတွက်ကြသည်ရှိသော် အသင်တို့သည် ယင်းကျေးဇူးတော်(များ)ကို ရေတွက်နိုင်ကြမည် မဟုတ်ချေ"ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အကယ်၍ အလ္လာဟ်အရှင့်ကျေးဇူးတော်များကို လူသားများအားလုံး စုပေါင်း၍ရေတွက်ကြလျှင်ပင် ရေတွက်၍ ရမည်မဟုတ်ချေ။ လူသားတစ်ဦးသည် ပကတိအတိုင်းဆိုလျှင် သေးငယ်သောကမ္ဘာတစ်ခု ဖြစ်သည်။ သူ (သို့မဟုတ်) သူမ၏ မျက်စိများ၊ နားများ၊ နှာခေါင်းများ၊ လက်များခြေများ၊ နားများနှင့်အဆက် အဆစ်တိုင်းတွင်သာမက ကြွက်သားတိုင်းနှင့် သွေးကြောများတိုင်းတွင် အဆုံးမရှိသည့် ကောင်းချီးမင်္ဂလာများ မြှုပ်နှံထားပါသည်။ ဤအံ့သြဖွယ်ရာပေါင်းများစွာသော အလွန်နူးညံ့သည့် သေးနုပ်သော စက်ပစ္စည်းကရေးများသည် အရာရာတိုင်းကို အမြဲတစေ လုပ်ဆောင်စေနိုင်ပါသည်။ ထိုနောက် ကျွန်ုပ်တို့တွင် တွေးတောချင်ပင် ရနိုင်သော အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုများမှာ အထက်မြေပေါ်၊ မြေအောက်၊ မြေပြင်အထက် ပင်လယ်များတွင်းနှင့် တောင်များတွင် ရှိပါသည်။ ကျွမ်းကျင်သူ ထောင်ပေါင်းများစွာက သူတို့ဘဝ တစ်လျှောက်လုံး သုတေသနပြု၍ ဖော်ထုတ်နိုင်ရန်ကြိုးစားလင့်ကစား ဖော်ထုတ်နိုင်စွမ်း မရှိကြချေ။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ကိုယ်ပိုင်အယူအဆရှိပါသည်။ ယင်းမှာ ကောင်းချီးမင်္ဂလာဟု ယူဆသော အရာရာတိုင်းကို အကောင်းမြင်၍ အာရုံငါးပါးနှင့် ထိတွေ့ခံစားနိုင်သည့် နည်းလမ်းဟု မှတ်ယူ

ခြင်းဖြစ်သည်။ စင်စစ် ကောင်းချီးမင်္ဂလာများကို ယင်းသို့သော အဓိပ္ပာယ်ဖွင့်ခြင်းဖြင့် ကန့်သတ်မရပါ။ အကယ်၍ ကျွန်ုပ်တို့သည် ရောဂါများ၊ အခက်အခဲများ၊ နာကျင်မှုများ၊ ဆုံးရှုံးမှုနှင့် ဝမ်းနည်းမှုများ လွတ်ကင်းနေလျှင် ယင်းသည်ပင် ကောင်းချီးမင်္ဂလာပင် ဖြစ်သည်။ လူတစ်ဦးသည် ရောဂါများစွာ (သို့မဟုတ်) သူဘဝတွင် စိတ်နှင့်ကိုယ် မချမ်းမသာမှု မရေတွက်နိုင်အောင် ဖြစ်ခဲ့သည်။ ဤသည်မှ ကျွန်ုပ်တို့ မှန်းဆနိုင်သည်မှာ အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ၊ ကျေးဇူး တော်များ ပြည့်စုံစွာ ပေးကမ်းချီးမြှင့်ထားမှုများကို ရေတွက်ရန်မှာ မဖြစ်နိုင်ချေ။

မျှတမှုအရဆိုလျှင် ဤမရေမတွက်နိုင်သော ကောင်းချီးမင်္ဂလာများအတွက် အလွှာဟ်အရှင်မြတ်၏ အမိန့်နာခံသော မရေမတွက်နိုင်သည့် လုပ်ရပ်များနှင့် အလွှာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိကြောင်းကို မရေမတွက်နိုင်သည့် ပြဿမှုများဖြင့် တုံ့ပြန်ရမည်မှာ မပြုမနေရ တာဝန်ဖြစ်သည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အဆုံးမရှိသော ကျေးဇူးတော်များအရ လူသားများ၏ အားနည်းမှုဒီဇာအတွက် သက်သာမှုပြသခဲ့လေသည်။ ရွေးချယ်မှု ပေးသနားထားခဲ့သည်မှာ လူသားသည် စစ်မှန်မှုကိုကြည့်ရာတွင် မပြုမနေရကျေးဇူးတင်ရှိမှု တောင်းဆိုချက် ဖြည့်ဆည်းမှုသည် သူ့လုပ်နိုင်စွမ်းမရှိဟု ဝန်ခံခဲ့လျှင် ယင်းဝန်ခံမှုသည် ပင်လျှင် ကျေးဇူးတင်ရှိမှု၏ မပြုမနေရ တာဝန်ကို ဖြည့်ဆည်းခြင်း လုံလောက်သည်ဟု ကြေညာထားသည်။ ယင်းသို့ပင် စိုက်ယိဒိနာ ဒါဂူးဒ်ﷺက အလားတူ ဝန်ခံမှုပြုရာ၌ အလွှာဟ်အရှင်မြတ်က **الان قد شكرت يا داؤ** ဟု မိန့်ခဲ့လေသည်။ ဆိုလိုသည်မှာ သူ၏ ဤဝန်ခံမှုပြုလုပ်ခြင်းသည် ကျေးဇူးတင်ရှိမှုပြသခြင်းအတွက် လုံလောက်သည်။

အာယသ်(၃၄)အဆုံးတွင် **إِنَّ الْإِنسَانَ لَظَلُومٌ كَفَّارٌ** "ဧကန်မလွဲ မနုဿလူသား(တို့)သည် အမှန်ပင် အလွန်မတရားသောသူ(များ)၊ အလွန်ကျေးဇူးကန်းသူ(များ)ပင် ဖြစ်(ကြ)ပေသတည်း"ဟု မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ သူသည် အခက်အခဲများကို သည်းခံမှုဖြင့် ရင်ဆိုင်သင့်သည်။ သူ့ပြောသမျှနှင့် ခံစားသမျှသည် မည်သည့် ညည်းညူမှုမျှ မရှိစေရ။ ကြုံတွေ့နေရသော ကံကြမ္မာသည် အလွန်အသိဉာဏ်ကြွယ်ဝသည့် အရှင်သခင်ထံတော်မှ ကျရောက်လာသည်ဟု မှတ်ယူရမည်။ ထိုကံကြမ္မာသည်လည်း အရှင်မြတ်၏ အဆုံးမရှိသော အသိဉာဏ်အရ အကောင်းချည်းသာဖြစ်သည်။ ထို့နောက် သူ့အားကောင်းသည်များနှင့် သက်သောင့်သက်သာရှိမှုများနှင့် ကောင်းချီးပေးခံရပါက တရားမျှတသည့်အနေဖြင့် သူပြောသမျှနှင့် လုပ်ဆောင်သမျှတွင် သူ့နှလုံးသားမှလာသော ကျေးဇူးတင်မှုရှိရမည်။ သို့ရာတွင် လူသား၏ယေဘုယျအကျင့်မှာ ဤစံနမူနာနှင့် ကွဲပြားစွာလုပ်ဆောင်ပါသည်။ အနည်းငယ်မသက်သာလျှင် (သို့မဟုတ်) နာကျင်လျှင် သူကို သည်းခံနိုင်ခြင်း မရှိစေဘဲ ၎င်းတို့ပြဿနာကို လျှောက်၍ဖောက်သည်ချတော့သည်။ ထို့ပြင် အကယ်၍ ထိုသူများသည်ကောင်းချီးမင်္ဂလာအချို့(သို့မဟုတ်)ဥစ္စာဓန အနည်းငယ်ရရှိလျှင် သူတို့သည် ယင်းကို ယစ်မူး၍ ၎င်းတို့၏ ကျေးဇူးတော်ရှင် အလွှာဟ်အရှင်မြတ်ကို လုံးဝမေ့လျော့သွားပါတော့သည်။ ထို့ကြောင့် အစောပိုင်းဖော်ပြခဲ့သည့် အာယသ်(၅)ထဲ၌ဆွဗရ်(အလွန်သည်းခံသော)နှင့် ရှကူးရ်(အလွန်ကျေးဇူးသိတတ်သော)တို့အား ရိုးသားဖြူစင်စွာ သက်ဝင်ယုံကြည်သူများ၏ အရည်အသွေးဟု ဖော်ထုတ်ပြသခဲ့သည်။

အာယသ် (၃၅-၄၁)

وَ اِذْ قَالَ اِبْرٰهِيْمُ رَبِّ اجْعَلْ هٰذَا الْبَلَدَ اٰمِنًا وَّ اجْنُبْنِيْ وَ بَنِيَّ اَنْ
نَّعْبُدَ الْاَصْنَامَ ﴿۳۵﴾ رَبِّ اِنَّهُنَّ اَضْلَلْنَ كَثِيْرًا مِّنَ النَّاسِ ۚ فَمَنْ تَبِعَنِيْ
فَاِنَّهٗ مِنِّيْ ۚ وَ مَنْ عَصَانِيْ فَاِنَّكَ غَفُوْرٌ رَّحِيْمٌ ﴿۳۶﴾ رَبَّنَاۤ اِنِّيْۤ اَسْكَنْتُ
مِنْ ذُرِّيَّتِيْ بِوَادٍ غَيْرِ ذِيْ زَرْعٍ عِنْدَ بَيْتِكَ الْمُحَرَّمِ ۙ رَبَّنَا لِيُقِيْمُوا
الصَّلٰوةَ فَاجْعَلْ اَفْئِدَةً مِّنَ النَّاسِ تَهْوِيْۤ اِلَيْهِمْ وَارْزُقْهُمْ مِّنَ الثَّمَرٰتِ
لَعَلَّهُمْ يَشْكُرُوْنَ ﴿۳۷﴾ رَبَّنَاۤ اِنَّكَ تَعْلَمُ مَا نُخْفِيْ وَ مَا نُعْلِنُ ؕ وَ مَا يَخْفٰى عَلَى
اللّٰهِ مِنْ شَيْءٍ فِي الْاَرْضِ وَ لَا فِي السَّمَآءِ ﴿۳۸﴾ اَلْحَمْدُ لِلّٰهِ الَّذِيْ وَهَبَ لِيْ عَلَى
الْكِبَرِ اِسْمٰعِيْلَ وَ اِسْحٰقَ ؕ اِنَّ رَبِّيْ لَسَمِيْعُ الدُّعَآءِ ﴿۳۹﴾ رَبِّ اجْعَلْنِيْ
مُقِيْمَ الصَّلٰوةِ وَ مِنْ ذُرِّيَّتِيْ ۖ رَبَّنَا وَ تَقَبَّلْ دُعَآءِ ﴿۴۰﴾ رَبَّنَا اغْفِرْ لِيْ وَ
لِوَالِدَيَّ وَ لِلْمُؤْمِنِيْنَ يَوْمَ يَقُوْمُ الْحِسَابُ ﴿۴۱﴾

ထင်းပြင် (ပြန်လည်၍ သတိရကြလေကုန်။) တစ်ရံရောအခါဝယ် (နဗီတမန်တော်) အိဗ်ရာဟီမ်သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့) ဇလျုက်ထား ပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ဤမြို့ကို ငြိမ်းချမ်းသာယာသောမြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ သားများကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် ရုပ်ပွားဆင်းတုများကို မကိုးကွယ်မိကြရန် ကင်းဝေးစွာထားရှိတော်မူပါ။ [၃၅] အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ဇကန်မလွဲ ယင်းရုပ်ပွားဆင်းတု များသည် များစွာသောသူတို့အား လမ်းလွဲစေခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ မည်သူမဆို ကျွန်တော်မျိုး၏စကားကိုနာခံခဲ့ပါလျှင် ဇကန်စင်စစ် ထိုသူသည် ကျွန်တော်မျိုး၏ အုပ်စုအနက်မှ ဖြစ်ပါသည်။ သို့ရာတွင် မည်သူမဆို ကျွန်တော်မျိုး၏ အပိန့်ကို ဗီဆန်ခဲ့ပါမူ အမှန်စင်စစ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။[၃၆] အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဇကန်အမှန် ကျွန်တော်မျိုးသည် မိမိသားသမီးအချို့ကို အရှင်မြတ်၏ မြင့်မြတ်လှစွာသော အိမ်တော်ပါးတွင် လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတစ်ခုဌ၌ နေရာချထားခဲ့ပါသည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်း

မွေးမြူတော်မူသောအရှင်မြတ်၊ (ကျွန်တော်မျိုးတို့သည် ၎င်းတို့အား ယင်းကဲ့သို့ နေရာချ၍ ထားခဲ့ခြင်းမှာ) ၎င်းတို့သည် ဆွလာတ်ဝတ်ပြုမှုကို ဆောက်တည်ကြအံ့သောငှာ နေရာချ၍ထားခဲ့ခြင်းပင်) ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အရှင်မြတ်သည် လူများ၏ စိတ်နှလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော်မူပါ။ ထို့ပြင် ၎င်းတို့သည် ကျေးဇူးတော်ကို သိကြအံ့သောငှာ အရှင်မြတ် သည် ၎င်းတို့အား သစ်သီးဝလံများကို စားနပ်ရိက္ခာအဖြစ် ချီးမြှင့်တော်မူပါ။[၃၇] အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ လျှို့ဝှက်ကြသောအချက်တို့ကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့ ထင်ရှားစေကြကုန်သောအချက်တို့ကိုလည်းကောင်း သိရှိတော်မူပါ၏။ စင်စစ်သော်ကား ပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း၊ မည်သည့်တစ်စုံတစ်ရာမျှပင် အလ္လာဟ်အရှင်မြတ်အပေါ်၌ ဖုံးအုပ်လျက် အလျှင်းမရှိပေ။ [၃၈] ချီးမွမ်းထောမနာအပေါင်းတို့သည် အကြင် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်၏။ ထိုအရှင်မြတ် သည် ကျွန်တော်မျိုးအား အသက်အရွယ်အိုမင်းကြီးရင့်ပါလျက်နှင့်ပင် (သားတော်)အိမ်မာအိမ်လ်ကိုလည်းကောင်း၊ (သားတော်) အိမ်ဟာက်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ဇကာနံစပ် ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် အမှန်ပင် ဆုတောင်းပတ္ထနာပြုခြင်းကို အလွန်ကြားတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း။[၃၉] အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုးအား အမြဲတစေ "ဆွလာတ်" ဝတ်ပြုသူ ပြုလုပ်တော်မူပါ။ ထိုနည်းတူစွာ ကျွန်တော်မျိုး၏ နောက်သားနောက်မြေးတို့အနက်မှလည်း (ဆွလာတ် ဝတ်ပြုသူများ ပြုလုပ်တော်မူပါ)။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၏(ဤ) ဆုမွန်ပတ္ထနာကို သဘောတူလက်ခံတော်မူပါ။[၄၀] အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ အရှင်မြတ်သည် စစ်ဆေးမှုဖြစ်ပေါ် လာမည့်နေ့တွင် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားလည်းကောင်း၊ မုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း၊ (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။[၄၁]

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် အလ္လာဟ်တစ်ပါးတည်းတည်ရှိခြင်း သောင်ဟီးဒ်၏ ယုတ္တိရှိခိုင်မာမှုနှင့် အခြေခံကျသော အဆင့်အတန်းကိုဖော်ပြထားသည်။ ထို့ပြင် ဆန့်ကျင်ဘက်အနေဖြင့် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူမှုတွင် ယှဉ်တွဲကိုးကွယ်မှု ရှိရှိက်ပြုလုပ်ခြင်းအား ပြစ်တင်ဖောင်းမဲမှုတစ်ခုကို ဖော်ပြထားသည်။ သန့်ရှင်းစင်ကြယ်သော ဘုရားတစ်ပါးတည်းတည်ရှိမှုကို အတည်ပြုရန်အလို့ငှာ ဂျီဟာဒ်စစ်ပွဲ ဆင်နွှဲခဲ့သည့် နဗီတမန်တော်ﷺများအနက် စိုက်ယိဒ်နာအိဗ်ရာဟီးမ်ﷺသည် အဓောဓ်မြင်ဆုံးဖြစ်သည်။ ထို့ကြောင့် ၎င်းဟောကြားခဲ့သည့် ဘာသာတရားကို ဖြောင့်မတ်မှန်ကန်သော ဘာသာတရားဟု သီးသန့်ကျိုးကြားခဲ့သည်။

ဤရှုထောင့်အရ အထက်ဖော်ပြပါ အာယသ်များထဲ၌ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ၏ အဖြစ်အပျက်ကို ရည်ညွှန်းထားသည်။ သို့သော် နောက်ထပ် အခြားတစ်ချက်လည်း ရှိသေးသည်။ ပြီးခဲ့သော အာယသ်(၂၈)တွင် **اَلَّذِيْنَ بَدَّلُوْا نِعْمَتَ اللّٰهِ كُفْرًا** "ထိုသူတို့သည် အလ္လာဟ်အရှင် မြတ်၏ကျေးဇူးတော်များကို သွေဖည်ငြင်းပယ်မှုနှင့် လဲလှယ်ခဲ့ကြကုန်သည်။"ထဲ၌ အီမာန်သက်ဝင်ယုံကြည်ခြင်းကို မယုံကြည်သွေဖည်ငြင်းပယ်မှုနှင့်လည်းကောင်း၊ သောင်ဟီးဒ် (အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်း)ကို ရှိရဲက်၊ (အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်း)နှင့် လဲလှယ်ခဲ့ကြသော မက္ကာဟ်မြို့၏ မယုံကြည်သွေဖည်ငြင်းပယ်သူများကို ရှုတ်ချထားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ၎င်းတို့ဘိုးဘေးဘီဘင်များ လုပ်သကဲ့သို့ လုပ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ဤအာယသ်တော်များထဲ၌ ၎င်းတို့၏ အကြီးအကဲခေါင်းဆောင်ဖြစ်သော စိုက်ယိဒိနာ အိဗ်ရာဟီးမ်ﷺ၏ ယုံကြည်ချက်နှင့် အပြုအမူများ အကြောင်းပြောထားခဲ့သည်။ သို့မှသာ ၎င်းတို့ ဘိုးဘွားဘီဘင်တို့၏ ခေါင်းဆောင်မှုကို စိတ်အား ထက်သန်စွာ လိုက်နာလိုသူများသည် ဤစံပြကိုကြည့်ကာ သူတို့၏ မယုံကြည်သွေဖည်မှုမှ ရှောင်ခွာကြလိမ့်မည်ဟု မျှော်လင့်ရပါသည်။

(အလ်ဗဟ်ရှလ် အလ်မုဟီးတ်ွ)

ကျွန်ုပ်တို့ ရှင်းလင်းစွာ သိထားပြီးသည်မှာ မြင့်မြတ်သော တမန်တော်များ၏အကြောင်းများနှင့် အခြေအနေများကို ဖော်ပြရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုနဗီတမန်တော်များအကြောင်းကိုသာ ဖော်ပြရန် မည်သည့် အခါမျှ မရည်ရွယ်ခဲ့ချေ။ ဤအကြောင်းအရာများထဲတွင် လူသားဘဝ၏ ကဏ္ဍအသီးသီးတို့အတွက် လမ်းညွှန်မှုများ ပါဝင်သည်။ ထိုလမ်းညွှန်မှုများ အဆက်မပြတ်ရစေရန် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် တမန်တော်များ၏ ဤအဖြစ်အပျက်များကို ထပ်ကာတလဲလဲ ဖော်ပြထားခဲ့သည်။

ဤနေရာ၌ ပထမအာယသ်(၃၅)ထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ တောင်းခံခဲ့သည့် ဆုမွန်နှစ်ရပ် ပါဝင်သည်။ (၁)မှာ **رَبِّ اجْعَلْ هٰذَا بَلَدًا اٰمِنًا** "အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ဤမြို့(မက္ကာဟ်)ကို ငြိမ်းချမ်းသာယာသောမြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ" ဖြစ်သည်။ ဤဒိုအာ ဆုမွန်မှာ စူရဟ်ဘကရဟ်(၂း၁၂၆)တွင်လည်း ပါဝင်သည်။ သို့ရာတွင် စူရဟ်ဘကရဟ်ထဲ၌ **بَلَدٌ** (ဗလဒ်=မြို့)ဟူသော စကားလုံးကို အလိဖ်၊ လာမ်ဟူသော တိကျသော အညွှန်းစကားလုံးမပါဘဲ **بَلَدًا** ဗလဒမ်)ဟု ဖော်ပြထားခြင်းက မည်သည့်မြို့ဟု အတိအကျမဆိုလိုချေ။ အကြောင်းမှာ ဤဆုဒိုအာတောင်းဆိုသည့်အချိန်၌ မက္ကာဟ်မြို့တော်တွင် လူနေအိမ်ခြေများမရှိခဲ့ပါ။ ထို့ကြောင့် ဒုအာဆုမွန်ပါ စကားလုံးများကို ယေဘုယျအဖြစ် သုံးနှုန်းထားကာ စိုက်ယိဒိနာ အိဗ်ရာဟီးမ်ﷺက "အို-ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ ဤဒေသကို (ခပ်သိမ်းကုန်သော ဘေးရန်တို့မှ ကင်းစေ၍) ငြိမ်းချမ်းသာယာ(စည်ကားလှသော)မြို့တော်ဖြစ်ပါစေသတည်း" မိန့်ကြားခဲ့သည်။

မက္ကာဟ်သည် လူနေအိမ်ခြေများရှိသော မြို့တော်တစ်ခု ဖြစ်သွားသောအခါ၌ သူတောင်းဆိုသော ဒိုအာထဲတွင် မက္ကာဟ်မြို့တော်ဟု တိကျသည့် ရည်ညွှန်းချက်ပြုလုပ်ကာ "အို-ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ဤမြို့ကို ငြိမ်းချမ်းသာယာသောမြို့အဖြစ် ပြုလုပ်ပေးသနားတော်မူပါ"ဟု တောင်းဆိုခဲ့သည်။

(၂) ၎င်းတောင်းဆိုသည့် ဒုတိယဒိုအာမှာ "ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ သားများကိုလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် ရုပ်ပွားဆင်းတုများကို မကိုးကွယ်မိကြရန် ကင်းဝေးစွာ ထားရှိတော်မူပါ"ဖြစ်သည်။

တမန်တော်များကို အလ္လာဟ်အရှင်မြတ်သည် ရှရိုက်လုပ်ရပ်၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်း(သို့မဟုတ်) ပြစ်မှု

ဂုနာဟ်ကျူးလွန်ခြင်းတို့မှ ကာကွယ်စောင့်ရှောက် အကာအကွယ်ပေးထားပြီးဖြစ်သော်လည်း ဤဒိုအာထဲတွင် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် သူ့အတွက်ပါ ထည့်သွင်းတောင်းဆိုခဲ့သည်။ ဤသို့လုပ်ရခြင်း အကြောင်းမှာ တမန်တော်များသည်လည်း အန္တရာယ်ကျရောက်နိုင်သည်ဆိုသော အမြဲစိုးရိမ်ကြောင့်ကြမ္ဘကြောင့်လည်းကောင်း သို့မဟုတ် သူ၏ အဓိကရည်ရွယ်ချက်မှာ ၎င်း၏သားသမီးများအား မယုံကြည်သွေဖည်မှုနှင့် ရုပ်တုဆင်းတုကိုးကွယ်မှု အန္တရာယ်မှ လုံခြုံစေရေးဆိုသည်လည်း ဖြစ်နိုင်ပေသည်။ ဒိုအာထဲတွင် သူ့အတွက် ထည့်သွင်းရခြင်းမှာ ကိစ္စရပ်၏ကြီးကျယ်မှုကို သူ့သားသမီးများ စွဲမှတ်သွားစေရန် ဖြစ်သည်။

အလ္လာဟ်ဂျလ္လာဟ်ရှနဟူးသည် အရှင့် "အဆွေတော်"၏ တောင်းဆုဒိုအာကို လက်ခံတော်မူခဲ့သည်။ သူ၏ သားသမီးများအား ရှစ်ရိက်လုပ်ခြင်းနှင့်ရုပ်တုကိုးကွယ်ခြင်းတို့မှ အကာအကွယ်ပေးပြီးဖြစ်စေပါသည်။ ဤတွင်မေးခွန်းတစ်ခု ပေါ်ထွက်စေပါသည်။ မက္ကာ မြို့သူမြို့သားများသည် အများအားဖြင့် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ၏ သားစဉ်မြေးဆက်များ ဖြစ်ကြပါသည်။ ရုပ်တုကိုးကွယ်မှုသည် ၎င်းတို့ထဲ၌ များစွာရှိနေခဲ့ကြပါသည်။ စွဖ်ယာန် အိဗနီအုယိုင်နာဟ်၏ ခိုင်လုံသောအဆိုအရ သဖီစီရ်အလ်ဗဟ်အလ်မုဟိတ္ဂ် ကျမ်းထဲ၌ ဤသည်ကို ဖြေကြားထားသည်မှာ စိုက်ယိဒိနာအိစ်မာအီးလ်ﷺ၏ သားစဉ်မြေးဆက်မှ မည်သူတစ်ဦးတစ်ယောက်ကမျှ ရုပ်တုကိုးကွယ်ခြင်းကို အမှန်တကယ် မပြုလုပ်ခဲ့ကြပါ။ တကယ်တမ်းဆိုရသော် ဂျူရ်ဟန်မျိုးနွယ်စုတို့သည် မက္ကာဟ်မြို့တော်အား သိမ်းပိုက်ခဲ့ပြီးနောက် စိုက်ယိဒိနာအိစ်မာအီးလ်၏ မျိုးဆက်တို့အား နှင်ထုတ်ခဲ့သောအခါ၌ ထိုသားစဉ်မြေးဆက်တို့သည် မြင့်မြတ်သောနေရာအား ချစ်ခင်မှုရှိသေမှုအနေဖြင့် ထိုနေရာမှ ကျောက်တုံးကျောက်ခဲများကို ယူဆောင်သွားကြပါသည်။ ဤကျောက်တုံးများကို ၎င်းတို့သည် အလ္လာဟ်အရှင့်အိမ်တော်၏အမှတ်တရအနေဖြင့် ၎င်းဆွလာသ်ဝတ်ပြုရာ၌ ယင်းတို့ကို ရှေ့တွင်ထားကာ ဆွလာသ်ဝတ်ပြုခဲ့ကြသလို သဝဖ်လည်း လှည့်ကြပါသည်။ ကနဦးတွင် ထိုကဲ့သို့သော လုပ်ရပ်က အလ္လာဟ်ရှင့်ဘက်မှ ထွက်ခွာသွားလိုသော ဆန္ဒမဟုတ်ပါ။ ဗိုင်တွလ္လာဟ်ဘက်သို့မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုခြင်း (သို့မဟုတ်) ဗိုင်သုလ္လာဟ်အား သဝဖ်လှည့်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်နည်းဖြစ်သကဲ့သို့ ဤကျောက်တုံးများကိုမျက်နှာမူ၍ ဆွလာသ်ဝတ်ပြုခြင်း၊ ဤကျောက်တုံးများကိုသဝဖ်လှည့်ခြင်းသည်လည်း အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းနှင့် အတူတူဟုမှတ်ကာ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းကို အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်မှုနှင့် မဆန့်ကျင်ဟု မှတ်ယူခဲ့ကြပါသည်။ အချိန်ကာလကြာရှည်လာသောအခါ၌ ဤလုပ်ဆောင်နည်းပင်လျှင် ရုပ်တုကိုးကွယ်ခြင်း၏အကြောင်းခံ ဖြစ်သွားပါတော့သည်။

ဒုတိယအာယသ်(၃၆)ထဲ၌ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺက သူ ဤဒိုအာတောင်းဆိုရခြင်း၏ အကြောင်းကို ဖော်ပြထားပါသည်။ သူကပြောသည်မှာ ရုပ်တုကိုးကွယ်မှုမှ အကာအကွယ်ရစေရန် အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံမှုတောင်းခံရခြင်းမှာ ဤရုပ်တု ကိုးကွယ်မှုကြောင့် လူအများအား လမ်းမှားသို့ ရောက်သွားစေသောကြောင့် ဖြစ်ပါသည်။ သူဤကဲ့သို့ပြောခဲ့ခြင်းမှာ သူ့ဖခင်နှင့် သူ၏လူများရုပ်တုကိုးကွယ်မှုအကျင့်စရိုက်၏ သားကောင်များဖြစ်သွားကြောင်း သူမြင်တွေ့ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထိုလုပ်ရပ်ကြောင့် ထိုသူတို့သည် သူတို့ဘဝတွင် ဖြစ်နိုင်ချေရှိသော ကောင်းမွန်မှုများ လက်မဲ့ဖြစ်သွားစေပါသည်။

အာယသ်၏အပိတ်ဝါကျထဲ၌ فَمَنْ تَبِعَنِي فَإِنَّهُ مِنِّي ۖ وَمَنْ عَصَانِي فَإِنَّكَ غَفُورٌ رَّحِيمٌ "သို့ဖြစ်ပေရာ မည်သူမဆို ကျွန်တော်မျိုး၏စကားကိုနာခံခဲ့ပါလျှင် ဇကန်အမှန် ထိုသူသည် ကျွန်တော်မျိုး၏ အုပ်စုအနက်မှ ဖြစ်ပါသည်။ သို့ရာတွင် မည်သူမဆို ကျွန်တော်မျိုး၏အမိန့်ကို ဖီဆန်ခဲ့ပါမူ အမှန်စင်စစ် အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင်

ဖြစ်တော်မူပါသည်”ဟူ၍ မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် သူနာခံခဲ့ပါလျှင် ကောင်းချီးပေးခြင်း ခံရလိမ့်မည်ဟု မျှော်လင့်နိုင်သည်မှာ ထင်ရှားပါသည်။ သို့ရာတွင် တစ်စုံတစ်ဦးသည် သူ၏တမန်တော်အား မနာခံခဲ့ပါလျှင် သူ့အတွက် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်ခြင်း၊ အသနားတော်ကိုသာ မျှော်လင့်နိုင်ပါသည်။ ဤနေရာပါ “အကယ်၍ မနာခံခဲ့ပါလျှင်”ဟူသည်က အလ္လာဟ်အရှင်အား လက်တွေ့မနာခံသည့် ပုံစံဖြစ်သည့် မကောင်းမှုလုပ်ရပ်များ လုပ်ဆောင်ခြင်းကို ရည်ညွှန်းပါသည်။ သို့ဆိုပါလျှင် အဓိပ္ပာယ်မှာ ထိုသူတို့သည် အလ္လာဟ်အရှင်၏ ကောင်းမြတ်သော ကျေးဇူးတော်အရ ခွင့်လွှတ်ခံရမှု မျှော်လင့်နိုင်သည်ဆိုသည်မှာ ထင်ရှားပါသည်။ ၎င်းနောက် မနာခံမှုဆိုသည့် မယုံကြည်သွေဖည်မှု၊ ဇီဆန်မှုနှင့် ငြင်းပယ်ခြင်းမှုဟု အဓိပ္ပာယ်ကောက်ယူခဲ့ပါလျှင် အလားတူထင်ရှားသည်မှာ ကာဖိရ် (မယုံကြည် သွေဖည်သူ)နှင့် မုရှ်ရစ်က်(အလ္လာဟ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်သူ)တို့အတွက် ခွင့်လွှတ်ခံရမှု မရှိကြောင်းနှင့် သူကိုယ်တိုင်လည်း ထိုသူများအတွက် ကြားဝင်အသနားခံမှု မပြုလုပ်သင့်သည်ဆိုကြောင်းကို စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺအား မိန့်ကြားခဲ့ပြီးဖြစ်ပါသည်။ ထိုကြောင့် အလ်ဗဟ်အလ်မုဟိတ်တွကျမ်းထဲ၌ မိန့်ကြားသည်မှာ “ဤနေရာ၌ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် ထောက်ခံခြင်း (သို့မဟုတ်) ဒိုအာတောင်းဆုပြုခြင်းတို့ကို ရည်ညွှန်းစေသည့် စကားလုံးများ သုံးစွဲမထားခဲ့ပါ။ သူတို့အား ခွင့်လွှတ်သင့်သည်ဟု သူက မပြောကြားခဲ့ပါ။ မည်သို့ပင်ဖြစ်စေကာမူ သူသည် မယုံကြည်သွေဖည်သူများကိုပါ လွှမ်းခြုံသွားစေလောက်သည့် မြောက်မြားစွာအကြင်နာတရားထားရှိသော တမန်တော်တစ်ပါး ဖြစ်ပါသည်။ မယုံကြည်သွေဖည်သူတစ်ဦးကိုပင် မဆိုထားဘိ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အလ္လာဟ်အရှင်၏ ပြစ်ဒဏ်ခတ်မှု မခံရစေရန် ဟူသောဆန္ဒများသည် တမန်တော်တိုင်း၏ နက်ရှိုင်းဆုံးသော နလုံးသားတွင် ရှိနေပါသည်။ ထို့ကြောင့် သူ၏မူလအခြေခံဆန္ဒကို ထုတ်ဖော်ပြသခဲ့ပြီး သူကပြောသည်မှာ “အမှန်စင်စစ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပါသတည်း” ဟူ၍ပြောကြားခဲ့ပါသည်။ ထိုသူတို့ ခွင့်လွှတ်ခြင်းခံရကာ၊ သနားကြင်နာစွာ ဆက်ဆံခြင်းခံရမည်ဟူ၍ သူက အတိအကျမပြောပါ။ ဤသည်မှာ စိုက်ယိဒိနာအီစာﷺ သူ၏ အမွှမ်းထုတွင်ရှိ မယုံကြည်သွေဖည်သူတို့အား ပြောကြားသကဲ့သို့ပင် ဖြစ်ပါသည်။ ယင်းမှာ وَإِنْ تَغْفِرْ لَهُمْ فَإِنَّكَ أَنْتَ الْعَزِيزُ الْحَكِيمُ “အကယ်၍ အရှင်မြတ်သည် ထိုသူတို့အား (အပြစ်မှ)လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါလျှင်လည်း (ပြစ်ဒဏ်တော်မူနိုင်ပါသည်။) အဘယ်ကြောင့်ဆိုသော် ဇကန်စင်စစ် အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။ ၅း၁၁၈)ဟူ၍ ဖြစ်သည်။ အခြားနည်းဆိုရသော် ဤသည်က “အကယ်၍ အရှင်မြတ်က ထိုသူတို့အား ခွင့်လွှတ်ချမ်းသာ ပေးသနားတော်မူခဲ့ပါလျှင်လည်း အရှင်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်ဉာဏ်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါသည်။ အရှင်သည် အရာရာကို စွမ်းဆောင်နိုင်တော်မူပါသည်။ မည်သူ တစ်ဦးတစ်ယောက်မျှ အရှင့်အား မတားဆီးနိုင်ပါ”ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါလိမ့်မည်။

ထို့ကြောင့် ဤမြင့်မြတ်သော တမန်တော်နှစ်ပါးတို့သည်၊ မယုံကြည်သွေဖည် ငြင်းပယ်သူတို့ ခွင့်လွှတ်မှု ရရှိစေရန် ထောက်ခံခြင်းကို ဦးဆောင်ဦးရွက် မပြုလုပ်ခဲ့ကြပါ။ ယင်းသို့သော လုပ်ရပ်သည် အလ္လာဟ်အရှင့်အား စောင့်စည်းရမည့် ကျင့်ဝတ်များနှင့် ဆန့်ကျင်ပါသည်။ သို့ရာတွင် တစ်ချိန်တည်း၌ ဤမယုံကြည်သွေဖည်သူများသည်၊ အလ္လာဟ်အရှင် ပြစ်ဒဏ်ခတ်သင့်သည်ဟူ၍လည်း မပြောကြားပါ။ ထိုကဲ့သို့ပြုလုပ်မည့်အစား ၎င်းတို့၏ ပင်ကိုသဘာဝအတိုင်း ရိုကျိုးစွာရှိနေခဲ့ပြီး ထိုမယုံကြည် သွေဖည်သူတို့သည် ခွင့်လွှတ်ခြင်း ခံရပါစေဟူသော သူတို့၏ အခြေခံဆန္ဒကိုသာ ထုတ်ဖော်ပြသခဲ့ကြပါသည်။

အမိန့်ပညတ်ချက်များနှင့်ညွှန်ကြားချက်များ

ဒိုအာတောင်းဆုပြုမှုတစ်ခုကို လူတိုင်း လုပ်ကြပါသည်။ သို့ရာတွင် လူတိုင်းသည် မည်ကဲ့သို့ တောင်းရမည်ကို မသိကြပါ။ မြင့်မြတ်သောတမန်တော်များ တောင်းဆိုသောဒိုအာများတွင် သင်ခန်းစာများ ပါဝင်ပါသည်။ တမန်တော်များက ကျွန်ုပ်တို့ မည်ကဲ့သို့တောင်းဆိုရမည်ကို သင်ကြားပေးကြပါသည်။ ၎င်းနောက် သူတို့က မည်သည်ကို တောင်းခံထိုက်ကြောင်း ကျွန်ုပ်တို့အား ပြောပြပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ တောင်းဆိုသော ဤဒိုအာတွင် နှစ်ပိုင်း ပါဝင်ပါသည်။ ပထမပိုင်းတွင် မက္ကာဟ်မြို့တော်အား ငြိမ်းချမ်းသာယာသောမြို့တော်အဖြစ် ပြုလုပ်ရန်နှင့် လုံခြုံမှုကို ခြိမ်းခြောက်သည့်အားလုံးတို့မှ ကင်းဝေစေရန် တောင်းခံထားပါသည်။ ဒုတိယပိုင်းထဲတွင် သူနှင့်သူ၏ သားသမီးများအား ရုပ်တုကိုးကွယ်ခြင်းမှ ထာဝရကယ်တင်စေရန် တောင်းခံပါသည်။ ဤအကြောင်းကို ကျွန်ုပ်တို့ စဉ်းစားကြည့်ခဲ့ပါလျှင် လူသားများ တိုးတက်ကောင်းမွန်ရေးအတွက် အလွန်အခြေခံကျသော စည်းမျဉ်း နှစ်ရပ်ရှိပါ သည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည် ၎င်းတို့၏ဘဝ လုံခြုံမှုမရှိပါက (သို့မဟုတ်) သူတို့၏နိုင်ငံအား ရန်သူ က တိုက်ခိုက်လိမ့်မည်ဟူသော ပူပင်သောကရှိနေပါက ထိုသူတို့၏ဘဝများသည် ရုပ်ပိုင်းဆိုင်ရာရော နာမ်ပိုင်းဆိုင်ရာပါ မသာမယာဖြစ်နေပါလိမ့်မည်။ဤကမ္ဘာလောကတွင်၊အကျိုးအမြတ်တွက်ဖြစ်စေ၊အပျော်သဘောဖြစ်စေလုပ်ဆောင်သမျှတို့သည် ငြိမ်းချမ်းသာယာမှုအပေါ် မူတည်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ရွေးချယ်စရာ မရှိပါ။ လူတစ်ဦးအား သူ၏ငြိမ်းချမ်းသာယာမှုနှင့် လုံခြုံမှုတို့အတွက် အမျိုးမျိုးသော အန္တရာယ်ပြုမှုတို့က ခြိမ်းခြောက်ပါက စားသောက်ခြင်း၊ နန်းတော်များနှင့် အဆောက်အအုံများတွင် အနားယူခြင်း၊ ဥစ္စာဓနပိုင်ဆိုင်မှု များပြားခြင်းဆိုသည့် သူ၏ဝန်းကျင်တွင်ရှိသော အကောင်းဆုံးသော ကောင်းချီးများသည် ခါးခါးသီးသီး ဖြစ်သွားပါလိမ့်မည်။

တစ်စုံတစ်ဦး၏ ဘာသာရေးဆိုင်ရာ သက်ဝင်ယုံကြည်မှုအရဆိုလျှင် အလွှာဟ်အရှင်မြတ်၏အမိန့်များကို သူ၏နာခံမှုကို ပြသရမည်ဆိုလျှင် ထိုအမိန့်များအတိုင်း လုပ်ဆောင်ရန်အတွက် သူတွင် လိုအပ်သော ငြိမ်းချမ်းမှု ရှိရပါမည်။

ထို့ကြောင့် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ တောင်းဆိုခဲ့သော ပထမဒိုအာထဲ၌ ရုပ်ပိုင်းဆိုင်ရာအတွက်ဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာအတွက်ဖြစ်စေ၊ လူသားများ ကောင်းမွန်ရေးအတွက် ဘက်စုံမှနေ၍ အကျိုးဝင်စေသည်။ အလွှာဟ်အရှင်မြတ်၏အဆွေတော် ရွတ်ဆိုခဲ့သော ဤဝါကျတစ်ကြောင်းမှနေ၍ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် သူ၏ သားသမီးများအတွက်ဤကမ္ဘာလောကနှင့် သက်ဆိုင်သည့်အရာအားလုံးတို့အား တောင်းခံခဲ့ပါသည်။ဤတောင်းဆုဒိုအာမှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ တစ်စုံတစ်ဦးသည် သူ၏သားသမီးများအပေါ်၌ ပူပင်သောကထားရှိခြင်း၊ သားသမီးများ အတွက် စီးပွားရေးလုံလောက်မှုနှင့် သက်သောင့်သက်သာရှိမှုတို့အတွက် အစီအမံပြုလုပ်ခြင်းဆိုသည်တို့မှာ ဖခင်တစ်ဦး အစွမ်းကုန်လုပ်ဆောင်ရမည့် တင်ရှိသောတာဝန်တစ်ရပ်ဖြစ်သွားပါ။ ဤတာဝန်အတွက် ကြိုးပမ်းမှုသည် (တင်ပြပြီးဖြစ်သော) ဇုဟ်ဒ်(လောကီ၏သာယာမှုပျော်ရွှင်မှုများအပေါ်၌ လောဘမကြီးရခြင်း)နှင့် မဆန့်ကျင်ပါ။

ထို့နောက် ဒုတိယဒုအာကို ဆက်ကြစို့။ ဤဒိုအာတွင်လည်း အကြီးအကျယ်ပြည့်စုံမှု ပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှိရှိက်နှင့် ရုပ်တုကိုးကွယ်ခြင်းတို့သည် ခွင့်လွှတ်မှုမရရှိနိုင်သော ပြစ်မှုဂုနာဟ်များ ဖြစ်ကြပါသည်။ ထို့ကြောင့် သူက ဤသည်များမှ အကာအကွယ်ပေးရန် တောင်းခံခဲ့ပါသည်။ ဤသည်၏နောက် ပြစ်မှုဂုနာဟ်တစ်ခုကျူးလွန်မိပါက ယင်းကို အခြားသောကောင်းမှုလုပ်ရပ်တို့ဖြင့် ဖြေဖျောက်နိုင်ပါသည်။ ၎င်းနောက် ထိုကဲ့သို့သောအပြစ်ဂုနာဟ်များသည် တစ်စုံတစ်ဦး၏ ကြားဝင်အသနားခံမှုဖြင့်လည်း ခွင့်လွှတ်မှု ရနိုင်ပါသည်။ မြင့်မြတ်သော စူဖီသူတော်စင်တို့၏ အကျယ်ကောက်ယူချက်အရ စာသားတွင်ဖော်ပြထားသော "ရုပ်တုကိုးကွယ်ခြင်းကို အဓိပ္ပာယ်ကျယ်ဝန်းစွာ

ဖွင့်ဆိုရမည်ဆိုလျှင် လူသားတို့ အလွှာဟ်အရှင်အား မေ့လျော့စေသည်တို့မှာ သူကိုယ်သူ ရုပ်တုဖြစ်စေခြင်းပင် ဖြစ်ပါသည်။ ၎င်းနောက် ယင်းကို ချစ်ခင်မြတ်နိုးသွားကာ အလွှာဟ်အရှင်မြတ်အားမနာခံရန် စတင်လုပ်ဆောင်ပါတော့သည်။ ဤသည်မှ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ ကိုးကွယ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤဒိုအာထဲ၌ ရုပ်တုကိုးကွယ်ခြင်းမှ ကင်းဝေးစေရန်အတွက် ဂုနာဟ်အားလုံးမှ ကင်းဝေးစေရန်ဆိုသည့် အကျိုးဝင်မှုပါဝင်ပါသည်။ ဤဆိုလိုချက်အရ အစွလာမ်ဘာသာ၏ အချို့သောမြင့်မြတ်သောသူတော်စင်များက ဖန်ဆင်းရှင်အား မေ့လျော့ခြင်းနှင့် မနာခံခြင်းတို့အတွက် မိမိကိုယ်ကိုမိမိ ပြစ်တင်မောင်းမဲကြပါသည်။ သိမ်မွေ့နက်နဲသည်များနှင့်ဆိုင်ရာ အသိပညာရှင်ကြီး ရှမီက ပြောသည်မှာ "မကောင်းသောအလိုဆန္ဒတိုင်းတို့သည် ကိုယ်နည်းကိုယ့်ဟန်နှင့် ပြုလုပ်ထားသည့် ရုပ်တုပင် ဖြစ်ပါသည်"ဟူ၍ဖြစ်ပါသည်။

တတိယအာယသ်(၃၇)ထဲ၌ ဖော်ပြထားသော အသိပညာများနှင့် ပြည့်လျှံနေသော စိုက်ယိဒိနာ အိဗ်ရာဟီးမ် ﷺ၏ နောက်ထပ်ဒိုအာတစ်ခုမှာ- رَبَّنَآ إِنِّيٓ أَسۡكَنتُ "အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုးသည် မိမိသားသမီးအချို့ကို အရှင်မြတ်၏ မြင့်မြတ်လှစွာသော အိမ်တော်အပါးတွင် လယ်ယာကိုင်းကျွန်းမရှိသော တောင်ကြားဒေသတစ်ခု၌ နေရာချထားခဲ့ပါသည်။ အို-ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် (ကျွန်တော်မျိုးတို့သည် ၎င်းတို့အား ယင်းကဲ့သို့ နေရာချ၍ထားခဲ့ခြင်းမှာ) ၎င်းတို့သည် ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြအံ့သောငှာ(နေရာချ၍ထားခဲ့ခြင်းပင်) ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အရှင်မြတ်သည် လူများ၏စိတ်နလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော် မူပါ။ ထို့ပြင် ၎င်းတို့သည် ကျေးဇူးတော်ကို =သိကြအံ့သောငှာ အရှင်မြတ်သည် ၎င်းတို့အား သစ်သီးဝလံများကို စားနပ်ရိက္ခာအဖြစ် ချီးမြှင့်တော်မူပါ" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ ဤဒိုအာတောင်းဆိုမှု ပြုလုပ်ခဲ့သည့် အဖြစ်အပျက်သည် စိုက်ယိဒိနာနူးဟ်ﷺ လက်ထက်က ရေလွှမ်းမိုးမှုကြောင့်ပျက်စီးသွားခဲ့သော ဗိုင်သုလွှာဟ်အဆောက်အဦးကြီးအား ပြန်လည်တည်ဆောက်ရန် အလွှာဟ်အရှင်မြတ် ဆန္ဒတော်ပြုခဲ့သောအချိန်က ဖြစ်ပါသည်။ အရှင်သည် အရှင်၏ "အဆွေတော်" စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺအား ဤတာဝန်အတွက် ရွေးချယ်ခဲ့ကာ သူ၏ဇနီး စိုက်ယိဒါဟ်ဟာဂျိရဟ်နှင့် သားတော် စိုက်ယိဒိနာအီစ်မာအီးလ်ﷺနှင့်အတူ ဆီးရီးယားနိုင်ငံမှ ပြောင်းရွှေ့လာရန် စီမံတော်မူခဲ့ပါသည်။ သူ့အား ဤသည်ကိုလုပ်ဆောင်ရန်အတွက် ခန့်အပ်ခဲ့ပါသည်။

ဆွဟီးအလ်ဗုခါရီကျမ်းထဲ၌ ဖော်ပြထားသည်မှာ ထိုစဉ်အခါက စိုက်ယိဒိနာအိစ်မာအီလ်ﷺသည်၊ နို့စို့ကလေးအရွယ်ဖြစ်ပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် သူ့အား အမိန့်ပေးထားခဲ့သည့်အတိုင်း စိုက်ယိဒိနာအိစ်မာအီးလ်ﷺနှင့် သူ၏မိခင် စိုက်ယိဒါဟ်ဟာဂျိရဟ်တို့ လက်ရှိဗိုင်သုလွှာဟ်နှင့် ဇမ်ဇမ်ရေတွင်းအနီးတွင် နေစေခဲ့ပါသည်။ ထိုစဉ်အခါက ဤနေရာသည် တောင်များဝန်းရံထားသော လွင်တီးခေါင်ပြင်တစ်ခု ဖြစ်ပါသည်။ ရေနှင့် လူနေအိမ်များသည်လည်း မျက်စိတစ်ဆုံးတွင်မရှိပါ။ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် သတိတရ အစားအစာအချို့ကို ရိက္ခာအိတ်ထဲတွင်လည်းကောင်း၊ ရေကို ရေအိတ်တွင်လည်းကောင်း ထည့်ထားခဲ့ပါသည်။

ထို့နောက် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺအား ဆီးရီးယားပြည်သို့ ပြန်သွားစေရန် အမိန့်ကျရောက်ခဲ့ပါသည်။ သူသည် အမိန့်ကို ရရှိသည့်နေရာမှပင် အမိန့်အတိုင်း ဆီးရီးယားပြည်သို့ ပြန်လည် ထွက်ခွာခဲ့သည်။ သူ၏ဇနီးသည်နှင့် နို့စို့အရွယ်သားအား ဤလွင်တီးခေါင်ပြင်ထဲတွင် ထားခဲ့ရသောကြောင့် သဘာဝအရ ပေါ်ထွက်လာသော ခံစားချက်ကို သူနောက်ပိုင်းတွင်ပြုလုပ်သောဒိုအာအရပေါ်လွင်ထင်ရှားပါသည်။ သို့ရာတွင် သူသည်အလွှာဟ်အရှင်မြတ်၏အမိန့်ကို

နာခံရာ၌ အနည်းငယ်မျှ နောင့်နေးခြင်း မရှိခဲ့ပါ။ စိုက်ယိဒါဟ်ဟာဂျိရဟ်အား နှစ်သိမ့်စကားပြောရန်အတွက်ပင် အချိန်အနည်းငယ်မျှ မဖြုန်းတီးခဲ့ပါ။

စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ ထိုကဲ့သို့ ထွက်ခွာသွားသည်ကို စိုက်ယိဒါဟ်ဟာဂျိရဟ် မြင်တွေ့ရသောအခါ၌ သူ့အား နောက်မှနေ၍ အကြိမ်ကြိမ်ဟစ်ခေါ်ခဲ့ပါသည်။ ၎င်းနောက် အနီးအနားတွင် လူသားလည်းမရှိ၊ ၎င်းတို့အသက်ရှင်စေရန်အတွက် အထောက်အကူများ မရှိသောနေရာ၌ သူထားခဲ့ပြီး ထိုသို့ အဘယ့်ကြောင့် ထွက်ခွာသွားရပါသနည်းဟု တွေးတောနေခဲ့ပါသည်။ သို့ရာတွင် အလ္လာဟ်အရှင်၏ "အဆွေတော်"ကမူ နောက်သို့ ပြန်လှည့်မကြည့်တော့ပါ။ "အလ္လာဟ်အရှင့်အဆွေတော်"သည် သူတို့အား ဤသို့သောနည်းဖြင့် သစ္စာဖောက်လိမ့်မည် မဟုတ်ကြောင်းကို သူ ပြန်လည်သတိရမိပါတော့သည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်ကလွဲ၍ မည်သည်မှ ဖြစ်တန်ရာအကြောင်းမရှိပါ။ ထို့ကြောင့် သူမက တစ်ဖန်ပြန်လည် ဟစ်အော်မေးမြန်းသည်မှာ "အလ္လာဟ်အရှင်မြတ်က အသင့်အား ဤနေရာမှထွက်ခွာသွားစေရန် အမိန့်ပေးခဲ့ပါသလော"ဟူ၍ဖြစ်သည်။ စိုက်ယိဒိနာ အိဗ်ရာဟီးမ်ﷺသည် နောက်သို့လှည့်ကာ "ဟုတ်ပါသည်"ဟု ပြောကြားခဲ့လေသည်။ ဤသည်ကို ကြားသိရသောအခါ၌ စိုက်ယိဒါဟ်ဟာဂျိရဟ်က ပြောသည်မှာ إِذًا لَا يُضَيِّعُنَا "ဤသို့ဆိုလျှင် ကိစ္စမရှိပါ၊ အသင့်အား ဤနေရာမှ ထွက်ခွာသွားစေရန် အမိန့်ပေးသော ကျွန်ုပ်တို့၏ အရှင်သခင်သည် ကျွန်ုပ်တို့အား မုချဧကန် ပျက်စီးစေလိမ့်မည် မဟုတ်ပါ"ဟူ၍ဖြစ်သည်။

စိုက်ယိဒါဟ်ဟာဂျိရဟ်နှင့် စိုက်ယိဒိနာအီစ်မာအီးလ်ﷺတို့အား မမြင်နိုင်လောက်သော တောင်လေးတစ်ခုရှိသောနေရာအထိ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် ခရီးဆက်လေသည်။ ထိုအချိန်တွင် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် ဗိုင်သုလ္လာဟ်ဘက်သို့မျက်နှာမူကာ အာယသ်(၃၇)ပါ စာသားများအတိုင်း ဒိုအာတောင်းဆုပြုခဲ့ပါသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် ထိုအချိန်အခါက အာယသ်(၃၇)ပါ ဒိုအာကိုသာ တောင်းခဲ့ပါသည်။ အာယသ်(၃၅)ပါ ဒိုအာကိုမူ နောက်ပိုင်း၌ မက္ကာဟ်မြို့တော်တွင် လူနေအိမ်များ ရှိလာသောအခါ၌ တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် (ဤအဆိုအမိန့် အာယသ်(၃၅)ပါ မှတ်ချက်တို့သည် ဝိရောဓိမဖြစ်ပါ။ စာတည်း-မုဖ်သီသကီး) စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ၏ ဤတောင်းဆုဒိုအာမှ များစွာသော ဘာသာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ဥပဒေများ ပေါ်ထွက်ခဲ့ပါသည်။ ဤသည်တို့ကို အသေးစိတ်အချို့နှင့်အတူ အောက်တွင် ဖော်ပြထားသည်။

စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺဒိုအာ၏ အသိဉာဏ်ပညာ

၁။ စိုက်ယိဒိနာအိဗ်ရာဟီမ်ﷺသည် ကိစ္စနှစ်ရပ်အားပြီးမြောက်စေခဲ့သည်ကို ကျွန်ုပ်တို့ထင်ရှားစွာတွေ့ခဲ့ရသည်။ တစ်ဖက်တွင် သူသည် အလ္လာဟ်အရှင်မြတ်၏ ခလီးလ်(သို့မဟုတ်) "အဆွေတော်"အနေအထားအရ၊ သူ၏ တာဝန်ကို ဖြည့်ဆည်းခဲ့ပါသည်။ ဘယ်အချိန် ဘယ်နေရာမှဖြစ်စေ ဆီးရီးယားပြည်သို့ ထွက်ခွာသည့်အမိန့် ကျရောက်သည်နှင့် သူ၏ဇနီးနှင့် သူ၏နို့စို့အရွယ်သားငယ်တို့အား လူသူမရှိသော လွင်တီးခေါင်ပြင်၌ ထားရစ်ခဲ့ကာ အချိန်မဖြုန်းဘဲ ထွက်ခွာခဲ့ပါသည်။ သူသည် အလ္လာဟ်အရှင်မြတ်အမိန့်တော်ကို လက်ခံရရှိသောအခါ၌ စိုးစဉ်းမျှတွေဝေမှု မပြသခဲ့ပါ။ သူ့အား ပြောကြားသည်ကို သူတစ်မှုဟုတ်ချင်း လုပ်ဆောင်ခဲ့ပါသည်။ သူသည် ရွှေ့ဆိုင်းခြင်း (သို့မဟုတ်) နှောင့်နှေးခြင်း အယူအဆကို လက်မခံပါ။ သဘာဝရဆိုလျှင် သူသည် ဦးစွာပထမ သူ၏မြေ့မြတ်သောဇနီးထံ သွားရောက်ကာ သူသည် အလ္လာဟ်အရှင်မြတ်အမိန့်တော်အရ ထွက်ခွာရမည်ဖြစ်သောကြောင့် သူမ စိတ်မပူပါနှင့်ဟူသော နှစ်သိမ့်စကားမျိုး ပြောသင့်ပါသည်။ သူ ဤသို့ မလုပ်ဆောင်ခဲ့ပါ။ သူလုပ်ခဲ့သည်မှာ မည်သည့်အချိန် မည်သည့်နေရာ၌ မဆို

အလ္လာဟ်အရှင်မြတ်အမိန့်တော် ကျရောက်ခဲ့ပါက သူသည် ထိုအမိန့်ကို နာခံကာ မဆိုင်းမတွ ထွက်ခွာခဲ့ပါသည်။

တစ်ဖက်တွင်မူ သူ့အပေါ်တွင် တင်ရှိနေသော သူ့မိသားစု၏ရိုင်ခွင့်များကိုလည်း သူမမေ့မလျော့ခဲ့ပါ။ ၎င်းနောက် သူသည် သူ့ကိုယ်ပိုင်ဟန်ဖြင့် သူတို့အပေါ် ချစ်မြတ်နိုးမှုကို ပေးဆပ်ခဲ့ပါသည်။ သူသွားရာလမ်းရှိ တောင်တစ်ခုအကွယ်သို့ရောက်ရှိပြီး သူ့မိသားစုအားမမြင်နိုင်လောက်သောအခါမှ အလ္လာဟ်အရှင်မြတ်ထံ သူ၏မိသားစုအား ကာကွယ် စောင့်ရှောက်ပါရန်နှင့် အေးချမ်းသာယာမှုဖြင့် ကောင်းချီးပေးပါရန် ဒိုအာတောင်းခဲ့ပါသည်။ ထို့ကြောင့် သူသည် သူ့မိသားစု၏ဘဝ ကောင်းမွန်ရန်အတွက် တောင်းခံခဲ့ပါသည်။ သူ့အတွက်ကိုမူ သူတွင် အေးချမ်းသာယာမှုနှင့် ပြည့်စုံသည်ဟု သူက ယုံကြည်ပါသည်။ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်အား ဦးစွာပထမ လိုက်နာပြီးသည့်နောက်မှ ဒိုအာတောင်းဆိုမှုပြုလုပ်ခြင်းကို ကရုဏာတော်အရှင် အလ္လာဟ်အရှင်မြတ်က ဘယ်သောအခါမျှ ငြင်းပယ်လိမ့်မည်မဟုတ်ကြောင်း သူသိခဲ့လေသည်။ အမှန်တကယ်ပင် ထိုကဲ့သို့ ဖြစ်ခဲ့ပါသည်။ အကူအညီမဲ့ နို့စို့ကလေးသူငယ်နှင့် အလားတူ အကူအညီမဲ့သူ၏မိခင်တို့သည် ခိုကိုးရာနေရာကို တွေ့ရှိသွားပါတော့သည်။ ထိုနေရာ၌ သူတို့သာ နေခဲ့သည်မဟုတ်ဘဲ သူတို့ကိုအကြောင်းပြု၍ လူအများနေထိုင်သည့် မြို့တစ်မြို့ပေါ်ပေါက်လာကာ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် သူတို့ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းမှုတို့အဖြစ် အဆုံးမသတ်ဘဲ မက္ကာမြို့သူမြို့သားတို့အတွက် သူတို့ကို အကြောင်းပြု၍ အမျိုးမျိုးသော ကောင်းချီးမင်္ဂလာတံခါးများသည် ပွင့်နေဆဲပင် ရှိနေပါသည်။

ဤသည်မှာ တမန်တော်ဖြစ်ခြင်းဆိုင်ရာ မမှိတ်မသုန်စွဲမြဲမှုနှင့် ချိန်ဆမှု၏ အလှအပပင်ဖြစ်သည်။ တစ်ဖက်အကြောင်း စဉ်းစားစဉ်တွင် အခြားတစ်ဖက်ကိုလည်း မေ့မထားချေ။ တမန်တော်များသည် သာမန်ဆုဖိသူတော်စင်များကဲ့သို့ ၎င်းတို့ရောက်ရှိသော အခြေအနေ(မင်ဟူလ်ဗ်အလ်ဟာလ်)၏ လွှမ်းမိုးခြင်း မခံရချေ။ တမန်တော်များသည် ပညာတတ်များဖြစ်ကြသည်။ ၎င်းတို့၏ပညာသင်ပေးမှုသည် လူသားများကို စကြဝဠာဆိုင်ရာပြီးပြည့်စုံသွားစေပါသည်။

ဤဒိုအာဆုမွန်တောင်းဆိုမှုတွင် ပါဝင်သည့် ပေါ်လွင်ထင်ရှားသည့် အဆိုအမိန့်အချို့ အကြောင်းဆီသွားကြပါစို့။ ထိုအဆိုအမိန့်များသည် အာယသ် ၃၇ မှဖြစ်ကာ ပါဝင်သည့် အစီအစဉ်အတိုင်း ဖော်ပြထားသည်။

၂။ **غَيْرِ ذِيْ زَرْعٍ** "သစ်ပင်ဝါးပင်မရှိသော တောင်ကြားဒေသ" စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺအား နို့စို့အရွယ်သားနှင့်ကလေး၏မိခင်တို့ကို လွင်တီးခေါင်တွင်ထားခဲ့ကာ ဆီးရီးယားသို့သွားရန် အလ္လာဟ်အရှင်မြတ်က အမိန့်ပေးခဲ့သော အခါ၌ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို ပျက်စီးပြုန်းတီးစေမည်မဟုတ်ဘဲ အနည်းဆုံး ရေကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ရစေမည်ဖြစ်ကြောင်း မုချယုံကြည်ခဲ့သည်။ ထို့ကြောင့် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺက **بِوَادٍ غَيْرِ ذِيْ مَاءٍ** "ရေမရှိသော တောင်ကြား"ဟု မပြောခဲ့ချေ။ ၎င်းပြောခဲ့သည်မှာ **غَيْرِ ذِيْ زَرْعٍ** "သစ်ပင်ဝါးပင် မရှိသော တောင်ကြားဒေသ"ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ၎င်းက မိသားစုကို သစ်သီးဝလံများဖြင့် (တစ်ခြားတစ်နေရာရာမှ ယူခဲ့ရသည်ဖြစ်စေ) ကောင်းချီးပေးစေရန်ဖြစ်သည်။ ဤသည်ကြောင့် မက္ကာအလ်မုကရ်ရာမဟ်တွင် ယနေ့ ထက်တိုင်မည်သည့် စိုက်ပျိုးမှု အထင်အရှားဇရိယာဟူ၍ မရှိခဲ့ပါ။ သို့သော်လည်း ကမ္ဘာတစ်ဝှမ်းရှိ သစ်သီးဝလံများ၊ အမျိုးစုံသော ထွက်ကုန် ထုတ်ကုန်တို့သည် မြောက်မြားစွာသောအမျိုးအစားနှင့် ပေါပေါများများ ရောက်ရှိခဲ့သည်။ ယင်းသို့သော အလားတူ အစီအမံကို အခြားမြို့များစွာတွင်တွေ့ရန် ခဲယဉ်းပေသည်။(အလ်ဗဟ်ရုလ်အလ်မုဟီးတ်)

၃။ နောက်ဝါကျ **عِنْدَ بَيْتِكَ الْمُحَرَّمِ** "အရှင်မြတ်၏ မြင့်မြတ်လှစွာသော အိမ်တော်ပါးတွင်"က ဗိုင်သုလ္လာဟ်၏အုတ်မြစ်သည် စိုက်ယိဒိနာ အိဗ်ရာဟီးမ်ﷺမပွင့်မီကပင် ချထားပြီးဖြစ်ကြောင်း သက်သေပြပါသည်။ ယင်းနှင့် ပတ်သက်၍ စူရဟ်အလ်ဘကရဟ်အား အကျယ်ဖွင့်ရာတွင် ခိုင်လုံသော ဆင့်ပြန်ချက်များစွာပေါ် အခြေခံ၍ ဦးဆောင်ဋီကာရှင် အလ်ကုရ်သုဗီက သက်သေပြခဲ့သည်။ သူ့အဆိုအရ ဗိုင်တုလ်လာဟ် အဆောက်အဦးကို စိုက်ယိ ဒိနာအာဒမ်

ﷺကို ကမ္ဘာမြေပြင်သို့ စေလွှတ်စဉ်အချိန်က ဆရန်ဒစ်တောင်ပေါ်မှ ဤနေရာသို့ မုအ်ဂျိဇဟ်တန်ခိုးတော်ဖြင့် ရောက်စဉ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကောင်းကင်စေတမန် ဂျိဗ်ရာအီးလ်သည် ဗိုင်တုလ္လာဟ်၏ တည်နေရာကို ညွှန်ပြခဲ့သည်။ ယင်းနှင့်အညီ စိုက်ယိဒိနာအာဒမ်ﷺက ဗိုင်သုလ္လာဟ်ကိုတည်ဆောက်ခဲ့သည်။ သူနှင့်သူ့ သားသမီးများသည် ဤအဆောက်အအုံကို သဝါးဖ်လှည့်ကြသည်။ စိုက်ယိဒိနာနူဟ်ﷺ လက်ထက်က ရေလွှမ်းမိုးရာတွင် ဗိုင်သုလ္လာဟ်ကို အထက်သို့ မချီယူင်ခဲ့ကာ အုတ်မြစ်မှာမူ မြေထဲတွင် စူးဝင်ချန်ထားခဲ့သည်။ တည်ရှိပြီး အုတ်မြစ်ပေါ်တွင် ဗိုင်သုလ္လာဟ်အသစ် ဆောက်လုပ်ရန် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺကို အမိန့်ပေးခဲ့သည်။ ယင်း အုတ်မြစ်များကို ဂျိဗ်ရာအီးလ်ﷺက ၎င်းအား ထုတ်ဖော်ပြသခဲ့သည်။ ထို့နောက် အာရဗ်အမှောင်ခေတ်တွင် ဤစိုက်ယိဒိနာ အိဗ်ရာဟီးမ် တည်ဆောက်ခဲ့သည့် အဆောက်အအုံ ပြိုကျခဲ့သောအခါတွင် ထိုအခါ ကာလကရှိခဲ့သော ကုရိုက်ရှ်များက ပြန်လည်တည်ဆောက်ခဲ့သည်။ ဤအဆောက်အအုံ တည်ဆောက်ရေးလုပ်စဉ်က အဘူသွာလိပ်နှင့်တမန်တော်မြတ်ﷺတို့လည်း အတူပါဝင်ခဲ့ကြသည်။ ထိုစဉ်က ကိုယ်တော်မြတ်သည် တမန်တော် မဖြစ်သေးချေ။

ဤနေရာ၌ ဗိုင်သုလ္လာဟ်အား **مُحَرَّمٌ** (မုဟရ်ရာမ်)ဟူသော စကားလုံးဖြင့် အထူးပြုထားသည်။ ယင်း၏ အဓိပ္ပာယ်မှာ "ထွတ်မြတ်သော"ဟူ၍ဖြစ်နိုင်သကဲ့သို့ "ကာကွယ်စောင့်ရှောက်ထားခြင်း"ဟုလည်း ဆိုနိုင်သည်။ ကြီးကျယ်လှသော ဗိုင်သုလ္လာဟ်တွင် ဤဂုဏ်ထူး နှစ်ရပ်စလုံးရှိသည်။ ယင်းအဆောက်အအုံသည် အမြဲတစေ ထွတ်မြတ်၍ အမြဲရှိသေလေးစားခံခဲ့သည်။ ထို့ပြင် ရန်သူများမှလည်း အမြဲတိုင်း ကာကွယ်ပြီး ဖြစ်ခဲ့သည်။

၄။ နောက်ဝါကျ **لِيُقِيمُوا الصَّلٰوةَ** "၎င်းတို့သည် ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြအံ့သောငှာ" ဟူသော အကူအညီမဲ့နေသည့် ၎င်း၏ နို့စို့ရွယ်သားငယ်နှင့် ကလေးမိခင်ကို ဖော်ပြပြီးနောက် ဦးစွာပြုလုပ်သော ဒိုအာတောင်းဆုတွင် ထူးခြားမှုရှိပေသည်။ သူ၏တောင်းဆုဒိုအာမှာ သူတို့သည် သတ်မှတ်ထားသည့် ဆွလာသ်ဝတ်ပြုဆောက်တည်မှုတာဝန်ကို သတ်မှတ်ချိန်အတိအကျတွင် တိကျစွာပြုလုပ်နိုင်စေရန် တောင်းဆိုထားသည်။ အဘယ့်ကြောင့်ဆိုသော် ဆွလာသ်ဝတ်ပြုမှုသည် လူဘဝ၏ကောင်းသည်များနှင့် သုခချမ်းသာများကို ယခုလောကီ(သို့မဟုတ်) လောကုတ္တရာတွင် စုစည်းခံယူစေသည့်အရာဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ပူပင်သောက သို့မဟုတ် ချစ်မြတ်နိုးမှု (သို့မဟုတ်) ကောင်းစေလိုသောဆန္ဒရှိလျှင် ၎င်းတို့ကို ဆွလာသ်ဝတ်ပြုမှုကို စွဲစွဲမြဲမြဲဖြင့် အချိန်ရောက်သည်နှင့် ဝတ်ပြုဆောက်တည်စေခြင်းထက် ကောင်းသည်မရှိချေဟူ၍ ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့ သတိပြုမှု မလွတ်သင့်သောအရာ တစ်ခုရှိသည်။ စိုက်ယိဒိနာ အိဗ်ရာဟီးမ်သည် ထိုအချိန် ထိုနေရာ၌ မိခင်တစ်ဦးနှင့် သူမ၏ သားငယ်ကိုသာလျှင် ချန်ရစ်ခဲ့သော်လည်း တောင်းဆုဒိုအာပြုလုပ်ခဲ့သည်မှာ အများကိန်းပုံစံနှင့် ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဤနေရာ၌ လူအများ မှီတင်းနေထိုင်သည့် မြို့တော်တစ်ခုဖြစ်သွားကာ ၎င်း၏ သားစဉ်မြေးဆက်မှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ကြီးပွားချမ်း သာလာလိမ့်မည်ကို သူသိခဲ့၍ ဖြစ်သည်။ ထို့ကြောင့် သူသည် ၎င်းတို့အားလုံးကို တောင်းဆုဒိုအာတွင် ထည့်သွင်းတောင်းဆိုထားခြင်းဖြစ်သည်။

၅။ နောက်ဝါကျထဲတွင် **اَفْئِدَةً مِّنَ النَّاسِ** "လူများ၏စိတ်နလုံးသားများ"၌ **اَفْئِدَةً** (အဖ်အိဒါဟ်)သည် **فُؤَاد** (ဖုဝါဒ်)၏ အများကိန်းဖြစ်ကာ နှလုံးဟု အဓိပ္ပာယ်သက်ရောက်သည်။ ဤနေရာ၌ 'အဖ်အိဒါမ်'ဟူသော စကားလုံးကို ရှေ့ဆက်နောက်ဆက်စကားလုံး **مِنْ** (မိန်)ဟူ သည်နှင့်အတူ မတိကျသော ပုံစံအနေဖြင့် သုံးနှုန်းထားသောကြောင့် ယင်းက ခွဲခြားခြင်း၊ လျော့နည်းခြင်းနှင့် အပိုင်းအလိုက်အဖြစ် သုံးနှုန်းထားသည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ "သို့ဖြစ်ပေရာ အရှင်မြတ်သည် လူများ၏စိတ်နလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော်မူပါ" ဖြစ်သည်။ အကယ်၍သာ သူ၏တောင်းဆုဒိုအာထဲတွင် ဤလျော့နည်းစေသော ရှေ့ဆက် နောက်ဆက် စကားလုံး

မပါခဲ့လျှင် ထိုနေရာ၌ပြောခဲ့သည်မှာ(လူသား၏နလုံးသား)ဖြစ်သွားပါလိမ့်မည်။ သို့ဆိုလျှင် မုစ်လင်မ်များ၊ မုစ်လင်မ် မဟုတ်သူများ၊ ဂျူးများ၊ ခရစ်ယာန်များနှင့် အရှေ့အနောက် ကမ္ဘာတစ်ခွင်လုံးရှိ လူများအားလုံးသည် မက္ကာဟ်မြို့သို့ စုပြုံရောက်လာပါလိမ့်မည်။ သို့ဆိုလျှင် သူ၏သားစဉ်မြေးဆက်မှာ အဆင်ပြေလိမ့်မည်မဟုတ်ချေ။ ဤစစ်မှန်သော ရှုထောင့်အရ စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺသည် ၎င်း၏တောင်းဆုဒိုအာတွင် **اَفْـِٕدَةً مِّنَ النَّاسِ** "လူအများ၏စိတ်နလုံးများကို ၎င်းတို့ ဘက်သို့ ယိမ်းညွတ်အောင်ပြုလုပ်၍ ပေးသနားတော်မူပါ" ဟူသောစကားလုံးများကို သုံးစွဲခဲ့ပါသည်။

၆။ နောက်ဝါကျ **وَارْزُقْهُمْ مِّنَ الثَّمَرٰتِ** "ထိုပြင် ၎င်းတို့အား သစ်သီးဝလံများကို စားနပ်ရိက္ခာအဖြစ် ချီးမြှင့်တော်မူပါ"ထဲပါ **الثَّمَرٰتِ**(အတ်စ်စမရာတ်)ဟူသော စကားလုံးသည် **ثَمَرَة** (စမရဟ်)၏ အများကိန်းဖြစ်ကာ သစ်သီးဝလံဟု အဓိပ္ပာယ်သက်ရောက်သည်။ ထုံးစံအရ ထိုစကားလုံးသည် စားသောက်ရသည့် သစ်သီးဝလံကို ရည်ညွှန်းသည်။ "သစ်သီးဝလံများ" ဟူသော အဓိပ္ပာယ်အရဆိုလျှင် တောင်းဆုဒိုအာမှာ "စား၍ရသော အမျိုးမျိုးသော သစ်သီးဝလံများ ထောက်ပံ့ပေးကမ်းတော်မူပါ"ဟူ၍ ဆိုလိုလိမ့်မည်။

သို့သော်လည်း စမရဟ်(သို့မဟုတ်) သစ်သီးဝလံကို ရလဒ်နှင့် ထွက်ကုန်ဟူသော အဓိပ္ပာယ်အနေဖြင့်လည်း သုံးနှုန်းထားသည်။ ယင်းသည် စားသောက်ရသောပစ္စည်းဟူသည်ထက် ပို၍ ယေဘုယျကျသည်။ အကျိုးရှိသည်တိုင်း၏ ရလဒ်ကို ယင်း၏ စမရဟ်(သို့မဟုတ်) အသီးအပွင့်ဟု ခေါ်ဆိုနိုင်သည်။ စက်မှုလက်မှုလုပ်ငန်း အသီးအပွင့်မှာ ၎င်း၏ ထုတ်ကုန်ပင် ဖြစ်သည်။ အလုပ် (သို့မဟုတ်) လုပ်ငန်းတစ်ခု၏ အသီးအပွင့်မှာ ယင်းလုပ်ဆောင်မှုရှိသော လခ သို့မဟုတ် အဖိုးအခဖြစ်သည်။ စူရဟ်အလ်ကဆွားဆ်ဝ်၏အာယသ်တစ်ခုတွင် **ثَمَرٰتُ كُلِّ شَيْءٍ** "အမျိုးမျိုးသော အသီးအနှံများသည်" (၂၈း၅၇)"ဟူသော အသုံးအနှုန်း သုံးနှုန်းထားသည်။ ဤနေရာ၌ **شَجَرَ** (ရှဂ်ရ-သစ်ပင်)ဟူသော စကားလုံး သုံးနှုန်းရမည့်အစား **شَيْءٍ**(ရှိုက်ယ်-အရာများ)ဟု သုံးနှုန်းထားသည်။ (ဤသည်မှာ စိုက်ယိဒိနာအိဗ်ရာ ဟီးမ်ﷺ၏ ဤလူများအတွက် စားရန် သစ်သီးဝလံများ ထောက်ပံ့ပေးကမ်းရန်အတွက် သက်သက် ဆုတောင်းခြင်း မဟုတ်ဟု ရည်ညွှန်းဟန် ရှိသည်။ ဒိုအာတောင်းဆိုမှု ပြုလုပ်ခြင်းသည် အရာရာတိုင်း၏ နောက်ဆုံးရလဒ်ဖြစ်သော ထုတ်ကုန်၊ ထွက်ကုန်များနှင့် သုံးစွဲထိုက်သော အရာအားလုံးအတွက် ဖြစ်သည်။ တစ်ဖန် ယင်းတောင်းဆိုမှုသည် စိတ်ထက်သန်စွာ တောင်းဆိုခြင်း၊ ရိုကျိုးစွာ တမ်းတခြင်းနှင့်အတူ အလ္လာဟ်အရှင်မြတ်၏ကျေးဇူးတော်များကို ပြန်လည်သတိရထားပါသည်။ ထိုနောက် ဤသို့သော တောင်းဆိုဟန်သည် တောင်းခံမှုကို လက်ခံလိမ့်မည်ဟု ခိုင်ခိုင်မြဲမြဲ မျှော်လင့်နိုင်ပေသည်။

အာယသ် (၄၂-၅၂)

وَلَا تَحْسَبَنَّ اللّٰهَ غَافِلًا عَمَّا يَعْمَلُ الظّٰلِمُوْنَ ۬ؕ اِنَّمَا يُؤَخِّرُهُمْ لِيَوْمٍ تَشْخَصُ
فِيْهِ الْاَبْصَارُ ﴿۴۲﴾ مُهْطِعِيْنَ مُقْنِعِيْ رُءُوْسِهِمْ لَا يَرْتَدُّ اِلَيْهِمْ طَرْفُهُمْ ۚ وَ
اَفْـِٕدَتُهُمْ هَوَآءٌ ﴿۴۳﴾ وَ اَنْذِرِ النَّاسَ يَوْمَ يَاْتِيْهِمُ الْعَذَابُ فَيَقُوْلُ الَّذِيْنَ
ظَلَمُوْا رَبَّنَاۤ اَخِّرْنَاۤ اِلٰۤى اَجَلٍ قَرِيْبٍ ۙ نُّجِبْ دَعْوَتَكَ وَ نَتَّبِعِ الرُّسُلَ ؕ اَوَ لَمْ
تَكُوْنُوْۤا اَقْسَمْتُمْ مِّنْ قَبْلُ مَا لَكُمْ مِّنْ زَوَالٍ ﴿۴۴﴾ وَّ سَكَنْتُمْ فِيْ مَسٰكِنِ

الَّذِيْنَ ظَلَمُوْٓا اَنْفُسَهُمْ وَ تَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَ ضَرَبْنَا لَكُمُ
الْاَمْثَالَ ﴿۴۵﴾ وَ قَدْ مَكَرُوْا مَكْرَهُمْ وَ عِنْدَ اللّٰهِ مَكْرُهُمْ ؕ وَ اِنْ كَانَ مَكْرُهُمْ
لِتَزُوْلَ مِنْهُ الْجِبَالُ ﴿۴۶﴾ فَلَا تَحْسَبَنَّ اللّٰهَ مُخْلِفَ وَعْدِهٖ رُسُلَهٗ ؕ اِنَّ اللّٰهَ
عَزِيْزٌ ذُو انْتِقَامٍ ﴿۴۷﴾ يَوْمَ تُبَدَّلُ الْاَرْضُ غَيْرَ الْاَرْضِ وَ السَّمٰوٰتُ وَ
بَرَزُوْا لِلّٰهِ الْوَاحِدِ الْقَهَّارِ ﴿۴۸﴾ وَ تَرَى الْمُجْرِمِيْنَ يَوْمَئِذٍ مُّقَرَّنِيْنَ فِى
الْاَصْفَادِ ﴿۴۹﴾ سَرَابِيْلُهُمْ مِّنْ قَطِرَانٍ وَّ تَغْشٰى وُجُوْهَهُمُ النَّارُ ﴿۵۰﴾ لِيَجْزِيَ
اللّٰهُ كُلَّ نَفْسٍ مَّا كَسَبَتْ ؕ اِنَّ اللّٰهَ سَرِيْعُ الْحِسَابِ ﴿۵۱﴾ هٰذَا بَلٰغٌ لِّلنَّاسِ
وَ لِيُنْذَرُوْا بِهٖ وَ لِيَعْلَمُوْٓا اَنَّمَا هُوَ اِلٰهٌ وَّاحِدٌ وَّ لِيَذَّكَّرَ اُولُوا الْاَلْبَابِ ﴿۵۲﴾

ထိုမှတစ်ပါး အသင်သည် အလ္လာဟ်အရှင်မြတ်အား မတရားသောသူများ ကျင့်မူကြကုန်သော အမှုကိစ္စတို့မှ အမှုမဲ့အမှတ်မဲ့ နေတော်မူသောအရှင်မြတ် ဟူ၍ အလျှင်းမထင်မှတ်လေနှင့်၊ ထိုအရှင်မြတ်သည် ၎င်းတို့အား အကြင်နေ့တိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးထားတော်မူခြင်းသာလျှင်ဖြစ်ပေသည်။ ထိုနေ့တွင် (ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သောသူတို့၏)မျက်စိမျက်ဆံများသည် (မျက်တောင်မခတ်) စူးစိုက်လျက်ပင် ရှိကုန်အံ့သတည်း။[၄၂] (ထိုနေ့တွင် ၎င်းတို့သည်) မိမိတို့၏ဦးခေါင်းများကိုမော့၍ ပြေးလွှားလျက်ပင်ရှိကြပေမည်။ (ထိုနေ့တွင်) ၎င်းတို့၏မျက်စိများသည် ၎င်းတို့ဘက်သို့ ပြန်လှည့်မည်မဟုတ်ပေ။ (ဝါ) ၎င်းတို့သည် မျက်တောင်မခတ်ဘဲ ရှိကြမည်။ ထိုမှတစ်ပါး ၎င်းတို့၏စိတ်နှလုံးများသည်လည်း လွင့်ပျံလျက်ပင် ရှိနေကြပေမည်၊ (ဝါ) သတိရှိကြမည် မဟုတ်ပေ။[၄၃]

၎င်းပြင် (အို-နဗီတမန်တော်) အသင်သည် လူတို့အား ၎င်းတို့ထံ ပြစ်ဒဏ် ရောက်ရှိလာမည့်နေ့နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ ထိုအခါ မကောင်းမှုကို ကျူးလွန်ခဲ့ကြသောသူတို့က "အို-ကျွန်တော်မျိုးတို့၏ အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အနည်းငယ်မျှသောအချိန်ကာလတိုင်အောင် ရွှေ့ဆိုင်းခွင့် ပေးသနား တော်မူပါ။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ ဖိတ်ခေါ်ချက်ကို သဘောတူလက်ခံကြပါမည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးတို့သည် ရစူလ်တမန်တော်များ၏ အမိန့်ကိုလည်း လိုက်နာကြပါမည်"ဟု ပြောဆိုလျှောက်ထားကြလတ္တံ့။ (ထိုရောအခါဝယ် အလ္လာဟ် အရှင်မြတ်သည် ဤသို့ ပြန်ကြားတော်မူအံ့)၊ အသို့ပါနည်း။ အသင်တို့သည် ယခင်မူလက မိမိတို့၌ မည်သို့မျှ လွဲဖယ်တိမ်းယိမ်း ပျက်စီးယိုယွင်းမှုသည် အလျှင်းရှိလိမ့်မည်မဟုတ်ဟူ၍ ကျိန်ဆို(ပြောဆို)ခဲ့ကြသည်မဟုတ်တုံလော။ [၄၄] အမှန်စင်စစ်သော်ကား သင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့နှိပ်စက်ကလူ ပြုမူခဲ့ကြကုန်သောသူတို့ နေထိုင်ရာ အရပ်များ၌ပင်နေထိုင်

ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား မည်သို့ ပြုလုပ်တော်မူခဲ့သည်မှာလည်း အသင်တို့ရှေ့၌ ထင်ရှားခဲ့လေပြီ။ [၄၅] ထို့ပြင် ၎င်းတို့ သည် မိမိတို့၏ လျှို့ဝှက်ကြံစည်မှုကို ကြံစည်ခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုသည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်၌ပင် ရှိခဲ့လေသည်။ အမှန် စင်စစ်မှာမူကား ၎င်းတို့၏ လျှို့ဝှက်ကြံစည်မှုသည် ယင်းကြံစည်မှုကြောင့် တောင်များပင် ရွေ့သွားနိုင်ကြပေသည်။[၄၆]

သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား မိမိ ရာဇာလ် တမန်တော်များနှင့် ချိန်းချက်ထားရှိတော်မူသော ကတိတော်ကို ဖောက်ဖျက်တော်မူ မည့်အရှင်ဟူ၍အလျှင်းမထင်မှတ်လေနှင့်။ မလွဲဧကန် အလ္လာဟ်အရှင်မြတ်သည်တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ လက်စားချေတော်မူသောအရှင်ဖြစ် တော်မူပေသတည်း။[၄၇] (ဤသည်တို့ကား ထိုနေ့၌ဖြစ်အံ့)၊ အကြင်နေ့တွင် (ဤ)ပထဝီမြေသည် အခြားသော ပထဝီမြေဖြင့် ပြောင်းလဲသွားအံ့။ ထိုနည်းတူစွာ (ဤ)မိုး ကောင်းကင်များသည်လည်း (အခြားမိုးကောင်းကင်များဖြင့် ပြောင်းလဲသွားလတ္တံ့)၊ ထိုမှတစ်ပါး (ခပ်သိမ်းကုန်သော လူသတ္တဝါတို့သည်) တစ်ဆူတည်းဖြစ်တော်မူသော၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်သို့ ထွက်ပေါ်လာခဲ့ကြလတ္တံ့။[၄၈]

၎င်းပြင် အသင်သည် ထိုနေ့တွင် ပြစ်မှု ကျူးလွန်သော သူတို့အား သံကြိုးများဖြင့် ပူးတွဲချုပ်နှောင်၍ထားလျက်(ရှိသည်ကို) တွေ့မြင်အံ့။ [၄၉] ၎င်းတို့၏ အင်္ကျီ အဝတ်အစားများကား "ကတ္တိရာန်" ကျောက်မီးသွေး၊ ကတ္တရာစေး ဖြင့်ပြီးသော အဝတ်အစားများပင်ဖြစ်ကြပေမည်။ ထိုမှတစ်ပါး ငရဲမီးသည် ၎င်းတို့၏ မျက်နှာများကို ဖုံးအုပ်လျက်ရှိချေမည်။[၅၀] (ဤသည်တို့ကား) အလ္လာဟ်အရှင်မြတ်သည် လူတိုင်းလူတိုင်းအား ၎င်းတို့ရှာဖွေ ဆည်းပူးခဲ့ကြသည်များနှင့် စပ်လျဉ်း၍ အစားပေးတော်မူရန်ဖြစ်ပေသည်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာစစ်ဆေး တော်မူသည့် အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။[၅၁]

ဤ(ကုရ်အာန်ကျမ်းတော် မြတ်)သည်ကား လူတို့အဖို့ အကြောင်းကြားချက်သည်လည်းကောင်း၊ ထို့ပြင် ထိုသူတို့သည် သတိပေးနှိုးဆော်ခြင်း ခံကြရအံ့သောငှာလည်းကောင်း၊ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် တစ်ဆူတည်းသောကိုးကွယ်ရာအရှင် ဖြစ်တော်မူကြောင်း၊ ထိုသူတို့ သိရှိပုံကြည်အံ့သောငှာလည်းကောင်း၊ ထို့ပြင်တစ်ဝ နိသမ္မဉာဏ်ရှင်တို့သည် တရားရကြအံ့သောငှာ လည်းကောင်း ဖြစ်ချေသတည်း။[၅၂]

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အိဗ်ရာဟီးမ်ထဲ၌ တမန်တော်များနှင့် ၎င်းတို့၏လူများနှင့် ပတ်သက်သော ကိစ္စရပ်များ၏ အသေးစိတ်အချို့၊ အလ္လာဟ် အရှင်မြတ်၏အမိန့်ပညတ်ချက်များကို ဆန့်ကျင်သူများ၏ အဆုံးသတ်မကောင်းမှု၊ စိုက်ယိဒနာ အိဗ်ရာဟီးမ်ﷺကိုယ်တိုင် ဗိုင်သုလ္လာဟ်ကို ဆောက်လုပ်ခဲ့သည့်အကြောင်း၊ ယင်းသို့ ဆောက်လုပ်ခဲ့ခြင်းကြောင့်

အလ္လာဟ် အရှင်မြတ်သည် စိုက်ယိဒိနာအိဗ်ရာဟီးမ်ﷺ၏ သားသမီးများကို မက္ကဟ်မုကရိရာမဟ်တွင် အုပ်စုတစ်စုအဖြစ် တည်ရှိနေခြင်း၊ မက္ကဟ်မြို့တွင် နေထိုင်သူအားလုံးကို ပြီးပြည့်စုံသည့် အေးချမ်းသာယာမှုနှင့် ထူးကဲသည့် စီးပွားရေး ဆိုင်ရာအကြောင်းအရာများနှင့် ပြီးပြည့်စုံခြင်း၊ သားစဉ်မြေးဆက်ဖြစ်သော ဗနူအိစ္စမာအီးလ်မျိုးနွယ်စုတို့သည် မြင့်မြတ်တော်မူသော ကုရ်အာန်ကျမ်းနှင့် တမန်တော်မြတ်ﷺတို့က ဦးစွာပထမ ဦးတည်ပြောကြားခဲ့သည်ဆိုကြောင်း ဖော်ပြထားသည်။

စူရတ်အိဗ်ရာဟီးမ်၏ ဤနောက်ဆုံးပါဒထဲတွင် ဤသူများကိုပင် အတိတ်က လူများဖြစ်ပျက်ခဲ့သည်များထဲမှ သင်ခန်းစာရယူရန် နှိုးဆော်သတိပေးထားခဲ့သည်။ ထို့နောက် အတိုချုပ်ဆိုရသော် ၎င်းတို့ အသိတရားမရရှိခဲ့လျှင် ကိယာမသ်နေ့၏ ကြောက်မက်ဖွယ် ပြစ်ဒဏ်ခတ်မှုကို ရင်ဆိုင်ရန် အသင့်ပြင်ထားရေး သတိပေးထားသည်။

ကနဦးမှာ ပထမအာယသ်(၄၂)သည် တမန်တော်မြတ်ﷺနှင့် ကမ္ဘာ့အဖိနိုပ်ခံများအတွက် နှစ်သိမ့်မှုဖြစ်စေသည်။ ထို့နောက် ဤအာယသ်ထဲတွင် ဖိနိပ်ချုပ်ချယ်သူအားလုံးအတွက် ပြင်းထန်သည့် ပြစ်ဒဏ်ခတ်မှုတစ်ခုရှိကြောင်း၊ မတရားပြုလုပ်သူများသည် အလ္လာဟ်အရှင်မြတ်က ဆိုင်းငံ့ကာလ ပေးထားသောကြောင့် ဂရုမစိုက်ပဲ ပစ်ပယ်မထားသင့်ချေ။ သူတို့၏မှားယွင်းသော လုပ်ရပ်များအတွက် အလ္လာဟ်အရှင်က သတိမမူမိဟု မမှတ်ယူပါနှင့်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ပြစ်မှုများကျူးလွန်နေလင့်ကစား တိုးတက်ကြီးပွားချမ်းသာနေ၍ သူတို့ထံ မည်သည့်ပြစ်ဒဏ်ခတ်မှုမျှလည်း မကျရောက်၊ ဘာမှလည်း မဖြစ်ခဲ့သောကြောင့်တည်း။ ယင်းကြောင့် အလ္လာဟ်အရှင်မြတ်က သူတို့ကို ပစ်ပယ်ထားသည်ဟု မမှတ်နှင့်။ ဤသို့ယူဆသည်မှာ မမှန်ချေ။ သူတို့ မှန်ကန်သည်ဟု ကြိုတင်မှတ်ယူကာ လုပ်သမျှတိုင်းသည် အလ္လာဟ်အရှင်မြတ် သိမြင်တော်မူသည်။ သို့သော်လည်း အရှင်မြတ်သည် အရှင်မြတ်၏ အသနားတော်နှင့် ဉာဏ်တော်အရ ၎င်းတို့အား ဆိုင်းငံ့ကာလပေးထားခြင်းဖြစ်သည်။

ဤအာယသ် وَلَا تَحْسَبَنَّ اللَّهَ غَافِلًا "ထိုမှတစ်ပါး အသင်သည် အလ္လာဟ်အရှင်မြတ်အား မတရားသော သူများ ကျင့်မူကြကုန်သော အမှုကိစ္စတို့မှ အမှုမဲ့အမှတ်မဲ့နေတော်မူသော အရှင်မြတ်ဟူ၍ အလျှင်း မထင်မှတ်လေနှင့်" ထဲတွင် ဦးတည်ပြောကြားမှုမှာ ထိုကဲ့သို့သောသူများအတွက်ဆိုသည်မှာ ထင်ရှားသည်။ ထိုသူတို့သည် ၎င်းတို့၏ လျစ်လျူရှုမှုနှင့် ရိုက်တွာန်၏လှည့်ဖြားမှုတို့ကြောင့် ထိုကဲ့သို့ယုံကြည်နေကြသည်။ အကယ်၍ဤဦးတည်ပြောကြားချက်သည် တမန်တော်မြတ်ﷺအတွက်ဟုဆိုလျှင်လည်း ဤသို့ပြောကြားခြင်း၏ရည်ရွယ်ချက်မှာ အွမ္မသ်တွင်းရှိ မေ့လျော့နေသူများကို ကြားသိစေ၍ သတိပေးပြီး ဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺအနေနှင့် အလ္လာဟ်အရှင်မြတ်သည် ဖြစ်ပျက်နေသည်တို့ကို ဂရုစိုက်မှုမရှိ၊ စိတ်ဝင်စားမှုမရှိဟု ထင်မှတ်နိုင်ချေ လုံးဝမရှိချေ။

ဒုတိယအာယသ် (၄၃)ထဲတွင် ဤမတရားသောလူများအပေါ် ရုတ်တရက် အပြစ်ဒဏ်ခတ်မှု ကျရောက်ခြင်းကို ရွေ့ဆိုင်းမှုမိန့်ထားခြင်းက ထိုသူများအတွက် ပိုထူး၍ကောင်းရန် မရှိချေ။ အဘယ်ကြောင့်ဆိုသော် အဆုံးစွန်တွင် ထိုသူတို့သည် ကြီးမားသော ပြစ်ဒဏ်ခတ်မှုမှာ ကိယာမသ်နှင့် အာခိရသ်တွင် ကျရောက်လာပါလိမ့်မည်။ နောင်တမလွန်ဘဝတွင် ဤပြစ်ဒဏ်ခတ်မှု အသေးစိတ်များနှင့် ၎င်းတို့ကြုံတွေ့ရမည့် ကြောက်မက်ဖွယ် အဖြစ် အပျက်များကို အာယသ်ဆုံးသည်အထိ ဖော်ပြထားသည်။

لِيَوْمٍ تَشْخَصُ فِيهِ الْأَبْصَارُ

"ထိုနေ့တွင် (ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏) မျက်စိမျက်ဆန်များသည် (မျက်တောင်မခတ်) စူးစိုက်လျက်ပင် ရှိကြကုန်အံ့သတည်း။"

مُهْطِعِيْنَ مُقْنِعِيْ رُءُوْسِهِمْ

"(ထိုနေ့တွင် ၎င်းတို့သည်) မိမိတို့၏ ဦးခေါင်းများကို မော့၍ ပြေးလွှားလျက်ပင် ရှိကြပေမည်။"

لَا يَرْتَدُّ اِلَيْهِمْ طَرْفُهُمْ

"(ထိုနေ့တွင်) ၎င်းတို့၏မျက်စိများသည် ၎င်းတို့ဘက်သို့ ပြန်လှည့်မည်မဟုတ်ပေ။ (ဝါ) ၎င်းတို့သည် မျက်တောင်မခတ်ဘဲ ရှိကြမည်"

وَاَفْـِٕدَتُهُمْ هَوَآءٌ

"ထိုမှတစ်ပါး ၎င်းတို့၏စိတ်နလုံးများသည်လည်း လွင့်ပျံ့လျက်ပင် ရှိနေကြပေမည်၊ (ဝါ) သတိရှိကြမည် မဟုတ်ပေ"

ထိုသူများအပေါ် ကျရောက်မည့်ကိစ္စရပ်များ၏ ပုံပန်းသဏ္ဌာန်ကို ဖော်ပြပြီးနောက် တမန်တော်မြတ်ﷺကို ဦးတည်ပြောကြားကာ ဤနေ့တွင် ကျရောက်မည့် ပြစ်ဒဏ်ခတ်မှုအကြောင်းကို ၎င်း၏လူများအား သတိပေးရန် မိန့်ထားသည်။ ထိုနေ့တွင် မတရားမှုများနှင့် အမှားပြုလုပ်သောသူများသည် သူတို့၏ဖန်ဆင်းရှင်ထံ သူတို့ကျင်လည်ခဲ့သည့် လောကီကမ္ဘာသို့ ပြန်လည်သွားရောက်ရန် အချိန်တောင်းပါလိမ့်မည်။ သို့မှသာ ထိုသူတို့သည် တမန်တော်များ၏ ဖိတ်ခေါ်ချက်ကိုလက်ခံကာ ဤအကြိမ်၌ တမန်တော်များ၏ နောက်လိုက်ပါရခြင်းကြောင့် ဤပြစ်ဒဏ်ခတ်မှုမှ ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။ ၎င်းတို့၏ မေတ္တာရပ်ခံချက်အဖြေကို အလွှာဟ်အရှင်မြတ်ထံတော်မှ အဘယ်သို့ အဖြေပေးလိမ့်မလဲဆိုသည်ကား "အသင်တို့ ယခုမှ ဤသို့ပြောခြင်းဖြစ်သည်။ အသင်တို့သည် သင့်တို့၏ ဥစ္စာဓနနှင့် အစွမ်းသည် အသင်တို့နှင့် မည်သည့်အခါမျှ ခွဲခွာသွားလိမ့်မည်မဟုတ်ကြောင်း သင်တို့ ကျိန်ဆိုမပြောခဲ့ကြသလော။ ထို့ပြင် အသင်တို့သည် ဤသို့သော သက်သောင့်သက်သာမှုနှင့် စည်းစိမ်ချမ်းသာဖြင့် ထာဝရနေသွားမည်ဟု မပြောကြပါသလော။ ထို့ပြင် သင်တို့သည် တစ်ဖန် ပြန်လည်ရှင်ပြန်ထရမည်ဆိုခြင်းနှင့် နောင်တမလွန် ဘဝရှိသည် ဆိုခြင်းဟူသော အယူအဆကို မငြင်းပယ်ခဲ့ကြလေသလော" ဟူ၍ဖြစ်သည်။

အာယသ် ၄၅ ထဲတွင်-

وَّسَكَنْتُمْ فِيْ مَسٰكِنِ الَّذِيْنَ ظَلَمُوْٓا اَنْفُسَهُمْ وَتَبَيَّنَ لَكُمْ كَيْفَ فَعَلْنَا بِهِمْ وَضَرَبْنَا لَكُمُ الْاَمْثَالَ

"အမှန်စင်စစ်သော်ကား အသင်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ နှိပ်စက်ကလူ ပြုခဲ့ကြကုန်သောသူတို့ နေထိုင်ရာအရပ်များ၌ပင် နေထိုင်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား မည်သို့ပြုလုပ်တော်မူခဲ့သည်မှာလည်း အသင်တို့ရှေ့၌ ထင်ရှားခဲ့လေပြီ။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် အသင်တို့ အကျိုးငှာ ပုံဆောင်ချက်များကိုလည်း ခိုင်းနှိုင်း ပြတော်မူခဲ့လေသတည်း"ဟုပါရှိသည်။

ယင်းဦးတည်ပြောကြားချက်သည် အာရေးဗီးယားရှိ မှုရှိရိုက်များအတွက် ဖြစ်သည်ဆိုသည်မှာ ထင်ရှားသည်။ တမန်တော်မြတ်ﷺအား သတိပေးရန် اَنْذِرِ النَّاسَ "၎င်းပြင် (အို-နဗီတမန်တော်)အသင်သည် ၎င်းတို့ထံ ပြစ်ဒဏ်ရောက်ရှိလာမည့်နေ့နှင့်စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ (၄၄)"ဟု အမိန့်ပေးထားသည်မှာလည်း ဤသူများအတွက် ဖြစ်သည်။ ဤဦးတည်ပြောကြားချက်ထဲတွင် ထိုသူတို့၏ ဂရုမစိုက်မှုကြောင့် မည်သည်တို့ဖြစ်လာမည် ဆိုခြင်းကို ၎င်းတို့ ဂရုစိုက်စေရန် ပြောကြားထားသည်။ အတိတ်က လူများဖြစ်ပျက်ခဲ့သည်များကို ၎င်းတို့သင်ခန်းစာ ရယူနိုင်သည်။

ထိုသူတို့ ရင်ဆိုင်ခဲ့ရသည့် အခြေအနေများနှင့် သူတို့ပေါ် ကျရောက်လာသည့်ပြောင်းလဲမှုသည် ၎င်းတို့အား သင်ကြားပေးသော အရာဖြစ်နိုင်သည်။ သို့တိုင် သူတို့သည် သင်ခန်းစာမရသေးသည်မှာ အံ့သြစရာပင်။ ယခု လူများသည် အတိတ်က လူများနေထိုင်ခဲ့သော နေအိမ်များတွင်နေကာ ၎င်းတို့ကျင့်လည်ခဲ့သည့် ပတ်ဝန်းကျင်တွင် လျှောက်လှမ်းနေသော်လည်း သင်ခန်းစာမရသေးသည်မှာ အံ့သြစရာပင်ဖြစ်သည်။ အမှန်မှာ ထိုသူများသည် တိုက် ရိုက်လေ့လာစူးစမ်းမှုနှင့် စဉ်ဆက်မပြတ် တင်ပြချက် အချို့အရ အတိတ်က လူများသည် အမိန့်ဖီဆန်ခဲ့သဖြင့် အလွှာဟ်အရှင်မြတ်က ချပေးသော ပြစ်ဒဏ်ခတ်မှုမှာ မည်မျှပြင်းထန်ကြောင်း သိရှိကြပါသည်။ ဤနေရာ၌ ပေးထားခဲ့သည့် အကြံပြုမှုနှင့် ခိုင်းနှိုင်းမှုများသည် အမှန်တရားကို ၎င်းတို့မြင်စေကာ ဖြောင့်မတ်မှန်ကန်သည့် လမ်းပေါ် လျှောက်လှမ်းရန်ဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် မနာခံဘဲ ဖြောင့်မတ်မှန်ကန်မှုကို မသင်ယူခဲ့သည်ကား မုချ ထူးဆန်းပေသည်။

အာယသ် (၄၆)ထဲတွင်-

وَقَدْ مَكَرُوا۟ مَكْرَهُمْ وَعِندَ ٱللَّهِ مَكْرُهُمْ ۚ وَإِن كَانَ مَكْرُهُمْ لِتَزُولَ مِنْهُ ٱلْجِبَالُ

"ထို့ပြင် ၎င်းတို့သည် မိမိတို့၏ လှုံ့ဖော်ကြံစည်မှုကို ကြံစည်ခဲ့ကြလေသည်၊ စင်စစ်သော်ကား ၎င်းတို့၏လှုံ့ဖော်ကြံစည်မှုသည် အလွှာဟ်အရှင်မြတ်၏ရှေ့တော်၌ပင် ရှိခဲ့လေသည်။ အမှန်စင်စစ်မှာမူကား ၎င်းတို့၏ လှုံ့ဖော်ကြံစည်မှုသည် ယင်းကြံစည်မှုကြောင့် တောင်များပင် ရွေ့သွားနိုင်ကြပေသည်"

တွင် ပါရှိသော မိန့်ကြားချက်ကို ဆက်လက်ရှင်းရလျှင် ဤသူများသည် စစ်မှန်သော ယုံကြည်ချက်ကို ဖျက်ဆီးပစ်ကြကာ စစ်မှန်သောဖိတ်ခေါ်မှုပေါ် လက်ခံနာယူသည့် မုစ်လင်မ်များကို အန္တရာယ်ပေးရန် ဆိုးဝါးသောအကြံအစည်များ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ပြောင်ပြောင်တင်းတင်းဖြစ်စေ၊ ပုန်းလျှိုးကွယ်လျှိုးဖြစ်စေ ၎င်းတို့ပြုလုပ်ခဲ့သည့် အကြံအစည်အားလုံးသည် ဘူးပေါ်သလို ပေါ်ခဲ့လေပြီ။ အရှင်မြတ်သည် ယင်းတို့ကို အပြည့်အစုံသိရှိတော်မူ၍ ပြည့်စုံစွာ ဖျက်ဆီးနိုင်တော်မူသော အရှင်ဖြစ်သည်။ ထိုသူများက ၎င်းတို့ အကြံအစည်များသည် မည်မျှတိကျ၍ အန္တရာယ်ရှိသနည်းဆိုလျှင် တောင်များပင် ၎င်းတို့တည်နေရာမှ ရွေ့လျားစေနိုင်သည်ဟု ဆိုလင့်ကစားအဆုံး၌ အလွှာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ရှေ့မှောက်တွင် မည်သည်မျှ အရာမထင်ပြီ။

ဤနေရာတွင် ဖော်ပြထားသည့် ရန်လိုသည့် အကြံအစည်နှင့် အစီအမံများသည် အတိတ်က ဖျက်ဆီးခြင်းခံရသည့် လူများ၏ အကြံအစည်နှင့် အစီအမံများဟု ဆိုလိုနိုင်သည်။ ပမာအားဖြင့် နမ်ရွတ်၊ ဖိရိအောင်၊ အားဒ်လူမျိုးစု၊ စမူဒ်လူမျိုးစုနှင့် အခြားသူများ ဖြစ်ကြသည်။ မူရင်းစာသားများက အာရေဗီးယားရှိ မှုရိုရိက်များကိုလည်း ရည်ညွှန်းနိုင်သေးသည်။ ထိုသူများမှာ တမန်တော်မြတ်ﷺကို အန္တရာယ်ပြုရန် နက်နက်ရှိုင်းရှိုင်းနှင့် ရေရှည်လုပ်ကြံရန် ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း အလွှာဟ်အရှင်မြတ်က ယင်းတို့အားလုံး အောင်မြင်ထမြောက်မှု မရှိစေခဲ့ပါ။

ဋီကာရှင်များစွာက وَإِن كَانَ مَكْرُهُمْ "အမှန်စင်စစ်မှာမူကား ၎င်းတို့၏လှုံ့ဖော်ကြံစည်မှုသည် ယင်းကြံစည်မှုကြောင့်" တွင်ပါရှိသော إِنْ (အင်)ဟူသည့် စကားလုံးသည် ငြင်းဆိုသောစကားဆက်ဟု မှတ်ယူကြသည်။ ထို့နောက် အာယသ်၏အဓိပ္ပာယ်ကို ရှင်းလင်းသည်မှာ "သူတို့သည် အကြံအစည်များစွာ ပြုလုပ်သော်လည်း ၎င်းတို့အကြံအစည်များသည် တောင်များ ၎င်းတို့တည်နေရာမှ ရွေ့ပြောင်းရေး မဖြစ်နိုင်ပါ။ ထို့နောက် ဤနေရာပါ 'တောင်'ဆိုသည်မှာ မယုံကြည် သွေဖည် ငြင်းပယ်သူများ ပြုလုပ်သည့်လုပ်ဆောင်ချက် တစ်ခုကမျှ လုံးဝမထိခိုက်နိုင်သော တမန်တော်မြတ်ﷺ၏ မြင့်မားသော ဆုံးဖြတ်ချက်ဖြစ်သည်။

ယင်းနောက် မုစ်လင်မ်အွမ္မသ်ထု၊ တမန်တော်မြတ်ﷺ(သို့မဟုတ်) လူတိုင်း ကြားသိစေရန် ဦးတည်ပြောကြား သတိပေးထားသည်မှာ-

فَلَا تَحْسَبَنَّ اللّٰهَ مُخْلِفَ وَعْدِهٖ رُسُلَهٗ ؕ اِنَّ اللّٰهَ عَزِيْزٌ ذُو انْتِقَامٍ

"သို့ဖြစ်ပေရာ အသင်သည် အလ္လာဟ်အရှင်မြတ်အား မိမိရရှိလိတမန်တော်များနှင့် ချိန်းချက်ထားရှိတော်မူသော ကတိတော်ကို ဖောက်ဖျက်တော်မူမည့်အရှင်ဟူ၍ အလျှင်းမထင်မှတ်လေနှင့်။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင်၊ လက်စားချေတော်မူသောအရှင် ဖြစ်တော်မူပေသတည်း"

ဟူ၍ မိန့်ထားကာ အရှင်မြတ်သည် အရှင့်တမန်တော်၏ရန်သူများကို မုချဇကန် လက်တုံ့ပြန်မည်ဟူသည့်အကြောင်းနှင့် ထိုသူများအပေါ် ပြုလုပ်ထားသည့်ကတိများကို ဖြည့်ဆည်းမည်ဖြစ်ကြောင်း မိန့်ထားသည်။

ဤသည်နောက်ဖော်ပြထားသော အာယသ်များ(၄၈မှ၅၁)ထဲတွင် ကိယာမသ်နေ့၏ ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များဆီသို့ ပြန်လှည့်သွားသည်။

يَوْمَ تُبَدَّلُ الْاَرْضُ غَيْرَ الْاَرْضِ وَ السَّمٰوٰتُ وَ بَرَزُوْا لِلّٰهِ الْوَاحِدِ الْقَهَّارِ

"(ဤသည်တို့ကား ထိုနေ့၌ဖြစ်အံ့) အကြင်နေ့တွင် (ဤ)ပထဝီမြေသည် အခြားသောပထဝီမြေဖြင့် ပြောင်းလဲသွားအံ့။ ထိုနည်းတူစွာ (ဤ)မိုးကောင်းကင်များသည်လည်း (အခြားမိုးကောင်းကင်များဖြင့် ပြောင်းလဲသွားလတ္တံ့) ထိုမှတစ်ပါး(ခပ်သိမ်းကုန်သော သတ္တဝါတို့သည်) တစ်ဆူတည်း ဖြစ်တော်မူသော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက် သို့ထွက်ပေါ်လာခဲ့ကြလတ္တံ့"ဟုမိန့်ထားသည်။

ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့အား အခြားကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်အဖြစ် ပြောင်းလဲပစ်မည်ဟူသောအဆိုအမိန့်က ဆိုလိုသည်မှာ လက်ရှိကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်တို့၏ပေါ်လွင်ထင်ရှားသော ဂုဏ် ဝိသေသနများနှင့် အသွင်အပြင်များ သည်ပြောင်းလဲသွားလိမ့်မည်ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်များနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များတွင် မိန့်ထားသည်မှာ ကမ္ဘာမြေကြီးတစ်ခုလုံးကို ပြင်ညီတစ်ခုတည်း ဖြစ်စေကာ ယင်းပေါ်တွင် မည်သည့်အိမ်၊ သစ်ပင်၊ အမြင်ကွယ်စေ သော တောင်များနှင့် မို့မောက်နေမှုများ၊ ဂူများ၊ ချောက်ကမ်းပါးများ ရှိလိမ့်မည်မဟုတ်ချေ။ ဤကဲ့သို့သော ပြောင်းလဲမှု အခြေအနေမျိုးကို ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်နေရာတွင် အောက်ပါအတိုင်း لَّا تَرٰى فِيْهَا عِوَجًا وَّ لَاۤ اَمْتًا "အသင်သည် ထို(ပထဝီမြေ)၌ မည်သည့် ချိုင့်ဝှမ်းကိုမျှလည်းကောင်း၊ မည်သည့်ကုန်းကိုမျှလည်းကောင်း တွေ့မြင်လိမ့်မည်မဟုတ်ပေ။ (၂၀း၁၀၇)" ဟု ပါရှိသည်။ ယင်းကအရာရာတိုင်းသည် ယခင်ကအတိုင်း ရှိနေမည်မဟုတ်ကြောင်း ဆိုလိုသည်။ ယနေ့ ကျွန်ုပ်တို့ မြင်တွေ့နေရသည်မှာ အနိမ့်၊ အမြင့်ကိုဖြတ်၊ တောင်များ အဆောက်အဦးများကို ကွေ့ပတ်သွားရသော လမ်းမကြီးများ၊ လမ်းသွယ်များရှိကြပါသည်။ ပုံသဏ္ဌာန်တစ်ခုလုံး ပြောင်းလဲသွားကာ အမြင်ရှင်းသွားသော မြေပြင်ကြီး ဖြစ်သွားပေလိမ့်မည်။

ဤကဲ့သို့ ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်ပြောင်းလဲသွားခြင်းဆိုသည်ကလည်း လက်ရှိ ကမ္ဘာပထဝီမြေကြီးနှင့် မိုးကောင်းကင်အစား အခြားပထဝီမြေကြီးနှင့် မိုးကောင်းကင်တစ်စုံလုပ်လိမ့်မည်ဟုလည်း ဆိုလိုနိုင်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဟဒီးဆ်ဆင့်ပြန်ချက်များပါ တင်ပြချက်များအနက်မှ အချို့တွင် အသွင်အပြင် ပြောင်းလဲသွားသည်ဟု ရည်ညွှန်းကြသကဲ့သို့ အခြား ဆင့်ပြန်ချက် အချို့က လုံးဝပြောင်းလဲသွားသည်ဟု တင်ပြကြသည်။

စိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ်အိဗနိမတ်စ်အူးဒ်၏ ကွင်းဆက်မပြတ်သော ခိုင်လုံသည့် ဆင့်ပြန်ချက်တစ်ခုအပေါ် အခြေခံ၍ ဟဒီးဆ်ပညာရှင်ဗိုင်ဟကီးက တမန်တော်မြတ်ﷺသည် ဤအာယသ်နှင့်ပတ်သက်၍မိန့်ကြားထားသည်ကို တင်ပြထားသည်မှာ "အလ်မဟ်ရှရ်(ပြန်လည်ရှင်ပြန်ထသည့်ကွင်းပြင်)၏လွင်ပြင်သည် အသစ်စက်စက်ဖြစ်ကာ ငွေရောင် တလက်လက် ဖြူဖွေးနေမည်။ ထိုပြင် ဤမြေမျက်နှာပြင်၏သဘောမှာ မည်သူမျှ ဂုနာဟ်ပြစ်မှု ကျူးလွန်ခဲ့လိမ့်မည်မဟုတ်သလို တစ်စုံတစ်ဦးကို မတရားသဖြင့် သတ်ဖြတ်၍ သွေးမြေကျခဲ့သောနေရာလည်း မဟုတ်ပါ"ဟူ၍ ဖြစ်သည်။ ဤအကြောင်းအရာကိုပင် မုစ်နဒ်အဟ်မဒ်ကျမ်းနှင့် သဖီစီရ်အိဗနိဂျရီးရ်ကျမ်းတွင် စိုက်ယိဒိနာ အိဗနိအနတ်စ်ﷺက ဆင့်ပြန်ချက်အဖြစ် တင်ပြထားခဲ့သည်။ (သဖီစီရ်မဇာဟီရ်)

အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်း၏ ဆွဟီးဒ်ဟဒီးဆ်နှစ်ခုဖြစ်သော ဆွဟီးတိုင်းတွင် စိုက်ယိဒိနာ စဟလ် အိဗနိ စအဒ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ကို တင်ပြထားသည်။ ယင်းတင်ပြချက်တွင် တမန်တော်မြတ်ﷺမိန့်ထားသည်မှာ "ကိယာမသ်နေ့တွင် လူများသည် သန့်စင်၍ မည်သည့်ပစ္စည်းမျှ (ပမာဆိုသော် အိမ်၊ ဥယျာဉ်၊ သစ်ပင်၊ တောင်ဂမူစသည်)မပါသော မြေမျက်နှာပြင်ပေါ်၌ ပြန်လည်ရှင်ပြန်ထရလိမ့်မည်။ အလ်ဗိုင်ဟကီကစိုက်ယိဒိနာ အဗ္ဗဒွလ္လာဟ် အိဗနိ အဗ္ဗားစ်ﷺမှ ဤအကြောင်းကိုပင် ၎င်း၏ ဤသီးသန့်အာယသ်၏ သဖီစီရ်ထဲတွင် တင်ပြထားသည်။

ခိုင်လုံ၍ကွင်းဆက်မပြတ်ဘဲ မှန်ကန်စွာထုတ်ထားသော စိုက်ယိဒိနာဂျာဗီးရ်ﷺ၏ ဆင့်ပြန်ချက်တစ်ရပ်ကို ဟာကင်မ်က တင်ပြထားသည်။ ယင်းတွင် တမန်တော်မြတ်ﷺမိန့်ကြားခဲ့သည်မှာ "ကိယာမသ်နေ့တွင် ဤကမ္ဘာမြေကြီးကို သားရေကဲ့သို့ ဆွဲဆန့်လိမ့်မည်။ ထိုအခါ ယင်းပေါ်ရှိ အတွန့်အခေါက်များသည် ပြန့်ကာ ချောမွေ့သွားလိမ့်မည်။ (ယင်းသို့ ဆွဲဆန့်သဖြင့် ကမ္ဘာပေါ်ရှိ တောင်များသည် မြေပြင်တွင် တစ်ပြေးညီဖြစ်သွားမည်) ထို့နောက် ယင်းအချိန်တွင် ဤကွင်းပြင်များပေါ်၌ အာဒမ်ﷺ၏ သားစဉ်မြေးဆက်များအားလုံးသည် စုရုံးပြီးဖြစ်လိမ့်မည်။ လူများအဘယ်မျှ များပြားသနည်းဆိုလျှင် လူတစ်ဦးသည် သူ (သို့မဟုတ်) သူမ ခြေချစရာ တစ်နေရာသာ ရရှိလိမ့်မည်။ ထို့နောက် ကျွန်ုပ်သည် ပြန်လည်ရှင်ပြန်ထရမည့် ကွင်းပြင်တွင် ဦးစွာအခေါ်ခံရသူ ဖြစ်လိမ့်မည်။ ထိုနေရာတွင် ကျွန်ုပ်သည် အလ္လာဟ်အရှင်မြတ်ကို စဂျဒဟ် ဦးချတော်မူမည်။ ထို့နောက် ကျွန်ုပ်ကို ကြားဝင်အသနား ခံခွင့်ပေးပါ လိမ့်မည်။ သူတို့၏လုပ်ရပ်များ မြန်မြန်ဆန်ဆန် စစ်ဆေးခံနိုင်ရန် ဖန်ဆင်းမှုတစ်ခုလုံးအတွက် ကျွန်ုပ် ကြားဝင် အသနားခံလိမ့်မည်"ဟူ၍ဖြစ်သည်။

ဤနောက်ဆုံးတင်ပြချက်က ကမ္ဘာပထဝီမြေကြီးကို ပြောင်းလဲရာတွင် ယင်း၏ပြင်ပသွင်ပြင်ကိုသာ ပြောင်းလဲသည်ဆိုကြောင်း ရည်ညွှန်းဟန်ရှိသည်။ ဆိုလိုသည်မှာ ဂူများ၊ တောင်များ၊ အဆောက်အဦးများနှင့် သစ်ပင်များသည် ယင်းတွင် ရှိနေမည် မဟုတ်ချေ။ သို့သော်လည်း ကမ္ဘာပထဝီမြေကြီးမှာ သူ့အတိုင်း ရှိနေလိမ့်မည်။ အစောပိုင်းဖော်ပြခဲ့သည့် အခြားဆင့်ပြန်ချက်များက ကျွန်ုပ်တို့ကို ပြောသည်မှာ ပြန်လည်ရှင်ပြန်ထသည့်နေ့(အလ်မဟ်ရှရ်)၏ မြေပြင်သည် လက်ရှိကမ္ဘာမြေနှင့်မတူသော အခြားမြေပြင်ဖြစ်သည်။ ဤအာယသ်ထဲတွင် ဖော်ပြထားသော ပြောင်းလဲမှုဆိုသည်မှာ ကမ္ဘာမြေကြီး၏ပြောင်းလဲမှုဟု ဆိုလိုသည်။

မောင်လာနာအရှ်ရဖ်အလီထာနဝီက ဤနေရာ၌ ဝိရောဓိမရှိကြောင်း ဘယာနလ်ကုရ်အာန်ကျမ်းတွင် ပြောထားခဲ့သည်။ ဖြစ်နိုင်သည်မှာ တံပိုးပထမအကြိမ် မှုတ်စဉ် လက်ရှိကမ္ဘာကြီးသည် ပြောင်းလဲသွားကာ လုပ်ရပ်များ စစ်ဆေးမှုအတွက် လူအများကို အခြားကမ္ဘာသို့ ပြောင်းရွှေ့ပေလိမ့်မည်။

မုစ်နဒ် အဗ်ဒုလ်အဗ်နူဟုမိုင်ကျမ်းပါ စိုက်ယိဒိနာအိစ်က်ရမဟ်ﷺ၏ ပြောကြားချက်တစ်ခုနှင့် သဖီစီရ်မဇ်ဟရီကျမ်းပါ တင်ပြချက်တို့သည် အထက်ပါအမြင်ကို ထောက်ခံထားပါသည်။ ထိုသည့် စကားလုံးများအား "ဤကမ္ဘာမြေကြီး

ကျုံ့ဝင်သွားကာ ယင်း၏ဘေးဦ အခြားသောကမ္ဘာမြေကြီးတစ်ခုပေါ်ပေါက်လာကာ ယင်းအပေါ်ဦ စာရင်းစစ်ဆေးခြင်း ခံယူရန်အတွက် လူအများ ရပ်နေကြပါလိမ့်မည်" ဟူ၍ဘာသာပြန်ဆိုနိုင်ပါသည်။

စိုက်ယိဒိနာစောင်ဗန်ﷺ၏ဆင့်ပြန်ချက်တစ်ခုကို အခြေခံထားသော ဆွဟီမုစ်လင်မ်ကျမ်းပါ တင်ပြချက်တစ်ခုထဲဦ ဂျူးဘုန်းကြီးတစ်ပါးသည် တမန်တော်မြတ်ﷺသခင်ထံ လာရောက်၍မေးမြန်းခဲ့သည်မှာ "ဤကမ္ဘာမြေကြီး ပြောင်းလဲသွားခဲ့သောအခါဦ လူအများ အဘယ်သို့ရောက်သွားပါမည်နည်း"ဟူ၍ ဖြစ်သည်။ တမန်တော်မြတ်ﷺသခင်ကပြောသည်မှာ "လူများသည် စီရင်တံတားအနီးတွင်ရှိသော မှောင်သောနေရာတစ်ခုတွင် ရှိနေပါလိမ့်မည်" ဟူ၍ ဖြစ်သည်။

ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ ဤကမ္ဘာရှိ လူအများအား အခြားကမ္ဘာမြေတစ်ခုပေါ်သို့ စီရင်တံတားမှတစ်ဆင့် ပို့ဆောင်လိမ့်မည်ဟူ၍ ဖြစ်ပါသည်။ အိဗနိဂျရီးရ်သည်များစွာသော ဆွဟာဒီများ သာဗိအိန်များမှတစ်ဆင့် သူ၏သဖီစီရ်ကျမ်းထဲဦ တင်ပြထားသည်မှာ လက်ရှိကမ္ဘာကြီးနှင့် မြစ်များအားလုံးတို့အား မီးလောင်ကျွမ်းသွားစေပါလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုသော် လူသားများရှိသော ဤကမ္ဘာ၏ နယ်ပယ်အားလုံးတို့သည် ဂျဟန္နမ်၏ နယ်ပယ်အဖြစ်သို့ ရောက်ရှိသွားပေလိမ့်မည်။ သို့သော်လည်း ကိစ္စရပ်များ၏ အမှန်တရားကိုမူ အလ္လာဟ်အရှင် တစ်ပါးတည်းသာ သိတော်မူပါ၏။ အလ္လာဟ်အရှင်၏ ကျေးကျွန်တစ်ဦးသည် အလ္လာဟ်အရှင်မြတ်အပေါ်ဦ သူ တာဝန်ခံပြီးသည့်အပေါ်ဦသာ ရှိနေရပါမည်။ အလ္လာဟ်အရှင့် လုပ်ဆောင်မှုတို့၏ အကြောင်းခံတရားကို မရှာဖွေရပါ။

အာယသ်(၅၀)နှင့် (၅၁)တို့ဆုံးသည့်တိုင် ဂျဟန္နမ်၏လူများ ၎င်းတို့ကြုံတွေ့ရမည့် အခြေအနေများအကြောင်းကို ဖော်ပြထားပါသည်။ လူဆိုးများအား သံကြိုးများဖြင့် တုပ်နှောင်ထားပါသည်။ ဆိုလိုသည်မှာ အုပ်စုအလိုက် စုစည်းထားကာ သံကြိုးဖြင့် တုပ်နှောင်ထားပါလိမ့်မည်။ ၎င်းတို့၏ အဝတ်အစားများသည်လည်း "ကဆီရ်ရမ်" ဖြင့်ပြုလုပ်ထားကာ မီးလောင်လွယ်သော ကတ္တရာစေးကဲ့သို့သော အဆီတစ်မျိုး ဖြစ်ပါသည်။

အဆုံးဦ နောက်ဆုံးအာယသ်(၅၂)ထဲဦ ကိယာမသ်နေ့တွင် လူအများရင်ဆိုင်ရမည့် အခြေအနေများအကြောင်း ဖော်ပြထားသည်။ ထိုသို့ဖော်ပြခြင်းသည် တစ်ပါးတည်း တည်ရှိတော်မူသော အလ္လာဟ်တအာလာမှတစ်ပါးမည်သည်ကိုမျှ မကိုးကွယ်ထိုက်ကြောင်းကို ထိုသူတို့ ပြန်လည်သတိရစေရန် ဖြစ်သည်။ သို့မှသာ ထိုသူများအနက်မှ အသိဉာဏ် အချို့ရှိသော သူ/သူမတို့သည် ပြုပြင်ရန် အချိန်ရှိစဉ်အတွင်းတွင် ရှိရက်ကို ငြင်းဆိုနိုင်ပါလိမ့်မည်။

အလ္လာဟ်တအာလာ၏ ကူညီစောင်မတော်မူမှုနှင့်

ကျေးဇူးတော်အရ စူရဟ်အိဝ်ရာဟီးမ်၏ အကျယ်ဖွင့်ဆိုချက် ဤတွင် ပြီးစီးပါပြီ။

၂၀၁၁-ခုနှစ် ဒီဇင်ဘာလ၊ ၂၆ ရက်။ ဟိဂျ်ရီခုနှစ် ၁၄၃၃၊ မုဟရ်ရမ်လ ၃၀ ရက်နေ့

سُورَةُ الحِجْرِ

စူရာဟ် အလ်ဟဂ်ျိရ်

ausmuaqmiu@



စူရဟ်အလ်ဟစ်ဂျ်ရ်

စူရဟ်အလ်ဟစ်ဂျ်ရ်သည် မက္ကာမြို့၌ ကျရောက်ပြီး ယင်းတွင် အာယသ် (၉၉)နှင့် အပိုဒ်အားဖြင့် (၆)ပိုဒ်ပါရှိသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အစဉ်မပြတ် သနားကြင်နာတော်မူထသော အနန္တကရုဏာတော်ရှင်ဖြစ်တော်မူထသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၅)

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ وَقُرْاٰنٍ مُّبِيْنٍ ۝١ رُبَمَا يَوَدُّ الَّذِيْنَ كَفَرُوْا لَوْ كَانُوْا
مُسْلِمِيْنَ ۝٢ ذَرْهُمْ يَاْكُلُوْا وَيَتَمَتَّعُوْا وَيُلْهِهِمُ الْاَمَلُ فَسَوْفَ يَعْلَمُوْنَ ۝٣
وَمَآ اَهْلَكْنَا مِنْ قَرْيَةٍ اِلَّا وَلَهَا كِتَابٌ مَّعْلُوْمٌ ۝٤ مَا تَسْبِقُ مِنْ
اُمَّةٍ اَجَلَهَا وَمَا يَسْتَاْخِرُوْنَ ۝٥

အလစ်ဖ်၊ လာမ်၊ ရာ။ ဤသည်ကား (အဖက်ဖက်မှပြည့်စုံသော) ကျမ်းဂန် ဓမ္မကွန်၏ အာယတ်တော်များသည် လည်းကောင်း၊ ထင်ရှားလှစွာသော ကုရ်အာန် ကျမ်းတော်မြတ်၏ အာယတ်တော်များသည်လည်းကောင်း ဖြစ်ပေသတည်း။[၁]

ကာဖိရ် သွေဖည် ငြင်းပယ်သောသူများသည် အကယ်၍သာ ၎င်းတို့သည် မုစ်လင်မ်များ ဖြစ်ခဲ့ကြပါလျှင် ကောင်းလေစွတကားဟု အကြိမ်ကြိမ် အဖန်ဖန် အာသာ ဆန္ဒထားရှိကြကုန်အံ့။[၂] (အို-နဗီတမန်တော်) အသင်သည် ထို(ကာဖိရ် သွေဖည်ငြင်းပယ်သော)သူတို့အား (လက်ရှိ အခြေအနေအတိုင်း) စား(သောက်နေထိုင်)ကြရန် လည်းကောင်း၊ (လောကီစည်းစိမ်များ၌ နစ်မွန်းကာ) အကျိုးခံစား လျက်ရှိကြရန်လည်း ကောင်း၊ ထိုသူတို့၏ မျှော်လင့်ချက်သည် ထိုသူတို့အား အာရုံလွှဲပြောင်းထားရှိရန် လည်းကောင်း စွန့်လွှတ်၍ထားပါလေ။ မကြာမြင့်မီပင် ၎င်းတို့သည် (မိမိတို့၏ သွေဖည် ငြင်းပယ်မှု၏အကျိုးကို) သိရှိကြကုန်အံ့။[၃]

စင်စစ်ကား ငါအရှင်မြတ်သည် မည်သည့်မြို့ရွာကိုမျှ ထိုမြို့ရွာနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းအပ်သောအချိန်ကာလ (ဆိုက်ရောက်ခြင်း)မရှိဘဲ ဖျက်ဆီးတော်မူခဲ့သည်မဟုတ်ပေ။ (တစ်နည်း) ငါအရှင်မြတ် (ကုဖိရ်အတွက်ကြောင့်) ဖျက်ဆီးတော်မူခဲ့သမျှသော မြို့ရွာများနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်တစ်ချိန်ရှိခဲ့သည်သာဖြစ်သည်။[၄] မည်သည့်လူမျိုးမျှပင် မိမိတို့၏ (သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော) အချိန်ကာလ ထက်စောခြင်း သွားနိုင်ကြမည်လည်းမဟုတ်ပေ။ (ယင်းသတ်မှတ် ပြဋ္ဌာန်းအပ်သော အချိန်ကာလကို) နောက်ချန်၍ နေနိုင်ကြမည်လည်း မဟုတ်ချေ။[၅]

အကျယ်ဖွင့်ဆိုခြင်း

ذَرْهُمْ يَأْكُلُوا ... (ထိုသူတို့အား စား ------)ဟူသည်မှ ကျွန်ုပ်တို့ မြင်တွေ့ရသည်မှာ စားခြင်းနှင့် သောက်ခြင်းအား ဘဝ၏ရည်ရွယ်ချက်နှင့် စစ်မှန်သောလုပ်ဆောင်ခြင်းဟု သတ်မှတ်ခြင်း၊ ၎င်းနောက် မရေမတွက်နိုင်သော လောကီစည်းစိမ်များ ခြံရံကာ အချိန်ကာလ ရှည်လျားသော ရုပ်ဝတ္ထုဆိုင်ရာအစီအမံများကို စွဲစွဲမြဲမြဲလုပ်ကာ သေခြင်းတရားကို လုံးဝမေ့လျော့သွားခြင်းတို့သည် မယုံကြည်သွေဖည် သူများလုပ်ဆောင်သော လုပ်ရပ်ဖြစ်ပါသည်။ အကြောင်းမှာ ထိုသူတို့သည် အာခိရတ်(နောင်တမလွန်ဘဝ)နှင့် ထိုဒေသတွင် စာရင်း စစ်ဆေးခြင်းများနှင့် စာရင်းများအရ ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းများနှင့် စာရင်းများအရ ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းများကို မယုံကြည်ကြပါ။ စားခြင်း၊ သောက်ခြင်း၊ ၎င်းနောက် စီးပွားရေးလိုအပ်ချက်ကိုလည်း လိုအပ်သည့်အတိုင်းအတာအရ လုပ်ဆောင်ကာ စီးပွားရေးနှင့် လုပ်ငန်းများအတွက် အနာဂတ်အစီအမံများလည်း ပြုလုပ်ကြပါသည်။ သို့ရာတွင် သက်ဝင်ယုံကြည်သူတစ်ဦးသည် ဤကြိုးပမ်းမှုများကို လုပ်ဆောင်ရာ၌ သေခြင်းတရားကို မမေ့ဘဲ၊ အာခိရတ်အတွက် သောကကိုလည်း လျစ်လျူမရှုပါ။ ထို့ကြောင့် သူသည် သူလုပ်သမျှတိုင်းအား ဟလာလ်၊ ဟရာမ် (သို့မဟုတ်) ခွင့်ပြုသည်၊ ခွင့်မပြုဆိုသည်ကို သူစူးစမ်းရှာဖွေပါသည်။ ထို့နောက် သူသည် အချည်းအနှီးဖြစ်သော (သို့မဟုတ်) မလိုလားအပ်သောအစီအမံများနှင့် ရည်မှန်းချက်များကိုလည်း ဝါသနာအနေဖြင့် လည်းကောင်း မပြုမနေရတာဝန်အနေဖြင့် လည်းကောင်း မပြုလုပ်ပါ။ တမန်တော်မြတ်ﷺသခင်ကမိန့်သည်မှာ- လေးခုသောအရာတို့သည် ကံကောင်းသည့် လက္ခဏာရပ်များဖြစ်ပါသည်။ (၁) မျက်ရည်မကျခြင်း (ဆိုလိုသည်မှာ မေ့လျော့ခြင်းနှင့် ဂုနာဟ်လုပ်ရပ်များအတွက် အရှက်ရကာ မျက်ရည်မကျခြင်း)၊ (၂)စိတ်နလုံးမာကြောခြင်း၊ (၃) အနာဂတ်အတွက် စိတ်ကူးယဉ်မျော်လင့်ချက်များ အကြံအစည်များ ထားရှိခြင်း၊ (၄)လောကီစည်းစိမ်များအပေါ်၌ လောဘရမ္မက်ကြီးခြင်းတို့ဟူ၍ဖြစ်သည်။ (စိုက်ယိဒိနာအနားစ်ﷺ၏ ဆင့်ပြန်ချက်အရ မုစ်နဒ်အလ်ဗာဇားကျမ်းမှတစ်ဆင့် ကုရ်တွဲဗီကျမ်း)

وَيُلْهِهِمُ الْأَمَلُ "ထိုသူတို့၏မျော်လင့်ချက်သည် ထိုသူတို့အား အာရုံလွှဲပြောင်းထားရှိရန် လည်းကောင်း" ဟူသည်က ဆိုလိုသည့် သေခြင်းတရားနှင့်အာခိရသ်အတွက် မည်သည့်ပူပင်သောကမျိုးတို့မှမရှိဘဲ ရုပ်ဝတ္ထုများအပေါ်၌ စွဲငြိသောမြတ်နိုးမှုနှင့် လောဘကြီးသော ရှည်လျားသောအစီအမံများ ပြုလုပ်ခြင်းဖြစ်ပါသည်။ (ကုရ်တွဲဗီ) ဘာသာရေးဆိုင်ရာ ရည်မှန်းချက်များရရှိရန်အတွက် ပြုလုပ် သောအစီအမံများ (သို့မဟုတ်) လူမျိုး (သို့မဟုတ်) တိုင်းပြည်တစ်ခုအတွက် အနာဂတ်အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် ပြုလုပ်သောအစီအမံတို့သည် ဤသည်တွင် အကျုံးမဝင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့သော ပြုလုပ်ခြင်းသည် အာခိရသ်အတွက်ပူပင်သောကရောက်ခြင်း တစ်မျိုးဖြစ်ပါသည်။

တမန်တော်မြတ်ﷺမိန့်သည်မှာ "ဤအမွှတ်ထုထဲမှ ကယ်တင်ခံရမည့် ပထမအုပ်စုမှာ ယင်းတို့၏ ပြီးပြည့်စုံသော အီမာန်ယုံကြည်မှုအရလည်းကောင်း၊ ရုပ်ဝတ္ထုဆိုင်ရာ(ဒွန္နယာ)၏နောက်သို့လိုက်ခြင်းမှရှောင်ရှားခြင်းတို့ကြောင့် လည်းကောင်းဖြစ်ပါသည်။ ယင်းနောက်ကျန်ရှိလူများသည် ၎င်းတို့၏ စေးနည်းတွန့်တိုမှုအရလည်းကောင်း၊ ၎င်းတို့၏ ရှည်လျားသော မျှော်လင့်ချက်များအရ လည်းကောင်း ဖျက်ဆီးခြင်းခံရပါလိမ့်မည်"ဟူ၍ဖြစ်ပါသည်။

စိုက်ယိဒိနာအဗူအဒ်ဒရ်ဒဟ်ﷺ၏တင်ပြချက်တစ်ခုတွင် ဖော်ပြထားသည်မှာ သူသည် ဒမတ်စ်ကပ်စ်မြို့ရှိ ဂျာမီမတ်ဂျစ်၏ မင်ဇရ်ပေါ်တွင် မတ်တပ်ရပ်ကာပြောသည်မှာ -

"အို . .ဒမတ်စ်ကပ်မြို့သူမြို့သားများတို့ အသင်တို့၏ ကောင်းကျိုးကို လိုလားသော ဤညီအစ်ကိုတော်၏စကားကို နားဆင်ကြပါမည်လော။ ဒါကြောင့် ကျွန်ုပ်ပြောကြားသည်ကို နားထောင်ပါ။ အသင်တို့က ကြီးကြပ်သောသူများ ရှိခဲ့ပါသည်။ ထိုသူတို့သည် မြောက်မြား စွာသော ငွေများရှာဖွေခဲ့ကာ ရွှေနှင့်ပစ္စည်းဥစ္စာများ စုဆောင်းခဲ့ပြီး ခမ်းနားလှသော နန်းတော်ကြီးများ ဆောက်ကာ နှစ်ရှည်စီမံကိန်းများချပြီး အနာဂတ်အတွက် မျှော်မှန်းချက်လည်း ထားခဲ့ကြပါသည်။ ယနေ့ ထိုသူတို့သည် ဖုန်မှုန့်များဖြစ်သွားကြ ပါတော့သည်။ သူတို့၏ နေအိမ်များသည်လည်း သချိုင်းဂူများဖြစ်သွား ကြပါတော့သည်။ ၎င်းတို့၏ရှည်လျားပြီး ရှုပ်ထွေးလှသော မျှော်လင့်ချက်များနှင့် အစီအမံများသည် လှည့်စားမှုသာဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ အသင် တို့၏အနီးအနားတွင် အဒ်လူမျိုးများ နေထိုင်ခဲ့ကြသည်။ ထိုသူများသည် ၎င်းတို့၏ စစ်သည်တော်များ တို့ဖြင့် ၎င်းတို့ တိုင်းပြည်အား ဥစ္စာဓနများ၊ နည်းလမ်းများ၊ ပိုင်ဆိုင်မှုများ၊ လက်နက်များ၊ မြင်းများဖြင့် ဖြည့်တင်းခဲ့ကြပါသည်။ သူတို့၏ အမွေအဖြစ် ၎င်းတို့ချန်ထားခဲ့သည်များကို ကျွန်ုပ်ထံမှ ငွေနှစ်ဒစ်ရ်ဟမ်ဖြင့် ဝယ်ယူမည့်သူအနီးအနားတွင် ရှိပါသလော" ဟူ၍ ဖြစ်သည်။

အီမာမ်အလ်ဟဆန်ဗဆရီ(ရဟ်မတုလ္လာဟ်)ပြောသည်မှာ လူတစ်ဦးတွင် ရှည်လျားသောအကြံအစည်များ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးယဉ်မှုများရှိနေပါက သူ၏ဘဝအတွက် လုပ်ဆောင်သင့်သည့် လုပ်ဆောင်ရာများကို မလွဲမသွေ ပျက်စီးစေပါလိမ့်မည်။ (အလ်-ကုရ်တွဗီ)

အာယသ် (၆-၈)

وَ قَالُوْا يٰۤاَيُّهَا الَّذِيْ نُزِّلَ عَلَيْهِ الذِّكْرُ اِنَّكَ لَمَجْنُوْنٌ ۝٦ لَوْ مَا تَاْتِيْنَا بِالْمَلٰٓئِكَةِ اِنْ كُنْتَ مِنَ الصّٰدِقِيْنَ ۝٧ مَا نُنَزِّلُ الْمَلٰٓئِكَةَ اِلَّا بِالْحَقِّ وَ مَا كَانُوْٓا اِذًا مُّنْظَرِيْنَ ۝٨

၎င်းပြင် (အို-နဗီတမန်တော်) ထို(ကာဖိရ်သွေဖည်ငြင်းပယ်သော)သူတို့က (အသင့်အား) "အို-ဆုံးမသြဝါဒ(ကုရ်အာန်ကျမ်းတော်မြတ်) ချပေးသနားတော်မူခြင်းခံရသော သူ မဟုတ်။ ဇကန်စင်စစ် အသင်သည် အမှန်ပင် စိတ်ဖောက်ပြန်သူ ဖြစ်သည်"ဟု ပြောဆိုခဲ့ကြသည်။[၆] အကယ်၍ အသင်သည် (သစ္စာဝါဒီ) မှန်ကန်စွာ ပြောဆိုသူဖြစ်ခဲ့ပါလျှင် အဘယ်ကြောင့် အသင်သည် "မလာအိကဟ်" ကောင်းကင်တမန်တော်များအား ကျွန်ုပ်တို့ထံ ခေါ်ဆောင်မလာသနည်း။[၇] (စင်စစ်သော်ကား) ငါအရှင်မြတ်သည် တိကျ မှန်ကန်သောစီရင်ဆုံးဖြတ်ချက် မရှိဘဲလျက် မလာအိကဟ် ကောင်းကင် တမန်များကို ချပေးတော်မူသည် မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့သည် ထို(ကောင်းကင်တမန်များ ရောက်ရှိလာကြသော)အခါ ရှေ့ဆိုင်းခွင့် ပေးသနားတော်မူခြင်းကို ခံရသူများလည်း ဖြစ်ကြမည် မဟုတ်ပေ။[၈]

ရှင်းလင်းချက် မှတ်စုများ

၁။ إِلَّا بِالْحَقِّ (အစ်လာဗင်လ်ဟက္ကိ မှန်ကန်သောဆုံးဖြတ်ချက်မှအပဟု ဘာသာပြန်ဆိုထားသည်)ထဲပါ الْحَقِّ (မှန်ကန်သောအရာ)ဟူသောစာလုံးက ပြစ်ဒဏ်ချရန်အတွက် ဆုံးဖြတ်ချက်ဟုဆိုလိုပါသည်။ အချို့ဋီကာရှင်များက ယင်းကို ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍လည်းကောင်း၊ တမန်တော်ဖြစ်ခြင်း ဟူ၍လည်းကောင်း မှတ်ယူနေကြပါသည်။ ဗယာနွလ်ကုရ်အာန်ကျမ်းထဲ၌ အလ်ဟစ် အလ်ဗစရီတင်ပြထား ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစားပေးထားပါသည်။ မောင်လာနာအရှရဖ်အလီထာနဝီက ဤအာယသတ်တော်များအား အောက်ပါအတိုင်း ရှင်းပြထားပါသည်။

၂။ ဤမယုံကြည်သွေဖည်သူများ(မက္ကဟ်မြို့၏)က တမန်တော်မြတ်ﷺအား ပြောသည်မှာ "ကုရ်အာန်ကျမ်းတော်မြတ် ချပေးခြင်းခံရသော အို-အသင် (အသင်က ထိုကဲ့သို့ပင် အခိုင်အမာပြောဆိုပါသည်၊ သို့ဆိုပါလျှင်) အသင်သည် မုချဇကာန် ရူးသွပ်သူဖြစ်ပါသည်။ (အသင်တမန်တော်ဖြစ်ကြောင်း အသင်၏အခိုင်အမာပြောဆိုချက်သည် မှားယွင်းပါသည်။ (သို့မဟုတ်ပါက) ကျွန်ုပ်တို့ ရှေ့မှောက်သို့ ကောင်းကင်စေတမန်တော်များကို မခေါ်ဆိုနိုင်ပါသနည်း။ ထိုကောင်းကင်စေတမန်များသည် အသင်၏ပြောဆိုချက် မှန်ကန်ကြောင်းသက်သေခံပါလိမ့်မည်။ ဤသည်ကို စူရဟ်-အလ်ဖုရ်ကန်ထဲ၌ ပါရှိသည်မှာ لَوْلَآ أُنزِلَ إِلَيْهِ مَلَكٌ فَيَكُونَ مَعَهُۥ نَذِيرًا ၎င်း၏ထံသို့ ကောင်းကင်တမန် တစ်ပါးပါးသည် အဘယ်ကြောင့် စေလွှတ်ခြင်းမခံရလေသနည်း။ သို့စေလွှတ်ခြင်းခံရပါလျှင် ထိုကောင်းကင်တမန်သည်လည်း ၎င်းနှင့်အတူ ကူညီသတိပေးနှိုးဆော်သူဖြစ်ပေမည်။(၂၅း၇)ဟု အလ္လာဟ်အရှင်မြတ်က ပြောကြားခဲ့လေသည်။ ငါအရှင်သည် ကောင်းကင်စေတမန်များ (အသင်တို့ တောင်းဆိုသည့်အတိုင်း)အား ဆုံးဖြတ်ချက် အတည်ဖြစ်စေရန် အတွက်သာ စေလွှတ်တော်မူသည်။ ထိုကဲ့သို့ ကောင်းကင်စေတမန်များအား စေလွှတ်ခဲ့ပါက ထိုသူများအတွက် ဆိုင်းငံ့ကာလ ရှိလိမ့်မည်မဟုတ်ပါ။ တကယ်ဆိုရသော် ထိုသူတို့သည် ၎င်းတို့၏နည်းလမ်းများအတိုင်းပင် တမန်တော်များ လာရောက်ခဲ့သည့်တိုင် သက်ဝင်ယုံကြည်မှုမရှိသောကြောင့် တမဟုတ်ခြင်းပင် ဖျက်ဆီးခြင်းခံရပါလိမ့်မည်။ ထိုကဲ့သို့လုပ်ရပ်ခြင်းအကြောင်းကို စူရဟ်အလ်အန်အမ် ပထမပါဒပါ နောက်ပိုင်းအာယသ်များ(၆း၈-၉)ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

အာယသ် (၉)

إِنَّا نَحْنُ نَزَّلْنَا الذِّكْرَ وَإِنَّا لَهُۥ لَحَٰفِظُونَ ۝٩

ဇကန်စင်စစ် ငါအရှင်မြတ်သည်ပင်လျှင် (ဤ)ဆုံးမသြဝါဒ (တည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်)ကို ချပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ဇကန်မလွဲ ငါ အရှင်မြတ်သည်ပင်လျှင် ယင်းဆုံးမသြဝါဒကိုထိန်းသိမ်းစောင့်ရှောက်တော်မူမည့် အရှင် မြတ်လည်း ဖြစ်တော်မူပေသတည်း။[၉]

အကျယ်ဖွင့်ဆိုခြင်း

မအ်မူးန်ရင်ပြင်မှအဖြစ်အပျက်တစ်ခု

အီမာမ်အလ်ကုရ်တွဲဗီက အဗာစီခလီဖဟ်အလ်မအ်မူးန်၏ ရင်ပြင်မှအဖြစ်အပျက်တစ်ခုကို ခိုင်လုံစွာတင်ပြထားပါသည်။ ဤသူသည် သူ၏ရင်ပြင်၌ ဘာသာရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးရန် ကူညီရှိခဲ့ပင်မှုများပေးခဲ့ပါသည်။ ပညာရှင်များအားလည်း ကြိုဆိုခဲ့ပါသည်။ ဤဆွေးနွေးပွဲတစ်ခုတွင် ဂျူးတစ်ဦးရောက်ရှိလာခဲ့ပါသည်။ သူ၏

ရုပ်ဆင်းသဏ္ဌာန် ဝတ်စားဆင်ယင်ပုံနှင့် အပြုအမူများအရ သူသည် ရည်မွန်သူတစ်ဦးဖြစ်ဟန်ရှိပါသည်။ စကားအချေအတင်ပြောဆိုမှုများ၌ သူ၏ပြောဆိုမှုသည် အာဝဇ္ဇန်းရွှင်ပြီးပညာသားပါလှပါသည်။ ဆွေးနွေးပွဲပြီးသောအခါ၌ မအ်မူးန်က သူ့အားခေါ်ယူကာ သူအစွမ်းရေးလူမျိုးတစ်ဦး ဟုတ်/မဟုတ် မေးမြန်းခဲ့ပါသည်။ ထိုအခါ သူက ဟုတ်ကြောင်း အတည်ပြုခဲ့ပါသည်။ သူ့အားစမ်းသပ်သည့်အနေဖြင့် မအ်မူးန်ကပြောသည်မှာ အကောင်းဆုံးဆက်ဆံမှုများ ရစေရန်အတွက် သူ မုစ်လင်မ်တစ်ဦးဖြစ်ရန် ပြောကြားခဲ့ပါသည်။

သူကပြောသည်မှာ သူကိုးကွယ်သောဘာသာတရားသည် သူ၏အဖိုးအဖွားတို့၏ ဘာသာတရားဖြစ်သောကြောင့် သူသည် ထိုဘာသာတရားကို မစွန့်လွှတ်လိုကြောင်းပြောကြားခဲ့ပါသည်။ ထိုကိစ္စသည် ထိုနေရာ၌သာ အဆုံးသတ်သွားကာ ထိုသူလည်း ထွက်ခွာသွားခဲ့ပါသည်။ ထို့နောက် တစ်နှစ်ကြာပြီးသောအခါ၌ ထိုသူသည် မုစ်လင်မ်တစ်ဦးအနေဖြင့် ပြန်လည်ရောက်ရှိလာကာ ရင်ပြင်ဆွေးနွေးပွဲများတွင် အစွမ်းမ်ခမွသတ်ဆိုင်ရာကိစ္စရပ်၌ ထင်ရှားသည့်ပုံပိုးမှုများပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲပြီးသောအခါ၌ မအ်မူးန်က သူ့အားခေါ်ယူကာ မနှစ်က လာရောက်ခဲ့သောသူပင် မဟုတ်ပါသလောဟု မေးမြန်းခဲ့ပါသည်။ သူက ဟုတ်ကြောင်း ဖြေကြားခဲ့ပါသည်။ မအ်မူးန်က ပြောသည်မှာ ထိုအချိန်က အသင်သည် အစွမ်းမ်ဘာသာကို လက်ခံရန် ငြင်းဆိုခဲ့ပါသည်။ ယခုအချိန်တွင် အသင် အစွမ်းမ်ဘာသာအား အဘယ်ကြောင့်လက်ခံခဲ့ကြောင်း ကျွန်ုပ်အား ပြောပြပါ။

သူက ပြောသည်မှာ ဤနေရာမှ ကျွန်ုပ်ပြန်သွားခဲ့သောအခါ၌ ကျွန်ုပ်သည် ခေတ်ပြိုင်ဘာသာတရားများနှင့် ပတ်သက်သော အချို့သောသုတေသနပြုမှုများ ပြုလုပ်ရန် ကျွန်ုပ်ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်သည် စာကူးသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်သည် ကျမ်းစာအုပ်များကို ရေးကူးကာ ရောင်းချပါသည်။ ဈေးကောင်းလည်း ရပါသည်။ ဤတစ်ကြိမ်တွင် ကျွန်ုပ်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာအနေဖြင့် သောင်ရသ်ကျမ်းသုံးစောင်အား လက်ရေးလှလှဖြင့် ကူးယူခဲ့ပါသည်။ ယင်းသို့ကူးယူရာတွင် အချို့ကို တိုးချဲ့မှုများပြုလုပ်ခဲ့သကဲ့သို့ အချို့ကို ထုတ်ပယ်မှုများကို ကျွန်ုပ် စိတ်ကြိုက်ပြုလုပ်ခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်သည် ဤကူးယူပြီး ကျမ်းများကို ဂျူးဘုရားကျောင်းတစ်ခုဆီသို့ ယူသွားခဲ့ပါသည်။ ဂျူးများသည် ယင်းကျမ်းများကို စိတ်ဝင်တစားရှိကာ ဝယ်ယူသွားကြပါသည်။ ထို့နောက် အင်နဂျီလ်ကျမ်းကိုလည်း အထက်ပါနည်းအတိုင်း အတိုးအလျော့များပြုလုပ်ပြီးသော ကျမ်းသုံးစောင်အား ချာ့ချ်ကျောင်းတစ်ခုသို့ ယူသွားခဲ့ပါသည်။ ခရစ်ယာန်များသည် ဤကျမ်းများကို ကျေကျေနပ်နပ်နှင့်ပင် ကျွန်ုပ်ထံမှ ဝယ်ယူသွားကြပါသည်။ ထိုသည်၏နောက် ကျွန်ုပ်သည် ကုရ်အာန်ကျမ်းတော်မြတ်အား ယခင်နည်းအတိုင်းပင် အတိုးအလျော့များပြုလုပ်လျက် လှပသေသပ် သော ကျမ်းသုံးစောင်ကူးခဲ့ပါသည်။ ကျွန်ုပ်ထိုကျမ်းများကို သွားရောက်ရောင်းချသောအခါ၌ ကျွန်ုပ် ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရပါသည်။ ဝယ်ယူမည့်သူထံသို့ ကျွန်ုပ်ကျမ်းစာအုပ်သွားရောက် ပြသခဲ့သောအခါ၌ မှန်မမှန်သူက စစ်ဆေးကြည့်ကာ အတိုးအလျော့များကို တွေ့ရသောအခါ၌ အေးဆေးစွာဖြင့် စာအုပ်ကို ကျွန်ုပ်အား ပြန်လည်ပေးခဲ့ပါသည်ဟူ၍ဖြစ်သည်။

ဤအဖြစ်အပျက်မှ ကျွန်ုပ် သင်ခန်းစာရရှိခဲ့သည်မှာ ဤကျမ်းသည် ထိန်းသိမ်းထားခြင်းခံရသောကျမ်း ဖြစ်သည်။ ၎င်းနောက် အလ္လာဟ်အရှင်ကိုယ်တော်တိုင် ဤကျမ်းကို ထိန်းသိမ်းထားတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် အစွမ်းမ်ဘာသာသို့ သက်ဝင်ယုံကြည်ခဲ့ပါသည်။ ဤအဖြစ်အပျက်ကို တင်ပြသူ ကာဒီယဟ်ယာအီဗနိအခ်တမ်က ပြောသည်မှာ ကံအားလျော်စွာ ထိုနှစ်မှာပင် သူဟာရ်ပြုလုပ်နိုင်သည့် သောင်ဖိက် ရရှိခဲ့ပါသည်။ ထိုသို့ဟာရ်ပြုလုပ်နေစဉ်တွင် သူသည် စွဖ်ယန်အီဗနိအုယိုင်နားနှင့် တွေ့ဆုံခဲ့ကာ ဤအဖြစ်အပျက်ကို သူ့အား ပြောပြခဲ့သည်။ အုယိုင်နာဟ်ပြောသည် ဤကဲ့သို့ပင် မုချဇကန်ဖြစ်ရပါမည်။ အဘယ့်ကြောင့်ဆို ဤကိစ္စကို ကုရ်အာန်

ကျမ်းတော်မြတ်က အတည်ပြုပြီးဖြစ်ပါသည်။ ယဟ်ယာအိဗနိအက်တမ်က သူစိတ်ထဲတွင်ရှိသော အာယသ်အကြောင်းကို မေးမြန်းခဲ့ပါသည်။ သူက ဆက်ပြောသည်မှာ သောင်ရသ်ကျမ်းနှင့် အင်နှ်ဂျီလ်ကျမ်းအကြောင်း ဖော်ပြရာ၌ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ မိန့်ထားသည်မှာ بِمَا اسْتُحْفِظُوْا مِنْ كِتٰبِ اللّٰهِ ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျမ်းများဖြစ်သော သောင်ရသ်နှင့် အင်နှ်ဂျီလ်ကျမ်းတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသည့်တာဝန်ကို ဂျူးများနှင့်ခရစ်ယာန်တို့အား အပ်နှင်းသည် ဟူ၍ဖြစ်သည်။ ဂျူးများနှင့် ခရစ်ယာန်များသည် ဤထိန်းသိမ်းစောင့်ရှောက်ရန် ဆိုသည့်တာဝန်ကို မဖြည့်ဆည်းခဲ့သောကြောင့် ထိုကျမ်းများတွင် အတိုးအလျော့များ ပြုလုပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ပေါ်ပေါက်ကာ ကျမ်းများ ပျောက်ဆုံးသွားတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွက်မှာမူ ဤသည်တို့နှင့်ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဤကျမ်းနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က မိန့်ထားသည်မှာ إِنَّا لَهُ لَحَافِظُوْنَ ထိုမှတစ်ပါး ဇကန်မလွဲ ငါအရှင်မြတ်သည်ပင်လျှင် ယင်းဆုံးမသြဝါဒကို ထိန်းသိမ်း စောင့်ရှောက်တော်မူမည့်အရှင်မြတ်လည်းဖြစ်တော်မူ ပေသတည်းဟူ၍ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်အားအမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး ဖြစ်စေရန်အတွက် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်စီမံခဲ့သောကြောင့် ရန်သူတို့က ထောင်ပေါင်းများစွာသော ကြိုးပမ်းမှုများ ပြုလုပ်ခဲ့လင့်ကစား ယင်းကျမ်းပါသေးငယ်သော အခက်ကလေးတစ်ခု (သို့မဟုတ်) အမှတ်အသားလေးတစ်ခုကိုပင် ပြုပြင်ပြောင်းလဲ၍မရပါ။ တမန်တော်မြတ် ﷺ ၏ ခေတ်သမယမှ နှစ်ပေါင်း ၁၄၃၃ ကျော်လာသော ယနေ့ခေတ်သမယ တွင် မုစ်လင်မ်များသည် သူတို့၏ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချို့တဲ့ခြင်း မေ့လျော့ခြင်းများ ရှိခဲ့ပါသည်။ သို့သော်ငြားလည်း ကမ္ဘာတစ်ဝန်းလုံးတွင် ကုရ်အာန်ကျမ်းတော်မြတ်အား အာဂုံဆောင်ခြင်းဆို သည့် အဆက်မပြတ် သော အစီအမံများ ပြုလုပ်ခြင်းမှာမူ ယနေ့ထက်တိုင် စွဲစွဲမြဲမြဲအတည်ဖြစ်လျက်ရှိနေပါသည်။ ခေတ်အခါသမယတိုင်းတွင်အသက်ကြီး၊ အသက်ငယ်၊ အမျိုးသား၊ အမျိုးသမီး သန်းပေါင်းများစွာသော မုစ်လင်မ်များ သည် ထိုကိစ္စရပ်အတွက် ပေါ်ထွက်ခဲ့ပါသည်။ ထိုမြင့်မြတ်သော လူများ၏နှလုံးသားနှင့် စိတ်များတွင် ကုရ်အာန် ကျမ်းတော်မြတ်သည် အမြဲ ထိန်းသိမ်းပြီး ဖြစ်သွားပါတော့သည်။ ထိုအာဂုံဆောင်မှုများရှေ့တွင် အမြင့်တက္ခ အမြင့်ဆုံး ဘာသာရေးဆိုင်ရာပညာရှင်တစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်ပါ စာလုံးတစ်လုံးအား မှားယွင်းစွာ ရွတ်ဆိုရဲလိမ့်မည် မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ယင်းကဲ့သို့ပြုလုပ်ခဲ့ပါလျှင် ထိုအချိန်အနီးအနားတွင်ရှိသော အကြီးအငယ်တို့က ချက်ချင်း ယင်းအမှားကို ပြင်ပါလိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်အား ထိန်းသိမ်းထားရန်ဆိုသည့် ကတိတွင် ဟဒီးဆ်တော်များကို ထိန်းသိမ်းခြင်း ဆိုသည်လည်း အကျုံးဝင်ပါသည်။

မူအရဆိုလျှင် ပညာရှိအားလုံးက သဘောတူသည်မှာ ကုရ်အာန်သည် ယင်းကျမ်းပါ စကားလုံးများ အတွက် အမည်(သို့မဟုတ်) အဓိပ္ပာယ်များ၏ အမည်မဟုတ်ပါ။ နှစ်မျိုးပေါင်းကိုသာ ကုရ်အာန်ဟု ခေါ်ဆိုပါသည်။ အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အဓိပ္ပာယ်များနှင့် အကြောင်းအရာများသည် အခြားသော စာအုပ်များတွင်လည်း ပါဝင်ပါသည်။ အစ္စလာမ်ဘာသာဆိုင်ရာစာအုပ်များသည် ကုန်ရ်အာန်ကျမ်းတော်မြတ်ပါ အကြောင်းအရာများသာ ဖြစ်သော်လည်း စာအုပ်များကို ကုရ်အာန်ဟုမခေါ်ဆိုပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းစာအုပ်ပါစကားလုံးတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများမဟုတ်သောကြောင့် ဖြစ်ပါသည်။ အလားတူစွာပင် လူတစ်ဦးသည် ကုရ်အာန် ကျမ်းတော်မြတ်ပါ စကားလုံးများနှင့်စာကြောင်းများအား ထုတ်ယူကာ ဆောင်းပါးတစ်ပုဒ်ရေးခြင်း သို့မဟုတ် ကျမ်းငယ်တစ်ခုပြုစုခြင်း ပြုလုပ်ခဲ့ပါလျှင်ပင် ယင်းအရေးအသားများထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ စကား လုံးများ ပါရှိသော်

လည်း ယင်းတို့အား ကုရ်အာန်ဟူ၍ မခေါ်ဆိုနိုင်ပါ။ ဤသည်က ကျွန်ုပ်တို့အား ပြောပြသည်မှာ ကုရ်အာန်ဆိုသည်မှာ အလ္လာဟ်အရှင်ချပေးတော်မူသော သီးသန့်ကျမ်း၏ သီးသန့်အမည်ဖြစ်ပါသည်။ ၎င်းနောက် ယင်းကျမ်းပါစကားလုံးများနှင့် အဓိပ္ပာယ်များကိုလည်း တစ်ပြိုင်နက်တည်း ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပါသည်။ ဤသည်က ကျွန်ုပ်တို့အား ဥပဒေတစ်ခုဆီသို့ ပို့ဆောင်သည်မှာ လူအများပြုလုပ်လေ့ရှိသော ကုရ်အာန်ကျမ်းတော်မြတ်အား အခြားသောဘာသာစကားဖြင့် အဓိပ္ပာယ်ပြန်ဆိုကာ အင်္ဂလိပ်ကုရ်အာန် (သို့မဟုတ်) အူရ်ဒူကုရ်အာန်ဟု အမည်ပေးခြင်းကို လုံးဝခွင့်မပြုပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် ကုရ်အာန်မဟုတ်သောကြောင့် ဖြစ်ပါသည်။ ၎င်းနောက် ကုရ်အာန်ဆိုသော အမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးအတွက် သက်သက်သာ မဟုတ်ကြောင်းနှင့် ယင်း၏ အဓိပ္ပာယ်များလည်း တစ်စိတ်တစ်ဒေသပါဝင်သည်ဆိုကြောင်း ကျွန်ုပ်တို့သိရှိခဲ့ရပါသည်။ ၎င်းနောက် ဤအာယသ်ထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်အား ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အလ္လာဟ်ကိုယ်တော်တိုင် တာဝန်ယူထားသည့် အဆိုအမိန့်ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားများနှင့် ယင်းတို့၏အဓိပ္ပာယ်များ အလုံးစုံတို့ကို ထိန်းသိမ်းသည်ဟူသည့် အထဲတွင် အကျုံးဝင်သွားပါသည်။ ထို့ကြောင့် ယင်းစကားလုံးများ၊ အဓိပ္ပာယ်များအား ပြုပြင်ပြောင်းလဲခြင်း လိုရာဆွဲဘာသာပြန်ခြင်း၊ အတိုးအလျှော့ပြုလုပ်ခြင်းတို့မှ အမြဲထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ် သွားပါသည်။

တမန်တော်မြတ်ﷺအား သင်ကြားပို့ချရန် စေလွှတ်ခဲ့သောကြောင့် တမန်တော်မြတ်ﷺသခင် ပြောကြားသည်တို့သည် ကုရ်အာန်ကျမ်းတော်မြတ် အဓိပ္ပာယ်တို့နှင့် အတူတူပင်ဖြစ်ကြောင်း ထင်ရှားပါသည်။ ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ لِتُبَيِّنَ لِلنَّاسِ مَا نُزِّلَ إِلَيْهِمْ ငါအရှင်မြတ်သည် အသင့်ထံသို့လည်း ကျမ်းဂန်ဓမ္မခန်းကို အသင်သည် လူသားတို့အား ထိုသူတို့ထံ ချပေးသနားတော်မူခြင်း ခံရသည့် အဓိန့်တော်များကို ထင်ရှားပြစေအံ့သောငှာလည်းကောင်း၊ ထိုသူတို့သည် စဉ်းစားဆင်ခြင်ကြအံ့သောငှာလည်းကောင်း ချပေးသနားတော် မူခဲ့ပေသတည်း"ဟူ၍ ထောက်ပြထားပါသည်။ ၎င်းနောက် يُعَلِّمُهُمُ الْكِتَابَ وَالْحِكْمَةَ ၎င်းပြင် ယင်းသူတို့အား အလ္လာဟ်အရှင်မြတ်၏ ကျမ်းဂန်တော်ကိုလည်းကောင်း၊ ထူးသောဉာဏ်အမြော်အမြင်ကိုလည်းကောင်း သွန်သင်ပြသ သင်ကြားပို့ချလေသည်။(၃း၁၆၄)ဟူသော အာယသ်ကလည်း ဤကဲ့သို့ပင်ဆိုလိုပါသည်။

ထို့အတွက်ကြောင့် တမန်တော်မြတ်ﷺက إِنَّمَا بُعِثْتُ مُعَلِّمًا ကျွန်ုပ်သည် သင်ကြားပြသသူ တစ်ဦးအနေဖြင့် စေလွှတ်ခြင်းခံရပေသည် ဟူ၍ မိန့်ခဲ့သည်။

တမန်တော်မြတ်ﷺသခင်အား ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်များကို ရှင်းလင်းရန်နှင့် လူအများအား ပညာမျှဝေပေးရန် စေလွှတ်ခဲ့သောအခါ၌ တမန်တော်မြတ်ﷺသည် သူ၏အွမ္မသ်ထုအား ညွှန်ကြားမှုပေးရန်အတွက် သူ၏ပြောဆိုမှုများနှင့်လုပ်ရပ်အား ကြားခံအဖြစ် အသုံးပြုခဲ့ပါသည်။ ဤတမန်တော်မြတ်ﷺ၏ ဤပြောဆိုမှုနှင့် လုပ်ရပ်များအား ဟဒီးဆ်ဟုခေါ်ဆိုပါသည်။

တစ်စုံတစ်ဦးက အလ္လာဟ့်ရစူလ်၏ အဟ်ဒီးဆ်များသည် လုံးဝထိန်းသိမ်းစောင့်ရှောက်ခံရခြင်းမရှိဟု ပြောခြင်းသည် အမှန်တကယ်အားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိန်းသိမ်းစောင့်ရှောက်ခံရမှုမရှိဟု ပြောဆိုခြင်းပင်ဖြစ်သည်။

တစ်ကမ္ဘာလုံးအားလှည့်စားလိုသောလူများသည် ခိုင်လုံသော ကျမ်းစာအုပ်များတွင်ပါရှိသော အဟ်ဒီးဆ်ရတနာတို့သည် မယုံကြည်မကိုးစားထိုက်ပါ၊ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺ၏ အခါသမယ ကျော်လွန်သွားပြီးမှ မှတ်တမ်းတင်ထားခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ ပထမဦးစွာအနေဖြင့် ထိုသူများ၏ ဤအယူအဆသည် ပင် မမှန်ကန်ပါ။ အဘယ်ကြောင့်ဆိုသော် အဟ်ဒီးဆ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မှတ်တမ်းတင်ခြင်း

လုပ်ရပ်တို့ကို တမန်တော်မြတ်ရှိစဉ် အခါသမယကပင် စတင်ခဲ့ပါသည်။ ပြီးဆုံးခြင်းသည် နောင်များအခါမှသာ ပြီးဆုံးခြင်းဖြစ်ပါသည်။ ထိုသည်ကို ထပ်ဆောင်းလျက် အလ္လာဟ့်ရစူလ်၏ ဟဒီးဆ်သည် အမှန်တကယ်ဆိုရသော် ကုရ်အာန်ကျမ်းမြတ်အား ရှင်းလင်းခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်ပင်ဖြစ်ပါတော့သည်။ ထိုသည်များအား ထိန်းသိမ်းကာကွယ်ခြင်းဆိုသည်မှာ အလ္လာဟ်ကိုယ်တော်တိုင် တာဝန်ယူထားသောအရာ ဖြစ်ပါသည်။ သို့ဆိုပါလျှင် ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး ကုရ်အာန်ကျမ်းတော်မြတ်၏အဓိပ္ပာယ်များ (ဆိုလိုသည်မှာ အလ္လာဟ့်ရစူလ်၏ အဟ်ဒီးဆ်များ)တို့သည် အချည်းအနှီးမည်ကဲ့သို့ဖြစ်ပါမည်နည်း။

အာယသ် (၁၀-၁၅)

وَلَقَدْ اَرْسَلْنَا مِنْ قَبْلِكَ فِيْ شِيَعِ الْاَوَّلِيْنَ ﴿١٠﴾ وَمَا يَاْتِيْهِمْ مِّنْ رَّسُوْلٍ
اِلَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿١١﴾ كَذٰلِكَ نَسْلُكُهٗ فِيْ قُلُوْبِ الْمُجْرِمِيْنَ ﴿١٢﴾
لَا يُؤْمِنُوْنَ بِهٖ وَقَدْ خَلَتْ سُنَّةُ الْاَوَّلِيْنَ ﴿١٣﴾ وَلَوْ فَتَحْنَا عَلَيْهِمْ بَابًا مِّنَ
السَّمَآءِ فَظَلُّوْا فِيْهِ يَعْرُجُوْنَ ﴿١٤﴾ لَقَالُوْٓا اِنَّمَا سُكِّرَتْ اَبْصَارُنَا بَلْ نَحْنُ
قَوْمٌ مَّسْحُوْرُوْنَ ﴿١٥﴾

ထိုမှတစ်ပါး ဇကာန်မလွဲ ငါအရှင်မြတ်သည် အသင်၏အလျင် ရှေးအုပ်စုများတွင်လည်း (နဗီတမန်တော်များအား) စေလွှတ်တော်မူခဲ့လေသည်။[၁၀] စင်စစ်သော်ကား ၎င်းတို့ထံ ရစူလ်တမန်တော် တစ်ပါးပါး ရောက်ရှိလာတိုင်း ၎င်းတို့သည် ထိုရစူလ်တမန်တော်အား ပြက်ရယ်သမှု ပြုလေ့ရှိခဲ့ကြသည်သာတည်း။[၁၁] ဤနည်းအတိုင်းပင် ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သောသူတို့၏ စိတ်နှလုံးများ၌ ယင်းပြက်ရယ်သမှုပြုခြင်းကို သို့မဟုတ် ယင်းကုရ်အာန်ကို လမ်းဖွင့်၍ပေးတော်မူ၏။ (ထည့်သွင်းပေးတော်မူ၏)။[၁၂] (သို့ဖြစ်ပေရာ) ထို(မယုံမကြည် သွေဖည်ငြင်းပယ်သော)သူတို့သည် ယင်း (ကုရ်အာန်ကျမ်းမြတ်)ကို မယုံကြည်ကြချေ။ အမှန်စင်စစ်သော်ကား ရှေးသူပေဟာင်းတို့၏အစဉ်အလာသည် လွန်လေပြီးဖြစ်ပေသတည်း။ (တစ်နည်း) ထို့အတွက်ကြောင့်ပင် ထိုသူများသည် ထို(ကုရ်အာန်ကျမ်းမြတ်)ကို ယုံကြည်သည်မဟုတ်ပေ။ ၎င်းပြင် ရှေးသူပေဟာင်းတို့၏ အစဉ်အလာသည်လည်း (ဤအတိုင်းပင်)ရှိလာခဲ့ပေသည်။[၁၃] အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အပေါ်ဝယ် မိုးကောင်းကင်၌ တံခါးပေါက်တစ်ခုခုကို ဖွင့်ပေးတော်မူခဲ့ပါလျှင် ထို့နောက် ၎င်းတို့သည် နေ့ကြောင်တောင်ပင် ထိုတံခါးပေါက်မှ (ဆင်း)တက်(သွားလာ)ခဲ့ကြသော်လည်း။[၁၄] (ထိုသို့သောအခါမျိုး၌လည်း) ၎င်းတို့က ကျွန်ုပ်၏မျက်စိများသည် (လှည့်စား)ပိတ်ပင်ထားခြင်းကို ခံခဲ့ကြရပေသည်။ ထိုမျှမက ကျွန်ုပ်တို့သည် စုန်းပြုစားခြင်းကိုခံခဲ့ကြရသော လူစုပင်ဖြစ်ကြပေသည်ဟု ပြောဆိုကြမည်မှာ အမှန်ပင်။ [၁၅]

ရှင်းလင်းချက်၏ ဝေါဟာရဆိုင်ရာမှတ်စုတစ်ခု

ပထမအာယသ် (၁၀)ပါ **شِيَعَ** ဟူသော စကားလုံးသည် **شِيعَة** ရှိအဟ်၏ ဗဟုဝုစ်ကိန်းဖြစ်ကာ လူတစ်ဦး၏ နောက်လိုက် သို့မဟုတ် လူတစ်ဦးအား ကူညီသူဟု အဓိပ္ပာယ်သက်ရောက်နေသည်။ ထို့နောက် ထိုစကားလုံးကိုပင် သီးသန့်ယုံကြည်ချက်များနှင့် သီအိုရီအယူအဆများအပေါ်၌ သဘောတူသောလူတစ်စုကို ဖော်ညွှန်းရန်အတွက် အသုံးပြုပါသည်။ ထို့ကြောင့် အဆိုအဓိန့်၏အဓိပ္ပာယ်မှာ အလ္လာဟ်တအာလာသည် အုပ်စုတိုင်း (သို့မဟုတ်) ဂိုဏ်းဂဏများအတွက် တမန်တော်များစေလွှတ်ခဲ့သည် ဟူ၍ဖြစ်ပါသည်။ ဤနေရာ၌ **فِي شِيَعِ الْأَوَّلِينَ** ဟူသည်တွင် **فِي** အဓိလာသို့ အစား **إِلَىٰ** ဆိုသည်မှာ အစောပိုင်းလူများအနက်မှ သုံးစွဲထားရခြင်းမှာ အုပ်စုတိုင်းအတွက် ထိုအုပ်စုထဲမှ လူတစ်ဦးကို နဗီအဖြစ်ခန့်အပ်စေလွှတ်ခဲ့ကြောင်း ရည်ညွှန်းပါသည်။ သို့မှသာ ထိုအုပ်စုဝင်များသည် ထိုနဗီအပေါ်၌ ယုံကြည်မှုရှိစေပါမည်။ နဗီအတွက်လည်း သူလူများ၏ အကြိုက်နှင့်စိတ်ဓာတ်ကိုသတိပြုမိသောကြောင့် သူတို့အား ပြုပြင်ပြောင်းလဲရန်အတွက် လျော်ကန်သောအစီအမံများ ပြုလုပ်နိုင်ပါလိမ့်မည်။

အာယသ် (၁၆)

وَلَقَدْ جَعَلْنَا فِي السَّمَاءِ بُرُوجًا وَزَيَّنَّاهَا لِلنَّاظِرِينَ ﴿١٦﴾

ထင်ပြင် ဇကန်မလွဲ ငါအရှင်မြတ်သည် မိုး ကောင်းကင်၌ ကြိုဟ်နက္ခတ်များကိုပြုလုပ် (ဖန်ဆင်း)တော်မူ၍ ယင်းမိုးကိုကြည့်ရှုသူတို့အဖို့ မျက်စိပသာဒ ဖြစ်စေတော်မူခဲ့လေသည်။ [၁၆]

အစီအစဉ်

ပြီးခဲ့သောအာယသ်များထဲ၌ မယုံကြည်သွေဖည်သူများနှင့် ငြင်းပယ်သူများ၊ မဆုတ်မနစ်၊ ရန်လိုမှုများအကြောင်းကို ဖော်ပြခဲ့သည်။ လက်ရှိ အာယသ်တော်နှင့် ဆက်လက်ဖော်ပြမည့် အာယသ်များထဲတွင် အလ္လာဟ်အရှင်တစ်ပါးတည်းရှိတော်မူခြင်းနှင့် အရှင်၏ဟိက်မသ်ဉာဏ်တော်၊ တန်ခိုးတော်တို့၏ထင်ရှားသော သက်သေလက္ခဏာများကို ဖော်ပြထားပါသည်။ ထိုသည်နှင့်အတူ အရှင်ဖန်ဆင်းမှု မတိုင်မီက မိုးကောင်းကင်နှင့် ကမ္ဘာမြေကြားတွင် ပေါ်ထွက်ခဲ့သည်များကို ဖော်ပြထားပါသည်။ အသိဉာဏ်ရှိသော လူတစ်ဦးအနေဖြင့် ယင်းတို့အကြောင်းကို အနည်းငယ် စဉ်းစားလိုက်ရုံဖြင့် မည်သို့မျှ ငြင်းပယ်နိုင်လိမ့်မည်မဟုတ်ပါ။

အကျယ်ဖွင့်ဆိုခြင်း

بُرُوجًا ဝိုရှုဂျန်ဆိုသောစကားလုံးသည် **وَجْه** ဘုရ်ဂျ ၏ဗဟုဝုစ်ကိန်းဖြစ်ကာ ကြီးမားသော နန်းတော်ကြီးများ၊ ရဲတိုက်ကြီးများနှင့် အလားတူအဆောက်အအုံများကို ရည်ညွှန်းပါသည်။ သဖိစ်ရိပညာရှင်များဖြစ်ကြသော မုဂျာဟိဒ်၊ ကသာဒဟ်၊ အဗူဆွာဟိလ်နှင့်အခြားသူများက ဤနေရာပါ ဗူရှုဂျ်သည် ကြီးမားသောကြယ်များဟု အဓိပ္ပာယ်ဆောင်ကြောင်း ရှင်းလင်းပြသခဲ့သည်။ မိုးကောင်းကင်တွင် ဤကြီးမားသော ကြယ်တာရာများ ဖန်ဆင်းခြင်းဆိုသည့်အချက်ကို ထောက်ပြသည့် ဤအာယသ်ပါအဆိုအဓိန့်နှင့် ပတ်သက်၍ **السماء** (အပ်စ်စမာက်)သို့ မိုးကောင်းကင် ဆိုသောစကားလုံးက လေထုဟု ဆိုလိုပါသည်။ ယင်းလေထုဆိုသောစကားလုံးသည် ကျွန်ုပ်တို့၏ နေ့စဉ်ယေဘုယျအသုံးအနှုန်းအရဆိုလျှင် အာကာသဟု ခေါ်ပါသည်။ အပ်စ်စမာ ဤအဓိပ္ပာယ်နှစ်မျိုးစလုံးဖြင့် သုံးစွဲမှုသည် အများသုံးဖြစ်ကာ

အသိအမှတ်လည်း ပြုပြီးဖြစ်ပါသည်။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာတည်ရှိမှုအရ နက်ရှိုင်းလှပါသော အာကာသကို အပ်စ်စမာဟု ထုတ်ဖော်ပြသကဲ့သို့ ယင်းထက်သာပိုနိမ့်ကျသော လေထုကိုလည်း အပ်စ်စမာဟူ၍ ကုရ်အာန် ကျမ်းတော်မြတ်ထဲ၌ ထပ်ခါတလဲလဲ သုံးစွဲထားပါသည်။ ဂြိုဟ်များနှင့် ကြယ်တာရာများသည် မိုးကောင်းကင်တွင်မရှိဘဲ အာကာသတွင်တည်ရှိနေသည်ဆိုသည်နှင့်ပတ်သက်သောပေါ်လွင်ထင်ရှားသောစူးစမ်းစစ်ဆေးမှုအသေးစိတ်များကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ရှေးရိုးရာနှင့် ယခုနက္ခတ္တဗေဒတို့ ညှိနှိုင်းထားမှုကို စူရဟ်အလ်ဖုရ်ကာန် အာယသ် تَبٰرَكَ الَّذِيْ جَعَلَ فِي السَّمَآءِ بُرُوْجًا وَّجَعَلَ فِيْهَا سِرٰجًا وَّقَمَرًا مُّنِيْرًا အကြောင်းအရာင်မြတ်သည် ဗရ်ကသ်မဂ်လာနှင့် အလွန်ပြည့်စုံတော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ ဆယ့်နှစ်ရာသီ အင်သာစက်များကို ဂြိုဟ်နက္ခတ်များကိုပြုလုပ်တော်မူခဲ့၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ ဆီမီးတစ်ခုကို လည်းကောင်း၊ လင်းဝင်းတောက်ပသော လစန္ဒာကိုလည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့၏။(၂၅:၆၁)၏ အကျယ်ဖွင့်ဆိုချက်တွင် အင်နှရာအလ္လာဟ် ဖော်ပြပါမည်။

အာယသ် (၁၇-၁၈)

وَ حَفِظْنٰهَا مِنْ كُلِّ شَيْطٰنٍ رَّجِيْمٍ ﴿۱۷﴾ اِلَّا مَنِ اسْتَرَقَ السَّمْعَ فَاَتْبَعَهٗ شِهَابٌ مُّبِيْنٌ ﴿۱۸﴾

ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းမိုးကို နှင်ထုတ်ခြင်းခံရသောရှိုင်တွာန်မိစ္ဆာကောင် အသီးသီးတို့မှ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။[၁၇] သို့ရာတွင် အကြောင်ရှိုင်တွာန်မိစ္ဆာကောင်(တစ်ဦးဦး)သည် တိတ်တဆိတ် (စကားကို) နားထောင်ခဲ့ပါလျှင် (ခိုးငှက်နားထောင်ခဲ့ပါလျှင်) လင်းဝင်းသောမီးတောက်မီးလျှံသည် ၎င်း၏နောက်သို့ (ထက်ကြပ်မကွာ) လိုက်လေတော့သတည်း။[၁၈]

အကျယ်ဖွင့်ဆိုခြင်း

ဥဒ္ဓာပံ

ရှိုင်တွာန်များသည် မိုးကောင်းကင်များထဲသို့ ဝင်ရောက်ခွင့်မရှိ ဆိုကြောင်းကို ပထမဦးစွာအနေဖြင့် ဤအာယသ်များက သက်သေပြပါသည်။ အလ္လာဟ်အရှင့်ကရုဏာတော်နှင့် ကင်းဝေးသော ထိုရှိုင်တွာန်သည် စိုက်ယိဒိနာအာဒမ်ﷺ ဖန်ဆင်းစဉ်က မိုးကောင်းကင်တွင် ရှိနေခဲ့သည်ဆိုကြောင်းနှင့် ထိုရှိုင်တွာန်ကပင် အာဒမ်နှင့်ဟောင်ဝါ(အိဗ်)တို့အား ဖြားယောင်းခဲ့သည်ဆိုသည့် အဖြစ်အပျက်များသည် အာဒမ်နှင့်ဟောင်ဝါကမ္ဘာမြေပေါ်သို့ မသက် ဆင်းမီက ဖြစ်ပျက်ခဲ့သော ထိုအဖြစ်အပျက်တို့ဖြစ်ပါသည်။ ထိုအချိန်တိုင်း ဂျင်န်များနှင့် ရှိုင်တွာန်များ မိုးကောင်းကင်ထဲသို့ ဝင်ရောက်ခြင်းကို မတားမြစ်ခဲ့ပါ။ စိုက်ယိဒိနာအာဒမ်ﷺ မြေပြင်သို့ဆင်းခဲ့ရပြီးနောက် ရှိုင်တွာန်ကို နှင်ထုတ်ခဲ့ပြီးမှသာ ဤသို့ဝင်ရောက်ခြင်းမျိုးကို တားမြစ်ထားခဲ့ပါသည်။ စူရဟ် အလ်ဂျင်န်ပါ وَّاَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ فَمَنْ يَّسْتَمِعِ الْاٰنَ يَجِدْ لَهٗ شِهَابًا رَّصَدًا ၎င်းပြောဇကန်အမှန် ကျွန်ုပ်တို့သည် ယင်းမိုးကောင်းကင်မှ (သတင်းများ) နားထောင်ရန် ထိုင်ရာနေရာများတွင် (သွား) ထိုင်လေ့ရှိကြကုန်၏။ ယခုသော် မည်သူမဆို(သွားရောက်)နားထောင်သည်ရှိသော် မီးကျီးခဲတစ်ခုသည် မိမိအား အသင့်စောင့်လျက် ကြိုနေသည်)ကို တွေ့ရှိရပေမည်ဟူသော အာယသ်အရ

တမန်တော်မြတ်ﷺ မပွင့်မီက ရှိုင်တွာန်များသည် မိုးကောင်းကင်တွင် ဘာတွေဖြစ်ပျက်နေသည်ဆိုသည့် အကြောင်းကောင်းကင်စေတမန်များ အချင်းချင်း ပြောဆိုနေကြသည်ကို ချောင်းမြောင်းနားထောင်ကြပါသည်။ ဤသည်က ရှိုင်တွာန်များသည် သတင်းအချက်အလက်များကို ကြားသိရန်အတွက် မိုးကောင်းကင်အတွင်းသို့ ဝင်ရောက်ခဲ့သည် ဟုမဆိုလိုပါ။ အထက်တွင် ကိုးကားခဲ့သည့် အာယသ်၏ ပထမဝါကျ **نَقْعُدُ مِنْهَا مَقَاعِدَ** အရ ရှိုင်တွာန်များသည် တိမ်များပေါများသော လေထုထဲသို့ဝင်ရောက်ကာ သူခိုးများကဲ့သို့ ချောင်းမြောင်း နားထောင်ပါသည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ စကားလုံးများကရည်ညွှန်းသည်မှာ ဂျင်များနှင့်ရှိုင်တွာန်များသည် မိုးကောင်းကင်ထဲသို့ ဝင်ရောက်ခြင်းမှ တားမြစ်ထားသည်ဟူသည်မှလွဲ၍ ဘာမျှဖြစ်နိုင်ချေမရှိပါ။ သို့ရာတွင် ၎င်းတို့သည် လေထု၏ အပြင်ပိုင်းသို့ရောက်နိုင်ကာ ခိုးကြောင်ခိုးဝှက်ဖြင့် အနည်းငယ်မျှ ကြားသိနိုင်ပါသည်။ အစ္စလာမ် တမန်တော်ကြီး ပွင့်တော်မူပြီးသည့်နောက်တွင် တိုးချဲ့အစီအမံတစ်ခု ပြုလုပ်ထားသည်မှာ ရှိုင်တွာန်များအား ၎င်းတို့ ခိုးကြောင်ခိုးဝှက် နားထောင်နေစဉ်တွင် ဥက္ကာပျံများ(သို့မဟုတ်) ကြယ်ပျံများ (အလ်ရှဟာဗ် အလ်ဆာကိဗ်)တို့သည် ၎င်းတို့အပေါ်သို့ လေဟာနယ်အပြင်ဘက်မှနေ၍ တစ်ဟုန်ထိုးကြီးစွာသော အမြန်နှုန်းဖြင့် ၎င်းတို့အပေါ်သို့ ကျရောက်စေပါသည်။

မိုးကောင်းကင်အတွင်းမှ ကောင်းကင်စေတမန်များ၏ ပြောကြားချက်များကို ကောင်းကင်အပြင်တွင်ရှိသော ရှိုင်တွာန်များက မည်ကဲ့သို့ကြားသိနိုင်ပါသနည်းဟူသော မေးခွန်းပေါ်ထွက်လာပါသည်။ ယင်းကိစ္စသည် မဖြစ်နိုင်သော ကိစ္စဖြစ်ပါသည်။ နက္ခတ်တာရာများအတွင်းမှ ပေါ်ထွက်လာသောအသံများကို ကြားရခြင်းမှ တားမြစ်ထားချက်မရှိပါ။ ၎င်းပြင် ကောင်းကင်စေတမန်များသည် ရှိုင်တွာန်များ ကျက်စားရာနေရာများအထိ အောက်သို့ဆင်းလာပြီး စကားစမြည်များပြောလေ့ရှိပါသည်။ ဆွဟီးအလ်ဗုခါရီ ကျမ်းတွင် ဖော်ပြထားသော စိုက်ယိဒဟ်အာအိရှ်သခင်မကြီး ဆင့်ပြန်ခဲ့သော ဟဒီးဆ်တစ်ပုဒ်က ဤဖြစ်နိုင်ချေကိုအတည်ပြုပါသည်။ သူမကပြောသည်မှာ ကောင်းကင်စေတမန်များသည် တစ်ခါတရံ တိမ်များရှိသည့်နေရာအထိ ဆင်းသက်လာခဲ့ကြကာ မိုးကောင်းကင်တွင်ဖြစ်ပျက်သည်များကို သူတို့အချင်းချင်းပြောဆိုကြပါသည်။ မိုးကောင်းကင်၏ ဤလေထုထဲ၌ ရှိုင်တွာန်များသည် ဤသတင်းများကို နားထောင်ရန်အတွက် ပုန်းကွယ်နေကြပါသည်။ သူတို့၏ ဤလှို့ဝှက်ကြိုးပမ်းမှုကို အလ်ရှဟဗ်အလ်သွကိဗ် ဥက္ကာပျံ ကြယ်ပျံများဖြင့် ရပ်တန့်စေပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်သော အသေးစိတ်ဋီကာဖွင့်ဆိုချက်ကို စူလအလ်ဂျင်နပါ **وَّاَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ** (၇၂း၉)တွင် အင်နရ်ရာအလ္လာဟ် ဖော်ပြပါမည်။

ဤနေရာ၌ ဒုတိယမေးခွန်းမှာ ဤအာယသ် များပါ အလ်ရှဟဗ်လ်ဆာကိဗ် ဥက္ကာပျံများ၊ ကြယ်ပျံများကိစ္စပင်ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အဆိုအမိန့်များအရ ဤရှဟဗ်များ(သို့မဟုတ်)မီးတောက်များသည် ဝဟီအား အကာအကွယ်ပေးပြီး ဖြစ်စေရန်အတွက် ရှိုင်တွာန်များကိုပစ်ရန် ပြုလုပ်ထားပါသည်။ တစ်နည်းဆိုရသော် ကောင်းကင်စေတမန်များ ပြောကြားသည်ကို မကြားမိစေရန်အတွက် ရှိုင်တွာန်များကို ဤသည်တို့နှင့် မောင်းနှင်ပစ်ခဲ့ပါ သည်။

မေးခွန်း၏ခက်ခဲသောအပိုင်းမှာ ကြယ်ပျံများသည် လေဟာပြင်၌ ရှိနေခြင်းသည် မထူးဆန်းဟူသော အချက်နှင့် ပတ်သက်ပါသည်။ ကြယ်များကြွေကျခြင်းကို တမန်တော်မြတ်ﷺသခင် မပွင့်မီကပင်လျှင် မြင်တွေ့ခဲ့ကြရပါသည်။ ၎င်းပြင် ဤဖြစ်ရပ်သည် နောက်ပိုင်းတွင်လည်း တည်ရှိနေခဲ့ပါသည်။ သို့ဆိုပါလျှင် တမန်တော်မြတ်ﷺသခင်၏ ခေတ်ကာလ၏ သီးသန့်အသွင်အပြင်ဖြစ်သော ရှိုင်တွာန်များကို နှင်ထုတ်ရန်အတွက် ကြယ်ပျံများ မည်ကဲ့သို့ပေါ်ထွက်ခဲ့သနည်း။ ထင်ရှားသည်မှာ သိပ္ပံပညာရှင်များပြောကြားသော ဥက္ကာပျံများသည်လေထဲတွင်ဖြတ်သန်းလာရသောကြောင့် ပူပြင်းလာကာ အရောင်များထွက်ပြီး မကြာခဏဆိုသလို မီးလောင်ကျွမ်းသွားခဲ့ကာ ကြည့်သောသူတို့အား ကြယ်ကြွေ

သွားသည်နှင့် အလားသဏ္ဌာန်တူသည်ဟူသည့်အမြင်ကို ဤသည်က ထောက်ခံဟန်ရှိပါသည်။ ထို့ကြောင့် အသုံးအနှုန်းအရ ဤသည်ကို ကြယ်ကြွေသည်ဟု ဖော်ထုတ်ပြသထားသည်။ ထို့ကြောင့် အရဗီဘာသာသာစကားမှာပင် **انقضاض الكوكب** အင်္ဂလိပ်ကိုသွယ်သိအလ်ကောင်ကပ် ဟူသောအသုံးအနှုန်း ရှိပါသည်။ ယင်းသည် ကြယ်ကြွေခြင်း ဟူသည်နှင့် အဓိပ္ပာယ်အတူတူပင်ဖြစ်ပါသည်။

သို့သော်လည်း အဖြေမှာ ဤနေရာ၌ ဝိရောဓိမဖြစ်ပါ။ ဤဖြစ်ရပ်နှင့်ပတ်သက်၍ တစ်ခုထက်မကသော သိပ္ပံပညာရပ်ဆိုင်ရာ ရှင်းလင်းချက်များလည်း ရှိနိုင်ပါသည်။ ပမာဆိုသော် မြေမျက်နှာပြင်မှအင်္ဂေများသည် အပေါ်သို့ တက်ရောက်သွားကာ တစ်နေရာတွင် ပူသွားခြင်း (သို့မဟုတ်)ဥက္ကာပျံများ၏ အမြန်နှုန်းကြောင့် ၎င်းတို့တွင် အရောင်များထွက်လာကာ မီးလောင်ကျွမ်းသွားခြင်း၊ (သို့မဟုတ်)ကြယ်တစ်ခုမှနေ၍ မီးတောက်များထွက်ခြင်း တို့ဖြစ်ပါသည်။ ၎င်းပြင် ဤအဖြစ်အပျက်သည် အမြဲမပြတ်တမ်း ဖြစ်ပျက်နေပါသည်။ သို့ရာတွင် တမန်တော်မြတ်ﷺသခင် မပွင့်မီ အလျင်က ဤမီးတောက်များအား သီးသန့်ကိစ္စတစ်ခုအတွက် အကျိုးပြုရန် မသုံးစွဲခဲ့ပါ။ သို့သော်လည်း တမန်တော်မြတ်ﷺပွင့်ပေါ်ပြီးနောက်တွင် ဤဥက္ကာပျံမှထွက်သောမီးတန်းများအားကောင်းကင်စေတမန်များပြောကြားချက်များကို ချောင်းမြောင်းနားထောင်နေမည့် ရှိုင်တွာန်များအား ပစ်ခတ်ရန် အသုံးပြုထားပါသည်။

အလ္လာဟ်မဟ်အလ်အလူစီက ရူဟုလ်မအာနီကျမ်းထဲ၌ ဤကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါသည်။ ထိုကျမ်းထဲ၌ သူတင်ပြထားသည်မှာ တစ်စုံတစ်ဦးသည် ဟဒီးဆ်ပညာရှင်အီမာမ်ဇုဟ်ရီအား တမန်တော်မြတ်ﷺသခင် မပွင့်မီကပင် ကြယ်များကြွေလေ့ရှိပါသလော ဟု မေးမြန်းခဲ့ပါသည်။ သူက ဟုတ်ကြောင်း ဖြေကြားခဲ့ပါသည်။ ထိုစဉ် ဤသူက အထက်ပါအာယသ်တော်အား ကိုးကားကာ သူ့အား ရင်ဆိုင်ခဲ့ပါသည်။ ထိုအခါ အီမာမ်ဇုဟ်ရီက ပြောကြားသည်မှာ "ကြယ်ပျံများ တမန်တော်မြတ်ﷺသခင် မပွင့်မီအလျင်က ရှိခဲ့သည်ဆိုသည်မှာ သံသယဖြစ်စရာမလိုပါ။ သို့ရာတွင် တမန်တော်မြတ်ﷺပွင့်ပြီးသည့်နောက် ရှိုင်တွာန်များအား တင်းတင်းကြပ်ကြပ် ဆက်ဆံရန်အနေဖြင့် ဤသည်များကို ရှိုင်တွာန်များ မောင်းထုတ်ရန်အတွက် အသုံးပြုခဲ့ပါသည်ဟူ၍ဖြစ်သည်။

ဆွဟီးမုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တစ်ပုဒ်ထဲ၌ စိုက်ယိဒိနာအိဗနိအဗ္ဗားစ် ဆင့်ပြန်ချက်တစ်ခု ပါရှိခဲ့ပါသည်။ ယင်းထဲ၌ဤအကြောင်းအရာနှင့်ပတ်သက်၍ တမန်တော်မြတ်၏မိန့်ကြားချက်ကိုတင်ပြထားသည်။ ဤတင်ပြချက်အရ တမန်တော်မြတ်ﷺသည် ဆွဟာဗဟ်အုပ်စုတစ်ခုနှင့်နေထိုင်စဉ်တွင် ကြယ်တစ်လုံးကြွေကျလာသည်ကို ၎င်းတို့ မြင်တွေ့ခဲ့ရပါသည်။ တမန်တော်မြတ်ﷺက ဆွဟာဗဟ်များကိုမေးသည်မှာ "အစ္စလာမ်ဘာသာတရားမပေါ်ပေါက်မီ ဤဟီလိယဟ်ခေတ်အခါကဆိုလျှင် ကြယ်တစ်လုံးကြွေကျခြင်းကို အသင်တို့ မည်သို့မှတ်ယူသနည်း"ဟူ၍ဖြစ်သည်။ ဆွဟာဗဟ်များက ဖြေကြားကြသည်မှာ ကျွန်တော်မျိုးတို့သည် ဤသည်ကို ကမ္ဘာပေါ်တွင် ကြီးမားသောအုံကြွမှုကြီး အချို့ ထင်ရှားသောသူတစ်ဦး သေဆုံးလိမ့်မည်ဖြစ်ခြင်း (သို့မဟုတ်) မွေးဖွားလိမ့်မည်ဖြစ်ခြင်းတို့၏ လက္ခဏာတစ်ရပ်ဟု မှတ်ယူကြပါသည် ဟူ၍ဖြစ်သည်။ တမန်တော်မြတ်ﷺက မိန့်သည်မှာ ဤသည်တို့သည် အဓိပ္ပာယ်မရှိပါ။ ဤသည် တစ်စုံတစ်ဦးသေဆုံးခြင်း (သို့မဟုတ်) မွေးဖွားခြင်းနှင့် မသက်ဆိုင်ပါ။ ဤမီးတန်းများသည် ရှိုင်တွာန်များအား နှင်ထုတ်ရန် ပစ်ခတ်ခြင်းဖြစ်ပါသည်ဟူ၍ဖြစ်သည်။

အချုပ်ဆိုရသော် သိပ္ပံပညာရှင်တို့၏ ကြယ်ပျံများနှင့်ပတ်သက်သောအယူအဆသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် မဆန့်ကျင်ပါဟူ၍လည်းပြောနိုင်ပါသည်။ ၎င်းပြင် ဤမီးတန်းများသည် ကြယ်အချို့မှ တိုက်ရိုက် ပေါ်ထွက်လာသည်ဆိုသည်မှာလည်း မဖြစ်နိုင်စရာမရှိပါ။ မည်ကဲ့သို့ပင်ဖြစ်ပါစေ၊ ကုရ်အာန်ကျမ်းတော်မြတ်၏ ရည်ရွယ်ချက်သည် ရှင်းလင်းစွာ သက်သေပြပြီး ဖြစ်ပါတော့သည်။

အာယသ် (၁၉-၂၅)

وَ الْاَرْضَ مَدَدْنٰهَا وَ اَلْقَيْنَا فِيْهَا رَوَاسِيَ وَ اَنْۢبَتْنَا فِيْهَا مِنْ كُلِّ شَيْءٍ
مَّوْزُوْنٍ ﴿۱۹﴾ وَ جَعَلْنَا لَكُمْ فِيْهَا مَعَايِشَ وَ مَنْ لَّسْتُمْ لَهٗ بِرٰزِقِيْنَ ﴿۲۰﴾
وَ اِنْ مِّنْ شَيْءٍ اِلَّا عِنْدَنَا خَزَآئِنُهٗ ۫ وَ مَا نُنَزِّلُهٗۤ اِلَّا بِقَدَرٍ مَّعْلُوْمٍ ﴿۲۱﴾
وَ اَرْسَلْنَا الرِّيٰحَ لَوَاقِحَ فَاَنْزَلْنَا مِنَ السَّمَآءِ مَآءً فَاَسْقَيْنٰكُمُوْهُ ۚ وَ مَاۤ اَنْتُمْ
لَهٗ بِخٰزِنِيْنَ ﴿۲۲﴾ وَ اِنَّا لَنَحْنُ نُحْيٖ وَ نُمِيْتُ وَ نَحْنُ الْوٰرِثُوْنَ ﴿۲۳﴾ وَ لَقَدْ عَلِمْنَا
الْمُسْتَقْدِمِيْنَ مِنْكُمْ وَ لَقَدْ عَلِمْنَا الْمُسْتَاْخِرِيْنَ ﴿۲۴﴾ وَ اِنَّ رَبَّكَ هُوَ
يَحْشُرُهُمْ ؕ اِنَّهٗ حَكِيْمٌ عَلِيْمٌ ﴿۲۵﴾

ၾကြင်ပြင် ငါအရှင်မြတ်သည် ပထဝီမြေကို ဖြန့်ခင်းတော်မူ၍ ယင်းပထဝီမြေ၌ လေးလံသော တောင်ကြီးများကိုချထားတော်မူလေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းပထဝီမြေ၌ ခန့်မှန်း(သတ်မှတ်)ပြီးဖြစ်သော အရာဝတ္ထုတိုင်းကို ပေါက်ရောက် ဖြစ်ထွန်းစေတော်မူခဲ့လေသည်။[၁၉] ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုပထဝီမြေ၌ အသင်တို့အဖို့လည်းကောင်း၊ အသင်တို့ စားနပ်ရိက္ခာ ထောက်ပံ့ခြင်းမပြုသော သူတို့အဖို့လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းမှုများကို ပြုလုပ်(စီမံ)ထားတော်မူခဲ့ လေသတည်း။ [၂၀] စင်စစ်သော်ကား မည်သည့်အရာမျိုးမဆို ငါအရှင်မြတ်အထံတော်၌ ထိုအရာဝတ္ထု၏အစုအပုံများ (ဘဏ္ဍာတော်များ)သည် (အပြည့်)ရှိပေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် ထိုအရာဝတ္ထုကို သတ်မှတ်ထားသော အတိုင်းအတာအချိန်အဆနှင့် အညီသာလျှင် ချပေးတော်မူပေသတည်း။[၂၁]

ၾကြင်ပြင် ငါအရှင်မြတ်သည် လေများကို ရေထမ်းလျက် စေလွှတ်တော်မူခဲ့လေသည်။ တစ်ဖန် ငါ အရှင်မြတ်သည် မိုးကောင်းကင်မှ ရေကို ရွာသွန်းစေတော်မူခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား ထိုရေကိုတိုက်ကျွေးတော်မူခဲ့လေသည်။ စင်စစ်သော်ကား အသင်တို့သည် ထိုရေကို စုဆောင်း သိုလှောင်နိုင်ကြသောသူများ မဟုတ်ကြချေ။ [၂၂]

ထိုမှတစ်ပါး ဇကန်မလွဲ ငါ အရှင်မြတ်သည်ပင်လျှင် ရှင်စေတော်မူ၏။ ထိုနည်းတူစွာ ငါအရှင်မြတ်သည်ပင်လျှင် သေစေတော်မူ၏။ ၾကြင်းအပြင် ငါအရှင်မြတ်သည်ပင်လျှင် အမွေစားအမွေခံ ဖြစ်တော်မူ၏။ (ကျန်ရစ်တော်မူမည့်အရှင် ဖြစ်တော်မူ၏။)[၂၃]

ထို့ပြင် မုချစင်စစ် ငါအရှင်မြတ် သည် အသင်တို့အနက်မှ ရှေးလူဟောင်းတို့ကိုလည်းကောင်းစွာသိတော်မူပြီးဖြစ်လေသည်။ ထိုနည်းတူစွာ မုချစင်စစ် ငါအရှင်မြတ်သည် အသင်တို့အနက်မှ နောင်လာ နောင်သားတို့ကိုလည်း ကောင်းစွာသိတော်မူပြီး ဖြစ်ပေ

သတည်း။[၂၄] ထိုမှတစ်ပါး အမှန်စင်စစ် အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် ထိုအရှင်မြတ် သည်ပင်လျှင် ၎င်းတို့အား (ကိယာမတ်နေ့တွင်) စုရုံးတော်မူပေမည်။ ဧကန်မလွဲ ထို အရှင်မြတ်သည် ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင်၊ (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဖြစ်တော်မူပေသတည်း။[၂၅]

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်၏ ဉာဏ်တော်၊ လူသား၏လိုအပ်ချက်များအတွက် သင့်တင့်မျှတသော စီးနပ်ရိက္ခာ

مِنْ كُلِّ شَيْءٍ مَّوْزُونٌ "ခန့်မှန်းသတ်မှတ်ပြီးသော အရာဝတ္ထုတိုင်းကို" ဟူ၍ စာသားအား ယခုကဲ့သို့ ဘာသာပြန်ထားခြင်းသည် ယင်းသို့ သုံးနှုန်းဖော်ပြပုံတစ်မျိုး ဖြစ်ပါသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အဆုံးအစမရှိသော ဉာဏ်တော်အရ အရှင်မြတ်သည် ပေါက်ရောက်သည့်တိုင်းတို့အား သတ်မှတ်ထားသည့်အတိုင်းအတာအထိသာ ပေါက်ရောက်စေပါသည်။ ဘဝတွင် အခက်အခဲများ ဖြစ်စေနိုင်သော လျော့နည်းသော ပေါက်ရောက်ခြင်းမဖြစ်စေသလို၊ အခြားသောဒုက္ခများဖြစ်စေသည့် ပိုလျှံသောပေါက်ရောက်ခြင်းများလည်း မဖြစ်စေပါ။ အကယ်၍သာ ဂျုံဆန် စသည့် ကောက်ပဲသီးနှံများနှင့် ပတ်ဝန်းကျင်တွင်ရှိသော အကောင်းဆုံးသောသစ်သီးဝလံများသည် လူသားများနှင့် တိရစ္ဆာန်များပါ အလျှံပယ်စားသုံးပြီးသည့်တိုင် အစုလိုက်အပုံလိုက် ပိုလျှံနေပါက ယင်းသည်တို့ ပျက်စီးမည်ဆိုသည်မှာ ထင်ရှားပါသည်။ သို့မဟုတ် ၎င်းတို့အားဖြစ်နိုင်ချေရှိသော သိုလှောင်ခြင်း စံပြသဘာဝအနေအထားအတိုင်းရှိစေရန် တို့သည် ပြောင်းလဲသောအခြေအနေများတို့ကြောင့် ခက်ခဲပါလိမ့်မည်။ ၎င်းနောက် ယင်းတို့စုပုံထားရမည်ဆိုလျှင်လည်း ဧရာမအစု အပုံကြီးဖြစ်သွားသောကြောင့် နေရာလွတ်ရှိလိမ့်မည် မဟုတ်ပါ။

ဤသည်က ကျွန်ုပ်တို့အားပြောသည်မှာ အလ္လာဟ်တအာလာ၏ တန်ခိုးတော်အရ လူသားဘဝ မှီခိုရသည့် ကောက်ပဲသီးနှံများနှင့် သစ်သီးဝလံတို့အား မြောက်မြားစွာ ပေါက်ရောက်စေခဲ့ပါလျှင် လူတိုင်းသည် နေရာတိုင်း၌ ထိုပစ္စည်းများကို အခမဲ့ရရှိစေကာ လူအား ၎င်းတို့ကို အလွန်အကျွံသုံးစွဲခဲ့သော်လည်း ယင်းပစ္စည်းများသည် မြေကြီးပေါ်တွင် အစုအလိုက်အပုံလိုက် ရှိနေပါလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့သော အခြေအနေမျိုးသည် လူသားများအတွက် ပြစ်ဒဏ်ခတ်မှုတစ်မျိုး ဖြစ်သွားစေနိုင်သောကြောင့် ဤအရာများအား သီးသန့်အတိုင်းအတာ အချိန်အဆဖြင့် ပေးခဲ့ပါသည်။ သို့မှသာ ထိုပစ္စည်းများ၏တန်ဖိုးကို အမြဲသိရှိစေကာ ၎င်းတို့အား ဖြုန်းတီးပစ်ခြင်းလည်း ရှိတော့မည်မဟုတ်ပါ။

၎င်းပြင် ဤအသုံးအနှုန်း **مِنْ كُلِّ شَيْءٍ مَّوْزُونٌ** ခန့်မှန်းသတ်မှတ်ပြီးဖြစ်သော အရာဝတ္ထုတိုင်းကို အခြားအဓိပ္ပာယ် တစ်မျိုးဖြင့် လည်း ကောက်ယူနိုင်ပါသည်။ ယင်းမှာ အလ္လာဟ်တအာလာသည် အရာရာတိုင်းတို့အား သင့်တင့် လျောက်ပတ်ပြီး အချိုးညီသော အနေအထားဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။ ထို့ကြောင့် ထိုအရာများသည် လှပစေပြီး ဆွဲဆောင်မှုရှိစေပါသည်။ သစ်ပင်များသည် တစ်ပင်နှင့်တစ်ပင်မတူသကဲ့သို့ ယင်းတို့၏ ပင်စည်များ၊ အကိုင်းအခက်များ၊ အရွက်များ၊ ပန်းပွင့်များနှင့်အသီးများသည်လည်း မတူညီကြပါ။ အသီးများ၏ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ အရောင်အသွေးများနှင့် အရသာများလည်း မတူညီကြပါ။ တစ်စုံတစ်ဦးမြင်ရသည်မှာ ၎င်းတို့၏ အသွင်အပြင်များကို နှစ်လိုဖွယ်ရာချိန်ဆထားခြင်းဖြစ်သည်။ လူတိုင်းသည် ထိုအရာများအား ၎င်းတို့ပတ်ဝန်းကျင်တွင် ရှိနေခြင်းကို ကျေနပ်နှစ်သက်ကြပါသည်။ သို့သော် ယင်းသို့ဖြစ်ပေါ်စေခြင်း၏ အသိဉာဏ်ကို မည်သည့်လူသားကမျှ ပြီးပြည့်စုံစွာ နားလည်နိုင်စွမ်းရှိပါ။

ရေဖြန့်ဝေခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ပြိုင်ဘက်ကင်းသည့်အစီအမံ

وَأَرْسَلْنَا الرِّيَاحَ ငင်းပြင် ငါအရှင်သည် လေများကို ရေထမ်းလျက် စေလွှတ်တော်မူခဲ့လေသည်မှ وَمَا أَنتُمْ لَهُ بِخَازِنِينَ စင်စစ်သော်ကား အသင်တို့သည် ထိုရေကို စုဆောင်းသိုလှောင်နိုင်ကြသောသူများ မဟုတ်ကြချေအထိ အာယသ်(၂၂)ထဲတွင် မိန့်ထားသည်ထဲ၌ ဤအသိဉာဏ်ကြွယ်သောအစီအမံအတွက် အညွှန်းတစ်ခုပေးထားပါသည်။ ယင်းအညွှန်းအရ ဤကမ္ဘာပေါ်တွင်နေထိုင်ကြသော လူသားများ၊ တိရစ္ဆာန်များ၊ ငှက်များနှင့် သားရဲတိရစ္ဆာန်များအား သူတို့လိုအပ်သောအချိန်၌ ရေရှိစေရန်အတွက် ခန့်ညားထည်ဝါသည့် ကြောက်ခမန်းလိလိ စနစ်ကြီးတစ်ခု တည်ထောင်ထားပါသည်။ ဤစနစ်ကြောင့် သောက်သုံးရန်၊ ရေချိုးရန်၊ လျှော်ဖွပ်ဆေးကြောရန် (သို့မဟုတ်)သစ်ပင်များနှင့် လယ်ယာများအား ရေပေးစေရန် လိုအပ်သောအခါ၌ မည်သည့်အခြေအနေမျိုးတွင်မဆို လူတိုင်းလူတိုင်း ရေကို နေရာတကာမှာရရှိနိုင်ပါသည်။ ဤသည်အဖိုးအခမပေးရသောရေဖြစ်ပါသည်။ ရေတွင်းတူးခြင်း(သို့မဟုတ်)ရေရရှိရန် ပိုက်များသွယ်တန်းခြင်းအတွက် ငွေကြေးသုံးစွဲသောသူများသည် ပစ္စည်းများနှင့်ဝန်ဆောင်မှုများအတွက်သာ ငွေကြေးပေးရပါသည်။ မည်သူ တစ်ဦးတစ်ယောက်မျှ ရေတစ်စက်အတွက် ငွေမပေးရသကဲ့သို့ မည်သူတစ်ဦး တစ်ယောက်မျှ ယင်းရေတစ်စက်အတွက် အခကြေးငွေ မတောင်းခံပါ။

ပထမအာယသ်ထဲ၌ ကမ္ဘာပေါ်ရှိ ပင်လယ်များမှ ရေများကို ဖြန့်ဝေပေးစေနိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ် တန်ခိုးတော်က ဤပြိုင်စံရှားသည့် အနှိုင်းမဲ့စနစ်ကြီးကို မည်ကဲ့သို့လုပ်ဆောင်စေသည်ကိုဖော်ပြထားသည်။ ပင်လယ်များတွင် ရေငွေ့များပျံစေကာ မိုးသားများ(မုတ်သုန်လေ)ဖြစ်စေကာ လေများတိုက်ခတ်မှုကြောင့် တိမ်တိုက်များဖြစ်ပြီး ရေများဖြင့်ပြည့်နေသော တိမ်တောင်ကြီးများကဲ့သို့ ဖြစ်သွားပါသည်။ ထိုနောက် ဤကြီးမားလှသည့် ရေပါရှိသော အရာများသည် ကမ္ဘာတစ်လွှားရှိ ရောက်ရှိစေမည့်နေရာသို့ ရောက်ရှိစေမည့်လုပ်ငန်းပင် ဖြစ်ပါသည်။ ထိုနောက် ဤတာဝန်ဝတ္တရားသည် အလ္လာဟ်အရှင်၏ တိုက်ရိုက်အမိန့်ပေးမှုဖြင့် ပြီးမြောက်သွားစေပါသည်။ ဤကြီးမားလှသည့် တိမ်တိုက်များသည် အလ္လာဟ်အရှင့်အမိန့်အရ ကမ္ဘာမြေပေါ်ရှိသတ်မှတ်ထားသောနေရာသို့ သတ်မှတ်ထားသော ရေပမာဏကို မိုးအဖြစ် ရွာသွန်းချပေးပါသည်။

ဤနည်းနှင့်ပင် ကမ္ဘာမြေတွင် မှီတင်းနေထိုင်ကြသည့် လူသားများ၊ တရိစ္ဆာန်များ၊ ထိုးတို့မည်သည့်နေရာတွင် ရှိနေပါစေ ပင်လယ်မှရေများကို အရောက်ပေးပို့ခဲ့သည်။ ထိုးနောက် ဤစနစ်က ပေးဝေခဲ့သော ရေများ၏အရသာနှင့် အရည်သွေးတို့လည်း တူညီစေပါသည်။ အလ္လာဟ်တအာလာသည် အရှင်၏ဉာဏ်တော်အရ ပင်လယ်ရေများကို အလွန့်အလွန် ငန်စေပါသည်။ ထိုးနောက် ဤရေငန်မှန်နေ၍ တန်ပေါင်းများစွာသော ဆားထုတ်လုပ်ကာ သုံးစွဲခဲ့သည်ကို ကျွန်ုပ်တို့သိပါသည်။ ဤသည်၏ နောက်ကွယ်၌ရှိသော အသိဉာဏ်တော်မှာ ဤကြီးမားလှသောပင်လယ်ရေပြင်ကြီးသည် သန်းပေါင်းကုဋေပေါင်းရှိသော သက်ရှိတို့၏ နေအိမ်ဖြစ်ကာ သူတို့သေဆုံးက အပိုင်းပိုင်းအစစဖြစ်ကာ ပျက်စီးသွားကြပါသည်။ ထိုးနောက် ကမ္ဘာတစ်လွှားရှိ ညစ်ညမ်းသောရေများ (ညစ်ညမ်းသောသူများ ကိုယ်တိုင်ပြောသော လူသိများလှသော ပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်)များသည် ဤပင်လယ်ထဲသို့ စီးဆင်းသွားကြပါသည်။ အကယ်၍သာ ဤပင်လယ်ရေသည် ချိုမြသောရေဖြစ်ပါက တစ်ရက်တည်းမှာပင် ယင်း၏အရသာပျက်သွားကာ ယင်းမှထွက်ပေါ်လာသော ဆိုးဝါးသည့်အနံ့သည် ကုန်းမြေတွင်နေထိုင်သူတို့၏ ကျန်းမာရေးအန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် သဘာဝက ပင်လယ်ရေအား အလွန့်အလွန်ငန်စေပြီး ကမ္ဘာတစ်လွှားရှိအညစ်အကြေးများ ရောက်ရှိလာပါက ထိုအညစ်အကြေးများကို လောင်ကျွမ်းစေပါသည်။ ထို့ကြောင့် ဤကဲ့သို့သော အသိဉာဏ်ကြွယ်သော တွေးတောဆင်ခြင်မှုကို အခြေခံ၍ ပင်လယ်ရေကို ငန်စေပါတော့သည်။ ထို့ကြောင့် ထိုရေသည် ငန်ရုံမျှမက ရေငတ်ပြေစေရန်အတွက်

သောက်သုံးချိမရ တော့ပါ။ အလ္လာဟ်အရှင်မြတ်၏ စနစ်ကြီးသည် မုချဇကန်ကြီးကျယ် တော်မူပါသည်။ ယင်းစနစ်က ရေပြင်ကြီးများအား မိုးတိမ်များအဖြစ်သို့ ပြောင်းလဲစေကာ အဖိုးမဖြတ်နိုင်သော ရတနာရေများကို သယ်ဆောင်စေရုံသာမက ကျွန်ုပ်တို့ခေတ်တွင် ရေငန်မှရေချိုသို့ပြောင်းလဲရာတွင် ကြီးမားသောစက်ပစ္စည်းကို အသုံးပြုသကဲ့သို့ အသုံးပြုခြင်းမရှိဘဲ ရေငန် များကို ရေချိုဖြစ်သွားစေပါသည်။ ပင်လယ်ရေမှ ရေငွေ့များပျံ၍ မိုးသားများဖြစ်ပြီး ယင်းမိုးသားများ ကမ္ဘာမြေပြင်ထက် ရောက်ရှိပြီး မိုးရေအဖြစ် ရွာချသည့်အချိန် အတိုင်းအတာအတွင်းသာ ကြာမြင့်ကာ ရေငန်များသည် ကျွန်ုပ်တို့ထံသို့ ရေချိုအဖြစ်ရောက်ရှိလာပါသည်။ ဤသည်နှင့်ပတ်သက်သော ရည်ညွှန်းချက်တစ်ခုကို စူရဟ်အလ်မုရ်စာလသ်(၇၇း၂၇)ထဲတွင် وَّ اَسۡقَيۡنٰكُمۡ مَّآءً فُرَاتًا ဟူ၍မိန့်ထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်သည် လူအများ ရေငတ်ပြေစေရန်အတွက် သောက်သုံးရန်ရေပေးတော်မူ သည်ဟူ၍ဖြစ်သည်။ ဤနေရာတွင် သုံးစွဲထားသော فُرَاتًا(ဖိုရသ်)ဟူသော စကားလုံးက ရေငတ်ပြေစေသော သောက်ရေချိုဟု ဖော်ညွှန်းထားပါသည်။ တစ်နည်းဆိုရသော် အဓိပ္ပာယ်မှာ တိမ်တိုက်များတွင်းရှိ အရှင်၏ရေချိုစက်ရုံမှ ပင်လယ်ရေငန်များအား ပြုပြင်ကာ ကျွန်ုပ်တို့ သောက်သုံးရန် အတွက် ရေချိုများရရှိစေရန် စီမံထားပါသည်။

ဤအကြောင်းအရာကိုပင် စူရဟ်အလ်ဝါကိယာဟ်(၅၆း၆၈-၇၀)ထဲ၌

اَفَرَءَيۡتُمُ الۡمَآءَ الَّذِىۡ تَشۡرَبُوۡنَ ﴿۶۸﴾ ءَاَنۡتُمۡ اَنۡزَلۡتُمُوۡهُ مِنَ الۡمُزۡنِ اَمۡ نَحۡنُ الۡمُنۡزِلُوۡنَ ﴿۶۹﴾
لَوۡ نَشَآءُ جَعَلۡنٰهُ اُجَاجًا فَلَوۡلَا تَشۡكُرُوۡنَ ﴿۷۰﴾

အသင်တို့သည် မိမိတို့ သောက်သုံးကြသောရေကို မြင်ခဲ့ကြလေသလော။ ထိုရေကို အသင်တို့ကိုယ်တိုင် မိုးတိမ်မှ ရွာသွန်းစေကြလေသလော၊ သို့တည်းမဟုတ် ငါအရှင်မြတ်ပင် ရွာသွန်းစေတော်မူသော အရှင်ဖြစ်တော်မူပါသလော။ အကယ်၍သာ ငါအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် ထိုရေကို ရေငန် ရေခါးပြုလုပ်တော်မူမည်သာ။ သို့ပါလျက် အသင်တို့သည် မည်သည့် အတွက်ကြောင့် ကျေးဇူးမတင်ကြပေသနည်းဟူ၍ မိန့်ထားသည်။

ယခုအချိန်ထိ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်ခမ်းနားသော ထင်ထင်ရှားရှားပြသမှုကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရပါသည်။ ယင်းမှာ ပင်လယ်မှ ရေများအား ချောမွေ့သောအစီအစဉ်ဖြင့် ရေချိုဖြစ်စေကာ တိမ်များမှတစ်ဆင့် လူသားများထံသို့ ရောက်စေရုံသာမက လူသားများစွမ်းဆောင်မပေးနိုင်သောတိရစ္ဆာန်များထံသို့တိုင် ရောက်ရှိစေပါသည်။ ပြောရမည်ဆိုလျှင် ရေများကို လူနှင့်တိရစ္ဆာန်များသို့အရောက်ပေးပို့ခဲ့ကာ ယင်းရေများကိုလည်း အခမဲ့ရရှိစေပါသည်။

သို့ရာတွင် ဤအစီအမံသည် လူသားများနှင့် တိရစ္ဆာန်များ ရင်ဆိုင်ရသောပြဿနာကို မဖြေရှင်းနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လူများနှင့် တိရစ္ဆာန်များသည် ရေကိုနေ့စဉ်လိုအပ်ရုံသာမက အချိန်တိုင်းအချိန်တိုင်းတွင် လိုအပ်နေပါသည်။ ထို့ကြောင့် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်ကို ဖြည့်ဆည်းရန် နည်းတစ်နည်းမှာ ဆယ့်နှစ်ရာသီ တစ်နှစ်ပတ်လုံးနေ့စဉ်နေ့တိုင်းမိုးရွာသွန်းခြင်းပင်ဖြစ်ပါသည်။ သို့ရာတွင် ဤအစီအမံသည် သူတို့၏အခြေခံရေလိုအပ်ချက်အား အတိုင်းအတာတစ်ခုအထိ တာဝန်ယူပြီးဖြစ်စေနိုင်သော်လည်း အတွေ့အကြုံရှိသူများအတွင်း ကြိုတင်မြင်ရန်မခက်ခဲသည့်စီးပွားရေးလုပ်ဆောင်မှုများတွင် အခက်အခဲများဖြင့် ရင်ဆိုင်ရပါလိမ့်မည်။ တစ်နှစ်ပတ်လုံးနေ့စဉ်အဆက်မပြတ် မိုးရွာသွန်းမှုသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ၎င်းပြင်သယ်ယူပို့ဆောင်ရေးတွင် အတားအဆီးများ သွားလာမှုတွင် အန္တရာယ်များနှင့် စီးပွားရေးတွင် တုံ့ဆိုင်းခြင်းတို့ဖြစ်သွားနိုင်ပါသည်။ ဖြစ်နိုင်ချေရှိသော ဒုတိယနည်းလမ်း

တစ်ခုမှာ တစ်နှစ်ပတ်လုံး သုံးစွဲဖူလုံစေရန်အတွက် တစ်နှစ်၏ သီးသန့်လများတွင် မိုးလုံလုံလောက်လောက်ရွာသွန်းခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း ဤနည်းတွင် လူတစ်ဦးအတွက် သတ်မှတ်ထားသော ရေအတိုင်းအတာရရှိပါက ထိုရေများကို အခြားသူတစ်ဦးထံ လုံခြုံမှုရှိစေရန် အပ်နှံထားရန်လိုအပ်ပါသည်။

စဉ်းစားကြည့်စမ်းပါ၊ အကယ်၍ ဤနည်းအတိုင်းပြုလုပ်ပါက လူတိုင်းသည် ရေများကို ၁လမှ၆လအထိ သိုလှောင်ရန်အတွက်သင့်လျော်မည့်သိုမှီးထားရန်များကိုမည်ကဲ့သို့စုဆောင်းရပါမည်နည်း။ ရေသိုလှောင်ခြင်းပြဿနာကို ဖြေရှင်းနိုင်သည့်တိုင် ထိုသိုလှောင်ထားသော ရေများသည် ရက်အနည်းငယ်အတွင်းမှာတွင် ထိုရေများသည် သောက်သုံးခြင်း(သို့မဟုတ်)အခြားသောကိစ္စရပ်များအတွက် အသုံးပြုခြင်းများမပြုနိုင်လောက်အောင်ပျက်စီးသွားပါလိမ့်မည်။ ထို့ကြောင့် သိုလှောင်ခြင်းအတွက် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်အရ ပြိုင်စံရှားသည့် နောက်ထပ်သိုလှောင်မှုစနစ်တစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ယင်းစနစ်အရ ရေများအား မည်သည့်အချိန် မည်သည်သည့်နေရာ၌ဖြစ်စေလိုအပ်ပါက ရရှိစေနိုင်ပါသည်။ မိုးများရွာချလိုက်သောအခါ၌ ချက်ချင်းပင် လယ်ယာကိုင်းကျွန်းများနှင့် သစ်ပင်များ ဖူးပွင့်ဝေရန်အတွက်နှင့် လူ၊ တိရစ္ဆာန်ရေငတ်မှုကို ပြေပျောက်စေရန်အတွက် အချို့တစ်ဝက်ကို ချက်ချင်းအသုံးပြုလိုက်ကြပါသည်။ ရေအချို့တစ်ဝက်တို့ကို ရေအိုင်ကြီးငယ်တွင် သိမ်းဆည်းထားခဲ့ပါသည်။ အခြားသောအပိုင်းများကိုလည်း ခဲသွားစေကာ ရေခဲပင်လယ် အဖြစ် တောင်ထိပ်များတွင် ထားရှိပါသည်။ ယင်းရေတွင် အမှိုက်သရိုက် အညစ်အကြေးမဝင်နိုင်ပါ။ အကယ်၍ ဤရေများအား အရည်အဖြစ်ရှိစေပါက လေတိုက်ခြင်းကြောင့် ဖုန်များ၊ အမှိုက်သရိုက်များဝင်နိုင်ပါသည်။ ငှက်များနှင့် တိရစ္ဆာန်များ ဤရေတွင် ကျရောက် သေဆုံးနိုင်သောကြောင့် ရေများပျက်စီးသွားနိုင်ပါသည်။ သို့ရာတွင် အလ္လာဟ်အရှင်၏တန်ခိုးတော် ဤရေရတနာများကို ရေခဲပင်လယ်အဖြစ် ပြောင်းလဲကာ တောင်များ၏ထိပ်ပေါ်သို့ တင်ရှိစေပါသည်။ ထိုတောင်ထိပ်များပေါ်မှ အရည်ပျော်ကျလာကာ စမ်းချောင်းများဖြစ်သွားစေပြီး နေရာအနှံ့ရောက်ရှိစေပါသည်။ စမ်းချောင်းများမရှိသော နေရာမှာလည်း လူ၏သွေးကြောများသဖွယ် ရေများသည် ကမ္ဘာနေရာဒေသတိုင်းတွင် မြေမျက်နှာပြင်အောက်မှ စီးဆင်းနေကြပါသည်။ ရေတွင်းတစ်တွင်းတူးလိုက်ပါက ရေထွက်လာပါလိမ့်မည်။

အချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်၏ ရေဖြန့်ဝေရေးစနစ်တွင် ထောင်ပေါင်းများစွာသော ကောင်းချီးမင်္ဂလာများရှိနေသည်။ ပထမဦးစွာ ရေကိုဖန်ဆင်းခြင်းသည်ပင်လျှင် ကြီးကျယ်သောကောင်းချီးမင်္ဂလာဖြစ်သည်။ ယင်းနောက် ထိုရေကို ကမ္ဘာမြေပြင် အရပ်ရပ်သို့ ရောက်စေခြင်းမှာ ဒုတိယကောင်းချီးမင်္ဂလာဖြစ်သည်။ ထို့နောက် ယင်းရေကို သောက်သုံးနိုင်ခြင်းသည် တတိယ ကောင်းချီးမင်္ဂလာဖြစ်သည်။ ယင်းနောက် လူသားများကို သောက်သုံးနိုင်ခွင့်ပေးခြင်းမှာ စတုတ္ထကောင်းချီးမင်္ဂလာဖြစ်သည်။ ထို့နောက် လိုအပ်သလောက်ရေများကို စုဆောင်းသိမ်းဆည်းထားခြင်းဟူသော အံ့ဖွယ်စနစ်မှာ ပဉ္စမကောင်းချီးမင်္ဂလာဖြစ်သည်။ ထို့ပြင် ယင်းနောက် ဤကမ္ဘာရှိ အမျိုးသားအမျိုးသမီးတို့အား ယင်းရေမှအကျိုးခံစားနိုင်ခြင်းမှာ ဆဋ္ဌမကောင်းချီးမင်္ဂလာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရေရရှိနိုင်လင့်ကစား မနှစ်မြို့ဖွယ် အခြေအနေများ ရှိနိုင်ပါသည်။ သို့မဟုတ် သဘာဝအလျောက်သော် လည်းကောင်း လူတို့ကြောင့်ဖြစ်သော ကပ်ဘေးဆိုးများကြောင့် လည်းကောင်း ရေကိုသောက်သုံးမရနိုင်ဘဲဖြစ်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ လက်ရှိအာယတ်တော် فَأَسْقَيْنَٰكُمُوهُ ۖ وَمَآ أَنتُمْ لَهُۥ بِخَٰزِنِينَ ထို့နောက် ငါအရှင်မြတ်သည် အသင်တို့အား ထိုရေကို တိုက်ကျွေးတော်မူခဲ့လေသည်။ စင်စစ်သော်ကား အသင်တို့သည် ထိုရေကို စုဆောင်းသိုလှောင်နိုင်ကြသောသူများမဟုတ်ကြချေ။ (၂၂)ထဲတွင် ဤကောင်းချီးမင်္ဂလာများနှင့် ပတ်သက်သော အညွှန်းတစ်ခုပေးထားသည်။ ထို့ပြင် သတိပေးချက် အမှန်တရားကို ကြည့်ရန်ငြင်းပယ်သူများ တစ်ခုလည်း ပါဝင်သည်။

فَتَبٰرَكَ اللّٰهُ اَحْسَنُ الْخَالِقِيْنَ

ယင်းမှာ ဖန်ဆင်းရှင်များအနက် အကောင်းဆုံးဖန်ဆင်းရှင်မှာ မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူသည်။

ဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်များတွင် ဦးဆောင်သူများနှင့်နောက်လိုက်များ အဆင့်အတန်းကွဲပြားခြားနားခြင်း

အာယသ်-၂၄ وَ لَقَدْ عَلِمْنَا الْمُسْتَقْدِمِيْنَ مِنْكُمْ وَ لَقَدْ عَلِمْنَا الْمُسْتَاْخِرِيْنَ တွင် ပါရှိသော الْمُسْتَقْدِمِيْنَ (အလ်မုစ်သတ်ကဒိမီးန်) ရှေးလူဟောင်းတို့ الْمُسْتَاْخِرِيْنَ (အလ်မုစ်သတ်ခိရီးန်) နောင်လာနောက်သားတို့စသော စကားလုံးများ၏ အကျယ်ဘာသာပြန်ဖွင့်ဆိုချက်အချို့ကို ဆွဟာဗဟ်များနှင့် သာဗီအီန်များတွင်ရှိသဖိစိရ် ပညာရှင်များက အမျိုးမျိုးတင်ပြထားခဲ့ကြသည်။ ယင်းတို့မှာ-

၁။ အလ်မုစ်သတ်က်ဒိမီးန်သည် ကိုယ်တော်မြတ်ﷺခေတ်တွင် မွေးသူများနှင့် အတ်မုစ်သခ်ခိရီးန်သည် မမွေးဖွားသေးသူများ ဖြစ်သည်။ (ကသာဒါဟ်နှင့်အိခ်ရိစဟ်)

၂။ အလ်မုစ်သက်တ်ဒိမီးန်ဆိုသည်မှာ သေဆုံးပြီးသူများကို ဆိုလို၍ အလ်မုစ်သခ်ခိရီးန်သည် ယခုတိုင် အသက်ရှင်လျက်ရှိသူများကို ဆိုလိုသည်။ (အိဗနိအဗ္ဗားစ်နှင့်ဒါဟ်မာဟ်)

၃။ အလ်မုစ်သက်တ်ဒိမီးန်ဆိုသည်မှာ တမန်တော်မြတ်ﷺမပွင့်ပေါ်မီအလျင်က ရှိနေခဲ့သော ကောင်းမြတ်သော သူများကို ရည်ညွှန်း၍ အလ်မုစ်သခ်ခိရီးန်ဆိုသည်မှာ ကိုယ်တော်မြတ်ﷺ၏ အွမ္မသ်ထုကိုရည်ညွှန်းသည်။ (မုဂျာဟစ်ဒ်)

၄။ အလ်မုစ်သတ်က်ဒိမီးန်သည် အလ္လာဟ်အရှင့်အမိန့်နာခံ၍ ကောင်းမှုကောင်းရာ လုပ်ဆောင်သူများကို ဖော်ညွှန်းသကဲ့သို့ အလ်မုစ်သခ်ခိရီးန်သည် အလ္လာဟ်အမိန့်မနာခံဘဲ ကောင်းမှုကောင်းရာလုပ်ရန် လျစ်လျူရှုထားသူများကို ရည်ညွှန်းသည်။ (ဟစန်နှင့် ကသာဒါဟ်)

၅။ အလ်မုစ်သက်က်ဒိမီးန်ဟူသော သူများသည် ဆွလာသ်ဝတ်ပြု ဆောက်တည်ရာတွင် ရှေ့ဆုံးအတန်းတွင် ရှိနေသူများ (သို့မဟုတ်) ဂျီဟဒ်စစ်ပွဲတွင် ရှေ့တန်း၌ရှိနေသူများနှင့် အခြားဖြောင့်မတ်မှန်ကန်သည့်လုပ်ရပ်များတွင် ရှိနေသူများကိုခေါ်သည်။ အလ်မုစ်သတ်ခ်ခိရီးန်ဟူသော သူများမှာကောင်းမြတ်သော လုပ်ရပ်များတွင် နောက်ချန်နေသူများ၊ နောက်တန်းတွင်နေကာ အမြဲနောက်ကျလေ့ရှိသူများကို ခေါ်သည်။ ဤသဖိစိရ်ကို ဦးဆောင်ဋီကာရှင်များဖြစ်ကြသည့် ဟစန်အလ်ဗဆွရီ၊ စအီးဒ်အိဗနိအလ်မုစောင်ယဗ်၊ အလ်ကုရ်သုဗီ၊ အလ်ရှအ်ဗီနှင့် အခြားပညာရှင်များက ပေးခဲ့ခြင်း ဖြစ်သည်။

ဤအဓိပ္ပာယ် ရှင်းလင်းမှုများသည် စစ်မှန်သော အဓိပ္ပာယ်တွင် ကြီးမားသော ဝိရောဓိဖြစ်ခြင်းနှင့် ကွဲလွဲခြင်း မရှိသည်မှာ ထင်ရှားသည်။ ဤသည်တို့ကို တစ်စုတစ်ပေါင်းတည်းဟု ပြောနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အလုံးစုံ ပေါ်လွှမ်းခြုံနိုင်သည့် အသိဉာဏ်တော်တွင် ဦးဆောင်သူများ (သို့မဟုတ်) နောက်လိုက်သူများအားလုံး၏ အမျိုးစုံ အကျုံးဝင်သည်။

အလ်ကုရ်သုဗီသည် သူ၏သဖိစိရ်ကျမ်းတွင် ပြောထားခဲ့သည်မှာ အချိန်ကျ၍ ဆောက်တည်ရသောဆွလာသ်ဝတ်ပြု တည်ဆောက်မှုတွင် ရှေ့ဆုံးပထမတန်းတွင် ဆွလာသ်ဝတ်ပြုခြင်း အကျိုးစဝါးဗ်ကို ရည်ညွှန်းသည် ဟုပြောသည်။ ဤသည်မှာ ဟဒီးဆ်တော်အရ ကိုက်ညီသည်။ ယင်းဟဒီးဆ်တော်ထဲတွင် တမန်တော်မြတ်ﷺမိန့်သည်မှာ အကယ်၍သာ လူများသည် အာဇာန်ဆိုခြင်းနှင့် ဆွလာသ်ဝတ်ပြုရာတွင် ရှေ့ဆုံးပထမတန်းမှာရှိခြင်း၏ ကြီးမားသော စဝါးဗ်ကုသိုလ်ကို သိကြမည်ဆိုလျှင် လူတိုင်းသည် ရှေ့ဆုံးတန်းရရန်ကြိုးပမ်းမှုကြောင့် လူတိုင်းပထမတန်းမှာရပ်ရန်

မဲချကြရပေလိမ့်မည်ဟူ၍ ဖြစ်သည်။

ဤသည်နှင့်အတူ အလ်ကုရ်သုဗီက စိုက်ယိဒိနာကအစ်ﷺ၏ ပြောကြားချက်ကို တင်ပြခဲ့သည်မှာ "ဤအမှုသ ထုတွင် လူအချို့ရှိသည်။ ထိုသူတို့သည် စိဂျ်ဒါဟ်ပြုရာတွင် ၎င်းတို့ နဖူးမြေချသောအခါ ၎င်းတို့နောက်ရှိ ဆွလာသ ဝတ်ပြုသူများအားလုံးကို ခွင့်လွှတ်ချမ်းသာမှုပေးခြင်း ဖြစ်သည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် စိုက်ယိဒိနာကအစ်ﷺ သည် နောက်ဆုံးတန်းတွင် ရှိနေသည်ကို နှစ်သက်ခဲ့သည်။ ၎င်းမျှော်လင့်သည်မှာ ထိုသို့သော အဆင့်အတန်းရှိသည့် အလွှာဟ်ကျေးကျွန်အချို့ ရှေ့ဆုံးတန်းတွင်ရှိနေသဖြင့် ၎င်းတို့၏ ဘရကတ် ချမ်းမြေ့သာယာမှုအရ ကျွန်ုပ်သည် ခွင့်လွှတ်ခံရနိုင်ပေသည် ဟူ၍ဖြစ်သည်။

ဤနေရာ၌ ထင်ရှားသည်မှာ စစ်မှန်သော အကျိုးစဝါးဗ်သည် ရှေ့ဆုံးတန်းမှာ ဆွလာသ်ဝတ်ပြုတည်ဆောက်ခြင်းတွင် ရှိနေသည်။ ယင်းကို ကုရ်အာန်ကျမ်းမြတ်နှင့်စွန့်သ်တော်ပါ ရှင်းလင်းသည်အဆိုအမိန့်များက သက်သေပြပြီး ဖြစ်သည်။ သို့သော်လည်း အကြောင်းအချို့ကြောင့် ပထမရှေ့တန်းတွင်နေရာမရခဲ့လျှင်ပင် ရှေ့ဆုံးတန်းတွင် ဝတ်ပြုသူများတွင် အလွှာဟ်အရှင်မြတ်၏ ဖြောင့်မတ်မှန်ကန်သော ကျေးကျွန်အချို့ရှိနေကာ ထိုသူများကြောင့် သူလည်း ခွင့်လွှတ်ခံရပြီးဖြစ်နိုင်သည်။ ထို့ပြင် ဤအာယသ်တော်မှ ရှေ့ဆုံးတန်းတွင် ဆွလာသ်ဝတ်ပြုတည်ဆောက်ခြင်းဖြင့် အကျိုးစဝါးဗ်ရသည့်နည်းတူ ဂျီဟားဒ်စစ်ပွဲ၏ ရှေ့တန်းတွင် ရှိနေခြင်း၏ အကျိုးစဝါးဗ်များကိုလည်း သက်သေပြပြီး ဖြစ်ပေသည်။

အာယသ် (၂၆-၄၄)

وَ لَقَدۡ خَلَقۡنَا الۡاِنۡسَانَ مِنۡ صَلۡصَالٍ مِّنۡ حَمَاٍ مَّسۡنُوۡنٍ ﴿۲۶﴾ وَ الۡجَآنَّ
خَلَقۡنٰهُ مِنۡ قَبۡلُ مِنۡ نَّارِ السَّمُوۡمِ ﴿۲۷﴾ وَ اِذۡ قَالَ رَبُّكَ لِلۡمَلٰٓئِكَةِ اِنِّیۡ
خَالِقٌۢ بَشَرًا مِّنۡ صَلۡصَالٍ مِّنۡ حَمَاٍ مَّسۡنُوۡنٍ ﴿۲۸﴾ فَاِذَا سَوَّيۡتُهٗ وَ نَفَخۡتُ
فِيۡهِ مِنۡ رُّوۡحِیۡ فَقَعُوۡا لَهٗ سٰجِدِيۡنَ ﴿۲۹﴾ فَسَجَدَ الۡمَلٰٓئِكَةُ كُلُّهُمۡ اَجۡمَعُوۡنَ
﴿۳۰﴾ اِلَّاۤ اِبۡلِيۡسَ ؕ اَبٰۤی اَنۡ يَّكُوۡنَ مَعَ السّٰجِدِيۡنَ ﴿۳۱﴾ قَالَ يٰۤاِبۡلِيۡسُ مَا لَكَ
اَلَّا تَكُوۡنَ مَعَ السّٰجِدِيۡنَ ﴿۳۲﴾ قَالَ لَمۡ اَكُنۡ لِّاَسۡجُدَ لِبَشَرٍ خَلَقۡتَهٗ مِنۡ
صَلۡصَالٍ مِّنۡ حَمَاٍ مَّسۡنُوۡنٍ ﴿۳۳﴾ قَالَ فَاخۡرُجۡ مِنۡهَا فَاِنَّكَ رَجِيۡمٌ ﴿۳۴﴾ وَّ
اِنَّ عَلَيۡكَ اللَّعۡنَةَ اِلٰی يَوۡمِ الدِّيۡنِ ﴿۳۵﴾ قَالَ رَبِّ فَاَنۡظِرۡنِیۡۤ اِلٰی يَوۡمِ يُبۡعَثُوۡنَ
﴿۳۶﴾ قَالَ فَاِنَّكَ مِنَ الۡمُنۡظَرِيۡنَ ﴿۳۷﴾ اِلٰی يَوۡمِ الۡوَقۡتِ الۡمَعۡلُوۡمِ ﴿۳۸﴾ قَالَ
رَبِّ بِمَاۤ اَغۡوَيۡتَنِیۡ لَاُزَيِّنَنَّ لَهُمۡ فِی الۡاَرۡضِ وَ لَاُغۡوِيَنَّهُمۡ اَجۡمَعِيۡنَ ﴿۳۹﴾ اِلَّا

عِبَادَكَ مِنْهُمُ الْمُخْلَصِيْنَ ﴿٤٠﴾ قَالَ هٰذَا صِرَاطٌ عَلَيَّ مُسْتَقِيْمٌ ﴿٤١﴾ اِنَّ
عِبَادِيْ لَيْسَ لَكَ عَلَيْهِمْ سُلْطٰنٌ اِلَّا مَنِ اتَّبَعَكَ مِنَ الْغٰوِيْنَ ﴿٤٢﴾ وَ اِنَّ
جَهَنَّمَ لَمَوْعِدُهُمْ اَجْمَعِيْنَ ﴿٤٣﴾ لَهَا سَبْعَةُ اَبْوَابٍ ؕ لِكُلِّ بَابٍ مِّنْهُمْ جُزْءٌ
مَّقْسُوْمٌ ﴿٤٤﴾

ထိုမှတစ်ပါး စင်စစ်ဇကန် ငါ့အရှင်မြတ်သည် လူသားကို ပုံသွင်းပြီဖြစ်သော အသံမြည်သော ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူခဲ့လေသည်။ [၂၆] ၎င်းပြင် ဂျင်(နှ်)သတ္တဝါကို (လူသားအား ဖန်ဆင်းတော်မမူမီ)အလျင်က ပူပြင်းလှစွာသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့လေသတည်း။ (တစ်နည်း) ထိုမှတစ်ပါး ငါ့အရှင်မြတ်သည် လူ(ဝါ)အာဒမ်ကို နယ်ထားသောရွှံ့စေးဖြင့်ပြီးသော အသံမြည်သော မြေဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ၎င်းပြင် ဂျင်နှ်(ဝါ)အဗုလ်ဂျင်နှ်ကို ၎င်းအလျင်(ဝါ)အာဒမ်အလျင် အလွန် ပူပြင်းသော မီးဖြင့် ဖန်ဆင်းတော်မူခဲ့၏။ [၂၈] ၎င်းပြင် အခါတစ်ပါး၌ အသင့်အား ဖန်ဆင်း မွေးမြူတော်မူသောအရှင်မြတ်သည် "မလာအိကဟ်"ကောင်းကင်တမန်တို့အား (ဤသို့) မိန့်ကြားတော် မူခဲ့လေသည်။ ဇကန်အမှန် ငါ့အရှင်မြတ်သည် လူသားကို ပုံသွင်းပြီးဖြစ်သော အသံမြည်သော ရွှံ့ပုပ်ခြောက်ဖြင့် ဖန်ဆင်းတော်မူမည် ဖြစ်ပေသည်။ [၂၈] တစ်ဖန် ငါ့အရှင်မြတ်သည် (လူသား၏) ထို မြေရုပ်ကို စနစ်တကျ ပြီးစီးအောင် ပြုလုပ်(ဖန်ဆင်း) တော်မူ၍ ယင်း(မြေရုပ်တွင်း)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မူတ်သွင်းတော်မူလိုက်သောအခါ အသင်တို့သည် ထိုလူသား၏ ရှေ့မှောက်တွင် ပျပ်ဝပ် ဦးချကြလေကုန်။ [၂၉] သို့ဖြစ်ပေရာ "မလာအိကဟ်"ကောင်းကင်တမန် အပေါင်းတို့သည် အားလုံးပင် အသီးသီး စဂျဒဟ် ပျပ်ဝပ်ဦးချခဲ့လေကြသည်။ [၃၀] အီဗ်လီစ်မှအပ၊ ယင်းအီဗ်လီစ်မှာမူကား စဂျဒဟ် ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင်ဖြစ်ခြင်းကို ငြင်းပယ်ခဲ့လေသတည်း။ [၃၁] ထိုအခါ ထိုအရှင်မြတ်က အို-အီဗ်လီစ်၊ အသင်သည် ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင် မဖြစ် ရန် အသင့်၌ မည်သည့်အကြောင်းရှိပေသနည်းဟု မေးမြန်းတော်မူခဲ့လေသည်။ [၃၂] (ထိုအခါ) ယင်းအီဗ်လီစ်က ကျွန်တော်မျိုးသည် အရှင်မြတ်က ပုံသွင်းထားသော အသံမြည်သောရွှံ့ပုပ်ဖြင့် ဖန်ဆင်းတော်မူခဲ့သောလူသားအား ပျပ်ဝပ်ဦးချမည့်သူမဟုတ်ဟု လျှောက်ထားခဲ့လေသည်။ [၃၃] ထိုအရှင်မြတ်က (ဤသို့) မိန့်ကြားတော် မူခဲ့လေသည်။ (အို-အီဗ်လီစ်) သို့ဖြစ်လျှင် အသင်သည် (ယခုပင်) ဤကောင်းကင်မှထွက်လော့၊ ဇကန်စင်စစ် အသင်သည် နှင်ထုတ်ခြင်းခံရသောသူပင် ဖြစ်ချေပြီ။ [၃၄] ၎င်းပြင် စင်စစ်ဇကန် ကရုဏာတော်မှ ကင်းဝေးခြင်းသည် အစားဝေးမည့်နေ့တိုင် အသင်၏အပေါ်၌ ရှိချေမည်။ [၃၅] (ထိုအခါ) ယင်းအီဗ်လီစ်က အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ သို့ဖြစ်ပါ လျှင် အရှင်မြတ်သည် ကျွန်တော်မျိုးအား(လူသတ္တဝါ အပေါင်းတို့) ရှင်ပြန်ထကြရမည့်နေ့ တိုင်အောင် (သေခြင်းမှလည်းကောင်း၊ ပြစ်ဒဏ်ခတ်တော်မူခြင်းမှ

လည်းကောင်း၊) ရွှေ့ဆိုင်းထားတော်မူပါဟု လျှောက်ထား ပန်ကြားခဲ့လေသည်။ [၃၆] ထိုအရှင်မြတ်က မိန့်ကြားတော်မူခဲ့သည်မှာ သို့ဖြစ်လျှင် ဇကန်မလွဲ အသင်သည် ရွှေ့ဆိုင်းထားခြင်းကို ခံရသောသူတစ်ဦးပင် ဖြစ်ပေသည်။ [၃၇] သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော အချိန်ကာလ (ဆိုက်ရောက်မည့်)နေ့တိုင်အောင်။ [၃၈] (ထိုအခါ) ယင်းအီဗ်လီစ်က (ဤသို့)လျှောက်ထား ပန်ကြားခဲ့ပြန်၏။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးအား လွဲချော် မှောက်မှားစေတော်မူခဲ့ သောကြောင့် အမှန်ပင် ကျွန်တော်မျိုးသည် ကမ္ဘာလောကတွင် (ပြစ်မှုဒုစရိုက်များကို) ယင်း လူသားတို့၏ အမြင်၌ လုပတင့်တယ်အောင် ပြုလုပ်ပါမည်။ ထို့ပြင် ဇကန်မလွဲ ကျွန်တော် မျိုးသည် ၎င်းတို့အားလုံးကိုပင် လွဲချော်မှောက်မှားအောင်လည်း ပြုလုပ်ပါမည်။ [၃၉] သို့ရာတွင် ၎င်းတို့အနက်(အရှင်မြတ်) ရွေးချယ်ထားတော်မူသောအရှင်မြတ်၏ ကျွန်များကိုမူကား (ကျွန်တော်မျိုးသည် လွဲချော် မှောက်မှားအောင် အလျှင်းပြုလုပ်နိုင်မည် မဟုတ်ပါ)။[၄၀] ထိုအရှင်မြတ်က ဤသည်ကား ငါအရှင်မြတ် အထံတော်သို့ (ရောက်စေမည့်) ဖြောင့်မတ်သော လမ်းပင်ဖြစ်သည်ဟု မိန့်ကြားတော်မူလေ၏။ [၄၁] ဇကန်စင်စစ် ငါအရှင်မြတ်၏ ကျွန်များကား လွဲချော်မှောက်မှားသူတို့အနက်မှ အသင့်နောက် သို့လိုက်ခဲ့သူမှအပ အသင်၌ ၎င်းတို့အပေါ်ဝယ် မည်သို့မျှပင် ဩဇာအာဏာရှိလိမ့်မည် မဟုတ်ပေ။ တစ်နည်း၊ ဇကန်စင်စစ် ငါအရှင်မြတ်၏ ကျွန်များ အပေါ်ဝယ် အသင့်၌ မည်သို့မျှပင် ဩဇာအာဏာ ရှိမည်မဟုတ်။ သို့ရာတွင် လွဲချော်မှောက်မှားသူများ အနက် အသင့်စကား နားထောင်သူများ (အပေါ် တွင်မူ အသင့် ဩဇာအာဏာရှိပေမည်)။ [၄၂] ၎င်းပြင် ဇကန်မလွဲ ဂျဟန္နမ်ငရဲဘုံသည် ၎င်းတို့အားလုံး၏ ချိန်းချက်ပြီးဖြစ်သော ဌာနပင် ဖြစ်ပေသည်။ [၄၃] ယင်းဂျဟန္နမ်ငရဲဘုံ၌ တံခါးပေါက် ခုနှစ်ပေါက် ရှိ၍ တံခါးပေါက် အသီးသီးတို့အဖို့ ယင်းအီဗ်လီစ် ၏နောက်လိုက်များအနက်မှ ခွဲဝေပြီးဖြစ်သောဝေစုဝေပုံသည် ရှိပေသတည်း။ [၄၄]

အကျယ်ဖွင့်ဆိုခြင်း

လူသားခန္ဓာကိုယ်ထဲသို့ ဝိညာဉ်မှုတ်သွင်းခြင်းနှင့် ကောင်းကင်စေတမန်များက ၎င်းလူသားကို စိဂ်ဒါဟ်ခဝပ်ဦးချစေခြင်း၊ ပြန်လည်ဆန်းစစ်မှု အကျဉ်းချုပ်

(ရှုဟ်)ဝိညာဉ်ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာဖြစ်သလော(သို့မဟုတ်) အနှစ်သာရ သန့်သန့်သာလော။ ဤကိစ္စနှင့်ပတ်သက်၍ အချိန် အတော်ကြာမြင့်စွာ ပညာရှင်များကြား အယူအဆကွဲလွဲမှုရှိခဲ့သည်။ အင်္ဂရိန်ခ်အဗွဒလ်ရာအူးဖ်အလ်မုနာဝီအဆိုအရ ထိုပညာရှင်များ ကောက်ယူခဲ့ကြသော အယူအဆတစ်ထောင်ခန့်ရှိသည်ဟုဆိုသည်။ သို့သော်လည်း ယင်းတို့ အားလုံးသည် မှန်းဆချက်များအပေါ် အခြေခံထားခဲ့သည်။ ယင်းတို့ထဲမှ အသေအချာ ပြောနိုင်သည်ဟူ၍ တစ်ခုမျှမရှိချေ။ အီမာမ်အလ်ဂဇာလီ အီမာမ်အလ်ရာဇီနှင့်ဆူဖီ ပညာရှင်များနှင့် တွေ့ခေါ်ရှင်များက ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာမဟုတ်ဟု မှတ်ယူကြသည်။ ရုပ်ခန္ဓာမဲ့သော အနှစ်သာရသက်သက်သာဖြစ်သည်။ အီမာမ်ရာဇီက ဤအယူအဆကို ထောက်ခံသည့် အထောက်အထား တစ်ဆယ့်နှစ်ခု တင်ပြထားခဲ့သည်။

သို့သော်လည်း မုစ်လင်မ်အွမ္မသ်ထု၏ အိုလမာပညာရှင်အများစုကို ရူဟ်(ဝိညာဉ်၊နာမ်)ဆိုသည်မှာ အဆင့်မြင့်သန့်စင်သော ရုပ်ပိုင်းဆိုင်ရာ အမျိုးအစားတစ်ရပ်ဖြစ်သည်ဟု ကြေညာခဲ့သည်။ نفس (နဖ်ဒ်ဟ်)ဟူသော စကားလုံးသည် မှတ်သွင်းခြင်း၊ ရှုသွင်းခြင်း ဟုဆိုလိုသည်။ အကယ်၍ ကျွန်ုပ်တို့သည် အိုလမာအများစု၏ တစ်ညီ တညွတ်တည်း သဘောတူညီချက်အရ ရူဟ်ဆိုသည့် သန့်စင်သော ရုပ်ပိုင်းဆိုင်ရာ အမျိုးအစားတစ်ရပ်ဟု မှတ်ယူခဲ့လျှင် မှတ်သွင်းခြင်းဆိုသည်ကပင်လျှင် ထင်ရှားပေါ်လွင်ပေသည်။ ထို့နောက် အကယ်၍ ကျွန်ုပ်တို့သည် ယင်းကို ရုပ်ခန္ဓာမဲ့ဟု လက်ခံခဲ့လျှင် မှတ်သွင်းခြင်းဆိုသည်က ယင်းကို ခန္ဓာကိုယ်နှင့် ဆက်သွယ်မှု ပြုခြင်းဟု မှတ်ယူရမည်။ (ဘယာနလ်ကုရ်အာန်)

ရူဟ်(ဝိညာဉ်)နှင့် နာဖ်(စိတ်)

ကာရီသနာအွလ္လာဟ်ﷻ၏ရှုထောင့်

ဤရှည်လျားထွေပြားသည့် အချေအတင် ပြောဆိုမှုကို ဘေးဖယ်၍ ကာရီသနာအွလ္လာဟ် ပါနီပသီ၏ မဇာဟရီကျမ်းတွင် သူတင်ပြထားသည့် အထူးသုတေသန ပြုလုပ်ထားခြင်းကို ရည်ညွှန်းခြင်းက ကျွန်ုပ်တို့အတွက် လုံလောက် သည်ဟု မှတ်ယူပါသည်။

လေးစားဖွယ်ဋီကာရှင်က ရူဟ်တွင် နှစ်မျိုးနှစ်စားရှိသည်ဟု ပြောသည်။ (၁)အလဝီ-အမြင့် (၂)စစ်ဖ်လီ-အနိမ့်တို့ဖြစ်သည်။ အမြင့်ရူဟ်မှာ ရုပ်ဒြပ်ကင်းမဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုဖြစ်ကာ ယင်း၏စစ်မှန်မှုကို စေ့ငုစွာ နားလည်ရန်မှာခက်ခဲသည်။ အဟ်လုလ်ကရှ်ရှာဖ် အလင်းရသော ထိုးထွင်းသိမြင်သည့် ပညာရှင်များ၏ နည်းဖြင့် ကြည့်သောအခါ ယင်း၏အဆင့်သည် အရှရ်ပလွင်တော်၏ အထက်တွင်ရှိသည်။ ယင်းသည် အရှရ်ပလွင်ထက်ပင်ပို၍ သန့်စင်သည်ဟုဆိုသည်။ ကရ်ဖ်နည်းဖြင့်မြင်တွေ့သော ဤအမြင့်ရူဟ်မှာ အထက်မှအောက်သို့ အဆင့် ငါးဆင့်ရှိသည်ဟု ခံစားသိရှိကြသည်။ ယင်းတို့တွင် ငါးခုရှိ၍ ယင်းမှာ (၁)စိတ်နလုံး (ကလ်ဗ်) (၂)နာမ်(ရူဟ်)(၃)လှို့ဝှက်ဆန်းကြယ်သောစီးရ် (၄)လှို့ဝှက်သော(ခါဖီ) (၅)အလှို့ဝှက်ဆုံး (အခ်ဖ်ဟာ)တို့ဖြစ်သည်။ ဤသည် အားလုံးမှာ အလ္လာဟ့်အရှင့်နယ်နိမိတ်ရှိ သန့်စင်မှုများဖြစ်ကြသည်။ ၎င်းတို့နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်ကညွှန်း၍ ကြေညာထားသည်မှာ قُلِ الرُّوحُ مِنْ أَمْرِ رَبِّيْ အသင်သည် ၎င်းတို့အား ဤသို့ပြောကြားပါလေ။ (အချင်းတို့) အသက်ဇီဝိန်သည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော် အတိုင်းဖြစ်လာသည်။ (၁၇း၈၅)ဟူ၍ ဖြစ်သည်။

အနိမ့်ရူဟ်သည် သန့်စင်ပြီးသော အခိုးအငွေ့ဖြစ်ကာ လူခန္ဓာကိုယ်၏ ဓာတ်ကြီးလေးပါးဖြစ်သော မြေ၊ မီး၊ ရေ၊ လေတို့ ပေါင်းစပ်ခြင်းမှ ပေါ်ထွက်လာသည့် ဤနိမ့်သောရူဟ်ကို နာဖ်စ်(အတ္တ)ဟုခေါ်သည်။

အလ္လာဟ်အရှင်မြတ်က ဤနိမ့်သော ဝိညာဉ်ကို အထက်တွင်ဖော်ပြခဲ့သည့် မြင့်သောဝိညာဉ်၏ ကြေးမုံတစ်ခုအဖြစ်ခေါ်သည်။ ပုံဆောင်ပြမှုတစ်ခုက ဤသည်ကိုရှင်းလင်းပါလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် နေဘက်လှည့်ကြေးမုံထောင်၍ ကြည့်လျှင် နေသည် ဝေးလံသော်လည်း မှန်တွင်ပုံရိပ်ပေါ်သည်။ အလင်းရောင်ကြောင့် ထိုပုံရိပ်သည်လည်း နေကဲ့သို့ အလင်းရောင်ထွက်ပါသည်။ ရောင်ပြန်ပါသည်။ မှန်ကြေးမုံသည် နေအပူရှိန်ကို လက်ခံရရှိ၍ ယင်းအပူရှိန်ကြောင့် အဝတ်စကိုပင် လောင်ကျွမ်းစေနိုင်ပါသည်။ မြင့်သောဝိညာဉ်သည် အလားတူပင်ဖြစ်သည်။ ယင်းတို့သည်လည်းအဝေးတွင်ရှိလင့်ကစား၎င်းတို့၏သန့်စင်မှု၊ သီးခြားဖြစ်စေမှုနှင့်အလွန်မြင့်မားသောအဆင့်အတန်းကြောင့် ၎င်းတို့၏ပုံရိပ်သည် နိမ့်သောဝိညာဉ်များ၏ ကြေးမုံပြင်ထဲ၌ပေါ်ပါသည်။ ထို့နောက် မြင့်မားသော ဝိညာဉ်များအခြေအနေနှင့် အကျိုးသက်ရောက်မှုသည် နိမ့်သောဝိညာဉ်များ၏ ကြေးမုံပြင်သို့ ပြောင်းရွှေ့ရောက်ရှိသည်။ ထို

အကျိုးသက်ရောက်မှုကလူသားများဝိညာဉ်တွင်အမြစ်တွယ်လျှင်ယင်းတို့သည်တစ်ဦးချင်းစီဝိညာဉ်၏လက်အောက်ခံဖြစ်သွားသည်။

ထို့နောက် နာဖစ်ဟုဖော်ထုတ်ထားသည့် အနိမ့်ဝိညာဉ်သည် အမြင့်ဝိညာဉ်မှ ရရှိထားသည့် အခြေအနေနှင့်ကောင်းကျိုးများကိုလူသားခန္ဓာကိုယ်၏နှလုံးကြွက်သားများနှင့်အတူပထမဆက်သွယ်သွားသည်။ ဤဆက်သွယ်မှုကို အသက်အတွက် အခြားအမည်တစ်ခု ဖြစ်သွားသည်။ အနိမ့်ဝိညာဉ်သည် လူနှလုံးသားနှင့် ဆက်သွယ်သည်နှင့်တစ်ပြိုင်နက် ယင်းက အမြင့်ဝိညာဉ်ထံမှရရှိခဲ့သော အသက်နှင့် နားလည်ခံစားမှု အရည်အသွေးတစ်ရပ် ဖြည့်ဆည်းခံရသည်။ ဤအနိမ့်ဝိညာဉ်သည် လူခန္ဓာကိုယ်တစ်ခုလုံးရှိ ပါးလွှာသောသွေးကြောများတွင် လှည့်ပတ်ကာ ခန္ဓာကိုယ်၏အစိတ်ပိုင်းတိုင်း ရောက်ရှိသွားသည်။

ဤကဲ့သို့ အနိမ့်ဝိညာဉ်ကို လူခန္ဓာကိုယ်တွင်းထည့်သွင်းခြင်းကို (**نفخ الروح** ရူဟ်၏နဖခ်ဟ်)ဝိညာဉ်မှုတ်သွင်းခြင်းဟုခေါ်ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ဤလုပ်ရပ်သည် တစ်စုံတစ်ခုတွင်းသို့ မှုတ်သွင်းခြင်းနှင့် အလွန်တူလှသည်။ ထို့ပြင် လက်ရှိအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်က ဝိညာဉ်ကို အရှင်မြတ်ကိုယ်တိုင်၏ ဝိညာဉ်တော်ဟု ဂုဏ်ပေးထားသည်။ အလ္လာဟ့် **مِنْ رُّوْحِيْ** ငါအရှင့်ထံတော်မှ အသက်ဝိညာဉ်၏ မြင့်မားသော အခြေအနေကို ပေါ်လွင်ထင်ရှားစေသည်။ အဘယ်ကြောင့်ဆိုသော် ယင်း၏ဖြစ်တည်မှုသည် မည်သည့်ရုပ်ဝတ္ထုဆိုင်ရာပစ္စည်းမှမပါဘဲ အလ္လာဟ်အရှင်မြတ်၏ အမိန့်တစ်ရပ်တည်းနှင့်သာ ဖြစ်သောကြောင့်တည်း။ ယင်းအပြင် လူဝိညာဉ်တွင် အလ္လာဟ်အရှင်မြတ် အလင်းရောင်ဖော်ပြခြင်းကို လက်ခံခြင်း၊ စွဲမှတ်ခြင်းဟူသော အနှိုင်းမဲ့ စွမ်းရည်တစ်ရပ်ရှိသည်။ ယင်းစွမ်းရည်မှာ လူသား၏ ဝိညာဉ်ထဲမှာမှအပ အခြားမည်သည့် သက်ရှိသတ္တဝါထဲတွင်မှ မရှိချေ။

မြေမှုန်သည် လူသားဖန်ဆင်းမှုတွင် အဓိကအရာဖြစ်သည်။ ထို့ကြောင့် လူဖန်ဆင်းခြင်းကို ရှုံ့မှဖန်ဆင်းသည်ဟု တင်စားထားသည်။ သို့သော် အဖြစ်မှန်မှာ လူသားသည် အရာဝတ္ထုဆယ်မျိုးဖြင့် ပေါင်းစပ်ထားသည်။ ယင်း ၁၀မျိုးအနက် ၅မျိုးမှာ ဖန်ဆင်းမှုလောက **عالم الخلوق** ဖြစ်၍ ကျန်ငါးမျိုးမှာ အလ္လာဟ်အရှင့်အမိန့်တော်လောက **عالم الأمر** မှဖြစ်သည်။ ဖန်ဆင်းမှုလောက၏ ပစ္စည်းလေးမျိုးမှာ မြေမှုန်(ပထဝီ)၊ တေဇော(မီး)၊ ဝါယော(လေ)၊ အာပေါ(ရေ)တို့ဖြစ်သည်။ ပဉ္စမမှာ ဤလေးမျိုးမှပေါ်ထွက်လာသည့် သန့်စင်ပြီးသော အခိုးအငွေ့ဖြစ်ကာ ယင်းကိုအနိမ့် ဝိညာဉ် (သို့မဟုတ်)နာဖစ်ဟုခေါ်သည်။ အထက်တွင်ဖော်ပြပြီးဖြစ်သည့် အလ္လာဟ့်အရှင့်အမိန့်တော် လောက၏ အရာငါးမျိုးမှာ (၁) နှလုံး(ကလ်ဗ်)၊ (၂)ဝိညာဉ်(ရူဟ်)၊ (၃)လျှို့ဝှက်ဆန်းကြယ်သော(စီရ်) (၄) လျှို့ဝှက်သော(ခါဖီ)နှင့် (၅)အလျှို့ဝှက်ဆုံး(အတ်ခ်ဟ်ဖာ)တို့ဖြစ်သည်။

ဤစံပြလူသားပြုလုပ်မှု၏ အလုံးစုံပါဝင်သောကြောင့် လူသားသည် အလ္လာဟ့် ကိုယ်စားလှယ်အဖြစ် ထိုက်တန်သွားစေပါသည်။ ထို့ပြင်အလင်းရောင်ကို ခံစားနိုင်ခြင်းက ၎င်း၏အရှင်သခင်အား သိမြင်နိုင်စွမ်းရှိစေနိုင်သည်။ ထို့ပြင် ထိုအရှင်ကို ချစ်ခင်မြတ်နိုးခြင်း၊ တမ်းတခြင်းဟူသော မီးကိုလည်း အမြဲတောက်လောင်စေပါသည်။ ရလဒ်၏အမှန်တကယ်အခြေအနေကို တိကျစွာမဖော်ပြသော်လည်း ယင်းမှာ အလ္လာဟ်အရှင်မြတ်နှင့်အတူ ရှိနေခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်ﷺက **اَلْمَرْءُ مَعَ مَنْ اَحَبَّ** တစ်စုံတစ်ဦးသည် သူချစ်ခင်မြတ်နိုးသူနှင့် အတူရှိနေလိမ့်မည်ဟု မိန့်ထားခဲ့သည်။

လူသားများတွင် အလ္လာဟ်အရှင်မြတ်အလင်းရောင်၏ဖော်ပြချက်များကို ခံစားနိုင်စွမ်းရှိကာ အလ္လာဟ်အရှင်မြတ်နှင့်အတူ ရှိနေခြင်းဟူသည့် ဂုဏ်ပေးခြင်းခံရသောကြောင့် အလ္လာဟ့်အရှင်မြတ် ဟစ်က်မသ်ဉာဏ်တော်၏ ညွှန်ကြားမှုအရ လူသားကို ကောင်းကင်စေတမန်များ စိဂျဒါဟ်ခဝပ်ဦးချရသော အရာအဖြစ် ပြုလုပ်ထားသည်။ **فَقَعُوْا لَهٗ**

سَاجِدِيْنَ အသင်တို့သည် ထိုလူသား၏ရှေ့မှောက်တွင် ခဝပ်ဦးချကြလေကုန်ဟု မိန့်ထားခဲ့သည်။

ခဝပ်ဦးချရန်ဟူသော အမိန့်ကို ကောင်းကင်စေတမန်များအား ပေးခဲ့သည်။ အိဗ်လိစ်သည် ထိုသို့လုပ်ဆောင်ရမည်။

စူရဟ်အလ်အာရဖ်ထဲတွင် အိဗ်လိစ်ကို ဦးတည်ပြောကြားရာ၌ مَا مَنَعَكَ اَلَّا تَسْجُدَ اِذْ اَمَرْتُكَ ထိုအခါ အရှင်မြတ်က (ဟယ်-အိဗ်လီးစ်)ငါအရှင်မြတ်သည် အသင့်အား အမိန့်ပေးတော်မူခဲ့သည့်အခါ မည်သည့်အရာက အသင့်ကိုဦးမချရန် တားမြစ်ခဲ့သနည်းဟုမေးမြန်းတော်မူခဲ့၏။ (၇း၁၂)ဟုမိန့်ထားသည်။ ဤသည်က ခဝပ်ဦးချရန်ဟူသောအမိန့်သည် ကောင်းကင်စေတမန်များနှင့်အတူ အိဗ်လီးစ်ကိုလည်း ပေးခဲ့သည်ဟုပြသသည်။ သို့သော်လည်း အစောပိုင်းက အသင်ဖတ်ရှုပြီးခဲ့သော အာယသ်များထဲ၌ အမိန့်သည် ကောင်းကင်စေတမန်များကိုသာ ပေးဟန်ရှိသည်။ ဤသည်က ဆိုလိုနိုင်သည်မှာ အမိန့်သည် မူလက ကောင်းကင်စေတမန်များကို သာပေးသည်ဟုဆိုလိုနိုင်သည်။ သို့သော်လည်း အိဗ်လီးစ်သည် ကောင်းကင်စေတမန်များနှင့်အတူ ရှိနေသဖြင့် အဆွယ်အပွားအနေဖြင့် ဤအမိန့်တွင် သူလည်းအကျုံးဝင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အံ့မခန်းဆုံးသော ဖန်ဆင်းမှုအတွက် ကောင်းကင်စေတမန်များကို စိုက်ယိဒိနာအာဒမ်ﷺသခင်အား အရိုအသေပေးရန် အမိန့်ပေးသော အခါ အခြားသောအဖန်ဆင်းခံများသည်လည်း ဤအမိန့်ကို လိုက်နာရမည်မှာထင်ရှားသည်။ ဤအချက်ကြောင့် ၎င်းအိဗ်လီးစ်က ပြောခဲ့သည်မှာ ၎င်းအား ခဝပ်ဦးချရန် ဦးစွာအမိန့်မပေးခဲ့ပါ။ ထို့ကြောင့် ဤအမိန့်ကို မနာခံသည့်အတွက် ၎င်းအားစွဲချက်မတင်သင့်ပါ။ ဤနေရာတွင် ပါရှိသော ကုရ်အာန်ကျမ်းမြတ်၏ اَبٰۤى اَنْ يَّكُوْنَ مَعَ السّٰجِدِيْنَ အိဗ်လီးစ်မှအပ ယင်းအီဗလီးစ်မှာ မူကား စဂျ်ဒဟ်ခဝပ် ဦးချသူတို့တွင် အပါအဝင်ဖြစ်ခြင်းကို ငြင်းပယ်ခဲ့လေသတည်း။ (၃၁)၏စကားလုံးများထဲတွင် ထိုဦးတည်ချက်အညွှန်းတစ်ရှုပ်ပါဝင်နိုင်သည်။ اَبٰۤى اَنْ يَّسْجُدَ သူသည် ခဝပ်ဦးချရန် ငြင်းဆိုခဲ့သည်ဟူ၍ မိန့်ရမည့်အစား اَبٰۤى اَنْ يَّكُوْنَ مَعَ السّٰجِدِيْنَ အိဗ်လီးစ်မှာမူကား စဂျ်ဒဟ်ခဝပ်ဦးချသူတို့တွင် အပါအဝင်ဖြစ်ခြင်းကို ငြင်းပယ်ခဲ့လေသတည်းဟု မိန့်ကြားထားသည်။ ဤသည်က ညွှန်းသည်မှာ အဓိကပျံဝပ်ဦးချသူများမှာကောင်းကင်စေတမန်များဖြစ်ကြသည်။ သို့ရာတွင် အိဗ်လီစ်သည် ထိုသူများနှင့်အတူ ရှိနေသော်လည်း အကြောင်းပြု၍ ခဝပ်ဦးချနေသော ကောင်းကင်စေတမန်များနှင့်အတူ မပူးပေါင်းခဲ့ပါ။ ထို့ကြောင့် သူ၏ပူးပေါင်းရန် ပျက်ကွက်မှုအရ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ ကင်းဝေးသွားတော့သည်။

အလ္လာဟ်အရှင်မြတ်၏ အထူးကျေးကျွန်များ အပေါ်ဝယ် ရှိုင်တွာန်အစွမ်းမရှိဆိုခြင်း၏ အဓိပ္ပာယ်

اِنَّ عِبَادِيْ لَيْسَ لَكَ عَلَيْهِمْ سُلْطٰنٌ ငါအရှင်မြတ်၏ကျွန်များကား လွဲချော်မှောက်မှားသူတို့အနက်မှ အသင့်နောက်သို့လိုက်ခဲ့သူမှအပ အသင်၌ ၎င်းတို့ အပေါ်ဝယ်မည်သို့မျှ ပင်ဩဇာအာဏာရှိလိမ့်မည် မဟုတ်ပေ။ ၄၂ ဟူသော အာယတ်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်၏ အထူးတလည် ရွေးချယ်ခံရသော ကျေးကျွန်များရှိပါသည်။ ၎င်းတို့ကို ရှိုင်တွာန်၏ ဖြားယောင်းလှည့်စားမှုမပြုလုပ်နိုင်ပါ။ သို့သော်လည်း စိုက်ယိဒိနာအာဒမ်ﷺနှင့်ပတ်သက်သည့် ဤအဖြစ်အပျက်ထဲတွင် စိုက်ယိဒိနာအာဒမ်နှင့်ဟောင်ဝါﷺ တို့သည် ရှိုင်တွာန်၏လှည့်ဖြားမှုခံခဲ့ရကြောင်း မိန့်ထားသည်။ အလားတူ မြင့်မြတ်သော ဆွဟာဗဟ်များနှင့် ပတ်သက်သော ကုရ်အာန်ကျမ်းမြတ်၏ မိန့်ကြားချက် اِنَّمَا اسْتَزَلَّهُمُ الشَّيْطٰنُ بِبَعْضِ مَا كَسَبُوْا စင်စစ်မူကား ရှိုင်တွာန်သည် ထိုသူတို့ ပြုကျင့်ခဲ့သော အချို့ပြုမှုချက်များကြောင့်ပင် ထိုသူတို့ကို ခြေချော်အောင်ပြုလုပ်ခဲ့လေပြီ ၃း၁၅၅က ကျွန်ုပ်တို့ကိုပြောသည်မှာ ရှိုက်

တွာန်၏ မကောင်းသောအကြံအစည်ဖြင့် ဆွဟာဗဟ်များသည်လည်း လှည့်ဖြားခံခဲ့ရသည့် အချိန်အခါ လည်းရှိသည်။ (အုဟုဒ်စစ်ပွဲကာလအတွင်းကဖြစ်သည်။)

ထို့ကြောင့် လက်ရှိအာယသ်ထဲတွင် အလ္လာဟ်အရှင်မြတ်၏ အထူးတလည်သော ကျေးကျွန်များပေါ်ဝယ် ရှိုင်တွာန်၏ လွှမ်းမိုးမှုမရှိ ဟုပြောဆိုခြင်းကို ရှင်းပါအံ့။ ထိုသူများသည် ၎င်းတို့၏အမှားကို လုံးဝသတိမရနိုင်လောက်အောင်ဖြစ်စေကာ ယင်းကြောင့် ၎င်းတို့ ဝန်ချတောင်းပန်မှု တစ်သက်လုံး ကင်းဝေးစေကာ လုံးဝခွင့်လွှတ်မရနိုင်သော ဂုနာဟ်ကျူးလွန်မှုဖြစ်သွားစေရန်အတွက် ရှိုင်တွာန်၏ အစွမ်းနှင့် သူများ၏နှလုံးသားများနှင့်စိတ်များကို မလွှမ်းမိုးနိုင်ပါဟူ၍ ဖြစ်သည်။

အထက်ဖော်ပြပြီးသော အဖြစ်အပျက်များအရ တစ်ခုနှင့်တစ်ခု မဆန့်ကျင်ပါ။ အဘယ့်ကြောင့်ဆိုသော် အာဒမ်နှင့်ဟောင်ဝါတို့သည် သောင်ဗဟ်အမှားဝန်ချတောင်းပန်၍ သူတို့၏ ဝန်ချတောင်းပန် သောင်ဗဟ်ပြုမှုကိုလက်ခံခဲ့သည်။ အလားတူ အထက်ရည်ညွှန်းခဲ့သည့် ဆွဟာဗဟ်ကြီးများသည်လည်း သောင်ဗဟ်ဝန်ချတောင်းပန်မှု ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရှိုင်တွာန်၏ လုပ်ဆောင်မှုကြောင့် ၎င်းတို့မည်သို့သော ဂုနာဟ်ကျူးလွန်ခဲ့သည်ဖြစ်စေ ခွင့်လွှတ်ချမ်းသာပေးပြီးဖြစ်သည်။

ဂျာန္နမ်ဝင်ရဲဘုံ၏ တံခါးပေါက်ခုနစ်ပေါက်

لَهَا سَبْعَةُ اَبْوَابٍ "ယင်းဂျာန္နဟမ်ဝင်ရဲဘုံ၌ တံခါးပေါက်ခုနစ်ပေါက်ရှိ၍ ....၄၄" ဟူသော အဆိုအမိန့်နှင့် ပတ်သက်၍ အီမာမ်အဟ်မဒ်၊ အိဗနိဂျရီရ်၊ အလ်သဗာရီနှင့် အလ်ဗိုင်ဟကီတို့တင်ပြထားခဲ့သည့် စိုက်ယိဒီနာအလီ ﷺ ၏ ဆင့်ပြန်ချက်အရ ဂျာန္နမ်ဝင်ရဲဘုံ၏ တံခါးခုနစ်ပေါက်ဆိုသည်မှာ အထက်အောက်အဆင့် ခုနစ်လွှာဟုဆိုသည်။ အချို့ပညာရှင်များက ဤသည်တို့မှာ အများနှင့်ဆိုင်ရာ တံခါးပေါက်များဖြင့် သတ်မှတ်ကာ အဆိုပါ သီးသန့် တံခါးပေါက်တိုင်းသည် ဂုနာဟ်ကျူးလွန်သူ အထူးအမျိုးအစား တစ်ရပ်အတွက် သီးသန့်ဖြစ်လိမ့်မည်။

အာယသ် (၄၅-၅၀)

إِنَّ الْمُتَّقِيْنَ فِيْ جَنّٰتٍ وَّ عُيُوْنٍ ﴿٤٥﴾ اُدْخُلُوْهَا بِسَلٰمٍ اٰمِنِيْنَ ﴿٤٦﴾
وَ نَزَعْنَا مَا فِيْ صُدُوْرِهِمْ مِّنْ غِلٍّ اِخْوَانًا عَلٰى سُرُرٍ مُّتَقٰبِلِيْنَ ﴿٤٧﴾
لَا يَمَسُّهُمْ فِيْهَا نَصَبٌ وَّ مَا هُمْ مِّنْهَا بِمُخْرَجِيْنَ ﴿٤٨﴾ نَبِّئْ عِبَادِيْٓ اَنِّيْٓ
اَنَا الْغَفُوْرُ الرَّحِيْمُ ﴿٤٩﴾ وَ اَنَّ عَذَابِيْ هُوَ الْعَذَابُ الْاَلِيْمُ ﴿٥٠﴾

ဧကန်မလွဲ သူတော်စင် သူတော်မြတ်တို့မှာမူကား ဥယျာဉ်များ၌လည်းကောင်း၊ စိမ့်စမ်းများ၌ လည်းကောင်း ရှိကြပေမည်။ [၄၅] (ယင်းသူတော်စင် သူတော်မြတ်တို့အား ကိယာ မတ်နေ့တွင်) "အသင်တို့သည် ယင်းဥယျာဉ်များသို့ (စိုးရိမ်ကြောင့်ကြမှု အပေါင်းမှ) ငြိမ်းချမ်းလျက် (ဘေးအန္တရာယ် အသွယ်သွယ်တို့မှ) ကင်းလွတ်စွာ ဝင်ရောက်ကြလေကုန်"(ဟု မိန့်ကြားတော်မူမည်။) [၄၆] ထို့ပြင် ငါအရှင်မြတ်သည် ယင်းသူတော်စင်တို့၏ စိတ်နှလုံးများတွင် (ကျန်)ရှိနေသေးသော ရန်ငြိုးရန်စ အာဃာတကို ထုတ်ပစ်

တော်မူမည်။ (ငင်းတို့သည်) သလွန်များပေါ်၌ မျက်နှာချင်းဆိုင်ကြလျက် ညီသား အစ်ကို များဖြစ်ကာ (ခင်မင်ရင်းနှီးစွာ)ရှိနေကြပေမည်။ [၄၇] ငင်း(သူတော်စင်)တို့၌ ယင်း ဥယျာဉ်များတွင် မည်သည့် ဘေးဒုက္ခမျှလည်း သက်ရောက်မည် မဟုတ်ပေ၊ ငင်းပြင် ထိုသူတို့သည် ယင်းဥယျာဉ်များမှ နှင်ထုတ်ခြင်း ခံကြရမည်လည်း မဟုတ်ပေ။ [၄၈]

(အို-နဗီတမန်တော်) အသင်သည် ငါအရှင်မြတ်၏ကျွန်များအား ဇကာနမလွဲ ငါအရှင်မြတ်သည်သာလျှင် အလွန်တရာ လွတ်ငြိမ်း ချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင်၊ ဖြစ်တော်မူကြောင်း ပြောကြားပါလေ။ [၄၉] ဇကာနမလွဲ ငါအရှင်မြတ်၏ ပြစ်ဒဏ်သည်လည်း အလွန် ပြင်းထန်သော ပြစ်ဒဏ်ဖြစ်ကြောင်းကိုလည်း (အသင်သည် ပြောကြားလိုက်ပါလေ)။ [၅၀]

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒိနာအဗ္ဒဒွလ္လာဟ်အိဗနိအဗ္ဗားစ်ﷺအဆိုအရ ဂျန္နသ်၏လူများသည် ဂျန္နသ်သုခဘုံသို့ ဝင်ခါနီးတွင် ဦးစွာပထမ ၎င်းတို့ရှေ့တွင် စမ်းရေချောင်းနှစ်သွယ်ရှိနေလိမ့်မည်။ သူတို့သည် ပထမစမ်းရေချောင်းမှရေကိုသောက် ကြလိမ့်မည်။ ထိုအခါ လောကီဘဝ၌ သေသည့်တိုင် အချင်းချင်းတွင်ရှိခဲ့သော နာကျည်းမှုမှုများအားလုံးသည် ဆေး ကြောသန့်စင်ပြီးဖြစ်လိမ့်မည်။ နာကျည်းမှုများ နေရာ၌ တစ်ဦးနှင့်တစ်ဦးချစ်ခင်မြတ်နိုးမှုက ဝင်ရောက်သွားလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အချင်းချင်း ကတောက်ကဆဖြစ်ခြင်းသည်လည်း နာကျင်မှုနှင့် ပြစ်ဒဏ်ခတ်မှုတစ်မျိုး ဖြစ် သည်။ ဂျန္နသ်သုခဘုံသည် ယင်းနာကျင်မှုအားလုံး ကင်းဝေးရာဖြစ်သည်။

ဆွဟီဒ်ဟဒီးဆ်တော်တွင် တင်ပြထားသော "မည်သူမဆို ၎င်း၏နှလုံးသားထဲတွင် အခြားမုစ်လင်မ်တစ်ဦးကို နာကျည်းမှု အနည်းငယ်မျှ ရှိနေခဲ့လျှင် ထိုသူဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်မဟုတ်ချေ" ကဆိုလိုသည်မှာ တစ်စုံ တစ်ဦးရည်ရွယ်၍ ရွေးချယ်ထားသော ရုပ်ဝတ္ထုဆိုင်ရာအတွက် မနာလိုမှုနှင့် နာကျည်းမှုကြောင့် ထိုသူက သူ၏ရန်သူ အပေါ်နာကျင်မှုဖြစ်စေရန် အခွင့်အလမ်း စောင့်မျော်နေခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် အခြားတစ်စုံတစ်ဦးနှင့်ရှိစဉ် လူသားဗီဇအလျောက်ဖြစ်စေ၊ ပင်ကိုစိတ်အရ ဖြစ်စေ မနေတတ်မထိုင်တတ် ဖြစ်နေခြင်းမှာ အထက်ပါ အထဲတွင် မပါ ဝင်ချေ။ အလားတူပင် အစွလာမ့်ရှရီအတ် တရားဥပဒေပေါ် အခြေခံသည့်ကိစ္စရပ်များ အတွက်လည်း အကျုံးမဝင်ချေ။ ဤအာယသ်တော်ထဲတွင် ရည်ညွှန်းထားခဲ့သည့် နာကျည်းမှုတို့မှာ ထိုသို့သော နာကျည်းမှုများဖြစ်သည်။ ထို့ပြင် ယင်း သို့ နာကျည်းမှုနှင့် ထိုသို့သော သဘာဝစရိုက်နှင့် သက်ဆိုင်သော မနှစ်မြို့မှုများသည် ၎င်းတို့ နှလုံးသားများမှ ဖယ်ရှား ခြင်းခံရလိမ့်မည်။

ဤသို့သော နာကျည်းမှုအကြောင်းကို စိုက်ယိဒိနာအလီﷺက မိန့်သည်မှာ "ကျွန်ုပ်နှင့်အတူ သလ်ဟာနှင့် ဇုဗိုင်းရ်တို့သည် အချင်းချင်းကြား နှလုံးသားတွင်ရှိ မကြေလည်မှု မြူမှုန်များ ဂျန္နသ်သုခဘုံဝင်ရောက်စဉ်အတွင်း ဖယ် ရှားခံရလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ဤနေရာ၌ ရည်ညွှန်းသည်မှာ စိုက်ယိဒိနာသွလ်ဟာﷺ၊ စိုက်ယိဒိနာဇုဗိုင်းရ် ﷺ နှင့်စိုက်ယိဒိနာ အလီﷺတို့ ဉဒီးကြား သဘောထား ကွဲလွဲမှုကြောင့် အငြင်းအခုံဖြစ်ခဲ့ခြင်းကို ရည်ညွှန်းသည်။

အာယသ်-၄၈ **لَا يَمَسُّهُمْ فِيهَا نَصَبٌ وَمَا هُم مِّنْهَا بِمُخْرَجِينَ** "ငင်းသူတော်စင်တို့၌ ယင်းဥယျာဉ်များတွင် မည်သည့် ဘေးဒုက္ခမျှလည်း သက်ရောက်မည်မဟုတ်ပေ။ ငင်းပြင် ထိုသူတို့သည် ဥယျာဉ်များမှ နှင်ထုတ်ခြင်းခံရမည်

လည်းမဟုတ်ပေ"ဟူသည့် အာယသ်မှ ကျွန်ုပ်တို့ ဂျန္နသ်သုခဘုံ၏ ကြွန်အင် လက္ခဏာနှစ်ရပ်ကို လေ့လာသိရှိရသည်။

(၁) မည်သူတစ်ဦးတစ်ယောက်မျှမောပန်းခြင်း (သို့မဟုတ်)အားအင်ချိနဲ့ခြင်း၊ မခံစားရ။ ဤသည်မှာ ကျွန်ုပ်တို့ လောကီဘဝတွင် ကြုံတွေ့ရသည့် အလုပ်ပင်ပန်း၍ မောပန်းနွမ်းနယ်ခြင်းနှင့် ဆန့်ကျင်သည်။ စင်စစ် ပျော်ရွှင်စရာနှင့် လုံးဝအနားယူသော အခြေအနေတစ်ရပ်တွင်ပင်လျှင် တစ်ခါတစ်ရံ မောပန်းနွမ်းနယ်နိုင်သည်။

(၂) ဂျန္နသ်သုခဘုံ၏အခြားကြွန်အင်လက္ခဏာကို ကျွန်ုပ်တို့ရှာဖွေတွေ့ရှိသည်မှာ ကောင်းချီးမင်္ဂလာရလိုက်သည်နှင့် ယင်းမှာ ထာဝရရနေပေလိမ့်မည်။ ယင်းတို့မည်သည့်အခါမျှ မယုတ်လျော့သကဲ့သို့ ယင်းဂျန္နသ်သုခဘုံမှမည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း နှင်ထုတ်လိမ့်မည်မဟုတ်ချေ။ စူရဟ်ဆွားဒ်ထဲတွင် **إِنَّ هَٰذَا لَرِزْقُنَا مَا لَهُۥ مِن نَّفَادٍ** "ဤသည်မှာ ငါအရှင်မြတ်၏ ဆုလာဘ်ကျေးဇူးတော်ပင်ဖြစ်ပေသည်။ ယင်းဆုကျေးဇူးတော်မှာ ကုန်ခမ်းခြင်းသည် အလျှင်း မရှိပြီတကား"(၃၈း၅၄)ဟု မိန့်ထားသည်။ လက်ရှိအာယသ်ထဲတွင် **وَّ مَا هُمْ مِّنْهَا بِمُخْرَجِيْنَ** "၎င်းပြင် ထိုသူတို့သည် ယင်းဥယျာဉ်များမှ နှင်ထုတ်ခြင်းခံရမည်လည်းမဟုတ်ချေ" ထဲ၌ မိန့်ထားခြင်းက ဆိုလိုသည်မှာ သူတို့သည် ၎င်းတို့အပေါ် အပ်နှင်းထားသည့် သုခချမ်းသာများသည် မည်သည့်အခါမျှ လက်မဲ့ဖြစ်မည်မဟုတ်ချေ။ ဤသည်မှာ ကျွန်ုပ်တို့လောကီရှိ ဖြစ်ရပ်များနှင့်ဆန့်ကျင်သည့် အကောင်းဆုံးသော စည်းစိမ်ချမ်းသာလက်ခံရရှိသူသည် တစ်ရက်ရက်၌ ၎င်းတို့ကို ထိုစည်းစိမ်ချမ်းသာပေးသူသည် တစ်နေ့နေ့၌ သူ့အား မကျေမနပ်ဖြစ်ကာ နှင်ထုတ်ပစ်မှာ စိုးရိမ်သောက ရောက်ကာနေရသည်။

"ဂျန္နသ်သုခဘုံ၏ ကောင်းချီးမင်္ဂလာများသည် အမြဲထာဝရနေ၍ မည်သူမှထိုနေရာမှ နှင်ထုတ်မခံရ" ဟူသည်တွင် တတိယဖြစ်နိုင်ချေကား တစ်စုံတစ်ဦးသည် ထိုနေရာ၌နေရခြင်းကို ငြီးငွေ့၍ ထိုနေရာမှထွက်ခွာလိုစိတ်ဖြစ်နိုင်သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်သည် ဤဖြစ်နိုင်ချေကို စူရဟ်အလ် ကဟားဖ်၏ ဝါကျတစ်ခု ဖြစ်သော **لَا يَبْغُوْنَ عَنْهَا حِوَلًا** "ထိုသူတို့သည် ယင်းဥယျာဉ်များမှ လုံးဝရွှေ့ပြောင်းလိုကြမည်မဟုတ် ပေတကား" (၁၈း၁၀၈) ဖြင့် ပယ်ဖျက်လိုက်သည်။

အာယသ် (၅၁-၇၇)

وَ نَبِّئْهُمْ عَنْ ضَيْفِ اِبْرٰهِيْمَ ﴿۵۱﴾ اِذْ دَخَلُوْا عَلَيْهِ فَقَالُوْا سَلٰمًا ؕ قَالَ
اِنَّا مِنْكُمْ وَجِلُوْنَ ﴿۵۲﴾ قَالُوْا لَا تَوْجَلْ اِنَّا نُبَشِّرُكَ بِغُلٰمٍ عَلِيْمٍ ﴿۵۳﴾ قَالَ
اَبَشَّرْتُمُوْنِيْ عَلٰٓى اَنْ مَّسَّنِيَ الْكِبَرُ فَبِمَ تُبَشِّرُوْنَ ﴿۵۴﴾ قَالُوْا بَشَّرْنٰكَ
بِالْحَقِّ فَلَا تَكُنْ مِّنَ الْقٰنِطِيْنَ ﴿۵۵﴾ قَالَ وَ مَنْ يَّقْنَطُ مِنْ رَّحْمَةِ رَبِّهٖٓ اِلَّا
الضَّآلُّوْنَ ﴿۵۶﴾ قَالَ فَمَا خَطْبُكُمْ اَيُّهَا الْمُرْسَلُوْنَ ﴿۵۷﴾ قَالُوْٓا اِنَّآ اُرْسِلْنَآ
اِلٰى قَوْمٍ مُّجْرِمِيْنَ ﴿۵۸﴾ اِلَّآ اٰلَ لُوْطٍ ؕ اِنَّا لَمُنَجُّوْهُمْ اَجْمَعِيْنَ ﴿۵۹﴾ اِلَّا امْرَاَتَهٗ
قَدَّرْنَآ ۙ اِنَّهَا لَمِنَ الْغٰبِرِيْنَ ﴿۶۰﴾ فَلَمَّا جَآءَ اٰلَ لُوْطِ ۨ الْمُرْسَلُوْنَ ﴿۶۱﴾ قَالَ

اِنَّكُمْ قَوْمٌ مُّنْكَرُوْنَ ﴿٦٢﴾ قَالُوْا بَلْ جِئْنٰكَ بِمَا كَانُوْا فِيْهِ يَمْتَرُوْنَ
﴿٦٣﴾ وَ اَتَيْنٰكَ بِالْحَقِّ وَ اِنَّا لَصٰدِقُوْنَ ﴿٦٤﴾ فَاَسْرِ بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ
وَ اتَّبِعْ اَدْبَارَهُمْ وَ لَا يَلْتَفِتْ مِنْكُمْ اَحَدٌ وَّ امْضُوْا حَيْثُ تُؤْمَرُوْنَ ﴿٦٥﴾
وَ قَضَيْنَاۤ اِلَيْهِ ذٰلِكَ الْاَمْرَ اَنَّ دَابِرَ هٰۤؤُلَآءِ مَقْطُوْعٌ مُّصْبِحِيْنَ ﴿٦٦﴾ وَ جَآءَ
اَهْلُ الْمَدِيْنَةِ يَسْتَبْشِرُوْنَ ﴿٦٧﴾ قَالَ اِنَّ هٰۤؤُلَآءِ ضَيْفِيْ فَلَا تَفْضَحُوْنِ ﴿٦٨﴾
وَ اتَّقُوا اللّٰهَ وَ لَا تُخْزُوْنِ ﴿٦٩﴾ قَالُوْۤا اَوَ لَمْ نَنْهَكَ عَنِ الْعٰلَمِيْنَ ﴿٧٠﴾ قَالَ
هٰۤؤُلَآءِ بَنٰتِيْۤ اِنْ كُنْتُمْ فٰعِلِيْنَ ﴿٧١﴾ لَعَمْرُكَ اِنَّهُمْ لَفِيْ سَكْرَتِهِمْ يَعْمَهُوْنَ ﴿٧٢﴾
فَاَخَذَتْهُمُ الصَّيْحَةُ مُشْرِقِيْنَ ﴿٧٣﴾ فَجَعَلْنَا عَالِيَهَا سَافِلَهَا وَ اَمْطَرْنَا
عَلَيْهِمْ حِجَارَةً مِّنْ سِجِّيْلٍ ﴿٧٤﴾ اِنَّ فِيْ ذٰلِكَ لَاٰيٰتٍ لِّلْمُتَوَسِّمِيْنَ ﴿٧٥﴾ وَ اِنَّهَا
لَبِسَبِيْلٍ مُّقِيْمٍ ﴿٧٦﴾ اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّلْمُؤْمِنِيْنَ ﴿٧٧﴾

ထိုမှတစ်ပါး (အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အား (နဗီတမန်တော်) အီဗ်ရာဟီမ်၏ ဧည့်သည်များနှင့်ပတ်သက်၍လည်း အကြောင်းကြားပါလေ။ [၅၁] တစ်ရံ ရောအခါဝယ် ထိုဧည့်သည်များသည် ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်၏ထံသို့ ဝင်ရောက်ခဲ့ကြကုန်၏။ ထိုအခါဝယ်ယင်းဧည့်သည်တို့က "စလာမ်"ပြိမ်းချမ်းသာယာမှုသည် (အသင်တို့အပေါ်၌) သက်ရောက်ပါစေသားဟု ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ) ယင်း(နဗီတမန်တော်)အီဗ်ရာဟီမ်က ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့အား ကြောက်ရွံ့စိုးရိမ်ကြပါသည်ဟု ပြောဆိုခဲ့လေသည်။ [၅၂](ထိုအခါ) ယင်းဧည့်သည်တို့က (အို-အီဗ်ရာဟီမ်) အသင်သည် မကြောက်ပါလေနှင့်၊ ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား ဉာဏ်ပညာနှင့်ပြည့်စုံသော သားတော်တစ်ပါးနှင့်ပတ်သက်၍ ဝမ်းမြောက်ဖွယ်သတင်း ပေးကြပါမည်ဟု ပြောကြားခဲ့ကြလေသည်။[၅၃] ထို(နဗီတမန်တော် အီဗ်ရာဟီမ်)က အကျွန်ုပ်၌ အသက်အရွယ်အိုမင်းမှုသည် ဆိုက်ရောက်နေပါလျက် အသင်တို့သည် အကျွန်ုပ်အား သတင်းကောင်းပေးကြလေသလော။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သည့်အကြောင်းနှင့်စပ်လျဉ်း၍ သတင်းကောင်းပေးကြပါသနည်းဟု ပြောဆို မေးမြန်းခဲ့လေသည်။[၅၄] ထိုဧည့်သည်တို့က ကျွန်ုပ်တို့သည် အသင့်အား အဟုတ်အမှန် (ဖြစ်မည့်ကိစ္စ)နှင့် စပ်လျဉ်း၍ သတင်းကောင်းပေးကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အသင်သည် မျှော်လင့်ချက်ကင်းသူတို့အနက်မှ မဖြစ်ပါလေနှင့်ဟု ပြောဆိုဖြေကြားခဲ့ကြပေသည်။[၅၅] ထို(နဗီတမန်တော်)အီဗ်ရာဟီမ်က အမှန်စင်စစ် လမ်းလွဲသူတို့မှတစ်ပါး

မည်သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ ကရုဏာတော်မှ မျော်လင့်ချက် ကင်းပါသနည်းဟု ပြောဆိုခဲ့၏။[၅၆] (တစ်ဖန်) ယင်း(နဗီတမန်တော်)အဗီဇရာဟီမ်က (ဆက်လက်၍) အို-စေလ္သတ်ခြင်းခံကြရကုန်သော (ကောင်းကင်တမန်တို့၊) ထို့နောက် အသင်တို့၌(ဧဆောင်ရွက်ရန်) မည်သည့်ကိစ္စရှိနေပါသေးသနည်းဟု ပြောဆိုမေးမြန်းခဲ့ပြန်၏။[၅၇]ယင်း(ကောင်းကင်တမန်)တို့က (ဤသို့) ဖြေကြားခဲ့ကြလေသည်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် ပြစ်မှုကျူးလွန်ကြကုန်သောလူမျိုးထံ စေလွှတ်ခြင်းကို ခံခဲ့ကြရလေသည်။[၅၈] သို့ရာတွင် (နဗီတမန်တော်)လူတ်၏ အိမ်ထောင်စုသား တို့မပါ၊ သို့ရာတွင် ဧကန်အမှန် ကျွန်ုပ်တို့သည် ထိုတမန်တော်လူတ်၏ အိမ်ထောင်စုသား အားလုံးကို ကယ်တင်မည့်သူများပင် ဖြစ်ကြပေသည်။[၅၉] သို့ရာတွင် ထိုတမန်တော်လူတ်၏ ကြင်ရာမှတစ်ပါး ထိုကြင်ရာနှင့်ပတ်သက်၍ (အလ္လာဟ်အရှင်မြတ်က) မုချ ထိုသူမသည် နောက်ကျန်ရစ်နေကြမည့်သူများတွင် အပါအဝင်ဖြစ်မည်ဟူ၍ ငါအရှင်မြတ်ပြဋ္ဌာန်းတော်မူပြီးဖြစ်သည်(ဟု မိန့်ဆိုတော်မူသည်၊) [၆၀]

ထို့နောက် ဧစေလ္သတ်ခြင်းခံကြ ရကုန်သော (ကောင်းကင်တမန်)တို့သည် (နဗီတမန်တော်)လူတ်၏ အိမ်ထောင်စုသား တို့ထံသို့ ရောက်ရှိလာကြသောအခါ။[၆၁] ထို(နဗီတမန်တော်)လူတ်က ဧကန်စင်စစ် အသင်တို့သည် သူစိမ်းများပင် ဖြစ်ကြကုန်သည်ဟု ပြောဆိုလေသည်။[၆၂] ထို(ကောင်းကင် တမန်တော်)တို့က (ဤသို့) ပြောဆိုပြန်ကြားခဲ့ကြကုန်၏။ ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ကျွန်ုပ်တို့သည် အသင်၏ထံသို့၊ ၎င်းတို့ ဒိဗ္ဗဟသံသယ ဖြစ်နေကြသော ကိစ္စကို ဆောင်ယူ၍ လာခဲ့ကြပါသည်။[၆၃] ထိုမှတစ်ပါး ကျွန်ုပ်တို့သည် အသင်၏ထံသို့ (အကယ်စင်စစ်) အဟုတ်အမှန် ဖြစ်မည့် ကိစ္စကို ဆောင်ယူခဲ့ကြပါသည်။ ၎င်းပြင် မလွဲဧကန် ကျွန်ုပ်တို့သည် အမှန်ပြောဆိုသူများပင် ဖြစ်ကြကုန်သည်။[၆၄] သို့ဖြစ်ပေရာ အသင်သည် မိမိအိမ်သူအိမ်သားတို့ကို ညဉ့်၏အစိတ်အပိုင်းတစ်ခုခုတွင် ခေါ်ဆောင်၍ ထွက်ခွာသွားပါလော။ ၎င်းနောက် အသင်သည် ၎င်းတို့၏နောက်မှ လိုက်သွားပါလော။ ၎င်းပြင် အသင်တို့၏အနက်မှ တစ်ဦးတစ်ယောက်မျှ ပင် (နောက်သို့)ပြန်လှည့်၍ မကြည့်ရ။ ၎င်းနောက် အသင်တို့ (အားလုံး)သည် မိမိတို့၏အမိန့်ပေးခြင်းခံရသော နေရာသို့သာလျှင် (အာရုံစူးစိုက်၍)သွားကြလေကုန်။[၆၅] ၎င်းပြင်ငါအရှင်မြတ်သည် ထိုလူတ်၏ထံ သို့ "ဧကန်စင်စစ် ထိုမြို့သားများ၏ အခြေအမြစ်သည် နံနက်မိုးလင်းချိန်၌ ဖြတ်တောက်ပြီးဖြစ်ချိမ့်မည်"ဟူသော စီရင်ဆုံးဖြတ်ချက်ကို ပေးပို့တော်မူခဲ့ပေသတည်း။[၆၆]

ထို့နောက် (စဒူမ်)မြို့သားတို့သည် ဝမ်းမြောက်ဝမ်းသာစွာ လာခဲ့ကြလေသည်။[၆၇] (ထိုအခါ) ယင်း(နဗီတမန်တော်)လူတ်က ဧကန်စင်စစ် ဤသူတို့ကား ငါ၏ဧည့်သည်များပင်ဖြစ်ကြပေရာ အသင်တို့သည်ငါ့အားအရှက်မခွဲကြကုန်လင့်ဟု ပြောကြားခဲ့လေသည်။[၆၈] ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် ငါ့အား ဝဂ်ရည်သေးသိမ်အောင် မပြုကြကုန်လင့်။[၆၉] ၎င်း

(မြို့သား)တို့က ကျွန်ုပ်တို့သည် အသင့်အား လူခပ်သိမ်းတို့(ကို မိမိထံ တည်းခိုစေ ခြင်း)မှ တားမြစ်ခဲ့ပြီးဖြစ်ကြသည်မဟုတ်လောဟု ပြောဆိုကြလေသည်။[၇၀] (ထိုအခါ) ယင်း(နဗီတမန်တော်)လူတ်က အာကယ်၍ အသင်တို့သည် (ငါပြောဆိုသည့်အတိုင်း လိုက်နာ) ပြုလုပ်မည့်သူများ ဖြစ်ကြပါလျှင် ဤငါ၏သမီးများသည် ရှိနေကြပေသည်ဟု ပြော ဆိုခဲ့လေသည်။[၇၁]

(အိုး-နဗီတမန်တော်မုဟမ္မဒ်) အသင်၏အသက်ဇီဝိန်၏ကစပ်၊ စင်စစ်ဇကန် ၎င်းတို့သည် မိမိတို့မာန်ယစ်မှုဌာပင် တွေဝေလျက်ရှိကြကုန်၏။ [၇၂] သို့ဖြစ်ပေရာ ၎င်းတို့အား ကျယ်လောင်သောအသံသည် နေထွက်ချိန်တွင် ဖမ်းဆီး ကွပ်မျက်ခဲ့လေသည်။[၇၃] ထိုအခါ ငါအရှင်မြတ်သည် ထိုမြို့၏အထက်ပြင်ကို အောက်ပြင် ပြုလုပ် တော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည် ၎င်းင်တို့အပေါ်၌ ရွှံ့စေးဖြင့် ပြုလုပ်သော ကျောက်ခဲများကို ရွာသွန်းစေတော်မူခဲ့လေသည်။[၇၄]

ဇကန်မလွဲ ဤသည့် (အဖြစ် အပျက်)၌ စဉ်းစားဆင်ခြင်တတ်သောသူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင် ရှိပေသတည်း။[၇၅] ထို့ပြင် ဇကန်အမှန် ထို(မြို့ရွာ)သည် စည်ကားလျက် ရှိသောလမ်း၌ အမှန်ပင်တည်ရှိပေသည်။[၇၆] မလွဲဇကန် ဤသည့်(အဖြစ်အပျက်)၌ မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာ သည် အမှန်ပင်ရှိပေသတည်း။[၇၇]

အကျယ်ဖွင့်ဆိုခြင်း

တမန်တော်မြတ်ﷺအတွက် ကြီးမားသောဂုဏ်ဒြပ်တစ်ရပ်

အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဠိတော်ဖြစ်သော لَعَمْرُكَ (လအမ်ရုက-အသင်၏အသက်ဇီဝိန်၏ကစပ်)ဆို သည်မှာ တမန်တော်မြတ်ﷺကို ဦးတည်ပြောကြားသည်ဆိုကြောင်း ဋ္ဌီကာရှင်အများစု၏ပြောကြားချက်ကို ရှုဟုလ မအာနီကျမ်းတွင် တင်ပြထားသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်ﷺ၏ဘဝနှင့် ကျိန်တွယ်မိန့်ကြားခဲ့ သည်။ စိုက်ယိဒိနာ အဗွဒွလ္လာဟ်အိဗနိ အဗ္ဗာစ်ﷺ၏ဆင့်ပြန်ချက်ကို ဒလာအိလုမ်နုဗူဝ်ဝတ်ကျမ်းတွင် အလ်ဗိုင်ဟကီက လည်းကောင်း၊ အဗူနုအိုင်မ်အိဗနိမရိဒုဝေဟ်နှင့် အခြားသူများက တင်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဖန် ဆင်းမှုတစ်ခုလုံးတွင် ရှိသည့်အနက် စိုက်ယိဒိနာမုဟမ္မဒ် အလ်မုစ်သွဖာမှအပ မည်သူ့ကိုမျှ ဤသို့သော အဆင့် မြင့်မားသည့် ဂုဏ်ဒြပ် ပေးအပ်တော်မမူခဲ့ချေ။ ဤအကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် မည်သည့် တမန်တော် (သို့မဟုတ်) မည်သည့် ကောင်းကင်စေတမန်၏ အသက်ကိုထပ်၍ ကျိန်ဆိုထားခြင်း မရှိသော်လည်း ဤအာယသ် ထဲတွင်မူ အရှင်မြတ်သည် တမန်တော်မြတ်ﷺ၏ အသက်နှင့်ကျိန်ဆိုထားခဲ့သည်။ ဤသည်မှာ စဉ်းစားရသမျှတွင် အမြင့်မားဆုံး ဂုဏ်ဒြပ်ဖြစ်ကာ ကိုယ်တော်မြတ်နှင့် လိုက်လျောညီထွေမှုရှိပေသည်။

အလ္လာဟ်အရှင်မှအပ အခြားနှင့်ကျိန်ဆိုခြင်း

အလ္လာဟ်အရှင့်နာမတော်များနှင့် ဂုဏ်တော်များမှအပ အခြားမည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) မည်သည့်အရာကိုမျှ ကျိန်ဆို ခြင်းခွင့်မပြုချေ။ အဘယ့်ကြောင့်ဆိုသော် မည်သည့်လူသားမဆို ၎င်းက ဂုဏ်အပေးဆုံးသူတစ်ဦးနှင့် ကျိန်ဆိုလိမ့်မည်ဖြစ်ရာ အလ္လာဟ်အရှင်မြတ်မှအပ မည်သူသည် ဂုဏ်ပို၍ရှိနိုင်အံ့နည်းဟူသည်ကားထင်ရှားပေသည်။

ဟဒီးဆ်တော်အရ တမန်တော်မြတ်ﷺ မိန့်ခဲ့သည်မှာ အသင်တို့မိခင်များ၊ ဖခင်များနှင့် ရုပ်တုများဖြင့် ကျိန်ဆိုခြင်း မပြုကြလေနှင့်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှအပ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မကျိန်ဆိုပါနှင့်။ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုတသ၍ကျိန်ဆိုရမည်ဆိုလျှင် အမှန်အတိုင်းသာလျှင် ကျိန်ဆိုကြလေကုန်ဟူ၍ဖြစ်သည်။ (စိုက်ယိဒိနာ အဗူဟုရိုင်ရဟ်ﷺမှတစ်ဆင့် အဗူဒါဝူဒ်နှင့်အန်နဆာအီကျမ်းတွင် ဖော်ပြချက်)

ဆွဟီဟိုင်း (ဆွဟီးအလ်ဗုခါရီနှင့် ဆွဟီးမုစ်လင်မ်)နစ်ကျမ်းထဲတွင်ဖော်ပြသည်မှာ တရံရောအခါ တမန်တော်မြတ်ﷺသည် စိုက်ယိဒိနာ အုမရ်အိဗနိ အလ်ခတ္တဲသွားဗ်ﷺသည် ၎င်း၏ဖခင်ကိုတ၍ ကျိန်ဆိုနေကြောင်း မြင်တွေ့ခဲ့ရသည်။ ကိုယ်တော်မြတ်ﷺက သူ့အားခေါ်၍မိန့်သည်မှာ သတိပြုပါလေ၊ အလ္လာဟ်အရှင်မြတ်သည် ဖခင်များကို တိုင်တည်တသ၍ ကျိန်ဆိုခြင်း တားမြစ်ထားသည်။ မည်သူမဆို ကျိန်ရမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ် နာမတော်ကို တသ၍ ကျိန်ဆိုရမည် သို့မဟုတ်ပါက သူသည် ဆိတ်ဆိတ်နေရမည် ဟူ၍ဖြစ်သည်။ (အလ်ကုရ်သုဗီကျမ်းပါ စူရဟ် မာအိဒါဟ်အပေါ် အကျယ်ဖွင့်ခြင်း)

သို့သော်လည်း ဤအမိန့်ပညတ်ချက်သည် ယေဘုယျအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုနှင့် သက်ဆိုင်သည်။ အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်အတွက်မူ အရှင်မြတ် ဖန်ဆင်းထားခဲ့သည့် အရာအမျိုးမျိုးဖြင့် ကျိန်ဆိုတော်မူသည်။ ဤသည်မှာ အလ္လာဟ်အရှင်အတွက် သီးခြားဖြစ်သည်။ ဤသည်၏ ရည်ရွယ်ချက်မှာ ဆန္ဒရှိရာရှုထောင့်မှာ တစ်စုံတစ်ရာ၏ ထူးခြားခမ်းနားခြင်းနှင့် အဂျိုးပြုခြင်းကို ဖော်ပြရန်ဖြစ်သည်။

ထို့နောက် ဤသည်ထဲတွင် သာမန်လူတို့အား အလ္လာဟ်အရှင်မြတ်မှအပ အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ တသ ကျိန်ဆိုခြင်းကို တားမြစ်ရခြင်း အကြောင်းရင်းမပါချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင့် မိန့်ခွန်းတော်တွင် အရှင်မြတ်သည် အရှင့်ဖန်ဆင်းမှုထဲမှ တစ်စုံတစ်ဦးကို အမြင့်ဆုံးနှင့်အကောင်းဆုံးဟု အလ္လာဟ်အရှင်မှတ်ယူရန် ဖြစ်နိုင်စွမ်းမရှိချေ။ အကြောင်းမှာ အကြွင်းမဲ့ကြီးကျယ်မှုသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း အတွက်သာလျှင် သီးခြားဖြစ်သောကြောင့်တည်း။

အလ္လာဟ်အရှင့်ပြစ်ဒဏ်ခတ်မှုကြောင့် ပျက်စီးသွားသောနေရာများမှ သင်သည် အရေးကြီးသည့် သင်ခန်းစာကို သင်ယူဆည်းပူးပါလေ

အာယသ်-၇၅နှင့် ၇၆ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّلْمُتَوَسِّمِينَ ، وَ إِنَّهَا لَبِسَبِيلٍ مُّقِيمٍ မလွဲမေကန် ဤသည် (အဖြစ်အပျက်)၌ စဉ်းစားဆင်ခြင်တတ်သောသူတို့အဖို့ သက်သေလက္ခဏာများသည် အမှန်ပင်ရှိလေသတည်း။ (၇၅) ထို့ပြင် ဗေကန်အမှန် ထိုမြို့ရွာသည် စည်ကားလျက်ရှိသောလမ်း၌ အမှန်ပင်တည်ရှိပေသည်။(၇၆)များထဲတွင် ထိုပျက်စီးသွားခဲ့သော မြို့များ၏ ပထဝီအနေအထားကို အလ္လာဟ်အရှင်မြတ်က ထောက်ပြခဲ့သည်။ ယင်းမြို့ကြီးများမှာ အာရေးဗီးယားမှ ဆီးရီးယားနိုင်ငံသို့ လူများသွားလာရာလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ဤသည်တို့တွင် သက်ဝင်ယုံကြည်၍ အရေးပါသည့် ကြိုသိမြင်ခြင်းနှင့် ဖြစ်ရပ်နောက်မှ အသိဉာဏ်တို့အတွက် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံ

သော တန်ခိုးတော်၏ ကြီးကျယ်သော သက်သေလက္ခဏာများ ရှိသောကြောင်းကိုလည်း မိန့်ထားသေးသည်။

ဤကိစ္စနှင့်ပတ်သက်၍ စူရဟ်အလ်ကဆွားဆွဲထဲတွင် ဖော်ပြထားသည့်အခြားအဆိုအမိန့်များမှာ **لَمْ تُسْكَنْ مِّنْ بَعْدِهِمْ إِلَّا قَلِيلًا** ထိုနေအိမ်များမှာ ၎င်းတို့မရှိကြသည့်နောက်တွင် အနည်းငယ်မျှသော အချိန်ကာလမှပင် စည်ပင်သာယာခဲ့သည် မရှိချေဟုဖြစ်သည်။ တစ်နည်းဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုဖြင့် ဤမြို့များအား ဖျက်ဆီးပြီးနောက်တွင် လူနေအိမ်အချို့မှအပ နေထိုင်ကြသည် မဟုတ်တော့ချေ။ ဤအညွှန်းများကို ပေါင်းစပ်ကြည့်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်သည် ဤပျက်စီးသွားသည့် လူနေအိမ်ခြေများနှင့်နေရာများကို နောင်လာမည့် မျိုးဆက်တို့ အရေကြီးသော သင်ခန်းစာရယူနိုင်ရန် ဖြစ်ကြောင်း ကျွန်ုပ်တို့သိမြင်နိုင်သည်။

ဤအတွက်ကြောင့် တမန်တော်မြတ်ﷺသည် ဤနေရာများကို ဖြတ်သန်းသွားတိုင်း အလ္လာဟ်အရှင်မြတ်၏ အံ့သြထိတ်လန့်ဖွယ်များဖြင့်လွှမ်းမိုးခံရ၍ သီးသန့်စိတ်လှုပ်ရှားဖွယ်ရာဖြစ်ကာ ကိုယ်တော်မြတ်ﷺသည် ခေါင်း အောက်စိုက်၍ ဤနေရာမှ မြန်မြန် သွက်သွက်သွားခဲ့သည်။ ဤသို့ထူးခြားစွာသွားလာမှုသည် တမန်တော်မြတ်ﷺ၏ စွန့်သတ်တော်တစ်ရပ်ဖြစ်ခဲ့သည်။ ယင်းကဲ့သို့သော အလ္လာဟ်အပြစ်ဒဏ်ခတ်သည့် နေရာများတွင် ပျော်ပွဲစားထွက်ခြင်း၊ ပျော်ပွဲရွှင်ပွဲလုပ်ခြင်းသည် အကျည်းတန်ဆုံးသော စိတ်ခံစားမှုကင်းမဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ လုပ်သက်ထက် အလ္လာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကျခဲ့သည့် ယင်းနေရာများတွင်ရှိသော အလ္လာဟ်အရှင်မြတ်၏ အပြီးပြည့်စုံဆုံးသော တန်ခိုးတော်ကို တွေးတောခံစားကာ အလ္လာဟ်အရှင့်ကို တုန်လှုပ်ခန့်ညားကြောက်ရွံ့စိတ်ထားသင့်ပေသည်။

စိုက်ယိဒိနာလုတ်ﷺလက်ထက်က အထက်အောက်ပြောင်းပြန် လှန်ခံခဲ့ရသော လူနေအိမ်ခြေများသည် အာရေဗီးယားနှင့် ဆီးရီးယား လမ်းမပေါ်တွင် တည်ရှိကြောင်း ကုရ်အာန်ကျမ်းမြတ်ကမိန့်ထားသည်။ ယင်းနေရာကား ဂျော်ဒန်နိုင်ငံနှင့် အနီးဆုံးတွင်ရှိ ပင်လယ်ရေပြင်အောက်နိမ့်သော သဲကန္တာရလွင်ပြင်အဖြစ် ဆက်လက်တည်ရှိနေပါသည်။ ဤနေရာ၏ အဓိကအပိုင်းတွင် သီးသန့်ရေတစ်မျိုးဖြင့် မြစ်တစ်စင်း စီးဆင်းနေသည်။ ထိုပင်လယ်ပြင်တွင် ရေသတ္တဝါများ မရှင်သန်နိုင်ပါ။ ထို့ကြောင့် ယင်းကို ပင်လယ်သေ(သို့မဟုတ်) လုတ်၏ပင်လယ်ဟုခေါ်သည်။

ယင်းနေရာရှိ ပြည်တွင်း ရှေးဟောင်းသုတေသနဌာနက ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရန် ဟိုတယ် အချို့နှင့် လူနေအိမ်ခြေများ တည်ဆောက်ခဲ့သည့်ရလဒ်မှာ ရုပ်ပိုင်းဆိုင်ရာနှင့်တကွ ပြုပြင်မရနိုင်သော ရှုးမိုက်ခြင်းများနှင့် နောင်တမလွန်ဘဝ၏ သောကလုံးဝမရှိသူများသည် ဤနေရာကို ရှေးဟောင်းရှုခင်းများ ကြည့်ရှုပျော်ပါးရန် အလို့ငှာ သွားကြသည်။ ထိုကဲ့သို့သော အလေးမထားမှုအလေ့အထ မဖြစ်စေရန်အလို့ငှာ ကုရ်အာန်ကျမ်းတော်မြတ်က အဆုံး၌ သတိပေးမှုတစ်ခုဖော်ပြကာ မိန့်ထားသည်မှာ **إِنَّ فِي ذَٰلِكَ لَآيَةً** "မလွဲဧကန် ဤသည်အဖြစ်အပျက်၌ မုအ်မင်နသက်ဝင်ယုံကြည်သူတို့အဖို့ သက်သေလက္ခဏာသည် အမှန်ပင်ရှိပေသတည်း"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အမှန်တကယ်မှာ ဤနေရာများနှင့် ယင်းနေရာနှင့်ဆက်နွယ်သော အဖြစ်အပျက်များတွင် ထိုးထွင်းဉာဏ်ရှိသော လူတိုင်းအတွက် ကိုယ်ကျင့်တရားဆိုင်ရာ သင်ခန်းစာများနှင့် ပြည့်နှက်နေသည်။ သို့ရာတွင် ဤနေရာများမှ သင်ကြားပေးသည်တို့ကို သင်ယူခြင်းသည် မုအ်မင်နယုံကြည်သက်ဝင်သူများ၏ သံဝေဂရ၍ ကံကြမ္မာကောင်းဖြစ်သည်။ အခြားသူများမှာမူကား ခရီးသွားများနှင့်အတူဖြစ်ကာ ဤသည်မှ လက်မဲ့ဖြစ်ကြပေလိမ့်မည်။

အာယသ် (၇၈-၈၆)

وَ اِنۡ كَانَ اَصۡحٰبُ الۡاَيۡكَةِ لَظٰلِمِيۡنَ ﴿۷۸﴾ فَانۡتَقَمۡنَا مِنۡهُمۡ ۘ وَ اِنَّهُمَا لَبِاِمَامٍ
مُّبِيۡنٍ ﴿۷۹﴾ وَ لَقَدۡ كَذَّبَ اَصۡحٰبُ الۡحِجۡرِ الۡمُرۡسَلِيۡنَ ﴿۸۰﴾ وَ اٰتَيۡنٰهُمۡ اٰيٰتِنَا فَكَانُوۡا
عَنۡهَا مُعۡرِضِيۡنَ ﴿۸۱﴾ وَ كَانُوۡا يَنۡحِتُوۡنَ مِنَ الۡجِبَالِ بُيُوۡتًا اٰمِنِيۡنَ ﴿۸۲﴾
فَاَخَذَتۡهُمُ الصَّيۡحَةُ مُصۡبِحِيۡنَ ﴿۸۳﴾ فَمَاۤ اَغۡنٰى عَنۡهُمۡ مَّا كَانُوۡا يَكۡسِبُوۡنَ ﴿۸۴﴾ وَ
مَا خَلَقۡنَا السَّمٰوٰتِ وَ الۡاَرۡضَ وَ مَا بَيۡنَهُمَاۤ اِلَّا بِالۡحَقِّ ؕ وَ اِنَّ السَّاعَةَ لَاٰتِيَةٌ ؕ
فَاصۡفَحِ الصَّفۡحَ الۡجَمِيۡلَ ﴿۸۵﴾ اِنَّ رَبَّكَ هُوَ الۡخَلّٰقُ الۡعَلِيۡمُ ﴿۸۶﴾

ထိုမှတစ်ပါး ဇကန်အမှန် "အိုင်ကဟ်" (တော အုပ်)၌ နေထိုင်သောသူတို့သည်လည်း မတရား ကျူးလွန်သူများပင် ဖြစ်ခဲ့ကြကုန်၏။[၇၈] သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် ၎င်းတို့အား လက်စားချေတော်မူခဲ့၏။ ၎င်းပြင် ဇကန်စင်စစ် ထိုမြို့ရွာနှစ်ခုစလုံးသည် ထင်ရှားသောလမ်းပေါ်၌ အမှန်ပင်ရှိနေကြပေသည်။[၇၉]

၎င်းပြင် မလွဲဇကန် "ဟစ်ဂျ်ရ်"၌ နေထိုင်သော သူတို့သည်လည်း စေလွှတ်ခြင်း ခံခဲ့ရကုန်သော ရပူလ်တမန်တော်တို့အားမဟုတ်မမှန်ဟူ၍ငြင်းပယ်ခဲ့ကြလေသည်။[၈၀] စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အား မိမိသက်သေလက္ခဏာတော်များကို ပေးသနားတော်မူခဲ့လေသည်။ သို့ပါလျက် ၎င်းတို့သည် ယင်းသက်သေလက္ခဏာတော်များမှ မျက်နှာလွှဲဖယ်သူများပင်ဖြစ်ခဲ့ ကြကုန်၏။[၈၁] ထိုမှတစ်ပါး ၎င်းတို့သည် တောင်များကို အိမ်များအဖြစ် ဖောက်ထွင်း၍ ဘေးရန်ကင်းငြိမ်းစွာ နေထိုင်လေ့ရှိခဲ့ကြကုန်၏။[၈၂] ထို့နောက် ၎င်းတို့အား နံနက် မိုးလင်းချိန်တွင် ကျယ်လောင်စွာသော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။[၈၃] ထိုအခါ ၎င်းတို့ ဆည်းပူးခဲ့သမျှတို့သည် ၎င်းတို့အဖို့ လုံးဝအသုံးမဝင်ခဲ့ချေ။[၈၄]

စင်စစ်သော်ကား ငါအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ထိုမြေနှင့်မြေစပ်ကြား၌ရှိရှိသမျှတို့ကိုလည်းကောင်း၊ (အကြောင်းမဲ့မဟုတ်) မှန်ကန်သော ရည်ရွယ်ချက်နှင့်တကွ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ဇကန်မလွဲ (ငါအရှင်မြတ် သတ်မှတ်ထားတော်မူသော) ကိယာမတ်သည် မုချဆိုက်ရောက်လာမည်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့၏ နှောင့်ယှက်မှုများကို) ကောင်းမွန်စွာ ခွင့်လွှတ်ခြင်းနည်းမျိုးနှင့် ခွင့်လွှတ်ပါလော။[၈၅] မလွဲဇကန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ထိုအရှင်မြတ်သည် ပင်လျှင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ [၈၆]

အကျယ်ဖွင့်ဆိုခြင်း

အိုင်ကဟ်ဆိုသည်မှာ ထူထပ်သော တောအုပ်ဖြစ်သည်။ အခြားအယူအဆများလည်းရှိသေးသည်။ ဦးကာရှင် အချို့က မဒယမ်အနီးအနားတွင် ထူထပ်သော တောအုပ်တစ်ခုရှိသည်။ ထို့ကြောင့်အိုင်ကဟ်ဆိုသည်မှာ မဒယမ် လူမျိုးတို့၏ဘွဲ့ဖြစ်သည်။ အချို့သောဦးကာရှင်များကမူ အိုင်ကဟ်လူမျိုးနှင့်မဒယမ်လူမျိုးမှာ မတူကွဲပြားသောလူမျိုး နှစ်မျိုးဖြစ်သည်ဟုဆိုသည်။ လူမျိုးတစ်မျိုးကိုဖျက်ဆီးပြီးနောက် ကျန်သောလူမျိုးတစ်မျိုးထံ စိုက်ယိဒိနာရှိအိုက်ဗ်ﷺကို စေလွှတ်ခဲ့သည်။

အိဗနိအစာကီးရ်ကို ရည်ညွှန်း၍ အောက်ဖော်ပြပါ မရ်ဖူ ဟဒီးဆ်

إِنَّ مَدْيَنَ وَأَصْحَابَ الْأَيْكَةِ أُمَّتَانِ بَعَثَ اللهُ تَعَالَى إِلَيْهِمَا شُعَيْبًا

မဒယမ်နှင့် အိုင်ကဟ်လူမျိုးတို့မှာ မတူညီသော လူမျိုးနှစ်မျိုး ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ရှိုအိုင်ဗ်ကို ထိုသူတို့ထံ စေလွှတ်ခဲ့သည်ကို သဖိစီရ်ရှုဟုလ်မအာနီကျမ်းတွင်ဖော်ပြထားသည်။

ထို့ပြင်အလ်ဟိဂျ်ရ်သည် ဟီဂျားဇ်နှင့်ဆီးရီးယားကြားတွင်ရှိသော တောင်ကြားတစ်ခုဖြစ်သည်။ ယင်းတောင် ကြားတွင် ဆမူဒ်လူမျိုးများနေထိုင်ခဲ့ကြသည်။

ရှင်းလင်းချက်အတိုချုပ်

စူရဟ်အစတွင် တမန်တော်မြတ်ﷺအပေါ် မက္ကဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ရန်လိုမှုများ အကြောင်း ဖော်ပြကာ ယင်းထဲ၌ပင် တမန်တော်မြတ်ﷺကိုနှစ်သိမ့်ထားသော စကားရပ်အကျဉ်းချုပ်လည်းပါဝင်သည်။ စူရဟ်အဆုံးတွင် ထိုသူ၏ရန်လိုမှုနှင့်အာယာတထားမှုအပေါ် တမန်တော်မြတ်ﷺ သောကရောက်မှုကို ပြေပျောက်စေရန် နှစ်သိမ့်စေသောစကားများ ပိုမိုပါဝင်သည်။

ဤနေရာတွင် ထိုသူများ၏ရန်လိုသောဆန့်ကျင်မှုကို တမန်တော်မြတ်ﷺပူဆွေးမှုမဖြစ်စေရန် မိန့်ထားသည်။ အဘယ့်ကြောင့်ဆိုသော် စာရင်းအားလုံးရှင်းမည့်နေ့တစ်နေ့ ရောက်လာပါလိမ့်မည်။ ထိုနေ့သည် တရားစီရင်သည့်နေ့ ဖြစ်ကာ ယင်းနေ့သည် မလွဲမသွေ ရောက်လာမည်ဖြစ်ကြောင်း တမန်တော်မြတ်ﷺကို မိန့်ကြားထားခဲ့ပြီး ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာပထဝီမြေကြီး၊ ထို့ပြင် ယင်းနှစ်ခုကြားရှိ အရာ အားလုံး မှန်ကန်မှုနှင့် အသိဉာဏ်တို့နှင့်တကွ ဖန်ဆင်းတော်မူသည်ဆိုသည့် အချက်လည်းရှိသည်။ ဤဖန်ဆင်းမှု နောက်ကွယ်ရှိ အသိဉာဏ်ကြွယ်သည့်တွေးတောဆင်ခြင်မှုမှာ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိခြင်း၊ အထွဋ် အထိပ်ဖြစ်ခြင်းနှင့် အရှင်မြတ်၏အမိန့်ပညတ်ချက်များကို နာခံခြင်းတို့နှင့် စကြဝဠာ၏ ဖန်ဆင်းတည်ဆောက်တော်မူ ကာ တည်ရှိတော်မူကြောင်း ယုံကြည်သင့်သည်။ ယင်းကဲ့သို့မယုံကြည်ခြင်း၏ အကျိုးဆက်ကိုလည်း ထိုအထဲတွင် ဖော်ပြထားသည်။အလ္လာဟ်နှင့်ပတ်သက်သောအထက်ပါအချက်များကိုအတည်ပြုပြီးနောက်ပြစ်မှုကျူးလွန်သူမှာကား ပြစ်ဒဏ်ပေးခြင်းခံရပေမည်။ ဤကတိပြုထားသော ပြစ်ဒဏ်ခတ်မှုသည် ဤကမ္ဘာလောကတွင် အပြည့်အဝ ကျဟန် မရှိသောကြောင့် တစ်နေရာရာတွင်ကား မုချဇကာန်ပြစ်ဒဏ်ကျခံရပေမည်။ ထိုအတွက် သတ်မှတ်ထားသော အချိန်မှာ တရားစီရင်မည့်နေ့ ကိယာမသ်နေ့ဖြစ်သည်။ ဤသည်မှာ အသေအချာဖြစ်လာပါလိမ့်မည်။ လူတိုင်းသည် ယင်းတွင် စစ်ဆေးခံရမည်။

ဤသည်မှာ ကိစ္စရပ်များကို အသိဉာဏ်ကြွယ်ဝသော အစီအမံဖြစ်၍ ကိုယ်တော်သည် ဝမ်းနည်းပူဆွေးမနေ သင့်ချေ။ တမန်တော်မြတ်ﷺအတွက် ကောင်းသောနည်းလမ်းကား ထိုသူများ၏ ကောက်ကျစ်စဉ်းလဲသော အပြုအမူ

များကို ဂုဏ်သိက္ခာရှိစွာ လျစ်လျူရှုထားရေးဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏အပြုအမူများကို ဂရုစိုက်ရန်မလိုသကဲ့သို့ အပြစ်ပြောစရာလည်းမလိုချေ။ အကြောင်းမှာ တမန်တော်မြတ်ﷺ၏ အရှင်သခင်သည် ကြီးကျယ်လှစွာသော ဖန်ဆင်းရှင်နှင့် အလုံးစုံကိုသိရှိတော်မူသော အရှင်ဖြစ်သည်။ အရှင်မြတ်သည် တမန်တော်မြတ်ﷺ၏ သည်းခံမှုနှင့် ဇွဲသတ္တိတို့ကို သိရှိတော်မူကာ ကိုယ်တော့်ရန်သူများ၏ မကောင်းသော လုပ်ဆောင်မှုများကိုလည်း သိရှိတော်မူသည်။ ထို့ကြောင့် ထိုအရှင်ကပင် ထိုသူများ ပြုလုပ်ခဲ့သည်များအတွက် အပြည့်အဝအစား ပြန်လည်ပေးပါလိမ့်မည်။

အာယသ် (၈၇-၉၉)

وَلَقَدْ اٰتَيْنٰكَ سَبْعًا مِّنَ الْمَثَانِيْ وَالْقُرْاٰنَ الْعَظِيْمَ ﴿٨٧﴾ لَا تَمُدَّنَّ عَيْنَيْكَ
اِلٰى مَا مَتَّعْنَا بِهٖۤ اَزْوَاجًا مِّنْهُمْ وَلَا تَحْزَنْ عَلَيْهِمْ وَاخْفِضْ جَنَاحَكَ
لِلْمُؤْمِنِيْنَ ﴿٨٨﴾ وَقُلْ اِنِّيْۤ اَنَا النَّذِيْرُ الْمُبِيْنُ ﴿٨٩﴾ كَمَاۤ اَنْزَلْنَا عَلَى
الْمُقْتَسِمِيْنَ ﴿٩٠﴾ الَّذِيْنَ جَعَلُوا الْقُرْاٰنَ عِضِيْنَ ﴿٩١﴾ فَوَرَبِّكَ لَنَسْـَٔلَنَّهُمْ
اَجْمَعِيْنَ ﴿٩٢﴾ عَمَّا كَانُوْا يَعْمَلُوْنَ ﴿٩٣﴾ فَاصْدَعْ بِمَا تُؤْمَرُ وَاَعْرِضْ عَنِ
الْمُشْرِكِيْنَ ﴿٩٤﴾ اِنَّا كَفَيْنٰكَ الْمُسْتَهْزِءِيْنَ ﴿٩٥﴾ الَّذِيْنَ يَجْعَلُوْنَ مَعَ
اللّٰهِ اِلٰهًا اٰخَرَ ۚ فَسَوْفَ يَعْلَمُوْنَ ﴿٩٦﴾ وَلَقَدْ نَعْلَمُ اَنَّكَ يَضِيْقُ صَدْرُكَ بِمَا
يَقُوْلُوْنَ ﴿٩٧﴾ فَسَبِّحْ بِحَمْدِ رَبِّكَ وَكُنْ مِّنَ السّٰجِدِيْنَ ﴿٩٨﴾ وَاعْبُدْ رَبَّكَ حَتّٰى
يَاْتِيَكَ الْيَقِيْنُ ﴿٩٩﴾

၎င်းပြင် ဇကော်မလွဲ ငါအရှင်မြတ်သည် အသင့် အား အဖန်တလဲလဲ (ရွတ်ဖတ်သရဇ္ဈာယ်ရ)သော (အာယတ်တော်)ခုနစ်ပါးကို လည်းကောင်း၊ ကြီးကျယ်မြင့်မြတ်လှစွာသော ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်းကောင်း၊ ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ [၈၇] ငါအရှင်မြတ်သည် ယင်း(ကာဖိရ်)တို့အနက်မှ၊ အမျိုးမျိုးအစားစားတို့အား အကျိုးခံစားခွင့်ပေးတော်မူသော ဥစ္စာပစ္စည်းများဘက်သို့ (မိမိ၏မျက်စိအစုံဖြင့် မော်၍ပင် မကြည့်ပါလေနှင့်)။ မိမိမျက်စိနှစ်လုံးကို လှည့်၍ပင် အသင်မကြည့်ပါလေနှင့်၊ ထိုမှတစ်ပါး အသင်သည် ၎င်းတို့နှင့်ပတ်သက်၍ ဝမ်းနည်းပူဆွေး ခြင်းကိုလည်း မပြုပါလေနှင့်။ ထိုပြင် အသင်သည် မိမိပခုံးကို မုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့အဖို့ နှိမ့်ချပါလေ၊ (ငါ-၎င်းတို့အား သနားကြင်နာပါလေ)။[၈၈] ထိုမှတစ်ပါး အသင်သည် (ယင်းကာဖိရ်သွေ ဖည်ငြင်းပယ်သူတို့အား) ဇကန်အမှန် ငါသည် ထင်ရှားစွာသော သတိပေးနှိုးဆော်သူပင်ဖြစ်သည်ဟု (အတိအလင်း) ပြောကြားလေလော့။[၈၉] ငါအရှင်မြတ်သည် ကျိန်တွယ်သော (ခွဲဝေသော)သူတို့အပေါ်၌ (ပြစ်ဒဏ်) ချပေးတော်မူဘိသကဲ့သို့ပင် (၎င်းတို့

အပေါ်လည်းချပေးတော်မူမည်၊)[၉၀] အကြင်သူတို့သည်၊ ထိုသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အစိတ်အစိတ် အဝိုင်းပိုင်း ပြုလုပ်ခဲ့ကြလေသည်။ [၉၁]သို့ဖြစ်ပေရာအသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၏ "ကစမ်"၊ ဇကာန်အမှန် ငါအရှင်မြတ်သည် ၎င်းတို့အားလုံးကို မုချ စစ်ဆေး မေးမြန်းတော်မူမည်။ [၉၂] ၎င်းတို့ ကျင့်မှုလျက် ရှိခဲ့ကြကုန်သော အမှု ကိစ္စများနှင့်စပ်လျဉ်း၍။ [၉၃]

သို့ဖြစ်ပေရာ အသင်သည် မိမိအမိန့်ပေးခြင်းခံရသော အကြောင်းအရာကို အတိအလင်း ကြေညာပါလေ။ ၎င်းပြင် အသင်သည် မုရှ်ရစ်က် (အခြားအရာများကို အလွှာဟ် အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ် သောသူ)တို့အား (အလျှင်းဂရုမစိုက်ဘဲ) လျစ်လျူရှု၍ ထားပါလေ။ [၉၄] ဇကာန်မလွဲ ငါအရှင်မြတ်သည် ပြက်ရယ်သမျှပြုကြသူတို့နှင့် ယှဉ်ပြိုင်ရန် အသင့်အဖို့ လုံလောက်တော်မူ၏။ [၉၅] အကြင်သူတို့သည် အလွှာဟ်အရှင်မြတ်နှင့် အတူ အခြားကိုးကွယ်ရာများကို (တွဲဖက်ကိုးကွယ်ခြင်းကို)ပြုလုပ်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမြင့်မီ(မိမိတို့ပြုလုပ်ခဲ့ကြသော ရှုရစ်က်၏အကျိုးကို) သိရှိကြပေမည်။[၉၆] ထိုမှတစ်ပါး ဇကာန်စင်စစ် ၎င်းတို့၏ပြောဆိုမှုကြောင့် အသင်၏စိတ်နှလုံးကျဉ်းကျပ်သည်ကို ဇကာန်မုချ ငါအရှင်မြတ်သည် ကောင်းစွာသိရှိတော်မူပေသည်။ [၉၇] သို့ဖြစ်ပေရာ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်ကို ချီးမွမ်းထောမနာပြုခြင်းနှင့်အတူ (ထိုအရှင်မြတ်၏)ဂုဏ်တော်ကိုလည်း ထင်ရှားစေပါလေ။ ၎င်းပြင် အသင်သည် (ထိုအရှင် မြတ်အား) ပျပ်ဝပ်ဦးချသူတို့တွင် အပါအဝင်ဖြစ်ပါလေ။ [၉၈] ထိုမှတစ်ပါး အသင်သည် မိမိထံသို့ မုချမလွဲဖြစ်မည့်ကိစ္စ (ဝါ) မရဏသေခြင်းတရားဆိုက်ရောက်လာသည့်တိုင် အောင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ဝတ်ပြုနေပါလေ။ [၉၉]

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အလ်ဖာသိဟာသည် ကြီးကျယ်မြင့်မြတ်သော ကုရ်အာန်ကျမ်းမြတ် တစ်စောင်လုံး၏ စာသားနှင့် အကျဉ်းချုပ်ဖြစ်သည်။*

ဤအာယသ်-၈၇ထဲတွင် စူရဟ်အလ်ဖာသိယဟ် အဖွင့်ကဏ္ဍအား ကုရ်အာန်ကျမ်းမြတ်ဟု ခေါ်ဆိုထားခြင်း

---

* ဤသည်ကိုနားလည်ရန် အာယသ်-၈၇ပါ "ငင်းပြင် ဇကာန်မလွဲ ငါအရှင်မြတ်သည် အသင့်အားအဖန် တလဲလဲ (ရွတ်ဖတ်သရဇ္ဈာယ်)သော အာယသ်တော်၇ပါးကိုလည်းကောင်း၊ ကြီးကျယ်မြင့်မြတ်လှစွာသော ကုရ်အာန်ကျမ်းမြတ်ကို လည်းကောင်း" ဟူသောစကားလုံးများကို ဋီကာရှင်များက နည်းအမျိုးမျိုးဖြင့် အဓိပ္ပာယ်ဖွင့်ထားကြောင်း စိတ်တွင်စွဲမှတ်ရမည်။ ဋီကာရှင်အများစုအမြင်အရ အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်ရသော အာယသ်တော် ၇ ပါးဟူသည်မှာ အာယသ် ၇ ခုပါဝင်သော စူရဟ်အလ်ဖာသိယဟ်ကို ရည်ညွှန်းသည်ဟု ဆိုသည်။ ဆွလာသ်ဝတ်ပြုမှုတိုင်းတွင် ဤအာယသ် ၇ ပါးကို အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်ရသောကြောင့် အာယသ်(၈၇)ထဲတွင် ယင်းတို့ကို အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်ရသော အာယသ်များဟု ရည်ညွှန်းသည်။ ထို့နောက် ဤစူရဟ်၏နောက်၌ ဖော်ပြထားသော ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများသည် ယင်းကို ရှင်းလင်းထားသောသဘာဝရှိကာ အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်ရသော အာယသ်-၇ပါးကို ရည်ညွှန်းသည်။ ထို့ကြောင့် ဤနေရာ၌ ကြီးကျယ်မြင့်မြတ်သော ကုရ်အာန်ကျမ်း၏အမည်ကို စူရဟ်အလ်ဖာသိယဟ်ဟု ခေါ်ဆိုထားသည်။ မူရင်းကျမ်းရှင်၏မှတ်ချက်သည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ် အခြေခံထားသည်။

က စူရဟ်အလ်ဖာသိယဟ်သည် တစ်နည်းဆိုရလျှင် ကုရ်အာန်ကျမ်းတစ်စောင်လုံးဖြစ်သည်ဟု ရည်ညွှန်းသည်။ အဘယ်ကြောင့်ဆိုသော် ယင်းထဲတွင် အစ္စလာမ်ဘာသာ၏ အခြေခံမူများ အားလုံးပါဝင်သည်။

မအ်ရူရ်တွင် မေးမြန်းခံရမည်ဆိုရာ၌ ဘာအကြောင်းမေးမည်နည်း။

အာယသ်-၉၂ထဲတွင် အလ္လာဟ်အရှင်မြတ်က မိမိ၏ မြင့်မြတ်သောအရှင်ဖြစ်တော်မူခြင်းပေါ် ကျိန်ဆိုကြေညာပြောခဲ့သည်မှာ အစောပိုင်းရှိခဲ့သောသူများနှင့် နောက်ပိုင်းတွင်ရှိကြသောသူတို့အား မုချဇကန် စစ်ဆေးမေးမြန်းပါလိမ့်မည်ဟူ၍ဖြစ်သည်။

ဆွဟာဗဟ်သာဝကကြီး(ရ)များက မေးမြန်းမှုသည် အဘယ်အကြောင်းဖြစ်မည်နည်းဟု တမန်တော်မြတ်(ﷺ)ထံ မေးမြန်းလျှောက်ထားခဲ့ကြသည်။ ကိုယ်တော်မြတ်က لا إله إلا الله လာအိလာဟအိလ္လာဟ် အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခံထိုက် သူမရှိဟူသောအကြောင်းဖြစ်မည်ဟု မိန့်ကြားခဲ့သည်။

အလ်ကုရ်သုဇီသည် ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့ပြီးနောက် ယင်းကဆိုလိုသည်မှာ ကလိမဟ် သွိုင်ယိဗဟ် လာအိလာဟ အိလ္လလ္လာဟ်က ဖော်ညွှန်းပြသခဲ့သည့်အတိုင်း ဤပဋိညာဉ်အား လက်တွေ့ကျင့်ကြံခြင်းပင် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဤနေရာ၌ နှုတ်ဖြင့်သာ ယင်းကလိမဟ်ရွတ်ဆိုခြင်းကို မလိုလားချေ။ အဘယ့်ကြောင့် ဆိုသော် ဤသည်ကို အရေခြုံမုနာဖိဂ်များကလည်း လုပ်ဆောင်ခဲ့ကြသည်။ ဟဇရသ်အလ်ဟစန်အလ်ဗဆ္ဓရီ(ရ)မိန့်သည်မှာ အီမာန်သက်ဝင်ယုံကြည်မှုကို သီးသန့်ဟန်ပန်နှင့် ပုံစံတစ်ရပ်အတိုင်းမလုပ်သရွေ့ အသက်မဝင်ချေ။ ဒီးန်(သာသနာ)သည်လည်း အကောင်းဆုံးသောဆန္ဒများ ရှိရုံမျှသက်သက်ဖြင့်လည်း မတိုးပွားနိုင်ချေ ဟူ၍ဖြစ်သည်။ အီမာန်သည် ထိုယုံကြည်မှုကို နလုံးသားတွင်းသို့ဝင်ရောက်စေကာ ယင်းသို့ဝင်ရောက်ကြောင်းကို လုပ်ရပ်များဖြင့် မှန်ကန်ကြောင်းသက်သေပြခြင်းဖြစ်သည်။ ဤသည်ကို စိုက်ယိဒိနာ ဇိုက်ဒ်အိဗနိအရ်ကမ်(ရ)မှ ဟဒီးဆ်တော်တစ်ရပ်အားဖြင့် စံနမူနာပုံဖော်ပြထားသည်။ ယင်းဟဒီးဆ်တော်တွင် တမန်တော်မြတ်(ﷺ)မိန့်ကြားခဲ့သည်မှာ لا إله إلا الله လာအိလာဟ အိလ္လလ္လာဟ်-အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ခြင်းခံထိုက်သူမရှိကို အိခ်လားစ်ဖွ (လုံးဝဥဿုံ ဖြူစင်ရိုးသားစွာဖြင့်) ရွတ်ဆိုသောသူတစ်ဦးသည် မုချဇကန် ဂျန္နသ်သုခဘုံကို သွားရပါလိမ့်မည်ဟူ၍ဖြစ်သည်။ လူအများက ယာရစူလလ္လာဟ် အိခ်လားစ်နှင့် ဤကလိမဟ်မည်သို့ဆက်နွယ်ပါသနည်းဟု မေးမြန်းခဲ့သည်။ ကိုယ်တော်မြတ်က တရားမဝင်ကာ ခွင့်မပြုဟု အလ္လာဟ်အရှင်မြတ်က တားမြစ်ခဲ့သည်ကို ဤကလိမဟ်ကြောင့် လူတစ်ဦးက လုပ်ဆောင်ခြင်းမှ ရပ်တန့်ခဲ့လျှင် ယင်းသည် အိခ်လားစ်ဖွ (ရိုးသားဖြူစင်ခြင်း)နှင့်ဖြစ်သည် မိန့်ခဲ့သည်။ (ကုရ်သုဇီ)

ဘာသာရေးသတင်းစကားဖြန့်ချိရာတွင် အဆင့်ဆင့် သက်သောင့်သက်သာစွာပြုလုပ်ခြင်း

အာယသ်-၉၄ فَاصْدَعْ بِمَا تُؤْمَرُ သို့ဖြစ်ပေရာ အသင်သည် မိမိအမိန့်ပေးခြင်းခံရသော အကြောင်းအရာကို အတိအလင်း ကြေညာပါလေ။ အာယသ်မကျမီအလျင်က တမန်တော်မြတ်(ﷺ)နှင့် ဆွဟာဗဟ်သာဝကကြီးများ(ရ)သည် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်ခြင်းတို့ကို ပုန်းလျှိုးကွယ်လျှိုး လုပ်ဆောင်ရသည်။ (သူတို့ ထိုသို့လုပ်ဆောင်သည်ကို မြင်တွေ့သွားခဲ့လျှင် အန္တရာယ်ပေးနိုင်သောကြောင့် ဖြစ်သည်။) ဘာသာရေးဆိုင်ရာသတင်းစကားကို အခြားသူများထံ လက်ဆင့်ကမ်းခြင်းနှင့် သင်ကြားခြင်းနှင့် လေ့ကျင်ပျိုးထောင်ခြင်း တာဝန်တို့ကိုလည်း လူအနည်းငယ်ကိုသာကန့်သတ်၍ ပုန်းလျှိုးကွယ်လျှိုးလုပ်ဆောင်ရသည်။ အကြောင်းမှာ ထိုကိစ္စရပ်များကို ဖြောင်လုပ်လျှင် လုပ်ဆောင်သူများကို အန္တရာယ်ပြုရန် မယုံကြည်သွေဖည် ငြင်းပယ်သူများအတွက်

အခွင့်အရေးရသွားလိမ့်မည်ဖြစ်သည်။ အာယသ်-၉၅ထဲတွင် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်က သူတို့၏ယုံကြည်မှုကို ပြက်ရယ်ပြုသောသူများနှင့် ၎င်းတို့ကို အန္တရာယ်ပြုမည့်သူများမှ ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည်။ ထို့ကြောင့် ထိုအချိန်မှစတင်၍ ဆွဟာဗဟ်အများသည် လူအများတို့အတွက် ထင်ထင်ပေါ်ပေါ် လုပ်ဆောင်ခဲ့ကြသည်။ ယင်းတာဝန်ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ခဝပ်ကိုးကွယ်ခြင်း၊ ဖိတ်ခေါ်ခြင်းနှင့် ပြန့်ပွားခြင်း အလုံးစုံပါဝင်သည်။

إِنَّا كَفَيْنَاكَ الْمُسْتَهْزِءِينَ ဇကာန်မလွဲ ငါအရှင်မြတ်သည် ပြက်ရယ်သမူပြုသူတို့နှင့်ယှဉ်ပြိုင်ရန် အသင့်အဖို့ လုံလောက်တော်မူ၍ ၉၅ အာယသ်ထဲတွင်ပါသော ရည်ညွှန်းခံရသည့်လူများ၏ ခေါင်းဆောင်ငါးဦး ရှိခဲ့ရာ ထိုသူတို့မှာ (၁)အလ်အဆွာစ်အိဗနိဝါအီလ် (၂)အတ်စွဝါဒ်အိဗနိအလ်မုသွာလစ်ဗ် (၃)အဆွဝါဒ်အိဗနိအဗွဒယဂ်ဟူးတ် (၄) ဝလီးဒ်အိဗနိမုဂီရာဟ် (၅) ဟာရိတ်အိဗနိသွာလ်ဟာဟ် တို့ဖြစ်ကြသည်။ ထိုသူတို့မှာ စိုက်ယိဒိနာဂျိဗ်ရာအီလ် အချက်ပြခဲ့သောအခါတွင် တစ်ဦးပြီးတစ်ဦး တစ်မုဟုတ်ချင်း ထူးဆန်းစွာ အသတ်ခံကြရသည်။

ဤအဖြစ်အပျက်မှာ သဗ်လဲဂ်နှင့် ဒါအိ်ဝတ်ကိစ္စရပ်များတွင် လမ်းညွှန်တစ်ရပ်အဖြစ် အထောက်အကူ ပြုခဲ့သည်။ အလ္လာဟ့်လမ်းတော်တွင်လုပ်ဆောင်နေသော လုပ်သားတစ်ဦးသည် စစ်မှန်သောအမှန်တရားအကြောင်းအရာကို ပွင့်လင်းစွာပြောခြင်းဖြင့် မည်သည့်ကောင်းကျိုးမှထွက်မလာဘဲ အန္တရာယ်ဖြစ်လာသော အခြေအနေမျိုးတွင် ယင်းလုပ်ရပ်ကို လျှို့ဝှက်စွာလုပ်ကိုင်ခြင်းသည် မှန်ကန်၍ ခွင့်ပြုသည်။ သို့သော်လည်းကိစ္စရပ်များကို ပြောင်ပြောင်တင်းတင်းကြည်ကာ လုပ်နိုင်စွမ်းရှိပါက အများအတွက်ပြုလုပ်ခြင်း အနေအထားဖြင့် လုပ်ဆောင်ရန် မနောင့်နေးသင့်ချေ။

ရန်သူ၏ ရန်လိုမှုအား နာမ်ပိုင်းဆိုင်ရာ ခုခံကာကွယ်မှု

အာယသ် (၉၇ နှင့် ၉၈)များထဲမှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ "တစ်စုံတစ်ဦးသည် ရန်သူများ၏ ပြောဆိုမှု၊ လုပ်ဆောင်မှုများကြောင့် စိတ်ဒုက္ခအလွန်ရောက်ပြီး ယင်းကြောင့် သူ့ကို ပူပင်သောကဝင်စေခဲ့လျှင် ယင်း အခြေအနေအတွက် နာမ်ပိုင်းဆိုင်ရာ ကုသမှုအဖြစ် သူ သို့မဟုတ် သူမသည် သတ်စ်ဗီးဟ်လုပ်ခြင်း၊ အီဗာဒတ်ပြုလုပ်ခြင်း၊ အလ္လာဟ်အရှင်မြတ်ကိုချီးကျူးထောမနာခြင်းနှင့် အရှင်မြတ်ရှေ့တော်မှောက်တွင် ဒိုအာဆုမွန်တောင်းခံခြင်းကို မပြတ်ပြုလုပ်ပါလေ" အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်က ဤနာကျင်မှုနှင့် စိုးရိမ်သောကကို ဖယ်ရှားပေးပါလိမ့်မည်။

အလ်ဟမ်ဒုလစ်လ္လာဟ်-

စူရဟ်အလ်ဟိဂျ်ရ်၏အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးဆုံးသည်။

၁၄၃၃ ခုနှစ်၊ ဆွဖရ်လ ၁၅ရက်နေ့ (ဗုဒ္ဓဟူးနေ့)

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက်